ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန



အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ်စီမံကိန်း

(၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆)

ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု



၂၀၁၅ ခုနှစ် ဇန်နဝါရီလ

အာရှ၏ အချက်အချာ "မြန်မာ"



စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၁-၂၀၁၂	၂၀၁၂-၂၀၁၃	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆
၁	လူဦးရေ	ထောင်ပေါင်း	၅၀၁၄၉	၅၀၆၆၇	၅၁၁၈၄	၅၁၇၀၂	၅၂၂၁၉
၂	ဂျီဒီပီ	ကျပ်သန်းပေါင်း	၄၄၇၃၃၂၈၄.၉	၅၁၂၀၇၅၇၆.၉	၅၉၂၄၄၈၉၅၃.၀	၆၆၂၃၅၇၀၆.၆	၇၃၄၇၀၆၈၆.၁
၃	တစ်ဦးကျပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး	ကျပ်	၈၉၂၀၀၈	၁၀၁၀၆၆၉	၁၁၅၇၅၆၈	၁၂၈၁၁၀၅	၁၄၀၆၉၇၂
၄	ငွေကြေးဖောင်းပွမှုနှုန်း	ရာခိုင်နှုန်း	၂.၈	၂.၉	၆.၅	၅.၃	၅.၀
၅	ပို့ကုန်	ဒေါ်လာသန်းပေါင်း	၁၀၅၆၄.၁	၁၁၅၁၃.၉	၁၂၅၅၆.၂	၁၂၇၀၀.၀	၁၂၉၀၀.၀
၆	သွင်းကုန်	ဒေါ်လာသန်းပေါင်း	၇၂၅၈.၆	၈၂၂၈.၅	၁၃၀၃၃.၆	၁၃၀၀၀.၀	၁၃၃၂၂.၁
၇	ကမ္ဘာလှည့် ခရီးသည်ဦးရေ	ဦးရေ	၈၉၉၀၀၀	၁၀၂၀၀၀၀	၁၈၀၀၀၀၀	၃၂၀၀၀၀၀	၄၆၀၀၀၀၀
၈	ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု	ကိလိုဝပ်နာရီသန်းပေါင်း	၁၀၃၀၄.၀	၁၀၇၇၁.၀	၁၁၉၂၂.၅	၁၄၆၈၇.၄	၁၆၀၃၈.၇
၉	လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း	လုံးရေ	၄၃	၈၆	၁၆၁	၂၅၈	၅၃၅
၁၀	အမျိုးသမီးလုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း*	ရာခိုင်နှုန်း	၅၀.၀၂	၅၀.၂၃	၄၈.၈၀	၄၉.၀၀	၄၉.၂၀
၁၁	တစ်နှစ်အောက်ကလေးသေဆုံးနှုန်း **(အရှင်မွေးကလေး ၁,၀၀၀လျှင်)	ဦးရေ	၃၆.၃	၃၇.၀	၃၆.၄	၃၅.၀	၃၂.၇
၁၂	သားဖွားမိခင်သေဆုံးနှုန်း** (အရှင်မွေး ကလေး ၁၀၀,၀၀၀ လျှင်)	ဦးရေ	၁၉၅	၁၈၃	၁၆၁	၁၄၆	၁၃၀
၁၃	ကျောင်းနေနှုန်း(ကြမ်း (မူလတန်း)	ရာခိုင်နှုန်း	၉၀.၀	၉၀.၅	၉၁.၀	၉၁.၅	၉၂.၀

* ပြက္ခဒိန်နှစ်အရ ဖြစ်ပါသည်။

**ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကိန်းများဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ် စီမံကိန်း
မျှော်မှန်းချက် (Vision)

နိုင်ငံတော်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု(၅)နှစ်စီမံကိန်းရေးဆွဲရာတွင်အောက်ပါ မျှော်မှန်းချက်များ ထားရှိပါမည်-

- ❖ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ဖြစ်စေရန်
- ❖ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေအလယ်အလတ် နိုင်ငံအဆင့်သို့ ရောက်ရှိစေရန်
- ❖ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာစေရန်
- ❖ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်နိုင်ရန်
- ❖ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ကို ပြည့်မီစေရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ် စီမံကိန်း
ဆောင်ရွက်ရန်တာဝန် (Mission)

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု (၅) နှစ် စီမံကိန်း၏ ဆောင်ရွက်ရန် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

- တိုင်းရင်းသား ပြည်သူအားလုံး စားဝတ်နေရေး ပြည့်စုံဖူလုံရုံသာမက အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ရရှိပြီး ပညာရည် မြင့်မားလာစေရန်
- ပြည်သူလူထု တစ်ရပ်လုံး သောက်သုံးရေနှင့် လျှပ်စစ်မာတ်အား ဖူလုံစေရန်
- ပို့ဆောင်ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်
- ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူအချိုး ၃၂ ရာခိုင်နှုန်း ရှိခဲ့ရာမှ ဆယ်နှစ် အတွင်း ထက်ဝက်ခန့် လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူ အချိုးကို ၁၆ ရာခိုင်နှုန်း အထိ လျှော့ချရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပထမ (၅) နှစ်စီမံကိန်း
(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)
(ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု)
မာတိကာ

		စာမျက်နှာ
နိဒါန်း		၁
အခန်း(၁)	**စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှု**	
	၁-၁။ စီးပွားရေးမူဝါဒ (၄) ရပ်	၈
	၁-၂။ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်	၉
	၁-၃။ မေခရိုစီးပွားရေးနောက်ခံ	၁၀
အခန်း(၂)	**စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး (Sustaining Agriculture Development towards Industrialization and all round Development)**	
	၂-၁။ စိုက်ပျိုးရေး(စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး)	၃၅
	၂-၂။ သားငါး(ရေသယံဇာတထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေး)	၅၀
	၂-၃။ သစ်တော(သစ်တောသယံဇာတထိန်းသိမ်းရေးနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ရေး)	၆၆
	စက်မှုကူးပြောင်းရေးနှင့် စက်မှု နိုင်ငံဖြစ်ပေါ်ရေး	
	၂-၄။ စွမ်းအင် (စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး)	၈၉
	၂-၅။ လျှပ်စစ် (လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက်လျှပ်စစ်)	၁၀၄
	၂-၆။ သတ္တု(သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများကင်းသည့် သတ္တုသယံဇာတထုတ်လုပ်မှုဖြစ်ရေး)	၁၂၂
	၂-၇။ ဆောက်လုပ်ရေး(ခေတ်မီလမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး)	၁၃၈
	၂-၈။ စက်မှု (ဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများပေါ်ပေါက်ရေး)	၁၅၀

အခန်း(၃) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး(Balance and Proportionate Development among States and Regions)

၃-၁။ ဒေသန္တရစီမံကိန်းများနှင့် မြန်မာဖွံ့ဖြိုးမှုပုံစံသစ် ၁၆၇
- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများဖွဲ့စည်းခြင်း ၁၆၇
- ဒေသန္တရစီမံကိန်းများစတင်ရေးဆွဲခြင်း ၁၆၈
- တိုင်းဒေသကြီး/ပြည်နယ်အလိုက်ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်း ၁၇၀

၃-၂။ ဒေသန္တရစီမံကိန်းများနှင့် အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး ၁၇၁

၃-၃။ ဒေသန္တရစီမံကိန်းများ ၁၇၅
- ကချင်ပြည်နယ် ၁၇၆
- ကယားပြည်နယ် ၁၉၅
- ကရင်ပြည်နယ် ၂၁၀
- ချင်းပြည်နယ် ၂၃၁
- စစ်ကိုင်းတိုင်းဒေသကြီး ၂၄၅
- တနင်္သာရီတိုင်းဒေသကြီး ၂၇၉
- ပဲခူးတိုင်းဒေသကြီး ၃၀၀
- မကွေးတိုင်းဒေသကြီး ၃၂၅
- မန္တလေးတိုင်းဒေသကြီး ၃၄၇
- မွန်ပြည်နယ် ၃၆၁
- ရခိုင်ပြည်နယ် ၃၈၂
- ရန်ကုန်တိုင်းဒေသကြီး ၃၉၉
- ရှမ်းပြည်နယ် ၄၁၉
- ဧရာဝတီတိုင်းဒေသကြီး ၄၅၉
- နေပြည်တော်ကောင်စီနယ်မြေ ၄၇၆

အခန်း(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး (Inclusive Growth for Entire Population)

၄-၁။ ပညာရေး(ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သောပညာရေးစနစ်ဆီသို့) ၄၉၈

၄-၂။ ကျန်းမာရေး (ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်းဆီသို့) ၅၂၇

၄-၃။ လူမှုဖူလုံရေး နှင့် လူမှုအကာအကွယ်ပေးရေး ၅၃၄

၄-၄။ လမ်းပန်းဆက်သွယ်ပို့ဆောင်ရေး (မြို့ပြ-ကျေးလက် ဆက်သွယ်လမ်းများတိုးမြှင့်ရေး) ၅၄၆

၄-၅။ ဆက်သွယ်ရေး (လူတိုင်းအတွက်ဆက်သွယ်ရေး၊ နေရာတိုင်းအတွက် ဆက်သွယ်ရေး) ၅၆၈

၄-၆။ သောက်သုံးရေဖူလုံရေး(အချိန်အခါမရွေးသောက်သုံးရေဖူလုံရေး) ၅၈၄

၄-၇။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ၅၈၇

၄-၈။ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး (သဘာဝ အခြေခံခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးရေး) ၅၉၅

၄-၉။ မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး (အားလုံးအတွက် အိမ်ရာ၊ ကျန်းမာရေးနှင့် လျော်ညီသောအိမ်ရာ) ၆၀၃

၄-၁၀။ ယဉ်ကျေးမှုနှင့်အမျိုးသားအမွေအနှစ်များထိန်းသိမ်းရေး ၆၁၁

၄-၁၁။ ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ ၆၁၄

၄-၁၂။ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်း ၆၂၂

အခန်း(၅) စာရင်းဇယားကိန်းဂဏန်းများတိကျမှန်ကန်ရေး (Quality of Statistics and Statistical System)

၅-၁။ အမျိုးသားစာရင်းအင်းစနစ်ခိုင်မာကောင်းမွန်ရေး ၆၄၁

၅-၂။ နိုင်ငံတကာစနစ်များအတိုင်း အမျိုးသားဝင်ငွေတွက်ချက်မှုစနစ် အကောင်အထည်ဖော်ရေး ၆၅၀

အခန်း(၆) ပြည်ပအကူအညီအထောက်အပံ့ရရှိမှု ၆၅၂

အခန်း(၇) ကဏ္ဍများအချင်းချင်းချိတ်ဆက်အကောင်အထည်ဖော်မည့်မဟာဗျူဟာ

၇-၁။ ကဏ္ဍအလိုက်ချိတ်ဆက်ဆောင်ရွက်မှု ၆၇၀

၇-၂။ အထူးစီးပွားရေးဇုန်များ ၆၉၄

၇-၃။ စီးပွားရေးစင်္ကြံများ ၇၁၃

၇-၄။ ကျယ်ပြန့်လာသောဈေးကွက်နှင့် ကုန်သွယ်မှုတိုးမြှင့်ရေး ၇၁၄

အခန်း(၈) ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးအတွက် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးရေး

၈-၁။ ငွေကြေးနှင့် ဘဏ္ဍာရေးကဏ္ဍ ၇၂၈

အခန်း(၉) ကျေးလက်ဖွံ့ဖြိုးရေး ၇၅၄

အခန်း(၁၀) မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ၇၇၂

နိဂုံး ၇၈၂

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားဖွံ့ဖြိုးတိုးတက်မှုပထမ(၅)နှစ်စီမံကိန်း
(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)
ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပထဝီနိုင်ငံရေး အနေအထားအရ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများနှင့် ဆက်နွယ်သော ပေါင်းကူးတံတားသဖွယ် တည်ရှိနေသောကြောင့် နိုင်ငံရေး၊ စီးပွားရေးအရ အချက်အချာကျသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး (၇) ခု နှင့် ပြည်နယ် (၇) ခုများဖြင့် ပိုင်းခြားသတ်မှတ်ထားပါသည်။ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားပါသည်။

တစ်မျိုးသားလုံး၏ လူမှုစီးပွားတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏လိုအပ်ချက်၊ လိုလားချက်တို့နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centred Development) အခြေခံ၍ နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းဇယား ကိန်းဂဏန်းများ အရည်အသွေးပြည့်မီရေး၊ ဆင်းရဲချမ်းသာ ကွာဟမှုလျော့နည်းကျဆင်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး မူဝါဒများနှင့်အညီ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကို ရေးဆွဲအကောင်အထည်ဖော်မည် ဖြစ်ပါသည်။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ရေးဆွဲသည့်အခါ စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး၊ ရေသယ်ဓာတထိန်းသိမ်းရေး နှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေး၊ သစ်တော သယံဇာတ ထိန်းသိမ်းရေး နှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ရေး၊ စွမ်းအင်သစ်နှင့်ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေး၊ လုပ်ငန်းတိုင်းအတွက်လျှပ်စစ်၊ မြို့တိုင်းအတွက်လျှပ်စစ်၊ ကျေးရွာတိုင်းအတွက် လျှပ်စစ်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့်

လူမှုရေးထိခိုက်မှုကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ထွန်းရေး၊ မြို့ပြများ ဖြစ်ထွန်းရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ အာဆီယံဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး၊ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သော ပညာရေးစနစ်ဖြစ်ပေါ်ရေး၊ လူတိုင်းအတွက်၊ နေရာတိုင်းအတွက် ဆက်သွယ်ရေးစနစ် ပေါ်ပေါက်ရေး၊ အချိန်အခါမရွေး သောက်သုံးရေ ဖူလုံရေး၊ သဘာဝအခြေခံ စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေး ဝန်ဆောင်မှု လုပ်ငန်းများ ဖြစ်ထွန်းလာရေး၊ အမျိုးသားစာရင်းအင်းစနစ်များ ခိုင်မာကောင်းမွန်စေရေး လုပ်ငန်းစဉ်များကို အလေးထား ရေးဆွဲဖော်ဆောင်မည် ဖြစ်ပါသည်။

နိုင်ငံတော်သည် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် အတွက် ချမှတ်ကျင့်သုံး ဆောင်ရွက်မည့်မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ စတင်၍ ပြုပြင်ပြောင်းလဲမှု ပထမအဆင့်ဖြစ်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုအဖြစ် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ပေါင်းစည်းရေးကို ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိရေးလုပ်ငန်းများကို ဦးတည်လုပ်ဆောင်ရာတွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသား အင်အားစုများကို အမျိုးသား ပြန်လည် ပေါင်းစည်းရေးအတွက် ဖိတ်ခေါ်ခဲ့ပြီး လက်နက်ကိုင် အင်အားစု(၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေး တည်ဆောက်လျက် ရှိသကဲ့သို့ နိုင်ငံရေးပါတီများ အားလုံး ပါဝင် နိုင်ရေး ဆောင်ရွက်လျက် ရှိပါ သည်။ နိုင်ငံရေး အကျဉ်းသားများစွာ ကိုလည်း လွတ်ငြိမ်း ချမ်းသာခွင့် ပြုခဲ့ပါသည်။ အကြောင်းအမျိုးမျိုး ကြောင့် ပြည်ပသို့ ရောက်ရှိနေကြ သည့် မြန်မာနိုင်ငံသားများအား ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက် နိုင်ရန် ဖိတ်ခေါ်လျက် ရှိပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများ

(၁) ၂၀၁၁ ခုနှစ် မေလတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ခြင်း၊

(၂) ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာ တိုးမြှင့်ပေးခြင်း၊

(၃) ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုအတွက် မဟာဗျူဟာစီးပွားရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသား အဆင့်အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့ခြင်း၊

(၄) ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ယာဉ်အိုယာဉ်ဟောင်း အစားထိုး လဲလှယ်ရေးအစီအစဉ် ဆောင်ရွက်ခြင်း

(၅) ၂၀၁၂ ခုနှစ် မတ်လတွင် အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်း၊

(၆) ၂၀၁၂ ခုနှစ် မတ်လမှစ၍ WCDMA မိုဘိုင်းတယ်လီဖုန်းများကိုကျပ် ၂.၅ သိန်း၊ GSM, CDMA-450, CDMA-800 မိုဘိုင်း တယ်လီဖုန်းတို့ကို ကျပ် ၂ သိန်း ၊ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ မိုဘိုင်း တယ်လီဖုန်း အားလုံးကို ကျပ် ၁၅၀၀ သို့ အဆင့်ဆင့် ဈေးနှုန်း လျှော့ချတပ်ဆင်ပေးခြင်း၊

ပြုပြင်ပြောင်းလဲမှု ဒုတိယ အဆင့်အဖြစ် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ရာ သိသာထင်ရှားသည့် လုပ်ငန်း (၂၀) ခုကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဧပြီလ(၁) ရက်နေ့တွင် လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

(၇) ၂၀၁၂ခုနှစ် ဧပြီလတွင် **နိုင်ငံ့ဝန်ထမ်းများကို အဝိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်း**၊
(၈) ၂၀၁၂ခုနှစ် ဧပြီလတွင် **နိုင်ငံခြားငွေလဲနှုန်းကို နှုန်းရှင်စနစ်ဖြင့်** ပြုပြင်ပြောင်းလဲခြင်း၊
(၉) ၂၀၁၂ခုနှစ် ဇွန်လတွင် စီမံကိန်းကော်မရှင် အစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူလူထု ဗဟိုပြုဖွံ့ဖြိုးမှု People Centred Development ကို စတင်ဆောင်ရွက်ခဲ့ခြင်း၊
(၁၀) ၂၀၁၂ခုနှစ် ဇွန်လတွင် **မိုဘိုင်းတယ်လီဖုန်းများကို ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း**၊
(၁၁) ၂၀၁၂ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ **ကျေးလက်နေပြည်သူများအား အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း**၊
(၁၂) ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ** ထုတ်ပြန်ခြင်း၊
(၁၃) ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် **စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင်များ ချမှတ်နိုင်ခဲ့ခြင်း**၊
(၁၄) ၂၀၁၃ ခုနှစ် ဇန်နဝါရီလ တွင် 1st Myanmar Development Cooperation Forum (MDCF) ကျင်းပခဲ့ပြီး **နေပြည်တော်ကြေငြာချက်** ထုတ်ပြန်ခြင်း၊
(၁၅) ၂၀၁၃ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် **လယ်ယာမြေ ဥပဒေ** နှင့် **မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ** ထုတ်ပြန်ခြင်း၊
(၁၆) ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် **အစိုးရဝန်ထမ်းများ၏လစာနှုန်း**၊ ပင်စင်လစာနှင့် လုပ်ခများ တိုးမြှင့်သတ်မှတ်ခြင်း၊
(၁၇) ၂၀၁၃ ခုနှစ် ဧပြီလတွင် **ရင်းနှီးမြှုပ်နှံမှုနှင့်** သက်ဆိုင်သည့် လုပ်ငန်းများအား လွယ်ကူမြန်ဆန်စေရန် နေပြည်တော်နှင့် **ရန်ကုန်မြို့** တို့တွင် One Stop Services ဆောင်ရွက်ပေးခြင်း၊
(၁၈) ၂၀၁၃ ခုနှစ် ဧပြီလတွင် **နိုင်ငံတစ်ဝန်းလုံးတွင်** WCDMA, CDMA-800 မိုဘိုင်းတယ်လီဖုန်းများကို ကျပ် ၁၅၀၀ ဖြင့်**ဈေးနှုန်းလျှော့ချ၍** ပြည်သူများသို့ လစဉ်ရောင်းချပေးခြင်း၊
(၁၉) ၂၀၁၃ ခုနှစ် **ဇွန်လတွင်** World Economic Forum ကိုကျင်းပခြင်း၊
(၂၀) အမျိုးသားစီမံကိန်းများကို စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးအပေါ် အခြေခံ ရေးဆွဲလျက်ရှိရာမှ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်လျက် **"အမျိုးသား ဘက်စုံဖွံ့ဖြိုး တိုးတက်မှု စီမံကိန်း"** ရေးဆွဲလျက်ရှိခြင်း၊
(၂၁) ၂၀၁၄ ခုနှစ် ဇန်နဝါရီလ တွင် 2nd Myanmar Development Cooperation Forum (MDCF) ကျင်းပခြင်း၊
(၂၂) ၂၀၁၄ ခုနှစ် **မတ်လ ၃၀ ရက်နေ့ မှ** ဧပြီလ ၁၀ ရက်နေ့ အထိ **လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း**၊

ပြုပြင်ပြောင်းလဲမှု တတိယ အဆင့်အဖြစ် ကောင်းမွန်သော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရဖြစ်စေရန် အတွက် ပွင့်လင်းမြင်သာမှု နှင့် တာဝန်ခံမှုများရှိရမည့် **စီမံခန့်ခွဲမှုစနစ်** ပြုပြင်ပြောင်းလဲ ရာတွင် သိသာ ထင်ရှားသည့် လုပ်ငန်း(၇) ခု ကို ဆောင်ရွက်ခဲ့ပါသည်။

စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲမှု

(၁) အခြေခံကျသည့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ပြည်သူများမှ တိုက်ရိုက်ရွေးချယ် တာဝန်ပေးအပ်နိုင်ခြင်း၊
(၂) မြို့နယ်အဆင့် အုပ်ချုပ်ရေးစနစ်ကို စီမံခန့်ခွဲမှု ကော်မတီဖြင့် ဆောင်ရွက်နိုင်ခြင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီကို ပြည်သူများဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ခြင်း၊

(၃) ခရိုင်အဆင့် အုပ်ချုပ်ရေးစနစ်ကို စိမံခန့်ခွဲမှု ကော်မတီဖြင့် ဆောင်ရွက်နိုင်ခြင်း၊
(၄) စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား စာနယ်ဇင်း ကောင်စီဖွဲ့စည်းခြင်း၊
(၅) ပြည်ပမှ နိုင်ငံခြားသား ဝင်ထွက်မှုလွယ်ကူစေရန် ဆိုက်ရောက်ဗီဇာစနစ် ပြုလုပ်ပေးခြင်း၊ ခရီးသွားလာရေး လုပ်ငန်းများတွင် ဖြစ်ပေါ်နေသည့် အချိန်နှောင့်နှေးနေမှုများအား ဖြေလျှော့ပေးခြင်း၊
(၆) လာဘ်ပေးလာဘ်ယူမှုများ ပပျောက်စေရေးအတွက် သတိပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်ခြင်း၊ တရားစီရင်မှု စနစ်မှန်ကန်မှုရှိစေရေး ဆောင်ရွက်ခြင်း၊
(၇) ပြုပြင်ပြောင်းလဲမှု စတုတ္ထအဆင့်အဖြစ် ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးကို ၂၀၁၃ ခုနှစ် မေလ ၁ ရက် နေ့မှ စတင်ဆောင်ရွက်လျက်ရှိခြင်း၊

ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု



ယင်းပြောင်းလဲမှုများအားလုံးသည် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှုကို ဦးတည်၍ ပညာရေး အဆင့်အတန်းမြင့်မားရေး၊ အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုရရှိရေး၊ ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရေး၊ ဆိပ်ကမ်းများ၊

တံတားများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ တိုးချဲ့တည်ဆောက်ရေး၊ ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ သောက်သုံးရေဖူလုံရေးနှင့် ဆင်းရဲမှုလျော့ကျရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်မှု မြင့်မားရေး၊ နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ရေး၊ နိုင်ငံအတွင်း စျေးနှုန်းတည်ငြိမ်ရေး၊ နိုင်ငံခြားစီးပွားဆက်သွယ်မှု မြင့်မား လာရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အခန်းကဏ္ဍမှ ဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်နေ သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်သူလူထုတို့မှ ပူးပေါင်းဆောင်ရွက်ရမည့် အပိုင်းများ လည်း ရှိပါသည်။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ တရားသဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ လူတိုင်း တန်းတူရည်တူ အခွင့်အလမ်းများ ရရှိရေး တို့ကို အစွမ်းကုန် မြှင့်တင်ပေးပြီး မလိုအပ်သော လုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းကျဆင်းရေး၊ ကြိုးနီစနစ်များ ရှင်းလင်းဖယ်ရှားရေး၊ စျေးကွက်ယန္တရားများ အသက်ဝင်ခိုင်မာရေး၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် လုပ်ထုံးလုပ်နည်းများ ပြောင်းလဲကျင့်သုံးရေးတို့ကို အလေးအနက်ထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်တွင် အဓိကမောင်းနှင်သူများဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်အသင်းအဖွဲ့များနှင့်လည်း စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော် အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း အပြန်အလှန် ပံ့ပိုးကူညီခြင်း၊ ပြည်တွင်းပြည်ပမှ ဖြစ်ပေါ်လာ သည့် စီးပွားရေးအခက်အခဲများကို စုပေါင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး Public Private Partnership လမ်းကြောင်းကို ခိုင်မာသည်ထက် ခိုင်မာအောင် ပုံဖော်တည်ဆောက်သွားမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍမှလည်း စီးပွားရေး အကျိုးအမြတ်များ တိုးမြင့်ရရှိအောင် ဆောင်ရွက် ကြရာတွင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအတွက် ခိုင်မာသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေး၊နိုင်ငံတော်၏ အမျိုးသားကုန်ထုတ်စွမ်းရည် တိုးတက်မြင့်မားလာရေး၊ နောင်အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာမည့် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်မှု ဝန်းကျင်တွင် အရည်အသွေးနှင့် စံချိန်စံညွှန်း မြင့်မားသည့်

ကုန်ထုတ်လုပ်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်း ကြိုးပမ်း အားထုတ်သွားကြရန် လိုအပ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော် ဘဏ္ဍာငွေ သာမက နိုင်ငံတကာ အကူအညီ အထောက်အပံ့နှင့် ချေးငွေများရယူ၍လည်းကောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီး မြှုပ်နှံမှုများဖြင့်လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းဝင်နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်လျက် ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်လာမည့် အာဆီယံစီးပွားရေး အသိုက် အဝန်းတွင်လည်း ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

မက်ကင်ဆေးတက္ကသိုလ် အစီရင်ခံစာမှ " မြန်မာနိုင်ငံ စီးပွားရေး၏အဓိကကဏ္ဍ များ ဖြစ်သော ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ သတ္တု၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်းများ၊ ဆက်သွယ်ရေးကဏ္ဍတို့ရှိ အလားအလာများကို ပြည့်ဝစွာ ထုတ်ယူ အသုံးချနိုင်လျင် မြန်မာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုသည် နှစ်စဉ် ၈ ရာခိုင်နှုန်း အထိ တိုးတက်မည့် အလားအလာရှိသည်။ အဆိုပါကဏ္ဍများကို ချဲ့ထွင်ခြင်းဖြင့် စီးပွားရေး ပမာဏသည် ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၄၅ ဘီလီယံရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ဘီလီယံ ၂၀၀ ကျော်အထိ ၄ ဆကျော်မျှ တိုးတက်လာနိုင်သည့်အပြင် တစ်ဦးချင်းစီ၏ GDP သည်လည်း ၂၀၁၀ ပြည့်နှစ်တွင် ဝယ်နိုင်စွမ်းအား (purchasing power parity) ဒေါ်လာ ၁,၃၀၀ မှ ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာ ၅,၁၀၀ အထိ ရောက်ရှိနိုင်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူ ၁၈ သန်းခန့် ဆင်းရဲတွင်းမှ လွတ်မြောက် လာနိုင်သည်။ လူတစ်ဦးချင်းစီ၏ ဝင်ငွေသည် တစ်နေ့လျင် ၁.၂၅ ဒေါ်လာကျော် ရှိလာနိုင်သည်" ဟု သုံးသပ်ထားပါသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေခံများအပေါ် မူတည်လျက် မက်ခရို စီးပွားရေး အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီးပွားရေးနည်းဗျူဟာ၊ မဟာဗျူဟာများနှင့် လုပ်နည်းလုပ်ဟန်များတွင် အလျော့အတင်းများ ပြုလုပ်လျက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ (Reform Measures) ဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

အစိုးရသစ် တက်ရောက်ပြီးသည့်နောက် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စီမံကိန်းများကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြခဲ့ပါသည်။ နိုင်ငံတော်၏ လိုအပ်ချက်အရ နှစ် ၂၀ နှစ်ရှည် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း National Comprehensive Development Plan - NCDP (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ) ကို ရေးဆွဲလျက်ရှိပြီး ယခုတင်ပြမည့် "၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

အထိ ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု” သည် နှစ် ၂၀ နှစ်ရှည်စီမံကိန်း၏ ပထမ (၅) နှစ် အတွက်ဖြစ်ပြီး ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု **People Centred Development** သည် ပထမ (၅) နှစ် အမျိုးသားစီမံကိန်း၏ မျှော်မှန်းချက် ဖြစ်ပါသည်။

အခန်း(၁)

စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှု

အခန်း(၁) စီးပွားရေးမူဝါဒများနှင့် ပြုပြင်ပြောင်းလဲမှု

၁-၁။ စီးပွားရေးမူဝါဒ (၄) ရပ်
၁-၂။ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင်
၁-၃။ မေခရိုစီးပွားရေးနောက်ခံ

အခန်း(၁)

စီးပွားရေးမူဝါဒများနှင့်ပြုပြင်ပြောင်းလဲမှု

၁-၁။ စီးပွားရေးမူဝါဒ (၄) ရပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ လူမှုစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိစီးပွားရေး အခြေအနေမှ လွတ်မြောက်၍ ပိုမိုကောင်းမွန်သည့် အခြေအနေများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အောက်ပါစီးပွားရေး မူဝါဒ (၄)ရပ်ကို ချမှတ် ဆောင်ရွက်လျက်ရှိပါသည်-

စီးပွားရေးမူဝါဒ (၄) ရပ်

(၁) **စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊**

(၂) **တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊**

(၃) **ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊**

(၄) **စာရင်းဇယား၊ ကိန်းဂဏာန်းများ အရည်အသွေးပြည့်ဝရေး၊**

နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် ခေတ်မီ စက်ကိရိယာများ အသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ပေးခြင်း တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးအတွက် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ တည်ထောင်လျက် ရှိပါသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ငြိမ်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အခြေခံအဆောက်အအုံများလည်း တည်ဆောက်လျက် ရှိပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအသီးသီးတွင် လုပ်ငန်းစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ယင်းသို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားနိုင်စေရန် ရည်မှန်းလုပ်ကိုင်လျက် ရှိပါသည်။ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်

ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး အကျိုးခံစားနိုင်ရန် အထူး ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁-၂။ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများတွင် ပြည်သူလူထု အမှန်တကယ် လက်တွေ့ ကျကျ အကျိုးရှိစေမည့် လုပ်ငန်းများ အလျင်အမြန် အောင်မြင်မှုရရှိစေရန် ချမှတ်ခဲ့သည့် ပြုပြင်ပြောင်းလဲမှု မူဘောင်မှာ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (Framework for Economic and Social Reform - FESR) ဖြစ်ပါသည်။ အဆိုပါ မူဘောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ရေတိုရေရှည် မျှော်မှန်းချက် များကို ပြည့်မီစေအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အရေးကြီးသော မူဝါဒ လမ်းညွှန်တစ်ခု ဖြစ်ပါသည်။ အခြေခံမူဘောင်သည် ကာလရှည် အနှစ် ၂၀ စီမံကိန်းဖြစ်သည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan –NCDP) နှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပေါင်းကူးဆက်စပ်ပေးရန် နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးကို အာရှနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါသည်။ ထို့အပြင် အခြေခံမူဘောင်ကို လမ်းညွှန်မှုအဖြစ် အသုံးပြု၍ ကဏ္ဍအလိုက်နှင့် ဒေသအလိုက် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အပြန်အလှန် အကျိုးတူကိစ္စရပ်များ အတွက် ရေရှည် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်သည့် လမ်းညွှန်မူဘောင် တစ်ခုလည်း ဖြစ်ပါ သည်။ အခြေခံမူဘောင်တွင် ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း သိသာထင်ရှားစွာ အလျင်အမြန် အောင်မြင်မှု ရရှိစေရန် ဖော်ပြပါ ဦးစားပေးလုပ်ငန်းများအတိုင်း ဆောင်ရွက်ပါမည်-

(၁) **ဘဏ္ဍာရေးနှင့်အခွန်စနစ်ပြုပြင်ပြောင်းလဲမှုများ**
- (က) **ရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ပြုပြင်ပြောင်းလဲမှုများ**
- (ခ) **အခွန်စနစ် ပြုပြင်ပြောင်းလဲမှုများ**

(၂) **ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ**
- (က) **ဗဟိုဘဏ်၏ ကိုယ်ပိုင်ပြဋ္ဌာန်းရပ်တည်မှုနှင့်လွတ်လပ်စွာဆောင်ရွက်ခွင့်**
- (ခ) **ဘဏ်များ၏ ငွေချေးငှားမှုဆိုင်ရာဥပဒေများ**

(၃) **ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြေလျှော့မှုများဆောင်ရွက်ခြင်း**
- (က) **ပြည်တွင်းတင်သွင်းကုန်အပေါ် ဖြေလျှော့ပေးခြင်း၊**
- (ခ) **ရင်းနှီးမြှုပ်နှံမှုအပေါ် ဖြေလျှော့ပေးခြင်း၊**

(၄) **ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု**

(က) ကုန်ကျစရိတ်များလျော့ချခြင်း၊

(ခ) ခရီးသွားလုပ်ငန်းကဏ္ဍ

(၅) ကျန်းမာရေးနှင့်ပညာရေး

(က) ကျန်းမာရေးကဏ္ဍရန်ပုံငွေထောက်ပံ့မှု

(ခ) ကျောင်းထောက်ပံ့ကြေးများ

(ဂ) ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး/ အခြေအနေအရ ငွေကြေးပံ့ပိုးမှုများ

(၆) စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

(၇) အစိုးရစနစ်နှင့် ပွင့်လင်းမြင်သာမှု

(က) အမျိုးသားရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ပွင့်လင်းမြင်သာမှု

(ခ) သဘာဝရင်းမြစ် ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်မှု

(၈) မိုဘိုင်းဖုန်းနှင့်အင်တာနက်

(၉) အခြေခံအဆောက်အအုံ

(က) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းများအတွက် အာမခံချက်ရှိသည့် အလုပ်အကိုင်များ ဖော်ထုတ်ရေးလုပ်ငန်းစဉ်

(ခ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအတွက် ဥပဒေမူဘောင်

(ဂ) စွမ်းအင်ထောက်ပံ့မှုတိုးတက်စေခြင်း

(ဃ) ရန်ကုန်တွင်ပြည်သူအများ ခရီးသွားလာရေးကိစ္စကိုမြှင့်တင်ပေးခြင်း

(၁၀) ထိရောက်ထက်မြက်သည့် အစိုးရ

၁-၃။ မေခရိုစီးပွားရေးနောက်ခံ

(က) စီးပွားရေးတိုးတက်မှု

နိုင်ငံတော်အစိုးရမှ ပြည်သူလူထုတစ်ရပ်လုံး သာယာဝပြောမှုကို ရှေးရှုလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တစ်ခု ဖြစ်ပေါ်လာရန် ပြုပြင်ပြောင်းလဲရေး အဆင့် (၄) ဆင့် ချမှတ်ပြီး ဦးတည်ဆောင်ရွက်နေပါသည်။ ထိုပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာ တိုးမြှင့်ပေးခြင်း၊ အခွန်စနစ် ပြုပြင်ပြောင်းလဲခြင်း၊ နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ခြင်း၊ ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ဘဏ္ဍာရေးစနစ်ဆိုင်ရာ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ပေးခြင်းစသည့် မေခရိုစီးပွားရေး ခိုင်မာတည်ငြိမ်မှုရှိအောင်

ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် ပြောင်းလဲမှုများ ပါဝင်ပါသည်။ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုကို လုပ်ငန်းစဉ်၏ စတုတ္ထအဆင့်အဖြစ် သတ်မှတ်ဆောင်ရွက် လျက်ရှိရာ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းများ ရရှိနေပြီ ဖြစ်ပါသည်။ မေခရိ စီးပွားရေး အခြေအနေ တည်ငြိမ်ရန်နှင့် ဆက်လက်တိုးတက်စေရန် ရည်ရွယ်၍ ပထမ (၅) နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ၏ ပထမနှစ် ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုးတက်မှုနှုန်း ၆.၀ ရာခိုင်နှုန်း မှ စီမံကိန်း၏ နောက်ဆုံးနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခန့်မှန်းခြေတိုးတက်မှုနှုန်း ၉.၂ ရာခိုင်နှုန်းနှင့် (၅)နှစ် အတွက် တစ်နှစ်ပျမ်းမျှ ၈.၀ ရာခိုင်နှုန်းဖြင့် တိုးတက်ရန် ရည်မှန်းထားပါသည်။

ထို့ကြောင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလ ဂျီဒီပီ တိုးတက်မှုနှုန်းကို ဖော်ပြပါအတိုင်း ရည်မှန်းထားပါသည်-

ဇယား ၁-၁

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ဂျီဒီပီတိုးတက်မှုနှုန်း ရည်မှန်းချက်

စဉ်	ဘဏ္ဍာနှစ်	တိုးတက်မှုနှုန်း
၁	၂၀၁၁-၂၀၁၂	၆.၀
၂	၂၀၁၂-၂၀၁၃	၆.၇
၃	၂၀၁၃-၂၀၁၄	၈.၉
၄	၂၀၁၄-၂၀၁၅	၉.၁
၅	၂၀၁၅-၂၀၁၆	၉.၂
	တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း	၈.၀

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ ၁-၁

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ဂျီဒီပီတိုးတက်မှုနှုန်း ရည်မှန်းချက်



ဇယား၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အဆိုပါ စီးပွားရေးတိုးတက်မှုခန့်မှန်းချက်များအရ ပထမ (၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို ဖော်ပြပါအတိုင်း တိုးတက်မည်ဟု ရည်မှန်းထားပါသည်။

ဇယား ၁-၂

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

စဉ်	ဘဏ္ဍာနှစ်	လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး (ကျပ်)
၁	၂၀၁၁-၂၀၁၂	၈၉၂,၀၀၈
၂	၂၀၁၂-၂၀၁၃	၁,၀၁၀,၆၆၉
၃	၂၀၁၃-၂၀၁၄	၁,၁၅၇,၅၆၈
၄	၂၀၁၄-၂၀၁၅	၁,၂၈၁,၁၀၅
၅	၂၀၁၅-၂၀၁၆	၁,၄၀၆,၉၇၂

ဇယား၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း၏
ပထမနှစ် (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်) နှင့် နောက်ဆုံးနှစ် (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)
လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
(ကုန်ထွက်နည်းအရ)



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဌာန်ပြောင်းလဲမှု

စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဌာန်အနေဖြင့် လယ်ယာအခြေခံ စီးပွားရေးပုံစံမှ စက်မှုဖွံ့ဖြိုးမှုပုံစံသို့ တဖြည်းဖြည်းပြောင်းလဲလာရန် မျှော်မှန်းထားရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍကြီးကို ၃၄.၆ ရာခိုင်နှုန်း ၊ စက်မှုကဏ္ဍကြီးကို ၂၇.၁ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးကို ၃၈.၃ ရာခိုင်နှုန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍကြီးကို ၂၇.၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို ၃၆.၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးကို ၃၆.၂ ရာခိုင်နှုန်းဖြစ်ပေါ်ရန် မျှော်မှန်းထားပါသည်။

**ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စီးပွားရေးဖွံ့စည်းမှုပုံသဏ္ဌာန်ပြောင်းလဲမှု ရည်မှန်းချက်**



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ခ) ဘဏ္ဍာရေးကဏ္ဍ တိုးတက်မှု

(၁) ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (Sustainable Economic Development) ရရှိရန်အတွက် စီးပွားရေးလုပ်ငန်းများ အားလုံးနှင့် အိမ်ထောင်စုများအားလုံးအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ပံ့ပိုးပေးနိုင်မည့် ကောင်းမွန်သော ဘဏ်လုပ်ငန်းစနစ်တစ်ရပ် လိုအပ်ပြီး သမိုင်းကြောင်းနှင့် အတွေ့အကြုံများအရ ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် ဘဏ်လုပ်ငန်းစနစ်သည် တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုနှင့် တည်ငြိမ်မှုတို့အတွက် အရေးကြီးပါသည်။ ပြည်သူတို့အား ပိုမိုကောင်းမွန်သည့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများပေးရန် ငွေပေးချေမှု စနစ်များနှင့် အခြားအခြေခံ အဆောက်အဦများ ဖွံ့ဖြိုးရန် လိုအပ်ပါ သည်။

ထို့ကြောင့် ၂၀၁၈ခုနှစ် နိုင်ငံတော်ဖွံ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်သူမှ ရွေးချယ်တင်မြှောက်သည့်အစိုးရအဖွဲ့အသစ်တာဝန်ယူသည့်နေ့မှစ၍အစိုးရ သက်တမ်း (၅)နှစ်အတွင်း မြန်မာနိုင်ငံဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး Master Plan ကို

ရေးဆွဲထားရှိခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေး ရေရှည် တိုးတက်ခိုင်မာမှု၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့် အလမ်း ကောင်းမွန်မှု၊ ငွေကြေးတည်ငြိမ်မှုကို အာမခံနိုင်မည့် ခေတ်မီဖွံ့ဖြိုး တိုးတက်သောဘဏ်လုပ်ငန်းစနစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက် ထားရှိ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ကိုယ်ပိုင်ပြဋ္ဌာန်းရပ်တည်မှုနှင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် သီးခြားရပ်တည်ရေး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေအား ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် ပြန်လည်ရေးဆွဲရေး၊ ထိုမြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေသစ်နှင့် လျော်ညီမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နည်းဥပဒေအား ဆက်လက်ရေးဆွဲရေးတို့အတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်များအတွင်း ဘဏ်လုပ်ငန်း ပြုပြင်ပြောင်းလဲမှုအနေဖြင့် အတိုးနှုန်း ပြင်ဆင်ပြောင်းလဲခြင်း၊ ဘဏ်ချေးငွေ အပေါ် အာမခံ တိုးချဲ့ခွင့်ပြုပေးခြင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ တိုးချဲ့မှုပြုပေးခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းများလုပ်ကိုင်ခွင့်ပေးခြင်း၊ ဘဏ်ခွဲအသစ်များ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ် ရုံးခွဲများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြား ငွေရေးကြေးရေး ကုမ္ပဏီကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ခြင်း၊ ကဒ်သုံးစွဲခွင့်ပြုခြင်းများနှင့် နိုင်ငံခြားငွေလဲလှယ် ပေါင်းစည်းရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့အား စတင်ဆောင်ရွက်ရန် ရည်မှန်းပါသည်။

မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်အား ဆောင်ရွက်နိုင်ရန်အတွက် အဓိက ဥပဒေဖြစ်သော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) ပြဋ္ဌာန်းပြီး Securities Exchange Commission (SEC) အား ဆက်လက်ဖွဲ့စည်းရန် ရည်မှန်းချက်ထားရှိခြင်းဖြင့် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ပေါ်ပေါက်လာရေးအတွက် အဖက်ဖက်မှ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

(၂) ငွေကြေးဖောင်းပွမှု

၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အထိ ပျမ်းမျှငွေကြေးဖောင်းပွမှု နှုန်းမှာ ၂၆.၁ ရာခိုင်နှုန်း မှ ၈.၂ ရာခိုင်နှုန်း သို့ ကျဆင်းသွားခဲ့ပါသည်။ ပထမ (၅)နှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂.၈ ရာခိုင်နှုန်း၊ ဒုတိယနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂.၉ ရာခိုင်နှုန်း အသီးသီး

ဖြစ်ပေါ်ခဲ့ပါ သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာ စီးဝင်လာခြင်းနှင့် လုပ်ငန်းစီမံကိန်းကြီးများ ဆောင်ရွက်ခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပျမ်းမျှငွေကြေးဖောင်းပွမှု နှုန်း ၅.၀ ရာခိုင်နှုန်း ဖြစ်ပေါ်နိုင်မည်ဟု ရည်မှန်းပါသည်။

(၃) နိုင်ငံခြားငွေလဲလှယ်မှုနှုန်း

ပြည်ပပို့ကုန်၊ သွင်းကုန်တို့၏ ဈေးနှုန်းကို မြန်မာကျပ်ငွေ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းအရ သတ်မှတ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်ပ ကုန်သွယ်မှု နှင့် ပြည်ပငွေပေးငွေယူ လက်ကျန်ရှင်းတမ်း စီမံခန့်ခွဲမှုတို့အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ပြင်ပဈေးကွက်တွင် ဖြစ်ပေါ်နေသောပျမ်းမျှငွေလဲလှယ်မှုနှုန်းမှာ ၂၀၀၆- ၂၀၀၇ ဘဏ္ဍာနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း အမေရိကန် ၁ ဒေါ်လာ(US$1)လျှင် မြန်မာကျပ်ငွေ ၉၀၀ မှ ၁၃၀၀ ကြားတွင် ရှိခဲ့ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်တွင် တရားဝင်လဲလှယ်နှုန်း (Official Exchange Rate) နှင့် ပြင်ပလဲလှယ်နှုန်း (Market Exchange Rate) များဟူ၍ ဖြစ်ပေါ်တည်ရှိနေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်မျိုးထက်ပိုသော အလေ့အထ (Multiple Currency Practice)ကို ပယ်ဖျက်နိုင်ရန်အတွက် နိုင်ငံခြား ငွေလဲလှယ်နှုန်းများပေါင်းစည်းရေးလုပ်ငန်းအစီအစဉ် (Exchange Rate Unification Process - ERU) ကို ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စတင်ဆောင်ရွက်ရန် ရည်မှန်းပါသည်။ ၂၀၁၂ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ထုတ်ဝေသော အထူးထုတ်ယူခွင့် (Special Drawing Rights -SDRs)နှင့် ချိတ်ဆက်ထားသည့်စနစ် (SDR - Pegged Regime) မှ ဈေးကွက်အခြေခံသော ထိန်းကျောင်းမှုရှိသည့် နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ် (Managed Float Exchange Rate Regime) ကို စတင်ကျင့်သုံးမည်ဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းကို စီးပွားရေးဝန်းကျင်နှင့် ဈေးကွက်တို့၏အခြေအနေအရ လိုက်လျော ညီထွေစွာ သတ်မှတ်နိုင်ရန်နှင့် နိုင်ငံခြားဈေးကွက်အတွင်း လိုအပ်ပါက ဝင်ရောက် ထိန်းကျောင်းနိုင်ရန်အတွက် နိုင်ငံခြားငွေများ ဈေးပြိုင်စနစ်ဖြင့်ရောင်းဝယ်ခြင်း (Foreign Exchange Auction) ကို ၂၀၁၂ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့မှစတင်ပြီး ရုံးဖွင့်ရက်တိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းများအကြား ကွာဟချက်များ ကျဉ်းမြောင်းလာကာ နိုင်ငံခြားငွေကြေးဈေးကွက် ဖွံ့ဖြိုးမှု အရှိန်ရလာပြီဖြစ်သဖြင့် ယခင်နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်ဟောင်းအရ နိုင်ငံတော်အတွင်း ထုတ်ဝေသုံးစွဲခဲ့သည့် နိုင်ငံခြားငွေလက်မှတ် (Foreign Exchange Certificate - FEC) များကို ပြည်တွင်းစီးပွားရေးဝန်းကျင်နှင့် ဈေးကွက်အတွင်းမှ ပြန်လည် ရွေးနုတ်ယူမည့်လုပ်ငန်းအစီအစဉ်ကိုလည်း ၂၀၁၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ ယင်းအစီအစဉ်အရ ကနဦးသတ်မှတ်ကာလ ဖြစ်သည့် (၁-၄-၂၀၁၃) ရက်နေ့မှ (၃၀-၆-၂၀၁၃) ရက်နေ့အထိတွင်လည်းကောင်း၊ အထူးကိစ္စ အနေဖြင့် ဆောင်ရွက်ပေးမည့် (၁-၇-၂၀၁၃) ရက်နေ့မှ (၃၁-၃-၂၀၁၄) ရက်နေ့အထိ ကာလ၌ လည်းကောင်း၊ နိုင်ငံခြားငွေ လက်မှတ်များအပ်နှံလဲလှယ်ခြင်းများကို သက်ဆိုင်ရာ ဘဏ်အသီးသီးတွင် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ နှင့် အတွေ့အကြုံရရှိလာပြီး ရောင်းဝယ်သည့် ပမာဏများလည်း တိုးတက်များပြားလာသည့်အတွက် ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက် (Interbank Foreign Exchange Market) ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၅) ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

(ဂ) ရင်းနှီးမြှုပ်နှံမှု

ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ ရင်းနှီးမြှုပ်နှံမှု၊ သမဝါယမပိုင် အခန်းမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုတို့ဟူ၍ ခွဲခြားထားပါသည်။ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ဆည်မြောင်း တာတမံလုပ်ငန်း စီမံကိန်းများ၊ လမ်းတံတား တည်ဆောက်မှုလုပ်ငန်းများနှင့် အခြေခံလူမှုစီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပထမငါးနှစ် စီမံကိန်းအတွင်း ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုကို ကျပ် ၁၂,၉၁၆,၅၈၁.၈ သန်း ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထားပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ ကျပ် ၃,၀၃၅,၉၅၂.၀ သန်း ရင်းနှီးမြှုပ်နှံရန်နှင့် သမဝါယမနှင့် ပုဂ္ဂလိကအခန်းမှ ကျပ် ၉,၈၈၀,၆၂၉.၈ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကို ကျပ် ၁၅,၅၀၀,၇၁၀.၅ သန်း ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထားပါသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်

အခန်းမှ ကျပ် ၄,၂၃၈,၄၅၁.၅ သန်း ရင်းနှီးမြှုပ်နှံရန်နှင့် သမဝါ ယမနှင့် ပုဂ္ဂလိကအခန်းမှ ကျပ် ၁၁,၂၆၂,၂၅၉.၀ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုကို ကျပ် ၁၉,၃၄၂,၆၆၅.၄ သန်း ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထားပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ ကျပ် ၄,၉၂၈,၈၂၄.၀ သန်း ရင်းနှီးမြှုပ်နှံရန်နှင့် သမဝါယမနှင့် ပုဂ္ဂလိကအခန်းမှ ကျပ် ၁၄,၄၁၃,၈၄၁.၄ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကို ကျပ် ၂၃,၂၉၉,၀၉၃.၂ သန်း ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လျာထားပါသည်။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင် အခန်းမှ ကျပ် ၆,၈၅၉,၉၂၂.၅ သန်းရင်းနှီးမြှုပ်နှံရန်နှင့် သမဝါယမနှင့် ပုဂ္ဂလိကအခန်းမှ ကျပ် ၁၆,၄၃၉,၁၇၀.၇ သန်း ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

ပထမငါးနှစ်စီမံကိန်းအတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ကျပ် ၃,၄၇၇၀၇၂.၈ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ကျပ် ၃,၉၇၀,၈၁၇.၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကျပ်သန်း ၄,၈၆၅,၄၀၀.၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွက် ကျပ်သန်း ၂,၉၂၁,၄၀၀.၀ ရင်းနှီးမြှုပ်နှံရန် လျာထားပါ သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန်၊ သီလဝါအထူး စီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူး စီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်များ၏ ရင်းနှီးမြှုပ်နှံမှုကို ကျပ်သန်း ၄၉၅,၀၀၀.၀ လျာထားခဲ့ပြီး ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေး ဇုန်များ၏ ရင်းနှီးမြှုပ်နှံမှုကို ကျပ် ၉၆၀ ,၂၄၆.၀ သန်း လျာထားခဲ့ပါသည်။

(ဃ) ကုန်သွယ်ရေး

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမို ဆောင်ရွက်လာနိုင်သည်နှင့်အမျှ ကုန်သွယ်ရေးကဏ္ဍတွင်လည်း ပို့ကုန်များတိုးမြှင့် ဆောင်ရွက်နိုင်ရန် ရင်းနှီးကုန်ပစ္စည်းများ၊ လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့် အရန်ပစ္စည်းများ အား တင်သွင်းခဲ့ပါသည်။

ပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါအဝင်)သည် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းတွင် စုစုပေါင်း ကျပ် ၁၄,၂၅၈,၁၉၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၇,၈၂၂.၇ သန်း)၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၅,၇၉၃,၉၄၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၉,၇၄၂.၄ သန်း)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၂၃,၀၀၃,၈၁၃.၇ သန်း (အမေရိကန်ဒေါ်လာ ၂၅,၅၅၉.၈ သန်း)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်

၂၅,၁၈၆,၀၀၀.၀ သန်း (အမေရိကန်ဒေါ်လာသန်း ၂၅,၇၀၀.၀)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂၅,၆၉၇,၆၅၈.၀ (အမေရိကန်ဒေါ်လာ ၂၆,၂၂၂.၁ သန်း) ရည်မှန်းပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံ တို့ဖြစ်သော်လည်းတိုးတက်ပွင့်လင်းလာသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြား လာမည်ဖြစ်ရာ၊ အမေရိကန် ပြည်ထောင်စုသာမက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ဘဏ္ဍာငွေကြေးစီးဆင်းမှုများ ပိုမိုလာမည် ဖြစ်ပါသည်။

ပုံ ၁-၄

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

အသားတင်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှု ရည်မှန်းချက်



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ သဘာဝဓာတ်ငွေ့၊ ပဲအမျိုးမျိုး၊ ကျောက်စိမ်း၊ သစ်လုံး၊ ချုပ်ပြီးအထည်များ ဖြစ်ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် လိုအပ်သောစီမံကိန်းလုပ်ငန်းများအတွက် အရေးကြီးသည့် စက်နှင့် စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ လိုအပ်လာမည်ဖြစ်၍ တစ်နှစ်ထက် တစ်နှစ် ပိုမိုတင်သွင်းရန် ရည်မှန်းထားပါသည်။

ပုံ ၁-၅

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ

ပို့ကုန် ၊ သွင်းကုန် ကုန်သွယ်မှု ပို/လို ရည်မှန်းချက်



ဇယားမြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(c) လူမှုစီးပွားရေးအခြေအနေ

မြန်မာနိုင်ငံ၏ မျှော်မှန်းထားသည့် လူမှုစီးပွားရေးအခြေအနေများကို ဖော်ပြပါ ပုံပြဂရပ်ဖြင့် တင်ပြပါသည်-

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)



ပထမ(၅) နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ပြောင်းလဲရန် ရည်မှန်းထားပါသည်။ စိုက်ပျိုးရေးတွင် ခေတ်မီစက်မှု လယ်ယာသို့ ကူးပြောင်းရန် ဆောင်ရွက်ခြင်း၊ အဆင့်မြင့် လယ်ယာများ ဖော်ထုတ်ခြင်း၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ အေးခဲစက်ရုံများ တည်ဆောက်ရန် စီမံထားခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၊ လမ်းတံတား တည်ဆောက်မှုများကို အဆင့်မြှင့်တင်ခြင်းနှင့် ပိုမိုတိုးချဲ့ခြင်း၊ ပုဂ္ဂလိက လေကြောင်းလိုင်းများ တိုးချဲ့ခွင့်ပေးခြင်း၊ တယ်လီဖုန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပိုမိုအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့နိုင်ရေး အလေးပေး ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဖွံ့ဖြိုး တိုးတက်စေသည့် ကုန်ပစ္စည်းများကို ဦးစားပေးတင်သွင်းရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ ၁-၇
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး
(နှစ်အလိုက်ဈေးနှုန်း)



စီမံကိန်းကာလအတွင်း လူတစ်ဦးစီ၏ ပျမ်းမျှ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး မှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ရန် ရည်မှန်းထားပါသည်။

စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၈၉၂,၀၀၀ ကျပ် ဖြစ်ပေါ်ရန်နှင့် နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁,၄၀၀,၉၇၂ ကျပ် သို့ ဖြစ်ပေါ်လာရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ ၁-၈
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဌာန်ပြောင်းလဲမှု



စီးပွားရေး ဖွဲ့စည်းမှု ပုံသဏ္ဌာန်မှာ လယ်ယာ အခြေခံစီးပွားရေးပုံစံမှ စက်မှုဖွံ့ဖြိုးမှုပုံစံသို့ တဖြည်းဖြည်း ပြောင်းလဲလာရန် မျှော်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ ၁-၉

ပထမ(၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
ဂျီဒီပီတိုးတက်မှုနှုန်း ရည်မှန်းချက်



စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး ဂျီဒီပီ တိုးတက်မှုနှုန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၆.၀ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆.၇ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၈.၉ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၉.၁ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၉.၂ ရာခိုင်နှုန်း အသီးသီး ပြောင်းလဲတိုးတက်ရန်နှင့် စီမံကိန်းကာလ အတွင်း နှစ်စဉ်ပျမ်းမျှ ၈.၀ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပုံ ၁-၁၀

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ကုန်သွယ်မှုပမာဏ ရည်မှန်းချက်



ကုန်သွယ်မှုပမာဏ အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျပ် ၁၄,၂၅၈,၁၉၃.၀ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၅,၇၉၃,၉၄၃.၀ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၂၃,၀၀၃,၈၁၃.၇ သန်း ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂၅,၁၈၆,၀၀၀.၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅,၆၉၇,၆၅၈.၀ သန်း ရည်မှန်းပါသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်း၊ အထူး စီးပွားရေးဇုန်များ၊ စက်မှုဇုန်များနှင့် နိုင်ငံတော် တည်ဆောက်ရေးတွင် လိုအပ်သော စီမံကိန်းလုပ်ငန်းများအတွက်အရေးကြီးသည့် စက်နှင့် စက်ပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ် ပစ္စည်းများ လိုအပ်လာမည်ဖြစ်၍ တစ်နှစ်ထက် တစ်နှစ် ပိုမိုတင်သွင်းရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပုံ ၁-၁၁
ပထမ (၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်ရည်မှန်းချက်
(သဘော်ပေါ်ရောက် တန်ဖိုး)



လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စက်မှုကုန်ချောပစ္စည်းများတွင် တိုးတက် ရည်မှန်း ခဲ့ပါသည်။ သစ်တောထွက်ပစ္စည်းနှင့် သတ္တုတွင်းထွက်ပစ္စည်းများတွင် ရည်မှန်းချက် လျော့နည်းပါသည်။ သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှုအတွက် ကန့်သတ် ဆောင်ရွက်ရ မည်ဖြစ်၍ ရည်မှန်းချက် လျော့နည်းလျာထားခြင်း ဖြစ်ပါသည်

ဇယားမြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပုံ ၁-၁၂
ပထမ (၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်ရည်မှန်းချက်
(ဆိပ်ကမ်းရောက်တန်ဖိုး)



သွင်းကုန်တွင် အခြေခံကျသော ကုန်ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်စေသည့် ကုန်ပစ္စည်းများကို ဦးစားပေး တင်သွင်းမည်ဖြစ်၍ ရင်းနှီးကုန်ပစ္စည်း၊ လုပ်ငန်းတွင်းသုံး ကုန်ပစ္စည်းအုပ်စုတွင် တစ်နှစ်ထက် တစ်နှစ် တိုးတက် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပုံ ၁-၁၃
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည် ဦးရေ ရည်မှန်းချက်



၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့် ခရီးသည် ဦးရေကို ၈၉၉,၀၀၀ ဦး ရည်မှန်း ထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့် ခရီးသည် ၁,၀၂၀,၀၀၀ ဦး ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့် ခရီးသည် ဦးရေ ၁,၈၀၀,၀၀၀ ဦး ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ၃,၂၀၀,၀၀၀ ဦး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄,၆၀၀,၀၀၀ ဦး တိုး၍ရောက်ရှိမည်ဟု ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

ပုံ ၁-၁၄
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြန်မာနိုင်ငံသို့ လာရောက်မည့်ကမ္ဘာလှည့်ခရီးသည်များသုံးစွဲမည့် အမေရိကန်ဒေါ်လာ(ထောင်ပေါင်း) ရည်မှန်းချက်



၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့် ခရီးသည်များ သုံးစွဲမည့် နိုင်ငံခြားငွေကို အမေရိကန် ဒေါ်လာထောင်ပေါင်း ၃၂၅,၃၀၀ ရည်မှန်းထားပြီး ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲမည့် နိုင်ငံခြားငွေကို အမေရိကန် ဒေါ်လာ ထောင်ပေါင်း ၄၀၄,၄၆၀ ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ထောင်ပေါင်း ၁,၀၄၄,၄၃၂ ရည်မှန်းထားပါသည်။ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ထောင်ပေါင်း ၁,၆၇၉,၈၀၈ နှင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ထောင်ပေါင်း ၂,၂၄၄,၁၂၈ ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

ပုံ ၁-၁၅
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
နှစ်အလိုက်ပြည်တွင်းလျှပ်စစ်ဓာတ်အားသုံးစွဲမှု ရည်မှန်းချက်



၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ရွှေကျင်၊ ကွန်းချောင်း၊ ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သောက်ရေခပ်(၂)၊ ဖြူးချောင်းစသည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ၊ သဘာဝ ဓာတ်ငွေ့သုံး တိုးချဲ့စက်ရုံများနှင့် နန်ချိုရေအားလျှပ်စစ်စက်ရုံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အထက်ပေါင်းလောင်း၊ မြို့ကြီး၊ ချီဖွေငယ်၊ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံများ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံများကို အသီးသီး ဖွင့်လှစ်မည်ဟု ရည်မှန်းထားပါသည်။

ဇယားမြစ်။ လျှပ်စစ်စွမ်းအား၀န်ကြီးဌာန

ပုံ ၁-၁၆
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်းရည်မှန်းချက်



ဆက်သွယ်ရေး ကဏ္ဍအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမှန်စာရင်းအရ လူတစ်ထောင်လျင် တယ်လီဖုန်း ၄၃လုံး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမှန်စာရင်းအရ လူတစ်ထောင်လျင် တယ်လီဖုန်း ၈၆လုံး၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရှေ့ပြေးအမှန်စာရင်းအရ လူတစ်ထောင်လျင် တယ်လီဖုန်း ၁၆၁ လုံးတပ်ဆင်ပေးနိုင်ခဲ့ပြီး ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်စာရင်းအရ လူတစ်ထောင်လျင် တယ်လီဖုန်း ၂၅၈ လုံး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် စာရင်းအရ လူတစ်ထောင်လျင် တယ်လီဖုန်း ၅၃၅ လုံး အသီးသီးသုံးစွဲနိုင်ရန် ရည်မှန်းထား ပါ သည်။ ။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ၀န်ကြီးဌာန

ပုံ ၁-၁၇
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
နိုင်ငံပိုင်အခန်း အလုပ်လုပ်သူ ရည်မှန်းချက်



မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲလာသော အုပ်ချုပ်မှုစနစ်အရအစိုးရဌာနများနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ တိုးချဲ့လာခြင်းကြောင့် နိုင်ငံပိုင်အခန်း အလုပ်လုပ်သူဦးရေ တိုးတက်လာခြင်း ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ပေါ် စေရန်၊ ပြည်သူလူထုကို ကာကွယ် စောင့်ရှောက်မှု၊ ဝန်ဆောင်မှုများ ပေးနိုင်ရန် တိုးတက်လာမည့် စာသင်ကျောင်းများ၊ ဆေးရုံများတွင် ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်း ပေးနိုင်ရန် အတွက် နိုင်ငံ့ဝန်ထမ်းဦးရေ တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများအား လုံး

ပုံ ၁-၁၈
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ
မြန်မာ့မီးရထား၏ ဘူတာရုံနှင့်သံလမ်းမိုင် ရည်မှန်းချက်



မြန်မာ့မီးရထားသည် ဒေသများ အကြား ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုရရှိစေရေးနှင့် ကဏ္ဍစုံလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တို့ အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ရထားလမ်းများအား ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရထားလမ်းသစ်များဖောက်လုပ်ခြင်း နှင့် အဆိုပါ ရထားလမ်းပိုင်းများအတွက် ဘူတာရုံအသစ်များ တည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း ရထားလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် လုံခြုံရေး အဆင့်မြှင့်တင်ရေး၊ ခရီးသည် ဝန်ဆောင်မှုအား အရည်အသွေး ပြည့်မီစေရေးတို့အတွက် အလေးပေးဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။

ဇာစ်မြစ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ပုံ ၁-၁၉
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
ဆရာဝန်ဦးရေ ရည်မှန်းချက်



နောင်တိုးတက်လာမည့် လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ လူနေမှုဘဝဟန်များနှင့် လိုက်လျောညီထွေစွာ အရည်အချင်းမြင့်မားသည့် ဆရာဝန်များ၊ အလုံအလောက် လေ့ကျင့် မွေးထုတ်ပေးရန်နှင့် ထိရောက်စွာ အသုံးချနိုင်ရန် မျှော်မှန်းထားပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ ၁-၂၀
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
သူနာပြုဦးရေ ရည်မှန်းချက်



တိုးတက်လာမည့် လူဦးရေနှင့် လိုက်လျောညီထွေစွာ အရည်အချင်း မြင့်မားသည့် ကျန်းမာရေးလူစွမ်းအားစုများကို အလုံအလောက် လေ့ကျင့် မွေးထုတ်ပေးရန်၊ တိုးချဲ့ ဖွင့်လှစ်မည့် ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများအတွက် လိုအပ်သော သူနာပြုများ ဖြည့်ဆည်းပေးရန် လျာထားပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ ၁-၂၁
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်းရည်မှန်းချက် (အရှင်မွေး ၁၀၀၀ လျှင်)



မိခင်နှင့်ကလေး အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ သားဆက်ခြား ပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်နိုင်ခြင်းသည် တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း ကျဆင်းခြင်း၏ အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် တိုးတက် ပြောင်းလဲနေသော ဆေးကုသရေးကုထုံးနှင့် ဆေးရုံကြီးများ၏ အဆင့်မြင့် နည်းပညာများဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးမှု လွယ်လင့်တကူ လက်လှမ်းမီစေခြင်းကို ဆောင်ရွက် လျက်ရှိပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ ၁-၂၂
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
သားဖွားမိခင်သေဆုံးမှုနှုန်းရည်မှန်းချက် (အရှင်မွေးကလေး ၁၀၀,၀၀၀ လျှင်)



မိခင်နှင့်ကလေး အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ သားဆက်ခြား ပညာပေးခြင်းများ တိုးမြှင့် ဆောင်ရွက်နိုင်ခြင်းသည် သားဖွားမိခင်သေဆုံးနှုန်းကျဆင်းခြင်း၏ အကြောင်းတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင် မိခင်ကလေး ဘောက်ချာ စနစ်ကို တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ ၁-၂၃

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
မွေးနှုန်းကြမ်း ရည်မှန်းချက် (လူဦးရေ ၁၀၀၀လျှင်)



အခြေခံကျန်းမာရေး စောင့်ရှောက်မှုပညာပေးခြင်း၊ သားဆက်ခြား ပညာပေးခြင်း၊ အသိပညာ ဗဟုသုတနှင့် ပညာအရည်အချင်း မြင့်မားလာပြီး အိမ်ထောင်ပြုသည့်နှစ် နောက်ကျလာခြင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများနှင့် ကျန်းမာရေး လုပ်သားများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှု မြှင့်တင် ပေးခြင်းများကိုတိုးမြှင့် ဆောင်ရွက်ခြင်းတို့ကြောင့် မွေးနှုန်းကြမ်း လျော့နည်းလာမည်ဟု ရည်မှန်း ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၁-၂၄

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
သေနှုန်းကြမ်းရည်မှန်းချက် (လူဦးရေ ၁၀၀၀လျှင်)



အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ သားဆက်ခြား ပညာပေးခြင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း နှင့် ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့် ရှိစေခြင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများနှင့် ကျန်းမာရေးလုပ်သားများ၏ အရည်အသွေး၊ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ပေးခြင်း၊ ရောဂါကာကွယ်ကုသပေးခြင်းကို တိုးမြှင့် ဆောင်ရွက်နိုင်ခြင်း၊ ခေတ်မီဆေးဝါးနှင့် နည်းစနစ်များ ထွန်းကားလာခြင်း၊ စီးပွားရေးကောင်းလာ၍ အာဟာရပြည့်ဝစွာ စားသုံးလာနိုင်ခြင်းတို့ကြောင့် သေနှုန်းကြမ်း ကျဆင်းမည်ဟု မျှော်မှန်း ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၁-၂၅
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
အခြေခံပညာကျောင်းများ ရည်မှန်းချက်



အခြေခံပညာကျောင်းများမှာ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ အရဖော်ပြထားပါသည်။ ကျောင်းခွဲ နှင့် တွဲဖက် ကျောင်းများ၊ ဘုန်းတော်ကြီးသင် ကျောင်းများ ပါဝင်ခြင်း မရှိပါ။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ ၁-၂၆
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
အခြေခံပညာကျောင်းဆရာများ ရည်မှန်းချက်



ဆရာ ကျောင်းသား အချိုးအရ ဆရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဆရာလိုအပ်လျက် ရှိသည့် ကျောင်းများ ဝေးလံခက်ခဲဒေသနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများတွင် ဆရာအင်အား ပြည့်မီရေးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ နေ့စား၊ လပေး မူလတန်းပြ ဆရာ၊ ဆရာမများ ခန့်အပ်ပေးနိုင်ရန် စီစဉ် ဆောင်ရွက်နေပါသော ကြောင့် ဆရာဦးရေမှာ ယခုထက် ပိုမိုမြင့်မား လာနိုင်သည်ဟု ခန့်မှန်းရပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ ၁-၂၇
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
အခြေခံပညာကျောင်းသားများရည်မှန်းချက်



မသင်မနေရ မူလတန်း ပညာရေး စနစ်ဖော်ဆောင်ခြင်း၊ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေး အတွက် ကျောင်းတက်နှုန်း မြင့်မားရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်ခြင်းတို့ကြောင့် ကျောင်းသားဦးရေမှာ ယခုထက်ပိုမို မြင့်မားလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

ဇယားမြစ်။ ပညာရေးဝန်ကြီးဌာန

ပုံ ၁-၂၈
ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
အသက်မွေးဝမ်းကျောင်း ၊ ပညာသင်ကျောင်းများ ရည်မှန်းချက်



အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် ဝန်ကြီးဌာနများ အောက်ရှိ သိပ္ပံကျောင်းများ၊ သင်တန်းကျောင်းများ အပါအဝင် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ စက်မှုဝန်ကြီးဌာနမှ စက်မှု သင်တန်းကျောင်းများကို ထည့်သွင်း ဖော်ပြပါသည်။

ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

ပုံ ၁-၂၉

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ရည်မှန်းချက်



ကာကွယ်ရေးဝန်ကြီးဌာနနှင့် အခြား ဝန်ကြီးဌာနများ အောက်ရှိ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် ကောလိပ်များ အပါ အဝင် ဖြစ်ပါသည်။

ဇယားစဉ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများ

အခန်း(၂)

စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်
ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(Sustaining Agriculture Development towards Industrialization and all round Development)

အခန်း(၂)

စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးတွင် လယ်ယာကဏ္ဍသည် အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။ အမျိုးသား စီးပွားရေးမူဝါဒတွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ချမှတ်ထားပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှုန်း၀န်ဆောင်မှုတန်ဖိုး၏ ၂၆ ရာခိုင်နှုန်းအထိ အများဆုံး ပါဝင်ဖြည့်ဆည်းပေး လျက်ရှိပါသည်။ လယ်ယာကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ ရရှိမှုအတွက်ပါ အရေးပါသောကဏ္ဍဖြစ်သဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာအရေးပါလှပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေသယံဇာတ၊ မြေသယံဇာတစသည့် သဘာဝအရင်းအမြစ် ပေါကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပါသည်။ သို့သော်တိုးပွားလာမည့် လူဦးရေအတွက် နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်လာစေရေး အရှိန်အဟုန်မြှင့်တင်ပြီး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပေသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အားလုံး တွင် မြေကြီး မြေပုံမှန်ကန်ရေးဆောင်ရွက်ခဲ့ရာ စိုက်ပျိုးနိုင်သော မြေရိုင်း၈က ၁၃ သန်းခန့် ကျန်ရှိနေသေးသဖြင့် စိုက်ပျိုးမြေ တိုးချဲ့ ဖော်ထုတ်ရေး အတွက် ဆောင်ရွက်ရာတွင် ပလပ်မြေနှင့် စိုက်ပျိုးနိုင်သောမြေရိုင်းများအား ဖော်ထုတ်ခြင်းနည်းလမ်းများကို ကျင့်သုံးလျက် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ခိုင်မာသော ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေးအတွက် ယခင်က စိုက်ပျိုးသီးနှံများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေသည့် အခြေအနေမှ အဆင့်မြှင့်၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချရန် ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကဏ္ဍသီးနှံများ အရည်အသွေးကောင်းမွန်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးနှင့် အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုး ထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ရရှိမှုပမာဏ တိုးတက်လာစေရန်အတွက် ဆည်တမံ၊ မြစ်ရေတင်နှင့် မြေအောက်ရေတူးဖော်/တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးဆည်တမံများ၏ ရေသောက်စနစ်များ ခေတ်မီခိုင်မာစေရေး ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာရေး၊ လူနေမှုဘ၀ တိုးတက် မြင့်မား လာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး ရည်ရွယ်၍ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သော သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်းတိုးမြှင့် ထုတ်ချေးပေးလျက်ရှိပါသည်။

၎င်းပြင် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရန်နှင့် အလေအလွင့်နည်းပါးစေရန်အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လုပ်ငန်းစဉ်များတွင် စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် စနစ်ကျစက်မှု လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ကိုင်တွယ်သုံးစွဲနိုင်ရန်အတွက် သင်တန်းများ ပို့ချခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍဆိုင်ရာဥပဒေနှင့် နည်းဥပဒေများအား ခေတ်နှင့် လျော်ညီစွာ ပြဋ္ဌာန်း အကောင်အထည်ဖော်မည်ဖြစ်ပါသည်။

အခန်း(၂)　စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(Sustaining Agriculture Development towards Industrialization and all round Development)

၂-၁။ စိုက်ပျိုးရေး(စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာ ဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး)

၂-၂။ သားငါး(ရေသယံဇာတထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍဖွံ့ဖြိုးရေး)

၂-၃။ သစ်တော(သစ်တောသယံဇာတထိန်းသိမ်းရေးနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ရေး)

စက်မှုကူးပြောင်းရေးနှင့် စက်မှု နိုင်ငံဖြစ်ပေါ်ရေး

၂-၄။ စွမ်းအင် (စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ဖွံ့ဖြိုးရေး)

၂-၅။ လျှပ်စစ် (လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက်လျှပ်စစ်)

၂-၆။ သတ္တု(သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများ ကင်းသည့် သတ္တုသယံဇာတထုတ်လုပ်မှုဖြစ်ရေး)

၂-၇။ ဆောက်လုပ်ရေး(ခေတ်မီလမ်းတံတားများ ဖြစ်ထွန်း ပေါ်ပေါက်ရေး)

၂-၈။ စက်မှု (ဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး)

၂-၁။ စိုက်ပျိုးရေး(စားနပ်ရိက္ခာဖူလုံရေးမှ ပို့ကုန်တိုးတက်ရေးနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး)

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးတွင် လယ်ယာကဏ္ဍသည် အဓိကအခန်းမှ ပါဝင်လျက်ရှိပါသည်။ အမျိုးသားစီးပွားရေးမူဝါဒတွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ချမှတ်ထားပါသည်။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း၏ ပထမနှစ် ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂၆ ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းပေးမည်ဖြစ် ပါသည်။ လယ်ယာကဏ္ဍသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှု နှင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေရရှိမှုအတွက် အရေးပါသောကဏ္ဍဖြစ်သဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် လွန်စွာ အရေးပါလှပါသည်။

မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

လယ်ယာကဏ္ဍအနေဖြင့် ပထမ(၅) နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွက် အကောင်အထည်ဖော်မည့် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်။

မူဝါဒများ

(၁) ရေမြေဒေသအခြေအနေနှင့်ကိုက်ညီသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲနိုင်ရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊

(၂) တောင်သူလယ်သမားများထံ ခေတ်မီစိုက်ပျိုးနည်းပညာများတိုးတက် ပြန့်ပွားအောင် ဆောင်ရွက်ရန်နှင့် နိုင်ငံအတွက်လိုအပ်မည့် စိုက်ပျိုးရေး ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ခြင်းနှင့် စိုက်ပျိုးရေးပညာ အရည်အသွေးမြင့်မားရေးကို စီမံဆောင်ရွက်သွားရန်၊

(၃) လယ်ယာကဏ္ဍ၏ ထုတ်လုပ်နိုင်မှုစွမ်းအားကို တိုးမြှင့်ပေးနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုရရှိစေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) ကို မြှင့်တင်ဆောင်ရွက်သွားရန်၊

(၄) လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေး အတွက် စက်မှုလယ်ယာစနစ်ကူးပြောင်းရေး၊ ရာသီဥတု ပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိမည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေး တိုးတက်ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊

(၅) လယ်ယာကဏ္ဍဆိုင်ရာဥပဒေနှင့် နည်းဥပဒေများအား ခေတ်နှင့် လျော်ညီစွာ ပြဋ္ဌာန်း အကောင်အထည်ဖော်ရန်။

ရည်မှန်းချက်များ

(၁) အသားတင်စိုက်ပျိုးမြေဧရိယာကို ဧက ၃၃.၆ သန်းအထိလည်းကောင်း၊ သီးနှံစိုက်စွမ်းအားကို ၁၆၅ ရာခိုင်နှုန်း အထိလည်းကောင်း ရောက်ရှိအောင် ဆောင်ရွက်သွားရန်၊

(၂) ပြည်တွင်း စားနပ်ရိက္ခာဖူလုံမှုနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်မှု ရရှိစေရန် အတွက် စပါးသီးနှံ တစ်ဧကပျမ်းမျှ အထွက်နှုန်းကို ၈၃.၈၈ တင်းနှင့် အထွက်တင်းသန်း ၁,၅၉၇ ထွက်ရှိရေး စီမံဆောင်ရွက်သွားရန်၊

(၃) သီးနှံများ၏ စုစုပေါင်း ရေသွင်းစိုက်ဧရိယာကို ဧက ၅.၆ သန်းအထိ တိုးတက်အောင် ဆောင်ရွက်သွားရန်၊

(၄) လယ်ယာကဏ္ဍဆိုင်ရာ အခြေခံ စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေး ဆောင်ရွက်သွားရန်၊

(၅) ပြည်ပဈေးကွက်ဝင် လယ်ယာထွက်ကုန်သီးနှံများအား နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရန်နှင့် စားသုံးမှုဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အရည်အသွေးနှင့် စံချိန်စံနှုန်းပြည့်မီသည့် တန်ဖိုးမြှင့်လယ်ယာ ထွက်ကုန်များ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်၊

(၆) ထွက်ရှိလာသည့်သီးနှံများအပေါ် စီးပွားရေး တွက်ခြေကိုက်မှု (Benefit) ရှိပြီး ခိုင်မာသောဈေးကွက် (Sustainable Market) ရှိအောင် ကူညီ ဆောင်ရွက်ပေးသွားရန်။

လုပ်ငန်းစဉ်များ

(၁) အထွက်ကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့များ တိုးတက်အသုံးပြု စိုက်ပျိုးခြင်း နှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့် ပြန့်ပွားရေး ဆောင်ရွက်ခြင်း၊

(၂) သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) လယ်ယာကုန်ထုတ်လုပ်မှုတွင် ရေသွင်းစိုက်ဧရိယာ တိုးတက်ရေးနှင့် စက်ကိရိယာများ တိုးတက်သုံးစွဲနိုင်ရန်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊

(၄) စိုက်ပျိုးရေးအပါအဝင် ဓါတ်မြေဩဇာ၊ သဘာဝမြေဩဇာ စသည့် သွင်းအားစုများကို အချိန်ကိုက် အချိုးကျထိရောက်စွာ အသုံးပြုနိုင်ရန် ပညာပေးဆောင်ရွက်ခြင်း၊

(၅) လယ်ယာကဏ္ဍဆိုင်ရာ အခြေခံ စာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေးအတွက် မြေကြီးမြေပုံမှန်ကန်ရေးနှင့် လယ်ယာမြေ မှတ်ပုံတင် လုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(၆) တောင်သူများ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုရှိသည့် ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် လိုအပ်သည့် နည်းပညာနှင့် သတင်းအချက်အလက်များအား Farmers' Channel ရုပ်သံလိုင်း တည်ထောင် ထုတ်လွှင့်သည့် မီဒီယာနည်းလမ်းဆောင်ရွက်ခြင်း၊

(၇) ပြည်ပဈေးကွက်ဝင် လယ်ယာထွက်ကုန်သီးနှံများအား နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရန်နှင့် စားသုံးမှု ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အရည်အသွေးနှင့် စံနှုန်းပြည့်မီသည့် တန်ဖိုးမြင့် လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်မည့် လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးပေါင်းအားပေးဆောင်ရွက်ခြင်း၊

(၈) လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပြည်တွင်းပုဂ္ဂလိကကဏ္ဍမှ ပိုမို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လာနိုင်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင် လာစေရေးအတွက်သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၉) လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအား ခေတ်နှင့်အညီ ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခြင်း။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) တွင် လယ်ယာကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ပုံမှန် ဈေးနှုန်းများအရ ၂.၁ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

**ပထမ (၅) နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
လယ်ယာကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)**



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၁,၅၈၉,၄၅၁.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၀.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂,၃၀၇,၁၃၉.၄ သန်းအကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၃,၀၅၈,၆၄၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၃ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၃,၇၅၉,၀၂၉.၉ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၄,၇၀၀,၅၉၂.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၃.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်၍ တောင်သူများအားဖြန့်ဝေစိုက်ပျိုးစေခြင်း၊ တောင်သူများအား သိပ္ပံနည်းကျစိုက်နည်းစနစ် (GAP) များကို လိုက်နာကျင့်သုံးနိုင်ရန် လေ့ကျင့်ပညာပေးခြင်း၊ သုတေသန နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်ခြင်း စသည်များ အပေါ်အခြေခံ၍ ရည်မှန်းထားခြင်းဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြ ပါသည်-

ပုံ ၂-၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုးမြေဧရိယာတိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်း တိုး တက်ရေး ဟူသောနည်းလမ်း(၂)သွယ်အနက် စိုက်ဧရိယာတိုးချဲ့ခြင်းကို တဖြည်းဖြည်း ဆောင်ရွက်သွားခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များကို တောင်သူများအား ဖြန့်ဝေစိုက်ပျိုးစေခြင်း၊ နိုင်ငံ၏ရေမြေသဘာဝ နှင့် အညီထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်း ၊ ခြွေလှေ့ ၊ အခြောက်ခံမှုလုပ်ငန်းများအတွက် လယ်ယာသုံးစက်ကိရိယာများကို နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းဖြင့် သီးထပ်စွမ်းအား မြင့်မားလာခြင်းအကျိုးရလာဒ်များ အပေါ် မူတည်၍ ရည်မှန်းထားခြင်းဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားစဉ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ပုံမှန်ရာသီဥတု၌ ရရှိနိုင်မည့် အထွက်နှုန်းများ၊ နှစ်ရှည်ပင်များ၏ ရိတ်သိမ်းဧကများ တိုးတက်မှု၊ အထွက်ကောင်းမျိုးများ ဖြစ်ထွန်းခြင်း၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲခြင်း၊ မျိုးသန့်မျိုးပွား ဖလှယ်စိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျအထွက်တိုးနည်းစနစ်များ တိုးတက်လိုက်နာဆောင်ရွက်ခြင်းတို့ အပေါ် အခြေခံ၍ ရည်မှန်းထားခြင်း ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့၏ ရော်ဘာစိုက်ပျိုးမှုဌ စိုက်ဧကနှင့် အစေးလှီးဧက ပိုမိုလျာထားခြင်း၊ ရော်ဘာ၏ တစ်ဧကအထွက်နှုန်းမှာ အပင်ပြုစု ထိန်းသိမ်းမှုနှင့် အပင်သက်တမ်း

အပေါ် မူတည်၍ တစ်နှစ်ထက်တစ်နှစ် တိုးလာခြင်းတို့ကြောင့် တိုးတက် ရည်မှန်းထားခြင်း ဖြစ်ပါသည်။ ပဲတီစိမ်းစိုက်ပျိုးမှုတွင် ပဲကုန်စည်ဒိုင်များ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည့် အတွက် ပဲစိုက်တောင်သူများ စိတ်ဝင်စားမှုရှိခြင်း၊ ဈေးကွက်နှင့် ဈေးနှုန်းများ တည်ငြိမ် နိုင်ခြင်း၊ သွင်းအားစုများ ပိုမိုထည့်သွင်းခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် မှန်ကန်စေရန် အတွက် လမ်းညွှန်မှုများ ပြုလုပ်ခြင်းတို့ကြောင့် အထွက်များကောင်းမွန်မည်ဟု မျှော်မှန်း ထားခြင်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မိုးစပါး နှင့် နွေစပါးစိုက်ပျိုးမှုဒဿ ပုလဲသွယ်စပ်မျိုးစပါးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုမ္ပဏီများ ပူးပေါင်း၍ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် အထွက်နှုန်းများကို တိုးတက်ရည်မှန်းထားခြင်း၊ နည်းစနစ်ကောင်းများဖြင့် ဝတ်မှုံကူးစိုက်ပျိုးခြင်းတို့ကြောင့်

အထွက်နှုန်း ပိုမိုမည်ဟု ခန့်မှန်းရေးဆွဲခြင်း ဖြစ်ပါသည်။ ထို့အပြင် ရော်ဘာစိုက်ပျိုးမှုတွင် စိုက်ဧကပိုမိုလာပြီး အစေးလှီးဧက ပိုမိုလာခြင်း၊ ဆောင်းနှမ်းအပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးမှုတွင်လည်း မြေလွတ်မြေရိုင်း ဖော်ထုတ်ရရှိသည့် မြေများကို တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားခြင်းတို့ကြောင့် ဖြစ်ပါ သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လယ်ယာကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန။

စားနပ်ရိက္ခာဖူလုံရေးမှ ပို့ကုန်တိုးတက်ရေးနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး

လူသားတိုင်း၏ ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေး အခြေခံ လိုအပ်ချက်များအနက် နေ့စဉ်နှင့်အမျှမရှိမဖြစ် လိုအပ်ချက်မှာ စားရေးကိစ္စဖြစ်ပါသည်။ နေ့စဉ်တိုးတက်လျက်ရှိသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ လက်ရှိ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇,၀၀၀ ကျော်သည်လာမည့် ၂၀၅၀ ပြည့်နှစ်ကာလတွင် သန်းပေါင်း ၉,၀၀၀ ကျော်ရှိလာမည် ဖြစ်သောကြောင့် တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမြေတိုးချဲ့

ဆောင်ရွက်ခြင်း၊ လယ်ယာကုန်ထွက်ကို ယခင်ကထက် နှစ်ဆသုံးဆ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် တွန်းအားပေးဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ရေသယံဇာတ၊ မြေသယံဇာတစသည့် သဘာဝအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ရာသီဥတုမှာ ပူနွေးခြင်းနှင့် သမမျှတသောရာသီဥတုရှိခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ မြေပြန့်ဒေသ၊ အပူပိုင်းနှင့် မြေမြင့်တောင်ပေါ် ဒေသဟူသည့် မြေအနေအထားစုံလင်စွာရှိခြင်းနှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်ရေ သယံဇာတစုံလင်စွာရရှိခြင်းတို့ကြောင့် တိုးပွားလာမည့် လူဦးရေကိုမျှော်မှန်းပြီး နိုင်ငံ၏စားနပ်ရိက္ခာဖူလုံရန်အတွက် သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်ပြီး၊ ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင် ရွက်ကြရမည် ဖြစ်ပါသည်။

လက်ရှိအားဖြင့် စိုက်ပျိုးမြေများမှာ လုပ်ကွက်ငယ်များအပေါ် အခြေခံ၍ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ စုစုပေါင်းမြေဧကထောင်ပေါင်း ၁၆၇,၁၈၆ ၏ လေးပုံတစ်ပုံမှာ စိုက်ပျိုးနိုင်သောမြေများဖြစ်ပါသည်။ ပထမ(၅)နှစ် အမျိုးသား စီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ) ကာလ မြေယာအသုံးချမှု အခြေအနေကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၂-၁

ပထမ (၅) နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

မြေယာအသုံးချမှု ရည်မှန်းချက်

(ဧကထောင်ပေါင်း)

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
၁	အသားတင်စိုက်ပျိုးနိုင်သည့်မြေ	၂၉,၅၃၇	၂၉,၅၇၈	၂၉,၅၁၄	၂၉,၆၈၈	၃၀,၀၆၂
၂	ပလပ်ထားသည့်မြေ	၆၉၉	၆၈၉	၉၇၄	၈၈၀	၇၉၀
၃	စိုက်ပျိုးနိုင်သောမြေရိုင်း	၁၃,၁၄၀	၁၃,၁၂၁	၁၂,၉၉၀	၁၃,၀၆၈	၁၂,၉၆၀
၄	သစ်တောကြိုးဝိုင်း	၄၅,၅၆၀	၄၇,၀၁၃	၄၄,၇၈၅	၄၈,၉၄၂	၄၉,၂၁၃
၅	အခြားသစ်တောမြေ	၃၇,၆၃၈	၃၆,၃၉၃	၃၈,၇၀၇	၃၃,၈၀၆	၃၃,၄၂၇
၆	အခြားမြေ	၄၀,၆၁၂	၄၀,၃၉၂	၄၀,၁၇၆	၄၀,၈၀၂	၄၀,၇၃၄
	စုစုပေါင်း	**၁၆၇,၁၈၆**	**၁၆၇,၁၈၆**	**၁၆၇,၁၈၆**	**၁၆၇,၁၈၆**	**၁၆၇,၁၈၆**

ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန မှ တိုင်းဒေသကြီး/ ပြည်နယ် အားလုံးတွင် မြေကြီးမြေပုံမှန်ကန်ရေးဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးနိုင်သော မြေရိုင်းဧက ၁၃ သန်းခန့် ကျန်ရှိနေသေးရာ စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ရေးအတွက် ပလပ်မြေ နှင့် စိုက်ပျိုးနိုင်သော မြေရိုင်းများအား လုပ်ကိုင်ခွင့်များပေး၍ ဖော်ထုတ် တိုးချဲ့စိုက်ပျိုးခြင်း၊ ရေကြီးရေနက်ကွင်းများတွင် တာပတ်ခြင်း၊ရေနှုတ်မြောင်းများ နှင့် စပါး- ငါးကန်များ တူးဖော်ပေးခြင်းဖြင့် လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ မြေ၊ ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်သည့် တောင်စောင်းဒေသ မြေယာဖော်ထုတ်စိုက်ပျိုးမှု နှင့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်းစသည့် နည်းလမ်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ခိုင်မာသော ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေးအတွက် ယခင်က စိုက်ပျိုးသီးနှံများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေသည့် အခြေအနေမှ အဆင့်မြင့်၊ တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ်သို့ ထုတ်လုပ်တင်ပို့ရောင်းချရန် ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။ မြန်မာနိုင်ငံ၏ ဆန်စပါး နှင့် အခြားကောက်ပဲသီးနှံမျိုးစုံ ထွက်ရှိမှုမှာ လုံလောက်သည် သာမကနိုင်ငံခြားသို့ တင်ပို့ ရောင်းချနိုင်သည်အထိ ရှိနေပေသည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ဆန် စပါးတင်ပို့မှု အလွန်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်ခဲ့သည့် အားလျော်စွာ ခေတ်မီမျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးမှုနည်းစနစ်ကောင်းများဖြင့် ဆန်စပါးအထွက်တိုးရေး သာမက ဆန်စပါးဈေးကွက်ချဲ့ထွင်နိုင်ရေးကိုပါ အလေးထား လုပ်ဆောင်သွားမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများ ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ နှစ်ရှည်သီးနှံ(ရော်ဘာ၊ကြက်ဆူ၊သီဟိုဠ်)၊ သစ်သီးဝလံနှင့် မီးဖိုချောင်သုံးဟင်းခတ်ပစ္စည်းများကို တင်ပို့ရောင်းချခြင်း၊ စိုက်ပျိုးရေး ထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် ခိုင်မာသော ပြည်တွင်းဈေးကွက်ရရှိရန်နှင့် ပြည်ပဈေးကွက်များတိုးချဲ့ရန်လည်း လိုအပ်သည့်အတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တိုးမြှင့်ဆောင်ရွက်သွားခြင်း၊ ယခင်က လယ်ယာထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေသည့် အခြေအနေမှ အဆင့်မြင့်တန်ဖိုးမြင့် ထုတ်ကုန်များ အဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းအလုပ်အကိုင် တိုးချဲ့နိုင်ရေး၊ အမျိုးသားဝင်ငွေတိုးမြင့်လာရေးတွင် များစွာအထောက်အကူ ပြုမည်ဖြစ် ပါသည်။

တောင်သူ လယ်သမားများအပါအဝင် ကျေးလက်ပြည်သူများ၏ ဝင်ငွေနှင့်နေထိုင်မှု အဆင့်အတန်းများ အိမ်နီးချင်းနိုင်ငံများထက် သာလွန်ကောင်းမွန်၍ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်ရေးကို ရေရှည်မျှော်မှန်းချက် ထားရှိလျက် လယ်ယာကဏ္ဍ ဖွံ့ဖြိုး

တိုးတက်ရေးအတွက် အောက်ဖော်ပြပါ လုပ်ငန်း ၆ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) မြေယာစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၁) လယ်ယာမြေဥပဒေပြဋ္ဌာန်းခြင်း၊

(၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းခြင်း၊

(၃) တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေပြဋ္ဌာန်းခြင်း၊

(၄) လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၅) ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းအတွက် အစီရင် ခံစာပြုစုခြင်း။

(ခ) မျိုးစေ့ထုတ်လုပ်ခြင်း

လယ်ယာကဏ္ဍသီးနှံများ အရည်အသွေးကောင်းမွန်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေးနှင့်အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို ဆောင်ရွက်ရန်လျာထားပါသည်။ အဓိကသီးနှံဖြစ်သည့် စပါးအပါအဝင် ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံများအပြင် ရေဆင်းစပ်မျိုး(၁) နေကြာ (F1) မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဈေးကွက် လိုအပ်ချက် နှင့် ကိုက်ညီသောပဲမျိုးများ ၊ ပိုးမွှားရောဂါ နှင့် ရာသီဥတုဒဏ် ခံနိုင်ရည် ရှိသောပဲမျိုးများ၊အရည်အသွေးကောင်း ပြည်ပဈေးကွက်ဝင်ပဲမျိုးသစ်များ ထုတ်လုပ် နိုင်ရန် မျိုးစေ့ဘဏ်တည်ထောင်ခြင်း၊အကွက်ကျယ် စံပြကွက် စိုက်ပျိုးခြင်း၊ IFAD Project တို့ဖြင့် မျိုးသန့်ပွားများ ဖြန့်ဖြူးခြင်း၊စက်မှု ကုန်ကြမ်း သီးနှံများ ဖြစ်ကြသည့် ဝါ ၊ ကြံ၊ ရော်ဘာ၊ ဆီအုန်း၊ ကော်ဖီ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်များအတွက်လည်း သုတေသနနှင့် မျိုးပွားခြံများတွင် မျိုးကောင်း မျိုးသန့် မျိုးစေ့များအား ထုတ်လုပ်ခြင်းနှင့် တောင်သူများသို့ ဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးရေ ရရှိရေး ဆောင်ရွက်ခြင်း

လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိမှုပမာဏတိုးတက်လာစေရန်အတွက် ဆည်တမံ၊မြစ်ရေတင်နှင့်မြေအောက်ရေ တူးဖော်/တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးဆည်တမံများ၏ ရေသောက်စနစ်များ ခေတ်မီခိုင်မာစေရေး ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ နည်းလမ်းအမျိုးမျိုးဖြင့် ရေသွင်းစိုက်ပျိုးသည့် မြေဧရိယာ ရည်မှန်းချက်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ဘဏ္ဍာနှစ်	ဧက(ထောင်ပေါင်း)
၂၀၁၁-၂၀၁၂	၅,၆၅၄
၂၀၁၂-၂၀၁၃	၅,၇၂၂
၂၀၁၃-၂၀၁၄	၅,၆၅၇
၂၀၁၄-၂၀၁၅	၅,၄၅၇
၂၀၁၅-၂၀၁၆	၅,၆၁၄

(ဃ) စက်မှုလယ်ယာ ကူးပြောင်းရေးဆောင်ရွက်ခြင်း

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရန်နှင့် အလေအလွင့် နည်းပါးစေရန်အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လုပ်ငန်းစဉ်များတွင် စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများ လယ်ယာသုံး စက်ကိရိယာများကို ကိုင်တွယ်သုံးစွဲနိုင်ရန်အတွက် သင်တန်းများ ပို့ချခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂,၆၅၆ ဧက၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄,၇၂၉ ဧက ၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ဧက ၁,၇၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၆,၂၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၄,၅၀၀ ကို ဖော်ထုတ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိသောလယ်ယာမြေများအား စက်ကိရိယာများ ထိရောက်တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဆည်ရေသောက်ဧရိယာလယ်မြေများအား ဧကကွက်၊ ဟက်တာကွက် အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့အဆင့်ဆင့်ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် အချိန်နှင့်လုပ်အားကို သက်သာစေခြင်း၊ အလေအလွင့်နည်းပါးစေခြင်း စသည့် အချက်များကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်သုံးစွဲလာကြရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရည်မှန်းထားမှု အခြေအနေမှာ ဖော်ပြပါဇယားအတိုင်းဖြစ်ပါသည်-

ဇယား ၂-၂

ပထမ (၅) နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့အသုံးပြုရန် ရည်မှန်းချက်

(စီးရေ)

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
၁	ထွန်စက်ကြီး	၁၁,၈၂၄	၁၁,၉၄၆	၁၂,၁၃၆	၁၂,၇၀၆	၁၂,၈၆၁
၂	လက်တွန်းထွန်စက်	၁၆၂,၈၉၇	၁၆၄,၁၅၇	၂၀၂,၀၅၀	၂၂၃,၈၄၃	၂၂၄,၉၆၂
၃	ကောက်စိုက်စက်	၄၀၁	၄၃၄	၃၇၇	၃၁၆	၃၂၆
၄	စပါးရိတ်စက်	၂,၄၅၇	၂,၅၈၇	၁,၉၃၈	၂,၀၁၉	၂,၀၅၉
၅	စပါးခြွေလှေ့စက်	၄၂,၄၅၂	၄၂,၉၂၅	၅၂,၈၁၂	၅၅,၇၉၄	၅၆,၅၀၀
၆	စပါးရိတ်သိမ်းခြွေလှေ့စက်	၂၈၆	၃၁၇	၃၃၁	၆၉၆	၇၁၃

ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(c) လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း

နိုင်ငံ၏ အဓိကစိုက်ပျိုး သီးနှံအမယ်ဖြစ်သော စပါးသီးနှံ အပါအဝင် ဈေးကွက်ဝင် သီးနှံများကို နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် အရည်အသွေးပိုင်း မြှင့်တင်ရန်၊ စိုက်ပျိုးထုတ်လုပ်သော သီးနှံများအား စားသုံးမှုဘေးအန္တရာယ်(Food Safety)၏ အရေးပါမှုကိုတွက်ချက်ပြီး နိုင်ငံတကာစံနှုန်းများကို လိုက်နာရေးအတွက် ပြင်ဆင်ဆောင်ရွက်ရန်၊ တန်ဖိုးမြှင့် ထုတ်ကုန် (Value Added Product) ထုတ်လုပ် နိုင်ရေးအတွက် Agricultural Industry များ ထူထောင်ပေးနိုင်ရေး တွန်းအားပေး ဆောင်ရွက်ရန် အချက်များအား လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Agricultural Reform Strategy) တွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။

တန်ဖိုးမြှင့်လယ်ယာထုတ်ကုန်များ ထုတ်လုပ်ရေးအတွက် ဒေသအလိုက်ထွက်ရှိသော သီးနှံများအပေါ် မူတည်၍ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ (Agro-based Industry) ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိကပိုင်းမှ ပိုမိုရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်၊ ခေတ်မီဆန်စက်ကြီးများ အပါအဝင် လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ ဒေသအလိုက် တည်ဆောက်သွားရန်၊ လိုအပ်သော အဆင့်မီကုန်ကြမ်း စုစည်းရရှိရေးအတွက် တစ်ဆက် တစ်စပ်တည်းရှိသော ဇုန်များတွင် ကန်ထရိုက်လယ်ယာစနစ်ကျင့်သုံး ဆောင်ရွက်သွား

ရန် နှင့် ပြည်ပစျေးကွက်ဝင် (Export Quality) စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးထုတ်လုပ်သည့် ဒုန်များပေါ်ထွန်းရန် အားပေးဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(စ) စိုက်ပျိုးစရိတ်ချေးငွေများ ပံ့ပိုးပေးခြင်း

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သောငွေကြေးအရင်းအနှီးပံ့ပိုးသည့်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၃၈၆,၃၆၂.၉၈ သန်း၊၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁၃,၅၅၁.၇၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁,၄၆၁,၀၀၀.၀၀ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၁,၄၆၂,၄၀၀.၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း၁,၅၆၄,၅၇၀.၀၀ အသီးသီး ထုတ်ချေးရန် ရည်မှန်းထားပါသည်။ စပါးသီးနှံတစ်ဧက ကို ကျပ် ၅၀,၀၀၀ မှ ကျပ် ၈၀,၀၀၀၊ ယင်းမှ စပါးနှင့် ကြံသီးနှံ တစ်ဧကကို ကျပ် ၁၀၀,၀၀၀ စီ နှင့် အခြားသီးနှံတစ်ဧကကို ကျပ် ၂၀,၀၀၀ နှုန်းဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် အရင်းအနှီးလိုအပ်ချက်များကို အထောက်အပံ့ဖြစ်ရန် အတွက် တိုးမြှင့်ထုတ် ချေးသွားမည်ဖြစ်ပါသည်။

စားနပ်ရိက္ခာ ဖူလုံရေးမှ ပို့ကုန်တိုးတက်ရေးနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး အတွက် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူလယ်သမားများ ဝင်ငွေတိုးတက်လာရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး၊ တစ်မျိုးသားလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် (၅)နှစ်စီမံကိန်းများကို အခြေခံပြီး ဦးတည်ဆောင်ရွက်လျက် ရှိပါသည်။

၂-၂။ သားငါး (ရေသယ်ဓာတ ထိန်းသိမ်းရေးနှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေး)

နိုင်ငံတော်တွင် လူဦးရေ တိုးပွားလာခြင်း၊ အသားငါးစားသုံးမှု တိုးမြင့်လာခြင်း တို့ကြောင့် သားငါးကဏ္ဍဖွံ့ဖြိုးရေးသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအတွက် သာမက ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက်ပါ အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်၍ ထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန်၊ ကျေးလက် နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားလာစေရန်နှင့် ကျေးလက် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်များ ကျဉ်းမြောင်းလာစေရန် မျှော်မှန်းဆောင်ရွက်လျက် ရှိပါသည်။

မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များ

သားငါးကဏ္ဍအနေဖြင့် ပထမ(၅) နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွက် အကောင်အထည်ဖော်မည့် မူဝါဒ၊ ရည်မှန်းချက်များ နှင့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပါသည်။

မူဝါဒ

သားငါးကဏ္ဍစားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် ကျေးလက် ဒေသ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်။

ရည်မှန်းချက်များ

(၁) နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ပြည်သူလူထုကို အခြေပြုပြီး ဆင်းရဲမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆.၀ ရာခိုင်နှုန်း အထိ လျော့ချနိုင်ရန် အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးကို ဖော်ဆောင် နိုင်ရန်၊

(၂) ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်၊ လူထုအခြေပြု အဖွဲ့အစည်းများ အားကောင်းလာစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များဖြစ်ပေါ်လာစေရန်၊

(၃) မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်၊

(၄) စီမံကိန်းကာလအတွင်း ပဂ္ဂလိက အသားကဏ္ဍထုတ်လုပ်မှုကို တစ်နှစ်ပျမ်းမျှ ၈.၆ ရာခိုင်နှုန်း တိုးတက် ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(၅) ပထမ ငါးနှစ်အမျိုးသား စီမံကိန်းတွင် ပျားရည် ထုတ်လုပ်မှုကို တစ်နှစ်ပျမ်းမျှ ၈.၈ ရာခိုင်နှုန်း ၊ ပျားထွက်ပစ္စည်း ထုတ်လုပ်မှုကို တစ်နှစ်ပျမ်းမျှ ၇.၆ ရာခိုင်နှုန်း အသီးသီး တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊ ပဉ္စမနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ အခြေခံနှစ် အပေါ် ၁.၅ ဆ ဖြစ်ပေါ်ရန် ၊

(၆) ပထမငါးနှစ် အမျိုးသား စီမံကိန်းတွင် ပုဂ္ဂလိက ငါးဖုစွန် ထုတ်လုပ်မှုကို တစ်နှစ်ပျမ်းမျှ ၅.၇ ရာခိုင်နှုန်း တိုးတက် ရရှိစေရန်၊

လုပ်ငန်းစဉ်များ

(၁) သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ရန် နည်းပညာ လိုအပ်ချက်နှင့် နိုင်ငံတကာအကူအညီများ ရရှိရေး ညှိနှိုင်း ဆောင်ရွက်သွားမည်။

(၂) အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောဂါစစ်ဆေးရေး၊ ဆေးဝါးနှင့် တိရစ္ဆာန်အစာ အဟာရ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက် သွားမည်။

(၃) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အဆင့်မြှင့် တိုးချဲ့ဆောင်ရွက် သွားမည်။

(၄) ရေချိုရေငန် ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ ပျက်စီးပြုန်းတီးမှု မရှိစေရန် ထိန်းသိမ်းရေး၊ ဂေဟစနစ် ပျက်ယွင်းမှု မရှိစေဘဲ စဉ်ဆက်မပြတ် ထုတ်လုပ် နိုင်ရေး နှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၅) တိုင်းဒေသကြီး/ပြည်နယ်အလိုက် သားငါးတိရစ္ဆာန် ဓာတ်ခွဲခန်းများ၊ သားငါး တိရစ္ဆာန် မျိုးမြှင့်တင် ရေးစခန်းများ လိုအပ်သော နေရာများတွင် တိုးချဲ့ဖွင့်လှစ် သွားမည်။

(၆) မွေးမြူရေးနှင့် ရေလုပ်ငန်းများ စီးပွားအထောက်အကူ ရစေရေးအတွက် မျိုး၊ အစာ၊ ဆေးဝါး နှင့် စပ်လျဉ်း၍ အကူအညီများ ဆောင်ရွက်ပေးသွားမည်။

(၇) တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်တွေ့ကွင်းဆင်း ကုသရေး သင်တန်း ပေးသွားမည်။

(၈) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်များ အဆင့်မြှင့်တင်ရန်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်နိုင်ရန် ဆောင်ရွက် သွားမည်။

(၉) ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ မူဘောင် (၅)ချက်နှင့်အညီ ရေရှည် တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

(၁၀) ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင် သူများအား လုံးနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက် သွားမည်။

(၁၁) ပြည်သူဗဟိုပြု ကာလတို၊ ကာလရှည် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲ၍ လေ့ကျင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၁၂) ကျေးလက်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင် စေရန်အတွက် ကျေးလက် လမ်းတံတား၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး၊ ကျေးလက် အိမ်ရာ၊ မီးလင်းရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်သွားမည်။

(၁၃) မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန် ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ကြိုးပမ်း ဆောင်ရွက်သွားမည်။

(၁၄) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းစဉ် (၈) ရပ်ကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်။

(၁၅) ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကျေးလက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ တိုးတက်ဖြစ်ပေါ်စေရန် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွား မည်။

(၁၆) Public Private Partnership စနစ်များ ကျင့်သုံး၍ လည်းကောင်း၊ ကော်ပိုရေးရှင်းများ ဖွဲ့စည်း၍လည်းကောင်း၊ အရင်းအနှီး၊ နည်းပညာနှင့် စျေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်။

(၁၇) စီးပွားရေးလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများခေါ်ယူ၍ ဖက်စပ် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(၁၈) လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပုဂ္ဂလိက နှင့်အဖွဲ့ အစည်းများ အကာအကွယ်ပေးသည့် ဥပဒေနှင့် နည်းဥပဒေများ ညှိနှိုင်းရေးဆွဲသွားမည်။

(၁၉) လူစွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားမည်။

(၂၀) ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံစာရင်းဇယား အချက်အလက်များ စုစည်းခြင်း၊ သုံးသပ်ခြင်းအား ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်။

သားငါးကဏ္ဍ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၂-၇

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
သားငါးကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် သားငါးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃,၆၉၈,၂၇၈.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄,၀၇၈,၉၇၈.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄,၅၀၉,၁၁၆.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၀၄၄,၄၁၅.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၆၂၀,၁၆၁.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

အသားဝိဿာ ထောင်ပေါင်း ၁,၂၇၅,၆၉၄၊ နို့ထုတ်လုပ်မှု ဝိဿာထောင်ပေါင်း ၁,၀၁၉,၉၁၈၊ ဥလုံးရေ ထောင်ပေါင်း ၈,၃၃၂,၅၆၃ နှင့် ငါး၊ပုစွန် ဝိဿာထောင်ပေါင်း ၂,၆၃၆,၉၅၃ တို့ကို ထုတ်လုပ် ရန် ရည်မှန်းထားပါသည်။

သဘာဝမြစ်ချောင်း အင်းအိုင်များနှင့် မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါး၊ ပုစွန် တိုးတက်ထုတ်လုပ်နိုင်ရန် ခေတ်မီတိုးတက်သော နည်းပညာများ ဖြင့် တိရစ္ဆာန်အစားအစာများ ဖြန့်ဖြူးခြင်း၊ ကာကွယ်ကုသဆေးများ အသုံးပြုခြင်း၊ စည်းမျဉ်းဥပဒေ၊နည်းဥပဒေများဖြင့် ငါးမျိုးမပြုန်းတီးရန် ကာကွယ်ပေးခြင်း တို့ကိုဆောင် ရွက်လျက်ရှိပါသည်။ ငါး၊ ပုစွန်မွေးကန် ဧက ၃၆၄,၀၀၇ နှင့် အင်းဦးရေ ၃,၂၁၁ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ကိုလည်း ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြ ပါသည်-

ပုံ ၂-၈

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

အသားပိသာ ထောင်ပေါင်း ၁,၃၈၃,၁၇၇၊ နို့ထုတ်လုပ်မှု ပိသာထောင်ပေါင်း ၁,၀၉၇,၅၅၅၊ ဥလုံးရေ ထောင်ပေါင်း ၉,၀၂၆,၅၄၈ နှင့် ငါး၊ပုစွန် ပိသာထောင်ပေါင်း ၂,၈၁၅,၈၈၁ တို့ကို ထုတ်လုပ် ရန် ရည်မှန်းထားပါသည်။

ထိုသို့ရည်မှန်းရာတွင် ငါးမွေးမြူရေးကန်များအတွင်းသို့ ပုစွန်များရောနှောမွေးမြူသည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ပါသည်။ အင်း၊ အိုင်၊ ချောင်း၊ မြောင်းနှင့် စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းလုပ်ငန်းတို့ကိုလည်း ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ ငါး၊ပုစွန်မွေးကန် ဧက ၃၆၄,၁၅၃ နှင့် အင်းဦးရေ ၃,၂၁၁ တို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၉

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်

အသားပိသာ ထောင်ပေါင်း ၁,၅၀၃,၇၀၀၊ နို့ထုတ်လုပ်မှု ပိသာထောင်ပေါင်း ၁,၁၈၅,၆၄၈၊ ဥလုံးရေ ထောင်ပေါင်း ၉,၆၉၀,၉၀၃ နှင့် ငါး၊ပုစွန် ပိသာထောင်ပေါင်း ၂,၉၉၅,၆၈၈ တို့ကို ထုတ်လုပ် ရန် ရည်မှန်းထားပါသည်။

သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း (Closed Area နှင့် Closed Season)၊ ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများလိုက်နာဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည်တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနအနေဖြင့် အဏုစိပ်ဓာတ်ခွဲခန်း (Micro Lab) များကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရေချိုလုပ်ငန်းနှင့် ပတ်သက်၍ ရေချိုပုစွန်မွေးမြူနိုင်ရေးအတွက် တစ်မျိုးတည်း မွေးမြူသည့်စနစ် (Monoculture) မှ ရောနှောမွေးမြူသည့်စနစ် (Polyculture) သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊ အင်းအိုင်များတွင် ဖမ်းဆီးခြင်းကိုအခြေခံပြီးမွေးမြူ ထုတ်လုပ်သည့်စနစ် (Captuer base Culture Fisheries) နှင့် မွေးမြူရေးကို အခြေခံပြီး ဖမ်းဆီးထုတ်လုပ်မှုစနစ် (Culture base Captuer Fisheries) လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးလက်နေပြည်သူများ အပိုဝင်ငွေ ရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်းပညာသစ်များသင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ်(Intergrated Farming System) ပေါ်ထွက်လာစေရေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စံချိန်စံညွှန်းမီ တိရစ္ဆာန်ကုသဆေးဝါးများ၊ တိရစ္ဆာန် အစားအစာများ ထုတ်လုပ်ခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငါး၊ ပုစွန်၊ ပုစွန်ကျား(ရခိုင်ပြည်နယ်အတွက်ဦးစားပေး)၊ နွား၊ ဝက်စသည်ဖြင့် လိုအပ်သောတိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်

အသား ပိသာထောင်ပေါင်း ၁,၆၅၄,၆၀၆၊ နို့ထုတ်လုပ်မှု ပိသာထောင်ပေါင်း ၁,၃၁၅,၅၃၈၊ ဥလုံးရေ ထောင်ပေါင်း ၁၀,၆၁၁,၅၄၁ နှင့် ငါး၊ပုစွန် ပိသာထောင်ပေါင်း ၃,၁၇၇,၁၃၇ တို့ကို ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့၍ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ထွန်းကားလာစေခြင်း၊ ကျေးလက်နေ ပြည်သူများ အပိုဝင်ငွေရရှိရေးအတွက် အထောက်အကူပြု လုပ်ငန်းများဖြစ်သည့် မွေးမြူရေး ဆိုင်ရာနည်းပညာများ၊ တိရစ္ဆာန်အစားအစာကျွေးမွေးခြင်း နည်းပညာသစ်များကို သင်တန်း ပို့ချပေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် စီးပွားဖြစ်မွေးမြူရေးစနစ် ဖွံ့ဖြိုး တိုးတက်လာစေရန် ရည်မှန်းထားရှိ ပါသည်။

ပြည်နယ်/တိုင်းဒေသကြီးများရှိ ကျေးရွာများသို့ ဒေသနှင့်ကိုက်ညီမှုရှိသည့် တိရစ္ဆာန် များဖြန့်ဖြူးနိုင်ရေးအတွက် မျိုးတိရစ္ဆာန်များဝယ်ယူရန် ဒေသန္တရကောင်ရေ ၁,၈၀၀ ကောင်၊

နို့စားနွားကောင်ရေ ၅၀၀ ကောင်နှင့် မျိုးသိုးဆိတ်ကောင်ရေ ၇,၅၀၀ ကောင် တို့ကို စုစုပေါင်း ကျပ် ၂,၁၉၅ သန်း ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များသို့ မျိုးရည်ခဲချောင်း အခမဲ့ဖြန့်ဖြူးနိုင်ရေး ရည်မှန်းထားပြီး အာဆီယံ၏စံချိန်စံညွှန်း များနှင့်အညီ တိရစ္ဆာန်ရောဂါများကာကွယ်ခြင်း၊ စစ်ဆေးခြင်းနှင့်ကုသရေး ဆောင်ရွက် နိုင်ရန်အတွက် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများအား နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆင့်မီဇီဝလုံခြုံမှုဆိုင်ရာ (BSL) အဆင့်-၂ ဓာတ်ခွဲခန်းနှင့် ဒေသဆိုင်ရာ တိရစ္ဆာန် ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများအား တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ပြည်ထောင်စု နယ်မြေ တို့တွင်တိုးချဲ့ထူထောင်၍ ဓာတ်ခွဲခန်းဆိုင်ရာ သုတေသနလုပ်ငန်းနှင့် တိရစ္ဆာန် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လျာထားရန် ရည်မှန်းထားပါသည်။

နို့နှင့်နို့ထွက်ပစ္စည်း အရည်အသွေးမြှင့်တင် ထုတ်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နို့ညှစ်စက်(၅)လုံးနှင့် နို့ပေါင်းစက်(၁၀)လုံး တည်ဆောက်ရေးအတွက် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများသို့ တိရစ္ဆာန်များ ဖြန့်ဖြူးနိုင် ရေးအတွက် တိရစ္ဆာန်သယ်ပို့ယာဉ်၊ ဆေးပေးခန်းဆောက်လုပ်ခြင်း၊ နိုက်တြိုဂျင်၊ စက် ပစ္စည်း ဖြည့်ဆည်းခြင်းနှင့် ရုံးသုံးပစ္စည်းများအတွက်လည်း နိုင်ငံတော်ဘတ်ဂျက်ဖြင့် လျာထားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ပျားရည်ထုတ်လုပ်မှု ကို ပေါင်ထောင်ပေါင်း ၅၁၇၀ နှင့် ၈.၅ ရာခိုင်နှုန်း တိုးတက်ရန်အတွက် ပုဂ္ဂလိက ပျားမွေးမြူသူနှင့် ပျားအုံအရေအတွက် တိုးတက်လာစေရန် ပျားမွေးမြူရေး တိုးချဲ့ ပညာပေး သင်တန်းများ ဖွင့်လှစ်ခြင်း၊ မျိုးအောင် ပျားဘုရင်မများ မွေးမြူ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် မျိုးပျားများ ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် မြန်မာ့ပျားရည် ဝယ်လိုမှု တိုးတက်လာခြင်း ကြောင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့် အညီ ထုတ်လုပ်၍ ဈေးကွက် ပိုမို တိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးသုတေသနဗဟိုမှ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတစ်ပိုင်တစ်နိုင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သုတေသနစီမံကိန်း

ကို ဩစတြေးလျဒေါ်လာ ၄.၄၉ သိန်းဖြင့် ၂၀၁၃ခုနှစ်၊ ဇွန်လမှ ၂၀၁၆ခုနှစ်၊ ဇွန်လအထိ မန္တလေးတိုင်းဒေသကြီးမြင်းခြံမြို့နှင့် မိတ္ထီလာမြို့များတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စီပီကုမ္ပဏီတို့ပူးပေါင်း၍ကျေးရွာ ၅၀ ဖွံ့ဖြိုးရေး စီမံကိန်းကို ဘတ် ၅၀ သန်းဖြင့် ၂၀၁၃ခုနှစ်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မယ်ဖားလုံဖောင်ဒေးရှင်း (Mae Fah Luang Foundation) တို့ ပူးပေါင်း၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးလက်ဒေသစီမံကိန်းအား ယူရို ၂.၆၈ သန်းဖြင့် ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်နှင့် ရေနံချောင်းခရိုင်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၂ သန်းဖြင့် ပျားနို့ရည်ထုတ်လုပ်ရေးစီမံကိန်းအား ၂၀၁၄ ခုနှစ်တွင်စတင်၍ ကနီမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပဂ္ဂလိကပိုင် ငါး/ ပုစွန်ထုတ်လုပ်မှု ပိသာထောင်ပေါင်း ၃,၁၆၂,၅၀၀ အပါအဝင် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပဂ္ဂလိကပိုင် စုစုပေါင်းပိသာ ထောင်ပေါင်း ၃,၁၇၇,၁၃၇ ထုတ်လုပ်ရန် နှင့် ၆.၁ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထား ပါသည်။ ငါးမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့၍ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ထွန်းကားလာစေခြင်း၊ ကျေးလက်နေ ပြည်သူများ အပိုဝင်ငွေရရှိရေးအတွက် အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် မွေးမြူရေး ဆိုင်ရာ နည်းပညာသစ်များကို သင်တန်းပို့ချပေးခြင်း၊ ငါးများတွင် ကျရောက်တတ်သော ရောဂါများ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့်စီးပွားဖြစ် မွေးမြူနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းထားရှိ ပါသည်။

ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးအတွက် ပြည်တွင်း/ပြည်ပမှ မျိုးငါးများ၊ ငါးသား ပေါက်များကို ကျေးရွာများရှိ ငါးမွေးမြူရေးသမားများသို့ စနစ်တကျ ဖြန့်ဖြူးပေးသွားမည် ဖြစ်ပြီး၊ ကျပ်သန်း ၁,၀၀၀ သုံးစွဲရန် ရည်မှန်းထားပါသည်။

ငါးမွေးမြူရေးကန်များအတွင်းသို့ ပုစွန်များရောနှောမွေးမြူသည့်စနစ်ကို ကျင့်သုံး ခြင်း၊ အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ ဆည်များသို့ ငါးမျိုးများစိုက်ထည့်ပေးခြင်း၊ စပါးခင်းများ အတွင်း ငါးမျိုးများ စိုက်ထည့်မွေးမြူခြင်းဖြင့် တောင်သူများဝင်ငွေရရှိစေရန် လက်တွေ့ ဆောင်ရွက်ပေးခြင်း၊ ပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ သန်း ၃,၄၈၀ ၊ နယ်စပ်ကုန်သွယ်ရေး မှ အမေရိကန်ဒေါ်လာ သန်း ၂,၃၂၀ ၊ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၅,၈၀၀ ရရှိရန် ရည်မှန်းထားရှိပါသည်။

ပဂ္ဂလိကလုပ်ငန်းရှင်များ ရေထွက်ပစ္စည်း တင်ပို့မှု ပိုမိုတင်ပို့နိုင်စေရန် ၂၀၁၅ ခုနှစ်၊ အာဆီယံလွတ်လပ်စွာကုန်သွယ်ရေးအတွက် ငါး၊ပုစွန်ပြုပြင်ထုတ်လုပ်သော စက်ရုံများတွင် ဘေးကင်းသည့် အစားအစာထုတ်လုပ်ရန် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းရေး ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် သဘောတူညီချက် (Sanitary Phyto Sanitary-SPS) အရ အာဆီယံဒေသတွင်း နိုင်ငံများအချင်းချင်း ဓာတ်ခွဲခန်းစစ်ဆေးမှု Test Report များ အပြန်အလှန် လက်ခံနိုင်ခြင်း (Harmonization)၊ တစ်ဖက်နိုင်ငံမှ တင်သွင်းလာမည့် ရေထွက်ပစ္စည်းများအား စနစ်တကျ စစ်ဆေးပေးနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်ပေးနိုင်ခြင်း၊ ပြည်ပသို့တင်ပို့ရာတွင် တင်သွင်းသည့် နိုင်ငံများ၏ လိုအပ်ချက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ခြင်းများ ရည်မှန်း၍ ဓာတ်ခွဲခန်း လုပ်ငန်းများကို နယ်စပ်ဝင်ပေါက်/ ထွက်ပေါက်များတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့်ပူးပေါင်း၍ အီတလီအစိုးရ၏ အထောက်အပံ့ဖြင့် ဒီရေတောပတ်ဝန်းကျင်(ဂေဟစနစ်)အတွင်း တစ်ပိုင်တစ်နိုင် ငါး၊ ပုစွန် မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ရေရှည် ဆောင်ရွက်နိုင်သည့် စီမံကိန်းအား ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်တွင် ၂၀၁၀ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၇.၅ သိန်းဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် JICA အဖွဲ့အစည်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမူလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင် တစ်နိုင်ရေနေသတ္တဝါ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ တိုးချဲ့ရေးစီမံကိန်းအား အပူပိုင်းဇုန် ဒေသတွင် ၂၀၁၄ ခုနှစ် မှ ၂၀၁၈ ခုနှစ်ထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ စိုက်ပျိုးရေး သုတေသနဌာနတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် ရေချိုနှင့် ကမ်းခြေဒေသ၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သုတေသန လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးစီမံကိန်းကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြန်မာ

နိုင်ငံအလယ်ပိုင်းအပူပိုင်းဇုန်ဒေသတွင် အမေရိကန်ဒေါ်လာ ၂၁.၄၀၇ သိန်း ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံမှဖမ်းဆီးမွေးမြူရရှိသော ရေထွက်ပစ္စည်းများအား နိုင်ငံတကာဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီစေရေးအတွက် ထုတ်လုပ်မှုကျင့်စဉ်စစ်ဆေးမှုနှင့် အသိအမှတ်ပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးပါသည့် နည်းပညာဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် အမေရိကန် ဒေါ်လာ ၂.၉၈ သိန်းဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်

အသားပိသာထောင်ပေါင်း ၁,၈၁၉,၃၆၀၊ နို့ထုတ်လုပ်မှု ပိသာထောင်ပေါင်း ၁,၄၅၆,၄၄၇၊ ဥထုတ်လုပ်မှု လုံးရေ ထောင်ပေါင်း ၁၁,၅၇၂,၈၉၆ နှင့် ငါးပုစွန် ပိသာထောင်ပေါင်း ၃,၃၅၇,၃၆၄ တို့ကို ထုတ်လုပ် ရန် ရည်မှန်းထားပါသည်။

ငါးမွေးမြူရေးကန်များအတွင်းသို့ ပုစွန်များရောနှောမွေးမြူသည့်စနစ်ကို ကျင့်သုံးခြင်း၊ အင်း၊ အိုင်၊ မြစ်၊ ချောင်း၊ ဆည်များသို့ ငါးမျိုးများစိုက်ထည့်ပေးခြင်း၊ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်မွေးမြူခြင်းဖြင့် တောင်သူများဝင်ငွေရရှိမှုအား လက်တွေ့ဆောင်ရွက်ပေးခြင်း၊ ပညာပေးခြင်းများအား တိုးမြှင့်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၂

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သားငါးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန။

ရေနေသယံဇာတ ထိန်းသိမ်းရေး

သားငါးကဏ္ဍဖွံ့ဖြိုးရေးတွင် ရာသီဥတု ပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင် အနေအထားများ ယုတ်လျော့လာခြင်းတို့ကြောင့် ရေနေသယံဇာတများဖြစ်ကြသည့် ရေချို၊ ရေငန် ငါး၊ ပုစွန်သယံဇာတများ ထုတ်လုပ်နိုင်မှု လျော့ကျမသွားစေရန် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဂေဟစနစ်ကို ထိခိုက်မှုမရှိစေဘဲ ငါး၊ပုစွန်သယံဇာတများ စဉ်ဆက်မပြတ် မွေးမြူထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ ရေချို၊ရေငန်ရေနေသတ္တဝါများ နေထိုင်ပေါက်ပွားကြီးပြင်းရာဒေသများတွင် တားမြစ်အချိန်ကာလနှင့် တားမြစ်နေရာဒေသများသတ်မှတ်၍ ငါးသယံဇာတများထိန်းသိမ်းရေး၊ မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးမှုအလွန်အကျွံမဖြစ်စေရေး၊ ပြည်တွင်း၊ ပြည်ပမှ တရားမဝင် ဝင်ရောက်ဖမ်းဆီးမှုများ လျော့နည်းပျောက်စေရေးတို့မှာ အထူးလိုအပ်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ ငါးဖမ်းရေယာဉ်များကို ထိန်းချုပ်စောင့်ကြည့်ရေးစနစ် တပ်ဆင်၍ စောင့်ကြည့်ကာကွယ်ရန်၊ တရားမဝင်ငါးဖမ်းကိရိယာများနှင့် ဖမ်းဆီးခြင်းကို စနစ်တကျ ကာကွယ်တားဆီးရန် လိုအပ်ပါသည်။ ထို့အပြင် ငါးသားပေါက်နှင့် ငါးပေါက်ပွားရာ ရေပြင်များကို လေ့လာစောင့်ကြည့်ခြင်း၊ ဂြိုလ်တုမှရရှိသည့် ပုံရိပ်လွှာနည်းပညာဖြင့် ရေနေသယံဇာတများကိုလေ့လာခြင်း၊ ရွှံဂဏန်းမျိုးစိတ်အပါအဝင် ကျောရိုးမဲ့သတ္တဝါပျံနှံ့ တည်ရှိမှု လေ့လာခြင်းတို့ကိုလည်း လုပ်ဆောင်ရန် လိုအပ်လျက်ရှိပြီး ရေနေသယံဇာတများ ရေရှည် တည်တံ့ပြန့်ပွားရေးနှင့် ရေရှည်ထုတ်လုပ်နိုင်ရေး၊ ရေနေသတ္တဝါများဆိုင်ရာ ထိန်းချုပ်နိုင်ရေး တို့ဖြင့်လည်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းရပ်များအတွက် အရေးပါသည့် ရေအရည်အသွေး စစ်ဆေးသည့် ဓာတ်ခွဲခန်းများ တည်ဆောက်၍ စဉ်ဆက်မပြတ် စမ်းသပ်ဆောင်ရွက်ကြရန်လည်း လိုအပ်လျက် ရှိပါသည်။

မြန်မာနိုင်ငံ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်း ဒေသတစ်လျှောက်တွင် ၂၀၁၀ခုနှစ်မှ ၂၀၁၄ခုနှစ်အထိဆောင်ရွက်မည့် ဘင်္ဂလားပင်လယ်အော် အဏ္ဏဝါဂေဟစီမံကိန်းကို Swedish International Development Authority (SIDA)၊ National Oceanic and Atmospheric Administration (NOAA) ၊ Global Environment Facility (GEF)၊ Food and Agriculture Organization (FAO)၊ Norwegian Agency for Development Cooperation (NORAD)၊ World Bank (WB) စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်တစ်လျှောက်တွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်မည့် ဧရာဝတီလင်းပိုင်

သုတေသနနှင့် ထိန်းသိမ်းကာကွယ်ရေး ဧရိယာအုပ်ချုပ်မှု အစီအစဉ်ကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂-၃။ သစ်တော (သစ်တောသယံဇာတထိန်းသိမ်းရေးနှင့် သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ရေး)

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာပေါ်တွင် ရပ်တည်လျက်ရှိပါသည်။ မြန်မာ့အဖိုးတန် သစ်တောများ အဓွန့်ရှည်ကြာစွာ တည်တံ့စေရန်နှင့် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် မြန်မာ့သစ်တောများကို ထာဝစဉ်တည်တံ့စေသော သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စနစ် (Sustainable Forest Management) ဖြစ်သည့် မြန်မာ့ရွေးချယ်ခြင်းစနစ် (Myanmar Selection System) ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုအခြေအနေမှာ(Forest Resources Assessment-FRA 2010) အရ နိုင်ငံဧရိယာ၏ ၄၆.၉၆ ရာခိုင်နှုန်း အထိတည်ရှိနေပြီး မြန်မာ့သစ်တောသယံဇာတများသည် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအပြင် သဘာဝဝန်းကျင် ကောင်းမွန်ရေး၊ ရာသီဥတုနှင့် ဂေဟစနစ်ညီညွတ်မှုတရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နှစ် ၂၀ အတွင်း နှစ်စဉ် သစ်တောပြုန်းတီးမှု ပမာဏမှာ ဧက ၉၁၉,၈၀၀ ရှိကြောင်းနှင့် နိုင်ငံဧရိယာ၏ ပျမ်းမျှ ၀.၅၅ ရာခိုင်နှုန်း ရှိကြောင်း လေ့လာစီစစ် တွေ့ရှိရပါသည်။

၂၀၁၃ခုနှစ်၊ ဧပြီလအထိ ကြိုးဝိုင်း ၃၀,၀၄၉,၂၆၂.၀၇ ဧက၊ ကြိုးပြင်ကာကွယ်တော ၁၁,၀၄၄,၁၄၆.၁၇ ဧက၊ စုစုပေါင်း ၄၁,၀၉၃,၄၀၈.၂၄ ဧက (ကြိုးဝိုင်း ၈၂၉ ခု၊ ကြိုးပြင်ကာကွယ်တော ၃၀၄ ခု၊ ပေါင်း ၁,၁၃၃ ခု) ရှိရာ မြန်မာနိုင်ငံဧရိယာ၏ ၂၄.၅၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ တည်ထောင်ပြီး သဘာဝနယ်မြေ ၃၆ ခု၊ ဧရိယာ ၉,၃၆၃,၈၉၂.၇၅ ဧကရှိရာ မြန်မာနိုင်ငံဧရိယာ၏ ၅.၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရင်း သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တန်ဖိုးမြင့်သစ်နှင့် သစ်အချောထည် ထုတ်လုပ် တင်ပို့နိုင်ရန်အတွက် နိုင်ငံပိုင်သစ်နှင့် သစ်အချောထည် စက်ရုံများမှာ သစ်စက်ကြီး ၆၆ ရုံ၊ ပရိဘောဂ စက်ရုံ ၉ရုံ ၊ ပုံဖော်စက်ရုံ ၃ ရုံ၊ သစ်ပါးလွှာစက်ရုံ ၃ ရုံ၊ ကော်စက်ရုံ ၁ ရုံနှင့် အထပ်သားစက်ရုံ ၄ ရုံ၊ စုစုပေါင်း ၈၆ ရုံရှိပြီး၊ ပုဂ္ဂလိကပိုင် သစ်နှင့်သစ်အချောထည် စက်ရုံများမှာ သစ်စက်ကြီး ၁၃၃ ရုံ၊ အချောထည်စက်ရုံ ၁၀၆ ရုံ၊ လျှာထိုးစက်ရုံ ၃၂၇ ရုံ၊ သစ်ခွဲစက်သေး ၁,၂၉၉ ရုံနှင့် အိမ်တွင်းစက်မှုလုပ်ငန်း ၁,၃၈၉ ခု စုစုပေါင်း ၃,၂၅၄ ခု တည်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန် ပြောင်းလဲလာသောခေတ်စနစ်၊ မူဝါဒများနှင့်အညီ သစ်ထောက်ခံချက်

ပြုရေး (Timber Certification) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တိုက်ရိုက် ဈေးကွက် (End user Market) သို့တင်ပို့နိုင်ရန်၊ သစ်တောသယံဇာတကို ထိထိရောက် ရောက် အကျိုးရှိစွာထုတ်လုပ်သုံးစွဲရန်၊ ပြည်တွင်း သစ်အခြေခံစက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက် ရှိပါသည်။ သစ်အလုံးလိုက်တင်ပို့မှုကို ၂၀၁၄ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်ရပ်ဆိုင်းပြီး သစ်အခြေခံ တန်ဖိုးမြင့်ထုတ်ကုန်များကို တိုးမြှင့် ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ထုတ်လုပ် ထွက်ရှိမည့် သစ်တန်ပမာဏကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိက သစ်အခြေခံ စက်မှုလုပ်ငန်းများသို့ ဖြန့်ဖြူးပေးပြီး သစ်အချောထည် ထုတ်လုပ်တင်ပို့မှု၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ထုတ်ကုန်အရည်အသွေးများကို မြှင့်တင်သွားရန် စီမံဆောင်ရွက် လျက်ရှိပါသည်။

မူဝါဒများ၊ရည်မှန်းချက်များနှင့်လုပ်ငန်းစဉ်များ

သစ်တောကဏ္ဍအနေဖြင့် ပထမငါးနှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)အတွက်အကောင်အထည်ဖော်မည့် မူဝါဒများ၊ ရည်မှန်းချက် များ နှင့် လုပ်ငန်းစဉ်များကိုလည်းချမှတ်ထားပါသည်။

မူဝါဒများ

(၁) ရေမြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရေး၊

(၂) လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေး (Sustainability) အတွက် ထိန်းသိမ်းရေး၊

(၃) ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အဦ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ (Basic Needs) ကို ဖြည့်ဆည်း ပေးရေး၊

(၄) သစ်တောသယံဇာတများမှ ရရှိနိုင်သည့် အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝ ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရေး၊

(၅) သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာစေရေး၊

(၆) နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ (Public Awareness) ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရေး။

ရည်မှန်းချက်များ

(၁) သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်သွားရန်၊

(၂) မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝ အခြေအနေ တိုးတက်မြင့်မားလာစေရေးကို အထောက်အကူပြုစေရန်၊

(၃) နိုင်ငံတော်နှင့် ပြည်သူတို့၏ သစ်လိုအပ်ချက်ဖြည့်ဆည်းရေး၊ ပြည်ပသို့ သစ်အချောထည်များ ပိုမိုတိုးတက်တင်ပို့ရေးအတွက် သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

လုပ်ငန်းစဉ်များ

မူဝါဒများနှင့် ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အောက်ရှိဌာနများအနေဖြင့် လုပ်ငန်းများအလိုက် ဖော်ပြပါလုပ်ငန်းစဉ်များအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(၁) သစ်တောဖုံးလွှမ်းလျက်ရှိသည့် အမြဲတမ်းသစ်တော နယ်မြေမဖွဲ့စည်းနိုင်သေးသော ဧရိယာများ အနက်မှ ၁၅,၀၀၀စတုရန်းမိုင် (ဧက ၉.၆သန်း) ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ဧရိယာအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျူးကျော်လယ်နှင့် ရွာမြေများအား ကြိုးဝိုင်းတောနှင့် ကြိုးပြင် ကာကွယ်တောမြေ အဖြစ်မှ ပယ်ဖျက်ပေးခြင်းနှင့် ယာမြေများအား ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများကို တည်ထောင်လုပ်ကိုင် စေခြင်း၊

(၂) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်း လျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(၃) သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်း လုပ်ငန်းများတွင် နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်ခြင်းအပြင် ပုဂ္ဂလိကလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းတာဝန်ယူသည့် ပူးတွဲစီမံအုပ်ချုပ်ခြင်း (Joint Management) ပုံစံဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် အများပိုင်ကဏ္ဍတို့ မိတ်ဖက်အသွင် တာဝန်ယူဆောင်ရွက်သည့် (Private, Public, Partnership – PPP) ပုံစံတို့ဖြင့် တစ်စိတ်တစ်ပိုင်း ပြောင်းလဲစီမံဆောင်ရွက်ခြင်း၊

(၄) သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဌာနစိုက်ခင်းအနေဖြင့် စီးပွားရေးစိုက်ခင်း ၈၃,၄၇၅ ဧကကို နိုင်ငံတော်ဘတ်ဂျက် ကျပ်ဘီလီယံပေါင်း ၉.၈၈ သုံးစွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်း ဧရိယာ ၁၅၂,၁၁၇ ဧကကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ကျပ် ၃၁.၈၅ ဘီလီယံ သုံးစွဲ၍ တည်ထောင်စိုက်ပျိုးခြင်းနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အထိ ရှမ်းပြည်နယ် (လားရှိုး)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း သီးခြားကျွန်းစိုက်ခင်း ဧက ၁၀,၃၀၀ ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိက သစ်ထုတ်ကုမ္ပဏီများမှ ကျပ် ၂၉၂.၀၁ သန်း ကျခံ သုံးစွဲ၍ (Public, Private, Partnership) နည်းလမ်းဖြင့် ဆက်လက် ထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်း၊

(၅) ရေဝေရေလဲစိုက်ခင်း ၃,၀၂၅ ဧကကို နိုင်ငံတော်ဘတ်ဂျက် ကျပ် ၂၀၄.၆၂ သန်း သုံးစွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၆) ကျေးရွာသုံးစိုက်ခင်းဧက ၅,၉၀၀ ကို နိုင်ငံတော်ဘတ်ဂျက် ကျပ်သန်းပေါင်း ၅၄၀.၁၈ သန်းသုံးစွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ကျေးလက်အိမ်ရာ ထူထောင်ရေး သစ်တောစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၃၇.၃၈ သန်း အပါအဝင် စုစုပေါင်း လူထုဖြန့်ပျိုးပင် ၅၅.၉၅ သန်းကို နိုင်ငံတော်ဘတ်ဂျက် ကျပ် ၂,၀၃၀ သန်း သုံးစွဲ၍ ပျိုးထောင်ပြီး အခမဲ့ ဖြန့်ဝေပေးခြင်း၊

(၇) သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း အထိ တိုးချဲ့သတ်မှတ်နိုင်ရန် ရည်ရွယ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပိတ်ချင်းမြောင် သဘာဝ နယ်မြေ၊ ဧရိယာ ၆.၀၆ စတုရန်းကီလိုမီတာနှင့် ပဲခူးတိုင်းဒေသကြီး၊ မြောက်ဇာမရီဆင်ဘေးမဲ့တော၊ ဧရိယာ ၁,၄၅၇.၇၇ စတုရန်း ကီလိုမီတာကို လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ကချင်ပြည်နယ်၊ အီမောဘွန်းအမျိုးသားသဘာဝဥယျာဉ်၊ ဧရိယာ စတုရန်း ကီလိုမီတာ ၅,၈၀၀ ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြင့်မိုရ်လက်ခတ် သဘာဝကြိုးဝိုင်း၊ ဧရိယာ စတုရန်း ကီလိုမီတာ ၆,၆၆၉.၃၀ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ချဲ့ပြည်နယ်၊ ငွေတောင်ဒေသဘေးမဲ့တော၊ ဧရိယာ စတုရန်း ကီလိုမီတာ ၁,၂၉၄.၉၉ ကိုလည်းကောင်း ရေးဆွဲပြီးဖြစ်သည့် နိုင်ငံအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategy and Action Plan - NBSAP) နှင့်အညီ တည်ထောင်ထိန်းသိမ်းခြင်း၊

(၈) သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသများထိန်းသိမ်းရေး၊ ဒီရေတောထိန်းသိမ်းရေး၊ သုတေသနဆိုင်ရာကိစ္စရပ်များ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ REDD^{+} လုပ်ငန်းစဉ်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်

သစ်တောထူထောင်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာအထောက်အပံ့ အကူအညီများ ရယူ၍ ဆောင်ရွက်ခြင်း၊

(ဇ) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းဧရိယာ စုစုပေါင်း ဧက ၃၆,၄၀၀ ကို နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၂,၈၂၉ သန်း သုံးစွဲ၍ တည်ထောင် စိုက်ပျိုးခြင်း၊

(၁၀) ရာသီဥတု ညီညွတ်မျှတစေရေးအတွက် အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၄၆၉ သန်း သုံးစွဲ၍ စုစုပေါင်း ဧက ၃၃၀,၀၀၀ ပြုစုထိန်းသိမ်းခြင်း၊

(၁၁) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျော့ချနိုင်ရေးနှင့် ထင်းအစား အခြားလောင်စာ သုံးစွဲရေးကို ဦးတည်လျက်အပူပိုင်းဒေသတွင် စွမ်းအားမြင့်မီးဖို ၄၄,၉၄၀ လုံးအတွက် နိုင်ငံတော် ဘတ်ဂျက်မှ ကျပ် ၅၄ သန်း သုံးစွဲ ဆောင်ရွက်ခြင်းနှင့် လောင်စာတောင့် ၁၂ သန်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း တန် ၁၀၀,၀၀၀ တို့ကို ထိရောက်စွာ တိုးမြှင့်သုံးစွဲလာရေးအတွက် စည်းရုံးဖြန့်ဖြူး ဆောင်ရွက် ခြင်း၊

(၁၂) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နှုန်းတားဆည်ငယ် ၆၁၀ ခုကို တည်ဆောက်ခြင်း လုပ်ငန်းကို နိုင်ငံတော် ဘတ်ဂျက်မှ ကျပ် ၂၄ သန်း သုံးစွဲဆောင်ရွက်ခြင်း၊

(၁၃) ကျေးလက်ပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် အပူပိုင်းဒေသတွင် ရေကန်ငယ် ၁၀၅ ကန်၊ မြေအောက်ရေတွင်း ၁၅ တွင်း တူးဖော်ဆောင်ရွက်ခြင်း လုပ်ငန်းများကို နိုင်ငံတော် ဘတ်ဂျက်မှ ကျပ် သန်း ၆၀ သုံးစွဲ ဆောင်ရွက်ခြင်း၊

(၁၄) အမျိုးသား သစ်အခြေခံ စက်မှုလုပ်ငန်း၏ ထုတ်လုပ်နိုင်မှု စွမ်းအားနှင့် သယ်ဇာတ အရင်းအမြစ် ရရှိနိုင်မှုတို့ ဟန်ချက်ညီစေရေးအတွက် (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကျွန်း/ သစ်မာထုတ်လုပ်မှုကို နှစ်စဉ်တောထွက် အပေါ် အခြေခံ၍ ဖော်ပြပါအတိုင်း စီစစ်ထုတ်လုပ်ခြင်း၊

စဉ်	ဘဏ္ဍာနှစ်	ကျွန်းသစ်လုံး(ကုဗတန်)	သစ်မာသစ်လုံး(ကုဗတန်)
၁။	၂၀၁၁-၁၂(စီမံကိန်း)	၂၃၂၈၇၀	၁၃၉၇၂၁၉
၂။	၂၀၁၂-၁၃(စီမံကိန်း)	၂၃၂၉၈၆	၁၄၀၀၄၁၅
၃။	၂၀၁၃-၁၄(စီမံကိန်း)	၂၀၀၀၀၀	၁၂၀၀၀၀၀
၄။	၂၀၁၄-၁၅(စီမံကိန်း)	၆၀၀၀၀	၆၇၀၀၀၀
၅။	၂၀၁၅-၁၆(စီမံကိန်း)	၆၀၀၀၀	၆၇၀၀၀၀
	စုစုပေါင်း	**၇၈၅၈၆**	**၅၃၃၇၆၃၄**

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ဘီလီယံ ၂၂၀ ကို အသုံးပြု၍ တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၆) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ဘီလီယံ ၄၀ ကို အသုံးပြု၍ သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(၁၇) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊

(၁၈) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လိုအပ်သော စက်မှုကုန်ကြမ်း ကျွန်းသစ်လုံး ကုဗတန် ၃၉၃,၀၀၀ နှင့် သစ်မာသစ်လုံး ကုဗတန် ၃,၉၆၀,၀၀၀ ရရှိရေး စီမံဆောင်ရွက်ခြင်း၊

(၁၉) သစ်ခွစိတ်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်ရေး၊ သစ်အလေအလွင့် နည်းပါးရေး၊ သစ် ဘေးထွက်ပစ္စည်းများ အသုံးချရေး၊ သစ်ကုန်ချော ထုတ်လုပ်မှုနည်းစနစ်များ ခေတ်မီ တိုးတက်လာစေရေးတို့အတွက် ဖော်ပြပါနည်းလမ်းများဖြင့် တွန်းအားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

- မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ နိုင်ငံပိုင်သစ်စက်၊ သစ်အခြေခံစက်ရုံများအား ထုတ်လုပ်မှုစွမ်းအားမြှင့်တင်နိုင်ရန် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ ဖက်စပ်လုပ်ကိုင်ခြင်း၊ ငှားရမ်းခြင်း၊ အပြီးအပိုင် ရောင်းချခြင်း၊
- တစ်ချိန်တည်းမှာပင် ပြည်တွင်း၊ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ၏ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံမှုများကိုဥပဒေနှင့် အညီလက်ခံခွင့်ပြုပြီး၊အရင်းအနှီးများစီးဝင်ရေး၊ ထုတ်လုပ်မှု နည်းပညာများ ရရှိရေးတို့ကို ဆောင်ရွက်ခြင်း၊
- ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်ပရှိ ဒေသတွင်း နှင့်နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ ဆက်သွယ်ညှိနှိုင်း၍ သစ်အခြေခံ ထုတ်လုပ်မှုနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမယ်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဖော်ပြပါနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း-

- မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၃)သင်တန်းကျောင်း (အလုံ)ကို ရွှေပြည်သာမြို့နယ်၊ ဝါးတရာသစ်အခြေခံ စက်မှုလုပ်ငန်းနယ်မြေသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြောင်းရွှေ့ တည်ဆောက်ခြင်း၊
- ပြည်ပအကူအညီ မရမီအတွင်း မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ကျွမ်းကျင်သူများဖြင့် အာဆီယံကျွမ်းကျင်မှု စံသတ်မှတ်ချက်ကို မျှော်မှန်းရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ နှင့်အညီ ဌာနတွင်းနှင့် ပြင်ပအလုပ်သမားများကို လေ့ကျင့်သင်ကြားပေးခြင်း၊
- ခေတ်မီနည်းပညာသစ်များ ပို့ချနိုင်ရန် နိုင်ငံတကာအကူအညီ ရရှိရေးအတွက် စီမံကိန်း အဆိုပြုလွှာ ရေးဆွဲဆောင်ရွက်ခြင်း၊
- လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရေးတို့အတွက် မြန်မာ့သစ်လုပ်ငန်းရှိ လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၁) နန်ချွန် နှင့် လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ် (၂) ပျဉ်းမနားတို့ကိုလည်း အလားတူ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်း၊

(၂၁) လူသုံးနည်းသည့်သစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီ ကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ရွှေပြည်သာမြို့နယ်၊ ဝါးတရာသစ်အခြေခံ စက်မှုနယ်မြေရှိ လမ်းတံတားများ ကြံ့ခိုင်ရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိရန်တို့မှာ အရေးပါသောကိစ္စဖြစ်၍ ငွေလုံးငွေရင်း အသုံးစရိတ် ပြည့်စုံစွာ ရရှိရန် စီမံဆောင်ရွက်ခြင်း။

သစ်တောကဏ္ဍ၏ ပထမ (၅) နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၂-၁၃

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
သစ်တောကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) တွင် နှစ်အလိုက်ဈေးနှုန်းအရသစ်တောကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ၆.၇ ရာခိုင်နှုန်း ပြောင်းလဲလျော့နည်းရန်နှင့် ၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း လျော့နည်းရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၆၄,၀၇၆.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ယခင်နှစ်အလားတူအကောင်အထည်ဖော်ရန်ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၆၅,၄၀၆.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၀.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၁၆၁,၁၆၀.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၁ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၀,၉၇၆.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂၉.၄ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်း ထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၂,၁၇၅.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၀.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်း ကုဗတန် ၂၃၂,၈၇၀ ၊ သစ်မာ ၂,၂၄၉,၁၂၇ ကုဗတန်၊ ထင်း ၂၂,၅၁၄ ကုဗတန်ထောင်ပေါင်း၊ မီးသွေး ၂၅၀ ကုဗတန်ထောင်ပေါင်း၊ ဝါး ၁,၂၆၉ လုံးရေသန်းပေါင်း၊ ကြိမ် ၄၁ လုံးရေသန်းပေါင်း၊ ဓနိသက်ငယ် ၁,၀၁၆ ပျစ်ရေ သန်းပေါင်း ထုတ်လုပ်ရန် ရည်မှန်း ခဲ့ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်း)



ဇာစ်မြစ် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ် တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်း ၂၃၂,၉၈၆ ကုဗတန် ၊ သစ်မာ ၂,၂၆၃,၂၅၈ ကုဗတန်၊ ထင်း ၂၂,၇၇၉ ကုဗတန်ထောင်ပေါင်း၊ မီးသွေး ၂၅၁ကုဗတန်ထောင်ပေါင်း၊၀၊၁၁,၂၈၄ လုံးရေသန်းပေါင်း၊ကြိမ် ၄၂ လုံးရေ သန်းပေါင်း၊ ဓနိသက်ငယ် ၁,၀၃၀ ပျစ်ရေ သန်းပေါင်း ထုတ်လုပ်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၅

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်းကုဗတန် ၂၀၀,၀၀၀ ၊ သစ်မာ ၂,၀၇၃,၉၄၆ ကုဗတန်၊ ထင်း ၂၃,၀၇၁ ကုဗတန်ထောင်ပေါင်း၊ မီးသွေး ၂၅၃ ကုဗတန်ထောင်ပေါင်း၊ ဝါး ၁,၃၀၁ လုံးရေ သန်းပေါင်း၊ ကြိမ် ၄၂ လုံးရေသန်းပေါင်း၊ ဓနိသက်ငယ် ၁,၀၃၈ ပျစ်ရေ သန်းပေါင်း ထုတ်လုပ်ရန်ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်းကုဗတန် ၆၀,၀၀၀ ၊ သစ်မာ ၁,၅၅၅,၂၂၁ ကုဗတန်၊ ထင်း ၂၃,၃၆၇ ကုဗတန်ထောင်ပေါင်း၊ မီးသွေး ၂၅၆ ကုဗတန်ထောင်ပေါင်း၊ ဝါး ၁,၃၁၇ လုံးရေ သန်းပေါင်း၊ ကြိမ် ၄၂ လုံးရေသန်းပေါင်း၊ ဓနိသင်္ကယ် ၁,၀၃၈ ပျစ်ရေ သန်းပေါင်း ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိခြင်း၊ သစ်ထုတ်လုပ်မှုတွင် နှစ်စဉ်တောထွက် (Annual Allowable Cut – AAC) ဘောင်အတွင်းမှ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ခြင်းနှင့် ၂၀၁၄ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်၍

သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်း ထားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်း ရည်မှန်းချက်များ လျော့နည်းရည်မှန်းထားခြင်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၇

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် သစ်နှင့်သစ်တောထွက်ပစ္စည်းများဖြစ်သည့် ကျွန်း ကုဗတန် ၆၀,၀၀၀ ၊ သစ်မာ ၁,၅၆၆,၆၅၆ ကုဗတန်၊ ထင်း ၂၃,၆၆၈ ကုဗတန်ထောင်ပေါင်း၊ မီးသွေး ကုဗတန်ထောင်ပေါင်း ၂၆၀ ၊ ဝါး ၁,၃၃၅ လုံးရေ သန်းပေါင်း၊ ကြိမ် ၄၃ လုံးရေ သန်းပေါင်း၊ ဓနိသက်ငယ် ၁,၀၆၅ ပျစ်ရေ သန်းပေါင်း ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

သစ်ထုတ်လုပ်မှုတွင် နှစ်စဉ်တောထွက် (Annual Allowable Cut - AAC) ဘောင် အတွင်းမှ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ခြင်း၊ နယ်မြေအခြေအနေအရ သစ်ထုတ်/ သစ်သယ်စရိတ်ကြီးမြင့်သော တိုင်းဒေသကြီး/ပြည်နယ်များတွင် သစ်ထုတ်ရန် လျာထားချက် များကို လျော့ချရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၈

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သစ်တောကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

နိုင်ငံခြားအထောက်အပံ့ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ

(၁) နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုစီမံချက် ရေးဆွဲရေးစီမံကိန်း (National Biodiversity Strategy and Action Plan - NBSAP) ကို ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၁၂ ခုနှစ် ဇွန်လအထိ UNEP/ Global Environmental Facility (GEF) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၂၀၁ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) ဇီဝသယံဇာတအရင်းအမြစ်နှင့် သတင်းအချက်အလက်ဆိုင်ရာ ပူးပေါင်းရေး စီမံကိန်းကို စီမံကိန်းကာလအဖြစ် ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအထိ ဆောင်ရွက်ရန်ဖြစ်ပြီး ကိုရီးယားနိုင်ငံ၊ (The National Institute of Biological Resources - NIBR) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၁၂၀ သန်း ဖြင့် အလောင်းတော်ကဿပ အမျိုးသား ဥယျာဉ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့် ပညာပေးရေး သင်တန်းကျောင်း (မော်ဘီမြို့) တွင် FD-KOREA Biodiversity Research Center တည်ထောင်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) အပင်များထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် ဒေသခံ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပင်သယံဇာတများ ရေရှည်အသုံးပြုခြင်းဆိုင်ရာ စီမံကိန်းအပိုင်း (၂) ကို စီမံကိန်းကာလအဖြစ် ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ ချင်းပြည်နယ်၊ နတ်မတောင် အမျိုးသားဥယျာဉ်တွင် ဆောင်ရွက်ရန်ဖြစ်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် မာကီနို ရက္ခဗေဒဥယျာဉ် (MBK) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၁၅၀ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း (Tanintayi Nature Reserve Project) ကို စီမံကိန်းကာလအဖြစ် ၂၀၀၉ ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအထိ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး မုတ္တမဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (Moattama Gas Transportation Company Ltd. -MGTC) ပြင်သစ်နိုင်ငံနှင့် တနင်္သာရီပိုက်လိုင်းကုမ္ပဏီ (Tanintayi Pipe Line Company-TPC) မလေးရှားနိုင်ငံတို့၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၁.၂ သန်းနှင့် နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၁၅၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၅) ကမ္ဘားနီ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းစီမံကိန်း (Kabani Community Forest Project) ကို စီမံကိန်းကာလအဖြစ် ၂၀၀၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၃ ခုနှစ် မတ်လအထိ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောလုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးဗဟိုအဖွဲ့ (JIFPRO) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၀.၁၀၇ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၆) အင်းလေးကန် ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်း (Inle lake Conservation and Rehabilitation Project)ကို စီမံကိန်းကာလအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေးကန် ရေဝေရေလဲဒေသတွင် ဆောင်ရွက်ခဲ့ပြီး UNDP နှင့် နော်ဝေအစိုးရ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂.၅၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၇) ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများအား ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် ပြန်လည်စိုက်ပျိုးပြုစုခြင်း စီမံကိန်း "Integrated Mangrove Rehabilitation and Management Project through Community Participation in the Ayeyarwady Delta" ကို ၂၀၀၇ခုနှစ် ဧပြီလမှ ၂၀၁၃ ခုနှစ် မတ်လအထိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ လပွတ္တာမြို့နယ်၊ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၇.၃၁ သန်း ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၈) မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းရေး စီမံကိန်းကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၁.၇ သန်းဖြင့် ဇီဝမျိုးစုံမျိုးကွဲစာရင်းများ ကောက်ယူခြင်း၊

(၉) မြန်မာနိုင်ငံရှိ မြင့်မားသော တောင်တန်းဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို နတ်မတောင် အမျိုးသားဥယျာဉ်၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီတောရိုင်း တိရစ္ဆာန် ဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော တို့တွင် ဆောင်ရွက်ရန်ဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ဂျာမနီနိုင်ငံ၊ Marburg တက္ကသိုလ်၊ ပထဝီဝင်မဟာဌာန၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၃၅၇ သန်း ဖြင့် ဇီဝမျိုးစုံ မျိုးကွဲစာရင်းများ ကောက်ယူခြင်း၊

(၁၀) ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် သဘာဝဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ခြင်း စွမ်းအင်မြှင့်တင်နိုင်ရန်အတွက် ဒီရေတောများ ပြန်လည် စိုက်ပျိုးပြုစုခြင်း စီမံကိန်း ကာလကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏

အထောက်အပံ့ဖြင့် ဂျပန်ယန်း ၅၈၃သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေး မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၁) လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်း ကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းစီမံကိန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်တွင် ဆောင်ရွက်ရန်ဖြစ်ပြီး အီတလီနိုင်ငံအခြေစိုက် (ISTITUTO IKOS) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၀၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၂) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်း စီမံကိန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ရန် ဖြစ်ပြီး ဖြိတိန်နိုင်ငံအခြေစိုက် (FFI နှင့် BANCA) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂.၅ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၃) ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်ရန်ဖြစ်ပြီး ဖြိတိန်နိုင်ငံ အခြေစိုက် (Indo- Myanmar Conservation- IMC) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၁၀၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၄) မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့၍ ဆီလျော်မှုနှင့်ကန်သည့် ဒေသခံပြည်သူအခြေပြု သစ်တောဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနိုင်ရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ စီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်း ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ခုနှစ် ဇန်နဝါရီလအထိ ဆောင်ရွက်ရန်ဖြစ်ပြီး "The Regional Community Forestry Training Centre for Asia and Pacific -RECOFTC"၏ နည်းပညာ အထောက်အပံ့ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်း၊

(၁၅) စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်နိုင်ရန်အတွက် သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်များ ဖွံ့ဖြိုးမှုဆိုင်ရာလူ့စွမ်းအား အရည်အသွေးမြှင့်တင်ရေး စီမံကိန်းကို စီမံကိန်းကာလအဖြစ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ အထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်းတွင် ဆောင်ရွက်ရန်ဖြစ်ပြီး အပြည်ပြည်

ဆိုင်ရာ အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (International Tropical Timber Organization - ITTO) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၅၇၂ သန်းဖြင့် REDD+ ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၁၆) မြန်မာနိုင်ငံ၊ ပဲခူးရိုးမဒေသရှိ တောပျက်များနှင့် ဂေဟစနစ်အား ပြန်လည်ပြုစုထိန်းသိမ်းခြင်းနှင့် REDD+ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များအား လျော့ကျစေခြင်းလုပ်ငန်း စီမံကိန်းအဆင့် (၂) ကို စီမံကိန်းကာလ အဖြစ် ၂၀၁၃ ခုနှစ် မတ်လမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်အတွင်း ဆောင်ရွက်ရန်ဖြစ်ပြီး Korea Forest Service (KFS) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၁၀၀ သန်း ဖြင့် REDD+ ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၇) အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစီမံချက်များကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ရှမ်းပြည်နယ်တွင် ဆောင်ရွက်ရန်ဖြစ်ပြီး (Institute for International Development- IID) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၁ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၈) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာသစ်တော လုပ်ငန်းများ မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအဖွဲ့ JIFPRO ၏ အထောက်အပံ့ဖြင့် ချောက်ကန်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စီမံကိန်းကို ၂၀၁၃ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ ဂျပန်ယန်း ၇.၃၁၁ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၁၉) တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်း (Tanintayi Nature Reserve Project) ကို စီမံကိန်းကာလအဖြစ် ၂၀၁၃ခုနှစ် ဧပြီလ မှ ၂၀၁၇ ခုနှစ် မတ်လအထိ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်တွင် ဆောင်ရွက်ရန်ဖြစ်ပြီး မုတ္တမဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (Moattama Gas Transportation Company Ltd. - MGTC) ပြင်သစ်နိုင်ငံနှင့် တနင်္သာရီပိုက်လိုင်း ကုမ္ပဏီ (Tanintayi Pipe Line Company-TPC) မလေးရှားနိုင်ငံ (PTTEP International Limited-PTTEPI) တို့၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၁.၈ သန်းနှင့် နိုင်ငံတော်ဘတ်ဂျက်မှ ကျပ် ၁၅၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂၀) ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် သဘာဝ ပတ်ဝန်းကျင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စျေးကွက်ကွန်ယက်များ တည်ထောင်ခြင်းလုပ်ငန်း "Mercy Corps - (Myanmar)" စီမံကိန်းကို ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးများတွင် စီမံကိန်းကာလ အဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၇ ခုနှစ် ဇူလိုင်လ အထိ ဆောင်ရွက်ရန်ဖြစ်ပြီး Mercy Corps ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၄ သန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ခြင်း၊

(၂၁) ဟိမဝန္တာတောင်တန်းဒေသ သစ်ပင်ပန်းမန်များဆိုင်ရာ သုတေသနလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ခြင်းစီမံကိန်းကို ကချင်ပြည်နယ်၊ ပူတာအိုခရိုင်အတွင်း စီမံကိန်းကာလ အဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ ဆောင်ရွက်ရန်ဖြစ်ပြီး တရုတ်သီပွဲအကယ်ဒမီ၊ (XISHUANG-BANNA) အပူပိုင်း ရုက္ခဗေဒ ဥယျာဉ်၏ နည်းပညာအထောက်အပံ့ဖြင့် အကောင်အထည် ဖော် ဆောင်ရွက်ခြင်း၊

(၂၂) မြန်မာနိုင်ငံတွင် အပင်မျိုးစိတ်များ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းကို ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စီမံကိန်းကာလ အဖြစ် ၂၀၁၃ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် ဇွန်လအထိ ဆောင်ရွက်ရန်ဖြစ်ပြီး တရုတ်သီပွဲအကယ်ဒမီ၊ (XISHUANGBANNA) အပူပိုင်းရုက္ခဗေဒဥယျာဉ်၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၀.၀၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

ဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်ဆဲလုပ်ငန်းများ

(၁) မြန်မာနိုင်ငံ သတင်းအချက်အလက်နည်းပညာ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အစီအစဉ် "The Program for Forest Information Management in the Republic of the Union of Myanmar" ကို စီမံကိန်းကာလအဖြစ် ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ ဆောင်ရွက်ရန်ဖြစ်ပြီး ဂျပန်နိုင်ငံ အစိုးရ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၄.၁၀၇ သန်းဖြင့် သစ်တောဦးစီးဌာန၊ နေပြည်တော်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ထာဝစဉ်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက် သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း "Information System Development for Sustainable Forest Management"ကို စီမံကိန်းကာလအဖြစ် ၂၀၁၃ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ်မတ်လအထိ ဆောင်ရွက်ရန်ဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရမှ

နည်းပညာ အကူအညီဖြင့် သစ်တောဦးစီးဌာန၊ နေပြည်တော်တွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၃) ပင်လယ်ပြင် သယံဇာတများ စီမံအုပ်ချုပ်ခြင်း (ISTITUTO OIKOS, BANCA, RCCA) စီမံကိန်းကို ရခိုင်ပြည်နယ်အတွင်း စီမံကိန်းကာလအဖြစ် (၃) နှစ် ဆောင်ရွက်ရန် ဖြစ်ပြီး (Istituto Oikos နှင့် BANCA, RCCA) တို့၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၀.၈၅ သန်းဖြင့် သစ်တောနှင့် ပင်လယ်ပြင် သယံဇာတများ စီမံအုပ်ချုပ်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ရန်၊

(၄) သစ်တောထိန်းသိမ်းခြင်း စီမံကိန်းကို ၂၀၁၃ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် မေလအထိ ဧရာဝတီတိုင်းဒေသကြီးတွင် ဆောင်ရွက်ရန်ဖြစ်ပြီး (World View - Myanmar and World View International Foundation –WIF) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၁ သန်းဖြင့် သစ်တော ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၅) တနင်္သာရီတိုင်းဒေသကြီးတွင် အဏ္ဏဝါနှင့် ကုန်းမြေဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးအတွင်း (၅) နှစ် ဆောင်ရွက်ရန်ဖြစ်ပြီး ဖြိတိန်နိုင်ငံ အခြေစိုက် (FFI နှင့် BANCA) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ၁သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၆) ရေရှည်တည်တံ့စေသော သစ်တောပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဂေဟစနစ် လုံခြုံရေးအတွက် အရှေ့တောင်အာရှ တောင်ပေါ်သစ်တောများထိန်းသိမ်းရေး စီမံကိန်း ကို ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်တွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ APF Net ၏ အထောက်အပံ့အမေရိကန်ဒေါ်လာ ၀.၀၈၉သန်းဖြင့်အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(၇) (Forest Cover and Above Ground Biomass Mapping in the Greater Mekong Subregion and Malaysia) ကို မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ APF Net ၏ အထောက်အပံ့အမေရိကန်ဒေါ်လာ ၀.၀၆၀ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၈) "Country Programming Framework- CPF (2012-2016) TCP/ GCP" ကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ FAO ၏ အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၂၃.၈ သန်း အထောက်အပံ့ဖြင့် သစ်တော ဦးစီးဌာနမှ သစ်တော စီမံအုပ်ချုပ်ခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်း၊ သစ်တောမြေ အသုံးချမှုမူဝါဒရေးဆွဲခြင်း၊ ဆင်းရဲနွမ်းပါးမှု

လျှော့ချခြင်း၊ ဒီရေတောများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောတက္ကသိုလ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ (CDM နှင့် REDD+) လုပ်ငန်းစဉ်များအရ သစ်တောများ ပြန်လည်တည်ထောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၉) သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာသုံးစွဲမှုမြှင့်တင်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်း အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ၂၀၁၂ခုနှစ်မှ ၂၀၁၄ ခုနှစ် အထိ ဆောင်ရွက်ရန်ဖြစ်ပြီး ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(KOICA)၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၀) ကျေးလက်ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးရေး တိရစ္ဆာန်မွေးမြူရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာဖြန့်ဖြူးရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်မှ ကာကွယ်ရေးအစီအစဉ်ကို မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် (၅) မြို့နယ်တွင် စီမံကိန်းကာလအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ဆောင်ရွက်ရန်ဖြစ်ပြီး (Global Environment Facility -GEF) ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၈ သန်း ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၁၁) မြိုင်ဟေဝန်ဆင်စခန်းအား ပြုပြင်၍ ဆင်ထိန်းသိမ်းရေးစခန်း တည်ဆောက်ခြင်း အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ ဆောင်ရွက်ရန်ဖြစ်ပြီး (International Elephant Foundation - USA) အပြည်ပြည်ဆိုင်ရာ ဆင်အဖွဲ့၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၀.၈၁ သန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၁၂) ဆင်သုတေသန လုပ်ငန်းဆောင်ရွက်ခြင်း အစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ခုနှစ် အထိ ဆောင်ရွက်ရန်ဖြစ်ပြီး(University of Sheffield – UK)ဗြိတိန်နိုင်ငံ ရှက်ဖီးတက္ကသိုလ် ၏အထောက်အပံ့ အမေရိကန် ဒေါ်လာ ၀.၀၅ သန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

နိဂုံး

သစ်တောကဏ္ဍအနေဖြင့် ငွေကြေးရရှိရန် ရည်မှန်းချက်ထက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဦးတည်သည့် ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိန်းညှိဖော်ဆောင်နိုင်ရန်အတွက် စီမံကိန်းပါ လုပ်ငန်းစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံဖြစ်ပေါ်ရေး

စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံ ဖြစ်ပေါ်လာရေး

မြန်မာနိုင်ငံသည် စီးပွားရေး အင်အားကြီးမားသော ဈေးကွက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိပြီး နယ်မြေချင်း ထိစပ်နေသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းလည်းရှိသဖြင့် စက်မှု၊ ကုန်သွယ်ရေး နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းမွန်သည့် ပထဝီ အနေအထားတွင် ရှိပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်းလာသော နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ၊ သဘာဝသယံဇာတကြွယ်ဝမှု၊ ပတ်ဝန်းကျင်နိုင်ငံများ၏ လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှု အခြေအနေကောင်းများသည် ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှု လုပ်ငန်းများကို ပေါ်ထွန်းလာစေမည် ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ယှဉ်ပြိုင်နိုင်ရေးအတွက် စက်မှုကဏ္ဍ၏ စိန်ခေါ်မှုများနှင့် အကန့်အသတ်များကို နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဝိုင်းဝန်း ဖြေရှင်းနိုင်ရန် ပြည်တွင်း၌ စက်မှုဇုန် ၁၉ ဇုန်တည်ထောင်ထားပြီး စက်ရုံ ၈,၈၃၁ ရုံနှင့် အလုပ်သမား ၁၇၀,၆၃၅ ဦးတို့ဖြင့် လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးအတွက် မောတောင်၊ ထီးခီးနှင့် မောင်းမကန်စက်မှုဇုန်များ၊ ဆီမီးခုံဆိပ်ကမ်းနှင့် ဆက်စပ်၍ မြို့သာတွင် ခေတ်မီစက်မှုဥယျာဉ် (Industrial Park)၊ လောက်ကိုင်စက်မှုဇုန်၊ မူဆယ်စက်မှုဇုန်တို့ကို သက်ဆိုင်ရာဒေသ အစီအစဉ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်အစိုးရသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် မူဝါဒများ ချမှတ်ရေးဆွဲခြင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ ထုတ်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်း ဥပဒေ၊ မူပိုင်ခွင့်ဥပဒေ ပေါ်ထွက်ရေးတို့ကို တွန်းအားပေးခြင်း၊ လုပ်ငန်းလုပ်ဆောင်မှု လွယ်ကူစေရေးအတွက် ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်း၊ နိုင်ငံတော်မှ လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်အားပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတကာစက်မှုကုန်စည်ပြပွဲများ ကျင်းပရန် ခွင့်ပြုပေးခြင်း၊ အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ အလွယ်တကူ ချိတ်ဆက်ရောက်ရှိရန် စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အကျိုးပြုနိုင်မည့် မူဝါဒနှင့် ဥပဒေများ ဘဏ္ဍာငွေအရင်းအနှီး၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဈေးကွက်နှင့်အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု နည်းစနစ်များကို လိုအပ်သည့်ကဏ္ဍတိုင်း ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် အတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံ၏စီးပွားရေး၊ လူမှုရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်သည် မရှိမဖြစ် လိုအပ်ပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ (Independent Power Producer-IPP/ Private Public Partnership- PPP) စနစ်များဖြင့် နိုင်ငံသားနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များအား ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂-၄။ စွမ်းအင် (စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် ဖွံ့ဖြိုးရေး)

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေး၊ လူမှုရေး ဘက်စုံ တိုးတက်လာသည်နှင့်အမျှ စွမ်းအင် လိုအပ်ချက် တိုးမြင့်လာပါသည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးဆဲ နိုင်ငံများအနေဖြင့် စီးပွားရေး ဦးမော့လာရန် ဆောင်ရွက်မှုများကြောင့် စွမ်းအင်သုံးစွဲမှု တိုးတက်၍ မရှိမဖြစ်လိုအပ်ချက် တစ်ရပ်ဖြစ်လာပါသည်။ စွမ်းအင်၏ အခြေခံအရင်းအမြစ်ဖြစ်သော ကမ္ဘာ့ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ လိုအပ်ချက် နှစ်စဉ် တိုးတက်လျက်ရှိပြီး၊ သက္ကရာဇ် ၂၀၁၅ ခုနှစ်အထိ နှစ်စဉ် ၂ ရာခိုင်နှုန်း တိုးမြင့်လာမည်ဟု ခန့်မှန်းတွက်ချက် ထားကြပါသည်။

မူဝါဒ၊ရည်မှန်းချက်၊လုပ်ငန်းစဉ်

စွမ်းအင်ကဏ္ဍအနေဖြင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)အတွက် အကောင်အထည်ဖော်မည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ချမှတ်ထားပါသည်။

မူဝါဒများ

(၁) ပြည်တွင်းစွမ်းအင်လိုအပ်ချက် ဖူလုံစေရန် ဦးစားပေးဆောင်ရွက်ရေး၊

(၂) စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရေး၊

(၃) စွမ်းအင်အမျိုးအစားသစ်များနှင့် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရန်အတွက် မြှင့်တင်ဆောင်ရွက်ရေး၊

(၄) စွမ်းအင်အသုံးပြုမှုစွမ်းရည်တိုးမြှင့်လာစေရန်နှင့်စွမ်းအင်ခြိုးခြွေတာရန်တို့ကို မြှင့်တင်ဆောင်ရွက်ရေး၊

(၅) အခြားအစားထိုးစွမ်းအင် အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရန် မြှင့်တင်ဆောင်ရွက်ရေး၊

(၆) ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသ အပါအဝင်ပြည်သူလူထု တစ်ရပ်လုံးအကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးရရှိခံစားနိုင်မည့်သုံးစွဲမှုဖြစ်စေရန် ဆောင်ရွက်ရေး၊

(၇) စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမိုပါဝင်စေရန် မြှင့်တင်ဆောင်ရွက်ရေး။

ရည်မှန်းချက်များ

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် လိုအပ်သောစွမ်းအင် (ရေနံနှင့် သဘာဝဓာတ်ငွေ့)များကို ဖြည့်ဆည်းပေးသွားရန်၊

(၂) စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် အခြားကဏ္ဍများအတွက် လိုအပ်သော စက်မောင်းဆီများ၊ယူရီးယားဓာတ်မြေဩဇာများနှင့်ရေနံဓာတုဗေဒကုန်ကြမ်း ပစ္စည်းများ ဖြည့်ဆည်းသွားရန်၊

(၃) စွမ်းအင်သုံးစွဲရာတွင်သုံးစွဲမှုနှင့်ပတ်ဝန်းကျင်ဖြစ်ပေါ်မှုသဟဇာတ ဖြစ်စေရေး ဦးတည်လျက် အသုံးပြုမှုနှင့် အလေအလွင့်ဆုံးရှုံးမှု နည်းပါး စေရေးအတွက် စွမ်းအင်ချွေတာရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်၊

(၄) နိုင်ငံတကာနှင့်လည်းကောင်း ဒေသတွင်းအဖွဲ့အစည်းများနှင့် လည်းကောင်း စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်သွားရန်၊

(၅) စွမ်းအင်သုံးစွဲမှုများတွင် အဓိကသုံးစွဲမှုဖြစ်သော အိမ်သုံးလောင်စာသုံးစွဲမှုတွင် ထင်းမီးသွေးအပြင် အခြားလောင်စာ အမျိုးအစားများကိုလည်း အစားထိုး သုံးစွဲသွားရန်၊

(၆) မြန်မာနိုင်ငံ၏စွမ်းအင်သုံးစွဲမှုပုံစံ၊ စွမ်းအင်အမျိုးအစားအလိုက် လိုအပ်ချက် စသည်များကို စဉ်ဆက်မပြတ်လေ့လာပြီး အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ပြုစုသွားရန်၊

(၇) စွမ်းအင်(ရေနံနှင့်သဘာဝဓာတ်ငွေ့) စီမံကိန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုခြင်းဖြင့်တိုင်းရင်းသားပညာရှင်များ၏အရည်အသွေး တိုးတက်မြင့်မား လာစေရန်နှင့် မျိုးဆက်သစ်များ ပြုစုပျိုးထောင်သွားရန်၊

(၈) နိုင်ငံတော်၏လုံခြုံရေးနှင့် စီးပွားရေးတည်ငြိမ်မှုကို အထောက်အကူပြုမည့် အရံစက်မောင်းဆီပမာဏကို စနစ်တကျစုဆောင်းထားရှိသွားရန်။

လုပ်ငန်းစဉ်များ

(၁) အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုး တိုးတက်စေရေးအတွက် အဓိကလိုအပ်ချက် ဖြစ်သော စွမ်းအင်ကဏ္ဍပိုမိုထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် စီမံကြိုးကြပ် ကွပ်ကဲဆောင်ရွက်မည့် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှု ကော်မတီကိုဖွဲ့စည်း၍ ခေတ်စနစ်နှင့်ကိုက်ညီမည့်မူဝါဒများ ရေးဆွဲ အကောင် အထည်ဖော်ဆောင်ရွက်ပါမည်၊

(၂) ရေနံနှင့်သဘာဝဓာတ်ငွေ့ ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်ကို အမြန်ဆုံး ဖြည့်ဆည်း ပေးနိုင်ရေးအတွက် နိုင်ငံခြားရေနံကုမ္ပဏီများအား ဖိတ်ခေါ်၍ မြန်မာ တိုင်းရင်းသားပိုင် ကုမ္ပဏီများနှင့်ပူးပေါင်းစေပြီး ရေနံမြေသစ်များ တိုးချဲ့ ရှာဖွေ ထုတ်လုပ်နိုင်ရေးဆောင်ရွက်မည်၊

(၃) ရေနံလက်ယက်တွင်းတိမ်များကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နည်းလမ်းအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆက်လက် ဆောင်ရွက်သွားနိုင်ရန် လိုအပ်သော လုပ်ထုံး လုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်၊

(၄) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို အဓိက ဦးတည်ဆောင်ရွက်မည့်နည်းတူ လက်ရှိထုတ်လုပ်လျက်ရှိသော ရေနံတွင်းဟောင်းများ၏ ထုတ်လုပ်မှု ကျဆင်းနှုန်း အနည်းဆုံးဖြစ်စေရေး ထိန်းသိမ်း ဆောင်ရွက်မည်၊

(၅) သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သဘာဝဓာတ်ငွေ့ဖြန့်ဖြူးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ စွမ်းအင် ဖူလုံရေးနှင့် အမျိုးသား လုံခြုံရေးလိုအပ်ချက်အရ နိုင်ငံတော်၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံခြားကျွမ်းကျင်အဖွဲ့အစည်းများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မည်၊

(၆) တွင်းတူးဖော်ခြင်း၊ ဆိုက်စမစ်တိုင်းတာခြင်း စသည့်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်၏ကြီးကြပ်မှုဖြင့် သီးခြားအဖွဲ့အစည်းတစ်ခုကို နိုင်ငံခြားကျွမ်းကျင်အဖွဲ့အစည်းများနှင့်အကျိုးတူပူးပေါင်းဖွဲ့စည်းကာ နိုင်ငံခြားကုမ္ပဏီများမှခေါ်ယူသည့်တင်ဒါများတွင် ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်သွားမည်၊

(၇) နိုင်ငံတော်မှ အနာဂတ်ကာလတွင် ကမ်းလွန်ရေနံလုပ်ငန်းကို လုပ်ငန်းတာဝန်ခံဆောင်ရွက်သူအနေဖြင့် တာဝန်ယူဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်များကို လေ့လာ သုံးသပ်၍ စီမံဆောင်ရွက်သွားမည်၊

(၈) သဘာဝဓာတ်ငွေ့ကိုနေ့စဉ်ပြည်တွင်းအသုံးပြုနိုင်ရန်အတွက် တစ်ရက်လျှင် ၂၇၀ကုဗပေသန်းဖြန့်ဖြူးလျက်ရှိရာမှ၄၅၅ကုဗပေသန်းအထိဖြန့်ဖြူးနိုင်ရန်စီမံဆောင်ရွက်မည်၊

(၉) ရခိုင်ပြည်နယ်၊ကမ်းလွန်သဘာဝဓာတ်ငွေ့ရှေသဘာဝဓာတ်ငွေ့ မြေမှ ပြည်တွင်းသို့ကုဗပေသန်း၄၀မှ ကုဗပေသန်း၁၀၀သို့လည်းကောင်း၊ပြည်ပသို့ကုဗပေသန်း၁၆၀မှကုဗပေသန်း၄၀၀သို့လည်းကောင်းဖြန့်ဖြူးရောင်းချရန်စီမံဆောင်ရွက်မည်၊

(၁၀) ရတနာစီမံကိန်းမှ ထိုင်းနိုင်ငံသို့ရောင်းချနေသည့် သဘာဝဓာတ်ငွေ့များအနက်မှပြည်တွင်း၌ ပိုမိုသုံးစွဲနိုင်ရေး အတွက်ကုဗပေသန်း ၅၀ ကို တိုးမြှင့်ရယူသွားရန်စီမံဆောင်ရွက်မည်၊

(၁၁) ဇောတိကစီမံကိန်းမှ ပြည်ပသို့ရောင်းချမည့် သဘာဝဓာတ်ငွေ့များအနက်မှ ကုဗပေသန်း ၄၀ အား ပြည်တွင်းသုံးအတွက် ပိုမိုရရှိအောင် ဆောင်ရွက်ခဲ့ပြီး

ဖြစ်သဖြင့်၊ ဇောတိကစီမံကိန်းမှ စုစုပေါင်း ကုဗပေသန်း ၁၀၀ အား ပြည်တွင်း၌ ဖြန့်ဖြူးနိုင်ရေးနှင့် ပြည်ပသို့ ကုဗပေသန်း ၂၄၀ ဖြန့်ဖြူး ရောင်းချရန် စီမံဆောင်ရွက်မည်၊

(၁၂) ရေနံလက်ယက်တွင်းတိမ်များ၏လုပ်ကွက်အား သင့်လျော်သော အကျယ်အဝန်းအရွယ်အစားသတ်မှတ်ရန်နှင့် တစ်ဦးတည်းလုပ်ကွက်အများအပြားလုပ်ကိုင်ခွင့်ပြုခြင်းများမရှိစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များနှင့် ညှိနှိုင်းမည်။

စွမ်းအင်ကဏ္ဍ၏ ပထမ(၅) နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၁၉
ပထမ(၅) နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စွမ်းအင်ကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ။

ပထမ(၅) နှစ်စီမံကိန်း အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် စွမ်းအင်ကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်း အရ ၆.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၆၆,၉၃၃.၆သန်း အကောင်အထည်ဖော် ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၀.၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၈၀၀,၃၉၇.၈သန်း အကောင်အထည်ဖော် ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၀ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၃,၇၆၇,၀၉၆.၂သန်း အကောင်အထည်ဖော် ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅.၅ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၄,၄၇၅,၇၂၂.၈သန်း အကောင်အထည်ဖော် ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၃.၄ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၅,၁၂၂,၃၈၇.၁သန်း အကောင်အထည်ဖော် ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၂.၂ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် စွမ်းအင် ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြ ဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်း)



ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းအရ အဓိကအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများမှာ-

- ညောင်တုန်း/မအူပင်ရေနံမြေ၊
- ကျောက်ခွက်/လက်ပံတို/အရာတော်ရေနံမြေ၊
- သာကေတ(ကမ်းလွန်ရေနံရှာဖွေရေးအခြေစိုက်စခန်း)၊
- ထောက်ရှာပင်/ကမ်းနီရေနံမြေ၊
- ပျော်ဘွယ်/ရေနီ/တောင်ဖီလာ သဘာဝဓါတ်ငွေ့ပိုက်လိုင်း၊
- ပြည်တွင်းသုံးကမ်းလွန်သဘာဝဓါတ်ငွေ့ပိုက်လိုင်း၊
- စီအန်ဂျီအရောင်းဆိုင် တည်ဆောက်ခြင်းနှင့် စီအန်ဂျီမော်တော်ယာဉ်ပြောင်းလဲခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား ၂-၃

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ရေနံစိမ်း၊သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်
၁	၂	၃	၄
၁	ရေနံစိမ်း	အမေရိကန်စည် (ထောင်ပေါင်း)	၇,၀၉၆.၁
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၄၃၈,၀၈၁
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇,၁၁၉

ဇာစ်မြစ်။ ။ စွမ်းအင်ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၁

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်
စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ အဓိက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများမှာ-

- ညောင်တုန်း/မအူပင်ရေနံမြေ၊
- သာကေတ(ကမ်းလွန်ရေနံရှာဖွေရေးအခြေစိုက်စခန်း)၊
- ပျော်ဘွယ်/ရေနီ/တောင်ဖီလာ သဘာဝဓါတ်ငွေ့ပိုက်လိုင်း၊
- ပြည်တွင်းသုံးကမ်းလွန် သဘာဝဓါတ်ငွေ့ပိုက်လိုင်း၊
- စီအန်ဂျီအရောင်းဆိုင် တည်ဆောက်ခြင်းနှင့် မော်တော်ယာဉ် စီအန်ဂျီ ပြောင်းလဲခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား ၂-၄

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း

ရေနံစိမ်း၊သဘာဝဓါတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်
၁	၂	၃	၄
၁	ရေနံစိမ်း	အမေရိကန်စည် (ထောင်ပေါင်း)	၇,၁၅၆.၆
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၄၄၇,၁၉၈
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇,၁၉၅

ဇာစ်မြစ်။စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၂
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း ဧရာတိကစီမံကိန်းမှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ကို မြိုင်ကလေးတွင် ၅၅ ကုဗပေသန်း အသုံးပြု၍၊ ရန်ကုန်ဒေသသို့ ၄၅ ကုဗပေသန်း ပို့လွှတ်မည်ဖြစ်ပါသည်။ ရတနာစီမံကိန်းမှ ၂၂၅ ကုဗပေသန်းကို ရန်ကုန်ဒေသနှင့် ၂၅ ကုဗပေသန်းကို ကန်ဘောက်ဒေသသို့ ပို့လွှတ်မည် ဖြစ်ပါသည်။ ရွှေစီမံကိန်းမှ ရရှိမည့် သဘာဝဓာတ်ငွေ့များအနက် ကုဗပေသန်း၂၀ ကို ကျောက်ဖြူတွင် Gas Turbine များ လည်ပတ်နိုင်ရန် အတွက် ပေးပို့ဖြန့်ဖြူးသွားနိုင်ရန် ရည်မှန်းပါသည်။

စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား ၂-၅

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ရေနံစိမ်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်
၁	၂	၃	၄
၁	ရေနံစိမ်း	အမေရိကန်စည် (ထောင်ပေါင်း)	၆,၈၉၆.၂
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၅၆၂,၆၆၅
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇,၁၉၄

ဓာတ်မြေ။။စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် စွမ်းအင် ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြ ဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၃

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက်
စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဓာတ်မြေ။။စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်း ဦးစီး ရုံးများ။။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်တွင်းသုံးစွဲနိုင်ရေးအတွက် ပိုက်လိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၊ ရေနံဓာတုဗေဒ စက်ရုံစု(သံပုရာကန်) အနီးရှိ ရေနံချက်စက်ရုံသစ် စီမံကိန်း အတွက် ပိုက်လိုင်းသွယ်တန်းခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ စက်ပစ္စည်းများ တပ်ဆင် ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စီအန်ဂျီမော်တော်ယာဉ်များအတွက် ဘူးသွင်း သဘာဝ ဓာတ်ငွေ့ ထုတ်လုပ်မှုကို ကုဗပေသန်း ၉,၅၀၀ ထုတ်လုပ်ရန် ရည်မှန်းပါသည်။

စွမ်းအင်ကဏ္ဍ၏ ရေနံစီမံး၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား ၂-၆

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ရေနံစီမံး၊သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်
၁	၂	၃	၄
၁	ရေနံစီမံး	အမေရိကန်စည် (ထောင်ပေါင်း)	၆,၆၂၁.၃
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇၀၄,၆၀၉
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၉,၅၀၀

ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်အပေါ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စွမ်းအင်ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်တွင်းသုံးစွဲနိုင်ရေးအတွက် ပိုက်လိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၊ ရေနံ ဓာတုဗေဒ စက်ရုံစု (သံပုရာကန်) အနီးရှိ ရေနံချက်စက်ရုံသစ် စီမံကိန်းအတွက် ပိုက်လိုင်း သွယ်တန်းခြင်း၊ စက်ပစ္စည်းများတပ်ဆင်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဟု ရည်မှန်းထား ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စီအန်ဂျီမော်တော်ယာဉ်များသို့ ဘူးသွင်းသဘာဝ ဓာတ်ငွေ့ပိုမိုဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ဘူးသွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကို ကုဗပေသန်း ၁၀,၈၈၃ ထုတ်လုပ်ရန် ရည်မှန်းပါသည်။

စွမ်းအင်ကဏ္ဍ၏ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြပါ သည်-

ဇယား ၂-၇

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
ရေနံစိမ်းသဘာဝဓါတ်ငွေ့ ထုတ်လုပ်ရန် ရည်မှန်းချက်

အမှတ်စဉ်	အကြောင်းအရာ	ရေတွက်ပုံ	အရေအတွက်
၁	၂	၃	၄
၁	ရေနံစိမ်း	အမေရိကန်စည် (ထောင်ပေါင်း)	၆,၅၄၃.၃
၂	သဘာဝဓာတ်ငွေ့	ကုဗပေသန်း	၇၅၂,၇၈၇
၃	ဘူးသွင်းသဘာဝဓာတ်ငွေ့	ကုဗပေသန်း	၁၀,၈၈၃

ဇာစ်မြစ်။ ။ စွမ်းအင်ဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်း ဦးစီးရုံးများ။

ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ

(က) ရွှေကမ်းလွန်သဘာဝဓာတ်ငွေ့ဖွံ့ဖြိုးရေးစီမံကိန်း (ကမ်းလွန်လုပ်ကွက် အမှတ် A-1 & A-3)

၂၀၁၂ခုနှစ်မှ စတင်၍ ရွှေဖွံ့ဖြိုးမှုစီမံကိန်း ပထမအဆင့်အနေဖြင့် ရွှေထုတ်လုပ်ရေးပလက်ဖောင်း (Processing and Production Platform) တစ်ခုနှင့် ပင်လယ်ရေအောက်တွင် မြ (မြောက်) (Sub-Sea Manifold) ထုတ်လုပ်ရေးယူနစ် တစ်ခု တို့ကိုအချင်း ၁၄ လက်မ ရေအောက်ပိုက်လိုင်း(Intra Field)ဖြင့် ဆက်သွယ်ကာ စုစုပေါင်း ၁၅တွင်း တူးဖော်ထုတ်လုပ်သွားမည်ဖြစ်ပါသည်။ ရွှေပလက်ဖောင်းမှ ကျောက်ဖြူ အထိ အချင်း ၃၂လက်မ ပိုက်လိုင်း(ကီလိုမီတာ ၁၁၀)၊ ကျောက်ဖြူမှ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ အချင်း ၄၀ လက်မပိုက်လိုင်း(ကီလိုမီတာ ၈၇၀) ဖြင့် သဘာဝဓာတ်ငွေ့ ပို့ဆောင်နိုင်ရန် ရည်မှန်းထားပါသည်။ တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ နေ့စဉ် ကုဗပေသန်း ၄၀၀ နှင့် ပြည်တွင်းသုံးအတွက် ကုဗပေသန်း၁၀၀ (ရခိုင်ပြည်နယ်အတွက် ကုဗပေ သန်း၂၀ အပါ အဝင်) ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။

(ခ) အရှေ့တောင်အာရှ ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း

အရှေ့တောင်အာရှ ကုန်းတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် ရခိုင် ကမ်းလွန် လုပ်ကွက် A-1 & A-3 မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို တရုတ် ပြည်သူ့သမ္မတ နိုင်ငံသို့ပေးပို့ရန်နှင့် ပြည်တွင်းဖြန့်ဖြူးနိုင်ရန်ရည်မှန်းထားပါသည်။

(ဂ) အရှေ့တောင်အာရှ ကုန်းတွင်းရေနံစိမ်းပိုက်လိုင်းစီမံကိန်း

အရှေ့အလယ်ပိုင်းမှ ရေနံစိမ်းများကို မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၊ ကျောက်ဖြူ၊ မဒဲကျွန်းမှတဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်ရန်အတွက် ပိုက်လိုင်း သွယ်တန်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ပိုက်လိုင်း သွယ်တန်း ပို့ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံမှ မြေအသုံးပြုခ (Right of Way) တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆.၀၉၅ သန်း ရရှိမည် ဖြစ်ပြီး၊ ဖြတ်သန်းခ (Transit Fee) ရေနံစိမ်းတစ်တန်လျှင် အမေရိကန်တစ်ဒေါ်လာနှုန်း ရရှိမည် ဖြစ်ပါသည်။ ရေနံစိမ်းပိုက်လိုင်း စီမံကိန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂,၂၅၁.၇ သန်း ဖြစ်မည်ဟု ခန့်မှန်းထားပါသည်။

(ဃ) ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်) စီမံကိန်း

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် ရေနံဓာတုဗေဒစက်ရုံစု (သံပုရာကန်) အဆင့်မြင့် ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းကို အိန္ဒိယနိုင်ငံချေးငွေဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်တွင်းစွမ်းအင်လိုအပ်ချက် ဖူလုံစေရေး

နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်နေသော ကုန်းတွင်းကမ်းလွန် လုပ်ကွက်များမှနောင်အနာဂတ်တွင် PTTEP (Petroleum Authority of Thai Exploration and Production) လုပ်ကွက်-M3 မှထွက်ရှိလာမည့် သဘာဝ ဓာတ်ငွေ့၊ အရှေ့တောင်အာရှကုန်းတွင်း ရေနံစိမ်းပိုက်လိုင်းမှ နိုင်ငံတော်အတွက် ရရှိမည့် တစ်နေ့ ရေနံစိမ်း စည် **၄၀,၀၀၀** တို့ကို ပြည်တွင်းစွမ်းအင် လိုအပ်ချက် ဖြည့်ဆည်းရေး အတွက် သုံးစွဲသွားရန် ရည်မှန်း ထားပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြန်မာပြည်အလယ်ပိုင်း၌ ညောင်ကုန်း/ရေတွက် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြန်မာပြည် အလယ်ပိုင်း၌ ရေနံချပ် ၊ ဧရာဝတီတိုင်း ဒေသကြီး အဖျောက်(ပကွန်) ဒေသများတွင် ရေနံမြေသစ်များ ရှာဖွေတူးဖော် ထုတ်လုပ်မည်ဟု ရည်မှန်းထားပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Green Earth Power Co., Ltd. တို့ ပူးပေါင်း၍ မကွေးတိုင်း ဒေသကြီး မင်းဘူးခြံ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်း ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်၍ စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက ကမ္ဘာ့တတိယအကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံအဖြစ် မျှော်မှန်း ထားပါသည်။

လေစွမ်းအင်သုံးအနေဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဦးစီးဌာန နှင့် ထိုင်းနိုင်ငံ Gunkul Co., Ltd. တို့သည် ကယားပြည်နယ်၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် လျှပ်စစ်တပ်ဆင်အင်အား စုစုပေါင်း ၂၉၃၀ မဂ္ဂါဝပ်၊တရုတ်နိုင်ငံ China Three Gorges Co., Ltd. မှ ချင်းပြည်နယ် ၊ ရခိုင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီ ဒေသကြီးတို့တွင် လျှပ်စစ်တပ်ဆင်အင်အား စုစုပေါင်း ၁,၁၀၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန်အတွက် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် ရည်မှန်း ထားပါသည်။

ထို့အတူ ဘူမိအပူသုံးဓာတ်အားပေး စက်ရုံစီမံကိန်းအနေဖြင့်စင်္ကာပူနိုင်ငံ Emerging Market Energy Pte.မှ စက်တပ်ဆင်အင်အား ၂၀၀ မဂ္ဂါဝပ် အတွက် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးရန် ဆောင်ရွက်ပြီးဖြစ်ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် ရည်မှန်းထားပါသည်။

မြန်မာနိုင်ငံသည် အခြားလောင်စာရရှိမှု အကန့်အသတ်ကြောင့် ဇီဝဒြပ်ထု လောင်စာများကို အားထားနေရဆဲဖြစ်ပါသည်။ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေး ဦးစီးဌာနသည် ၁၉၉၇-၁၉၉၈ ဘဏ္ဍာနှစ်မှ စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူး ပေးနိုင်ခဲ့ပြီးနှစ်စဉ် ထင်းအစားအခြား လောင်စာတောင့် ၂.၄ သန်း ဖြန့်ဖြူး ပေးနိုင်ရန်ရည်မှန်းထားပါသည်။

၂-၅။ လျှပ်စစ်ဓာတ်အား (လုပ်ငန်းတိုင်းအတွက် လျှပ်စစ်၊ မြို့တိုင်းအတွက် လျှပ်စစ်၊ ကျေးရွာတိုင်းအတွက်လျှပ်စစ်)

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ ချမှတ်ထားသော စီးပွားရေး မူဝါဒအရ ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက် ဖြစ်ပါသည်။ နိုင်ငံတော်တွင် လူဦးရေ တိုးပွားလာခြင်း၊ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း တို့ကြောင့် လျှပ်စစ်သုံးစွဲမှုပမာဏမှာ ပိုမိုလာပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏမှာ နှစ်စဉ် တိုးတက်လျက်ရှိပါသည်။

မူဝါဒ၊ ရည်မှန်းချက်များ

လျှပ်စစ်ဓာတ်အားကဏ္ဍအနေဖြင့် ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွက် ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်များမှာ-

မူဝါဒများ

(၁) မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် ဓာတ်အားစနစ်မှ ဓာတ်အားပိုမို တိုးချဲ့ပို့လွှတ်ပေးရေး၊

(၂) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်၍ ဒေသအလိုက် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်ဆောင်ရွက်မှုကို အားပေး မြှင့်တင်သွားရေး၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် EIA/ SIA သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်သွားရေး၊

(၄) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး၊ စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများဖြစ်လာစေရေးအတွက် ကော်ပိုရေးရှင်းများ၊ ဘုတ်အဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသန္တရအဖွဲ့အစည်းများဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်းရေး၊

(၅) လျှပ်စစ်ဥပဒေနှင့်နည်းဥပဒေများအား စီးပွားရေး ပွင့်လင်းလာသော ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရေး ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံဉာဏ် အကူအညီများဖြင့် ဆောင်ရွက်ရေးတို့ဖြစ်ပါသည်။

ရည်မှန်းချက်များ

(၁) ပထမကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံတော်ဓာတ်အားစနစ်မှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများအား တည်ဆောက်ရန်နှင့် သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရန်၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများပံ့ပိုးပေးရန်၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊

(၄) လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး၊ သုံးစွဲနေသော မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအဆင့်အတွင်း ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာအကူအညီရယူကာ ဆက်လက်ဆောင်ရွက်သွားရန်၊

(၅) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်ရေးဆောင်ရွက်ရန်နှင့် လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီပံ့ပိုးပေးရန်၊

(၆) ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်ရန်တို့ ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၅

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်တိုးနှုန်း)



ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) တွင် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်တိုးနှုန်း အရ ၁၁.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်တိုးနှုန်း အရ ကျပ် ၅၀၇,၇၀၈.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်တိုးနှုန်း အရ ၁၃.၅ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်တိုးနှုန်း အရ ကျပ် ၆၂၂,၂၈၀.၅ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်တိုးနှုန်း အရ ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၇၂၈,၅၂၄.၇ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်း အရ ၁၃.၈ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၁,၀၁၉,၈၉၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်း အရ ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၁,၁၄၀,၅၅၃.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်း အရ ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင်လူတစ်ဦးချင်းလျှပ်စစ်မောတ်အားသုံးစွဲနိုင်မည့်အခြေအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်းလျှပ်စစ်မောတ်အားသုံးစွဲနိုင်မည့်အခြေအနေတို့ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၂-၈

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်း လျှပ်စစ်မောတ်အားသုံးစွဲနိုင်မည့်အခြေအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူတစ်ဦးချင်း လျှပ်စစ်မောတ်အားသုံးစွဲနိုင်မည့်အခြေအနေ

ကာလ	ကာလအလိုက်ဖြစ်ပေါ်လာမည့် အခြေအနေ				
	လူဦးရေ (သန်း)	သုံးစွဲရန်လိုအပ်သောမောတ်အား		တစ်ဦးချင်းသုံးစွဲနိုင်မှု (ကီလိုဝပ်နာရီ)	အိမ်ထောင်စုအပေါ် မောတ်အားရရှိနိုင်မှု(%)
		(မဂ္ဂါဝပ်)	(ကီလိုဝပ်နာရီသန်းပေါင်း)		
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်	၆၀.၄၄	၁,၈၀၆	၁၀,၄၄၄	၁၇၃	၂၇%
၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်	၆၃.၁၄	၃,၀၇၈	၁၇,၇၉၇	၂၈၂	၃၄%

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒ၊ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ ချမှတ်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ -

လုပ်ငန်းစဉ်များ

(၁) လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်မည်၊

(၂) တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်ပြု၍ လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်မည်၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဆောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း လုပ်ငန်းများကို ဖက်စပ်စနစ်ဖြင့် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်မည်၊

(၄) တည်ဆောက်ဆဲ ဓာတ်အားလိုင်း စီမံကိန်းများဖြစ်သော ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၆ လိုင်း ၂၉၀.၃၈ မိုင်၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း ၁ လိုင်း ၁၀.၃၈ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅ လိုင်း ၃၈၁.၃၆ မိုင်တို့ကို အကောင်အထည်ဖော် တည်ဆောက်မည်၊

(၅) တည်ဆောက်ဆဲ ဓာတ်အားခွဲရုံ စီမံကိန်းများဖြစ်သော ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ ၇ ရုံ(ခွဲရုံများ စုစုပေါင်းတပ်ဆင်အင်အား ၉၀၀အမ်ဗွီအေ) ၊ Switch Bay ၁ ခုတိုးချဲ့၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ ၃ ရုံ (ခွဲရုံများစုစုပေါင်းတပ်ဆင်အင်အား၁၆၅အမ်ဗွီအေ)၊ Switch Bay ၁ ခုတိုးချဲ့၊ ၆၆ကေဗွီဓာတ်အားခွဲရုံ ၁၈ ရုံ (ခွဲရုံများစုစုပေါင်းတပ်ဆင်အင်အား၂၇၅အမ်ဗွီအေ) ၊ Switch Bay ၃ ခု တိုးချဲ့တို့ကို ဆက်လက် အကောင်အထည်ဖော် တည်ဆောက်မည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၆

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အား ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဧာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အား အသုံးပြုရန် ရည်မှန်းချက် ကို ဇယားဖြင့်ဖော်ပြအပ်ပါသည်-

ဇယား ၂-၉

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းလျှပ်စစ်ဓာတ်အားအသုံးပြုရန် ရည်မှန်းချက်

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက်
၁		၂	၃	၄
		စုစုပေါင်းအသုံးပြုဆောလျှပ်စစ်ဓာတ်အား	**တီလိုဝပ်နာရီဆန်းပေါင်း**	**၁၂,၉၁၁.၃**
၁		**နိုင်ငံတိုင်**	**"**	**၃,၈၅၂.၆**
	၁	စက်ရုံသုံး	"	၂,၃၉၄.၂
	၂	အိမ်သုံး	"	၃,၄၀၁.၂
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	"	၁,၅၃၈.၄
	၄	အထွေထွေသုံး	"	၃၈.၈
၂		**ဆဓဝါယမဝိုင်**	**"**	**၁,၃၃၆**
၃		**ပုဂ္ဂလိကဝိုင်**	**"**	**၇,၀၅၃.၄**

ဧာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ရှိ ရွှေကျင်နှင့် ကွန်းချောင်း၊ မကွေးတိုင်းဒေသကြီးရှိ ကြီးအုံကြီး၀ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထပ်မံ ဖွင့်လှစ်နိုင်မည်ဖြစ်၍ ထိုစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို မဟာ ဓာတ်အားလိုင်း(National Grid) ပေါ်သို့တင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းထားပါသည်။ သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၂,၉၁၁.၃ သန်းဖြစ်ပါသည်။ ကျေးရွာအလိုက် မီးလင်းရေးအတွက် ဓာတ်အားစနစ်အတွင်းမှ ၂,၅၇၅ ရွာ အပါအဝင် စုစုပေါင်း ၁၇,၃၃၄ ရွာနှင့် ကျေးရွာအလိုက် မီးလင်းမှု ၂၆.၇ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ ချမှတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ -

လုပ်ငန်းစဉ်များ

(၁) ဝန်ကြီးဌာနကိုယ်တိုင် လျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်မည်၊

(၂) တိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ပိုင်ခွင့်ပြု၍ လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်မည်၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ဖက်စပ်၊ တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းစနစ်ဖြင့် လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်မည်၊

(၄) ဓာတ်အားလိုင်း စီမံကိန်းများအနေဖြင့် ၅၀၀ ကေဗွီ မဟာ ဓာတ်အားလိုင်း ၁ လိုင်း ၁၄၆ မိုင်၊ ၂၃၀ ကေဗွီ မဟာ ဓာတ်အားလိုင်း ၉ လိုင်း ၅၆၃ မိုင်၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း ၁ လိုင်း ၄ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆ လိုင်း ၂၃၂ မိုင်တို့ကို အကောင်အထည်ဖော်တည်ဆောက်မည်၊

(၅) ဓာတ်အားခွဲရုံ စီမံကိန်းများအနေဖြင့် ၂၃၀ ကေဗွီ ပင်မ ဓာတ်အားခွဲရုံ ၁၅ ရုံ (ခွဲရုံများ စုစုပေါင်းတပ်ဆင်အင်အား ၁၈၀၀အမ်ဗွီအေ) ၊ Switch Bay ၉ ခု တိုးချဲ့၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၁၁ ရုံ (ခွဲရုံများ စုစုပေါင်း တပ်ဆင် အင်အား ၂၀၁အမ်ဗွီအေ) ၊ Switch Bay ၃ ခု တိုးချဲ့တို့ကို အကောင်အ ထည်ဖော် တည်ဆောက်မည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၇

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အား‌ကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အား အသုံးပြုရန် ရည်မှန်းချက်ကို ဇယားဖြင့်ဖော်ပြအပ်ပါသည်-

ဇယား ၂-၁၀

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းလျှပ်စစ်ဓာတ်အားအသုံးပြုရန် ရည်မှန်းချက်

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက်
၁		၂	၃	၄
		စုစုပေါင်းအသုံးပြုဆော လျှပ်စစ်ဓာတ်အား	**တီလိုဝပ်နာရီ ဆန်းပေါင်း**	**၁၃,၃၇၈.၁**
၁		**နိုင်ငံတိုင်**	**။**	**၈,၁၉၁.၁**
	၁	စက်ရုံသုံး	။	၂,၉၁၉.၆
	၂	အိမ်သုံး	။	၃,၅၃၃.၃
	၃	ဆေးရုံ၊ရုံးကျောင်းစသည်များ	။	၁,၆၅၅.၆
	၄	အထွေထွေသုံး	။	၈၂.၆
	၅	ကုမ္ပဏီသို့ရောင်းချခြင်း	။	
၂		**သဓဝါယမဝိုင်**	**။**	**၁,၂၈၃**
၃		**ပုဂ္ဂလိတဝိုင်**	**။**	**၅,၁၈၅.၉**

ဇယား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)ရှိ သောက်ရေခပ်(၂)နှင့် ဖြူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ထပ်မံဖွင့်လှစ်၍ မဟာဓာတ်အား လိုင်း(National Grid)မှတဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပို့လွှတ်ဖြန့်ဖြူးပေး နိုင်ရန်၊ ရန်ကုန်တိုင်းဒေသကြီးရှိ သဘာဝဓာတ်ငွေ့သုံး ရေနွေးငွေ့ လျှပ်စစ် ဓာတ်အားပေး စက်ရုံများကို ဘွိုင်လာများ လဲလှယ်စစ်ဆေးပြီး စက်စွမ်းအားမြှင့် လည်ပတ်နိုင်ရန် ရည်မှန်းထားပါသည်။ သုံးစွဲနိုင်မည့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၃,၃၇၈.၃ သန်း ဖြစ်ပါသည်။ ကျေးရွာအလိုက် မီးလင်းရေး ဆောင်ရွက်ရာတွင် ဓာတ်အားစနစ်အတွင်းမှ ၂,၆၆၉ ရွာ အပါအဝင် စုစုပေါင်း ၂၀,၉၆၉ ရွာနှင့် ကျေးရွာအလိုက် မီးလင်းမှု ၃၂.၃ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ချမှတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ -

လုပ်ငန်းစဉ်များ

(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများဖြစ်သော အထက်ပေါင်းလောင်း ၁၄၀ မဂ္ဂါဝပ် ၊ နန်ချိုု ၄၀ မဂ္ဂါဝပ် ၊ ရွှေလီ(၃) ၁၀၅၀ မဂ္ဂါဝပ် ၊ ဖြူးချောင်း ၄၀ မဂ္ဂါဝပ် ၊ အထက်ရဲရွာ ၂၈၀ မဂ္ဂါဝပ် ၊ သူဌေး ၁၁၁ မဂ္ဂါဝပ် ၊ အထက်ကျိုင်းတောင်း ၅၁ မဂ္ဂါဝပ် ၊ သဘာဝဓာတ်ငွေ့နှင့် ရေနွေးငွေ့သုံး ဓာတ်အားပေး စက်ရုံများဖြစ်သော လျော်ကား(Zeya & Associates) ၅၄.၅၅ မဂ္ဂါဝပ်၊ ရွာမ(UPP) ၅၂ မဂ္ဂါဝပ်၊ ရွာမ(EGAT)၂၄၀မဂ္ဂါဝပ်၊ သာကေတ(Myanmar Power Pte.) ၅၃.၆ မဂ္ဂါဝပ်၊အလုံ (Toyo Thai)၈၂ မဂ္ဂါဝပ် နှင့် နေရောင်ခြည်စွမ်းအင်ဖြစ်သော မင်းဘူး(FDI) ၅၀မဂ္ဂါဝပ်ကို တည်ဆောက်သွားမည်၊

(၂) တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ
- ကချင်ပြည်နယ်တွင် (၃) ခု
- ကယားပြည်နယ်တွင် (၁) ခု
- ကရင်ပြည်နယ်တွင် (၁) ခု
- ချင်းပြည်နယ်တွင် (၂) ခု
- စစ်ကိုင်းတိုင်းဒေသကြီးတွင် (၂) ခု
- တနင်္သာရီတိုင်းဒေသကြီးတွင် (၁) ခု
- ပဲခူးတိုင်းဒေသကြီးတွင် (၂) ခု
- မကွေးတိုင်းဒေသကြီးတွင် (၂) ခု

- မန္တလေးတိုင်းဒေသကြီးတွင် (၅) ခု
- မွန်ပြည်နယ်တွင် (၂) ခု
- ရခိုင်ပြည်နယ်တွင် (၆) ခု
- ရန်ကုန်တိုင်းဒေသကြီးတွင် (၂) ခု
- ရှမ်းပြည်နယ်တွင် (၅) ခု
- ဧရာဝတီတိုင်းဒေသကြီးတွင် (၄) ခု

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လျှပ်စစ်မောတ်အားကဏ္ဍ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရုပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျှပ်စစ်မောတ်အားကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အား အသုံးပြုရန် ရည်မှန်းချက်ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၂-၁၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အားအသုံးပြုရန် ရည်မှန်းချက်

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက်
၁		၂	၃	၄
		စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား	**ကီလိုဝပ်နာရီ သန်းပေါင်း**	**၁၄,၁၂၆.၀**
၁		**နိုင်ငံတိုင်း**	■	**၈,၃၁၆.၉**
	၁	စက်ရုံသုံး	■	၃.၀၈၃.၅
	၂	အိမ်သုံး	■	၃.၆၅၁.၃
	၃	ဆေးရုံ၊ရုံးကျောင်းစသည်များ	■	၁,၃၃၅.၃
	၄	အထွေထွေသုံး	■	၉၆.၀
	၅	ကုမ္ပဏီသို့ရောင်းချခြင်း	■	၁၄၆.၀
၂		**အဓိကယဇုံင်**	■	**၁.၄**
၃		**ပုဂ္ဂလိကဇုံင်**	■	**၅,၄၀၃.၃**

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတ သဘာဝဓာတ်ငွေ့သုံး တိုးချဲ့စက်ရုံများ ထပ်မံဖွင့်လှစ်၍ မဟာဓာတ်အားလိုင်း (National Grid)မှတဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၄,၁၂၆.၀ သန်း သုံးစွဲနိုင်မည်ဟု ရည်မှန်းထားပါသည်။ ကျေးရွာအလိုက် မီးလင်းရေး ဆောင်ရွက်ရာတွင် ဓာတ်အားစနစ်အတွင်းမှ ၄,၇၁၂ ရွာ အပါအဝင် စုစုပေါင်း ၂၂,၆၇၈ ရွာနှင့် ကျေးရွာအလိုက် မီးလင်းမှု ၃၄.၉ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ချမှတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ -

လုပ်ငန်းစဉ်များ

(၁) ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်သော အထက်ပေါင်းလောင်း၊ အထက်ဘီလူးချောင်း၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူဌေး၊ အထက်ကျိုင်းတောင်း၊ ဘီလူးချောင်း(၃) စီမံကိန်းများကို ဆက်လက် ဆောင်ရွက်သွားမည်။ ပြည်ပအကူအညီဖြင့် ဆောင်ရွက်မည့် အလယ်ပေါင်းလောင်း စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အကြိုလုပ်ငန်းများ ဆောင်ရွက်သွားမည်၊

(၂) ကျောက်ဖြူတွင် 50 MW Combined cycle power plant ၁ ရုံကို ဝန်ကြီးဌာနမှ တရုတ်ချေးငွေဖြင့် လည်းကောင်း၊ သထုံတွင် (120)MW Combined cycle power plant ၁ ရုံကို World Bank ချေးငွေဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်၊

(၃) ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံ စီမံကိန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အောက်ပါ အတိုင်းဆောင်ရွက်မည်-

ကချင်ပြည်နယ်	(၄) ခု
ကယားပြည်နယ်	(၄) ခု
ကရင်ပြည်နယ်	(၁) ခု
ချင်းပြည်နယ်	(၂) ခု
စစ်ကိုင်းတိုင်းဒေသကြီး	(၁) ခု
ပဲခူးတိုင်းဒေသကြီး	(၃) ခု
မကွေးတိုင်းဒေသကြီး	(၂) ခု
မန္တလေးတိုင်းဒေသကြီး	(၃) ခု
မွန်ပြည်နယ်	(၂) ခု
ရခိုင်ပြည်နယ်	(၁၂) ခု
ရန်ကုန်တိုင်းဒေသကြီး	(၂) ခု
ရှမ်းပြည်နယ်	(၄) ခု
ဧရာဝတီတိုင်းဒေသကြီး	(၂) ခု
နေပြည်တော်ကောင်စီနယ်မြေ	(၁) ခု
ပြည်ထောင်စု (ရုံးချုပ်)	(၁) ခု

(၄) တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် ဂျပန် ODA Loan (JICA) ချေးငွေဖြင့် ၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ် အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း မီးစက်များဖြင့် ဓာတ်အားပေးနေသော မြို့များရှိ နှစ်ကာလ ကြာမြင့်စွာ အသုံးပြု

ခဲ့ပြီး စက်စွမ်းအားကျနေသော ဒီဇယ်မီးစက်များ လဲလှယ်ရန် မီးစက် ၁၂၈ လုံးကိုဝယ်ယူခြင်း၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများအတွက် ချေးငွေကို အသုံးပြုသွားမည် ဖြစ်ပါသည်၊

(၅) ADB Loan ဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးများတွင် Losses ကျဆင်းရေးအတွက် ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းကြိုးများ လဲလှယ်ခြင်း လုပ်ငန်း၊ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်သွားပါမည်၊

(၆) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ -

- Hydro Lancang (China) မှ လော်ကားတွင် Combined cycle power plant (၁)ရုံ၊
- BKB (Korea) မှ သာကေတတွင် Combined cycle power plant (၁)ရုံ၊
- UREC (China) မှ သာကေတတွင် Combined cycle power plant (၁)ရုံ၊
- Myanmar Lighting မှ မော်လမြိုင်တွင် Combined cycle power plant (၁)ရုံ၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၂၉

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အား အသုံးပြုရန် ရည်မှန်းချက်ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၂-၁၂

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အားအသုံးပြုရန် ရည်မှန်းချက်

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက်
၁		၂	၃	၄
		စုစုပေါင်းအသုံးပြုဆောလျှပ်စစ်ဓာတ်အား	**တီလိုဝပ်နာရီဆန်းပေါင်း**	၁၇,၂၆၉.၄
၁		**နိုင်ငံတိုင်**	▪	၁၁,၅၉၁.၉
	၁	စက်ရုံသုံး	▪	၃,၆၉၉.၃
	၂	အိမ်သုံး	▪	၃,၀၇၈.၇
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	▪	၂,၃၀၀.၁
	၄	အထွေထွေသုံး	▪	၉၀.၄
	၅	ကုမ္ပဏီသို့ရောင်းချခြင်း	▪	၂,၃၂၂.၄
၂		**ဆဓဝါယမဝိုင်**	▪	၁.၄
၃		**ပုဂ္ဂလိကဝိုင်**	▪	၅,၆၇၆.၁

ဇာစ်မြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြစ်သော နိုင်ငံပိုင် ရွာမစက်ရုံ တိုးချဲ့ခြင်း၊ ပုဂ္ဂလိကပိုင် လှော်ကား၊ ရွာမ၊ အလုံ၊ သာကေတစက်ရုံများနှင့် တိုယိုထိုင်း ကုမ္ပဏီမှ အလုံရေနွေးငွေ့စက်ရုံတို့ကို ဖွင့်လှစ်မည်ဟု ရည်မှန်းထားပါသည်။ ထို့ပြင် ကချင်ပြည်နယ်ရှိ တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံ ပြန်လည်လည်ပတ်ရန် မျှော်မှန်းထားခြင်း၊ ဝန်ကြီးဌာနမှကိုယ်တိုင် ဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီးရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စက်ရုံ၊ တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် IPP စနစ်ဖြင့် ဆောင်ရွက်သော ကယားပြည်နယ်ရှိ ဘီလူးချောင်း(၃) ရေအားလျှပ်စစ်စက်ရုံ၊ ကချင်ပြည်နယ်ရှိ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ မြို့ကြီးရေအားလျှပ်စစ်စက်ရုံတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားပါသည်။ ထိုစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်း(National Grid) ပေါ်သို့တင်၍ တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ ပို့လွှတ်ဖြန့်ဖြူးပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၇,၂၆၉.၄ သန်းသုံးစွဲနိုင်မည်ဟု ရည်မှန်းထားပါသည်။ ကျေးရွာအလိုက် မီးလင်းရေး ဆောင်ရွက်ရာတွင် ၂၄,၃၉၀ ရွာအထိ မီးလင်းရန်နှင့် ကျေးရွာအလိုက်မီးလင်းမှု ၃၇.၆ ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်း တည်ဆောက်ရန် **အဆိုပြုထားသော သဘာဝဓာတ်ငွေ့သုံး** လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းများမှာ-

(၁) Reliance Fire System (မြန်မာ) + Colben System Pte.Ltd. (စင်္ကာပူ)မှ Floating Plant (၁)ရုံ

(၂) Green Power Myanmar မှ စက်ရုံ (၁)ရုံ

(၃) China Huadian Crop + BME မှGas Engine (၁)ရုံ

(၄) BSG(အစ္စရေး) မှ Floating Plant (၁)ရုံ

(၅) Be One Energy Co., မှ စက်ရုံ(၁)ရုံ

(၆) KHIDI (တရုတ်) မှ စက်ရုံ(၁)ရုံ စုစုပေါင်းစက်ရုံ(၆)ရုံ တည်ဆောက်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ချမှတ်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ -

လုပ်ငန်းစဉ်များ

(၁) ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူငြေး ၊ အထက်ကျိုင်းတောင်း ၊ အလယ်ပေါင်းလောင်း စီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်၊

(၂) တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ

- ချင်းပြည်နယ် (၁) ခု
- တနင်္သာရီတိုင်းဒေသကြီး (၁) ခု
- ပဲခူးတိုင်းဒေသကြီး (၁) ခု
- မကွေးတိုင်းဒေသကြီး (၁) ခု
- မန္တလေးတိုင်းဒေသကြီး (၃) ခု
- မွန် ပြည်နယ် (၁) ခု
- ရန်ကုန်တိုင်းဒေသကြီး (၆) ခု

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် လျှပ်စစ်ဓာတ်အားကဏ္ဍ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၀

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အား အသုံးပြုရန် ရည်မှန်းချက်ကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၂-၁၃

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း လျှပ်စစ်ဓာတ်အားအသုံးပြုရန် ရည်မှန်းချက်

အမှတ်စဉ်		အကြောင်းအရာ	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက်
၁		၂	၃	၄
		စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား	**တီလိုဝပ်နာရီ သန်းပေါင်း**	**၁၈,၆၂၀.၃**
၁		**နိုင်ငံတိုင်း**	**-**	**၁၂,၄၆၃.၃**
	၁	စက်ရုံသုံး	-	၄.၅၂၄.၈
	၂	အိမ်သုံး	-	၃.၃၃၈.၃
	၃	ဆေးရုံ၊ရုံး၊ကျောင်းစသည်များ	-	၂.၅၆၃.၆
	၄	အထွေထွေသုံး	-	၁၀၄.၅
	၅	ကုမ္ပဏီသို့ရောင်းချခြင်း	-	၁.၅၂၀.၃
၂		**အဓိပတိုင်**	**-**	**၁.၅**
၃		**ပဒေသိတိုင်**	**-**	**၆.၁၅၁.၃**

ဇယား။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်ရှိ အထက်ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ထပ်မံဖွင့်လှစ်ခြင်း၊ ကျေးရွာများ၌ အသေးစားရေအား၊ ဒီဇယ်၊ စပါးခွံလောင်စာ၊ နေရောင်ခြည်စွမ်းအင် (Solar System) တို့ဖြင့် လျှပ်စစ်မီးပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားခြင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် Diamond Palace Co., Ltd. မှ တည်ဆောက်သော ၂၅၀ မဂ္ဂါဝပ် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ပြီးစီးရန် ရည်မှန်းခြင်းတို့ကြောင့် ကီလိုဝပ်နာရီ ၁၈,၆၂၀.၇ သန်း သုံးစွဲရန် ရည်မှန်းထားပါသည်။ ကျေးရွာအလိုက် မီးလင်းရေးဆောင်ရွက်ရာတွင် ၂၆,၁၀၁ ရွာအထိ မီးလင်းရန် နှင့် ကျေးရွာ အလိုက် မီးလင်းမှု ၄၀.၇ ရာခိုင်နှုန်း ရရှိရန်ရည်မှန်းထားပါသည်။

၂-၆။ သတ္တု (သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက်မှုများကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ရေး)

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပစ္စည်း ကြွယ်ဝသည့်နိုင်ငံ ဖြစ်သည်နှင့်အညီ အရှေ့ဘက် တောင်တန်းဒေသတွင် ခဲ၊ သွပ်၊ ကြေးနီ၊ ငွေ၊ ခဲမဖြူ၊အဖြိုက်နက်၊ခနောက်စိမ်းနှင့်သံများ၊ အလယ်ပိုင်း ရပ်ဝန်းတွင် ကြေးနီ၊ ရွှေ၊ ကျောက်မီးသွေး၊ အနောက်ဘက် တောင်တန်းဒေသတွင် နီကယ်၊ ခရိုမိယမ်၊ ပလက်တီနမ်အုပ်စု ပါဝင်သောသတ္တုကြောများ ရှိနေပါသည်။ သတ္တုထွက်ရှိနိုင်သည့် အလားအလာ မြင့်မား၍ နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများကို သတ္တုကဏ္ဍမှ ရှာဖွေပေးလျက် ရှိပါသည်။

မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ကို ဖော်ပြအပ် ပါသည်-

မူဝါဒများ

(၁) နိုင်ငံတော်၏ ဓာတ်သတ္တုသိုက်များအား ရှာဖွေဖော်ထုတ်၍ ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်ပြီး လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ် နိုင်ရေးသို့ ရှေ့ရှု ဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တု ထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တု ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာ ပေါ်ပေါက်ပြီး ထိုက်သင့် သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှ တင်သွင်းရသည့် ဓာတ်သတ္တု များကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏လုံခြုံရေးနှင့် စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တု များကို စနစ်တကျ ထုတ်လုပ် စုဆောင်းထားရှိသွားရေး၊

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် လူမှုပတ်ဝန်းကျင် ထိခိုက် ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး၊

(ဂ) မြန်မာ့ပုလဲများကို ပိုမိုမွေးမြူထုတ်လုပ်ရေးနှင့် နိုင်ငံတကာဈေးကွက်သို့ တိုးတက် ရောင်းချနိုင်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရေး၊

(ဃ) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေး ဆောင်ရွက်ရာ၌ လက်လုပ်လက်စား (တစ်ပိုင်တစ်နိုင်) ဓာတ်သတ္တုထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာထောက်ပံ့အားပေး ဆောင်ရွက်ရေး။

ရည်မှန်းချက်များ

(၁) ပန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေးအတွက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေ ထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုရေး ဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့်ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းသို့ ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တု ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများ ပံ့ပိုးခြင်းကို တိုးမြှင့် ဆောင်ရွက်ရန်၊

(၄) မြန်မာနိုင်ငံအတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရရှိနိုင်ရေး နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် မြန်မာ့ပုလဲများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၆) နိုင်ငံတော်ရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာ စားသုံးနိုင်ရန် ထုတ်လုပ်မှုကို တိုးမြှင့် ဆောင်ရွက် လာရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(၇) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု မရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်ရန်။

လုပ်ငန်းစဉ်များ

(၁) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့်သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်၊

(၂) ပြည်တွင်း/ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ် သတ္တုတွင်း များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်၊

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသား ဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက်မည်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်း ရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်၊

(၆) မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အနည်းဆုံး တစ်နှစ်လျှင် (၂) ကြိမ် ကျင်းပရောင်းချ နိုင်ရေး ဆောင်ရွက်မည်၊

(၇) ပုလဲအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေး သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် တိုးချဲ့ ရောင်းချနိုင်ရေး ဆောင်ရွက်မည်၊

(၈) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားထုတ်လုပ်မှု တိုးတက်လာစေရန် ဦးတည် ဆောင်ရွက်မည်။

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ရည်မှန်းထားသည့် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးများ ကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

ပထမ (၅) နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) တွင်သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၁၀.၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄၇၅,၂၃၆.၅ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅၄၄,၇၀၆.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၀၈,၅၁၇.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂၄.၆ ရာခိုင်နှုန်း တိုးတက် ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၁၀,၃၄၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ်၇၇၁,၆၈၀.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏
တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ဇယားဖြင့်ဖော်ပြပါသည်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းချက်

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
၁	ရွှေ	ထရိုင်အောင်စ	၂၇,၃၂၇
၂	သံမဏိတုံး	မ/တန်	၉၁,၄၀၈
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၄၈,၀၁၅
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၄,၀၀၅
၅	ကျောက်မီးသွေး	တန်	၅၈၃,၁၁၂

ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကချင်ပြည်နယ်၌ကျောက်စိမ်းနှင့် သံသတ္တုရိုင်းထုတ်လုပ်မှုများ၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ရွှေနှင့် ကြေးနီသတ္တုစင် ထုတ်လုပ်မှုများ၊ မန္တလေးတိုင်းဒေသကြီး၌ ခဲနှင့်ရောရာသတ္တုရိုင်းများ၊ ခနောက်စိမ်းသတ္တုရိုင်းနှင့် သံမဏိတုံး ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု ရည်မှန်းထားခြင်း ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယား။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက် ပစ္စည်းများ ထုတ်လုပ်မှုကိုဇယားဖြင့်ဖော်ပြပါသည်-

ဇယား ၂-၁၅

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းချက်

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
၁	ရွှေ	ထရိုင်အောင်စ	၂၇,၆၁၁
၂	သံမဏိတုံး	မ/တန်	၉၇,၃၀၁
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၅၂,၁၃၆
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၃,၇၈၉
၅	ကျောက်မီးသွေး	တန်	၅၆၆,၀၄၄

ဇယား။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် ကချင်ပြည်နယ်၌ ကျောက်စိမ်း၊ ရွှေနှင့် သံ သတ္တုရိုင်းထုတ်လုပ်မှုများ၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ရွှေထုတ်လုပ်မှုများ၊ မန္တလေးတိုင်းဒေသကြီး၌ ကျောက်မျက်ရတနာ၊ ရွှေ၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း၊ ခဲနှင့်ရောရာသတ္တုရိုင်းများနှင့် သံမဏိတုံးထုတ်လုပ်မှုများ၊ ရှမ်းပြည်နယ်၌ ခဲနှင့်ရောရာသတ္တုရိုင်းများ၊ သွပ်နှင့်ရောရာသတ္တုရိုင်းများ တိုးမြှင့် ထုတ်လုပ်နိုင်မည်ဟု ရည်မှန်းထားခြင်း ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏
တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားစဉ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး / ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုကိုဇယားဖြင့်ဖော်ပြပါသည်-

ဇယား ၂-၁၆

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏
ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းချက်

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
၁	ရွှေ	ထရိုင်အောင်စ	၇၀,၁၇၁
၂	သံမဏိတုံး	မ/တန်	၉၄,၃၀၁
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၅၆,၁၈၃
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၅,၂၃၁
၅	ကျောက်မီးသွေး	တန်	၁,၀၃၄,၈၇၄
၆	ဖယ်ရိုနီကယ်	မ/တန်	၁,၈၆၉

ဓာတ်မြေစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်း တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးများတွင် ရွှေသတ္တုလုပ်ကွက်များ ပိုမိုတွေ့ရှိလာ၍ ထုတ်လုပ်နိုင်မည်ဟုခန့်မှန်း ထားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ဖယ်ရိုနီကယ်ထုတ်လုပ်မှုကို စီးပွားဖြစ် ထုတ်လုပ် နိုင်မည်ဟု ခန့်မှန်းထားခြင်းတို့ကြောင့် တိုးမြှင့် ရည်မှန်းထားခြင်း ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားစဉ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ဇယားဖြင့် ဖော်ပြပါသည်-

ဇယား ၂-၁၇

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရန် ရည်မှန်းချက်

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်
၁	ရွှေ	ထရိုင်အောင်စ	၇၅,၁၀၁
၂	သံမဏိတုံး	မ/တန်	၉၄,၃၀၁
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၂၅,၆၀၉
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၃,၇၄၁
၅	ကျောက်မီးသွေး	တန်	၉၅၁,၈၄၂
၆	ဖယ်ရိုနီကယ်	မ/တန်	၂,၆၀၀

ဇယားစဉ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်တွင် ရွှေထုတ်လုပ်မှုများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် အသေးစားရွှေလုပ်ကွက်များ၊ မန္တလေးတိုင်းဒေသကြီးတွင် (ဖယောင်းတောင်) ရွှေသတ္တုလုပ်ကွက်များမှ ပိုမိုထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖယ်ရိုနီကယ်ထုတ်လုပ်မှုကို စီးပွားဖြစ်ပိုမိုထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားခြင်းတို့ကြောင့် တိုးမြှင့်ရည်မှန်းထားခြင်း ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

အောက်ပါလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်-

(၁) စီမံကိန်းလျာထားချက်နှင့်အညီ ဓာတ်သတ္တုများ တိုးတက်ထုတ်လုပ်နိုင်ရေးအလေး ထား ဆောင်ရွက်မည်၊

(၂) သတ္တုတွင်းသစ်များ တိုးချဲ့ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်မွမ်းမံ၍ အရည်အသွေး မြှင့်တင်နိုင်ရေးဆောင်ရွက်မည်၊

(၃) သတ္တုသိုက်များ၏ တန်ချိန်ပမာဏနှင့် အရည်အသွေးများကို တွက်ချက်ဖော်ထုတ်မည်၊

(၄) ဘိလပ်မြေစက်ရုံများအတွက် ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ကျောက်မီးသွေးတို့ကို စက်ရုံတည်ဆောက် လုပ်ကိုင်လိုသည့် ပုဂ္ဂလိက လုပ်ငန်းရှင် များအား ဦးစားပေး၍ လုပ်ပိုင်ခွင့်များ တိုးမြှင့်ချထားပေးမည်၊

(၅) ကလေးဝမြို့နယ်၊ ကလေးမြို့နယ်နှင့် မော်လိုက်မြို့နယ် တစ်ဝိုက်ရှိ ကျောက်မီးသွေးသိုက်များကို Coal Mining Group ဖွဲ့စည်း၍ ဘိလပ်မြေစက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တကောင်းတောင် နိကယ်စီမံကိန်းတို့အား ဦးစားပေး အစီအစဉ်အလိုက် ဖြန့်ဝေရောင်းချပေးမည်၊

(၆) ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ ဧရိယာ ၂,၀၄၈ စတုရန်း ကီလိုမီတာ အတွင်း ဘူမိဗေဒမြေပုံရေးဆွဲခြင်း လုပ်ငန်းဆောင်ရွက်မည်၊

(၇) အကျိုးတူဖက်စပ် ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်ကွက်များ၏ နည်းပညာနှင့် အခြားလိုအပ်ချက်များကို ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် လုပ်ငန်းများတိုးတက် အောင်မြင်စေရန် ဆောင်ရွက်မည်၊

(၈) ရန်ကုန်နှင့် မန္တလေးတို့တွင် ကျောက်မျက်ရတနာ အချောထည်ဈေးကွက် နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖွံ့ဖြိုး ဖြစ်ထွန်းအောင် ဆောင်ရွက်မည်၊

(၉) ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်း ပေါများစေရန် မိုးကုတ် ရတနာမြေတွင် လုပ်ကွက်များ ချထားဆောင်ရွက်ပေးမည်၊

(၁၀) အရည်အသွေးကောင်းပုလဲများ ပိုမိုထုတ်လုပ်နိုင်ရန် ပင်လယ်ကြမ်းပြင်တွင် ချထား မွေးမြူသည့်စနစ် (Seabed Cultured System) မှ မုတ်ကောင်များ အစာရေစာ ကြွယ်ဝစွာ စားသုံးရပြီး နွေးထွေးသော အပူချိန်ရရှိသည့် ရေပြင်ဘောတန်း မွေးမြူသည့်စနစ် (Surface Longline Cultured System) သို့ ပြောင်းလဲကျင့်သုံးမည်၊

(၁၁) ဝတ်ဆံသွင်းရာ၌ မြန်မာနိုင်ငံတွင် အသုံးပြုသောမုတ်ကောင်နှင့် လိုက်လျောညီထွေရှိသည့် ခေတ်မီနည်းစနစ် (Homo Grafting Method) ကို အသုံးပြုလျက်ရှိရာ အဆိုပါနည်းစနစ်အား ပိုမိုတိုးတက်ကောင်းမွန်အောင် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်မည်၊

(၁၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်မည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏
တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ရွေးချယ်ထားသော သတ္တုနှင့် တွင်းထွက်ပစ္စည်းများထုတ်လုပ်မှုကို ဇယားဖြင့် ဖော်ပြပါသည်-

စဉ်	အမျိုးအမည်	ရေတွက်ပုံ	စီမံကိန်းရည်မှန်းချက် အရေအတွက်
၁	ရွှေ	ထရိုင်အောင်စ	၉၇,၈၁၁
၂	သံမဏိတုံး	မ/တန်	၉၇,၃၀၁
၃	ကျောက်စိမ်း	ကီလို(၀၀၀)	၂၅,၆၃၄
၄	ကျောက်မျက်	ကရက်(၀၀၀)	၁၆,၃၃၉
၅	ကျောက်မီးသွေး	တန်	၁,၁၂၆,၄၂၇
၆	ဖယ်ရိုနီကယ်	မ/တန်	၈,၁၆၇

ဇယား။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိစီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းရည်မှန်းချက်တွင် ရွှေထုတ်လုပ်မှုများကို ကချင်ပြည်နယ်၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားရွှေသတ္တုလုပ်ကွက်များ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ရွှေလုပ်ကွက်များတွင် ရွှေသတ္တုများ ပိုမိုတွေ့ရှိလာ၍ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားခြင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်မျက်ရတနာများ ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းထားခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖယ်ရိုနီကယ်ထုတ်လုပ်မှု အရှိန်ရရှိပြီး စီးပွားဖြစ်ပိုမိုထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားခြင်းတို့ကြောင့် တိုးမြှင့်ရည်မှန်းထားခြင်း ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

(၁) အလားအလာကောင်းသော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အား ဦးစားပေးနယ်ပယ်ဒေသအဖြစ် သတ်မှတ်ဆောင်ရွက်ပါမည်၊

(၂) အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ ကြေးနီ၊ ခနောက်စိမ်း၊ သွပ်သတ္တုများကို ဦးစားပေး ထုတ်လုပ်ရန်ဆောင်ရွက်သွားမည်။ ကြေးနီနှင့်ရောရာသတ္တုရိုင်း ၂၀,၅၄၅ မက်ထရစ် တန်၊ ခနောက်စိမ်းသတ္တုသန့်စင် ၂,၉၇၀ မက်ထရစ်တန်နှင့် သွပ်နှင့် ရောရာသတ္တုရိုင်း ၃၃,၇၆၄ မက်ထရစ်တန် ထုတ်လုပ်ဆောင်ရွက်သွားမည်။ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် တိုင်းဒေသကြီးနှင့်

ပြည်နယ် ၉ ခု ၌ ကုမ္ပဏီ ၉၃ ခုတို့မှ အကြီးစား လုပ်ကွက် ၅ ကွက်၊ အသေးစားလုပ်ကွက် ၈၈ ကွက်၊ စုစုပေါင်း ၉၃ ကွက်တွင် ဖက်စပ်လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်၊

(၃) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းအနေဖြင့် ရွှေသတ္တုအဓိက ဖြစ်ထွန်းမှုရှိသော စစ်ကိုင်းတိုင်းဒေသကြီးရှိ ဗန်းမောက်ဒေသအား ဦးစားပေးအစီအစဉ်အဖြစ် စမ်းသပ်တိုင်းတာလျက် ရှိပါသည်။ ခဲမဖြူအဖြိုက်နက်သတ္တုတွင် ၁,၈၉၆ မက်ထရစ်တန်၊ ရွှေသတ္တုတွင် ၉၇,၈၁၁ ထရိုင်အောင်စကို ဦးစားပေး ထုတ်လုပ် ဆောင်ရွက်သွားမည်။ ခဲမဖြူအဖြိုက်နက်ရိုးလိုက်ရောရာ ထုတ်လုပ်ရန် အကြီးစားပြည်ပဖက်စပ် ၁ ခု၊ အကြီးစားပြည်တွင်းဖက်စပ် ၇ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားလုပ်ကွက် ၈၆ ကွက်၊ စုစုပေါင်း ၉၄ ကွက်၊ရွှေသတ္တုအနေဖြင့် အကြီးစားပြည်တွင်းဖက်စပ် ၆ ခု၊ အသေးစားဖက်စပ်လုပ်ကွက် ၅၁၂ ကွက်၊ စုစုပေါင်း ၅၁၈ ကွက် ဆောင်ရွက်မည် ဖြစ်ပါသည်၊

(၄) အမှတ်(၃)သတ္တုတွင်းလုပ်ငန်းအနေဖြင့် ဖယ်ရိုနီကယ်၊ မာဘယ် (အလှဆင်ကျောက်)၊ မင်းဂနီးဒိုင်အောက်ဆိုဒ်နှင့် သလင်းကျောက်တို့ကို ဦးစားပေး အစီအစဉ်အဖြစ် ထုတ်လုပ်ရန် ဆောင်ရွက်သွားပါမည်။ ဖယ်ရိုနီကယ် ၈,၁၆၇ မက်ထရစ်တန်၊ မာဘယ်အလှဆင်ကျောက် မက်ထရစ်တန် ၁၅,၇၅၀၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ် ၄၁,၀၁၃ မက်ထရစ်တန်၊ သလင်းကျောက် မက်ထရစ်တန် ၅၃,၅၀၀ ကို ဦးစားပေး ထုတ်လုပ်မည် ဖြစ်ပါသည်၊

(၅) မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း အနေဖြင့် ကျောက်စိမ်း ၂၂,၉၈၃ ကီလိုထောင်၊ ကျောက်မျက် ၁၀,၇၂၈ ကရက်ထောင်ကို ဦးစားပေး ထုတ်လုပ်သွားမည်၊

(၆) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပုလဲ ၃၂၄,၃၃၃ မိုမီ နှင့် မုတ်ခွံ ၁၁၉ တန်ကို ဦးစားပေး ထုတ်လုပ် ဆောင်ရွက်သွားမည်၊

(၇) မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း မှ ပုဂ္ဂလိကထုတ်လုပ်သော ကုမ္ပဏီများအား ဆားကြမ်း၊ ဆားချော၊ အိုင်အိုဒင်းဆား နှင့် ဓါတ်ဆားမှုန့်ထုတ် ၄.၈၆ သန်းကို ဦးစားပေး ထုတ်လုပ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှု ဖြစ်ရေး

(၁) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက် ယိုယွင်းပျက်စီးမှု မရှိစေရန်အတွက် ဦးစီးဌာန/လုပ်ငန်းအသီးသီးမှ ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းပြီး၊ သတ္တုတွင်းများနှင့် သတ္တုသန့်စင် စက်ရုံများသို့ သွားရောက် စစ်ဆေးမည် ဖြစ်ပါသည်။

(၂) ဓာတ်သတ္တုနှင့်ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများတွင် စွန့်ပစ်မြေစာများအား သတ်မှတ်နေရာတွင် စွန့်ပစ်ခြင်း၊ ပျက်စီးသွားသည့် မြေမျက်နှာပြင်များအား ပြန်လည်ပြုပြင်ခြင်း/စိုက်ပျိုးခြင်း၊ လုပ်ကွက်အတွင်းမှ ဖုန်မှုန့်များ ပတ်ဝန်းကျင်သို့ မပျံ့လွင့်စေရန် ရေဖြန်းစေခြင်း၊ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန်နှင့် ထိန်းသိမ်းနိုင်ရန်အတွက် လုပ်သားများအား သင်တန်းပို့ချခြင်းနှင့် Media များမှတဆင့် အသိပညာပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

(၃) ဓာတ်သတ္တုထုတ်လုပ်သည့် စက်ရုံများမှ စွန့်ပစ်အရည်များ အနယ်ထိုင်ကန်အတွင်း အနယ်ထိုင်စေပြီးမှ စွန့်ပစ်ခြင်း၊ မြစ်ချောင်းများ ရေထုမညစ်ညမ်းစေရန်ကာကွယ်ခြင်း၊ ဓာတုဗေဒဓာတ်ဆေးပါသောအရည်များ ပြင်ပသို့ မစွန့်ပစ်ဘဲ ရေပြန်စနစ်ဖြင့် အသုံးပြုစေခြင်း၊ စက်ရုံမှထွက်သော ဖုန်မှုန့်များအား ပြင်ပသို့ မပျံ့လွင့်စေရန် ဖုန်စုပ်ကိရိယာများ အသုံးပြုစေခြင်း၊ အဆိပ်ပါသောဓာတ်ငွေ့များ လေထုအတွင်းမပျံ့စေရန် (Scrubbing Tower) အတွင်းဖြတ်သန်းစေခြင်းဖြင့် ကာကွယ်ခြင်းများဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း သဘာဝ ပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်၊ ကျန်းမာရေးထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ချက်များ

(၁) သတ္တုတွင်းဝန်ကြီးဌာနသည် သတ္တုတူးဖော်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ကြိုးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၂) ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ခွင့် စတင်လျှောက်ထားစဉ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း Environmental Impact Assessment (EIA)၊ လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း Social Impact Assessment (SIA)၊ ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ခြင်း Health

Impact Assessment (HIA) အစီရင်ခံစာများ တင်ပြစေပြီးမှသာ သတ္တုတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်ပြီး လုပ်ငန်းစီမံချက်များ တင်ပြရာတွင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုစီမံချက် Environmental Management Plan (EMP)၊ မိုင်းပိတ်သိမ်းမှုစီမံချက် (Mine Closure Plan) များ ရေးဆွဲတင်ပြရမည် ဖြစ်ပါသည်။

(၃) ဓာတ်သတ္တုတူးဖော်ရင်းနှီးမြှုပ်နှံသူများသည် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးရန်နှင့် ထိခိုက်မှုများ လျော့ပါးသက်သာစေရန် လူမှုရေးတာဝန်ခံမှုများ (CSR-Corporate Social Responsibility) ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူမှုရေးတာဝန်ခံမှု(CSR-Corporate Social Responsibility) အရ ရင်းနှီးမြှုပ်နှံသူများသည် လူမှုစီးပွားဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေများ (Socio Economic Development Fund and Environmental Conservation Fund) ထည့်ဝင်ရမည်ဖြစ်ပြီး၊ ဒေသခံများဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကမ္ဘာနှင့်အဝှမ်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း သတ္တုတူးဖော်သည့်လုပ်ငန်းခွင်တိုင်း၊ ဆင့်တက်ပြုပြင်သည့်စက်ရုံ၊ အလုပ်ရုံတိုင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်၍ ဒေသအသိုးသီးတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို စဉ်ဆက်မပြတ် စိစစ်ကြီးကြပ် ကွပ်ကဲဆောင်ရွက်ခြင်းဖြင့် စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂-၇။ ဆောက်လုပ်ရေး (ခေတ်မီလမ်းတံတားများ ဖြစ်ထွန်း ပေါ်ပေါက်ရေး)

မြန်မာနိုင်ငံသည် လူဦးရေ ၁,၃၄၄ သန်းရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လူဦးရေ ၁,၂၄၂ သန်းရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေသန်းပေါင်း ၅၀၀ ကျော် ရှိသည့် အာဆီယံဒေသကြီးနှင့် ဆက်စပ်တည်ရှိလျက်ရှိပါသည်။ ယခုကာလသည် အာဆီယံဒေသကြီး တစ်ခုလုံး ၂၀၁၅ ခုနှစ်တွင် (FREE TRADE AREA) အဖြစ် ရောက်ရှိရေး ကြိုးပမ်းအကောင်အထည်ဖော်နေသည့် ကာလဖြစ်သည်။ မြန်မာနိုင်ငံသည် အနောက်ဘက်နှင့် တောင်ဘက်ပိုင်းတို့တွင် ရှည်လျားသည့် ကမ်းရိုးတန်းများတည်ရှိပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကျောက်ဖြူရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ သီလဝါ ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင်လည်း ဆိပ်ကမ်းသစ်များ အကောင်အထည်ဖော်ရေး ကြိုးပမ်းလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်းရှိ လမ်း၊တံတားများကို ဖော်ပြပါဒေသကြီးများ၊ ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်တို့နှင့် ဆက်စပ်တည်ဆောက်ပေးခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းအင်အားကြီးနိုင်ငံများ တိုက်ရိုက်ကူးသန်းရောင်းဝယ်နိုင်မည် ဖြစ်သကဲ့သို့ ဘက်စုံကြားခံ ကုန်သွယ်ပို့ဆောင်ရေး (Multimodel Transit Transport) လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်မှ မျှော်မှန်းသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ရရှိမည် ဖြစ်ပါသည်။

နိုင်ငံတစ်ဝှမ်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ရေး၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လက်ရှိအနေအထားအရ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာငွေကြေးအားနည်းမှုရှိခြင်း၊ နည်းပညာအားနည်းမှုရှိခြင်း၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း အားနည်းခြင်းနှင့် အများပြည်သူ ပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ ဆောက်လုပ်မှုကဏ္ဍနှင့် ပတ်သက်သောဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကဲ့သို့ စိန်ခေါ်မှုများ ရှိနေပါသည်။

မူဝါဒ၊ ရည်မှန်းချက်

ဆောက်လုပ်မှုကဏ္ဍအနေဖြင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွက် အကောင်အထည်ဖော်မည့် မူဝါဒ ရည်မှန်းချက်များကိုလည်း ချမှတ်ထားပါသည်။

မူဝါဒများ

(၁) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိ လမ်းများကို နိုင်ငံတကာ အဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊

(၂) မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံတကာဆက်သွယ်မှု လမ်းကြောင်းများရှိ ၂၀၃၀ ခုနှစ် နှစ်ရှည် စီမံကိန်းပြီးဆုံးချိန်တွင် တစ်ရက်ပျမ်းမျှယာဉ်စီးရေ ၅၀၀၀ အထက်ကျော်သည့် လမ်းများအား ၇၂ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၂,၀၀၀ မှ ၅,၀၀၀ အတွင်းရှိ လမ်းများအား ၄၈ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၀၀ မှ ၂,၀၀၀ အတွင်းရှိ လမ်းများအား ၂၄ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ ၅၀ မှ ၅၀၀ အတွင်းရှိ လမ်းများအား ၁၈ ပေအကျယ် ကတ္တရာလမ်း၊ တစ်ရက် ပျမ်းမျှ ယာဉ်စီးရေ ၅၀ အောက်လျော့နည်းသည့် လမ်းများအား ၁၂ ပေ အကျယ် ကတ္တရာလမ်း အဖြစ် ဆောင်ရွက်ရေး၊

(၃) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်း အကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်း တံတားများအဖြစ် တည်ဆောက်ရေးနှင့် လမ်းအဆင့်များကို တိုးတက်အောင် ရည်မှန်းချက်ထား ဆောင်ရွက်မည်ဖြစ်၍ နှစ်စဉ် ၂ ရာခိုင်နှုန်း တိုးတက်ဆောင်ရွက်ရေး၊

(၄) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်းဆောင်ရွက်မှုနှင့် ပစ္စည်းဝယ်ယူမှုများကို (Open Tender) စနစ်ဖြင့် ဆောင်ရွက်ရန်နှင့် အဂတိလိုက်စားမှု ကင်းရှင်းစေရန် ပညာပေးမှု၊ အရေးယူမှု များကို အလေးထား ဆောင်ရွက်ရေး၊

(၅) ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသောအင်ဂျင်နီယာများသည် ကမ္ဘာ့အဆင့်မီ နည်းပညာများ တတ်ကျွမ်းစေရန် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြည်တွင်း၊ ပြည်ပပညာသင်ကြားရေး အစီအစဉ်များဖြင့် အရည်အသွေးမြှင့်တင်ရန်နှင့် IT နည်းပညာရပ်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ရေး၊

(၆) P.P.P (Public Private Partnership) အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ B.O.T စနစ်ဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်းပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း၊ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက် ပေးသွားရေး၊

(၇) နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI (Foreign Direct Investment) များဖိတ်ခေါ်၍ ပြည်တွင်းတွင် လမ်း၊ တံတားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ADB (Asia Development Bank)၊ ကမ္ဘာ့ဘဏ် (World Bank) ချေးငွေများဖြင့် လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့ (AID)၊ ချေးငွေ (LOAN) များရရှိအောင် ဆောင်ရွက်ရေး၊

(၈) ဆင်းရဲနွမ်းပါးမှုလျော့ကျရေးရည်မှန်းချက်ကို အထောက်အကူပြုစေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်ရန် လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရေး။

ဆောက်လုပ်မှုကဏ္ဍ၏ ပထမ (၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးများကို ပုံဂရပ်ဖြင့် ဖော်ပြထားပါသည်။

ပုံ ၂-၃၇
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ဆောက်လုပ်မှုကဏ္ဍ၏ စုစုပေါင်းဆောက်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) တွင် ဆောက်လုပ်မှုကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းဆောက်လုပ်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်း အရ ကျပ် ၂,၀၅၁,၅၇၇.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်း အရ ကျပ် ၂,၁၂၉,၃၁၆.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်း အရ ကျပ် ၂,၆၉၆,၀၃၇.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်း အရ ကျပ် ၃,၄၈၀,၆၁၈.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်း အရ ကျပ် ၃,၈၅၇,၈၇၄.၉ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အတွက် ရည်မှန်းချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံတကာဆက်သွယ်မှု လမ်း ၃ လမ်း၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ၂၉ လမ်း၊

(၃) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်း လမ်းသစ် ၂၀ တို့ကို ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် ရောက်ရှိရန်၊

(၄) ၎င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း ၂၇၇ စင်းကို ၂ လမ်းသွား ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့် ဆောင်ရွက်ရန်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြွန်ရှည်တံတား၊ ရွှေစမ်းချောင်းတံတား၊ လွှာချောင်းတံတား၊ ကျောင်းဂမော်တံတား၊ စွန်ရဲမြစ်ကူးတံတား၊ စော်ကဲတံတား၊ မင်းတုန်းချောင်းတံတား၊ သက္ကယ်ချောင်းတံတား၊ ဟိုင်းကြီးကျွန်းတံတား၊ ကင်းချောင်း

တံတား၊ နမ့်မိတ် ချောင်းတံတား၊ စင်းခန်းတံတား၊ မူလာရှီဒီးတံတား၊ ဧရာဝတီ တံတား(မလွန်)၊ ဧရာဝတီ တံတား(ညောင်တုန်း) အပါအဝင် တံတားများတည်ဆောက်ခြင်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း၊ ပဒါန်း-စေတုတ္တရာ-ဂန့်ဂေါ-ကလေးလမ်း၊ မိုင်းပန်-မုံးထော်-မုံးထလမ်း၊ မိုင်းနောင်-မုန်းဆန်လမ်း၊ မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်း၊ ရန်ကုန်-စစ်တွေလမ်းအပါအဝင် လမ်းများဖောက်လုပ်ခြင်း၊ တိုးတက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက် မည်ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၈

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက်ရည်မှန်းချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံတကာဆက်သွယ်မှု လမ်း ၆ လမ်း ဖောက်လုပ်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ၃၃ လမ်း ဖောက်လုပ်ရန်၊

(၃) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်း လမ်းသစ် ၂၀ တို့ကို ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် ဖောက်လုပ်ရန်၊

(၄) ၎င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ်စုစုပေါင်း ၁၁၈၅စင်းကို ၂လမ်းသွား ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့် ဆောင်ရွက်ရန်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လှိုင်းဘွဲ့တံတား၊ မချမ်းဘောတံတား၊ မူးမြစ်ကူးတံတား၊ နံသာတံတား၊ တုံစီတံတား၊ ပုလောတံတား၊ မဒေါက်တံတား၊ ပင်းချောင်းတံတား၊ ဆားဗွက်ချောင်းတံတားအပါအဝင်တံတားများ တည်ဆောက်ခြင်း၊ မန္တလေး-တကောင်း-ဗန်းမော်မဟာဗျူဟာလမ်း၊ ပခုက္ကူ-မြို့ရွာင်လမ်း၊ နမ့်ဆန်-မန်စံလမ်း၊ ကောလင်း-တောင်မော်လမ်း၊ ခန္တီး-ဖားလမုန်း-တာမခန်-ဖားကန့်လမ်း၊ ကသာ-ဗန်းမော်လမ်း (ကသာ-စင်းခန်း)၊ ထီလုံ-တာပေါင်း-ပတ-နဘူး-အောက်ဗိုလ်တဲလမ်းအပါအဝင် လမ်းများဖောက်လုပ်ခြင်း၊ တိုးတက်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၃၉

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

(၁) နိုင်ငံတကာဆက်သွယ်မှု လမ်း ၁၅ လမ်းကို ၂၄ ပေအကျယ် ကတ္တရာလမ်း အဆင့် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ၄၄လမ်းကို ဖောက်လုပ်ရန်၊

(၃) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းသစ် ၁၈ လမ်း တို့ကို ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်၊

(၄) ၎င်းလမ်းမကြီးများပေါ်ရှိတံတားကြီးငယ်စုစုပေါင်း ၁၄၇၆ စင်းကို ၂လမ်းသွား ၂၄ ပေ အကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ လမ်းတံတားဦးစီးမှ လုပ်ငန်းစီမံကိန်းသစ်များကို ဆောင်ရွက်သွားမည် ဖြစ်ရာ ပေ ၁၀၀၀ အထက် တံတားများဖြစ်သော သံလွင်တံတား(ဖားဆောင်း)၊အမှတ်(၁) ပေါက် (အုန်းတော) တံတား၊ အမှတ်(၂) ပေါက် (ရေပြာ) တံတား၊ ဘုရင့်နောင်တံတား၊ မဲခေါင်မြစ် ကူးတံတား (မြန်မာ- လာအို ချစ်ကြည်ရေး တံတား) နှင့် ပေ ၅၀၁ မှ ပေ ၁၀၀၀ အထိ တံတားဖြစ်သော တဝမ်တံတား၊ သမရိုးတံတားနှင့် ရေဖြူတံတားများကို တည်ဆောက်မည် ဖြစ်ပါသည်။ ထို့အပြင် ပေ ၁၈၀ အောက် တံတား ၇၂ စင်း နှင့် ပေ ၁၈၀ မှ ပေ ၅၀၀ အထိ တံတား ၁၆ စင်း ကိုလည်း တည်ဆောက်မည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၄၀

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အဓိကသားစီမံကိန်းရည်မှန်းချက်များ

(၁) နိုင်ငံတကာဆက်သွယ်မှု လမ်း ၁၅ လမ်းကို ၂၄ ပေ အကျယ် ကတ္တရာလမ်း အဆင့် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ၃၅ လမ်းအား ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်၊

(၃) ၎င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း ၂၂၆ စင်းကို ၂ လမ်းသွား ၂၄ ပေ အကျယ် သံကူကွန်ကရစ် တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ လမ်းတံတားဦးစီးမှ လုပ်ငန်းစီမံကိန်းသစ်များကို ဆောင်ရွက်သွားမည် ဖြစ်ရာ

ပေ ၁၀၀၀ အထက် တံတားများဖြစ်သော ချင်းတွင်းတံတား(ကလေး၀)၊ သမုတ်မြစ်ကူးတံတား၊ သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)၊ ကုက္ကိုဝတံတား နှင့် ပေ ၅၀၁ မှ ပေ ၁၀၀၀ အထိ တံတားဖြစ်သော သာကေတ တံတားတို့ကို တည်ဆောက်မည် ဖြစ်ပါသည်။ ထို့အပြင် ပေ ၁၈၀ အောက်တံတား ၉၈ စင်းနှင့် ပေ ၁၈၀ မှ ပေ ၅၀၀ အထိ တံတား ၁၄ စင်းကိုလည်း တည်ဆောက်မည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များ အလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၄၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယား-၂.၁၂ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

(၁) နိုင်ငံတကာဆက်သွယ်မှု လမ်း ၁၅ လမ်းကို ၂၄ ပေ အကျယ် ကတ္တရာလမ်း အဆင့် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ ၃၅လမ်း၊ ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်၊

(၃) ၎င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း ၇၁၉ စင်းကို ၂ လမ်းသွား ၂၄ ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

မန္တလေး-ရွှေဘိုမြစ်ကြီးနားလမ်း၊ ဘုရားသုံးဆူလမ်း၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း၊ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်း၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း (အသစ်)၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း၊ ကြိမ်ပင်ဆည်-စကွေ့-ဓနုဖြူ-ဇလွန်လမ်းအပါအဝင် လမ်းများအား ဖောက်လုပ်ခြင်း၊ တိုးတက်ပြုပြင်ခြင်း၊ ကျွဲခြံရေကျော်တံတား၊ စက်ဆန်းချောင်းတံတား၊ သကဲချောင်းတံတား၊ သံလွင်တံတား(ချောင်းဆုံ)၊ ဂျိုင်း(ကော့ကရိတ်)တံတား နှင့် အခြားတံတားများ ဆောက်လုပ်မည် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၄၂

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ဆောက်လုပ်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဆောက်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

ပထမ (၅)နှစ် အမျိုးသားစီမံကိန်းကာလအတွင်း ဆောင်ရွက်မည့် နိုင်ငံတကာနှင့် ဆက်စပ်မည့် လုပ်ငန်းများ

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံအတွင်းရှိ လမ်းများသာမက မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်စပ်သည့် ဖော်ပြပါ လမ်းမကြီးများပေါ်တွင် လမ်းပိုင်းအလိုက် အဆင့်ဆင့်ဖောက်လုပ်လျက် နိုင်ငံတကာဆက်သွယ်မှုအတွက် ဆောင်ရွက်လျက် ရှိပါသည်-

(၁) ဘားအံ-ကော့ကရိတ်-မြဝတီလမ်း (AH1)
(၂) မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း (AH1)
(၃) ကလေး-ဂန့်ဂေါလမ်း (AH1)
(၄) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (AH2)
(၅) ကျိုင်းတုံ-မိုင်းမ-မိုင်းလားလမ်း (AH3)
(၆) လွိုင်လင်- ပန်ကေတု-သီပေါလမ်း (AH 111)

(၇) ရန်ကုန်-မော်လမြိုင်-ထား၀ယ်-မြိတ်လမ်း (AH112)
(၈) မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း (AH112)
(၉) မုံရွာ-ယာကြီး-ကလေး၀လမ်း (Tripartite Highway)
(၁၀) ကလေး၀-ကျီကုန်း-တမူးလမ်း (Tripartite Highway)
(၁၁) ချောင်းမ-လင်းကတော-ပခုက္ကူလမ်း (Tripartite Highway)
(၁၂) ကျီကုန်း-ကလေးလမ်း (Tripartite Highway)
(၁၃) ပခုက္ကူ မြို့ရောင်လမ်း (Tripartite Highway)
(၁၄) ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်း (BIMSTEC Highway)
(၁၅) ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း (BIMSTEC Highway)

ဆောက်လုပ်မှုကဏ္ဍသည် ဆင်းရဲမှုလျော့ချရေးအတွက် ဒေသများအကြား တိုက်ရိုက်ကူးသန်း ရောင်း၀ယ်နိုင်ရန် ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့် လမ်းများ၊တံတားများကို အဆင့်မြှင့်တင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် ပုဂ္ဂလိကအခန်းကဏ္ဍ ပိုမို တိုးတက်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း အစီအစဉ် (Public Private Partnership-PPP) အရ နိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ လမ်းများ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊ လွှဲပြောင်းခြင်းစနစ် (B.O.T)ဖြင့် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားတိုက်ရိုက် အရင်းအနှီးများ ဖိတ်ခေါ်၍ ပြည်တွင်း လမ်း၊ တံတားစသည့် အခြေခံအဆောက် အအုံများကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဆောက်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မှု ရရှိရန် ရည်မှန်းထားပါသည်။

၂-၈။ စက်မှု (ဒေသတွင်း ယှဉ်ပြိုင်နိုင်သည့် စက်မှုလုပ်ငန်းများ ပေါ်ပေါက်ရေး)

မြန်မာနိုင်ငံသည် စီးပွားရေးအင်အားနှင့် ဈေးကွက်ကြီးမားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နယ်မြေချင်း ထိစပ်တည်ရှိနေသည့်အပြင် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းလည်းရှိသဖြင့် စက်မှု၊ ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းမွန်သည့် ပထဝီ အနေအထားတွင်ရှိပါသည်။ မြန်မာနိုင်ငံ၏ ပွင့်လင်းလာသော နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတော် အစိုးရ၏ ပြုပြင် ပြောင်းလဲရေး ဆောင်ရွက်မှုများကြောင့် ဒေသတွင်းနိုင်ငံများ သာမက နိုင်ငံတကာမှ ထောက်ခံအားပေးမှုများရှိလာခြင်း၊ စီးပွားရေးပိတ်ဆို့ထားမှုများကို ဖြေလျှော့ဖယ်ရှားပေးခြင်း၊ အကူအညီ အထောက်အပံ့များ ပိုမိုရရှိလာခြင်းတို့ကြောင့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ အနေဖြင့် အခွင့်အလမ်းကောင်းများ ရရှိလာသကဲ့သို့ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှု အခြေအနေကောင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဤကဲ့သို့ ရရှိလာသော အခွင့်အလမ်းကောင်းများကို အသုံးချ၍ မြန်မာနိုင်ငံ၏ သဘာဝ သယံဇာတ ကြွယ်ဝမှု၊ ပတ်ဝန်းကျင်နိုင်ငံများ၏ လိုအပ်ချက်၊ ဒေသအသိုက်အဝန်းဆိုင်ရာ အဖွဲ့အစည်းတို့၏ အနာဂတ်ကာလ ဦးတည်ချက်များအပေါ် ချင့်ချိန်မျှော်မှန်း ဆောင်ရွက်သွားပါက ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းများပေါ်ထွန်း လာမည် ဖြစ်ပါသည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည် ပေါ်လာလျှင် အာဆီယံနိုင်ငံများမှ ကုန်စည်များ လွတ်လပ်စွာ စီးဝင်လာမည်ဖြစ်၍ ပြည်တွင်း စက်မှုလုပ်ငန်းများအနေဖြင့် ပြည်ပမှဝင်ရောက်လာသည့် စက်မှုထွက်ကုန်ပစ္စည်းများ၏ အရည်အသွေး၊ ဈေးနှုန်းများနှင့် ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

မူဝါဒ၊ ရည်မှန်းချက်

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ)တွင် စက်မှုလက်မှုကဏ္ဍအတွက် ဖော်ပြပါမူဝါဒ၊ ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

မူဝါဒများ

(၁) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာ အခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစား

နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစား စက်မှုလုပ်ငန်းများ ဆက်လက် ထူထောင်ရေး၊

(၂) အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန် နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(၃) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကိုဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်း ဆောင်ရွက်ရေး၊

(၄) ပြည်တွင်းရှိသယံဇာတကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

ရည်မှန်းချက်များ

(၁) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြိုးပမ်းရန်၊

(၂) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရှိစေရန် အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစား စက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်။

စက်မှုလက်မှုကဏ္ဍ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

**ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စက်မှုလက်မှုကဏ္ဍ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)**



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် စက်မှုလက်မှုကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၁၀.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉,၀၃၃,၈၀၈.၀ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၀.၅ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀,၃၉၈,၈၁၃.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂,၀၉၉,၅၀၉.၄ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၀.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၃,၅၄၂,၅၂၈.၉ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၉.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၅,၅၇၉,၄၆၇.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

စက်မှုလက်မှုကဏ္ဍ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလတွင် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက် များကို ပိုင်ဆိုင်မှု အခန်းအလိုက် ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၂-၄၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

စက်မှုလက်မှုကဏ္ဍ၏ ပိုင်ဆိုင်မှုအခန်းအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်းတွင် ပိုင်ဆိုင်မှုအခန်းအလိုက် ပါဝင်မှု ရာခိုင်နှုန်း မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းအနေဖြင့် ၄.၄ရာခိုင်နှုန်း၊ သမဝါ ယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ၉၅.၆ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်အခန်းအနေဖြင့် ၃.၉ ရာခိုင်နှုန်း၊ သမဝါ ယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းအနေဖြင့် ၉၆.၁ ရာခိုင်နှုန်း အသီးသီးပါဝင်ရန်ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ် (၇) ခုတွင် တည်ထောင်ထားပြီးဖြစ်သည့် စက်မှုဇုန် ၁၈ ဇုန်နှင့် အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လိုအပ်သော ကုန်ကြမ်း၊ စက်ကိရိယာများ၊ ခေတ်မီနည်းပညာများ ရရှိရေး၊ လျှပ်စစ်မောတ်အား၊ ဆက်သွယ်ရေးစနစ်၊ အဆောက်အဦ စသော အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေ၊ ထောက်ပံ့ငွေများဖြင့် စက်မှုလုပ်ငန်းကြီးများ တိုးချဲ့ထူထောင်နိုင်ရေး ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံပိုင်စက်မှုလုပ်ငန်းများတွင် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ သုံးစွဲမှုပမာဏ လျော့ကျရေးနှင့် အရှုံးသက်သာစေရေးတို့ကို အလေးပေးဆောင်ရွက်ခြင်း၊ ပဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စည်းမျဉ်းစည်းကမ်း နှင့် အဖွဲ့အစည်းဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများတိုးတက်ရန်၊ သတင်းအချက်အလက်ရရှိရန်၊ ငွေကြေးရရှိမှုအဆင်ပြေစေရန်၊ နည်းပညာနှင့် တီထွင်နိုင်မှုစွမ်းအား တိုးတက်စေရန်၊ နိုင်ငံတကာ စျေးကွက်သို့ ပိုမိုချဉ်းကပ်နိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် စသည်တို့ကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်းများ (စက်မှုဇုန်နှင့်စက်မှုဇုန် ပြင်ပ)တွင် စက်ရုံအလုပ်ရုံ ၄၃,၅၃၆ ရုံနှင့် အလုပ်သမားဦးရေ ၄၈၇,၇၃၅ ဦး၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၄,၇၃၀,၄၆၆.၆ သန်းနှင့် ထုတ်လုပ်မှု တန်ဖိုးကျပ် ၅,၃၀၉,၀၀၂.၃ သန်း ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်စေရန်နှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ နည်းပညာ ပံ့ပိုးပေးခြင်း၊ အကြံဉာဏ်ပေးဆွေးနွေး ညှိနှိုင်းခြင်း၊ လိုအပ်သည့် ဘဏ္ဍာငွေရရှိရေး ဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ခြင်း၊ စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချရေးအတွက် အသိပညာဖလှယ်ခြင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ပစ္စည်း နှင့် ဆက်စပ်ပစ္စည်းများဖြန့်ဖြူးပေးခြင်း၊ ကရင်ပြည်နယ်တွင် ဘားအံ စက်မှဇုန်အသစ် ကိုတည်ထောင်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်၍ ထုတ်လုပ်မှုများ တိုးတက်စေရန်ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်းများ (စက်မှဇုန်နှင့် စက်မှဇုန် ပြင်ပ) တွင်

စက်ရုံအလုပ်ရုံ ၄၃,၆၃၆ ရုံနှင့် အလုပ်သမားဦးရေ ၄၈၈,၂၃၅ ဦး၊ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၄,၇၃၀,၅၇၄.၆ သန်းနှင့် ထုတ်လုပ်မှု တန်ဖိုးကျပ် ၅,၃၀၉,၂၄၄.၃ သန်း ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ၂-၄၆

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယား။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေး ဘဏ်မှ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များသို့ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေ ပံ့ပိုးပေးခြင်းနှင့် ဒေသအစိုးရ၏ ကူညီ ပံ့ပိုးမှုဖြင့် အသေးစား ငွေချေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခြင်း၊ ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် ချစ်လင်းမြိုင်နှင့် UMH အထည်ချုပ်စက်ရုံလုပ်ငန်းများ၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေမြန်မာ၊ ကြယ်စင်ဝိုင်း အထည်ချုပ်စက်ရုံလုပ်ငန်းများ အပြင် ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည့် ရှင်ဆောင်းအထည်ချုပ်စက်ရုံ၊ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် Bago Sport Gloves စက်ရုံ၊ ထိုင်ဝမ်မှ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မည့် Global Shoes စက်ရုံ၊

ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် Hung Kiu အထည်ချုပ်စက်ရုံ၊ KLL သစ်အချောထည်စက်ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် ဆင်မင်းဘိလပ်မြေ(တိုးချဲ့)စက်ရုံ၊ ရန်ကုန်တိုင်းဒေသကြီးတွင် LKA အထည်ချုပ်စက်ရုံ၊ တာယာစက်ရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဆင်းရွှေလီသကြားစက်၊ ကရောင်းဘိလပ်မြေစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် Delta Industrial Group Co;Ltd အထည်ချုပ်စက်ရုံကိုလည်းကောင်း၊ ပေါင်းဆန်စက်များ အနေဖြင့် မကွေးတိုင်းဒေသကြီးတွင် MGS ပေါင်းဆန်ကြိတ်ခွဲစက်၊ ပဲခူးတိုင်းဒေသကြီးတွင် ပေါင်းဆန်စက်(၇)လုံး၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ပေါင်းဆန်စက်(၆)လုံး တို့အပြင် အခြားသော စက်ရုံ အလုပ်ရုံသစ်များကိုလည်း တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် တည်ဆောက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်းများ (စက်မှုဇုန်နှင့် စက်မှုဇုန် ပြင်ပ) တွင် စက်ရုံအလုပ်ရုံ ၄၃,၄၀၉ ရုံ နှင့် အလုပ်သမားဦးရေ ၅၄၅,၄၈၃ ဦး၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၅,၂၂၀,၉၉၁.၇ သန်းနှင့် ထုတ်လုပ်မှု တန်ဖိုးကျပ် ၇,၀၉၂,၃၆၇.၈ သန်းရည်မှန်းပါသည်။

ပထမ(၅) နှစ် စီမံကိန်း ကာလအတွင်း CMP လုပ်ငန်းများ၊ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လည်းကောင်း ခွင့်ပြုရန်ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ၂-၄၇

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်း)



ဇယား။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် စိန်နှင့်သောင်း 5 Speed အထည်ချုပ်စက်ရုံ၊ ရွှေသံလွင်ကုမ္ပဏီ စီးကရက်စက်ရုံ၊ ဦးဆန်နီသိန်း ဓါတ်သတ္တုကုန်ချောထုတ်လုပ်ရေးလုပ်ငန်း၊ မြဒွေးကြွယ်လင်းကုမ္ပဏီစက်ဘီးပြုပြင် တပ်ဆင်စက်ရုံနှင့် သစ်အချောထည်စက်ရုံ(ထပ်မံတိုးချဲ့)၊ ပဲခူးတိုင်းဒေသကြီးတွင် စက်ဘူအခြေစိုက် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် New Hope အစာစပ်စက်ရုံ၊ ကိုရီးယား နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့် Nike Shoes ဘိနပ်စက်ရုံ၊ မန္တလေးတိုင်းဒေသကြီးတွင် သံတော်မြတ်ဘိလပ်မြေစက်ရုံ၊ မွန်ပြည်နယ်တွင် နို့ချက်အလုပ်ရုံ၊ EFR ခရမ့်ရော်ဘာစက်ရုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် Haker Enterprise (Myanmar) Co;Ltd အထည်ချုပ်စက်ရုံတို့အပြင် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများ ပိုမို တိုးတက်လာစေရန် သစ်သီးဝလံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်လုပ်ငန်းများ၊ လူသုံးကုန်နှင့် စက်မှုပစ္စည်း ထုတ်ကုန်လုပ်ငန်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်း ထုတ်ကုန်လုပ်ငန်း စသည့် လုပ်ငန်းသစ်များကို တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့် လုပ်ငန်းများ (စက်မှုဇုန်နှင့် စက်မှုဇုန် ပြင်ပ) တွင် စက်ရုံ အလုပ်ရုံ ၄၃,၃၇၁ ရုံနှင့် အလုပ်သမားဦးရေ ၅၃၆,၆၇၄ ဦး၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၅,၃၅၅,၃၄၅.၃ သန်းနှင့် ထုတ်လုပ်မှု တန်ဖိုးကျပ် ၇,၆၉၆,၄၃၄.၁ သန်း ရည်မှန်းထားပါသည်။

သစ်တောကဏ္ဍမှ သစ်လုံးတင်ပို့မှုကို ၂၀၁၄ ခုနှစ်တွင် ရပ်ဆိုင်းခဲ့ပြီး သစ်အခြေခံတန်ဖိုးမြင့် ထွက်ကုန်များဆောင်ရွက်မည်ဖြစ်ရာ နိုင်ငံပိုင်သစ်အချောထည်စက်ရုံ ၈၆ ရုံ၊ ပုဂ္ဂလိက ပိုင်သစ်အချောထည်စက်ရုံ ၅၆၆ ရုံ၊ သစ်ခွဲစက်အသေး ၁,၂၉၉ ရုံ နှင့် အိမ်တွင်းစက်မှုလုပ်ငန်း ၁,၃၈၉ ခု တို့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ၂-၄၈

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နွားနောက်အသားထုတ်လုပ်မှုကို ဆိုလာစနစ်ဖြင့် အသားခြောက်ခံစက်ရုံ တည်ထောင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်၊ တနင်္သာရီတိုင်း ဒေသကြီး ထားဝယ် အထူးစီးပွားရေးဇုန်တွင် ရှေ့ပြေးစက်မှုဇုန် Early Industrial Estate အား စက်ရုံပေါင်း ၁၀၀ ခန့်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထီးခိုး စက်မှုဇုန်၊ မောတောင်စက်မှုဇုန်၊ မောင်းမကန် စက်မှုဇုန်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်စက်မှုနယ်မြေ တွင် မော်တော်ယာဉ် တပ်ဆင်ခြင်းလုပ်ငန်း၊ ပဲခူးစက်မှုနယ်မြေ တွင် ဘီယာစက်ရုံ၊ ကြိမ်အချောထည်စက်ရုံ၊ ရော်ဘာသန့်စင်စက်ရုံ၊ ဆေးဝါးစက်ရုံ၊ သံထည် ပစ္စည်းစက်ရုံ၊ သံရည်ကြိုစက်ရုံ၊ ထရန်စဖော်မာစက်ရုံ၊ အချိုရည်စက်ရုံ၊ အဆင့်မြင့် အိတ်စက်ရုံ၊ သဘော်ဆေးစက်ရုံ ၊ အစာစပ်စက်ရုံ၊ K.M Healthcare ခွဲစိတ်ခန်းသုံး ဝတ်ရုံ/ခြုံလွှာစက်ရုံ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင် မြို့သာတွင် ခေတ်မီစက်မှုဥယျာဉ် စီမံကိန်းကိုလည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်း စီမံကိန်းများ နှင့်ဆက်စပ်၍ ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို မဒဲကျွန်းတွင် ဆောင်ရွက် ရန်လျာထားပြီး စားသောက်ကုန်ပစ္စည်း လုပ်ငန်း၊ အထည်အလိပ် လုပ်ငန်း၊ လူသုံး/အိမ်သုံး ပစ္စည်းလုပ်ငန်း၊ စက္ကူနှင့်ဓါတုဗေဒ လုပ်ငန်း နှင့် အကြီးစားစက်မှု ပစ္စည်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ စက်မှုဇုန်ကို မြန်မာလုပ်ငန်းရှင်များနှင့် ဂျပန်လုပ်ငန်း ရှင်များ ဖက်စပ်လုပ်ကိုင်ရန် စီစဉ်လျက်ရှိပြီး မော်တော်ကားစက်ရုံ၊ အီလက်ထရွန်နစ် စက်ရုံ စသည့်အကြီးစား စက်မှု လုပ်ငန်းများ၊ အထည်ချုပ်စက်ရုံများ၊ စားသောက်ကုန် စက်ရုံများ တည်ဆောက်ရန် လည်းကောင်း စီစဉ် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ခွင့်ပြုသည့်လုပ်ငန်းများ (စက်မှုဇုန်နှင့် စက်မှုဇုန် ပြင်ပ) တွင် စက်ရုံ အလုပ်ရုံ ၄၃,၆၀၉ ရုံနှင့် အလုပ်သမားဦးရေ ၅၇၀,၀၀၀ ဦး၊ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကျပ် ၅,၃၁၇,၂၇၁.၈ သန်းနှင့် ထုတ်လုပ်မှု တန်ဖိုးကျပ် ၇,၄၆၇,၇၃၉.၉ သန်း ရည်မှန်း ထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ၂-၄၉

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်မှုလက်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ

(က) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အနေဖြင့် ပဂ္ဂလိကစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးဖြစ်သည့် စက်မှုဇုန် ၁၉ ဇုန်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဇုန်အသစ် ၆ ဇုန် ဖြစ်သော ရတနာပုံစက်မှုဇုန် (မန္တလေးတိုင်းဒေသကြီး)၊ နေပြည်တော်စက်မှုဇုန် (နေပြည်တော်ကောင်စီနယ်မြေ)၊ ပုဏ္ဏားကျွန်းစက်မှုဇုန် (ရခိုင်ပြည်နယ်)၊ ဘုရားသုံးဆူစက်မှုဇုန် (ကရင်ပြည်နယ်)၊ နန့်အွန်စက်မှုဇုန် (ရှမ်းပြည်နယ်)၊ မြဝတီစက်မှုဇုန် (ကရင်ပြည်နယ်) တို့တည်ထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး၊ အထူးစီးပွားရေးဇုန် ၃ ဇုန်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဇုန် ၁၉ ဇုန်တွင် စက်ရုံ အရေအတွက် ၈,၈၃၁ ရုံ နှင့် အလုပ်သမားဦးရေ ၁၇၀,၆၃၅ ဦး တို့ဖြင့် လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်လျက်ရှိပါသည်။

ထို့ပြင်ဒေသဖွံ့ဖြိုးရေးအတွက် တနင်္သာရီတိုင်းဒေသကြီးတွင် ထီးခိုးစက်မှုဇုန်၊ မောတောင်စက်မှုဇုန်နှင့် မောင်းမကန်စက်မှုဇုန်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးစက်မှုနယ်မြေတွင် ပြည်တွင်းစက်မှုနယ်မြေ နှင့် ပြည်ပစက်မှုနယ်မြေ၊ မန္တလေးတိုင်း

ဒေသကြီးတွင် ဆီးမီးခုံဆိပ်ကမ်းနှင့် ဆက်စပ်၍ မြို့သာတွင် စက်မှုဥယျာဉ်၊ ရှမ်းပြည်နယ်တွင် မူဆယ်စီးပွားရေးဇုန်၊ လောက်ကိုင် စက်မှုဇုန်တို့ကိုလည်းကောင်း သက်ဆိုင်ရာ ဒေသအစီအစဉ်ဖြင့် တည်ဆောက်နိုင်ရန် စီမံ ဆောင်ရွက်လျက် ရှိပါသည်။

(ခ) ဥပဒေပြဋ္ဌာန်းခြင်းနှင့် ကော်မတီများဖွဲ့စည်းခြင်း

အသေးစားနှင့်အလတ်စား လုပ်ငန်းများကို အကျိုးပြုနိုင်မည့် မူဝါဒနှင့် ဥပဒေများ ဘဏ္ဍာငွေ အရင်းအနှီး၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ စျေးကွက်နှင့်အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု နည်းစနစ်များကို လိုအပ်သည့် ကဏ္ဍတိုင်း ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် အတွက် နိုင်ငံတော်ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ အတွင်းရေးမှူးအဖြစ် တာဝန်ယူသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

နိုင်ငံစီးပွားရေး၏ အဓိကအသက်သွေးကြောဖြစ်သော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကူညီထောက်ပံ့ခြင်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလျက် အောင်မြင်သည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများမှတဆင့် အကြီးစားလုပ်ငန်းများသို့ ကူးပြောင်း ချဲ့ထွင်လာ နိုင်စေရန် ထောက်ပံ့ပေးခြင်းဖြင့် အနာဂတ်ရေရှည် စီးပွားရေးကို ခိုင်မာလာစေရန် ရည်ရွယ်၍ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စ၍ရေးဆွဲလျက်ရှိပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၁၅ ခုနှစ်တွင် ပြည်တွင်းစက်မှု လုပ်ငန်းရှင်များ စက်မှုကဏ္ဍ၏ စိန်ခေါ်မှုများနှင့် အကန့်အသတ်များကို စဉ်ဆက်မပြတ် ရပ်တည် ယှဉ်ပြိုင်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း အပါအဝင် လုပ်ငန်းများ ရှင်သန်စွမ်းဆောင်နိုင်စေသော စီးပွားရေးဝန်းကျင်ဒေသကို ဖန်တီး ပေးရမည် ဖြစ်ပါသည်။ ထို့အတွက် အခွန်စနစ်နှင့် ပို့ကုန်သွင်းကုန် လုပ်ထုံး လုပ်နည်းများကိုလည်း ပြင်ဆင်မှုဖြင့် ဖြေလျှော့ ပေးခဲ့ခြင်း၊ စားသုံးသူပြည်သူများ အကာအကွယ်ပေးရေး ဥပဒေ (Consumer Protection Law)၊ ပုဂ္ဂလိကလုပ်ငန်းရှင် များကြား လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ရန်အတွက် ယှဉ်ပြိုင်မှု ဥပဒေများ (Competition Law) ကိုလည်း အတည်ပြု ပြဋ္ဌာန်းရန် ရှိပါသည်။

(ဂ) အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မည့်အစီအစဉ်

ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အချို့စက်ရုံများကို ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံဖြင့် ပြောင်းလဲ၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနတွင်ရှိသည့် စက်ရုံ အလုပ်ရုံများအား ၂၀၀၀ပြည့်နှစ် မှစ၍ ပုဂ္ဂလိကသို့ လွှဲပြောင်း၊ ငှားရမ်းခြင်းဖြင့် လည်းကောင်း၊ ဖက်စပ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် ပုဂ္ဂလိကကုမ္ပဏီများသို့ အချိန်ကာလတိုငှားရမ်းခြင်း ကိုလည်း ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိကလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုအင်အား ၊ နည်းပညာ ဆန်းသစ်မှုအရည်အသွေး၊ ဈေးကွက်ဖြန့်ချိနိုင်မှုစွမ်းရည်များဖြင့် အကျိုးအမြတ် ပိုမိုတိုးမြှင့် ရရှိစေရန် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဃ) လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ် နေသော ကျွမ်းကျင်လုပ်သားများရရှိရေးကို အထောက်အကူပြုရန်အတွက် သက်မွေးပညာ သင်တန်းကျောင်းများကို သက်ဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှုအလိုက် ပြည်ထောင်စု ဝန်ကြီးဌာန ၁၃ ခုမှ တာဝန် ယူ၍ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ နည်းပညာ သက်မွေးသင်တန်းကျောင်းများအနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကြီးကြပ်မှု အောက်တွင် နည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်း၊ အစိုးရစက်မှုလက်မှု သိပ္ပံ ၂၈ ကျောင်း ၊ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် စက်မှုသင်တန်း ကျောင်း ၆ ကျောင်းနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတွင် သင်တန်းကျောင်း ၃ ကျောင်း စသည်ဖြင့် ဖွင့်လှစ်ပြီး ကျွမ်းကျင်စက်မှုလုပ်သားများကို မွေးထုတ်ပေးလျက် ရှိပါ သည်။

ထို့အပြင် နည်းပညာ အကူအညီပေးခြင်းအပြင် ကျွမ်းကျင်လုပ်သားရရှိရေးကို အထောက်အကူပြုရန် အတွက် ယွန်းပညာ ကောလိပ်၊ ဆောင်းဒါးယက်ကန်းကျောင်း၊ အထက်တန်း ယက်ကန်း ကျောင်း ၈ ကျောင်း၊ အခြေခံ ယက်ကန်းကျောင်း ၅ ကျောင်း၊ သမဝါ ယမ ကူးသန်း ရောင်းဝယ်ရေး သင်တန်းကျောင်း ၃ ကျောင်း၊ သမဝါ ယမ သင်တန်းကျောင်း ၄ ကျောင်း၊ စုစုပေါင်း ၂၂ ကျောင်း တို့ကို အခြေပြု၍ အမျိုးသားရေး စိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာရှင်များ ကိုလည်း မွေးထုတ်ပေးလျက် ရှိပါသည်။

ပြည်ထောင်စုအစိုးရသည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်အားပေးခြင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတကာစက်မှုကုန်စည်ပြပွဲများကျင်းပခွင့်ပြုပေးခြင်း၊ အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ အလွယ်တကူ ချိတ်ဆက် ရောက်ရှိရန် စီစဉ်ပေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိပါသည်။

နိုင်ငံတကာ အရည်အချင်းမီကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေး အတွက် လမ်းညွှန်မှု၊ ကြီးကြပ်မှုနှင့် ပံ့ပိုးမှုပေးနိုင်ရန် တာဝန်ခံဝန်ကြီးဌာနအနေဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ ကို ဖွဲ့စည်းထားပြီး ကော်မတီ ၁၄ ခု ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(c) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၏စက်မှုကဏ္ဍတွင် အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းသော ဖော်ပြပါ စက်မှုလက်မှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) စားသောက်ကုန် (ကုန်ကြမ်း/တန်ဖိုးမြှင့်စားသောက်ကုန်) လုပ်ငန်း၊

(၂) အချိုရည်နှင့် အဖျော်ယမကာထုတ်လုပ်မှုလုပ်ငန်း၊

(၃) ချည်မျှင်နှင့်အထည်အလိပ်ထုတ်လုပ်မှုလုပ်ငန်း၊

(၄) အထည်ချုပ်လုပ်ငန်း၊

(၅) သစ်တောထွက်တန်ဖိုးမြှင့်တင်အိမ်သုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊

(၆) ကျောက်မျက်နှင့်လက်ဝတ်ရတနာထုတ်လုပ်မှုလုပ်ငန်း၊

(၇) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း။

စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး နှင့် ပြည်တွင်း စက်မှုလုပ်ငန်းများ၏ နည်းပညာတိုးမြှင့်ရေးအတွက် အောက်ပါတို့အားဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(၁) ဦးစားပေးတည်ထောင်လိုသော စက်မှုလုပ်ငန်းများအတွက် ပြည်တွင်း/ပြည်ပရင်းနှီး မြှုပ်နှံမှုဖိတ်ခေါ်ရန်၊

(၂) မဖွံ့ဖြိုးသေးသော ဒေသအချို့၌ တည်ထောင်စေလိုသည့် စက်မှုလုပ်ငန်း များကို ရင်းနှီးမြှုပ်နှံ လိုသူများအား မက်လုံးပေး ဖိတ်ခေါ်ရန်၊

(၃) စက်မှုကဏ္ဍ (အထူးသဖြင့် SMEs) တွင် ပညာရပ်ဆိုင်ရာ အတိုင်ပင်ခံဝန်ဆောင်မှု ပေးနိုင်ရန် ပညာရှင်များ လေ့ကျင့်ပျိုးထောင်၍ ဆောင်ရွက်ရန်၊

(၄) အာဆီယံဒေသတွင်းရှိ စက်မှုလုပ်ငန်းအချို့ မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာအောင် အခြေအနေ ဖန်တီးပြီး မက်လုံးပေးရန်၊

(၅) လက်ရှိစက်မှုကဏ္ဍဖွံ့ဖြိုးမှုကို ပြန်လည်သုံးသပ်၍ အောက်ပါတို့အား ဆောင်ရွက်ရ မည်ဖြစ်ပါသည်-

- တန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်သည့်စက်မှုလုပ်ငန်းများတည်ထောင်ရန်၊
- လုပ်အားအခြေခံသောစက်မှုလုပ်ငန်းများတွင်လွယ်ကူစွာရင်းနှီးမြှုပ်နှံ လာစေရေး ဆောင်ရွက်ရန်၊
- ကျွမ်းကျင်မှုနှင့် နည်းပညာကို အခြေခံသော စက်မှုလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပမှ လွယ်ကူစွာ ရင်းနှီးမြှုပ်နှံလာစေရေး ဆွဲဆောင်ရန်၊
- အနာဂတ်ကာလအတွက် အလားအလာရှိသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် ပြည်ပကုမ္ပဏီများ လာရောက် လုပ်ကိုင်စေရေး အားပေးရန်၊
- ပုဂ္ဂလိက ပိုင်ဆိုင်မှုကို တစ်ဖြည်းဖြည်းခြင်း မြှင့်တင်ရန်၊
- သုတေသန ပြုလုပ်ခြင်းနှင့် နည်းပညာလွှဲပြောင်းပေးခြင်း စသည်တို့ ဆောင်ရွက်စေရန်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စွမ်းဆောင်ရပ်တည်နိုင်သော စီးပွားရေးဝန်းကျင်ဒေသကြီးဖြစ်ပေါ်လာစေရန် ထောက်ပံ့မြှင့်တင်ပေးရမည့် နယ်ပယ်ကဏ္ဍ ၆ ခုအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ချမှတ် အကောင်အထည် ဖော်သွားရမည် ဖြစ်ပါသည်။

ပုံ ၂-၅၀

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ တည်ဆောက်မှု ပုံစံငယ်



အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စွမ်းဆောင်ရပ်တည်နိုင်သော စီးပွားရေးဝန်းကျင်ဒေသကြီး၏ အထောက်အပံ့ပြု နယ်ပယ် ၆ ခု မှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(၁) လူ့စွမ်းအားအရင်းအမြစ်နယ်ပယ်၊

(၂) နည်းပညာဖွံ့ဖြိုးမှုနှင့် တီထွင်ဖန်တီးတတ်မှုနယ်ပယ်၊

(၃) ငွေကြေးအရင်းအမြစ်ကဏ္ဍ၊

(၄) အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊

(၅) လုပ်ငန်းဈေးကွက်အထောက်အကူပေးခြင်းကဏ္ဍ၊

(၆) သင့်လျော်သောအခွန်အကောက်နှင့်လုပ်ထုံးလုပ်နည်းများ။

စက်မှုကဏ္ဍ၏ အကန့်အသတ်များ လျှော့ချနိုင်ရန် ပွင့်လင်းမြင်သာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ပေးနိုင်ရန် SMEs Bank ထူထောင်ခြင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ နှင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အတွက် ကျွမ်းကျင်မှုအကူအညီနှင့် အခြားလိုအပ်ချက် များကို ထောက်ပံ့ပေးရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုကဏ္ဍ၏ ပါ ဝင်မှုမှာ အခြေခံနှစ်တွင် ၂၆ ရာခိုင်နှုန်း သာရှိသဖြင့် အိမ်နီးချင်းဖွံ့ဖြိုးဆဲ နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် လျော့နည်းလျက်ရှိသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဘက်ပေါင်းစုံမှ ကြိုးပမ်း ဆောင်ရွက်နေသည့် အချိန်တွင် စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးမှာ အဓိကအခန်းမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းများ တွင် ၉၀ရာခိုင်နှုန်း ကျော် ပါဝင်သည့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ထိုသို့ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများ ဖြစ်ပေါ်လာရေးကို ရည်မှန်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

အခန်း(၃)

တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး

(Balance and Proportionate Development among States and Regions)

အခန်း(၃) တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုး တိုးတက်ရေး (Balance and Proportionate Development among States and Regions)

၃-၁။ ဒေသန္တရစီမံကိန်းများနှင့် မြန်မာဖွံ့ဖြိုးမှုပုံစံသစ်

- တိုင်းဒေသကြီး/ပြည်နယ်အစိုးရများဖွဲ့စည်းခြင်း
- ဒေသန္တရစီမံကိန်းများစတင်ရေးဆွဲခြင်း
- ဒေသအလိုက် ဘတ်ဂျက်ခွဲဝေပေးခြင်း

၃-၂။ ဒေသန္တရစီမံကိန်းများနှင့်အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး

၃-၃။ ဒေသန္တရစီမံကိန်းများ

(က) ကချင်ပြည်နယ်
(ခ) ကယားပြည်နယ်
(ဂ) ကရင်ပြည်နယ်
(ဃ) ချင်းပြည်နယ်
(င) စစ်ကိုင်းတိုင်းဒေသကြီး
(စ) တနင်္သာရီတိုင်းဒေသကြီး
(ဆ) ပဲခူးတိုင်းဒေသကြီး
(ဇ) မကွေးတိုင်းဒေသကြီး
(ဈ) မန္တလေးတိုင်းဒေသကြီး
(ည) မွန်ပြည်နယ်
(ဋ) ရခိုင်ပြည်နယ်
(ဌ) ရန်ကုန်တိုင်းဒေသကြီး
(ဍ) ရှမ်းပြည်နယ်
(ဎ) ဧရာဝတီတိုင်းဒေသကြီး
(ဏ) နေပြည်တော်ကောင်စီနယ်မြေ

အခန်း(၃)
တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး

ပုဒ်မ ၁၉၀ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့် ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်ဟု ဖော်ပြပါရှိသည့်အတိုင်း ဒေသအသီးသီးရှိ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများ၏ လိုအပ်ချက်များအပေါ် စိစစ်သုံးသပ်၍ ဒေသအလိုက် စီမံကိန်းရည်မှန်းချက်များအဖြစ် ချမှတ် ဆောင်ရွက်မည် ဖြစ် ပါသည်။

ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဒေသလိုအပ်ချက်များကို အခြေခံကာ ရေးဆွဲဖော်ပြနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျေးရွာ၊ မြို့နယ်၊ မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းများ ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရ စီမံကိန်းများပါဝင်သည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအား အမျိုးသားစီမံကိန်း မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် "စီမံကိန်းကော်မရှင်"ကို ၂၀၁၂ ခုနှစ် မေလ ၈ ရက် နေ့တွင်ဖွဲ့စည်းခဲ့ပါသည်။

စီးပွားရေးမူဝါဒ ၄ ရပ်ပါ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေး ဟူသောမူဝါဒ မြင်သာစွာ ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုအဆင့်အနေဖြင့် ဖွံ့ဖြိုးမှုအားနည်းနေသော ဒေသများအတွက် ဖွံ့ဖြိုးမှုစီမံကိန်းများ ပိုမိုဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဒေသန္တရ အစိုးရအဖွဲ့များအနေဖြင့်လည်း မိမိဒေသဘက်စုံဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ပဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေများရယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ဒေသများအကြားဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းကာ အချိုးကျမျှတရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါ သည်။

၃-၁။ ဒေသန္တရစီမံကိန်းများနှင့် မြန်မာ့ဖွံ့ဖြိုးမှုပုံစံသစ်

တိုင်းဒေသကြီး/ပြည်နယ် အစိုးရ အဖွဲ့များ ဖွဲ့စည်းခြင်း

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၄၉ အရ နိုင်ငံတော်ကို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေများဖြင့် ပိုင်းခြားသတ်မှတ်ပြီး ပုဒ်မ ၅၀ (က) အရနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမ္မတ၏ အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါ

နယ်မြေအသီးသီးအတွက် ပုဒ်မ ၂၄၈ (က) (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့များ ဖွဲ့စည်းထားရှိခဲ့ပြီး အုပ်ချုပ်မှု အခွင့်အာဏာများကို သတ်မှတ်ပေး ခဲ့ပါသည်။

ဒေသန္တရစီမံကိန်းများ စတင်ရေးဆွဲခြင်း

ပုဒ်မ ၁၉၀ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်း ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်း၊ နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း ရမည် ဟု ဖော်ပြပါရှိသည့်အတိုင်း ဒေသအသီးသီးရှိ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်း များ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များအပေါ် စိစစ်သုံးသပ်၍ ဒေသအလိုက် စီမံကိန်း ရည်မှန်းချက်များအဖြစ် ချမှတ် ဆောင်ရွက်ခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ သည် ပြည်ထောင်စုအစိုးရမှ ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း၊ မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘော တူညီချက်ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိသည့်အတိုင်း ပုဒ်မ ၂၄၈ (က) (ခ) အရ ချမှတ်ခဲ့သည့် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပတ်သက် ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၇၉ အရ မိမိနယ်မြေဒေသအတွင်း တာဝန်ထမ်းဆောင် လျက်ရှိသော နယ်ဘက်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ ကြီးကြပ် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရ၏ မူဝါဒများနှင့် မဆန့်ကျင်စေဘဲ မိမိနယ်မြေဒေသအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲလျက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိသည့်အတိုင်း "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပအို့ဝ်၊ ဓနု၊ ကိုးကန့်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ များသည် ရှမ်းပြည်နယ် အစိုးရ အဖွဲ့ထံတွင် လည်းကောင်း၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံတွင်လည်းကောင်း၊ ပေါင်းစပ်ညှိနှိုင်းကာ ဒေသန္တရစီမံကိန်းများကို ရေးဆွဲ အကောင်အထည်ဖော်လျက် ရှိပါသည်။

ဒေသန္တရစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ဒေသလိုအပ်ချက်များကို အခြေခံကာ ရေးဆွဲဖော်ပြနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကျေးရွာ၊ မြို့နယ်၊ မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းများ ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဒေသန္တရ စီမံကိန်းများပါဝင်သည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အမျိုးသား စီမံကိန်း မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတမှ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များမှ အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားသော " စီမံကိန်းကော်မရှင်"ကို ၂၀၁၂ ခုနှစ် မေလ (၈) ရက် နေ့တွင် ဖွဲ့စည်းပါသည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စီမံကိန်းများ ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများကို ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်-

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင်ဥက္ကဋ္ဌအဖြစ်တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့မှ စီမံကိန်းတာဝန်ပေးအပ်သော ဝန်ကြီး၊ အတွင်းရေးမှူး အဖြစ် တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးမှူးနှင့် အဖွဲ့ဝင်များအဖြစ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေး လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့မိ မြို့ဖများ၊

(ခ) ခရိုင်နှင့်မြို့နယ်အဆင့်တွင် ဥက္ကဋ္ဌအဖြစ် ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးအဖြစ် ခရိုင်နှင့် မြို့နယ် စီမံကိန်းဦးစီးမှူး၊ အဖွဲ့ဝင်များအဖြစ် ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စီးပွားရေး လူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ။

မြို့နယ်စီမံကိန်းများ ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီသည် ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်များကို ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသ ဆိုင်ရာ လွတ်တော် ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းအသီးသီးတို့ထံမှ အကြံဉာဏ်များ ရယူ၍ စီမံကိန်းအဆိုပြုချက်များကိုလည်းကောင်း၊ အကောင်အထည်ဖော်နိုင်မှု အခြေအနေ များကို လည်းကောင်း၊ ညှိနှိုင်းဆုံးဖြတ်ကာ ခရိုင်စီမံကိန်းများရေးဆွဲရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီသို့ တင်ပြကြပါသည်။ အလားတူပင်ခရိုင်အတွင်းရှိ မြို့နယ်များ အလိုက်

လိုအပ်ချက်၊ ဦးစားပေးရမည့်မြို့နယ်၊ ဦးစားပေးရမည့် လုပ်ငန်းများကို ညှိနှိုင်းအတည်ပြုပြီး၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းများရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီသို့ တင်ပြကြပါသည်။ တိုင်းဒေသကြီး/ ပြည်နယ် ကော်မတီသည်လည်း အလားတူ ညှိနှိုင်းဆွေးနွေးချက်များအပေါ် အတည်ပြုဆုံးဖြတ်ကာ ဗဟိုအဆင့်သို့ ဆက်လက် တင်ပြပါသည်။ ဗဟိုအဆင့်တွင် ဝန်ကြီးဌာနအလိုက် ဦးစားပေး နယ်ပယ်၊ ဦးစားပေး လုပ်ငန်းများအလိုက် စီမံကိန်းများရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြညှိနှိုင်း အတည်ပြုချက်ရယူပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်း

ယခင်က ဒေသများအတွက် ပြည်ထောင်စုဘတ်ဂျက်မှသာ ကိုင်တွယ်ကျခံ သုံးစွဲခဲ့သော်လည်း ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ပြီး ဒေသန္တရ ဘတ်ဂျက် အဖြစ် ခွဲဝေသုံးစွဲစေခဲ့ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပုဒ်မ ၁၉၃(က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်း အတည်ပြုချက်ရယူကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ၎င်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ၎င်းအဖွဲ့ အစည်းများ၏ အသုံးစရိတ်များ၊ ပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများနှင့် ၎င်းကြွေးမြီများနှင့်ဆက်နွယ်သော ကုန်ကျစရိတ်များ၊ ချေးယူငွေများနှင့် ယင်းချေးယူငွေများနှင့် ဆက်နွယ်သော ကုန်ကျစရိတ်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က လိုအပ်သလို ဆွေးနွေး၍ သဘောတူ အတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ပါသည်။

၃-၂။ ဒေသန္တရစီမံကိန်းများနှင့်အချိုးကျမှုတစွာဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးမူဝါဒ (၄) ရပ်ပါတိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမှုတစွာဖွံ့ဖြိုးတိုးတက်ရေး ဟူသော မူဝါဒမြင်သာစွာ ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုအဆင့် အနေဖြင့် ဖွံ့ဖြိုးမှုအားနည်းနေသော ဒေသများအတွက် ဖွံ့ဖြိုးမှုစီမံကိန်းများ ပိုမို ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့များအနေဖြင့်လည်း မိမိဒေသ ဘက်စုံဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ လည်းကောင်း၊ ပြည်ပချေးငွေ ထောက်ပံ့ငွေများရယူခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းကာ အချိုးကျမှုတရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) ပြီးဆုံးချိန်တွင် အသားတင်ထုတ်လုပ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၇၃,၄၇၀,၆၈၆.၁ သန်း ရရှိရန်မျှော်မှန်းထားပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ငါးနှစ်အတွင်းပျမ်းမျှ ၈.၀ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းထားပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များအနက် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့သာ တစ်မျိုးသားလုံး၏ ငါးနှစ်ပျမ်းမျှ တိုးတက်မှုနှုန်းအထက် ပြောင်းလဲ တိုးတက်ရန် ရည်မှန်းထားပါသည်။

ကချင်ပြည်နယ်တွင် ပထမ(၅)နှစ် အမျိုးသားစီမံကိန်းကာလ၏ ရှေ့သက်တမ်းတစ်ဝက်နီးပါး ငြိမ်းချမ်းရေး တည်ဆောက်မှုမရမီ ကာလများတွင် တောင်သူများသည် လယ်ယာမြေများကို စွန့်ခွာတိမ်းရှောင်နေရခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းကြောင့် ကုန်စည် စီးဆင်းမှု မချောမွေ့ခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရ ခြင်းကြောင့် လက်ရှိပထမ ငါးနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှ တိုးတက်မှုနှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ကယားပြည်နယ်တွင် နယ်မြေဒေသ မအေးချမ်းခဲ့ခြင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အားနည်းခြင်းကြောင့် ဒေသဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်နိုင်မှု နည်းပါးကာ ပထမ ငါးနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှ တိုးတက်မှု နှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးတွင် ယခင်က သစ်များ အများအပြား ထုတ်လုပ်ခဲ့သော်လည်း သစ်တောမပြုန်းတီးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်

ထက်များစွာ လျော့နည်းထုတ်လုပ်ရန်ရည်မှန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် ပြည်ရေနံမြေမှ သဘာဝအလျောက် အထွက်ဆုတ်ယုတ်လာသဖြင့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ အခြေခံနှစ်ထက် လျော့နည်းထုတ်လုပ်ရန် ရည်မှန်းခြင်း တို့ကြောင့် ပထမငါးနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှ တိုးတက်မှုနှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် ဇွန်လတွင် ဖြစ်ပွားခဲ့သော လူမှုရေးဆူပူ အကြမ်းဖက်မှု ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရင်ဆိုင်ခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေရခြင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းအထူးစီပွားရေးဇုန်မှာလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကုန်သည်အထိ တည်ဆောက်ရေးကာလသာ ဖြစ်နေသေးခြင်း ကြောင့် ပထမငါးနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှ တိုးတက်မှုနှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ဝင်ရောက်စာရင်းရယူရန် ခက်ခဲခြင်း (အထူးသဖြင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)၊ နယ်မြေ အချို့အေးချမ်းမှု မရှိခြင်း (ရှမ်းတောင် လွိုင်လင်နှင့် လင်းခေးခရိုင် အတွင်းမှ မြို့နယ်အချို့)၊ သွားလာရေး ခက်ခဲခြင်း (မက်မန်း)၊ အချို့ဒေသတွင် ဖွံ့ဖြိုးမှုနည်းပါးခြင်း၊အချို့ဒေသမှ စာရင်းဇယား ပြည့်စုံစွာ မရရှိနိုင်ခြင်း စသည့် အခက်အခဲများကြောင့် ပထမ ငါးနှစ်အတွင်း ပျမ်းမျှ တိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှတိုးတက်မှုနှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အဓိကသီးနှံဖြစ်သည့် စပါးစိုက်ပျိုးမှုသည် ရေကျ နောက်စိုက် နှင့် ရေချို၊ရေငန်ရော ဒေသများတွင် ဖြစ်ထွန်းမှု နည်းပါးသောကြောင့် လျော့နည်း စိုက်ပျိုးရန်ရည်မှန်းခြင်း၊ တောင်သူများသည် ဝင်ငွေတွက်ခြေမကိုက်၍ နေကြာ သီးနှံကို စိုက်ပျိုးရန် ဆန္ဒမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေတွက်ခြေမကိုက်၍ ဈေးကွက် မရှိသော ဂုန်လျှော်သီးနှံကို လျော့နည်း စိုက်ပျိုးရန်ရည်မှန်းခြင်း၊ နာဂစ်မုန်တိုင်း ဖြစ်ပွားခဲ့ပြီးနောက်ပုစွန်ကန်များပျက်စီးခြင်းကြောင့် မွေးမြူမှု တဖြည်းဖြည်းလျော့နည်း လာပြီး ပုစွန် ထုတ်လုပ်မှု လျော့နည်း ရည်မှန်းထားခြင်း၊ ကြံခင်းဘိလပ်မြေစက်ရုံ၏ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် ထုံးကျောက်၊ သံကျောက်နှင့် ရွှံ့စေးဖြူ ထုတ်လုပ်မှု များသည် အကန့်အသတ်ဖြစ်နေပြီး လျော့နည်း ရည်မှန်းထားခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမို ကောင်းမွန် လာသဖြင့် ကားလမ်းအသုံးပြုမှု များပြားပြီး၊ ရထားပို့ဆောင်ရေးနှင့်ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတို့အလွန်နည်းပါးလာခြင်း၊ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် ခရီးစဉ်အချို့ဖျက်သိမ်းခြင်း၊အချို့မှာခေါက်ရေလျှော့ချခြင်းများရှိသဖြင့် လျော့နည်းရည်မှန်း

ခြင်းတို့ကြောင့် ပထမငါးနှစ်အတွင်း ပျမ်းမျှတိုးတက်မှုနှုန်းသည် တစ်မျိုးသားလုံး၏ ပျမ်းမျှ တိုးတက်မှုနှုန်းထက် နိမ့်ကျနေခြင်း ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၃-၁
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
တိုင်းဒေသကြီး/ပြည်နယ်များ၏ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း



ဇယားစဉ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်များတွင် ပြည်ထောင်စု ပျမ်းမျှ တိုးတက်မှုနှုန်း အထက်ရောက်ရှိစေရန်လည်းကောင်း၊ ဒေသများအချိုးကျမျှတစွာ ဖွံ့ဖြိုး တိုးတက်ရေးဟူသော နိုင်ငံတော်၏ စီးပွားရေး ပေါ်လစီနှင့်အညီ ဖြစ်ပေါ်လာစေရန် လည်းကောင်း၊ ဝန်ကြီးဌာနမှဆောင်ရွက်ပေးနိုင်ခြေ၊ ဒေသ၏အမှန် လိုအပ်ချက်၊ ဘဏ္ဍာငွေ ရှာဖွေ သုံးစွဲမှု ကြီးကြပ်ရေးတို့ကို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

တစ်မျိုးသားလုံး၏ တစ်ဦးကျဝင်ငွေကို အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်တွင် ၇၄၀,၈၁၄ ကျပ်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၈၃၉,၅၅၁ ကျပ်၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၉၆၂,၂၄၀ ကျပ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၁,၀၆၅,၂၇၇ ကျပ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁,၁၇၀,၁၅၈ ကျပ် အသီးသီးရရှိရန် ရည်မှန်းထားပါသည်။

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) တစ်ဦးကျ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၃-၂

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ

တစ်ဦးကျ ပျမ်းမျှ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်



ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ဒေသန္တရစီမံကိန်းများ

- ကချင်ပြည်နယ်
- ကယားပြည်နယ်
- ကရင်ပြည်နယ်
- ချင်းပြည်နယ်
- စစ်ကိုင်းတိုင်းဒေသကြီး
- တနင်္သာရီတိုင်းဒေသကြီး
- ပဲခူးတိုင်းဒေသကြီး
- မကွေးတိုင်းဒေသကြီး
- မန္တလေးတိုင်းဒေသကြီး
- မွန်ပြည်နယ်
- ရခိုင်ပြည်နယ်
- ရန်ကုန်တိုင်းဒေသကြီး
- ရှမ်းပြည်နယ်
- ဧရာဝတီတိုင်းဒေသကြီး
- နေပြည်တော်ကောင်စီနယ်မြေ

၃-၃။ ဒေသန္တရစီမံကိန်းများ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ ပြည်နယ် အလိုက် ဒေသန္တရစီမံကိန်းများကို ရေးဆွဲပါသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များပြ မြေပုံ



ကချင်ပြည်နယ်

ကချင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	= မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၈ မိနစ်မှ ၂၈ဒီဂရီ ၁၅မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် မှ ၉၈ ဒီဂရီ ၄၅ မိနစ် အတွင်း၊
အကျယ်အဝန်း	= ၃၄,၃၇၉.၂၂ (စတုရန်းမိုင်) ၂၂,၀၀၂,၇၀၃ (ဧက)
လူဦးရေ(ခန့်မှန်း)	= ဦးရေ ၁,၆၇၁ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
ထူးခြားသည့် အမှတ်အသား:	= ရေခဲတောင်များ၊ မြစ်ဆုံအပန်းဖြေစခန်း
ခရိုင်	= ၄ ခရိုင်
မြို့နယ်	= ၁၈ မြို့နယ်
အဓိက စီးပွားရေး ကဏ္ဍ	= လယ်ယာ ၊ သတ္တု ၊ ကုန်သွယ်မှု
ထူးခြားနေရာများ:	= ကျောက်စိမ်းပြတိုက် (ဖားကန့်) အင်းတော်ကြီး ရွှေမဉ္ဇူ ဘုရား (မိုးညှင်း) လန်းနု ရေတံခွန် (ဝိုင်းမော်) လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေး စခန်း(မိုးမောက်) ရေခဲတောင်များ ခါကာဘိုရာဇီတောင်၊ ဂန်လန်ရာဇီတောင် (ပူတာအို) ကောင်းမှုလုံ ဘုရား (ပူတာအို)
ဆက်စပ်ဒေသများ:	= အရှေ့ဘက်တွင် ရှမ်းပြည်နယ် နှင့် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊

နိဒါန်း

ကချင်ပြည်နယ်တွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ သန့်ရှင်းသော အစိုးရ ဖြစ်လာစေရန် ပြည်သူနှင့် စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ မူဝါဒများအပေါ်အခြေခံ၍ ဒေသတွင် အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးဒေသ၊ ဦးစားပေးနယ်ပယ် အလိုက် ရေးဆွဲထားရှိပါသည်။ သဘာဝ သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝ၍ လှပသည့်ရေမြေတောတောင်များကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေး ကွန်ယက်အချက်အချာကျသောဒေသ ဖြစ်ပါသည်။ ပြည်နယ်တည်ငြိမ်အေးချမ်းပြီးအခြေခံအဆောက်အဦများ ကောင်းမွန်ပါက ဒေသဖွံ့ဖြိုးရေးကို အလျင်အမြန် ရရှိစေမည့် ပြည်နယ် ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

ကချင်ပြည်နယ်၏ လူမှုစီးပွားအခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်း အသုံးပြုနိုင်မှု ရည်မှန်းချက်များ အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁-၁
ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



ကချင်ပြည်နယ်၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် မူလတန်း အဆင့်၌ ၉၉.၁၃ ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်၌ ၈၁.၈၃ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၅၅.၄၄ ရာခိုင်နှုန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် မူလတန်း အဆင့် ၌ ၁၀၃.၆၃ ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်၌ ၈၇.၅၁ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၆၀.၁၈ ရာခိုင်နှုန်း သို့ပြောင်းလဲ ဖြစ်ပေါ်ရန် ရည်မှန်း ထားပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁-၂
ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက်(အရှင်မွေးကလေး ၁,၀၀၀ လျှင်)



ကချင်ပြည်နယ်၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀ လျှင်)သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် ၄၁.၄၅ နှုန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် တွင် ၂၇.၁၇ နှုန်း သို့ လျော့နည်း ဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁-၃
လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်းရည်မှန်းချက်



ကချင်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် လူတစ်ထောင် လျှင် တယ်လီဖုန်း ၃၄ လုံး သုံးစွဲ နိုင်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ၃၄၆ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်း ထားပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြရပ် အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁-၄

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ဧကတ်မိစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍ စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကချင်ပြည်နယ်၌ မြေလွတ်မြေရိုင်း ဧရိယာ ၃,၄၈၅,၁၁၀ ဧက၊ တောရိုင်းမြေ ၆,၀၂၀,၁၂၇ ဧက ရှိသည့် အနက် ၎င်းမြေလွတ်မြေရိုင်းများအား လုပ်ငန်းရှင် ၄၈၃ ဦးနှင့် ကုမ္ပဏီ ၂၆ ခုတို့မှ ဧရိယာ ၁,၂၇၂,၆၆၆ ဧက စိုက်ပျိုး လုပ်ကိုင်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားပါသည်။ လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး ဦးစီးဌာနမှ မိမိဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လည်းကောင်း၊ UNDP နှင့် ပူးပေါင်း၍လည်းကောင်း သိပ္ပံနည်းကျ စိုက်ပျိုးနည်း စနစ် ၁၄ ချက်ကို ပညာပေးနိုင်ရန် မြစ်ကြီးနားခရိုင်တွင် ၇၂ ကြိမ် တောင်သူပေါင်း

၄,၅၀၂ ဦး၊ မိုးညှင်းခရိုင်တွင် ၁ ကြိမ် တောင်သူပေါင်း ၁,၃၆၅ ဦး၊ ဗန်းမော်ခရိုင်တွင် ၃၃ ကြိမ် တောင်သူပေါင်း ၁,၇၆၈ ဦး၊ ပူတာအိုခရိုင်တွင် ၂၇ ကြိမ်၊ တောင်သူ ၂,၁၁၀ ဦးကိုပညာပေးရန် ရည်မှန်းထားပါသည်။ ပုလဲသွယ် စပ်မျိုးစပါးကိုလည်း ဧက ၅,၀၀၀ ခန့် စိုက်ပျိုး ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မြေယာ ပြုပြင် ပြောင်းလဲရေးကို ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ မြစ်ကြီးနား မြို့နယ်တွင် ပိုးစာခြံ ၅၀ ဧကကို ဒေသခံများ အလုပ်အကိုင် တိုးတက်ရရှိစေရေးအတွက် ပြန်လည်ဖော်ထုတ် စိုက်ပျိုးလျက်ရှိပြီး ပိုးအိမ် ထုတ်လုပ်မှုနှင့် ပိုးမွေးမြူရေး သင်တန်းကျောင်း ဆောက်လုပ်ရန် သင်တန်း ဖွင့်လှစ်ပေးခြင်းနှင့် ရိုးရာဂျတ်ခုတ်လုပ်ငန်း ပြန်လည် ရှင်သန် ဖွံ့ဖြိုးစေရန် အတွက်ပံ့ပိုး ဆောင်ရွက် ပေးသွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စက်မှုသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် ၁၈ မြို့နယ်၊ မြို့နယ်ခွဲ ၁၁ ခု ၌ ရွှေ့ပြောင်း တောင်ယာစိုက်ဧက ၃၆,၈၆၃ ဧကအား ရွှေ့ပြောင်း တောင်ယာစနစ် ပပျောက်ရေး အတွက် ကုန်းမြင့်လယ်ယာ (လယ်လှေကားထစ်) စနစ်ဖြင့် ဆောင်ရွက်သွားရန်နှင့် မိုးညှင်းမြို့နယ်အင်းတော်ကြီးဒေသ၊ ရွာသစ်ကုန်းကျေးရွာနှင့် ထန်းတပင်ကျေးရွာ ကြားတွင် စက်မှုအခြေခံ စိုက်ပျိုးရေး အထူးဇုန် ဧက ၁,၀၀၀ ၊ ချောင်း၀ ကျေးရွာ အုပ်စုတွင် စက်မှုအခြေခံ စိုက်ပျိုးရေးအထူးဇုန် ဧက ၃,၀၀၀ တည်ထောင်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မိုးစပါး စီးပွားဖြစ် စိုက်ပျိုးနိုင်ရေးအတွက် မျိုးသန့်စံပြ ကျေးရွာအနေဖြင့် ၁၄ မြို့နယ်တွင် ဧက ၁,၃၀၀၊ အကျိုးဆောင် တောင်သူအနေဖြင့် ၁၆ မြို့နယ်တွင် ၂,၅၈၅ ဧက ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ စိုက်ပျိုးရေ ပြည့်၀စွာ ရရှိနိုင်ရေးအတွက် နန့်မီးရေလှောင်တမံ စီမံကိန်း၊ သဲဖြူချောင်း ရေလွှဲ ဆည်၊ ဆောင်းခါး ရေလွှဲဆည်၊ ဟိုဖိုင် ရေလွှဲဆည် စီမံကိန်းများကို ဆက်လက် ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

(ခ) သားငါး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင်ကျွဲ၊နွား၊သိုး၊ဆိတ်၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့မွေးမြူဆောင်ရွက်ရန်၊ အသား ထုတ်လုပ်မှု တိုးတက်စေရန် ပုဂ္ဂလိကလုပ်ငန်းရှင် ၉ ဦးနှင့် အသားတိုး နွား၂,၀၄၀ ကောင်၊ သိုး၊

ဆိတ် ၅၀၀ ကောင်၊ မျိုးသန့်ဝက် ၂၆၁ ကောင် မွေးမြူ ရေး လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးရန် ရည်မှန်းထားပါသည်။ နို့ထုတ်လုပ်မှုတွင် ပြည်ပနို့စားနွားမျိုးကောင်းမျိုးသန့်မြှင့်တင်ခြင်းလုပ်ငန်းကို မေထုန်မဲ့ သားစပ်နည်း ဖြင့် မြစ်ကြီးနားမြို့တွင် ဆောင်ရွက်လျက်ရှိရာ လိုအပ်နေသည့် လုပ်ငန်းသုံးပစ္စည်း ကိရိယာများကို ပြည်နယ်အစိုးရ၏ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဖြည့်ဆည်း ပေးပြီး ဒေသ၏ နို့ ထုတ်လုပ်မှုကို ပထမဂါးနှစ် စီမံကိန်းအပြီးတွင် သုံးဆတိုးတက် ရရှိအောင် ရည်မှန်းထားပါသည်။ ငါးမွေးမြူရေး တိုးတက်စေရန် အတွက် ပူတာအို မြို့တွင် အအေးပိုင်းဒေသ ငါးမွေးမြူရေး နှင့် ငါးသားဖောက်ရေးလုပ်ငန်းစီမံကိန်းကို လည်းကောင်း၊ ဝိုင်းမော်မြို့နယ် ငါးလုပ်ငန်းစခန်းအား အဆင့်မြှင့်တင် ဆောင်ရွက် ရေးလုပ်ငန်းစီမံကိန်းကို လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မြို့နယ်ပေါင်း ၁၆ မြို့နယ်၌ မွေးမြူရေး အစုအဖွဲ့ ၇၆၁ ဖွဲ့ အတွက် ချေးငွေများ ထုတ်ချေးနိုင်ရန် ရည်မှန်းပါသည်။ ပဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အောက်ပါ လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားပါသည်-

(၁) မြစ်ကြီးနားမြို့နယ် ပလန်ကျေးရွာ နှင့် နန်းကွေ့ကျေးရွာ မွေးမြူရေး အထူးဇုန် ဧက ၂၀၀

(၂) တနိုင်းမြို့နယ် မကောကျေးရွာ၌ မွေးမြူရေးအထူးဇုန် ဧက ၁၀၀

(၃) မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာတွင် မွေးမြူရေးအထူးဇုန် ၁၂၀ ဧက

(ဂ) သစ်တော

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် သစ်တောကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ပဂ္ဂလိကလုပ်ငန်းရှင်များ နှင့်ပေါင်းစပ်ညှိနှိုင်း၍ မြစ်ကြီးနားမြို့နယ် အင်ခိုင်ဘွမ်ဒေသ သဘာဝတောထိန်းသိမ်း ရေးနှင့် ရေဝေရေလဲထိန်းသိမ်းရေး ဧက ၇၄,၂၆၁ ကို နယ်မြေ ၇ ခုခွဲခြား၍ ထူထောင် ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် တွင် ချီဖွေ မြို့နယ်နှင့် ဆော့လော် မြို့နယ်ရှိ အီမောဘွမ်ဒေသ သဘာဝ ပတ်ဝန်းကျင် အရင်းအမြစ်များ ထိန်းသိမ်းခြင်း၊ ကျေးရွာပိုင် ထင်းစိုက်ခင်းများ တည်ထောင် ပေးခြင်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စက်မှုကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဂ္ဂလိက လုပ်ငန်းရှင်များ နှင့် ပေါင်းစပ် ညှိနှိုင်း၍ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းအား ဖွဲ့စည်းတည်ထောင်ရန်၊ မြစ်ကြီးနားမြို့နယ်၊ မိုးညှင်းမြို့နယ် နှင့် မိုးကောင်းမြို့နယ်များတွင် ပဂ္ဂလိက ကျောက်သွေး၊ ကျောက်ဖြတ် အလုပ်ရုံနှင့် အရောင်းပြခန်း တည်ဆောက် ပေးရန် ရည်မှန်းထားပါသည်။

စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာ စေရေး အစီအစဉ်များတွင် ဆီတိုဟူးလုပ်ငန်း၊ ဆန်ခေါက်ဆွဲလုပ်ငန်းများ ပါဝင်ပြီး အဆိုပါ လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် အရင်းအနှီးချေးငွေများကို အတိုးနှုန်း နည်းစွာဖြင့် ထုတ်ချေးခြင်း၊ လုပ်ငန်းကုန်ကြမ်းရရှိရေး လွယ်ကူစေမည့် အစီအစဉ် များကို ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ကချင် ပြည်နယ် တွင် စက်မှုဇုန်မရှိဘဲ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ သာရှိသည့် အတွက် မြစ်ကြီးနား ခရိုင် ဝိုင်းမော်မြို့နယ် လဘန်ကထောင် ကျေးရွာ နှင့် မဒိန်ကျေးရွာအကြား ဧက ၅,၄၈၅.၆၉ တွင် စက်မှုဇုန် တည်ထောင်ပေးရန်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ ညောင်ပင်သာရွာ နှင့် စာဝတီးရွာ အကြား ဧက ၃,၀၀၀ တွင် စက်မှုဇုန် တည်ထောင်ပေးရန်နှင့် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ရွာသစ်ကုန်းရွာနှင့် ထန်းတပင်ရွာ အကြား ဧက ၁,၀၀၀ တွင် လယ်ယာသုံး စက်ပစ္စည်းစက်ရုံ တည်ထောင်ပေးရန် ရည်မှန်းထား ပါသည်။

(ခ) လျှပ်စစ်

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဘူးဂါးရေအားလျှပ်စစ် ဓာတ်အားပေးလုပ်ငန်းမှ ရောင်းချလျက်ရှိသော ဓာတ်အားဖြန့်ဖြူး ရောင်းချမှု လုပ်ငန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ချီဖွေငယ်ရေအား လျှပ်စစ်စက်ရုံမှ ပြန်လည်ရောင်းချမည့် လျှပ်စစ်ဓာတ်အားများကို ပဂ္ဂလိက လုပ်ငန်း ရှင်များမှ ဝယ်ယူ၍ ပြည်နယ်အတွင်း ပြန်လည် ဖြန့်ဖြူးရောင်းချခြင်းကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ မိုးညှင်းခရိုင်၊ ဟိုပင်မြို့နယ်ခွဲ၊ ဂလိုင်ချောင် ရေအားလျှပ်စစ်စက်ရုံနှင့် မိုးကောင်းမြို့နယ် နမ့်ခမ်းခ ရေအား လျှပ်စစ် စက်ရုံမှဓာတ်အားရောင်းချခြင်းတို့ကို ပဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်

လျက်ရှိရာ အသားတင်အမြတ်မှ ၂ ရာခိုင်နှုန်းကို ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် ပူတာအိုခရိုင်၊ပူတာအိုမြို့နယ်၊ နန့်ထွမ်ရေအား‌လျှပ်စစ်စက်ရုံမှ ဓာတ်အားရောင်းချခြင်းကို ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် အောက်ပါရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ဒေသအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းများဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်-

(၁) ဆဒုံးမြို့နယ်ခွဲ ၊ နမ့်မလိချောင်း မျှော်မှန်းဓာတ်အား ၅၉ မဂ္ဂါဝပ်
(၂) ကန်ပိုက်တီမြို့နယ်ခွဲ၊နမ့်မလိချောင်း နှင့် ဒွန်ဘန်ချောင်း မျှော်မှန်းဓာတ်အား ၂၀ မဂ္ဂါဝပ်
(၃) ဖားကန့်မြို့နယ်၊ နမ့်ဆမ်ဆဲချောင်းမျှော်မှန်းဓာတ်အား ၂ မဂ္ဂါဝပ်
(၄) မိုးမောက်မြို့နယ်၊ ကျရိခ ချောင်း မျှော်မှန်းဓာတ်အား ၂ မဂ္ဂါဝပ်
(၅) ရှင်ဇွေယန်မြို့နယ်ခွဲ၊ တဝါးခချောင်း မျှော်မှန်းဓာတ်အား၂ မဂ္ဂါဝပ်
(၆) ပူတာအိုမြို့နယ်၊ နမ့်ထွမ်ချောင်း မျှော်မှန်းဓာတ်အား ၂ မဂ္ဂါဝပ်
(၇) ပူတာအိုမြို့နယ်၊ ငွါးပီလိုချောင်း မျှော်မှန်းဓာတ်အား ၁ မဂ္ဂါဝပ်

မီးလင်းရေးလုပ်ငန်း ၂၅၂ ခုကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ဆောင်ရွက်နိုင်ရန် နှင့် မဟာ ဓာတ်အားလိုင်းမှ မိုးညှင်း ခရိုင်အတွင်းရှိ မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးရန်အတွက် တိုင်များ၊ လျှပ်စစ် လိုင်းကြိုးများ သွယ်တန်း ပြီးစီးပါ က ဓာတ်အား အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရန်ရည်မှန်းထားပါသည်။

(ဂ) ဆောက်လုပ်မှု

ကချင်ပြည်နယ်၏ လမ်းများအခြေအနေ



ဇယ်မြစ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(၁) လမ်းတံတားတည်ဆောက်ရေး

ကချင်ပြည်နယ်အတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် ပေ ၅၀ အောက်တံတား ၄,၂၈၀ စင်း၊ ပေ ၅၀ မှ ၁၀၀ ကြားတံတား ၂၀၄ စင်း၊ ပေ ၁၀၀ မှ ၁၈၀ ကြားတံတား ၁၁၀ စင်း၊ ပေ ၁၈၀ နှင့်အထက် ၄၉ စင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ တည်ဆောက်ဆဲ နှင့် တည်ဆောက်မည့် တံတားများမှာ ပေ ၁၀၀ မှ ၁၈၀ ကြား တံတား ၄ စင်း၊ ပေ ၁၈၀ နှင့် အထက် ၄ စင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဆက်လက် ဖောက်လုပ်၊ တိုးချဲ့၊ ပြုပြင်မွမ်းမံမည့် လမ်းများမှာ မြစ်ကြီးနား-ပန်ဆောက်-လီဒိုလမ်း၊ မြစ်ကြီးနား-တနိုင်း-ရှန်ဗွေယန်လမ်း၊ မြစ်ကြီးနား-ဝိုင်းမော် - ဆဒုံး - ကန်ပိုက်တီလမ်း၊ မြစ်ကြီးနား - မိုးညှင်းလမ်း၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း၊ မြစ်ကြီးနား-ဗန်းမော်-ရွှေကူလမ်း၊ မြစ်ကြီးနား - မိုးမောက် - ဗန်းမော် - မံစီလမ်း၊ ပူတာအို - မချမ်းဘောလမ်း၊ မချမ်းဘော- နောင်မွန်းလမ်း၊ ချီဖွေ - ဆော့လော် - မန်ကျီလမ်း၊ ဖားကန့်-ကာမိုင်းလမ်း၊ ချီဖွေ - ပန်ဝါလမ်း၊ မနုံဂါ - မိုးညှင်း- နန့်စီးအောင်လမ်း၊ ရွှေကူ-

ဗန်းမော်လမ်း၊ မိုးမောက်-စိန်လုံ-လွယ်ဂျယ်လမ်း၊ ဗန်းမော် -မန်သာ - စီအူလမ်း၊ မချမ်းဘော- နန့်ခမ်း - နောင်မွန်းလမ်း၊ ရပ်ဘော့ - ဂေါ်လဲထု - ပန်နန်ဒင်လမ်းများ ဖြစ်ပြီး ၎င်းလမ်းတို့ကို ဆက်လက်ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် ပေ ၅၀ အောက်တံတား ၄,၂၈၀ စင်း၊ ပေ ၅၀ မှ ၁၀၀ ကြားတံတား ၂၀၄ စင်း၊ ပေ ၁၀၀ မှ ၁၈၀ ကြားတံတား ၁၁၀ စင်း၊ ပေ ၁၈၀ နှင့်အထက် ၄၉ စင်း ဆောက်လုပ်ရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိတည်ဆောက်ဆဲနှင့် တည်ဆောက်မည့် တံတားများမှာ ပေ ၁၀၀ မှ ၁၈၀ ကြား တံတား ၄ စင်း၊ ပေ ၁၈၀ နှင့် အထက် ၄ စင်း ရည်မှန်းထားပါသည်။

(၂) လေဆိပ်၊ဆိပ်ကမ်း၊ကားဂိတ်များ တိုးချဲ့ခြင်းအသစ်တည်ဆောက်ခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မြစ်ကြီးနားလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းကျပ် ၂,၄၃၂ သန်း၊ ပူတာအိုလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း နှင့် နောင်မွန်း လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို တိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တက္ကသိုလ် ၂ ခု၊ နည်းပညာ တက္ကသိုလ် ၂ ခု၊ ကွန်ပျူတာ တက္ကသိုလ် ၂ ခု၊ ကောလိပ် ၃ ခု၊ အထက်တန်းကျောင်း ၉၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၃၈ ကျောင်း၊ မူလတန်း ကျောင်း ၉၆၉ ကျောင်းနှင့် မူလတန်းလွန် ၁၉၅ ကျောင်းတို့ဖြင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် အခြေခံပညာဦးစီးဌာနမှ ချီဖွေ၊ တနိုင်း၊ မြစ်ကြီးနား၊ ဆော့လော်မြို့များရှိ အထက်တန်းကျောင်းများတွင် ဝန်ထမ်းအိမ်ရာ နှင့် မာတီမီဒီယာ များ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် အခြေခံပညာဦးစီးဌာနမှ အင်ဂျန်းယန် အထက်တန်းကျောင်း ဝန်ထမ်းအိမ်ရာ၊ ဆင်ဘို မူကြိုကျောင်း၊ မံစီ အထက်တန်းကျောင်း၊ မိုင်းခေါင် မာတီမီဒီယာ၊ ဟန်ထက် မာတီမီဒီယာတို့ကို

ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ အခမဲ့မူလတန်း ပညာရေးစနစ် နှင့် ကလေး ဗဟိုပြု သင်ယူမှု ချဉ်းကပ်နည်းစနစ် အကောင်အထည်ဖော်ရန် ရည်မှန်းထားပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေမြဲ၍ မူလတန်းပညာ ပြီးမြောက်ရေး ရာနှုန်းပြည့် အောင်မြင်စေရန် ဒေသအာဏာပိုင်များ၊ ရပ်မိရပ်ဖများ၊ ပညာရေးစေတနာရှင်များ၊ NGOs များပူးပေါင်း ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

(ခ) ကျန်းမာရေး

တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် မြစ်ကြီးနားမြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ အဆင့်သို့ တိုးမြှင့်ဖွင့်လှစ် ရန်ရည်မှန်းထားပါသည်။

ဆေးရုံ၊ ဆေးခန်းတိုးချဲ့ရေး နှင့် အဆင့်မြှင့်တင်ရေး ၊ ဓါတ်ခွဲခန်းများ အရည်အသွေး နှင့် အရေအတွက်မြှင့်တင်ရေး၊ မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်း၊ ဆေးစိမ်ခြင်ထောင် သရုပ်ပြခြင်းနှင့် စည်းရုံးခြင်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများကို ဆေးဝါး များထောက်ပံ့ ဖြည့်စွက်ပေးခြင်း၊ ကျန်းမာရေး ဝန်ထမ်းများအား အသိပညာမြှင့်တင် ပေးခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

တိုက်နယ်ဆေးရုံများတိုးချဲ့ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် မိုးညှင်း၊ ပူတာအို၊ ရွှေကူမြို့နယ်များတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဖားကန့် နှင့် မိုးကောင်းမြို့နယ် များတွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဝိုင်းမော် နှင့် မချမ်းဘောမြို့နယ်တို့တွင် တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ဂ) ဆက်သွယ်ရေး

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် တယ်လီဖုန်းလုံးရေ စုစုပေါင်း ၇၄,၃၂၆ လုံးနှင့် လူဦးရေ ထောင်ပေါင်း ၁,၅၉၈ ဦးရှိပြီး လူ ၁,၀၀၀ ဦးလျှင် တယ်လီဖုန်း အသုံးပြုနိုင်မှု အရေအတွက်မှာ တယ်လီဖုန်း ၃၄ လုံး ရှိရန်ရည်မှန်း ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဆက်သွယ်ရေး လုပ်ငန်းများ၌ တယ်လီဖုန်း ကွန်ယက်များချဲ့ထွင်ပေးခြင်း၊ တယ်လီဖုန်း ၃၉,၁၃၇ လုံး အား အသစ်တပ်ဆင်ပေးခြင်း၊ လစဉ်တယ်လီဖုန်းလုံးရေ တိုးချဲ့ ချထားပေးခြင်းများ၊ မြေအောက်ကြိုးများ၊ ကောင်းကင်ကြိုးများကို လဲလှယ်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းလုံးရေမှာ ၅၇၈,၅၈၇ လုံး နှင့် လူဦးရေ ထောင်ပေါင်း ၁,၆၇၁ ဦး ရှိမည်ဟု ခန့်မှန်းပါသဖြင့် လူ ၁,၀၀၀ ဦးလျှင် တယ်လီဖုန်း အသုံးပြုမှု အရေအတွက်မှာ ၃၄၆ လုံး ရရှိ သုံးစွဲ နိုင်ရန် ရည်မှန်းထား ပါသည်။

(ဃ) ရေရှိရေးလုပ်ငန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်ရေရှိရေးအတွက် ဆောင်းခါး ရေလွှဲဆည်၊ နန့်မီး ရေလှောင်တမံ၊ ဟဲလုံ ကျောက်စည် ရေလွှဲဆည် ပြုပြင်တည် ဆောက်ခြင်း၊ တကွင်း ရေလွှဲဆည် နှင့် ရေသောက်စနစ် တည်ဆောက် ခြင်းလုပ်ငန်း၊ ဟိုဖိုင်သံကူကွန်ကရစ် ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ရည်မှန်းဆောင်ရွက်မည့် လုပ်ငန်းများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဇယား ၃-၁-၁

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ဆည်မြောင်းဦးစီးဌာနမှ ရည်မှန်းဆောင်ရွက်မည့် ဆည်များအခြေအနေ

စဉ်	လုပ်ငန်းအမည်	တည်နေရာ	ဆောင်ရွက် မည့်ခုနှစ်	အကျိုးပြု ဧရိယာ (ဧက)		အလုပ်သမား အရေအတွက်
				မိုးစပါး	နွေစပါး	
၁	၂	၃	၄	၅	၆	၇
၁	နန့်ကျရီရေလွှဲဆည်	မိုးမောက်မြို့	၂၀၁၄-၂၀၁၅	၅၆၀	၂၁၄	၁၁၂
၂	ချောင်းချောက်ချောင်း	မိုးညှင်းမြို့	၂၀၁၅-၂၀၁၆	၁,၅၀၀	-	၃၀၀
၃	ပင်ကျိုင်းဆည်	မိုးကောင်းမြို့	"	၇၅၀	-	၅၄၂
၄	ရှန်ကောင်ဆည်	ပူတာအိုမြို့	"	၉၂၀	-	၁၈၄
၅	ပလန ဆည်	ပူတာအိုမြို့	၂၀၁၅-၂၀၁၆	၃၀၀	-	၆၀
၆	ဆောင်းခါးရေလွှဲဆည်	မိုးကောင်းမြို့	"	၁,၂၀၀	-	၂၄၀
၇	လန်းတောင်ဆည်	ပူတာအိုမြို့	"	၆၀၀	-	၁၂၂
၈	ကြာကြီးကွင်းဆည်	မိုးညှင်းမြို့	"	၂,၆၆၀	-	၅၃၂
၉	နန့်မီးရေလှောင်တမံစီမံကိန်း	ဝိုင်းမော်မြို့	"	၃,၀၀၀	-	၆၀၀
			စုစုပေါင်း	၁၁,၄၉၀	၂၁၄	၂,၆၉၂

ဇာစ်မြစ်။ ဆည်မြောင်းဦးစီးဌာန

၅။ ကဏ္ဍအချင်းချင်းချိတ်ဆက်မည့်လုပ်ငန်းစဉ်များ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် အသေးစား နှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးစေရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ကျင်းပခြင်း၊ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုအတွက် မတည်ရင်းနှီး ငွေများထုတ်ချေးခြင်း ပြုလုပ်ခဲ့ရာ အသေးစားနှင့် အလတ်စား လုပ်ငန်း ရှင် ၅၀ ဦး အတွက် ငွေကျပ် သိန်း ၈၀ ကို ထုတ်ချေးပေးရန် ရည်မှန်းပါသည်။

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်မည့် လမ်း၊ တံတားများ အခြေအနေ ရည်မှန်းချက်များကို ဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဇယား ၃-၁-၂
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ရည်မှန်းဆောင်ရွက်မည့်ကျေးလက်လမ်းများအခြေအနေ

စဉ်		အကြောင်းအရာ	ရေတွက်ပုံ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**ကျေးလက်လမ်းများ**						
	၁	ကျောက်လမ်း	မိုင်	၈/၁.၀၃	၉/၂.၈၃	၁၀/၂.၃၁	၁၀/၂.၃	၁၁/၂.၅၁
	၂	မြေသားလမ်း	"	၅/၆.၂၇	-	-	-	-
	၃	ဂပ်လမ်း	"	၃/၃.၂၇	၁၁/၃.၆၅	၁၂/၅.၉၁	၁၂/၅.၉	၁၃/၀.၀၇

ဇာစ်မြစ်။ စည်ပင်သာယာရေးအဖွဲ့

(ခ) သောက်သုံးရေရရှိရေး

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကချင်ပြည်နယ်တွင် ကျပ် ၉၁.၅၁၈ သန်း တန်ဖိုးရှိ လုပ်ငန်းပေါင်း ၄၀ ခုကို ကျေးရွာ ၁၄ ရွာတွင်လည်းကောင်း၊ ကျပ် ၂၆၈.၃သန်း တန်ဖိုးရှိလုပ်ငန်းပေါင်း ၃၀ ခုကိုကျေးရွာ ၃၀ တွင်လည်းကောင်း၊ ကျပ် ၃၇၉.၈၁၈ သန်းတန်ဖိုးရှိ လုပ်ငန်းပေါင်း ၇၅ ခုကို ကျေးရွာ ၄၉ ရွာတွင် လည်းကောင်း၊ UNICEF မှ ထောက်ပံ့ငွေ ကျပ် သန်း၂၀ ဖြင့် လုပ်ငန်း ပေါင်း ၅ ခု ကို ကျေးရွာ ၅ ရွာတွင် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

ပထမ ငါးနှစ်စီမံကိန်း၏ နှစ်အလိုက် ကျေးလက်ရေရရှိမှု ရည်မှန်းချက် အခြေအနေကို တင်ပြ အပ်ပါသည်-

ဇယား ၃-၁-၃

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ကျေးလက်ရေရရှိမှု ရည်မှန်းချက်အခြေအနေ

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂ -၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	၂	၃	၄	၅	၆	၇
၁	စက်ရေတွင်း (တွင်းတိမ်)	၂	၂	၄	၅	၄
၂	စက်ရေတွင်း (တွင်းနက်)	၈	၉	၈	၉	၉
၃	အကျိုးခံစားရမည့်ကျေးရွာ	၁၀	၁၁	၁၂	၁၄	၁၃
၄	သောက်သုံးနိုင်မည့်လူဦးရေ	၅,၀၀၀	၅,၅၀၀	၆,၀၀၀	၇,၀၀၀	၆,၅၀၀

ဇာစ်မြစ်။ စည်ပင်သာယာရေးအဖွဲ့

(ဂ) ကျေးလက်မီးလင်းရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကျေးရွာ ၂၅ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကျေးရွာ ၂၁ ရွာတို့ကို လျှပ်စစ်မောတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မဟာမောတ်အားလိုင်းစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ကျန်ကျေးရွာများ မီးလင်းရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဦးစီးဌာန၏ ကျေးလက် ဖွံ့ဖြိုးရေးရန်ပုံငွေ (နိုင်ငံတော်ဘတ်ဂျက်)မှ လည်းကောင်း၊ ပြည်နယ်ဘတ်ဂျက် မှ သော်လည်းကောင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ရရှိပါက အသေးစားရေအားလျှပ်စစ်၊ ဒီဇယ်၊ နေရောင်ခြည်စွမ်းအင်စသည့် နည်းလမ်းများဖြင့် ထပ်မံ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ခရီးသွားလုပ်ငန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ခရီးသွားလုပ်ငန်းအနေဖြင့် ပြည်ပခရီးသွားများဝင်ရောက်မှု အဆင်ပြေစေရေး၊ ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး၊ တည်းခိုနေထိုင်မှု အဆင်ပြေစေရေးနှင့် ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်နိုင်ရေးစသည့် လုပ်ငန်းစဉ် ၄ ရပ် ဖြင့် ချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ကချင်ပြည်နယ် အနေဖြင့် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက် ရန်ရည်မှန်းထားပါသည်-

(၁) မြစ်ကြီးနားမြို့ တစ်ဖက်ကမ်း ဝိုင်းမော်မြို့နယ် လဝမ်ကထောင် နှင့် ကဒိန် ကျေးရွာကြားတွင် စက်မှုဇုန်၊ ကုန်သွယ်မှုဇုန် နှင့် ဟိုတယ်ဇုန် စီမံကိန်း၊

(၂) ဆဒုံးမြို့နယ်ခွဲ လန်နဲချောင်းရေတံခွန် အပန်းဖြေစခန်းစီမံကိန်း၊

(၃) ဗန်းမော်မြို့နယ် ညောင်ပင်သာရွာနှင့် စာဝတီးရွာအကြား စက်မှုဇုန်၊ ကုန်သွယ်မှုဇုန် နှင့် ဟိုတယ်ဇုန်စီမံကိန်း၊

(၄) မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသနှင့် လွဲမွန် ကျေးရွာအုပ်စုတွင် ဟိုတယ်ဇုန် စီမံကိန်း၊

(၅) ပူတာအိုမြို့နယ် ဟိုတယ်အထူးဇုန် စီမံကိန်း။

၆။ နယ်စပ်ကုန်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ပုဂ္ဂလိက လုပ်ငန်း ရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(က) ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးဂိတ်မှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ သိုလှောင် ဖြန့်ဖြူးနိုင်ရန်အတွက် ဝိုင်းမော်ကုန်သွယ်မှုဇုန်အား တည်ထောင်ရန်၊

(ခ) လွယ်ကျယ် နယ်စပ်ကုန်သွယ်ရေးဂိတ်မှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ သိုလှောင် ဖြန့်ဖြူးနိုင်ရန်အတွက် ဗန်းမော်ကုန်သွယ်မှုဇုန်ကို တည်ထောင်ရန်၊

(ဂ) နယ်စပ်ကုန်သွယ်ရေးဂိတ် ၃ ဂိတ်(ကန်ပိုက်တီ၊ လွယ်ကျယ်၊ ပန်ဝါ) မှ ပို့ကုန်/သွင်းကုန်လုပ်ငန်းများ စနစ်တကျ ဖြစ်စေရေးအတွက်ဆောင်ရွက်ပေးရန်။

၇။ သမဝါယမလုပ်ငန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုဖျော်ရည်နှင့် သစ်သီးယို ထိုးသည့် နည်းစနစ်များအပြင် ဈေးကွက်များ ရရှိသည်အထိ အသင်းအချင်းချင်း ဆက်စပ်ဆောင်ရွက်ပေးရန်၊ ရိုးရာယက္ကန်းလုပ်ငန်းအတွက် လိုအပ်သော မတည် ရင်းနှီးငွေများ၊ ခေတ်မီဆိုးဆေးပညာရပ်ဖြင့် စက်ယက္ကန်းလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးရန်နှင့် ကျေးရွာတိုင်းတွင် သမဝါယမအသင်း ဖွဲ့စည်းခြင်းဖြင့် ကျေးလက် နေပြည်သူတို့၏ လူမှုဘဝတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၈။ မြို့ရွာများတိုးတက်ဖွံ့ဖြိုးရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် မြစ်ကြီးနားမြို့နယ်တွင် ရွှေအိုက်ကွက်သစ်၊ ရွှေပြည်သာကွက်သစ်နှင့် ပမ္မတီး ကွက်သစ် ၃ ခု ကို ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးညှင်းမြို့နယ်တွင် ရွာသစ်ကုန်းကျေးရွာနှင့် ထန်းတပင်ကျေးရွာကြား မိုးညှင်းဒီဂရီကောလိပ်၏ အရှေ့ဘက်နှင့်မြောက်ဘက်ရှိ မြေလွတ် ပေါ်တွင် စုစုပေါင်း မြေဧက ၁၄၄.၃၄ ဧက တိုးချဲ့ကွက်သစ် ဖော်ထုတ်ရန် ရည်မှန်းထား ပါသည်။ ထိုသို့တိုးချဲ့ကွက်သစ်၏ အရှေ့ဘက်တွင် စက်မှုဇုန် တည်ထောင်ရန် ဧက ၁,၀၀၀ လျာထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် ဗန်းမော် မြို့နယ်တွင် ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူများအလုပ်အကိုင် အခွင့်အလမ်း များ ရရှိရေးအတွက် ညောင်ပင်သာ ကျေးရွာနှင့် စာဝတီး ကျေးရွာ အကြား ဧက ၃,၀၀၀ ကို စက်မှုဇုန်၊ ကုန်သွယ်မှုဇုန်နှင့် လူနေရပ်ကွက်များ တိုးချဲ့ ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျွမ်းကျင်သူ ပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့သည် ကချင်ပြည်နယ် အတွင်းရှိ ခရိုင်မြို့ကြီးများ အပါအဝင် မြို့နယ် ၇ ခုကို City Plan, Town Plan ရေးဆွဲရန်အတွက် လာရောက် ကွင်းဆင်း လေ့လာ၍ အစီအစဉ်များ ရေးဆွဲနိုင်ရန်ရည်မှန်းထားပါသည်။

၉။ ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေး

မြန်မာနိုင်ငံအိမ်ထောင်စုများ စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း အရ ကချင်ပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၄၄.၂ ရာခိုင်နှုန်း မှ ၂၀၁၀ ခုနှစ်တွင် ၂၈.၆ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ၂၂.၁ ရာခိုင်နှုန်းအထိ လျော့နည်းသွားစေရန် ရည်မှန်းထားပါသည်။ မူလတန်းပညာအဆင့် အသားတင် ကျောင်းဝင်နှုန်းမှာ ၂၀၀၅ ခုနှစ်တွင် ၈၈.၆ ရာခိုင် နှုန်းမှ ၂၀၁၀ ခုနှစ်တွင် ၉၂.၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းဝင်နိုင်ရေး မျှော်မှန်းထားပါသည်။

၁၀။ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေးဦးစီးဌာနမှ ပြောင်းရွှေ့ မိသားစု များအတွက် နေအိမ် အလုံး ၆,၀၀၀ ဆောက်လုပ်ခြင်း၊ Family Kit & Kitchen Set များ ဖြန့်ဝေခြင်း၊

လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခြင်း၊ ဘုရားရှိခိုး ကျောင်းနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ တည်ဆောက်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၁၁။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု ရည်မှန်းချက်အခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ကချင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ် ပါသည်-

ပုံ ၃-၁-၆
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ကချင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးနှင့်ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၂၂၄,၆၀၁.၃ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင်ကျပ် ၁,၇၃၀,၄၈၆.၃ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၆.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၁၂။ ကချင်ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁)	ကချင်ပြည်နယ် အစိုးရအဖွဲ့	ကျပ် ၂၄,၂၉၈.၃၅၃ သန်း
(၂)	ကချင်ပြည်နယ် တရားလွှတ်တော်ရုံး	ကျပ် ၂,၄၁၈.၄၁၀ သန်း
(၃)	ကချင်ပြည်နယ်ဥပဒေချုပ်ရုံး	ကျပ် ၂၄၂.၅၅ သန်း
(၄)	စာရင်းစစ်ချုပ်ရုံး	ကျပ် ၁၄၁.၉၇၀ သန်း
(၅)	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ် ၂,၉၇၃.၅၁၀ သန်း
(၆)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ကျပ် ၁,၄၅၂.၃၁၀ သန်း
(၇)	မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန	ကျပ် ၂၂၈.၇၉၀ သန်း
(၈)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန	ကျပ် ၂၄၈.၃၉၇ သန်း
(၉)	သတ္တုတွင်းဝန်ကြီးဌာန	ကျပ် ၁၃၀.၀၀ သန်း
(၁၀)	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ် ၅၆,၂၈၅.၅၆၂ သန်း
(၁၁)	သမဝါယမဝန်ကြီးဌာန	ကျပ် ၆၆.၃၂၀ သန်း
(၁၂)	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ် ၄၆၇.၆၀၉ သန်း
(၁၃)	အားကစားဝန်ကြီးဌာန	ကျပ် ၅၅၂.၄၁၀ သန်း
(၁၄)	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ကျပ် ၂၄၇.၅၃၉ သန်း
(၁၅)	စည်ပင်သာယာရေး	ကျပ် ၄,၁၂၅.၀၁၉ သန်း
(၁၆)	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ကျပ် ၂,၆၆၃.၀၀၅ သန်း
	စုစုပေါင်း	**ကျပ် ၉၆,၅၄၁.၇၅၄ သန်း**

ကချင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီး မြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၂၅၂,၉၉၃.၅၆၁ သန်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၁၃။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

(၁) တည်ဆောက်ပြီးရေလွှဲဆည်၊ ရေလှောင်တမံများ ပြုပြင်ထိန်းသိမ်းခြင်း၊

(၂) ရေလွှဲဆည်၊ရေလှောင်တမံ၊ ရေကာတာ၊ ရေလွှဲမြောင်းများ တည်ဆောက်ခြင်း၊

(၃) လူနေရပ်ကွက်၊ကျေးရွာများ ရေကြီးနှစ်မြုပ်မှုမှ ကာကွယ်ရေးအစီအစဉ်များ ချမှတ်ခြင်း၊ လယ်ယာမြေများ ရေကြီးနှစ်မြုပ်မှုမှကာကွယ်ရေး အစီအစဉ်များ ချမှတ်ခြင်း၊

(၄) သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကျေးရွာအဆင့် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(၅) ခရိုင်များတွင် ကယ်ဆယ်ထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းသိုလှောင်ရုံများကို အဆင့်မြှင့်တင်ခြင်း (ကွန်ကရစ် ကြမ်းခင်းခြင်း၊ ချိန်းလင့်ခြစည်းရိုးနှင့် RC သံတံခါးများတပ်ဆင်ခြင်း)၊

(၆) ဧရာဝတီမြစ် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တာပတ် ခြင်းလုပ်ငန်းများ၊ မြစ်ချောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းခြင်း၊

(၇) ကချင်ပြည်နယ်ရှိ မြို့နယ်များတွင် မီးငြိမ်းသတ်ယာဉ် ၃၉ စီးဝယ်ယူခြင်း၊ ရေသယ် ယာဉ် ၃၂ စီးဝယ်ယူခြင်း၊ အပေါ့စား မီးသတ်စက် ၁၈ ခုဝယ်ယူခြင်း နှင့် Cylinder Air filling Machine ၃ ခု ဝယ်ယူခြင်း၊

(၈) လေဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် လေကာပင်များ စိုက်ပျိုးခြင်း၊ ရာသီဥတု မျှတစေရန် ပြုန်းတီးသွားသော သစ်တောများနေရာတွင် သစ်ပင်များ စီမံချက်ဖြင့် ပြန်လည် စိုက်ပျိုးခြင်း၊

(၉) တောင်ပေါ်ဒေသတွင် ဖောက်လုပ်ထားသောလမ်းများပေါ်သို့ တောင်ပြိုကျမှု အန္တရာယ်မှ ကင်းဝေးစေရန် ကမ်းပါးဖဲ့ချမှု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၁၀) မိုးဦးနှင့် မိုးနှောင်းကာလများအတွင်း ဖြစ်ပေါ်တတ်သော မိုးကြိုးဘေး အန္တရာယ်မှကင်းဝေးစေရန် တိုက်တာအဆောက်အဦများတွင် မိုးကြိုးလွှဲများ တပ်ဆင်ခြင်း၊ ပြည်သူလူထုသို့ အသိပညာပေးခြင်း၊ မိုးမကျမီ နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သော သစ်ပင်ကြီးများ၊ အကိုင်းများကို ဖြတ်တောက်ခြင်းဖြင့် ခရီးသွားပြည်သူများနှင့် ယာဉ်များအန္တရာယ် ကင်းရှင်းစေခြင်း၊

(၁၁) ပြည်သူများအတွက် တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ပေးခြင်း ၊ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပေးအပ်ခြင်း၊

(၁၂) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေး လုပ်ငန်း စီမံချက်များ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေမည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းစီမံချက်များကို ရေးဆွဲစီစဉ် ဆောင်ရွက်ခြင်း။

နိဂုံး

ဒေသဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန်အတွက် နိုင်ငံပိုင်အခန်း၏ ရင်းနှီးမြှုပ်နှံမှုများကို ဝန်ကြီးဌာန၊ ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရ အဖွဲ့မှလည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းများအတွက် နိုင်ငံခြားအကူအညီ၊ အထောက် အပံ့ရရှိပါက ဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ထားပြီး ဖြစ်ပါသည်။ ပြည်နယ်အစိုးရ အစီအမံဖြင့်လည်း ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ မြန်ဆန် သွက်လက်လာစေရန် အားပေးမြှင့်တင်ပေးခြင်းဖြင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကယားပြည်နယ်

ကယားပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၉ မိနစ်မှ ၁၉ ဒီဂရီ ၅၇ မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၆ မိနစ် မှ ၉၇ ဒီဂရီ ၅၃ မိနစ်အတွင်း၊
အကျယ်အဝန်း	=	၄,၅၂၉.၅၆ (စတုရန်းမိုင်) ၁၁,၇၃၀.၇ (စတုရန်းကီလိုမီတာ) ၂,၈၉၈,၉၂၁ (ဧက)
လူဦးရေ (ခန့်မှန်း)	=	ဦးရေ ၃၇၉ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	လွိုင်ကော်မြို့
ထူးခြားအမှတ်အသား	=	တောင်ကွဲစေတီ
ခရိုင်	=	လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်
မြို့နယ်	=	၇ မြို့နယ်
အဓိကစီးပွားရေးကဏ္ဍ	=	လယ်ယာစိုက်ပျိုးရေး၊ သားငါး
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့်အနောက်ဘက်တွင် ကရင်ပြည်နယ်

နိဒါန်း

ကယားပြည်နယ်သည် ရှမ်းကုန်းပြင်မြင့် နှင့် ဆက်စပ်နေသဖြင့် တောတောင် ထူထပ်ပြီး သဘာဝအနေအထားအရ မော်ချီးဒေသမှ အဖြိုက်နက် နှင့် ခဲမဖြူသတ္တု၊ ဒီးမော့ဆိုမြို့နယ်၊ လွိုင်ကော်မြို့နယ် နှင့် ဖရူဆိုမြို့နယ်များတွင် ခနောက်စိမ်းသတ္တုများ ထွက်ရှိပါသည်။ ရေစီးသန်သော မြစ်ချောင်းများ နှင့် ရေတံခွန်များ ရှိခြင်းကြောင့် ရေအား လျှပ်စစ်ထုတ်လုပ်ရန် သယံဇာတအရင်းအမြစ်များရှိ၍ အင်းလေးကန်တွင် မြစ်ဖျား ခံသော ဘီလူးချောင်း နှင့် လောပိတရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး တစ်နိုင်ငံလုံး ဖြန့်ဖြူးပေးလျက် ရှိပါသည်။

လူမှုစီးပွားအခြေအနေ

ကယားပြည်နယ်၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ တစ်ထောင်လျှင် တယ်လီဖုန်း အသုံးပြုမှု တို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၂-၁
ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



ကယားပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကျောင်းနေနှုန်းကြမ်းတွင် မူလတန်းအဆင့်၌ ၆၆.၈၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၇.၂၉ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၃၉.၂၂ ရာခိုင်နှုန်း မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၀.၈၄ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၆၁.၂၇ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၄၂.၂၇ ရာခိုင်နှုန်းသို့ ပြောင်းလဲ ဖြစ်ပေါ်ရန် ရည်မှန်းပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၂-၂
ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀လျှင်)



ကယားပြည်နယ်၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀ လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၂.၄၁ နှုန်း မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၀.၁၄ နှုန်းသို့ လျော့နည်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၂-၃
လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း ရည်မှန်းချက်



ကယားပြည်နယ်တွင် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၇ လုံး သုံးစွဲနိုင်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၂၅၂ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ဖော်ပြပါ ဂရပ်အတိုင်း ဖြစ်ပေါ် မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၂-၄

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ဓေတ်မိစက်မှုနိုင်ငံထူထောင်ရေး နှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး

(က) လယ်ယာ

မြေယာအသုံးချမှုအနေဖြင့် အသားတင် စိုက်ပျိုးနိုင်သည့် မြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇၈ ဧက (ထောင်ပေါင်း) မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၇၀ ဧက (ထောင်ပေါင်း)၊ အခြားသစ်တောမြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၃၀ ဧက (ထောင်ပေါင်း) မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၄၂၇ ဧက (ထောင်ပေါင်း)၊ အခြားမြေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၆၈၂ ဧက (ထောင်ပေါင်း)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၆၉၂ ဧက (ထောင်ပေါင်း) သို့ ဖြစ်ပေါ်ရန် ရည်မှန်းထား ပါသည်။

ဒီမောဆိုမြို့နယ် ငွေတောင်စိုက်ကွင်း အဆင့်မြင့် လယ်ယာမြေဖော်ထုတ်ခြင်း၊ ပလပ်မြေ ဧက ၁,၀၀၀ မြေဆီလွှာတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

ဘောလခဲမြို့နယ်တွင် မြေရိုင်းဧက ၂,၀၀၀ ဖော်ထုတ်ခြင်း၊ လယ်ယာ စက်ကိရိယာ မြှင့်တင်ရေးတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပအကူအညီဖြင့်လည်းကောင်း၊ ဒေါတချရေလှောင်တမံ နှင့် ရေအားဖြည့်မြောင်း စနစ် ပြန်လည်ပြုပြင်ခြင်း၊ ဆင်တောင် ရေလှောင်တမံ တည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ် ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေတောင်ရေပေးမြောင်းစနစ်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ မိုးဇဲလက်ဝဲမြောင်းမကြီးအား လယ်ယာကုန်ထုတ်လမ်းအဖြစ်ပြုပြင်ခြင်း၊နန်းစံဖူးသံကူကွန်ကရစ် ရေသွယ်လျှောက်တည်ဆောက်ခြင်း၊ မိုင်းထမ်းရေထွက်ကို အသုံးပြု၍ ရေပေးမြောင်းတစ်ခု တည်ဆောက်ခြင်း နှင့် ဆင်တောင် ရေလှောင်တမံတည်ဆောက်ခြင်းကို နိုင်ငံခြား ချေးငွေဖြင့်လည်းကောင်း ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ကယားပြည်နယ်တွင် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဟိုစဲရေလွှဲဆည် ရေပေးမြောင်းပြုလုပ်ခြင်း၊ ဝမ်ဟော် ရေစုကန်ကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၅၁ သန်း ဖြင့် ပြန်လည် ပြုပြင်ခြင်းတို့ ဆောင်ရွက် ရန် ရည်မှန်းထားပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေပေးမြောင်းများပြုပြင်ခြင်း၊ ရေထိန်း အဆောက်အဦပြုပြင်ခြင်း၊ ဆည်ကန်ပြုပြင်ခြင်း၊ ဆင်တောင် ရေထိန်းတမံ ပြုပြင်ခြင်း၊ နန်းစံဖူး သံကူကွန်ကရစ် ရေသွယ်လျှောက် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထားဖြစ်ပါသည်။ ဒေါတချရေလှောင်တမံနှင့် ရေအားဖြည့်မြောင်းစနစ် ပြန်လည် ပြုပြင်ခြင်း (ဘောလခဲ)၊ နောင်လိုင်ဆည် ပြန်လည်ပြုပြင်ခြင်း၊ ဘီလူးချောင်း ကမ်းပတ်တာ ၃ ပေ မြှင့်တင်ခြင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးမှုအနေဖြင့် စပါးမျိုးသန့် ၁၈,၀၀၀ တင်း၊ ပုလဲသွယ်မျိုးစပါး ၈,၀၀၀ ကီလို၊ အစေ့ထုတ်ပြောင်း ၁၅,၀၀၀ ကီလိုတို့ကို အဓိကထားဖြန့်ဖြူးသွားမည်ဖြစ်ပြီး၊ ပဲတီစိမ်း၊ စပ်မျိုးနေကြာ၊ နှမ်း၊ ပဲစင်းငုံ၊ ပဲပုပ် တို့ကိုလည်း ဖြန့်ဖြူးသွားရန် လျာထားပါသည်။ ထို့အပြင် ပုဂ္ဂလိကပိုင်မှ ဓာတ်မြေဩဇာ ယူရီးယားမက်ထရစ်တန် ၂,၁၀၀၊ တီစူပါ မက်ထရစ်တန် ၂၅၀၊ ပိုတက် မက်ထရစ်တန် ၅၀၊ ကွန်ပေါင်း မက်ထရစ်တန် ၄,၅၅၀ ကို လည်းကောင်း၊ ပိုးသတ်ဆေး ဆေးမှုန့်ပေါင်း ပေါင် ၁၀,၀၀၀ နှင့် ဆေးရည်ဂါလံ ၃,၁၀၀ ကို ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။ လွိုင်ကော်မြို့နယ် နှင့် ဒီမောဆို

မြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျ လယ်ကွက် စုစုပေါင်း ဧက ၃၀၀ ဖော်ထုတ်ခြင်း၊ ဖရူဆိုမြို့နယ်၊ ဒီမောဆိုမြို့နယ်နှင့် မယ်စဲ့မြို့နယ်တို့တွင် ကုန်းမြင့်လယ်ယာ ဧက ၃၀၀ ကို ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘုရားဖြူ Gassifier ရေတင်လုပ်ငန်း၊ နိုးကိုး လျှပ်စစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

နို့စားနွား နှင့် အသားစား နွားမေထုန်မဲ့သားစပ် လုပ်ငန်းများကို ကယား ပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပ အကူအညီ အထောက်အပံ့ဖြင့် ရေရှည်စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝက်မွေးမြူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငါးမွေးမြူခြင်းလုပ်ငန်းကို လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်များတွင် ငါးကန် ၁၂၂ ကန် ၌ ဧရိယာ ၇၅၃.၂၁ ဧက မွေးမြူရန် ရည်မှန်းထားပါသည်။

(ဂ) သစ်တော

သစ်တောကဏ္ဍအနေဖြင့် ကြိုးဝိုင်းတောများနှင့် ကြိုးပြင်ကာကွယ်တောများ အတွင်း သစ်တော ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ သစ် နှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို သစ်တော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပထမ ဦးစားပေးအနေဖြင့် သစ်တောစိမ်းလန်းစိုပြည်ရေး ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်း၊ ဒုတိယဦးစားပေးအနေဖြင့် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော နှင့် သစ်တောစိုက်ခင်း ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

ကယားပြည်နယ် လွိုင်ကော်မြို့၏ စက်မှုရပ်ကွက်အား နွားလဝိုး ကျေးရွာ အနီး၌ စုစုပေါင်း ဧရိယာ ၂၆၉.၄၆ ဧကပေါ်၌ ၁၀၀ x ၁၀၀ ပေမြေကွက်ပေါင်း ၅၃၄ ကွက် ဖော်ထုတ်ခဲ့ပြီး၊ လုပ်ငန်းရှင်ပေါင်း ၂၂၇ ဦးမှ မြေကွက်ပေါင်း ၄၈၂ ကွက်

ပေါ်တွင် လုပ်ငန်းအမျိုးအစားပေါင်း ၂၀ ခန့် လုပ်ကိုင်လျက်ရှိပါသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်နှင့် နည်းပညာ ၊ အတတ်ပညာ ရင်းနှီးမြှုပ်နှံမှုများကို ပူးပေါင်းဆောင်ရွက်ရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) လျှပ်စစ်

ဓာတ်အားလိုင်း နှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၅၁.၄ သန်း ဆောင်ရွက်ပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၀.၂ သန်း နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၆၃၀ တန်ဖိုးရှိ ဓာတ်အားပေးလိုင်း ဓာတ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကပိုင် အနေဖြင့် High Tech Concrete Technology Co. Ltd. ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း၊ လောပိတမှ ရေအားလျှပ်စစ်စက်ရုံ စီမံကိန်းလုပ်ငန်းကို ပုဂ္ဂလိက အစီအစဉ်ဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်တိုင်များ လဲလှယ်ခြင်း လုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေဖြင့် လွိုင်ကော် - လွိုင်လင်လေး 11/0.4 KV Transformers, 0.4 KV Line၊ ဒီမောဆို33 KV Line &33/11 KV Substation (3MVA)၊ ဘောလခဲ 33 KV Line Substation (3 MVA) ၊ ဖားဆောင်း 33 KV Line & 33 /11 KV Substation (3 MVA)၊ ရွာသစ် 33 KV Line(25mile) & 33/11 KV Substation (2 MVA) တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) သတ္တုနှင့်တွင်းထွက်ပစ္စည်း

ကယားပြည်နယ်တွင်သတ္တုနှင့်တွင်းထွက်ပစ္စည်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များမှ တူးဖော်လျက်ရှိပါသည်။ ကုမ္ပဏီများ နှင့် အဖွဲ့အစည်းများမှာ ကယားပြည်နယ် သတ္တုထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၊ ရဲထွဋ်ကျော် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၊

သိန်းမျက်လုံး ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက်၊ ကယား ရွှေတံခါး ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၊တော်ဝင်ဒဏ္ဍာရီ ထုတ်လုပ်ရေး ကုမ္ပဏီ လီမိတက် တို့ဖြစ်ပါသည်။

(ဃ) ဆောက်လုပ်ရေး

ကယားပြည်နယ်သည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် အောင်ပန်း - ပင်လောင်း - လွိုင်ကော်လမ်းအား ခွင့်ပြု ရန်ပုံငွေ ကျပ် ၉၁ သန်း ဖြင့်လည်းကောင်း၊ တောင်ဂူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၃၃၉ သန်း ဖြင့် လည်းကောင်း၊ လွိုင်ကော် - ပွန်ချောင်း - ရှားတော - တာတမော့ လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၁ သန်း ဖြင့်လည်းကောင်း၊ တောင်ဂူ - မော်ချီး - လွိုင်ကော်လမ်း အား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၄၀ ဖြင့် လည်းကောင်း၊ ဘောလခဲ - ရွာသစ် - စွပ်ပိုင်လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၆၂ သန်း ဖြင့် လည်းကောင်း၊ ဖားဆောင်း - မယ်ဆည်နန် - မယ်စဲ့ - နန်းမန်းလမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၅၈ သန်း ဖြင့်လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အောင်ပန်း - ပင်လောင်း - မိုးဇြဲ-လွိုင်ကော်လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၄၀၀ ဖြင့်လည်းကောင်း၊ တောင်ဂူ - လိပ်သို - ယာဒို - လွိုင်ကော်လမ်း - ဟိုပုံးလမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀၀ ဖြင့် လည်းကောင်း၊ လွိုင်ကော် - ပွန်ချောင်း - ရှားတောလမ်း အား ခွင့်ပြု ရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့် လည်းကောင်း၊ ဖရူဆို - မူဆို - ဟိုယာလမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၃၇.၇၅ သန်း ဖြင့်လည်းကောင်း၊ ဘောလခဲ - ရွာသစ် - စွပ်ပိုင် လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၇၀ ဖြင့်လည်းကောင်း၊ တောင်ဂူ -မော်ချီး - လွိုင်ကော်လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁,၂၀၀ ဖြင့် လည်းကောင်း၊ ဖားဆောင်း - မယ်ဆည်နန် - မယ်စဲ့ - နန်းမန်း - ဘီပီ(၁၃)လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၅၀ ဖြင့် လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် အောင်ပန်း-ပင်လောင်း-မိုးဇြဲ-လွိုင်ကော် လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၂၀ ဖြင့်လည်းကောင်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတော လမ်းအားခွင့်ပြု ရန်ပုံငွေ ကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း၊ ဘောလခဲ-ရွာသစ်-စွပ်ပိုင်လမ်းအားခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း၊ ဖာပွန်-ကော့လူးဒို-စောထ-ထီးထလမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅ သန်း ဖြင့် လည်းကောင်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃) လမ်းအား ခွင့်ပြုရန်ပုံငွေ ကျပ်

သန်း ၅၀၀ ဖြင့် လည်းကောင်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း(ဖားဆောင်း-မော်ချီးအပိုင်း) အား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၀၀ ဖြင့်လည်းကောင်း၊ ငွေတောင်ဆည် တာဘောင်ရှောင်ကွင်းလမ်း (တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း) အား ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၀ ဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် တောင်ငူ-မော်ချီး-လွိုင်ကော် လမ်းအား ရန်ပုံငွေ ကျပ် ၇,၉၇၉.၄၆ သန်းဖြင့် လည်းကောင်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း အား ရန်ပုံငွေ ကျပ် ၁,၅၆၈ သန်းဖြင့် လည်းကောင်း၊ အောင်ပန်း - ပင်လောင်း - မိုးဇြဲ - လွိုင်ကော် လမ်းအား ရန်ပုံငွေ ကျပ် ၄၅၆ သန်း ဖြင့်လည်းကောင်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း လမ်းအား ရန်ပုံငွေ ကျပ် ၃,၃၀၅.၀၉ သန်း ဖြင့်လည်းကောင်း၊ နန်းမန်း-ဘီပီ(၁၃) လမ်းအား ရန်ပုံငွေကျပ် ၁,၆၆၄.၄၀ သန်းဖြင့် လည်းကောင်း၊ လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်းအား ရန်ပုံငွေ ကျပ် ၁,၈၀၆ သန်း ဖြင့် လည်းကောင်း၊ ဘောလခဲ-ရွာသစ်-စွပ်ပိုင်လမ်း အား ရန်ပုံငွေ ကျပ် ၂,၈၈၃.၃၂ သန်း ဖြင့်လည်းကောင်း၊ ခဲမဖြူ-ထီးထ-စောထလမ်းအား ရန်ပုံငွေ ကျပ် ၉၉၂.၁၃ သန်း ဖြင့် လည်းကောင်း ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် လာစေရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေဖြင့် ဖော်ပြပါလမ်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(၁) ဖရူဆို - မူဆို - ဟိုယာလမ်း	ကျပ်သန်း	၁,၀၀၀
(၂) တောင်ငူ - မော်ချီး - လွိုင်ကော်လမ်း	ကျပ်သန်း	၁,၀၀၀

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ကယားပြည်နယ်တွင် လွိုင်ကော်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ ယက်ကန်းသင်တန်းကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ထားပါသည်။ အခြေခံပညာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ အထက်တန်းကျောင်း ၁၄ ကျောင်း၊ အထက်တန်း

ကျောင်းခွဲ ၅ ကျောင်း၊ အလယ်တန်းကျောင်း ၂၉ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၅ ကျောင်း၊ မူလတန်း ကျောင်း ၃၀၃ ကျောင်း၊မူလတန်းလွန် ၃၂ ကျောင်း၊ မူလတန်းကျောင်းခွဲ ၃ ကျောင်း၊ မူလတန်းကျောင်းတွဲဘက် ၁၆ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဆရာ၊ ဆရာမ များ ခွင့်ပြု အင်အား ၂,၁၉၂ ဦးအပေါ် ၂,၁၄၅ ဦး ခန့်ထားပြီး၊ ကျောင်းသား၊ ကျောင်းသူများ အခြေခံအဆင့်တွင် ၅၈,၅၁၁ ဦး ပညာသင်ကြားနိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အထက်တန်းကျောင်း(ခွဲ) မှ အထက်တန်းကျောင်းသို့ ၂ ကျောင်း၊ အလယ်တန်းကျောင်း မှ အထက်တန်းကျောင်း (ခွဲ) သို့ ၁၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) မှ အလယ်တန်းကျောင်းသို့ ၃ ကျောင်း၊ မူလတန်းကျောင်းမှ မူလတန်း(လွန်)ကျောင်းသို့ ၄ ကျောင်း တိုးချဲ့ခြင်းအတွက် စုစုပေါင်း ခွဲဝေချထားငွေ ကျပ် ၁,၁၈၉.၆ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အခြေခံပညာရေးအတွက် ကျောင်းဆောင်ဆောက်လုပ်ရန်၊ နည်းပညာတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခြေခံပညာရေးအတွက် ကျောင်းဆောင်ဆောက်လုပ်ရန်၊ နည်းပညာ အထက်တန်းကျောင်း၊ ကျောင်းတွင်း လမ်းခင်းခြင်း နှင့် ကျောင်းခြံစည်းရိုးကာရံခြင်း၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းဆောင်သစ်တို့ကိုလည်းကောင်း၊ လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင် နှင့် နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်ကိုလည်းကောင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

ဇယား ၃-၂-၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ ဖြင့်ဆောင်ရွက်နေသောလုပ်ငန်းများ

မြို့နယ်	ကျောင်းအမည်	လုပ်ငန်းစိမံချက်	ထောက်ပံ့ငွေ
လွိုင်ကော်	အလက-နွားလဝိုး	၁၂၀ပေx၃၀ပေx၁၂ပေ တစ်ထပ်RC	FEC ၁၀၁၁၄၇
လွိုင်ကော်	အလက-လောခလေး	၆၀ပေx၃၀ပေx၁၂ပေ အုတ်ညှပ်တစ်ထပ်(၃)ဆောင်	FEC ၁၁၈၇၀၂

မှတ်ချက်။ ကျပန်အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ဆောင်ရွက်ပါသည်။

(ခ) ကျန်းမာရေး

ကယားပြည်နယ်၏ ကျန်းမာရေးကဏ္ဍတွင် ခုတင် ၂၀၀ ဆံ့ဆေးရုံ ၁ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ၂၅ ခုတင်ဆံ့ ဆေးရုံ ၅ ရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံ ၉ ရုံ၊ ရောဂါတိုက်ဖျက်ရေး စီမံကိန်းဌာန ၄ ခု၊ ဒေသန္တရ ကျန်းမာရေးဌာန ၁ ခု၊ ကျောင်းကျန်းမာရေးဌာန ၁ ခု၊ မိခင် နှင့် ကလေး စောင့်ရှောက်ရေးဌာန ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၁၂ ခု၊ တိုင်းရင်းဆေးရုံ ၁ ရုံ၊ မြို့နယ် တိုင်းရင်းဆေးခန်း ၅ ခန်း၊ စုစုပေါင်း ကျန်းမာရေး စောင့်ရှောက်သော ဌာနပေါင်း ၁၇၄ ခု ဖြင့် ဒေသတွင်းပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေး ခန်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄ ခု ရှိခဲ့ရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၅၂ ခုသို့ ပြည်ထောင်စုဘတ်ဂျက်ဖြင့် တိုးချဲ့ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျန်းမာရေး အခြေခံ အဆောက်အဦများ တိုးချဲ့ခြင်း နှင့် ပတ်သက်၍ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဖော်ပြပါအတိုင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

ဇယား ၃-၂-၂

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ကျန်းမာရေးရည်မှန်းချက်

(ဦးရေ)

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၀-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဆေးရုံ	၁၆	၁၆	၁၆	၂၀	၂၃
၂	ကျေးလက်ကျန်းမာရေးဌာန	၂၈	၂၈	၂၈	၃၀	၃၂
၃	မိခင်နှင့်ကလေးကျန်းမာရေးဌာန	၆	၆	၆	၆	၆
၄	ဒေသန္တရကျန်းမာရေးဌာန	၁	၁	၁	၁	၁
၅	ကျောင်းကျန်းမာရေးအဖွဲ့	၁	၁	၁	၁	၁
၆	တိုင်းရင်းဆေးရုံ	၁	၁	၁	၃	၅

ဇာစ်မြစ်။ ပြည်နယ်ကျန်းမာရေးဦးစီးဌာန

(ဂ) အများသုံး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ တိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မယ်စဲ့မြို့နယ်တွင် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် မြေနေရာ ရှင်းလင်းခြင်း နှင့် လမ်းပြုပြင်ခြင်းကို ကျပ် ၁၄.၁၆၀ သန်း၊ စခန်းသစ် ပင်မရုံး ဆောက်လုပ်ခြင်း ကျပ် ၉၆ သန်း နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်ရေးစခန်း ပင်မရုံး နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ကျပ် ၂၃၈.၅ သန်း ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကယား ပြည်နယ်ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လိုင်း ၃၀၀ အိတ်ချိန်း တိုးချဲ့ခြင်း၊ ကေဘယ်အစားထိုး လဲလှယ်ခြင်း၊ GSM စခန်း ၊ WCDMA စခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ခြင်းများကို နိုင်ငံတော်ဘတ်ဂျက် (သို့) ပြည်ပအကူ အညီဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဖားဆောင်းမြို့ ၊ ဘောလခဲမြို့ ၊ လွိုင်ကော်မြို့များတွင် အိတ်ချိန်းတိုးချဲ့ခြင်း KY (1000)XM လိုင်း ၃၀၀ လုပ်ငန်း၊ ကွန်ကရစ်တိုင် တိုးချဲ့ခြင်း၊ ကေဘယ်အစားထိုးလဲလှယ်ခြင်း၊ မြေအောက် ကြိုးများကောင်းကင် ကေဘယ်ကြိုးများ အစားထိုးခြင်း၊ အိတ်ချိန်းအရန်ဓာတ်အားပေး စက်လဲလှယ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက် (သို့) ပြည်ပအကူအညီဖြင့်လည်းကောင်း၊ မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း၊ GSM နှင့် WCDMA စခန်း တည်ဆောက်ခြင်းကို ပြည်ပအကူအညီဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(င) ရေပေးဝေရေး အစီအစဉ်များ

ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် တွင်းတိမ် ၁၉ တွင်း၊ တွင်းနက် ၄ တွင်း၊ လက်တူးတွင်း ၅၃ တွင်း၊ စိမ့်စမ်းရေသွယ်စနစ် ၂၂ ခု၊ အခြားနည်း ၈၈ ခု ဖြင့် ဖြန့်ဝေလျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေလုံလောက်စွာရရှိရန် ပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆

ဘဏ္ဍာနှစ်တွင်လည်း ပြည်ပချေးငွေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ် ၇ မြို့နယ်တွင် ရေပေးဝေရေး လုပ်ငန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၅။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ကယား ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

ပုံ ၃-၂-၅
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ကယားပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၆၄,၃၂၄.၅ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၄၇,၉၁၁.၆ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ထား ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၆။ ကယားပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထား ချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီး မြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁)	**ဗဟိုအဖွဲ့အစည်းများ**	**ကျပ် ၆,၁၃၆.၈၄၀**	**သန်း**
	- ပြည်နယ်အစိုးရအဖွဲ့ရုံး	ကျပ် ၅,၉၇၈.၇၅၀	သန်း
	- ပြည်နယ်လွှတ်တော်ရုံး	ကျပ် ၅.၀၀၀	သန်း
	- ပြည်နယ်ဥပဒေရုံး	ကျပ် ၄၅.၀၀၀	သန်း
	- ပြည်နယ်စာရင်းစစ်ချုပ်ရုံး	ကျပ် ၁၀၈.၀၉၀	သန်း

(၂)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ်**	**၁,၅၁၀.၃၈၉ သန်း**
	- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ်	၄၄၀.၈၄၉ သန်း
	- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ကျပ်	၃၂.၄၀၀ သန်း
	- မီးသတ်ဦးစီးဌာန	ကျပ်	၁,၀၃၇.၁၄၀ သန်း
(၃)	**သမဝါယမဝန်ကြီးဌာန**	**ကျပ်**	**၄၂.၅၅၀ သန်း**
	- သမဝါယမဦးစီးဌာန	ကျပ်	၂၂.၀၀၀ သန်း
	- အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန	ကျပ်	၂၀.၅၅၀ သန်း
(၄)	**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ်**	**၇၉၈.၁၉၀ သန်း**
	- စိုက်ပျိုးရေးဦးစီးဌာန	ကျပ်	၇၉၈.၁၉၀ သန်း
(၅)	**မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**	**ကျပ်**	**၆၁.၆၆၀ သန်း**
	- ငါးလုပ်ငန်းဦးစီးဌာန	ကျပ်	၁၃.၆၆၀ သန်း
	- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	ကျပ်	၄၈.၀၀၀ သန်း
(၆)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**	**ကျပ်**	**၂၉.၇၄၇ သန်း**
	- သစ်တောဦးစီးဌာန	ကျပ်	၂၉.၇၄၇ သန်း
(၇)	**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**ကျပ်**	**၆,၂၈၉.၅၁၂ သန်း**
	-မြန်မာ့လျှပ်စစ်မာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	ကျပ်	၆,၂၈၉.၅၁၂ သန်း
(၈)	**အားကစားဝန်ကြီးဌာန**	**ကျပ်**	**၆၉၆.၉၀၀ သန်း**
	- အားကစားနှင့်ကာယပညာဦးစီးဌာန	ကျပ်	၆၉၆.၉၀၀ သန်း
(၉)	**ဘဏ္ဍာရေးဝန်ကြီးဌာန**	**ကျပ်**	**၂၈၃.၁၀၉ သန်း**
	- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန	ကျပ်	၂၈၃.၁၀၉ သန်း
(၁၀)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**	**ကျပ်**	**၆၃.၄၅၀ သန်း**
	- စီမံကိန်းရေးဆွဲရေးဦးစီးဌာန	ကျပ်	၆၃.၄၅၀ သန်း
(၁၁)	**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**ကျပ်**	**၁၃,၃၁၅.၁၁၉ သန်း**
	- မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ်	၄၆၄.၉၀၀ သန်း
	- အဆောက်အအုံ၊ လမ်းနှင့်တံတားများ	ကျပ်	၁,၂၇၁.၂၁၉ သန်း

ပြင်ဆင် ထိန်းသိမ်းခြင်း
- ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျပ် ၁၃၅.၀၀၀ သန်း
(၁၂) စည်ပင်သာယာရေးအဖွဲ့များ ကျပ် ၄၀၈.၆၈၀ သန်း
- စည်ပင်သာယာရေးအဖွဲ့များ ကျပ် ၄၀၈.၆၈၀ သန်း
စုစုပေါင်း ကျပ် ၂၈,၂၇၆.၁၄၆ သန်း

ကယားပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၅,၀၄၀.၆၈၂ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

၇။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

ကယားပြည်နယ်တွင် ကျရောက်နိုင်သော သဘာဝ ဘေးအန္တရာယ်များမှာ မီးဘေး၊ ရေဘေး၊ လေဘေး နှင့် ငလျင်ဘေးတို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအဖွဲ့မှ ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ပြည်နယ်သဘာဝ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအဖွဲ့ကို ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၂၆-၇-၂၀၁၁ ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၂၉/၂၀၁၁) ဖြင့် ပြည်နယ်ဝန်ကြီးချုပ်မှ ဦးဆောင်ကာ ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ရပ်ကွက်ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့် ၊ ပြည်နယ်အဆင့်၊ သဘာဝဘေး စီမံခန့်ခွဲရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး အဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့အစည်းအဆင့်ဆင့်မှ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး စီမံချက်များကိုလည်း အဆင့်ဆင့်ရေးဆွဲတင်ပြရန်၊ ကြိုးကြပ်ကွပ်ကဲရန်၊ ဗဟိုမှ ရယူလိုသော အကူအညီများအတွက် အသေးစိတ် လေ့လာစိစစ်တင်ပြရန်၊ ရရှိလာသော အကူအညီများကို စနစ်တကျ ကြိုးကြပ်ဆောင်ရွက်သွားရန် စီမံထားရှိပါသည်။

သတင်း နှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ အရေးပေါ် ဆက်သွယ်ရေး ဆပ်ကော်မတီ ရှာဖွေ ကယ်ဆယ်ရေးဆပ်ကော်မတီ၊ အရေးပေါ်ကာလ ထောက်ပံ့ရေး နှင့် အမိုးအကာ ထူထောင်ရေးဆပ်ကော်မတီ၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေး ဆပ်ကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ၊ ကျန်းမာရေး စောင့်ရှောက်မှု ဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီ ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး ဆပ်ကော်မတီ၊ ပြန်လည်ထူထောင်ရေးကာလ စိတ်ဓာတ်မြှင့်တင်ရေး ဆပ်ကော်မတီ၊ အရေးပေါ်ကာလ ကွပ်ကဲမှု

ဆပ်ကော်မတီ စသည်ဖြင့် ဆပ်ကော်မတီ ၁၃ ခု ဖွဲ့စည်း ဆောင်ရွက်စေပြီး ဆပ်ကော်မတီ အသီးသီး၏ တာဝန်များနှင့် လုပ်ပိုင်ခွင့် များကိုလည်း စီစဉ်ထားရှိပါသည်။

သဘာဝဘေးအန္တရာယ် ကျရောက်ပါက သဘာဝဘေးအန္တရာယ်အလိုက် ကြိုတင် ကာကွယ်ရေး အစီအစဉ်များနှင့် အစီအမံများကိုလည်း ရေးဆွဲထားရှိပါသည်။

နိဂုံး

ကယားပြည်နယ်၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအား ဦးစားပေးအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူ ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အဓိက ဦးစားပေး အစီအစဉ်ဖြင့် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းထူထောင်ရေး၊ ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ ဆင်းရဲ ချမ်းသာကွာဟမှု လျော့နည်း ကျဆင်းရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ လမ်းပန်း ဆက်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ လျှပ်စစ်မာတ်အားဖြန့်ဖြူးမှု တိုးတက်ရေး၊ ပညာရေး နှင့် ကျန်းမာရေး အဆင့်အတန်းမြင့်မားရေးကို အဓိကထားပြီး ဒေသန္တရ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်မည်ဖြစ်ပါ၍ လူထုလူတန်းစားများအကြား ဆင်းရဲချမ်းသာ ကွာဟမှု နည်းပါးပြီး ကယားပြည်နယ်၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပါမည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇယားမြစ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၁၀မိနစ်မှ ၉၈ဒီဂရီ၅၅မိနစ်အတွင်း၊ မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၁၉မိနစ်မှ ၁၉ဒီဂရီ၂၅မိနစ် အတွင်း၊
အကျယ်အဝန်း	=	၁၁,၇၃၀.၈၅၁ (စတုရန်းမိုင်) ၇,၅၀၇,၇၄၃ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၁,၉၁၅ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	ဘားအံမြို့
ထူးခြားသည့် အမှတ်အသား	=	ဓွဲကပင်တောင်
ခရိုင်	=	၄ ခရိုင်၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်
မြို့နယ်	=	၇ မြို့နယ်
အဓိကစီးပွားရေးကဏ္ဍ	=	လယ်ယာ၊ သားငါး၊ စက်မှုလက်မှု
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည် နယ်၊ တောင်ဘက်တွင် မွန်ပြည်နယ်၊ မြောက်ဘက်တွင် ကယားပြည်နယ် နှင့် ရှမ်းပြည်နယ်

နိဒါန်း

ကရင်ပြည်နယ်သည် အာဆီယံ-အာရှလမ်းမကြီး ဖော်ဆောင်မှုတွင် ပါဝင်နေခြင်း၊ သဘာဝ သယံဇာတနှင့် စိုက်ပျိုးမြေကောင်းမွန်ခြင်း၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိသောကြောင့် ပြည်နယ်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့မှ စိတ်ဝင်စားလျက် ရှိရာနယ်မြေဧရိယာမှအပြည့်အဝရရှိပြီး ပြည်နယ်အတွင်း အချိန်မရွေး သွားလာနိုင်သော လမ်းများဖောက်လုပ်ပြီးသွားပါကစီးပွားရေးအခွင့်အလမ်းကောင်းများစွာရရှိမည့် ပြည်နယ် တစ်ခု ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

ကရင်ပြည်နယ်၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှု တို့အား ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၃-၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



ကရင်ပြည်နယ်၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့် ၌ ၉၅.၇၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၁.၉၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၁၉.၃၄ ရာခိုင်နှုန်း နှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၁၀၀.၀၄ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၃.၀၂ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၂၀.၈၄ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ရန်ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၃-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက်(အရှင်မွေးကလေး ၁,၀၀၀လျှင်)



ကရင်ပြည်နယ်၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀ လျှင်)သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၂၀.၂၁ နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၇.၃၄ နှုန်း သို့ ဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၃-၃
လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း ရည်မှန်းချက်



ကရင်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၉ လုံး သုံး စွဲရန် ရည်မှန်းထားရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၃၀၁ လုံးသို့ တိုးတက်သုံးစွဲရန် ရည်မှန်းထား ပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) တွင်မြေယာအသုံးပြုမှု နှစ်အလိုက်ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ် လာမည် ဟု ရည်မှန်းထားပါ သည်-

ပုံ ၃-၃-၄
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေး နှင့် ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

ကရင်ပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စပ်မျိုးစပါးထုတ်လုပ်ခြင်းကို နွေစပါးစိုက်ပျိုးရာသီတွင် ပြည်နယ် အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ခိုလုံလီရှောကုမ္ပဏီနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မျိုးစေ့ထုတ်ဧက ၅၀ စိုက်ပျိုးထားပြီး အဖိုမျိုးစေ့ ၆၀၃ တင်းနှင့် အမမျိုးစေ့ ၁,၁၆၈ တင်း ထွက်ရှိရန်ရည်မှန်းထားရှိပါသည်။

၂၀၁၃-၂၀၁၄ စိုက်ပျိုးရာသီတွင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရန်အတွက် မိုးစပါးရာသီ၌ မျိုးသန့်ဇုန်ဧက ၇၀၀ နှင့် မျိုးပြောင်းလဲရေး အစီအစဉ်အရ ဧက ၄,၀၀၀ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှု တိုးတက်လာစေခြင်း၊ ထုတ်ကုန်များ အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် တွန်းအားပေးခြင်း၊ အသေးစားနှင့်အလတ်စား လုပ်ငန်းရှင်များဖြစ်ပေါ်လာစေရန် တွန်းအားပေးခြင်း၊ ဈေးကွက်သတင်းအချက်အလက်စနစ်တစ်ခုဖြစ်လာစေရန် တွန်းအားပေးခြင်း နှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ၄ ရပ် လုပ်ဆောင်ပေးရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘားအံမြို့နယ်၊ မဲဘောင်နောင်လုံချောင်းဒေသ လှပမြေဖော်ထုတ် ခြင်းလုပ်ငန်းနှင့် ဒေသရေကြီးနစ်မြုပ်မှုလျော့ပါးရေးနှင့် လှပမြေမြေရိုင်း ဖော်ထုတ်ခြင်းလုပ်ငန်း အပိုင်း၂၊ ရေသွင်းရေနုတ်မြောင်းများတူးဖော်ခြင်း လုပ်ငန်းများဆက်လက် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ခ) သားငါး

ကရင်ပြည်နယ်၏ အသားထုတ်လုပ်နိုင်မှုတွင် ကြက်သားထုတ်လုပ်မှုမှာ အများဆုံးဖြစ်ပါသည်။ မွေးမြူသည့် ကြက်စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ဒေသကြက်များဖြစ်ပြီး၊ စီးပွားဖြစ်ဥစားနှင့် အသားစား ကြက်မွေးမြူရေးကို မွေးမြူရေးဇုန်များမှ အဓိကမွေးမြူထုတ်လုပ်ပြီး အကျိုးအမြတ်များသည့် ထုတ်လုပ်မှုလုပ်ငန်း ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အတွင်း UNDP (CDRT) Community Development for Remote Township Project မှလည်း ဘားအံမြို့နယ်၊ ကော့သာခေါင်ရွာ၊ လှမလိန်းရွာ၊ မှုတခွီးရွာ၊ ကော့ခမိတ်ရွာနှင့် ကော့စလိုရွာ ၅ ရွာတွင် ဝက်မွေးမြူရေးအတွက် အိမ်ထောင်စု ၁၂၀ တွင် ကျပ် သိန်း၇၀၊ ကြက်မွေးမြူရေးတွင် အိမ်ထောင်စု ၁၂၀ အတွက် ကျပ် ၄၈ သိန်း နှင့် ဆိတ်မွေးမြူရေးတွင် အိမ်ထောင်စု ၅၀ အတွက် ရွှေသံလွင်ကုမ္ပဏီ ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်၊

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အစုအဖွဲ့၊ မွေးမြူရေး ရေလုပ်ငန်း နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ မွေးမြူရေး စရိတ်အဖြစ် ထုတ်ချေးရန်ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်ရှိ မြဝတီမြို့နယ် ဝေါလေမြိုင်နှင့် လှိုင်းဘွဲမြို့နယ် ရှမ်းရွာသစ်မြို့နယ်ခွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးပေးခန်း(မြို့နယ်ခွဲရုံး) ဆောက်လုပ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှု မြှင့်တင်ခြင်း နှင့် မွေးမြူရေးဖွံ့ဖြိုးမှု ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာ နှစ်နှင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ဆောင်ရွက်ချက်များအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာမည့် မိသားစုများ၏ မွေးမြူရေးဆောင်ရွက်ခြင်း၊ မွေးမြူရေးဖွံ့ဖြိုးရန် နှင့် တိရစ္ဆာန်မျိုး မြှင့်တင်ရန်တို့ကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ဂ) သစ်တော

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော စုစုပေါင်းစတုရန်းမိုင် ၂၀၀ တိုးချဲ့သွားမည် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောစတုရန်းမိုင် ၅၀ တိုးချဲ့သွားမည်ဖြစ်ပြီး ပြည်နယ်ဒေသခံပြည်သူများ ဝင်ငွေအခွင့်အလမ်း ပိုမိုရရှိစေရန် ပုဂ္ဂလိကသစ်တော စိုက်ခင်းများကိုတည်ထောင် စိုက်ပျိုးရန်ခွင့်ပြုခြင်း၊ ပျိုးပင်များဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပုဂ္ဂလိကကျွန်း ၁,၈၄၅ ဧက၊ ပုဂ္ဂလိက သစ်မာ ၆၈၁ ဧက၊ စုစုပေါင်း ၂,၅၂၆ ဧကစိုက်ပျိုးသွားရန်ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေး နှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) ဒေသတွင်း ယှဉ်ပြိုင်နိုင်သည့်စက်မှုလုပ်ငန်းများဖြစ်ထွန်းပေါ်ပေါက်ရေး

ကရင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များအနေဖြင့် ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက်အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာပေးရေး၊ စက်ရုံစုများတိုးချဲ့ ထူထောင်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန် ရည်မှန်းထားရှိပါသည်။

(၁) ဘားအံစက်မှုဇုန်အခြေအနေ

ဘားအံစက်မှုဇုန်သည် ဘားအံမြို့မှ ၇ မိုင် ခန့် အကွာ ဘားအံ-လှိုင်းဘွဲကားလမ်း ဘေးတွင်ရှိသော စံဖရိုး ကျေးရွာနှင့်မိဇံကျေးရွာအကြား တွင် ရှိပြီး ဧရိယာ ၉၆၉ ဧက ကျယ်ဝန်းပါသည်။ စက်မှုဇုန်ဖော်ထုတ်မည့် မြေဧရိယာ ၉၆၉ ဧကတွင်ဇုန် ၄ ဇုန် သတ်မှတ်၍ မြေကွက်များဖော်ထုတ် လျက်ရှိပါသည်။

ဘားအံစက်မှုဇုန်



ဇာစ်မြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(၂) မြဝတီစက်မှုဇုန်အခြေအနေ

မြဝတီခရိုင်၊ မြဝတီမြို့နယ်တွင် စက်မှုဇုန်တည်ထောင်နိုင်ရန်အတွက် သက်ိန်းညီနောင်ကျေးရွာအုပ်စု ကွင်းအမှတ်၅၃/ A တွင် စိုက်ပျိုးမြေ ၃၁၁.၃၃ ဧက နှင့် မဲကနယ်ကျေးရွာအုပ်စုမှ ၅၉ ဧက စုစုပေါင်း ၃၇၀.၃၃ ဧက နှင့်သစ်တောမြေ ၉၄၄ ဧက အပါအဝင် စုစုပေါင်း ၁,၃၁၄.၃၃ ဧက တွင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြဝတီစက်မှုဇုန်



ဇာစ်မြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ခ) လျှပ်စစ်ဓာတ်အား

ကရင်ပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေးနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ အဆောက်အဦများနှင့် အခြားတည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အတွင်း ဘားအံမြို့ 11/0.4 KV 315 KVA ဓာတ်အားခွဲရုံတစ်ခု၊ ၄င်းဓာတ်အားခွဲရုံအတွက် 11KV ဓာတ်အားလိုင်း ၁၀၀၀ပေ ၊ ၄၀၀ ဗို့လိုင်း ၀.၅ မိုင် တိုးချဲ့ တည်ဆောက်ခြင်း၊ လှိုင်းဘွဲ 11/0.4 KV 200 KVA ဓာတ်အားခွဲရုံ တစ်ခု၊ ၄င်းဓာတ်အားခွဲရုံ အတွက် 11 KVဓာတ်အားလိုင်း ၀.၅ မိုင် ၄၀၀ ဗို့လိုင်း ၁ မိုင် တိုးချဲ့တည်ဆောက်ခြင်း၊ သံတောင်မြို့ အား 33/11 KV 1.25 MVA ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ဖာပွန်မြို့နယ်တွင် 11 KV လိုင်း ၇ မိုင် တည်ဆောက်ခြင်း ၊ကော့ကရိတ်မြို့နယ် 300 KVA ဓာတ်အားခွဲရုံ တစ်ခု၊ ဘားအံမြို့နယ်တွင်လျှပ်စစ်ဓာတ်အားပေးရေး နှင့်ဓာတ်အားလိုင်းများ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၈ ခု တည်ဆောက်ရန်ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ် နှင့်သံတောင်ကြီးမြို့နယ်တို့တွင် ၁၁ကေဗွီဓာတ်အားလိုင်း ၂၀ မိုင်၊ ဘားအံမြို့နယ်၊လှိုင်းဘွဲမြို့နယ်သံတောင်ကြီးမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့တွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၇ မိုင်၊ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ် နှင့်သံတောင်ကြီး မြို့နယ်တို့တွင် ၁၁/၀.၄ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အား ခွဲရုံ ၂၃ ခု၊ ဘားအံမြို့နယ် ဘုရားကုန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ မိုင်၊ ဘုရားကုန်းဓာတ်အားခွဲရုံအတွက် ၆၆ ကေဗွီ Bay Extension

တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ပိုင်ကျဲမြို့နယ်၌ ထုတ်လုပ်နိုင်မှုပမာဏမှာ ၂၅ မဂ္ဂါဝပ် ရှိသောဒါးကျိုင်းအသေးစားရေအား လျှပ်စစ်စက်ရုံကို တည်ဆောက်ရန်ရည်မှန်းထားပါသည်။

ဒါးကျိုင်းရေအားလျှပ်စစ် စက်ရုံပြီးစီးသွားပါက ပိုင်ကျဲမြို့အနီးတစ်ဝိုက်ရွာများနှင့် ပိုင်ကျဲမြို့တွင်း သို့ ဓာတ်အားပေးရန် 66 kVဓာတ်အားလိုင်း ၁၂ မိုင် ၊66/11 kV ၃ အမ်ဗွီအေ ပိုင်ကျဲခွဲရုံ ၁ ခု၊11 kV လိုင်း ၁၅ မိုင် ၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာခွဲရုံ ၁၀ ရုံ ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၀ မိုင် အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဘားအံ - လှိုင်းဘွဲ ၆၆ ကေဗွီလိုင်း ၂၇မိုင်၊ လှိုင်းဘွဲ 30MVA ဓာတ်အားခွဲရုံ၊ ဘားအံဓာတ်အားခွဲရုံအတွက် 66 KV Bay Extension ၊ မော်လမြိုင်၊ ကော့ကရိတ်၊ မြဝတီ 230 kV လိုင်း ၈၀ မိုင်၊ ကော့ကရိတ်မြို့တွင် 230/66 kV, 100 MVA ခွဲရုံ ၁ ခု နှင့် Bay Extension နှင့် မြဝတီမြို့တွင် 230/66 kV, 100 MVA ခွဲရုံ ၁ ခုတည်ဆောက်ရန် နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ဖာပွန်မြို့နယ်၊ ဖာပွန်အသေးစား ရေအားလျှပ်စစ် စက်ရုံသည်ထုတ်လုပ်နိုင်မှုပမာဏမှာ ၂၀၀ ကီလိုဝပ်ရှိပြီး Upgrade ပြုလုပ်ပါက ၁ မဂ္ဂါဝပ် အထိထွက်ရှိနိုင်ပါသည်။ ၎င်းလုပ်ငန်းအတွက် လုပ်ကိုင်လိုသော ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မော်လမြိုင်-ကော့ကရိတ်-မြဝတီ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၈၀ မိုင်နှင့် ခွဲရုံများစီမံကိန်း၊ ဘားအံ-လှိုင်းဘွဲ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၇မိုင် နှင့် ခွဲရုံများစီမံကိန်း၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်း နှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ၊ ဒီဇယ်ဓာတ်အားပေးစက်များအကြီးစားပြုပြင်ခြင်းနှင့်ရေအားစက်ရုံများထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

ပြည်ပချေးငွေဖြင့် သံတောင်ကြီးမြို့နယ် နှင့် မြဝတီမြို့နယ်အတွက် ၁၀၀ အမ်ဗွီအေ၊ ၃၃ ကေဗွီသံတောင်ကြီး-လိပ်သိုဓာတ်အားလိုင်း ၃၀ မိုင်နှင့် ၃ အမ်ဗွီအေလိပ်သို ခွဲရုံ၊ ၃၃ ကေဗွီကြာအင်းဆိပ်ကြီး-လိပ်သိုဓာတ်အားလိုင်း၃၀ မိုင် နှင့် ၃ အမ်ဗွီအေ ကြာအင်းဆိပ်ကြီးခွဲရုံ၊ မြိုင်ကြီးဌ-လှိုင်းဘွဲ ၃၃ ကေဗွီလိုင်း ၂၇ မိုင် နှင့် ၃ အမ်ဗွီအေ လှိုင်းဘွဲခွဲရုံ၊ လှိုင်းဘွဲမြို့နယ်တွင် ၃၃/၁၁ကေဗွီ ၃ အမ်ဗွီအေ ကမ်းနီခွဲရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊

၄၀၀ ဖို့ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ပြည်နယ်ဘတ်ဂျက်ဖြင့် ၁၁ကေဗွီ ဓာတ်အားလိုင်းများ နှင့် ၄၀၀ ဖို့ ဓာတ်အား လိုင်းများတည်ဆောက်ပြုပြင်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်စွမ်းအား၀န်ကြီးဌာနမှ တနင်္သာရီ၊ မွန်၊ ကရင် ဓာတ်အားပေးစက်ရုံ ၂၀၀ အမ်ဗဗလျှူ ၊ ဓာတ်အားခွဲရုံ နှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ၊ ဒီဇယ်စက်များ ဝယ်ယူခြင်းနှင့် ရေအားစက်ပစ္စည်း ကိရိယာများဝယ်ယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ပချေးငွေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အား ပေးစက်များ ဝယ်ယူတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါ သည်။

(ဂ) ဆောက်လုပ်မှု

နယ်စပ်ဒေသနှင့်တိုင်းရင်းသားဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကော့ကရိတ် မြို့ကျဲဒိုး ညောင်ရိပ်သာ - ကမ်းနီ - ကော့ခိုက် - ကညင်ကဒိုက် - ကျီးအုပ် - ညောင်ကုန်း လမ်း ၂၇/၁ မိုင်အနက် ဘုရားကုန်းလမ်းခွဲမှ ကျောက်နီချောင်းအထိ ၈/၀ မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် သစ်သားတံတား ၇ စင်း တည်ဆောက်ခြင်းအတွက် ကျပ် ၁၂.၂ သန်း ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ နှင့် တိုင်းရင်းသား ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်တွင်း ငြိမ်းချမ်းရေးနှင့် တစ်ဘက်နိုင်ငံမှ ပြန်လည် ဝင်ရောက်လာမည့် (IDP) များအတွက် အိမ်ရာများ တည်ဆောက်ခြင်းကို ဆောင်ရွက်သွား ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် လမ်းများ အနက်မှဖာပွန်-ကမမောင်း-၀ါးပိုးတော လမ်းမှလွဲ၍ ကျန်လမ်းများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တံတားတည်ဆောက်မှုအနေဖြင့် ဖာပွန်-ကမမောင်းလမ်းပေါ်ရှိ တံတား ၇ စင်း၊ ထီလုံ-တာပေါင်-ပတ-နဘူး-အောက်ဘိုတဲလမ်းပေါ်ရှိ တာပေါင် မြစ်ကူး တံတား၊ ကော့ကရိတ်-ကုဒုံ- အဖွန်း- လဲဖား- ကျိုက်ဒုံ- အဇင်းလမ်းပေါ်ရှိ တံတား ၃ စင်း၊ ၀ါးဘိုးတော-ကမမောင်း လမ်းပေါ်ရှိ တံတား ၃ စင်း၊ ဘားအံ-ကောကရိတ်-မြဝတီ လမ်းပေါ်ရှိ ကျိုင်း - ကော့ကရိတ်တံတား ၊ ဖာပွန် - ကမမောင်းလမ်းပေါ်ရှိ ကူးဆပ်တံတား၊ ကညင်းဒုံ တံတား၊ ဘားအံ-နောင်လုံ-ကျိုင်း-ကျဲဒိုးလမ်းပေါ်ရှိတံတား၊ နောင်လုံတံတားတို့ကို တည်ဆောက် သွားရန်ရည်မှန်းထားပါ သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း တံတားတည် ဆောက်မှုအနေဖြင့် ဖာပွန်-ကမမောင်းလမ်းပေါ်ရှိ တံတား ၇ စင်း၊ ထီလုံ - တာပေါင် - ပတ - နဘူး - အောက်ဘိုတဲလမ်းပေါ်ရှိ တာပေါင်မြစ်ကူးတံတား၊ ကော့ကရိတ် - ကုဒုံ - အဓွန်း - လဲဖား - ကျိုက်ဒုံ - အဇင်း လမ်းပေါ်ရှိ တံတား ၃ စင်း၊ ဝါးဘိုး တော-ကမမောင်းလမ်းပေါ်ရှိ တံတား ၃ စင်း၊ ဘားအံ - ကော့ကရိတ် - မြဝတီ လမ်းပေါ်ရှိ ကျိုင်း - ကော့ကရိတ်တံတား ၊ ဖာပွန် - ကမမောင်းလမ်းပေါ်ရှိ ကူးဆိပ်တံတား၊ ကညင်းဒုံ တံတား၊ ဘားအံ-နောင်လုံ-ကျိုင်း-ကျုံဒိုး လမ်းပေါ်ရှိတံတား၊ နောင်လုံတံတားတို့ကို ကျပ် ၅၃၉ သန်း ဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ကရင်ပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင်ပြည်နယ်အစိုးရအဖွဲ့၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာလယ်ကီးကုမ္ပဏီ၊ သာလွန်ကျော် ကုမ္ပဏီ၊ ထူးထူး ကုမ္ပဏီ၊ Trust & Gainကုမ္ပဏီ၊ ငွေစန်းသော်တာ ကုမ္ပဏီ၊ ရွှေဖားစည် ကုမ္ပဏီတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းဆောင်သစ် ၁၂၅ ကျောင်းအား ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။ ကျောင်းဆောင်ဟောင်းပြင်ဆင်ခြင်း နှင့် ကျောင်းဆောင်သစ် အပြီးသတ်ခြင်းလုပ်ငန်းအား အခြေခံပညာဦးစီးဌာနမှကျောင်းပေါင်း ၂၇ ကျောင်းနှင့်ပြည်နယ်အစိုးရအဖွဲ့မှ ၁၁ ကျောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁,၄၀၃ ကျောင်းရှိရာမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၁,၅၁၂ ကျောင်းထိ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ် ၇ မြို့နယ်အတွက် အန္တရာယ်ရှိသော အခြေခံပညာကျောင်း ၅၀ ကျောင်းကို ကျောင်းဆောင်အဟောင်း ဖျက်သိမ်းပြီးကျောင်းဆောင်အသစ်ဆောက်လုပ်ရေးဆောင်ရွက်ရန်၊ ကျောင်းသားဦးရေ တိုးတက်မှုအရမြို့နယ် ၇ မြို့နယ်တွင် ကျောင်းဆောင်သစ် ၃၀ ကျောင်း တိုးချဲ့ဆောက်လုပ်ရန်နှင့် လွတ်တော်နှင့် ပညာရေးမြှင့်တင်မှုမှ တင်ပြလာသောကျောင်း ၁၇ ကျောင်းအား ဆောက်လုပ် ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အန္တရာယ်ရှိသောအခြေခံပညာကျောင်း ၁၀၆ ကျောင်းကိုကျောင်းဆောင်အဟောင်း ဖျက်သိမ်းပြီးကျောင်းဆောင် အသစ်ဆောက်လုပ်ရေးဆောင်

ရွက်ရန် ၊ ကျောင်းသား ဦးရေ တိုးတက်မှု အရ မြို့နယ် ၇ မြို့နယ်တွင် ကျောင်းဆောင်သစ် ၂၉ ကျောင်း တိုးချဲ့ဆောက်လုပ်ရန် နှင့် လွတ်တော်နှင့်ပညာရေးမြင့်တင်မှုမှတင်ပြလာသော ကျောင်း ၃၀ ကျောင်းအားဆောက်လုပ်ရန်၊ ပြည်ပအထောက်အပံ့ဖြင့် သင်ကြားရေး စီမံကိန်းနှင့် အဆောက်အဦများဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဘားအံတိုင်းရင်းဆေးရုံ သံဃာဆောင်အား ကွန်ကရစ်ရေစင်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြဝတီဆေးရုံကို ခုတင် ၅၀ မှ ၁၀၀ သို့ တိုးမြှင့်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကော့ကရိတ်မြို့နယ် တောင်ကြာအင်းကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ အဆင့်တိုးမြှင့်ရန်ရည်မှန်းထားပါသည်။ ဖာပွန်မြို့နယ် လဂွမ်းပျိုး ကျေးလက်ကျန်းမာရေးဌာနနှင့် သံတောင်ကြီးမြို့နယ် သောက်ရေခတ် ကျေးလက်ကျန်းမာရေးဌာန တိုးချဲ့ဆောက်လုပ်ရန် ဘားအံမြို့နယ်တွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၁ ခု၊ ကော့ကရိတ်မြို့နယ်တွင် ၆ ခု၊ သံတောင်ကြီးမြို့နယ်တွင် ၁၀ ခု၊ လှိုင်းဘွဲ့မြို့နယ် တွင် ၂ ခု ၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ၇ ခု ၊ မြဝတီမြို့နယ်တွင် ၁ ခု၊ ဖာပွန်မြို့နယ်တွင် ၂ ခု၊ စုစုပေါင်း ၃၉ ခု တိုးချဲ့ ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်ပေါက်ကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ အဆင့် တိုးမြှင့်ရန်ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ဘားအံမြို့နယ်တွင် ၈ ခု၊ ကော့ကရိတ် မြို့နယ်တွင် ၂ ခု၊ သံတောင်ကြီး မြို့နယ်တွင် ၁ ခု၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ၁ ခုနှင့်ဖာပွန် မြို့နယ်တွင် ၂ ခု၊ စုစုပေါင်း ၁၄ ခုတိုးချဲ့ရန် ရည်မှန်းထားပါသည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၏ ရထားလမ်းအကြီးစားမွမ်းမံရန် လမ်းခင်းဇလီဖားတုံးများ ဝယ်ယူစုဆောင်းခြင်းလုပ်ငန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်ရုံး ဘားအံယာဉ်မောင်း စစ်ဆေးရေးကွင်း တည်ဆောက်ခြင်း၊ ယာဉ်စစ်ဆေးခြင်းလုပ်ငန်းအတွက် ခေတ်မီစက်ကိရိယာများ ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းအတွက် ခေတ်မီစက်ကိရိယာများဝယ်ယူခြင်း၊ သံဖြူဇရပ် - ဘုရားသုံးဆူ ရထားလမ်းဖောက်လုပ်ခြင်း၊ ရထား

လမ်းပိုင်းသစ်ဘူတာများတွင် အချက်ပြဆက်သွယ်ရေး ကိရိယာများတပ်ဆင်ခြင်းလုပ်ငန်း ဆိုင်ရာအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်း၊ နေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ တံတားကြီးငယ်များ ပြန်လည်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရထားလမ်း အကြီးစား မွမ်းမံရန် လမ်းခင်းဧလီဖားတုံးများ ဝယ်ယူစုဆောင်းခြင်းလုပ်ငန်း၊ ကွန်ကရစ် ဧလီဖား တုံးများ လဲလှယ်ခြင်းတို့ကိုဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

ကရင်ပြည်နယ်၏ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/UMTS စခန်းများ တည်ဆောက်ခြင်းလုပ်ငန်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပြီး GSM စခန်း ၂၇ ခု၊ UMTS (WCDMA) စခန်း ၃ ခု တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် GSM တည်ဆောက်မည့် စခန်း ၁၆ ခု၊ UMTS (WCDMA) စခန်း ၆ ခု တည်ဆောက်ရန် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် UMTS/LTE မိုဘိုင်းလိုင်းတိုးချဲ့ တပ်ဆင်ခြင်းစီမံကိန်း၊ ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း e-Government Security Platform များတည်ဆောက်ခြင်း၊ ကွန်ပျူတာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Video Conferencing စနစ်များတိုးချဲ့တပ်ဆင် ခြင်း (Japan)၊ ကွန်ပျူတာနည်းပညာဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၏ IPV-4 မှ IPV-6 အဆင့်မြှင့်တင်ခြင်း (Japan) ကွန်ပျူတာ နည်းပညာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း၏ e-Government Data Center နှင့် e - Government Data Network အဆင့်မြှင့် တင်ခြင်း GMS/UMTSမိုဘိုင်းတိုးတက်တပ်ဆင်ခြင်း စီမံကိန်းများရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်နှုန်းမြင့်အင်တာနက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း နှင့် UMTS /LTE မိုဘိုင်းလိုင်းတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းဆောင်ရွက်ရန်ရည်မှန်းထား ပါသည်။ ပုဂ္ဂလိကပိုင်အနေဖြင့် Telenor ကုမ္ပဏီ (အော်ပရေတာ) နှင့် Ooredoo ကုမ္ပဏီ (အော်ပရေတာ) မှ GSM /UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းများ ရတနာပုံ တယ်လီပို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ GSM /UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းနှင့် ဖိုင်ဘာဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရည်မှန်းထားပါ သည်။

(င) သောက်သုံးရေဖူလုံရေးစီမံကိန်း

ကရင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၂,၀၆၃ ရွာ ရှိပါသည်။ ဒေသအခြေအနေ နှင့် ရန်ပုံငွေအခြေအနေကြောင့် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ ကျေးရွာပေါင်း ၅၆၃ ရွာ တွင်သာ သောက်သုံးရေ ဖူလုံရေးလုပ်ငန်းများကို ဆောင်ရွက်ရန်

ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ပြည်ပချေးငွေများရရှိလာပါကသောက်သုံးရေ ဖူလုံရေးလုပ်ငန်းများကိုပိုမို လျင်မြန်စွာဆောင်ရွက်နိုင် မည်ဖြစ်သည့် အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ပြည်ပအကူအညီ ချေးငွေများဖြင့် သောက်သုံးရေ ဖူလုံရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

(စ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုအခြေအနေမှာ ဘားအံစက်မှုဇုန်ရှိ စက်ရုံများမှ ထုတ်လွှတ်မည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကို လျှော့ချနိုင်မည့် သစ်ပင်များစွာရှိသည့် မြို့ငံကလေး သစ်တောကြိုးဝိုင်း၊ ကျုံးပကို သစ်တောကြိုးဝိုင်း၊ ထီလုံ သစ်တောကြိုးဝိုင်း၊ မိသရောင်သစ်တောကြိုးဝိုင်းတို့မှာစက်မှုဇုန်ပတ်ဝန်းကျင်တွင်ရှိကြသဖြင့် ဘားအံစက်မှုဇုန်ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိန်းသိမ်းပေးနိုင်မည် ဖြစ်ပါသည်။ ၎င်းအပြင် စက်ရုံများမှ ထုတ်လွှတ်မည့် ရေဆိုးများကိုလည်း (Normal water) ဖြစ်အောင် (Treatment) လုပ်ပြီးမှထုတ်လွှတ်စေမည်ဖြစ်ပါသည်။ အရှေ့တောင်အာရှစက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ဦးဆောင် လမ်းညွှန်ပံ့ပိုးမှုဖြင့် UMH Agro Industry & TOYOTA TSUSHO Corporation (Japan) တို့မှ Jatropha ကြက်ဆူပင်အား ဘားအံစက်မှုဇုန် UMH Industrial Park တွင် စမ်းသပ် စိုက်ပျိုးနေပြီ ဖြစ်ပါသည်။

(ဆ) ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး

ခရီးသွားလုပ်ငန်းများအတွက်ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းလာရောက်လည်ပတ်နိုင်မည့် နိုင်ငံခြားသားများ စိတ်ဝင်စားမည့် Special Conservation District များဖြစ်သော ဇွဲကပင်တောင် ပတ်ဝန်းကျင်ဒေသ၊ သံတောင်ကြီးမြို့ပတ်ဝန်းကျင် (တောင်ပေါ်ဒေသ) နှင့် ဘားအံမြို့ပတ်ဝန်းကျင်ရှိ ရှေးဟောင်းလှိုဏ်ဂူများအား စိတ်ဝင်စားဖွယ်ဖြစ်စေရေး၊ မူလသဘာဝပတ်ဝန်းကျင်များအား မထိခိုက်စေဘဲကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် စီမံဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အချို့နေရာများတွင် လုံခြုံရေးအကန့်အသတ်ရှိခြင်း၊ ခရီးသွားလုပ်ငန်းအတွက် အထောက်အကူပြုသော ဟိုတယ်၊ မိုတယ်များ လုံလောက်မှုမရှိခြင်း၊ ကျွမ်းကျင်သည့် Tourist Guide များလည်း ခန့်ထား

ဆောင်ရွက်မှုမရှိသေးခြင်း၊ လေယာဉ်ဆင်းသက်နိုင်သော လေဆိပ်ရှိရန်လိုအပ်ခြင်းတို့သည် ကရင်ပြည်နယ်၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကို ကန့်သတ်နေသည့်အချက်များ ဖြစ်ပါသည်။

(ဖ) မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ဖွံ့ဖြိုးရေး

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုးတက်လာသော လူဦးရေအတွက် လိုအပ်လာမည့် အိမ်ရာကဏ္ဍအတွက် မြေကွက်ပေါင်း ၂,၀၀၀ ဖော်ထုတ်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ ၆ ခန်းတွဲ ၂ ထပ်တစ်လုံး တည်ဆောက်ရန်နှင့်၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၊၂၀၁၅-၂၀၁၆ဘဏ္ဍာ နှစ်တို့တွင်ဘားအံမြို့၌ ဝန်ထမ်းအိမ်ရာတိုးချဲ့နိုင်ရန် ရည်မှန်းထားရှိပါသည်။

၅။ ကဏ္ဍများအချင်းချင်းချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကရင်ပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအား သိသိသာသာတိုးတက် အောင်ဆောင်ရွက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို၂၀၁၀-၂၀၁၂ဘဏ္ဍာနှစ် နှင့်၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်အတွင်း ဒီကေဘီအေ(မသန်စွမ်းအဖွဲ့ဝင်များ) ၊ KNU/KNLA ငြိမ်းချမ်းရေး အဖွဲ့ဝင်များနှင့် ကလိထူးဖော ငြိမ်းချမ်းရေး အဖွဲ့ဝင်များအတွက် အိမ်ရာဆောက်လုပ်ခြင်း (ရေ၊မီး၊မိလ္လာပါ)လုပ်ငန်းများအား ဘားအံခရိုင် ၊ ဖာပွန်ခရိုင် ၊ မြဝတီခရိုင်တို့ကို ဆောင်ရွက်ရန်ရည်မှန်းထားရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် ငြိမ်းချမ်းရေး အဖွဲ့ဝင်များအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ကျန်းမာရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းထားရှိပါသည်။

(ခ) သောက်သုံးရေရရှိရေးဆောင်ရွက်မည့်လုပ်ငန်းများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သောက်သုံးရေရရှိရေးစုစုပေါင်းကျပ် ၃၄.၈၈ သန်း တန်ဖိုးရှိ လုပ်ငန်း ၁၀ ခုကို ဖာပွန်ဒေ့ဆန်ကျေးရွာ စိမ့်စမ်း ရေသွယ်ခြင်း၁/၄၊ ဖာပွန်မထော်ကျေးရွာစိမ့်စမ်းရေသွယ်ခြင်း ပေ ၃,၅၀၀၊ မြဝတီလက်ခတ်တောင်မှ စိမ့်စမ်း ရေသွယ်ခြင်း၊ ဘားအံမြို့နယ်၌ တွင်းတိမ် တုံကင် ၂၁ တွင်းတို့ကို ဆောင်ရွက် ရန်ရည်မှန်းထားရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း သောက်သုံးရေရရှိရေးအတွက် ဖာပွန်မြို့နယ်တွင် ကျပ်၂သန်းဖြင့် သောက်ရေကန် ၁ ခု၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ကျပ် ၃.၄ သန်း ဖြင့် လက်တွင်း၂ ခု ၊ လှိုင်းဘွဲမြို့နယ်တွင်ကျပ် ၅.၂၅ သန်းဖြင့် လက်တူးတွင်း ၇ ခု၊

စုစုပေါင်းကျပ် ၁၀.၆၅ သန်း တန်ဖိုးရှိလုပ်ငန်း ၁၀ ခုတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ဘားအံ ခရိုင်လှိုင်းဘွဲ ကျေးလက်မူလတန်းကျောင်း စက်ရေတွင်း ၂ တွင်း နှင့် ရေစင် ၂ ခု၊ လှိုင်းဘွဲနှင့် သံတောင်ကြီးတွင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ဖာပွန်မြို့နယ်တွင် ရေတံခါး ပြုလုပ်ခြင်း လုပ်ငန်းများကို ကျပ် ၁၅ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဘားအံခရိုင် လှိုင်းဘွဲတွင် ကျေးလက် အမက စက်ရေတွင်း ၂ တွင်းနှင့် ရေစင် ၂ ခု၊ လှိုင်းဘွဲ စိမ့်စမ်းရေ ၃ မိုင် သွယ်ယူခြင်း၊ သံတောင်ကြီးတွင် စိမ့်စမ်းရေ ၃ မိုင် သွယ်ယူခြင်း၊ ဖာပွန်ခရိုင် ဖာပွန်မြို့နယ်တွင်ရေတံခါး ပြုလုပ်ခြင်းလုပ်ငန်းများအတွက် ဘားအံခရိုင်တွင် ကျပ် ၉ သန်း၊ ဖာပွန်ခရိုင်တွင် ကျပ် ၆ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

(၂) မွေးမြူရေးလုပ်ငန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လှိုင်းဘွဲမြို့နယ် ရှမ်းရွာသစ် မြို့နယ်ခွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံး ၁ ရုံး၊ ဘားအံမြို့နယ် အိန္ဒကျေးရွာ မွေးမြူရေးခြံ ၁ ခြံ၊ လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာ မွေးမြူရေးခြံ ၁ ခြံ၊ ဖာပွန်တွေ့ဆန် ကူးဆိပ် မွေးမြူရေးခြံ ၂ ခြံ၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူ မွေးမြူရေးခြံ ၁ ခြံ စုစုပေါင်းကျပ် ၁၃၀.၈၀ သန်း တန်ဖိုးရှိ လုပ်ငန်း ၆ ခု တို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းကျပ် ၁၅၅.၈၀ သန်း တန်ဖိုးရှိ လုပ်ငန်း ၆ ခု နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း မွေးမြူရေးခြံ ဆောက်လုပ်မှုတွင် ဘားအံ ခရိုင်တွင် ကျပ်သန်း ၅၀ ၊ ကော့ကရိတ် ခရိုင်တွင်ကျပ် ၂၅ သန်း၊ မြဝတီခရိုင်တွင် ကျပ်သန်း ၅၀ တန်ဖိုးရှိလုပ်ငန်း ၅ ခု ကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ခ) နိုင်ငံတကာဒေသတွင်းအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ခြင်း

ကရင်ပြည်နယ်အနေဖြင့် NGO, INGO, UN လက်အောက်ခံ အဖွဲ့ အစည်းများနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ ပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကို ခံယူကာပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။ ကရင်ပြည်နယ်အတွင်း အဖွဲ့အစည်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းများမှာ UNICEF, UNHCR, IOM, World Vision, Save the Children, CDA, UNDP, NRC, ICRC, SDC Malteser International, Adra Myanmar အဖွဲ့တို့ ဖြစ်ပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ကရင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၃-၅
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ကရင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၇၂,၆၆၉.၃ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၂၃၃,၉၀၉.၉ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၉.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ ပြည်နယ် အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁)	**ပြည်နယ်အစိုးရအဖွဲ့**	**ကျပ် ၂,၃၄၇.၆၆၁**	**သန်း**
	-ဆောက်လုပ်ရေး	ကျပ် ၁၄၇.၆၆၁	သန်း
	-စက်ပစ္စည်း	ကျပ် ၂၀၀.၀၀၀	သန်း
	-အခြား	ကျပ် ၂,၀၀၀.၀၀၀	သန်း
(၂)	**ပြည်နယ်လွတ်တော်ရုံး**	**ကျပ် ၂.၀၀၀**	**သန်း**
	-စက်ပစ္စည်း	ကျပ် ၂.၀၀၀	သန်း

(၃)	**ပြည်နယ်ဥပဒေချုပ်ရုံး**	**ကျပ်**	**၁၄၇.၆၀၀**	**သန်း**
	-ဆောက်လုပ်ရေး	ကျပ်	၁၄၅.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁.၉၅၀	သန်း
	-အခြား	ကျပ်	၀.၆၅၀	သန်း
(၄)	**ပြည်နယ်စာရင်းစစ်ချုပ်ရုံး**	**ကျပ်**	**၆၄.၉၈၀**	**သန်း**
	-ဆောက်လုပ်ရေး	ကျပ်	၃၁.၆၈၀	သန်း
	-စက်ပစ္စည်း	ကျပ်	၃၂.၀၀၀	သန်း
	-အခြား	ကျပ်	၁.၃၀၀	သန်း
(၅)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ်**	**၁,၄၆၄.၈၈၀**	**သန်း**
	(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ်	၈၂၂.၄၄၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၆၇၀.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁၄၈.၄၄၀	သန်း
	-အခြား	ကျပ်	၄. ၀၀၀	သန်း
	(ခ) မီးသတ်ဦးစီးဌာန	ကျပ်	၆၄၂.၄၄၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၅၆၂.၅၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၃၆.၉၄၀	သန်း
	-အခြား	ကျပ်	၄၃.၀၀၀	သန်း
(၆)	**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ်**	**၂,၄၂၆.၀၅၀**	**သန်း**
	(က) စိုက်ပျိုးရေးဦးစီးဌာန	ကျပ်	၄၄၀.၀၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၂၀၂.၅၆၂	သန်း
	-အခြား	ကျပ်	၂၃၇.၄၃၈	သန်း
	(ခ) စက်မှုလယ်ယာဦးစီးဌာန	ကျပ်	၂၉၃.၀၀၀	သန်း
	-အခြား	ကျပ်	၂၉၃.၀၀၀	သန်း
	(ဂ) ဆည်မြောင်းဦးစီးဌာန	ကျပ်	၇၇၅.၅၂၀	သန်း
	-အခြား	ကျပ်	၇၇၅.၅၂၀	သန်း
	(ဃ) စက်မှုသီးနှံဦးစီးဌာန	ကျပ်	၈၉.၂၃၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၈၀.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၂.၂၃၀	သန်း
	-အခြား	ကျပ်	၇.၀၀၀	သန်း
	(င) ရေအရင်းအမြစ်ဦးစီးဌာန	ကျပ်	၈၂၈.၃၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁၂.၃၀၀	သန်း
	-အခြား	ကျပ်	၈၁၆.၀၀၀	သန်း

(ဂ)	**မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန**	**ကျပ်**	**၁,၁၇၄.၅၅၈**	**သန်း**
	(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	ကျပ်	၁,၀၃၅.၀၇၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၂၀.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁၅.၀၇၀	သန်း
	-အခြား	ကျပ်	၁,၀၀၀.၀၀၀	သန်း
	(ခ) ငါးလုပ်ငန်းဦးစီးဌာန	ကျပ်	၁၃၉.၄၈၈	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁၃၁.၈၄၈	သန်း
	-စက်ပစ္စည်း	ကျပ်	၄.၀၄၀	သန်း
	-အခြား	ကျပ်	၃.၆၀၀	သန်း
(ဃ)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**			
	(က) သစ်တောဦးစီးဌာန	ကျပ်	၂၄.၄၉၇	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၂၄.၄၉၇	သန်း
(င)	**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**ကျပ်**	**၂၅,၈၂၀.၅၈၂**	**သန်း**
	(က) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ်	၆၂၉.၆၇၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၆၀၆.၆၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၂၁.၆၅၀	သန်း
	-အခြား	ကျပ်	၁.၄၂၀	သန်း
	(ခ) ပြည်သူ့ဆောက်လုပ်ရေး	ကျပ်	၁၉၉.၉၂၆	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁၈၉.၅၆၆	သန်း
	-စက်ပစ္စည်း	ကျပ်	၅.၁၀၀	သန်း
	-အခြား	ကျပ်	၄.၈၆၀	သန်း
	(ဂ) လမ်းဦးစီး	ကျပ်	၂၄,၉၉၀.၉၈၆	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၂၄,၉၉၀.၉၈၆	သန်း
(၁၀)	**ပို့ဆောင်ရေးဝန်ကြီးဌာန**	**ကျပ်**	**၅၁၀.၉၀၀**	**သန်း**
	(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဦးစီးဌာန	ကျပ်	၅၀၉.၄၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၅၀၉.၄၀၀	သန်း
	(ခ) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန	ကျပ်	၁.၅၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁.၅၀၀	သန်း

(၁၁)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**	**ကျပ်**	**၄၆.၂၀၀**	**သန်း**
(က)	စီမံကိန်းရေးဆွဲရေးဦးစီးဌာန	ကျပ်	၄၆.၂၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၄၃.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၃.၂၀၀	သန်း
(၁၂)	**လျှပ်စစ်ဓာတ်အား ဝန်ကြီးဌာန**	**ကျပ်**	**၁,၂၀၂.၈၁၃**	**သန်း**
(က)	လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	ကျပ်	၁,၂၀၂.၈၁၃	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁,၂၀၂.၈၁၃	သန်း
(၁၃)	**ပညာရေး ဝန်ကြီးဌာန**	**ကျပ်**	**၅၆၉.၄၀၀**	**သန်း**
(က)	အခြေခံပညာ ဦးစီးဌာန	ကျပ်	၅၆၉.၄၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၅၆၉.၄၀၀	သန်း
(၁၄)	**ကျန်းမာရေး ဝန်ကြီးဌာန**	**ကျပ်**	**၃၅၄.၀၀၀**	**သန်း**
(က)	ကျန်းမာရေး ဦးစီးဌာန	ကျပ်	၃၅၄.၀၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၃၅၄.၀၀၀	သန်း
(၁၅)	**ဘဏ္ဍာရေး ဝန်ကြီးဌာန**	**ကျပ်**	**၁၂၁.၇၅၈**	**သန်း**
(က)	ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန	ကျပ်	၁၂၁.၇၅၈	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၉၁.၁၄၉	သန်း
	-စက်ပစ္စည်း	ကျပ်	၂၈.၄၅၃	သန်း
	- အခြား	ကျပ်	၂.၁၅၆	သန်း
(၁၆)	**သမဝါယမ ဝန်ကြီးဌာန**	**ကျပ်**	**၄၇.၀၀၀**	**သန်း**
(က)	သမဝါယမဦးစီးဌာန	ကျပ်	၂၅.၀၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၁၀.၀၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁၅.၀၀၀	သန်း
(ခ)	အသေးစားစက်မှုလက်မှုဦးစီးဌာန	ကျပ်	၂၂.၀၀၀	သန်း
	-ဆောက်လုပ်ရေး	ကျပ်	၂၀.၆၅၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁.၃၅၀	သန်း
(၁၇)	**ပြန်ကြားရေး ဝန်ကြီးဌာန**	**ကျပ်**	**၁.၅၀၀**	**သန်း**
(က)	မြန်မာ့ရုပ်ရှင်လုပ်ငန်း	ကျပ်	၁.၅၀၀	သန်း
	-စက်ပစ္စည်း	ကျပ်	၁.၅၀၀	သန်း
(၁၈)	**အားကစား ဝန်ကြီးဌာန**	**ကျပ်**	**၁,၂၁၁.၉၆၆**	**သန်း**
(က)	အားကစားနှင့်ကာယပညာဦးစီးဌာန	ကျပ်	၁,၂၁၁.၉၆၆	သန်း

-ဆောက်လုပ်ရေး	ကျပ်	၁,၂၁၈.၈၆၆ သန်း
-စက်ပစ္စည်း	ကျပ်	၀.၂၀၀ သန်း
- အခြား	ကျပ်	၂.၉၀၀ သန်း
(၁၉) နယ်စပ်ရေးရာဝန်ကြီးဌာန	**ကျပ်**	**၅,၄၅၁.၇၈၀ သန်း**
(က) ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး	ကျပ်	၅,၄၅၁.၇၈၀ သန်း
-ဆောက်လုပ်ရေး	ကျပ်	၅,၁၇၁.၇၈၀ သန်း
-စက်ပစ္စည်း	ကျပ်	၂၈၀.၀၀၀ သန်း
(၂၀) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့	**ကျပ်**	**၅,၇၀၄.၈၀၀ သန်း**
(က) စည်ပင်		
-ဆောက်လုပ်ရေး	ကျပ်	၅,၃၄၁.၇၁၈ သန်း
-စက်ပစ္စည်း	ကျပ်	၃၅၉.၄၄၉ သန်း
- အခြား	ကျပ်	၃.၆၃၃ သန်း
စုစုပေါင်း	**ကျပ်**	**၄၈,၇၀၄.၉၂၅ သန်း**

ကရင်ပြည်နယ် အစိုးရ၏ အစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၃၀,၆၉၄.၃၈၂ သန်း ဆောင်ရွက်နိုင်မည်ဟုခန့်မှန်းတင်ပြအပ်ပါသည်။

၈။ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) သဘာဝဘေး အန္တရာယ် ကျရောက်ပါက အောက်ပါအတိုင်း အပိုင်း ၄ ပိုင်း ခွဲခြား၍ ဆောင်ရွက် သွားပါမည်-

(၁) သဘာဝဘေးများကြောင့် အန္တရာယ်ဖြစ်ပွားမှု လျော့ပါးစေရေးအတွက် စီမံ ဆောင်ရွက်ခြင်း၊

(၂) သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း အစီအစဉ်များ၊

(၃) သဘာဝဘေးကျရောက်စဉ်နှင့် ကျရောက်ပြီးစအချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေ ကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေး အစီအစဉ်များ လုပ်ငန်းများ၊

(၄) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ဆောင် ရွက်မည့်လုပ်ငန်းများ။

ကရင်ပြည်နယ် သဘာဝဘေးများ ကျရောက်ပါက ထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများ အနည်းဆုံး ဖြစ်စေရန်အတွက် နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသော မြစ်/ချောင်းများ၊ ဒီရေတက်မှု၊ မြစ်ရေလျှံမှု အခြေအနေများ၊ လေ့လာသုံးသပ်ခြင်း၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆက်သွယ်ဆောင်ရွက်မည့် လမ်းကြောင်းများ ကြိုတင်သတ်မှတ်ခြင်း၊ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီနှင့်ဆပ်ကော်မတီများဖွဲ့စည်းခြင်း၊ကျရောက်နိုင်သည့် သဘာဝဘေးအတိုင်းအဆ ခန့်မှန်းခြင်း၊ သဘာဝဘေးကျရောက်စဉ်နှင့် ကျရောက်ပြီးစအချိန်တွင် ဆောင်ရွက်ရသော လုပ်ငန်းများအတွက် ပြင်ဆင်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ သတ်မှတ်ခြင်း၊ အုပ်ချုပ်ရေးနှင့် ထောက်ပံ့ရေး၊ ပို့ဆောင်ရေးကွပ်ကဲမှု နှင့် ဆက်သွယ်ရေး လုပ်ငန်းစဉ်များ စီမံခန့်ခွဲမှုလုပ်ငန်းများအား စနစ်တကျ သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင်အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏လမ်းညွှန်မှုများအားရယူပြီးလုပ်ငန်းများအောင်မြင် ထိရောက်အောင် ဆောင်ရွက်ခြင်း ဖြင့်ကရင်ပြည်နယ်အား သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းအောင် စီစဉ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

နိဂုံး

နိုင်ငံတော်အစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် ကရင်ပြည်နယ်၌ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ အား စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ကရင်ပြည်နယ် အတွင်း KNU လက်နက်ကိုင် အဖွဲ့အစည်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရရှိပြီးနောက်နှစ်ဘက်တပ်များကျင့်ဝတ် စည်းကမ်းများ လိုက်နာ ဆောင်ရွက်မှု အမြဲမပြတ် အပြန်အလှန် ထိတွေ့ဆက်ဆံ၍ နှစ်ဦးနှစ်ဘက် နားလည်ယုံကြည်မှုများ ရရှိမှုကြောင့် ဒေသတွင်း တည်ငြိမ် အေးချမ်းမှု ရှိပြီး ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ကရင်ပြည်နယ်အတွင်း KNU အဖွဲ့နှင့် ပြည်နယ်အစိုးရ ပြည်ထောင်စုအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ် ပြီးငြိမ်းချမ်းရေးဖော်ဆောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးရရှိလာသည်နှင့်အညီ စီးပွားရေးပြုပြင် ပြောင်းလဲမှုလုပ်ဆောင်ရာတွင် People Center ပြည်သူဗဟိုပြု ဦးစားပေးဆောင်ရွက် လျက်ရှိပါသည်။ သို့မှသာ ထောင်စုနှစ် ရည်မှန်းချက်များအား ဖြည့်ဆည်းနိုင်မည်ဖြစ်ပါ သည်။

ချင်းပြည်နယ်

ချင်းပြည်နယ် ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	= မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်နှင့် ၂၄ ဒီဂရီ ၀၉ မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် နှင့် ၉၄ ဒီဂရီ ၀၈ မိနစ်အတွင်း၊
အကျယ်အဝန်း	= ၁၃,၉၀၆.၉၇ (စတုရန်းမိုင်)၊ ၈,၉၀၀,၄၅၉ (ဧက)
လူဦးရေ(ခန့်မှန်း)	= ဦးရေ ၅၉၆ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	= ဟားခါးမြို့
ထူးခြားအမှတ်အသား	= ရိုဒ်ရေကန်
ခရိုင်	= ၃ ခရိုင်(ဟားခါး၊ ဖလမ်း၊ မင်းတပ်)
မြို့နယ်	= ၉ မြို့နယ်
မြို့နယ်ခွဲ	= ၄ မြို့နယ်ခွဲ
အဓိကစီးပွားရေး	= စိုက်ပျိုးမွေးမြူခြင်း
ဆက်စပ်ဒေသ	= အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တောင်ဘက်တွင် ရခိုင်ပြည်နယ် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ

နိဒါန်း

ချင်းပြည်နယ်သည် နယ်မြေဒေသ သဘာဝအခြေအနေများအရ တောင်ကုန်းထူထပ်၍ မြေပြန့်နည်းပါးသောကြောင့် အဓိကစီးပွားရေးလုပ်ငန်းများမှာ ဒေသအတွင်း အခြေအနေပေးသည့် တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ရောင်းဝယ် ဖောက်ကား ကုန်သွယ်မှု လုပ်ငန်း အသေးစားများသာ ဆောင်ရွက်ကြပါသည်။ လက်ရှိအခြေအနေတွင် အခြေခံအဆောက်အအုံများ ကောင်းမွန်ရန် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ရေရှည်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုနှုန်းများ ကျဆင်းအောင် ဆောင်ရွက်လျက်ရှိနေပါသည်။

လူမှုစီးပွားအခြေအနေ

ချင်းပြည်နယ်၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေတစ်ထောင်လျှင် တယ်လီဖုန်းအသုံးပြုမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၄-၁
ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



ချင်းပြည်နယ်၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၃.၁၆ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၇၆.၁၆ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၄၉.၀၀ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၇.၃၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၈၁.၄၃ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၅၂.၈၀ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၄-၂
ငါးနှစ်အောက်ကလေးသေဆုံးနှုန်း(အရှင်မွေးကလေး၁,၀၀၀လျှင်)



ချင်းပြည်နယ်၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀ လျှင်နှုန်း) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၃၅.၉၈ နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၈.၄၇ နှုန်း သို့ လျော့နည်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၄-၃
လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်းရည်မှန်းချက်



ချင်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၂ လုံး သုံးစွဲနိုင်ရန် ရည်မှန်းထားရာ မှ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၁၅ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်းထားပါ သည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၄-၄
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍ စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး အတွက် နိုင်ငံတော်မှ ပံ့ပိုး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မျိုးသန့်စံပြစိုက်ခင်း ထူထောင်ခြင်း၊ သီးနှံများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက အထက် စံပြစိုက်ပျိုး ပြသရေးလုပ်ငန်းတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ စီမံဆောင်ရွက် သွားမည် ဖြစ်ပါသည်။

တောင်သူတိုင်း သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေးလုပ်ငန်းကို စိုက်ပျိုးရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ချင်းပြည်နယ်အစိုးရ၏ အနီးကပ် ကြီးကြပ်မှုများဖြင့် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အဓိက ဝမ်းစာအဖြစ် စပါး၊ အစေ့ထုတ်ပြောင်းနှင့်ဆပ်ဆန်ကို စိုက်ပျိုးသော်လည်း ဝမ်းစာဖူလုံခြင်း မရှိပါ။ အဓိက သီးနှံများမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲယဉ်းနှင့် ပဲစဉ်းငုံတို့ဖြစ်ပါသည်။

ပဲစဉ်းငုံ စိုက်ပျိုးနှစ် ဖြစ်သောကြောင့် ပဲစဉ်းငုံ ၄,၈၃၇ ဧက စိုက်ပျိုးရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကုန်းမြင့်လယ်ယာ (လှေကားထစ်လယ်) ၁,၂၅၀ ဧက ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့နယ်များတွင် 'ဝဥ' တိုးချဲ့ စိုက်ပျိုးရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စပါးစိုက်ဧက ၁၁၂,၄၉၈ ဧက ဖြစ်ပြီး အထွက်တင်း ထောင်ပေါင်း ၅,၄၀၂ ထွက်ရှိအောင် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၁၁၂,၆၀၀ ဧက စိုက်ပြီး အထွက်တင်း ထောင်ပေါင်း ၅,၄၀၉ တင်း ထွက်ရှိရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

နို့စားနွားကောင်ရေ တိုးပွားရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် မေထုန်မဲ့သားစပ်နည်းစနစ်ကို ပြည်ထောင်စုအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ နွားနောက် မွေးမြူရေးတိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုဖွံ့ဖြိုးရေး

(က) စက်မှု

စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆောင်ရွက်ရန် စီစဉ်ထားပါသည်။

ချင်းပြည်နယ်တွင် စက်မှုဇုန် မရှိသေးသော်လည်း ဟားခါးနှင့် တီးတိန်မြို့တို့တွင် ကားပြင် ဝပ်ရှော့ အလုပ်ရုံများ တည်ထောင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားပါသည်။ ချင်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော စက်မှုလုပ်ငန်းများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အကြီးစား ၁ ခု၊ အလတ်စား ၄ ခု၊ အငယ်စား ၄၈၅ ခု ရှိပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အငယ်စား ၅၀ ခု တိုးတက်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အငယ်စား ၈ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အငယ်စား ၈ ခု နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အငယ်စား ၁၀ ခု တိုးတက်ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် အကြီးစား ၁ ခု ၊ အလတ်စား ၄ ခု ၊ အငယ်စား ၅၆၁ ခုထိ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

မှတ်ပုံတင်ထားသောစက်မှုလုပ်ငန်းများ



ဇယားမြစ်။ ချင်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ခ) လျှပ်စစ်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၇၁ ရွာ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၃၂၄ ရွာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၅၀ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၂၇ ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၅ ရွာ မီးလင်းရေးအတွက်ဆောင်ရွက်ရန် ရည်မှန်းထားသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ကျေးရွာ စုစုပေါင်း ၁,၃၈၄ ရွာ အနက် မီးလင်းရေးအတွက် ၈၇၇ ရွာ ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့၌ ဟားခါးမြို့နယ်တွင် ၁၁ကေဗွီလိုင်း ၂ မိုင် တည်ဆောက်ခြင်း၊ ၁၁/၀.၄ကေဗွီ ခွဲရုံ ၂ ရုံ တည်ဆောက်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃ မိုင် တည်ဆောက်ခြင်း၊ ဖလမ်းမြို့နယ်တွင် ၁၁ ကေဗွီလိုင်း၂ မိုင် တည်ဆောက်ခြင်း၊ ၁၁/၀.၄ ကေဗွီခွဲရုံ ၂ ရုံ တည်ဆောက်ခြင်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်း ၃ မိုင် တည် ဆောက်ခြင်း၊ မင်းတပ်မြို့နယ်တွင် ၁၁ကေဗွီလိုင်း ၄ မိုင် တည်ဆောက်ခြင်း၊ ၁၁/၀.၄ကေဗွီ ခွဲရုံ ၂ ရုံ တည်ဆောက်ခြင်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်း ၄ မိုင် တည်ဆောက်ခြင်း၊ ကန်ပက်လက်မြို့နယ်နှင့် တီးတိန်မြို့နယ်တို့တွင် ဓာတ်အားပေးစက်ရုံ ၂ ရုံ တည်ဆောက်ခြင်း၊

ဘုံဗားချောင်း ၆၀၀ ကီလိုဝပ် အသေးစား ရေအား လျှပ်စစ် စီမံကိန်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက် သွားရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုမှာ အထက်တန်းကျောင်း ၃၇ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၃၃ ကျောင်း၊ အလယ်တန်းကျောင်း ၅၁ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၆၅ ကျောင်း၊ မူလတန်းကျောင်း ၆၉၆ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၅၇ ကျောင်း၊ မူလတန်းကျောင်း(တွဲ) ၃၇ ကျောင်း ၊ မူလွန် ၃၁၄ ကျောင်း ရှိပါသည်။ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ၁၇ ကျောင်း ရှိပါသည်။ ထို့အပြင် သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှု နှင့် သက်မွေးပညာဦးစီးဌာနမှ ဖွင့်လှစ်သော အစိုးရစက်မှုလက်မှုသိပ္ပံ ၁ ကျောင်း နှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း ၂ ကျောင်း ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်သစ် ၄၀ ဆောင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်းဆောင်သစ် ၄၃ ဆောင် ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။ ကျောင်းနေကလေးသူငယ်များ ကျန်းမာရေးနှင့် ညီညွတ်သည့် အဆင့်မြင့် ယင်လုံအိမ်သာ ဆောက်လုပ်ရေးအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၆၁ လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယင်လုံအိမ်သာ ၁၆၅ လုံး၊ ဥပဓိရုပ် မကောင်းသော ကျောင်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၇၃ ကျောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၆၈ ကျောင်း ပြုပြင်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

ဆေးရုံ/ဆေးခန်းများ ဖွင့်လှစ်ထားရှိမှုမှာ ခုတင် ၂၀၀ ဆုံ့ ဆေးရုံ ၂ ရုံ၊ ခုတင် ၁၀၀ ဆုံ့ ဆေးရုံ ၂ ရုံ၊ ခုတင် ၅၀ ဆုံ့ ဆေးရုံ ၁ ရုံ၊ ၂၅ ခုတင်ဆုံ့ ဆေးရုံ ၄ ရုံ၊ ၁၆ ခုတင်ဆုံ့ မြို့နယ်ခွဲ တိုက်နယ်ဆေးရုံ ၁၅ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၇၈ ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန ၇ ခု၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန ၁၀ ခု၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန ၈ ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၉ ခု၊ အာဟာရဌာန ၁ ခု၊ ကျောင်းကျန်းမာရေးဌာန ၂ ခု ဖြစ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားမှုမှာ ဆရာဝန် ၈၃ ဦး၊ သူနာပြု ၄၆၅ ဦး၊ ကျန်းမာရေး ဆရာမ ၃၈ ဦး၊ သားဖွားဆရာမ ၃၅၂ ဦး၊ လက်ထောက် ကျန်းမာရေးမှူး ၄၈ ဦး၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ ၈၇ ဦး

ရှိပါသည်။ တိုင်းရင်းဆေးကုဌာနများအနေဖြင့် ခရိုင်အဆင့် ၂ ခု၊ မြို့နယ်အဆင့် ၆ ခု ဖွင့်လှစ်ထားပြီး ဟားခါးမြို့တွင် တိုင်းရင်းဆေးရုံ ၁ ရုံ တည်ဆောက်ဆဲ ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖလမ်းမြို့နယ်၊ သီးဘွာလ် တိုက်နယ်ဆေးရုံ၊ တွန်းဇန် မြို့နယ်ဆေးရုံ၊ တီးတိန်၊ ထန်တလန်၊ ကန်ပက်လက်မြို့နယ်တို့တွင် ကျေးလက် ကျန်းမာရေးဌာနနှင့် ဟားခါး၊ မင်းတပ်၊ ကန်ပက်လက်မြို့နယ်တို့တွင် ကျေးလက် ကျန်းမာရေးဌာနခွဲအသစ်များကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မင်းတပ်၊ ကန်ပက်လက်မြို့နယ်တို့၌ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တီးတိန်၊ ပလက်ဝမြို့နယ်တို့၌ ကျေးလက်ကျန်းမာရေးဌာန၊ ဆမီးမြို့နယ်ခွဲဆေးရုံ၊ ထန်တလန် မြို့နယ်၊ မှောင်တလန်တိုက်နယ်ဆေးရုံအသစ်များကိုလည်းကောင်း တည်ဆောက် သွားရန် ရည်မှန်းထားပါသည်။

(ဂ) ခရိုးသွားလုပ်ငန်း

ကန်ပက်လက်မြို့နယ်၊ နတ်မတောင် အမျိုးသားဥယျာဉ်တွင် နိုင်ငံခြား ခရီးသွား ဧည့်သည် နှစ်စဉ် ၂၀၀ ဦးခန့် လာရောက်လည်ပတ်လျက်ရှိသဖြင့် ဥယျာဉ် အနီး ဟိုတယ်များ တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် မန်းပြည်တံခွန် ကုမ္ပဏီမှ ကျပ်သိန်း ၂,၀၀၀ ကျော် ရင်းနှီးမြှုပ်နှံ၍ ကောင်းကင် နန်းတော် ဟိုတယ် ၁ လုံး တည်ဆောက်လျက် ရှိပါသည်။

(ဃ) အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းများ

လမ်းပန်းဆက်သွယ်ရေးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်မနှင့် ဆက်သွယ်သောလမ်းများအနေဖြင့် မြောက်ပိုင်းတွင် ကလေး-ဖလမ်း-ဟားခါးလမ်း၊ ကလေး - တီးတိန် - ရိဒ်လမ်း၊ တောင်ပိုင်းတွင် ပခုက္ကူ - မင်းတပ်လမ်း၊ ဆော - ကန်ပက်လက်လမ်း၊ ကျောက်တော် - ပလက်ဝလမ်းနှင့် နယ်စပ်မြို့နယ်ခွဲ ရိခေါဒါရိ မှ မီဇိုရမ်ပြည်နယ်သို့ နယ်စပ်ဖြတ်ကျော်နိုင်သော လမ်းနှင့် တံတားများအနေဖြင့် ဗားချောင်းတံတား၊ ထန်ဆဲချောင်းတံတားများကို ဆောက်လုပ်ရည်မှန်းထားပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထောက်ပံ့ငွေ ဖြင့် ကျေးလက်ချောင်းကူးတံတား ၈ စင်း၊ ချင်းပြည်နယ် အစိုးရအဖွဲ့၏ လူမှုဖွံ့ဖြိုး တိုးတက်ရေး ထောက်ပံ့ငွေဖြင့် ကျေးလက်လူကူးတံတား ၂၉ စင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကလေး - ဖလမ်း - ဟားခါးလမ်းနှင့် ဟားခါး - ဂန့်ဂေါလမ်းတို့ကို အဆင့်မြှင့်တင်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ကလေး - ဖလမ်း - ဟားခါးလမ်း၊ ဟားခါး - ဂန့်ဂေါလမ်း၊ ဟားခါး - မတူပီလမ်း၊ မင်းတပ်-မတူပီလမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ တီးတိန်-ရိဒ်လမ်း၊ ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်း၊ သိုင်းငင်း-တီးတိန်လမ်း၊ ပခုက္ကူ-ပေါက်-ကျောက်ထု - မင်းတပ်လမ်း၊ ကန်ပက်လက် - မင်းတပ်လမ်း၊ ဆိပ်ဖြူ - ဆော - ကန်ပက်လက်လမ်း၊ ဂန့်ဂေါ - အိုက္ကားလမ်း၊ ရှာတလိုင်း - လိုတောလမ်း၊ ကျောက်တော် - ပလက်ဝလမ်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ဦးစားပေး ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

ပြည်နယ်ဘတ်ဂျက်ဖြင့် ထန်တလန် - နာရိန် - ရေစွာ - မတူပီလမ်း၊ ဖလမ်း - ရိဒ်လမ်း၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်း၊ မတူပီ-ပလက်ဝလမ်း၊ လောင်းရှည် - ကျင်ဒွေးလမ်း၊ထန်တလန်-လုံလဲလမ်း၊ ဖို့ရွိက်-ထုတ်လိုင်လမ်း၊ ဖလမ်းမြို့တွင်းလမ်း၊ တီးတိန်မြို့တွင်းလမ်း၊ မင်းတပ်မြို့တွင်းလမ်း၊ ဗားလုံရှောင်ကွင်းလမ်း၊ ဖလမ်းမြို့ ရှောင်ကွင်းလမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက် သွားရန် ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း ၈၉၅ လုံး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ၄,၀၄၇ လုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၆,၈၇၇ လုံး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၉,၇၄၉ လုံး ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၅,၁၀၀ လုံး နှစ်အလိုက် အသစ်တိုးချဲ့ တပ်ဆင်သွားရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မင်းတပ်မြို့၊ ထန်တလန်မြို့တို့၌ GSM Repeater စခန်း ၂ ခု တည်ဆောက်ရန် ရည်မှန်းထားပါသည်။ တွန်းဇံမြို့တွင် အော်တိုအိတ်ချိန်းနှင့် မိုက္ကရိဝေ့ဗ်စခန်း ၁ ခု တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ရိခေါဒါရ်မြို့နယ်ခွဲတွင် GSM BTS စခန်း ၁ ခု တို့ကို တည်ဆောက်ရန် ရည်မှန်း ထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေစွာမြို့နယ်ခွဲ၌ GSM BTS စခန်း ၁ ခု တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၅။ ကဏ္ဍများ အချင်းချင်းချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ရေရရှိရေးလုပ်ငန်း

ချင်းပြည်နယ်တွင် ကျေးရွာပေါင်း ၁,၃၈၄ ရွာ ရှိသည့်အနက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ ၁,၀၂၃ ရွာအား စိမ့်စမ်းရေသွယ်စနစ်ဖြင့် သောက်သုံးရေ ရရှိရန် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆

ဘဏ္ဍာနှစ်အထိ တစ်နှစ်လျင် ရွာ ၃၀ စီဖြင့် ရွာပေါင်း ၉၀ ရွာ၊ ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၇ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁၁ ရွာ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၉၁ ရွာ ၊ စုစုပေါင်း ၁၉၉ ရွာအား သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် ချင်းပြည်နယ်အတွင်း ကျေးရွာပေါင်း ၁,၂၂၂ ရွာ သောက်သုံးရေ ရရှိပြီး ၁၆၂ ရွာ ကျန်ရှိမည် ဖြစ်ပါသည်။

(ဂ) ဆည်ရေ ရရှိရေး

ဖလမ်းမြို့နယ်၊ တလန်းဇန်ကျေးရွာတွင် လိုင်းဗားရေကူတမံတည်ဆောက်ရန် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂,၀၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၃,၀၀၀ ရည်မှန်းထားပါသည်။

(ဃ) ကျေးရွာတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ မြှင့်တင်ပေးမည် အစီအစဉ်များ

ကျေးလက်ဒေသများတွင် ဝဋ္ဌ၊ စပျစ်နှင့် ဆေးဖက်ဝင် နတ်ဆေးဂမုန်း တိုးချဲ့စိုက်ပျိုးရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် လုပ်ငန်းတူ ဒေသခံတောင်သူများကို Working Group အစုအဖွဲ့များ ဖွဲ့စည်း၍ ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသေးစား၊ အလတ်စား ကိုယ်ပိုင်လုပ်ငန်းများ ရေရှည်ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု ချေးငွေများရရှိရေး စီစဉ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည်-

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ချင်းပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး နှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၅၄,၈၄၀.၆ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၈၀,၈၇၀.၄ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၁၀.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ ချင်းပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ပြည်နယ်အဆင့်အဖွဲ့အစည်းများ ကျပ် ၂၁၉,၀၄၅.၂၃၃ သန်း

(က) ပြည်နယ်အစိုးရအဖွဲ့

- အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းတံတား လျှပ်စစ်၊ ရေပေးရေး၊ ရေသွယ်မြောင်းနှင့် ရုံးသုံးစက်ကိရိယာ၊ ယာဉ်များ ကျပ် ၁၅,၀၄၉.၅၁၄ သန်း
- ဆင်းရဲမှုလျော့ချရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်း ကျပ် ၅,၀၀၀.၀၀၀ သန်း

(ခ) ပြည်နယ်လွတ်တော်

- အဆောက်အဦဆောက်လုပ်ခြင်းနှင့် ရုံးသုံးစက်ကိရိယာ ကျပ် ၁,၃၅၄.၈၅၉ သန်း

(ဂ) ဥပဒေရုံး

- အိမ်ရာဆောက်လုပ်ခြင်းနှင့်ရုံးသုံးစက်ကိရိယာ ယာဉ်များ ကျပ် ၂၆၈.၀၀၀ သန်း

(ဃ)	စာရင်းရုံး			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၂၄၇.၈၆၀	သန်း
(၂)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ်**	**၁၃,၀၇၂.၁၇၃**	**သန်း**
(က)	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာများ၊ ယာဉ်များ	ကျပ်	၁၀,၂၆၁.၉၃၇	သန်း
(ခ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၃၇.၁၁၆	သန်း
(ဂ)	မီးသတ်ဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၂,၇၇၃.၁၂၀	သန်း
(၃)	**သမဝါယမဝန်ကြီးဌာန**	**ကျပ်**	**၁၂၀.၆၀၂**	**သန်း**
(က)	သမဝါ ယမဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၄၄.၅၁၂	သန်း
(ခ)	အသေးစားစက်မှုလက်မှုဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၇၆.၀၉၀	သန်း
(၄)	**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ်**	**၂,၅၈၆.၅၁၀**	**သန်း**
(က)	စိုက်ပျိုးရေးဦးစီးဌာန			
	- စိုက်ပျိုးရေးသိပ္ပံကျောင်းဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၂,၅၈၆.၅၁၀	သန်း
(၅)	**မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန**	**ကျပ်**	**၄၃၃.၈၅၀**	**သန်း**
(က)	ငါးလုပ်ငန်းဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ၊ ယာဉ်	ကျပ်	၃၈၀.၆၅၀	သန်း
(ခ)	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၅၃.၂၀၀	သန်း

(၆)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**			
	သစ်တောရေးရာဝန်ကြီးဌာန	**ကျပ်**	**၁၀၁.၉၄၇**	**သန်း**
	(က) သစ်တောဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၁၀၁.၉၄၇	သန်း
(၇)	**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**ကျပ်**	**၁,၇၃၉.၇၆၄**	**သန်း**
	(က) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ဓာတ်အားလိုင်းပြုပြင်ခြင်း	ကျပ်	၁,၇၃၉.၇၆၄	သန်း
(၈)	**အားကစားဝန်ကြီးဌာန**	**ကျပ်**	**၉၁.၀၉၄**	**သန်း**
	(က) အားကစားနှင့်ကာယပညာဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၉၁.၀၉၄	သန်း
(၉)	**ဘဏ္ဍာရေးဝန်ကြီးဌာန**	**ကျပ်**	**၆၂.၆၀၉**	**သန်း**
	(က) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၆၂.၆၀၉	သန်း
(၁၀)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး**			
	တိုးတက်မှုဝန်ကြီးဌာန	**ကျပ်**	**၁၁၆.၃၄၇**	**သန်း**
	(က) စီမံကိန်းရေးဆွဲရေးဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ	ကျပ်	၁၁၆.၃၄၇	သန်း
(၁၁)	**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**ကျပ်**	**၄၂,၃၈၃.၂၉၁**	**သန်း**
	(က) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန			
	- အဆောက်အဦဆောက်လုပ်ခြင်းနှင့်			
	ရုံးသုံးစက်ကိရိယာ၊ ယာဉ်	ကျပ်	၃၆၁.၇၈၀	သန်း
	(ခ) အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း			
	- လမ်းအဆင့်မြှင့်တင်ခြင်း	ကျပ်	၄၀,၄၀၅.၁၄၄	သန်း

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

- အဆောက်အဦဆောက်လုပ်ခြင်းနှင့်

ရုံးသုံးစက်ကိရိယာ ကျပ် ၁,၆၁၆.၃၆၇ သန်း

(၁၂) စည်ပင်သာယာရေးအဖွဲ့များ ကျပ် ၂,၃၁၆.၅၀၀ သန်း

(က) စည်ပင်သာယာရေးအဖွဲ့များ

- အဆောက်အဦ၊ လမ်း၊ တံတား၊ရေပေးရေးဆောင်ရွက်ခြင်းနှင့်

ရုံးသုံးစက်ကိရိယာ၊ ယာဉ်များ ကျပ် ၂,၃၁၆.၅၀၀ သန်း

စုစုပေါင်း ကျပ် ၈၄,၉၄၄.၉၂၀ သန်း

ချင်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်း ဖော်ပြချက်အရ ကျပ် ၂၈,၉၆၅.၄၈၈ သန်းဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

၈။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး

ချင်းပြည်နယ်အတွင်း ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်များမှာ မီးဘေး၊ လေဘေး၊ ငလျင်ဘေး၊ မိုးသည်းထန်၍ တောင်ပြိုဘေး၊ ရေကြီးခြင်း (ပလက်ဝမြို့နယ်) တို့ ရှိနိုင်ပါသည်။ ယခင်က လေဘေးကြောင့် အဆောက်အဦများ ထိခိုက်မှုများရှိခဲ့ပြီး မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် တောင်များပြိုကျပြီး လမ်းပန်းဆက်သွယ်ရေးများ မကြာခဏ ပြတ်တောက်မှုများရှိခဲ့သည့်အပြင် တောင်ပြိုမြေပြတ်ရွှေ့မှုများကြောင့် ရွာလုံးကျွတ် အန္တရာယ်ဖြစ်နိုင်သည့် အနေအထားများကြုံတွေ့ခဲ့ရပါသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေး နှင့် ကြိုတင်ကာကွယ်မှုအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်နှင့် သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်စိုက်ပျိုးနည်းစနစ်၊ ဥယျာဉ်ခြံစိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ စည်းကမ်းမဲ့ တောမီးရှို့ခြင်းများကို တားမြစ်ခြင်း၊ မြေပြိုကျနိုင်သည့်နေရာများတွင် လှေကားထစ်များပြုလုပ်ခြင်း၊ မြေထိန်းနံရံများတည်ဆောက်ခြင်း၊ လုံခြုံစိတ်ချရသောနေရာများတွင် နေအိမ်များဆောက်လုပ်စေခြင်း၊ နေအိမ်နှင့် စိုက်ခင်းဘေးများတွင် ရေဆင်းမြောင်းများပြုလုပ်ခြင်းနှင့် နေအိမ်၊ ရုံး၊ ဈေးအဆောက်အဦများရှိ လျှပ်စစ်မီးကြိုးများ စစ်ဆေးခြင်း၊ ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများ လျှပ်စစ်ပစ္စည်းများအား အသစ်လဲလှယ်စေခြင်း စသည့်အစီအစဉ်များဆောင်ရွက်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့်ကူညီထောက်ပံ့ရေး အစီအစဉ်အနေဖြင့် ထိခိုက်ဒဏ်ရာရသူများအား ရှာဖွေရေး၊ ကယ်ဆယ်ရေး၊ရှေးဦးပြုစုရေးနှင့်

ဆေးရုံပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ သောက်သုံးရေသန့်ရှင်းရေးနှင့် ပိုးမွှားသန့်စင်ရေး ဆောင်ရွက်ရန် ပြည်တွင်းပြည်ပ အလှူရှင်များ လှူဒါန်းပေးပါက စနစ်တကျ လက်ခံပြီး ဒုက္ခသည်များကို အမြန် ဖြန့်ဝေပေးရန်စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းအနေဖြင့် ဘေးဒုက္ခသည်များသည် ၎င်းတို့၏ ယာမြေများဆုံးရှုံးမှုရှိပါက မူလနေရာ အတိုင်းရရှိရေးဆောင်ရွက်ပေးရန်၊ အိမ်မြေဆုံးရှုံးမှု (ဥပမာ-မြေပြိုခြင်းကြောင့်) ရှိပါက အန္တရာယ်ကင်းနိုင်မည့် နေရာသစ်များတွင် နေရာချထားရေး ဆောင်ရွက်ရန်၊ အိမ်မြေဆုံးရှုံးမှု (ဥပမာ-မြေပြိုခြင်းကြောင့်) ရှိပါက အန္တရာယ်ကင်းနိုင်မည့် နေရာသစ်များတွင် နေရာချထားရေး ဆောင်ရွက်ရန်၊ လတ်တလောစားဝတ်နေရေး အဆင်ပြေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်စသည့်အစီအစဉ်များဆောင်ရွက်မည်ဖြစ်ပါသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးအန္တရာယ် လျော့နည်း ပပျောက်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်မည်ဖြစ်ပြီး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းကာ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပညာပေးဟောပြောခြင်း၊ သင်တန်းများပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်အစီအစဉ်များကို နှစ်အလိုက်စီမံချက်ရေးဆွဲကာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိဂုံး

ချင်းပြည်နယ်တွင် ပြည်သူတစ်ရပ်လုံး အကျိုးကျေးဇူးရရှိခံစားရမည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အဘက်ဘက်မှ ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစူးစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံပိုင်၊ သဝါယမပိုင်အခန်းသာမက ပုဂ္ဂလိကကဏ္ဍများ (လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု) ပြောင်းလဲ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရ ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်ပြီး အစီအမံများ ချမှတ်ခြင်း၊ ပူးပေါင်းကွင်းဆင်း၍ အားနည်းချက်၊ အားသာချက်များလေ့လာသုံးသပ်ပြီး တိုးတက်အောင် အားပေးပြင်ဆင်ဆောင်ရွက်ခြင်း၊ နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ စျေးကွက်သို့ လုပ်ငန်းကဏ္ဍ နယ်ပယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိရေး ညှိနှိုင်းပေါင်းစပ် အဖြေရှာ၍ လိုအပ်ချက်များအပေါ် ထိရောက်စွာ ဖြည့်ဆည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ပြည်သူများ၏ လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို လျင်မြန်စွာ ရရှိခံစားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးမှ လမ်းညွှန်ချမှတ်ထားသည့် ဦးစားပေးလုပ်ငန်းနယ်ပယ် ၇ ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေး စီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၅မိနစ် မှ ၂၇ဒီဂရီ ၂၂မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ မှ ၉၇ ဒီဂရီ ၀၈ မိနစ် အတွင်း၊
အကျယ်အဝန်း	=	၃၆,၁၇၈.၇၂ (စတုရန်းမိုင်) ၂၃,၁၅၄,၃၈၂ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၆,၈၂၅(ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	မုံရွာမြို့
ထူးခြားနေရာ	=	ကောင်းမွန်တော်စေတီ
ခရိုင်	=	၉ ခရိုင်
မြို့နယ်	=	၃၇ မြို့နယ်
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ	=	နာဂဒေသ ၁ ခု
မြို့နယ်ခွဲ	=	၈ ခု
ကျေးရွာအုပ်စု	=	၁,၇၆၁ အုပ်စု
ကျေးရွာ	=	၆,၀၀၄ ရွာ
အဓိကစီးပွားရေး	=	လယ်ယာကဏ္ဍ
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ် ၊ အနောက်တောင်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ် ၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကကျသော စီးပွားရေးမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပါသည်။ လယ်ယာ ထွက်ကုန်ပစ္စည်းများအပေါ် အခြေခံ၍ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းများသည် ဒွန်တွဲစီးပွားရေး လုပ်ငန်းများ ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၏ လူမှုစီးပွားအခြေအနေများဖြစ်သောကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက်ကလေး သေဆုံးနှုန်း (အရှင်မွေးကလေး ၁,၀၀၀ လျှင်)၊ သားဖွား မိခင် သေဆုံးမှုအချိုး (အရှင်မွေး ၁၀၀,၀၀၀ လျှင်) နှင့် လူဦးရေ တစ်ထောင်လျှင် တယ်လီဖုန်း အသုံးပြုမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၅-၁

ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



စစ်ကိုင်းတိုင်းဒေသကြီး၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၃.၆၆ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၅.၇၆ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၄.၆၆ ရာခိုင်နှုန်း ရည်မှန်းထားရှိရာ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၇.၉၂ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၉.၂၀ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၄၇.၄၇ ရာခိုင်နှုန်း သို့ ပြောင်းလဲ ဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၅-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက်

(အရှင်မွေးကလေး ၁,၀၀၀လျှင်)



စစ်ကိုင်းတိုင်းဒေသကြီး၏ ငါးနှစ်အောက်ကလေးသေဆုံးနှုန်း(အရှင်မွေး ၁,၀၀၀ လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၂.၅၃ နှုန်း ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၂၉.၂၈ နှုန်း သို့ လျော့နည်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၅-၃
သားဖွားမိခင်သေဆုံးမှုအချိုး (အရှင်မွေး ၁၀၀,၀၀၀ လျှင်)



စစ်ကိုင်းတိုင်းဒေသကြီး၏ သားဖွား မိခင်သေဆုံးမှုအချိုး (အရှင်မွေး ၁၀၀,၀၀၀ လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၂၄ ဦး ရည်မှန်းထားရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၉၅ ဦး လျော့နည်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၅-၄
လူတစ်ထောင် လျှင် သုံးစွဲနိုင်သော တယ်လီဖုန်းရည်မှန်းချက်



စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၆ လုံး သုံးစွဲနိုင်ရန် ရည်မှန်းထားခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၆၅ လုံး သို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ် မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၅-၅
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍ စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

စစ်ကိုင်းတိုင်းဒေသကြီး၊ လယ်ယာကဏ္ဍ၏ စိုက်ပျိုးရေးထုတ်လုပ်မှု အဆင့်မီစေရန် ဆောင်ရွက်မည့် အစီအမံများမှာ မျိုးစေ့ထုတ်လုပ်ခြင်း၊ အထွက်ကောင်းမျိုးဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်လိုက်နာဆောင်ရွက်ခြင်း၊ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရွှေဘိုပေါ်ဆန်းစပါးမျိုး တိုးတက် စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။ ရွှေဘိုပေါ်ဆန်း စပါးမျိုး တိုးတက် စိုက်ပျိုးခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၂၄,၈၆၅ ဧက၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ဧက ၃၀၀,၀၀၀ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧက ၃၂၀,၀၀၀ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၃၃၀,၀၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၃၄၀,၀၀၀ စိုက်ပျိုးရန် ရည်မှန်းထားပါသည်။ စက်မှုသီးနှံဦးစီးဌာန၏ အထွက် ကောင်းမျိုးစေ့ ၊ ပျိုးပင်များ ဖြန့်ဖြူးရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများမှာ စံပြကွက်များမှ ထွက်ရှိလာသော ငွေချည် ၆ အား မျိုးအဖြစ် ဝယ်ယူကြိတ်ခွဲရန် စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များတွင် စံပြကွက် ဧက ၃၈ ဧက၊ အကျိုးတူ

ဧက ၅၀၀ ၊ မျိုးသန့်စိုက်နိုင်သည့် စုစုပေါင်း ၁၁,၅၂၀ ဧက စိုက်ပျိုးမည် ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများမှာ ပုဂ္ဂလိကလုပ်ငန်းရှင်/ကုမ္ပဏီများကို ဖိတ်ခေါ်၍ စက်မှုသီးနှံများ တစ်ကွင်း တစ်စပ်တည်း ဧကများဖော်ထုတ် စိုက်ပျိုးခြင်းတွင် ကနဦးမြှုပ်နှယ်၊ မြေလွတ်မြေလပ်များတွင် ဝါသီးနှံ ဧက ၅,၀၀၀ တိုးချဲ့ရေး စီမံချက်၊ တန့်ဆည်မြို့နယ် စိန့်နန်းကျေးရွာ မြေလွတ်မြေလပ်များတွင် ပြည်ပကုမ္ပဏီမှ ဝါသီးနှံ ဧက ၂၅,၀၀၀ တိုးချဲ့ စိုက်ပျိုး ရန်ကမ်းလှမ်းချက် တို့ကို စီစဉ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကင်းတပ်လက်ဝဲရေလွှဲတမံ၊ ကင်းတပ်လက်ယာရေလွှဲတမံ၊ ကာဘိုးရေလွှဲဆည် (ရွှေဘို)၊ ကာဘိုးရေလွှဲဆည် (ရေဦး) တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အမြန်ကူးပြောင်းစေရန် လယ်ယာကဏ္ဍတွင် လယ်ယာသုံးစက်ကိရိယာများ တပ်ဆင်အသုံးပြုခြင်း၊ လယ်ယာသုံးစက်ကိရိယာများ လယ်ယာကဏ္ဍတွင် တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် လက်တွန်းထွန်စက်များကို အရစ်ကျစနစ်ဖြင့် နှစ်စဉ်ရောင်းချပေးခြင်း၊ ဌာနရှိ သက်တမ်းလွန် ထွန်စက်များနေရာတွင် စက်အသစ်များလဲလှယ် ဖြည့်တင်းပြီး ထွန်ယက်ရေး အင်္ဂဝန်ဆောင်မှုကို တောင်သူများ၏ လိုအပ်ချက်နှင့်အညီတိုးမြှင့်ဆောင်ရွက်ခြင်း၊ ဆည်ရေသောက်ဒေသများတွင် စက်မှုလယ်ယာစနစ်ကျင့်သုံးနိုင်မည့် ညီညာသောလယ်ကွက်များအား ကောင်းမွန်သော ရေသွင်းရေထုတ်စနစ်နှင့် ကုန်ထုတ်လမ်း ပါဝင်သည့် လယ်ကွက်များ ဖော်ထုတ်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နာဂဒေသတွင် လယ်၊ လှေကားထစ်လယ်၊ အခြေချ တောင်ယာတို့ကို တိုးချဲ့လုပ်ကိုင်မည် ဖြစ်ပါသည်။

တိုင်းဒေသကြီးအတွင်း လယ်ယာသီးနှံထုတ်လုပ်မှုတိုးချဲ့ရန် အစီအစဉ်များမှာ မျိုးစေ့အရည်အသွေး ကောင်းမွန်ရေး၊ ဓာတ်မြေဩဇာသုံးစွဲနိုင်ရေး၊ လယ်ယာအခြေခံ တန်ဖိုးမြှင့် ထွက်ကုန်များ တိုးတက်ရေး၊ လယ်ယာသုံးစက်ကိရိယာ တိုးမြှင့်သုံးစွဲရေး၊ရေလုံလောက်စွာရရှိရေး၊ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရရှိရေး၊ လယ်ယာထွက်ကုန်ဈေးကွက် ရရှိရေး တို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မျိုးစေ့ထုတ်လုပ်ခြင်း၊ အထွက်ကောင်းမျိုးဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် လိုက်နာဆောင်ရွက်ခြင်း၊ တောင်သူ

ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရွှေဘိုပေါ်ဆန်း စပါးမျိုးဖြစ်သည့် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စပ်မျိုးများ ဖြစ်သည့် စပါး၊ ဆီထွက်သီးနှံ၊ အရည်အသွေးကောင်းမျိုးဖြစ်သည့် စပါးစသည့် သီးနှံများ ဇုန်အလိုက် စိုက်ပျိုးစေခြင်းတို့ကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

အထူးအထွက်တိုး စပ်မျိုးသီးနှံများ စိုက်ပျိုးခြင်းဖြင့် တစ်ဧက အထွက်နှုန်း တိုးပြီး ဝင်ငွေပိုမို ရရှိစေခြင်း၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင် တို့သည် ဝမ်းစာဖူလုံမှု မရှိသည့် ဧရိယာဖြစ်သဖြင့် အထူးအထွက်တိုး စပ်မျိုးစေ့ ထုတ်လုပ်ခြင်းမှရရှိမည့် F1 မျိုးစေ့များ စိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်လာစေပြီး၊ တောင်သူများ၏ လူမှုစီးပွားမြင့်မားလာစေမည်ဖြစ်ပါသည်။ နာဂဒေသတွင် လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ မက်မန်း၊ လိမ္မော် နှင့် ဟင်းခတ်အမွှေးအကြိုင်ပင်များကို စိုက်ဧက တိုးချဲ့ရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

မွေးမြူရေး လုပ်ငန်းကို နည်းပညာထောက်ပံ့ပေးမည့် အစီအစဉ်များမှာ မေထုံမဲ့သားစပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းမှုအတွက် တိရစ္ဆာန်မွေးမြူခြင်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှု မြှင့်တင်ခြင်း၊ မွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မွေးမြူရေးဇုန်များ ဖော်ထုတ်ခြင်း စသည်တို့ဖြင့် နည်းပညာများ ထောက်ပံ့၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ချေးငွေ နှင့် ငွေသားထောက်ပံ့မှုအနေဖြင့် ဝက်မွေးမြူရေးအတွက် အရာတော်၊ တမူး၊ ကသာ၊ မော်လိုက်၊ ကလေး၊ ထီးချိုင့်၊ ခန္ဓီး၊ ကလေးဝ၊ ကောလင်း၊ ဝန်းသို့၊ တန့်ဆည်၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး ၁၂ မြို့နယ်တွင် ကျပ် ၂၅.၂ သန်း၊ သိုးဆိတ် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြင်းမူ၊ မုံရွာ၊ ပုလဲ၊ ဒီပဲယင်း၊ ကနီ၊ စစ်ကိုင်း၊ ဆားလင်းကြီး၊ ဝက်လက်၊ ခင်ဦး၊ ကျွန်းလှ၊ မြောင်၊ ကန့်ဘလူ၊ ရေဦး၊ ချောင်းဦး၊ ယင်းမာပင်၊ ဘုတလင် ၁၆ မြို့နယ်တွင် ကျပ် ၃၈.၄ သန်း ထုတ်ချေးရန် စီမံဆောင်ရွက်ထားပါသည်။

အင်းချောင်းပြုပြင်ရေးအတွက် ဂရန်အင်း အချို့အား နှစ်ရှည်ကြေးတိုင်ချထားပေးခြင်း၊ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်ရေလှောင်တမံများအတွင်း ငါးမျိုးစိတ်စိုက်ထည့်ပေးခြင်းတို့ကိုဆောင်ရွက်မည့်အပြင် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက်

အအေးခန်းစက်ရုံ၊ ငါးအသားခြောက်စက်ရုံ၊ ငါးစာတောင့် စက်ရုံစသည်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပျားမွေးမြူရေးကဏ္ဍအတွက် အသက်သွေးကြောဖြစ်သည့် စိုက်ပျိုးသီးနှံများ လျော့နည်း မသွားစေရန် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနများ နှင့် စည်းရုံးဆောင်ရွက်ရေး၊ ကနီမြို့နယ်တွင် ဇီးပင်များပြုန်းတီး မသွားစေရန် အစားထိုးဖြည့်စွက် စိုက်ပျိုးခြင်းများစည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဘုတလင်မြို့နယ် ပဂ္ဂလိက မွေးမြူသူများအား အစုအဖွဲ့ ၂ ဖွဲ့ ဖွဲ့စည်းပြီး ကျပ် ၁.၅သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထား ရှိပါသည်။

နာဂဒေသတွင်နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နွားနောက်မွေးမြူရေးခြံ ၆ ခြံ တည်ဆောက် မွေးမြူရန်ရည်မှန်း ထားပါသည်။

(ဂ) ကုန်သွယ်မှု

တိုင်းဒေသကြီးအတွင်း အဓိကထုတ်လုပ်သည့် လယ်ယာထုတ်ကုန် ပစ္စည်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး Supply Change သည် အရေးပါသည့်အတွက် မုံရွာကုန်စည်ဒိုင်၊ ရွှေဘိုကုန်စည်ဒိုင်၊ ကလေးကုန်စည်ဒိုင်များတွင် ဆန်၊ ပဲမျိုးစုံ၊ ရာဘာ၊ ရေထွက်ပစ္စည်းများ ပုံမှန်ကုန်သွယ်မှု တည်ဆောက်လျက်ရှိပါသည်။ နယ်စပ်ကုန်သွယ်မှု အနေဖြင့် ၁၉၉၅ ခုနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေး စခန်းအား စတင်ဖွင့်လှစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် အိန္ဒိယနိုင်ငံသွင်းကုန်ရရှိနိုင်သော အခွင့်အလမ်းများရှိပြီး ဒေသထုတ်လုပ်မှု ကုန်ပစ္စည်းများအကျိုးရှိစွာရောင်းချနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း နှင့် ပြင်ပဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းတွင် အိန္ဒိယနိုင်ငံဘက်မှ အဆိုပြုထားသည့် နယ်စပ်ဈေး ဆောင်ရွက်လိုသော နေရာများမှာ ပန်ဆောင်နှင့် ၃ ဖာလုံ အကွာ၊ လေရှီးနှင့် ၆ မိုင် အကွာ၊ ဆွမ်မရာမြို့နယ်ခွဲ၊ လဟယ်မြို့နယ်တွင် ပုံညိုရွာ၊ နန်းယွန်းမြို့နယ် ရန်ကျုံးအုပ်စုနှင့် တမူးမြို့နယ်၊ ခမ်းပတ် မြို့နယ်ခွဲတို့ဖြစ်ပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

တိုင်းဒေသကြီးတွင် မုံရွာစက်မှုဇုန် နှင့် ကလေးစက်မှုဇုန် ၂ ခု တည်ရှိပြီး၊ စစ်ကိုင်း နှင့် ရွှေဘို စက်မှုဇုန်ခွဲများ ဖွဲ့စည်း တည်ထောင်ထားရှိပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် စစ်ကိုင်းချည်မျှင်နှင့် အထည်ချုပ်စက်ရုံ ကျပ် ၂၇၇.၈၂၅ သန်း၊ ဆားလင်းကြီး ချည်မျှင်နှင့် အထည်ချုပ်စက်ရုံ ကျပ် ၉၈၆.၇၀၆ သန်း၊ အမှတ် (၃) ဆေးဝါးစက်ရုံ ကျပ် ၄၂၂.၀၉၄ သန်း၊ စုစုပေါင်း ကျပ် ၁,၆၈၆.၆၂၅ သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် စစ်ကိုင်းချည်မျှင်နှင့် အထည်ချုပ်စက်ရုံ ကျပ် ၇၄၀.၁၆ သန်းရင်းနှီးမြှုပ်နှံရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း) ကျပ် ၁၅ သန်း၊ အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး) ကျပ် ၈၅ သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ရင်းနှီး မြှုပ်နှံမှုမှာ မုံရွာစက်မှုဇုန် တွင် ကျပ် ၂၁,၅၆၇.၇ သန်း ဖြင့် စားဆီ၊ ခေါက်ဆွဲ၊ ကြာဇံ၊ ပဲကြော်စုံ၊ သစ်ခွဲသား၊ သစ်အချောထည် နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်း၊ ကလေးစက်မှုဇုန်တွင် ကျပ် ၃၀၇.၉၃ သန်းဖြင့် လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ခြင်း၊ စစ်ကိုင်း (ဇုန်ခွဲ) တွင် ကျပ် ၁၀,၆၄၂.၄ သန်း ဖြင့် ပီဗွီစီပိုက်၊ သစ်ပါးလွှာ နှင့် ဝါယာကြိုး ထုတ်လုပ်ခြင်း၊ ရွှေဘို (ဇုန်ခွဲ) တွင် ကျပ် ၂,၆၉၆.၁ သန်းဖြင့် မုံရွာစက်မှုဇုန်မှ သစ်အချောထည်လုပ်ငန်း နှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းမှ နိုင်ငံခြားပို့ကုန်အဖြစ် တိုးချဲ့ဆောင်ရွက်ရန်၊ စစ်ကိုင်းစက်မှုဇုန်မှ ငွေထည်၊ ကြေးထည်လုပ်ငန်း၊ ကြိမ်လုပ်ငန်း၊ ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်း၊ ကျောက်ပုတီးလုပ်ငန်းနှင့် အိုးလုပ်ငန်းများကို အရည်အသွေးမီ တိုးချဲ့ထုတ်လုပ် ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) အဝေးပြေးလမ်းမကြီးများ၊ ကားလမ်းများ

အာဆီယံ အဝေးပြေးလမ်းကွန်ယက်အား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အနည်းဆုံး Class(3)အဆင့်မြှင့်တင်ပေးရမည်ဖြစ်ရာ လမ်းအရှည် ၄၄၈ ကီလိုမီတာ ကျန်ရှိမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲမည့် လမ်း စုစုပေါင်း ၂,၆၈၉ မိုင် ရှိပြီး၊ အာရှလမ်းမကြီး တစ်ခုဖြစ်သည့် မိုးရေး - တမူး - မုံရွာ - မန္တလေးလမ်းမကြီးသည် တိုင်းဒေသကြီး၏ အလယ်ဗဟိုတွင် ဖြတ်သန်း တည်ရှိနေသည့်အတွက် အိန္ဒိယနိုင်ငံနှင့် ကူးသန်းသွားလာမှု ပိုမိုမြှင့်တင် လုပ်ဆောင်လျက် ရှိကြောင်း တွေ့ရပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နာဂဒေသ၏ ခန္တီး - ဆင်သေ - လဟယ်လမ်း၊ မုံရွာ - ရေဦး - ကလေး၀ - ကလေးလမ်းပေါ်ရှိ ချင်းတွင်းတံတား၊ ဂန့်ဂေါ - ကလေးလမ်းပေါ်ရှိ တံတားအမှတ် ၆/၇၅ နှင့် ၅/၇၈၊ ကနီ - မင်းကင်း - တောင်တွင်းချောင် လမ်းပေါ်ရှိ ပေ ၁၀၀ တံတား ၂ စင်း၊ မုံရွာ - ယင်းမာပင် - ပုလဲ - ဂန့်ဂေါ လမ်းပေါ်ရှိ ငါးမောင်းတံတား၊ ပင်လည်ဘူး-ဖောင်းပြင် လမ်းပေါ်ရှိ မူးမြစ်ကူးတံတား၊ ကျွန်းလှ - ချပ်သင်း - ကောလင်းလမ်းပေါ်ရှိ ဧော်ချောင်းတံတားနှင့် ဒေါင်းမြူးချောင်းတံတား၊ ရွှေဘို - မြစ်ကြီးနား လမ်းပေါ်ရှိ တံတားအမှတ်(၂/၁၅၆)၊ ထမံသီ - လေရှီးလမ်းပေါ်ရှိ တံတားအမှတ်(၁/၂၆)၊မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းပေါ်ရှိ မြစ်ကျချောင်း တံတား၊ သကွယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ခြသေ့်ချောင်းတံတား၊ နန်ထိန်ကွင်းတံတားနှင့် ကိုးတန်ချောင်းကူးတံတားများကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ မုံရွာ-ယာကြီး (သမရိုးတံတား) ကို ပြည်ပချေးငွေဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကသာ-ဗန်းမော်လမ်း၊ မုံရွာ-ပုလဲ - ဂန့်ဂေါလမ်း၊ ကလေး၀-ကျီကုန်း-တမူးလမ်း၊ မုံရွာ - ယာကြီး - ကလေး၀လမ်း၊ မုံရွာ - ရေဦးလမ်း၊ ရေဦး-ကလေး၀လမ်း၊ရွှေဘို-ကျောက်မြောင်းလမ်း၊ မြစ်ကြီးနား-တနိုင်း-ပန်ဆောင်-လီဒိုလမ်းတို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်းကို ပြည်ပ ချေးငွေဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နာဂဒေသ၏ ခန္တီး - ဆင်သေ - လဟယ်လမ်းပေါ်ရှိ တံတား ၂စင်း၊ ခန္တီး - ဆင်သေ - လဟယ်လမ်း၊ ထမံသီ - လေရှီးလမ်းပေါ်ရှိ တံတား ၁၁ စင်း တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မုံရွာ - ပုလဲ - ဂန့်ဂေါလမ်း၊ ကလေး၀ - ကျီကုန်း - တမူးလမ်း၊ မုံရွာ - ယာကြီး - ကလေး၀လမ်း၊ မြစ်ကြီးနား - တနိုင်း - ပန်ဆောင် - လီဒိုလမ်းတို့အား ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

(ဂ) ဆောက်လုပ်မှု

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်း ၅၃ မိုင်၊ ၇.၃၆ ဖာလုံ နှင့် တံတား ၃၇ စင်း၊ ကသာ -ဗန်းမော်လမ်း၊ ကနီ-မင်းကင်း - တောင်တွင်းချောင်လမ်း၊

ရတနာသိန်တံတား၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လမ်း ၉၂မိုင်၊ ၇.၈၇ဖာလုံ နှင့် တံတား ၂၄ စင်း၊ ကျွန်းလှ- ချပ်သင်း - ကောလင်းလမ်း၊ သက္ကယ်ကျင်း - ဖောင်းပြင်- ဟုမ္မလင်း - ခန္တီးလမ်း ၊ ရေဦး - ကလေး၀ လမ်း၊ ကလေး - ဂန့်ဂေါလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ မုံရွာ - ယာကြီး - ကလေး၀လမ်း၊ ရတနာသိန်တံတား၊ မူးမြစ်ကူး တံတား တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် လမ်း ၄၆ လမ်း အတွက် ကျပ် ၄၉,၁၇၆.၁၀၈ သန်း၊ ဆည်မြောင်းဦးစီးဌာနမှ မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ငွေသာကျေးရွာ ပြောင်းရွှေ့မှုအတွက် ကျေးရွာသစ် - ကျေးရွာ ဟောင်း နှင့် ပုသိမ် - မုံရွာ ဆက်သွယ်သည့် ဂျင်းလမ်းကို အရှည် ၁.၅ မိုင် နှင့် ကုန်ကျငွေ ကျပ် ၃.၄၀ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် လမ်း ၃၄ လမ်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လမ်း ၃၇ လမ်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပ အဖွဲ့အစည်းဖြင့်မုံရွာ - အရာတော် - ရွှေဘိုလမ်း(44 miles+small bridges) ကျပ် ၅,၀၅၀ သန်း၊ မုံရွာ-အရာတော်-ရွှေဘိုလမ်း(44 miles)ကျပ် ၄,၃၁၀ သန်း ၊ မုံရွာ-အရာတော် - ရွှေဘိုလမ်း (7miles+ Thamayao bridges+ 11 small bridges) ကျပ်သန်း ၃,၈၀၀၊ မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးမြို့လမ်း(44 miles) ကျပ်သန်း ၁,၂၀၀ ဖြင့် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

(ဃ) လျှပ်စစ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများတိုးချဲ့ အဆင့်မြှင့်တင်ခြင်း၊ ဆွေးမြေ့ ဓာတ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း၊ ထရန်စဖော်မာ များ တည်ဆောက်ခြင်း၊ အောက်ခြေကြမ်းခင်းခြင်း နှင့် ခြံစည်းရိုး ကာရံခြင်းများ အတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ကျပ် ၅,၄၁၈.၉၅၈ သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထား ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ဓာတ်အား လိုင်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ ဆွေးမြေ့ဓာတ်တိုင်များအား ကွန်ကရစ်တိုင်များ

ဖြင့် အစားထိုးလဲလှယ်ခြင်း၊ ထရန်စဖော်မာများတည်ဆောက်ခြင်း၊ အောက်ခြေကြမ်းခင်းခြင်း နှင့် ခြံစည်းရိုး ကာရံခြင်းများအတွက် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ကောလင်းမြို့၊ သဖန်းဆိပ်ဆည် တည်ဆောက်မှုကြောင့် ပြောင်းရွှေ့ပေးရသော ကျေးရွာအုပ်စု ၂ အုပ်စုမှ ကျေးရွာပေါင်း ၉ ရွာ မတ်အားရရှိရန် အတွက် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ၊ ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်းတည်ဆောက်ခြင်း၊ ခန္ဓီးမြို့နယ်၊ မေတ္တာရပ်ကွက် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ရုံ ၊ ၄၀၀ ဗို့လိုင်း ၁.၈၉ မိုင် တည်ဆောက်ခြင်းအတွက် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ မတူကီ အသေးစား ရေအားလျှပ်စစ်စီမံကိန်း၊ ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်း၊ တိုင်းခမ်းချောင်း အသေးစား ရေအားလျှပ်စစ် စီမံကိန်းတို့ကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်မတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မတ်အားခွဲရုံ တည်ဆောက်ခြင်း၊ မတ်အားလိုင်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ ဆွေးမြေ့မတ်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ခြင်း၊ အောက်ခြေကြမ်းခင်းခြင်းနှင့် ခြံစည်းရိုးကာရံခြင်းများအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပြည်ပအဖွဲ့အစည်းမှ မြို့နယ် ၇ မြို့နယ်တွင် ရေအားလျှပ်စစ်စက်ရုံပြုပြင်ခြင်း၊ ဒီဇယ်စက်သစ်များ တပ်ဆင်ခြင်း၊ မတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ Centralization Solar System မတ်အားပေးမှု နှင့် တမူးမြို့နယ်၊ ခမ်းပတ်မြို့နယ်ခွဲတွင် အသေးစား ရေအားလျှပ်စစ်တည်ဆောက်ခြင်း၊ ရွှေဇေယျာအများပိုင် ကုမ္ပဏီမှ မုံရွာ၊ ကလေးဝမြို့တွင် ကျောက်မီးသွေး စနစ်ဖြင့် လျှပ်စစ်မတ်အား ထုတ်လုပ်ခြင်း နှင့် Bio mass ထုတ်လုပ်ခြင်း၊ အောင်မြန်မာကုမ္ပဏီမှ တိုင်းဒေသကြီး အတွင်းကျေးရွာ ၃၃ရွာတွင် Solar Home System ဖြင့် မီးလင်းရေး ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ နာဂဒေသ၊ လဟယ် မြို့နယ်တွင် ရေအားလျှပ်စစ်ထုတ်ရန်

ပထမ ဦးစားပေးအဖြစ် ဟွေထိုက် ချောင်း ၁၀၀ကီလိုဝပ် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

နတ်တံခါးချောင်း ရေအားလျှပ်စစ်စီမံကိန်းအား တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြောင်မြို့ ၃၃ ကေဗွီလိုင်း ၂၁ မိုင်၊ ၁၁ ကေဗွီလိုင်း ၅မိုင် တည်ဆောက်ခြင်းအား ချေးငွေရရှိပါက ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပြည်ပချေးငွေဖြင့် မော်လူးမြို့တွင် ၃၃ကေဗွီလိုင်း ၂၅ မိုင် ကျပ် ၁,၂၆၂.၂၈ သန်း၊ ၁၁ ကေဗွီလိုင်း ၅မိုင် ကျပ် ၁၀၀.၅၅ သန်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(c) ရေရှိရေးလုပ်ငန်း

စိုက်ပျိုးမြေ ဧက ၂၀,၀၀၀ နှင့် လူဦးရေ ၁၉,၉၀၀ဦး အကျိုးသက်ရောက်မည့် အရာတော် (၂) လျှပ်စစ် မြစ်ရေတင် စီမံကိန်းကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၁၄၅.၁၆၆ သန်းကို အရာတော်မြို့နယ်၌ လည်းကောင်း၊ စိုက်ပျိုးမြေ ၁၆,၅၄၈ ဧကကို အကျိုးသက် ရောက်စေမည့် တပ်ရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ကျပ် ၁,၀၉၈.၂၉၃ သန်းဖြင့် ဝက်လက်မြို့နယ်၌ လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် စိုက်ပျိုးမြေ ၃၆,၉၉၈ ဧကကို အကျိုးသက်ရောက်စေမည့် တပ်ရွာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို ဝက်လက်မြို့နယ်၊ အရာတော်(၂)လျှပ်စစ်မြစ်ရေတင် လုပ်ငန်းကို အရာတော် မြို့နယ်နှင့် မြစ်ပေါက်ဝမ်းပြည့် မြစ်ရေတင်လုပ်ငန်းကို စစ်ကိုင်းမြို့နယ်၌ လည်းကောင်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ရွှေလှေမြစ်ရေတင် စီမံကိန်းကို ချောင်းဦး မြို့နယ်၌ လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) ဆည်ရေရှိမှု

စစ်ကိုင်းတိုင်းဒေသကြီးသည် ဆည်ရေရှိမှု ကောင်းမွန်စေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရာဇဂြိုလ်ရေလှောင်တမံ ဘက်စုံ စီမံကိန်းကို ကျပ် ၁၀,၆၇၅.၀ သန်းဖြင့် ကလေးမြို့နယ်တွင်လည်းကောင်း၊ ထမံသီရေလှောင် တမံ ဘက်စုံ စီမံကိန်းကို ကျပ်သန်း ၅၀ ဖြင့် ဟုမ္မလင်းမြို့နယ်တွင်

လည်းကောင်း၊ ဒေါင်းမြူး ရေလျှောင် တမံစီမံကိန်းကို ကျပ်သန်း ၃၀၀ ဖြင့် ဝန်းသို မြို့နယ်တွင် လည်းကောင်း၊ မင်းမြင် ရေလျှောင်တမံ စီမံကိန်းကို ကျပ်သန်း ၄၀၀ ဖြင့် ကန့်ဘလူမြို့နယ်တွင် လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရာဇဂြိုလ် ရေလျှောင်တမံ ဘက်စုံစီမံကိန်း၊ မြောက်ယမားတိုးချဲ့ စီမံကိန်း ၊ ဟဲကင်းရေလွှဲဆည်၊ ကုန်းကြီးတစ်ဘက်ရပ် ဆည်တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် မဏိပူရရေလျှောင် တမံ ဘက်စုံစီမံကိန်း၊ ထမံသီရေလျှောင်တမံ ဘက်စုံစီမံကိန်း၊ ဒေါင်းမြူးရေလျှောင် တမံ စီမံကိန်း၊ ဆပ်သာ ရေလျှောင်တမံ စီမံကိန်း၊ သဖန်းဆိပ် လက်ယာမြောင်း၊ အရှေ့စည်းအုပ်စု နှင့် တင်သားအုပ်စု အတွက် လယ်ရေသွင်းမြောင်းမကြီး ၂ ခုတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဆ) ဆက်သွယ်ရေး

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကလေးဝလိုင်း ၂၀၀ အော်တိုအိတ်ချိန်း နှင့် မော်လိုက်လိုင်း ၃၀၀ အော်တိုအိတ်ချိန်းအား ကျပ် ၁၄၂.၆၂၀ သန်း ရည်မှန်းထား ပါသည်။ GSM တာဝါတိုင် ၅၀ တိုင်ကိုလည်း စိုက်ထူရန် ရည်မှန်းထား ပါသည်။ CDMA450 ဖုန်းလုံးရေ ၄၅,၃၅၄ လုံး၊ CDMA 800 ဖုန်းလုံးရေ ၄,၁၀၆ လုံး၊ GSM ဖုန်းလုံးရေ ၁၃၄,၃၆၆ လုံး၊ WCDMA ဖုန်းလုံးရေ ၄,၀၁၄လုံး နှင့် MIC WILL ဖုန်းလုံးရေ ၃,၈၉၅ လုံး ရောင်းချပေး ရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လူတိုင်းဖုန်းကိုင်နိုင်ရေးအတွက် တိုင်းဒေသကြီး အတွင်း တန်ဖိုးနည်းဖုန်း CDMA ဖုန်းလုံးရေ ၈၀၀ ကို ၂၀၁၃ ဘဏ္ဍာနှစ်၊ ဧပြီလမှ စတင်၍ ရောင်းချခဲ့ရာ ယခု အချိန်အထိ ဖုန်းလုံးရေ ၃၀,၁၆၆ လုံး ရောင်းချ ပြီးဖြစ်ပါသည်။ တိုးတက်လာသော ဖုန်းအရေအတွက် နှင့်အညီ GSM တာဝါတိုင် ၅၈ တိုင်ကို စိုက်ထူရန် စီစဉ်လျက် ရှိပါသည်။ ထို့အပြင် ကျောက်မြောင်း လိုင်း၃၀၀ အော်တိုအိတ်ချိန်း၊ ဟုမ္မလင်းလိုင်း ၂၀၀ အော်တိုအိတ်ချိန်း၊ ခန္တီးလိုင်း ၃၀၀ အော်တို အိတ်ချိန်းတို့ကို တည်ဆောက်ခြင်းအား ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် UMTS/LTE မိုဘိုင်းလိုင်း တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်း စီမံကိန်း၊ Computer နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ ဖိုင်ဘာဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းနှင့် လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် UMTS/LTE မိုဘိုင်းလိုင်း တိုးချဲ့ တပ်ဆင်ခြင်း လုပ်ငန်းစီမံကိန်း၊ မြန်နှုန်းမြင့် အင်တာနက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံကိန်းများ၊ ဖိုင်ဘာဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်းများအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဖ) လမ်းပန်းဆက်သွယ်ပို့ဆောင်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ယာဉ်စစ်ဆေးသည့် လုပ်ငန်းများအတွက် ခေတ်မီစက်ကိရိယာဝယ်ယူခြင်း၊ ကသာ - ဗန်းမော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ မန္တလေး - မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အခြေခံယာဉ်မောင်းသင်တန်းကျောင်း ၂ ကျောင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပချေးငွေဖြင့် စက်ခေါင်းများ၊ လူစီးတွဲ၊ ကုန်တွဲများ နှင့် စက်ပစ္စည်းများ အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ အဓိက စက်ရုံကြီးများ၏ ပြင်ဆင်နိုင်မှု စွမ်းအား မြှင့်တင်ရန် စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ပြည်ပ အကူအညီ အထောက်အပံ့ဖြင့် ရထားစက်မှု သင်တန်းကျောင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ကွန်ကရစ် ဇလီဖားတုံး ထုတ်လုပ်ခြင်း လုပ်ငန်းကို ခင်ဦးမြို့နယ်တွင် လည်းကောင်း၊ ဂန့်ဂေါ - ကလေးလမ်း ဆင်ခြေလျောဖြေလျော့မှုလုပ်ငန်း၊စက်ခေါင်းပြင် စက်ပစ္စည်းများဝယ်ယူခြင်း၊ တံတားကြီးငယ်များ ပြန်လည်မွမ်းမံခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကလေးလေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် နှင့် ဟုမ္မလင်းလေဆိပ် ဖွံ့ဖြိုးရေး လုပ်ငန်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ပညာရေးကဏ္ဍတွင် တိုင်းဒေသကြီးအတွင်း တက္ကသိုလ်များ (အဆင့်မြင့် ပညာ) ကျောင်း ၁၈ ကျောင်း နှင့် စစ်ကိုင်းမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်းစစ်ကိုင်းဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊သမဝါယမတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တို့ကို အဆင့်မြှင့်၍ ထပ်မံ ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

အဆင်မြင့်ပညာအနေဖြင့် သမဝါယမတက္ကသိုလ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်မှ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

မုံရွာတက္ကသိုလ်တွင် နိုင်ငံတကာ ဆက်ဆံရေးပညာ ဘွဲ့လွန် ဒီပလိုမာ အချိန်ပိုင်း သင်တန်း(DIR)၊ စီးပွားရေးဥပဒေပညာ ဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်း သင်တန်း(DBL)၊ မုံရွာစီးပွားရေး တက္ကသိုလ်တွင် ဖွံ့ဖြိုးမှုဒီပလိုမာ သင်တန်း (Dip.DS)၊စက်မှုလုပ်ငန်းစီးပွားရေးလုပ်ငန်းသုံး စီမံခန့်ခွဲမှု ပညာသင်တန်း (CIBM)၊ လုပ်ငန်းသုံး အခြေခံစီးပွားရေးပညာ သင်တန်း(CBS)၊ လုပ်ငန်းသုံး အဆင့်မြင့် စီးပွားရေးပညာသင်တန်း (CABS)၊ အခြေခံ စာရင်းကိုင်သင်တန်း (CBK)၊ အင်္ဂလိပ်စကားပြော နှင့် သဒ္ဒါသင်တန်း(GPE) စသည့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများကို တိုးချဲ့ ဖွင့်လှစ် ပို့ချသွားမည် ဖြစ်ပါသည်။

(ခ) ကျန်းမာရေး

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်နယ်ဆေးရုံ အသစ်တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ကျောင်းကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဒေသန္တရကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်း နှင့် တိုင်းရင်းဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု တွင်ရှိသည့် ကျန်းမာရေးလုပ်ငန်းများ အနေဖြင့် အထူးကု ဆေးရုံ ၁ ရုံ၊ အထွေထွေရောဂါကုဆေးရုံ ၂ ရုံ၊ အခြားဆေးရုံ ၆ ရုံ ကို ကလေးမြို့ နှင့် မုံရွာမြို့များတွင် တိုးချဲ့ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မုံရွာမြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ အဆင့်သို့ တိုးမြှင့် ဖွင့်လှစ် ရန် ရည်မှန်းထားပါသည်။

သူနာပြုသားဖွားသင်တန်းကျောင်း(ကလေး)ကို ကလေးမြို့နယ်တွင် ဖွင့်လှစ် ရန် ဆေးသိပ္ပံပညာ ဦးစီးဌာနမှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၀ ခုနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအသစ် ၈ ရုံကို တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထား ပါသည်။ ထို့အပြင် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခုအား ကျေးလက် ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ရန်ရည်မှန်းထားပါသည်။ ကျေးလက်

ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျော့ချရေးအတွက် ကျေးလက် ကျန်းမာရေးဌာန ၁၉၇ ခု၊ ဒေသန္တရ ကျန်းမာရေး ဌာန ၁ ခု၊ တိုင်းရင်း ဆေးပေးခန်း ၂ ခန်း၊ ဆေးရုံ ၃ ရုံ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။

ကျန်းမာရေးအခြေခံ အဆောက်အအုံများ တိုးချဲ့ခြင်းနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ဖော်ပြပါအတိုင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်-

ဇယား ၃-၅-၁

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ကျန်းမာရေးရည်မှန်းချက်

(ဦးရေ)

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဆေးရုံ	၁၀၁	၁၀၄	၁၀၂	၁၀၅	၁၀၈
၂	ကျေးလက်ကျန်းမာရေး ဌာန	၁၈၉	၁၉၄	၂၀၁	၂၀၆	၂၂၁
၃	မိခင်နှင့်ကလေးကျန်းမာရေး ဌာန	၄၀	၄၀	၄၁	၄၁	၄၁
၄	ဒေသန္တရကျန်းမာရေး ဌာန	၁	၁	၁	၁	၁
၅	ကျောင်းကျန်းမာရေးအဖွဲ့	၅	၅	၅	၅	၅
၆	တိုင်းရင်းဆေးရုံ	၂	၂	၂	၉	၁၇

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

(ဂ) ရေပေးဝေမည့်အစီအစဉ်

တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များမှကျေးလက်ဒေသများတွင် ကျေးလက်ရေပေးရေးလုပ်ငန်းတွင် တွင်းတိမ် ၁၁ တွင်း၊ တွင်းနက် ၃၀ တွင်း၊ ရေကန် ၃ ကန်၊ လက်တူးတွင်း ၁၀ တွင်း၊ စိမ့်စမ်း ၄ ခု နှင့် အခြား ၆ ခု၊ စုစုပေါင်း ၆၄ ခု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုဖြင့် တွင်းတိမ် ၃၀ တွင်း၊ တွင်းနက် ၃၁တွင်း၊ ရေကန် ၁၁ ကန်၊ လက်တူးတွင်း ၁၈တွင်း၊ စိမ့်စမ်း ၁၂ခု နှင့် အခြား ၃၇ ခု၊ စုစုပေါင်း ၁၃၉ ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုဖြင့် တွင်းတိမ် ၂၁ တွင်း၊ တွင်းနက် ၂၄ တွင်း၊ ရေကန် ၂၄ ကန်၊ လက်တူးတွင်း ၂၄ တွင်း၊ စိမ့်စမ်း ၂၄ ခု နှင့် အခြား ၁၃ ခု ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

သောက်သုံးရေရရှိရေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုဖြင့် တွင်းတိမ် ၉၂ တွင်း၊ တွင်းနက် ၂၄ တွင်း၊ ရေကန် ၂၄ ကန်၊ လက်တူးတွင်း ၆၃ တွင်း နှင့် အခြား ၁၃ တွင်း၊ စုစုပေါင်း ၂၁၆ ကို ကျေးရွာပေါင်း ၁၅ရွာ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း အဖွဲ့ရန်ပုံငွေ နှင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်မှုဖြင့် တွင်းတိမ် ၅၂ တွင်း၊ တွင်းနက် ၃၀ တွင်း၊ ရေကန် ၃၅ ကန်၊ လက်တူးတွင်း ၃၈ တွင်း၊ စိမ့်စမ်း ၃ တွင်း နှင့် အခြား ၁ တွင်း၊ စုစုပေါင်း ၁၅၉ တွင်းကို ကျေးရွာပေါင်း ၁၅ ရွာ အတွက် ရေရရှိရေးကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အဆိုပြုထားသည့် ပြည်ပအစီအစဉ်ဖြင့် ချေးငွေရယူမည့် မုံရွာမြို့ Water Supply (North)ကျပ် ၁၅၉.၅၅၀ သန်း၊(East)ကျပ်၁၉၄.၃၆၇ သန်း၊ (South) ကျပ် ၁၁၆.၁၇၂ သန်း၊ စစ်ကိုင်းမြို့ Water Supply ကျပ် ၃၉၃.၉၈၆ သန်း၊ ဘုတလင်မြို့ Water Supply Extension ကျပ် ၁၂၆.၈ သန်း၊ ကျွန်းလှမြို့ Water Supply ကျပ် ၆၂.၇၂ သန်း၊ ရွှေဘိုမြို့ Water Pipe Line Rehabilitation ကျပ် ၂၄၃ သန်း၊ ပုလဲမြို့ Water Supply Extension ကျပ်သန်း ၁၅၀၊ ကောလင်းမြို့ Water Supply ကျပ် ၁၃၇.၅ သန်း၊ ကသာမြို့ Water Pipe Line Rehabilitation ကျပ် ၁၃၄.၈၃ သန်း၊ လေရှီးမြို့ Water Supply (Poverty area) ကျပ် ၃၂.၁ သန်း၊ လဟယ်မြို့ Water Supply (Poverty area) ကျပ် ၂၅.၁ သန်း မြို့ရေပေးရေးလုပ်ငန်းအတွက် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ခရီးသွားလုပ်ငန်း

စစ်ကိုင်းမြို့သည် ရှေးဟောင်းမြို့တော်များ တည်ရှိခြင်း၊ ရှေးဟောင်း အမွေအနှစ် လက်မှုပညာများရှိခြင်း၊ ဖိုလ်ဝင်တောင်၊ မိုးညှင်းသမ္မုဒ္ဓေ၊ ဗောဓိတစ်ထောင်၊ လယ်တီ ကျောက်စာတိုက်၊ ကျောက္ကာရွာ၊ ထန်းဇလုပ်ချောင်း၊ အလောင်းတော် ကဿပအမျိုးသားဥယျာဉ်များရှိခြင်းတို့ကြောင့်ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ စိတ်ဝင်စားသောမြို့တစ်မြို့ဖြစ်ပါသည်။ ခရီးသွား ဧည့်သည်များ စစ်ကိုင်းမြို့

တွင်ညအိပ်နေထိုင် လေ့လာလျက် ခရီးသွားလုပ်ငန်း ဆောင်ရွက်ရန် အဆင့်မြင့် ဟိုတယ်များ၊ ဝန်ဆောင်မှုများ မြှင့်တင်နိုင်ရေးအတွက် ဟိုတယ်ဇုန် သတ်မှတ်ပြီး စနစ်တကျ မြို့ကွက် ဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုနည်းတူ မုံရွာမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြည်တွင်းပြည်ပ ခရီးသည်များ တည်းခိုနိုင်ရေးအတွက် ဟိုတယ်တစ်ခု တည်ဆောက်ရန် ဖော်ထုတ် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နာဂဒေသတွင် နာဂပွဲတော်ကျင်းပခြင်း၊ စာရာမေရိတောင်နှင့် နောင်ယမ်းအင်းတို့သည် စိတ်ဝင်စားဖွယ်နေရာများဖြစ်သဖြင့် Eco Tourism ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(c) မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် စစ်ကိုင်း၊ ရွှေဘို၊ ကလေးမြို့များတွင် (၄ ခန်းတွဲ လေးထပ်တိုက်) ၂ လုံး ဆောက်လုပ်ခြင်း၊ စစ်ကိုင်း မြို့နယ် အိုးအိမ်ဦးစီးမှူးရုံး ဆောက်လုပ်ခြင်း ၊ မုံရွာမြို့ ဝန်ထမ်းအိမ်ယာ (၂ခန်းတွဲ ၂ထပ်တိုက်) ၁လုံး ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ကသာမြို့တွင် မြို့ပြစီမံကိန်း ရေးဆွဲဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၅။ ကဏ္ဍအချင်းချင်းချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက် လမ်း၊ တံတားများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ကတ္တရာလမ်း ၂၂ မိုင်/၅ ဖာလုံ၊ ကျောက်လမ်း ၁၇၃ မိုင်/ ၅ ဖာလုံ၊ မြေလမ်း ၁၆၀ မိုင်၊ သစ်သားတံတား၃၄၃၀ပေ၊ ရေကျော် ၁၇၆၀ပေ၊ ရေပြွန် ၅၈၅ ခု ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက်ကတ္တရာလမ်း ၅၈ မိုင်/၁ ဖာလုံ၊ ကျောက်လမ်း ၁၃၂ မိုင်/ ၂ ဖာလုံ၊ မြေလမ်း ၁၅၀ မိုင်/ ၀ ဖာလုံ၊ စုစုပေါင်း ၃၄၀ မိုင်/ ၃ဖာလုံ၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား ၁,၁၂၅ ပေ၊ ရေကျော် ၄၅၀ ပေ၊ သစ်သားတံတား ၁,၂၉၅ ပေ၊ ရေပြွန် ၇၆၀ ပေ၊ စုစုပေါင်း ၃,၆၃၀ ပေ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) ကျေးလက်မီးလင်းရေး

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း မီးလင်းပြီးသောကျေးရွာများမှာ ဓာတ်အား စနစ်ဖြင့် ၇၀၂ ရွာ၊ အသေးစားရေအားစနစ်ဖြင့် ၂၂၃ ရွာ၊ စပါးခွံလောင်စာ ၂၆၃ ရွာ၊ ဒီဇယ်ဖြင့် ၂,၁၆၉ ရွာ၊ နေရောင်ခြည်ဖြင့် ၉၀ ရွာ၊ လေအားဖြင့် ၁ ရွာနှင့် ဇီဝဖြင့် ၂၂

ရွာ စုစုပေါင်း ကျေးရွာ ၃,၄၇၀ ရွာ၊ ရာခိုင်နှုန်း အားဖြင့် ၅၇.၉ ရာခိုင်နှုန်း မီးလင်းရေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်မီးလင်းရန် ကျန်ရှိသောကျေးရွာ ၂,၅၂၆ ရွာ၊ ရာခိုင်နှုန်း အားဖြင့် ၄၂.၁ ရာခိုင်နှုန်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မီးလင်းရေးကို ရေအားစနစ်ဖြင့် လုပ်ငန်း ၂ ခု၊ ဆိုလာစနစ်ဖြင့် ၁၆,၅၄၄ ခု၊ ဓာတ်အား စနစ်ဖြင့် ၂ ခု၊ စုစုပေါင်း ၁၆,၅၄၈ ခုကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက် ရန်ရည်မှန်းထားပါ သည်။

(ဂ) သောက်သုံးရေရရှိရေး

တိုင်းဒေသကြီးအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်း ၆၄ ခု အတွက် ကျပ် ၁၃၉.၃၆၉ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၁၂၂ ခု အတွက် ကျပ် ၂၄၉.၄၈၅ သန်းဖြင့် ဆောင်ရွက်ရန် နှင့် အကျိုးပြု အိမ်ထောင်စု ၁၁,၀၈၅ ရည်မှန်းထားခဲ့ ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေပေးရေးလုပ်ငန်း ၈၈ ခု အတွက် ကျပ် ၂၆၀.၃၇၀ သန်း အကျိုးပြု အိမ်ထောင်စု ၁၄,၁၆၄ စုအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းမှ တွင်းနက် ၂၀၁ တွင်း၊ တွင်းတိမ် ၂၁ တွင်း၊ ရေကန် ၁၉ကန်၊ လက်တူး ၁၅ တွင်း၊ စိမ့်စမ်း ၅၀ တွင်း၊ အခြား ၁၄ ခု၊ လုပ်ငန်း ၃၂၀ ခုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) အများသုံးနှင့် အိမ်ထောင်စုသုံးယင်လုံအိမ်သာတည်ဆောက်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အများသုံး နှင့် အိမ်ထောင်စုသုံး ယင်လုံအိမ်သာတည်ဆောက်ရန် မြို့နယ် ၂ မြို့နယ်၊ ကျေးရွာ ၄ ရွာအတွက် အများသုံးအိမ်သာ ၃၀ လုံးအား ကျပ် ၁၆၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့နယ် ၂ မြို့နယ်၊ ကျေးရွာ ၄ ရွာအတွက် အများသုံး အိမ်သာ ၃၀ လုံးအား ကျပ် ၁၆၅ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) ကျေးလက်အိမ်ရာလုပ်ငန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်အိမ်ရာ ၂၀၀ လုံးအား ကျပ်သန်း ၆၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးလက် အိမ်ရာ ၂၀၀ လုံးအား ကျပ်သန်း ၆၀၀ ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) ကျေးလက်အသက်မွေးဝမ်းကြောင်းအထောက်အကူပြုလုပ်ငန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်း ၁၀ ခု အတွက် ကျပ် ၈၉ သန်း ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၁၀ ခုအတွက် ကျပ် ၈၉ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၆။ အပူပိုင်းမိုးနည်းရပ်ဝန်းကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ကျရောက်လျက်ရှိသည့် စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်နှင့် ယင်းမာပင်ခရိုင်တို့တွင် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(က) လျှပ်စစ်မီးရရှိရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ဓာတ်အားစနစ်ဖြင့် စစ်ကိုင်းခရိုင်တွင် ၃ မြို့နယ်၊ မုံရွာခရိုင်တွင် ၄ မြို့နယ်၊ ယင်းမာပင်ခရိုင်တွင် ၄ မြို့နယ်၊ ရွှေဘိုခရိုင်တွင် ၇ မြို့နယ် တို့တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့်လည်းကောင်း၊ ဆိုလာစနစ်ဖြင့် စစ်ကိုင်းခရိုင်တွင် ၃ မြို့နယ်၊ မုံရွာခရိုင်တွင် ၃ မြို့နယ်၊ ယင်းမာပင်ခရိုင်တွင် ၄ မြို့နယ်၊ ရွှေဘိုခရိုင်တွင် ၆ မြို့နယ်တို့တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း၊ ဒီဇယ်စနစ်ဖြင့် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လည်းကောင်း၊ အသေးစားရေအားစနစ်ဖြင့် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်တွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) သောက်သုံးရေရရှိရေး

သောက်သုံးရေ ရရှိရေးတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့်လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) စားနပ်ရိက္ခာဖူလုံရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးပြောင်းလဲခြင်း၊ မွေးမြူရေးလုပ်ငန်းတွင် နွားနှင့်ဆိတ် မွေးမြူရေးတို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံပြောင်းလဲခြင်း၊ မျိုးပြောင်းလဲခြင်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွင် နွားနှင့်ဆိတ် မွေးမြူရေး၊ ငါးမွေးကန် တိုးချဲ့ တူးဖော်ခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးလုပ်ငန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ရေကန်ငယ် တူးဖော်ခြင်း၊ စိုက်ခင်း တည်ဆောက်ခြင်း၊ မြေအောက်ရေ အဝိစိတွင်း တူးဖော်ခြင်း၊ သဘာဝတော တန်ဖိုးမြှင့် စိုက်ပျိုးခြင်းစသည့် လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက်နှင့်တိုင်းဒေသကြီးဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(င) ပညာရေး

အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျောင်း ၂၂၁ ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျောင်း ၉၄ ကျောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောင်း ၂၂၂ ကျောင်းအတွက် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးဦးစီးဌာနမှ ခရိုင် ၄ ခုတွင် ကျေးလက် ကျန်းမာရေးဌာန နှင့် တိုက်နယ်ဆေးရုံအထွေထွေပြုပြင်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၇။ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီး၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၅-၆
**ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)**



စစ်ကိုင်းတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၀၈၄,၉၉၂.၂ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၈,၁၂၅,၉၆၁.၃ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ၈.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၈။ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက် များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁)	ဗဟိုအဖွဲ့အစည်းများ	ကျပ် ၂၃,၈၈၇.၆၅၆ သန်း
(၂)	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ် ၁၄,၁၅၃.၉၄၈ သန်း
(၃)	ပြန်ကြားရေးဝန်ကြီးဌာန	ကျပ် ၁၆.၀၀၀ သန်း
(၄)	သမဝါယမဝန်ကြီးဌာန	ကျပ် ၃,၅၂၃.၀၅၅ သန်း
(၅)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ကျပ် ၅၃၉.၄၉၆ သန်း
(၆)	မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန	ကျပ် ၅၆၃.၂၅၀ သန်း

(ဂ)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန	ကျပ် ၃၁၁.၈၅၅ သန်း
(ဃ)	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ကျပ် ၁,၆၂၄.၀၀၀ သန်း
(င)	အားကစားဝန်ကြီးဌာန	ကျပ် ၂,၁၃၅.၇၄၆ သန်း
(၁၀)	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ် ၂၈၃.၀၀၄ သန်း
(၁၁)	အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	ကျပ် ၃၂၀.၅၀၀ သန်း
(၁၂)	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ် ၄၁,၀၁၆.၇၅၀ သန်း
(၁၃)	စည်ပင်သာယာရေးအဖွဲ့	ကျပ် ၅,၆၇၃.၁၆၇ သန်း
(၁၄)	ကျေးလက်ဒေသနှင့်ဆင်းရဲမှုလျော့ချရေးအတွက် ထောက်ပံ့ အသုံးစရိတ်	ကျပ် ၁,၀၀၀.၀၀၀ သန်း
	စုစုပေါင်း	**ကျပ် ၉၅,၀၄၈.၄၂၇သန်း**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၂၄၂.၇၅၆ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

၉။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးနည်းရေရှား အပူပိုင်းရပ်ဝန်းဒေသ၌တည်ရှိခြင်း၊ ကြီးမားကျယ်ပြန့်သော တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးတွင်လည်း မြေမျက်နှာသွင်ပြင် တည်ရှိမှုအရ အကန့်အသတ်များ ရှိနေခြင်း၊ အချို့သောနေရာများသည် ရေလမ်း တစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေရခြင်းတို့ကြောင့် ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက် လာပါက ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ လျော့နည်းစေရန်အတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ ကယ်ဆယ်ဖော်ရွေရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်ရန် အထူးလိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ တတိယစပါးကျီ အဖြစ် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် အဓိကအရေးပါသော နေရာ၌ တည်ရှိနေသော စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို သဘာဝ ဘေးအန္တရာယ်များ၏ ဖျက်ဆီးမှုအန္တရာယ်မှ ထိရောက်စွာ ကာကွယ်နိုင်ရန်၊ မလွဲမရှောင်သာ တွေ့ကြုံခံစားရပါကလည်း ပျက်စီးဆုံးရှုံးမှု လျော့နည်း နိုင်သမျှ လျော့နည်းစေရန်၊ အချိန်တိုအတွင်း ပုံမှန်

လူနေမှုဘဝကို ပြန်လည်ရောက်ရှိစေရန်၊ မူလအခြေအနေထက် သာလွန်ကောင်းမွန်သော လူမှုစီးပွားရေးစနစ်ကို တည်ဆောက် အကောင်အထည်ဖော် ဆောင်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ တက်ညီလက်ညီ တာဝန်သိသိဖြင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံကိန်း ကို ရေးဆွဲခြင်းဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်သည် မည်သို့ပင် တိကျစွာ ခန့်မှန်းစေကာမူ သဘာဝ အလျောက်သာဖြစ်ပေါ်မြဲ ဖြစ်ပါသည်။ သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ကိုမူတည်၍ သက်ဆိုင်ရာ ကော်မတီအသီးသီးအနေဖြင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အစုဖွဲ့ခြင်း၊ ရိကွာများ ကြိုတင်စုဆောင်းခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

လူသားများ အပါအဝင် ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အားလုံးသည် သဘာဝဘေး အန္တရာယ် နှင့် ကြုံတွေ့လာရပါက အချိန်အနည်းအငယ်အတွင်း သေကြေပျက်စီးမှု အများဆုံး ဖြစ်ပွားစေနိုင်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုသည် ဘေးဖြစ်နိုင်ခြေကို ဖြစ်ပေါ်စေသကဲ့သို့ ဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ဖြစ်ပေါ်စေနိုင်သဖြင့် ဘေးအန္တရာယ် ထိခိုက်ပျက်စီးမှု မရှိစေဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန် ဒေသအလိုက် မူဝါဒများ၊ ညွှန်ကြားချက်များ၊ ဥပဒေများ ချမှတ် ဆောင်ရွက် ရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံကိန်းများတွင်လည်း သက်ဆိုင်ရာဌာန နှင့် ညှိနှိုင်းပေါင်းစပ်ပြီး နှစ်စဉ်စီမံကိန်းများတွင် ဘတ်ဂျက်လျာထား ဆောင်ရွက်နိုင်ရေးကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

နိဂုံး

စစ်ကိုင်းတိုင်းဒေသကြီးသည် တစ်မျိုးသားလုံး၏ စီးပွားရေးပမာဏတွင် ၁၁.၂ ရာခိုင်နှုန်း ပါဝင်ပြီး၊ အသားတင်စိုက်ပျိုးမြေဧက ၄.၅၇ သန်းဖြင့် သီးနှံစုံ စိုက်ပျိုးလျက်ရှိပါသည်။ ဒေသအတွင်း ဒေသဆန်၊ ပဲ၊ စားသုံးဆီ ဖူလုံသော တိုင်းဒေသကြီးဖြစ်ပါသည်။ တိုင်းဒေသကြီး၏ မြို့ပြ၊ ကျေးလက်လူဦးရေ ပျံနှံ့မှု အချိုးမှာ ၂၀ : ၈၀ ဖြစ်ပြီး လယ်ယာအခြေခံ စီးပွားရေးလုပ်ငန်း ဖြစ်သဖြင့် ကျေးလက်နေ ၈၀ ရာခိုင်နှုန်းသော လူဦးရေ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင် ရွက်ရမည် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ	= မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၀ မိနစ် မှ ၂၇ဒီဂရီ ၁၁ မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၁၅ မိနစ်မှ ၉၇ဒီဂရီ ၀ မိနစ်အတွင်း
အကျယ်အဝန်း	= ၅,၁၆၈.၂၀၇ (စတုရန်းမိုင်) ၃,၃၀၇,၆၅၂ (ဧက)
လူဦးရေ(ခန့်မှန်း)	= ဦးရေ ၁၆၃ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	= လဟယ်မြို့
ထူးခြားနေရာ	= စာရာမေရိတောင် (၁၂,၂၉၀ ပေ)
မြို့နယ်	= ၃ မြို့နယ်
မြို့နယ်ခွဲ	= ၅ ခု
ရပ်ကွက်	= ၂၁ ခု
ကျေးရွာအုပ်စု	= ၁၁၆ အုပ်စု
ကျေးရွာ	= ၂၆၅ ရွာ
အဓိကစီးပွားရေး	= လယ်ယာကဏ္ဍ
ဆက်စပ်ဒေသများ	= အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့တောင်ဘက်တွင် ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ အနောက်ဘက် နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ

ဇာစ်မြစ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အဓိကစီးပွားရေးမှာ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းနှင့် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများ ဖြစ်ပါသည်။

၁။ မြေယာအသုံးချမှု

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဧရိယာ ၃,၃၀၇,၆၅၂ ဧကကျယ်ဝန်းပါသည်။ အသားတင် စိုက်ပျိုးမြေဧက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၅၅,၉၉၉ ဧက ရည်မှန်းထားခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၆,၅၄၁ ဧက အထိ တိုးချဲ့စိုက်ပျိုးရန် နှင့် ပလပ်မြေ အသုံးချမှုတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၈၂ ဧက ရည်မှန်းထားခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပလပ်မြေ ၈၂ ဧက ကို ပြန်လည်၍ စိုက်ပျိုးမြေအဖြစ် အသုံးချဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍ စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) စိုက်ပျိုးရေးထုတ်လုပ်မှုအဆင့်မီစေရန် ဆောင်ရွက်မည့်အစီအစဉ်များ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဒေသဝမ်းစာ ဖူလုံမှုမှာ ၇၇.၅ ရာခိုင်နှုန်း သာ ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လယ် ၄,၉၄၀ ဧက၊ လှေကားထစ် ၃,၄၄၂ ဧက၊ အခြေချ တောင်ယာ ၁,၂၅၀ ဧက၊ ပေါင်း ၉,၆၃၂ ဧက၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လယ် ၃၀၈ ဧက၊ လှေကားထစ် ၄၇၅ ဧက၊ အခြေချတောင်ယာ ၁၈၀ ဧက၊ ပေါင်း ၉၆၃ ဧက၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လယ် ၆၃၆ ဧက၊ လှေကားထစ် ၄၆၀ ဧက၊ အခြေချတောင်ယာ ၄၅၆ ဧက၊ ပေါင်း ၁,၅၂၂ ဧက၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လယ် ၈၄၃ ဧက၊ လှေကားထစ် ၄၉၁ ဧက၊ အခြေချတောင်ယာ ၇၆၈ ဧက၊ပေါင်း ၂,၁၀၂ ဧက တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားသည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် လယ် ၆,၇၂၇ ဧက၊ လှေကားထစ် ၄,၈၆၈ ဧက၊ အခြေချ တောင်ယာ ၂,၆၅၄ ဧက၊ စုစုပေါင်း ၁၄,၂၄၉ ဧက စိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။ နာဂဒေသအတွင်း လယ်မြေများ တိုးချဲ့မှုအတွက် လဟယ်မြို့နယ်တွင် တိုက်ရဲလွင်ပြင်၊ ရမ်းကြိုးကျေးရွာအနီး၊ တဟုန်းစံပြကျေးရွာအနီး ဟွေထိုက် ချောင်းဘေးနှင့် ကျေးရွာအလိုက် တိုးချဲ့ဖော်ထုတ်ရန်၊ လေရှိုးမြို့နယ်အတွင်း ရန်နွေးကျေးရွာအနီး၊ ဖွန်သရက် ကျေးရွာအနီး၊ နန်းယွန်းမြို့နယ်တွင် ပန်ဆောင်၊ နောင်ယမ်းအင်းပတ်လည်၊ နားလုံ၊ ဒုံဟီးမြို့နယ်ခွဲ၊ နန်ပုတ်၊ ချောင်းဆုံနေရာ ဟားခါးကျေးရွာ၊ တံခါးကျေးရွာတို့တွင် တိုးချဲ့ဖော်ထုတ်မည် ဖြစ်ပါသည်။ ဒေသအတွင်း မျိုးပြောင်းလဲသုံးစွဲရန်အတွက် မျိုးသန့်ဇုန် တည်ထောင်၍ မျိုးစေ့ ထုတ်လုပ်ခြင်း၊ သိပ္ပံနည်းကျ

စိုက်စနစ် ပညာပေးခြင်း၊ စက်ယန္တရားများဖြင့် လယ်ယာမြေ ဖော်ထုတ်ခြင်း၊ ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လယ်ယာသီးနှံထုတ်လုပ်မှုတိုးတက်ရန်အစီအစဉ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရွှေရင်အေး၊ ဆင်းဇကရီ၊ ရတနာအောင်၊ ဆူးကျောက်နှင့် ဒေသအထွက်ကောင်း၊ နေပြည်တော် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရန် မျိုးဖြန့်ဖြူးခြင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စပါးမျိုးသန့်ခြံ ဧက ၃၀၀၊ ဂျုံမျိုးသန့်ခြံ ဧက ၁၀၀ ၊ Cardamon(အာလာဂျီ) မျိုးပွားခြံ ၂၆ ဧက နှင့် မျိုးသန့်စင်စက် ၂ လုံးဖြင့် အသုံးပြုနိုင်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နှမ်း၊ ဆီမုန်ညှင်း၊ မြေထောက်ပဲ၊ အစေ့ထုတ်ပြောင်း၊ ဂျုံသီးနှံ စိုက်ဧကများတိုးချဲ့ စိုက်ပျိုးခြင်းကို လည်းကောင်း လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ မက်မန်း၊ လိမ္မော် နှင့် (Cardamon) ဟင်းခတ် အမွှေးအကြိုင်ပင်များကိုလည်းကောင်း စိုက်ဧကတိုးချဲ့ရန် ရည်မှန်းထားပါသည်။

(ဂ) မွေးမြူရေးလုပ်ငန်းနည်းပညာအထောက်အပံ့ပေးမည့်အစီအစဉ်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသော နွားနောက် မွေးမြူရေးခြံလုပ်ငန်းကို ခြံလျှောင်စနစ်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နွားနောက်မွေးမြူရေးခြံ ၆ ခြံကို နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအစဉ် အရလည်းကောင်း၊ ထွက်ပေါ်လာသည့် နွားနောက် အသားထုတ်လုပ်မှုကို ပြည်ပအကူအညီ ရရှိပါက ဆိုလာစနစ်ဖြင့် အသားအခြောက်ခံစက်ရုံ တည်ထောင်၍ အခြားဒေသများသို့ တင်ပို့ရောင်းချရန် စီမံဆောင်ရွက်သွားမည် ဖြစ်သည်။

(ဃ) စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ဆောက်ခြင်းအစီအစဉ်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် လယ်ယာထွက်ကုန် သီးနှံစပါးကြိတ်ခွဲမည့် ဆန်စက်ငယ်များ တိုးချဲ့ဆောင်ရွက်ရန်နှင့် အဆင့်မြင့်ဆန်စက် ၂လုံးကို ပြည်ပအကူအညီရယူ၍ တည်ဆောက်သွားရန်၊ အဝတ်အထည်များ ယက်လုပ်ရန် အတွက် လက်ယက်ကွန်း လုပ်ငန်းမှ စက်ယက်ကွန်းလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ ကျေးရွာတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးနှင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ မြှင့်တင်ပေးမည့် အစီအစဉ်များ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း လဟယ်မြို့နယ်၌ လက်ဖက် ၅ ရွာ၊ ဟင်းခတ်အမွေးအကြိုင် Cardamon ၈ ရွာ၊ လိမ္မော်/ ဂရိတ်ဖရု ၅ ရွာ သတ်မှတ်၍လည်းကောင်း၊ လေရှီးမြို့နယ်တွင် လက်ဖက် ၃ ရွာ၊ လိမ္မော် ၁၃ ရွာ၊ ထောပတ် ၃ရွာ၊ မက်မန်းမက်မွန် ၆ရွာ၊ သစ်တော် ၄ရွာ၊ ကြက်သွန် ၁ရွာ သတ်မှတ်၍လည်းကောင်း၊ နန်းယွန်းမြို့နယ်တွင် လက်ဖက် ၁၀ ရွာ၊ လိမ္မော်/ဂရိတ်ဖရု ၁၂ရွာကို သတ်မှတ်၍လည်းကောင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်ရည်မှန်းထားရှိပါသည်။ ၎င်းစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသော သီးနှံများကို ဝိုင်လုပ်ငန်း နှင့် အချို့ရည်လုပ်ငန်းများ ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက် လျက်ရှိပါသည်။

(က) ကျေးလက်မီးလင်းရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် ၉ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် ၂၂ရွာ တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် အိမ်ခြေ ၁,၂၀၂အိမ် မီးလင်းရေးဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရေအားလျှပ်စစ်စနစ်ဖြင့် ၂ ရွာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေအားလျှပ်စစ် စနစ်ဖြင့် ၂၈ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃ ရွာ၊ တစ်အိမ်သုံး ဆိုလာတပ်ဆင်ခြင်း ၂,၆၇၀ လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် အိမ်ခြေ ၁,၄၅၅ အိမ် မီးလင်းရေး ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) ကျေးလက်သောက်သုံးရေရှိရေး

ကျေးလက်ရေရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၅၉ ရွာ ရေရှိရေး ဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။

ကျေးလက်ရေရှိရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၉ ရွာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၃၅ ရွာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်

၅၀ ရှာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၃၁ ရွာ သောက်သုံးရေ ရရှိရေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) ကျေးလက်လမ်းများဖောက်လုပ်ရေး

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ဦးစီးဌာနအစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် မြေသားလမ်း ၂၅ မိုင်၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ သစ်သားတံတား ၄ စင်း ပေ ၂၅၀ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြေသားလမ်း၂၅ မိုင်၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ သစ်သားတံတား ၃ စင်း ပေ ၆၀၊ ရေပြွန် ၈ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၂၅ မိုင်၊ သစ်သားတံတား ၁၀ စင်း၊ ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ ကွန်ကရစ်ရေပြွန် ၂၂ ခု ကို လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၆၄/၄ မိုင်၊ ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ခင်းလမ်း ၁၀ မိုင်၊ သစ်သားတံတား ၂၃ စင်း၊ ကွန်ကရစ်ရေပြွန် ၁၈ ခု ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လူကူးကြိုးတံတား ၁ စင်း ပေ ၂၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လေရှိုးမြို့နယ်အတွင်း ဆွမ္မရာ နှင့် မိုပိုင်းလွတ် မြို့နယ်ခွဲ ဆက်သွယ် ရေးလမ်းကို မြေသားလမ်း ၆၈ မိုင်၊ ကျောက်ခင်းလမ်း၂၀ မိုင်၊ ကတ္တရာလမ်း ၁၀မိုင်၊ လဟယ်မြို့နယ်ရှိ လောင်ငေါက်နှင့် ထန်ပါခွေ ဆက်သွယ်ရေး လမ်း မြေသားလမ်း ၃၂ မိုင်၊ သံကူကွန်ကရစ်တံတား ၁၃ စင်း ပေ ၇၉၀၊ ကွန်ကရစ်ရေပြွန် ၂၀ ခု၊ လေရှိုးမြို့နယ်အတွင်း ကွန်ကရစ်တံတား ၁၈ စင်း ပေ ၇၁၀၊ နန်းယွန်းမြို့နယ်တွင် ကွန်ကရစ်ရေပြွန် ၂၀ ခု လျာထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၂၆၀ မိုင်၊ ဆိုင်ကယ် လမ်း ၄၆၃ မိုင်၊ ကျောက်ခင်း လမ်း ၁/၂မိုင်၊ ကွန်ကရစ်တံတား ၃၀ စင်း၊ ကွန်ကရစ်ရေပြွန် ၉၀၀ ပေ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၅၆ မိုင်၊ ကတ္တရာလမ်း ၁၀ မိုင်၊ ကွန်ကရစ် တံတား ၄၃ စင်း၊ ကွန်ကရစ်ရေပြွန် ၅၀ ခု ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

၄။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ

(က) လမ်းတံတား

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် မြေလမ်း ၁၀၀/၀ မိုင်၊ ကျောက် လမ်း ၂၀/၀ မိုင်၊ ကတ္တရာလမ်း ၂၀/၀ မိုင်၊ ကွန်ကရစ်တံတား ၁,၅၀၀ ပေ၊ ကွန်ကရစ်ရေပြွန် ၄၀ ခု၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် မြေလမ်း ၂၂၂/၀ မိုင်၊ ကွန်ကရစ်တံတား ၁,၃၆၀ ပေ၊ ကွန်ကရစ်ရေပြွန် ၅၈ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြေလမ်း ၃၇၇/၀ မိုင်၊ ဆိုင်ကယ်လမ်း ၂၃၆/၅ မိုင်၊ ကွန်ကရစ်ရေပြွန် ၁၂၄ ခု၊ ကြိုးတံတား ၂၂ စင်း၊ ဘေလီတံတား ၁၃ စင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ခ) ပညာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မူလတန်းကျောင်း ၂၀ ကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ အထက်တန်းကျောင်း ၁ ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မူလတန်းကျောင်း ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်း၊ အထက်တန်းကျောင်း ၁ကျောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် မူလတန်းကျောင်း ၂၅ ကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ အထက်တန်းကျောင်း ၁ ကျောင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ဂ) ကျန်းမာရေး

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် တိုက်နယ် ဆေးရုံ ၁ ရုံ၊ ဆေးပေးခန်း ၂ ခု၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေးဌာနခွဲ ၅ ခု ဆောက်လုပ်ရန် ရည်မှန်းထားပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ ၁ ရုံ၊ ဆေးပေးခန်း ၂ ခန်း၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေး ဌာနခွဲ ၅ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆေးပေးခန်း ၂ ခန်း၊ ကျန်းမာရေးဌာန ၃ ခု၊ ကျန်းမာရေးဌာနခွဲ ၅ ခု တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) စိုက်ပျိုးရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လှေကားထစ် လယ်စိုက်ပျိုးမြေဖော်ထုတ်ခြင်းဧက ၂၀၀ ဖော်ထုတ်ရန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် လှေကားထစ် လယ်ဧက၂၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မျိုးသန့်ဇုန်နှင့် မျိုးပွားခြံ ၆ ခု၊ မြေယာဖော်ထုတ်ရန် ၁၈၅ ဧက ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဇ) ရေရှိရေး

စိုက်ပျိုးရေရှိရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၅ ရွာ၌ စိုက်ပျိုးရေ သွယ်တန်းခြင်းလုပ်ငန်း ၅ ခု ၁၅ မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၄ ခု ၄/၆ မိုင်၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ၄၅/၂ မိုင်ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) မွေးမြူရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နွားနောက်မွေးမြူရေးခြံ ၂ ခြံ ခွင့်ပြုချက် ရရှိရန် ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မွေးမြူရေးနှင့်ကုသရေးရုံး ၁ ရုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မွေးမြူရေးခြံ တည်ဆောက်ခြင်း ၄ ခြံ ၊ မွေးမြူရေးနှင့် ကုသရေးရုံး ၁ ရုံး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဆ) စွမ်းအင်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၃၀ ရွာကို ရေအားလျှပ်စစ် လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရေအားလျှပ်စစ်လုပ်ငန်းကို ကျေးရွာ ၅ ရွာ၌ ၂၀ ကီလိုဝပ် ၁ လုံး၊ ၅ ကီလိုဝပ် ၂လုံး၊ ၃ ကီလိုဝပ် ၂ လုံး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဈ) ပြည်သူ့ဆက်ဆံရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ ၅ ရုံ၊ စာကြည့်တိုက် ၂ ခုကို ဆောင်ရွက်ရန် ရန်ပုံငွေရှိပြီး ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၁၀ ရုံ၊ စာကြည့်တိုက် ၂ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စာကြည့်တိုက် ၄၂ ခုကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဈ) ဆက်သွယ်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းအိတ်ချိန်းရုံး ၁၀ ခု၊ စာတိုက် ၃ လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းအိတ်ချိန်းရုံး ၁၀ ခု၊ စာတိုက် ၃ လုံး ကိုဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ည) သာသနာရေး

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း ဘုန်းကြီးကျောင်း ၃ ကျောင်း ၊ ဓမ္မာရုံ ၁ ခု၊ သိမ် ၁ ခုကို ဆောက်လုပ်ရန်ခွင့်ပြုချက်ကျပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘုန်းကြီးကျောင်း ၃ ကျောင်း၊ ဓမ္မာရုံ ၁ ခု၊ သိမ် ၁ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်

ဘုန်းကြီးကျောင်း ၂၄ ကျောင်း၊ ဓမ္မာရုံ ၁ ခု၊ သိမ် ၁ ခုကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(၄) အိမ်ရာဆောက်လုပ်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ဖိုးနည်း အိမ်ရာ ၁၀၀ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၀ လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝန်ထမ်းအိမ်ရာ ၇ လုံး၊ သွပ်ဖြန့်ဝေခြင်း ၇၀၄ အိမ် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၅။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မြေသားလမ်း ၁၃/၄ မိုင်၊ ကျောက်တောင် မိုင်းခွဲခြင်း ၀/၅ မိုင်၊ ကျောက်လမ်းခင်းခြင်း ၈/၀ မိုင်၊ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း ၁၄/၀ မိုင်၊ ကတ္တရာလမ်းခင်းခြင်း ၂/၃ မိုင်၊ ကျောက်စီရေမြောင်း ပေ ၂,၀၀၀၊ ကျောက်စီမြေကာနံရံ ၇ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြေသားလမ်း ၁/၃ မိုင်၊ ကျောက်တောင်မိုင်းခွဲခြင်း ၀/၇ မိုင်၊ ကျောက်လမ်းခင်းခြင်း ၈/၀ မိုင်၊ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်း ၁၆/၀ မိုင်၊ ကတ္တရာလမ်းခင်းခြင်း ၄/၀ မိုင်၊ ကျောက်စီရေမြောင်း ပေ ၅,၀၀၀၊ ကျောက်စီမြေကာ နံရံ ၄ ခု တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၆။ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့်လုပ်ငန်းများ

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့တွင်းကတ္တရာလမ်းခင်းခြင်း ၁၀/၃ မိုင်၊ မြို့တွင်းရေပိုက်သွယ်တန်းခြင်း ၁/၀မိုင်၊ မြေသားလမ်း ၃/၀ မိုင်၊ ရေမြောင်းသွယ်ခြင်း ၁၁,၀၅၆ ပေ၊ ကွန်ကရစ်တံတား ၂စင်း၊ ကျောက်ခင်းလမ်း ၀/၃ မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့တွင်းကတ္တရာလမ်းခင်းခြင်း ၃/၄မိုင်၊ ကျောက်ခင်းလမ်း ၀/၃မိုင်၊ မြို့တွင်း ရေပိုက်သွယ်တန်းခြင်း ၁/၀ မိုင် တို့ကိုဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၇။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများမှ မူလတန်း (ခွဲ)သို့၊ (တွဲ) မူလတန်းမှ မူလတန်း (ခွဲ) သို့၊ မူလတန်း (ခွဲ)မှ မူလတန်းသို့၊ မူလတန်းမှ မူလတန်းလွန်သို့၊ မူလတန်းလွန်မှ အလယ်တန်းကျောင်း (ခွဲ)သို့၊ မူလတန်းလွန်မှ အလယ်တန်းကျောင်းသို့၊ အလယ်တန်းကျောင်း မှ အထက်တန်းကျောင်း (ခွဲ) သို့ စုစုပေါင်းကျောင်း ၈၄ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ခွင့်ပြုရန် တင်ပြတောင်းခံထားပါသည်။ ကျောင်းအဆောက် အအုံသစ် ဆောက်လုပ်ရန် ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မူလတန်းကျောင်း ၂၄ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်း၊ အထက်တန်းကျောင်း ၁ ကျောင်း ရည်မှန်းထားပြီး၊ ဥပဓိရုပ်မကောင်းသော မူလတန်း ကျောင်း ၈ ကျောင်းအား ပြင်ဆင်ရန် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းကျောင်း ၂၅ ကျောင်း ရည်မှန်းထားပြီး၊ ဥပဓိရုပ် မကောင်းသော မူလတန်းကျောင်း ၃ ကျောင်းအား ပြင်ဆင်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၄၇ ကျောင်းကို အသစ်ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။ ဖွင့်လှစ်ထားရှိသည့် ကျောင်းအရေအတွက်နှင့် ကျောင်းသားအင်အား စာရင်းအရ လိုအပ်သည့် ကျောင်းဆရာများ ခန့်ထားနိုင်ရေးအတွက် တင်ပြတောင်းခံ ထားရှိပြီးဖြစ်ပါသည်။

(ခ) ကျန်းမာရေး

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ကျန်းမာရေး လွမ်းခြုံမှုရရှိရန် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ ၂ ခု၊ ကျန်းမာရေးဌာန ၄ ခု နှင့် ကျန်းမာရေးဌာနခွဲ ၃၁ ခု တို့ကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် တင်ပြထားပြီး ဖြစ်ပါသည်။ လဟယ်မြို့နယ် ပြည်သူ့ဆေးရုံကို ကုတင် ၅၀ ဆံ့ဆေးရုံအသစ် ပြန်လည်ဆောက်လုပ်ရန်၊ ဒေသအတွင်း ကျန်းမာရေး ဌာနခွဲအဆောက်အအုံ ၆ ခု အသစ်တည်ဆောက်ရန်၊ လဟယ်မြို့နယ် ရင်ခွဲရုံအဆောက်အအုံ ၁ ခု ဆောက်လုပ်ရန် ရည်မှန်းထားရှိပါသည်။ နယ်စပ် ဒေသဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် တိုက်နယ်ဆေးရုံ ၁ရုံ၊ ဆေးပေးခန်း ၄ ခန်း၊ကျန်းမာရေးဌာန ၆ ခု ကျန်းမာရေးဌာနခွဲ

၁၀ ခု တို့ကို တည်ဆောက် သွားမည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဌာန ၂ ခု နှင့် ကျန်းမာရေးဌာနခွဲ ၂၀ ခု၊ ဆေးခန်းတည်ဆောက်ခြင်း ၁ခု၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း ၂ခုတို့ကို ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း နှင့် ကျွမ်းကျင်မှုသင်တန်းများ ကျောင်းများ ဖွင့်လှစ် မည့်အစီအစဉ်

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း လေရှိုး၊ လဟယ်မြို့နယ်များ၌ လူငယ် သင်တန်းကျောင်း ၁ ကျောင်းစီ၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်း ၁ ကျောင်းစီ ဖွင့်လှစ်ထား၍ နန်းယွန်းမြို့နယ်၌ အမျိုးသမီး အိမ်တွင်းမှု အသက်မွေးပညာ သင်တန်းကျောင်း ၁ ကျောင်း ဖွင့်လှစ်ထားရှိပြီး၊ လူငယ်သင်တန်းကျောင်း ဖွင့်လှစ်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အဆောက် အအုံ ဆောက်လုပ်လျက်ရှိရာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ သင်တန်းဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ နာဂဒေသရှိ တိုင်းရင်းသူလေးများအား အိမ်တွင်းမှု အတတ်ပညာ နှင့် စက်ချုပ်၊ သိုးမွေးစက်ဆွဲ နှင့် ကြိမ်ထည် ယက်လုပ်ခြင်း စသည့် အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်စေရန် သက်ဆိုင်ရာ သင်တန်း အသီးသီးကို တစ်နှစ်လျှင် ၃ ကြိမ်စီ ဖွင့်လှစ်၍ သင်တန်းသူ ၆၃၀ ဦးအား သင်ကြား ပေးရန် ရည်မှန်းထားပါသည်။

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ စီးပွားရေးမှာ ဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်ပါသည်။

နိဂုံး

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများ ပြီး မြေပြန့်ဒေသအလွန်နည်းပါးခြင်း၊ ချောင်းမြောင်း နှင့် လျှိုမြောင်များ ပေါများခြင်း ကြောင့် ဒေသဝမ်းစာဖူလုံရေးအတွက် ကြိုးစားဆောင်ရွက်နေရသော ဒေသဖြစ်၍ အခြေခံ အဆောက်အဦများဖြစ်သည့် လမ်းတံတား၊ လျှပ်စစ်မာတ်အား၊ ပညာရေး၊ ကျန်းမာရေး စသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအစီအစဉ်၊ နိုင်ငံတော် ၏ထောက်ပံ့မှု အစီအစဉ်နှင့် ပြည်ပအထောက်အပံ့ တို့ကို ရယူ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက် ရမည် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇယားမြစ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့

တည်နေရာ	= မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ် နှင့် ၁၅ ဒီဂရီ ၆၀ မိနစ် အတွင်း၊ အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၆ မိနစ်နှင့် ၉၉ ဒီဂရီ ၄၀ မိနစ် အတွင်း၊
အကျယ်အဝန်း	= ၁၆,၇၃၅.၅၆ (စတုရန်းမိုင်) ၁၀,၇၁၀,၇၅၇ (ဧက)
လူဦးရေ(ခန့်မှန်း)	= ဦးရေ ၁,၈၁၉ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	= ထား၀ယ်မြို့
ထူးခြားနေရာများ	= ထား၀ယ် အထူးစီးပွားရေးဇုန်၊ မောင်းမကန်
ခရိုင်	= ၃ ခရိုင်(ထား၀ယ်၊ မြိတ်၊ ကော့သောင်း)
မြို့နယ်	= ၁၀မြို့နယ်
အဓိက စီးပွားရေးကဏ္ဍ	= လယ်ယာကဏ္ဍ၊ သား၀ါးကဏ္ဍ
ဆက်စပ်ဒေသများ	= အရှေ့ဘက်နှင့်တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပွလီပင်လယ်၊ မြောက်ဘက်တွင် မွန်ပြည်နယ်

နိဒါန်း

အဓိကစီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်ပြီး၊ ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးအနေဖြင့် နှစ်ရှည်သီးနှံများဖြစ်သည့် ရာဘာ ၊ ဆီအုန်းသီဟိုဠ် နှင့် ကွမ်းသီး တို့ကို အဓိကစိုက်ပျိုးကြပါသည်။ တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းအနေဖြင့် ဒေသထွက်အသီးအနှံများဖြင့် အသေးစား စားသုံးကုန်ထုတ် လုပ်ငန်းများ၊ ပင်လယ်ရေထွက်ပစ္စည်းလုပ်ငန်းများ၊ လယ်ယာအခြေခံ စက်မှုကုန်ကြမ်း လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

တနင်္သာရီတိုင်းဒေသကြီး၏ လူမှု စီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ လူ၏ မျှော်မှန်းသက်တမ်းနှင့် လူဦးရေ တစ်ထောင်လျှင် တယ်လီဖုန်း အသုံးပြုနိုင်မှုရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၆-၁
ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



တနင်္သာရီတိုင်းဒေသကြီး၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၅.၉၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၉.၇၉ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၂၅.၆၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၁၀၀.၃၅ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၃.၂၄ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၂၇.၆၃ ရာခိုင်နှုန်း သို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၆-၂
လူ၏မျှော်မှန်းသက်တမ်း ရည်မှန်းချက်



တိုင်းဒေသကြီးအတွင်း လူ၏ မျှော်မှန်းသက်တမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကျား ၆၆.၉ နှစ် ၊ မ ၇၁.၃ နှစ် ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကျား ၆၈.၂ နှစ် ၊ မ ၇၁.၆ နှစ်သို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၆-၃
လူတစ်ထောင်လျင်သုံးစွဲနိုင်သော တယ်လီဖုန်းရည်မှန်းချက်



တနင်္သာရီတိုင်း ဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် လူတစ်ထောင် လျင် တယ်လီဖုန်း ၂၁ လုံး သုံးစွဲနိုင်ရန် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ၃၇၅ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်း ထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ် အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၆-၄
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှုရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် စနစ်ကျ လယ်ယာဖော်ထုတ်ခြင်း ဧက ၁၀၀ ၊ ထွန်ယက်ရေးလုပ်ငန်း ဧကလွှာ ၂,၅၀၀ နှင့် လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရေးလုပ်ငန်း၊ လက်ကိုင်ရှည် ထွန်စက်စီးရေ ၇၀ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် တောင်သူများအား ထွန်စက်မောင်း လေ့ကျင့်ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ၄င်းအပြင် စနစ်ကျ လယ်မြေဧက ၁၀၀ ဖော်ထုတ်ခြင်း၊ အခြားဆောက်လုပ်ရေးလုပ်ငန်းများ၊ တိုင်းဦးစီးမှူး အဆောက်အဦ(၁)လုံး၊ ဝန်ထမ်းအိမ်ယာ (၂) ခန်းတွဲ (၁) လုံး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စနစ်ကျလယ်ယာ ဖော်ထုတ်ခြင်းလုပ်ငန်း ဧက ၁၀၀၊ ထွန်ယက်ရေးလုပ်ငန်း ဧကလွှာ ၂,၅၀၀ နှင့် လယ်ယာသုံးစက်ကိရိယာ ဖြန့်ဖြူးရေး လုပ်ငန်း၊ လက်ကိုင်ရှည် လယ်ထွန်စက် စီးရေ ၈၀ ထုတ်လုပ်ဖြန့်ဖြူးခြင်း နှင့် တောင်သူများအား ထွန်စက်မောင်း လေ့ကျင့်ပညာပေးခြင်း လုပ်ငန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးပွား မျိုးစေ့ ထုတ်လုပ်ခြင်းကို စိုက်ဧက ၉၀၅ ဧက နှင့် အထွက် ၇၂,၄၀၀ တင်း၊ စီးပွား ဖြစ်မျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း၌ စိုက်ဧက ၃၄,၈၀၀ ဧက နှင့် အထွက် ၂,၅၇၆,၂၀၀ တင်း၊ စီးပွားဖြစ် မျိုးသန့်ထုတ်လုပ်ခြင်း၌ စိုက်ဧက ၄၅,၀၀၀ ဧက နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မျိုးကောင်း မျိုးပွားမျိုးစေ့ ထုတ်လုပ်ခြင်းကို စိုက်ဧက ၁,၂၇၅ ဧကနှင့်အထွက် ၁၀၂,၀၀၀ တင်း၊ စီးပွားဖြစ် မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်း၌ စိုက်ဧက ၃၆,၂၀၀ ဧကနှင့် အထွက် ၂,၇၁၆,၂၀၀ တင်း၊ စီးပွားဖြစ်မျိုးသန့် ထုတ်လုပ်ခြင်း၌ စိုက်ဧက ၁၁၂,၅၂၅ ဧက ဆောင်ရွက်ရန်နှင့် မျိုးစေ့ ၂၈ သိန်းကိုလည်း ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။ ထို့အပြင် စိုက်ပျိုးရေးတွင် သမရိုးကျ လယ်ယာစနစ်မှ ဆည်ရေသောက် လယ်ယာစနစ်သို့ ပြောင်းလဲရေးကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေဖြင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ကကတစ်ငါး မွေးမြူရေး လုပ်ငန်း၊ ငါးလေလံစျေး တည်ဆောက်ရေးလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို ပြည်ပအကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကကတစ်ငါး မွေးမြူရေးလုပ်ငန်း၊ ငါးလေလံစျေး တည်ဆောက်မှု လုပ်ငန်းဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် တိုင်းဒေသကြီးရုံး တည်ဆောက်ခြင်း၊ လောင်းလုံမြို့နယ် တိရစ္ဆာန်ဆေးပေးခန်း တည်ဆောက်ခြင်း ကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ မြန်မာ့ပုလဲ ထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေးလုပ်ငန်းကို ဌာနပိုင် ကျွန်းစခန်း ၃ ခုနှင့် ပြည်တွင်း ပြည်ပဖက်စပ် ပုလဲ မွေးမြူရေးစခန်း ၅ ခု တို့ဖြင့် ပုလဲနှင့်မုတ်ခွံတိုးတက် ထွက်ရှိ ရေးကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် တနင်္သာရီမြို့နယ် မောတောင်ဒေသတွင် အအေးခန်းစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ပြည်ပ အထောက်အပံ့ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

(ဂ) သစ်တော

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစတင်၍ တနင်္သာရီတိုင်းဒေသကြီးတွင် ဇီဝမျိုးစုံ မျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တနင်္သာရီ သဘာဝကြိုးဝိုင်း စီမံကိန်း နှင့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်တို့အား စီမံဆောင်ရွက်ရန် ရည်မှန်း ထားပြီး သဘာဝဒီရေတောများ မပြုန်းတီးရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရန် အတွက် ဒီရေတောများ ထိန်းသိမ်း ကာကွယ်ခြင်း၊ ဒီရေတော ကြိုးပြင် ကာကွယ်တောများ တိုးချဲ့စွဲစည်းခြင်း၊ ဒီရေတော ကျဲပါးသည့်နေရာ၊ ပြုန်းတီးသည့် နေရာများတွင် ပုဂ္ဂလိကပိုင် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောထိန်းသိမ်း ပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ လူထုလှုပ်ရှားမှုဖြင့်

ဒီရေတော ပျိုးပင်များ စိုက်ပျိုးခြင်း၊ ဒေသအတွင်းလိုအပ်သည့် ထင်း၊ မီးသွေးများကို စနစ်တကျ ထုတ်ယူ သုံးစွဲစေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုကို အမြန်ဆုံး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် Labour Intensive Industry အလတ်စား၊ အငယ်စား Human Resources based Industry များကို စက်မှုလုပ်ငန်း (SME)၊ ရှေ့ပြေးစက်မှုဇုန် Early Industrial Estate အား စက်ရုံပေါင်း ၁၀၀ ခန့်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းပထမအဆင့်တည်ဆောက်ပြီး တွေ့မြင်ရမည့်ပုံစံ



ဓာတ်မြေပုံ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း

ထားဝယ်အထူးစီးပွားရေးဇုန် ဆက်စပ်လမ်းကြောင်းများပြမြေပုံ



ဇာစ်မြစ်။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်း

(ခ) စက်မှုဇုန်များ

တိုင်းဒေသကြီးအနေနှင့် စက်မှုကူးပြောင်းရေးကိုဆောင်ရွက်ရာ၌၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်ထားပြီးဖြစ်သော မြိတ်စက်မှုဇုန်ရှိ စက်မှုလုပ်ငန်း ၂၉ ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံများဖြစ်သည့် ဆန်စက် ၅ စက်၊ ဆီစက် ၁ စက်၊ ဆီအုန်းဆီကြမ်းစက်ရုံ ၇ ရုံ၊ မုန့်စက်ရုံ ၉ ရုံ၊ ရေခဲစက် ၄၂ စက်၊ သောက်ရေသန့်စက်ရုံ ၉ ရုံ၊ အအေးခန်းစက်ရုံ ၉ ရုံ၊ ပင်လယ်ရေမှော် အခြောက်ခံစက် ၁ ရုံ၊ ငါးအမှုန့်ကြိတ်စက် ၈ ရုံ၊ ငါးအသားလွှာ စက်ရုံ ၁ ရုံ နှင့် ကင်းမွန်အခြောက်ခံ စက်ရုံ ၂ ရုံ တို့ကို အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက် စည်းရုံးသွားရန်နှင့် ထီးခိုးစက်မှုဇုန်၊ မောတောင်စက်မှုဇုန်နှင့် မောင်းမကန်စက်မှုဇုန်များ တည်ထောင်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ထီးခိုးစက်မှုဇုန်တွင် ဘိလပ်မြေစက်ရုံ တည်ဆောက်ခြင်း၊ အအေးခန်းစက်ရုံ တည်ဆောက်ခြင်းနှင့် ကုန်စည်များ ကူးသန်းရောင်းဝယ်ရန်အတွက် ကုန်အဝယ်ဒိုင်များ ဖွင့်လှစ်ခြင်း၊ မောတောင်စက်မှုဇုန်တွင် အအေးခန်းစက်ရုံ၊ ဈေး၊ ဟိုတယ်ဇုန်၊ စားသောက်ဆိုင်၊ အပန်းဖြေဥယျာဉ်များတည်ဆောက်ခြင်း၊ မောင်းမကန်စက်မှုဇုန်တွင် ရေခဲစက်ရုံများ၊

ငါးအမှုန့်ကြိတ်စက်ရုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါ သည်။

(ဂ) လျှပ်စစ်ဓာတ်အား

လျှပ်စစ်ဓာတ်အားကဏ္ဍအား ပထမဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား မရရှိသည့်အတွက် တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့မီးလင်းရေး ကော်မတီတို့မှ မီးစက်လုံးရေ စုစုပေါင်း ၁၀၈ လုံးဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်အား လိုအပ်ချက်အပေါ် ၂၅.၅ ရာခိုင်နှုန်းသာရရှိနေပြီး ဓာတ်အားဖူလုံမှုမှာ ၄၁.၁၇ ရာခိုင်နှုန်းသာရှိပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို ကော့သောင်းမြို့၊ ရွှေပြည်သာစက်မှုဇုန်အနီး သန်းဖြိုးသူ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်မှ စက်အင်အား ၈ မဂ္ဂါဝပ်ဖြင့် ကော့သောင်းမြို့နယ်နှင့် အနီးတဝိုက် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန်၊ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့နယ်ခွဲများနှင့် ကျေးရွာများ၊ စက်မှုလုပ်ငန်းများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် မြိတ်မြို့ လွတ်လွတ်ကျေးရွာအနီးတွင် စက်အင်အား ၅၀ မဂ္ဂါဝပ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးပြီး စက်ရုံတည်ဆောက်နိုင်ရန် နှင့် ကံပေါက်သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များ၊ မြို့နယ်ခွဲများ၊ ကျေးရွာများနှင့် စက်မှုလုပ်ငန်းများသို့ စက်အင်အား ၅၀၀ မဂ္ဂါဝပ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် (Dawei Power & Utility Co.,Ltd) တို့ MOU လက်မှတ်ရေးထိုးခဲ့ပြီး စက်ရုံတည်ဆောက်နိုင်ရေး ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကို ဆောင်ရွက်ရာ၌ ထားဝယ်ခရိုင်တွင် စက်တပ်ဆင်အား ၂၄ မဂ္ဂါဝပ်ရှိမည့် အညာဖျားရေအား လျှပ်စစ်စီမံကိန်း (သဘာဝစွမ်းအင်လိုင်းကုမ္ပဏီ)၊ စက်တပ်ဆင်အား ၂၀၀ မဂ္ဂါဝပ်ရှိမည့် လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်း (Zeya & Assoiciates Co. Ltd.)၊

မြိတ်ခရိုင်တွင် စက်တပ်ဆင်အား ၅၀ မဂ္ဂါဝပ်ရှိမည့် ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံစီမံကိန်း(သန်းဖြိုးသူသတ္တုလုပ်ငန်းကုမ္ပဏီ)၊ ဘုတ်ပြင်းမြို့တွင် စက်တပ်ဆင်အား ၅၀၀ မဂ္ဂါဝပ် ရှိမည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း (24 Hours Mining & Industries Co.,Ltd)၊ ရေအားလျှပ်စစ်စီမံကိန်း ၈ ခုကိုလည်း ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် အသေးစားရေအားလျှပ်စစ်စက်ရုံ (ကီလိုဝပ်နာရီ တစ်သန်းစီ ထွက်ရှိ) ၂ ရုံ ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ရေအားလျှပ်စစ်လုပ်ငန်း ၄ ခု၊ ထားဝယ်မြို့၊ မောင်းမကန်မြို့၊ သရက်ချောင်းမြို့၊ ရေဖြူမြို့နှင့် ကျေးရွာ ၆၇ ရွာတို့အတွက် ထားဝယ် ၃၃ ကေဗွီလိုင်း ၂၆ မိုင်၊ ၁၀ အမ်ဗွီအေခွဲရုံနှင့် ၁၁ ကေဗွီလိုင်း ၃၀ မိုင် တည်ဆောက်ခြင်း၊ ရေဖြူမြို့၊ ကလိန်အောင်မြို့နယ်ခွဲ နှင့် ကျေးရွာ ၂၁ ရွာအတွက် မော်လမြိုင်-ရေး-ထားဝယ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁၃၂ မိုင်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်း ၊ မြိတ်မြို့နယ်ကျေးရွာ ၉ ရွာအတွက် မြိတ် ၃၃ ကေဗွီလိုင်း ၁၅ မိုင်နှင့် ၅ အမ်ဗွီအေခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ပ ချေးငွေဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ဃ) လမ်းပန်းဆက်သွယ်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မြန်မာ့မီးရထားလုပ်ငန်း အနေဖြင့် လုပ်ငန်းအဆောက်အဦများ ဆောက်လုပ်ခြင်း၊ နေအိမ်အဆောက်အဦ ဆောက်လုပ်ခြင်း၊ ပဲခူး - မုတ္တမ - မော်လမြိုင် - ရေး လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

လမ်း၊ တံတားတွင် ၁၂၀ အကျယ် ကတ္တရာလမ်း အဆင့်တည်ဆောက်ခြင်း (၅၂မိုင် ၈ဖာလုံ)၊ Box Culvert တံတားတည်ဆောက်ခြင်း ၁၉ စင်း၊ RC တံတားတည်ဆောက်ခြင်း ၄၇ စင်း၊ မြေသားလမ်းခဲ့ခြင်း (၂၆' - ၄၀') ၃၅,၈၈၆.၂၀ ကျင်း၊ ကုန်းမြေ ဖြတ်ထုတ်ခြင်း ၈၄၀ ကျင်း၊လမ်းတာဘောင်ခဲ့ခြင်း ၂,၀၅၉.၂၀ ကျင်း ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်း

လမ်း အတွက် တရုတ်နိုင်ငံ EXIM Bank ချေးငွေဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်ဆောင်ရွက်မည့် လုပ်ငန်းများမှာ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တောင်ကမ်းပါးယံများအား လမ်းချဲ့ခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းမျက်နှာပြင် ညှိခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ရေပြွန်တံတား ၈ဖ စင်း၊ အဆောက်အဦ ဆောက်လုပ်ခြင်းအတွက် လမ်း၊ တံတားပြုပြင် ထိမ်းသိမ်းခြင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်းလမ်း၊ တံတား နှင့် အခြားဆောင်ရွက်မှု၊ ဖြည့်စွက်လုပ်ငန်းလမ်း၊ တံတားနှင့် အခြားဆောင်ရွက်မှု၊ လုပ်ငန်းသစ် လမ်း၊တံတား နှင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု၊ ကတ္တရာဝယ်ယူခြင်းနှင့် ရုံးသုံးစက်ကိရိယာ ဝယ်ယူရန် ရည်မှန်းထားပါသည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်တွင် ၁၂ ပေ အကျယ် ကတ္တရာလမ်း တည်ဆောက်ခြင်း ၅ဖ မိုင်၊ Box Culvert တည်ဆောက်ခြင်း ၁၁၉စင်း၊ RC တံတားတည်ဆောက်ခြင်း ၅၉ စင်း၊ အမာခံလမ်း ပုခုံးခင်းကြိတ်ခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းမျက်နှာပြင် ညှိခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ရေပြွန်တံတား ၁၄ စင်း တည်ဆောက်ရန် ရည်မှန်းထားပါသည်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ဒုတိယဦးစားပေးလုပ်ငန်းများအဖြစ် ရေး-ထား၀ယ်ပြည်ထောင်စုလမ်း၊ ထား၀ယ် - မြိတ် - ကော့သောင်းလမ်းများပြုပြင်ဖောက်လုပ်ရေးကိုဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(c) ပို့ဆောင်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် တနင်္သာရီမြစ် ကမ်းပြိုကာကွယ်ထိန်းသိမ်းခြင်းနှင့် ထား၀ယ်မြို့ ဆိပ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း၊ ကော့သောင်းမြို့နယ်တွင် မြန်မာ-ထိုင်းနယ်စပ် ပါချန်မြစ်နိုင်ငံပိုင်မြေများ မဆုံးရှုံးစေရန် ကာကွယ်ရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် တနင်္သာရီမြစ် ကမ်းပြိုကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ထားဝယ်မြို့ ဆိပ်ကမ်းထိန်းသိမ်းရေး၊ မြန်မာ - ထိုင်းနယ်စပ် ပါချန်မြစ် မိမိနိုင်ငံမြေများ မဆုံးရှုံးစေရန် ကာကွယ်ရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) ဆက်သွယ်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ပြည်ထောင်စု စီမံကိန်း အထောက်အပံ့ဖြင့် GSM, UMTS မိုဘိုင်းတိုးချဲ့ တပ်ဆင်မည့် စီမံကိန်း၊ GSM, UMTS, LTE မိုဘိုင်းလိုင်းတိုးချဲ့ တပ်ဆင်မည့် စီမံကိန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှု ပင်လယ်ရေအောက် ကေဘယ်လ် ချိတ်ဆက်မှု စီမံကိန်းများ ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် အခြေခံပညာ ကျောင်း ၃၃ ကျောင်း ဆောက်လုပ်ရန်နှင့် ဥပဓိရုပ်မကောင်းသောကျောင်း ၇၁ ကျောင်း ပြုပြင်ပေးရန် ရည်မှန်းထားပါသည်။ ထားဝယ်မြို့နယ် နှင့် မြိတ်မြို့နယ်တို့တွင် လက်မှုပညာသင်ကျောင်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ထားဝယ်မြို့တွင် ဟိုတယ် ဝန်ဆောင်မှုသင်တန်းများ ၊ အစားအသောက် အဖျော်ယမကာသင်တန်း ၊ လျှပ်စစ် ဂဟေဆက်သင်တန်း ၊ အခြေခံလျှပ်စစ် ပညာသင်တန်း ၊ လက်မှုပညာ သင်တန်း ၊ မြိတ်မြို့တွင် နိုင်ငံခြားဘာသာ စကားပြောသင်တန်း၊ ကွန်ပျူတာ၊ အင်တာနက်၊ စာကြည့်တိုက် သင်တန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် အခြေခံပညာကျောင်းများ တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းခွဲ ၇ ကျောင်း၊ အလယ်တန်း

ကျောင်းခွဲမှ အလယ်တန်းကျောင်း ၁၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ မူလတန်းကျောင်းခွဲမှ မူလတန်းကျောင်း ၈ ကျောင်း စသည်တို့ကို တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ရန်ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ မူလတန်းကျောင်း ၂၀ ကျောင်း တိုးချဲ့ဖွင့်လှစ်ရန်ရည်မှန်းထားပါသည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေး၊ ဥပဓိရုပ်မကောင်းသော ကျောင်းများပြုပြင်ရေးနှင့် အသစ်ဆောက်လုပ်ရေး၊ Multi Media များ အသစ်တပ်ဆင် အသုံးပြု မှုများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပညာရေးဖွံ့ဖြိုး တိုးတက်မှုတွင် နည်းပညာတက္ကသိုလ် ၂ ခု၊ ကွန်ပျူတာတက္ကသိုလ် ၂ ခု၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ၂ ခု၊ ပညာရေး ကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်း တစ်ကျောင်းစီဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(ခ) ကျန်းမာရေး

ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲများ တိုးချဲ့ခြင်းနှင့် ပုဂ္ဂလိကပိုင်အခန်းမှ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်နှင့် မြိတ်မြို့၊ ကန်ဖျားရပ်ကွက်တို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ခုတင် ၂၅၀ ဆံ့ ဆေးရုံ ၂ ရုံ ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းကို မျှော်မှန်းလျက် တနင်္သာရီ အများပိုင်ကုမ္ပဏီမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် မောင်းမကန်ဒေသ၌ မောင်းမကန် ဟိုတယ်ဇုန်နှင့် အပန်းဖြေစခန်း လုပ်ငန်းကို ဖွင့်လှစ်ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် မြိတ်အများပိုင်ကုမ္ပဏီမှ မြိတ်မြို့တွင် မြိတ်ဟိုတယ်ဇုန်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီမှ မောင်းမကန် ဟိုတယ်ဇုန်၊ မြိတ်အများပိုင် ကုမ္ပဏီ

လိမ်မိတက်မှ သဘာဝအပန်းဖြေ ဥယျာဉ်စခန်း တည်ဆောက်ရေးလုပ်ငန်း၊ ကော့သောင်းမြို့နယ်တွင် ကျွန်းအပန်းဖြေစခန်းတည်ဆောက်ရေးလုပ်ငန်း၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင်ကုမ္ပဏီမှ Shopping Mall၊ ခရီးသွားကား အဆင့်မြှင့်တင်နိုင်ရေးအစီအစဉ်၊ Apex Airline လေကြောင်းလိုင်း၊ လေဆိပ်လုပ်ငန်းတို့ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ရေရှိရေး

သောက်သုံးရေရှိရေးနှင့် ဆည်ရေရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ပြည်ထောင်စုဘတ်ဂျက်ဖြင့် မြိတ်မြို့နယ် ပင်းအိုရေလှောင်တမံ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ (၃) နှစ်အတွင်း အကျိုးသက်ရောက်မည့် ဧရိယာမှာ ၆၁၅ ဧက တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်တွင် ဆည်ရေ ရရှိရေး ဖြည့်စွက်လုပ်ငန်းစီမံကိန်းအဖြစ် ကျေးရွာဆည်မြောင်းလုပ်ငန်းကို လောင်းလုံမြို့နယ် ပြင်ကြီးကျွန်း ရေထိန်းတံခါး ၃ ခုတို့မှ အကျိုးသက်ရောက်မည့် ဧရိယာ စုစုပေါင်း ၂,၃၈၅ ဧကခန့် ၊ တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။ တာတမံတောင့်တင်းခိုင်မာရေး လုပ်ငန်းအဖြစ် လယ်သမား တာများ တာပုံစံကျ အဆင့်မြှင့်ပြန်လည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ၂၅ ခုကို မြို့နယ် ၇ မြို့နယ်တွင် ဆောင်ရွက်နိုင်ရန် နှင့် ချောင်းကော မြောင်းကောများ တူးဖော်ခြင်းလုပ်ငန်း ၆ ခု ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်လုပ်ငန်းစီမံကိန်းကျေးရွာဆည်မြောင်းလုပ်ငန်းအဖြစ်မြို့နယ် ၂ မြို့နယ်တွင်လုပ်ငန်း ၄ ခု တို့မှ အကျိုးသက် ရောက်နိုင်မည့် ဧရိယာ ၃၆၀ ဧကခန့်နှင့် တာတမံတောင့်တင်းခိုင်မာရေး လုပ်ငန်းအဖြစ် လယ်သမား တာများတာပုံစံကျ အဆင့်မြှင့်ပြန်လည်ပြုပြင် တည်ဆောက်ခြင်း လုပ်ငန်း ၁၆ ခုကို မြို့နယ် ၃ မြို့နယ်တွင် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၅။ ကဏ္ဍများအချင်းချင်း ချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လမ်း ၄၄ ခု၊ တံတားလုပ်ငန်း ၆၀ ခု အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

ဆင်းရဲမှုလျော့ချရေးနှင့်လူနေမှုဘဝမြှင့်တင်ရေးအတွက် လူထုဗဟိုပြုစီမံကိန်းကို ၃ နှစ် စီမံကိန်းလျာထားရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြည်သူလုထု လိုအပ်ချက်ဖြစ်သည့် စာသင်ကျောင်း၊ ဆေးခန်း၊ ရေရှရေး၊ လမ်း၊ တံတားစသည်တို့အား ကော်မတီများဖွဲ့စည်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ တစ်နှစ်လျှင် တစ်မြို့နယ် ကျပ် သိန်း ၁,၀၀၀ ဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ ထို့ပြင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တွင် ကျေးရွာအုပ်စု ၂၀ ကို ၃ နှစ် ဆက်တိုက် ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

၆။ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေရည်မှန်းချက်

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက တနင်္သာရီတိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု ရည်မှန်းချက်အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြ အပ်ပါသည် -

ပုံ ၃-၆-၅

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



တနင်္သာရီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး နှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်စီမံကိန်းရည်မှန်းချက်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၅၄၄,၅၆၅.၄ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက်တွင် ကျပ် ၃,၇၉၁,၀၆၁.၂ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းအရ ငါးနှစ် အတွင်း တစ်နှစ်ပျမ်းမျှ ၉.၀ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် တိုင်းဒေသကြီး အစိုးရ အစီအစဉ်အရ ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံ မှု လျာထားချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည် -

၁	ဗဟိုအဖွဲ့အစည်းများ	ကျပ်	၁၁,၀၇၈.၄၉၈ သန်း
၂	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ်	၉,၄၀၆.၅၄၂ သန်း
၃	ပြန်ကြားရေးဝန်ကြီးဌာန	ကျပ်	၃.၀၀၀ သန်း
၄	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ကျပ်	၄၁.၀၀၀ သန်း
၅	မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန	ကျပ်	၁၂၀.၄၃၃ သန်း
၆	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ်	၂၃,၉၈၃.၆၅၁ သန်း

၇	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ကျပ်	၃၆.၀၈၀ သန်း
၈	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ်	၄၉၈.၂၈၉ သန်း
၉	သမဝါယမဝန်ကြီးဌာန	ကျပ်	၅.၆၀၀ သန်း
၁၀	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန	ကျပ်	၁၁၀.၇၄၇ သန်း
၁၁	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ကျပ်	၁,၁၀၁.၁၅၁ သန်း
၁၂	အားကစားဝန်ကြီးဌာန	ကျပ်	၆၁၄.၁၂၇ သန်း
၁၃	စည်ပင်သာယာရေးအဖွဲ့များ	ကျပ်	၁,၃၆၉.၃၁၇ သန်း
	စုစုပေါင်း	**ကျပ် ၄၈,၃၆၈.၄၃၅ သန်း**	

တနင်္သာရီတိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက် အရ ကျပ် သန်း ၁၉,၇၅၂.၃၄၄ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း ရည်မှန်းထားပါသည်။

၈။ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမည့် လုပ်ငန်းစီမံကိန်းများ

တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန်အတွက် ထီးခိုးနှင့်မောတောင် ဒေသများတွင် စက်မှုဇုန်တည်ထောင်ခြင်း၊ ရေလုပ်ငန်းသည် အဓိကလုပ်ငန်းဖြစ်ပြီး ကုန်ကြမ်းအဖြစ် ငါး၊ ပုစွန် တင်ပို့နေမှုမှ ကုန်ချောအဖြစ် ထုတ်လုပ်ဆောင်ရွက်ခြင်း၊ ရာဘာနှင့် ဆီအုန်း ထုတ်လုပ်ခြင်းများ ဖြစ်ထွန်းခြင်းကြောင့် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပ အကူအညီ အထောက်အပံ့ဖြင့်သော်လည်းကောင်း၊ ပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ခြင်းဖြင့်သော်လည်းကောင်း အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။ ထို့အပြင် တိုင်းဒေသကြီးတွင် မြိတ်ခရိုင်၌ အပန်းဖြေ စခန်းဆောက်လုပ်ခြင်း၊ မောင်းမကန်ဒေသတွင် ဟိုတယ်ဇုန်များ တည်ဆောက်ခြင်းလုပ်ငန်း၊ ကော့သောင်းခရိုင်တွင် ကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းများသည် ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမည် ဖြစ်ပါသည်။

၉။ နိုင်ငံခြားအကူအညီအထောက်အပံ့များ

World Bank ၏ အကူအညီဖြင့် ကျွန်းစုမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဂျပန်နိုင်ငံမှ ပေးအပ်သည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ (JICA) ဖြင့် ၂၀၁၃ ခုနှစ် မှ ၂၀၁၅ ခု နှစ်အတွင်း ရေပေးဝေရေးစီမံကိန်းအဖြစ် သရက်ချောင်း၊ ထားဝယ်၊ ကျွန်းစု၊ ကော့သောင်း၊ မြိတ်၊ တနင်္သာရီမြို့နယ်များတွင်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအဖြစ် ရန်ကုန်- မော်လမြိုင်- ထားဝယ်- မြိတ်လမ်းကို ထားဝယ်နှင့် မြိတ်မြို့နယ် တို့တွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၃၃ ကေဗွီလိုင်း ၂၆ မိုင်၊ ၁၁ ကေဗွီလိုင်း ၃၀ မိုင်ကိုထားဝယ်မြို့နယ်တွင်လည်းကောင်း၊ ၃၃ ကေဗွီလိုင်း ၁၅ မိုင်၊ ၁၁ ကေဗွီလိုင်း ၁၆ မိုင် တပ်ဆင်ခြင်းလုပ်ငန်းကို မြိတ်မြို့နယ်တွင်လည်းကောင်း၊ 63/3kv Mini Hydro Power Station Renovaiton ဆောက်လုပ်ခြင်းလုပ်ငန်းကို မလိတွင်လည်းကောင်း၊ ဒီဇယ်ဓာတ်အားပေးစက် ၃၃ လုံး တပ်ဆင်ခြင်းကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း လုပ်ဆောင်သွားရန် ရည်မှန်း ထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် နိုင်ငံခြားအကူအညီအထောက်အပံ့ဖြင့် ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန် လျာထားပါသည်။

(၁) မြိတ်မြို့တွင် ကုန်စည်ဒိုင်များတိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတကာ အဆင့်မီ ကုန်စည်ဒိုင်များ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင်ကျပ်သန်း ၁၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂၀၀ ဖြင့် လည်းကောင်း၊

(၂) လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်ထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်းပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကိုအီတလီနိုင်ငံ နှင့်၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ US$ ၀.၀၈၃ သန်းဖြင့်လည်းကောင်း၊

(၃) တနင်္သာရီတိုင်းဒေသကြီးတွင် အဏ္ဏဝါနှင့် ကုန်းမြေ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ငန်း များပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) တနင်္သာရီတိုင်းဒေသကြီး၏ သမဝါယမဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ဂျပန်နိုင်ငံမှ ချေးငွေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၉၈၀ ၊

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၄,၂၀၀ ဖြင့်လည်းကောင်း၊

(၅) ရေနှင်း/ပုစွန် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန ဖွင့်လှစ်ရေးစီမံချက်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် US$ ၁.၅ သန်းဖြင့်လည်းကောင်း၊

(၆) နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ညီညွတ်သည့် ငါးတင်/ငါးချဆိပ်ကမ်းနှင့် ငါးလေလံစျေး တည်ဆောက်မည့် စီမံကိန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် US$ ၀.၉၃ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် US$ ၀.၉၃ သန်း ဖြင့်လည်းကောင်း၊

(၇) အာဆီယံ နိုင်ငံများအတွင်း ငါး/ ပုစွန်ရေထွက် ပစ္စည်းများတွင် ဇီဝဆိုင်ရာ အဆိပ်များ ပါဝင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် US$ ၁.၅ သန်းဖြင့်လည်းကောင်း၊

(၈) အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ မြန်မာနိုင်ငံ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ မြှင့်တင်ရေးစီမံကိန်းကို တနင်္သာရီတိုင်းဒေသတွင်းရှိ မြို့နယ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် များတွင် လည်းကောင်း၊

(၉) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ Provision of paddy seed and fertilizer for paddy စီမံချက် AusAid အကူအညီဖြင့် ကျပ် ၁၀၅ သန်း ဖြင့်လည်းကောင်း၊

(၁၀) တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်တွင် UN-Habitat အကူအညီဖြင့် လုံခြုံစိတ်ချရသော လူနေမြို့ရွာများ ဆောက်လုပ်ရေးစီမံချက်ကို လည်းကောင်း၊

(၁၁) တနင်္သာရီတိုင်းဒေသကြီးတွင်သမုတ်မြစ်ကူးတံတားတည်ဆောက်ရေးလုပ်ငန်းကို တရုတ်နိုင်ငံမှ ချေးငွေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင် US$ ၄.၈ သန်းဖြင့် လည်းကောင်း၊

(၁၂) တနင်္သာရီတိုင်းဒေသကြီးတွင် သဘာဝကြိုးဝိုင်းစီမံကိန်းကို မုတ္တမဓာတ်ငွေ့ပို့ဆောင်ရေးကုမ္ပဏီ (MGTC) နှင့် တနင်္သာရီပိုက်လိုင်းကုမ္ပဏီ (TPC) အကူအညီဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်တွင် US$ ၁.၈ သန်းဖြင့်လည်းကောင်း၊

(၁၃) တနင်္သာရီတိုင်းဒေသကြီးတွင် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဆန်းစစ်ခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခြင်း

ကို UN-Habitat အကူအညီ ဖြင့် ၂၀၁၃ခုနှစ်မှ ၂၀၁၅ခုနှစ်တွင်လည်းကောင်း၊

(၁၄) တနင်္သာရီတိုင်းဒေသကြီးတွင် Gender နှင့်ပတ်သက်သော ပညာပေးခြင်းဖြင့် အမျိုးသမီး လူငယ်တို့၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံချက်ကို DIAKONA အကူအညီ ဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊

(၁၅) တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်တွင် နိုင်ငံတော်တစ်ဝှမ်း လေဆိပ် လုံခြုံစိတ်ချမှု တိုးတက်ရေးစီမံချက်ကို JICA အကူအညီဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊

(၁၆) တနင်္သာရီတိုင်းဒေသကြီးတွင် စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများ ဆောက်လုပ် ပြုပြင်ခြင်း၊ တံတားတည်ဆောက်ခြင်း စီမံချက်ကို UNHCR အကူ အညီဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ခုနှစ်တွင်လည်းကောင်း၊

(၁၇) ထိုပြင် ဂျပန်နိုင်ငံမှ (JICA) အထောက်အပံ့ဖြင့် တနင်္သာရီတိုင်းအတွင်း၌ ဆင်းရဲမှုလျှော့ချရေး ဆိုင်ရာဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး

သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် သဘာဝဘေးလျော့ပါးရေးလုပ်ဆောင်မှု၊ ကြိုတင်ကာကွယ်မှု၊ သဘာဝဘေးကျရောက်ချိန်၌ ကယ်ဆယ်ထောက်ပံ့မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်မှု အစရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီမှချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ လုပ်ထုံး လုပ်နည်း များရေးဆွဲသတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်များ၊ ကြိုတင်ကာကွယ်မှု အစီအစဉ် များ၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး အစီအစဉ်များ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက် ရေးတို့အတွက် စီမံချက်ထည့်သွင်းရေးဆွဲရန်နှင့် ရေရှည်ကာကွယ်နိုင်ရေးအတွက် အစီအစဉ် များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်များနှင့်ပတ်သက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တနင်္သာရီမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအနေနှင့် သစ်တောရုံး မြေနေရာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်သွားနိုင်ရန် stone gabion မြေထိန်းနံရံ တည်ဆောက်ခဲ့ပါသည်။ ထားဝယ်မြို့နယ်တွင် ရေတိုးမှုကြောင့် ရေတိုက်စား ကမ်းပြိုမှုများအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ကမ်းထိန်းနံရံ (၁) ခု ၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ကမ်းထိန်းနံရံ(၁)ခု တည်ဆောက်ခဲ့ပါသည်။ ရေနက်ကြောင်းကပ်စီးနေသဖြင့် မြစ်ကမ်းပါးများမှာ တဖြည်းဖြည်း ပြိုကျလျက်ရှိပါသည်။ ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းများကို ကာကွယ်ရန်အတွက် ရန်ပုံငွေ တင်ပြတောင်းခံ၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထားဝယ်မြစ် ကမြောကင်းတံတား ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအတွက် ရေကာတန်းများ တည်ဆောက်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ထားဝယ်မြစ်၏ ရေနက်လမ်းကြောင်းသည် မြစ်လယ်ဘက်သို့ ရွှေ့သွားနိုင်သည့်အတွက် ကမ်းရင်းဝဲလှည့် တိုက်စားမှုကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်၊ မိမိနိုင်ငံပိုင်မြေ မဆုံးရှုံးစေရေးလုပ်ငန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် မြေထိန်းနံရံ ၁၆၂ မီတာ ၁ ခု အတွက် ခွင့်ပြုငွေ ကျပ် သန်း ၁၀၀ ၊ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂၇၄ မီတာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇၀ မီတာ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၇၀၀ မီတာနှင့် gabion ကျောက်ဖြည့်မြေထိန်းနံရံ ၁,၁၀၀ မီတာနှင့် ကွန်ကရစ်ပိုင် အခြေပြု ကျောက်ပြားစီတမံ ၆၇၀ ပေ တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တို့တွင်လည်း တိုင်းဒေသကြီး ဘတ်ဂျက် အစီအစဉ်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

နိဂုံး

တနင်္သာရီတိုင်းဒေသကြီးသည် အဓိက စီးပွားရေးလုပ်ငန်းအဖြစ် ရေလုပ်ငန်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအနေဖြင့် နှစ်ရှည်သီးနှံများဖြစ်သည့် ရာဘာ ၊ ဆီအုန်း နှင့် သီဟိုဠ်တို့ကို အဓိကစိုက်ပျိုးကြသောကြောင့်

တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများ ပေါများပါသည်။ ဒေသထွက် အသီးအနှံများအနေဖြင့်လည်း အသေးစား စားသုံးကုန်ထုတ်လုပ်ငန်းများ၊ ပင်လယ်ရေထွက်ပစ္စည်း လုပ်ငန်းများ၊ လယ်ယာအခြေခံ စက်မှုကုန်ကြမ်း လူသုံးကုန် ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားသောကြောင့် အနာဂါတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် တိုင်းဒေသကြီးတစ်ခု ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းများ



ဇယားမြစ်။ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ် မှ ၁၈ ဒီဂရီ၂၀မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ်မှ ၉၇ ဒီဂရီ ၁၂ မိနစ် အတွင်း၊
အကျယ်အဝန်း	=	၁၅,၂၁၄.၁၃ (စတုရန်းမိုင်) ၉,၇၃၇,၀၄၃ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၆,၃၀၂ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	ပဲခူးမြို့
ထူးခြားအမှတ်အသား	=	ကမ္ဘောဇသာဒီ နန်းတော်ရာ မိုးယွန်းကြီးအင်း ဘေးမဲ့တော
ခရိုင်	=	ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်
မြို့နယ်/ရပ်ကွက်/ကျေးရွာ	=	၂၈ မြို့နယ်၊ ၂၅၄ရပ်ကွက်၊ ကျေးရွာ ၆,၄၅၂ရွာ
အဓိကစီးပွားရေးကဏ္ဍ	=	လယ်ယာ၊ သားငါး၊ စက်မှု၊ ပို့ဆောင်ရေး
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင်ကရင်ပြည်နယ်၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တောင်ဘက်တွင်ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊

နိဒါန်း

ပဲခူးတိုင်းဒေသကြီးအနေဖြင့် လယ်ယာအခြေခံ တိုးတက်အောင် ဆောင်ရွက်ရမည် ဖြစ်ပြီး ဈေးကွက်ဝင် အထွက်ကောင်း မျိုးသန့်မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ပြောင်းလဲစိုက်ပျိုးခြင်း၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍ ကန်ထရိုက် လယ်ယာစနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

ပဲခူးတိုင်းဒေသကြီး၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၇-၁

ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



ပဲခူးတိုင်းဒေသကြီး၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မူလတန်း အဆင့်၌ ၈၄.၂၆ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၈.၇၀ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၀.၇၄ ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၈၈.၀၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၁.၂၇ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၃.၁၃ ရာခိုင်နှုန်းသို့ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၇-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက်(အရှင်မွေးကလေး၁,၀၀၀လျှင်)



ပဲခူးတိုင်းဒေသကြီး၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေးကလေး ၁,၀၀၀ လျှင်)သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၈.၅၆ နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၇.၀၀ နှုန်းသို့ လျော့နည်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ပုံ ၃-၇-၃
လူတစ်ထောင်လျှင်သုံးစွဲနိုင်သော တယ်လီဖုန်းရည်မှန်းချက်



ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၄ လုံး သုံးစွဲနိုင်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၈၁ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်းထားပါသည်။

ဇယားစာရင်းမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက်ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၇-၄
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှုရည်မှန်းချက်



ဇယားစာရင်းမြစ်။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကိုပိုမို တိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

ပဲခူးတိုင်းဒေသကြီးတွင် စပါး၊ ပဲအမျိုးမျိုး ၊ ရာဘာတို့ကို အဓိက စိုက်ပျိုး သဖြင့် စပါးအထွက်ကောင်းမျိုးများပြောင်းလဲစိုက်ပျိုးနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၄၄,၃၄၇ ဧက ၊၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၆၄,၈၉၅ ဧက ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၅၀,၂၄၅ ဧက ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၆၇၀,၀၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၆၇၀,၀၀၀ မျိုးပြောင်းလဲစိုက်ပျိုးရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်ရန်အတွက် ဧက ၉၈၀ ကို Semi-Mechanized နှင့် Fully-Mechanized နည်းဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် လယ်ယာဖော်ထုတ်ခြင်းအနေဖြင့် ဒိုက်ဦးမြို့နယ်နှင့် ဝေါမြို့နယ်များတွင် ဧက ၅၀၀ စီကို ပုဂ္ဂလိကအစီအစဉ်ဖြင့် လည်းကောင်း၊ အုတ်တွင်းမြို့နယ်၊ ကြက်တက်ညောင်ပင် ကျေးရွာအုပ်စုတွင် ဧက ၂,၀၀၀ ကို ပြည်ထောင်စု ဘတ်ဂျက် ကျပ် သန်း ၁,၄၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ဖြူးမြို့နယ်ညောင်ပင်သာဒေသ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၀၇/၃ အနီး ပုဂ္ဂလိကလုပ်ငန်းရှင် မြတ်အိန္ဒြေကုမ္ပဏီမှ ဘက်စုံသီးနှံ စံပြစိုက်ကွင်း ဧက ၂,၀၀၀ အတွက်အထူးအထွက်တိုးအစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ နို့စားနွားကောင်ရေ ၅,၀၀၀ မွေးမြူ၍ ပေါင်းစည်းလယ်ယာအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ သာယာဝတီ မြို့နယ်တွင် မြစိမ်းရောင်စိုက်ပျိုးရေးကုမ္ပဏီနှင့် ဒေသခံတောင်သူများ အကျိုးတူ ပူးပေါင်း၍ Contract Farming စနစ်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

စိုက်ပျိုးသောသီးနှံများ ပျက်စီးဆုံးရှုံးမှုမကာကွယ်ရန်၊ ရေငန်တားတမံများ တည်ဆောက်ခြင်း၊ ရေကြီးနစ်မြုပ်မှုကင်းဝေးစေရန် ဆည်ရေထိန်းသိမ်း ပို့လွှတ်မှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ စဉ်ဆက်မပြတ် လမ်းညွှန်ကြီးကြပ် ဆောင်ရွက်ခြင်း၊ နွေသီးနှံများအတွက် စိုက်ပျိုးရေ အပြည့်အဝ ရရှိစေရန် ဆည်မြောင်းတာတမံ ရေထိန်းတံခါးများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

သားငါးကဏ္ဍအနေဖြင့် အင်းများ ရေရှည်တည်တံ့စေရန် ပြုပြင်တူးဖော်ခြင်း၊ အခြေအနေပေးသော အင်းများတွင် သားဖောက်စခန်း တည်ဆောက်၍ သားဖောက်မွေးမြူဖြန့်ဖြူးခြင်း၊ အသားစားကြက်၊ ဝက်၊ ဘဲ၊ နွား မွေးမြူခြင်း၊ ဥစားကြက် ဘဲ မွေးမြူခြင်း တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ငါးသားဖောက် အဆောက်အဦ (Hatchery) ၁ လုံး ဆောက်လုပ်ခြင်းအတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၁၂ သန်းဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မွေးမြူရေးကို အခြေခံသော ငါးဖမ်းဆီးထုတ်လုပ်မှု လုပ်ငန်းစီမံကိန်းအတွက် ပြည်ပအထောက်အပံ့ ချေးငွေ အမေရိကန် ဒေါ်လာ ၀.၁ သန်းဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီ အထောက်အပံ့ဖြင့် မွေးမြူရေးဇုန်များတွင် ဇီဝလုံခြုံမှု မြှင့်တင်ခြင်း လုပ်ငန်းကို အမေရိကန်ဒေါ်လာ ၂.၇ သန်း၊ သဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်များ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး စီမံကိန်းလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၂ သန်း၊ ကျေးလက်ဒေသအဆင့် မွေးမြူရေးခြံများတွင် ရောဂါထိန်းချုပ်မှုစနစ်များ မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၅ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိရစ္ဆာန်မျိုးပွားဌာန၊ မေထုန်မဲ့သားစပ်ဌာနများနှင့် လယ်သမားသင်တန်းကျောင်းများ တည်ထောင်ခြင်းလုပ်ငန်းအတွက် ပြည်ပအထောက်အပံ့ချေးငွေ အမေရိကန်ဒေါ်လာ ၃.၅ သန်း၊ ကျေးလက်အခြေခံနှင့် အသေးစားစီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများတွင် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့ချခြင်းဖြင့် မွေးမြူရေးသမားများ၏ အသက်မွေးဝမ်းကျောင်း တိုးတက်စေရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၀.၃ သန်း၊ "အာဆီယံနိုင်ငံများတွင် ငါး/ပုစွန် ရေထွက် ပစ္စည်းများ၌ ဇီဝဆိုင်ရာအဆိပ်များပါဝင်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစီမံကိန်း" အတွက် ပြည်ပအထောက်အပံ့ချေးငွေ အမေရိကန်ဒေါ်လာ ၁၆.၂ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

ပြည်ပစက်မှုလုပ်ငန်းများအတွက်လုပ်ငန်း ၁၁ခု၊ ပြည်တွင်း စက်မှုလုပ်ငန်း ၄၁ခု တို့ရင်းနှီးမြှုပ်နှံရန် မြေနေရာရရှိထားပြီးဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပ စက်မှုနယ်မြေအတွင်းအထည်ချုပ်စက်ရုံ၊ ဘီယာစက်ရုံ၊ အားကစား လက်အိတ်စက်ရုံ၊ အစာစပ် စက်ရုံ၊ အခြားစက်မှုလုပ်ငန်း ၇ ခု၊ ပြည်တွင်း စက်မှုနယ်မြေတွင် အထည်ချုပ် စက်ရုံ၊ ထုပ်ပိုးစက်ရုံ၊ ဆန်စက်၊ ကြိမ်အချောထည်စက်ရုံ၊ ကွန်ကရစ်ဖျော်စက်ရုံ၊ လျှပ်စစ်စက်ရုံ၊ ရာဘာသန့်စင်စက်ရုံ၊ ဆေးဝါးစက်ရုံ၊ ခေါက်ဆွဲစက်ရုံ၊ သံထည် ပစ္စည်းစက်ရုံ၊ သစ်အချောထည်စက်ရုံ၊ သံရည်ကြိုစက်ရုံ၊ ဒန်အိုးစက်ရုံ၊ ထရန်စဖော်မာ စက်ရုံ၊ အချိုရည်စက်ရုံ၊ အဆင့်မြင့်အိတ်စက်ရုံ၊ ဖိနပ်စက်ရုံ နှင့် အထည်ချုပ်စက်ရုံ တို့အား လုပ်ငန်းရှင် ၄၁ ဦးမှ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ Heavy Diesel Engine Manufacturing Project (သာဂရ) တွင် ကျပ် ၁၀,၁၉၇.၁၈၃ သန်း၊ Foundry Plant (သာဂရ) တွင် ကျပ် ၂,၂၇၄.၉၂၁ သန်း၊ 90 HP Engine (သာဂရ) တွင် ကျပ် ၅၈၂.၆၃ သန်း၊ စက်မှု သင်တန်းကျောင်း (ဆင်တဲ) တွင် ကျပ် ၁၈.၈ သန်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (သာဂရ) တွင် ကျပ် ၁၅.၈ သန်း၊ အမှတ် ၁၂ အကြီးစားစက်ရုံ (ထုံးဘို) တွင် ကျပ် ၅၁၉.၄၄၆ သန်း၊ အမှတ် ၁၄ အကြီးစားစက်ရုံ (သာဂရ) တွင် ကျပ် ၁,၄၁၁.၂၇၆ သန်း၊ အမှတ် ၁၅ အကြီးစား စက်ရုံ (သာဂရ) တွင်ကျပ် ၆၆၇.၁၇၈ သန်း၊ အမှတ် ၁၆ အကြီးစားစက်ရုံ (ဆင်တဲ) တွင် ကျပ် ၅၇၀.၉၄၅ သန်း၊ အမှတ်၂၆ အကြီးစားစက်ရုံ (သာဂရ) တွင် ကျပ် ၁,၁၂၉.၀၆၇ သန်း၊ Boiler Manufacturing Plant (သာဂရ) တွင် ကျပ် ၅၂၂.၄၆၈ သန်း၊ Hydraulic Press ထုတ်လုပ်မှု စီမံကိန်း (သာဂရ) တွင် ကျပ် ၇၅၄.၄၀၈ သန်း၊ Servo Motor ထုတ်လုပ်မှု စီမံကိန်း (သာဂရ) တွင် ကျပ် ၁,၂၂၂.၃၀၄ သန်း၊ Control System Plant စီမံကိန်း(သာဂရ) တွင် ကျပ် ၃၃ သန်း၊ အမှတ် ၂၃ အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် ကျပ် ၂၂၈.၉၈၂ သန်း၊ အမှတ် ၁ အထည်စက်ရုံ (ရွှေတောင်) တွင် ကျပ် ၆၀၈.၉၇၅ သန်း၊ ဒိုက်ဦးကော်မှုန့်စက်ရုံတွင် ကျပ် ၁၃.၅ သန်း၊ စက္ကူစက်ရုံ (ရေနီ) တွင်ကျပ် ၁၈၈.၈၇၃ သန်း၊ တစ်နေ့တန် ၅၀ သတင်းစာစက္ကူ ပျော့ဖတ် နှင့် တန် ၈၀ ထုပ်ပိုးစက္ကူစက်ရုံ (ရေနီ) တွင် ကျပ် ၁,၀၈၇.၄၀၅ သန်း၊ ရာဘာစိုက်ပျိုး ထုတ်လုပ်ရေးခြံ (ရွှေကျင်) တွင် ကျပ် ၆၀.၂၇၆

သန်း၊ ရာဘာ စိုက်ပျိုးထုတ်လုပ်ရေးခြံ (ဒိုက်ဦး) တွင် ကျပ် ၃.၅၂၇ သန်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၌ Heavy Diesel Engine Manufacturing Project (သာဂရ) တွင် ကျပ် ၂၉,၄၅၆.၄၉၁ သန်း၊ Foundry Plant (သာဂရ) တွင် ကျပ် ၅,၂၅၇.၈၅၉ သန်း၊ 90 HP Engine (သာဂရ) တွင်ကျပ် ၂,၃၃၄.၆၃၃ သန်း၊ သုတေသန (သာဂရ) တွင်ကျပ် ၁၇၀.၇၂၀ သန်း၊ အမှတ် ၁၄ အကြီးစားစက်ရုံ (သာဂရ)တွင် ကျပ် ၂၁,၄၀၀.၅၂၀ သန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်၌ Heavy Diesel Engine (သာဂရ) တွင် ကျပ် ၇,၂၂၄.၃၅၀ သန်း၊ စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင် ကျပ် ၅၆.၃၀၉ သန်း၊ အမှတ် ၁၂ အကြီးစားစက်ရုံ(ထုံးဘို)တွင် ကျပ် ၅၅.၇၈၃ သန်း၊ အမှတ် ၁၄ အကြီးစားစက်ရုံ(သာဂရ)တွင် ကျပ် ၁၅,၆၇၃.၄၄၃ သန်း၊ အမှတ် ၁၆ အကြီးစား စက်ရုံ (ဆင်တဲ) တွင် ကျပ် ၁၅.၂၅၆ သန်း၊ အမှတ် ၂၃ အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင်ကျပ် ၁၂.၉၁၂ သန်း၊ အမှတ် ၂၆ အကြီးစားစက်ရုံ(သာဂရ)တွင် ကျပ် ၉.၆၉၅ သန်း၊ အမှတ် ၁ အထည်စက်ရုံ(ရွှေတောင်)တွင် ကျပ် ၂,၀၁၃.၀၉၃ သန်း၊ စက္ကူစက်ရုံ (ရေနီ) တွင် ကျပ် ၁၃,၅၉၂.၄၀၆ သန်း၊ ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာဝတီ) တွင် ကျပ် ၁၂၁.၉၈၇ သန်း တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ကျပ် ၁,၈၄၉.၄၂၇ သန်း၊ စက်မှုသင်တန်းကျောင်း (သာဂရ) တွင် ကျပ် ၉၆ သန်း၊ ဖြည့်စွက်လုပ်ငန်းများအနေဖြင့် အမှတ် ၁၂ အကြီးစားစက်ရုံ (ထုံးဘို) တွင် ကျပ် ၁.၈၅၂ သန်း၊ အမှတ် ၁၄ အကြီးစားစက်ရုံ(သာဂရ)တွင် ကျပ် ၅,၅၈၅.၄၁၂ သန်း၊ အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် အမှတ် ၂၃ အကြီးစားစက်ရုံ(ညောင်ခြေထောက်)တွင် ကျပ် ၃၅.၅၅ သန်း၊ အမှတ်၂၆ အကြီးစားစက်ရုံ (သာဂရ) တွင်ကျပ် ၁၇ သန်း၊ ပန်းကန်နှင့် ကြွေပြားစက်ရုံ(သာယာဝတီ)တွင် ကျပ် ၁၂၇.၂၉၈ သန်း၊ စက္ကူစက်ရုံ(ရေနီ)တွင် ကျပ် ၇,၂၃၆.၉၂၆ သန်း တို့ကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ စက်မှုသင်တန်းကျောင်း(ဆင်တဲ)တွင် ကျပ်သန်း ၅၀၊ စက်မှုသင်တန်းကျောင်း(သာဂရ)တွင် ကျပ် ၃၁၁.၃၅၀ သန်း၊ အမှတ် ၁၂ အကြီးစားစက်ရုံ (ထုံးဘို) တွင် ကျပ် ၂၉ သန်း၊ အမှတ် ၁၄ အကြီးစားစက်ရုံ (သာဂရ)တွင် ကျပ် ၁၂၈.၇၁၄ သန်း၊ အမှတ် ၁၅ အကြီးစားစက်ရုံ(သာဂရ) တွင် ကျပ် ၄၃၅.၃၅၁ သန်း၊ အမှတ် ၁၆ အကြီးစားစက်ရုံ (ဆင်တဲ) တွင် ကျပ် ၄၃၉.၀၆၇ သန်း၊ အမှတ် ၂၃

အထွေထွေ အကြီးစားစက်ရုံ (ညောင်ခြေထောက်) တွင် ကျပ် ၃၄ သန်း၊ အမှတ် ၂၆ အထွေထွေ အကြီးစားစက်ရုံ (သာဂရ) တွင် ကျပ် ၆.၅ သန်း၊ အမှတ် ၁ အထည် စက်ရုံ(ရွှေတောင်) တွင် ကျပ်သန်း ၄၈၀၊ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာန (သာဂရ) တွင် ကျပ် ၂၂၃.၅၆၆ သန်း၊ ကိုးရီးယားနိုင်ငံ၏ အထောက်အပံ့ဖြင့် Feasibility study on Developing Agricultural Machinery and Equipment Factory လုပ်ငန်း စီမံကိန်းကို အမေရိကန်ဒေါ်လာ ၀.၆၇ သန်းဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) ဆောက်လုပ်မှု

ပဲခူးတိုင်းဒေသကြီးတွင် တောင်ငူ- ညောင်လေးပင်- ဘုရားကြီးလမ်းပိုင်း ပါဝင်သည့် အာရှ-အာဆီယံ လမ်းမကြီး အမှတ် (AH-1) နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းများအနက် (က) အဆင့် သတ်မှတ်ထားသော မူလကတ္တရာလမ်းများကို ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့်သို့ မြှင့်တင်ဆောင်ရွက်ခြင်း၊ (ခ) အဆင့် သတ်မှတ်ထားသော လမ်းများကိုမွမ်းမံခြင်း၊ ကျန်လမ်းအပိုင်းကို ကျောက်ချောလမ်း အဖြစ်ဆောင်ရွက်ခြင်း၊ (ဃ) အဆင့် သတ်မှတ်ထားသော ကျေးရွာချင်းဆက်လမ်းများကို အမာခံလမ်းအဆင့်သို့ မြှင့်တင်ခြင်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပဲခူးမြို့မှ ၂ မိုင်၊ ရန်ကုန်မြို့မှ ၅၀ မိုင်အကွာ ပဲခူးမြို့၊ ကျောက်တိုင်ကန် ကျေးရွာတွင် တည်ရှိသည့် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ခြင်း လုပ်ငန်းကို ကိုးရီးယားနိုင်ငံ အင်ချွန်းကုမ္ပဏီနှင့် ဆောက်လုပ်ရန် ရည်မှန်းထားသော်လည်း လက်ရှိအခြေအနေမှာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းနေဆဲဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ၊ မြန်မာ့မီးရထားမှ ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ခြင်း စီမံကိန်းအတွက် ကျပ် ၂၈.၈၇၅ သန်း၊ ကွန်ကရစ်ဧလီဖားတုံးစက်ရုံများတည်ဆောက်ခြင်း(ညောင်လေးပင်၊ဥသျစ်ပင်) အတွက် ကျပ် ၉.၇၃၂ သန်း၊ဧလီဖားတုံးထုတ်လုပ်ခြင်းလုပ်ငန်းအတွက်ကျပ် ၁,၅၆၀.၆၃၇ သန်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း ဆက်သွယ်ရေးအချက်ပြ အဆင့်မြှင့်စီမံကိန်းအတွက် အချက်ပြပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁၄၀၊ ခပေါင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂,၅၀၀၊ တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအနေဖြင့် အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျပ် ၄၈.၅၆ သန်း၊ နေအိမ်အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ကျပ် ၈၀.၈၇၅ သန်း၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ကျပ်

သန်း ၁၅၀၊ ရန်ကုန်-မန္တလေးလမ်း အဆင့်မြှင့်တင်ခြင်းအတွက် ကျပ် သန်း ၁,၁၅၀၊ ရန်ကုန်-ပြည် ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ကျပ် ၂၇၄ သန်း၊ အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအနေဖြင့် တံတားကြီး/တံတားငယ်များ ပြန်လည် မွမ်းမံခြင်းလုပ်ငန်းအတွက်ကျပ် ၁၆.၂၉ သန်း တို့ကို ပြည်ထောင်စု ဘက်ဂျက်ဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ဂ) **လျှပ်စစ်**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း JICA အကူအညီဖြင့် ကျောက်ကြီးမြို့နယ်တွင် ၁၁ ကေဗွီလိုင်း ၇ မိုင်၊ ၄၀၀ ဗို့လိုင်း ၃.၈ မိုင် ၊ သာဂရမြို့ တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံ ၁ ရုံ၊ ၃၃ ကေဗွီလိုင်း ၀.၅၆ မိုင် ၁၁ ကေဗွီ လိုင်း ၀.၃၈ မိုင်၊ ၄၀၀ ဗို့လိုင်း ၂.၉ မိုင်၊ ထန်းတပင်မြို့တွင် ၁၁ ကေဗွီလိုင်း ၁၁ မိုင်၊ ၄၀၀ ဗို့လိုင်း ၄ မိုင် တို့ကို တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများအတွက် ဥသျစ်ပင်-မင်းတုန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၈ မိုင် ကို ကျပ် ၅၆၁.၄ သန်း၊ ၆၆ ကေဗွီ ဥသျစ်ပင်-ကမ္မဓာတ်အားလိုင်း စီမံကိန်း ၃၅ မိုင်ကို ကျပ် ၇၄၇ သန်း၊ ဥသျစ်ပင်ဓာတ်အားခွဲရုံ စီမံကိန်းကို ကျပ် ၇၆.၂၅၄ သန်း၊ မိတ္ထီလာ-တောင်ငူ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ၁၄၆ မိုင်ကို ကျပ် ၄,၄၃၂.၆၈ သန်း၊ ဥသျစ်ပင်-တောင်ကုတ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၅၅ မိုင်ကို ကျပ် ၁,၀၅၆.၀၄၂သန်း၊ ဖြူး ဓာတ်အားပေးစက်ရုံ အဝင်အထွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်းကို ကျပ် ၄၄.၇၅၆ သန်း၊ တောင်တွင်းကြီး- ရွှေတောင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၁၀၀ မိုင်ကို ကျပ် ၄၅၀ သန်း တို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ဥဿာမြို့သစ် 33/11 ကေဗွီခွဲရုံ ဝင်းခြံစည်းရိုးကာရံခြင်းကျပ် ၂၇.၆ သန်း၊ ပေါက်ခေါင်း 33/11 ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံဝင်း ခြံစည်းရိုးကာရံခြင်း ကျပ် ၃၃.၂၅၈ သန်း၊ နတ်တလင်း 33/11 ကေဗွီ ၃ အမ်ဗွီအေ ခွဲရုံဝင်းခြံစည်းရိုးကာရံခြင်း ကျပ် ၁၁.၀၄၀ သန်း၊ ပြည်မြို့အင်/ယာ ရုံးဝင်း ခြံစည်းရိုးကာရံခြင်း ကျပ် ၁၀.၀၅၁ သန်း၊ ဥဿာမြို့သစ် ခွဲရုံဝင်း နှင့် နတ်တလင်း 33/11 ကေဗွီ ၃ အမ်ဗွီအေ ခွဲရုံဝင်းအတွင်း အဝီစီတွင်းတူးခြင်း အတွက် ကျပ် ၁၀ သန်း၊ သနပ်ပင်ခွဲရုံဝင်း ၁၀၅ ပေ ကျောက်စီ မြေကာနံရံ ပြုလုပ်ခြင်းအတွက် ကျပ် ၅.၇၅ သန်း တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

စက်ကိရိယာတန်ဆာပလာများ ဝယ်ယူခြင်းအတွက် ကျွဲပွဲမြို့ခင်ကြီးရပ်ကွက် ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေခွဲရုံနှင့် ၃၃ ကေဗွီလိုင်း ၅၀၀ ပေအတွက် ကျပ် ၃၅၁.၈၃၃ သန်း၊ တောင်ငူမြို့ ၁၉ ၇ပ်ကွက်၊ မြို့ကြီးလမ်းနှင့် သိမ်ဦးလမ်းထောင့်တွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေခွဲရုံနှင့် ၄၀၀ဗို့လိုင်း ၂,၀၀၀ ပေအတွက် ကျပ် ၂၄.၅၂၃သန်း၊ မင်းလှမြို့မှ စစ်ကွင်းသို့ ၃၃ ကေဗွီလိုင်း ၁၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ ၃ အမ်ဗွီအေခွဲရုံ အတွက် ကျပ် ၆၂၃.၇၄၀ သန်း၊ မိုးညှိမြို့နယ်တွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံ တည်ဆောက်ခြင်း အတွက် ကျပ် ၅၁.၂၈၇ သန်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၆၆၈.၁၄၁ သန်းဖြင့် အောက်ပါလုပ်ငန်းများ အပါအဝင် လုပ်ငန်း ပေါင်း ၁၆ ခု ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ပဲခူးခရိုင်၊ ဥဿာမြို့သစ်တွင် ၁၁ ကေဗွီလိုင်း ၁၅ မိုင် တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ် ၃၂၀.၇၇၅ သန်း၊

(ခ) ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာတွင် ၁၁ ကေဗွီလိုင်းတွင် တိုင် ၆၈ တိုင် ကို ကျပ် ၁၉.၇၂ သန်း၊

(ဂ) ပြည်မြို့လမ်းရှည်လမ်းနှင့် တစ်လမ်းမောင်းလမ်းဆုံတွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ ခုနှင့် ကေဗွီလိုင်း ၁,၃၀၀ ပေ တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ် ၁၉.၈၆၆ သန်း၊

(ဃ) ပေါင်းတည်မြို့၊ အမှတ် ၉၃ သစ်စက် အခြားဌာနပိုင် ၅၅၀ ကေဗွီအေ၊ Tr; မှ မာတ်အားသုံးစွဲသူများ သီးခြားသုံးစွဲရန် မင်းကွက် ၃ ရပ်ကွက်တွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ ခုနှင့် ၁၁ကေဗွီလိုင်း ၁,၀၂၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၁၈.၅၈၃ သန်း၊

(င) ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှေ့ ၁၁/၀.၄ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ ခု တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၁၄.၅၂ သန်း၊

(စ) ဥသျစ်ပင်၊ ဗို့အားကျဆင်းနေသော ရေပုလဲရွာထိပ်တွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ ခုနှင့် ကေဗွီလိုင်း ၂,၀၀၀ ပေ၊ ၄၀၀ ဗို့လိုင်း ၂,၀၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၃၄.၆၅၆ သန်း၊

(ဆ) အင်းမမြို့ ဆေးရုံရှေ့ ၁၆၀ ကေဗွီအေ Tr; Full load ဖြစ်နေ၍ ရဲစခန်းနှင့် ဆေးရုံကြားတွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ခွဲရုံ ၁ ခုနှင့် ကေဗွီလိုင်း ၂,၀၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၂၂.၆၄၇ သန်း၊

တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အစားထိုးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၅၈၈.၂၄၂ သန်းဖြင့် အောက်ပါလုပ်ငန်းများ အပါအဝင် လုပ်ငန်းပေါင်း ၂၆ ခုကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) အင်းတကော်မြို့ ၁၁ ကေဗွီ (သာယာအေး+၁၀၅) ဖီဒါ ၈ မိုင်ရှိ ACSR 35 mm^2 အား ACSR 95 mm^2 ဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို ကျပ် ၁၀၁.၆၉၆ သန်း၊

(ခ) အင်းမမြို့ကြို့ကုန်းရပ်ကွက်ကွန်ကရစ်တိုင်၊သံလက်တန်း HD BC No 4 ဖြင့် လှယ်ခြင်းကို ကျပ် ၁၉.၅၆၅ သန်း၊

(ဂ) ပုတီးကုန်း၊ ဇေယျာမြေ လမ်းမတော်ရှိ 3(5) WHBC No 4 ဖြင့်လဲလှယ်ခြင်း ၃,၀၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ် ၁၂.၅၁၇ သန်း ၊

(ဃ) ဆင်မြီးဆွဲမြို့၊ မြို့မတွင် ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် ၅၅ တိုင် လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၁၂.၇၆ သန်း၊

(င) မှတ်တိုင်မြို့၊ မှတ်တိုင်-ပေါက်တော ၁၁ ကေဗွီလိုင်းရှိ ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် ၇၇ တိုင်လှယ်ခြင်းလုပ်ငန်းကို ကျပ် ၂၂.၃၃၁ သန်း၊

(စ) သုံးဆယ်မြို့၊ ထန်းပင်ကုန်းရပ်ကွက်တွင် ကွန်ကရစ်တိုင် ၂၃ တိုင်နှင့် HDBC No 4 ဖြင့် ၁၅,၂၀၀ ပေ လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၉၂.၃၇၃ သန်း၊

(ဆ) အေးမြသာယာမြို့၊ အမှတ် ၉ ရပ်ကွက်တွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီ Tr;ဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၁၄.၃၉၁ သန်း၊

(ဇ) ကြို့ပင်ကောက်မြို့စက်တိုင်ကုန်း ၄ တိုင်စင်မှ ခုနစ်ရွာတွင် ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် ၆၈ တိုင်နှင့် ACSR 25 mm ဖြင့် ၂.၅ မိုင် လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၅၁.၅၀၀ သန်း၊

(ဈ) ဇီးကုန်းမြို့ ၄၀၀ ဗို့လိုင်း ၂.၆ မိုင်တွင် ကွန်ကရစ်တိုင်၊ သံလက်တန်းဖြင့် လဲလှယ်ခြင်းလုပ်ငန်းကို ကျပ် ၂၆.၄၄၈ သန်း အပါအဝင် လုပ်ငန်းပေါင်း ၄၂ ခုကို စက်ပစ္စည်းများအတွက် စုစုပေါင်း ကျပ် ၁,၂၅၆.၃၈၃ သန်း ဖြင့် တိုင်းဒေသကြီးဘတ်ဂျက်နှင့် ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် UMTS/LTE မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းနှင့် See Me We 5 ရေအောက် ကေဘယ်လ် စနစ်သွယ်တန်းခြင်းလုပ်ငန်းများ၊ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်း၊ ကွန်ပျူတာလုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း၊ အဝေးဆက်သွယ်ရေးလုပ်ငန်းနှင့် သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ပစ္စည်းဌာနတို့အတွက် ပြည်ထောင်စု ဘတ်ဂျက် ကျပ် ၃၅၂.၉၀၈ သန်းဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် UMTS/LTE မိုဘိုင်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းကိုကျပ် ၉,၇၀၆.၆၄၄ သန်း၊ စာတိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်း၊ အဝေးဆက်သွယ်ရေးလုပ်ငန်းနှင့် သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ကွန်ပျူတာလုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း၊ ပစ္စည်းဌာနတို့အတွက်ကျပ် ၁၇၀.၇၄၄ သန်း၊ ဖိုင်ဘာဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း စသည်တို့ကို ပြည်ထောင်စု ဘတ်ဂျက် ကျပ် ၆,၁၁၅.၅၀၀ သန်းဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

အခြေခံပညာကဏ္ဍတွင် အခြေခံပညာဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပဲခူး(အရှေ့)၌ ကျောင်း ၉၁ ကျောင်း အသစ်တည်ဆောက်ရန်အတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၄,၂၁၂ သန်းဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ပဲခူး(အနောက်)တွင် ကျောင်း ၈၂ ကျောင်း အသစ်တည်ဆောက်ရန်အတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၂,၈၃၅ သန်းဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

တောင်ငူတက္ကသိုလ် ၃ ထပ် ပင်မဆောင် တည်ဆောက်ခြင်းကို ပြည်ထောင်စု ဘတ်ဂျက် ကျပ် ၃,၁၇၆ သန်းဖြင့်လည်းကောင်း၊ ပဲခူးတက္ကသိုလ်၊ တောင်ငူ တက္ကသိုလ်နှင့် ပြည်တက္ကသိုလ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စု ဘတ်ဂျက် ကျပ် ၅,၂၀၀.၄၁၅ သန်းတို့ဖြင့် ကုန်ကျ ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

တောင်ငူပညာရေးကောလိပ်တွင် ကျောင်းအုပ်ကြီး၊ ဒု-ကျောင်းအုပ်နေအိမ် ဆောက်လုပ်ခြင်းနှင့် ကျောင်းပတ်လည် ခြံစည်းရိုးကာရံခြင်း၊ ကျောင်းဆောက်လုပ်မည့် မြေဧရိယာအား မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများအတွက် ကျပ်သန်း ၂၄၈.၅၁၅ သန်း၊

တောင်ငူပညာရေးကောလိပ် ၂ ထပ် ပင်မစာသင်ဆောင်၊ ၂ ထပ်အိပ်ဆောင်၊ စားသောက်ဆိုင် နှင့် စားဖိုဆောင်၊ Assembly Hall၊ ဌာနမှူးရုံးခန်းနှင့် Parking တည်ဆောက်ခြင်းများကို ဂျပန်နိုင်ငံ အထောက်အပံ့ နှင့် ကျပ် ၁၃,၈၃၇.၆၀၀ သန်းဖြင့် ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ နှင့် ကောလိပ်ပြင်ပတွင် လျှပ်စစ်သွယ်တန်းခြင်း တို့အတွက် ကျပ် ၉၈.၃၇ သန်း၊ အခြားလုပ်ငန်းဆောင်ရွက်ရန် ၄၁.၁၉ ဧက မြေဝယ်ယူခြင်းအတွက် ကျပ် ၈၂.၃၈ သန်း စသည်တို့ကို ပြည်ထောင်စု ဘတ်ဂျက်ဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

ပြည်နည်းပညာတက္ကသိုလ် သံကူကွန်ကရစ် အလုပ်ရုံ ဆောက်လုပ်ခြင်းကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၃၄.၀၀၈သန်းဖြင့် ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဖြူးမြို့ ပြည်သူ့ဆေးရုံအား အကြီးစားမွမ်းမံခြင်းအတွက် ကျပ်သန်း၁၀၀၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက် တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း အတွက် ကျပ်သန်း၈၀၊ ပြည်မြို့၊ ပေါင်းတလည်တိုက်နယ်ဆေးရုံတွင် သူနာပြုနေအိမ်ဆောက်လုပ်ခြင်းအတွက် ကျပ် သန်း ၆၀ ၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာ တိုက်နယ်ဆေးရုံ လူနာဆောင် ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀၊ ပန်းတောင်းဆေးရုံတွင် လူနာဆောင်နှင့် ဝန်ထမ်းနေအိမ် ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၈၀၊ သာယာဝတီခရိုင် နတ္တလင်းနှင့် ဇီးကုန်းမြို့တို့တွင် ပြည်သူ့ဆေးရုံကြီး ၂ ထပ် လူနာဆောင် ဆောက်လုပ်ခြင်းကို ကျပ်သန်း ၉၅၀ ဖြင့် ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပဲခူးမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းကို ကျပ် ၈၈၁.၆ သန်း၊ ရေတာရှည်မြို့၊ ဖြူးမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းကို ကျပ်သန်း ၁၀၈၀၊ ရွှေကျင် တိုင်းရင်းဆေးကုဌာန ဆောက်လုပ်ခြင်းကို ကျပ်သန်း၂၀၊ တောင်ငူခရိုင် ဦးစီးမှူးရုံး ဆောက်လုပ်ခြင်းကို ကျပ်သန်း ၁၀၀၊ ပြည်မြို့တွင် ၂၅ ခုတင်ဆံ့တိုင်းရင်းဆေးရုံ တိုးချဲ့ ဆောက်လုပ်ခြင်း အတွက် ကျပ်သန်း ၅၃၀ ၊ ပဲခူးမြို့ဝန်ထမ်းအိမ်ရာ နှင့် ဆေးသိုလှောင်ရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၂၀၀ စသည်ဖြင့် တည်ဆောက်ရန် ရည်မှန်းထား ပါသည်။

ပန်းတောင်းမြို့ ခတ္တိယကျေးရွာ၊ ဥသျစ်ပင် ကျေးရွာနှင့် စွယ်တော်ကျေးရွာ တို့တွင်ကျေးလက်ကျန်းမာရေးဌာနခွဲ ၃ ခု တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀၊ ညောင်လေးပင်မြို့ ကျောင်းရွာနှင့် ပန်းတင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ခြင်း၊ ပြည်သူ့ဆေးရုံကြီး လူနာဆောင် ဆောက်လုပ်ခြင်းအတွက် ကျပ် သန်း ၃၀၀၊ မင်းလှမြို့၊ စမ်းတောင်ကွေ့ ကျေးရွာနှင့် ရှားတောကွင်းကျေးရွာ၊ အုတ်တွင်းမြို့၊ အုန်းပင်ကျေးရွာတို့တွင်ကျေးလက်ကျန်းမာရေး ဌာနခွဲဆောက်လုပ် ခြင်း အတွက် ကျပ် ၇၅ သန်း ၊ သနပ္ပင်မြို့၊ မင်းရွာနှင့် ကုလားချောင်းကြီး ကျေးရွာတို့တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၂၀၀၊ သနပ္ပင်မြို့ ပြည်သူ့ဆေးရုံ အကြီးစားမွမ်းမံ ပြင်ဆင်ခြင်းကို ကျပ်သန်း ၁၀၀၊ အုတ်ဖိုမြို့ကိုင်းကြီး ၁၆ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀၊ အုတ်တွင်းမြို့ သရက်ကုန်းကျေးရွာ၊ နတ်စင်ကုန်းကျေးရွာနှင့် ညောင်ခြေထောက်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းကို ကျပ်သန်း ၁၁၀၊ သာယာဝတီမြို့ သရက်ကုန်းကျေးရွာနှင့် သစ်ရာကုန်း ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းကို ကျပ်သန်း ၅၀၊ အုတ်ဖိုမြို့ ထူးကုန်းကျေးရွာ၊ ကန်သာယာ ကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာနှင့် ဘလားကျေးရွာ၊ သဖန်းပင်ဆိပ်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်း၊ အုတ်ဖိုမြို့ဆေးရုံ၊ လ/ထဆရာဝန်နှင့် သူနာပြုများအတွက် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ် ၂၀၈ သန်း၊ ကျောက်တံခါးမြို့၊ မြို့ချောင်းကျေးရွာ၊ ပဲနွယ်ကုန်းကျေးရွာတို့တွင် ၁၆ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ခြင်း၊ တောကျွဲအင်းကျေးရွာတွင် တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ မြို့ချောင်းကျေးရွာနှင့် မှန်တန်းကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ် ၃၇၅ သန်း၊ ရွှေကျင်မြို့ ပဒဲကောကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀၊ ပေါင်းတည်မြို့ ကျောင်းကုန်းကျေးရွာနှင့် ရေဆည်ကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ် သန်း ၆၀၊ တောင်ငူမြို့ စပါးကြွယ်ကျေးရွာ၊ ကံရိုးကျေးရွာ၊ မဟာင်ကျေးရွာ၊ မြို့ကြီးနှင့် မြို့သစ်ကျေးရွာတို့တွင် ကျေးလက် ကျန်းမာရေး ဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ် ၁၂၅ သန်း၊ ဖြူးမြို့ ရေလျှံကြီး ကျေးရွာနှင့် ခင်တန်းကြီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ် သန်း ၅၀ ၊ ဖြူးမြို့ ဝဲကြီးကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက် ခြင်း အတွက် ကျပ်သန်း ၁၀၀၊ မိုးညှဉ်မြို့ ထိန်တောကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်

ဆေးရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀၊ ထန်းတပင်မြို့ မြို့စိုးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀၊ ပေါက်ခေါင်းမြို့၊ အလယ်ရွာနှင့်လေသာဆောင်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၈၀၊ ပြည်မြို့၊ ဆီဆုံကုန်းကျေးရွာနှင့် သဲကုန်းမြို့ ရွာသာယာကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀၊ နတ္တလင်းမြို့၊ ကွင်းကျယ်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း အတွက် ကျပ်သန်း ၁၀၀၊ ကျောက်တံခါးမြို့နှင့် ပေါင်းတည်မြို့တို့တွင် ဆေးရုံဝန်ထမ်း အိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၁၄၀၊ ပေါက်ခေါင်းမြို့နယ် ကံကျင်းကျေးရွာ တွင် ၁၆ ခုတင်ဆံ့ ဆေးရုံ ဆောက်လုပ်ခြင်းအတွက် ကျပ် သန်း ၁၀၀ စသည် တို့အား ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

ကြို့ပင်ကောက်မြို့ ၂၅ ခုတင်ဆံ့ ဆေးရုံလူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၇၀၀၊ ပြည်မြို့ ခုတင် ၂၀၀ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၃၀၀၊ ရွှေကျင်မြို့ ခုတင် ၁၀၀ ဆေးရုံတွင် လူနာဆောင်နှင့် ဆက်စပ်လုပ်ငန်းအတွက် ကျပ် ၁၃၂ သန်း၊ ပဲခူးခုတင် ၂၀၀ ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ် ၅ သန်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးရုံးတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ်သန်း ၅၀ စသည်တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၃,၆၈၀ ဖြင့် ဝေါမြို့ ဖိုးဦးစိန်ကျေးရွာ၊ ကဝမြို့ ဝဲပဒန်ကျေးရွာနှင့် သပြေကန်ကျေးရွာ၊ လက်ပံတန်းမြို့ ဇီးဖြူကုန်းကျေးရွာ၊ ပဲခူးမြို့ ဘုရားကလေးကျေးရွာ ၊ အုတ်တွင်းမြို့ ကျွဲပွဲကျေးရွာနှင့် ရေတာရှည်မြို့ ရေနီကျေးရွာ၊ မိုးညှိမြို့ဆင်မနိုင်ကျေးရွာနှင့် မင်းလှမြို့ စစ်ကွင်းကျေးရွာတို့တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၃၃၀ ဖြင့် ထန်းတပင်မြို့ ခုတင် ၅၀ ဆံ့ဆေးရုံတွင် လူနာဆောင် ဆောက်ခြင်း၊ ကျောက်ကြီးမြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံအား ၅၀ ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ခြင်း၊ ညောင်လေးပင်မြို့တွင် ၂၅ ခုတင်ဆံ့ဆေးရုံ၊ ဝန်ထမ်းအိမ်ရာဆောက်ခြင်းအတွက် ကျပ်သန်း ၂၀၀၊ ပြည်ထောင်စုဘတ်ဂျက် ကျပ် ၃၈၅ သန်း ဖြင့် အုတ်ဖိုမြို့ တပ်ဆွဲကျေးရွာ၊ ရွှေတောင်မြို့ ဝါးတောကျေးရွာ၊ မင်းလှမြို့ ရေကျော်ကျေးရွာနှင့် စိန်ကန့်လန့်ကျေးရွာ၊ ဝေါမြို့၊ ကော့ဝင်းကျေးရွာနှင့် နောက်ပတ္တရာကျေးရွာ၊ အုတ်တွင်းမြို့ ဝါးတီးကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာန တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် သားဖွားသင်တန်းကျောင်း(ပဲခူး) မွမ်းမံခြင်း၊ သူနာပြု/သားဖွားသင်တန်းကျောင်း(ပြည်) အဆင့်မြှင့်မွမ်းမံခြင်း၊ သူနာပြု သင်တန်းကျောင်း(တောင်ငူ) အဆင့်မြှင့်မွမ်းမံခြင်း၊ ခရိုင်ဦးစီးရုံး ၁ ခု တိုးချဲ့တည်ဆောက်ခြင်း၊ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ တည်ဆောက်ခြင်း၊ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၈ ရုံ တည်ဆောက်ခြင်း၊ တိုင်းရင်းဆေးကုဌာန ၁၄ ခု တည်ဆောက်ခြင်း၊ ဆေးရုံသုံး ကိရိယာနှင့် အထောက်အကူပစ္စည်းဖြည့်စွက်ခြင်း၊ ဆေးရုံ/ဆေးခန်းတိုးချဲ့ခြင်း၊ အကြီးစားမွမ်းမံခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၁၃,၇၈၁.၈၂၁ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၅။ ကဏ္ဍအချင်းချင်းချိတ်ဆက် အကောင်အထည်ဖော်မှု

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေး

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖြည့်စွက်လုပ်ငန်း စီမံကိန်းများ၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မွမ်းမံခြင်းလုပ်ငန်းအတွက် ကျပ် ၆၀၂.၀၂၇ သန်း၊ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်းများ၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မွမ်းမံခြင်းလုပ်ငန်းအတွက် ကျပ် ၁,၈၇၁.၁၃၂ သန်း၊ ကျေးလက်လမ်း၊ တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းအတွက် ကျပ် ၅၀၅.၀၅၁ သန်း၊ လုပ်ငန်းသစ် စီမံကိန်းများတွင် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် ကျပ် ၁၉,၁၂၆.၀၃၉ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျေးရွာများအား ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရေးအတွက် ပဲခူးတိုင်းဒေသကြီးတွင် ကျပ် ၁,၉၃၈.၇၇၀ သန်း၊ ကျေးရွာများတွင် အများသုံးနှင့် မိသားစုသုံး ယင်လုံအိမ်သာလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကျပ် ၁၄၈.၇၀၀ သန်း၊ ကျေးလက်မီးလင်းရေးအတွက် ကျပ် ၄,၉၃၇.၁၆၀ သန်း၊ ကျေးလက်အိမ်ယာ တည်ဆောက်ခြင်းအတွက် ကျပ် ၂၆၇ သန်း၊ လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုတွင် အခြားလုပ်ငန်းများအတွက် ကျပ် ၇၄ သန်း တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

(ခ) ရေရရှိရေးလုပ်ငန်း

မြို့ပြရေပေးရေးတွင် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ ရေကန်အဆင့်မြှင့်ခြင်းနှင့်အခြားလုပ်ငန်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၆၂ ခု၊ ၂၀၁၂-၂၀၁၃

ဘဏ္ဍာနှစ် တွင် ၅၂ ခု ဆောင်ရွက်ရန် ရည်မှန်းခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၃ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၇၀ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၀ ခုတို့အား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တွင်းတိမ်၊ တွင်းနက်၊ အခြားစုစုပေါင်း ၁၄ ခုကိုကျပ် ၃၅၈.၇၄ သန်း ပြည်ထောင်စုဘတ်ဂျက် ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ပအကူအညီထောက်ပံ့ငွေ ကျပ် ၁၃၁ သန်း ဖြင့် ကဝမြို့နယ် ၉ ခု၊ ဝေါမြို့နယ် ၁၄ ခု၊ သနပွင်မြို့နယ် ၂၃ ခု၊ ပန်းတောင်းမြို့နယ် ၆ ခု၊ မိုးညှိမြို့နယ် ၂၅ ခုတို့ တွင် လည်းကောင်း၊ပဲခူးမြို့နှင့်ပြည်မြို့တို့တွင် ကျပ် ၂,၃၁၀ သန်း တန်ဖိုးရှိ ရေပေးဝေရေးလုပ်ငန်းအား ပြည်ပချေးငွေဖြင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့ပြရေပေးရေးအတွက် ပဲခူးတိုင်းဒေသကြီး အတွင်း စည်ပင်သာယာရေးအဖွဲ့အနေဖြင့် နိုင်ငံတော် အထောက်အပံ့ဖြင့် ၁၄ ခု၊ ပြည်ပ အထောက်အပံ့ဖြင့် ၃၆၂ ခုကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် တွင်းတိမ်၊ တွင်းနက် ၃၀၉ ခုအား ပြည်ပအကူအညီအထောက်အပံ့ရယူကာ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) ဆည်ရေရရှိမှု

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများဖြစ်သည့် ပဲခူးခရိုင်အတွင်းရှိ တာတမံများ တောင့်တင်း ခိုင်မာ အောင် ပြန်လည်မွမ်းမံခြင်းလုပ်ငန်း၊ ပဲခူးမြစ်အတွင်း ရေစီးရေလာ အဟန့်အတား ဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊ မြစ်မခမြစ် အနောက်ဘက် ကမ်းပတ်တာ အတွင်း ရေတံခါး၊ ရေနုတ်မြောင်းတည်ဆောက်ခြင်း၊ မြောက်နဝင်း တူးမြောင်း ခေတ်မီ ပြန်လည်မွမ်းမံခြင်းတို့ကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၉,၅၉၄.၄၄ သိန်းဖြင့် သုံးစွဲ ဆောင်ရွက်ရန် ရည်မှန်းခဲ့ပြီး လုပ်ငန်းစီမံကိန်းသစ်များ ဖြစ်သည့် မှန်ပင်ကန် ရေလွှဲဆည် တည်ဆောက်ခြင်း၊ ပဲခူးခရိုင်အတွင်းရှိ ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေး အတွက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပိုင်ကျုံရေတံခါး US Flat Gate တည်ဆောက် ခြင်း၊ ကရင်ချောင်းတူးဖော်ခြင်း၊ ကမာနတ်ချောင်းတူးဖော်ခြင်း၊ မြောက်လွတ်ကုန်း ကျေးရွာ အုပ်စု အင်းဝင်ကြီး လယ်သမားတာ ပြုပြင်ခြင်း၊ ပဲခူး-စစ်တောင်း တူးမြောင်း ပြန်လည်တူးဖော်ခြင်း၊ တောင်ငူခရိုင်အတွင်း စစ်တောင်းမြစ်ရေ ဝင်ရောက်မှုကြောင့်

ရေလွှမ်းမိုးမှု ကာကွယ်ရေး လုပ်ငန်းတို့ကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၈၁,၅၆၆.၈၆ သိန်းဖြင့် သုံးစွဲဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဖြူးချောင်း ရေလှောင်တမံစီမံကိန်းအတွက် ကျပ်သန်း ၁၃,၀၀၀၊ ဓောင်းတူစွန်ပိရေသွယ်မြောင်းစီမံကိန်းလုပ်ငန်းအတွက် ကျပ်သန်း ၁,၀၀၀၊ ရဲနွယ်ရေလှောင်တမံစီမံကိန်းအတွက်ကျပ်သန်း ၂,၀၀၀၊ ကွန်းချောင်း ရေလွှဲဆည်နှင့် ရေသောက်စနစ်စီမံကိန်းအတွက်ကျပ်သန်း ၂,၀၀၀၊ မြောက်နဝင်းတူးမြောင်း ခေတ်မီပြန်လည်မွမ်းမံခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၅၀၀၊ တောင်နဝင်းတူးမြောင်း ခေတ်မီပြန်လည်မွမ်းမံခြင်းလုပ်ငန်းအတွက်ကျပ်သန်း ၅၀၀၊ သုံးဆယ်ရေလှောင်တမံ စီမံကိန်း(ရေသောက်စနစ်)အတွက် ကျပ်သန်း ၇၅၀၊ မုကွာ ရေလှောင်တမံ စီမံကိန်း အတွက် ကျပ်သန်း ၁,၅၀၀၊ ပဂိုင်တာရေသွင်းတံခါး စီမံကိန်း အတွက် ကျပ်သန်း ၃၀၀၊ စစ်တောင်းမြစ်ဝှမ်း ပြွန်တန်ဆာလွင်ပြင်၊ ပဲခူး၊ သနပ်ပင်၊ ကဝနှစ်စဉ်ရေလွှမ်းမိုးမှုမှ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းစီမံကိန်းအတွက် ကျပ်သန်း ၂,၀၀၀၊ ဆည်မြောင်း ပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန (နည်းပညာပူးပေါင်း ဆောင်ရွက်မှု)လုပ်ငန်းအတွက် ကျပ်သန်း ၃၀၀၊မြစ်မခမြစ်အနောက်ဖက် ကမ်းပတ်တာ အတွင်း ရေတံခါး ရေနုတ်မြောင်း တည်ဆောက်ခြင်း စီမံကိန်းအတွက် ကျပ်သန်း ၃၀၀၊ ပဲခူးတိုင်းဒေသကြီး အတွင်း ရေကြီးနစ်မြုပ်မှု လျော့ပါးရေးလုပ်ငန်းများအတွက် ကျပ်သန်း ၃,၅၀၀၊ တောင်ညီဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁,၀၀၀၊ ဝဲကြီးဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀၊ ခပေါင်း ရေလှောင်တမံ စီမံကိန်းအတွက် ကျပ်သန်း ၂,၈၀၀၊ ကုက္ကိုလ် ရေထိန်း တံခါး တည်ဆောက်ခြင်းအတွက် ကျပ် ၁၀ သန်း၊ ဘုန်းမဆိုး ရေထိန်းတံခါး တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၁၀၀ တို့ကို ပြည်ထောင်စု ဘက်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပြည်မြို့နယ်တွင်ဝါးရုံဆိပ်ဆည်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကိုကျပ် ၁၈၅ သန်း၊ အင်းယားဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ကျပ်သန်း ၁၉၀၊ ထန်းတပင် မြို့နယ်တွင် ဘုမ္မတီးချောင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းအတွက် ကျပ် ၄၁ သန်းတို့ကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့်လည်းကောင်း၊ ပဲခူး-စစ်တောင်းတူးမြောင်း အရှည်ပေ ၅,၀၀၀ တာပုံစံကျ ပြုပြင်ခြင်းတို့ကို ဂျပန်ချေးငွေ ယန်း ၁၄.၉ သန်းဖြင့် လည်းကောင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပဲခူးခရိုင်ရေကြီးနစ်မြုပ်မှု လျော့ပါးစေရေး အတွက် ပဲခူး-စစ်တောင်း တူးမြောင်း ပြန်လည်တူးဖော်ခြင်းနှင့် တာပုံစံကျ ပြုပြင်ခြင်း၊ ၀/၀ မှ ၃၇/၇ လုပ်ငန်းကို ကျပ် ၂,၃၃၁.၅၃၅ သန်း၊ ကုက္ကိုလ်ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ်သန်း ၃,၉၀၀၊ ဘုန်းမဆိုးရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ်သန်း ၂,၇၀၀၊ မုက္ခမူရေထိန်းတံခါး တည်ဆောက် ခြင်း လုပ်ငန်းကို ကျပ်သန်း ၃၄၀၊ ဝေါ၊ သနပွင်မြို့နယ်များတွင် စစ်တောင်းမြစ် ရေလမ်းကြောင်းဖြောင့် တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ဘတ်ဂျက် ကျပ်သန်း ၅,၀၇၀ ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) လမ်းပန်းဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဒိုက်ဦး-စစ်တောင်းလမ်းကို ပြည်ပချေးငွေ ကျပ်သန်း ၄,၆၃၀ ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ရိုးမဖြတ်ကျော်လမ်း ဖြစ်သည့် ပြည်-ပေါက်ခေါင်းတောင်ငူလမ်းကို ကျပ် ၅၂၃.၉၈၃ သန်း၊ စစ်တောင်း မြစ်ကူးတံတား အမှတ် ၃ ကို ပြည်ထောင်စုဘတ်ဂျက် ကျပ် သန်း ၂,၄၃၀ ဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အင်းတကော်-ထုံးကြီး- က၀- အုန်းနဲ့လမ်းကို ကျပ် သန်း ၈၄၂.၃၄၀၊ ရိုးမဖြတ်ကျော်လမ်း ဖြစ်သည့် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းကို ကျပ် ၂,၅၆၂ သန်း၊ တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်းကို ကျပ်သန်း ၁၀၀၊ ပဲခူးမြို့ရှောင်လမ်းကို တိုင်းဒေသကြီးဘက်ဂျက် ကျပ် ၅,၇၉၇.၉၇၀ သန်းဖြင့် လည်းကောင်း၊ ဘောဂလီကြီး-မော်ချီးလမ်းကို ကျပ် ၁၅ သန်း၊ ဒိုက်ဦး-စစ်တောင်း လမ်းကို ကျပ်သန်း ၁,၀၀၀၊ လမ်းတိုးတက်ပြုပြင်ခြင်း လုပ်ငန်းများ အနေဖြင့် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းကို ကျပ်သန်း ၁,၆၀၀၊ တောင်ငူ-လိပ်သို-ယာခို-လွိုင်ကော်လမ်း ကို ကျပ်သန်း ၁,၀၀၀၊ ရန်ကုန်-မန္တလေးအမြန်လမ်းကိုကျပ်သန်း ၁၅,၇၂၂.၄၇၃ သန်း၊ ရန်ကုန်-ပြည်-မန္တလေးလမ်းကို ကျပ် သန်း ၃၀၀၊ သရက်-မင်းလှ လမ်းကို ကျပ်သန်း ၁,၀၀၀၊ မင်းလှ-ကနီ-မင်းဘူး-စလင်း-တည်ကြည်လမ်းကို ကျပ်သန်း ၁၀၀၊ ပဲခူး-သနပွင်-ခရမ်း-သုံးခွ-သန်လျင်လမ်းကို ကျပ်သန်း ၂,၀၀၀၊ ပန်းတောင်း-တောင်ကုတ်လမ်းကို ကျပ်သန်း ၅၀၀၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ် လမ်းကို ကျပ်သန်း ၁,၅၀၀၊ ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန် စီမံကိန်းကို ကျပ်သန်း ၂,၀၀၀၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းများအနေဖြင့် ခပေါင်း-မြင်းစု-ထန်းတပင်လမ်းပေါ်ရှိ

စစ်တောင်းမြစ်ကူး ၃ တည်ဆောက်ခြင်း လုပ်ငန်းကိုကျပ်သန်း ၁,၀၀၀၊ ရှမ်းတောအင်းဘုတ်ကုန်းမိုးညှိလမ်းပေါ်ရှိ ထန်းပင်ကုန်း တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျပ်သန်း ၄၅၀၊ ရွှေကျင်-မဒေါက်လမ်းပေါ်ရှိ မဒေါက်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ကျပ်သန်း ၃၀၀၊ တောင်ငူ-ကျောက်ကြီး-ရွှေကျင် လမ်းပေါ်ရှိဘောဂထ တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ်သန်း ၂၀၀၊ လုပ်ငန်းစီမံကိန်းသစ်များ အနေဖြင့် တမူး-ပုဂံမြို့တိုလမ်းပေါ်ရှိ မုန်းချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း ၂၀၀၊ ပန်းတောင်း-တောင်ကုတ်လမ်း ပေါ်ရှိ တံတားအမှတ် ၁/၂၀ အတွက် ကျပ်သန်း ၃၀၀၊ ရန်ကုန်-ပြည်-မကွေးလမ်းပေါ်ရှိ တံတားအမှတ် (၁/၁၈၅) နတ္တလင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကျပ်သန်း ၂၀၀၊ ပဲခူးမြို့ရှောင်လမ်းပေါ်ရှိ ပဲခူးမြစ်ကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းအတွက် ကျပ်သန်း ၂၀၀၊ တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပွလင်လမ်းပေါ်ရှိ ဒိုးသောင် တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၀၀၊ ကုက္ကိုလ်ဝတံတား တည်ဆောက်ခြင်း အတွက် ကျပ်သန်း ၅၀၀၊ ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၃၀၀၊ တောင်ငူ-လိပ်သို-ယာဒိ-လွိုင်ကော်-ဟိုပုန်း လမ်းပေါ်ရှိ တံတားအမှတ် (၁/၁၅၉၂) နှင့် (၂/၁၁၇) တို့ တည်ဆောက်ခြင်းအတွက် ကျပ်သန်း ၂၀၀ တို့ကို ပြည်ထောင်စုဘတ်ဂျက်ဖြင့်လည်းကောင်း တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုက်ကြီး-ဖူးကြီး-ဖောင်ကြီးလမ်းကို ကျပ် ၈၉၁ သန်း၊ ဘောနက်ကြီး - ဇောင်းတူ - တိုက်ကြီး လမ်းကို ကျပ် ၁,၆၁၄.၃ သန်း၊ အင်းတကော်- ထုံးကြီး- ကဝ- အုန်းနဲ့လမ်း ဆောင်ရွက်ခြင်းကိုကျပ် ၁,၂၄၃ သန်း၊ ရိုးမ ဖြတ်ကျော်လမ်းဖြစ်သည့် ပြည်- ပေါက်ခေါင်း- တောင်ငူလမ်းကို ကျပ် ၂၄၇.၆ သန်း စသည်တို့အား တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန်နှင့် မြစ်မခမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလယ်ကုန်း-ဖိုးခေါင် ကျေးလက်လမ်းနှင့် ဖိုးခေါင် စံရွှေး တံတား တို့ကို ဒေသဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်အရ ဦးစားပေး တည်ဆောက်ရန် ရည်မှန်းထားပါသည်။

ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း၊ မြေလမ်း စသည်ဖြင့် မြို့ပြလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၉.၃ မိုင်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ၂၇.၅၅ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ၃၅/၇.၂ မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၅/၀ မိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၂/၀ မိုင်၊ ကျေးလက်လမ်းတွင်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၇၇/၇.၈ မိုင်၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ၇၁/၀ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၅၇.၉၅ မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၆၃၆ မိုင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၇/၀ မိုင် အသီးသီး ဆောင်ရွက်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများ

ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ဆုံးရှုံးမှု နည်းသည်ထက် နည်းစေရန် ကြိုတင်မျှော်မှန်း၍ ရေတို၊ ရေရှည် စီမံချက်များဖြင့် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သဘာဝဘေးကျရောက်သည်နှင့် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဌာနအသီးသီးသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်လမ်းညွှန်မှုကို ခံယူလျက် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ လေဘေးဒဏ် ခံရလေ့ရှိသော ကဝမြို့နယ်၊ သနပ်ပင် မြို့နယ်များတွင် ရှင်သန်လွယ်ပြီး လေကာပင်များ စိုက်ပျိုးရေးကို သစ်တောဦးစီးဌာနမှ ဦးစီး၍ ပြည်သူများ ပါဝင်စိုက်ပျိုးရန် လျာထားပါသည်။ လူနေအိမ်များအပြင် စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်ပျက်စီး ဆုံးရှုံးခြင်းမှ ကာကွယ်ရန်

- ပဲခူးခရိုင်အတွင်း ရေလှောင်တမံ ၅ ခု၊ ရေလွှဲဆည် ၁ ခု၊ ရေဘေး ကာကွယ်ရေးတာ ၈ ခု၊ ရေထိန်းတံခါး ၆ ခုတို့ဖြင့် လည်းကောင်း၊
- တောင်ငူခရိုင်အတွင်း ရေလှောင်တမံ ၆ ခု၊ ရေလွှဲဆည် ၂ ခု၊ ရေဘေး ကာကွယ်ရေးတာ ၁၁ ခု၊ ရေနှုတ်မြောင်း ၃ ခု၊ ရေထိန်းတံခါး ၁ ခု တို့ဖြင့်လည်းကောင်း၊
- ပြည်ခရိုင်အတွင်း ရေလှောင်တမံ ၇ ခု၊ ရေဘေးကာကွယ်ရေးတာ ၃ ခု၊ ရေနှုတ်မြောင်း ၄ ခုတို့ဖြင့်လည်းကောင်း၊
- သာယာဝတီခရိုင်အတွင်း ရေလှောင်တမံ ၅ ခု၊ ရေဘေးကာကွယ်ရေးတာ ၁၆ ခု၊ ရေနှုတ်မြောင်း ၁၆ ခု၊ ရေတံခါး ၃၁ တို့ဖြင့်လည်းကောင်း၊
- ရေဘေးအန္တရာယ်ဖြစ်လေ့ရှိသော မြို့နယ်များတွင် ရေထိန်းကန်များတူးခြင်း၊ ရေကာတာများ၊ ရေလွှဲမြောင်းများ၊ တူးမြောင်းများ ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း ကြိုတင်ကာကွယ်မှု အစီအစဉ်များ ဆောင်ရွက်ထားရှိပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) အတွင်းဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ပဲခူးတိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ၃-၇-၅
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ပဲခူးတိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး နှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၃,၈၄၈,၈၈၀.၀ သန်းနှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၅,၇၁၅,၅၉၉.၇ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၆.၉ ရာခိုင်နှုန်း တိုးတက်မည်ဟု ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထား ချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထား ချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁)	**တိုင်းဒေသကြီးအစိုးရအဖွဲ့**	**ကျပ် ၆,၂၂၃.၄၇၈ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၄,၉၆၇.၀၉၅ သန်း
	ရုံးသုံးကိရိယာများဝယ်ယူခြင်း	ကျပ် ၁,၂၅၆.၃၈၃ သန်း
(၂)	**တိုင်းဒေသကြီးလွှတ်တော်**	**ကျပ် ၂,၉၀၄.၇၁၁ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂,၆၈၂.၄၀၁ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များဝယ်ယူခြင်း	ကျပ် ၂၂၂.၃၁၀ သန်း
(၃)	**တိုင်းဒေသကြီးဥပဒေရုံး**	**ကျပ် ၆၁၅.၁၂၂ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၆၁၃.၁၂၂ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၂.၀၀၀ သန်း

(၄)	**တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**	**ကျပ် ၂၀၈.၇၄၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂၀၂.၄၇၀ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၆.၂၇၀ သန်း
(၅)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ် ၂,၇၂၄.၄၅၁ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၁,၄၇၄.၅၃၈ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များဝယ်ယူခြင်း	ကျပ် ၁,၂၄၉.၉၁၃ သန်း
(၆)	**သမဝါယမဝန်ကြီးဌာန**	**ကျပ် ၄၃.၁၀၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂၅.၀၀၀ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၁၈.၁၀၀ သန်း
(၇)	**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ် ၂၄၁.၉၀၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂၀၄.၂၀၀ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၃၇.၇၀၀ သန်း
(၈)	**မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန**	**ကျပ် ၁၃၄.၃၅၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၉၈.၈၀၀ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၃၅.၅၅၀ သန်း
(၉)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန**	**ကျပ် ၁၃.၆၅၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၁၃.၆၅၀ သန်း
(၁၀)	**အားကစားဝန်ကြီးဌာန**	**ကျပ် ၇၉.၆၉၀ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၇၉.၆၉၀ သန်း
(၁၁)	**ဘဏ္ဍာရေးဝန်ကြီးဌာန**	**ကျပ် ၁၀၂.၂၇၃ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၇၆.၁၆၅ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၂၆.၁၀၈ သန်း
(၁၂)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**	**ကျပ် ၂၈၀.၅၄၁ သန်း**
	ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂၅၁.၆၆၁ သန်း
	ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၂၆.၃၈၀ သန်း
	အခြား	ကျပ် ၂.၅၀၀ သန်း

(၁၃) ဆောက်လုပ်ရေးဝန်ကြီးဌာန	**ကျပ် ၂၁,၇၃၇.၀၇၅ သန်း**
(၁)ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၂၁,၇၃၄.၆၇၅ သန်း
-အင်းတကော်- ထုံးကြီး-ကဝ-အုန်းနဲ့လမ်း	ကျပ် ၈၄၂.၃၄၀ သန်း
-ဘောနတ်ကြီး-ဇောင်းတူ-တိုက်ကြီးလမ်း	ကျပ် ၈၅၈.၅၀၀ သန်း
-ပဲခူး-သနပ်ပင်-ခရမ်း-သံလျင်လမ်း (သနပ်ပင်မြို့တွင်းလမ်း)	ကျပ်၁၂၆.၆၇၀သန်း
-ပဲနွယ်ကုန်း-ကျောက်ကြီးလမ်း	ကျပ် ၉၄၈.၄၅၀သန်း
-တောင်ငူ-ကျောက်ကြီး-စစ်တောင်း-မုပွလင်လမ်း	ကျပ်၂,၈၉၅.၆၈၀သန်း
-ပဲခူးမြို့ရှောင်လမ်း	ကျပ်၅,၇၉၇.၉၇၀သန်း
-ဖြူး-အုတ်ဖြတ်-မုံးလမ်း	ကျပ်၆၆၀.၇၁၅သန်း
-ခပေါင်း-ထန်းတပင်လမ်း	ကျပ်၁၂၈.၃၀၀သန်း
-ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း	ကျပ် ၂,၅၆၂.၀၀၀ သန်း
-ရေတာရှည်-ကရင်ချောင်း-လိပ်သိုလမ်း	ကျပ် ၃၂၇.၉၇၀ သန်း
-ရှမ်းတော-အင်းဘုတ်ကုန်း-မိုးညှိလမ်း	ကျပ် ၁,၁၀၆.၀၀ သန်း
-လက်ပံတန်း-ဟသ်ာတလမ်း	ကျပ် ၅၁၈.၅၀၀သန်း
-လက်ပံတန်း-တော်လသ-ထိန်တော-မိုးညှို-တာပွန်-နတ္တလင်းလမ်း	ကျပ် ၈၂၆.၈၀၀ သန်း
-ငွေးချောင်း-ဖားရွေကျော်လမ်း	ကျပ် ၈၄၆.၅၀၀ သန်း
-ဝက်ပုတ်-ပုတီးကုန်း-သဲကုန်းလမ်း	ကျပ် ၂၉၂.၀၀၀ သန်း
-ပန်းတောင်း-တောင်ကုတ်လမ်း(ဆင်တဲအတွင်းလမ်း)	ကျပ် ၁၉.၀၀၀ သန်း
-ကံမ-ပြည်လမ်း	ကျပ် ၉၉၆.၀၀၀ သန်း
-ဗိုလ်ချုပ်အောင်ဆန်းလမ်း(မိုးညှိမြို့အဝင်လမ်း)	ကျပ် ၁၇၂.၀၀၀ သန်း
-ညောင်ဇင်-မြောက်လွတ်ကုန်း-ပန်းတင်လေးလမ်း	ကျပ် ၃၂၃.၀၀၀ သန်း
-ဇီးကုန်း-သစ်နဖားလမ်း	ကျပ် ၇၈၆.၀၀၀ သန်း
-တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း	ကျပ် ၁၀၀.၀၀၀ သန်း
-အောင်မင်္ဂလာ-သရက်စိန်လမ်း	ကျပ် ၆၀၀.၂၈၀ သန်း
(၂) ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၂.၄၀၀ သန်း
(၁၄) ပြန်ကြားရေးဝန်ကြီးဌာန	**ကျပ် ၁.၂၀၀ သန်း**
ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၁.၂၀၀ သန်း
(၁၅) အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန	**ကျပ် ၀.၆၄၀ သန်း**
ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၀.၆၄၀ သန်း

(၁၆)စည်ပင်သာယာရေးအဖွဲ့	**ကျပ် ၅,၂၁၂.၂၆၂သန်း**
ဆောက်လုပ်ရေးလုပ်ငန်းများ	ကျပ် ၄,၆၃၁.၂၈၆သန်း
ရုံးသုံးကိရိယာများ၊ ပရိဘောဂများဝယ်ယူခြင်း	ကျပ် ၁၇၀.၈၀၂သန်း
အခြား	ကျပ် ၄၁၀.၁၇၄သန်း
စုစုပေါင်း	**ကျပ် ၄၀,၅၂၃.၁၈၃သန်း**

ပဲခူးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၄၅,၂၉၉.၉၅၁ သန်းဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

နိဂုံး

ပဲခူးတိုင်းဒေသကြီးသည် ပထဝီအနေအထားအရလည်းကောင်း၊ တည်နေရာအနေအထားအရလည်းကောင်း၊ စီးပွားရေးမြို့ဖြစ်သော ရန်ကုန်မြို့နှင့်မြို့တော် နေပြည်တော်တို့၏ အလယ်တွင် တည်ရှိသဖြင့် အချက်အချာကျပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများရှိခြင်း၊ ပြည်ပစီးပွားရေး လုပ်ငန်းရှင်များမှ စက်ရုံအလုပ်ရုံနှင့် လုပ်ငန်းများ ထူထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများရှိပြီးဖြစ်သဖြင့်အလုပ်အကိုင်ဖန်တီးနိုင်မှုအခွင့်အလမ်းကောင်းများ၊ဒေသဖွံ့ဖြိုးမှုအလားအလာကောင်းများ အပေါ်အခြေခံပြီး ဘက်စုံ၊ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ဦးစားပေးအစီအစဉ်များသတ်မှတ်၍ဖြစ်ပေါ်ပြောင်းလဲလာသော စီးပွားရေးအခြေအနေ အရပ်ရပ်ပေါ်မူတည်ပြီး နှစ်စဉ်စီမံကိန်းများရေးဆွဲ၍ ဒေသ၏လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေး အရှိန်အဟုန်မြင့်မားရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇယားမြစ်။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

တည်နေရာ	=	အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ၅၂မိနစ်နှင့် ၉၅ ဒီဂရီ ၅၁ မိနစ် အတွင်း၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၅၂ မိနစ် နှင့် ၂၂ ဒီဂရီ ၄၃ မိနစ် အတွင်း ၊
အကျယ်အဝန်း	=	ဧရိယာ ၁၇,၃၀၅.၃၂ (စတုရန်းမိုင်) ၁၁,၀၇၅,၄၀၅ (ဧက)
မြို့တော်	=	မကွေးမြို့
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၅,၈၉၃ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
ထူးခြားမှတ်သား	=	မကွေးမြသလွန်၊မင်းဘူးနဂါးပွက်တောင်၊ ရွှေစက်တော်ဘုရား
ခရိုင်	=	၅ ခု
မြို့နယ်	=	၂၅ မြို့နယ်
ကျေးရွာ	=	၄,၇၉၅ ရွာ
အဓိကစီးပွားရေး	=	လယ်ယာကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊တောင်ဘက် တွင် ပဲခူးတိုင်းဒေသကြီး၊

နိဒါန်း

မကွေးတိုင်းဒေသကြီးသည် လယ်ယာထုတ်ကုန် သီးနှံများဖြစ်သော ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲအမျိုးမျိုးအစရှိသည့် သီးနှံများကို အခြားဒေသများသို့ စီးပွားဖြစ် တင်ပို့ နိုင်သော အလားအလာကောင်းများ ရှိနေပါသည်။ ငါးမွေးမြူခြင်းလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်းလုပ်ငန်းများမှာလည်း အကျိုးများစွာ ဖြစ်ထွန်းနိုင်သော လုပ်ငန်းများ ဖြစ်ပါသည်။ မြေယာကို ဖော်ပြပါ လုပ်ငန်းများတွင် အသုံးပြုခြင်းအပြင် ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးအတွက် တိုင်းဒေသကြီး၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စက်မှုဇုန်များ ထူထောင်ခြင်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

လူမှုစီးပွားအခြေအနေ

မကွေးတိုင်းဒေသကြီး၏ လူမှုစီးပွားအခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး - ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှု တို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁

ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



မကွေးတိုင်းဒေသကြီး၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၇၈.၀၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၄.၆၂ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၀.၆၄ ရာခိုင်နှုန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် မူလ တန်းအဆင့်၌ ၈၁.၆၄ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၇.၀၁ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၃.၀၂ ရာခိုင်နှုန်းသို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်း ထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၂

ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ရည်မှန်းချက် (အရှင်မွေး ၁၀၀၀လျှင်)



မကွေးတိုင်းဒေသကြီး၏ ငါးနှစ်အောက် ကလေး သေဆုံးမှုနှုန်း (အရှင်မွေး ၁၀၀၀ လျှင်) သည် ၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ် တွင် ၃၁.၃၉ နှုန်း မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၂.၄၉ နှုန်း ဖြစ်ပေါ်မည်ဖြစ်ပါ သည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၈-၃

လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်းရည်မှန်းချက်



မကွေးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၆ လုံး သုံးစွဲနိုင်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၃၆ လုံးသို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၈-၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမို တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့်ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

(၁) စိုက်ပျိုးရေးထုတ်လုပ်မှု အဆင့်မီစေရန် ဆောင်ရွက်မည့်အစီအစဉ်များ

လယ်ယာကဏ္ဍသည် တိုင်းဒေသကြီး၏ စီးပွားရေးအခြေအနေတွင် ပါဝင်မှုအများဆုံး ကဏ္ဍဖြစ်ပါသည်။ စပါးအပါအဝင် အဓိကသီးနှံများ တိုးတက်စိုက်ပျိုးနိုင်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ သီးနှံအထွက်နှုန်း တိုးတက်မြင့်မားပြီး အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်ခိုင်မာရေးအတွက် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များထုတ်လုပ်ရေး၊ တောင်သူများအား သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ်များ လက်တွေ့ကျင့်သုံး စိုက်ပျိုးနိုင်စေရန် လေ့ကျင့်ပညာပေးရေး၊ အရည်အသွေး နှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ်ဖြန့်ဖြူးနိုင်ရန်နှင့် သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စသည်တို့ကို နှစ်စဉ် လုပ်ငန်းစဉ်များဖြင့် အဓိကထားပြီး ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

မြေစာရင်းဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု အဆင့်မီစေရန်အတွက် မြေကြီးမြေပုံမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ် အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း၏ လုပ်ကွက်ဧရိယာစာရင်း ကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမြေ ဧရိယာ ၄၆,၄၂၇ ဧက၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃,၃၁၆ ဧက၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၆,၃၇၀ တိုင်းတာပြီးစီးနိုင်ရန် ရည်မှန်းထားပါသည်။

(၂) ပညာပေးစံပြနမူနာပြစိုက်ကွင်း များ ထူထောင်ခြင်း

သီးနှံအရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတိုင်း လေ့ကျင့်ပညာပေးနိုင်ရန် စံပြနမူနာပြစိုက်ကွင်းများကို ဆည်ရေသောက် ဧရိယာများတွင် တစ်ကွင်းတစ်စပ်တည်း ဖော်ထုတ်၍ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ရည်မှန်းထား ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် တောင်တွင်းကြီးမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်မျိုးသန့်ခြံ၊ စိုက်ပျိုးရေး သိပ္ပံကျောင်းတို့တွင် စုစုပေါင်း ၉၂

ဧက၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ မိုးစပါးရာသီတွင် တောင်တွင်းကြီးမြို့နယ် တရုတ်ကော ကျေးရွာအုပ်စု၌ ၁၂၁ ဧကနှင့် နွေစပါးရာသီတွင် ဝက္ကသေး ကျေးရွာ အုပ်စု၌ ဧက ၁၀၀ ထပ်မံ ဖော်ထုတ်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမျိုးသန့်ခြံ၌ ၅၃ ဧက ကိုစတင်ဖော်ထုတ် ဆောင်ရွက်ခဲ့ပြီး တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအုပ်စု၌ ရန်ပယ်ဆည်ရေ သောက် ဧက ၁၀၀ ဖော်ထုတ်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူစိုက်သိပ်ခြံ ၁၄ ဧက၊ ပွင့်ဖြူမျိုးသန့်ခြံ ၅၇ ဧက၊ တောင်တွင်းကြီးတွင် မျိုးသန့်ခြံ ဧက ၁၀၀ စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူစိုက်သိပ်ခြံ ၁၄ ဧက၊ ပွင့်ဖြူမျိုးသန့်ခြံ ၅၇ ဧက၊ တောင်တွင်းကြီးတွင် မျိုးသန့်ခြံ ဧက ၁၀၀၊ မြို့သစ်မျိုးသန့်ခြံ ၂၉ ဧက စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

(၃) မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးခြင်း နှင့် မျိုးသန့်ဇုန်များ တည်ထောင် ဆောင်ရွက်ခြင်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့ ၅,၇၆၉.၅ တင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မိုးစပါး မျိုးသန့်မျိုးပွားမျိုးစေ့ ၃,၇၅၅ တင်း၊ နွေစပါး ၁,၁၁၁ တင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မျိုးသန့်မျိုးပွားမျိုးစေ့ ၃,၄၀၄ တင်း၊ ပုလဲသွယ် စပ်မျိုးစပါး ၂၁,၀၀၀ ကီလို၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မျိုးသန့်မျိုးပွား မျိုးစေ့ တင်း ၆,၄၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မျိုးသန့်မျိုးပွား မျိုးစေ့ ၃,၇၅၀ တင်း၊ ပုလဲသွယ်စပ်မျိုးစပါး ၄၉,၀၀၀ ကီလို ဖြန့်ဖြူးနိုင်ရန် ရည်မှန်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၄) ပုဂ္ဂလိကလုပ်ငန်းရှင်များမှ တောင်သူနှင့် အကျိုးတူ မျိုးစေ့ ထုတ်လုပ်ခြင်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဧက ၁,၅၀၀ ဆောင်ရွက်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မင်းဘူး၊ ပွင့်ဖြူ၊ စလင်းမြို့နယ်များ၌ မနောသုခ၊ ရတနာတိုး၊ ဆင်းသုခ၊ ပေါ်ဆန်း၊ ဧရာမင်း စပါးမျိုးများကို အကျိုးတူ ဧက၂,၄၀၀ ၊ မျိုးသန့် အကျိုးတူ ဧက ၆၀၀၊ စိုက်ပျိုးပြီး မျိုးသန့်မျိုးပွား မျိုးစေ့စပါး ၉,၀၅၉ တင်း ဖြန့်ဖြူးရန် ရည်မှန်း ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧက ၅၉၆ မျိုးစေ့ထုတ်လုပ်ပြီး မျိုးသန့်မျိုးပွား မျိုးစေ့ ၁,၇၈၈ တင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၄,၀၀၀ မျိုးစေ့ထုတ်လုပ်ပြီး မျိုးသန့် မျိုးပွားမျိုးစေ့ တင်း ၁၁,၁၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက

၅,၇၀၀ စိုက်ပျိုးပြီး မျိုးသန့်မျိုးပွားမျိုးစေ့ တင်း ၁၆,၂၀၀ ကို ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းထားပါသည်။

(၅) မျိုးစေ့ဘဏ်များတည်ထောင်ဆောင်ရွက်ခြင်း

မျိုးစေ့ဘဏ်ထူထောင်မှုကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၇၇ ဧက၊၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၇၅ ဧက၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၂၈.၅ ဧက၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၅၅၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၁,၁၀၀ ဆောင်ရွက်သွားမည်ဟု မျှော်မှန်းထားပါသည်။ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၂၄,၀၁၆.၁၆ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၄၀,၃၉၃.၂၁ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၉,၉၀၃.၇၄ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၆၀,၃၃၂.၄ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၆၃,၃၄၉.၀၂ သန်း ချေးပေးရန်လျာထားပါသည်။

(၆) လေ့ကျင့်ပညာပေးဆောင်ရွက်ချက်များနှင့် စံပြစိုက်ခင်းများ ထူထောင်ခြင်း

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ ဝါသီးနှံအတွက် စံပြကွက်များကို မျိုးသန့်အဆင့် (၁) ဖြင့် စိုက်ပျိုးပြီး ထွက်လာသော ဝါများကို ကြိတ်ခွဲခြင်းဖြင့် မျိုးသန့်အဆင့်(၂) မျိုးဝါစေ့များရရှိပြီး သက်ဆိုင်ရာမြို့နယ်အတွင်း မျိုးပွားနိုင်ရန်ရည်မှန်းပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကြံရာသီနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကြံရာသီတို့တွင် သိပ္ပံနည်းကျ စံပြကွက်(၈) ဧကအား ကြံရာသီအလိုက် ဆောင်ရွက်သွားရန် ရည်မှန်း ပါသည်။

(၇) စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးအစီအစဉ်များ

စက်မှုလယ်ယာဖွံ့ဖြိုးလာရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ စက်ကိရိယာများ ဖြည့်တင်းရေးလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမဦးစားပေးအနေဖြင့် ထွန်စက်ကြီးများ ဖြည့်တင်းပေးခြင်း၊ ဒုတိယဦးစားပေးအနေဖြင့် ရိတ်သိမ်း ချေလှေ့စက် ဖြည့်တင်းပေးခြင်း၊ တတိယဦးစားပေးအနေဖြင့် လက်တွန်းထွန်စက်ဖြည့်တင်းပေးခြင်း၊ စပါးရိတ်စက်ဖြည့်တင်းပေးခြင်းနှင့် ကောက်စိုက်စက်ဖြည့်တင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်မှန်း ထားပါသည်။

(၈) ဆည်ရေရရှိမှု တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များ

တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၇.၉ သန်းကျော်ရှိပြီး၊ ပူပြင်းခြောက်သွေ့သောဒေသဖြစ်သဖြင့် အဓိကဒေသ ဝမ်းစာဖြစ်သည့် စပါးသီးနှံနှင့် ရေလိုအပ်ချက် ရှိသောသီးနှံများ ရေပေးဝေနိုင်ရေးအတွက် ဆည်မြောင်း၊ ကန်၊ ချောင်းများကို ပြုပြင် တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။

မြစ်သာရေလှောင်တမံစီမံကိန်းသည် ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး တည်ရှိပြီး ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြီးစီးမည် ဖြစ်ပါ သည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ပေ ၃၇၇,၆၀၀ ရေသိုလှောင်နိုင်ပြီး ဂန့်ဂေါမြို့နယ်တွင် မြေဧရိယာ ဧက ၁၂,၀၀၀ ကိုရေပေးဝေနိုင်ခြင်းဖြင့် သီးထပ် သီးညှပ်စိုက်ပျိုးပြီး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်စေမည့်အပြင် ရေအား လျှပ်စစ်စက်ရုံ တည်ဆောက်၍ လျှပ်စစ်မောတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်ရန်နှင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ သန်းပေါင်း ၁၇၀ ထုတ်လုပ်ပေးသွားရန် ရည်ရွယ် တည်ဆောက်ခြင်း ဖြစ်ပါသည်။

မြစ်သာမြစ် ဘက်စုံရေလှောင်တမံစီမံကိန်း

Power House ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပုံ



ဓာစ်မြစ်။ ဆည်မြောင်းဦးစီးဌာန

(ခ) သားငါး

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်မွေးမြူရေး ဖြစ်ထွန်းမှု အလားအလာကောင်းသော မြို့နယ်များတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန် ကာကွယ်ဆေးထိုးဆောင်ရွက်ထားရှိမှုနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးခြင်း လျာထားချက်များ၊ ပြည်သူလူထု အသိပညာပေးလုပ်ငန်းမွေးမြူရေးဆိုင်ရာ နည်းစနစ်များဖွံ့ဖြိုးတိုးတက်ရန် အခြေခံမွေးမြူရေးသင်တန်းများ ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သား သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း စသည့် မွေးမြူရေးနှင့် ရောဂါထိန်းချုပ်ရေးဆိုင်ရာ နည်းပညာအထောက်အပံ့များ ပေးနိုင်ရန် ရည်မှန်းပါသည်။

ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ဆည်တမံ၊ ကန်၊ ဂရန်အင်းများ၊ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးရစ်သန်ကာလဖြစ်သော မေလ နှောင်းပိုင်းမှ ဇူလိုင်လကုန်အထိ ငါးမဖမ်းဆီးရန်၊ အဆိပ်ချငါးဖမ်းခြင်း၊ ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးခြင်းများမပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်ရန်ရည်မှန်းပါသည်။ အဆိုပါ လုပ်ငန်းစဉ်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စေတုတ္တရာမြို့နယ် သံဆည်ကျေးရွာ၌ ဧရာမင်းငါးကုန်ထုတ်သမဝါ ယမအသင်း ဖွဲ့စည်းပြီးဆောင်ရွက်လျက်ရှိပါသည်။ ချေးငွေ ရရှိပါက ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့၍ ကြီးအုံကြီးဝဆည်အနီးရှိ ရေဝပ်ဧရိယာ ၁၈ ရွာ မှ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်အောင် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်များတွင် ငါးသားပေါက်စခန်း ၂ ခု တည်ဆောက်ခြင်း၊ တောင်တွင်းကြီး ငါးလုပ်ငန်းစခန်း နှင့် ပွင့်ဖြူငါးလုပ်ငန်းစခန်းတို့အား အဆင့်မြှင့်တင်ခြင်း ဆက်လက်ပြုလုပ် သွားနိုင်ရန် ရည်မှန်းထားပါသည်။ ငါးဒိုင်အစုအဖွဲ့၊ ရေချို ငါးဖမ်းလုပ်ငန်း ၁၇ ဖွဲ့၊ ငါးရှဉ့်ထောင် ရေလုပ်သား ၃ ဖွဲ့၊ ငါးမွေးမြူရေး ၅ ဖွဲ့၊ စုစုပေါင်း အစုအဖွဲ့ ၂၅ ဖွဲ့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် ပိုမိုတိုးတက် ဖွဲ့စည်းနိုင်ရန် ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

ခေတ်မီစိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို အကြီးစားစက်မှုလုပ်ငန်းများအဖြစ်သို့ ဆက်လက် ထူထောင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုမြှင့်တင်ရေး၊ နည်းပညာ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊ လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးချရေး နှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင် စက်မှုလုပ်ငန်းများ ပိုမို တိုးတက်လာစေရေး ဦးတည်၍ ရည်မှန်းထားပါသည်။

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် စက်မှုဝန်ကြီးဌာနအောက်ရှိ Automobile mould & Die manufacturing project (မြိုင်)၊ အမှတ် ၁၃ အကြီးစားစက်ရုံ ၊ အမှတ် ၁၇ အကြီးစားစက်ရုံ(မလွန်)၊ ဟိုက်ဒြောလျင်ပါအောက်ဆိုဒ် စက်ရုံခွဲတို့ တည်ဆောက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမှတ် ၁၃ အကြီးစားစက်ရုံ၊ အမှတ် ၂၅ အကြီးစားစက်ရုံ(မြိုင်) ၊ အမှတ် ၄ အထည်စက်ရုံ(ပွင့်ဖြူ) ၊ တန် ၃၀ ဟိုက်ဒြောလျင်ပါအောက်ဆိုဒ် စက်ရုံ (ချောက်) တို့ တည်ဆောက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် Automobile mould & Die manufacturing project ၊ အမှတ် ၁၃ အကြီးစားစက်ရုံ၊ အမှတ် ၂၅ အကြီးစားစက်ရုံ(မြိုင်)၊ တန် ၃၀ ဟိုက်ဒြောလျင်ပါအောက်ဆိုဒ် စက်ရုံ(ချောက်) ၊ မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်) တို့ တည်ဆောက်ရန် ရည်မှန်း ထားပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် Automobile mould & Die manufacturing project (မြိုင်)၊ အမှတ် ၁၃ အကြီးစားစက်ရုံ၊ အမှတ်၂၅ အကြီးစားစက်ရုံ(မြိုင်)၊ ဟိုက်ဒြောလျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)၊ မြင်းနှင့်သိုး မွေးမြူရေး စခန်း(ရန်ပယ်) တို့ တည်ဆောက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမှတ် ၁၃ အကြီးစားစက်ရုံ၊ အမှတ် ၂၅ အကြီးစားစက်ရုံ (မြိုင်)၊ အမှတ် ၁၇ အကြီးစား စက်ရုံ(မလွန်)၊ အမှတ် ၄ အထည်စက်ရုံ(ပွင့်ဖြူ)၊ ဟိုက်ဒြောလျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)၊ မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်)တို့ တည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ခ) လျှပ်စစ်

လျှပ်စစ်ဓာတ်အားသည် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးပါပြီး စက်မှုလက်မှုကဏ္ဍတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး၊ မြို့ပြနှင့် ကျေးလက် ကွာဟမှုနည်းပါးလာစေရေးနှင့် တိုင်းဒေသကြီးတစ်ခုလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ လျှပ်စစ် ဓာတ်အားတိုးတက်သုံးစွဲနိုင်ရန် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများတိုးချဲ့တည်ဆောက် ပေးခြင်း၊ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် အစားထိုး ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အလိုက် ဦးစားပေးနယ်ပယ် ရွေးချယ်ပြီး ဆောင်ရွက်ရန် ရည်မှန်းပါသည်။

ပြည်ပအဖွဲ့အစည်းများအနေဖြင့် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားပေး ထားသော မြို့များအား ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေးအတွက် ကျောက်ထုမြို့ နှင့် ဆောမြို့များတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခွဲရုံများ၊ ၆၆ကေဗွီ လိုင်းများ၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ခွဲရုံများ၊ ၁၁ကေဗွီလိုင်းများနှင့် ၄၀၀ ဗို့လိုင်းများ တည်ဆောက် ခြင်း နှင့် AVA Capital Trading Ltd. သည် ထိုင်းနိုင်ငံအခြေစိုက် Green Earth Power ကုမ္ပဏီဖြင့်ပူးပေါင်းပြီး မင်းဘူးမြို့ ဇီးအိုင်ရွာအနီး၌ Solar System ဖြင့် ဓာတ်အားပေးနိုင်ရေးအတွက် ကျပ်သန်း ၉၀,၀၀၀ အကုန်အကျခံ၍ ဆောင်ရွက်ပေးသွား မည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မကွေးမြို့အောင်မေတ္တာ(ခ)ရပ်ကွက်တွင် ၁၁ / ၀.၄ ကေဗွီ ၃၁၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ လိုင်း ၀.၀၇ မိုင်တည်ဆောက်ခြင်းနှင့်၄၀၀ဗို့အား၁မိုင်တည်ဆောက်ခြင်း၊ ဆင်ပေါင်ဝဲမြို့ မိချောင်းရဲ နှင့် ဆင်ပေါင်ဝဲကြား ၁၁ ကေဗွီလိုင်း ၅မိုင် အတွင်းရှိ ဆွေးမြေ့သစ်သားတိုင်များကို ကွန်ကရစ်တိုင်သံလက်တန်းဖြင့်လဲလှယ်ခြင်းနှင့် မကွေးမြို့ဆည်မြောင်းဖီဒါ(၂)မိုင်အတွင်း ပို့လွှတ်ထား သော CSR 35 mm^2 သစ်သားလက်တန်းများအား ACSR 95 mm^2 ကြိုးဖြင့် တိုးချဲ့ လဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆိပ်ဖြူမြို့ ၆၆ / ၁၁ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံ တစ်ခု တည်ဆောက်ခြင်း၊ ၆၆ ကေဗွီလိုင်း ပေ ၂၆၀၀ တည်ဆောက်ခြင်း၊ ၁၁ ကေဗွီ လိုင်း ပေ ၂,၅၀၀ တည်ဆောက်ခြင်းနှင့် ပခုက္ကူမြို့ အမှတ် ၁၅ မြကန်သာ ရပ်ကွက် ၁၁/ ၀.၄ ကေဗွီအေ ၁၀၀ ထရန်စဖော်မာအား ၃၁၅ ကေဗွီအေ ထရန်စဖော်မာဖြင့် အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီမောတ်အားလိုင်း စုစုပေါင်း ၅၈ မိုင်တို့ တည်ဆောက်ပြီးဖြစ်ပါ သည်။၃၃ကေဗွီ မောတ်အားခွဲရုံ ၁ ရုံ၊ ၁၁/၀.၄ ကေဗွီမောတ်အားခွဲရုံ ၁၀ ရုံ၊ စုစုပေါင်း မောတ်အားခွဲရုံ ၁၁ ရုံတည်ဆောက်ပြီး မောတ်အား စနစ်နှင့် နီးသော ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာပေါင်း ၃၄ ရွာ မီးလင်းအောင် ဆောင်ရွက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပေါက် (ချောင်းကူး) မောတ်အားခွဲရုံတွင် ၆၆ ကေဗွီ ၁ Bay Extension ၊ မင်းတပ် ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ မောတ်အားခွဲရုံတစ်ခု၊ ဂန့်ဂေါ ၆၆/၁၁ ကေဗွီအေ ၂ အမ်ဗွီအေ မောတ်အားခွဲရုံတိုးချဲ့ခြင်း၊ မြို့သစ် မြို့နယ်၌ ၆၆/၁၁ ကေဗွီအေ ၂ အမ်ဗွီအေ မောတ်အားခွဲရုံ၊ ကံမမြို့နယ်၌ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ မောတ်အားခွဲရုံ၊ ဆောမြို့နယ်၌ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ မောတ်အားခွဲရုံ၊ မင်းတုန်း မြို့နယ်၌ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ မောတ်အားခွဲရုံ၊ ပေါက်မြို့နယ်၌ ၆၆/၁၁ ကေဗွီအေ ၅ အမ်ဗွီအေ မောတ်အားခွဲရုံ၊ ချောင်းကူးမောတ်အား ခွဲရုံ၊ ပေါက်-မင်းတပ် ၆၆ ကေဗွီမောတ်အားလိုင်း (၃၅) မိုင်၊ ကျော-ဂန့်ဂေါ-ဟားခါး ၆၆ ကေဗွီမောတ်အားလိုင်း (၅၇) မိုင်၊ ၆၆ ကေဗွီ ဥသျစ်ပင်-ကံမ မောတ်အားလိုင်း စီမံကိန်း (၃၅)မိုင်၊ ထီးလင်း-ဆော ၆၆ ကေဗွီမောတ်အားလိုင်း (၄၃)မိုင်၊ ဥသျစ်ပင် - မင်းတုန်း ၆၆ ကေဗွီ မောတ်အားလိုင်း (၃၈)မိုင်၊ ချောင်းကူး- ပေါက် ၆၆ ကေဗွီ မောတ်အားလိုင်း (၄)မိုင်၊ မြစ်သာ-ဂန့်ဂေါ ၆၆ ကေဗွီ မောတ်အား လိုင်း(၂၅)မိုင်၊ မန်း-မင်းဘူး ၂၃၀/၁၃၂/၃၃ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မောတ်အားခွဲရုံ၊ တောင်တွင်းကြီး-ရွှေတောင်၂၃၀ ကေဗွီ မောတ်အားလိုင်း (၁၀၀)မိုင်၊ ဂန့်ဂေါ-ကလေး ၂၃၀ ကေဗွီအေ မောတ်အားလိုင်း (၈၀)မိုင် စီမံကိန်း၊ ၂၃၀ ကေဗွီ မန်း-အမ်း မောတ်အားလိုင်း (၆၇)မိုင်၊ မင်းလှ - စစ်ကွင်း ၃၃ ကေဗွီ မောတ်အားလိုင်း (၁၅)မိုင် နှင့် ၃၃/၁၁ကေဗွီ ၃ အမ်ဗွီအေ ခွဲရုံနှင့် မင်းဘူး- စကု လက်ခုပ်ပင်ကျေးရွာတွင် ၁၁/၀.၄ကေဗွီ ၂၀၀ အမ်ဗွီအေ ခွဲရုံ မောတ်အားလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် ကံမမြို့၌ ၆၆ / ၁၁ ကေဗွီ ၁ အမ်ဗွီအေ ခွဲရုံ တစ်ခု ၊ ၆၆ ကေဗွီလိုင်း ၉.၅ မိုင် တည်ဆောက်ခြင်း၊ စလင်းမြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတစ်ခု တည်ဆောက်ခြင်းနှင့် ၆၆ ကေဗွီလိုင်း ၁၈ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) ဆက်သွယ်ရေး

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးအတွင်းတွင် မဂ္ဂနက်တိုတယ်လီဖုန်း၊ အော်တိုတယ်လီဖုန်း၊ မိုဘိုင်းတယ်လီဖုန်းစသည့် ဆက်သွယ်မှုစနစ်များ တည်ဆောက်ထားရှိပါသည်။ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် အဝေးဆက်သွယ်မှုလမ်းကြောင်း၊ ဆက်ကြောင်းများ ပိုမိုတိုးချဲ့ ရန်ရည်မှန်းပါသည်။

တယ်လီဖုန်းတပ်ဆင်ခြင်းလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အော်တိုတယ်လီဖုန်း ၁၆၅ လုံး၊ Mobile (GSM + CDMA) ၂၈၇,၄၉၆ လုံး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်တွင် လိုင်း (၃၀၀) ပါ အော်တိုအိပ်ချိန်းသစ်၊ ဂြိုလ်တု ဆက်သွယ်ရေးစနစ်ဖြင့် တယ်လီဖုန်းဆက်သွယ်နိုင်သည့် ဆီမီးအော်တိုအိပ်ချိန်းအဖြစ် ယာယီ စမ်းသပ် ဖွင့်လှစ်တပ်ဆင်ရန် ရည်မှန်းပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အော်တိုတယ်လီဖုန်း ၅၀၀ လုံး ၊ Mobile (GSM + CDMA) ၅၂၀,၅၆၅ လုံးနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အော်တိုတယ်လီဖုန်း ၆၀၀ လုံး Mobile (GSM + CDMA) ၇၂၉,၃၃၃ လုံး တပ်ဆင်သွားရန် ရည်မှန်းထား ပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) အဝေးပြေးလမ်းမကြီးများ၊ မီးရထားလမ်းများ၊ ကားလမ်းများ

တိုင်းဒေသကြီးအတွင်း အဝေးပြေးလမ်းမကြီးများ၊ မီးရထားလမ်းများ၊ ကားလမ်းများ၏ အဆင့်အတန်းများကိုလည်း အရည်အသွေးမီစေရန်၊ နိုင်ငံအတွင်း ဆက်သွယ်သွားလာမှုကို အခြေခံသည့်အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းတံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းပါ သည်။

တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လမ်း ၅၃ လမ်း၏ လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းပါ သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ကျပ် ၂,၄၉၃.၂၇၉ သန်း၊ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျပ် ၄၆,၅၇၄.၀၆၄ သန်း ကုန်ကျငွေဖြင့် လူနေအိမ်များ၊ လမ်းများ၊ တံတားများ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လျာထား ခွင့်ပြုရန်ပုံငွေ ကျပ် ၇၄,၁၅၈.၅၇၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လျာထားခွင့်ပြု ရန်ပုံငွေ ကျပ် ၁၄၁,၈၉၀.၂၁၅ သန်းတို့ဖြင့် လမ်းတံတား လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပျော်ဘွယ် - နတ်မောက် - မကွေးရထားလမ်း ဖောက်လုပ်ခြင်း၊ ဧရာဝတီတံတား(မလွန်) ရထားလမ်းဖောက်လုပ်ခြင်းများ ဆောင်ရွက်ရန် ရည်မှန်းပါသည်။ မြန်မာ့မီးရထားမှ ရထားလမ်းခရီးမိုင် ၇၄၀.၈၆ မိုင်၊ သံလမ်း ၇၉၇.၂၉ မိုင်ကို ဖောက်လုပ်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကြိုခင်း - ပခုက္ကူ ရထားလမ်း၊ ဂန့်ဂေါ - ကလေး ရထားလမ်း ဆင်ခြေလျောဖြေခြင်း၊ ရထားသံလမ်းအနေဖြင့် ကျော - ရေမျက်နီလမ်းပိုင်းတွင် ပြုပြင်သွားရန် ရည်မှန်းပါသည်။ ဂန့်ဂေါမြို့နယ်ရှိ မီးရထားလမ်းပိုင်းတွင် မြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြန်မာ့မီးရထားမှ ပခုက္ကူ - ကျော လမ်းအပိုင်းတွင် အကြီးစားမွမ်းမံခြင်း၊ ကွန်ကရစ်ဧလီဖားစက်ရုံများမှ ဧလီဖားထုတ်လုပ်ခြင်း၊ လမ်းများ ဆင်ခြေလျော ဖြေလျှော့ခြင်း၊ လမ်းပိုင်းသစ် ဘူတာများတွင် အချက်ပြ ဆက်သွယ်ရေး ကိရိယာများ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထား ပါသည်။

(ခ) ပညာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ် ကောလိပ် ၅ ခု၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ၂ ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ် ၄ ခု၊ အခြေခံပညာ အထက်တန်းကျောင်း ၁၀၁ ကျောင်း၊ အလယ်တန်းကျောင်း ၁၉၄ ကျောင်း၊ မူလတန်းကျောင်း ၃,၆၅၇ ကျောင်းတို့ဖြင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း ၅၁၀ ကျောင်း၊ သင်တန်းဆရာ ၈၀၀ ဦးတို့အား စိစစ် ခွင့်ပြုပြီး မကွေး၊ ရေနံချောင်း၊ တောင်တွင်းကြီးမြို့နယ်တို့မှ ကိုယ်ပိုင်ကျောင်း ၃ ကျောင်း

တို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ထံမှ ခွင့်ပြုချက် ရယူ၍ ဖွင့်လှစ်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း အလှူရှင်များအထောက်အပံ့ဖြင့် အ.ထ.က ၂ ကျောင်း၊ အ.လ.က ၁ ကျောင်း၊ အ.လ.က ခွဲ ၂ ကျောင်း၊ မူလွန် ၃ ကျောင်း၊ အ.မ.ကခွဲ ၁ ကျောင်း၊ အ.မ.က ၅ ကျောင်း တို့ကို ဆောက်လုပ်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိ တက္ကသိုလ် ကောလိပ် ၅ ခု၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ် ၂ ခု၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ် ၄ ခု၊ အခြေခံပညာ အထက်တန်းကျောင်း ၁၁၁ ကျောင်း၊ အလယ်တန်းကျောင်း ၂၂၁ ကျောင်း၊ မူလတန်းကျောင်း ၃,၆၉၃ ကျောင်းတို့ဖြင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်ခွင့် ရရှိရန် ရည်မှန်းပါသည်။

အန္တရာယ်ရှိသောကျောင်း၊ ဥပဓိရုပ်မကောင်းသောကျောင်း၊ တိုးချဲ့ဆောင်၊ သိပ္ပံဆောင်၊ ပညာရေးမှူးရုံးများ နှင့် အခြားတည်ဆောက်ခြင်း လုပ်ငန်းများအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ စုစုပေါင်းလုပ်ငန်း ၇၉ ခု၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ စုစုပေါင်းလုပ်ငန်း ၈၄ ခု နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ စုစုပေါင်းလုပ်ငန်း ၁၆၇ ခု ရည်မှန်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် စုစုပေါင်းလုပ်ငန်း ၁၀၆ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းလုပ်ငန်း ၂၈၆ ခု တို့ကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် အသီးသီးဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ပြည်ပအကူအညီ အထောက်အပံ့များအနေဖြင့် အခြေခံပညာရေးကဏ္ဍတွင် ကျောင်းများ ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၇၉၁.၁၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၉၄၉ သန်း ရည်မှန်းထားရှိပါသည်။

(ဂ) ကျန်းမာရေး

ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းတွင် ၁၆ ခုတင်ဆုံ တိုက်နယ်ဆေးရုံများကို မကွေးမြို့နယ်(သစ်ရာကောက်)၊ ကံမမြို့နယ်(ကြို့ပင်)၊ ပွင့်ဖြူမြို့နယ်(မဲဇလီ)၊ အောင်လံမြို့နယ်(ရွှေပန်းတော)၊ ဂန့်ဂေါမြို့နယ် (ဟံသာဝတီ) တို့တွင် လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနများကို အောင်လံမြို့နယ် (စီရွာ)၊

နတ်မောက်မြို့နယ်(သမုန်းပင်)၊ စလင်းမြို့နယ် (ကန်ပြား၊ တောစိမ့်၊ ရွှေဘုံသာ၊ နွယ်တမယ်၊ သမြင်ကင်း၊ မိုးဝင်း၊ ကျွန်းညို)၊ ငဖဲမြို့နယ် (လောက်ပုလဲ၊ ကံပေါက်၊ ပထုံး၊ သာယာကုန်း)၊ ဆောမြို့နယ်(ယောလက်ပန်၊ တောကျေး၊ နသိုး)၊ ထီးလင်းမြို့နယ် (သံပုရာ၊ အိုင်းမ)တို့တွင် အကြီးစားမွမ်းမံခြင်းလုပ်ငန်း နှင့် ပခုက္ကူမြို့နယ် ပြည်သူ့ဆေးရုံ၊ မကွေးတိုင်းဒေသကြီးဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ ဆင်ပေါင်ဝဲ ပြည်သူ့ဆေးရုံ၊ ပွင့်ဖြူမြို့နယ်ဆေးရုံ အဆင့်မြှင့်ခြင်း၊ မကွေးတိုင်း ကျန်းမာရေးဦးစီးဌာန ရုံး တိုးချဲ့ဆောက်လုပ်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆေးရုံများဆောက်လုပ်ခြင်း၊ အိမ်ရာများ ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း၊ ဆေးတက္ကသိုလ် အကြီးစားမွမ်းမံခြင်းများ၊ တိုင်းရင်းဆေးရုံများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်သွား ရန် ရည်မှန်းထား ပါသည်။

ကျန်းမာရေးအခြေခံ အဆောက်အဦများ တိုးချဲ့ခြင်းနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ဖော်ပြပါအတိုင်း တိုးချဲ့ ဖွင့်လှစ်ရန် လျာထားခဲ့ပါသည်။

ဇယား ၃-၈-၁

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် အထိ

ကျန်းမာရေး ရည်မှန်းချက်

(ဦးရေ)

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂ -၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဆေးရုံ	၇၂	၇၆	၈၀	၈၃	၈၆
၂	ကျေးလက်ကျန်းမာရေးဌာန	၁၆၃	၁၆၉	၁၈၀	၁၈၅	၁၉၀
၃	မိခင်နှင့်ကလေးကျန်းမာ ရေးဌာန	၃၃	၃၃	၃၃	၃၃	၃၃
၄	ဒေသန္တရကျန်းမာရေးဌာန	၃	၃	၃	၃	၃
၅	ကျောင်းကျန်းမာရေးအဖွဲ့	၆	၆	၆	၆	၆
၆	တိုင်းရင်းဆေးရုံ	၁	၁	၁	၇	၁၅

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မကွေးမြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံမှ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် ရည်မှန်းပါသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် စလင်းမြို့နယ် တိုင်းရင်းဆေးကုဌာနအား ၃၀ ပေ x ၄၀ ပေ ကျပ် ၁၉.၁၅ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းပါသည်။

(ဃ) ရေရှိရေးလုပ်ငန်း

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြရေပေးရေးလုပ်ငန်း စုစုပေါင်း ၁၄၄ ခု ၊ ကျေးလက်ရေပေးရေး လုပ်ငန်းစုစုပေါင်း ၃၃ ခု ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ စီမံချက်ကာလတွင် မကွေးမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့ပြရေပေးရေးလုပ်ငန်းအနေဖြင့် စုစုပေါင်း ၁၃၆ ခု၊ ကျေးလက်ရေပေးရေး လုပ်ငန်းအနေဖြင့် ကျေးရွာပေါင်း ၂၉၉ ရွာ တွင် စက်ရေတွင်း ၁၇၁ တွင်း၊ တွင်းတိမ် ၂၀၊ လက်တူး ၂ တွင်း၊ မြေသားရေကန် ၇၄ ကန်၊ စိမ့်စမ်း ၆ ခု၊ အခြားနည်း ၁၃ ခုတို့အား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့ပြ ရေပေးရေးလုပ်ငန်းအနေဖြင့် စုစုပေါင်း ၇၂ ခု၊ ကျေးလက်ရေပေးရေး လုပ်ငန်းအနေဖြင့် စုစုပေါင်း ၁၀၆ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ရေပေးရေးလုပ်ငန်းအနေဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် လုပ်ငန်းပေါင်း ၂၁၉ ခု၊ နိုင်ငံတကာ အထောက်အပံ့အနေဖြင့် လုပ်ငန်းပေါင်း ၁၇ ခု နှင့် အလှူရှင်များမှ လုပ်ငန်း ၁၀ ခု စုစုပေါင်းလုပ်ငန်း ၂၄၆ ခု တို့ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(c) ဆင်းရဲမှု လျော့ချရေး

မကွေးတိုင်းဒေသကြီးတွင် ဆင်းရဲမှု လျော့ပါး သက်သာစေရေးအတွက် စီမံဆောင်ရွက်နိုင်ရန် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ခရိုင် ၅ ခရိုင် မှ မြို့နယ်ပေါင်း ၁၀ မြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၁,၇၅၂ ကို စာရင်းကောက်ယူခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် အချက်အလက်များအရ မကွေးတိုင်းဒေသကြီး၏ ဆင်းရဲမှုနှုန်းမှာ ၂၇ ရာခိုင်နှုန်းဖြစ်ပြီး၊ ပြည်ထောင်စု၏ ဆင်းရဲမှုဖြစ်ပေါ်မှုတွင် မကွေးတိုင်းဒေသကြီး၏ ပါဝင်မှု ရာခိုင်နှုန်းမှာ ၈.၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်းသို့ လျော့ချနိုင်ရန် ရည်မှန်းထားပါသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆင်းရဲမှုလျော့ချရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ရေရှရှိရေး၊ ကျေးလက်မီးလင်းရေး၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း ဆောင်ရွက်ပြီး ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အထိ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္ထရာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ အုပ်စုတွင် တစ်အုပ်စုလျှင် တစ်နှစ်ကျပ်သိန်း ၁၈၀ ကို ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပြည်သူဗဟိုပြု စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အထောက်အပံ့ပေးရန် ရည်မှန်းပါသည်။

၅။ မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ

မကွေးတိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းများကိုရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ် နှင့် စလင်းမြို့နယ်များတွင် မြို့ပြစီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စလင်းမြို့နယ်တွင်းရှိ သီရိဂေဟာလမ်းနှင့် နာရပတိ စည်သူလမ်းအားလက်ရှိကတ္တရာ ၁၂ ပေ ခင်းထားရာမှ ကတ္တရာ ၁၈ ပေ အထိတိုးချဲ့၍ လမ်း အဆင့်မြှင့်တင်ပြီး လမ်းအကျယ် ပေ ၄၀ အထိတိုးမြှင့် ဆောင်ရွက်ခဲ့ပါသည်။ ဖော်ပြပါ လမ်း ၂ လမ်းတွင် လမ်းအဆင့်မြှင့်တင်ခဲ့ပြီးဖြစ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် လမ်းဘေးပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆက်လက် ဆောင်ရွက် သွားရန် ရည်မှန်းပါသည်။

စလင်းမြို့ မြို့ပြအင်္ဂါရုပ်နှင့်ညီညွတ်စေရန်အတွက် ဖော်ပြပါလုပ်ငန်းများကို ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ရန် ရည်မှန်းပါသည်-

(က) မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရန်အတွက် မြို့တွင်းရေမြောင်းများကို ပြုပြင်ပြီး၊ အထူးသဖြင့် အဓိကလမ်းမကြီးများ၏ ရေမြောင်းများကို ဦးစားပေး ဆောင်ရွက်ရန် ရည်မှန်းပါသည်။

(ခ) လက်ရှိအမှိုက်စွန့်ပစ်သည့် နေရာသည် မြို့မဈေးနှင့် နီးကပ်ခြင်း၊ မြို့တွင်း နှင့် နီးကပ်ခြင်း၊ ကျန်းမာရေးနှင့် မသင့်လျော်သည့်အတွက် မြို့နှင့်ဝေးပြီး ကုန်းတွင်း ကျသည့်နေရာတွင် ကျင်းတူးပြီး စွန့်ပစ် နိုင်စေရေးဆောင်ရွက်ရန် ရည်မှန်းပါသည်။

(ဂ) စလင်းမြို့တွင် အသုံးပြုနေသည့် သောက်သုံးရေ ၇၀ ရာခိုင်နှုန်းခန့်သည် မြေအောက်ရေကိုအသုံးပြုလျက်ရှိခြင်းကြောင့်ကျန်းမာရေးဌာန၏ သတ်မှတ်ချက်မှာ အဝီစိတွင်း နှင့် မိလ္လာကျင်းသည် အနည်းဆုံး ပေ ၅၀ ခန့် ကွာရမည်ဟု သတ်မှတ်ထားသဖြင့် မိလ္လာကန်များကို ကျန်းမာရေးဌာန၏ သတ်မှတ်ချက်နှင့် အညီစနစ်တကျ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းပါသည်။

(ဃ) စလင်းမြို့၏ ကျက်သရေဆောင်ဖြစ်သည့် ဝက်သည်းကန်၏ ကန်ပတ်လမ်းကို ရန်ပုံငွေ ကျပ် ၅၁၉.၃ သန်း ရရှိပါက ကန်ပတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန်ပတ်လမ်းဖောက်လုပ်ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကို လှပစေပြီး ဝက်သည်းကန် မြေအောက်စိမ့်ရေသည် မြို့တွင်းသုံးအဝီစိရေများနှင့် ဆက်စပ်မှုရှိခြင်းကြောင့် သန့်စင်သော သောက်သုံးရေများ ရရှိနိုင်ပါသည်။ ဆောင်ရွက်ရန်ကျန်ရှိနေသဖြင့် ရန်ပုံငွေ ရရှိပါက ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းပါသည်။

(င) ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်းကျေးလက်နေပြည်သူများလမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် ကျေးလက်လမ်း ကတ္တရာလမ်း(၀/၃.၁)မိုင်၊ ကျောက်ခင်းလမ်း (၃/၃.၅၁) မိုင်၊ ဂဝံလမ်း (၅/၃.၀၄) မိုင်၊ မြေလမ်း (၃/၂.၀၂) မိုင်၊ စုစုပေါင်း (၁၂/၄.၂၉)မိုင်၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား(၄)စင်း၊ သစ်သားတံတား (၃) စင်း၊ ရေပြွန် (၁) စင်း၊ အခြား (၁) စင်း၊ စုစုပေါင်း(၉) စင်းဖြစ်ပြီး ကျေးလက်ရေပေးရေးအနေဖြင့် တွင်းနက်(၁) တွင်း၊ အခြား(၂) ခု၊ ပြင်ထိန်း(၆) ခု၊ ကျေးလက်မီးလင်းရေးအနေဖြင့် ကျေးရွာပေါင်း ၄,၇၉၅ ရွာရှိရာမှ ၂,၉၉၃ ရွာ မီးလင်းပြီးဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လမ်းစုစုပေါင်း(၄၃၇/၂.၆) မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက မကွေးတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြင်ရပ်ဖြင့် ဖော်ပြအပ် ပါသည်-

**ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ
စုစုပေါင်း ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)**



မကွေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၄,၂၆၅,၈၂၇.၂ သန်းနှင့် စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၆,၉၂၃,၈၈၀.၁သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ၈.၂ ရာခိုင်နှုန်း တိုးတက်မည်ဟု ရည်မှန်းထားပါသည်။

ဇယား၅။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ

၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန — **ကျပ် ၁၀၉.၀၈၅ သန်း**

- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — ကျပ် ၆၂.၅၃၀ သန်း
- ငါးလုပ်ငန်းဦးစီးဌာန — ကျပ် ၄၆.၅၅၅ သန်း

(၂) အားကစားဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန — **ကျပ် ၇၈၆.၂၈ သန်း**

- ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း၊ အားကစားကွင်း ပြုပြင်ခြင်း — ကျပ် ၇၈၆.၂၈ သန်း

(၃)	**နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့**	**ကျပ် ၃,၄၅၈.၅၅ သန်း**
(၄)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ် ၆,၀၀၃.၅၃၁သန်း**
	– အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ် ၁,၂၀၄.၀၅၃သန်း
	– အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ကျပ် ၈၄.၅၃၈ သန်း
	– မီးသတ်ဦးစီးဌာန	ကျပ် ၄,၇၁၄.၉၄ သန်း
(၅)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**	**ကျပ် ၂၉၆ သန်း**
	ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့်မွမ်းမံပြင်ဆင်ခြင်း	ကျပ် ၂၉၆ သန်း
(၆)	**ဗဟိုအဖွဲ့အစည်းများ**	**ကျပ် ၃,၂၉၂.၀၃၅ သန်း**
	– တိုင်းဒေသကြီးလွတ်တော်ရုံး	ကျပ် ၅၄.၇၇၄ သန်း
	– တိုင်းဒေသကြီးဥပဒေရုံး	ကျပ် ၂၀၂.၃၅ သန်း
	– တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း	ကျပ် ၁၁၂.၃၃ သန်း
	– တိုင်းဒေသကြီးအစိုးရအဖွဲ့	ကျပ်၂,၉၂၂.၅၈၁ သန်း
(၇)	**ဘဏ္ဍာရေးဝန်ကြီးဌာန**	**ကျပ် ၃၇၇.၆၀၉ သန်း**
	- တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံး၊ ရုံးအသုံးအဆောင်ဝယ်ယူခြင်း	ကျပ် ၃၇၇.၆၀၉ သန်း
(၈)	**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ် ၁၀၅ သန်း**
	– စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊	ကျပ် ၅၅ သန်း
	– ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊	ကျပ် ၅၀ သန်း
(၉)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**	**ကျပ် ၃၀၁.၃၃၃ သန်း**
	– သစ်တောဦးစီးဌာန	ကျပ် ၁၃၂.၁၉၄ သန်း
	– အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန၊	ကျပ် ၁၆၉.၁၃၉ သန်း

(၁၀)	**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**ကျပ် ၇၅,၆၅၃.၃၉၆သန်း**
	– မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ် ၁,၄၉၄.၈၂ သန်း
	– အဆောက်အဦ နှင့် လမ်းတံတားများပြင်ဆင်ထိန်းသိမ်းရေးဦးစီးဌာန	ကျပ်၇၄,၁၅၈.၅၇၆သန်း
(၁၁)	**သမဝါယမဝန်ကြီးဌာန**	**ကျပ် ၈၃.၇၈ သန်း**
	– သမဝါယမဦးစီးဌာန	ကျပ် ၈၁.၅၈ သန်း
	– အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊	ကျပ် ၂.၂ သန်း
(၁၂)	**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**	**ကျပ် ၂,၃၀၀.၅၈ သန်း**
	– လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	ကျပ် ၂,၃၀၀.၅၈ သန်း
	စုစုပေါင်း	**ကျပ် ၉၂,၇၆၇.၁၇၈သန်း**

၈။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်း

မကွေးတိုင်းဒေသကြီးအတွင်း အများဆုံးတွေ့ကြုံရသော သဘာဝဘေးအန္တရာယ်များမှာ ငလျင်လှုပ်ခြင်း၊ မီးလောင်ခြင်း၊ မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတို့ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ် ကာကွယ် စောင့်ရှောက်ရေးအတွက် နှစ်စဉ်စီမံကိန်းရေးဆွဲ၍ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာကာကွယ်ရေး လုပ်ငန်းများအနေဖြင့် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း၊ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မီးဘေးအန္တရာယ် ကာကွယ် တားဆီးရေးအတွက် အသိပညာပေးရေး လုပ်ငန်းများ၊ မီးသတ်ယာဉ်များ ဝယ်ယူဖြည့်တင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းပါသည်။

နိဂုံး

မကွေးတိုင်းဒေသကြီးအတွင်း ပထမ (၅) နှစ် အမျိုးသားစီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူကာ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်လျက်ရှိပါ သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများရရှိ လာစေပြီး ဆင်းရဲမှု လျော့ချရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် နှင့် ၂၃ ဒီဂရီ ၄၅ မိနစ် အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀ မိနစ် နှင့် ၉၆ ဒီဂရီ ၅၀ မိနစ် အတွင်း၊
အကျယ်အဝန်း	=	၁၁,၉၂၅.၉၅ (စတုရန်းမိုင်) ၇,၆၃၂,၆၁၂ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၇,၆၃၈ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	မန္တလေး
ထူးခြားအမှတ်အသား	=	နန်းတော် ၊ ကျုံး
ခရိုင်	=	၇ ခရိုင်
မြို့နယ်	=	၂၈ မြို့နယ်
အဓိကစီးပွားရေး	=	လယ်ယာ၊သားငါး၊စက်မှု၊ခရီးသွားလုပ်ငန်း
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် နေပြည်တော်၊ အနောက်တောင်ဘက်တွင်မကွေးတိုင်းဒေသကြီး၊ အနောက်မြောက်နှင့်အနောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး

ဓာတ်မြေပုံ။ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိဒါန်း

မန္တလေးတိုင်း ဒေသကြီးသည် ကုန်းလမ်း၊ ရေလမ်း နှင့် လေလမ်းတို့ဆုံရာဒေသ ဖြစ်သဖြင့် ကုန်သွယ်မှုဆိုင်ရာ အဓိကမြို့ကြီးဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသော စက်မှု ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ခြင်း၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ သမိုင်းဝင်ထင်ရှားသောဒေသများ တည်ရှိခြင်းတို့ကြောင့် လယ်ယာ၊ သားငါး၊ စက်မှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အချိုးညီ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

မန္တလေးတိုင်းဒေသကြီး၏ လူမှုစီးပွား အခြေအနေများဖြစ်သော လူဦးရေနှင့် ဆရာဝန် အချိုး၊ လူဦးရေတစ်ထောင်လျှင် တယ်လီဖုန်းအသုံးပြုမှုနှင့် လျှပ်စစ်မောတော်အား သုံးစွဲမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၉-၁

လူဦးရေနှင့် ဆရာဝန်အချိုးရည်မှန်းချက် (လူဦးရေ ၁,၀၀၀လျှင်)



နောင်တိုးတက်လာမည့် လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများ၊ လူနေမှုဘဝများ နှင့် လိုက်လျောညီထွေစွာ လုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၀.၈၅ အထိ တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ကျန်းမာရေးစီမံကိန်းဦးစီးဌာန

ပုံ ၃-၉-၂

လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်းရည်မှန်းချက်



မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌လူတစ်ထောင်လျှင် တယ်လီဖုန်း ၄၉ လုံး သုံးစွဲနိုင်ရန် ရည်မှန်းထားရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇၀၁ လုံး သို့ တိုးတက်သုံးစွဲနိုင်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပုံ ၃-၉-၃
လျှပ်စစ်ဓာတ်အားသုံးစွဲမှုရည်မှန်းချက်



မန္တလေးတိုင်းတွင် တည်ဆောက်ပြီး ရေအား လျှပ်စစ်စက်ရုံ ၆ ခုနှင့် ၅ နှစ် စီမံကိန်းကာလ ဖြစ်သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ရေအား လျှပ်စစ် ဖွံ့ဖြိုးရေး စီမံကိန်းများ အနေဖြင့် အရင်းအမြစ်နေရာ ၁၄ နေရာမှ ထုတ်လုပ်နိုင်မည့် ပမာဏ ၁,၄၂၄ မဂ္ဂါဝပ် ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၂,၆၉၅ သန်း တိုးတက် အသုံးပြုနိုင်မည်ဟုရည်မှန်း ထားပါသည်။

ဇယားမြစ်။ တိုင်းဒေသကြီးမြန်မာ့လျှပ်စစ်လုပ်ငန်း

၁။ မြေနှင့်မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလ အတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၉-၄
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ **စိုက်ပျိုးရေး-စားနပ်ရိက္ခာဖူလုံရေးမှ စက်မှုလယ်ယာဖွံ့ဖြိုးမှုနှင့် ပို့ကုန်တိုးတက်ရေး**

(က) လယ်ယာ

လယ်ယာကဏ္ဍတွင် သီးနှံစိုက် ဧရိယာများတိုးတက်ရန် ရည်မှန်းချက်မှာ အဓိကသီးနှံ ၁၀ မျိုးဖြစ်သော စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ချက်ကြဲရင့် နှင့် ချည်မျှင်ရှည်ဝါ စသည့် အဓိကသီးနှံများ၏ စိုက်ဧရိယာများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဧက ၃.၆၅၈ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဧက ၃.၇၇၆ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧက ၃.၇၅၈ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၃.၇၇၀ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၃.၇၇၅ သန်း အသီးသီး စိုက်ပျိုးရန် ရည်မှန်းထားပါသည်။ ကုန်ထုတ်လုပ်မှု တိုးတက်လာစေရန် ဒေသ၏ရေမြေ၊ ရာသီဥတု နှင့် ကိုက်ညီသောစျေးကွက်ဝင် မျိုးကောင်းမျိုးသန့် စပါးမျိုးများ ရွေးချယ်၍ နှစ်စဉ် မျိုးစပါး ၂,၁၆၁ ဧက စိုက်ပျိုး ထုတ်လုပ်ကာ နှစ်စဉ်မျိုးသန့် ဧက ၂ သိန်းကျော် စိုက်ပျိုးရန်အစီအမံများ ပြုလုပ် ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအတွင်း ရေသွင်းစိုက်သည့် ဧရိယာမှာ ၆၅၆,၀၃၇ ဧက ဖြစ်သည့်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၉.၂၁ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၂.၀၁ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၂.၃၉ ရာခိုင်နှုန်း ရေပေးသွင်းနိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းအတွက် ဧက ၃၀၀ ကို ပုသိမ်ကြီးမြို့နယ်တွင် ကျပ် ၆၆ သန်းနှင့် အမရပူရမြို့နယ်တွင် ကျပ် ၉၉ သန်းတို့ဖြင့် ဆောင်ရွက်မည်ဟု ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၏ မိုးစပါး ဧက ၆ သိန်းကျော် ကို မျိုးသန့်အဖြစ် အပြည့်အဝ စိုက်ပျိုးနိုင်ရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

သားငါးကဏ္ဍတွင် ကျေးလက်ဒေသ တိုင်းရင်းကြက်မွေးမြူမှု ဖွံ့ဖြိုးရေး အနေဖြင့် စံပြတိုင်းရင်းကြက် မျိုးထိန်းမျိုးပွားခြံကို ညောင်ဦးမြို့နယ်တွင် ထူထောင်၍ တိုင်းရင်းကြက်၊ ဥစားကြက်၊ အသားစားကြက်များအား တိုးချဲ့ မွေးမြူ နိုင်ခြင်းကြောင့် အသားထုတ်လုပ်မှု၊ ဥထုတ်လုပ်မှု၊ ကျွဲနို့၊ နွားနို့ နှင့် ကျွဲနွားထွက် ပစ္စည်းများ ထုတ်လုပ်မှုနှင့် ငါးထုတ်လုပ်မှုများ တိုးတက်လာမည်ဟု ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မိတ္ထီလာခရိုင်နှင့် ပြင်ဦးလွင်ခရိုင်တို့တွင် နို့စားနွားမွေးမြူသူများအား မေထုန်မဲ့ သားစပ်ခြင်းအတွက် မျိုးချောင်းများ အခမဲ့ဝေပေးခြင်း၊ ပြင်ဦးလွင်မြို့တွင် ပြည်ပအကူအညီဖြင့် နို့စားနွားမွေးမြူရေးနှင့် တန်ဖိုးမြင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း၊ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးရေး စီမံချက်လုပ်ငန်းနှင့် ရှေ့ပြေးကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ဂ) သစ်တော

သစ်တောကဏ္ဍတွင် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ ပုဂ္ဂလိက သစ်တောစိုက်ခင်းဧရိယာ ၁၅,၀၀၀ ဧက တည်ထောင်ပြီးစီးရေးအတွက် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပုဂ္ဂလိက သစ်တောစိုက်ခင်းဧရိယာ ဧက ၃,၀၀၀ ထပ်မံ တည်ထောင် စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

ထင်းအစားထိုးလောင်စာတောင့် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပြီး ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ် တစ်နှစ်လျှင် လောင်စာတောင့် ၇၀၀,၀၀၀ စီ ထုတ်လုပ်ဖြန့်ဖြူးသွားရန် ရည်မှန်းထားပါသည်။

ပုဂ္ဂလိကကဏ္ဍတွင် တန်ဖိုးမြင့် ပို့ကုန် တင်ပို့နိုင်ရေးနှင့် ပြည်တွင်းသုံးစွဲမှု အစီအမံများအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ နှစ်စဉ် ပျမ်းမျှ အထပ်သား ၄၅,၀၀၀ တန် နှင့် သစ်ပါးလွှာ တန် ၅,၀၀၀ ထုတ်လုပ်ရန် ရည်မှန်း ထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

စက်မှုကဏ္ဍအနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး လယ်ယာထွက် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အလတ်စား SME လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စက်မှုသင်တန်းကျောင်း (မန္တလေး)၊ စက်မှုသင်တန်းကျောင်း (မြင်းခြံ) ၊ အမှတ် (၁) အကြီးစား Truck Axle Plant (မြင်းခြံ)၊ သံမဏိစက်ရုံ (မြင်းခြံ) နှင့် မှန်စက်ရုံ စီမံကိန်း (ကျောက်ဆည်)၊ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၊ မီးခံအုတ် ထုတ်လုပ်ရေး

ဌာန(ကျောက်ဆည်)၊ အမှတ်(၂)ဆေးဝါးစက်ရုံ (အင်ရောင်း) တို့ကို တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက် ရှိပါသည်။

အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၃၃) အကြီးစားစက်ရုံများဖြစ်သော ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) နှင့် မီးခံအုတ်ထုတ်လုပ်ရေးဌာန (ကျောက်ဆည်)၊ အမှတ်(၁၈) အကြီးစားစက်ရုံ (အင်းကုန်း) တို့ကို တိုးချဲ့ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားရန် ရည်မှန်း ထားပါသည်။

မြင်းခြံသံမဏိစက်ရုံမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ ပုဂ္ဂလိကပိုင်အဖြစ် ထုတ်လုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ စတင်၍ စက်ရုံကို စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းပြီး နိုင်ငံပိုင်အဖြစ် ထုတ်လုပ်လျက် ရှိပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်ထုတ်လုပ်မှုကို ၂၈.၆ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်ရန် ရည်မှန်း ထားပါသည်။

(ခ) သတ္တု

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပုဂ္ဂလိကပိုင်အခန်းတွင် အမှတ် (၁) သတ္တုတွင်းမှ ရွှေထုရိုင်အောင်စ ၄၉,၈၀၅.၈၄၊ ကြေးနီနှင့်ရောရာ သတ္တုရိုင်း ၃,၁၈၃ မက်ထရစ်တန်၊ သွပ်ရောရာသတ္တုရိုင်း ၂၃၉ မက်ထရစ်တန် ၊ ခဲနှင့်ရောရာ သတ္တုရိုင်း ၃,၅၇၃.၀၉ မက်ထရစ်တန်၊ အမှတ် (၃) သတ္တုတွင်းမှ မာဘယ်အလှဆင်ကျောက် ၃,၉၀၀ မက်ထရစ်တန်၊ ကျောက်မျက်ရတနာ ၆,၉၂၀ ကာရက်ထောင်ပေါင်းကို ဦးစားပေး ထုတ်လုပ်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပုဂ္ဂလိကပိုင်အခန်းတွင် အမှတ် (၁) သတ္တုတွင်းမှ ရွှေထုရိုင်အောင်စ ၅၄,၅၇၄.၁၄၊ ကြေးနီနှင့်ရောရာသတ္တုရိုင်း ၂,၆၉၀ မက်ထရစ်တန်၊ သွပ်ရောရာသတ္တုရိုင်း ၇၉၀ မက်ထရစ်တန်၊ ခဲနှင့်ရောရာသတ္တုရိုင်း ၅,၈၀၀ မက်ထရစ်တန်နှင့် အမှတ် (၃) သတ္တုတွင်း မှ မာဘယ်အလှဆင်ကျောက် ၃,၉၀၀ မက်ထရစ်တန်၊ကျောက်မျက်ရတနာ ၉,၆၀၄ ကာရက်ထောင်ပေါင်းကို ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပုဂ္ဂလိကပိုင်အခန်းတွင် အမှတ် (၁)သတ္တုတွင်းမှ ရွှေထုရိုင်အောင်စ ၇၇,၂၂၄.၂၅၊ ကြေးနီနှင့်ရောရာ သတ္တုရိုင်း ၃,၄၂၀ မက်ထရစ်တန်၊ ခနောက်စိမ်း သတ္တုသန့်စင် ၉၀၀ မက်ထရစ်တန်၊ သွပ်ရောရာသတ္တုရိုင်း ၁,၀၀၀ မက်ထရစ်တန်၊ ခဲနှင့်ရောရာ သတ္တုရိုင်း ၇,၃၀၀ မက်ထရစ်တန်၊ အမှတ် (၃) သတ္တုတွင်းမှ မာဘယ်အလှဆင်ကျောက် ၃,၉၀၀ မက်ထရစ်တန်၊ ကျောက်မျက်

ရတနာ ၁၀,၉၇၆ ကာရက်ထောင်ပေါင်းကို ဦးစားပေးထုတ်လုပ်ရန် ရည်မှန်းထားပါ သည်။

ဓာတ်သတ္တုနှင့် ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများအား အရိုင်းအနေဖြင့် တင်ပို့ရောင်းချခြင်း မပြုစေဘဲ သတ္တုသန့်စင်များ ထုတ်လုပ်နိုင်ရေးအတွက် သန့်စင်စက်ရုံများ တည်ထောင် ဆောင်ရွက်စေခြင်း၊ မန္တလေးမြို့တွင် (One Stop Service) ဖွင့်လှစ်၍ အချောထည် တင်ပို့ရောင်းချနေခြင်း၊ ကျောက်စိမ်းကျောက်မျက်များ နှင့် အလှဆင် ကျောက်များအား ကုန်ချော ထုတ်လုပ်၍ ရောင်းချရန် အမရပူရမြို့နယ်တွင် ကျောက်မျက် နှင့် တွင်းထွက်ပစ္စည်း ဈေးကွက်ကို ပုဂ္ဂလိကကုမ္ပဏီ ၅ ခုမှ တည်ဆောက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြီးရန်ရည်မှန်းထားပါသည်။

(ဂ) လျှပ်စစ်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်းများ ပြီးပြတ်ခြင်းမရှိသေးသည့် အထက်ဆည်တော်ကြီး စီမံကိန်း ၁ ခု အပါအဝင် ရေအားလျှပ်စစ်ဖွဲ့ဖြိုးရေးစီမံကိန်းများအနေဖြင့် အရင်းအမြစ်နေရာ ၁၄ နေရာမှ ထုတ်လုပ်နိုင်မည့် ပမာဏ ၁,၄၂၄ မဂ္ဂါဝပ် ရည်မှန်းထားပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် လက်ရှိမီးလင်းပြီး ကျေးရွာပေါင်းမှာ ၂,၇၉၆ ရွာရှိပြီး၊ မီးလင်းရန်ကျန်ရှိသည့် ၁,၉၈၄ ရွာထဲမှ ၇၇၉ ရွာသည် ဓာတ်အားလိုင်း၏ ၂ မိုင် အတွင်းရှိသဖြင့် မဟာဓာတ်အားလိုင်းမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး အတွက်ကူညီပေးသွားမည်ဖြစ်ပြီး ကျန်နေသည့် ၁,၂၀၅ ရွာကို ဆိုလာစနစ်၊ ဒီဇယ်အင်ဂျင်စနစ်၊ ရေအားလျှပ်စစ်ဖြင့် လည်းကောင်း၊ ဒေသခံတို့၏ တောင်းဆိုမှုအပေါ်မူတည်၍ ၂၀၁၄ ခုနှစ်အတွင်းအပြီး ဆောင်ရွက်မည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အား မရောက်နိုင်သော ဝေးကွာသည့် ကျေးလက်ဒေသများသို့ နေရောင်ခြည်သုံးစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Solar System ဖြင့် အလင်းရောင်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မီးလင်းရေးကို ဆောင်ရွက်လျက် ရှိပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် များတွင် အခြေခံပညာရေးအနေဖြင့် မူလတန်း ၃,၀၃၀ ကျောင်းမှ ၃,၀၅၀ ကျောင်း၊ မူလတန်းလွန်

၆၂၇ ကျောင်းမှ ၆၃၀ ကျောင်း၊ အလယ်တန်း ၂၄၂ ကျောင်းမှ ၂၅၀ ကျောင်း၊ အထက်တန်း ၁၇၆ ကျောင်း မှ ၁၈၀ ကျောင်း၊ Multimedia Class Room ၄,၀၁၉ ခု မှ ၄,၁၀၀ ခု နှင့် e-learning centre ၆၈ ခု မှ ၈၀ ခု တို့သို့ လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်စေရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆေးရုံ ၆ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၀ ခု၊ တိုင်းရင်းဆေးရုံ ၁၅ ရုံ ဆောင်ရွက်ရန် လျာထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် HIV/AIDS ရောဂါဖြစ်ပွားမှုနှုန်းများ ထိန်းချုပ် လျှော့ချရန် ဆောင်ရွက်ခြင်း၊ ငှက်ဖျားရောဂါနှင့် TB ရောဂါ ဖြစ်ပွားမှုနှုန်းများ ထိန်းချုပ် လျှော့ချရန် ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော သောက်ရေဖောစ်မြစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေ ၉၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန်၊ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး (မိလ္လာ) စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအား ၉၀ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုရှိစေရန်တို့အတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) ဒေသအလိုက် ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ

မင်္ဂလာမန္တလေးစီမံကိန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် တည်ရှိပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ New Star light Construction ကုမ္ပဏီနှင့် C.A.D Construction & Decoration ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ဆောက်လုပ်သည့် စီမံကိန်းဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားမည့် အဆောက်အဦများမှာ Basement & 4 Storey Shopping Center ၊ 4 Star Hotel(10 Storey Novotel Mandalay Hotel) ၊ Swimming Pool ၊ Fitness Center ၊ Bank ၊ Pump House ၊ Administration Office ၊ Fire Station & Police Station ၊ Villa (55 Nos) ၊ 11 Storey Minglar Mandalay Condo တို့ ဖြစ်ပါသည်။

ချမ်းမြသာစည် မြို့နယ်၊ သိပ္ပံလမ်း နှင့် ၇၁ လမ်းထောင့်ရှိ မြေအကျယ်အဝန်း ၂.၃၈ ဧကပေါ်တွင် (၃၈၀ပေ x ၁၇၈ပေ) အရွယ်အစားရှိ Rc၂ထပ် Mandalay City Convention Center အား တိုးချဲ့ ဆောက်လုပ်ရန် လျာထားပါသည်။

မင်္ဂလာမန္တလေးစီမံကိန်း



ဓာတ်မြေစံ။ MCDC, CAD and NSL Constructions Co. Ltd.

တည်ဆောက်ဆဲ မင်္ဂလာမန္တလေးစီမံကိန်းနှင့် မန္တလေး Novotel Hotel





ဓာတ်မြေစံ။ MCDC, CAD and NSL Constructions Co. Ltd.

တည်ဆောက်ဆဲလုံးချင်း Villa များ နှင့် ပြီးစီးသွားသောအဆင့်မြင့်သီရိမန္တလာအားကစားကွင်း





ဓာတ်မြေစံ။ MCDC,CAD and NSL Constructions Co.Ltd

အမရပူရမြို့နယ်ရှိ ဝေနေစရကျောက်စိမ်းစေတီတော်နှင့်အဆင့်မြင့်ကျောက်စိမ်းနှင့် တွင်းထွက် ကျောက်မျက်ရတနာစျေး တည်ဆောက်ရေးလုပ်ငန်း



ဓာတ်မြစ်။ အမရပူရမြို့နယ်စီမံကိန်းရုံး

ဆီမီးခုံ(ဇရာဝတီဆိပ်ကမ်း)နှင့် စက်မှုဥယျာဉ် (မြို့သာ) တည်ဆောက်ခြင်းစီမံကိန်း

မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် ဆီမီးခုံ (ဇရာဝတီဆိပ်ကမ်း) နှင့် ငါန်းဖွန်မြို့နယ် မြို့သာနှင့် နဘူးအိုင်ရွာအကြား စက်မှုဥယျာဉ် (မြို့သာ) တည်ဆောက်ရန် ရည်မှန်းထားပါသည်။

ဆိပ်ကမ်းနှင့်စက်မှုဇုန်တို့၏ စီးပွားရေးကွန်ယက်ဆက်သွယ်မှု



ဓာတ်မြစ်။ Royal Hi-Tech Group Co. Ltd.



ဇာစ်မြစ်။ Royal Hi-Tech Group Co. Ltd.

(ဃ) သောက်သုံးရေဖူလုံရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကျေးလက်ရေရှရှိရေး လုပ်ငန်းများအဖြစ် တွင်းနက် ၉၈ တွင်း၊ တွင်းတိမ် ၄ တွင်း၊ ရေကန် ၃၅ ကန်၊ စိမ့်စမ်း ၄ ခု၊ အခြားလုပ်ငန်း၂၇ ခု တို့ကိုကျေးရွာ ၁၄၉ ရွာ အကျိုးခံစားခွင့် ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တွင်းနက် ၁၂၇ တွင်း၊ တွင်းတိမ် ၄ တွင်း၊ ရေကန် ၃၀ ကန်၊ စိမ့်စမ်း ၇ ခု၊ အခြားလုပ်ငန်း ၉ ခု၊ စုစုပေါင်း ၁၁၇ ခု အား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(c) ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်တွင် ဟိုတယ် ၃ လုံး၊ ချမ်းမြသာစည် မြို့နယ်တွင် ဟိုတယ် ၂ လုံး ဆောက်လုပ်ရန် ရည်မှန်း ထားပါသည်။

၅။ ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ် နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်များ တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သမဝါယမဘဏ်နှင့် ဧရာဝတီဘဏ် အသစ်ဖွင့်လှစ်ရန် ရည်မှန်း ထားပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

ပုံ ၃-၉-၅
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



မန္တလေးတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုး နှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅၀၄၇၉၅.၆ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၈,၂၈၄,၅၁၇.၆ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၈.၄ ရာခိုင်နှုန်း တိုးတက်မည်ဟု ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက် မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) တိုင်းဒေသကြီး အစိုးရအဖွဲ့	ကျပ်	၅၃၈၅.၅၁၁ သန်း
(၂) တိုင်းဒေသကြီးလွှတ်တော်	ကျပ်	၁၁၃.၄၄၈ သန်း
(၃) စာရင်းစစ်ချုပ်ရုံး	ကျပ်	၆၁.၇၆၅ သန်း
(၄) ဥပဒေရုံး	ကျပ်	၈၁.၀၂၄ သန်း
(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ်	၃၆၁.၅၇၆ သန်း
(၆) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ကျပ်	၃၃.၆၃၅ သန်း
(၇) မီးသတ် ဦးစီးဌာန	ကျပ်	၁၇၅၆.၈၆ သန်း
(၈) စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ်	၆.၁၀၀ သန်း
(၉) စိုက်ပျိုးရေးဦးစီးဌာန(စက်ပစ္စည်း)	ကျပ်	၁၂.၀၇၅ သန်း
(၁၀) စက်မှုလယ်ယာဦးစီးဌာန	ကျပ်	၁၆၅.၀၀၀ သန်း
(၁၁) သမဝါယမဦးစီးဌာန	ကျပ်	၅.၀၀၀ သန်း

(၁၂) အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန	ကျပ်	၂၀.၄၇၅ သန်း
(၁၃) ငါးလုပ်ငန်းဦးစီးဌာန	ကျပ်	၂၃.၁၇၉ သန်း
(၁၄) လမ်းတံတားဦးစီးဌာန	ကျပ်	၅၉၉၁.၃၈၅ သန်း
(၁၅) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ်	၉၅၈၉.၆၀၀ သန်း
(၁၆) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန	ကျပ်	၂၇.၆၀၉ သန်း
(၁၇) စီမံကိန်းရေးဆွဲရေးဦးစီးဌာန	ကျပ်	၁၅၆.၀၀၀ သန်း
(၁၈) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ	ကျပ်	၃၅၇၇၄.၉၆၂ သန်း
(၁၉) မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့	ကျပ်	၇၀၆၇.၇၀၇ သန်း
(၂၀) သစ်တောဦးစီးဌာန	ကျပ်	၄၈.၇၃၉ သန်း
(၂၁) အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန	ကျပ်	၁၃၀.၃၅၀ သန်း
(၂၂)ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	ကျပ်	၄၁.၀၀၀ သန်း
(၂၃) အားကစားနှင့် ကာယပညာဦးစီးဌာန	ကျပ်	၁၄၂.၁၃၈ သန်း
စုစုပေါင်း	**ကျပ်**	**၆၆၉၉၅.၁၃၈ သန်း**

မန္တလေးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၅၅၁,၂၀၀.၇၀၉ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းတင်ပြအပ်ပါသည်။

၈။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး

သဘာဝဘေးအန္တရာယ်များသည် အသက်အိုးအိမ်၊ စည်းစိမ်၊ သဘာဝပတ်ဝန်းကျင်သစ်တောများ၊ စိုက်ပျိုးသီးနှံများ၊ လူထုပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်ထုတ်လုပ်မှု စသည့်လူမှုစီးပွားရေး လုပ်ငန်းများကို အဘက်ဘက်မှ ထိခိုက်ယိုယွင်းစေနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးမှလည်း သဘာဝ ဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်များ ကို အစီအမံများ ရေးဆွဲခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ ကာဗွန် စုတ်ယူ သိုလှောင်မှု လုပ်ငန်း နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါသည်။

သဘာဝ ဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်တားဆီးရေး ကယ်ဆယ်ရေး နှင့် ပြန်လည်ထူထောင်ရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ အဆင့်ဆင့် ဖွဲ့စည်းထားပြီး ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ရေကြီးရေမြုပ်ဖြစ်ပေါ်နေသော ဒေသများတွင် စိုက်ခင်းတာတမံများ ခိုင်ခံ့အောင် ဆောင်ရွက်ခြင်း နှင့် ရေထုတ်မြောင်းများ တူးဖော်ခြင်းဖြင့် လည်းကောင်း၊ မိုးလိုမိုးခေါင် ဒေသများတွင် ရေလိုအပ်ချက်နည်းသော သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်း၊ သက်လျင် သက်တမ်းတိုသော သီးနှံမျိုးများ အစားထိုးစိုက်ပျိုးခြင်း၊ သီးနှံစိုက်ချိန် ပြောင်းလဲစိုက်ပျိုး ခြင်း၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံအရောများ ရောနှောစိုက်ပျိုးခြင်းစသည် တို့ကို ရေတိုရေရှည် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သဘာဝ ဘေးအန္တရာယ် ကျရောက်ချိန်တွင် ကြိုတင်ပြင်ဆင် ဖွဲ့စည်းထားရှိသော ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ၊ ဌာနဆိုင်ရာများ၊ NGO များ၊ INGO များ နှင့် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ ဘေးအန္တရာယ် ဖြစ်ပွားမှု အခြေအနေသတင်း ထုတ်ပြန်ခြင်း၊ ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူခြင်း၊ အရေးပေါ် လူနာများအား ဆေးကုသပေးခြင်း၊ ဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ ခြင်း၊ လမ်းပန်းဆက်သွယ်ရေးစနစ်များ ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ် ကျရောက်သူများအား သွားရောက်ကယ်ဆယ်ခြင်း၊ ကျောင်းဆေးပေးခန်းများ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်း၊ နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးမှု စာရင်းပြုစုတင်ပြခြင်း၊ ကယ်ဆယ်ရေး လုပ်ငန်းလိုအပ်ချက် တင်ပြတောင်းခံခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးတို့အတွက် စီမံချက်များ ထည့်သွင်း ရေးဆွဲခြင်းနှင့် ရေရှည်ကာကွယ်ရေး အစီအစဉ် များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်များမှာ တားဆီးကာကွယ်၍ မရနိုင်သော်လည်း သဘာဝ ဘေးများ၏ ထူးခြားသည့် ဝိသေသလက္ခဏာများကို လေ့လာပြီး ကြိုတင်ကာကွယ်မှု အစီအမံများချမှတ်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်မှုကို လျှော့ချနိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအား အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုများနှင့် အညီဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိဂုံး

တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကိုရေးဆွဲရာတွင် စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု များကင်းသည့် သတ္တုသယံဇာတ ထုတ်လုပ်မှုဖြစ်ရေး၊ စွမ်းအင်သစ် နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေးနှင့် ခေတ်မီလမ်းတံတားများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကိုဦးတည်၍ ပညာရေး နှင့် ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးနှင့် သောက်သုံးရေဖူလုံရေးကို အဓိကအလေးထား၍ ရေးဆွဲထားပါသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ = မြောက်လတ္တီတွဒ်၁၄ဒီဂရီ ၅၉မိနစ် နှင့် ၁၇ဒီဂရီ ၃၄မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် နှင့် ၉၈ဒီဂရီ ၁၂ မိနစ်အတွင်း၊
အကျယ်အဝန်း = ၄,၇၄၇.၈ (စတုရန်းမိုင်)
၃,၀၃၈,၅၆၄ (ဧက)
လူဦးရေ(ခန့်မှန်း) = ဦးရေ ၃,၂၇၈ (ထောင်ပေါင်း)
(၂၀၁၅-၂၀၁၆)
မြို့တော် = မော်လမြိုင်
ထူးခြားနေရာ = ကျိုက်ထီးရိုး
ခရိုင် = ၂ ခရိုင်
(မော်လမြိုင်၊ သထုံ)
မြို့နယ် = ၁၀ မြို့နယ်
မြို့နယ်ခွဲ = ၂ ခု (လမိုင်း ၊ ခေါဈာ)
ရပ်ကွက် = ၈၆
ကျေးရွာအုပ်စု = ၃၇၇
အဓိကစီးပွားရေး = လယ်ယာကဏ္ဍ ၊
ကဏ္ဍများ စက်မှုလက်မှုကဏ္ဍ
ဆက်စပ်ဒေသများ = အရှေ့ဘက်တွင် ကရင်ပြည်နယ် နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊

ဇယား(မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိဒါန်း

မွန်ပြည်နယ်သည် လယ်ယာကဏ္ဍသီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက် အခြေခံကောင်းများဖြစ်သော ရေမြေရာသီဥတုအခြေအနေနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သဖြင့်လယ်ယာကိုအခြေခံ၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခု ဖြစ်လာစေရေးအတွက် စီးပွားရေးလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ တိုးတက်မြင့်မားလာစေရေးစီမံဆောင်ရွက်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းခရီးသည်များ ပိုမိုများပြားလာအောင် ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုများပေးနိုင်၍ ခရီးသွားလုပ်ငန်း ပိုမို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါသည်။

လူမှုစီးပွားအခြေအနေ

မွန်ပြည်နယ်၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း (အရွှင်မွေးကလေး၁,၀၀၀လျှင်) နှင့် လူဦးရော၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၀-၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



မွန်ပြည်နယ်၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၇၆.၁၇ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၃၉.၁၄ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၂၃.၃၆ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၇၉.၆၃ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၁.၈၆ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၂၅.၁၇ ရာခိုင်နှုန်းသို့ ပြောင်းလဲဖြစ်ပေါ်ရန်ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၀-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက် (အရွှင်မွေးကလေး ၁,၀၀၀ လျှင်)



မွန်ပြည်နယ်၏ ငါးနှစ်အောက်ကလေးသေဆုံးနှုန်း (အရွှင်မွေး ၁,၀၀၀ လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၂၇.၂၂ နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၀.၉၂ နှုန်း ဖြစ်ပေါ်မည်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၀-၃

လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း ရည်မှန်းချက်



မွန်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၅ လုံး သုံးစွဲနိုင်ရန်ရည်မှန်းထားရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၈၀ လုံးသို့ တိုးတက် သုံးစွဲနိုင်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁၀-၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

မြေယာအသုံးချမှု ရည်မှန်းချက်



ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ဓေတ်မိစက်မှုနိုင်ငံ ထူထောင်ရေး နှင့် ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

ပထမ(၅)နှစ် စီမံကိန်းကာလအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ဧရိယာတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးကိုပိုမို အလေးထား ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ အဓိကသီးနှံများအနက် စပါးသီးနှံ၏အထွက်နှုန်းကို စီမံကိန်းပထမနှစ်တွင် တစ်ဧကက ၇၃.၁၂ တင်းနှုန်း ထွက်ရှိရာမှ စီမံကိန်းနောက်ဆုံးနှစ်တွင် တစ်ဧကက ၇၅.၈၃ တင်း နှုန်းအထိ တိုးတက်ထွက်ရှိရန် မျှော်မှန်းထားပါသည်။ ထိုသို့အထွက်နှုန်း တိုးတက်ရန်အတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုခြင်း၊ အထူးအထွက်တိုးမျိုး၊

အထွက်ကောင်း စပ်မျိုးများ ပြောင်းလဲစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေးထုတ်လုပ်မှု အဆင့်မီစေရန် ဆောင်ရွက်မည့် အစီအစဉ်များ၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေး အစီအစဉ်များ၊ ဥယျာဉ်သီးနှံနည်းပညာ အထောက် အပံ့ပေးမည့် အစီအစဉ်များအရ ဥယျာဉ်သီးနှံများဖြစ်သော ဒူးရင်း၊ ကြက်မောက်၊ မင်းဂွတ်၊ ကျွဲကော သီးနှံများအား အဓိကအားထား စိုက်ပျိုးလျက်ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၂,၅၆၆ ဧက အထိ တိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

ပြည်ပပို့ကုန်အတွက် အရေးပါသော စက်မှုကုန်ကြမ်း သီးနှံဖြစ်သည့် ကြက်ပေါင်စေး စိုက်ဧကကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၆၁,၇၂၅ ဧက၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၆၉,၇၂၅ ဧက၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၇၈,၆၂၇ ဧက နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၇၉,၈၇၈ ဧက၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၈၉,၄၇၁ ဧက စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

(ခ) ဆည်ရေရရှိမှု

ဆည်ရေပေးရေးလုပ်ငန်း ၆ ခု၊ ရေပေးဝေနိုင်သည့် ဧရိယာ ၂၉,၁၃၈ ဧက ရှိပါသည်။ ရေတံခါး ၁၁ ခု နှင့် စုစုပေါင်း အကျိုးပြုဧရိယာ ၆၄,၉၆၆ ဧက ရှိပါသည်။

ရေဘေးကာကွယ်နိုင်သည့်တာတမံ ၁၈ ခု၊အလျား ၅၀.၁၉ မိုင်၊ ရေနုတ်မြောင်း ၅၅ ခု၊ အလျား ၁၁၈.၂၆ မိုင်၊ ရေဘေးကာကွယ် ဧရိယာ ၁၄၈,၂၆၂ ဧကကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆည်ရေပေးဝေခြင်းလုပ်ငန်း ၇ ခု မှ ရေပေး နိုင်မည့် ဧရိယာ ၇,၀၅၇ ဧက နှင့် တောင်သူ ၃၅,၉၆၈ ဦး အား အကျိုးပြုနိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆည်ရေပေးဝေခြင်းလုပ်ငန်း ၆ ခု မှ ရေပေး နိုင်မည့် ဧရိယာ ၁၁,၉၉၇ ဧက နှင့် တောင်သူ ၂၄,၀၃၅ ဦး အား အကျိုးပြုနိုင်ရန် ရည်မှန်းထားပါသည်။

(ဂ) သားငါး

ကျေးလက်နေအိမ်ထောင်စုတိုင်း တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ အစပြု၍ မြို့နယ် ၃ မြို့နယ်မှ တစ်မြို့နယ်လျှင်

အိမ်ထောင်စု ၄၀၀ ရွေးချယ်ပြီး ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်း အိမ်ထောင်စု ၃,၆၀၀ ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်မြို့နယ်လျင် အိမ်ထောင်စု ၁,၆၀၀ ၊ ၃ မြို့နယ်တွင် အိမ်ထောင်စု ၄,၈၀၀ အား တစ်ပိုင်တစ်နိုင် မွေးမြူသူများ ဖြစ်လာစေရန် ရည်မှန်းထားပါသည်။

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက် ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တစ်မြို့နယ်လျင် စံပြကျေးရွာ ၁ ရွာ ဖော်ထုတ်ပြီး မွေးမြူရေး အစုအဖွဲ့များ စုဖွဲ့မွေးမြူစေခြင်း၊ မွေးမြူရေးဘဏ်စနစ် တည်ထောင်ပေးခြင်းဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းထားပါသည်။

ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပေါင်းစည်း လယ်ယာ ၂ ခု ၊ တစ်နိုင်တစ်ပိုင် အစုအဖွဲ့ ၄ ခု၊ ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အစုအဖွဲ့ ၂ ခု ၊ ကမ်းနီးသမဝါ ယမအသင်း ၄ သင်း ဖွဲ့စည်း ဆောင်ရွက်သွားရန်ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပေါင်းစည်းလယ်ယာ ၂ ခု၊ တစ်နိုင်တစ်ပိုင် အစုအဖွဲ့ ၆ ခု၊ ရွာတစ်ရွာထုတ်ကုန်တစ်မျိုး အစုအဖွဲ့ ၃ ခု၊ ကမ်းနီးသမဝါ ယမအသင်း ၄ သင်း ဖွဲ့စည်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ကျေးရွာများတွင် ၁၀ ပေ ပတ်လည် ငါးကန်များတူးဖော်၍ စည်းရုံးဆောင်ရွက်ပြီး ငါးမျိုးများအခမဲ့ စိုက်ထည့်ဖြန့်ဖြူးပေးရေး စီစဉ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံ ဖြစ်ပေါ်ရေး

(က) စက်မှု

စက်မှုကဏ္ဍသည် မွန်ပြည်နယ်၏ စီးပွားရေးတွင်ပါဝင်မှု အချိုးအစား အနေဖြင့် ဒုတိယအများဆုံး ဖြစ်ပါသည်။ ရာဘာသီးနှံ ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အတွင်း ခရမ်းရာဘာစက်ရုံ ၉ ရုံ ရှိရာမှ ထုတ်လုပ်မှုများသော မြို့နယ်များတွင် တန်ဖိုးမြှင့် ခရမ်းရာဘာစက်ရုံ တိုးချဲ့ရန်နှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ စက်ရုံအသစ်တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ် ကျေးရွာအုပ်စု မော်လမြိုင်-ဧာသပြင်ကား လမ်းဘေး ဧရိယာ ၁၇၁.၀၄ ဧက တွင် မော်လမြိုင်စက်မှုဇုန် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်

ထားသော စက်မှုဇုန်အပါအဝင် စက်မှုလက်မှုလုပ်ငန်းများစာရင်းအရ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းအုပ်စု ၁၀ မျိုး၊ လုပ်ငန်းကြီး ၁၂၁ ခု၊ လုပ်ငန်းလတ် ၂၂၉ ခုနှင့် လုပ်ငန်းငယ် ၁,၈၂၁ ခု၊ စုစုပေါင်း ၂,၁၇၁ ခုဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းကြီး ၁၂၈ ခု ၊ လုပ်ငန်းလတ် ၂၂၄ ခုနှင့် လုပ်ငန်းငယ် ၁,၈၉၂ ခု၊ စုစုပေါင်း ၂,၂၄၄ ခု နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်းကြီး ၂၂၁ ခု၊ လုပ်ငန်းလတ် ၄၅၃ ခုနှင့် လုပ်ငန်းငယ် ၂,၂၆၇ ခု၊ စုစုပေါင်း ၂,၉၄၁ ခုထိ တိုးချဲ့ဆောင်ရွက်လုပ်ကိုင်ရန် ရည်မှန်းထားပါသည်။

(ခ) လျှပ်စစ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြို့ ၂၃၀/၃၃ ကေဗွီ၊ ၅၀ x ၂ အမ်ဗွီအေ ခွဲရုံမှ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်နှင့် စစ်တောင်းစက္ကူစက် အပါအဝင် ကျေးရွာများသို့ လည်းကောင်း၊ သထုံမာတ်အားပေးစက်ရုံရှိ ၂၃၀/၆၆/၃၃ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဘားအံ-မော်လမြိုင် ဘိလပ်မြေ စက်ရုံလိုင်း၊ ၃၃ ကေဗွီ သထုံ-ပေါင်၊ ဘီးလင်း-သိမ်ဆိပ်နှင့် မြိုင်ကလေးလိုင်းသို့ လည်းကောင်း၊ မော်လမြိုင်မာတ်အားပေး စက်ရုံတွင်စက်နှစ်လုံးမှ မော်လမြိုင်မြို့ အရေးကြီးနေရာများသို့လည်းကောင်း အသီးသီးမာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာ့လျှပ်စစ်မာတ်အား လုပ်ငန်းမှ မော်လမြိုင်မြို့တွင် ၂၃၀/၃၃ ကေဗွီ မာတ်အားခွဲရုံအား တည်ဆောက်ရန်ရည်မှန်းထားပါသည်။

၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့လျှပ်စစ်မာတ်အား လုပ်ငန်းမှ ချောင်းဆုံမြို့နယ်ရုံး ဆောက်လုပ်ခြင်း နှင့် မုဒုံမြို့နယ်ရုံးအတွင်း ၃၃/၁၁ကေဗွီ 5 MVA ထရန်စဖော်မာ သယ်ယူခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီ မော်လမြိုင်-ချောင်းဆုံ မာတ်အားလိုင်း ၁၈ မိုင်နှင့် ခွဲရုံများစီမံကိန်း ၊ ၂၃၀ ကေဗွီ မော်လမြိုင် -ကော့ကရိတ် - မြဝတီ မာတ်အားလိုင်း ၈၀ မိုင်နှင့်ခွဲရုံများစီမံကိန်း၊ မာတ်အားခွဲရုံနှင့် မာတ်အား လိုင်းများ တည်ဆောက်ခြင်း နှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ မြို့ပြ တည်ဆောက်ရေး လုပ်ငန်းများ နှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (Gas Turbine) 3 set, 47.0 MW



ဓာစ်မြစ်။ Myanmar Lighting Co.Ltd.



ဓာစ်မြစ်။ Myanmar Lighting Co.Ltd.

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီ သထုံ - ဘီးလင်း ဓာတ်အားလိုင်း (၃၈) မိုင် နှင့် ခွဲရုံများစီမံကိန်း၊ မော်လမြိုင်၊ တနင်္သာရီ၊ မွန်၊ ကရင် လေအားသုံး ဓာတ်အားပေးစက်ရုံ ၊ မော်လမြိုင်ဓာတ်အားပေးစက်ရုံ(ငန်းတေး)တွင်ဝန်ထမ်းအိမ်ရာ (၁၀)လုံးဆောက်လုပ်ခြင်း၊ သထုံလိုင်းရုံးတွင် သထုံ-ဘားအံလိုင်း အဆင့်မြှင့်တင်ခြင်း နှင့် တယ်လီဖုန်းလိုင်းဆွဲခြင်း၊ စစ်တောင်းခွဲရုံတွင် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဓာတ်ငွေ့၊ ရေနွေးငွေ့ စက်ရုံများဌာန၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း၊ မြို့ပြတည်ဆောက်ရေး လုပ်ငန်းများနှင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများအတွက် ကျပ် ၄၂၇,၃၄၈.၉၃၅ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

မော်လမြိုင် ဓာတ်အားပေး စက်ရုံဝင်းအတွင်း Myanmar Lighting (IPP) Co, Ltd မှ Gas Turbine တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အကုန်တွင် လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ မေလအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု လုပ်ငန်းအား ပထမ ကနဦး ၄၃.၈ မဂ္ဂါဝပ် ထုတ်လုပ်သွားမည်ဖြစ်ပြီး၊ နှစ်ကုန်တွင် ပထမအဆင့် စုစုပေါင်း ၉၈ မဂ္ဂါဝပ် ထုတ်လုပ်သွားရန် ရည်မှန်းထားရှိပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒုတိယအဆင့် စုစုပေါင်း ၂၃၀ မဂ္ဂါဝပ် ထုတ်လုပ်သွားရန် လျာထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် စတင်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) ဆောက်လုပ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် လမ်းတံတား၊ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်း၊ တရနာ- ဘုရားကုန်းလမ်း၊ ဘီးလင်း- နတ်ကြီး- ဖာပွန်လမ်း၊ မုဒုံ- မြဝတီလမ်း၊ သံဖြူဇရပ် - ဘုရားသုံးဆူလမ်း ၊ ရန်ကုန် - မြိတ်လမ်းပေါ်ရှိ ကလော့တံတား၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်ရှိ ဘီးလင်းချောင်းတံတား၊ ပေ ၁၈၀ အောက် တံတား ၅ စင်း ၊ မုဒုံ-မြဝတီလမ်းပေါ်ရှိ အတ္ထရံမြစ်ကူး (ချောင်းနှစ်ခွ) တံတား၊ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ နှင်းစုံတံတား ၁/၈၄၊ စခန်းကြီးတံတား ၄/၅၀၊ သံလွင်တံတား (ချောင်းဆုံ) ၊ တရနာ - ဘုရားကုန်းလမ်းပေါ်ရှိ ၁၆၀ ပေ၊ ၇၅ ပေ၊ ၅၀ ပေ တံတား ၃ စင်း တို့အား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ကုန် - မော်လမြိုင် - ထားဝယ် - မြိတ်လမ်း၊ ဘီးလင်း - နတ်ကြီး - ဖာပွန်လမ်း၊ မုဒုံ - မြဝတီလမ်း၊ သံဖြူဇရပ် - ဘုရားသုံးဆူလမ်း၊ ဘီးလင်း-နတ်ကြီး-ဖာပွန်လမ်းပေါ်ရှိ ဘီးလင်းချောင်း တံတား၊ မုဒုံ - မြဝတီလမ်းပေါ်ရှိ အတ္ထရံမြစ်ကူး(ချောင်းနှစ်ခွ)တံတား၊ သံလွင်တံတား(ချောင်းဆုံ) လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) လေဆိပ် ၊ ဆိပ်ကမ်းများ တိုးချဲ့တည်ဆောက်ခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှအစပြု၍ မုဒုံမြို့နယ်၊ ကတုံးပေါ်ကျေးရွာအနီး ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရည်မှန်းထား ပါသည် ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေးမြို့လေယာဉ်ကွင်း ပြန်လည်ပြုပြင် အဆင့် မြှင့်တင်ခြင်း နှင့် ရေးမြို့နယ် ကုလားကုတ်ကျွန်း ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မုဒုံမြို့နယ် ကတုံးပေါ် ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်မည့် တည်နေရာပြပုံ



ဓာတ်မြေပုံ။ ရာဇာမင်းကုမ္ပဏီ

မုဒုံမြို့နယ် ကတုံးပေါ် ကွန်ကရစ် ဆိပ်ခံတံတား



ဓာတ်မြေပုံ။ ရာဇာမင်းကုမ္ပဏီ

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အခြေခံပညာကျောင်းများ၏ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ဆောင် ပရိဘောဂများ ပြည့်စုံရေး နှင့် မော်လမြိုင်တက္ကသိုလ် အဆောက်အဦများ ဆောက်လုပ်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အထက်တန်းကျောင်း ၆၉ ကျောင်း၊ အထက်တန်း ကျောင်းခွဲ ၄၅ ကျောင်း၊ တွဲဘက်အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၅ ကျောင်း၊အလယ်တန်းကျောင်းခွဲ ၃၁ ကျောင်း၊ တွဲဘက် အလယ်တန်း ကျောင်း ၁ ကျောင်း၊ မူလတန်းလွန် ၁၇၆ ကျောင်း၊ မူလတန်းကျောင်း ၉၉၆ ကျောင်း၊ မူလတန်းကျောင်းခွဲ ၂၄ ကျောင်း၊ တွဲဘက်မူလတန်းကျောင်း ၁၆ ကျောင်း၊ စုစုပေါင်း ၁,၄၁၂ ကျောင်း ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အဆင့်မြင့်ပညာ ဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် အဆောက်အဦ ဆောက်လုပ်ခြင်း ၊ စက်ပစ္စည်း ကိရိယာများ ၊ ပရိဘောဂများ ဝယ်ယူခြင်းလုပ်ငန်းများကို ကျပ် ၂၇၅.၇၀၇ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ မော်လမြိုင်တက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်း ကိရိယာများ၊ ပရိဘောဂများ ဝယ်ယူခြင်း လုပ်ငန်းများကိုကျပ် ၂,၈၀၀.၇၆၃ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ မော်လမြိုင် ပညာရေးကောလိပ် တစ်ထပ် RC စာသင်ဆောင်ပေါ်တွင် ၂ ထပ် တင်ခြင်း၊ သင်တန်းသား ၁၀၀ ဆံ့ ၂ ထပ် အုတ်ညှပ်အိပ်ဆောင် ဆောက်လုပ်ခြင်း၊ စားသောက်ဆိုင်နှင့် စားဖိုဆောင် ဆောက်လုပ်ခြင်း လုပ်ငန်းများကို ကျပ် ၅၈၆.၁၈၉ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

အခြေခံပညာ ကျောင်းများ၌ အန္တရာယ်ရှိ ကျောင်းဆောင်များနှင့် ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်များ ဖျက်သိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ခြင်း ၊ သိပ္ပံဆောင် ဆောက်လုပ်ခြင်း၊ လွတ်တော်နှင့် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်ပြသည့်ကျောင်းများ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းများကို ကျပ် ၃,၃၉၁.၂ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ပုဂ္ဂလိကကျောင်း အနေဖြင့် ပါရမီ ပုဂ္ဂလိက အထက်တန်းကျောင်း ၁ ကျောင်း တိုးချဲ့ ဖွင့်လှစ်နိုင်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အဆင့်မြင့်ပညာဦးစီးဌာန မော်လမြိုင် တက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်း ၊ စက်ပစ္စည်း ကိရိယာများ ဝယ်ယူခြင်းလုပ်ငန်း များအတွက် ကျပ် ၂,၃၁၇.၉ သန်းဖြင့် ဆောင်ရွက်သွားရန်ရည်မှန်းထားသည်။ မော်လမြိုင် ပညာရေး ကောလိပ် ဌာနမှူးနေအိမ်ဆောက်လုပ်ခြင်းအတွက် ကျပ် ၂၄.၃၂ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အဆင့်မြင့်ပညာဦးစီးဌာန မော်လမြိုင် တက္ကသိုလ် တည်ဆောက်ရေး၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း လုပ်ငန်းများ အတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၁၂,၅၇၇ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။ မော်လမြိုင် ပညာရေးကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကျပ် ၈၇၅.၆ သန်း ဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

အခြေခံပညာကျောင်းများ၌ အနုစာရယ်ရှိသော ကျောင်းဆောင်များ ဖျက်သိမ်း ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ ကျောင်းသားဦးရေများတိုးလာ၍ ကျောင်းဆောင် အသစ်တိုးချဲ့ဆောက်လုပ်ခြင်း၊ လွတ်တော် နှင့် ပညာရေးမြှင့်တင်မှုကော်မတီမှ တင်ပြ သည့်ကျောင်းများ ပြင်ဆင်ခြင်းစသည့်လုပ်ငန်းများအတွက် ကျပ် ၁၁,၃၇၂.၄ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(က) လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှု သင်တန်းများ၊ ကျောင်းများ ဖွင့်လှစ်မည့် အစီအစဉ်

၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်တွင် စာရင်းရေး၊ စာရင်းကိုင်နှင့် စာရင်းကိုင် ကွန်ပျူတာ သင်တန်းကို သမဝါယမသင်တန်းကျောင်း (မော်လမြိုင်) ၌ သင်တန်း ၂ ကြိမ် ဖွင့်လှစ်ရန် နှင့် သင်တန်းသားဦးရေ ၅၀ စီ တက်ရောက်ရန် စီစဉ်ဆောင်ရွက် ရန်ရည်မှန်းထားပါသည်။

အိမ်တွင်းမှု သက်မွေးပညာသင်ကျောင်း (မော်လမြိုင်) ၌ မိန်းမဝတ်စက်ချုပ် သင်တန်း၊ အမျိုးသား ဝတ်ရုပ်အင်္ကျီသင်တန်း၊ အထွေထွေအပ်ချုပ်သင်တန်း၊ သစ်သီး ပုံဖော်သင်တန်း၊ ပန်းအလှပြင်သင်တန်းနှင့် မုန့်မျိုးစုံသင်တန်း အစရှိသော သင်တန်း ၁၄ မျိုးကို ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နှစ်စဉ် ၈ ကြိမ် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။ ထို့ပြင် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် တွင် ရေခဲမုန့်နှင့်ဂျယ်လီသင်တန်း ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ခုတင် ၃၀၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံ ၂ ရုံ၊ မြို့နယ်/တိုက်နယ်ဆေးရုံ ၂၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆၅ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၂၈၅ ခု၊ ဒေသန္တရ ကျန်းမာရေးဌာန ၃ ခု၊ နယ်စပ်ဒေသ ဆေးခန်း ၁ ခု၊ ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံ ၁ ရုံ၊ တိုင်းရင်းဆေးပညာဆေးခန်း ၁၃ ခု၊ ကျောင်းကျန်းမာရေးဌာန ၄ ခု၊ မိခင်ကလေးကျန်းမာရေးဌာန ၁၅ ခု၊ ပုဂ္ဂလိကဆေးရုံ ၈ ခုတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက် ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ချောင်းဆုံမြို့နယ် တိုင်းရင်းဆေးကုဌာန တည်ဆောက်ခြင်း ၊ သိမ်ဆိပ် တိုင်းရင်းဆေးကုဌာန သရုပ်ပြ ဆေးဖက်ဝင်အပင်များ ပြကွက် တည်ဆောက်ခြင်းနှင့် အခြားတည်ဆောက်ရေး လုပ်ငန်းများကို ကျပ် ၂.၄၂၅ သန်း ဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါ သည်။

သူနာပြု သင်တန်းကျောင်း (မော်လမြိုင်) ကျောင်းအုပ်နေအိမ် ၊ ဝန်ထမ်းအိမ်ရာ အကြီးစားမွမ်းမံခြင်း လုပ်ငန်းအတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ်သန်း ၁၁၀.၀ ဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ ကျန်းမာရေး ဦးစီးဌာနရှိ ဆေးရုံ၊ ဆေးပေးခန်း တိုးချဲ့ဆောက်လုပ်ခြင်း အကြီးစား မွမ်းမံခြင်း၊ အသစ် ဆောက်လုပ်ခြင်း တို့အတွက် ကျပ် ၆၂၀.၀၈၈ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ သထုံခရိုင် ဦးစီးမှူးရုံး ဆောက်လုပ်ခြင်း ၊ သထုံ ၂၅ ခုတင်ဆံ့ ဆေးရုံ ၁ ရုံ ဆောက်လုပ်ခြင်း၊ ၁၆ ခုတင်ဆံ့ ဆေးရုံ ၃ ရုံ ဆောက်လုပ်ခြင်း၊ မုဒုံမြို့နယ်တွင် တိုင်းရင်းဆေးကုဌာန ၁ ခု ဆောက်လုပ်ခြင်း၊ မော်လမြိုင် ခုတင် ၅၀ ဆံ့ ဆေးရုံ ၁ ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက် ကျပ် ၂,၈၁၁.၆ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျန်းမာရေးဦးစီးဌာနရှိ ကျေးလက်ကျန်းမာရေးဌာန ၅ ခု ဆောက်လုပ်ခြင်း၊ ဆရာဝန် ၊ သူနာပြုနေအိမ် ၊ ဝန်ထမ်းအိမ်ရာ ၅ ခု ဆောက်လုပ်ခြင်း ၊ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် အကြီးစားမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ၇ ခု ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခု ဆောက်လုပ်ခြင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး အကြီးစားမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၂,၈၆၂သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၅ ရုံ တည်ဆောက်ခြင်း၊ တိုင်းရင်းဆေးကုဌာန ၈ ခု တည်ဆောက်ခြင်း၊ ပြည်နယ်ဦးစီးမှူးရုံး တည်ဆောက်ခြင်း၊ ခရိုင်ဦးစီးမှူးရုံး တည်ဆောက်ခြင်း၊ လုပ်ငန်း ၂၄ ခု အတွက် တိုင်းရင်းဆေး ရုံးသုံးစက်ကိရိယာ နှင့် အထောက်အကူပြု ဖြည့်စွက်ခြင်း လုပ်ငန်းများအတွက် ကျပ် ၃,၀၆၇.၂၆၅ သန်း ၊ သူနာပြု သင်တန်းကျောင်း (မော်လမြိုင်) အကြီးစားမွမ်းမံခြင်း လုပ်ငန်းအတွက် ကျပ်သန်း ၁၁၀ ၊ ကျန်းမာရေးဦးစီးဌာနများရှိ ဖြည့်စွက်ဆောက်လုပ်ရေးလုပ်ငန်း ၃ ခု (ဆေးရုံ ၊ ဆေးခန်း အကြီးစား မွမ်းမံခြင်း၊ တိုးချဲ့ခြင်း) ဆောက်လုပ်ရေးလုပ်ငန်းသစ် ၁၁ ခု (ဆေးရုံသစ် ဆောက်လုပ်ခြင်း၊ ကျေးလက်ကျန်းမာရေး ဌာနနှင့် ဌာနခွဲအသစ် ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း) တို့အတွက် ကျပ်သန်း ၄,၁၄၀.၀ ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး

မြို့ပြကျေးလက်လမ်းတံတား ရေပေးဝေရေး လုပ်ငန်းများအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၂,၀၂၅.၉၉၂ သန်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၅၉၃.၇၉၅ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြကျေးလက်လမ်းတံတား ရေပေးဝေရေး လုပ်ငန်းများအတွက် ကျပ် ၃,၀၁၉.၅၀၆ သန်းဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့ပြလမ်း ၆၃ ခု၊ လမ်းအရှည် စုစုပေါင်း ၁၄ မိုင် အတွက် ငွေကျပ် ၆၇၅.၉၃ သန်း၊ ကျေးလက်လမ်း ၃၇ ခု၊ လမ်းအရှည် စုစုပေါင်း ၂၉မိုင် ဖဖာလုံ အတွက် ငွေကျပ် ၄၅၀.၆၃ သန်း၊ မြို့ပြတံတား ၁၈ ခုအတွက် ကျပ် ၂၂၅.၃ သန်း၊ ကျေးလက်တံတား ၂၈ ခု အတွက် ငွေကျပ် ၂၂၅. ၃ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့ပြလမ်း ၇၀ ခု လမ်းအရှည် စုစုပေါင်း ၁၅မိုင် ဖဖာလုံ အတွက် ကျပ် ၇၀၉.၇၁ သန်း၊ ကျေးလက်လမ်း ၄၂ ခု လမ်းအရှည် စုစုပေါင်း ၃၃ မိုင် ၂ ဖာလုံအတွက် ကျပ် ၄၇၃.၁၅ သန်း၊ မြို့ပြတံတား ၂၃ ခုအတွက် ကျပ် ၂၃၆.၅၈ သန်းနှင့် ကျေးလက်တံတား ၂၈ ခုအတွက် ကျပ် ၂၃၆.၅၈ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Global Tele Phone Co.၊ GT Co. တို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးတာဝါတိုင်များကို မော်လမြိုင်မြို့နယ်တွင် ၁၇ တိုင်၊ ချောင်းဆုံမြို့နယ်တွင် ၄ တိုင်၊ ကျိုက်မရောမြို့နယ်တွင် ၄ တိုင်၊ မုဒုံမြို့နယ်တွင် ၈ တိုင်၊ သံဖြူဇရပ်မြို့နယ်တွင် ၇ တိုင်၊ ရေးမြို့နယ်တွင် ၇ တိုင်၊ ကျိုက်ထိုမြို့နယ်တွင် ၆ တိုင်၊ ဘီးလင်းမြို့နယ်တွင် ၅ တိုင်၊ သထုံမြို့နယ်တွင် ၉ တိုင်၊ ပေါင်မြို့နယ်တွင် ၅ တိုင်၊ စုစုပေါင်းဆက်သွယ်ရေးတာဝါတိုင် ၇၂ တိုင် စိုက်ထူပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးရုံးခန်း ပြုပြင်ခြင်း၊ စက်ပစ္စည်း ကိရိယာများ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်း ၊ ပရိဘောဂများ ဝယ်ယူခြင်း လုပ်ငန်းများကို ကျပ် ၇,၆၅၆၀.၀ သန်းဖြင့် ဆောင်ရွက်နိုင်ရန်ရည်မှန်းထားပါသည် ။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/UMTS မိုဘိုင်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း ၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် အခြားတပ်ဆင်စရိတ်များ၊ GSM/UMTS /LTE မိုဘိုင်းလိုင်း ၅ သန်း တိုးချဲ့ တပ်ဆင်ခြင်း စီမံကိန်း၊ Building System နှင့် ကွန်ပျူတာလုပ်ငန်း၊ e-Telegraph နှင့် ကွန်ပျူတာ ကြေးနန်းလုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း၊ အဝေးဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျပ် ၉,၅၃၅.၉၄၇ သန်း ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အော်တိုတယ်လီဖုန်း ၃၀၀၊ မိုဘိုင်းတယ်လီဖုန်း ၂၀၆,၇၆၄ လုံး တပ်ဆင်သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ ၁,၀၀၀ လျှင် သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာ ၁၄၈ လုံးအထိ ရှိလာမည်ဟု ခန့်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်တယ်လီဖုန်း ၅၀၃,၃၀၁ လုံးတပ်ဆင်သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေ ၁,၀၀၀ လျင်သုံးစွဲနိုင်သည့် တယ်လီဖုန်းမှာ ၄၈၀ လုံး အထိရှိလာမည်ဟု ခန့်မှန်းထားပါသည်။

(c) သောက်သုံးရေဖူလုံရေး

စည်ပင်သာယာရေးအဖွဲ့ မြို့ပြရေပေးရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၆၀ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၆၅ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၇၂ ခု၊ ကျေးလက်ရေရရှိရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၂၁ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၂၅ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၂၇ ခု ဆောင်ရွက်မည်ဖြစ်ပါသည်။ တွင်းနက်၊ တွင်းတိမ်၊ ရေကန်တူးဖော်ခြင်း၊ လက်တူးတွင်း အဆင့်မြှင့်

တင်ခြင်းနှင့် အခြားတူးဖော် ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ၉ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ၁၆ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ၁၁ ခု ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

(စ) ခရီးသွားလုပ်ငန်း

မွန်ပြည်နယ်အတွင်း သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုး ဘုရားဖူး ခရီးစဉ်သည် ပြည်တွင်း ဘုရားဖူးသာမက ပြည်ပခရီးသွား ဧည့်သည်များ နှစ်စဉ် ပိုမိုများပြားစွာ ဝင်ရောက်လည်ပတ်လျက်ရှိသဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် မော်လမြိုင်ခရိုင်အတွင်း သံဖြူဇရုပ်မြို့နယ်၌ စက်စဲကမ်းခြေနှင့် ကျိုက္ခမီရေလယ်ဘုရား၊ ရေးမြို့နယ်၌ ဇီးဖြူသောင်ကမ်းခြေနှင့် ကဗျာဝကမ်းခြေ အလှအပတို့ဖြင့် ခရီးသွားလာမှုကို အဆင့်မြှင့်တင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည် ။

၅။ ကဏ္ဍများအချင်းချင်း ချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဒေသ ကြီးကြပ်ရေးမှူးရုံးမှ ဘီးလင်းမြို့နယ်တွင် ကွန်ကရစ်ရေပြွန်နှင့်လမ်း၊တံတားလုပ်ငန်းများနှင့် ကျိုက်မရောမြို့နယ်တွင် ကွန်ကရစ်ရေပြွန်နှင့် လမ်း၊တံတားလုပ်ငန်းများ၊ မူလတန်းကျောင်း ၇ ကျောင်းနှင့် အလယ်တန်းကျောင်း ၁ ကျောင်း၊ ကျန်းမာရေးဌာနခွဲ ၁ ခု၊စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ၆ ခု၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၆ ရုံ၊ စာကြည့်တိုက်ဆောက်လုပ်ခြင်း၊ ဘုန်းကြီးကျောင်း ဆောက်လုပ်ခြင်း၊ အိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်မှန်းထားပါသည်။

သံဖြူဇရုပ်မြို့နယ်တွင် အထက်တန်းကျောင်း ၁ ကျောင်း၊ ကျန်းမာရေးဌာနခွဲ ၁ ခု၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ၂ ခု၊ မွေးမြူရေးခြံ တည်ထောင်ပေးခြင်း၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၄ ရုံ၊ စာကြည့်တိုက် ဆောက်လုပ်ခြင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်မှန်းထားပါသည်။

ရေးမြို့နယ်တွင် ကွန်ကရစ်ရေပြွန်နှင့် လမ်း၊တံတားလုပ်ငန်းများ၊ မူလတန်းကျောင်း ၁ ကျောင်း၊ ကျန်းမာရေးဌာန ၂ ခုနှင့် ကျန်းမာရေးဌာနခွဲ ၃ ခု၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးရုံးလုပ်ငန်း၊ မွေးမြူရေးခြံ တည်ထောင်ပေးခြင်း၊ အသေးစား ရေအားလျှပ်စစ်စက်ရုံ ကီလိုဝပ်နာရီ ၁ သန်းအတွက်

တည်ဆောက်ခြင်း၊ အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဒေသ ကြီးကြပ်ရေးမှူးရုံးမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ရေးမြို့နယ်တွင် လမ်း၊ တံတား၊ ရေပြွန် တည်ဆောက်ခြင်းလုပ်ငန်း ၆ ခု၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းကို ဘီးလင်းမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်၊ လျှပ်စစ်မောတော်အားရရှိရေးလုပ်ငန်းကို ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ရေးမြို့နယ်များတွင် ကျပ် ၃,၇၅၆.၆ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဒေသ ကြီးကြပ်ရေးမှူးရုံးမှ ငြိမ်းချမ်းရေးအတွက် ကွန်ကရစ်ရေပြွန်နှင့် လမ်း၊ တံတားလုပ်ငန်း၊ ပညာရေး လုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် ပြည်ထောင်စုဘတ်ဂျက် ကျပ် ၂,၃၀၉.၆၂၀ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည် ။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဒေသ ကြီးကြပ်ရေးမှူးရုံးမှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ရေးမြို့နယ်တွင် လမ်း၊ တံတား၊ ရေပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ မူလတန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၁ ကျောင်းနှင့် အထက်တန်းကျောင်း ၁ ကျောင်း၊ ဆေးပေးခန်း ၁ ခုနှင့် ကျန်းမာရေး ဌာနခွဲ ၅ ခု၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ အဆင့်မြှင့်တင်ခြင်း ၁ ခု နှင့် အိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျိုက်မရောမြို့နယ်တွင် လမ်း၊ တံတား၊ ရေပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ တိုက်နယ်ဆေးရုံ ၁ ခု၊ ကျန်းမာရေးဌာနခွဲ ၃ ခု၊ စက်ရေတွင်း ၅ တွင်းနှင့် စိုက်ပျိုးရေးရရှိရေးလုပ်ငန်း ၄ ခု၊ စာကြည့်တိုက် ၂ ခု၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဓမ္မာရုံ တည်ဆောက်ခြင်းနှင့် အိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

သံဖြူဇရပ်မြို့နယ်တွင် မူလတန်းကျောင်း ၁ ကျောင်း၊ ဆေးပေးခန်း ၁ ခု၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ဓမ္မာရုံ တည်ဆောက်ခြင်းနှင့် အိမ်ရာ ဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဒေသကြီးကြပ်ရေးမှူးရုံးမှ ငြိမ်းချမ်းရေးအတွက် ရေးမြို့နယ်တွင် တံတား ၅ စင်း တည်ဆောက်ခြင်း၊ ကျောက်လမ်းခင်းခြင်း၊ မူလတန်းကျောင်း ၁ ကျောင်း ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ နှစ်ရှည်ပင်

စိုက်ပျိုးခြင်းလုပ်ငန်း ၂ ခု၊ အိမ်ရာ ဆောက်လုပ် ခြင်းလုပ်ငန်း ၄ ခုနှင့် ရိက္ခာဆန် ထောက်ပံ့ခြင်းလုပ်ငန်း ၁ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ခရိုင်ချင်းဆက် အမှတ် (၂) လမ်းတံတား မွမ်းမံခြင်း လုပ်ငန်း ၊ ကျေးလက်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ၊ ရေရရှိရေးလုပ်ငန်းများ ၊ အများသုံးနှင့် မိသားစုသုံး ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း လုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၊ ကျေးလက်အိမ်ရာ တည်ဆောက် ခြင်းလုပ်ငန်းများ နှင့် အခြားအသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း များအား ပြည်ထောင်စုဘတ်ဂျက် ကျပ် ၁၀,၀၂၁.၄၅၆ သန်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၁၉ မိုင် ၁ ဖာလုံ၊ ကျောက်လမ်း ၂၀ မိုင်၊ မြေလမ်း ၅၀ မိုင် စုစုပေါင်း လမ်း ၈၉ မိုင် ၁ ဖာလုံ၊ သစ်သားတံတား ၁,၃၀၀ ပေနှင့် ရေပြွန် ၇၀၀ ပေ စုစုပေါင်း ၂,၀၀၀ ပေ၊ ရေရရှိရေး လုပ်ငန်းများတွင် တွင်းတိမ် ၅ တွင်း၊ တွင်းနက် ၁၅ တွင်း၊ အခြား ၃၀ တွင်း စုစုပေါင်း ၅၀ တွင်းတို့ဖြင့် ကျေးရွာပေါင်း ၅၀ တို့ကို ကျပ် ၄၃၈ သန်းတို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။ မြို့နယ် ၂ မြို့နယ်မှ ကျေးရွာ ၄ ရွာတို့တွင် အများသုံး ယင်လုံအိမ်သာ ၃၀ လုံး အတွက် ကျပ် ၁၆၅ သန်း၊ အိမ်ရာလုပ်ငန်း ၂၀၀ အတွက် ကျပ်သန်း ၆၀၀ ၊ ကျေးလက် မီးလင်းရေးလုပ်ငန်း ဆိုလာစနစ်ဖြင့် အိမ်ခြေ ၁,၅၀၀ အတွက် ကျပ်သန်း ၄၅၀၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း ၁၀ ခုအတွက် ကျပ် ၈၉ သန်း၊ စုစုပေါင်းကျပ် ၁,၇၄၂ သန်းတို့ဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက မွန်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြင်ရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၀-၅
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
စုစုပေါင်း ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



မွန်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁,၈၄၄,၄၆၇.၄ သန်းမှ စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ကျပ် ၃,၀၀၂,၃၅၆.၄ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းများအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ ၉.၆ ရာခိုင်နှုန်း တိုးတက်မည်ဟု ရည်မှန်းထား ပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ

၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁)	ပြည်နယ်အစိုးရအဖွဲ့ရုံး	ကျပ် ၆,၆၅၃.၉၄၅သန်း
(၂)	ပြည်နယ်လွှတ်တော်ရုံး	ကျပ် ၄၆၉.၈၈၅ သန်း
(၃)	ပြည်နယ်ဥပဒေချုပ်ရုံး	ကျပ် ၁၈၉.၀၄၇ သန်း
(၄)	ပြည်နယ်စာရင်းစစ်ချုပ်ရုံး	ကျပ် ၂၅၀.၁၈၉ သန်း
(၅)	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ် ၃၆၆.၀၉၇ သန်း
(၆)	သမဝါယမဝန်ကြီးဌာန	ကျပ် ၂၅.၀၀၀ သန်း
(၇)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ကျပ် ၈၇.၆၀၀ သန်း
(၈)	မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ကျပ် ၄၂.၂၀၀ သန်း
(၉)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန	ကျပ် ၂၄.၄၉၇ သန်း

(၁၀)	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ကျပ်၁,၂၁၃.၈၀၃ သန်း
(၁၁)	အားကစားဝန်ကြီးဌာန	ကျပ် ၇၇.၀၀၀ သန်း
(၁၂)	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ် ၂၆.၇၅၆ သန်း
(၁၃)	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ကျပ် ၆၁.၂၀၂ သန်း
(၁၄)	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ် ၁၆,၅၃၆.၆၉၀ သန်း
(၁၅)	ပြည်နယ်စည်ပင်သာယာရေးအဖွဲ့	ကျပ် ၂,၈၇၂.၀၉၃ သန်း
	စုစုပေါင်း	**ကျပ် ၂၈,၈၉၆.၀၀၄ သန်း**

မွန်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၁၅,၁၆၂.၃၃၃ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းတင်ပြအပ်ပါသည်။

၈။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

မွန်ပြည်နယ်သည် တောင်ကုန်းတောင်တန်းများပေါများ၍ ကြီးမားကျယ်ပြန့်မှု မရှိသော မြေပြန့်လွင်ပြင်အချို့ တည်ရှိပြီး သံလွင်မြစ်၊ စစ်တောင်းမြစ်တို့မှာ ပြည်နယ်အတွင်း ထင်ရှားသော မြစ်များဖြစ်ပြီး ဘီးလင်းမြစ်၊ ဒုံသမိမြစ်၊ ကျိုင်းမြစ်၊ အတ္ထရံမြစ်နှင့် ရေးမြစ်တို့မှာ အရေးပါသော မြစ်များဖြစ်ပါသည်။

မြို့နယ်များအတွင်း ပင်လယ်နှင့် ထိစပ်လျက်ရှိသော ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဘေး၊ ရေဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များ ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကယ်ဆယ်ရေးအတွက် ကြိုတင်အစုဖွဲ့ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လျှင်မြန်စွာ ဆောင်ရွက်နိုင်ရန် အချိန်ကာလ အလျှောက် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များအတွက် စီမံခန့်ခွဲမှု လုပ်ငန်းများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီ ၁၀ ခုဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း ကျိုက်မရောမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့်ကျိုက်ထိုမြို့နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျိုက်မရောမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲ/ယာရေနှုတ်မြောင်း ၇ခုကို တူးဖော်ရှင်းလင်းခြင်း နှင့် ရေထုတ်ပေါက် တံခါးငယ် ၃ ခု ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါ သည်။ ကျိုက်ထိုမြို့နယ်၊ စစ်တောင်း

ကျေးရွာ ခဝါချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု ဖြစ်ပေါ်ခဲ့သဖြင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် အရှည်ပေ ၅၇၀ ရှိ ရေလွှဲမြောင်း တူးဖော်ခြင်း၊ ကဒစ်တန်းရိုက်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျိုက်မရောမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုများနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရေနူတ်မြောင်းများကို ဆက်လက် တူးဖော်သွားမည် ဖြစ်ပါသည်။

ဘီးလင်းမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေ ၅၀ သိန်း၊ အရှည်ပေ ၂,၈၀၀ ၊ အကျယ်ပေ ၉ ပေနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှခွဲဝေချထားငွေ၈၇သိန်း၊အရှည်ပေ ၂,၇၂၀ ၊အကျယ် ၉ ပေဖြင့် ဘိုးရာဇာရပ်ကွက်နှင့်ဘိုးလှကြီးရပ်ကွက်တို့မှဖြတ်သန်း၍ ဘီးလင်းအတွင်းသို့ဖောက်ထွက်စီးဆင်းသောပြည်တော်သာ ရေထုတ်မြောင်းအား တူးဖော်ဆောင်ရွက်ပြီး ရေကြီးနစ်မြုပ်မှုအန္တရာယ်မှကြိုတင်ကာကွယ်နိုင်ရေးဆောင်ရွက်ထားရှိပါသည်။

ကျိုက်ထိုမြို့နယ်အတွင်း ခဝါချောင်းနှင့် စစ်တောင်းမြစ်ဆုံရာ ချောင်းဝတွင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် အရှည်ပေ ၃၀၀ ခန့်ကမ်းပြိုမှု ဖြစ်ပေါ်ခြင်းအား ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အတွက်

(က) ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်များတွင် (၂၀၀ပေ x ၁၀၀ ပေ x ၃၀၀ ပေ) ရှိ သက်ကယ်ကုန်းမြင့်ကို တစ်မြို့နယ်လျှင် ၂ လုံးစီ ဆောက်လုပ်ရန်၊

(ခ) မော်လမြိုင်၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ဘီးလင်း၊ ရေးမြို့နယ်များတွင် (၁၂၀ပေ x ၆၀ပေ x၂၀ပေ)ရှိ အရေးပေါ်နေရာချထားရေးဘက်စုံသုံးခန်းမ တစ်မြို့နယ်လျှင် ၁ လုံးစီ တည်ဆောက်ရန်၊

(ဂ) မွန်ပြည်နယ် အတွင်းရှိ မြို့နယ်များတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ သင်တန်းများကို တစ်မြို့နယ်တွင် သင်တန်း ၁ကြိမ်စီ ဖွင့်လှစ်ရန်၊

(ဃ) ရေးမြို့နယ်ရှိ အစင်ကျေးရွာဓမင်းဆိပ်၊ အံဒင်ကျေးရွာဓမင်းဆိပ်၊ ကဗျာဂကျေးရွာ၊ ချောင်းဆုံမြို့နယ်ရှိ ဆယ်ပလာကျေးရွာ၊ ဇီးကုန်းကျေးရွာ၊ တော်ပွန်ကျေးရွာ၊ ဟသ်ကျွန်းကျေးရွာနှင့် ပေါင်မြို့နယ်ရှိ အလှပ်ကျေးရွာ၊ ထန်းပင်ချောင်ကျေးရွာတို့တွင် Cyclone Shelter များ ဆောက်လုပ်ရန်၊

(c) မွန်ပြည်နယ် ဆိပ်ကမ်းမြို့များသို့ မီးငြိမ်းသတ်ရေး ရေယာဉ် ၁ စီး ဖြည့်တင်းရန်၊ ၅ ယူနစ်အဆင့် မီးသတ်စခန်း ၂ ခုအတွက် အမြှုပ်မီးသတ်ယာဉ်(Foam Tender) ၂ စီးဖြည့်တင်းရန် တို့ကို နိုင်ငံခြားအကူအညီအထောက်အပံ့ရရှိပါက ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၉။ နိဂုံး

မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျော့ချရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဒေသခံပြည်သူတို့၏ လူနေမှုဘဝ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ	=	မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် မှ ၁၂ဒီဂရီ၃၀ မိနစ် အတွင်း အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ၁၀ မိနစ် မှ ၉၃ ဒီဂရီ ၅၀ မိနစ်
အကျယ်အဝန်း	=	၁၄,၂၀၁.၀၈ (စတုရန်းမိုင်) ၉,၀၈၈,၀၅၃ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၃,၄၆၈ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	စစ်တွေ
ထူးခြားသည့် အမှတ်အသား	=	View Point (စစ်တွေ)၊ ပေလီကမ်းခြေ(သံတွဲ)
ခရိုင်	=	၅ ခရိုင်
မြို့နယ်	=	၁၇ မြို့နယ်
အဓိကစီးပွားရေး	=	လယ်ယာ၊သားငါး၊ လျှပ်စစ်၊ပို့ဆောင်ရေး
ဆက်စပ်ဒေသများ	=	အရှေ့ဘက်တွင်မကွေးတိုင်း၊ပဲခူးတိုင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်း နှင့်ဘင်္ဂလား ပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော် နှင့် အနောက်မြောက်ဘက်တွင် ဘင်္ဂလား ဒေ့ရှ် နိုင်ငံနှင့် ချင်းပြည်နယ်

ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိဒါန်း

ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင် တည်ရှိသည့် နိုင်ငံရေးနှင့် စီးပွားရေးအတွက် အချက်အချာကျသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ အဓိကစီးပွားရေးမှာ လယ်ယာ၊ သားငါး နှင့် ပို့ဆောင်ရေးလုပ်ငန်းများဖြစ်ပြီး လျှပ်စစ်ဓာတ်အားသည်လည်း ပြည်နယ်၏ အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေကာ ကဏ္ဍစုံ၊ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပြည်နယ်အတွင်း အလိုအပ်ဆုံးဖြစ်သည့် လျှပ်စစ်မောတော်အား အပြည့်အဝရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာစေရေး၊ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

ရခိုင်ပြည်နယ်၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ တစ်ထောင်လျှင် တယ်လီဖုန်းအသုံးပြုမှု တို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ-၃-၁၁-၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



ရခိုင်ပြည်နယ်၏ ကျောင်းနေ နှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် မူလတန်း အဆင့်၌ ၉၈.၅၂ ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်၌ ၃၂.၇၅ ရာခိုင်နှုန်း နှင့် အထက်တန်း အဆင့်၌ ၂၄.၁၂ ရာခိုင်နှုန်းမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်း အဆင့်၌ ၁၀၃.၀၀ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၃၅.၀၂ ရာခိုင်နှုန်း နှင့် အထက်တန်းအဆင့်၌ ၂၅.၉၉ ရာခိုင်နှုန်းသို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ-၃-၁၁-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက်(အရှင်မွေးကလေး ၁,၀၀၀ လျှင်)



ရခိုင်ပြည်နယ်၏ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း (အရှင်မွေးကလေး ၁,၀၀၀ လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၀.၂၉ နှုန်းရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၀.၃၃ နှုန်းသို့ လျော့နည်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ-၃-၁၁-၃
လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း ရည်မှန်းချက်



ရခိုင်ပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၉ လုံး သုံးစွဲနိုင်ရန် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၃၁၇ လုံး သို့တိုးတက် သုံးစွဲနိုင်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ -၃-၁၁- ၄
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှုရည်မှန်းချက်



ဇာစ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေး နှင့် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

စိုက်ပျိုးရေးကဏ္ဍ၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စပါး ၁,၁၄၇,၅၃၂ ဧက၊ ပဲအမျိုးမျိုး ၁၅၉,၉၄၂ ဧကနှင့်ဆီထွက်သီးနှံများ ၁၉၀,၅၅၃ ဧက၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စပါး ၁,၁၄၈,၀၄၀ ဧက၊ ပဲအမျိုးမျိုး ၁၆၀,၈၉၉ ဧက ၊ ဆီထွက်သီးနှံများ ၁၉၃,၉၁၃ ဧက ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စပါး ၁,၁၄၈,၅၅၀ ဧက၊ ပဲအမျိုးမျိုး ၁၄၃,၉၆၈ ဧက နှင့် ဆီထွက်သီးနှံများ ၁၉၀,၆၇၆ ဧက ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စပါး ၁,၁၅၂,၂၉၃ ဧက၊ ပဲအမျိုးမျိုး ၁၄၅,၈၃၀ ဧက ၊ ဆီထွက်သီးနှံများ ၁၉၂,၇၃၃ ဧက နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စပါး ၁,၁၆၅,၀၀၀ ဧက၊ ပဲအမျိုးမျိုး ၁၄၇,၈၀၆ ဧကနှင့် ဆီထွက် သီးနှံများ ၂၀၇,၇၀၅ ဧက စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

စက်မှုလယ်ယာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းစီမံချက်များရေးဆွဲပြီး ကျေးရွာများအရောက် ထွန်စက်များနှင့် ရိတ်သိမ်းစက်များ၊ ခြွေလှေ့စက်များပေးဝေခြင်း၊ ကျေးရွာများအရောက် ထွန်ယက်ပေးခြင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရိတ်သိမ်းပြီးချိန်တွင် ပဂ္ဂလိကပိုင်ကုမ္ပဏီများနှင့်ချိတ်ဆက်ပြီး အဆင်မြင့်လယ်ယာများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

(ခ) သားငါး

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နို့စားနွား၊ အသားစားနွားနှင့်ခိုင်းနွားမျိုးမြှင့်သားစပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မေထုံမဲ့သားစပ်ခြင်း လုပ်ငန်းများထူထောင်ခြင်း၊ မွေးမြူရေးအစုအဖွဲ့များ စုဖွဲ့ပြီး နွား၊ ဝက်၊ ဆိတ်၊ ကြက် စသည့် တိရစ္ဆာန်များ စီးပွားဖြစ်တိုးချဲ့ မွေးမြူရေးဆောင်ရွက်ခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏အကူအညီဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုမြှင့်တင်ခြင်း၊ နို့စားနွားအကောင် ၃၀၀ မွေးမြူခြင်း၊ ဝက်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ထောင်စု ၄၀၀ ကို အခြေခံပြီး မွေးမြူရေးဘဏ်စနစ်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူခြင်း လုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

ငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန်အတွက် ဒီရေတောများစိုက်ပျိုးရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ပုစွန်မွေးမြူထုတ်လုပ်မှု

လုပ်ငန်းများ၊ ငါးသလောက် မျိုးထိန်းသိမ်းရေး လုပ်ငန်းများ (ရာသီချိန်တွင် ငါးသလောက်များရှိသည့် ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင်ငါးများအုပ်စုလိုက် ရွှေ့လျားမှုနှုန်းငါးအထီး၊ အမအလေးချိန်ဂရမ် တိုင်းထွာခြင်းလုပ်ငန်း)၊ရွှံဂဏန်းလုပ်ငန်းများ တိုးချဲ့ခြင်း၊မြို့နယ်များမှ ရေထွက်ပစ္စည်းမျှောစာဖြင့် သယ်ယူဆောင်ရွက်နေမှုအား အစဉ်အမြဲကြီးကြပ်ကွပ်ကဲခြင်း၊ ရွှံဂဏန်းမဖမ်းဆီးရန်ယမြေအဖြစ် တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ် နှင့် မြေပုံမြို့နယ်များတွင် ဝန်ကြီးဌာန၏ ညွှန်ကြားချက်ဖြင့် ကန့်သတ်ဆောင်ရွက်ခြင်း၊ ရေထွက်ပစ္စည်းပို့ကုန်တိုးတက်ထုတ်လုပ် တင်ပို့နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေချိုငါးပုစွန်မွေးမြူမှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေချိုငါးလုပ်ငန်း ရေပြင်များနှင့် ငါးသယံဇာတ ထိန်းသိမ်းရန် ငါးမျိုးစိတ်ထည့်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ငါးကဏ္ဍတိုးတက်လာရန် ရည်မှန်ထားပါသည်။

(၃) စက်မှုကဏ္ဍကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှုလက်မှု

စက်မှုပြည်နယ်အဆင့် ရောက်ရှိအောင် ကူးပြောင်းရေးအတွက်စီမံကိန်းကာလအတွင်း၌ စက်မှုဇုန်စီမံကိန်းများ၊ စက်မှုရပ်ကွက်စီမံကိန်းများ၊ အထူးစီးပွားရေးဇုန်စီမံကိန်းများကိုဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။

(၁) ပုဏ္ဏားကျွန်းစက်မှုဇုန်

ပုဏ္ဏားကျွန်းမြို့နယ် ရေပေါက်ချောင်းကျေးရွာအုပ်စု လျာထားမြေ ၁,၈၃၃.၁၅ ဧကတွင် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။



ပုဏ္ဏားကျွန်း စက်မှုဇုန်အတွက်စက်မှုမြေစီမံခန့်ခွဲမှုအခြေအနေ

	ဧရိယာ (ဧက)	ရာခိုင်နှုန်း
၁။စက်မှုမြေကွက်များ	၅၄၂.၂၄	၂၉.၅၈
၂။ဌာနဆိုင်ရာမြေ	၂၄.၅၈	၁.၃၄
၃။စိမ်းလန်းမြေ	၁၁၈.၂၉	၆.၄၅
၄။ဆေးရုံ	၁၀.၀၀	၁.၅၅
၅။လမ်း	၁၇၃.၁၈	၉.၄၅
၆။ဈေး	၂.၀၀	၀.၁၁
၇။ဝန်ဆောင်မှုဇုန်	၁၃.၁၈	၀.၇၂
၈။လူနေဇုန် (ကင်းချောင်းအနီး)	၂၀၀.၀၀	၁၀.၉၁
၉။လူနေဇုန် (တန်းစွယ်ရွာအနီး)	၁၆၀.၄၂	၈.၇၅
အနာဂတ်ဖွံ့ဖြိုးမှုဇုန်	၅၈၉.၂၆	၃၂.၁၄

ဇာစ်မြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(၂) ကျောက်ဖြူအထူးစီးပွားရေးဇုန်

မဒဲကျွန်းတွင် မြေဧရိယာ ဖဖ၅ ဧကခွဲ စားသောက်ကုန်ပစ္စည်းလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ လူသုံး/အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက္ကူနှင့် ဓါတု ဗေဒလုပ်ငန်း နှင့် အကြီးစားစက်မှု လုပ်ငန်းများကို လုပ်သားအင်အား ၄၀,၀၀၀ ဖြင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို ဆောင်ရွက်ရန်လျာထား ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်



ဇာစ်မြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

စက်မှုလုပ်ငန်းများတိုးချဲ့ခြင်းနှင့် ပတ်သက်၍ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို ဖော်ပြပါအတိုင်းတိုးချဲ့ဆောင်ရွက်နိုင်ရန်ရည်မှန်းထားပါသည်-

ပုံ-၃-၁၁-၅

ရခိုင်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအခြေအနေ



ဇာစ်မြစ်။ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အကြီးစားစက်မှုလုပ်ငန်း ၅၂ ခု၊ အလတ်စားစက်မှု လုပ်ငန်း ၇၅ ခု နှင့် အငယ်စားစက်မှုလုပ်ငန်း ၁,၉၀၄ ခု လုပ်ဆောင် ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကြီးစားစက်မှုလုပ်ငန်း ၆၁ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၈၁ ခု နှင့် အငယ်စားစက်မှုလုပ်ငန်း ၂,၀၀၈ ခု လုပ်ကိုင်ရန်ရည်မှန်းထားပါသည်။

(ခ) စွမ်းအင်

ရခိုင်ကမ်းလွန် ရှေ့ သဘာဝဓါတ်ငွေ့စီမံကိန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သဘာဝဓါတ်ငွေ့ ကုဗပေ ၉၄,၉၂၀ သန်း ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ်းလွန်သဘာဝဓါတ်ငွေ့ ကုဗပေ ၁၂၉,၆၈၅ သန်း နှင့် ဘူးသွင်းသဘာဝဓါတ်ငွေ့ ကုဗပေ ၁၈၁ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကမ်းလွန်သဘာဝဓါတ်ငွေ့ ကုဗပေ ၁၇၀,၃၁၈ သန်း နှင့် ဘူးသွင်းသဘာဝဓါတ်ငွေ့ ကုဗပေ ၁၈၂ သန်း ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) လျှပ်စစ်မာတ်အား

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှစတင်၍ မြန်မာ့လျှပ်စစ် မာတ်အားလုပ်ငန်းမှ ၂၃၀/၆၆ ကေဗွီ၊ ၆၆/၃၃ ကေဗွီခွဲရုံများနှင့် ၂၃၀/၆၆ ကေဗွီ မဟာမာတ်အားလိုင်း စီမံကိန်းများဆောင်ရွက်ရန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဥသျစ်ပင်-တောင်ကုတ်၊ ပုဏ္ဏားကျွန်း-ကျောက်တော်၊ ပုဏ္ဏားကျွန်း-စစ်တွေ၊ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း၊ တောင်ကုတ်-မအီ-စနဲ့ မာတ်အားလိုင်းများနှင့် ကျောက်တော်မြို့နယ် နှင့် စစ်တွေမြို့နယ်တို့တွင် မာတ်အားခွဲရုံများ တည်ဆောက်ရန်၊ ပုဏ္ဏားကျွန်း ပင်မမာတ်အားခွဲရုံ၊ စနဲ့(ဇင်ချောင်း)၊ တောင်ကုတ် မာတ်အားခွဲရုံ ၊ တောင်ကုတ်-သံတွဲ၊ ပုဏ္ဏားကျွန်း-မြောက်ဦး၊ ကျောက်ဖြူ- ရမ်းဗြဲ၊ မင်းဘူး-အမ်းမာတ်အားလိုင်း၊ သံတွဲ ၊ မြောက်ဦးနှင့် အမ်းမြို့နယ်တို့တွင် မာတ်အားခွဲရုံများ တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မင်းပြားမြို့ မာတ်အားခွဲရုံမှ ၃၃ ကေဗွီလိုင်းများဆွဲပြီးမြေပုံမြို့နှင့် ပေါက်တောမြို့သို့လျှပ်စစ်မာတ်အားဖြန့်ဖြူးခြင်း၊ ပုဏ္ဏားကျွန်းမှရသေ့တောင်သို့ ၃၃ ကေဗွီမာတ်အားခွဲရုံများ တည်ဆောက်ရန်၊ မာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်ခြင်း နှင့် Transformer များ၊ သစ်သားတိုင်များအစားထိုးခြင်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲတို့တွင် မာတ်အားခွဲရုံများ နှင့် မာတ်အားလိုင်းများ တည်ဆောက်သွားရန် ရည်မှန်းထားပါ

သည်။မဟာဓာတ်အားလိုင်းများ သွယ်တန်း ပြီးပါကမြို့နှင့် ၁၀ မိုင် ပတ်ဝန်းကျင်ရှိ ကျေးရွာများကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး ပြည်နယ်အတွင်း ကျေးရွာပေါင်း ၁၇၃ ရွာ ၊ အိမ်ခြေပေါင်း ၃၉,၈၈၄ ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ပေးနိုင်မည် ဖြစ်ပါသည်။

(ဃ) ဆောက်လုပ်ရေး

လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ကုန်-ကျောက်ဖြူလမ်း၊ မအိ-ပဒဲကြော-အမ်းလမ်း၊ ငါးသိုင်းချောင်း-ဂွလမ်း၊ မြေပုံ-ကံသာ-ကပိုင်လမ်းစသည့် ဆောင်ရွက်ဆဲလုပ်ငန်းများအပြင် ကျောက်တော်-ပလက်ဝ လမ်း၊ သံတွဲ-ဂွလမ်း ၊ ရန်ကုန်-စစ်တွေလမ်း ၊ ပေါက်တော-မင်းပြားလမ်း ၊ ဘူးသီးတောင်-မောင်တောလမ်းများကို အဆင့်မြှင့်တင်ပြီး ဆင်ခုံတိုင်မြစ်ကူးတံတား၊ စွန်ရဲမြစ်ကူးတံတား၊ အမ်းချောင်းတံတား၊ စံမတီးချောင်းတံတား၊ ကင်းချောင်းတံတား၊ သဲတန်းတံတားများ၊ ဘူးသီးတောင်-မောင်တော လမ်းပေါ်ရှိ တံတားအမှတ် ၁၁/၆ နှင့် ရန်ကုန်-ကျောက်ဖြူ လမ်းပေါ်ရှိ တံတား ၆ စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်၊ ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ၁၆၇ မိုင်၊ ကျောက်လမ်း ၆၇ မိုင်၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းအနေဖြင့် ၁၈၀ ပေ အထက်တံတား ၆ စင်း၊ ပေ ၁၀၀-၁၈၀ အကြားတံတား ၁၁ စင်း၊ ပေ ၅၀-၁၀၀ ကြားတံတား ၂၄ စင်း၊ ပေ ၅၀ အောက်တံတား ၁၉၃ စင်း တို့အား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း ၂၁၃ မိုင်၊ ကျောက်လမ်း ၄၉ မိုင်တို့အား တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ပြီး ၁၈၀ ပေအထက်တံတား ၂ စင်း၊ ပေ ၁၀၀-၁၈၀ ကြားတံတား ၁၁ စင်း၊ပေ ၅၀-၁၀၀ ကြားတံတား ၃၀ စင်း နှင့် ပေ ၅၀ အောက်တံတား ၂၆၁ စင်းတို့အား ကွန်ကရစ်တံတားအဖြစ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(c) ပို့ဆောင်ရေး

ပြည်နယ်အတွင်း လေယာဉ်ကွင်းများအနက် လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများ အနေဖြင့် သံတွဲ ၊ ကျောက်ဖြူ ၊ စစ်တွေ လေယာဉ်ကွင်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ မာန်အောင်ကျွန်းသည် ဘင်္ဂလားပင်လယ်အော် အတွင်းတည်ရှိသည့် သီးသန့်ကျွန်းတစ်ကျွန်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲ သဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ လေယာဉ်ကွင်း တည်ဆောက်မည်ဖြစ်ပြီး

လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် ဆက်လက်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ရေလမ်းကိုသာ အားထားရသော ပြည်နယ်ဖြစ်ပြီး ပြည်နယ်အတွင်းနှင့် အခြားပြည်နယ်၊ တိုင်းဒေသကြီးများသို့ ခရီးသည်နှင့် ကုန်စည်များကို ပြည်တွင်းရေကြောင်းပိုင်သဘော်များ၊ ကမ်းရိုးတန်းသွားသဘော်များ၊ ပုဂ္ဂလိကပိုင်သဘော်များဖြင့်ပို့ဆောင်ပေးလျက်ရှိပါသည်။ ကမ်းရိုးတန်းသွား အမြန်ယာဉ်များဖြင့် ဒေသတွင်းခရီးစဉ်များကို တိုးချဲ့ပြေးဆွဲရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ကုလားတန်မြစ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအတွက် ကျပ် ၅၇.၃၇၃ သန်း ၊ ကုလားတန်မြစ် ရေလမ်းကြောင်း ပိတ်ဆို့နေမှုအားရှင်းလင်းခြင်းလုပ်ငန်းအတွက် ကျပ် ၁၅.၂၇၇ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုလားတန်မြစ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း အတွက် ကျပ် ၅၉.၆၆၈ သန်း၊ ကုလားတန်မြစ် ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းအတွက် ကျပ် ၁၅.၈၈၈ သန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း အတွက် ကျပ် ၂၀၀.၉၈၅ သန်း ကုန်ကျဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံတွဲလေဆိပ် ပင်လယ်ဘက်ကမ်းပြိုကျမှုကာကွယ်ထိန်းသိမ်းမည့် လုပ်ငန်းအတွက် ကျပ် ၁၂.၃၂၄ သန်း၊ ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် ကျပ် ၁,၅၁၅.၇၈၀ သန်း၊ သံတွဲလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက်ကျပ်သန်း ၁၉၀ ကုန်ကျဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ပြည်နယ်အတွင်း တက္ကသိုလ် ၃ ခု၊ ကျောက်ဖြူ ပညာရေးကောလိပ်၊ တောင်ကုတ်ကောလိပ်၊ သံတွဲစက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်ထားရှိပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စာရင်းအရ မူလတန်းကျောင်း ၂,၄၇၆ ကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ၆၃ ကျောင်း၊ အလယ်တန်းကျောင်း ၁၄၁ ကျောင်း၊ အထက်တန်းကျောင်း ၁၄၂ ကျောင်းတို့ကို ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ ဥပဓိရပ် မကောင်းသောကျောင်းများဖျက်သိမ်း၍အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားဦးရေအရစာသင်ခန်းလိုအပ်၍ တိုးချဲ့အသစ်ဆောက်လုပ်ခြင်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင်

ပညာရေးကဏ္ဍအတွက်အသုံးစရိတ်စုစုပေါင်း ကျပ် ၁၃,၇၉၄.၀၉ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ပညာရေးကဏ္ဍအတွက်အသုံးစရိတ်စုစုပေါင်း ကျပ် ၂၁,၇၀၈.၅၇ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍအတွက် အသုံးစရိတ် စုစုပေါင်း ကျပ် ၂၄,၉၂၃.၈၅ သန်း ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ခုတင် ၂၀၀ ဆံ့ ဆေးရုံ ၁ ရုံ၊ ခုတင် ၁၀၀ ဆံ့ ဆေးရုံ ၃ ရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံ ၂ ရုံ ၊ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံ ၁၁ ရုံ၊ တိုက်နယ်ဆေးရုံ ၄၈ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၀၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၆၄ ခု ရှိခဲ့ပါသည်။ ကျန်းမာရေးအခြေခံ အဆောက်အအုံတိုးချဲ့ခြင်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ ၃ ရုံ ၊ ကျေးလက်ကျန်းမာရေးဌာန ၅ ခု ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၉ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၁ ခုနှင့် ကျောင်းကျန်းမာရေးဌာန ၂ ခု ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် တိုက်နယ်ဆေးရုံ ၅ ရုံ ၊ ကျေးလက်ကျန်းမာရေးဌာန ၅ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၁၈ ခုနှင့် မိခင်နှင့်ကလေး ကျန်းမာရေးဌာန ၂ ခု တို့အား တိုးချဲ့ဖွင့်လှစ်ပြီး ခုတင် ၁၀၀ ဆံ့ ဆေးရုံ ၁ ရုံ နှင့် ခုတင် ၅၀ ဆံ့ဆေးရုံ ၁ ရုံ တို့ကို အဆင့်မြှင့်တင် ဆောင်ရွက်သွား ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သံတွဲခရိုင်တိုင်းရင်းဆေးဦးစီးဌာနမှူးရုံး ၁ ခု၊ စစ်တွေတိုင်းရင်းဆေးရုံအား ၁၆ ခုတင်ဆံ့မှ ၅၀ ခုတင်ဆံ့အဖြစ် တိုးချဲ့ခြင်း၊ သံတွဲမြို့နယ်တွင် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ၊ ရမ်းဗြဲမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ ဆောက်လုပ်ရန် ရည်မှန်းထား ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းရင်းဆေးဦးစီးဌာနမှူးရုံး တိုးချဲ့ဆောက်လုပ်ရန်၊ စစ်တွေခရိုင် တိုင်းရင်းဆေးဦးစီးဌာနမှူးရုံး ၁ ခု၊ ကျောက်ဖြူမြို့နယ်၌ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ၊ ကျောက်တော်မြို့နယ်၊ မာန်အောင်မြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ စီ ဆောက်လုပ်ရန်နှင့် ကျောက်တော်မြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာ တစ်ရွာစီ၌ တိုင်းရင်းဆေးကုဌာန တစ်ခုစီ တိုးချဲ့ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) **သောက်သုံးရေဖူလုံရေး**

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပဋိပက္ခဖြစ်ပွားသော မြို့နယ်များတွင် ဆည်မြောင်း ဦးစီးဌာနမှသောက်သုံးရေကန် ၁၁ ကန်နှင့် လက်တူးတွင်း ၄ တွင်း တူးဖော်ပေးရန်၊ ဒုက္ခသည် စခန်းများတွင် ရေရရှိရေးအတွက် အဝီစိတွင်း ၅ဖင့် တွင်း တူးဖော်ပေးရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆည်၊ တမံ ၃ ခု၊ ရေသွယ်ယူခြင်း ၁/၃.၃ မိုင် ၊ ရေကန် ၁၈ ကန်၊ စက်ရေတွင်း ၃ တွင်း၊ ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းအတွက် တွင်းတိမ် ၂ တွင်း၊ အခြား ၄၈ ခု ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု ဘတ်ဂျက်ဖြင့် ဆည်၊တမံ ၅ ခု၊ ရေကန် ၁၇ ကန်၊ စက်ရေတွင်း ၁ တွင်း၊ လက်တူးတွင်း ၁ တွင်း၊ ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းအတွက် တွင်းတိမ် ၉ တွင်း၊ အခြား ၄၁ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) **ခရီးသွားလုပ်ငန်း**

စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲ(ငပလီ)၊ ဂွ(ကမ်းသာယာ)တို့သည် ခရီးသွားများလာရောက် လည်ပတ်သည့် ဒေသများဖြစ်ပါသည်။ ထို့အပြင် ရမ်းဗြဲ မြို့နယ်၌ ဝမ်ဖိုက်ဒီရေတောတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ မာန်အောင် ကျွန်းလေယာဉ်ကွင်း တည်ဆောက်ခြင်းနှင့် ကအီး (Kae Beach) ကမ်းခြေ ခရီးသွားလုပ်ငန်းများကို တိုးချဲ့တည်ဆောက်ခြင်း၊ ဂွမြို့နယ် ရခိုင်ရိုးမဆင်ဘေးမဲ့ တော ခရီးသွားလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါဖွံ့ဖြိုးမှုလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ပါက ရခိုင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ -၃-၁၁-၆
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၇၈၀,၃၃၇.၉ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၇၇၄,၁၉၆.၉ သန်း ဖြစ်ပေါ်ရန် နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ တိုးတက်မှု နှုန်း ၄.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၆။ ပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁)	အစိုးရအဖွဲ့ရုံး	ကျပ် ၄၉,၃၇၅.၂၈၆ သန်း
(၂)	လွတ်တော်ရုံး	ကျပ် ၅,၀၇၇.၉၄၀ သန်း
(၃)	စာရင်းစစ်ချုပ်ရုံး	ကျပ် ၂၁၃.၇၀၆ သန်း
(၄)	ဥပဒေချုပ်ရုံး	ကျပ် ၁,၅၉၁.၉၇၅ သန်း
(၅)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန	ကျပ် ၃,၇၅၃.၉၆၇ သန်း
	(က) စိုက်ပျိုးရေးဦးစီးဌာန	ကျပ် ၁,၆၁၄.၉၀၀ သန်း
	(ခ) စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန	ကျပ် ၂၅၁.၂၆၀ သန်း
	(ဂ) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန	ကျပ် ၁,၈၈၇.၈၀၇ သန်း
(၆)	မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန	ကျပ် ၅၀၉.၅၃၀ သန်း
	(က) မွေး/ကုဦးစီးဌာန	ကျပ် ၂၁၈.၄၁၀ သန်း
	(ခ) ငါးလုပ်ငန်းဦးစီးဌာန	ကျပ် ၂၉၁.၁၂၀ သန်း

(၇)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော ရေးရာ ဝန်ကြီးဌာန	ကျပ် ၁၆၄.၆၀၀ သန်း
	(က) သစ်တောဦးစီးဌာန	ကျပ် ၁၆၄.၆၀၀ သန်း
(၈)	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ကျပ် ၂,၁၇၅.၃၂၃ သန်း
	(က)လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း	ကျပ် ၂,၁၇၅.၃၂၃ သန်း
(၉)	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ် ၈,၄၆၆.၇၅၉ သန်း
	(က) ပြည်သူ့ဆောက်လုပ်ရေး	ကျပ် ၅၈၉.၄၅၀ သန်း
	(ခ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	ကျပ် ၁,၂၃၁.၂၉၅ သန်း
	(ဂ) အဆောက်အအုံနှင့်လမ်းတံတားများ ပြင်ဆင်ထိမ်းသိမ်းခြင်း	ကျပ် ၆,၆၄၆.၀၁၄ သန်း
(၁၀)	သတ္တုတွင်းဝန်ကြီးဌာန	ကျပ် ၇၇.၈၇၀ သန်း
	(က) မြန်မာ့ဆားလုပ်ငန်း	ကျပ် ၇၇.၈၇၀သန်း
(၁၁)	နယ်စပ်ရေးရာဝန်ကြီးဌာန	ကျပ် ၁၁,၈၆၆.၃၁၆ သန်း
	(က) စည်ပင်သာယာရေးအဖွဲ့	ကျပ်၁,၁၈၆၆.၃၁၆ သန်း
(၁၂)	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ် ၂၂၇.၉၉၉ သန်း
	(က) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန	ကျပ် ၂၂၇.၉၉၉ သန်း
(၁၃)	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ် ၄,၉၉၈.၂၆၂ သန်း
	(က) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ကျပ် ၃၀၃.၀၄၀ သန်း
	(ခ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ် ၃,၃၁၆.၅၄၂ သန်း
	(ဂ) မီးသတ်ဦးစီးဌာန	ကျပ် ၁,၃၇၈.၆၈၀ သန်း
(၁၄)	အားကစားဝန်ကြီးဌာန	ကျပ် ၁,၄၉၇.၉၀၆ သန်း
	(က) အားကစားနှင့်ကာယပညာဦးစီးဌာန	ကျပ် ၁,၄၉၇.၉၀၆ သန်း
(၁၅)	သမဝါယမဝန်ကြီးဌာန	ကျပ် ၅၈.၉၀၀ သန်း
	(က) သမဝါယမဦးစီးဌာန	ကျပ် ၅၀.၀၀၀ သန်း
	(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန	ကျပ် ၈.၉၀၀ သန်း
(၁၆)	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန	ကျပ် ၄၁၂.၆၄၄ သန်း
	(က) စီမံကိန်းရေးဆွဲရေးဦးစီးဌာန	ကျပ် ၄၁၂.၆၄၄ သန်း
	စုစုပေါင်း	**ကျပ်၉၀,၄၆၈.၉၈၃ သန်း**

ရခိုင်ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၁၃၁,၆၅၄.၀၇၃ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

၇။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက် ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြားတွင် တည်ရှိသည့် ကမ်းရိုးတန်းပြည်နယ် တစ်ခုဖြစ်ပါသည်။ မုန်တိုင်းများ၊ မုန်တိုင်းဒဏ်ကြောင့် ဒီရေတက်ခြင်း၊ မြစ်ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်လေ့ရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး၊ ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်၌ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စီစဉ်ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

(က) သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ဆောင်ရွက်နိုင်သော အစီအမံများအနေဖြင့် အန္တရာယ်ပြမြေပုံများ ရေးဆွဲခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝဘေးဒဏ်ခံနိုင်စေရန် ဆောက်လုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်စဉ် ခိုလှုံရန်နေရာများ ကြိုတင်သတ်မှတ်ထားခြင်း၊ ဒီရေတောများ စိုက်ပျိုးခြင်း၊ အများပြည်သူ သိမြင်နားလည်မှု ရှိရန်ဆောင်ရွက်ခြင်းများကို နှစ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အများပြည်သူ သိမြင်နားလည်မှုရှိစေရန်ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင်ကျေးရွာအသင်း ဆွေးနွေးပွဲများ ၂၀ ကြိမ်စီ၊ အလုပ်ရုံဆွေးနွေးပွဲ ၃ ကြိမ်၊ သင်တန်း ၃ ကြိမ်စီ ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

(ခ) သဘာဝဘေးအန္တရာယ်အတွက်ကြိုတင်ကာကွယ်မှုအစီအစဉ်များ

ဘေးအန္တရာယ်ကျရောက်လာပါက ထိခိုက်မှုနည်းနိုင်သမျှ နည်းစေရန်အတွက် ကြိုတင်ကာကွယ်မှု အစီအစဉ်များအနေဖြင့် ရေငန်တား တာတမံများ ဆောက်လုပ်ခြင်း၊ ဘေးဘောင်များမြှင့်တင်ခြင်း၊ ကုန်းမြေမြှင့်များ တည်ဆောက်ခြင်း၊ Cyclone Shelter များ တည်ဆောက်ခြင်း၊ ကြိုတင်သတိပေးစနစ်များ ဆောင်ရွက်ချက်ကို နှစ်အလိုက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄ - ၂၀၁၅

ဘဏ္ဍာနှစ်တွင် အသက်ကယ်ကုန်း၊ အသက်ကယ်ကန်များကို ပေါက်တောမြို့နယ်တွင်တည်ဆောက်ပြီး Cyclone Shelter တည်ဆောက်ခြင်းကို စစ်တွေ မြို့နယ်တွင် ၄ ခု၊ ပေါက်တောမြို့နယ်တွင် ၂ ခု နှင့် မောင်တော၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ မြို့နယ်များတွင် ၁ ခု စီ တည်ဆောက်ရန် ရည်မှန်းထားပါသည်။

သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် ဆည်မြောင်းဦးစီးဌာန အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် လယ်သမားတားတာတည်ဆောက်ခြင်း ၃ ခု၊ ရေတံခါးတည်ဆောက်ခြင်း ၁၃ ခု ၊ ရေငန်တားတာပုံစံကျ ပြုပြင်ခြင်း ၇ ခု၊ ရေတံခါးအသစ်ဆောက်လုပ်ခြင်း၊ အဟောင်းမွမ်းမံခြင်း ၉ ခု ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ပြည်နယ်ဘတ်ဂျက်ဖြင့် ရေငန်တားတာတည်ဆောက်ခြင်း ၅ ခု၊ ရေတံခါး တည်ဆောက်ခြင်း ၇ ခု၊ လယ်သမားတားတာပြုပြင်ခြင်း ၄၀ ခု နှင့် ကမ်းပါးပြိုကာကွယ်ရေး လုပ်ငန်းများကို စီမံဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Cyclone Shelter တည်ဆောက်ခြင်းအနေဖြင့် ပေါက်တော၊ မြေပုံ၊ ရမ်းဗြဲ၊ မာန်အောင်၊ တောင်ကုတ်နှင့် သံတွဲမြို့နယ်များတွင် လည်းကောင်း၊ လယ်သမားကာရီ ၃၈ ခု တည်ဆောက်ခြင်း၊ ရေငန်တားတာများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၈ ခု၊ ကမ်းပါးပြိုကာကွယ်ရေးနှင့် သောင်တူးလုပ်ငန်း ၈ ခုကို မြို့နယ် ၈ မြို့နယ်တွင်လည်းကောင်း၊ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းကိုမြို့နယ် ၂ မြို့နယ်တွင်လည်းကောင်း ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီ ထောက်ပံ့ရေး အစီအစဉ်များ

သဘာဝဘေးအန္တရာယ် စတင်ကျရောက်မည်ဟု သတင်းရချိန်မှ သဘာဝဘေးအန္တရာယ် ကျရောက်ပြီးချိန်အထိသတ်မှတ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါမည်-

(က) သတင်းထုတ်ပြန်ခြင်းနှင့် တပ်လှန့်နှိုးဆော်ခြင်း

(ခ) လုံခြုံရေးစီမံဆောင်ရွက်ခြင်း

(ဂ) ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(ဃ) ပြောင်းရွှေ့နေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်း

(င) အရေးပေါ်ကျန်မာရေးစောင့်ရှောက်ခြင်း

(စ) အရန်ရိက္ခာ နှင့် ရေများရွှေ့ပြောင်း စုပုံခြင်း

(ဆ) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အဆင့်ဆင့်မှ လုပ်ငန်းစဉ်များ ချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ် ညှိနှိုင်းခြင်း၊ အစီရင်ခံတင်ပြခြင်းများဆောင်ရွက်ခြင်း။

(ဃ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးတို့အတွက် စီမံချက်များ ထည့်သွင်း ရေးဆွဲရန်နှင့် ရေရှည်ကာကွယ်နိုင်ရေးအတွက် အစီအစဉ်များ

အောက်ပါလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(က) သဘာဝဘေးအန္တရာယ် ကင်းရှင်းပြီဖြစ်ကြောင်း ပြည်သူများအား အသိပေး ကြေငြာရန်၊

(ခ) ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စက်ယန္တရားများ အကူအညီ တောင်းခံ ဆောင်ရွက်ရန်၊

(ဂ) ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစု၍ ဆေးရုံများသို့ စနစ်တကျ ပို့ဆောင် ကုသပေးရန်၊

(ဃ) သေကံသုံးရေတွင်း၊ ရေကန်များ သန့်ရှင်းရေးနှင့် ပိုးမွှားသန့်စင်ရေး ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

(င) ကြိုတင်ဖွဲ့စည်းထားသော ကော်မတီနှင့်ဆပ်ကော်မတီများမှ စီမံချက် အတိုင်းလုပ်ငန်းများ စီစစ်ကြပ်မတ်ဆောင်ရွက်ရန်၊

(စ) သဘာဝဘေးဒဏ်ကြောင့်ဒေသအလိုက် ပျက်စီးဆုံးရှုံးမှု အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ စာရင်းများကောက်ယူပြီး သက်ဆိုင်ရာဒေသ အာဏာပိုင်များမှ ဝန်ကြီးဌာနအသီးသီးသို့ တင်ပြပေးရန်၊

(ဆ) သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအား ကယ်ဆယ်ရေး ထောက်ပံ့မှုများ အမြန်ရရှိရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဦးစီးဌာန နှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(ဇ) စေတနာရှင်ပြည်သူများ၏ အလှူပစ္စည်းများရရှိပါက ကော်မတီမှ စနစ်တကျလက်ခံပြီး ဘေးဒုက္ခသည်များအား စနစ်တကျဖြန့်ဝေပေး ရန်၊

(ဈ) ဒုက္ခသည်များစခန်းသို့ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများထားရှိခြင်း နှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန်၊

(ည) ဘေးဖြစ်ပွားမှုအားမှတ်တမ်းတင်ထားရှိရန်နှင့် ထောက်ပံ့မှုဆောင်ရွက်ချက်များကို သုံးသပ်ပြီးဒေသ အာဏာပိုင်များနှင့် ဌာနဆိုင်ရာများသို့ တင်ပြရန်။

ထို့အပြင် အုပ်ချုပ်မှု၊ ထောက်ပံ့မှု၊ ကွပ်ကဲမှုနှင့်ဆက်သွယ်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

နိဂုံး

ရခိုင်ပြည်နယ်သည် ပထဝီအနေအထားအရလည်းကောင်း၊ တည်နေရာအနေအထားအရ လည်းကောင်း ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးသည့် နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အခွင့်အလမ်းများ ရှိနေပါသည်။ ရင်းနှီးမြှုပ်နှံရန် အလားအလာကောင်းများ၊ အရင်းအမြစ်များရှိခြင်း၊ ပြည်နယ်တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရရှိလာခြင်း၊ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံရန် စူးစမ်းလေ့လာမှုများ ရှိလာခြင်းတို့ကြောင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ၊ ဦးစားပေး အစီအစဉ်များချမှတ် ဆောင်ရွက်သွားရန်ရည်မှန်းထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁–၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှု ဖွံ့ဖြိုးရေး စီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန

တည်နေရာ = မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၅မိနစ်မှ၁၇ဒီဂရီ ၅၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂မိနစ်မှ ၉၆ ဒီဂရီ ၄၆ မိနစ်အတွင်း၊

အကျယ်အဝန်း = ၃,၉၆၇.၈၆ (စတုရန်းမိုင်)

လူဦးရေ(ခန့်မှန်း) = ဦးရေ ၇,၃၉၂ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)

မြို့တော် = ရန်ကုန်မြို့

ထူးခြားသည့်အမှတ်အသား = ရွှေတိဂုံဘုရား

ခရိုင် = အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်

မြို့နယ် = ၄၅ မြို့နယ်၊ မြို့နယ်ခွဲ ၁ ခု

အဓိကစီးပွားရေးကဏ္ဍ = စက်မှု လက်မှု၊ ပို့ဆောင်ရေး

ဆက်စပ်သည့်ဒေသများ = အရှေ့ဘက်နှင့် မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တောင်ဘက်တွင်မုတ္တမပင်လယ်ကွေ့

နိဒါန်း

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေး အချက်အချာကျသည့် ဒေသ ဖြစ်သည့်အပြင် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုးတွင် ၂၀ ရာခိုင်နှုန်း ကျော်ပါဝင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းကောင်းများကို စနစ်တကျ အသုံးချခြင်းဖြင့် နိုင်ငံတော်အတွက် အခွင့်အလမ်းကောင်းများ ရရှိနိုင်ပါသည်။ စက်မှု ဇုန်သစ်များတည်ထောင်ခြင်းဖြင့် ဒေသတွင်းထုတ်လုပ်မှုကွန်ယက်သို့ ချိတ်ဆက်ဆောင်ရွက် နိုင်မည့်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ပြီး ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

လူမှုစီးပွားအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှု တို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၂-၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



ရန်ကုန်တိုင်းဒေသကြီး၏ ကျောင်းနေနှုန်း ကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်း အဆင့်၌ ၉၂.၁၅ ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်၌ ၆၈.၇၅ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၅၅.၆၆ ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် မူလတန်း အဆင့်၌ ၉၆.၃၄ ရာခိုင်နှုန်း၊ အလယ်တန်း အဆင့်၌ ၇၃.၅၂ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၆၀.၃၀ ရာခိုင်နှုန်း သို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထား ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၂-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်း ရည်မှန်းချက် (အရှင်မွေးကလေး ၁,၀၀၀လျှင်)



ရန်ကုန်တိုင်းဒေသကြီး၏ ငါးနှစ်အောက် ကလေး သေဆုံးနှုန်း (အရှင်မွေးကလေး ၁,၀၀၀လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် ၄.၄၁နှုန်းရှိရာမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ၂.၈၀ နှုန်းသို့ လျော့နည်းရန် ရည်မှန်းထားပါသည်။ မိခင်နှင့် ကလေး အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု ပညာပေးခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သားဆက်ခြား ပညာပေးခြင်းများကိုးမြှင့် ဆောင်ရွက်နိုင်ခြင်း တို့ကြောင့် သေဆုံးမှုနှုန်း လျော့နည်းမည် ဖြစ်ပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၂-၃
လူတစ်ထောင်လျှင် သုံးစွဲနိုင်သောတယ်လီဖုန်း ရည်မှန်းချက်



ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၁၃၅ လုံး သုံးစွဲနိုင်ရန် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၀၅ လုံး သို့ တိုးတက် သုံးစွဲ နိုင်ရန် ရည်မှန်း ထားပါသည်။

ဇယ်မြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း မြေယာအသုံးချမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ် အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁၂-၄
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယ်မြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

နိုင်ငံတော်မှ အဆင့်မြင့် လယ်ယာ ဖော်ထုတ်ခြင်းကို ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာဦးစီးဌာန၏ အစီအစဉ်ဖြင့် လှည်းကူးမြို့နယ်၊ ရေတလဘောင်ကျေးရွာ အုပ်စု၊ ဓနသိဒ္ဓိကွင်းတွင် လယ်သမားပိုင် မြေ ၂၉၅.၁၁ ဧက၊ ဒဂုံ ဆိပ်ကမ်းမြို့နယ်တွင် မက်စ်မြန်မာ၊ ရွှေဟိန်းထက်၊ ဧဒင်၊ ဂရင်းအေးရှား၊ အမျိုးသားကြီးပွားရေး ကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က စုစုပေါင်း ၂,၉၅၁ ဧက ကို စက်မှုလယ်ယာများအဖြစ် ဖော်ထုတ်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သန်လျင်၊ ညောင်သုံးပင်၌ ၃၅ ဧက၊ ဘုရားကုန်း တွင် ဧက ၁၀၀ ဖော်ထုတ်ရန် ရည်မှန်းထားခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လှည်းကူးမြို့နယ်၊ ကညင်ချောင်းကွင်း၊ နန္တီကျေးရွာ အုပ်စုတို့၌ စနစ်တကျ စံပြ လယ်ယာ ဧက ၁၀၀ စီ ဖော်ထုတ်ရန်နှင့် ဘုရားကုန်း၌ ၃၆ ဧက ဖော်ထုတ်ရန် ရည်မှန်းခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုက်ကြီးမြို့နယ်၌ အဆင့်မြင့် လယ်ယာ ဧက ၂၀၀ ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ စနစ်တကျ စံပြစက်မှု လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း စီမံကိန်းကို သန်လျင်မြို့နယ် ထမလုံ ကျေးရွာတွင် ဧက ၉၀ နှင့် ဘုရားကုန်းတွင် ဧက၆၀၊ ထောက်ကြန့် ဆင်ဖုံကျေးရွာ တွင် ဧက ၆၀၊ တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာတွင် ဧက ၉၀ ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ မျိုးသန့်ပွားများရေး ဆောင်ရွက်မည့် အစီအစဉ်အရ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် မိုးစပါး အတွက် ဆင်းသုခ ဧက ၁၆၀,၁၇၀ ၊ ဆင်းသွယ်လတ် ဧက၈၅,၀၀၀ ၊ ရတနာတိုး ဧက၉၀,၅၀၀ ၊ ဧရာမင်း ဧက ၃၄,၅၀၀ နှင့် ပေါ်ဆန်းရင် ဧက ၇၄,၂၀၀ စိုက်ပျိုးရန် လျာထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စနစ်တကျ စံပြစက်မှုလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းစီမံကိန်းကို လှည်းကူးမြို့နယ် နှင့် တိုက်ကြီးမြို့နယ်တို့၌ ဧက ၁၀၀ စီ ထပ်မံဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း ခရိုင်တွင် စိုက်ပျိုးရေး အထူးပြု ကုမ္ပဏီများမှ လယ်သမားများနှင့် အကျိုးတူ ပူးပေါင်း၍ မျိုးကောင်းများ စိုက်ပျိုးခြင်း၊ အဆင့်မြင့် မြေယာဖော်ထုတ်ခြင်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်အတွက် တိုက်ကြီး၊ ထန်းတပင်၊ ဒလ၊ ကျောက်တန်း၊ မော်ဘီမြို့နယ်များတွင် မြောင်းတူးခြင်းနှင့် ရေတံခါးတည်ဆောက်ခြင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တာပြတ်ဇရပ် ရေတံခါးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(၁) ကမ်းပြို ကာကွယ်ရေးနှင့် ကမ်းထိန်းလုပ်ငန်းများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း တွံတေးတူးမြောင်း ၃.၅ မိုင် ကမ်းပြို ကာကွယ်ရေးလုပ်ငန်း အပါအဝင် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(၂) ဆည်မြောင်း၊ တာတမံများပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ဆဲ လုပ်ငန်းများဖြစ်သည့် ငမိုးရိပ်မြောင်းမကြီး အကြီးစား ပြင်ဆင်ခြင်း၊ တာတမံများ ပြုပြင်ခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ချောင်းကော၊ မြောင်းကော နှင့် ရေထိန်းတံခါးများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

(ခ) သားငါး

နိုင်ငံတကာ စံချိန်၊ စံညွှန်း နှင့် ကိုက်ညီသည့် ဓာတ်ခွဲခန်း အဆောက်အဦပုံစံ နှင့် အထောက်အပံ့ပြုပစ္စည်းများ အသုံးပြုနိုင်ရေး၊ ရေသတ္တဝါ ကျန်းမာရေး နှင့် ရောဂါထိန်းချုပ်ရေး အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းများတည်ဆောက်ရေး၊ ငါးမြစ်ချင်းမျိုးစိတ်၊ မျိုးရိုးဗီဇ မြှင့်တင်ရေး၊ ရေမျိုးငါး မွေးမြူမှု ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုဌာန ဖွင့်လှစ်ရေးစီမံချက် နှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (GAP) စနစ်အား ငါး/ပုစွန် မွေးမြူသူများ လိုက်နာဆောင်ရွက်နိုင်ရန် နည်းပညာဆိုင်ရာ စီမံကိန်းများဆောင်ရွက်ရန် အတွက် ရည်မှန်းထားပါသည်။ ထို့အပြင် လှော်ကား နှင့် လေးထောင့်ကန်၌ မြေသားနက်ကန်များ တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့်စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

စက်မှုကဏ္ဍဆိုင်ရာ မူဝါဒနှင့်အညီ ရည်မှန်းချက် ပြည့်မီစေရေးနှင့် ဒေသတွင်း ယှဉ်ပြိုင်မှု လုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်ဒုတိယသမ္မတ၏ လမ်းညွှန်ချက်အရ ဆောင်ရွက်လျက်ရှိပြီး၊ တိုင်းဒေသကြီးအတွင်းရှိ ဒဂုံ(ဆိပ်ကမ်း)

စက်မှုဇုန် ၁၊ ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန် ၂၊ ဒဂုံ (အရှေ့) စက်မှုဇုန် ၁၊ ဒဂုံ(အရှေ့) စက်မှုဇုန်၂၊ ဒဂုံ(မြောက်) စက်မှုဇုန်၊ ဒဂုံ(တောင်) စက်မှုဇုန်၊ တောင်ဥက္ကလာပ စက်မှုဇုန်၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ ရွှေပေါက်ကံစက်မှုဇုန်၊ သာကေတစက်မှုဇုန်၊ မော်ဘီစက်မှုဇုန်၊ အင်းစိန် စက်မှုဇုန်၊ မင်္ဂလာဒုံ စက်မှုဇုန်၊ လှိုင်သာယာစက်မှုဇုန်၊ ရွှေပြည်သာ စက်မှုဇုန်၊ ဝါးတရာ စက်မှုဇုန်၊ သာဓုကန် စက်မှုဇုန်၊ ရွှေလင်ပန်း စက်မှုဇုန်၊ ငွေပင်လယ် စက်မှုဇုန်၊ ပျဉ်းမပင်စက်မှုဇုန် နှင့် ရန်ကုန် စက်မှုဇုန် စသည့် စက်မှုဇုန်များမှ လုပ်ငန်းများ ပြည့်ဝစွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ရန် ရည်မှန်းခဲ့သည့်အပြင် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ကျီစုစက်မှုဇုန် ဖော်ထုတ်နိုင်ရေး အတွက် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

ပြည်တွင်း developer များနှင့် ပူးပေါင်း၍ စက်မှုဇုန်အလိုက် အခြေခံ လိုအပ်ချက်များကို ပံ့ပိုးနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ နိုင်ငံပိုင်အခန်းမှ ထရပ်ကား ထုတ်လုပ်မှုလုပ်ငန်း၊ အကြီးစားစက်မှု လုပ်ငန်း များ၊ မီးခဲပြားထုတ်လုပ်ရေး၊ မီးခဲအုတ်ထုတ်လုပ်ရေးနှင့် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ ထုတ်လုပ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) အထူးစီးပွားရေးဇုန်

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီလဝါ အထူးစီးပွားရေးဇုန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ သီလဝါစက်မှုဇုန်ကို မြန်မာလုပ်ငန်းရှင်များနှင့် ဂျပန် လုပ်ငန်းရှင်များ ဖက်စပ်လုပ်ကိုင်ရန် ရည်မှန်းထားပြီး၊ စက်မှုဇုန် အကောင်အထည် ဖော်လာနိုင်ပါက လုပ်သားအင်အား ၂ သိန်း ကျော်ခန့် အလုပ်အကိုင် အခွင့်အလမ်း များပေါ်ပေါက် လာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ပထမအဆင့်အတွက် ဒီဇိုင်း နှင့် ဆောက်လုပ်ရေး လုပ်ငန်းများကို ၂၀၁၄ ခုနှစ် နှင့် ၂၀၁၅ ခုနှစ်များတွင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ စီမံကိန်းအစိတ်အပိုင်းများတွင် မြေပြုပြင်ခြင်း လုပ်ငန်း၊ လမ်းဖောက်ခြင်းလုပ်ငန်း၊ စက်ရုံထွက် ရေလမ်းကြောင်းလုပ်ငန်း၊ ရေဖြည့် ဆည်းရေးလုပ်ငန်း၊ ရေဆိုးသန့်စင်မှုလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း နှင့် ဆက်သွယ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။ လုပ်ငန်းစီမံကိန်းကို အပိုင်း(က) နှင့် အပိုင်း(ခ) ဟူ၍ အပိုင်း ၂ ပိုင်းဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပြီး၊ စီမံကိန်း အပိုင်း(က)တွင် မော်တော်ကားစက်ရုံ၊ အီလက်ထရွန်နစ်စက်ရုံစသည့် အကြီးစား စက်မှုလုပ်ငန်းများ၊ လူနေရပ်ကွက်များ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် အပန်းဖြေ

ဧရိယာများ တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။ စီမံကိန်းအပိုင်း (ခ)တွင် အထည်ချုပ်စက်ရုံများ၊ စားသောက်ကုန်စက်ရုံ စီမံကိန်းများ ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် ၃၉၆.၀၆၂ ဟက်တာ၏ Commencement Ceremony of Thilawa SEZ Development ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး လုပ်ငန်းစတင်နေပြီ ဖြစ်ပါသည်။ ဇုန်ပြင်ပရှိ ဆက်စပ်အခြေခံအဆောက်အအုံများကို တည်ဆောက်ရန် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများကို အချိန်မီမရရှိပါက ပြည်ပချေးငွေကို ရယူ၍ နိုင်ငံတကာမှ Engineering Procurement & Construction ကုမ္ပဏီများကို ၂၀၁၃ ခုနှစ် ဇွန်လ ၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် The Invitation for Enquiry of Interest (EOI)ကို ထည့်သွင်းဖိတ်ခေါ်၍ Penta Ocean & Suntac ကုမ္ပဏီကိုပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဧရိယာ အခြေခံအဆောက်အအုံများကို တည်ဆောက်လျက် ရှိပါသည်။

(ဂ) လျှပ်စစ်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တို့တွင် Toyo Thai ကုမ္ပဏီ မှ အလုံ၌ Gas Turbine Combine Cycle ဖြင့် တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ရန် ရည်မှန်းထားပြီး၊ လက်ရှိ ၄၁ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ လော်ကားနှင့် သာကေတတို့တွင် Hydro Lancang နှင့် Busan Korea Bio Tech ကုမ္ပဏီတို့ကို ပူးပေါင်း၍ Gas Turbine Combine Cycle တပ်ဆင်အင်အား ၄၈၆ နှင့် ၅၀၀ မဂ္ဂါဝပ် တပ်ဆင်ရန် ရည်မှန်းထားပါသည်။ ပုဂ္ဂလိကကဏ္ဍ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ထုတ်လုပ်မည့် လျှပ်စစ်ထုတ်လုပ်မှု လုပ်ငန်းများမှာ လော်ကား၌ Zeya & Associates ကုမ္ပဏီ နှင့် ပူးပေါင်း၍ Gas Engine ဖြင့် တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန်၊ ရွာမခ၌ Myan Shwe Pyi ကုမ္ပဏီနှင့်ပူးပေါင်း၍ Gas Engine ဖြင့် တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန်၊ သာကေတ၌ Consultant International ကုမ္ပဏီနှင့် ပူးပေါင်း၍ Gas Engine ဖြင့် တပ်ဆင်အင်အား ၅၀ မဂ္ဂါဝပ် ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ ကျောက်တန်း၌ Diamond Palace ကုမ္ပဏီမှ ကျောက်မီးသွေးသုံး လျှပ်စစ်မာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆောက်လုပ်ရေး

အခြေခံအဆောက်အဦဖွံ့ဖြိုးရေးတွင် ခုံးကျော်တံတားများဖြစ်သည့် ရွှေဂုံတိုင်၊ ဘုရင့်နောင် ခုံးကျော်တံတားများ၊ ကြည့်မြင်တိုင် ဗားကရာမှ ကြည့်မြင်တိုင် အနောက်ဘက်ကမ်းသို့ ခြောက်လမ်းသွား တံတားတည်ဆောက်ရေး စီမံကိန်း၊ ရန်ကုန်မြို့ပတ် အမြန်ရထားလမ်း ဖောက်လုပ်ခြင်း၊ ဒဂုံမြောက်နှင့် မြောက်ဥက္ကလာပ သို့ ဆက်သွယ်သည့် တန် ၆၀၊ နှစ်လမ်းသွား ငမိုးရိပ်ချောင်း တံတား စီမံကိန်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်တံတား တည်ဆောက်ခြင်း၊ ဒေါပုံနှင့် သဃ်ိန်းကျွန်းမြို့နယ် ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူးတံတား တည်ဆောက်ခြင်း၊ ဒေါပုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဆက်သွယ်သည့် ငမိုးရိပ် သံဘောင် တံတားပြုပြင်ခြင်း၊ ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်-ဒလ တံတား တည်ဆောက်ရေးအတွက် ကိုရီးယားနိုင်ငံမှ ဆောင်ရွက်မည့် ဖြစ်နိုင်ခြေ လေ့လာမှုတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးလက် မြို့ပြကွန်ယက် ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထန်းတပင်မြို့နယ်အတွင်းရှိ ကုက္ကိုဂ မြစ်ကူးတံတား တည်ဆောက်ခြင်း (ထန်းတပင် ကျွန်းဂူ ကမ်းနားနှင့် လမုတန်းဒေသ ဆက်သွယ်သည့် မဟာဗျူဟာမြောက်တံတားဖြစ်ပြီး၊ တက်သစ်ကျွန်းနှင့် ဘောလယ် ကျွန်းသို့ ဆက်သွယ်မည့် တံတား)၊ ဆိပ်ကြီးခနောင်တို ကြိုးတံတား ချဉ်းကပ်လမ်း တည်ဆောက် ခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ ပဲခူး-သနပ်ပင်-ခရမ်းသုံးခွ-သန်လျင်လမ်း၊ သန်လျင်-သီလဝါ-ပါဒကြီး (အောက်)လမ်း၊ ပါဒကြီး-သီလဝါလမ်း၊ ငှက်ကြီးဒေါင့်-သောင်ခုံလမ်း တည်ဆောက်ရန် ရည်မှန်းထားပါသည်။

ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဧရာဝတီ အဆင့်မြင့် အိမ်ရာ စီမံကိန်း၊ ရတနာ အဆင့်မြင့်အိမ်ရာ စီမံကိန်း၊ ဒဂုံ(တောင်) ၆၅ ရပ်ကွက် ရမ္မာဝတီအိမ်ရာ နှင့် Top Star အိမ်ရာ စီမံကိန်းအနီး တန်ဖိုးနည်း အိမ်ရာ စီမံကိန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ကျိုစုအရှေ့ တန်ဖိုးနည်း အိမ်ရာစီမံကိန်း၊ ကျန်စစ်မင်း အိမ်ရာ စီမံကိန်း၊ ထီးလှိုင်ရှင် အိမ်ရာစီမံကိန်း၊ ဒဂုံဆိပ်ကမ်းမြို့နယ် ၈၉ ရပ်ကွက် စက်မှုဇုန် အိမ်ရာစီမံကိန်း၊ ဗိုလ်မှူးဗထူးလမ်း၊ ဗိုလ်မင်းရောင်လမ်း၊ မင်းရဲကျော်စွာလမ်း၊ ပင်လုံလမ်း တန်ဖိုးမျှတအိမ်ရာ စီမံကိန်းများ၊ မင်းဓမ္မအိမ်ရာစီမံကိန်း၊ မြိုင်ဟေဝန်၊ ရွှေလင်ပန်းအဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရွှေပြည်သာ မြို့နယ်တွင် Town Center တန်ဖိုးနည်းအိမ်ရာ စီမံကိန်း၊ မြေတိုင်း ၄၈ တန်ဖိုးနည်းအိမ်ရာ စီမံကိန်း၊ စက်မှုဇုန် အဝိုင်း ၃ Commercial Area အတွင်း အထပ်မြင့်အိမ်ရာ စီမံကိန်း၊ သန်လျင်-

ကျောက်တန်းတွင် အောင်ချမ်းသာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်း၊ သီလဝါ စက်မှုဇုန် အနီး မြေကွက် ၅၈၈ ကွက် ဖော်ထုတ်ခြင်းလုပ်ငန်း စသည့် အိမ်ရာစီမံကိန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမှိုက်ပုံ နှင့် အမှိုက်ကန်များတည်ဆောက်ခြင်း၊ လမ်းများကတ္တရာခင်းခြင်း၊ လမ်းသားများ တိုးမြှင့်ပေးခြင်းနှင့် ရေမြောင်းများတည်ဆောက်ခြင်း၊ ပြည်ထောင်စု လမ်းပြုပြင်ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထား ပါသည်။

(c) ပို့ဆောင်ရေး

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် နှင့် ကိုကိုးကျွန်း လေဆိပ် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် အလုံကမ်းနားဒေသတွင် မြန်မာ့အဏ္ဏဝါ စွမ်းအားရှင် ဂရု(ပ်) အက်စ် ကုမ္ပဏီလီမိတက်မှ မြန်မာ့စက်မှုဆိပ်ကမ်း အမှတ် ၃၊ ၄ ဆိပ်ခံ တံတား၊ အလုံကမ်းနားဒေသတွင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ အလုံအမှတ် ၄ ဆိပ်ခံတံတား တည်ဆောက်ခြင်း၊ ဆူးလေဆိပ်ကမ်း ဒေသ၊ ဆူးလေဆိပ်ခံတံတား အမှတ် ၁၊ ၂၊ ၃၊ ၄ နှင့် နောက်ခံမြေကို Modernized Multi Purpose Terminal အဖြစ် အကြီးစားပြုပြင် တည်ဆောက်ရာတွင် တိုင်းရင်းသား လုပ်ငန်းရှင်များနှင့် Joint Venture (J.V) စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ နန်းသီတာဆိပ်ကမ်းနှင့် ပန်းဆိုးတန်း-ဒလ ခရီးသည်တင် ဆိပ်ခံတံတားတို့အား အဆင့်မြှင့် ပြုပြင်တည်ဆောက်ခြင်းနှင့် နောက်ခံမြေဧရိယာပေါ် တွင် စီးပွားရေးဆိုင်ရာ ခေတ်မီ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ဗိုလ်တထောင် ဘုရားနှင့် ဗိုလ်အောင်ကျော် ဆိပ်ခံတံတားအကြားရှိ သိမ်ဖြူသဘော်ကျင်း နှင့် ဆက်စပ်မြေနေရာတွင် ခေတ်မီ ကုန်သေတ္တာတင် ဆိပ်ကမ်း တည်ဆောက်ခြင်း၊ သီလဝါဆိပ်ကမ်း (Plot 1, 2, 14, 15, 16, 17, 18, 19, 31, 32, 33) တွင် စက်သုံးဆီ တင်/ချ ဆိပ်ခံတံတား တည်ဆောက်ခြင်း၊ သီလဝါဆိပ်ကမ်း (Plot 20, 21, 29, 30) တွင် ကောက်ပဲသီးနှံ တင်/ချ ဆိပ်ခံတံတားတည်ဆောက်ခြင်း၊ ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးရေးအတွက် သီလဝါဆိပ်ကမ်း မြေကွက်အမှတ် ၂၅ နှင့် ၂၆ တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ၂ စင်း ကို ပြည်ပချေးငွေဖြင့် ဆောက်လုပ်သွားရန် ရည်မှန်းထားပါသည်။

လမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ချောင်းကူးတံတား၊ မြစ်ကူးတံတားနှင့် ဥမင်လိုဏ်ခေါင်းလမ်းများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ မြို့တွင်း မြို့ပတ် ရထားလမ်းအား တိုးချဲ့ခြင်း၊ ရန်ကုန်မြို့ပြင်မှ ပတ်၍ အမြန်မြို့ပတ်လမ်းနှင့် ရထားလမ်း(Circular Express Roads) တို့အား ဖောက်လုပ်ခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) တိုးမြှင့်ရေးအတွက် ယာဉ်လိုင်းများတိုးချဲ့ခြင်း၊ ဘတ်စ်ကားအမြန် ပို့ဆောင်ရေးစနစ် (Bus Rapid Transit-BRT System) ၊ မြို့ပတ် ရထားစနစ်ကို တိုးချဲ့ခြင်းနှင့် ဗဟိုစီးပွားရေးဇုန်နယ်မြေ (Central Business District–CBD Area) ၏ သိပ်သည်းမှု လျှော့ချနိုင်ရန်နှင့် ဒေသအနှံ့အပြား စီးပွားရေး ကောင်းမွန်စေရေးအတွက် ရန်ကုန်မြောက်ပိုင်းတွင် Secondary CBD တစ်ခု တည်ဆောက်ခြင်းနှင့် ရန်ကုန်မြို့ ဗဟိုစီးပွားရေးဇုန် (CBD Area)အတွင်း ယာဉ် သိပ်သည်းမှု လျှော့ချနိုင်ရေးအတွက် သီးခြားဘတ်စ်လမ်းကြောင်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(စ) ဆက်သွယ်ရေး

ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် တန်ဖိုးနည်းတယ်လီဖုန်းများ တိုးချဲ့ တပ်ဆင်သွားမည်ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် တယ်လီဖုန်း ၃,၁၅၆,၁၀၈ လုံး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း ၄,၇၆၄,၃၉၄ လုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း ၅,၉၅၀,၃၀၁ လုံးကို လည်းကောင်း တိုးချဲ့ တပ်ဆင်ရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်သော လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် Comprehensive Education Sector Review (CESR) အမည်ဖြင့် World Bank မှ အကူအညီပေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အခြေခံပညာ ကဏ္ဍမှ အဆောက်အဦအရေအတွက် ၃၇၅ ခုတည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ရန်ပုံငွေ ကျပ် ၉,၈၅၂ သန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အစီအစဉ်အရ ဆောင်ရွက်ရန် လျာထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာ ကဏ္ဍမှ အန္တရာယ်ရှိသောကျောင်း ၅၀၊ ဥပဓိရုပ်မကောင်းသော ကျောင်း ၁၄၀၊

ကျောင်းသားဦးရေအရတိုးချဲ့ ဆောင်ရွက်မည့် ကျောင်း ၁၄၇၊ သိပ္ပံဆောင် ၇၀ ဆောက်လုပ်ရေး နှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဖြစ်သည့် ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံး ၁၅ ရုံး တည်ဆောက်ခြင်း၊ ပရိဘောဂ နှင့် IT ပစ္စည်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ကျပ် ၂၉,၁၀၃.၆၂၂ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အန္တရာယ်ရှိသော ကျောင်း ၁၀၀၊ ဥပမိရုပ်မကောင်းသော ကျောင်း ၁၂၀၊ ကျောင်းသားဦးရေအရ တိုးချဲ့ ဆောင်ရွက်မည့် ကျောင်း ၁၂၁ ကျောင်း၊ ပရိဘောဂ နှင့် IT ပစ္စည်းများအပါအဝင် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ကျပ် ၃၁,၇၇၄.၈၉၀ သန်းခန့် ဆောင်ရွက်ရန်လျာထားပြီး ပြည်ထောင်စုစီမံကိန်းတွင် ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့မှုအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၄၉၁.၂၅၀ သန်းဖြင့် တည်ဆောက်ရေး လုပ်ငန်းများ၊ စက်ပစ္စည်း၊ ပရိဘောဂနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

မူလတန်းပညာ မသင်မနေရကို ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် စမ်းသပ် နယ်မြေအဖြစ် ဆောင်ရွက်ပြီး၊ ကျောင်းသားတစ်ဦးလျှင် ကျပ် ၂,၅၀၀ ဖြင့် ပံ့ပိုးပေး လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဥပဒေ ထွက်ပေါ်လာပါက အဆိုပါ ဥပဒေအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၌ သူငယ်တန်း ကျောင်း၀င်နှုန်းမှာ ၉၉.၈၉ ရာခိုင်နှုန်း ရှိပြီး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၉၉.၉၀ ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၉၉.၉၅ ရာခိုင်နှုန်းသို့ တိုးတက်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံအသစ် တိုးချဲ့ဖွင့်လှစ်ခြင်းကို ကြည့်မြင်တိုင် (စက်ဆန်း)၊ ခရမ်း (ပိန်းကန်)၊ ကျောက်တန်း (ကျုံကန်) တို့၌ လည်းကောင်း၊ ဒေသန္တရကျန်းမာရေးဌာနခွဲကို လှိုင်သာယာ၊ မြောက်ဥက္ကလာပ နှင့် ရွှေပြည်သာတို့၌ လည်းကောင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ် ခြင်းကို ဒဂုံ(မြောက်)၌ လည်းကောင်း၊ ကျောင်းကျန်းမာရေးအဖွဲ့ တိုးချဲ့ဖွင့်လှစ် ခြင်းကို ကော့မှူး၊ ထန်းတပင်၊ ကြည့်မြင်တိုင်တို့၌ လည်းကောင်း၊ ကျေးလက် ကျန်းမာရေးဌာန တိုးချဲ့ဖွင့်လှစ်ခြင်းကို မော်ဘီ၊ လှည်းကူး၊ ကော့မှူး၊ ထန်းတပင်

နှင့် ကွမ်းခြံကုန်းတို့၌ လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တိုးချဲ့ဖွင့်လှစ်ခြင်းကို မင်္ဂလာဒုံမြို့နယ်၊ သဃ်ိန်းကျွန်းကြီးကျေးရွာ၌ လည်းကောင်း တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ ဖွင့်လှစ်ခြင်းများကိုလည်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကျန်းမာရေး အခြေခံ အဆောက်အဦများ တိုးချဲ့ခြင်းနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုက်နယ်ဆေးရုံ ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈ ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ၃ ခု၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ ၁၇ ခု၊ ကျောင်း ကျန်းမာရေးအဖွဲ့ ၉ ခု နှင့် တိုင်းရင်းဆေးရုံ၊ဆေးခန်း ၂၅ ခု တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟိုအဆင့်ဆေးရုံကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံကြီးများ၏ ဆေးဝါးဝယ်ယူမှု ရန်ပုံငွေ ခွဲဝေချထားမှုတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ထက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုးတက် လျာထားနိုင်ခဲ့ပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကျပ်သန်း ၇၅၀ မှ ကျပ်သန်း ၁,၂၀၀ သို့လည်းကောင်း၊ အင်းစိန် ဆေးရုံကြီးတွင် ကျပ်သန်း ၁၀၀ မှ ကျပ်သန်း ၃၅၀ သို့ လည်းကောင်း၊ မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် ကျပ်သန်း ၁၀၀ မှ ကျပ်သန်း ၈၀၀ သို့လည်းကောင်း၊ သဃ်ိန်းကျွန်း ဆေးရုံကြီးတွင် ကျပ်သန်း ၁၂၀ မှ ကျပ်သန်း ၅၀၀ သို့လည်းကောင်း၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် ကျပ်သန်း ၁၅၀ မှ ကျပ်သန်း ၅၀၀ သို့လည်းကောင်း၊ ရန်ကင်း ကလေးဆေးရုံ ကြီးတွင် ကျပ်သန်း ၇၀ မှ ကျပ်သန်း ၃၅၀ သို့ လည်းကောင်း၊ ဗဟိုအမျိုးသမီး ဆေးရုံကြီးတွင် ကျပ်သန်း ၂၈၀ မှ ကျပ်သန်း ၅၀၀ သို့ လည်းကောင်း၊ အောင်ဆန်း တီဘီ ဆေးရုံကြီးတွင် ကျပ်သန်း ၄၀ မှ ကျပ်သန်း ၁၀၀ သို့လည်းကောင်း၊ သာကေတ အထူးကုဆေးရုံ နှင့် မင်္ဂလာဒုံ အထူးကု ဆေးရုံတို့တွင် ကျပ်သန်း ၂၀ မှ ကျပ် ၇၅ သန်း သို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီးတွင် ကျပ်သန်း ၁၀၀ မှ ကျပ်သန်း ၂၀၀ သို့ လည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာနတွင် ကျပ်သန်း ၆၀၀ မှ ကျပ်သန်း ၁,၃၀၀ သို့ လည်းကောင်း အသီးသီး တိုးတက် လျာထားပါသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသက်ရှူလမ်းကြောင်းတွင် ဖြစ်ပွားသည့် ရောဂါ (ARI) ဖြစ်ပွားမှု၊ သေဆုံးမှုကို ၂၀၁၅ ခုနှစ်တွင် ထက်ဝက် လျော့နည်း လာစေရေး၊ မကူးစက်တတ်သော နာတာရှည်ရောဂါများဆိုင်ရာ ကာကွယ်ထိန်းချုပ်

ရေးကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ရရှိနိုင်ရေးအတွက် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ မြို့ပြဆင်ခြေဖုံး ဒေသရှိ ရွှေ့ပြောင်းလူအုပ်စုများအား ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ၂၀၁၃ ခုနှစ် မှစ၍ မြို့နယ်တိုင်းတွင် စီမံချက်ရေးဆွဲ ဆောင်ရွက်ရေး၊ ဒေသခံ အရန်သားဖွား ဆရာမများကို မြို့နယ်အလိုက် လိုအပ်ချက်အရ ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်း ရရှိစေရေး ဖြည့်ဆည်း ဆောင်ရွက်သွားရေးနှင့် မကူးစက်တတ်သည့် နာတာရှည် ရောဂါဆိုင်ရာအဆင့်ထိ အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးချဲ့ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ဂ) ခရီးသွားလုပ်ငန်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း Shangri-la ၊ Rose Garden ၊ Center Point ၊ နဝရတ်ဟိုတယ်၊ Novotal ဟိုတယ်၊ Traders Square Complex၊ Hotel Family ၊ Grand Park Hotel နှင့် Sedona Hotel အပိုင်း ၂ စီမံကိန်း ၊ Dawoo Amera Hotel တို့ကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် လှည်းကူး မြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းနှင့် ရန်ကုန်-နေပြည်တော်လမ်းအကြား ဓရိယာ မြေဧက ၈၀၀ ကျော်အား ဟိုတယ်ဇုန်အဖြစ် ဖော်ထုတ်ရန် လျာထားပါသည်။ ကမ္ဘာအေးရှိ စက်မှုဝန်ကြီးဌာန ရုံးဝန်း အဟောင်း နေရာတွင် ဗီယက်နမ်နိုင်ငံ HAGL Group က ဟိုတယ်နှင့် ဈေးဝယ်စင်တာများ ပါဝင်သည့် ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၅။ ကဏ္ဍအချင်းချင်းချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) မြို့ပြ၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး

ရန်ကုန်တိုင်းဒေသကြီးတွင်ဖွဲ့စည်းထားသည့် မြို့နယ်၊ခရိုင်နှင့်တိုင်းဒေသကြီး စီမံကိန်းများရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီများသည် မြို့နယ်များ၏ လိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးစဉ်ဆက်မပြတ်ရရှိရေး၊ သန့်ရှင်းသည့်ရေစဉ်ဆက် မပြတ်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်ရေး နှင့် အများ ပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်ရေးအတွက် မြို့နယ်များ အတွင်း ဦးစားပေးလုပ်ငန်းစဉ်များကို ရေးဆွဲရန် ရည်မှန်းထားပါသည်။

တိုးတက်လာသည့် လူဦးရေနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြ အခြေခံအဆောက်အဦများဖြစ်သည့် မြို့ပြသယ်ယူပို့ဆောင်ရေး၊ လမ်းကွန်ယက်၊

မီးရထားလမ်း၊ ဆိပ်ကမ်းနှင့် ကုန်စည်ဝန်ဆောင်မှုစနစ်၊ ရေပေးဝေရေးစနစ်၊ ရေစီးရေလာ နှင့် ရေထုတ်မြောင်းစနစ်၊ အမှိုက်စွန့်ပစ်စနစ်၊ လျှပ်စစ်ဓာတ်အား၊ သတင်းဆက်သွယ်ရေး နှင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးမှု မဟာဗျူဟာစီမံကိန်းကို ဖွံ့ဖြိုးမှုမဏ္ဍိုင်များဖြင့်ရေးဆွဲ လျက်ရှိပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) Study Team နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ရေးဆွဲ လျက်ရှိသည့် မဟာရန်ကုန် မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာ စီမံကိန်းတွင် ပို့ဆောင်ရေး စီမံကိန်း၊ ရေပေးဝေရေးဆိုင်ရာစီမံကိန်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းရေး ကောင်းမွန်မှုဆိုင်ရာစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၊ အခြေခံအဆောက်အအုံ ဆိုင်ရာစီမံကိန်းနှင့် စွမ်းရည်ဖွံ့ဖြိုးမှု အစီအစဉ်များကို ထည့်သွင်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

မြို့ပြဖွံ့စည်းတည်ဆောက်ရာတွင်လည်း စိမ်းလန်းမြေပါဝင်သည့် မြို့လယ် ဗဟိုဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော်မည့်အပြင် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေရေး၊ ပြည်သူများအတွက် သာတူညီမျှစွာ ရရှိခံစားနိုင်သည့် လူမှုဝန်ဆောင်မှု ဖန်တီးခြင်းများစသည်တို့ကို ဦးတည်ဆောင်ရွက်ရန် ရည်မှန်းထား ပါသည်။

(ခ) ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရန်ကုန်တိုင်းဒေသကြီးတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ လူထုအခြေပြု ဖွံ့ဖြိုးရေး စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ဆင်းရဲမှုနှင့် လူမှုစီးပွား အခြေအနေ ပေါ်မူတည်၍ ထန်းတပင်၊ ကွမ်းခြံကုန်း နှင့် ကော့မှူးမြို့နယ်များအနက် ထန်းတပင်မြို့နယ်၌ ဆောင်ရွက်သွားရန် လျာထားပါ သည်။ အဆိုပါစီမံကိန်းတွင် ကျေးလက် ကျန်းမာရေးအဆောက်အဦအား မွမ်းမံခြင်းနှင့် အသေးစားတိုးချဲ့ခြင်း၊ စာသင်ကျောင်း အဆောက်အဦအား မွမ်းမံခြင်းနှင့် အသေးစားတိုးချဲ့ခြင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြ ဆက်သွယ်သောလမ်းများ၊ တံတားငယ်များနှင့် ရေပြွန်များ မွမ်းမံခြင်း(သို့မဟုတ်) ထိန်းသိမ်းခြင်း၊ တွင်းနက်၊ တွင်းတိမ်များ တူးဖော်ခြင်း(သို့မဟုတ်) မွမ်းမံခြင်း၊ မိုးရေလှောင်ကန် ပြုလုပ်ခြင်း၊ စိမ့်စမ်း(သို့မဟုတ်) မြေပေါ်ရေအရင်းအမြစ်များမှ ရေသွယ်ယူခြင်း၊ နေရောင်ခြည် စွမ်းအင်သုံး အားသွင်းစက်ရုံများ၊ အသေးစား ရေအားလျှပ်စစ်စက်ရုံများ၊

နေရောင်ခြည်စွမ်းအင်သုံး လမ်းမီးတိုင်များ၊ ဇီဂဓာတ်ငွေ့၊ ဒီဇယ်၊ ဇီဂလောင်စာသုံး ဓာတ်အားပေးစက်ရုံများ စသည်တို့ကို ကျေးရွာလူထု၏ လိုအပ်ချက်နှင့် အများဆန္ဒအရ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကသို့ ပွားရမ်းလုပ်ကိုင်ခွင့်ပြုသည့် အချိန်တွင် ဒေသခံများ ဦးစားပေး ခန့်ထားရေးနှင့် ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရရှိရေး မျှော်မှန်းပြီးဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာလုပ်ငန်းများကို မြို့နယ်များတွင် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ် ဖြစ်သည့်သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်မြို့နယ်များရှိ ကျေးရွာ ၄၁ ရွာ၌ အရင်းမပျောက် မတည်ငွေ တစ်ရွာလျှင် ကျပ် သိန်း ၃၀၀ ဖြင့် မြစိမ်းရောင် စီမံကိန်းအဖြစ် အကောင်အထည် ဖော်ဆောင်ရွက်ရန်လျာထားပါ သည်။အဆိုပါ စီမံကိန်းကြောင့်အိမ်ထောင်စု၁၂,၂၄၉၊ အိမ်ခြေ၁၂,၀၉၉နှင့် လူဦးရေ ၅၁,၈၉၄ ဦး အကျိုးကျေးဇူးခံစားရမည်ဖြစ် ပါသည်။

၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ ရန်ကုန်တိုင်းဒေသကြီးတွင် ဆင်းရဲမှုနှုန်းမှာ ၁၅.၁ ရာခိုင်နှုန်း ရှိသဖြင့် ၂၀၁၅ ဘဏ္ဍာနှစ်ကုန်တွင် ၈ ရာခိုင်နှုန်းခန့် လျှော့ချရန် ရည်မှန်းထားပါသည်။

(ဂ) ရေပေးဝေရေးနှင့်သောက်သုံးရေဖူလုံရေး

ရန်ကုန်တိုင်းဒေသကြီးရှိ ကန်တော်ကြီး ကန်ရေအရည်အသွေး ပြန်လည် ကောင်းမွန်လာရန် နှင့် ရေအနှံ့အသက်ဆိုးများ ကင်းရှင်းနိုင်ရန် ပြည်ပနိုင်ငံ အကူအညီဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး၊ ပြည်ပနိုင်ငံ၏ အကူအညီဖြင့် ငမိုးရိပ် စီမံကိန်း (ပထမအဆင့်) ညောင်နှစ်ပင် ရေတွန်းစက်ရုံ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့် ရေတွန်းစက်များ လဲလှယ်တပ်ဆင်ခြင်း၊ ကမ္ဘာအေးဘုရားလမ်းအောက်ရှိ ၄၂ လက်မ ပိုက်ဟောင်းအစား ပိုက်လိုင်းအသစ် ဆက်သွယ်ခြင်း၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ စက်မှု ၁ လမ်း၊ ရန်ကင်းလမ်း၊ ကံဘဲလမ်းအကြား ဓရိယာအား DMA ရေပိုက်လိုင်းစနစ် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ် ပါသည်။ ထို့အပြင် လဝွန်းပြင် ရေပေးဝေရေး စီမံကိန်းကို ဆောင်ရွက်ရန်

လျာထားပြီး၊ ဒလမြို့နယ် သောက်သုံးရေ လုံလောက်စေရေး အတွက် ရေသွယ်ပိုက်လိုင်းဖြင့် သွယ်တန်း၍ ရေပေးဝေနိုင်ရန် တွံတေးတူးမြောင်း နှင့် တိုးမြစ်ဆုံရာ နေရာမှ ရေကို ဂျပန်နိုင်ငံ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာ (ရေသန့်ဌာန) နှင့် ပူးပေါင်း၍ အရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်ခြင်း နှင့် ထန်းတပင်မြို့နယ် ကုက္ကိုပမြစ် မှ ရန်ကုန်မြို့သို့ သောက်သုံးရေပေးဝေနိုင်ရေးတို့အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ စည်ပင်သာယာရေးအဖွဲ့များကလည်း ကျေးလက် ရေရရှိရေး အတွက် တွင်းနက်၊ တွင်းတိမ်၊ ရေကန် လက်တူးတွင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၉ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ၂၉၉ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၃၈ ခု တူးဖော်ရန် လျာထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း တွင်းနက် ၃၀၂ ၊ တွင်းတိမ် ၁၈၊ ရေကန် ၁၅၄၊ လက်တူးတွင်း ၂ ခု တူးဖော်ရန် လျာထားပါသည်။ ကွမ်းခြံကုန်းမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ခရမ်းမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ တွံတေးမြို့နယ်၊ထန်းတပင်မြို့နယ်၊မော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်၊ သုံးခွမြို့နယ်၊ သန်လျင်မြို့နယ် နှင့် တံတားမြို့နယ်ခွဲတို့တွင် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ဃ) ကျေးလက်မီးလင်းရေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးမရရှိသည့် မြို့နယ်များ မရှိသော်လည်း မီးမလင်းသေးသည့် ကျေးရွာများ ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မေလအထိ ကျေးရွာပေါင်း ၂,၁၂၈ ရှိသည့်အနက် နိုင်ငံတော်ဓာတ်အားလိုင်းဖြင့် ကျေးရွာ ပေါင်း ၅၀၉ ရွာ မီးလင်းပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အတွင်းကျေးရွာပေါင်း ၁,၃၀၀ ကျော် ကို ဆိုလာနှင့် ရေအားလျှပ်စစ်တို့ဖြင့် လျှပ်စစ်ဓာတ်အားရရှိရန် ရည်မှန်းထားပါသည်။

၆။ နိုင်ငံခြားချေးငွေ ၊ ထောက်ပံ့ငွေနှင့် ဆောင်ရွက်မည့် လုပ်ငန်းများ

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို နှောင်ကြိုးမဲ့ ကူညီထောက်ပံ့မှု ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပြီး၊ နိုင်ငံခြားချေးငွေဖြင့် ဒဂုံ(အရှေ့) နှင့် ဒဂုံ(မြောက်)တွင် ရှိသည့် ဇုန် ၇ နှင့် ဒဂုံ(ဆိပ်ကမ်း) နှင့် ဒဂုံ(တောင်) တွင် ရှိသည့် စက်မှုဇုန် ၈ ဇုန် တို့တွင် ရေပိုက် လိုင်းများ ဆက်သွယ်ခြင်း၊ District Meter Area (DMA) တည်ဆောက်ခြင်း၊ ရေစုကန် နှင့် ဆက်စပ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကလိုရင်းစနစ် တည်ထောင်ခြင်း၊ ရေသန့်စင် စက်ရုံ၏ Pumping System နှင့် ထိန်းချုပ်ခန်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေများဖြင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ မြေအောက်ဓာတ်ကြိုးချမြှုပ်တပ်ဆင်ခြင်း၊ ကောင်းကင်လိုင်းများအား Insulated Wire ဖြင့် အစားထိုးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် OMR မီတာများ လဲလှယ် တပ်ဆင်ခြင်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင်လည်း သီလဝါဆိပ်ကမ်း မြေကွက်အမှတ် ၂၅ နှင့် ၂၆ တို့တွင် ကုန်သေတ္တာ နှင့် အထွေထွေကုန်စည်ဆိပ်ကမ်း ပထမအဆင့် တည်ဆောက်ခြင်း၊ မြို့ပြ - ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒလ - သခွပ် - ဘို့ဒင် - လက်ခုပ်ကုန်း -ကညင်ကုန်း လမ်း၊ ကွမ်းခြံ ကုန်း - တော်ခရမ်း - အနောက်ဘို့ဒင်လမ်း၊ ကော့မှူး - ဝါးဘလောက် သောက် - သရက်တော လမ်းနှင့် မကျီးကန် - ငှက်အော်စမ်း - ကျိုက်ထော် လမ်းပိုင်း တည်ဆောက်ခြင်းများကို ဆောင် ရွက်သွားရန် ရည်မှန်းထားပါသည်။

ထို့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၊ ရန်ကုန်-မန္တလေး မီးရထားလမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံချက်၊ သီလဝါဇရိယာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်တို့ကို ပြည်ပနိုင်ငံချေးငွေများဖြင့် ဆောင်ရွက်ရန် လျာထားပြီး၊ ရန်ကုန်ဆေးရုံကြီးခုတင် ၁,၀၀၀ဆံ့ နှင့် ထောက်ကြန့် ဆေးရုံကြီး ခုတင် ၅၀၀ဆံ့ အတွက် ပြည်ပနိုင်ငံများ၏ အကူအညီဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၇။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ရန်ကုန်တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၂-၅

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ရန်ကုန်တိုင်းဒေသကြီး၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးနှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်း များအရ ကျပ် ၉,၈၇၇,၉၀၀.၉ သန်း ရှိခဲ့ရာမှ စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၅,၆၀၁,၆၃၉.၃ သန်း ဖြစ်ပေါ် ရန်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်း များအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၈.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၈။ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁)	တိုင်းဒေသကြီး အစိုးရအဖွဲ့	ကျပ်	၃၁,၈၉၈.၈၃၀ သန်း
(၂)	တိုင်းဒေသကြီး ဥပဒေချုပ်ရုံး	ကျပ်	၄၆၄.၉၈၇ သန်း
(၃)	တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး	ကျပ်	၄၀.၀၀၀ သန်း
(၄)	ပြည်ထဲရေးဝန်ကြီးဌာန	ကျပ်	၁,၈၃၃.၂၈၀ သန်း
(၅)	ပြန်ကြားရေးဝန်ကြီးဌာန	ကျပ်	၁.၀၀၀ သန်း
(၆)	သမဝါယမဝန်ကြီးဌာန	ကျပ်	၂.၈၀၀ သန်း
(၇)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	ကျပ်	၈.၉၄၀ သန်း
(၈)	မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန	ကျပ်	၃၂.၈၈၀ သန်း
(၉)	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန	ကျပ်	၁၆၈.၆၄၄ သန်း
(၁၀)	အားကစားဝန်ကြီးဌာန	ကျပ်	၇၀၀.၀၀၀ သန်း

(၁၁)	သတ္တုတွင်းဝန်ကြီးဌာန	ကျပ် ၁.၇၂၃ သန်း
(၁၂)	ဘဏ္ဍာရေးဝန်ကြီးဌာန	ကျပ် ၂၇.၅၇၈ သန်း
(၁၃)	ဆောက်လုပ်ရေးဝန်ကြီးဌာန	ကျပ် ၁၃,၉၇၅.၉၆၁ သန်း
(၁၄)	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	ကျပ် ၁၃၈.၅၃၀ သန်း
(၁၅)	အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန	ကျပ် ၀.၆၇၀ သန်း
(၁၆)	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ	ကျပ် ၁၆၇,၆၆၄.၄၈၇ သန်း
(၁၇)	စည်ပင်သာယာရေးအဖွဲ့များ	ကျပ် ၁,၆၇၇.၆၈၅ သန်း

စုစုပေါင်း **ကျပ် ၂၁၈,၆၃၇.၉၉၅ သန်း**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက် အရကျပ် ၄၈၄,၀၄၄.၃၆၆ သန်း ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရသုံးမှန်းခြေ ငွေစာရင်း ရေးဆွဲသည့်အခါ ပြောင်းလဲနိုင်ပါသည်။

၉။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ သဘာဝဘေး အန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်း၊ ကျရောက်ပြီးချိန်တွင် လုပ်ငန်းဆောင်ရွက်ခြင်းများ၊ ပြန်လည်ထူထောင်ခြင်း နှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြင်ဆင်ထားရှိပါသည်။ ပြင်ဆင်မှုလုပ်ငန်းများ ထပ်မံ ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သည့်နေရာများတွင် ဆိုင်ကလုံး shelter များ ထပ်မံ ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

နိဂုံး

ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို ဦးတည်ရာတွင် ပြည်သူများ အလျင်အမြန် ရရှိနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ဒေသတွင်း အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စက်မှုဇုန်များတွင် စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်မှုကဏ္ဍ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရေးအတွက် စိန်ခေါ်မှုများလည်း တွေ့ကြုံလျက်ရှိပါသည်။ မြို့နယ်များတွင် ရေစီးရေလာ ကောင်းမွန်ရေး၊ မီးရရှိရေးနှင့် ရေရရှိရေးတို့ကို အဓိကထား၍ ဆောင်ရွက်ရန် လျာထားသည့်အပြင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရေး ဦးတည်ရည်မှန်း၍ ပထမ (၅) နှစ် စီမံကိန်းရည်မှန်းချက်များပြည့်မီရေး ဆောင်ရွက်သွားပြီး ၂၀၄၀ပြည့်နှစ် ရည်မှန်းချက်ကို ဖြည့်ဆည်းနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်မည် ဖြစ်ပါသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ်မှ ၂၄ ဒီဂရီ ၉ မိနစ် နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ်မှ ၁၀၁ ဒီဂရီ ၁၃ မိနစ် အတွင်း
အကျယ်အဝန်း	=	၆၀,၁၅၅.၂၃ (စတုရန်းမိုင်) ၃၈,၄၉၉,၃၄၅ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၅,၉၆၀ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	တောင်ကြီးမြို့
ခရိုင်	=	၁၄ ခရိုင်
မြို့နယ်	=	၅၅ မြို့နယ်
ထူးခြားနေရာ	=	အင်းလေးကန်
အဓိကစီးပွားရေး ကဏ္ဍများ	=	လယ်ယာ၊ သတ္တု နှင့်တွင်းထွက် ပစ္စည်း၊ စက်မှု၊ ပို့ဆောင်ရေး၊
ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်း	=	'၀'
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ	=	ပအိုဝ်း၊ ဓနု၊ ပလောင်နှင့် ကိုးကန့်
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် ကချင်ပြည်နယ်၊ အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင်လာအိုနိုင်ငံ၊အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊

ဇယားစဉ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

နိဒါန်း

ရှမ်းပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင်တည်ရှိပြီး တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ယခင်က ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့်အရှေ့ပိုင်းဟူ၍ အပိုင်း၃ပိုင်းခွဲခြားကာအုပ်ချုပ်ခဲ့ပြီး ယခုအခါ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၉ အရ ရှမ်းပြည်နယ်ဟု ပြဋ္ဌာန်းခဲ့သည့် အတွက်အုပ်ချုပ်ရေးနယ်မြေ တစ်ပေါင်းတစ်စုတည်း ဖြစ်လာပါသည်။ ရှမ်းပြည်နယ်အစိုးရ

အဖွဲ့သည်၃၀-၃-၂၀၁၁ ရက်နေ့တွင် ပေါ်ပေါက်လာပြီး ရှမ်းပြည်နယ်တစ်ခုလုံး၏အုပ်ချုပ်ရေး၊စီမံခန့်ခွဲရေး၊လုံခြုံရေး၊စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကစီမံခန့်ခွဲလျက်ရှိပါသည်။

လူမှုစီးပွားအခြေအနေ

ရှမ်းပြည်နယ်၏ လူမှုစီးပွားအခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း(အရှင်မွေးကလေး ၁,၀၀၀ လျှင်) နှင့် လူဦးရေ ၁,၀၀၀ လျှင် တယ်လီဖုန်းအသုံးပြုမှုတို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၃-၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



ရှမ်းပြည်နယ်၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၂.၀၅ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၅.၀၄ ရာခိုင်နှုန်း၊ အထက်တန်း အဆင့်၌ ၂၅.၆၄ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၆.၂၃ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၉.၀၁ ရာခိုင်နှုန်း၊အထက်တန်းအဆင့်၌ ၂၇.၆၃ရာခိုင်နှုန်းတို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၃-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက် (အရှင်မွေး ၁,၀၀၀လျှင်)



ရှမ်းပြည်နယ်၏ ငါးနှစ်အောက် ကလေးသေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀လျှင်) သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၃၁.၂၄ နှုန်း ရှိရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၁.၃၅ နှုန်း ဖြစ်ပေါ်မည်ဖြစ်ပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၃-၃
လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း ရည်မှန်းချက်



ရှမ်းပြည်နယ်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင်တယ်လီဖုန်း ၂၂ လုံးသုံးစွဲနိုင်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၁၈ လုံးသို့ တိုးတက် သုံးစွဲနိုင်ရန် ရည်မှန်းထား ပါသည်။

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက် ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁၃-၄
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကိုပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီးခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ထောင်ရေး

(က) လယ်ယာ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ အထွက်နှုန်းကောင်းသော စံပြကွက်များကို မိုးစပါး ၄,၂၄၃ ဧက မှ ၅,၄၀၀ ဧက၊ မိုးစပါး ပုလဲသွယ် ၇၂၂ ဧက မှ ၁,၀၀၀ ဧက၊ နွေစပါး ၁,၄၉၀ ဧကမှ ၁,၇၅၀ ဧက၊ နွေစပါး ပုလဲသွယ် ၂၂၅ ဧကမှ ၃၇၀ ဧက၊ အစေ့ထုတ်ပြောင်း ၁,၂၈၀ ဧကမှ ၁,၅၅၀ ဧက၊ မိုးစပါး ဘာစမာတီ ၁၈ ဧက မှ ၂၀ ဧက၊ မြေပဲ ၄၀၆ ဧက မှ ၅၃၀ ဧက၊ နှမ်း ၁၀ ဧကမှ ၂၀ ဧက၊ ပဲပုတ် ၁၉၆ ဧကမှ ၃၀၀ ဧက၊ နေကြာ ၂၀၈ ဧကမှ ၂၃၀ ဧက၊ ပဲစဉ်းငုံ ၁၅၀ ဧကမှ ၂၆၀ ဧက အထိ အသီးသီး တိုးတက်စိုက်ပျိုးသွားရန် ရည်မှန်းထား ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်တွင် မြို့ကြီးဆည်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နမ့်မျှင်ရေလွှဲဆည်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် မိုင်းယောင်းရေလွှဲဆည်၊ မိုင်းပါလျှိုး နမ့်မလောက်ရေလွှဲဆည်တို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) သားငါး

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေ မြို့နယ်၊ တိလောကျေးရွာအုပ်စုတွင် မွေးမြူရေးဇုန်နှင့် ကျောက်မဲခရိုင် မွေးမြူရေးဇုန် တည်ထောင်ထားပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) သစ်တော

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ တိုးချဲ့သည့် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဧရိယာကို နှစ်စဉ် စတုရန်းမိုင် ၉၀၀ တိုးချဲ့နိုင်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံဖြစ်ပေါ်ရေး

(က) စက်မှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန် တွင် နဂါးနှစ်ကောင် အချို့ရည်လုပ်ငန်းနှင့် ပတ္တမြားနဂါးသံနှင့်သံမဏိစက်ရုံ၊ တောင်ကြီးမြို့နယ်တွင် ကမ္ဘောဇီလပ်မြေစက်ရုံ၊ ထူးကွန်ကရစ် မီးတိုင်ထုတ်လုပ်ခြင်း၊

ပင်လောင်းမြို့နယ်တွင် နဂါးဘိလပ်မြေစက်ရုံ၊ မီဂါဘိလပ်မြေစက်ရုံ စီမံကိန်းကို တိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ လုပ်ငန်း အသေးစား ၂,၉၈၈ ခု မှ ၂,၈၄၈ ခုသို့ လျော့နည်းသွားမည် ဖြစ်ပြီး၊ လုပ်ငန်း အလတ်စား ၃၄၂ ခု မှ ၅၆၅ ခုထိ တိုးလာမည် ဖြစ်ပါသည်။



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

မူဆယ်မြို့နယ်နှင့် မိုင် ၃၀ ခန့် ကွာဝေးသော နမ့်အွန်ကျေးရွာအုပ်စု အနီးတွင် ဧက ၇,၃၀၀ ခန့်ကို စက်မှုဇုန် တည်ဆောက် အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လောက်ကိုင်မြို့နယ် နယ်စပ်မှတ်တိုင် BP (125) အနီးရှိ တာစင်ကျိုင်း၊ ရင်ကျန်းထင်ကျေးရွာများ၏ အရှေ့မြောက်ဘက်မြေနေရာ ဧက ၁,၁၄၀ ကို ဒေသဖွံ့ဖြိုးရေးအတွက် လောက်ကိုင် စက်မှုဇုန် တည်ထောင် ရန်ရည်မှန်း ထားပါသည်။



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

လားရှိုးမြို့နယ်၊ လားရှိုးစက်မှုရပ်ကွက်အား မယ်ဟန်ကျေးရွာရှိ ရှန်ခိုက် ဘုရားကျောင်းသွား ကားလမ်း ဘေးဝဲ/ယာတွင် မြေနေရာ ၁၈၆ ဧကတွင် စက်မှု ရပ်ကွက် ထူထောင်ခွင့်ပြုနိုင်ရေးအတွက် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။



ဇယ်မြစ်။ ရုမ်းပြည်နယ်အစိုးရအဖွဲ့

တာချီလိတ်မြို့နယ် စက်မှု ရပ်ကွက်တွင် အကြီးစား စက်မှုလုပ်ငန်း ၄ ခု ၊ အလတ်စား ၂ ခု ၊ အသေးစား ၁၅ ခု စုစုပေါင်း ၂၁ ခု လုပ်ကိုင်ရန် ရည်မှန်းထားပါသည်။



ဇယ်မြစ်။ ရုမ်းပြည်နယ်အစိုးရအဖွဲ့

(၈) လျှပ်စစ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရုမ်းပြည်နယ် တောင်ပိုင်း ပင်းတယမြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ နှင့်ရုမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ ကျေးရွာများတွင် လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

(ဂ) ဆောက်လုပ်မှု

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မန္တလေး- လားရှိုး - မူဆယ် ပြည်ထောင်စုလမ်းမကြီးအား လားရှိုးမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရန် နှင့် မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်တွင် တည်ဆောက်မည့် ကုန်တင်ကုန်ချကွင်းမှ အောက်တုန်ခန်ရွာကို ဆက်သွယ်ဖောက်လုပ်မည့် မြို့ပတ်လမ်း၊ တာချီလိတ်မြို့၊ မယ်ဆိုင်ချောင်း တစ်လျှောက် တံတားအမှတ် (၂) မှ စက်မူဇုန်သို့ဖောက်ထွက်မည့် မြို့ရှောင်လမ်းများကို အေးရှားဝေါလ်ကုမ္ပဏီလီမိတက်နှင့် ၃ နှစ်လျာထား၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လမ်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် အတွင်း ရပ်စောက်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ လွိုင်လင်ခရိုင်ရှိ မြို့နယ်များနှင့် လင်းခေးခရိုင်အတွင်းရှိမြို့နယ်များတွင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ရှမ်းပြည်နယ်တောင်ပိုင်း ဟန်မြင့်မိုရ်- မြို့ကြီး-ရွာငံ-ပင်းတယ-အောင်ပန်းလမ်း ၆၈ မိုင် ကိုဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

မူဆယ်မြို့မြို့ပတ်လမ်းဖောက်လုပ်မည့်မြေပုံ





ဓာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

၄။ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ရှမ်းပြည်နယ်တွင် တက္ကသိုလ် ၄ ခု၊ ပညာရေးကောလိပ် ၂ ခု၊တပ်မတော် ကွန်ပျူတာ နှင့်နည်းပညာကောလိပ် ၁ ခု၊ နည်းပညာတက္ကသိုလ် ၄ ခု၊ ကွန်ပျူတာ တက္ကသိုလ် ၄ ခု၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ၁ ကျောင်း၊ ယက်ကန်း

သင်တန်းကျောင်း ၁ ကျောင်း၊ အစိုးရနည်းပညာအထက်တန်း ၁ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ထား ရှိ၍ အခြေခံပညာ အနေဖြင့် မူလတန်းကျောင်း ၃,၆၅၄ ကျောင်း၊ မူလတန်းကျောင်းခွဲ ၄၄၅ကျောင်း၊ မူလတန်း လွန်ကျောင်း ၆၃၃ ကျောင်း၊ တွဲဘက်မူလတန်းကျောင်း ၆၇ ကျောင်း၊ အလယ်တန်းကျောင်း ၁၉၃ ကျောင်း၊တွဲဘက်အလယ်တန်းကျောင်း ၂ကျောင်း၊ အထက်တန်းကျောင်း ၁၉၈ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၉၀ကျောင်း၊ ကိုယ့်အားကိုယ်ကိုးကျောင်း ၆၇ ကျောင်း တို့ဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

(ခ) ကျန်းမာရေး

ရှမ်းပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ဒေသန္တရကျန်းမာရေးဌာန ၁ ခု၊ ကျောင်းကျန်းမာရေးဌာန ၅ ခု၊ မိခင်နှင့် ကလေးသားဖွား ခန်း ၁၆ ခု၊တိုက်နယ်ဆေးရုံ ၉ ရုံ၊မြို့နယ်ဆေးရုံ ၄ ရုံနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁ ရုံ၊ တိုင်းရင်းဆေးကုဌာန ၂၂ ခု တို့ကိုတိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်း ထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် တောင်ကြီး ဆေးတက္ကသိုလ်ကို တောင်ကြီးမြို့နယ်၊ နောင်လေ ကျေးရွာအုပ်စုတွင်မြေဧက ၂၀.၅၂ အကျယ်၌ ဆေးသိပ္ပံပညာဦးစီးဌာနမှ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့မည့် အစီအစဉ် များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဇယား ၃-၁၃-၁

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ကျန်းမာရေးရည်မှန်းချက်

ဦးရေ

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဆေးရုံ	၁၄၈	၁၅၁	၁၆၀	၁၆၉	၁၇၈
၂	ကျေးလက်ကျန်းမာရေးဌာန	၁၇၆	၁၈၃	၁၉၉	၂၀၅	၂၁၂
၃	မိခင်နှင့်ကလေးကျန်းမားရေးဌာန	၅၂	၅၂	၅၂	၅၂	၅၂
၄	ဒေသန္တရကျန်းမာရေးဌာန	၃	၃	၃	၃	၃
၅	ကျောင်းကျန်းမာရေးအဖွဲ့	၆	၆	၆	၆	၆
၆	တိုင်းရင်းဆေးရုံ	၁	၁	၁	၉	၁၅

ဇယား။ ကျန်းမာရေးဝန်ကြီးဌာန

(ဂ) လမ်းပန်းဆက်သွယ်ရေး

လွိုင်လင်ခရိုင်၊ ခိုလမ်မြို့တွင် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ကားလမ်းဘေးရှိ အကွက်အမှတ် (ထူး/၁၃) ဧရိယာ ၄၃၀ x ၅၀၀ ပေ အကျယ်အဝန်းရှိ မြေပေါ်တွင် ခရီးသည်နှင့် ကုန်စည်တင် အဝေးပြေးယာဉ်ရပ်နား စခန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက် ရန်ရည်မှန်း ထားပါသည်။

လားရှိုးမြို့တွင်နားမခေါ် အဝေးပြေးယာဉ်ရပ်နားစခန်းကို မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးရှိ၁၈.၃၃ ဧက အကျယ်မြေပေါ်တွင် Shining Myanmar Co.Ltd.မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ၃ နှစ်အတွင်းတည်ဆောက်အကောင် အထည် ဖော်ရန်ရည်မှန်းထားပါသည်။ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဟဲဟိုး လေဆိပ်ဖွံ့ဖြိုး ရေး လုပ်ငန်း၊ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်မိုင်းဆတ်လေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက် အကောင်အထည်ဖော် ရန်ရည်မှန်းထားပါသည်။

နားမခေါ် အဝေးပြေးယာဉ်ရပ်နား စခန်းတည်ဆောက်ပြီးစီးမှုအခြေအနေ



နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်း အားပြီးစီးမည့်အချိန်တွင်တွေ့မြင်ရမည့်ပုံစံ



ဓာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဃ) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုဘိုင်းတယ်လီဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရ ကုမ္ပဏီများနှင့် သိပ်သည်းဆ တိုးတက်ရန်၊ ဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းများကို စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်ရန်၊ မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့ တပ်ဆင်သွားပြီး အင်တာနက် သုံးစွဲမှုကို ၄.၄၁ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲနိုင်ရန် ရည်မှန်းထားပါသည်။

(ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ရေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခု ဖြစ်သည့်အပြင် သဘာဝအခြေခံခရီးသွားလာမှု၏ အထင်ကရနေရာတစ်ခုလည်း ဖြစ်ပါသည်။ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် နုန်းအနည်ပို့ချမှုလျော့နည်းရေး၊ သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းများ ပြန်လည်ဖော်ထုတ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။ဧဝမျိုးစုံမျိုးကွဲထိန်းသိမ်း ကာကွယ်ရန်အတွက် ညောင်ရွှေမြို့နယ် တွင် အင်းလေးကန် ဘေးမဲ့တော ဧက ၁၅၈,၃၇၀၊ ရွှေဥဒေါင်းဘေးမဲ့တော ၂၉,၁၅၄ ဧက၊ ရွာငံမြို့နယ် ပန်းလောင်ပြဒါး လင်းဂူဘေးမဲ့တော ၈၂,၄၈၃ ဧက၊ တောင်ကြီးမြို့နယ်တွင် တောင်ကြီးဘေးမဲ့တော ၁,၉၆၈.၄၈ ဧက၊ ကျိုင်းတုံခရိုင်ရှိ ပါဆာဘေးမဲ့တော ၁၉,၀၃၂.၄၀ ဧကနှင့် လွယ်မွေဘေးမဲ့တော ၁၀,၅၈၅ ဧက အသီးသီး ကိုထိန်းသိမ်းကာကွယ်ရန် ရည်မှန်းထားပါသည်။

(စ) ခရီးသွားလုပ်ငန်း

ရှမ်းပြည်နယ်တောင်ပိုင်းတွင် နိုင်ငံခြားသားများ သွားရောက် လေ့လာနိုင်သည့် လမ်းကြောင်းများမှာ အလယ်မြောင်းကျေးရွာ အင်းလေးကန်နေ့ဝက်ခရီး၊ အင်းလေး-မိုင်းသောက် ၊ ကလော-ပိန္နဲပင် ၊ ကလော-မြင်းမထိုး ၊ ကလော - တာယော ၊ ကလော-ဟင်္သာကုန်း၊ ကလော- ဘောနင်းကုန်- အင်းတိမ်- အင်းလေး၊ ကလော- ပြင်သာ-ထီသိမ်- အင်းတိမ် ၊ ကလော-ရှားပင်-ခေါင်တိုင်-အင်းလေး၊ ကလော- ပိန္နဲပင်ခေါင်တိုင် ၊ ကလော-မြင်းမထိ-တာယော ၊ ကလော- တာယော-နန်းသလဲတဲ- ထီသိမ်- အင်းတိမ် ၊ ပင်းတယ-အင်းလေးကန်၊ ပင်းတယ-မဲနယ်တောင်- ကန်လှကုန်း- ကလော၊ သရက်ပု- ခေါင်တိုင်ဒေသ၊ ကလော-အင်းလေး၊ ပင်းတယ- ယစကျီ- ပင်းတယ၊ ဆင်စီး လမ်းလျှောက် ခရီးစဉ် တို့ဖြစ်သည်။

(ဆ) မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အင်းလေးဒေသ၊ ညောင်ရွှေမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာအနီးရှိ အင်းလေးအရှေ့ကြိုးဝိုင်းမှ မြေ ၆၂၂ ဧက ကို A, B, C ဇုန်များသတ်မှတ်၍ ဟိုတယ်ဇရိယာအဖြစ် မြေ ၃၂၈.၅၂ ဧက၊ ကျန်ရှိသောဧက များကိုဟိုတယ်နှင့် ဆက်စပ်လုပ်ငန်းများတွင် အသုံးပြု၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ဖြင့်တည်ဆောက်ရန် ရည်မှန်းထားပါသည်။

အင်းလေးဟိုတယ်ဇုန်စီမံကိန်း လမ်းနှင့် ဟိုတယ်နေရာများဖော်ထုတ်မည့်အကွက်ချပုံစံ



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

ရှမ်းပြည်နယ် မြောက်ပိုင်းလားရှိုးမြို့မန်ဆူစျေးအတွင်းတွင် အမြင့်ပေ ၉၀ ရှိ ၈ထပ် ဟိုတယ်ကို အောင်ချမ်းသာကုမ္ပဏီမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဇွန်လမှ စတင်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့မစျေးအရှေ့ဘက်ကုန် ခြောက်၊ သားငါးစျေးအဆင့်မြှင့် စျေးတည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း သီဟဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက် ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ညောင်ရွှေမြို့နယ် အနုပညာကောလိပ်ကို တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။

တောင်ကြီးမြို့ လက်ရှိ ကုန်ခြောက် /သားငါး စျေး တည်နေရာပြပုံ



တောင်ကြီးမြို့ ကုန်ခြောက် သား/ ငါး စျေး အား ၂၀၁၅-၂၀၁၆ တွင် တွေ့မြင်ရမည့်ပုံ



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

တာချီလိတ်မြို့ ရွှေမြေသာယာ ပုဂ္ဂလိကကိုယ်ပိုင်စျေးတည်ဆောက်ခြင်း နှင့် ဝမ်ကောင်းရပ်ကွက် ဇရိယာ ၆ ဧကကျယ်ဝန်းသောမြေကွက်ပေါ်တွင် ဆောက်လုပ် လျက်ရှိသည့် ရွှေတြိဂံပုဂ္ဂလိက စူပါမတ်ကက် နှစ်ထပ်စျေး တည်ဆောက်ရေး လုပ်ငန်းကို ဘုရင့်နောင် ပုဂ္ဂလိကစျေးကြီး အမည်ဖြင့် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

လားရှိုးမြို့ရှိ မောက်ခေါင်ဝတီ(၂) အိမ်ရာ စီမံကိန်းနှင့် မြို့ပြစီမံကိန်းပုံစံ(Town Development Plan) ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

လားရှိုးမြို့ရှိ မောက်ခေါင်ဝတီ(၂) အိမ်ရာစီမံကိန်းပြပုံ



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

၅။ ကဏ္ဍများအချင်းချင်း ချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဆီဆိုင်မြို့နယ်တွင် ကျေးရွာ ပိုင်ထင်းစိုက်ခင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတွင် စံပြကျေးရွာ တည်ထောင် ခြင်း၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကုန်းကြမ်းမြို့နယ်၊ ရှင်ဖျင်ကိုင်း ကျေးရွာ အုပ်စုတွင် ယူကလစ်စိုက်ခင်း တည်ထောင်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင် များဖိတ်ခေါ်၍ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိဆီဆိုင်မြို့နယ်တွင်သစ်တောပြုစုထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်သွားနိုင်ရန် ရည်မှန်း ထားပါသည်။

(ခ) သောက်သုံးရေရရှိရေး

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်၊ ပင်လောင်း မြို့နယ်၊ ရပ်စောက်မြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ဖယ်ခုံ မြို့နယ် တို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သောက်သုံးရေ ရရှိရန် ရည်မှန်း ထားပါသည်။

(၂) မွေးမြူရေးလုပ်ငန်းများ

ရှမ်းပြည်နယ်တွင် လက်ရှိကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အနေဖြင့် မွေးမြူသူ အစုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဒေသန္တရ မွေးမြူသူ အစုအဖွဲ့ ၇၄ ဖွဲ့၊ ဒေသ ပက်မွေးမြူသူ အစုအဖွဲ့ ၁၂၈ ဖွဲ့၊ ဒေသကျွဲမွေးမြူသူ အစုအဖွဲ့

၂၅ ဖွဲ့၊ ဥစားကြက် မွေးမြူသူ အစုအဖွဲ့ ၂၁ ဖွဲ့၊ ဒေသကြက်မွေးမြူသူ အစုအဖွဲ့ ၄ ဖွဲ့ ၊ ဒေသ ဆိတ် မွေးမြူသူ အစုအဖွဲ့ ၆ ဖွဲ့၊ နို့စားနွားမွေးမြူသူအစုအဖွဲ့ ၉ ဖွဲ့၊မွေးမြူသူ အစုအဖွဲ့ စုစုပေါင်း ၂၆၇ ဖွဲ့ အပြင် ငါးမွေးမြူသူ အစုအဖွဲ့စုစုပေါင်း ၁၆ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ထပ်မံတိုးချဲ့ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) မူဆယ်ဗဟိုစီးပွားရေးဇုန်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မူဆယ်မြို့၊ ဗဟိုစီးပွားရေးဇုန်စီမံကိန်းအား ရှမ်းပြည်နယ်အစိုးရ ဒေသဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ နှင့် နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

မူဆယ်ဗဟိုစီးပွားရေးဇုန်ပြမြေပုံ



ဇာစ်မြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဂ) မူဆယ်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဇုန်စီမံကိန်း

မူဆယ်မြို့နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန် တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စားပြုသည့် ရှမ်းပြည်နယ်ဒေသန္တရ ဖွံ့ဖြိုးတိုးတက် ရေးစီမံကိန်းကော်မတီ နှင့် မောရှမ်းဖွံ့ဖြိုးတိုးတက်ရေးအများနှင့်ဆိုင်သည့် ကုမ္ပဏီ (Maw Shan Development Public Co. Ltd.) တို့မှ တရုတ်-မြန်မာ နယ်စပ် ရှမ်းပြည်နယ် မူဆယ်ဒေသအတွင်း နယ်စပ်ကုန်သွယ်မှု နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု၊ စက်မှုကုန်ထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်မှု၊ အလုပ်အကိုင် အခွင့် အလမ်းနှင့် ပြည်သူများ၏ လူမှုစီးပွားအဆင့်အတန်းတို့ကို ပိုမိုတိုးတက် ကောင်းမွန်ရန် ရည်မှန်းထားပါသည်။

မူဆယ်စီမံကိန်းဒေသ ကုန်သွယ်မှု ပို့ကုန်/သွင်းကုန် စီးဆင်းမည့်လမ်းကြောင်းများ



ဇယားမြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဃ) မူဆယ် (တုန်ခမ်) - ဟိုနောင် -ကြူကုတ်-၁၀၅ မိုင်ဒေသဖွံ့ဖြိုးရေးစီမံကိန်း

Muse Development Public Company Limited (IGE) ကို အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အဖြစ်တည်ထောင်၍ မူဆယ် ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော်လုပ်ကိုင်ရန် ရည်မှန်းထားပါသည်။

မူဆယ် (တုန်ခမ်) - ဟိုနောင် -ကြူကုတ်-၁၀၅ မိုင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းပြမြေပုံ



ဇယားမြစ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါဖွံ့ဖြိုးမှုလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ပါက ရှမ်းပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှု တန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၃,၂၅၉,၂၉၂.၈ သန်း နှင့် စီမံကိန်း၏နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာ နှစ်တွင် ကျပ် ၆,၅၀၄,၆၀၀.၇ သန်း ဖြစ်ပေါ်ရန်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၅.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

ဇယား(၅)။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၆။ ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ဗဟိုအဖွဲ့အစည်းများ
- လွတ်တော်ရုံး ကျပ် ၈၃.၈၀၀ သန်း
- ပြည်နယ်အစိုးရအဖွဲ့ရုံး ကျပ်၄၁,၃၉၆.၆၇၉ သန်း
- ပြည်နယ်ရှေ့နေချုပ်ရုံး ကျပ် ၃၂၄.၃၅၁ သန်း
- ပြည်နယ်စာရင်းစစ်ချုပ်ရုံး ကျပ် ၁၀၅.၁၉၅ သန်း

(၂) အားကစားဝန်ကြီးဌာန ကျပ် ၇၉၅.၀၅၀ သန်း

(၃) ပြည်ထဲရေးဝန်ကြီးဌာန
-အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျပ် ၂,၃၅၈.၈၁၀ သန်း
-မီးသတ်ဦးစီးဌာန ကျပ် ၁၃,၁၄၀.၀၅၀သန်း

(၄) ဘဏ္ဍာရေးဝန်ကြီးဌာန
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ကျပ် ၁၇၅.၂၅၅ သန်း

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
-သစ်တောဦးစီးဌာန ကျပ် ၂၈.၀၆၅ သန်း

(၆) သမဝါယမဝန်ကြီးဌာန

-သမဝါယမဦးစီးဌာန ကျပ် ၇၈.၄၅၀ သန်း

-အသေးစားစက်မှုလက်မှုဦးစီးဌာန ကျပ် ၀.၆၀၀ သန်း

(ရက်ကန်းကျောင်း)

(၇) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

-စိုက်ပျိုးရေးဦးစီးဌာန ကျပ် ၃၆၀.၀၀၀ သန်း

-ရေအရင်းအမြစ်အသုံးချရေး

ဦးစီးဌာန ကျပ် ၃၉၅.၇၈၇ သန်း

(၈) ဆောက်လုပ်ရေးဝန်ကြီးဌာန

- မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန ကျပ် ၃,၅၉၇.၈၅၀ သန်း

- ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျပ် ၂၅၆.၀၀၀ သန်း

- အဆောက်အဦတံတားပြင်ဆင်ခြင်း ကျပ် ၉၄,၉၁၂.၀၀၉ သန်း

(၉) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

- စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကျပ် ၁,၄၇၇.၃၆၀ သန်း

(၁၀) မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

- မွေးမြူရေးနှင့်ကုသရေး

ဦးစီးဌာန ကျပ် ၅၄.၀၀၀ သန်း

- ငါးလုပ်ငန်းဦးစီးဌာန ကျပ် ၁၁၉.၅၃၀ သန်း

(၁၁) စည်ပင်သာယာရေးအဖွဲ့ ကျပ် ၄,၆၃၃.၄၇၄ သန်း

(၁၂) မြန်မာ့လျှပ်စစ်မာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျပ် ၃,၄၁၃.၇၂၄ သန်း

စုစုပေါင်း **ကျပ်၁၆၇,၇၀၆.၀၃၉သန်း**

ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၁၀၂,၀၃၅.၄၅၉ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ = မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၀ မိနစ်မှ ၂၂ ဒီဂရီ ၅၄ မိနစ်
အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၅၅ မိနစ်မှ ၉၉ ဒီဂရီ ၅၅ မိနစ်

အကျယ်အဝန်း = ၅,၆၇၀.၈၅ (စတုရန်းမိုင်)

လူဦးရေ(ခန့်မှန်း) = ဦးရေ ၄၅၁ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)

မြို့နယ် = ၆ မြို့နယ်

အဓိကစီးပွားရေး = လယ်ယာ၊ လျှပ်စစ်၊ သတ္တုနှင့်တွင်းထွက်ကဏ္ဍများ

ဆက်စပ်ဒေသများ = မြောက်ဘက်တွင် လောက်ကိုင်မြို့နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ကွမ်းလုံမြို့နယ်၊ အရှေ့ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လွိုင်လင်ခရိုင်၊ တောင်ဘက်တွင် မိုင်းပျဉ်းမြို့နယ်၊အနောက်ဘက်တွင် ကွမ်းလုံမြို့နယ်၊ သိန်းနီ မြို့နယ်၊ တန့်ယန်း မြို့နယ်

ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တည်ရှိပြီး၊ ဟိုပန်မြို့ နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ ပန်ဆန် (ပန်ခမ်း) မြို့နယ်၊ မက်မန်းမြို့နယ်၊ နားဖန်မြို့နယ်၊ မန်ကန်မြို့နယ်ခွဲ၊ နမ့်တစ်မြို့နယ်ခွဲ၊ပင်လုံမြို့နယ်ခွဲ စုစုပေါင်း ၆ မြို့နယ်နှင့် မြို့နယ်ခွဲ ၃ ခုတို့ဖြင့် ဖွဲ့စည်းထားရာမှ မက်မန်းမြို့နယ်၊ ပန်ဆန်း(ပန်ခမ်း) မြို့နယ်၊ နားဖန်းမြို့နယ် ပါဝင်သော ၃ မြို့နယ်နှင့် မန်ကန်မြို့နယ်ခွဲ တို့ကိုစုစည်း၍ မက်မန်းခရိုင်အဖြစ်လည်းကောင်း၊ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ် ပါဝင်သော ၃ မြို့နယ်နှင့် နမ့်တစ်မြို့နယ်ခွဲ၊ ပင်လုံမြို့နယ်ခွဲတို့အား ဟိုပန်ခရိုင်အဖြစ်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ၁-၁-၂၀၁၃ ရက်စွဲ ပါ အမိန့်ကြော်ငြာ စာဖြင့် ပြင်ဆင် ဖွဲ့စည်းခဲ့ပါသည်။

၁။ အဓိကစီးပွားရေး

ရာဘာစက်ရုံကို မန်မိုင်ရပ်ကွက်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ လည်းကောင်း၊ ဟာဖြတ်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌လည်းကောင်း၊ ပန်လုံမြို့နယ်ခွဲတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌လည်းကောင်း တည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်း နယ်ပယ်များ

(က) သတ္တု

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၏ ဟိုပန်ခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း သွပ်နှင့်ရောရာသတ္တုရိုင်းကို ပန်ခွန်ကုမ္ပဏီမှ တူးဖော် ထုတ်လုပ်ရန် စီစဉ်လျက် ရှိပါသည်။

(ခ) လျှပ်စစ်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဟိုပန်မြို့နယ် မန်ခါးကျေးရွာ ဒီဇယ်အင်ဂျင်ဖြန့်ဖြူးရေးနှင့် ၄၀၀ ဗို့ လိုင်းဆွဲခြင်းလုပ်ငန်းအတွက် ဆောင်ရွက်သွားရန်ရည်မှန်း ထားပါသည်။

(ဂ) ဆောက်လုပ်ရေး

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဟိုပန်မြို့၌ ဟိုပန်-မိုင်းမောလမ်း၊ ဟိုပန်-နမ့်တစ်လမ်း၊ ဟိုပန်-ဗင်းဟင်းလမ်းနှင့် ပန်လုံ-နားစီးလမ်း၊ မက်မန်း-မိုင်းပြင်းလမ်းများကို လမ်းကတ္တရာခင်းခြင်း၊ အဆင့် မြှင့်ခြင်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ပညာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာကျောင်း ၂ ကျောင်းအား တိုးချဲ့ ဖွင့်လှစ်ရန်နှင့် ဟိုပန်မြို့နယ် စာကြည့်တိုက် ဆောက်လုပ်ရန်၊ မက်မန်းမြို့နယ် မန်စလောင်းကျေးရွာ၊ ရောင်အူကြီး ကျေးရွာ၊ ကျွန်းဟောင်း ကျေးရွာတို့တွင် အလယ်တန်းအဆင့် ကျောင်းများကို တိုးချဲ့ရန်နှင့် ဟိုပန်မြို့နယ်တွင်လည်း မူလတန်းကျောင်းသစ် ၅ ကျောင်း တည်ဆောက်ရန် ရည်မှန်း ထားပါသည်။

(င) ကျန်းမာရေး

ဟိုပန်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေးအဆောက်အဦး၊ မိုင်းမောမြို့နယ်ခွဲနှင့် နမ့်တစ်မြို့နယ်ခွဲတွင် ရင်ခွဲရုံ ဆောက်လုပ်ခြင်းနှင့် မက်မန်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံကို မြို့နယ်အဆင့် ဆေးရုံသို့ တိုးမြှင့်နိုင်ရန် ရည်မှန်းထားပါသည်။

(စ) သောက်သုံးရေ ရရှိရေး

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ ဟိုပန်မြို့၊ မက်မန်းမြို့နှင့် ပန်လုံမြို့တို့တွင် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ ရွှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

(က) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီး မြှုပ် နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ရွှမ်းပြည်နယ်အစိုးရအဖွဲ့

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လမ်းတံတားလုပ်ငန်း ကျပ် ၄၄၆.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေရှရှိရေးလုပ်ငန်း ကျပ် ၁၁၂.၅၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေအားလျှပ်စစ်လုပ်ငန်း ကျပ် ၄၄.၈၇၅ သန်း
- စက်ကိရိယာ၊ပရိဘောဂ ကျပ် ၁၂၉.၅၄၀ သန်း

(၂) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

- 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း
စီမံကိန်းရုံးဆောက်ခြင်း ကျပ် ၁၉၉. ၀၀၀ သန်း

(၃) ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)

- အဆောက်အဦး ၊ရုံးသုံးစက်ကိရိယာ၊
ပရိဘောဂများ ကျပ် ၅၁.၂၉၀ သန်း

(၄) ပြည်ထဲရေးဝန်ကြီးဌာန (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

- မက်မန်း၊ဟိုပန်ခရိုင်အုပ်ချုပ်ရေးမှူးအိမ် ကျပ် ၄၂.၀၀၀ သန်း
- မက်မန်း၊ဟိုပန်ခရိုင်ရုံးဆောက်လုပ်ခြင်း ကျပ် ၃၆၀.၀၀၀ သန်း

စုစုပေါင်း ကျပ်၁,၃၈၅.၂၀၅ သန်း

ရွှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၂၃၂.၄၅၁ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



တည်နေရာ = မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၃ မိနစ် မှ ၂၄ ဒီဂရီ ၁၀ မိနစ်
အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၂၄ မိနစ် မှ ၉၈ ဒီဂရီ ၅၀ မိနစ်

အကျယ်အဝန်း = ၇၃၁.၆၅ (စတုရန်းမိုင်)

လူဦးရေ(ခန့်မှန်း) = ဦးရေ ၁၂၄ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)

မြို့နယ် = ၂ မြို့နယ်(လောက်ကိုင်၊ကုန်းကြမ်း)

အဓိကစီးပွားရေး ကဏ္ဍများ = လယ်ယာ၊လျှပ်စစ်၊ စက်မှု၊

ဆက်စပ်ဒေသများ = မြောက်ဘက်တွင်မူဆယ်မြို့နယ်၊အရှေ့ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ဟိုပန်မြို့နယ်၊ အနောက်ဘက်တွင် ကွတ်ခိုင် မြို့နယ်၊

ဓာတ်မြေပုံ။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ် ၃၉ မိုင်ခန့် ထိစပ်တည်ရှိပြီး လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်၊ ချင်းရွှေဟော် မြို့နယ်ခွဲနှင့် မော်ထိုက်မြို့နယ်ခွဲတို့ ပါ ဝင်သည်။

၁။ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဆောက်လုပ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ချင်းရွှေဟော်-လောက်ကိုင်လမ်းရှိ တံတား ၁၀ စင်း ၊ လောက်ကိုင်-တာရွှေထန်-တာပါးလမ်း၊ လောက်ကိုင်-ရန်လုံကျိုင်းလမ်း၊ လောက်ကိုင်-ကုန်းကြမ်း လမ်း၊ကုန်းကြမ်း-ဆုံကန်-မော်ထိုက်လမ်းပြုပြင်ခြင်းများဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) ဆက်သွယ်ရေး

ဒေသအတွင်း GSM/UMTS စခန်း ၃ ခုအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လိုင်းအင်အား ၃၆၀ တပ်ဆင်ရန် လျာထားပါသည်။ ဒေသတွင်း အဝေးဆက်သွယ်မှု

အနေဖြင့် တပ်မတော်ဖိုင်ဘာဆက်ကြောင်းကို အသုံးပြုနေရသဖြင့် ဆက်ကြောင်းများ တပ်ဆင်နိုင်ရေးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ဂ) ပညာရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အခြေခံမူလတန်းအဆင့် ၁၇ ကျောင်း၊ တွဲဖက်မူလတန်းကျောင်း ၃၄ ကျောင်းကို မူလတန်းကျောင်းခွဲအဖြစ် တိုးချဲ့သွားမည်ဖြစ်ပြီး ရှားလုံထန်၊ နမ့်ခုံဟော်၊ ရှမ်းထန်ရွာ၊ ရှင်လုံခြုံ၊ ရွှေကော်လိုကျေးရွာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ရိဟော်လင်၊ စွမ်းကလင်၊ ရှောက်ကိုင်ကျေးရွာတို့ကို ပညာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လောက်ကိုင်မြို့၊ တာရွေထန် မူလတန်းကျောင်းအားအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ရန်၊ ကုန်းကြမ်းမြို့နယ်ရှိ မူလတန်းကျောင်း ၂၀ ကျောင်းအား ပြုပြင် တည်ဆောက်ရန် ၊၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လောက်ကိုင်မြို့၊ ညဲခွမ်းမူလတန်းကျောင်းအား အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ရန် ၊ အမှတ်(၁) အထက်တန်းကျောင်း တိုးချဲ့ဆောင်ဆောက်လုပ်ရန်၊မော်ထိုက်မြို့နယ်ခွဲရှိ မူလတန်းကျောင်း ၂၀ ကျောင်းတို့ကို ပြုပြင် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ဃ) ကျန်းမာရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လောက်ကိုင်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၄ ခု၊ ချင်းရွှေဟော်မြို့နယ်ခွဲတွင် ၁၆ ခုတင်ဆံ့ ဆေးရုံအဆောက်အဦ တိုးချဲ့ရန်၊ X-Ray စက်လိုအပ်မှုဖြည့်ဆည်းရန်၊ ကုန်းကြမ်းမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာန (ရှင်ဖျင်ကိုင်း၊ ရှောက်ကိုင်၊ လန်ဖြီလင်၊ တာကုန်းကြမ်း၊ ချင်စိုက်ထန်) ကျေးရွာအုပ်စု ၅ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လောက်ကိုင်မြို့နယ်တွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ၃ ခု၊ ကုန်းကြမ်းမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာန (မင်ဟွာလင်၊ ဟုံအိုင်၊ ဆုံကန်၊ ရှင်းထန်) ကျေးရွာ အုပ်စု ၄ခု တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျန်းမာရေးဌာနခွဲ ပြုပြင်ခြင်းကိုလောက်ကိုင်မြို့နယ် (မန်တုံပါး၊ လုံထန်၊ မူကွာကျိုင်း) ကျေးရွာအုပ်စု ၃ ခု ၊ ကုန်းကြမ်းမြို့နယ်၌ ၂၅ ခုတင်ဆံ့ ဆေးရုံ၊ဆေးပေးခန်းပြုပြင်ခြင်း (ရှောက်ကိုင်၊ ရှင်ဖျင်ကိုင်း) ကျေးရွာအုပ်စု ၂ ခု ၊ တာကုန်းကြမ်းကျန်းမာရေးဌာန အသစ်တည်ဆောက်ခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း

လောက်ကိုင် မြို့နယ်တွင် (တာရွေထန်၊ ထင်ပါကျိုင်း၊ ရွေယင်စီး၊ တာကုန်းကြမ်း၊ ရှင်းထန်၊ မင်ဟွာလင်) ကျေးလက်ကျန်းမာရေး ဌာနခွဲ ၆ ခု၊ဟွာလင်ဆေးပေးခန်း ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဇ) ရေရှိရေး

ဒေသခံပြည်သူများ အချိန်အခါမရွေး သောက်သုံးရေဖူလုံစေရန်အတွက် လောက်ကိုင်မြို့နယ်တွင်နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ပစင်ကျော်ကျေးရွာ၊ တာရွေထန်ကျေးရွာ၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း မာလီရွာဝါးကျေးရွာ၊ လုံထန်ကျေးရွာ၊ ကြာစီရွာကျေးရွာ၊ ကျူဖန်ကျေးရွာ၊ နားလီကျေးရွာ၊ စဉ့်ကိုင်ကျေးရွာ၊ ညံခွမ်းကျေးရွာ၊ တောက်ရွေကျေးရွာတို့တွင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂။ ပြည်ပအကူအညီအထောက်အပံ့

လောက်ကိုင်မြို့နယ် ၊ ထင်ပါကျိုင်းကျေးရွာအုပ်စု ၊ နယ်စပ်ကျောက်တိုင် BP-125 အနီးရှိ တာစင်ကျိုင်း၊ ရင်ကျန်းထင်ကျေးရွာများ၏အရှေ့မြောက်ဘက်ရှိ မြေနေရာ ၁,၀၀၇ ဧကအား စက်မှုအလုပ်ရုံ၊ ဟိုတယ်ခရီး၊ ဈေးဆိုင်ခန်းများ၊ လူနေရပ်ကွက်များ ပါဝင်သော စက်မှုရပ်ကွက်အဖြစ် ပြောင်းလဲဖော်ထုတ်ရန် ရည်မှန်းထားပါသည်။ ကုန်းကြမ်းမြို့နယ် တာကုန်းကြမ်းကျေးရွာအုပ်စု၊ ရင်ဖန်ထိုကျေးရွာရှိရင်ဖန်ထိုအလတ်စား ကိုယ်အားကိုယ်ကိုး ပုဂ္ဂလိက ရေအားလျှပ်စစ်စီမံကိန်းနှင့် မော်ထိုက်မြို့နယ်ခွဲ ရှင်းထန်ကျေးရွာအုပ်စု နုံခန့်ကျေးရွာရှိ ကျွင်းဖန်ဟော် အသေးစားကိုယ်အားကိုယ်ကိုး ပုဂ္ဂလိက ရေအား လျှပ်စစ် စီမံကိန်း၊ တာရွေထန်ကျေးရွာ အုပ်စုရှိ ချားဟော် အလတ်စား ကိုယ်အားကိုယ်ကိုး ပုဂ္ဂလိက ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည်များ ကူညီပံ့ပိုးရန် ရည်မှန်းထားရှိပါသည်။

၃။ ရွာမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

(က) ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ရွာမ်းပြည်နယ်အစိုးရအဖွဲ့

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လမ်းတံတားလုပ်ငန်း ကျပ်၂,၆၁၃.၆၀၀ သန်း

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေရှရှိရေးလုပ်ငန်း ကျပ် ၅၇.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေအားလျှပ်စစ်လုပ်ငန်း ကျပ် ၄၄.၈၇၅ သန်း
- စက်ကိရိယာ၊ပရိဘောဂ ကျပ် ၃၉.၃၀၀ သန်း

(၂) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- လောက်ကိုင်ရုံးဆောက်လုပ်ခြင်း ကျပ် ၂၀.၀၀၀ သန်း

(၃) မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
- မန်ကန်မြို့နယ်ခွဲရုံးတည်ဆောက်ခြင်း ကျပ် ၃၁.၃၆၀ သန်း

စုစုပေါင်း **ကျပ် ၂,၈၀၆.၁၃၅ သန်း**

ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၂၄၇.၀၃၆ သန်း ဆောင်ရွက်နိုင်မည်ဟုခန့်မှန်းတင်ပြအပ်ပါသည်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၄၀ မိနစ်မှ ၂၃ ဒီဂရီ ၃၈ မိနစ် အရှေ့လောင်ဂျီတွဒ်၉၇ဒီဂရီ ၀၈မိနစ်မှ ၉၇ ဒီဂရီ ၅၀ မိနစ်
အကျယ်အဝန်း	=	၁,၄၁၈.၆၅ (စတုရန်းမိုင်)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၁၃၄ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့နယ်	=	၂ မြို့နယ်(နမ့်ဆန်၊မန်တုံ)
အဓိကစီးပွားရေးကဏ္ဍများ	=	လယ်ယာ၊ စက်မှု၊ ခရီးသွားလုပ်ငန်း
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် နမ္မတူမြို့နယ်နှင့် မန်တုံ မြို့နယ်၊ အရှေ့ဘက်တွင် သီပေါမြို့နယ်၊တောင်ဘက်ကျောက်မဲ မြို့နယ်နှင့် အနောက်ဘက်တွင် မိုးမိတ်မြို့နယ်

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် တည်ရှိပြီး၊ နမ့် ဆန်မြို့နယ်၊ မန်တုံမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ အသားတင် စိုက်ပျိုးနိုင်သည့်မြေမှာ ၁၂၃,၂၄၆ ဧက ရှိပြီး စိုက်ပျိုးနိုင်သောမြေရိုင်းမှာ ၉,၈၂၈ ဧက ရှိပါသည်။

၁။ အဓိကစီးပွားရေး

သဘာဝအနေအထားအရ အဓိကစီးပွားရေးလုပ်ငန်းမှာ လက်ဖက်စိုက်ပျိုးခြင်းလုပ်ငန်းဖြစ် ပါသည်။ နမ့်ဆန်မြို့နယ်တွင် ၄၆,၀၄၁ ဧက စိုက်ပျိုး၍ လက်ဖက်သီးနှံအပေါ် သိပ်နည်းကျ ပျိုးထောင် စိုက်ပျိုးစနစ် ဆောင်ရွက်ပြီး လက်ဖက်ခြံများကို ကိုင်းဖြတ်ပုံစံသွင်းမှု ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်မားလာစေမည် ဖြစ်ပါသည်။ တစ်နှစ်လျှင်ဧက ၁၀၀ ခန့် တိုးချဲ့လျက်ရှိပြီး အခြားဝင်ငွေရ ရာသီစိုက်သီးနှံများကို လက်ဖက်ခြံအတွင်း သီးညှပ်ပင်အဖြစ် စိုက်ပျိုးလျက် ရှိပါသည်။

၂။ **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

(က) စိုက်ပျိုးရေး နှင့်မွေးမြူရေး

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးမြေယာ ဖော်ထုတ်ခြင်းနှင့် စိုက်ပျိုးရေးရှိရေးအတွက် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ လက်ဖက် အစိုအခြောက်များကို ကျောက်မဲ၊ မန္တလေး မှတဆင့် တစ်နိုင်ငံ လုံးသို့ ဖြန့်ဖြူး နိုင်ရန်နှင့် မွေးမြူရေးခြံလုပ်ငန်း ၅ ခု ကိုဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

(ခ) စက်မှုလက်မှု

အဓိက စိုက်ပျိုးသီးနှံဖြစ်သော လက်ဖက်ကို အခြေခံသည့် လက်ဖက်စိုစက်ရုံ ၆၀ ရုံ နှင့် လက်ဖက်ခြောက်စက်ရုံ ၇၄ ရုံ ရှိပါသည်။

(ဂ) လျှပ်စစ်

လက်ဖက်ခြောက် စက်ရုံ လုပ်ငန်းရှင်များအား ထင်းအစားထိုး လျှပ်စစ်မီး သုံးစွဲရေးအတွက် ပါဝါမီတာ များ တပ်ဆင် အသုံးပြုဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

(ဃ) ဆောက်လုပ်မှု

နမ့်ဆန်မြို့နယ်တွင် ဗိုလ်တေဇလမ်း ကတ္တရာခင်းခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျပ် ၆၈ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျပ် ၇၁ သန်း၊ မြို့ရေပေးရေးလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျပ် ၂၂ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျပ် ၂၃ သန်း၊ ကျေးလက်လမ်းကျောက်ချောခင်းခြင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ ကျပ် ၆၈ သန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျပ် ၇၁ သန်း ဖြင့် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

(င) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် GSM တယ်လီဖုန်းများပါ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းထားပါသည်။

(စ) လူမှုရေးနှင့်စီမံခန့်ခွဲရေး

မန်တုံမြို့နယ်တွင် မီးသတ်ကား ၁ စီးအား အစားထိုး လဲလှယ် ပေးရန် ရည်မှန်းထားရှိပါသည်။

(ဆ) ပညာရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မူလတန်း ကျောင်း ၆ ကျောင်း တိုးချဲ့တည်ဆောက်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

(ဇ) ကျန်းမာရေး

ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ ၂ ရုံ၊ ဆေးပေးခန်းပေါင်း ၂၅ ခု ၊ ကျေးလက် ကျန်းမာရေး ဌာန ၇ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၅ ခု၊ မိခင်နှင့်ကလေး ကျန်းမာရေး ဌာန ၂ ခု၊ ငှက်ဖျား နှင့် တီဘီရောဂါ တိုက်ဖျက်ရေး ဌာန ၁ ခု ၊ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းမှ မန်တုံ မြို့နယ်တွင် ကျန်းမာရေးအဆောက်အဦ ၁ လုံး ကိုတည်ဆောက်ပေးနိုင်ရန်ရည်မှန်း ထားပါသည်။

(စျ) သောက်သုံးရေရရှိရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန် မြို့နယ်ရှိနမ့်လင်း၊ ကယားကြီး၊ မြို့သစ်ကျေးရွာအုပ်စုနှင့် မန်တုံမြို့နယ်ရှိ နမ့်ဟိုင်း၊ စကော် ကျေးရွာအုပ်စုရှိ ကျေးရွာ ၅ ရွာအတွက် ရေကန်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ည) စံပြကျေးရွာဖွဲ့စည်းမှုအစီအစဉ်

ငွန်ဆိုင်းကျေးရွာအုပ်စု၊ ငွန်ဆိုင်းကျေးရွာအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စံပြကျေးရွာအဖြစ် ရွေးချယ်သတ်မှတ် ထားပြီး အဆင်းရဲဆုံးကျေးရွာအား စံပြကျေးရွာ ထူထောင်နိုင်ရေးအတွက် စည်ပင် သာယာရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းကာလအလိုက် ရွေးချယ် သတ်မှတ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၃။ ပြည်ပအကူအညီအထောက်အပံ့

ရှမ်းပြည်နယ်မြောက်ပိုင်းနမ့်ဆန်မြို့နယ်အတွင်းတွင်ကျေးလက်ဒေသ လူထု အခြေပြု ဖွံ့ဖြိုးမှုအတွက်ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် လူဦးရေ ၃,၀၀၀ အောက်ရှိ ကျေးရွာအုပ်စု ၁၇ စု၊လူဦးရေ ၃,၀၀၀ နှင့် ၅,၀၀၀ ကြားရှိ ကျေးရွာအုပ်စု ၈ စု၊ လူဦးရေ ၅,၀၀၀ အထက်ရှိ ကျေးရွာအုပ်စု ၁ စု ရှိ ကျေးရွာပေါင်း ၁၂၃ ရွာ၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၄။ ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက် မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ရွှမ်းပြည်နယ်အစိုးရအဖွဲ့

-နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
လမ်းတံတားလုပ်ငန်း ကျပ်၄,၀၀၆.၃၀၀ သန်း

-နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေရှရှိရေးလုပ်ငန်း ကျပ် ၁၄၂.၅၀၀ သန်း

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေအားလျှပ်စစ်လုပ်ငန်း ကျပ် ၄၄.၈၇၅ သန်း

-စက်ကိရိယာ၊ပရိဘောဂ ကျပ် ၃၆.၇၇၀ သန်း

(၂) အမျိုးသားစီမံကိန်းနှင့်စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

-ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
စီမံကိန်းရုံးဆောက်ခြင်း ကျပ် ၁၄၈.၃၀၀ သန်း

(၃) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန

- နမ့်ဆန်ရုံးဆောက်လုပ်ခြင်း ကျပ် ၂၀.၀၀၀ သန်း

စုစုပေါင်း **ကျပ်၄,၃၉၈.၇၄၅ သန်း**

ရွှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၈၉.၇၃၆ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ၂၂ မိနစ်မှ ၂၁ ဒီဂရီ ၁၃ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် မှ ၉၆ ဒီဂရီ ၅၇ မိနစ်
အကျယ်အဝန်း	=	၁,၂၈၀.၈၅ (စတုရန်းမိုင်)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၁၅၈(ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့နယ်	=	၂ မြို့နယ်(ပင်းတယ၊ ရွာငံ)
အဓိကစီးပွားရေး ကဏ္ဍများ	=	လယ်ယာ၊ စက်မှု၊ ခရီးသွားလုပ်ငန်း
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ကလောမြို့နယ်နှင့်ရပ်စောက်မြို့နယ်၊ တောင်ဘက် နှင့် အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး လက်ရှိမြေယာ အသုံးချမှု အခြေအနေတွင် အသားတင် စိုက်ပျိုးနိုင်သည့် မြေမှာ ၁၅၃,၀၉၂ ဧက ရှိပြီး၊ စိုက်ပျိုး နိုင်သောမြေရိုင်း မှာ ၉၂,၂၉၉ ဧက ရှိပါသည်။

၁။ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးမြေယာ ဖော်ထုတ်ခြင်း လုပ်ငန်းနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ရေမလုံလောက်သဖြင့် လေးရွာကျေးရွာတွင် ကွန်ကရစ်ဆည်တစ်ခု တည်ဆောက်ပေးရန် ရည်မှန်းထားရှိပါသည်။

မွေးမြူရေးခြံလုပ်ငန်း ၅ ခု ဆောင်ရွက်ရန် မြိုင်ကျေးရွာနှင့် မြို့ကြီးကျေးရွာတို့တွင် မွေးမြူရေးနှင့်ကုသရေး ရေ့တန်းစခန်းရုံးများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ခ) လျှပ်စစ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အစိုးရဘတ်ဂျက်ဖြင့် လုပ်ငန်း ၁၆ ခု၊ ပြည်ပ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် လုပ်ငန်း ၄ ခု၊ ပြည်နယ်ဘတ်ဂျက်ဖြင့် ပင်းတယမြို့နယ်တွင် ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာ ၃ လုံး တပ်ဆင်ခြင်း၊ ရွာငံမြို့နယ်တွင် ဓာတ်အားလိုင်း သွယ်တန်း ခြင်းစီမံကိန်းများကို ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

ဆင်ခေါင်းကျေးရွာအုပ်စု ကိုင်းစုကျေးရွာအနီးရှိအရှည် ၆၂၉ ပေ ရှိသော ချောင်းကို အသုံးပြု၍အသေးစားလျှပ်စစ်စက်ရုံ တည်ဆောက်ရန်၊ ကျေးရွာ ၁၉ ရွာတွင် လျှပ်စစ် မီးလင်းရေးအတွက် ၁၁ကေဗွီဓာတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းရရှိရေး ဆောင်ရွက် ရန်နှင့် ရွာငံမြို့အတွင်းသို့ သွယ်တန်းထားသည့် ဓာတ်ကြိုးများမှာ ဟောင်း နွမ်းနေသဖြင့် အစားထိုးလဲလှယ်ရန် ရည်မှန်းထားရှိ ပါသည်။

(ဂ) ဆောက်လုပ်မှု

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စီမံကိန်းတွင် မြေသားလမ်း ၅၀ ခု ၊ ကျောက်လမ်း ၂၀ ခု ၊ ကတ္တရာ လမ်း ၅ ခု ၊ ကွန်ကရစ် တံတားနှင့် ရေပြွန် ကို ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထား ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လိုသည့် လမ်းတံတားလုပ်ငန်းများ၊ ဆောင်ရွက်ရန်၊ ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ၊ လူဦးရေ ၁,၀၀၀ ဆုံ မြို့တော်ခန်းမတည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ကျေးရွာ ၅ ရွာတွင် မိုဘိုင်းထပ်ဆင့်လွှင့်တိုင်များ တိုးချဲ့ တည်ဆောက်ရန်အတွက် Expansion & Swap Plan မှ Relocation နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့စီမံကိန်းများ၌ ထည့်သွင်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်း အိပ်ချိန်းများ တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(င) ခရီးသွားလုပ်ငန်း

ပင်းတယရှေ့ဥမင်လိုဏ်ဂူဘုရား တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများမှ စိတ်ဝင်စား မှုများရှိလာခြင်း၊ ကမ္ဘာလှည့်ခရီးသည်များကိုလည်း ဆိုက်ရောက်ဖိဇာ ထုတ်ပေးခြင်းဖြင့် လူဝင်မှုဥပဒေများဖြေလျော့မှုကြောင့် နိုင်ငံခြားခရီးသွားလုပ်ငန်း

များဖွံ့ဖြိုးလာကာ ယင်းနှင့် ဆက်စပ်နေသော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာ စေရန်ရည်မှန်းထားပါသည်။

(စ) ပညာရေး

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်တွင် အထက်တန်းကျောင်း ၁ ကျောင်း၊ အလယ်တန်းကျောင်း ၂ ကျောင်း၊ မူလတန်းကျောင်း ၂၀ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ဆ) ကျန်းမာရေး

ကျေးလက်ကျန်းမာ ရေးဌာန ၄ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၂ ခု၊ မိခင်နှင့် ကလေး သားဖွားခန်း ၂ ခု၊ တိုက်နယ်ဆေးရုံ ၂ ရုံ၊ မြို့နယ်ဆေးရုံ ၂ ရုံနှင့် တိုင်းရင်းဆေးကု ဌာန ၁ ခု ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်အထိ ကျေးလက်ကျန်းမာရေးဌာန ၃ ခု၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၅ ခု၊ ဆေးပေးခန်း ၂ ခု၊ ၁၆ ခုတင်ဆံ့ဆေးရုံ ၁ ရုံ တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။ သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်သူများအတွက် အဆောက်အဦသစ် ၁ လုံး ဆောက်လုပ်ရန်၊ ရွာငံမြို့နယ် မြို့ကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံ ၁ ခု အဆင့်မြှင့်ရန်၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၇ ခု တိုးမြှင့် ဖွင့်လှစ်ပေးပါရန်နှင့် ပင်းတယ ဆေးရုံအား ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ရန် ရည်မှန်းထားပါသည်။

(ဇ) ပြန်ကြားရေး

ရွာငံမြို့နယ်အတွင်းရှိ မြို့ငယ်ကျေးရွာနှင့် ငွေတောင်ကျေးရွာတို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ရန် ရည်မှန်းထားပါသည်။

၂။ ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
  ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
  လမ်းတံတားလုပ်ငန်း ကျပ် ၁,၁၃၀.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
  ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
  ရေရှရေးလုပ်ငန်း ကျပ် ၂၃၇.၀၀၀ သန်း

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရေအားလျှပ်စစ်လုပ်ငန်း ကျပ် ၄၄.၈၇၅ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပြည်သူ့ဆက်ဆံရေး ကျပ် ၈၀.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သာသနာရေးလုပ်ငန်း ကျပ် ၃၀၀.၀၀၀ သန်း
- ခန်းမတည်ဆောက်ခြင်း ကျပ် ၆၆၀.၀၀၀ သန်း
- စက်ကိရိယာ၊ပရိဘောဂ ကျပ် ၃.၇၆၅ သန်း

(၂) ဥပဒေရုံး
- ပင်းတယမြို့နယ်ဥပဒေရုံး ခြံစည်းရိုးကာရံခြင်း ကျပ် ၃.၈၈၀ သန်း

(၃) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ရွာငံမြို့နယ်စိုက်ပျိုးရေးရုံးဆောက်လုပ်ခြင်း ကျပ် ၃၀.၀၀၀ သန်း

(၄) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
- ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
စီမံကိန်းရုံးဆောက်ခြင်း ကျပ် ၁၄၈.၃၀၀ သန်း

(၅) ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)
-အဆောက်အဦး၊ရုံးသုံးစက်ကိရိယာ၊
ပရိဘောဂ၊ယာဉ် ကျပ် ၅၄.၆၁၁ သန်း

(၆) အားကစားဝန်ကြီးဌာန
-ပွေးလှကွင်းမြေညှိခြင်းနှင့်ရေနုတ်မြောင်းတူးခြင်း ကျပ် ၈၁.၅၂သန်း

(၇) ဆောက်လုပ်ရေးဝန်ကြီးဌာန
- မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ကျပ် ၄၇၈.၆၃၄
သန်း

(၈) မြန်မာ့လျှပ်စစ်မါတ်အားဖြန့်ဖြူးရေးလုပ်ငန်း
- မြို့ကြီး/ဆည်ရွာ/ကျွန်းကြီးရွာ (၃၃/၁၁)ကေဗွီ
ရုံးဝင်းခြံစည်းရိုးကာရံခြင်း ကျပ် ၁၃.၈၀၀သန်း
- မြို့ကြီး/ဆည်ရွာ/ကျွန်းကြီးရွာ (၃၃/၁၁)ကေဗွီ
ရုံးဝင်းအဝိစိတွင်းတူးခြင်း ကျပ် ၃.၀၀၀ သန်း
စုစုပေါင်း **ကျပ်၃,၂၆၉.၃၈၅ သန်း**

ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၈၅.၇၃၆ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇာစ်မြစ်။ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ	=	မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၀ မိနစ်မှ ၂၁ ဒီဂရီ ၂၇ မိနစ် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၃ မိနစ် မှ ၉၇ ဒီဂရီ ၀၄ မိနစ်
အကျယ်အဝန်း	=	၃,၆၅၂.၈၄ (စတုရန်းမိုင်)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၃၇၄ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့နယ်	=	၃ မြို့နယ်၊ မြို့နယ်ခွဲ ၁ ခု(ဟိုပုံး၊ဆီဆိုင်၊ ပင်လောင်း၊နောင်တရား)
အဓိကစီးပွားရေး ကဏ္ဍများ	=	လယ်ယာ၊ စက်မှု၊ သတ္တုထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်း
ဆက်စပ်ဒေသများ	=	မြောက်ဘက်တွင် မိုင်းကိုင်မြို့နယ်၊ အရှေ့ဘက်တွင် လွိုင်လင်ခရိုင်၊ တောင်ဘက်တွင် ကယားပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး

ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသသည် ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်နှင့်နောင်တရားမြို့နယ်ခွဲတို့ဖြင့် ဖွဲ့စည်းထားပြီး စုစုပေါင်းမြေဧရိယာ ၂,၁၁၅,၂၆၀ ဧက ရှိသည့်အနက် ကြိုးဝိုင်းကြိုးပြင် သစ်တောမြေများမှာ လက်ရှိတွင် ၅၅၂,၄၀၀ ဧကမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သစ်တောမြေ ၅၆၅,၂၂၀ ဧကသို့တိုးချဲ့သွားမည် ဖြစ်ပါသည်။

၁။ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) သတ္တု

သတ္တုအချောကိုင် အလတ်စား နှင့် အသေးစားစက်ရုံတည် ဆောက်နိုင်ရန် အတွက်ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက် ရာတွင်လည်းကောင်း၊ ခနောက်စိမ်း သတ္တုရိုင်းများကိုပတ္တမြားနဂါး၊ပန်းခြောက်ပွင့်၊ ရွှေစင်မြင့်မြတ်(ကောင်းမြတ်ကြွယ်)၊ ရွှေလွယ်မောင်း၊ ရွှေကျွန်းမျော၊ ကောင်တန် စသည့် ကုမ္ပဏီများမှလည်းကောင်း၊

သွပ်နှင့် ရောရာသတ္တုရိုင်းကို မင်းသားကြီး ကုမ္ပဏီမှလည်းကောင်း တူးဖော်ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ခနောက်စိမ်းသတ္တုရိုင်းများအား ပတ္တမြားနဂါး ကုမ္ပဏီမှ ဟိုပုံး မြို့နယ်တွင် သန့်စင် ထုတ်လုပ်လျက် ရှိပါသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်း ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အစုအဖွဲ့များ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

(ခ) စက်မှု

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဟိုပုံးမြို့နှင့် ဆီဆိုင်မြို့ အကြားတွင် တန် ၅၀၀ နှင့် တန် ၁,၀၀၀ ကြားရှိသကြားစက်ရုံ တည်ဆောက်ရန်နှင့် ပြည်တွင်းပြည်ပရှိကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ဟိုပုံးနှင့်အခြားနီးစပ်ရာ မြို့နယ်များ တွင် ပဲနို့စက်ရုံတည်ဆောက်နိုင်ရန် စီမံချက် ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။ ပုဂ္ဂလိက လုပ်ငန်းများမှာ အကြီးစား လုပ်ငန်း ၂ ခု၊ အလတ်စားလုပ်ငန်း ၁ ခု၊ အငယ်စားလုပ်ငန်း ၂၁၂ ခု ရှိပါသည်။ နောင်တရာမြို့နယ်ခွဲ၊ တီကျစ်ကျေးရွာတွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁ ရုံ၊ ပုဂ္ဂလိကပိုင် ဘိလပ်မြေ စက်ရုံ ၂ ရုံ၊ ပုဂ္ဂလိကပိုင် နဂါး ဘိလပ်မြေစက်ရုံ၊ မီဂါဘိလပ်မြေ စက်ရုံတို့မှာ လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်ပအကူအညီ အထောက်အပံ့များ၊ နည်းပညာများ၊ ချေးငွေများဖြင့် လုပ်ကိုင်လိုသောလုပ်ငန်းများမှာ ဟိုပုံးမြို့နယ်တွင် သကြားစက်ရုံနှင့် ဂျင်း၊ နန္နင်း၊ ဂမုန်းဥတို့မှ ဆေးဝါးအဖြစ် အသုံးပြုနိုင်သည့်အဆီထုတ်စက်ရုံ၊ပင်လောင်းမြို့နယ်တွင် ကုန်သွယ် စက်မှု လုပ်ငန်းများကုန်စည်ဒိုင်များတည်ဆောက် ရန်ရည်မှန်းထားပါသည်။

(ဂ) လျှပ်စစ်

ဆီဆိုင်မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံ နှင့် လိုင်းများ သွယ်တန်းရန် ၊ ဟိုပုံးမြို့နယ် ကျောက်တန်းကျေးရွာအုပ်စု၊ ဆီဆိုင်မြို့နယ် ပါလောပါကယ် ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ၊ ပင်လောင်း မြို့နယ် ဆောင်းပြောင်းကျေးရွာနှင့် နောင်တရာမြို့နယ်ခွဲရှိ လုံးဖိုးကျေးရွာ မီးလင်းရေးလုပ်ငန်းများ၊ လျှပ်စစ်မီးသွယ်တန်းခြင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆောက်လုပ်မှု

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မီးသတ်ရုံး အဆောက်အဦ ၁ လုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့ပြနှင့်အိုးအိမ်ဦးစီးဌာနပိုင်လုပ်ငန်း ဖြစ်သော ဝန်ထမ်း

အိမ်ရာ နှစ်ခန်းတွဲ ၂ ထပ် ၁ လုံး ၊ ၄ ခန်း တွဲ ၂ ထပ် ၁လုံး ၊ ၆ခန်းတွဲ ၂ ထပ် ၁ လုံး တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ရည်မှန်း ထားပါသည်။

ပင်လောင်းကုန်စည်ဒိုင်ကို ၂၆-၂-၂၀၁၃ ရက်နေ့မှစတင်၍ ဧက ၁၀.၆၂ တွင် တည်ဆောက်ခဲ့ပြီး သက်သာသော အတိုးနှုန်း ဖြင့် အေဝမ်းကုမ္ပဏီမှ ချေးငွေရယူပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ကျန်ငွေများကိုထည့်ဝင်၍ လုပ်ငန်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ပြည်ထောင်စုလမ်းတံတားများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တစ်နှစ်လျှင် ကတ္တရာလမ်း ၁၀ မိုင် အဆင့်မြှင့်တင်ခြင်းနှင့်လမ်းမိုင် ၂၀ အား ပြုပြင် ထိန်းသိမ်းခြင်း၊ တံတားအကြီး၊ အသေးများအား နှစ်အလိုက် ရန်ပုံငွေများဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် ရည်မှန်းထားပါသည်။ ဒေသအဆင့် ဦးစီးရုံးများကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တာဝန်ထမ်းဆောင် မည့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို နှစ်အလိုက်တိုးချဲ့ ဆောင်ရွက် ရန်ရည်မှန်းထားပါသည်။

(ဇ) လူမှုရေးနှင့်စီမံခန့်ခွဲရေး

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် ခွဲဝေချထားပေးသည့် ဘတ်ဂျက် အား အသုံးပြုရာတွင်ဒေသတွင်းအလုပ်အကိုင်ရရှိရေး၊ စုပေါင်းလုပ်ကိုင်တတ်သော အလေ့အကျင့်ရရှိရေး၊ ပြည်သူဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် ညှိနှိုင်း၍ လုပ်ငန်းများ သတ်မှတ် ပေးရန်၊ ဒေသတွင်း သက်ဆိုင်ရာဌာနများအား တစ်စုတစ်စည်းတည်း ဆောက်လုပ် နိုင်ရန် မြေဧက ၇၀ သတ်မှတ်ချထားပေးပြီး ဖြစ်ပါသဖြင့် ခရိုင်အဆင့်ထက် မနိမ့်သောရုံး၊ ဌာနများ ဖွဲ့စည်းခန့်အပ်ပေးရန်နှင့် ရုံးအဆောက်အဦများ ဆောက်လုပ် ပေးရန် ရည်မှန်းထားရှိပါသည်။

(စ) ပညာရေး

လက်ရှိတွင် အထက်တန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၂၃ ကျောင်း၊ မူလတန်းကျောင်း ၆၃၅ ကျောင်း၊ မူလတန်းကြိုကျောင်း ၁၁၁ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေး ၁ ကျောင်း ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ နှစ်အလိုက်ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် မူလတန်းကျောင်း ၁၆ ကျောင်း၊ အလယ်တန်းကျောင်း ၄ ကျောင်း ၊ အထက်တန်းကျောင်း ၁ ကျောင်းစီ ဆောက်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ ဒေသခံအခြေခံပညာ

အထက်တန်းအောင် ကျောင်းသား၊ကျောင်းသူများကို ဒေသအတွင်း သင့်လျော်သည့် ဝန်ကြီးဌာန(ဦးစားပေးအနေဖြင့်ပညာရေးဝန်ကြီးဌာန)တွင် ခန့်အပ်ပေးနိုင်ရေးကို အထူးကိစ္စတစ်ရပ်အနေဖြင့်ဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

(ဆ) ကျန်းမာရေး

ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ ၈၉ ခု၊ ဒေသန္တရကျန်းမာရေးဌာန ၂ ခု၊ မိခင်နှင့် ကလေးသားဖွားခန်း ၁ ခု၊ တိုက်နယ်ဆေးရုံ ၂ ရုံ၊ မြို့နယ်ဆေးရုံ ၁၀ ရုံ ၊ ၁၆ ခုတင်ဆံ့ ဆေးရုံ ၉ ရုံ၊ ၂၅ ခုတင်ဆံ့ဆေးရုံ ၃ ရုံရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန် အထိ နှစ်အလိုက် ဆောင်ရွက်ရန်အတွက် တစ်နှစ်လျှင် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၄ ခု၊ တိုက်နယ်ဆေးရုံ ၁ ရုံစီတို့အား အဆင့်မြှင့်တင်ခြင်း၊ ၂၅ ခုတင်ဆံ့ ဆေးရုံအား ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်စံနှုန်းနှင့်အညီ တိုးချဲ့ တည်ဆောက်သွားပြီး ဝန်ထမ်းနေအိမ်များအား တစ်နှစ်လျှင် ၄ မြို့နယ်အတွက် ၈ လုံးကျစီ ဆောက်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

(ဇ) သောက်သုံးရေရရှိရေး

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲများတွင် သန့်ရှင်းသော သောက်သုံးရေရရှိမှုခက်ခဲသဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဟိုပုံးမြို့နယ်တွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆီဆိုင်မြို့နယ်တွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ပင်လောင်းမြို့နှင့်နောင်တရားမြို့နယ်ခွဲတွင်လည်းကောင်း ရေရရှိရေးအတွက် အကူအညီအထောက်အပံ့များ ရရှိရန် ဆောင်ရွက်လျက် ရှိပါသည်။

(ဈ) ခရီးသွားလုပ်ငန်း

ထမ့်စမ်းဂူ၏ သဘာဝအလှအပများသည် နိုင်ငံခြားသားဧည့်သည်များ အထူးစိတ်ဝင်စားသော နေရာတစ်ခုဖြစ်ပါသည်။ ထို့အပြင် ထမ့်စမ်းသဘာဝလှိုဏ်ဂူမှ တဆင့် ဒေသ၏ ရေမြေတောတောင် သဘာဝရှုခင်းများ ကြည့်ရှုရန်နှင့် ဒေသခံ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ထိတွေ့ခံစားနိုင်သည့် မဲနယ်တောင်တန်းဒေသများ လည်းတည်ရှိနေပါသည်။ အခြေခံအဆောက်အအုံများ၊ တည်းခိုခန်း၊ အဆောက်အဦများအားလုံး ပြီးစီးချိန်တွင် နိုင်ငံခြားခရီးသွား ဧည့်သည်များ လာရောက်၍ နိုင်ငံခြားဝင်ငွေ ရရှိလာမည်ဟု မျှော်မှန်းထားပါသည်။

(ည) လမ်းပန်းဆက်သွယ်ရေး

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးရန် အတွက် ဟိုပုံး-ဆီဆိုင်-လွိုင်ကော်လမ်းများအား ၁၈ ပေ ကတ္တရာလမ်းအဖြစ် အဆင့်

မြင့်တင် ဆောင်ရွက်နိုင်ပါက ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှစ၍ တိုးချဲ့ပြေးဆွဲလျက်ရှိပြီး ဟိုပုံး-နေပြည်တော်- ရန်ကုန် ခရီးစဉ်၊ ဆီဆိုင်-ဟိုပုံး-တောင်ကြီးခရီးစဉ်၊ ပင်လောင်း-တောင်ကြီးခရီးစဉ်၊ ပင်လောင်း-နေပြည်တော် ခရီးစဉ်များအား အဆင့်မြင့်မော်တော်ယာဉ်များ တိုးချဲ့ ပြေးဆွဲ ဆောင်ရွက်နိုင်ရန် စီမံလျက် ရှိပါသည်။

၂။ ရွှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံ မှုလျာထားချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) ရွှမ်းပြည်နယ်အစိုးရအဖွဲ့

- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
  လမ်းတံတားလုပ်ငန်း — ကျပ်၁,၈၁၈.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
  ရေရှရေးလုပ်ငန်း — ကျပ် ၃၄၈.၀၀၀ သန်း
- နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
  ရေအားလျှပ်စစ်လုပ်ငန်း — ကျပ် ၄၄.၈၇၅ သန်း
- စက်ကိရိယာ၊ပရိဘောဂ — ကျပ် ၃၆.၇၀၀ သန်း
- ပအိုဝ်းဦးစီးရုံးအဆောက်အအုံနှင့်ဝန်ထမ်းအိမ်ယာတွင်
  (က)ကတ္တရာလမ်းခင်းခြင်း — ကျပ် ၃၆၅.၉၅၀ သန်း
  (ခ) ရေပိုက်သွယ်တန်းခြင်း၊အဝီစိတွင်းတူးခြင်း — ကျပ် ၄၅.၁၅၄ သန်း
  (ဂ) ထရန်စဖော်မာ (၂)လုံးတည်ဆောက်ခြင်း
  နှင့်ဓာတ်အားလိုင်းသွယ်တန်းခြင်း — ကျပ် ၂၇၀.၂၇၀ သန်း
  ဆည်မြောင်းဦးစီးဌာန
- ဟိုပုံးမြို့နယ်ကန်ချယ် ရေလွှဲဆည် ပြုပြင်ခြင်း — ကျပ် ၆၀.၀၀၀ သန်း

-ဆီဆိုင်မြို့နယ်နမ့်မူလေးကွန်ကရစ်ရေလွှဆည်
တည်ဆောက်ခြင်း ကျပ် ၂၀၀.၀၀၀ သန်း
-ဆီဆိုင်မြို့နယ်စော်ဘွားကျေးလက်ဆည်
တူးမြောင်းစနစ်ပြုပြင်ခြင်း ကျပ် ၆၀၀.၀၀၀ သန်း
-ပင်လောင်းမြို့နယ် ကုန်းပေါဆည် တာဘောင်
မြှင့်တင်ခြင်း၊ သဲနုန်းတူးဖော်ခြင်း၊ ရေပိုလွှဲ
ပြုပြင်ခြင်း ကျပ် ၂၅၀.၀၀၀ သန်း
-ပန်ဆိုင်လဲရေထိန်းတံ ခါး တည် ဆောက်ခြင်း
နှင့် ဆက် စပ် လုပ်ငန်း ကျပ် ၈၀.၀၀၀ သန်း

(၃) ဥပဒေရုံး
-ပင်လောင်းမြို့နယ်ရုံးဆောက်လုပ်ခြင်း ကျပ် ၂၀.၀၀၀ သန်း

(၄) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
- ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံကိန်းရုံး ကျပ် ၁၄၈.၃၀၀ သန်း

(၅) ဘဏ္ဍာရေးဝန်ကြီးဌာန
- ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ကျပ် ၁၅.၀၀၀ သန်း

(၆) မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျပ် ၇၉.၀၃၄ သန်း
-နောင်တရားမြို့နယ် အင်ဂျင်နီယာရုံးခွဲခြံ စည်းရိုး
ကာရံခြင်း ကျပ် ၃၂.၃၃၈ သန်း
- ဆီဆိုင်(၃၃/၁၁)ကေဗီရုံဝင်း ခြံစည်းရိုးကာရံခြင်း ကျပ် ၁၆.၆၀၆ သန်း
- ဆိုက်ခေါင်(၃၃/၁၁) ကေဗီရုံဝင်း ခြံစည်းရိုးကာရံခြင်း ကျပ် ၂၄.၈၄၀ သန်း
- ဆီဆိုင်မြို့နယ်(၃၃/ ၁၁)ကေဗီခွဲရုံ ဝင်းအ တွင်း
လမ်း ခင်း ခြင်း လုပ်ငန်း ကျပ် ၅.၂၅၀ သန်း

(၇) ဆောက်လုပ်ရေးဝန်ကြီးဌာန
- မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ကျပ် ၂၈.၁၁၆ သန်း

(၈) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန
- ပင်လောင်းမြို့ရေပေးရေး ကျပ် ၄၇.၂၂၄ သန်း
စုစုပေါင်း **ကျပ်၄,၅၃၅.၆၅၇ သန်း**

ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက်အရ ကျပ် ၁၅၉.၉၃၆ သန်း ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

(စ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

ရှမ်းပြည်နယ်အတွင်း ယခင်ကဖြစ်ခဲ့သော သဘာဝဘေးအန္တရာယ်များ ဖြစ်သည့် မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် တောမီးလောင်ခြင်း စသည့် ဘေးအန္တရာယ် များ အချိန်မရွေး ဖြစ်ပေါ်နိုင်ခြင်းနှင့် လက်ရှိဆောင်ရွက်နေသော သတ္တုတူးဖော်ခြင်း လုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ပြဒါး၊ ခဲ၊ ဆိုင်ယာနိုက်စသည့် ဓာတုဗေဒပစ္စည်းများ လေ၊ရေတို့မှ တစ်ဆင့် ပြန့်နှံ့လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်ရန်လည်းကောင်း၊ နယ်စပ်များနှင့် ထိစပ်နေသဖြင့် တစ်ဖက် နိုင်ငံများမှ ဖြစ်ပေါ်လာနိုင်သည့် ဓာတုဗေဒစက်ရုံများ ပျက်စီးပေါက်ကွဲနိုင်မှုနှင့် နျူကလီးယား မတော်တဆ ဖြစ်ပေါ်မှုဘေးတို့မှ ကာကွယ်ရန် လည်းကောင်း၊ လူနှင့် တိရစ္ဆာန် ကပ်ရောဂါများ၏ ဘေးမှ ကာကွယ်ရန်လည်းကောင်း၊ မြို့နယ်အသီးသီး၊ ခရိုင်၊ ကိုယ်ပိုင်နှင့် ပြည်နယ် အဆင့် အထိ စီမံချက်များရေးဆွဲ ဆောင်ရွက် လျက်ရှိပါသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ရေလွှမ်းမိုးမှု မကြာခဏဖြစ်တတ်သော ကျိုင်းတုံမြို့ကဲ့သို့သော မြို့များတွင် မြို့တွင်း ရေစီးရေလာကောင်းမွန်စေရန်၊ မြို့ဘေးရှိ ချောင်းမြောင်းများမှ ရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ကို ပြည်နယ်ဝန်ကြီးချုပ်မှ ဘတ်ဂျက်များခွဲဝေချထား ပေးပြီးဆောင်ရွက်ခြင်း၊ ငလျင် မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် တာချီလိတ်မြို့ကဲ့သို့ မြို့များတွင် ကြိုတင် ကာကွယ်ရေးအတွက်အဆောက်အအုံများစနစ်တကျဆောက်လုပ်စေခြင်းနှင့် ဖြစ်ပေါ်ပါက သတင်း အချိန်မီထုတ်ပြန်နိုင်ရေး စီစဉ် ဆောင်ရွက်၍ ရပ်ကွက်အလိုက် အသံချဲ့စက်များ ဖြန့်ကျက်တပ်ဆင်ထားသကဲ့သို့ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ဖြစ်ပေါ်နိုင်သော မြေပြိုခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေလွှမ်း မိုးခြင်းနှင့်တောမီးလောင်ခြင်းတို့အတွက်လည်း ကြိုတင်စီ မံချက် များ ရေးဆွဲထား ရှိပြီးဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် များအတွက်ကြိုတင်ကာကွယ်မှုအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် ကျရောက် ချိန်တွင်ဆောင်ရွက်ရမည့်ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးအစီအစဉ်များ၊ ပြန်လည် ထူထောင် ရေး နှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စီမံချက်များကို

ကော်မတီ အသီးသီးပါဝင် ဖွဲ့စည်း၍ စီမံချက်များရေးဆွဲထားရှိ ပြီး စီမံကိန်းများတွင် ပါဝင်ရေးဆွဲ နိုင်ရေး ဆောင်ရွက် လျက်ရှိပါသည်။

နိဂုံး

ရှမ်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကို ရေးဆွဲရာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ ပညာရေးနှင့်ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လွယ်ကူချောမွေ့ စေရေး၊ လျှပ်စစ်နှင့် သောက်သုံးရေ ဖူလုံရေးကို အဓိကအလေးထား၍ ရေးဆွဲထားပါသည်။

ပြည်သူများ၏ ပညာရည်မြင့်မားမှသာလျှင် တွေးခေါ်နိုင်စွမ်းမြင့်မားပြီး ပြည်နယ်၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ပြည်သူများ ကျန်းမာကြံ့ခိုင်မှသာလျှင် စီးပွားရေးကိစ္စများတွင် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ပို့ဆောင် ရေး လွယ်ကူ ချောမွေ့မှသာလျှင် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ စေရေးနှင့် ပြည်သူများ အချိန်တို အတွင်း လွယ်လင့်တကူ သွားလာနိုင်စေရေးကို အထောက်အကူ ပြုမည် ဖြစ်ပါသည်။ ဆက်သွယ်ရေးကောင်းသဖြင့် လူများ အသိအမြင် ဗဟုသုတများ တိုးပွားလာနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုနိုင်ပြီး သောက်သုံးရေဖူလုံခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ခြင်း၊ ဆင်းရဲမှု လျော့ကျခြင်း တို့ကြောင့် ရှမ်းပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်ပါသည်။

ဇရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ် အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇယားမြစ် ။ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

တည်နေရာ = မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၀ မိနစ် မှ ၁၈ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ်မှ ၉၆ ဒီဂရီ ၁၅ မိနစ်အတွင်း၊

အကျယ်အဝန်း = ၁၃,၅၂၅.၈၈ (စတုရန်းမိုင်) ၈,၆၅၆,၅၆၄ (ဧက)

လူဦးရေ(ခန့်မှန်း) = ဦးရေ ၈,၄၅၃ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)

မြို့တော် = ပုသိမ်

ထူးခြားသည့် အမှတ်အသား = ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေ

ခရိုင် = ၆ ခရိုင် (ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာ)

မြို့နယ် = ၂၆ မြို့နယ်

အဓိကစီးပွားရေးကဏ္ဍ = လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ခရီးသွားလုပ်ငန်း

ဆက်စပ်သည့် ဒေသများ = အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး အနောက် ဘက်တွင် ဘင်္ဂလား ပင်လယ်အော် တောင်ဘက်တွင် ကပ္ပလီပင်လယ် အနောက်မြောက်ဘက်တွင်ရခိုင် ပြည်နယ် မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး

နိဒါန်း

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ် မြေနုကျွန်းဒေသ ဖြစ်ခြင်းကြောင့် မြေဩဇာကောင်းမွန်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းအတွက် များစွာအထောက်အကူ ဖြစ်ပါသည်။ ရေထွက်ပစ္စည်း သယံဇာတများစွာ ထွက်ရှိပြီး၊ သာယာလှပသော အပန်းဖြေ ပင်လယ်ကမ်းခြေများဖြစ်သည့် ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေကဲ့သို့သော သဘာဝ မှ ပေးအပ်ထားသည့် အမွေကောင်းများရှိခြင်းကြောင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်အတွက် အခြေအနေကောင်းမွန်သည့် တိုင်းဒေသကြီး ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

ရောဝတီတိုင်းဒေသကြီး၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်း၊ ငါးနှစ်အောက်ကလေး သေဆုံးနှုန်း (အရှင်မွေး၁,၀၀၀လျှင်) နှင့် လူဦးရေတစ်ထောင်လျှင် တယ်လီဖုန်းအသုံးပြုမှု ရည်မှန်းချက်တို့အား ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၄-၁

ကျောင်းနေနှုန်းကြမ်းရည်မှန်းချက်



ရောဝတီတိုင်းဒေသကြီး၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၉၉.၄၃ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၁.၂၇ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၂၈.၄၆ ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၁၀၃.၆၉ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၄၄.၁၃ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၀.၆၈ ရာခိုင်နှုန်းသို့ ပြောင်းလဲဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၄-၂

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းရည်မှန်းချက် (အရှင်မွေးကလေး ၁,၀၀၀ လျှင်)



ရောဝတီတိုင်းဒေသကြီး၏ ငါးနှစ်အောက်ကလေး သေဆုံးနှုန်း (အရှင်မွေး ၁,၀၀၀ လျှင်) သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၇.၈၄ ဦး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၃၀.၄၉ ဦးသို့၊ လျော့နည်းဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇယားမြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃-၁၄- ၃
လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့်တယ်လီဖုန်းရည်မှန်းချက်



ဧရာဝတီတိုင်းဒေသကြီး၏ လူတစ်ထောင်လျှင် သုံးစွဲနိုင်သော တယ်လီဖုန်း အရေအတွက်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၂လုံး နှင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၅၀ လုံးသို့ တိုးတက်သုံးစွဲ နိုင်ရန် ရည်မှန်းထားပါသည်။

ဇယားစဉ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက်ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁၄-၄
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားစဉ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် ဘက်စုံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

(က) လယ်ယာ

ခေတ်မီစနစ်ကျ လယ်မြေများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် ဧက ၅၀၀ စီဖော်ထုတ်သွားရန် ရည်မှန်းထားပါသည်။

အဓိကသီးနှံ ၁၀ မျိုး၏ စိုက်ဧရိယာများသည် ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် တွင် ဧက ၆.၃၉ သန်း စိုက်ပျိုးရန်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၆.၇၆ သန်း နှင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ဧက ၆.၇၇ သန်းအထိ တိုးတက် စိုက်ပျိုးရန် ရည်မှန်းထားပါသည်။

အဓိကသီးနှံ ၁၀ မျိုးအပါအဝင် သီးနှံစုံ စုစုပေါင်း စိုက်ဧကများမှာ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဧက ၈.၄၂ သန်းရည်မှန်းထားရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ဧက ၈.၅၈ သန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈.၅၉ သန်းအထိ တိုးတက်စိုက်ပျိုးရန် ရည်မှန်းထားပါသည်။ စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာရန် အဓိကသီးနှံဖြစ်သော စပါးသီးနှံအား ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် စပါးတင်း ၃၄၂.၃၇ သန်း ရည်မှန်းထုတ်လုပ်ခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စပါးတင်း ၄၁၇.၇၀ သန်းအထိ တိုးတက် ထုတ်လုပ်သွားရန် ရည်မှန်းထားပါသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက် နိုင်ရေးအတွက် လက်တွန်းထွန်စက်များဖြင့် မြေယာပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်တွင် ထွန်ယက်မည့် ဧကလွှာ ၀.၀၄ သန်း ရည်မှန်းထားရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧကလွှာ ၀.၀၅ သန်း အထိ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက် (ကောင်းမွန်သော စိုက်ပျိုးနည်းစနစ်) သို့ ပြောင်းလဲစိုက်ပျိုးရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ဧက ၁,၄၁၇,၉၀၀၊ နွေစပါးစိုက်ဧက ၅၀,၀၀၀ စိုက်ပျိုးရန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးစပါးစိုက် ဧက ၁,၅၂၄,၉၀၀၊ နွေစပါးစိုက်ဧက ၁၀,၀၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ဧက ၁,၆၀၀,၀၀၀၊ နွေစပါး စိုက်ဧက ၂၀၀,၀၀၀ စိုက်ပျိုးသွားရန် ရည်မှန်းထားပါသည်။

အထူးအထွက်တိုး ပုလဲသွယ်(စပ်မျိုး) စပါးများ တိုးချဲ့စိုက်ပျိုးခြင်းဌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ဧက ၈,၀၀၀၊ နွေစပါး စိုက်ဧက ၁၀,၀၀၀ စိုက်ပျိုးရန်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ဧက ၁၃,၀၀၀၊ နွေစပါး

စိုက်ဧက ၁၈,၀၀၀နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ဧက ၂၂,၀၀၀၊ နွေစပါး စိုက်ဧက ၂၈,၀၀၀ စိုက်ပျိုးသွားရန် ရည်မှန်းထားပါသည်။

စံပြကွက်များထုတ်လုပ်မည့် အစီအစဉ်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်း အတွင်း ဧက ၇၈၀,၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧက ၁,၃၀၀,၀၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၁,၈၀၀,၀၀၀ ဖော်ထုတ်ရန် ရည်မှန်းထားပါသည်။

တောင်သူပညာပေးလုပ်ငန်းများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာအုပ်စု ၁၅၀၊ တောင်သူ ၄,၅၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မြို့နယ် ၂၁ မြို့နယ်၊ ကျေးရွာအုပ်စု ၂၀၀၊ တောင်သူ ၆,၀၀၀ နှင့်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တို့တွင် မြို့နယ် ၂၆ မြို့နယ်၊ ကျေးရွာအုပ်စု ၄၀၀၊ တောင်သူ ၈,၀၀၀ တို့အား ပညာပေးဟောပြောပွဲများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

(ခ) ဆည်မြောင်းနှင့် ရေရရှိရေး

ဆည်ရေရရှိရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး ၉ မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော မမြဲရေလှောင်တမံ စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပြီးဆုံးရန် နှင့် ရေအားလျှပ်စစ် တပ်ဆင်ခြင်း လုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကညင်ရေလှောင်တမံ စီမံကိန်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လုပ်ငန်းပြီးဆုံးရန်၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို အပြီးဆောင်ရွက်ရန် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ် ဖြန့်ဖြူးပေးနိုင်မည့် ရေအားလျှပ်စစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) သားငါး

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန နှင့် တိုင်းဒေသကြီးအစိုးရ စီစဉ်ပေးမှုဖြင့် နွား၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်များကို စီးပွားဖြစ် တိုးချဲ့မွေးမြူခြင်းတို့အတွက် နို့စားနွားများအား သင့်တော်သော ဈေးနှုန်းများဖြင့် ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များတွင် ရေသယံဇာတ ထိန်းသိမ်းရေးအတွက် ဆည်၊

မြစ်ချောင်း၊ စပါးခင်း၊ ကြေးတိုင်အင်းများတွင် ငါးမျိုး စိုက်ထည့်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ရာ ရွှေဝါငါးကြင်း၊ တီလားဗီးရား၊ ငါးမြစ်ချင်း၊ ငါးခုံးမငါးများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကောင်ရေ ၂,၀၇၅,၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ကောင်ရေ ၂,၂၇၃,၀၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကောင်ရေ ၂,၅၂၃,၀၀၀ စိုက်ထည့်ရန် ရည်မှန်းထားပါသည်။ ကုန်ထုတ်အစုအဖွဲ့များ ဖွဲ့စည်းရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အစုအဖွဲ့ ၃၈၀၊ ဦးရေ ၆,၀၈၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အစုအဖွဲ့ ၄၀၀၊ ဦးရေ ၆,၄၀၀နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အစုအဖွဲ့ ၄၂၀၊ ဦးရေ ၇,၂၀၀ တို့အား ဖွဲ့စည်းရန် ရည်မှန်းထားပါသည်။

ကမ်းနီးငါးဖမ်းလုပ်ငန်းအနေဖြင့် ပုသိမ်၊ လပွတ္တာ၊ ဖျာပုံခရိုင်(၃)ခရိုင်မှ ဖမ်းဆီးရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ကမ်းနီးတွင် ၈,၀၉၆.၉၂ ပိဿာထောင်၊ ကမ်းဝေးတွင် ၁၉,၆၉၈.၈ ပိဿာထောင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ်းနီးတွင် ၈,၁၂၆.၁၃ ပိဿာထောင်၊ ကမ်းဝေးတွင် ၁၉,၈၄၈.၀ ပိဿာထောင်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကမ်းနီးတွင် ၈,၂၀၀.၁၃ ပိဿာထောင်၊ ကမ်းဝေးတွင် ပိဿာထောင် ၂၀,၀၀၀.၀ ဖမ်းဆီးရန် ရည်မှန်းထားပါသည်။

ညောင်တုန်းမြို့နယ်တွင် ငါးမွေးကန်ရောဂါရှာဖွေရေး နှင့် အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဖြစ် လိုအပ်သော ပစ္စည်းများပံ့ပိုးပေးပြီး တိုးချဲ့ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၃။ ဖွံ့ဖြိုးတိုးတက်မှုဦးစားပေးအစီအစဉ်များ

(က) လျှပ်စစ်ဓာတ်အား

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မအူပင် အဝင်/အထွက် 230 KV မဟာဓာတ်အားလိုင်းစီမံကိန်း 230/66/11 KV, 100 MVA မအူပင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ အသုတ်– ပုသိမ် 230 KV မဟာဓာတ်အားလိုင်း စီမံကိန်း 230/66/11 KV, 100 MVA ပုသိမ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ 66/11 KV, MVA လပွတ္တာရုံးခွဲ စီမံကိန်းတည်ဆောက်ရန်၊

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် 230 KVအသုတ်–ပုသိမ် ဓာတ်အားလိုင်း စီမံကိန်း မိုင်၅၀ ၊ 230/33/11 KV, 100 MVA အသုတ်ဓာတ်အားခွဲရုံ၊ 230/66/11 KV, 100 MVA ပုသိမ် ဓာတ်အားခွဲရုံများ ဆက်လက် တည်ဆောက်ရန်၊

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လှိုင်သာယာ–ကျိုက်လတ် 230 KV ဓာတ်အားလိုင်း ၆၅ မိုင်နှင့် ရုံးခွဲများစီမံကိန်း ၊ ပုသိမ်– ချောင်းသာ 66 KV ဓာတ်အားလိုင်း ၃၅

မိုင်နှင့်ခွဲရုံ ၊ ပုသိမ်-ငွေဆောင် 66 KV ဓာတ်အားလိုင်း မိုင် ၃၀ နှင့်ခွဲရုံ ၊ ပုသိမ်- ပုသိမ် (ကြိုးတံတားထိပ်) 66 KV ဓာတ်အားလိုင်း ၇ မိုင် နှင့် ခွဲရုံများ ဆက်လက် တည်ဆောက်ရန်၊

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အသုတ်ဓာတ်အားခွဲရုံ ၊ 230 /66/11 KV , 100 MVA ပုသိမ်ဓာတ်အားခွဲရုံ၊ အသုတ်-ပုသိမ်၂၃၀ ကေဗွီဓာတ်အား လိုင်း ၃၅ မိုင်၊ ရေကြည်ဓာတ်အားလိုင်း ရုံးများဆက်လက် တည်ဆောက်ရန် ရည်မှန်းထားပါသည်။

(ခ) ဆောက်လုပ်မှု

အဝေးပြေးလမ်းမကြီးနှင့် မီးရထားလမ်းများ ဖောက်လုပ်မှု အခြေအနေမှာ -

(၁) ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးနှင့် ပုသိမ်-မုံရွာ အဝေးပြေး လမ်းမကြီး၊

(၂) မီးရထားလမ်းအနေဖြင့် ပုသိမ်မှ ဥသျစ်ပင်အထိ (ပုသိမ်-ဟသ်ာတ-ကြံခင်း- ဥသျစ်ပင်လမ်းအပိုင်း) ၊ ဟသ်ာတ-ဇလွန်လမ်း၊ ဇလွန်-ကျုံရှုလမ်း၊ ကျုံရှု-ဖက်သောင်လမ်း၊ ဖက်သောင်-ဇီးဖြူကုန်းလမ်း၊ ဇီးဖြူကုန်း-ဓနုဖြူလမ်း၊ ဓနုဖြူ-ညောင်ချောင်းလမ်း၊ ညောင်ချောင်း-သပြုလမ်း၊ သပြု-ကြိမ်ချောင်းလမ်း၊ ကြိမ်ချောင်း - စက္ကော့လမ်း၊

(၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အဆင့် လမ်းဆောက်လုပ်ရေး စီမံကိန်းများမှာ ပြည်ထောင်စုလမ်း ၁၅လမ်း၊ တံတား ၂၆ စင်း နှင့် တိုင်းဒေသကြီးလမ်း ၆၄ လမ်း၊ တံတား ၂ စင်း ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။

(ဂ) ပို့ဆောင်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှ ပုသိမ်-ရန်ကုန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း (ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ) ဟသ်ာတ-ညောင်တုန်း ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းများဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ဆက်သွယ်ရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ GSM စခန်း မရှိသေးသော ကျေးလက်ဒေသများတွင် စခန်းများ တည်ဆောက်ပေးခြင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အော်တိုတယ်လီဖုန်း လုံးရေ ၅၀၀ နှင့် မိုဘိုင်း တယ်လီဖုန်း (GSM,WCDMA,CDMA) ၅၁၉,၆၉၂ လုံး တို့ကို ဖြန့်ဖြူးပေးရန် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့ပြနှင့် ကျေးလက်ကွာခြားမှု

လျော့နည်းစေရန် GSM/WCDMA စခန်းများတည်ဆောက်ခြင်း၊ မိုက္ကရိုဝေ့ဖ် စခန်းများတည်ဆောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေအောက်ကေဘယ်(လ်)ကို ချိတ်ဆက် အသုံးပြုနေရာမှ ရေအောက်ကေဘယ်(လ်) ဆက်ကြောင်းသစ်ကို ထပ်မံ တိုးချဲ့တည်ဆောက်ရန် ရည်မှန်း ထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သောလူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

ပညာရေးဝန်ကြီးဌာန အခြေခံပညာအနေဖြင့် နိုင်ငံတော်အစိုးရက ပညာရေး အသုံးစရိတ်ကို တိုးမြှင့်သတ်မှတ်ပေးခဲ့သဖြင့် အခြေခံပညာ ကျောင်းများအဆင့် တိုးမြှင့်ခြင်း၊ ဆရာ၊ ဆရာမများ ပညာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ကျေးရွာများ၌ မိဘပြည်သူများ အနေဖြင့် ကိုယ့်အားကိုယ်ကို ဖွင့်လှစ်ထားသော တွဲဘက်ကျောင်းများနှင့် ကိုယ့်အား ကိုယ်ကိုးကျောင်းများကို အခြေခံပညာကျောင်းများနှင့် ကျောင်းခွဲများအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခြေခံပညာအဆင့်တွင် အထက်တန်း ၂၇ ကျောင်း၊ အလယ်တန်း၂၁ ကျောင်း၊ မူလတန်း ၃၂၉ ကျောင်း၊ အထက်တန်း ကျောင်းခွဲ ၄၂ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၁၇၄ ကျောင်း၊ မူလတန်းလွန် ၆၅ ကျောင်း၊ မူလတန်းကျောင်းခွဲ ၅၉ ကျောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အခြေခံပညာအဆင့်တွင် အထက်တန်း ၁၆ ကျောင်း၊ အလယ်တန်း ၁ ကျောင်း၊ မူလတန်း ၂၆၂ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၂၀ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၃၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၅ ကျောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အခြေခံပညာအဆင့် တွင် အထက်တန်း ၃၃ ကျောင်း၊ အလယ်တန်း ၂၁ ကျောင်း၊ မူလတန်း ၁,၀၅၉ ကျောင်း၊ အထက်တန်း ကျောင်းခွဲ ၆၃ ကျောင်း၊ အလယ်တန်း ကျောင်းခွဲ ၈၆ ကျောင်း၊ မူလတန်း လွန်ကျောင်း ၁၈၆ ကျောင်း၊ မူလတန်းကျောင်းခွဲ ၁၂၃ ကျောင်းအထိ တိုးချဲ့ ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ခ) ကျန်းမာရေး

ကျန်းမာရေးအခြေခံ အဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆေးရုံ ၉၈ ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၇ ခု၊ တိုင်းရင်းဆေးရုံ ၁ ရုံမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆေးရုံ ၁၁၂ ရုံ၊ ကျေးလက် ကျန်းမာရေးဌာနခွဲ ၂၄၁ ခု၊ တိုင်းရင်းဆေးရုံ ၁၉ ရုံ အထိ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။

ကျေးလက်ကျန်းမာရေး ဖွဲ့ဖြိုးတိုးတက်မှုအပါအဝင် ဆေးရုံဆေးခန်း တိုးချဲ့ရေးနှင့် အဆင့်မြှင့်တင်ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုက်နယ် ဆေးရုံ ၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၄ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ ၂ ရုံ၊ ကျေးလက် ကျန်းမာရေး ဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၅ ခု ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုက်နယ် ဆေးရုံ ၂ ရုံ၊ ကျေးလက်ကျန်းမာရေး ဌာန ၅ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၅ ခု တို့ကို တိုးချဲ့မြှင့်တင်ရန် ရည်မှန်း ထားပါသည်။

၅။ ကဏ္ဍများအချင်းချင်း ချိတ်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင် ၆ ခရိုင်မှ မြို့နယ်ပေါင်း ၂၆ မြို့နယ်နှင့် မြို့နယ်ခွဲ ၇ မြို့နယ်၊ စုစုပေါင်း ၃၃ မြို့နယ်တွင် တစ်မြို့နယ်လျှင် ဆင်းရဲမှုနှုန်း အများဆုံးကျေးရွာ တစ်ရွာနှုန်းဖြင့် ရွာပေါင်း ၃၃ ရွာကို စံပြ ကျေးရွာ အဖြစ်ထူထောင်ပြီး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကော်မတီ ၈ ရပ်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

(ခ) သောက်သုံးရေရရှိရေး

ကျေးလက်ရေပေးရေးလုပ်ငန်းများအား ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျေးလက်ဒေသ ရေလုံလောက်စွာရရှိရေး ၅ နှစ် စီမံကိန်းအား ရေးဆွဲလျက် နှစ်အလိုက်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မြို့နယ် ၂၄ မြို့နယ်၊ မြို့နယ်ခွဲ ၄ မြို့ရှိ ကျေးရွာ ၈၅ ရွာ၊ လူဦးရေ ၈၅,၃၄၆ တို့အတွက် တွင်းနက် ၂၅ တွင်း၊ တွင်းတိမ် ၂၅ တွင်း၊ လက်တူးတွင်း ၄ တွင်း၊ မြေသားမိုးရေလှောင်ကန် ၂၀၊ အခြားရေပေးရေး လုပ်ငန်း၈၂ ခု၊ စုစုပေါင်းလုပ်ငန်း ၁၅၆ ခုအားဆောင်ရွက်ရန်ရည်မှန်းထားခဲ့ ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြို့နယ် ၂၂ မြို့နယ်၊ မြို့နယ်ခွဲ ၅ မြို့ရှိ ကျေးရွာ ၇၃ ရွာ၊ လူဦးရေ ၈၇,၇၁၄ တို့အတွက် တွင်းနက် ၁၈ တွင်း၊ တွင်းတိမ် ၁၇ တွင်း၊ လက်တူးတွင်း ၅ တွင်း၊ မြေသားမိုးရေလှောင်ကန် ၃၄ ကန်၊ အခြားရေပေးရေး လုပ်ငန်း ၇ ခု၊ စုစုပေါင်းလုပ်ငန်း ၈၁ ခုအား ဆောင်ရွက်ရန် ရည်မှန်းထားခဲ့ရာ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ၂၅ မြို့နယ်၊ မြို့နယ်ခွဲ ၄ မြို့ရှိ ကျေးရွာ ၁၃၉ ရွာ၊ လူဦးရေ ၈၀,၆၉၈ တို့အတွက် တွင်းနက် ၁၅ တွင်း၊ တွင်းတိမ် ၈၀၊

လက်တူးတွင်း ၁ တွင်း၊ မြေသားမိုးရေလျှောင်ကန် ၄၂ ကန်၊ စုစုပေါင်းလုပ်ငန်း ၁၃၈ ခုအား ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်၂၆ မြို့နယ်၊ မြို့နယ်ခွဲ ၂ မြို့ရှိ ကျေးရွာ ၁၅၄ ရွာ၊ လူဦးရေ ၆၉,၅၄၈ တို့အတွက် တွင်းနက် ၅၈ တွင်း၊ တွင်းတိမ် ၃၁ တွင်း၊ လက်တူးတွင်း ၁ တွင်း၊ မြေသားမိုးရေလျှောင်ကန် ၆၉ ကန်၊ စုစုပေါင်းလုပ်ငန်း ၁၅၉ ခုအား ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြို့နယ် ၂၅ မြို့နယ် ရှိ ကျေးရွာ ၁၀၇ ရွာ၊ လူဦးရေ ၇၆,၈၆၉ တို့အတွက် တွင်းနက် ၁၇ တွင်း၊ တွင်းတိမ် ၃၉ တွင်း၊ လက်တူးတွင်း ၂ တွင်း၊ မြေသားမိုးရေလျှောင်ကန် ၄၉ ကန်၊ စုစုပေါင်းလုပ်ငန်း ၁၀၇ ခု အား ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သမဝါယမအသင်းများ၏ ကျေးလက်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စက်မှုလုပ်ငန်း၊ ကုန်ထုတ်သမဝါယမ အသင်း ၃၆ သင်း နှင့် သမဝါယမအသင်းစု ၄ သင်း၊ စုစုပေါင်း အသင်း၄၀ ကိုဖွဲ့စည်းမှတ်ပုံတင်ထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လက်မှုလုပ်ငန်းများ၊ အိမ်တွင်းလုပ်ငန်းများ အဆင့်မြှင့်တင်ပေးမည့် အစီအစဉ် အနေဖြင့် ကျေးလက်စီးပွားရေး ဆောင်ရွက်နေသည့် စက်မှုလုပ်ငန်း၊ ကုန်ထုတ် သမဝါ ယမ အသင်းများအား ဒေသလိုအပ်ချက်နှင့် လုပ်ကိုင်နိုင်စွမ်းပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့်ငွေကြေး၊ နည်းပညာများ ပံ့ပိုးပေးရန်အတွက် သက်ဆိုင်ရာမြို့နယ်များ နှင့် ညှိနှိုင်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဃ) ကျေးလက်လမ်းများဖောက်လုပ်ရေး

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးအဖွဲ့များ ရန်ပုံငွေဖြင့်လည်းကောင်း၊ မြို့နယ်၊မြို့နယ်ခွဲများတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း နှင့် မြေသားလမ်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(c) ကျေးလက်မီးလင်းရေး

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည်ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ ကျေးလက်အိမ်ရာနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကန်ကြီးထောင့်၊ ပြင်စလူ၊ ပုသိမ်၊ ဇလွန်၊ မြန်အောင်၊ ဟသ်ာတ၊ ဒေးဒရဲ၊ လပွတ္တာ၊ ကျိုက်လတ်၊ ဖျာပုံ၊ ငွေဆောင် မြို့နယ်များအတွင်းရှိ ကျေးရွာ ၂၄ ရွာတွင် အိမ်ခြေ ၂,၄၀၀ အား နေရောင်ခြည်သုံးစနစ်ဖြင့်လည်းကောင်း၊ ဟသ်ာတမြို့နယ်အတွင်း ကျေးရွာတစ်ရွာတွင် ဇီဝဓာတ်ငွေ့သုံးစနစ်ဖြင့်လည်းကောင်း၊ ကျေးလက်မီးလင်းရေး လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငပုတော၊ ဟိုင်းကြီးကျွန်း၊ မအူပင်၊ ပန်းတနော်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ကျောင်းကုန်း၊ ဓနုဖြူ၊ ညောင်တုန်း၊ မြောင်းမြ၊ ဝါးခယ်မစသည့် မြို့နယ်များရှိ ကျေးရွာ ၂၂ ရွာ ၊ အိမ်ခြေ ၂,၄၈၉ တို့အား နေရောင်ခြည်သုံး စွမ်းအင်စနစ်ဖြင့်လည်းကောင်း၊ မအူပင်မြို့နယ်ရှိ ကျေးရွာ ၁ ရွာတွင် ဇီဝဓါတ်ငွေ့သုံးစနစ်ဖြင့်လည်းကောင်း၊ ကျေးလက်မီးလင်းရေး လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြ၊ ဖျာပုံ၊ မအူပင်၊ လပွတ္တာ၊ အင်္ဂပူ၊ လေးမျက်နှာ၊ ကျောင်းကုန်း မြို့နယ်များနှင့် ဟိုင်းကြီးကျွန်း၊ ငါးသိုင်းချောင်း၊ ပြင်စလူ၊ ငရုတ်ကောင်း၊ ရွှေသောင်ယံ၊ ငွေဆောင်၊ အမာမြို့နယ်ခွဲတို့အတွင်းရှိ ကျေးရွာ ၂၄ ရွာ တွင် အိမ်ခြေ ၂,၄၉၄ အား နေရောင်ခြည်စွမ်းအင်သုံး စနစ်ဖြင့်လည်းကောင်း၊ ဖျာပုံမြို့နယ်အတွင်း ကျေးရွာတစ်ရွာတွင် ဇီဝဓာတ်ငွေ့သုံး စနစ်ဖြင့်လည်းကောင်း၊ ကျေးလက်မီးလင်း ရေးလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၆။ ခရီးသွားလုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီးသည် ကမ်းခြေဒေသ အပန်းဖြေစခန်း ဟိုတယ်ဇုန် ၂ ခု တည်ရှိပြီး ဒေသထုတ်ကုန် လုပ်ငန်းအဖြစ် လက်မှုလုပ်ငန်းများသည် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ဆွဲဆောင်နိုင်သော ဒေသဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ လက်ရှိလိုင်စင်ထုတ်ပေးရန် ရည်ရွယ်သည့် ဟိုတယ်/တည်းခိုခန်းအရေအတွက်များမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပုသိမ်တွင် ၁၈ လုံး၊

ချောင်းသာကမ်းခြေတွင် ၂၂ လုံး၊ ငွေဆောင်ကမ်းခြေတွင် ၂၁ လုံး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပုသိမ်တွင် ၁၂ လုံး၊ ချောင်းသာကမ်းခြေတွင် ၂၅ လုံး၊ ငွေဆောင် ကမ်းခြေ တွင် ၂၂ လုံးနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပုသိမ်တွင် ၁၅ လုံး၊ ချောင်းသာကမ်းခြေတွင် ၃၀ လုံး၊ ငွေဆောင်ကမ်းခြေတွင် ၂၂ လုံး တို့ဖြစ်ပါသည်။

ပြည်ပခရီးသည်များအနေဖြင့် ဒေသန္တရဗဟုသုတရှာရန်နှင့် အပန်းဖြေခရီးလည်ပတ်သူအများစုဖြစ်ပြီး ဝင်ရောက်မှုစာရင်းများအရ တိုးတက်မှုကို ခန့်မှန်း၍ ဟိုတယ်နှင့် ခရီးသွားဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပခရီးသည် ဝင်ရောက်မှု ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၄-၅

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ

ပြည်ပခရီးသည် ဝင်ရောက်မှုရည်မှန်းချက်



ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်ပခရီးသည် ဝင်ရောက်မှုသည်၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၀,၃၃၆ ဦး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၇,၆၁၉ ဦးရေသို့ တိုးတက် ဝင်ရောက်မည်ဟု ရည်မှန်းထားပါ သည်။

ဇယားမြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

၇။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါဖွံ့ဖြိုးမှုလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ပါက ဧရာဝတီတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃ - ၁၄- ၆
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၅,၂၉၂,၀၉၈.၈ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ် ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၉,၄၃၈,၇၅၆.၃ သန်း ဖြစ်ပေါ်ရန်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန် ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ် ပျမ်းမျှ တိုးတက်မှုနှုန်းသည် ၅.၀ ရာခိုင်နှုန်း တိုးတက် မည်ဟု ရည်မှန်းထားပါ သည်။

ဇယားမြစ် ။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၈။ မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ

မြို့ပြဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက် ရှိပါသည်။ ပုသိမ်မြို့အတွက်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ရေးဆွဲထားပြီး ဖြစ်ပါသည်။

၉။ တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁)	**တိုင်းဒေသကြီးအစိုးရအဖွဲ့**	ကျပ်	၃,၈၄၃.၄၇၀ သန်း
	-တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	ကျပ်	၁၃၅.၄၃၀ သန်း
	-ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	ကျပ်	၄၂၅.၀၄၀ သန်း
	-ဆည်မြောင်းဦးစီးဌာန	ကျပ်	၈၅၃.၀၀၀ သန်း
	-စက်မှုလယ်ယာဦးစီးဌာန	ကျပ်	၁,၄၃၀.၀၀၀ သန်း

	-ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး အတွက် ဆောင်ရွက်မည့်လုပ်ငန်းများ	ကျပ်	၁,၀၀၀.၀၀၀ သန်း
	တိုင်းဒေသကြီးလွှတ်တော်ရုံး	**ကျပ်**	**၁၅.၀၀၀ သန်း**
	တိုင်းဒေသကြီးဥပဒေချုပ်ရုံး	**ကျပ်**	**၁၄၄.၀၀၀ သန်း**
	တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး	**ကျပ်**	**၁၆၄.၈၅၀ သန်း**
(၂)	**ပြည်ထဲရေးဝန်ကြီးဌာန**	**ကျပ်**	**၃,၀၈၀.၇၄၇ သန်း**
	အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ကျပ်	၄၂၂.၅၄၇ သန်း
	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ကျပ်	၄၂.၈၄၀ သန်း
	မီးသတ်ဦးစီးဌာန	ကျပ်	၂,၆၁၅.၃၆၀ သန်း
(၃)	**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**	**ကျပ်**	**၇၂.၆၈၄ သန်း**
	စိုက်ပျိုးရေးဦးစီးဌာန	ကျပ်	၄၀.၅၀၄ သန်း
	ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန	ကျပ်	၃၂.၁၈၀ သန်း
(၄)	**မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန**	**ကျပ်**	**၁၃၇.၃၉၀ သန်း**
	ငါးလုပ်ငန်းဦးစီးဌာန	ကျပ်	၅၀.၅၃၀ သန်း
	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	ကျပ်	၈၆.၈၅၉ သန်း
(၅)	**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန**	**ကျပ်**	**၈၆.၂၃၂ သန်း**
	သစ်တောဦးစီးဌာန	ကျပ်	၄၆.၂၃၂ သန်း
	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	ကျပ်	၄၀.၀၀၀ သန်း
(၆)	**ဆောက်လုပ်ရေးဝန်ကြီးဌာန**	**ကျပ်**	**၅၄,၇၀၁.၃၈၈ သန်း**
	အဆောက်အဦးနှင့်လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်း(လမ်းဦးစီး)	ကျပ်	၅၄,၃၉၇.၉၉၅ သန်း
	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	ကျပ်	၃၀၃.၃၉၃ သန်း
(၇)	**နယ်စပ်ရေးရာဝန်ကြီးဌာန**	**ကျပ်**	**၄,၄၇၈.၇၆၃ သန်း**
	စည်ပင်သာယာရေးအဖွဲ့	ကျပ်	၄,၄၇၈.၇၆၃ သန်း
(၈)	**ဘဏ္ဍာရေးဝန်ကြီးဌာန**	**ကျပ်**	**၂၇.၆၀၉ သန်း**
	ရ-သုံးမှန်းခြေငွေစာရင်းဦးစီးဌာန	ကျပ်	၂၇.၆၀၉ သန်း
(၉)	**အားကစားဝန်ကြီးဌာန**	**ကျပ်**	**၃၄၆.၃၈၈ သန်း**
	အားကစားနှင့်ကာယပညာဦးစီးဌာန	ကျပ်	၃၄၆.၃၈၈ သန်း
(၁၀)	**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန**	**ကျပ်**	**၂၄၅.၆၈၆ သန်း**
	စီမံကိန်းရေးဆွဲရေးဦးစီးဌာန	ကျပ်	၂၄၅.၆၈၆ သန်း

(၁၁) **သမဝါယမဝန်ကြီးဌာန** **ကျပ် ၁၁.၉၉၅ သန်း**
သမဝါ ယမဦးစီးဌာန ကျပ် ၁၁.၉၉၅ သန်း
စုစုပေါင်း **ကျပ် ၄,၁၆၇.၃၂၀ သန်း**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက် အရ ကျပ် ၈၁,၃၁၃.၇၈၃ သန်းဆောင်ရွက်နိုင်မည်ဟု ခန့်မှန်း တင်ပြအပ်ပါသည်။

၁၀။ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး**

(က) မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် မိုးလေဝသ သတင်းများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်တောင်သူများသို့ ထပ်ဆင့် ကြိုတင် အသိပေးခြင်း၊

(ခ) ဧရာဝတီမြစ်ရေနှင့် ငဝန်မြစ်ရေ ကြီးခြင်းဖြစ်ပေါ်တတ်သည့်အတွက် မြစ်ကမ်းနံဘေး ရေလွှမ်းမိုးမှု ဖြစ်ပေါ်လေ့ရှိသဖြင့် မိုးရာသီကာလအတွင်း မြစ်ကမ်းနံဘေးရှိ မြို့များတွင် ရေကြီးနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများ မရှိအောင် ကြိုတင် သတိပေး နှိုးဆော် ခြင်း၊

(ဂ) မြစ်ကမ်းနဘေးရှိ တာတမံများ၊ ရေကာတာများပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊

(ဃ) ရေကြီးနစ်မြုပ်လေ့ရှိသည့် မြို့နယ်များသို့ မျိုးအပိုများ ထားရှိစေခြင်း၊ အရံမျိုးများ ကြိုတင်စုဆောင်း ထားစေခြင်း၊ ရေကြီးနစ်မြုပ်ဒေသတွင် အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် အရံပျိုးခင်း မြေနေရာ ရှာဖွေပေးစေခြင်း၊

(င) ရေကြီးနစ်မြုပ်ဒေသတွင် အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နီးစပ်ရာတိုင်းအတွင်းရှိ မြို့နယ်များနှင့် ညှိနှိုင်း၍ မျိုးရယူစေခြင်း၊ လိုအပ်ပါက အခြားတိုင်းမှ မျိုးရရှိရေးအတွက် ဆက်သွယ်အကူအညီ ရယူဆောင်ရွက်စေခြင်း၊

(စ) ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ပါက သီးနှံစိုက်ခင်းများ၌ ပိုးမွှားများ ကျရောက်တတ်မှုရှိရာ ပိုးမွှားအခြေအနေကို ကင်းထောက်၍ သတင်းအချက်အလက် ရယူပြီး တောင်သူများသို့ စဉ်ဆက်မပြတ် ကြိုတင်အသိပေးနှိုးဆော်ခြင်း၊ ကြိုတင်ကာကွယ်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျရောက်ပါကလည်း ပိုးသတ်ဆေးများ အသုံးပြု၍ နှိမ်နင်းမှုများဆောင်ရွက်ခြင်း၊

(ဆ) ဆားထုတ်လုပ်ရာဒေသများ၊ ဆားချက်စက်ရုံများသည် အများအားဖြင့် ကမ်းစပ်များတွင်ဖြစ်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှု လျော့နည်းသက်သာစေရန် ဒီရေရောက်တောကဲ့သို့ လေကာပင်များ စိုက်ပျိုးထားခြင်းနှင့် ကွင်းပတ်တာများ တောင့်တင်းခိုင်မာရေးသည် အန္တရာယ်ကျရောက်မှု လျော့ပါးရေးအတွက် အထောက်အကူ ဖြစ်စေသဖြင့် ဆောင်ရွက်ထားရှိခြင်း၊

(ဇ) စားနပ်ရိက္ခာ၊ ရေ၊ ဆေးဝါးများ ကြိုတင်စုဆောင်း ထားရှိခြင်းများကို ဆောင်ရွက်ထားခြင်း၊

(ဈ) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွက် မီးငြိမ်းသတ်ယာဉ် ၂ဖ စီး ၊ ရေသယ်ယာဉ် ၂ဖ စီး ၊ အပေါ့စား မီးသတ်စက် ၂ဖ ခု နှင့် Cylinder Air filling Machine ၂ဖ ခု ၊ ကျောလွယ်ရေမှုန်ရေမွှား ကိရိယာ ၂ဖ လုံးနှင့် အသက်ရှူကိရိယာ Breathing Apparatus ၂ဖ လုံးဝယ်ယူခြင်း၊

(ည) ဘေးအန္တရာယ် ကျရောက်နိုင်သည့်ဒေသများမှ ဘေးလွတ်ရာဒေသများကို ကြိုတင် ရွေးချယ်သတ်မှတ်ခြင်း၊ Cyclone Shelter များသို့ အတိုဆုံး လမ်းများ ကြိုတင် ရွေးချယ်၍ လမ်းရှင်းလင်းရေး လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဋ) ကယ်ဆယ်ထောက်ပံ့ရေးဆိုင်ရာ ပစ္စည်းသိုလှောင်ရုံများကို အဆင့်မြင့်တင်ခြင်း၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဘေးအန္တရာယ်များ ကျရောက်လာပါက ထိခိုက်လျော့နည်းနိုင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းပြီး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဍ) တည်ဆောက်ပြီးရေလွှဲဆည်၊ ရေလှောင်တမံ၊ ရေငန်တား တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဎ) ရေလွှဲဆည်၊ ရေလှောင်တမံ၊ ရေကာတာ၊ ရေလွှဲမြောင်းများတည်ဆောက်ခြင်း၊

(ဏ) လေဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် လေကာပင်များစိုက်ပျိုးခြင်း၊ ဒီရေတောများစိုက်ပျိုးခြင်း၊ ရာသီဥတုမျှတစေရန် ပြုန်းတီးသွားသော သစ်တောများနေရာတွင် သစ်ပင်များ စီမံချက်ဖြင့် ပြန်လည်စိုက်ပျိုးခြင်း၊

(တ) သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အသိပညာပေးရေး ကျေးရွာအဆင့် ဆွေးနွေးပွဲများကို ပြုလုပ်ရန် စီမံချက်များ ဆောင်ရွက်ထားခြင်း၊

နိဂုံး

ဧရာဝတီတိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရေးဆွဲရာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလွယ်ကူ ချောမွေ့စေရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး၊ ကျေးလက်ဒေသ ရေရရှိရေးကို အဓိကအလေးထား၍ ရေးဆွဲထားပါသည်။

ပြည်သူများ ပညာရည် မြင့်မားမှသာလျှင် တွေးခေါ်နိုင်စွမ်းမြင့်မားပြီး တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ပြည်သူများ ကျန်းမာကြံ့ခိုင်မှသာလျှင် ကာကွယ်ရေးနှင့် စီးပွားရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဆက်သွယ်ရေးကောင်းသဖြင့် လူအများအသိအမြင် ဗဟုသုတများ တိုးပွားလာနိုင်ပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ပါသည်။ သောက်သုံးရေဖူလုံခြင်း၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ဆင်းရဲမှုလျော့ချခြင်းတို့ကြောင့်လည်း တိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက် လာမည်ဟု မျှော်မှန်းထားရှိပါသည်။

နေပြည်တော်ကောင်စီနယ်မြေ

နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ လူမှုစီးပွားဖွံ့ဖြိုးရေးစီမံကိန်းရည်မှန်းချက်များ



ဇယားမြစ်။ နေပြည်တော်စည်ပင်

တည်နေရာ	=	မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၈မိနစ် မှ ၂၀ဒီဂရီ ၂၅ မိနစ် အတွင်း၊ အရှေ့ လောင်ဂျီတွဒ်၉၅ ဒီဂရီ ၉၆ မိနစ် မှ ၉၆ ဒီဂရီ ၄၅ မိနစ် အတွင်း၊
အကျယ်အဝန်း	=	၂,၇၂၄.၇၆ (စတုရန်းမိုင်) ၁,၇၄၃,၈၄၄ (ဧက)
လူဦးရေ(ခန့်မှန်း)	=	ဦးရေ ၁,၁၉၈ (ထောင်ပေါင်း) (၂၀၁၅-၂၀၁၆)
မြို့တော်	=	နေပြည်တော်
ခရိုင်	=	၂ ခရိုင်၊ ဥတ္တရခရိုင်၊ ဒက္ခိဏခရိုင်
မြို့နယ်	=	၈ မြို့နယ်
ထူးခြားသည့် အမှတ်အသား	=	ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ ရေပန်းဥယျာဉ်
အဓိကစီးပွားရေး	=	လယ်ယာ၊ဆောက်လုပ်ရေး၊ ဒွေရေးကြေးရေး
ဆက်စပ်သည့် ဒေသများ	=	မြောက်ဘက်တွင် ရမည်းသင်းမြို့နယ်၊ အရှေ့ဘက်တွင် ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ တောင်ဘက်တွင် သံတောင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ အနောက်ဘက်တွင် ဆင်ပေါင်ဝဲမြို့နယ်၊ တောင်တွင်းကြီးမြို့နယ်

နိဒါန်း

နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးစိုက်ရာ မြို့တော်ဖြစ်ပါသည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ပါသည်။ ဆန်စပါး အဓိက စိုက်ပျိုးပြီး အစိုးရဆည်၊ တာတမံ၊ ရေလွှဲဆည် ၂၂ ခုနှင့် တောင်သူလုပ် တစ်ရာသီသုံးကိုယ့်အား ကိုယ်ကိုး ဆည် ၈၂ ခုတို့မှ စုစုပေါင်း ဆည်ရေသောက် ဧရိယာ ၁၁၇,၂၉၇ ဧက ရှိပါသည်။ မွေးမြူရေးဇုန် ၄ ဇုန်အား တပ်ကုန်းမြို့နယ်တွင် ကန်ကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်၊ လယ်ဝေးမြို့နယ်တွင် ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် နှင့် မင်းပြင်မွေးမြူရေးဇုန်တို့ဖြင့် ထူထောင်မွေးမြူလျက် ရှိပါသည်။

ဖွဲ့စည်းမှုအခြေအနေ

၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအရနေပြည်တော်ခရိုင်သည် ပြည်ထောင်စုနယ်မြေအဖြစ် သီးခြားဖြစ်ပေါ်လာပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်

ကြော်ငြာစာအရ နေပြည်တော် မြောက်ပိုင်းခရိုင်ကို ဥတ္တရခရိုင်၊ နေပြည်တော် တောင်ပိုင်းခရိုင်ကို ဒက္ခိဏခရိုင်အဖြစ် ဖွဲ့စည်းခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေ မြေဧရိယာစုစုပေါင်း ၂,၇၂၄.၇၆ စတုရန်းမိုင်၊ ၁,၇၄၃,၈၄၄ ဧက ဖြစ်ပါသည်။

လူမှုစီးပွားအခြေအနေ

နေပြည်တော်ကောင်စီနယ်မြေ၏ လူမှုစီးပွား အခြေအနေများဖြစ်သော ကျောင်းနေနှုန်းကြမ်းနှင့် လူဦးရေတစ်ထောင်လျှင် တယ်လီဖုန်းအသုံးပြုမှု ရည်မှန်းချက်တို့အား ပုံပြဂရပ် ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃- ၁၅ - ၁

ကျောင်းနေနှုန်းကြမ်း ရည်မှန်းချက်



နေပြည်တော်ကောင်စီနယ်မြေ၏ ကျောင်းနေနှုန်းကြမ်းသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မူလတန်းအဆင့်၌ ၈၂.၉၄ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၄.၅၆ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်၌ ၃၄.၇၈ ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် မူလတန်းအဆင့်၌ ၈၆.၇၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်၌ ၅၁.၃၄ ရာခိုင်နှုန်း၊ အထက် တန်းအဆင့်၌ ၄၁.၈၀ ရာခိုင်နှုန်းသို့ ပြောင်းလဲ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့

ပုံ ၃ -၁၅ - ၂

လူတစ်ထောင်လျှင်သုံးစွဲနိုင်သောတယ်လီဖုန်း ရည်မှန်းချက်



နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ လူတစ်ထောင်လျှင် တယ်လီဖုန်း ၂၁၈ လုံးနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၈၅ လုံးသို့ တိုးတက် သုံးစွဲရန် ရည်မှန်းထားပါသည်။

ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၁။ မြေယာအသုံးချမှု

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) ကာလအတွင်း မြေယာအသုံးပြုမှု နှစ်အလိုက်ပြောင်းလဲမှုမှာ ပုံပြဂရပ်အတိုင်း ဖြစ်ပေါ်မည်ဟု ရည်မှန်းထားပါသည်-

ပုံ ၃-၁၅-၃

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
မြေယာအသုံးချမှု ရည်မှန်းချက်



ဇယားမြစ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(က) လယ်ယာ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မျိုးပြောင်းလဲရန်အတွက် စပါးသီးနှံတွင် မျိုးသန့် စံပြရွာဧက ၅၅၀ အကျိုးဆောင်တောင်သူဖြင့် မျိုးပွားဧက ၂၉,၃၀၀ ပုလဲသွယ် စပ်မျိုးစပါး ၄,၁၁၆ ဧက၊ ဆီထွက်သီးနှံမြေပဲမျိုးသန့် ဆင်းပဒေသာ (၁၁) မျိုးအား ဧက ၃၀၀၊ ပဲတီစိမ်း ရေဆင်း(၁၄)မျိုးသန့်ဧက ၁၀၀၊ မတ်ပဲရေဆင်း(၂) မျိုးသန့်ဧက ၁၀၀ နှင့် ရေဆင်း(၃) မျိုးသန့် ဧက ၅၀၊ နွေရာသီတွင်စိုက်ဧက ၁,၅၉၀ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မတ်လအထိ ၈,၆၆၄ ဧက ဖော်ထုတ်ပြီး ပထမငါးနှစ် စီမံကိန်းကာလအတွင်း ဧက ၃၀,၀၀၀

ဆက်လက် ဖော်ထုတ်သွားရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မျိုးသန့်စံပြရွာ ၈က ၅၅၀ ၊ ပုလဲသွယ်စပ်မျိုးစပါး ၄,၁၁၆ ၈က၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း စပါးသီးနှံမျိုးသန့်စံပြရွာ ၈က ၅၅၀ နှင့် ပုလဲသွယ် ၄,၈၄၄ ၈က ဆောင်ရွက် ရန် ရည်မှန်းထားပါသည်။ နိုင်ငံတော်ရန်ပုံငွေအပြင် အထောက်အပံ့ အကူအညီ ရရှိပါက ပထမ(၅)နှစ် စီမံကိန်းကာလအတွင်း အဆင့်မြင့်လယ်ယာ၈က ၃၀,၀၀၀ အထိဖော်ထုတ်မည်ဟုရည်မှန်းထားပါသည်။ ဌာနအလိုက် ဌာနဘတ်ဂျက် အပြင် အထောက်အပံ့ အကူအညီဖြင့် ဆက်လက်ဖော်ထုတ်မည့် အစီအစဉ်များမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါသည်-

ဇယား ၃-၁၅-၁

အထောက်အပံ့ အကူအညီဖြင့် ဆက်လက်ဖော်ထုတ်မည့် အစီအစဉ်များ

အမှတ်စဉ်	ဌာနအမည်	ရေတွက်ပုံ	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဆည်မြောင်းဦးစီး	၈က	၁၀,၀၃၇	၈,၀၀၀	၈,၀၀၀
		ကျပ်သန်း	၄,၂၀၀	၂,၄၀၀	၂,၄၀၀
၂	စက်မှုလယ်ယာ	၈က	၃၀၀	၅၀၀	-
		ကျပ်သန်း	၄၈	၉၀	-

ဖာစ်မြစ်။ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန (တိုင်းရုံး)၊ နေပြည်တော်ကောင်စီနယ်မြေ

(ခ) မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးခြင်း

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နွေရာသီတွင် စိုက်၈က ၁,၅၉၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မျိုးသန့် စံပြရွာ ၈က ၅၅၀၊ ပုလဲသွယ် စပ်မျိုးစပါး ၄,၁၁၆ ၈က၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မျိုးသန့်စံပြရွာ ၈က ၅၅၀၊ ပုလဲသွယ် စပ်မျိုးစပါး ၄,၈၄၄ ၈က ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ဆီထွက်သီးနှံအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆင်းပဒေသာ မြေပဲမျိုးအား ၇၅ ၈က၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆင်းပဒေသာ (၁၁) မြေပဲမျိုး ၈က ၃၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆင်းပဒေသာ (၁၁) မြေပဲမျိုး ၈က ၄၀၀ မျိုးပွားရန် ရည်မှန်းထားပါသည်။

ပဲမျိုးစုံအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်းရာသီ၌ မတ်ပဲသီးနှံအား ရေဆင်း(၂) မျိုး၈က ၈၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မတ်ပဲ ရေဆင်း(၂)

မျိုး ၈က ၁၀၀၊ ရေဆင်း(၃)မျိုး ၈က ၅၀၊ စုစုပေါင်း ၈က ၁၅၀၊ ပဲတီစိမ်း ရေဆင်း(၁၄)မျိုး ၈က ၁၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မတ်ပဲရေဆင်း(၂)မျိုး ၈က ၁၅၀ ၊ ရေဆင်း(၃)မျိုး ၈က ၅၀၊ စုစုပေါင်း ၈က ၂၀၀ ၊ ပဲတီစိမ်း ရေဆင်း(၁၄)မျိုး ၈က ၁၅၀ မျိုးပွား ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ဂ) စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဌာနပိုင်စက်များဖြင့် စိုက်ပျိုးမြေဧရိယာ၏ ၂၅ ရာခိုင်နှုန်းကို ဝန်ဆောင်မှုပေးပြီး ပုဂ္ဂလိကပိုင်၊ တောင်သူပိုင် ထွန်စက်များဖြင့် ၈က ၁၂,၀၀၀ ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ ရိတ်သိမ်းချေလှော့ခြင်း လုပ်ငန်းတွင် စက်မှုလယ်ယာဦးစီးဌာနမှ နမူနာဦးဆောင် အသုံးပြုပြသ၍ စပါးစိုက်၈က၏ ၂၅ ရာခိုင်နှုန်း ရိတ်သိမ်း ခြွေလှော့စက် အသုံးပြုနိုင်ရန်နှင့် ကျန်ရှိသည့် ၇၅ ရာခိုင်နှုန်းအနက် စပါးရိတ်စက်ဖြင့် ၅၀ ရာခိုင်နှုန်း ရိတ်သိမ်းရန်၊ ခြွေလှော့စက်ဖြင့် ရာနှုန်းပြည့် ချေလှော့နိုင်ရန် ရည်မှန်းထားပါသည်။ ဌာနအစီအစဉ်ဖြင့် ရိတ်သိမ်းခြွေလှော့ရေးလုပ်ငန်းကို ၇ ရာခိုင်နှုန်း နှင့် ပုဂ္ဂလိက တောင်သူပိုင် စက်ကိရိယာဖြင့် ၉၃ ရာခိုင်နှုန်းကို ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လိုအပ်မည့် ထွန်စက်နှင့် လက်တွန်းထွန်စက်များအား နှစ်အလိုက် ဖြည့်တင်းပေးရန် လျာထားရာတွင် စက်ဖြင့်စိုက်ပျိုးခြင်းလုပ်ငန်းအား ကန်ထရိုက်စနစ်ဖြင့် စပါးစိုက်၈က ၁၀ ရာခိုင်နှုန်းကို ဆောင်ရွက်ရန်၊ စက်ဖြင့် ရိတ်သိမ်းခြင်းအား စပါးစိုက်၈က ၆၂ ရာခိုင်နှုန်းကို ဆောင်ရွက်သွားရန်နှင့် ခြွေလှော့ခြင်းအား ရာနှုန်းပြည့် ဆောင်ရွက်ရန်အတွက် လိုအပ်သော စက်ကိရိယာများကို နှစ်အလိုက်ဖြည့်တင်းပေးရန် ရည်မှန်းထားပါသည်။ ဆည်ရေသောက်စိုက်ပျိုးမြေ အားလုံး စနစ်ကျ လယ်ယာမြေအဖြစ် ပြောင်းလဲဖော်ထုတ်ရန်နှင့် နိုင်ငံတော်အပိုင်းမှ ၅ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်မှ ၉ ရာခိုင်နှုန်းနှင့် ပြည်ပ၏ အထောက်အပံ့အကူအညီ နှင့် ၈၆ ရာခိုင်နှုန်း ခွဲဝေဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကုန်သွယ်မှု ဦးတည်ချက်များအနေဖြင့် ကုန်သွယ်မှုပမာဏတိုးမြင့်ရေး၊ ဒေသအတွင်း ထွက်ကုန်များအပေါ် မူတည်၍ ကုန်စည်စီးဆင်းမှု မှန်ကန်ရေး နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ ထပ်ဆင့်တိုး ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်ရေး စသည်တို့ကို

ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ မြေလွတ်မြေရိုင်းများ၊ သရက်ဇုန် အပါအဝင် ဥယျာဉ်ခြံမြေများတွင် နိုင်ငံခြား ပို့ကုန်အရည်အသွေးမီ သစ်သီးပင်များ စိုက်ပျိုးစေရန် အားပေးမြှင့်တင် သွားမည်ဟု ရည်မှန်းထားပါသည်။

၃။ စက်မှုကူးပြောင်းရေးနှင့် စက်မှုနိုင်ငံ ဖြစ်ပေါ်ရေး

(က) စက်မှုလက်မှု

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင်သကြားစက်ရုံများမှ ၂၈.၆ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင် သကြားစက်ရုံများမှ ၄၈.၅ ရာခိုင်နှုန်း၊ ရေသန့်စက်ရုံမှ ၂၇.၂ ရာခိုင်နှုန်း၊ အုတ်ထုတ်လုပ်မှု ၁၅.၅ ရာခိုင်နှုန်း အသီးသီးတိုးတက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မက်စ်မြန်မာ ဘီလပ်မြေ စက်ရုံမှ တစ်နေ့လျင် တန် ၁,၅၀၀ ကျစီမံကိန်းကို အကောင်အထည် ဖော်မည်ဖြစ်သဖြင့် ယခင်နှစ်ထက် ၆၅၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အလုပ်အကိုင်များ ဖန်တီးရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် အလတ်စားစက်မှုဇုန်နှင့် ဒကွိဏသီရိမြို့နယ်တွင် အသေးစားနှင့် အလတ်စားစက်မှုဇုန်များ တည်ထောင်ရန် နေပြည်တော်ကောင်စီမှ စီစဉ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ နေပြည်တော်ကောင်စီနယ်မြေတွင်တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာအုပ်စုတွင် စက်မှုဇုန် ၁ ဇုန်တည်ဆောက်ရန်နှင့် ဒကွိဏသီရိမြို့နယ်တွင် အသေးစားစက်မှုဇုန်တည်ဆောက်ရန်အတွက် ရည်မှန်းထားပါသည်။

(ခ) လျှပ်စစ်ဓါတ်အား

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၃/၁၁ ကေဗွီ (၁x၅) အမ်ဗွီအေ ပျဉ်းမနား (ကျွန်းကုန်း) ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းအား တည်ဆောက်ပြီးစီးပါက ပျဉ်းမနားမြို့နယ်၊ ကျေးရွာ ၁၃ ရွာမီးပေးနိုင်ရန်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၃၃/၁၁ ကေဗွီ (၁x၅)အမ်ဗွီအေ တပ်ကုန်း(ကင်းသာ) ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းအား တည်ဆောက်ပြီးစီးပါက တပ်ကုန်းမြို့နယ်၊ ကျေးရွာ ၂၉ ရွာ မီးပေးနိုင်ရန် ရည်မှန်းထားပါသည်။

(ဂ) ဆောက်လုပ်မှု

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပျဉ်းမနား-တောင်ညို - တောင်တွင်းကြီးလမ်း၊ နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား

(မကွေးလမ်း)၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော်ပတ်လမ်း၊ပျဉ်းမနား-ပင်လောင်းလမ်း၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်း အသစ်၊ ငါးဖယ်အင်းတံတား၊ ဆင်သေချောင်းတံတား၊ ရုံးပင်ချောင်းတံတားလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မွန်းတည့်ခွင် - ကျည်တောင် - ခေါမ - နေပြည်တော်ပတ်လမ်း၊ ပျဉ်းမနား-ပင်လောင်းလမ်း၊ ပျဉ်းမနား - တောင်ညို - တောင်တွင်းကြီးလမ်း၊နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြားလမ်း၊ ရန်ကုန် - မန္တလေးအမြန်လမ်း၊ ကမ္ဘားနီ - သဲဖြူလမ်း၊ ပန်းခင်းလမ်းဆုံ - အင်ကြင်းပန်းအဝိုင်း အမှတ်(၁) လမ်း၊ ပင်လောင်းလမ်းဆုံ နေပြည်တော်လမ်းဆုံထိ ဆက်သောလမ်း(အမှတ်-၂)၊ မင်္ဂလာဈေး ရှာတော်မှ နေပြည်တော်သို့ ဆက်သွယ်သောလမ်း(အမှတ်-၃)၊ သီရိမင်္ဂြိုင်မှတောင်ညိုလမ်းသို့ ဆက်သွယ်သောလမ်း၊ တပ်ကုန်းမှအမြန်လမ်းသို့ ဆက်သွယ်သောလမ်း တို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အထူးဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထူးဖွံ့ဖြိုးရေးစီမံကိန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(၁) အထူးဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) လမ်းနှင့်တံတားတည်ဆောက်ခြင်း။ နိုင်ငံတော် ဧည့်ဂေဟာနှင့် စုပေါင်းခန်းမဧရိယာအတွင်းရှိ ကွန်ကရစ်လမ်းများ နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းခြင်း၊ သံတမန်အိမ်ရာ အတွင်းရှိ လမ်းများအား ကွန်ကရစ်ခင်းခြင်း၊ ဇမ္ဗူသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့၊ ဒက္ခိဏာသီရိမြို့တို့တွင် ကွန်ကရစ် ခင်းခြင်း၊ မြို့တွင်း အဓိကလမ်းမကြီးများတွင် ကွန်ကရစ်လမ်းများအား နိုင်လွန်ကတ္တရာဖြင့် အဆင့်မြှင့် ဆောင်ရွက်ပေးခြင်း၊ ပျဉ်းမနားမြို့၊ လယ်ဝေးမြို့၊ တပ်ကုန်းမြို့အတွင်းရှိ မြို့တွင်းလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ခင်းပေးခြင်း၊ အရှေ့ခြမ်းရှိ တောင်ပေါ်ဒေသများတွင် မြေသားလမ်းများအား ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်း နှင့် ကျောက်ခင်းလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ မြို့နယ် ၈ မြို့နယ်တွင် ကျေးလက်လမ်းများအား မြေသားလမ်းနှင့် လိုအပ်သော

ရေထုတ်ပြန်တံတားများ ဆောက်လုပ်ခြင်း၊ သံတမန်၊ စစ်သံမှူး အိမ်ရာများ နှင့် ဒက္ခိဏာမြို့တွင် ကျန်ရှိနေသော ဆက်သွယ်ရေး ကွန်ရက် ဖြည့်စွက် ဆောင်ရွက်ပေးခြင်း၊

(ခ) အဆောက်အဦ တည်ဆောက်ခြင်း။ နေပြည်တော် ကောင်စီ နယ်မြေ ကျေးလက်ဈေးနှင့် အားကစားကွင်းများ လိုအပ်သည်များကို တည်ဆောက်ပေးခြင်း၊

(ဂ) ရေရှရှိရေးလုပ်ငန်း။ မြို့တွင်းနှင့်လမ်းမကြီးများတွင် ရေစီးရေလာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငလိုက်ချောင်းမှ ချောင်းမကြီးဆည်သို့ ရေအားဖြည့်ခြင်း လုပ်ငန်းအပါအဝင် ပျဉ်းမနားမြို့၊ ဇမ္မူသီရိမြို့၊ ဥတ္တရသီရိမြို့၊ ပုဗ္ဗသီရိမြို့၊ ဝန်ကြီးဌာန ရုံးများအားလုံး နှင့် သံတမန်၊ စစ်သံမှူးအိမ်ရာများအတွက် ပေါင်းလောင်းဆည်မှ ရေရယူ၍ ရေသန့်စင် ဖြန့်ဝေခြင်းလုပ်ငန်း၊ တပ်ကုန်းမြို့အတွက် ဆင်သေချောင်းမှ ရေရယူဖြန့်ဝေခြင်းလုပ်ငန်း၊ ကျေးရွာများ သောက်သုံးရေရှရှိရေး ဆောင်ရွက်ပေးခြင်း၊

(ဃ) ဆည်တာတမံတည်ဆောက်ခြင်း။ ငလိုက်ချောင်းအား ကျန်ရှိသောနေရာများတွင် ရေတိုက်စားမှုမှကာကွယ်ရန် ကျောက်ရိုးစီ Lining ပြုလုပ် ထိန်းသိမ်းကာကွယ်ခြင်း၊ ငလိုက်ချောင်းတွင် Rubber Dam (၁) တည်ဆောက်ခြင်း၊ သပြေစမ်းချောင်း Level မြှင့်ခြင်း နှင့် Drop Structure ၁၈ ခု တည်ဆောက်ခြင်း၊

(င) လျှပ်စစ်ဓာတ်အားပေးခြင်း နှင့် ဓာတ်အားလိုင်းများတည် ဆောက်ခြင်း။ ပုဗ္ဗသီရိမြို့၊ ဒက္ခိဏာသီရိမြို့နှင့် ရွှေကြာပင်ရပ်ကွက်များတွင် ဓာတ်အား မရရှိသောနေရာများ၊ မီးမရရှိသေးသော လမ်းမများ အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့်ခွဲရုံများ ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းပေးခြင်း၊ မြို့နယ် ၈ မြို့နယ်ရှိ ကျေးရွာများအား လျှပ်စစ်မီးရရှိရေးအတွက် စီမံချက်ချပြီး (၃၃/၁၁ကေဗွီ) ဓာတ်အားခွဲရုံများ ဆောက်လုပ်ပေးခြင်း၊ သံတမန်၊ စစ်သံမှူး အိမ်ရာဒဂုက္ကက် ပြင်ပလျှပ်စစ်မီးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(စ) ဆက်သွယ်ရေးလုပ်ငန်း။ သံတမန်၊ စစ်သံမှူးအိမ်ရာများ နှင့် ဒက္ခိဏာသီရိ မြို့တွင်ကျန်ရှိနေသော ဆက်သွယ်ရေးကွန်ရက်

ဖြည့်စွက် ဆောင်ရွက်ပေးခြင်း၊ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်ရုံး၊ ခရိုင်ရုံး ၉ ရုံးတွင် e-government Network ချိတ်ဆက် ရန်အတွက် ဆက်သွယ်ရေးကွန်ယက်တည်ဆောက်ခြင်း၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ ခရိုင်/မြို့နယ်ရုံးများ တယ်လီဖုန်း လိုင်း နှင့် CATV လုပ်ငန်းဆောင်ရွက်ခြင်း။

(၂) ဖွံ့ဖြိုးရေးလုပ်ငန်းများ

ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းရှိ တောင်ပေါ်ဒေသများတွင် မြေသားလမ်းများအား ပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းနှင့် ကျောက်ခင်းလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ မြို့နယ် ၈ မြို့နယ် တွင် ကျေးလက်လမ်းများအား မြေသားလမ်း နှင့် လိုအပ်သော ရေထုတ်ပြွန်တံတားများဆောက်လုပ်ခြင်း၊ကျေးရွာများသောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးခြင်း၊

(၃) ဆည်ရေသောက်လုပ်ငန်းများ

၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ပေါင်းလောင်းရေလှောင်တမံ၊ ချောင်းမငယ် ရေလှောင်တမံ၊ မဒန်းရေလှောင်တမံ၊ ဖောင်းလောင်း ရေလှောင်တမံ၊ နေပြည်တော် အဆင့်မြင့်လယ်ယာ ဖော်ထုတ်ရေး စီမံကိန်း၊ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ရေကန်တိုးချဲ့ တူးဖော်ခြင်း စီမံကိန်း၊ ငလိုက်တူးမြောင်းကျောက်စီခြင်း၊ ရေဆင်းတူးမြောင်းမကြီး ကျောက်စီခြင်း၊ ကရင်ချောင်း ရေလှောင်တမံ စီမံကိန်း၊ ကြခတ် ရေလွှဲ ဆည် တည်ဆောက်ခြင်း၊ ဆင်သေတူးမြောင်းမကြီး ကျောက်စီခြင်း လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆည်မြောင်း ဦးစီးဌာနမှ ရေဆင်းဆည်ရေသောက်စနစ်၊ ငလိုက်ဆည် ရေသောက်စနစ်၊ ဆင်သေဆည်ရေသောက်စနစ်၊ ပေါင်းလောင်း ရေလှောင်တမံစီမံကိန်း၊ မဲဟော်ရေလှောင်တမံ ၊ မဒါန်းရေလှောင်တမံ စီမံကိန်း၊ စက်စက်ယို ရေလွှဲဆည်ရေသောက် (ဆင်သေရာဘာဆည်) တည်ဆောက်ခြင်း၊ ဖောင်းလောင်းရေလှောင်တမံ စီမံကိန်း၊ ဒက္ခိဏ သီရိမြို့နယ် ဧက ၃,၀၀၀ စီမံကိန်း၊ ဂုံးတောင် ရေလှောင်တမံ

စီမံကိန်း၊ ရွှေကျောင်းကုန်း ရေလှောင်တမံစီမံကိန်း၊ နေပြည်တော် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများစသည်တို့ကို ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

(ဃ) ပို့ဆောင်ရေး

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် နေပြည်တော်ယာဉ်မောင်း စစ်ဆေးရေးကွင်း ပထမအဆင့် တည်ဆောက်ရေးစီမံကိန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နေပြည်တော် ယာဉ်မောင်း စစ်ဆေးရေးကွင်း ဒုတိယအဆင့် တည်ဆောက်ရေး စီမံကိန်းကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(င) ဟိုတယ်တည်ဆောက်မှုအခြေအနေ

ပြည်တွင်းပြည်ပမှ လာရောက်မည့် ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရေး အတွက် ဟိုတယ်အခန်းများ တိုးချဲ့တည်ဆောက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဧရယျာသီရိ မြို့နယ်တွင် ဟိုတယ် ၁ လုံး၊ ပုဗ္ဗသီရိ မြို့နယ်တွင် ဟိုတယ် ၁၀ လုံး၊ ဥတ္တရသီရိ မြို့နယ်တွင် ဟိုတယ် ၇ လုံးနှင့် ဒက္ခိဏသီရိ မြို့နယ်တွင်ဟိုတယ် ၁၀ လုံး၊ စုစုပေါင်းဟိုတယ် ၂၈ လုံး ဆက်လက် တိုးချဲ့ ဆောင်ရွက်ရန် ရည်မှန်းပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဟိုတယ် ၅၃ လုံး အထိ တိုးချဲ့ ဆောက်လုပ်နိုင်ရန် ရည်မှန်းထားပါသည်။

၄။ ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သော လူမှုစီးပွားရေးနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး

(က) ပညာရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အန္တရာယ်ရှိသော ကျောင်းများအား ပြုပြင်ခြင်း လုပ်ငန်း ၅ကျောင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းများအား ပြုပြင်ခြင်းလုပ်ငန်း ၅၇ ကျောင်း၊ ကျောင်းအဆောင်သစ်တိုးချဲ့ခြင်း၊ သိပ္ပံလက်တွေ့ ဆောင် ၈ ဆောင် တိုးချဲ့ဆောက်လုပ်ရန် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အထက်တန်း ၄၈ ကျောင်း၊ အလယ်တန်း ၄၆ ကျောင်း၊ မူလတန်း ၅၈၇ ကျောင်းအထိ ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

စာသင်ကျောင်းများ အဆင့်တိုးမြှင့်ရန်နှင့် လုံလောက်သော ကျောင်းနှင့် ပရိဘောဂများ၊ သင်ထောက်ကူ ပစ္စည်းများပြည့်စုံစေရန်၊ စာသင်ကြားရမည့် အရွယ်တွင် လူတိုင်း စာသင်ကြားနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်၊

ပညာရေးသင်ကြားရန် ခက်ခဲသူများအားအတန်းအလိုက် ပညာသင်ထောက်ပံ့ကြေးနှင့် လိုအပ်သောပစ္စည်းများ ပြည့်စုံအောင် ဆောင်ရွက်ပေးရန် ရည်မှန်း ထားပါသည်။

(ခ) ကျန်းမာရေး

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေပြည်တော် ၂၅ ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ခြင်း၊ လယ်ဝေး၊ သစ်ပုတ်ပင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ပျဉ်းမနား၊ ဇီးကုန်း ကျေးလက်ကျန်းမာရေးဌာန၊ ပျဉ်းမနား၊ ကျည်တောင်ကန် ကျေးလက် ကျန်းမာရေးဌာန၊ ဇမ္ဗူသီရိ၊ အလျင်လိုကျေးလက် ကျန်းမာရေးဌာန၊ ဇေယျာသီရိ၊ သိုက်ချောင်းကျေးလက် ကျန်းမာရေးဌာနခွဲ၊ သာယာစုကျေးလက် ကျန်းမာရေးဌာနခွဲ၊ စည်ပင်ကြီး ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ရွာသစ်ကုန်း ကျေးလက် ကျန်းမာရေးဌာနခွဲ၊ တပ်ကုန်း၊ရွှေမြို့ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ လယ်ဝေး၊ သာဝတ္ထိ ၁၆ ခုတင်ဆံ့ဆေးရုံ၊ တောင်ညို ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ၊ ဥတ္တရသီရိ၊ ဘုရားတောင် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လယ်ဝေး၊ ဗောဓိကုန်း ကျေးလက်ကျန်းမာရေးဌာန၊ တပ်ကုန်း၊ နွယ်ရစ်ကျေးလက် ကျန်းမာရေးဌာနခွဲ၊ တပ်ကုန်း၊ ကင်းသာကျေးလက် ကျန်းမာရေးဌာနခွဲ၊ လယ်ဝေး၊ စက်ဝိုင်း ကျေးလက်ကျန်းမာရေးဌာနခွဲ၊ လယ်ဝေး၊ ပျဲချီ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာန ၂ ခု စသည့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၆ ခု တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။

(ဂ) အားကစားဖွံ့ဖြိုးတိုးတက်ရေး

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားဝန်ကြီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဝဏ္ဏသိဒ္ဓိ Sport Complex တည်ဆောက်ခြင်းနှင့် ဇေယျာသီရိအဆင့်မြင့် အားကစားကွင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာအဆင့်မီ အားကစားကွင်း၊ အားကစားရုံများ ပြီးစီးအောင်ဆောက်လုပ်ရန် နှင့် အားကစားတက္ကသိုလ် ၁ ခု တိုးချဲ့ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။

(ဃ) သောက်သုံးရေဖူလုံရေးစီမံကိန်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း လယ်ဝေးမြို့နယ်တွင် စက်ရေတွင်း ၃၈တွင်း၊ တပ်ကုန်းမြို့နယ်တွင် ၃ တွင်း၊ ဇေယျာသီရိမြို့နယ်တွင် ၄ တွင်း၊ ဇမ္ဗူသီရိမြို့နယ်တွင် ၁ တွင်း၊ ဥတ္တရသီရိမြို့နယ်တွင် ၃တွင်း၊ပုဗ္ဗသီရိမြို့နယ်တွင် ၁၃တွင်း၊

ဒကွိဏာသီရိမြို့နယ်တွင် ၅ တွင်း၊ စုစုပေါင်း ၆၇ တွင်း တူးဖော်နိုင်ရေး ရည်မှန်းထား ပါသည်။

၅။ ကဏ္ဍအချင်းချင်း ရိုက်ဆက်မည့် လုပ်ငန်းစဉ်များ

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျေးလက်ဒေသရှိ ပြည်သူများ၏ လူမှုဘဝများ တိုးတက်မြင့်မားလာစေရေးအတွက် ကျေးလက်သောက်သုံးရေရရှိရေး၊ ကျေးလက်ပြည်သူများ ဝင်ငွေတိုးတက်မြင့်မားရေး စသည်တို့ကို ဦးစားပေး ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

(ခ) သောက်သုံးရေရရှိရေး

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် တွင်းတိမ် ၁၅တွင်း၊ တွင်းနက် ၁၅တွင်း၊ မြေသားရေကန် ၁၄ ကန်၊ စိမ့်စမ်း ၄ တွင်း နှင့် အခြားရေပေးရေးလုပ်ငန်း ၁ ခုကို ဆောင်ရွက်သွားမည်ဟု ရည်မှန်းထားပါသည်။

(ဂ) အခြေခံအဆောက်အဦများ ဖွံ့ဖြိုးရေး

ကျေးလက်နေလူငယ်များ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် စာကြည့်တိုက်ပေါင်း ၁၀၃ ခု ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်နှင့် စေတနာရှင်များ ထံမှ ပံ့ပိုးမှုများ ရရှိနိုင်ပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မည်ဟု ရည်မှန်း ထားပါသည်။

၆။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွင်း ဖြစ်ပေါ်လာမည့် စီးပွားရေးအခြေအနေ

အထက်ဖော်ပြပါ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပါက နေပြည်တော်ကောင်စီနယ်မြေ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကို ပုံပြ ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-

ပုံ ၃-၁၅-၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ

စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



နေပြည်တော်ကောင်စီနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး နှင့် ဝန်ဆောင်မှု တန်ဖိုးသည် နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅၃၀,၅၂၁.၀ သန်း နှင့် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁,၅၁၄,၇၃၈.၄ သန်း ထုတ်လုပ်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ငါးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၂၄.၈ ရာခိုင်နှုန်း တိုးတက်နိုင် မည်ဟု ရည်မှန်းထားပါသည်။

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

၇။ ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနမှ တစ်ပိုင်တစ်နိုင် ဝက်၊ ကြက် မွေးမြူရေး၊ တစ်အုပ်တစ်မ (ဒေသန္တား)မွေးမြူရေး၊ နို့စားနွားမွေးမြူရေး၊ အသေးစား နို့ပြုပြင်စက်ရုံ၊ ပညာပေးသင်တန်း၊ မွေးမြူရေးနှင့် သားငါးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ စသည် တို့ကိုဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၃,၅၃၃ သန်းဖြင့် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၄,၀၂၁ သန်း ဖြင့်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၄,၀၈၃ သန်းဖြင့်လည်းကောင်း လုပ်ငန်းများကို ဆောင်ရွက် သွားရန် ရည်မှန်းထားပါသည်။

၈။ နေပြည်တော်ကောင်စီနယ်မြေ၏ အစီအစဉ်ဖြင့်ဆောင်ရွက်မည့်အထူးဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည့် အထူးဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှု လျာထားချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁)	လမ်းနှင့်တံတားတည်ဆောက်ခြင်း	
	- ကွန်ကရစ်လမ်းခင်းခြင်း	ကျပ် ၃၆,၈၄၉.၂၃၄ သန်း
	- နိုင်လွန်ကတ္တရာလမ်းခင်းခြင်း	ကျပ် ၂၅,၉၇၄.၃၀၀ သန်း
	- ကတ္တရာလမ်းခင်းခြင်း	ကျပ် ၃,၀၂၄.၃၂၀ သန်း
	- မြေသားလမ်းဆောင်ရွက်ခြင်း	ကျပ် ၄၄၄.၁၆၂ သန်း
	- လမ်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း	ကျပ် ၁၄,၆၃၁.၀၃၈ သန်း
(၂)	အဆောက်အဦတည်ဆောက်ခြင်း	ကျပ် ၉,၀၀၀.၀၀၀သန်း
(၃)	ရေရှိရေးဆောင်ရွက်ခြင်း	-
(၄)	ဆည်တာတမံများတည်ဆောက်ခြင်း	ကျပ် ၄,၅၀၀.၉၈၄ သန်း
(၅)	လျှပ်စစ်မောတ်အားပေးရေးနှင့်မောတ်အားလိုင်းများ တည်ဆောက်ခြင်း	ကျပ် ၉,၇၁၂.၇၀၂ သန်း
(၆)	ဆက်သွယ်ရေးလုပ်ငန်း	ကျပ် ၃၅၇.၂၈၆ သန်း
(၇)	ဖွံ့ဖြိုးရေးလုပ်ငန်းများ	ကျပ် ၅,၇၂၉.၆၆၆ သန်း
	စုစုပေါင်း	**ကျပ် ၁၁၀,၂၂၃.၆၉၂သန်း**

နေပြည်တော်ကောင်စီနယ်မြေ အစီအစဉ်ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များမှာ ဌာနဆိုင်ရာများ၏ ခန့်မှန်းဖော်ပြချက် အရ ဆောင်ရွက်နိုင်မည်ဟု ရည်မှန်းထားပါသည်။

၉။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သဘာဝဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်ရန် အသိပညာပေး ဟောပြောခြင်း နှင့် လက်ကမ်းစာစောင်များ ဝေငှခြင်း လုပ်ငန်းများကို အကြိမ် ၅ ကြိမ်၊ သင်တန်းသားဦးရေ ၆၀၅ ဦးတို့ကို ဟောပြောခြင်းများပြုလုပ်ခဲ့ပါသည်။

(ခ) ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွင်း ဘေးဖြစ်ပွားနိုင်သည့် ကျေးရွာများသို့ သဘာဝဘေးအန္တရာယ် လျော့ပါးစေရေးအတွက် အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဝေငှခြင်း၊ မြေစိုက်ပိုစတာ စိုက်ထူခြင်းလုပ်ငန်းများကို ၁၅ ကြိမ်၊ အကြိမ် ၂၀ အသီးသီး ကွင်းဆင်းဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(ဂ) ကာလတို ၅ နှစ်အတွင်း သဘာဝဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်ရန် ရပ်ရွာအခြေပြု ကိုယ့်အားကိုယ်ကိုး သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့များကို နေပြည်တော်ကောင်စီနယ်မြေ၊ ကျေးရွာများ၌ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) ကာလတို ၅ နှစ်အတွင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနေ့ (IDDR-day) အခမ်းအနားကို သဘာဝဘေး အသိပညာပေး ပြည်သူ့လှုပ်ရှားမှုအသွင်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်စဉ် ကျင်းပသွားမည်ဖြစ်ပါသည်။

(င) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရပ်ရွာအခြေပြု သဘာဝဘေး ကြိုတင်ကာကွယ်ရေး စွမ်းဆောင်ရည်မြှင့် သင်တန်းများကို ၅ ကြိမ်နှင့် လူဦးရေပေါင်း ၃၁၇ ဦးအား သင်တန်းပို့ချ ပေးခဲ့ပါသည်။

(စ) ကာလတို ၅ နှစ်အတွင်း ရပ်ရွာအခြေပြု သဘာဝဘေးကြိုတင်ကာကွယ်ရေး စွမ်းဆောင်ရည်မြှင့် သင်တန်းများကို တစ်နှစ်လျှင် ၅ ကြိမ် ဖွင့်လှစ် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ဆ) သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီနှင့် ရဲတပ်ဖွဲ့ဝင်များဖြင့် အရေးပေါ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန အနေဖြင့် အရေးပေါ် ကူညီထောက်ပံ့ရေး၊ အခိုအကာ ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(ဇ) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မီးဘေး၊ ရေဘေး စုစုပေါင်း ၁၅ ကြိမ် ဖြစ်ပွားခဲ့ရာ ဘေးဒဏ်ခံစားရသော အိမ်ထောင်စု ၁,၅၄၆ စုနှင့် လူဦးရေ ပေါင်း ၅,၇၆၀ ဦးတို့အတွက်

ကယ်ဆယ်ရေးပစ္စည်း ၈ မျိုးနှင့် ဆန်ဖိုးငွေများကို ဘေးဖြစ်ရာ ဒေသသို့ သွားရောက်ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြပါသည်။

(ဈ) ကာလတို ၅ နှစ်အတွင်း သဘာဝဘေးကြုံတွေ့ခဲ့ရသော နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အိမ်ထောင်စုများသို့ ထောက်ပံ့လျက်ရှိသော ကယ်ဆယ်ရေးပစ္စည်း ၈ မျိုးအား အိမ်ထောင်စု ၁,၀၀၀ စာ ပြည့်မီရေး ဖြည့်တင်းသွားရန် နှင့် ခြင်ထောင်လုံးရေ ၁,၀၀၀ ကို ကယ်ဆယ်ရေးပစ္စည်း အဖြစ် ဖြည့်တင်းသွားရန် ဖြစ်ပါသည်။ သို့ဖြစ်ရာ သဘာဝဘေးသင့်သူများအား ကာလတို ၅ နှစ်အတွင်း ကယ်ဆယ်ရေးပစ္စည်း ၉ မျိုးအထိ ထောက်ပံ့သွားရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ည) အရေးပေါ် အမိုးအကာထူထောင်ရေးအတွက် ရွက်ဖျင်တဲ၊ တာပေါ်လင်ပလပ်စတစ်လိပ်များ ထပ်မံဖြည့်တင်းနိုင်ရေးအတွက် ဗဟိုသိုလှောင်ရုံ (ရန်ကုန်/မန္တလေး)တို့ဖြင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

(ဋ) နေပြည်တော်ကောင်စီနယ်မြေအတွင်း ဥတ္တရခရိုင်ရုံး နှင့် ဒက္ခိဏခရိုင်ရုံး ၂ ရုံး တိုကိုဖွင့်လှစ်သွားရန် နှင့် ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းသိုလှောင်ရုံများ ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

(ဌ) နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဦးစီးမှူးရုံး ဖွဲ့စည်းပုံခွင့်ပြုခဲ့သဖြင့် ကာလတို ၅ နှစ်အတွင်း ဌာနဆိုင်ရာ ငွေထုတ်စာရင်းဖွင့်လှစ်လျက် အိမ်ဆောက်ပစ္စည်းဖိုး နှင့် စိုက်ပျိုးရေးမျိုးစရိတ် ထုတ်ပေးခြင်းစသည့် ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ထောင်ရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဍ) ကာလတို ၅ နှစ်အတွင်း တိုင်းဦးစီးမှူးရုံး နှင့် ခရိုင်ရုံး ၂ ရုံး ဖွင့်လှစ်နိုင်ရေး နှင့် ရုံးလုပ်ငန်းများ စွမ်းရည်ပြည့်လည်ပတ်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိဂုံး

နေပြည်တော်ကောင်စီနယ်မြေသည် ဒေသအတွင်း ရည်မှန်းချက်များ ချမှတ်ကာ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ

ဆောင်ရွက်နေသော မူဝါဒများ၊ နည်းဥပဒေများနှင့်အညီ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGO, INGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများသာမက ဒေသခံပြည်သူလူထုအားလုံးမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်သော နိုင်ငံတကာအဆင့်မီ မြို့တော်တစ်ခုဖြစ်ပေါ်လာမည် ဖြစ်ပါသည်။

အခန်း(၄)

ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး

(Inclusive Growth for Entire Population)

အခန်း(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေး
(Inclusive Growth for Entire Population)

၄-၁။ ပညာရေး(ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သောပညာရေးစနစ်ဆီသို့)

၄-၂။ ကျန်းမာရေး (ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်းဆီသို့)

၄-၃။ လူမှုဖူလုံရေး နှင့် လူမှုအကာအကွယ်ပေးရေး

၄-၄။ လမ်းပန်းဆက်သွယ်ပို့ဆောင်ရေး (မြို့ပြ-ကျေးလက် ဆက်သွယ်လမ်းများတိုးမြှင့်ရေး)

၄-၅။ ဆက်သွယ်ရေး (လူတိုင်းအတွက်ဆက်သွယ်ရေး၊ နေရာတိုင်း အတွက် ဆက်သွယ်ရေး)

၄-၆။ သောက်သုံးရေဖူလုံရေး(အချိန်အခါမရွေးသောက်သုံးရေဖူလုံရေး)

၄-၇။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး

၄-၈။ ခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးရေး (သဘာဝ အခြေခံခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးရေး)

၄-၉။ မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး (အားလုံးအတွက် အိမ်ရာ၊ ကျန်းမာရေးနှင့် လျော်ညီသောအိမ်ရာ)

၄-၁၀။ ယဉ်ကျေးမှုနှင့်အမျိုးသားအမွေအနှစ်များထိန်းသိမ်းရေး

၄-၁၁။ ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ

၄-၁၂။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်း

အခန်း(၄)
ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး
(Inclusive growth for entire population)

လူမှုရေးနှင့်စီမံခန့်ခွဲရေး

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာအားကောင်းသော စီးပွားရေးအဆောက်အဦ ဖြစ်ပေါ်လာရန်နှင့် လျင်မြန်သော တိုးတက်မှုရရှိရန် ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်သည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထု ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေး၊ ကျွမ်းကျင်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာရေး၊ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး၊ အကာအကွယ်ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေး နှင့် လူမှုအကာအကွယ်ပေးရေး၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေးတို့အပြင် ယဉ်ကျေးမှု၊ အားကစားအစရှိသော လူမှုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ တိုးတက် ဆောင်ရွက်ရန် လျာထားပါသည်။

လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်။

ပုံ ၄-၁
ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ
လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်စျေးနှုန်း)



ဇာစ်မြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းရုံးများ

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)တွင် လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၁၀.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈၆၇,၃၂၁.၇ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈၉၅,၀၇၁.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၃.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၃၅၅,၆၁၀.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၂၇.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၈၈၆,၂၂၂.၁ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၂၁.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၉၅၀,၉၆၉.၈ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၂.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ-၄-၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ

လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးတွင် ဘာသာရေး အသင်းအဖွဲ့များ၊ NGO, INGO များ၏ ခရီးသွားလာမှု စရိတ်များ နှင့် လုပ်ငန်း ဆောင်ရွက်မှု ကုန်ကျစရိတ်များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ၏ ဝန်ဆောင်မှု အသုံးစရိတ်များ၊ ဦးစီးဌာနများ၏ ဝန်ထမ်းလစာနှင့် အသုံးစရိတ်များတို့ ပါဝင်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ-၄-၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်များ

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အဓိကသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ-၄-၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ-၄-၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ၏ အခြေအနေကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ-၄-၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များ

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းရုံးများ

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန်၊ အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ပေးရန်၊ လူမှုရေးအဖွဲ့အစည်းများမှ အသုံးစရိတ်များကို တိုးတက် သုံးစွဲသွားရန် ရည်မှန်းထားပါသည်။

၄-၁။ ပညာရေး (ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်သောပညာရေးစနစ်ဆီသို့)

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ငြိမ်အေးချမ်း၍ စီးပွားရေး ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်သားဈေးကွက်ကို ဖြည့်ဆည်းနိုင်မည့် ကျွမ်းကျင် လုပ်သားများနှင့် အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ပညာရေးစနစ်ဖြင့် ဦးတည် လျှောက်လှမ်းလျက်ရှိပါသည်။

ပညာရေးကဏ္ဍသည် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရသော အဓိက ကျသည့် အခန်းကဏ္ဍဖြစ်ပါသည်။ ပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်သော ကျောင်းသား၊ ကျောင်းသူများကို မူလတန်းအဆင့်မှစ၍ စူးစမ်းလေ့လာမှု၊ တီထွင်ကြံဆတတ်မှု၊ စဉ်းစား

တွေးခေါ်နိုင်မှု၊ ပြဿနာဖြေရှင်းနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု စသည့် အရည်အသွေးများနှင့် ပြည့်ဝစေရေးအတွက် ကလေးဗဟိုပြုသင်ယူမှုချဉ်းကပ်နည်း (Child Centered Approach -CCA)ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် လေ့ကျင့်သင်ကြားပေးနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး(Comprehensive Education Sector Review- CESR)တွင် နိုင်ငံတကာ နှင့် နှိုင်းယှဉ် လေ့လာ သုံးသပ်ချက်များအရ အခြေခံပညာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပြီးဆုံးချိန်တွင် ဝါသနာပါရာ အားသန်သည့် စက်မှု၊ လက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ နည်းပညာများစသည့် အရည်အသွေးပြည့်ဝသည့် အလယ်အလတ် ကျွမ်းကျင်သူများစွာ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ပြုလုပ်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

မူလတန်းကြိုပညာရေးမှသည် အဆင့်မြင့်ပညာရေးအထိ ခေတ်မီသင်ယူမှု လုပ်ငန်းစဉ်များကို ဖြစ်ထွန်းစေမည့် သင်ကြားနည်းများ၊ ကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးမှုကို အားပေးသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ကြားမှုဆိုင်ရာ ဝန်းကျင်ကောင်းများ၊ အရည်အသွေးရှိသည့် ဆရာ၊ ဆရာမများ၊ စနစ်နှင့် ကိုက်ညီသည့် စစ်ဆေးအကဲဖြတ် နည်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါသည်။ အကောင်အထည်ဖော်ရန် လိုအပ်သည့် ဘဏ္ဍာငွေ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာရပ်များ စသည့် အထောက်အပံ့ အကူအညီများကို နိုင်ငံတော်ကသာမက ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ မှ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းဖြင့် အလယ်အလတ် နည်းပညာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများကို အရည်အသွေးပြည့်ဝစွာဖြင့် မွေးထုတ်ပေးနိုင်မည်ဖြစ်၍ နိုင်ငံတော်၏ အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးပေးနိုင်မည့် ပညာရေးစနစ် ဆီသို့ ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာလုပ်ငန်းများ မူဝါဒချမှတ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ရန်အတွက် ဥက္ကဋ္ဌအဖြစ် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ပါဝင်သော "အမျိုးသားပညာရေး ကော်မတီ"ကို လည်းကောင်း၊ တက္ကသိုလ်ဖွင့်လှစ်ထားရှိသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ အပါအဝင် တာဝန်ရှိသူများပါဝင်သော "တက္ကသိုလ်များဗဟိုကောင်စီ" နှင့် "တက္ကသိုလ် ပညာရေးအဖွဲ့များကောင်စီ"ကို ဖွဲ့စည်းပြီးစနစ်တကျ ဆောင်ရွက်လျက် ရှိပါသည်။

ပညာရေးကဏ္ဍမူဝါဒ

ပညာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင်ထားရှိသော ပညာရေးကဏ္ဍမူဝါဒမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(က) ပညာရေး

ပညာရေးဝန်ကြီးဌာန၏ အဓိုးသားပညာရေးမူဝါဒများမှာဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) မြန်မာ့အဓိုးသား ပညာရေးသည် တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာများ ထိန်းသိမ်းရေး၊ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ မြန်မာ့တန်ဖိုးများမူဟန်မယွင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းကို ဖော်ဆောင်နိုင်သည့် ပညာရေး (Education for Sustainable Development) ဖြစ်စေရန်၊

(၂) နိုင်ငံတကာစံမီပြီး အနာဂတ်နိုင်ငံတော်၏ ခေတ်မီစီးပွားရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် လူ့ဘောင် အဖွဲ့အစည်း ဖြစ်ထွန်းစေရန်၊

(၃) ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်မွေးဝမ်းကျောင်းပညာများ သင်ကြား လေ့ကျင့်ပေးပြီး ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေး၊ စက်မှု နှင့် သက်မွေးပညာများ အားပေးမြှင့်တင် တိုးချဲ့စီမံသွားရန်၊

(၄) ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး အနာဂတ် ဒီမိုကရေစီ လူ့အဖွဲ့အစည်းကျင့်စဉ် နှင့် ပြည်သူ့နီတိနားလည် သိရှိသော နိုင်ငံကြီးသားပီသသူများ၊ ဗလ ငါးတန် ပြည့်ဝသူများ၊ တီထွင် ဖန်တီးနိုင်စွမ်း ရှိသူများဖြစ်အောင် နိုင်ငံတကာအဆင့်မီ ခေတ်မီ အဆင့်မြင့်ပညာရပ်များဖြင့် လေ့ကျင့် ပြုစုပျိုးထောင်သွားရန်၊

(၅) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိစေရန် နှင့် နိုင်ငံသားတိုင်း အခြေခံပညာ တတ်မြောက်စေရန်အတွက် အခမဲ့ မသင်မနေရ မူလတန်းပညာရေး ဆောင်ရွက်ရန်၊

(၆) အခြေခံပညာရေးတွင် နိုင်ငံတကာ အခြေခံပညာရေး ဖွဲ့စည်းပုံ နှင့် အညီ မူကြို(KG)+ ၅-၄-၃ သင်ကြား လေ့ကျင့်နိုင်ရေး အဓိုးသား

ပညာရေး မူဝါဒနှင့်ဥပဒေတွင် ထည့်သွင်းရေးဆွဲပြီး အတည်ပြု ပါကပြင်ဆင် စီမံ ဆောင်ရွက်သွားရန်၊

(ဂ) ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ၊ ကျန်းမာရေးဆေးပညာ၊ ဆရာအတတ်ပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ဆေးပညာ၊ သစ်တော နှင့် အခြားအထူးပြုနယ်ပယ်စုံ ပါဝင်သည့် ဘက်စုံ လွှမ်းခြုံ နိုင်သော ပညာရေးကို ဖော်ဆောင်ရန်၊

(ဃ) နိုင်ငံသားတိုင်း ဘဝတစ်သက်တာ အစဉ်လေ့လာ သင်ယူနိုင်သည့် အခွင့်အလမ်းနှင့် ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်သည့် ဘဝ တစ်သက်တာ ပညာရေး (Life-Long Education) ဖြစ်စေရန်။

အမျိုးသားပညာရေး ရည်မှန်းချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းတွင် မြန်မာ့အမျိုးသား စရိုက်လက္ခဏာများ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊

(၂) မြန်မာနိုင်ငံသူ၊ နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ် ဖွံ့ဖြိုးလာစေရန်၊

(၃) ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ရသ၊ သက်မွေးနှင့် ကိုယ်ကျင့်သိက္ခာ အပါအဝင် ဘက်စုံဖွံ့ဖြိုးမှု (all – round development) ရှိသည့် လူတော်လူကောင်း၊ လူရည်ချွန် လူရည်မွန်များ မွေးထုတ်ပေးရန်၊

(၄) ပြည်သူ့နီတိကျင့်စဉ်များနှင့် ဒီမိုကရေစီ အလေ့အကျင့် ကျင့်စဉ်များဖြင့် ပြည်သူ၊ ပြည်သားကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊

(၅) ပညာရပ်နယ်ပယ်အလိုက် အဆင့်မြင့်စွာတတ်မြောက်သော အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နည်းပညာရှင်များမွေးထုတ်ပေးရန်၊

(၆) အသက်မွေးဝမ်းကျောင်း ပညာရပ်များအလိုက် နိုင်ငံလိုအင်နှင့် အညီ ကျွမ်းကျင်သူများ လေ့ကျင့်ပြုစု ပျိုးထောင်ပေးရန်၊

(၇) မြန်မာနိုင်ငံသား တစ်ဦးအဖြစ် မြတ်နိုး ဂုဏ်ယူတတ်စေရန်၊

(၈) နိုင်ငံသားတိုင်း ဘဝတစ်သက်တာ ပညာသင်ယူခွင့် အခွင့်အလမ်းများ ရရှိပြီး နိုင်ငံတကာ အရည်အသွေးမီသည့် ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်း ပညာရှင်များအဖြစ် ပြုစု ပျိုးထောင်ရန်၊

(၉) တက္ကသိုလ်များသည် နိုင်ငံတော်၏ "ပညာ အခြေပြု စီးပွားရေး စနစ်" (Knowledge-based Economic System) ကို ဖော်ဆောင်နိုင်သည့် "လူမှုစီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြု ဌာန" ဖြစ်လာစေရန်၊

(၁၀) အရည်အချင်း ပြည့်မီသူတိုင်း တက္ကသိုလ်ပညာ သင်ယူခွင့် ရရှိ စေရန်။

မူကြိုပညာရေးမူဝါဒများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) သက်ဆိုင်ရာဒေသရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဘာသာ စကားတို့နှင့်ဆီလျော်ပြီးအရည်အသွေးပြည့်ဝသောမူကြို ပညာရေး ကို အကောင်အထည်ဖော်သွားရန်၊ ရှေးဦး ကလေးသူငယ် ပြုစုပျိုး ထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာပညာရေးကို ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ ညှိနှိုင်းစီမံပေးသွားရန်၊

(၂) အသက် (၅) နှစ်ပြည့်ပြီး ကလေးများအားလုံး ဘက်စုံဖွံ့ဖြိုးရန် အတွက် မူကြိုပညာရေးကို ပထမတန်းသို့ ကူးပြောင်းမှု လွယ်ကူ စေရေး ပြုစုပျိုးထောင်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်၊

(၃) ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှု ဆိုင်ရာ သတင်းအချက်အလက်စနစ် (ECCD-Management Information System) ကို ပညာရေး စီမံခန့်ခွဲမှုဆိုင်ရာ သတင်း အချက်အလက်စနစ် (Education Management and Information System) တွင် ထည့်သွင်းရန်၊

(၄) ကျောင်းအခြေပြု မူကြိုများတွင် တာဝန်ယူနေသောဆရာကို နိုင်ငံ့ ဝန်ထမ်းအဖြစ် အသိအမှတ်ပြု၍ အရည်အသွေး မြှင့်တင်ခြင်း နှင့် အဆင့်ဆင့် တိုးတက်နိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရန်။

မူကြိုပညာရေးလုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) အရည်အသွေးရှိသော မူလတန်းကြိုပညာရေး သူငယ်တန်း (KG) အတွက် ဆရာ၊ ဆရာမ များအား သင်တန်းပေးရန် လျာထားခြင်း၊ မူကြိုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် သင်ထောက် ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်မည်၊

(၂) အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားအကူအညီ အထောက်အပံ့ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ရှိသည့် မူကြို ပညာရေးစီမံချက် လုပ်ငန်းများကို ဆက်လက် အကောင်အထည် ဖော်ဆောင်ရွက်မည်။

အခြေခံပညာရေး မူဝါဒများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) အခြေခံပညာ သင်ယူသူတိုင်း ဘက်စုံဖွံ့ဖြိုးသော လူကောင်း လူတော်၊ လူရည်ချွန် လူရည်မွန်များ ဖြစ်လာအောင် ပြုစုပျိုးထောင် ပေးရေးဆောင်ရွက်ရန်၊

(၂) ပညာရေးအကောင်အထည်ဖော်မှု လုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်း အဆင့်အတန်းရှိအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထူးလိုအပ်သောနိုင်ငံတကာ အဆင့်မီ လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရေး ဆောင်ရွက်ရန်၊

(၃) အခမဲ့မသင်မနေရ မူလတန်းပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ရန် နှင့် အလယ်တန်းပညာတွင်ကျောင်းလခ နှင့် အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာ အသင်းကြေးများ မကောက်ဘဲ ပြဋ္ဌာန်းစာအုပ်များ အခမဲ့ ဖြန့်ဝေ ရေး ဆောင်ရွက်ရန်၊

(၄) ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု အခြေအနေကို အမြဲမပြတ် ကွင်းဆင်းလေ့လာခြင်း၊ ကြီးကြပ်ခြင်း၊ ဆန်းစစ်ခြင်း နှင့်လုပ်ငန်းအောင်မြင်မှုကိုအကဲဖြတ်ခြင်း၊ အထူးသဖြင့် အကဲဖြတ် ရရှိချက်တို့အပေါ် အခြေပြု၍ ပညာရေးလုပ်ငန်းတို့ကို ပိုမို ကောင်းမွန်အောင်ပြုပြင်ခြင်း၊ နိုင်ငံတကာအဆင့်မီအောင်ပြန်လည် မွမ်းမံခြင်းတို့ ဆောင်ရွက်ရန်၊

(၅) ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံသားကောင်းများ ပြုစုပျိုးထောင်နိုင်ရေး အတွက် ဆရာအတတ်ပညာကဏ္ဍ အရည်အသွေးမြှင့်တင်ရန်၊

(၆) ပညာရေးဝန်ထမ်းအားလုံး၏ လုပ်ငန်းဆိုင်ရာ အရည်အချင်းများ၊ ကိုယ်ကျင့်သိက္ခာများနှင့် ဦးဆောင်နိုင်မှုအရည်အသွေးများ ပြည့်စုံ ပြည့်ဝလာအောင် လိုအပ်သော လုပ်ခွင့်သင်တန်းများ ပေးခြင်း (လုပ်ခွင့်တွင်း၊ လုပ်ခွင့်သင်တန်း) ဆောင်ရွက်ရန်၊

(ဂ) အခြေခံပညာရေးကို လက်တွေ့ အကောင်အထည်ဖော်ကြရသည့် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးခြင်းဖြင့် အခြေခံပညာအဆင့် အရည်အသွေး မြှင့်တင်ရေး ဆောင်ရွက်ရန်၊

(ဃ) မျက်မှောက်ကာလတွင် အခြေခံပညာသင် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက မိမိတို့၏ ဘဝကိုကျေနပ်မြတ်နိုး ဂုဏ်ယူစိတ် မြှင့်တင်ရေးအတွက် အထောက်အပံ့ပေးရေး ဆောင်ရွက်ရန်၊

(င) ပညာသင်ယူရာတွင် အထူး လိုအပ်ချက်ရှိသော ကလေးငယ်များ အားလုံးအတွက် အထူးပညာရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေး ကို အမျိုးသားပညာရေး ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) ကျောင်းပညာရေး မသင်ယူနိုင်သော ကလေး သူငယ်များ၊ ရွှေ့ပြောင်း လုပ်ငန်းခွင်ရှိ မိဘတို့၏ သားသမီးများနှင့် အကြောင်း ကြောင်းကြောင့် ဒုက္ခသည်ဖြစ်လာသော ကလေးများအတွက် "ပညာရေး အထူးဝန်ဆောင်မှု" နှင့် "ဘုန်းတော်ကြီးသင် ပညာရေး" အစီအစဉ်များ ဖန်တီးပေးရေး ဆောင်ရွက်ရန်၊

(ဆ) သင်ယူလိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူခွင့် အခွင့်အလမ်းများ ရရှိစေရန် ပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာ သင်ရိုးသင် ပုဂ္ဂလိကကျောင်းများကို ဥပဒေနှင့်အညီ ခွင့်ပြု သင်ကြားစေခြင်းဖြင့် သင်ယူမှု အခွင့်အလမ်းများ ရရှိစေရန်၊

(ဇ) အခြေခံပညာရေးတွင် နိုင်ငံတကာစံနှုန်းနှင့်အညီပြည့်စုံကောင်းမွန်သည့် အရည်အသွေးရရှိနိုင်ရေးအတွက် ဘက်စုံဆန်းစစ်နိုင်သော ရလဒ်ဗဟိုပြု ဖော်ထုတ်သော စစ်ဆေးတိုင်းတာမှုစနစ် ပြောင်းလဲ ကျင့်သုံးရေး ဆောင်ရွက်ရန်၊

(ဈ) ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ စာပေနှင့်ယဉ်ကျေးမှုများ၊ အနုပညာနှင့် ရိုးရာဓလေ့များကို အခြေခံပညာသင်ရိုး ညွှန်းတမ်း များတွင် သင့်လျော်သလို ထည့်သွင်းလေ့လာစေနိုင်ရန် အမျိုးသား ပညာရေး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊

(၁၄) ပညာသင်ယူသူတိုင်း နိုင်ငံကိုချစ်မြတ်နိုးစိတ်၊ သစ္စာစောင့်သိရိုသေစိတ်၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး အေးအတူပူအမျှ အစဉ်ထာဝရပူးပေါင်းနေလိုစိတ်၊တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လေးစားမြတ်နိုး တန်ဖိုးထားစိတ်၊ တန်းတူရည်တူ ဆက်ဆံလိုစိတ်၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု အနုပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးလေးစားတန်ဖိုးထားပြီး ထိန်းသိမ်း မြှင့်တင်လိုစိတ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှု အခြေပြုသည့် မြန်မာ့အမျိုးသားစရိုက် လက္ခဏာများ ဖွံ့ဖြိုးရင့်သန်လာအောင် ပျိုးထောင်ပေးရေး သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲလေ့ကျင့် ပျိုးထောင်သွားရန်၊

(၁၅) ပညာလေ့လာသင်ယူရာတွင် လူမျိုး၊ ဘာသာ၊ မွေးရာဇာတိ၊ ကြီးပြင်းနေထိုင်ရာဒေသနှင့် ကျား၊မ ခွဲခြားခြင်းများ မရှိစေရေး ဆောင်ရွက်ရန်၊

(၁၆) တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းရင်းသား ဘာသာစကား တစ်ခုခုကို မူလတန်းအောက်ဆင့်တွင် ကျောင်းချိန်တွင်းဖြစ်စေ၊ ကျောင်းချိန်ပြင်ပတွင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစီအစဉ် ဆုံးဖြတ်သတ်မှတ်ချက်အရ သင်ကြားနိုင်ရေး ဆောင်ရွက်ရန်၊

(၁၇) ပညာသင်ယူသူတိုင်းအား အနာဂတ်ဘဝအတွက် ပြင်ဆင်ပေးရန် လိုအပ်သည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင် ရန်အတွက် အထူးလိုအပ် နေသော ကွန်ပျူတာနည်း ပညာရပ်များ အပါအဝင်

- ဘဝတွက်တာ ကျွမ်းကျင်စရာများ
- အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့်
- ယဉ်ကျေးမှုနှင့် ရသခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများ

တို့ ဖွံ့ဖြိုးလာအောင် အထူးတလည် ပျိုးထောင်ပေးရေး ဆောင်ရွက်ရန်၊

(၁၈) ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး အပြန်အလှန် ကူးပြောင်းနိုင်ရန်အတွက် တန်းညီစနစ်ကို အကောင်အထည် ဖော်ရေးဆောင်ရွက်ရန်၊

(၁၉) အခြေခံပညာ အရည်အသွေးမြှင့်တင်ရာတွင် ပညာရေးဝန်ဆောင်မှု အဖြစ် ပါဝင်လာမည့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများနှင့် ပုဂ္ဂလိက ကိုယ်ပိုင် သင်ရိုးသင် ကျောင်းများကို အမျိုးသားပညာရေး ဥပဒေ နှင့်အညီ ထူထောင်ရင်းနှီးမြှုပ်နှံခွင့် အခွင့်အလမ်းများ တိုးမြှင့် ဆောင်ရွက်ရန်။

အခြေခံပညာရေးလုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ဘက်စုံပညာထူးချွန်သူများ ရွေးချယ်ချီးမြှင့်ရေး၊ ကင်းထောက်အဖွဲ့ နှင့် ကြက်ခြေနီအသင်းများ ဖွဲ့စည်းရေးလုပ်ငန်းများ ဆောင်ရွက် မည်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အညီ အခြေခံပညာရေး ဖွဲ့စည်း မှုနှင့် စီမံခန့်ခွဲမှုပုံစံများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင် ရွက်မည်၊

(၃) ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းများနှင့် မွမ်းမံသင်တန်းများကို ဗဟို အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဖွင့်လှစ်ဆောင်ရွက်မည်၊

(၄) အခြေခံပညာ အရည်အသွေးမြင့်မားရေးအတွက် လိုအပ်သော သုတေသနလုပ်ငန်းများဆောင်ရွက်၍ သုတေသနပြု လေ့လာ တွေ့ရှိချက်များကို အခြေခံပညာ အရည်အသွေး မြင့်မားရေး လုပ်ငန်းတိုးတက်ရန်အတွက် အသုံးချ ဆောင်ရွက်မည်၊

(၅) ထူးချွန်ထက်မြက်၍ စွမ်းဆောင်ရည်မြင့်မားသော အခြေခံပညာ ဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေး အရာထမ်း၊ အမှုထမ်းများကို ပြည်တွင်းပြည်ပ လေ့လာရေး ခရီးများ နှင့် ပညာတော်သင် အခွင့် အလမ်းများ တိုးမြှင့် ဆောင်ရွက်မည်။ လေ့လာရေး နှင့် သင်ကြား သင်ယူမှုဆိုင်ရာ ကျွမ်းကျင်မှုနည်းပညာများ နှင့် အတွေ့အကြုံများ ရယူအခြေခံ၍ မိမိဌာနတွင် ပြန်လည်အသုံးချနိုင်မည့် အစီအစဉ်

များကို ရေးဆွဲ၍ ပြောင်းရွှေ့ခြင်းနှင့် တိုးမြှင့်တာဝန် ထမ်းဆောင်စေခြင်းများ ဆောင်ရွက်မည်၊

(၆) အခြေခံပညာကျောင်းများတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းရေးဆွဲ ပြုစုထားသော သင်ရိုးဂင်ဘာသာများ၊ တွဲဖက်သင်ရိုးဂင်ဘာသာရပ်များကို စနစ်ကျသော သင်ပြနည်းများ အသုံးပြု သင်ကြား လေ့ကျင့်ပေးခြင်း နှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းတို့ဖြင့် စနစ်တကျ လေ့ကျင့်ကြပ်မတ် ပျိုးထောင်ပေးပြီး အခြေခံပညာ အရည်အသွေးမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်မည်၊

(၇) အရည်အသွေးမီ သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ကျောင်းသားဦးရေ တိုးတက်မှုအရ ကျောင်းသစ်များတိုးချဲ့ဖွင့်လှစ်ရေး၊ စာသင်ဆောင်များတိုးချဲ့ဆောက်လုပ်ရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ပရိဘောဂများ၊ သိပ္ပံဆောင်များ ပြည့်စုံရေးအတွက် နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်၊

(၈) တစ်နိုင်ငံလုံးရှိ မူလတန်းများရှိသော ကျောင်းများတွင် ကျောင်းအုပ် အပါအဝင် ဆရာ၊ ဆရာမ(၅)ဦး ပြည့်အောင်ခန့်ထားရန် နှင့် ကျောင်းသားဦးရေ၊ စာသင်ခန်းဦးရေအရ ဆရာ၊ ဆရာမများကို တိုးချဲ့ခန့်ထားပေးမည်၊

(၉) မသင်မနေရ မူလတန်း ပညာရေး အထောက်အကူပြုစေရန် အခြေခံပညာ မူလတန်းတွင် ပြဋ္ဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်း ဗလာစာအုပ်များ၊ စာရေးကိရိယာ နှင့် အထွေထွေ အသုံးအဆောင် ပစ္စည်းများ အခမဲ့ထောက်ပံ့ပေးမည်၊

(၁၀) မူလတန်းဆင့်မှ အလယ်တန်းအဆင့်သို့ အတန်းကူးပြောင်းနှုန်းမြင့်မားရန်နှင့် အလယ်တန်းဆင့်တွင် အတန်းနေမြဲနှုန်း မြင့်မားနိုင်ရေးအတွက် အလယ်တန်းအဆင့်တွင် ကျောင်းလခနှင့် အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေးများ မကောက်ခံပဲ ပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့ ပေးမည်၊

(၁၁) အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ခြင်းကိုမူတစ်ရပ် ရေးဆွဲ၍ ဆောင်ရွက်ရန်နှင့် ကျောင်းများ

ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ရာတွင် ဝေးလံခက်ခဲဒေသများအတွက် ဒေသအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ သတ်မှတ်ထားသောမူကို လျော့ပေါ့ပြီး ဖွင့်လှစ် တိုးမြှင့်နိုင်ရေး ဆောင်ရွက်မည်၊

(၁၂) မသင်မနေရ မူလတန်း ပညာရေးကို အထောက်အကူပြုမည့် ဘုန်းတော်ကြီးနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက ဖွင့်လှစ်သောကျောင်းများနှင့်ကျောင်းပြင်ပပညာရေး အစီအစဉ်ဖြင့် ဖွင့်လှစ်သောကျောင်းများကို အသိအမှတ်ပြု ပံ့ပိုးမည်၊

(၁၃) မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အတန်းများတွင် ဆရာအတတ်ပညာ အရည်အချင်း ပြည့်မီစွာဖြင့် လေ့ကျင့်သင်ကြားနိုင်ရေးအတွက် သင်ရိုးမာတိကာများ ပြုပြင်ရေးဆွဲခြင်း၊ သိပ္ပံပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်းများကို နိုင်ငံတော်ဘတ်ဂျက်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်မည်၊

(၁၄) မသင်မနေရ မူလတန်းပညာရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိမည့် မသင်မနေရ မူလတန်းပညာရေးဥပဒေ ရေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်မည်၊

(၁၅) မူလတန်းအဆင့် ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေးပေးရန် ပညာရေးစေတနာရှင် ဖွံ့ဖြိုးရေး မိတ်ဖက်များ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည်၊

(၁၆) ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာပြီးမြောက်ရေးအတွက် လူတိုင်း အကျုံးဝင်ပညာရေး အစီအစဉ်ကို ချမှတ်ဆောင်ရွက်မည်၊

(၁၇) ကျောင်းနေအရွယ် ကလေးတိုင်း မူလတန်းပညာ သင်ယူခွင့် ရရှိရေးအတွက် ၂၀၁၅ခုနှစ်တွင် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်ဖြစ်သည့် မူလတန်းကျောင်းနေနှုန်း ၉၀ ရာခိုင်နှုန်း ပြည့်မီစေရန် ဆောင်ရွက်မည်၊

(၁၈) နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်စေရေးအတွက် ကျောင်းတက်နှုန်း မြင့်မားရေးလုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်မည်၊

(၁၉) ကျောင်းဝင်အသက်ကို ၅+ နှစ် သတ်မှတ်၍ "မူလတန်းကြို ပညာရေးသူငယ်တန်း" (Kindergarten - KG)ကို အခြေခံပညာရေးစနစ်အတွင်း ထည့်သွင်းပြီး အခြေခံပညာရေးဖွဲ့စည်းမှုပုံစံ KG+၅-၄-၃ ကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မည်၊

(၂၀) အထက်တန်းအဆင့်သင်ကျောင်းများတွင် တိုးချဲ့ဆောက်လုပ်ရန် လိုအပ်သည့် စာသင်ဆောင်နှင့် ပရိဘောဂများကို နိုင်ငံတော် နှင့် ပညာရေး စေတနာရှင် ဖွံ့ဖြိုးရေးမိတ်ဖက်များ နှင့် ပူးပေါင်း ဆောင်ရွက်မည်၊

(၂၁) အခြေခံပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေး ဦးရေနှင့် ဆုငွေ နှုန်းထား တိုးချဲ့ချီးမြှင့်ရေးအစီအစဉ်များကို နိုင်ငံတော်၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဆောင်ရွက်မည်၊

(၂၂) ကျောင်းနေနှုန်း၊ ကျောင်းပြီးဆုံးနှုန်းများ မြင့်မားလာစေရေး၊ ကျောင်းများ၏ အရည်အသွေး ပိုမိုမြင့်မား လာစေရေးအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းထောက်ပံ့ကြေး၊ ကျောင်းအုပ်/မိုနယ်ပညာရေးမှူးများ စီမံခန့်ခွဲရေးသင်တန်း၊ မြန်မာဘာသာစကားတတ်မြောက်မှု စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ ကမ္ဘာ့ဘဏ် (World Bank Project)၏ US$ သန်း ၆၀ ထောက်ပံ့မှုဖြင့် ဆောင်ရွက်မည်၊

(၂၃) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပညာရေးကောလိပ်တစ်ကျောင်း အသစ်တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျန်ရှိသည့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်၊

(၂၄) တောင်ငူပညာရေးကောလိပ်ကို ကျောင်းတည်နေရာ ရွှေ့ပြောင်း၍ အဆောက်အုံများဆောက်လုပ်ရေးနှင့် ပညာရေးကောလိပ်များသို့ သိပ္ပံပစ္စည်းများ/ ဓာတ်ဆေးများ/ သင်ကြားသင်ယူမှု အထောက် အကူပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန် နိုင်ငံတော်ဘတ်ဂျက်နှင့် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်မည်၊

(၂၅) ပညာရေးကောလိပ်များတွင် တိုးတက်လာမည့် သင်တန်းသား၊ သင်တန်းသူဦးရေအရ အိပ်ဆောင်၊ စားရိပ်သာနှင့် စာသင်ဆောင် များ တိုးချဲ့ဆောက်လုပ်မည်၊

(၂၆) တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများ အဆင့်တိုးမြှင့်ခြင်း၊ အသစ်ဖွင့်လှစ်ခြင်းများအတွက် တည်ဆောက် ရေးလုပ်ငန်းများဆောင်ရွက်မည်၊

(၂၇) ပညာရေးမှူးရုံး အဆင့်ဆင့်တွင် ပညာရေးလုပ်ငန်း နယ်ပယ် အားလုံးပါဝင်သည့် သတင်းအချက်အလက်စနစ်ကို အသုံးပြု နိုင်မည့် Data-base တစ်ခုတည်ဆောက်ရန်နှင့် e-Government လုပ်ငန်း အကောင်အထည်ဖော်ရန် IT ပစ္စည်းများ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်၊

(၂၈) ကျောင်းများတွင် ကလေးဗဟိုပြု သင်ကြားသင်ယူမှု ချဉ်းကပ်နည်း (Child Centred Approach) ကို ထိရောက်စွာ အသုံးပြုသင်ကြား ရေးအတွက် စီမံချက်ပါ နှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ အရ ပုံမှန်ကြပ်မတ် ဖြည့်ဆည်းပေးခြင်းကို ဆောင်ရွက်မည်၊

(၂၉) သင်ကြားသင်ယူမှုဆိုင်ရာ ကွန်ပျူတာ၊ မီဒီယာ၊ သင်ထောက်ကူ၊ သိပ္ပံပစ္စည်းများ နှင့် ကျောင်းစာကြည့်တိုက်အတွက် အနည်းဆုံး လိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးရန်နှင့် ပံ့ပိုး ကူညီသူများနှင့် ပူးပေါင်း၍ ပြည့်စုံအောင် ဆောင်ရွက်မည်၊

(၃၀) အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များ နှင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ရှိသည့် စီမံချက်လုပ်ငန်းများကို ဖော်ပြပါ အစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက် မည် ဖြစ်ပါသည်။

- အခြေခံပညာရေး နှင့် ကျား၊ မတန်းတူ ညီမျှရေးအစီအစဉ် (Basic Education and Gender Equality (BEGE) Programme) (၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ)
- ပညာရေးအရည်အသွေးနှင့် စီမံခန့်ခွဲမှု စီမံချက် (Education Quality and Management Project)
- ဘဝတစ်သက်တာကျွမ်းကျင်မှု၊ ခုခံအားကျဆင်းမှုရောဂါ ကြိုတင် ကာကွယ်ရေး နှင့် သင်ယူမှုအခွင့်အလမ်း တိုးချဲ့ပေးခြင်း (Life Skills and HIV/AIDS Prevention and Second Chance Education- LS/SC)

(၃၁) ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်း (၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ) ကိုဆောင်ရွက်မည်၊

(၃၂) လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက် (JDS Human Resource Development Project) ကို ဆောင်ရွက်မည်၊

(၃၃) တိုင်းရင်းသားဘာသာဖတ်စာများကို မူလတန်းအောက်အဆင့်တွင် သင်ကြားရေးကို ကျောင်းချိန်ပြင်ပတွင် ခွင့်ပြုပြီးသင်ကြားပေးသူ ဆရာ၊ ဆရာမများကို ထောက်ပံ့ငွေ ချီးမြှင့်ရေးအတွက် စီမံဆောင်ရွက်မည်၊

(၃၄) အခြေခံပညာ မူလတန်းအောက်အဆင့်တွင် ပြဋ္ဌာန်းထားသော ဘာသာရပ် သင်ရိုးများအား တိုင်းရင်းသားများက မိမိတို့၏ တိုင်းရင်းသား ဘာသာစကားဖြင့် သင်ယူလိုခြင်းကို ခွင့်ပြုနိုင်ရေး ပြင်ဆင်ဆောင်ရွက်မည်၊

(၃၅) လူတိုင်းအကျုံးဝင်ပညာရေးအရ သင်ယူလိုသူ ကျောင်းသား၊ ကျောင်းသူများအတွက် သီးခြား အခြေခံပညာသင်ကျောင်းများ ထူထောင်ပံ့ပိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရန်နှင့် အခြေခံပညာ ကျောင်းများတွင်လည်း လက်ခံသင်ကြားပေး၍ သင်ယူသူ ကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်း၊ ပရိဘောဂ နှင့် နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်၊

(၃၆) အခြေခံပညာကျောင်းများတွင် အဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများ၊ စာကြည့်တိုက်၊ လက်တွေ့ခန်း၊

အားကစားကွင်း၊ အားကစားရုံ နှင့် သန့်စင်ခန်းများ စသည့် ပညာရေးရုပ်ပတ်ဝန်းကျင်များကို တည်ဆောက် ဖြည့်ဆည်းပေးမည်၊

(၃၇) တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် သင်ကြားမှု ထိရောက်စေရေးအတွက် ဆရာလိုအပ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် ခန့်ထားသော နေ့စားလပေး မူလတန်းပြ ဆရာ၊ဆရာမများ၏ အရည်အသွေးမြင့်မားရေးအတွက် မြို့နယ်အခြေပြု မူလတန်း ဆရာအတတ် အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လနှင့် ဧပြီလ တို့တွင် ဆရာအတတ် သင်တန်းကို ဖွင့်လှစ်လေ့ကျင့် ပေးမည်၊

(၃၈) ကျောင်းသား၊ ကျောင်းသူများ၏ စာပေဆိုင်ရာ ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများကို ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်သည့် အစီအစဉ်များနှင့် ပညာရှင်များ၏ လက်တွေ့ဟောပြောမှုများကို ဆောင်ရွက်မည်၊

(၃၉) ကျောင်းကောင်စီအဆင့်ဆင့်ကို စနစ်တကျဖွဲ့စည်းပြီး ပညာရေး ပြက္ခဒိန်ပါ လုပ်ငန်းများနှင့် ပညာရေးဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးဆောင် ဆောင်ရွက်စေပြီး ဒီမိုကရေစီ အလေ့အကျင့်များကို ငယ်စဉ်ကပင်ရရှိရေး လေ့ကျင့်ပေးမည်၊

(၄၀) တွဲဖက်သင်ရိုးဂင် အားကစားနှင့် ကာယပညာချိန်အတွင်း အားကစားနည်းများ၊ ကာယလေ့ကျင့်ခန်းများကို လေ့ကျင့် သင်ကြားခြင်း၊ ကျောင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်အားကစားပြိုင်ပွဲများ ကျင်းပပေးမည်၊

(၄၁) ကျောင်းတွင်း ကျောင်းပြင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ် လျှော့ချရေးလုပ်ငန်း၊ HIV-AIDS ကလေးများအား စောင့်ရှောက်ရေးလုပ်ငန်း၊ လူကုန်ကူးမှု တားဆီးရေးလုပ်ငန်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်း၊ ယာဉ်အန္တရာယ် ကြိုတင်တားဆီးရေးလုပ်ငန်း၊ ကလေးသူငယ်များအား လိင်အလွဲသုံးစားမှု ကာကွယ်ရေးလုပ်ငန်း နှင့် ကျောင်းသားအချင်းချင်း အပြန်အလှန် လေးစား ညှာတာရေး

လုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လိုက်နာရန် အစီအမံများ ရေးဆွဲ ဆောင်ရွက်မည်၊

(၄၂) စစ်ဆေးရေးအဖွဲ့များဖြစ်သော ဦးစီးဌာန စစ်ဆေးရေးအဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် နှင့် မြို့နယ် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုနှင့် ထိရောက်မှုတို့ကို ကြပ်မတ်မည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်ဆေးရေးအဖွဲ့များသည် အခြေခံပညာ အထက်တန်း နှင့် အထက်တန်းဆင့် သင်ကျောင်းများကို လည်းကောင်း၊ ခရိုင် စစ်ဆေးရေးအဖွဲ့များသည် အခြေခံပညာ အလယ်တန်းနှင့် အလယ်တန်းဆင့် သင်ကျောင်းများကို လည်းကောင်း၊ မြို့နယ်စစ်ဆေးရေးအဖွဲ့များသည် အခြေခံပညာ မူလတန်း နှင့် မူလတန်းဆင့်သင်ကျောင်းများကို လည်းကောင်း စစ်ဆေးခြင်းနှင့် ပြန်လည် စစ်ဆေးခြင်းများ ပြုလုပ်၍ အခြေခံပညာကျောင်းအသီးသီး၏ စွမ်းဆောင်ရည် မြှင့်တင်ရေးကို ကြပ်မတ်ဆောင်ရွက်မည်၊

(၄၃) နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာအကူ အညီဖြင့် Education Management Information System-EMIS ဖွံ့ဖြိုးရေးစနစ်ကို ထူထောင် ဆောင်ရွက်မည်၊

(၄၄) အခြေခံပညာ အရည်အသွေး မြင့်မားရေးအတွက် လေ့ကျင့်ပို့ချေးထောင်ရာတွင် ကျွမ်းကျင်မှုနည်းပညာများ ပညာသင်ဆုများ နှင့် အထွေထွေ ပံ့ပိုးမှုများအတွက် ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ပူးပေါင်းဆောင်ရွက်မည်၊

(၄၅) အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမရှိသော ဝေးလံဒေသရှိ ကျေးရွာများတွင် ဘုန်းတော်ကြီးသင်ပညာရေးကို ဦးစားပေးရန် နှင့် ကျောင်းသားအရေအတွက်အပေါ် မူတည်၍ ဆရာများကိုသာ ခန့်ထားမည်၊

(၄၆) ပညာရေး အရည်အသွေးမြှင့်တင်ရာတွင် ပညာရေး ဝန်ဆောင်မှုအဖြစ် ပါဝင်လာမည့် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများနှင့် ပုဂ္ဂလိက ကိုယ်ပိုင် သင်ရိုးသင်ကျောင်းများကို ဥပဒေနှင့်အညီ ထူထောင်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်မည်၊

(၄၇) မြို့ပေါ်တွင် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ၊ ကိုယ်ပိုင်သင်ရိုးသင်ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးအတွက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို ထိန်းညှိ ဆောင်ရွက်ရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်။

အဆင့်မြင့်ပညာရေးမူဝါဒများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) တက္ကသိုလ်များတွင် အရည်အသွေးအာမခံချက် မြင့်မားရေးနှင့် နိုင်ငံတကာတက္ကသိုလ်များကဲ့သို့ အရည်အသွေးရရှိရေး ဆောင်ရွက်ရန်၊

(၂) ပညာရပ်နယ်ပယ်အသီးသီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အချိုးမျှတစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော အရည်အသွေးမြင့်လူစွမ်းအားအရင်းအမြစ်များကိုမွေးထုတ်ပေးရန်၊

(၃) နိုင်ငံတကာတက္ကသိုလ်များနှင့် ပညာရပ်ဆိုင်ရာ လွတ်လပ်စွာပူးပေါင်း ဆောင်ရွက်ရန်၊

(၄) ကျောင်းသားများ၏တီထွင်စွန့်စားလိုသော စိတ်ဓာတ်နှင့် စွမ်းရည်ကို မြှင့်တင် အားပေးရန်၊

(၅) ပညာထူးချွန်သော်လည်း ဆင်းရဲနွမ်းပါး၍ တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသူများကို သင်ယူခွင့်ရရှိနိုင်ရေး ဆောင်ရွက် ပေးရန်၊

(၆) တက္ကသိုလ်များ၏ အုပ်ချုပ်ရေးစနစ်ကို လွတ်လပ်စွာ ရပ်တည်သော တက္ကသိုလ်များ ဗဟိုကောင်စီမှ ကြီးကြပ်လျက် လွတ်လပ်စွာ ရပ်တည်သော တက္ကသိုလ်များအဖြစ် ဆောင်ရွက်ရန်၊

(၇) သက်ဆိုင်ရာ တက္ကသိုလ်တည်ရှိရာ တိုင်းဒေသကြီး / ပြည်နယ်အလိုက် တက္ကသိုလ်များစုဖွဲ့၍ အထူးပြု နယ်ပယ်စုံလင်သော တက္ကသိုလ်များနှင့်သီးခြား ရပ်တည်သော တက္ကသိုလ်များ ဖွဲ့စည်းရေး ဖြစ်နိုင်ခြေ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရန်၊

(၈) တက္ကသိုလ်များတွင် လွတ်လပ်၍ တီထွင်ကြံဆမှုကိုဖြစ်စေသော သင်ကြားသင်ယူမှု အခွင့်အလမ်း ဖန်တီးပေးရန်၊

(၉) တက္ကသိုလ်ဝင်ခွင့် စိစစ်ခွင့်ပြုရာတွင် သင်ယူလိုသူ၏ ဆန္ဒနှင့် ဝါသနာကို အခြေခံ၍ ဦးစားပေး ရွေးချယ်နိုင်ခွင့် ရှိသောစနစ်ကို ကျင့်သုံးရန်၊

(၁၀) အရည်အသွေး ပြည့်ဝသူများကို ခန့်ထား၍ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပညာတော်သင် စေလွှတ်ခြင်းများကို လုပ်ငန်းစွမ်းဆောင်ရည်ပေါ် အခြေခံ၍ ဆောင်ရွက်ရန်၊

(၁၁) အသုံးချသုတေသန ဆောင်ရွက်ခြင်းကို အားပေးရန်၊

(၁၂) အင်္ဂလိပ်စာစွမ်းရည် မြင့်မားရေးဆောင်ရွက်ရန်၊

(၁၃) အဝေးသင်ပညာရေးစနစ်ကို အရည်အသွေးပြည့်ဝ၍ နိုင်ငံတကာ အဝေးသင်စနစ်နှင့် အဆင့်မီဖြစ်ရေး အားပေးမြှင့်တင် ဆောင်ရွက်ရန်၊

(၁၄) တက္ကသိုလ်များတွင် နိုင်ငံတကာ တက္ကသိုလ်များ၏ အင်္ဂါရုပ်များ ပြည့်မီသည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရန်၊

(၁၅) ပညာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေး မြှင့်တင်ပြီး၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိက တက္ကသိုလ်များကို ဖွင့်လှစ်ခွင့်ပြုရန်၊

(၁၆) ရေဆင်းတက္ကသိုလ်များသည် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းရပ်များ ဆောင်ရွက်လျက် ရှိသည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ လူထု အခြေပြု အဖွဲ့အစည်းများ၊ အခြေခံလူထု လူတန်းစားများနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရန်၊

(၁၇) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) သင်ကြားရေး၊ သင်ယူရေး၊ သုတေသန နှင့် စီမံခန့်ခွဲရေးတွင် ထိရောက်စွာ အသုံးပြုရန်၊

(၁၈) မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရန် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ကို အခြေခံ၍ သားငါး သယံဇာတများ ထိန်းသိမ်းရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ အခြေခံ အဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရေး၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်သစ်များ ဖန်တီးရေးအပါအဝင်

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်ရေးများ ဆောင်ရွက်ရန်။

အဆင့်မြင့်ပညာရေးလုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) တက္ကသိုလ် ဆရာ၊ ဆရာမ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်မည်၊

(၂) တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်မည်၊

(၃) တိုင်းဒေသကြီး / ပြည်နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်ရိုက် အသုံးဝင်နိုင်သည့် သင်တန်းများ ဖွင့်လှစ်လျက် ဒေသ/လုပ်ငန်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများဖြင့် သင်ကြားမည်၊

(၄) ပညာအရည်အချင်း နှင့် လုပ်ရည်ကိုင်ရည်ကောင်းမွန်မှု၊ အသုံးချသုတေသန ဆောင်ရွက်မှု (Performance) ကို ရာထူးတိုးမြှင့်ရေးဆိုင်ရာ အခြေခံမူတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ် ဆောင်ရွက်မည်၊

(၅) ပြည်တွင်း ပြည်ပ တက္ကသိုလ်များ၊ သုတေသနဌာနများ နှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများ ပူးပေါင်း၍ သုတေသနများ ဆောင်ရွက်မည်၊

(၆) တက္ကသိုလ်များတွင် ရုပ်ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးမည်၊

(၇) တက္ကသိုလ်ရုပ်ပတ်ဝန်းကျင်ကောင်းများဖန်တီးလျက် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းရေး နှင့် ထိရောက်စွာ အသုံးပြုရေး ဆောင်ရွက်မည်၊

(၈) အဝေးသင်တက္ကသိုလ်များကို ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေသော Open University အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ရေး အမျိုးသား ပညာရေးဥပဒေနှင့် အညီဆောင်ရွက်မည်၊

(၉) အင်္ဂလိပ်စာသင်ကြားရေး(ELT)အစီအစဉ်များ တိုးချဲ့ ဆောင်ရွက်မည်၊

(၁၀) သင်ကြားရေး၊ သင်ယူရေး၊ သုတေသနပြုရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို အသုံးပြုမည်၊

(၁၁) စံနှုန်းပြည့်မီသောမေးခွန်းများ ပြုစုနိုင်ရေးအတွက် သက်ဆိုင်ရာ တက္ကသိုလ်၏ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးအဖွဲ့ (Board of Studies) မှ ကြီးကြပ်ဆောင်ရွက်မည်၊

(၁၂) ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးအတွက် ဌာနတွင်း ထိရောက်သော မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချ၍ ထူးချွန်သူများအား ရာထူးတိုးမြှင့်ပေးရာတွင်သော်လည်းကောင်း၊နိုင်ငံခြားပညာသင်စေလွှတ်ရာတွင်သော်လည်းကောင်း၊ Recognition and Incentive အသိအမှတ်ပြုသည့် အနေဖြင့် ဦးစားပေးဆောင်ရွက်မည်၊

(၁၃) နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံတကာအဆင့်မီအင်ဂျင်နီယာ (Engineer)၊ လက်တွေ့ကျွမ်းကျင်သည့် အကြီးတန်း နည်းပညာကျွမ်းကျင်သူ (Senior Technician)၊ နည်းပညာကျွမ်းကျင်သူ (Technician)၊ ကျွမ်းကျင်လုပ်သား (Skilled Worker) တို့ကို အဆင့်အလိုက် ပီပြင်စွာနှင့် လုပ်သားစျေးကွက် လိုအပ်ချက် နှင့် အချိုးအစား ကိုက်ညီစွာ မွေးထုတ်ပေးမည်၊

(၁၄) နည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံ/ သက်မွေး ပညာရေးဆိုင်ရာ ကျောင်းများ၏ ဖွဲ့စည်းပုံကို ပိုမိုထိရောက်အောင် ပြန်လည်ရေးဆွဲပြီး လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် စီမံအုပ်ချုပ်ခွင့် (Autonomy) ရှိသော နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ကျောင်းများအဖြစ် အခြေအနေပေးသလို ထူထောင်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရေး ဆောင်ရွက်မည်၊

(၁၅) မြို့ပေါ်တွင်ပုဂ္ဂလိကတက္ကသိုလ်များ၊ ကိုယ်ပိုင်သင်ရိုးသင် ပုဂ္ဂလိက ကိုယ်ပိုင်တက္ကသိုလ်များဖွင့်လှစ်နိုင်ရေးနှင့်အရည်အသွေး မြှင့်တင်ရေးအတွက်ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၏အရည်အသွေးကို ထိန်းညှိ ဆောင်ရွက်ရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်၊

(၁၆) စိုက်ပျိုးရေးသိပ္ပံပညာရပ်ဖြင့် ပြည်ရွာဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည်၊

(၁၇) မြန်မာနိုင်ငံ၏သားငါးမွေးမြူ ထုတ်လုပ်ရေးကဏ္ဍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရေးအတွက် အထောက်အကူပြု ဗဟိုဌာနကြီးအဖြစ် ဆောင်ရွက်မည်၊

(၁၈) သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ တို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်စေရန် တတ်မြောက်ကျွမ်းကျင်သောပညာရပ်နှင့် ဝန်ဆောင်မှုပေးမည်။

ကျောင်းပြင်ပ ပညာရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးတို့ဆိုင်ရာ မူဝါဒများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ကျောင်းပညာရေးနည်းတူ ကျောင်းပြင်ပ ပညာရေးကိုလည်း လူ့စွမ်းအားအရင်းအမြစ် ထူထောင်ရေး နည်းလမ်းတစ်သွယ်အဖြစ် အလေးထား အကောင်အထည်ဖော်ရန်၊

(၂) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတွင် ကျောင်းပြင်ပ ပညာရေးနှင့် သုတေသနဌာနခွဲတို့ကို ဖွဲ့စည်းပုံတိုးချဲ့ ဆောင်ရွက်ရန်၊

(၃) ဘုန်းတော်ကြီးသင်ပညာရေးနှင့် ဘာသာရေး အဖွဲ့အစည်းသင်ပညာရေးများကို အမျိုးသားပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေတို့နှင့်အညီ သင်ယူမှုအခွင့်အလမ်းများကို ဥပဒေမူဘောင်နှင့်အညီ ဆောင်ရွက်သွားရန်။

ကျောင်းပြင်ပ ပညာရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးတို့ဆိုင်ရာ လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) အခြေခံစာတတ်မြောက်မှု လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်၊

(၂) စာဖတ်ရှုနိုင်မြှင့်တင်ပေးခြင်း၊ စာကြည့်တိုက်ထူထောင်ပေးခြင်း၊ ဘဝသာယာရေး ဝင်ငွေတိုးအစီအစဉ်များကို ဒေသအာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ပညာရေးဌာနတို့ပူးပေါင်း ပံ့ပိုးကူညီမှုဖြင့် တိုးချဲ့ဆောင်ရွက်မည်၊

(၃) ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အလှူရှင်များရှာဖွေ၍ ပူးပေါင်း ဆောင်ရွက်မည်၊

(၄) မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ပြင်ပပညာရေးနှင့် သုတေသနဌာနခွဲတို့ကို တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်မည်၊

(၅) ဘုန်းတော်ကြီးသင်ပညာရေးနှင့် ဘာသာရေး အဖွဲ့အစည်းသင်ပညာရေးများကို အမျိုးသားပညာရေးဥပဒေ၊ အခြေခံပညာရေး

ဥပဒေတို့နှင့်အညီ ပညာရေးဂန်ကြီးဌာန၊ သာသနာရေး ဂန်ကြီးဌာန၊ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများ ပါဂင်သော စီမံအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားမည်၊

(ဖ) သာသနာရေး ဝန်ကြီးဌာနက စီမံအုပ်ချုပ်မှုကို တာဂန်ယူ ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနက သင်ကြားရေးနှင့် စစ်ဆေး အကဲဖြတ်ရေးဆိုင်ရာကို တာဂန်ယူ ဆောင်ရွက်မည်၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဘုန်းတော်ကြီးသင် ပညာရေး နှင့် ဘာသာရေး အဖွဲ့အစည်းသင် ပညာရေးဌာနခွဲ တစ်ခု ဖွဲ့စည်း ပြီး ပညာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက်မည်။

(ခ) ကျန်းမာရေးဆေးပညာ

မူဝါဒများမှာဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) လက်တွေ့လူမှုဘဝနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် ဆေးပညာကို မျက်ခြေပြတ်မခံသော ခေတ်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားရန်၊

(၂) ဆေးသိပ္ပံပညာတက္ကသိုလ်များကို (Centre of Excellence) ဖြစ်စေရန်အတွက် အရည်အသွေးပြည့်ဝသော သင်ကြားရေး ဆရာ ဆရာမများ ဖြစ်လာစေရေး ဦးတည်ဆောင်ရွက်ရန်၊

(၃) ပညာအရည်အသွေးနှင့် သုတေသနဆောင်ရွက်ချက်များကို ရာထူး တိုးမြှင့်ရေးအတွက် အခြေခံများအဖြစ် သတ်မှတ်ဆောင်ရွက်ရန်၊

(၄) တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို မဖြစ်မနေ ဆောင် ရွက်ခြင်းဖြင့် သုတေသနအလေ့အထ (Research Culture) ရှင်သန်စေရန်၊

(၅) လက်ရှိတက္ကသိုလ်များအား မဟာဌာနများအဖြစ် ပြောင်းလဲဖွဲ့စည်း ၍ အမျိုးသားပညာရေးမူဝါဒ အမျိုးသားပညာရေးဥပဒေတို့နှင့် အညီ သက်ဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သော တက္ကသိုလ်စီမံ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်သွားရန်၊

(၆) ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ရွေးချယ်ရေးကို တက္ကသိုလ်က တာဝန်ယူ ဆောင်ရွက်ရန်၊

(၇) ဆေးပညာကို အမှန်တကယ် ဝါသနာပါပြီး သင့်တော်သည့်သူများကိုသာရွေးချယ်၍ဝင်ခွင့်ပြုရန်၊ ထိုသို့ဝင်ခွင့်ပြုရာတွင် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများ ပြုလုပ်၍လည်းကောင်း၊ လူတွေ့ နှုတ်ဖြေစစ်ဆေး၍ လည်းကောင်း၊ (Criteria များထားရှိကာ) ရွေးချယ်ရန်၊

(၈) ဝေးလံခက်ခဲသော ဒေသ/ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ ကျောင်းသား၊ ကျောင်းသူများကို အထူးဝင်ခွင့် ကိစ္စတစ်ရပ်အဖြစ် သက်ဆိုင်ရာတက္ကသိုလ်၏ ရွေးချယ်ရေး မူဝါဒ အရ ဝင်ခွင့်ပြုရန်၊

(၉) Academic Autonomy ဖြစ်သည့် သင်ကြားရေးရာ၊ စာမေးပွဲရေးရာ၊ နိုင်ငံခြား ဆက်သွယ်ရေးဆိုင်ရာ ကိစ္စများကို လွတ်လပ်စွာ ဆုံးဖြတ်ရန်၊

(၁၀) တက္ကသိုလ်တွင်းရှိ (Faculty) အချင်းချင်းညှိနှိုင်း၍ လိုအပ်သော ဝန်ထမ်းရေးရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးရာ ကိစ္စရပ်များကို ယေဘုယျအားဖြင့် ဆောင်ရွက်သွားရန်၊ (Semi Autonomy)

(၁၁) တက္ကသိုလ်များတွင် ဆရာ၊ ဆရာမခန့်ထားရေးအား တက္ကသိုလ် လိုအပ်ချက်အရ တက္ကသိုလ် အစီအစဉ်ဖြင့် ခန့်ထားရန်၊

(၁၂) သက်ဆိုင်ရာဘာသာရပ်အလိုက် သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်နိုင်ရန် အခွင့်အလမ်းများဖန်တီးရန်၊

(၁၃) ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းကော်မတီများတွင် ကျောင်းသားကိုယ်စားလှယ်များကို ထည့်သွင်းဖွဲ့စည်းသွားရန်၊

(၁၄) ကျောင်းသားများတက္ကသိုလ်အတွင်း၊ တက္ကသိုလ်ပြင်ပတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်စေရန်၊

(၁၅) ကျောင်းသားတိုင်း ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးပြု သင်ယူတတ်စေရေး ဆောင်ရွက်ရန်၊

(၁၆) ပညာသင်ကြားရန် အခက်အခဲရှိသော ကျောင်းသားများ၏ လိုအပ်ချက်များကို ထိရောက်စွာ ကူညီပံ့ပိုးပေးရန်၊ စနစ်တစ်ခုတည်ထောင် သွားရန်၊

(၁၇) တက္ကသိုလ်ရှိ အဆောက်အအုံများအား တက္ကသိုလ်အင်္ဂါ နှင့် လျော်ညီပြီး အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ ဆောက်လုပ်ခြင်းများ ပြုလုပ်သွားရန်၊

(၁၈) တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ စည်းကမ်းတကျရှိပြီး လူမှုရေး လုံခြုံမှုရှိစေရန် အဆောင်များထားရှိရန်၊

(၁၉) တက္ကသိုလ်သင်တန်းကြေး မြှင့်တင်ရန် ခေတ်ကာလနှင့်အညီ ပြန်လည် သုံးသပ်ပြီး လိုအပ်သလို တိုးမြှင့် ကောက်ခံရန်၊

(၂၀) အမျိုးသားပညာရေးဥပဒေ၏ ခွင့်ပြုမှုပေါ်တွင် မူတည်လျက် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်မှုကို လက်ခံဆောင်ရွက်ရန်၊

(၂၁) တက္ကသိုလ်များတွင် နိုင်ငံဝန်ထမ်းများကိုသာ ခန့်ထားမည်ဖြစ်ပြီး ဝါသနာပါခြင်း၊ မပါခြင်းကို အကဲဖြတ်သုံးသပ်ပြီးမှ ရွေးချယ်ရန်။

ရည်မှန်းချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားလိုက် လိုအပ်မည့် ကျန်းမာရေးလူစွမ်းအားစုများကိုအရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ခြင်း နှင့် မွေးထုတ်ထားသည့် စွမ်းအားစုများကို နိုင်ငံ့အကျိုးပြု ဝန်ထမ်းများအဖြစ် ခန့်ထား တာဝန်ပေးအပ်နိုင်ရေးတို့ကို ဟန်ချက်ညီ စီမံဆောင်ရွက်ရန်၊

(၂) အခြေခံသုတေသန၊ အသုံးချသုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသနများကို ဟန်ချက်ညီညီ တိုးမြှင့် ဆောင်ရွက်ရန်။

လုပ်ငန်းစဉ်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ရေး နှင့် အစွမ်းထက်သော တိုင်းရင်းဆေးများဖော်ထုတ် အသုံးပြုမည်၊

(၂) အရည်အချင်းပြည့်ဝသော ကျန်းမာရေး လူစွမ်းအားစုများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့် အညီ လေ့ကျင့်မွေးထုတ်မည်၊

(၃) ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး ပြည့်ဝစေရန် ကျန်းမာရေး လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း၊ ပြည်ပ အဆင့်မြင့်ပညာများ လေ့ကျင့်သင်ကြားပေးနိုင်ရန် နိုင်ငံတကာ

တက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းမှုကို တိုးမြှင့် ဆောင်ရွက်မည်၊

(၄) ကျန်းမာရေး လူ့စွမ်းအားစုများကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဝေးလံသော နယ်စွန်၊ နယ်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ခံစားခွင့်နှင့် ထောက်ပံ့ကြေးများ ပိုမို ရရှိရေးကို ဆောင်ရွက်မည်၊

(၅) ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံသုတေသန၊ အသုံးချသုတေသနနှင့် ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစနစ် ဆိုင်ရာ သုတေသနများကို တိုးမြှင့်ဆောင်ရွက်ရေး၊ ဆေးနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်မည်၊

(၆) ကျန်းမာခြင်းကို အထောက်အကူ ဖြစ်စေသည့် အခြေအနေများကို တိုးတက် ကောင်းမွန်စေမည်၊

(၇) ကျန်းမာရေးနှင့် နီးနွယ်ဆက်စပ်နေသည့်ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်မည်။

သိပ္ပံနှင့်နည်းပညာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အင်ဂျင်နီယာနှင့် စက်မှုအတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်ရေးလုပ်ငန်းများအား ရည်မှန်းချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းတွင် အဆင့်မြင့်တက္ကသိုလ် (Centre of Excellence) ၆ ကျောင်း၊ နည်းပညာတက္ကသိုလ် ၂၈ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၄ ကျောင်း၊ အစိုးရနည်းပညာကောလိပ် ၃ ကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၁၁ ကျောင်း နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း ၃၆ ကျောင်း ဖွင့်လှစ်ခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအနေဖြင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ပြဌာန်းထားသော သင်ရိုး ညွှန်းတမ်းများအား နိုင်ငံတကာအဆင့်မီစေရန် ဘာသာရပ်အလိုက် ပညာရပ်အဖွဲ့များအား ဖွဲ့စည်း၍ ပြင်ဆင်ရေးဆွဲခြင်း၊ လက်တွေ့ကျွမ်းကျင်မှု ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ အဆင့်မြင့်တက္ကသိုလ်များတွင် စာသင်နှစ်ကာလအား တိုးမြှင့်သတ်မှတ် သင်ကြားပေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ်အား ပိုမိုကျယ်ပြန့်စွာ သင်ယူနိုင်ရန်

အတွက် အစိုးရနည်းပညာအထက်တန်း ကျောင်းများတွင် Information Technology ဘာသာရပ်အား တိုးမြှင့်သင်ကြားပေးခြင်း၊ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ကြားရာ ထိရောက်အသုံးဝင်မည့် သင်ထောက်ကူပစ္စည်းများကို ဘဏ္ဍာငွေ ခွင့်ပြုနိုင်မှု အခြေအနေအရ ဦးစားပေးအဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စာသင်ဆောင်များနှင့် အလုပ်ရုံများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် တက္ကသိုလ်များတွင် စာတွေ့သက်သက် Theory Base သင်ကြားသော စနစ်မှ လက်တွေ့နှင့် ပူးပေါင်းလေ့လာသော သင်ကြားရေးစနစ်နှင့် ဆရာဗဟိုပြုစနစ်မှ ကျောင်းသားဗဟိုပြု သင်ကြားရေးစနစ်သို့ ပြောင်းလဲသင်ကြားခြင်း၊ e-Education စနစ် တည်ထောင်ခြင်းနှင့် တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိဆောင်ရွက်ဆဲ လုပ်ငန်းများမှာ အင်ဂျင်နီယာ၊ ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာ စာအုပ်စာတမ်းများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်အတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများအားလုံးတွင် e-Library များ ထူထောင်ခြင်း၊ Wi-Fi နှင့် Internet Access များ ရရှိအောင် ဆောင်ရွက်၍ ASEAN University Network နှင့် ချိတ်ဆက်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့်အပြင် ဆရာ၊ ဆရာမများအား စွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် စက်မှုနည်းပညာ မြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း)တွင် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းနှင့် လက်တွေ့လုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းများကို နှစ်စဉ် ဖွင့်လှစ် ပို့ချလျက် ရှိပါသည်။ ထိုနည်းတူ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ GIZ၊ SEAMOLEC၊ CPSC၊ JICA၊ KOICA တို့နှင့် ပူးပေါင်း၍ ပြည်ပသင်တန်းများသို့ ဆရာ၊ ဆရာမများ စေလွှတ်ခြင်းဖြင့် ပြည်တွင်း သင်ကြားရေး အစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါသည်။

ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားဒုက္ခသည်များ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်များအား ဆောင်ရွက်နိုင်ရေးအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံအခြေစိုက် Agency For Technical Cooperation And Development (ACTED)၊ ထိုင်းနိုင်ငံ အသက်မွေးဝမ်းကျောင်းပညာရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲ တိုးတက်နေသည့် နည်းပညာများနှင့်အညီ သင်ရိုးညွှန်းတမ်းများအား ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများအား ဖြည့်ဆည်းပေးခြင်း၊ စာသင်ဆောင်များနှင့် အလုပ်ရုံများ ဖြည့်ဆည်း

ဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ လုပ်ငန်းခွင် လိုအပ်ချက်နှင့် ကိုက်ညီမည့် ကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)အား တိုးချဲ့ဖွင့်လှစ်ခြင်း၊ စင်ကာပူသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာရှိ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအား တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မူဝါဒများမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်၊

(၂) လေ၊ ရေ၊ မြေ၊ နေ တို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများတိုးမြှင့်ရန်၊

(၃) ဇီဝမြေဩဇာများ၊ မျိုးစေ့သစ်များ တိုးချဲ့စမ်းသပ်ရန်၊

(၄) သဘာဝအရင်းအမြစ်များကိုအသုံးပြုပြီး နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး နှင့် ချမ်းသာကြွယ်ဝလာစေရန်၊

(၅) အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာ၊ စက်မှု၊ သတင်းအချက်အလက် နှင့် ဆက်သွယ်ရေး နည်းပညာ၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ လေကြောင်း နှင့် အာကာသ ပညာ အစရှိသည့် ကဏ္ဍများတွင် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို အထောက်အကူပြုစေရန်၊

(၆) နိုင်ငံတော်အတွက် တိုးတက်ပြောင်းလဲလာသည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရန်၊

(၇) ကုန်ကြမ်းများ၊ ကုန်ချောများကို ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ ဂုဏ်သတ္တိများ တိုင်းတာခြင်း၊ အရည်အသွေး ထိန်းသိမ်းပေးခြင်း နှင့် စံချိန်စံညွှန်း သတ်မှတ်ပေးခြင်းများကို မြှင့်တင်ရန်၊

(၈) ချုံကလီးယားနည်းပညာအား နားလည်တတ်မြောက်စေရန်နှင့် လက်တွေ့အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်း ဆောင်ရွက်ရန်၊

(၉) ဒေသတွင်း သိပ္ပံနှင့်နည်းပညာ သင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက် ရရှိလာခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်း

ကျောင်းမှဆိုင်ရာ အခွင့်အလမ်း ပိုမိုမြင့်မားလာပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(၁၀) သိပ္ပံနှင့်နည်းပညာဆိုင်ရာ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှု လုပ်ငန်းများ စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန်၊

(၁၁) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များနှင့်အညီ ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများ ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန်တွင် လိုအပ်လာမည့် နည်းပညာရှင်၊ အတတ်ပညာရှင်များ လေ့ကျင့်ဆောင်ရွက်ရန်၊

(၁၂) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ ပေးဆပ်နိုင်ရန်။

ရည်မှန်းချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) ပုဂ္ဂလိကကဏ္ဍအတွင်း နည်းပညာအခြေပြုသည့် လုပ်ငန်းအသစ်များ ပေါ်ထွန်းစေရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရေးအတွက် နည်းပညာရှင်များ မွေးထုတ်ရန်၊

(၂) နိုင်ငံတော်အတွက် အကျိုးပြုမည့် သုတေသနလုပ်ငန်းများတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များ၊ သုတေသန အဖွဲ့အစည်းများ၊ ပုဂ္ဂလိက လုပ်ငန်းများနှင့်အတူ လက်တွဲဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျန်းမာရေး၊ စွမ်းအင် နှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေး အကောင်အထည်ဖော်ရန်။

လုပ်ငန်းစဉ်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါသည်-

(၁) တက္ကသိုလ်များတွင် လက်တွေ့များဆောင်ရွက်ရန် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးပါမည်၊

(၂) ထိရောက်စွာ သင်ကြားနိုင်ရေးအတွက် လိုအပ်သည့် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများ တိုးချဲ့ ဆောက်လုပ်သွားပါမည်၊

(၃) လိုအပ်သော ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးပါမည်၊

(၄) နိုင်ငံတကာတက္ကသိုလ်များ ဆောင်ရွက်သကဲ့သို့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ အီလက်ထရောနစ်သင်ကြားရေးစနစ် ထူထောင်ဆောင်ရွက်သွားပါမည်၊

(၅) နိုင်ငံတကာအဆင့်မီသုတေသနလုပ်ငန်းများဆောင်ရွက်နိုင်စေရေးအတွက် အရည်အသွေးမြင့်သုတေသနသုံးကိရိယာများ ဖြည့်ဆည်းပေးပါမည်၊

(၆) လေ၊ ရေ၊ မြေ၊ နေ တို့၏ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်များထိရောက်စွာ အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို နိုင်ငံတကာ နှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်၊

(၇) ဇီဝမြေဩဇာ နှင့် ရေမြေသဘာဝတို့နှင့် ကိုက်ညီပြီး အထွက်ကောင်း၍ သက်တမ်းတိုသော မျိုးစေ့သစ်များ ရရှိစေရေး ဆောင်ရွက်ပါမည်၊

(၈) နည်းပညာ နှင့် သက်မွေးပညာရေးဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် နိုင်ငံတကာ အဆင့်မီအင်ဂျင်နီယာ (Engineer)၊ လက်တွေ့ကျွမ်းကျင်သည့် အကြီးတန်းနည်းပညာ ကျွမ်းကျင်သူ (Senior Technician)၊နည်းပညာကျွမ်းကျင်သူ(Technician)၊ ကျွမ်းကျင်လုပ်သား (Skilled Worker)၊ တို့ကိုအဆင့်အလိုက် ပီပြင်စွာနှင့် လုပ်သားစွမ်းကွက် လိုအပ်ချက်နှင့် အချိုးအစား ကိုက်ညီစွာ မွေးထုတ်ပေးမည်၊

(၉) နည်းပညာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံ/ သက်မွေး ပညာရေးဆိုင်ရာကျောင်းများ၏ ဖွဲ့စည်းပုံကို ပိုမိုထိရောက်အောင် ပြန်လည်ရေးဆွဲပြီး လွတ်လပ်စွာ ဆုံးဖြတ်ခွင့်နှင့် စီမံအုပ်ချုပ်ခွင့် (Autonomy)ရှိသော စက်မှုနှင့်သက်မွေးပညာရေးဆိုင်ရာကျောင်းများအဖြစ် အခြေအနေပေးသလို ထူထောင်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရေး အမျိုးသားပညာရေး ဥပဒေနှင့်အညီ ဆောင်ရွက်မည်၊

(၁၀) နိုင်ငံတော်မှလိုအပ်လျက်ရှိသောသုတေသနပစ္စည်းများ၊ နည်းပညာရှင်၊ အတတ်ပညာရှင်များဖြည့်ဆည်းဆောင်ရွက်မည်။

၄-၂။ ကျန်းမာရေး(ကျန်းမာသန်စွမ်းသော လူ့အဖွဲ့အစည်းဆီသို့)

ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အလွန်အရေးပါသောကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိစေရန် ဖော်ဆောင်ရာ၌ ကျန်းမာရေးကဏ္ဍမြင့်မားရေးကို အဓိကထားဆောင်ရွက် လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ထားသော ကျန်းမာရေးမူဝါဒများနှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးကို ဦးတည်လျက် စီမံကိန်းများရေးဆွဲ၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အနာဂတ်တွင် တိုးတက်ဖြစ်ပေါ်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်၊ နည်းပညာနှင့် နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ အခြေအနေများကို ရည်မှန်းချက်များထားရှိပြီး စီမံကိန်းစနစ်တကျ ရေးဆွဲဆောင်ရွက်မှသာလျှင် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အားလုံးအတွက် ကျန်းမာရေး (Health for All) ရည်မှန်းချက်ကို ဦးတည်လျက် ပဏာမကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းများကိုအခြေခံ၍ ကျန်းမာရေးစီမံကိန်းများကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသည့် အဓိကရည်မှန်းချက် ၂ ရပ် ချမှတ်ထားရှိပါသည်။

ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန်၊ နောင်တိုးတက်လာမည့် လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ၊ လူနေမှုဘဝဟန်များနှင့် လိုက်လျောညီထွေစွာ အရည်အချင်းမြင့်မားသည့် ကျန်းမာရေးလူ့စွမ်းအားစုများကို အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်နှင့် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါ သည်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု မြင့်မားစေရေးအတွက်လည်း နိုင်ငံတော်မှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ဆေးရုံများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ကျေးလက်ကျန်းမာရေးဌာနများ နှစ်စဉ် တိုးတက်လျက်ရှိသော်လည်း လိုအပ်ချက်များရှိနေဆဲပင်ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူများနှင့် နယ်စွန်နယ်ဖျား ဒေသများရှိ ပြည်သူများ၊ ဆင်းရဲနွမ်းပါးသူများအားလုံး တန်းတူညီမျှ

ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်စေရန် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိပါသည်။

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအနက် ကျန်းမာရေးကဏ္ဍတွင် သားဖွားမိခင်သေဆုံးမှု၊ ငါးနှစ်အောက်ကလေး၊ တစ်နှစ်အောက်ကလေး သေဆုံးမှုတို့ လျှော့ချရန်၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ဌက်ဖျားရောဂါနှင့် တီဘီရောဂါတို့ ကဲ့သို့သော ရောဂါများဖြစ်ပွားမှု လျှော့ချရန် ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြည့်မီရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကူးစက်ရောဂါမဟုတ်သော နှလုံး၊ သွေးတိုး၊ ဆီးချို စသည့် ရောဂါများ အပါအဝင် အခြားသောရောဂါများ ကုသတိုက်ဖျက်ခြင်း၊ မိခင်ကလေး၊ မွေးကင်းစ ကလေး နှင့်ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ ဆယ်ကျော်သက်ကျန်းမာရေး၊ ကျောင်းကျန်းမာရေး လုပ်ငန်းများကိုစီမံကိန်း ရည်မှန်းချက် များ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူ့ဆေးရုံများသည် ပြည်သူလူထုအား ပြီးပြည့်စုံသော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် ညွှန်းပို့ ဆေးရုံများ အနေဖြင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် သဘာဝ မဟုတ်သော ဘေးအန္တရာယ်များကြောင့် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရာရှိသော သူများ အတွက် အရေးပေါ် စောင့်ရှောက်မှုပေးရာ နေရာဌာနများအဖြစ် လည်းကောင်း ဆောင်ရွက် ပေးလျက် ရှိပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် အထွေထွေ ရောဂါကုနှင့် အထူးကုဆေးရုံကြီးများကို ဗဟိုအဆင့်နှင့် ပြည်နယ်နှင့်တိုင်း အဆင့်များတွင် ခရိုင်သာမက မြို့နယ်နှင့် ကျေးလက်ဒေသများတွင်ပါ နိုင်ငံတော်မှဆေးရုံများ တည်ဆောက် ဖွင့်လှစ်ဖွဲ့စည်းပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက် ရှိပါသည်။

ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် တိုးတက်ပြောင်းလဲနေသော ဆေးကုသရေး ကုထုံးနှင့် အဆင့်မြင့်စက်ပစ္စည်းများကို တပ်ဆင်အသုံးပြုနိုင်သကဲ့သို့ အချို့သော ဆေးရုံများ တွင် ကုသရေးကျွမ်းကျင်သူနှင့် ပစ္စည်းကိရိယာများ ဖြည့်ဆည်းရန် အားနည်းချက်များ လည်းရှိနေပါသည်။ ထို့ကြောင့် လူအင်အားနှင့် နည်းပညာများ မြှင့်တင်ပေးနိုင်ရန် ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိစေရေး ဆောင်ရွက်ရန် နှစ်စဉ်လိုအပ်လျက်ရှိပါသည်။ မြို့ပြဒေသရှိ ဆင်းရဲချို့တဲ့သူများနှင့် ကျေးလက်ဒေသရှိ ပြည်သူအားလုံးတို့သည် ဆေးရုံကြီးများ၏ အဆင့်မြင့် နည်းပညာများဖြင့် ကျန်းမာရေး

စောင့်ရှောက်ပေးမှုကို လွယ်လင့်တကူ လက်လှမ်းမီစေရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ဆေးရုံလုပ်ငန်းအဆင့်ဆင့်၌ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု ပိုမိုတိုးတက် ကောင်းမွန်စေရေးကို ပြုပြင်ဆောင်ရွက် ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရမှ ဆေးဝါးများဥယျာဉ် အသုံးပြုရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် ကျပ် ၇၃.၂၆ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအတွက် ကျပ် ၁၂၀ ဘီလီယံ ခွင့်ပြုခဲ့ပါသည်။ သက်ဆိုင်ရာ ဆေးရုံအလိုက် အခမဲ့ ဆေးကုသမှု ပေးမည့် လူနာများ၊ အရေးပေါ်လူနာများ၊ သားဖွား လူနာများ၊ အရေးပေါ် ခွဲစိတ်လူနာများ စသဖြင့် သတ်မှတ်၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ဆေးသုတေသနလုပ်ငန်းများ ပိုမိုဖြစ်ထွန်းစေရန် အားပေးကူညီခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊ ဆေးသုတေသနဆိုင်ရာ နည်းပညာနှင့် လေ့ကျင့်မှုများပေးခြင်း၊ ဆေးသုတေသန စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် နိုင်ငံ၏အရေးကြီးကျန်းမာရေး ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ သုတေသနပြု ဖော်ထုတ်လျက်ရှိပါသည်။

မူဝါဒ

အမျိုးသားကျန်းမာရေးဖွံ့ဖြိုးမှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဖော်ပြပါ မူဝါဒများနှင့်အညီ ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါသည်။

(၁) ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊

(၂) နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေး ပြဿနာများကို ဖြေရှင်းရေး၊

(၃) မြို့ပြနှင့်ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျော့နည်းစေရေး၊

(၄) ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့် ဆောင်ရွက်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ရေး၊

(၆) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်တို့နှင့် ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက် ကောင်းမွန်စွာ ဖြစ်ပေါ်စေရေး၊

(၇) ပြည်သူဗဟိုပြု ကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး။

အမျိုးသားကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအတွက် ဦးစားပေးလုပ်ငန်းများ

ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေးစနစ်အား ဖြည့်ဆောင်ရွက်ခြင်း၊ ရောဂါကာကွယ်နှိမ်နင်းခြင်း၊ ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်း၊ ကုသရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ ရရှိစေရန်ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး သုတေသနဖွံ့ဖြိုးရေးတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ်သတ်မှတ်၍ အထောက်အကူပြုလုပ်ငန်းများနှင့်တကွ ဖော်ပြပါ အတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(၁) ကျန်းမာရေးစောင့်ရှောက်မှုလူတိုင်းလက်လှမ်းမီ လွှမ်းခြုံစေရန် ကျေးလက်/နယ်စပ်ဒေသ၊ မြို့ပြဆင်ခြေဖုံးဒေသများနှင့် ဝေးလံသော နယ်စွန်နယ်ဖျားဒေသများတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှု နည်းလမ်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးနှင့် လွှမ်းခြုံမှုမြှင့်တင်ခြင်းများ ဆောင်ရွက်ရန် လျာထားခြင်း၊

(၂) ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း ဆောင်ရွက်ရန် လျာထားခြင်း၊

(၃) ကူးစက်ရောဂါ မဟုတ်သောရောဂါများ ကာကွယ်နှိမ်နင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားခြင်း၊

(၄) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် လျာထားခြင်း၊

(၅) အစားအသောက်နှင့်ဆေးဝါးလုံခြုံစိတ်ချရေးလုပ်ငန်း၊ လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ရန်လျာထားခြင်း၊ ပတ်ဝန်းကျင် ကျန်းမာရေးအတွက် ဆောင်ရွက်ရန် လျာထားခြင်းနှင့် ပြည်သူ့ကျန်းမာ ဓာတ်ခွဲခန်းလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားခြင်း၊

(၆) မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လျာထားခြင်း၊

(၇) ကျန်းမာရေးစောင့်ရှောက်မှု အမျိုးအစားအလိုက်လိုအပ်မည့် လူ့စွမ်းအားစုများကို အရည်အသွေးပြည့်ဝစွာ လေ့ကျင့်မွေးထုတ်ရေးကို ဆောင်ရွက်ခြင်း၊ ထိရောက် အကျိုးရှိစွာ အသုံးချခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပြည်တွင်း ပြည်ပ အဆင့်မြင့် ပညာများလေ့ကျင့် သင်ကြားပေးခြင်းဆောင်ရွက်ရန် လျာထားခြင်း၊

(၈) ကျန်းမာရေးစီမံခန့်ခွဲမှု သတင်းစနစ် အားဖြည့် ဆောင်ရွက်ရေး အတွက် ကျန်းမာရေး စာရင်းဇယားများ စနစ်တကျပြုစုခြင်း၊

(၉) အခြေခံသုတေသန၊ အသုံးချသုတေသန၊ ကျန်းမာရေးမူဝါဒနှင့် ကျန်းမာရေး စနစ်ဆိုင်ရာ သုတေသန လုပ်ငန်းများအား ဟန်ချက်ညီညီ တိုးမြှင့် ဆောင်ရွက်ပြီး လက်တွေ့ အသုံးချနိုင်ရေးကို အလေးပေးဆောင်ရွက်ခြင်း၊

(၁၀) ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များကို သိရှိ လိုက်နာ ကျင့်သုံးလာအောင် ဆောင်ရွက်ခြင်း၊

(၁၁) ကျောင်းသားကျောင်းသူ လူငယ်များအပါအဝင် ပြည်သူလူထုနယ်ပယ်တွင် ကျန်းမာရေးအသိပညာတိုးပွားစေခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် လျာထား ခြင်း၊

(၁၂) ကျန်းမာရေးကဏ္ဍတိုးတက်မြင့်မားစေရန် ပြည်တွင်းပြည်ပ အကူအညီများ အား စနစ်တကျအသုံးချခြင်းနှင့် ကျန်းမာရေးနှင့်နီးနွယ်ဆက်စပ်နေသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၁၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက် ကျန်းမာရေးဌာန ၁၂၀ နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၈၀ တို့၏ ဖွဲ့စည်းပုံတိုးချဲ့ရန် လျာထားခြင်း၊

(၁၄) ဓာတ်ခွဲလုပ်ငန်းများနိုင်ငံတကာအဆင့်မီအဆင့်အတန်းမြှင့်တင် ဆောင်ရွက် ရန်လျာထားခြင်း၊

(၁၅) ထောင်စုနှစ်ဖွဲ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များပြည့်မီရေးနှင့် မိခင်ကလေး၊ မွေးကင်းစကလေးနှင့် ဘဝသက်တမ်း တစ်လျှောက် ကျန်းမာရေး တိုးတက်ရေး မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ရရှိ စေရန် ဆောင်ရွက်ခြင်း၊

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း-

(က) ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်း လွမ်းခြုံမှု ရာခိုင်နှုန်းကို ၇၂ရာခိုင်နှုန်း မှ ၈၀ရာခိုင်နှုန်း သို့လည်းကောင်း၊

(ခ) ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများနှင့် မွေးဖွားမှုနှုန်းကို ၆၆ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်း သို့ လည်းကောင်း မြှင့်တင် ရန်၊

(ဂ) တစ်နှစ်အောက်ကလေးသေဆုံးနှုန်း အရှင်မွေးကလေး ၁,၀၀၀ လျှင် ၃၆.၃ ဦးမှ ၃၂.၇ ဦးသို့ လည်းကောင်း၊

(ဃ) သားဖွားမိခင်သေဆုံးမှုနှုန်း အရှင်မွေး ၁၀၀,၀၀၀ လျင် ၁၉၅ ဦး မှ ၁၃၀ ဦးသို့ လည်းကောင်း လျှော့ချရန်၊

(၁၆) HIV/AIDSရောဂါဖြစ်ပွားမှုနှုန်းများထိန်းချုပ်လျှော့ချရန် ဆောင်ရွက်ခြင်း၊

(က) HIV ပိုး ကူးစက်ခံရမှု ဖြစ်နိုင်ချေ အများဆုံးရှိသူ အသက်အုပ်စု (၁၅–၂၄) အရွယ်များ၏ ကူးစက်ခံရမှုအား လျော့နည်းကျဆင်းစေရန်၊ ၂၀၁၅ ခုနှစ်တွင် ၀.၆ ရာခိုင်နှုန်းသို့ လျှော့ချရန်၊

(ခ) ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးကူးစက်မှုအန္တရာယ် မြင့်မားသော ဆက်ဆံမှုဌ ကျား- မ တို့၏ **ကွန်ဒုံး** အသုံးပြုမှု ၉၀ရာခိုင်နှုန်း အထိ ရောက်ရှိ စေရန်၊

(ဂ) ၂၀၁၅ ခုနှစ်တွင် HIV/AIDS နှင့် စပ်လျဉ်း၍ ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူ အသက်(၁၅-၂၄)အရွယ် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထိ ရောက်ရှိစေရန်၊

(ဃ) ၂၀၁၅ ခုနှစ်တွင် HIVပိုး ကူးစက်ခံရမှု အဆင့်မြင့်နေသူများ အနက် ART ဆေးလက်လှမ်းမီ ရရှိသူဦးရေ ၅၃.၁၁ ရာခိုင်နှုန်း အထိ ရောက်ရှိစေရန်၊

(၁၇) ငှက်ဖျားရောဂါနှင့် TB ရောဂါ ဖြစ်ပွားမှုနှုန်းများ ထိန်းချုပ်လျှော့ချရန် ဆောင်ရွက်ခြင်း၊

(က) ၂၀၁၅ ခုနှစ်တွင် ငှက်ဖျားရောဂါနှင့် ဆက်စပ်သည့် ဖြစ်ပွားမှုနှုန်းကို လူဦးရေ ၁၀၀,၀၀၀ လျင် ၁,၂၀၀ဦးသို့ လျှော့ချရန်၊

(ခ) ၂၀၁၅ ခုနှစ်တွင် ငှက်ဖျားရောဂါနှင့် ဆက်စပ်သည့် သေဆုံးမှု လူဦးရေ ၁၀၀,၀၀၀ လျင် ၁ ဦးထိ လျှော့ချရန်နှင့် (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း) ငှက်ဖျားလူနာရှာဖွေ ကုသခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ အိမ်တွင်းတာရှည်ခံ ပိုးသတ်ဆေးဖြန်းခြင်း တို့အတွက် ကျပ်သန်းပေါင်း ၂၅၂,၀၂၇.၅ကို သုံးစွဲ ဆောင်ရွက်ခြင်း၊

(ဂ) ၂၀၁၅ ခုနှစ်တွင် ဆေးစိမ်ခြင်ထောင်များဖြင့်အိပ်သော အသက် ၅ နှစ် အောက် ကလေးများအချိုး ၂၄ ရာခိုင်နှုန်းထိ တိုးမြှင့် ရောက်ရှိ စေရန်၊

(ဃ) ၂၀၁၅ ခုနှစ်တွင် သင့်လျော်သော ဌက်ဖျားရောဂါ ပျောက်ဆေးများဖြင့် ကုသခံ ရသည့် အသက်ငါးနှစ်အောက် ဖျားနာသူ ကလေးများအချို့ ၃၈ ရာခိုင်နှုန်းထိ တိုးမြှင့် ရောက်ရှိစေရန်၊

(င) ၂၀၁၅ ခုနှစ်တွင် အဆုတ်နာ(တီဘီ)ရောဂါနှင့် ဆက်စပ်သည့် ပြန့်နှံ့မှုနှုန်း ၄၄၇ သို့ လျှော့ချရန်၊

(စ) ၂၀၁၅ ခုနှစ်တွင် အဆုတ်နာ(တီဘီ)ရောဂါနှင့် ဆက်စပ်သည့် သေဆုံး မှုနှုန်းအား ၅၅ သို့ လျှော့ချရန်၊

(ဆ) ၂၀၁၅ ခုနှစ်တွင် DOTS ကုထုံးဖြင့် ပျောက်ကင်းခဲ့သည့် အဆုတ်နာ (တီဘီ) ရောဂါသည်များ အချိုးအား ၈၅ သို့ တိုးမြင့်ရောက်ရှိစေရန် လျာထားခြင်း၊

(၁၈) သန့်ရှင်းသောရေရရှိမှုနှင့် အညစ်အကြေး သန့်ရှင်းရေးစနစ်အား အစဉ်လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက်လျှော့ချရန်-

(က) ၂၀၁၅ခုနှစ်တွင် ကောင်းမွန်သော သောက်ရေဖော်မြစ်ကို အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး ၉၀ ထိ ရောက်ရှိစေရန်၊

(ခ) ၂၀၁၅ခုနှစ်တွင် ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေး (မိလ္လာ)စနစ်ကို အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး ၉၀ အထိ ရောက်ရှိစေရန်၊

(၁၉) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကွန်ရက်စနစ် ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး ဝန်ကြီးဌာနတွင် ကွန်ရက်စနစ် တည်ထောင်၍ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အထောက်အကူပြု လုပ်ငန်းများကို ကျန်းမာရေးဌာန အဆင့်ဆင့်တွင် ဆောင်ရွက်ခြင်း၊

(၂၀) အဆင့်မီပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများ ဥပဒေနှင့်အညီ ပေါ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

၄-၃။ လူမှုဖူလုံရေးနှင့်လူမှုအကာအကွယ်ပေးရေး

လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ လူမှုအကာအကွယ်ပေးရေးကဏ္ဍတွင် အဓိကကျသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပြီး နိုင်ငံတော်တွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် လုပ်ငန်း ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်သာမက ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးတွင်လည်း လူမှုဖူလုံ ရေး စီမံကိန်းကို အလေးထား ကျင့်သုံးလျက် ရှိပါသည်။

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသော အလုပ်သမားများအား ၁၉၅၄ ခုနှစ် လူမှုဖူလုံရေး အက်ဥပဒေအရ အလုပ်ရှင်၊ အလုပ်သမားများ၏ ထည့်ဝင်ကြေးများ၊ နိုင်ငံတော်၏ ထည့်ဝင်ထောက်ပံ့ငွေများဖြင့် အာမခံထားသော အလုပ်သမားများအား ဆေးဝါးကုသမှု နှင့် ငွေလက်ငင်းအကျိုးခံစားခွင့်များပေးလျက်ရှိရာ ဆေးကုသမှုသည် လူမှုဖူလုံရေးအဖွဲ့၏ အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပြီး၊ မမာမကျန်းမှု၊ ကိုယ်ဝန်ဆောင် မှု၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှု စသည်တို့ ကြုံတွေ့သည့်အခါ ဆေးကုသမှု ပေးနိုင်ရေး အတွက် လူမှုဖူလုံရေးအဖွဲ့တွင် ဆေးရုံကြီး ၃ ရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၂ ခန်းနှင့် ဌာနကြီး ဆေးခန်း ၄၃ ခန်း တို့ဖြင့် မြို့နယ်ပေါင်း ၁၁၀ ရှိ အာမခံအလုပ်သမားများကို ကျန်းမာရေး ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူများအတွက်လည်း နာရေးစရိတ် များထုတ်ပေးခြင်း၊ ကျန်ရစ်သူမိသားစုများအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် နှင့် လုပ်ငန်းခွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်မစွမ်း ဖြစ်သွားသူများအတွက် ငွေကြေး အကျိုးခံစားခွင့်များ ရရှိခံစားစေခြင်းတို့အပြင် ကိုယ်အင်္ဂါ တစ်စိတ်တစ်ပိုင်း ဆုံးရှုံးပါက ခြေတုလက်တု တပ်ဆင် ပေးခြင်းကိုလည်း လိုအပ်ချက်နှင့်အညီ ဆောင်ရွက် ပေးလျက် ရှိပါသည်။

ရည်ရွယ်ချက်

စီမံကိန်းကို ဖော်ပြပါရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) ကျန်းမာရေး စောင့်ရှောက်မှုအခန်းကဏ္ဍကို လက်လှမ်းမီစေရေး တိုးမြှင့် ဆောင်ရွက်ရန်၊

(ခ) လူမှုဘဝလုံခြုံမှုကို တိုးမြှင့် အကာအကွယ်ပေးရန်၊

(ဂ) နိုင်ငံတကာ အတွေ့အကြုံများ ရရှိဖလှယ်ရန်နှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) အာမခံထားသူများအား အိမ်ရာပိုင်ဆိုင်ခွင့်များ ရရှိစေ၍ လူနေမှုဘဝ တိုးတက် ကောင်းမွန်လာစေရန်၊

(င) လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေ၍ လူမှုဘဝဖူလုံရေးကို တိုးမြှင့် ဆောင်ရွက်ရန်။

ဥပဒေသစ် ပြဋ္ဌာန်းခြင်းနှင့် အာမခံစနစ်များ

မြန်မာနိုင်ငံ လူမှုဖူလုံရေးစီမံကိန်းအား နိုင်ငံတကာ ကျင့်သုံးမှုများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် အာမခံစနစ်သစ်များနှင့် အကျိုးခံစားခွင့်များ တိုးမြှင့်ပါဝင်သည့် ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေသစ်ကို (၃၁.၈.၂၀၁၂) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်-

၂၀၁၂ ခုနှစ်၊လူမှုဖူလုံရေး ဥပဒေသစ်တွင် အောက်ပါအာမခံစနစ် (၆) မျိုး ပါဝင်ပါသည်။

(၁) ကျန်းမာရေးနှင့် လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်၊

(၂) မိသားစုထောက်ပံ့မှု အာမခံစနစ်၊

(၃) အလုပ်လုပ်ကိုင် နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံ စနစ်၊

(၄) အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊

(၅) အခြားလူမှုဖူလုံရေးစနစ် (အိမ်ရာ စီမံကိန်း)၊

(၆) အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် လုပ်ငန်းများ

၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေသစ်အား အတည်ပြုပြီး ဖြစ်သော်လည်း ကျင့်သုံး အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းစဉ်များစွာ ဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် တစ်နှစ်ခန့် အချိန်ယူပြီး ၂၀၁၄ ခုနှစ် အစပိုင်းမှစတင်၍ တစ်စတစ်စ တိုးချဲ့အကောင်အထည်ဖော် ကျင့်သုံးသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဥပဒေသစ်ပါ အာမခံစနစ်များနှင့် အကျိုးခံစားခွင့်များအား အများပြည်သူ ကျယ်ပြန့်စွာ သိရှိနားလည်လက်ခံ လာစေရေးအတွက် အသိပညာပေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့

ပါ သည်။ လူမှုဖူလုံရေး နည်းဥပဒေကို (၂.၄.၂၀၁၄) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း ခဲ့ပါ သည်။

ဥပဒေသစ်တွင် အာမခံစနစ်များ၊ ငွေကြေးအကျိုးခံစားခွင့်များ တိုးတက်ပါရှိလာ သည့်အတွက် အာမခံအလုပ်သမားဦးရေမှာ ၀.၆၆ သန်း ရှိလာပါသည်။ နှစ်အလိုက် အာမခံအလုပ်သမားများ တိုးပွားလာသည်နှင့်အမျှ ဆေးဖိုးပြန်အမ်းငွေများလည်း မြင့်မား လာပါသည်။ ထို့အပြင် အလုပ်သမား ဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် ဆေး၀ါးနှင့် ဆေးပစ္စည်း ကိရိယာများကိုလည်း ဖြည့်တင်းပေးလျက်ရှိပါသည်။

ဥပဒေသစ်အရ လုပ်ငန်းအတည်တကျရှိသော အလုပ်သမားများသာမက လုပ်ငန်း အတည်တကျမရှိသော လက်လုပ်လက်စား အလုပ်သမားများနှင့် မိမိဆန္ဒအလျောက် ဝင်ရောက်လိုသူများကို အကျုံးဝင်နိုင်စေရေး စတင်ဆောင်ရွက်ပြီး နှစ်စဉ် အကျုံးဝင် အာမခံအလုပ်သမား ၇ သိန်းအထိ မှတ်ပုံတင် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

သို့ဖြစ်၍ တိုးတက်များပြားလာမည့် အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စေရေးအတွက် လက်ရှိ အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများ၏ အဆင့်အတန်း နှင့် ကျန်းမာရေး၀န်ထမ်းများ၏ အရည်အချင်း၊ အရည်အသွေး တိုးတက်ရေး တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အာမခံထားသူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း နှင့် ဆေးကုသမှုဆိုင်ရာ အကျိုးခံစားခွင့်များပေးရာတွင် ထိရောက်မှု ရှိစေရေး အတွက် ရောဂါအလိုက် ဆေးကုသမှု စံနှုန်းသတ်မှတ်ချက်ဆိုင်ရာ အစည်းအဝေးများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ ဖိတ်ခေါ်၍ ကျင်းပ ဆောင်ရွက် လျက်ရှိပါသည်။

ထို့အပြင် အလုပ်သမားဆေးရုံကြီးများ၊ ဆေးခန်းများနှင့် အလှမ်းကွာဝေးသော နေရာ များရှိ အလုပ်သမားများ ဆေးကုသမှု ခံယူနိုင်ရန်အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ ဆေးဆိုင်များနှင့် စာချုပ်ချုပ်ဆို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ ကန်ထရိုက် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်များ ထားရှိဆောင်ရွက်ခြင်းဖြင့် အလုပ်သမားများ ဆေးကုသမှု ခံယူရန် လိုအပ်လာသည့်အခါ ငွေကြေးပေးချေရန် မလိုအပ်သဖြင့် အလုပ်သမားထုကို ကိုယ်စား ပြုမည့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားနိုင်၍ လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လုပ်သားထုတစ်ရပ်လုံးအား ကျန်းမာရေးအရ အကာ အကွယ်ပေးမည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက် ပေးနိုင်ရေးအတွက် ဖော်ပြပါ လုပ်ငန်း များကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ခဲ့ပါသည်-

(က) ရွေ့ပြည်သာ (စက်မှုဇုန်) ဆေးခန်းတစ်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များအတွင်း ရွေ့လျားဆေးကုသမှုလုပ်ငန်း (Mobile Medical Unit) တို့ကို ဖွင့်လှစ် ဆောင်ရွက်ခြင်း၊

(ခ) ဆေးနှင့် ဆေးကိရိယာများ ဝယ်ယူဖြည့်တင်းခြင်း၊

(ဂ) ဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်ခြင်း၊

(ဃ) လူနာတင်ယာဉ်များ ဝယ်ယူ၍ အရေးပေါ် အခြေအနေများတွင် အထူးကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း။

ရန်ကုန်၊ မန္တလေးအလုပ်သမားဆေးရုံကြီး နှင့် ထန်းတပင် တီဘီရောဂါကုဆေးရုံကြီးများကို အဆင့်မြှင့်တင်ခြင်း၊ အလုပ်သမားဆေးရုံကြီးများအား ခွဲစိတ်ခန်းနှင့် ဓာတ်ခွဲခန်းများ မွမ်းမံပြင်ဆင်ပေးခြင်း၊ အထူးကြပ်မတ်ကုသဆောင်များ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ပြန်လည်သန်စွမ်းရေးဌာန ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက် ခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောင်ရွက်မည့် လုပ်ငန်းများ

ဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ထောက်ပံ့ပေးရာတွင် X-ray Machine, CT scan, MRI, USG, Endoscope, Echocardiogram နှင့် Laboratory Machine, Reagents, ART, Anti-TB & MDRTB drugs, Antiviral for Hepatitis-B & Hepatitis-C, Vaccines များ ဝယ်ယူနိုင်ရေးအတွက် ပြည်ပအထောက်အပံ့၊ အကူအညီများ ရယူသုံးစွဲသွားရန် ရည်မှန်းထား ပါသည်။

လူမှုဖူလုံရေးရုံး အဆောက်အဦအင်္ဂါရုပ်များနှင့် ကိုက်ညီ၍ သစ်လွင်ပြီး အဆင့်မီသော ရုံးခွဲများ ဖြစ်စေရန် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရုံးခွဲ ၅ ရုံးနှင့် ဆေးခန်း ၅ ခန်းအား ပြုပြင်မွမ်းမံခြင်းနှင့် ဆေးခန်းများတွင် တယ်လီဖုန်းများ တပ်ဆင်ဆောင်ရွက်သွားပါမည်။ ထို့အပြင် နေပြည်တော်တွင် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) ရုံးသစ်၊ နေပြည်တော်ရုံးခွဲနှင့် ဆေးခန်း၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံရုံးနှင့် ဆေးခန်း၊ လှိုင်သာယာမြို့နယ်ဆေးခန်း၊ တာမွေဆေးခန်း ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောင်ရွက်မည့် လုပ်ငန်းများ

လူမှုဖူလုံရေးရုံး အဆောက်အဦအင်္ဂါရုပ်များနှင့် ကိုက်ညီ၍ သစ်လွင်ပြီး အဆင့်မီသော ရုံးခွဲများ ဖြစ်စေရန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုံးခွဲ ၅ ရုံး နှင့် ဆေးခန်း ၅ ခန်းအား ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်သွားပါမည်။ ထို့အပြင် သထုံရုံးနှင့် ဆေးခန်း၊ ဟသံတရုံး နှင့်

ဆေးခန်း၊ ဖျာပုံရုံးနှင့် ဆေးခန်း၊ ကျောက်ဖြူရုံးနှင့် ဆေးခန်းများအတွက် အဆောက်အဦများ ဆောက်လုပ်ရန်ရည်မှန်းထားပါသည်။

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်မှုကဏ္ဍတွင် အဓိကကျပြီး နိုင်ငံတော်စီးပွားရေး တည်ငြိမ်မှု၊ တိုးတက်မှု ရရှိစေရေးအတွက် လူသားအရင်းအမြစ်များဖြစ်သည့် အလုပ်သမားများအပေါ် ကျန်းမာရေးနှင့် လူမှုရေးကာကွယ်ပေးနေသည့် လူမှုဖူလုံရေးစီမံကိန်းများကို အလုပ်ရှင်၊ အလုပ်သမားများနှင့် နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲလျက်ရှိပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာဗျူဟာမူကြမ်း ရေးဆွဲနိုင်ရေးအတွက် အမျိုးသားအဆင့် နည်းပညာလုပ်ငန်းအဖွဲ့အား ဖွဲ့စည်းခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက် (မြန်မာ)တို့မှ ပူးတွဲဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ Help Age International မိတ်ဖက် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာသည် မြန်မာနိုင်ငံ၏ လူမှုစီးပွား၊ ဘေးအန္တရာယ်ကျရောက်မှု၊ ထိခိုက်လွယ်မှုဆိုင်ရာ အကြောင်း အရာများအပေါ် အခြေခံ၍ ရေးဆွဲလျက်ရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများနှင့်အစီအစဉ်များသည်လူ့အဖွဲ့အစည်းတွင် ဘေးထုတ်ဖယ်ကျင်ခံရသူများနှင့် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ထိခိုက်လွယ်နိုင်သော အခြေအနေတွင်ရှိသည့်လူများ ၄င်းတို့ ကိုယ်တိုင် ပိုမိုကောင်းမွန်သော ဘဝအခြေအနေတစ်ခု တည်ဆောက်နိုင်ရေး၊ လူမှုရေး တည်ငြိမ်မှုအားမြှင့်တင်နိုင်ရေးနှင့် ရေရှည်တွင် ဆင်းရဲနွမ်းပါးမှုအား လျှော့ချနိုင်ရေးတို့တွင် အကူအညီပေးနိုင်ပါသည်။ မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာသည် ထိခိုက်လွယ်နိုင်သူများအား စောင့်ရှောက်ပေးနိုင်သကဲ့သို့ ဝင်ငွေလုံခြုံမှုနှင့် ပညာရေး၊ ကျန်းမာရေး အပါအဝင် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများအား ပြည်သူလူထု လက်လှမ်းမီ တိုးတက်လာစေရန် မူဘောင်တစ်ရပ်လည်းချမှတ်နိုင်မည့်အပြင် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း၊ လူမှုရေးမျှတမှုနှင့် အကျုံးဝင်မှု တိုးတက်လာခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်နိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုရေးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ ၂၀၁၅ ခုနှစ် MDGs ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီနိုင်ပြီး အခြားအာဆီယံနိုင်ငံများနည်းတူ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် လူမှုကာကွယ်စောင့်ရှောက်မှု မြှင့်တင်ရေး အာဆီယံကြေငြာစာတမ်း ASEAN Declaration on Strengthening Social Protection ကို အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် Social Protection Frame work - မဟာဗျူဟာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ် ရေးဆွဲပြီး ၂၀၁၅ ခုနှစ်၊ မတ်လတွင် နိုင်ငံတော် အတည်ပြုချက်ရယူရန် ဆောင်ရွက် လျက်ရှိပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနသည် INGOs အဖွဲ့အစည်းများပူးပေါင်း၍ လူမှုအကာကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အမေရိကန်နိုင်ငံအခြေစိုက် World Vision အဖွဲ့နှင့် ပူးပေါင်း၍ မြို့နယ် ၁၆ မြို့နယ်တို့တွင် ကလေးသူငယ်များအတွက် ကျောင်းပြင်ပ ပညာရေး အစီအစဉ်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ Early Childhood Care and Development (ECCD) Centre များဖွင့်လှစ်ခြင်းနှင့် မိဘအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့်လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် အင်္ဂလန်နိုင်ငံအခြေစိုက် Save the Children အဖွဲ့ နှင့် ပူးပေါင်း၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကလေးဗဟိုပြုအစီအစဉ်၊ ပညာရေး၊ အာဟာရနှင့်အသက်မွေးဝမ်းကျောင်း ကူညီပံ့ပိုးရေး၊ အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို မြို့နယ် ၄၁ မြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဖြိုတိန်နိုင်ငံ၊ လန်ဒန်မြို့ အခြေစိုက် Help Age International (Myanmar)အဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် Marie Stopes International အဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေး၊ လူမှုရေး နှင့် စိတ်ပိုင်းဆိုင်ရာလုပ်ငန်းများ၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျား/မဆိုင်ရာပညာပေးသတင်းအချက်အလက်များ၊ မျိုးဆက်ပွား ဆိုင်ရာကျန်းမာရေးဆိုင်ရာပစ္စည်းများဖြန့်ဝေခြင်း၊ HIV/AIDS နှင့် စိတ်လူမှု အထောက် အပံ့ဆိုင်ရာ ဆွေးနွေးပွဲများကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံ အခြေစိုက် Japan Heart အဖွဲ့နှင့်ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ရန်

လိုအပ်သောကလေးများ၊ မျက်မမြင်မသန်စွမ်းသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု နှင့်အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေးပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကြောင်းသင်တန်းများ၊ မိသားစုစိုက်ပျိုးရေးနှင့်မွေးမြူရေး ဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရပ်ရွာအခြေခံအဆောက်အဦများ ပြုပြင်ဆောက်လုပ်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုဖန်ထမ်းဦးစီးဌာနနှင့်တောင်ကိုးရီယားနိုင်ငံ၊ ဆိုးလ်မြို့ အခြေစိုက် Global Vision တို့ပူးပေါင်း၍ ရပ်ရွာအခြေပြု အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုပြုစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် ဘိုးဘွားရိပ်သာရှိ သက်ကြီးရွယ်အိုများအား စောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုဖန်ထမ်းဦးစီးဌာနနှင့်အင်္ဂလန်အခြေစိုက် Plan International (Myanmar) ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ အာဟာရလိုအပ်ချက်များအတွက်အစီအစဉ်များမြှင့်တင်ပေးခြင်း၊ သန့်ရှင်းသောသောက်သုံးရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ သင်ကြားမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်ကြုံတင်ပြင်ဆင်မှုနှင့်တုန့်ပြန်မှုတို့အတွက် သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဖန်ထမ်းဦးစီးဌာနသည် တောင်ကိုးရီးယားနိုင်ငံ၊ ဆိုးလ်မြို့အခြေစိုက် Good Neighbours International နှင့် ပူးပေါင်း၍ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အာဟာရဖွံ့ဖြိုးရေး နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပံ့ပိုးပေးခြင်း၊ Convention on the Rights of the Child (CRC) အသိပညာပေးသင်တန်းများ၊ ဆင့်ပွားသင်တန်းများပံ့ပိုးပေးခြင်း၊ Early Childhood Care and Development (ECCD) Centre ကျောင်းများအတွက် လိုအပ်သော ပံ့ပိုးမှုများပေးခြင်း၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများနှင့်မိသားစုဝင်များအား ရေကောင်းရေသန့်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝင်ငွေတိုးလုပ်ငန်းများ ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံအခြေစိုက် Caritas Thailand နှင့် ပူးပေါင်း၍ ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုများထောက်ပံ့ခြင်း၊ ဆေးဝါးနှင့်ကျန်းမာရေးစောင့်ရှောက်မှု များပြုလုပ်ပေးခြင်း၊ လူကုန်ကူးမှုခံကြရသည့် ပုဂ္ဂိုလ်များအား ထောက်ပံ့ပေးခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဖန်ထမ်းဦးစီးဌာနနှင့် အီတလီနိုင်ငံ၊ မီလန်မြို့အခြေစိုက် Terre des Hommes-Italia (Tdh-Italia) တို့ ပူးပေါင်း၍ သန့်ရှင်းသောရေရရှိရန်အတွက် ရေနှင့်သန့်ရှင်းရေးဆိုင်ရာလိုအပ်သော အဆောက်အဦများ ပြန်လည်တည်ဆောက်ပေးခြင်း၊ ကျောင်းဆောင်များပြန်လည်ပြုပြင်ပေးခြင်းနှင့် လိုအပ်သောပစ္စည်းကိရိယာများထောက်ပံ့ပေးခြင်း၊ တစ်ကိုယ်ရေ

သန့်ရှင်းရေးမြှင့်တင်ရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး သင်တန်းများပေးခြင်း၊ လူငယ်သင်တန်းကျောင်းများရှိ ကျောင်းသားလူငယ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအား လိုအပ်သော လူမှုရေးအကူအညီများ ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနနှင့် တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့ အခြေစိုက် Action Aid အဖွဲ့တို့ပူးပေါင်း၍ မသန်စွမ်းသူများနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ လုပ်ငန်းစီမံချက်များအား အထောက်အကူပြုခြင်းဖြင့် မသန်စွမ်းသူများနှင့် အမျိုးသမီးများအတွက် အခြေခံစွမ်းရည်တည်ထောင်ရေး ဆက်လက် ဆောင်ရွက်မည်ဖြစ် ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် အင်္ဂလန်နိုင်ငံအခြေစိုက် The Leprosy Mission International အဖွဲ့နှင့် ပူးပေါင်း၍ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေး၊ မသန်စွမ်းမှု နှင့် မသန်စွမ်းသူများအတွက် အားလုံးအကျုံးဝင် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် Salt Lake City အမေရိကန်နိုင်ငံအခြေစိုက် Latter-Day Saint Charities (LDSC) အဖွဲ့နှင့်ပူးပေါင်း၍ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် မိဘမဲ့ကလေးများအား ထောက်ပံ့ကူညီပေးနေသော ပြည်သူ့အသင်း အဖွဲ့များ ၊ တာဝန်ယူဆောင်ရွက်ပေးနေသော တစ်သီးပုဂ္ဂလနှင့် မိသားစုများ ပူးပေါင်းပြီး မသန်စွမ်းသူများနှင့် မိဘမဲ့ကလေးများအား လူသားချင်း ကူညီ စောင့်ရှောက်ပေးခြင်း၊ မသန်စွမ်းသူများအား သောက်ရေသန့်၊ ဘီးတပ်ကုလားထိုင်များနှင့် ခြေလက်အင်္ဂါအတုများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြင်သစ်နိုင်ငံ၊ လီယွန်မြို့အခြေစိုက် Triangle GH အဖွဲ့ နှင့် ပူးပေါင်း၍ မသန်စွမ်းသူများအား အကြောအဆစ်ကျွမ်းကျင် (ကာယ)၊ (အနုစိတ်)၊ မသန်စွမ်း သီးသန့် အထူးပညာရေး၊ အသံကုထုံး၊ အာရုံခံအကြောကုထုံး၊ ရေကုထုံးဖြင့် စောင့်ရှောက်ပေးခြင်း၊ အသိပညာပေး သင်တန်းများ၊ ပုံမှန်ဂင်္ဂေ ရရှိနိုင်သော အသက်မွေးဝမ်းကျောင်း သင်တန်းများ လေ့ကျင့် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ဆွစ်ဇာလန်နိုင်ငံ၊ လိုဇန်းမြို့အခြေစိုက် The Foundation Terredes Hommes, Switzerland နှင့် ပူးပေါင်း၍ ရပ်ရွာအတွင်း ပြန်လည်ဝင်ဆံ့စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် သင်တန်းကျောင်းမှ ကလေးများကို ဖော်ထုတ်သတ်မှတ်ခြင်း၊ မိသားစုရှာဖွေခြင်း၊ ဆန်းစစ်ခြင်းနှင့် မိသားစုအတွင်း ပြန်လည် ဝင်ဆံ့စေရေး အစီအစဉ်ရေးဆွဲခြင်း၊ ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း နှင့် ဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ကလေးသူငယ်ပြုစုစောင့်ရှောက်ကာကွယ်ရေး

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးကို ဦးတည်သည့် မူကြိုကလေးသူငယ် စောင့်ရှောက်မှုလုပ်ငန်းကိုကျောင်း အခြေပြု (Centre-based) လုပ်ငန်းမှ ရပ်ရွာအခြေပြုလုပ်ငန်း (Community based) အဖြစ် စည်းရုံးတိုးချဲ့ဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြု ကလေးသူငယ် စောင့်ရှောက်ရေး လုပ်ငန်း များ အဖြစ် မန္တလေးတွင် Day Care Center ၁ ခုနှင့် ရန်ကုန်တွင် Drop-in Center ၁ ခု ဖွင့်လှစ်၍လည်းကောင်း၊ Save the Children အဖွဲ့နှင့် ပူးပေါင်း၍ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်တို့တွင် အသိပညာပေးသင်တန်းများ ဖွင့်လှစ်၍လည်းကောင်း ဆောင်ရွက်ခဲ့ပါ သည်။ မြို့နယ်အတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစနစ် ထူထောင်ခြင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ၁၅ မြို့နယ် နှင့် မန္တလေးတိုင်းဒေသကြီးတွင် ၅ မြို့နယ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၀ မြို့နယ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပါ သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အသက် (၃-၅) နှစ်အရွယ် ကလေးများအတွက် မူလတန်းကြိုကျောင်း ၅ ကျောင်းကို အောင်ပန်းမြို့၊ မြောင်းမြမြို့၊ ပဲခူးမြို့၊ ကလေးမြို့ နှင့် တောင်ငူမြို့နယ်တို့တွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မူလတန်းကြို ကျောင်း ၄ ကျောင်းကို လွိုင်လင်မြို့၊ ဘားအံမြို့၊ ကျောက်ဆည်မြို့ နှင့် မြင်းခြံမြို့တို့တွင် လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပါသည်။ မိခင်ဝိုင်းခေါင်းဆောင်နှင့် ပံ့ပိုးကူညီသူများအတွက် မိဘရပ်ရွာ အသိပညာပေးနည်းပြ သင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် မြို့နယ် ၂ မြို့နယ်တွင် မိခင်ဝိုင်း ၁၀ ဝိုင်းစီနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြို့နယ် ၂ မြို့နယ်တွင် မိခင်ဝိုင်း ၁၀ ဝိုင်းစီတိုးချဲ့ဖွင့်လှစ်မည် ဖြစ်ပါသည်။

ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးများအတွက် ကလေး ၁၀၀ ဆံ့ ကလေးပြုစုရေးဌာန ၂ ခု ကို ၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုသိမ်မြို့နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စစ်တွေမြို့တို့၌ ဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ရှေးဦးကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ မူဝါဒကိုယူနီဆက် နှင့် ပူးပေါင်းလျက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ စတင်၍ ရေးဆွဲပြုစုလျက်ရှိပါသည်။ ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဒေသတွင်း နှီးနှောဖလှယ်ပွဲ

များကို ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြုလုပ် သွားမည်ဖြစ်ပြီး၊ ရွေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ပင်မအထောက်အကူပြု ဗဟိုဌာန ၁ ခုကို ရန်ကုန်မြို့တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားပါသည်။ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေး နည်းပြသင်တန်း ၄ ကြိမ်ကို လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း (ရန်ကုန်မြို့) ၌လည်းကောင်း၊ မိုင်းအန္တရာယ် အသိပညာပေး သင်တန်းကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ် နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင်လည်းကောင်း၊ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဖွင့်လှစ် ဆောင်ရွက်ရန် လျာထားပါသည်။ ကလေးသူငယ် ဥပဒေ စာအုပ်အား ပုံနှိပ်ထုတ်ဝေခြင်း နှင့် ကလေးသူငယ် နည်းဥပဒေ ရေးဆွဲခြင်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဆောင်ရွက်ရန် လျာထားပါသည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေး

အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (National Plan of Action on Women Development) မူကြမ်း ရေးဆွဲခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီး သင်တန်းကျောင်းများရှိ ဝန်ထမ်းများကို သင်တန်းသူများ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရေးအတွက် စိတ်လှုမှုဆက်ဆံရေး သင်တန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့တွင် ဖွင့်လှစ်ရန် လျာထားပါသည်။ ရပ်ရွာအခြေပြု လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာများ အသိပညာပေး သင်တန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပသွားရန် လျာထားပါသည်။ ကျား/မ တန်းတူညီမျှမှုဆိုင်ရာ သဘောတရားနှင့် အသိပညာပေးမှု အစီအစဉ်များကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး(အနောက်)၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့တို့၌ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင် ကျောင်း ၁ ကျောင်းစီနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁ ကျောင်းတို့ကို ဖွင့်လှစ်ရန် လျာထားပါသည်။ လူကုန်ကူးခံရသူများအား ပြန်လည် လက်ခံခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်း၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ထိုင်း-မြန်မာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း နှစ်စဉ်ကျင်းပရန် လျာထားပြီး၊ အာဆီယံအမျိုးသမီးနှင့်ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ ကော်မရှင်လုပ်ငန်း အစီအစဉ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေး

ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန၊ Help Age International (HAI)၊ YMCA တို့ ပူးပေါင်း၍ ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ ပုသိမ်မြို့နယ်တွင် ကျေးရွာ ၅ ရွာ၊ ကန်ကြီးထောင့် မြို့နယ်တွင် ကျေးရွာ ၅ ရွာ၊ ရွှေသောင်ယံမြို့နယ်တွင်ကျေးရွာ ၁၀ ရွာ၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ကျေးရွာ ၁၀ ရွာ၊ စုစုပေါင်းကျေးရွာ ၄၀ တွင် ဆောင်ရွက်ခဲ့ပြီး သက်ကြီးရွယ်အိုများပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အား မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ရှိကျေးရွာ ၁၅ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော် မြို့နယ်ရှိ ကျေးရွာ ၁၅ ရွာ၊ စုစုပေါင်းရွာ ၃၀ တို့တွင် ထပ်မံတိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်၏ သက်ကြီးရွယ်အိုများဆိုင်ရာမူဝါဒ၊ လုပ်ငန်းအစီအစဉ်များချမှတ်ရာတွင် အထောက်အကူရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရန်အတွက် အမျိုးသားအဆင့်သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း စီမံချက်အတည်ပြုနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတကာကျွမ်းကျင် ပညာရှင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။ ပြောင်းလဲလာသော လူနေမှုပုံစံသစ်များနှင့်အညီ သက်ကြီးသူအချင်းချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ သက်ကြီးရွယ်အိုများ ဦးစီးသည့် ကျေးလက် ဒေသဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ရပ်ရွာအခြေပြုသက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဌာနကို ရန်ကုန်မြို့နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မန္တလေးမြို့တို့၌ ဖွင့်လှစ်ရန် လျာထားပါသည်။

ပြန်လည်ထူထောင်ရေး

ပြန်လည်ထူထောင်ရေးသင်တန်းများ၊ စေတနာ့ ဝန်ထမ်း မူးယစ်ကြိုးကြပ်ရေးမှူး သင်တန်းများ ဖွင့်လှစ်ခြင်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပြည်သူလူထုအခြေပြု ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်မြို့တို့တွင် ရပ်ရွာအခြေပြု ပြန်လည် ထူထောင်ရေးအဖြစ် ကျေးရွာအုပ်စုအတွင်းရှိ မူးယစ်ဆေးသုံးစွဲသူများကို အဆိုပါ ကျေးရွာအုပ်စုများ၌ ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့ ပါသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် မသန်စွမ်းသူများအတွက် သဘာဝဘေး အန္တရာယ်အသိပညာပေး သင်တန်းဖွင့်လှစ်ခြင်း၊ ရန်ကုန်မြို့တွင် နွေရာသီမျက်မမြင် အကြော ပြင် အခြေခံသင်တန်း ဖွင့်လှစ်ခြင်းနှင့် မျက်မမြင်အကြောပြင် နှီးနှောဖလှယ်ပွဲများ၊ ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ စံလက် သင်္ကေတပြ ဘာသာစကားစီမံချက် အပိုင်း ၂ အား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စံလက်သင်္ကေတပြ ဘာသာစကားပြန်များအား လေ့ကျင့်သင်တန်းပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်နှင့်နေပြည်တော်ကောင်စီနယ်မြေတို့တွင် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အသိပညာပေးသင်တန်း ၂ ကြိမ် ဖွင့်လှစ်ခြင်း၊ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ ဥပဒေ(မူကြမ်း)အား ရှေ့နေချုပ်ရုံးမှ အတည်ပြုပြီးပါက ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်း၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း ၁ ကျောင်းနှင့် မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ၁ ကျောင်းအား မန္တလေးမြို့တွင် အသစ်တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဂေဟာ သင်တန်းကျောင်း များတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်း နှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန် စံညွှန်းများ (Minimum Standards of Care and Protection for Children in Residential Facilities) သတ်မှတ်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြန်မာ လူမှုရေးသိပ္ပံဆိုင်ရာတက္ကသိုလ် (Myanmar Institute of Social Science) ဖွင့်လှစ်နိုင်ရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

၄-၄။ လမ်းပန်းဆက်သွယ်ပို့ဆောင်ရေး (မြို့ပြ - ကျေးလက်လမ်းဆက်သွယ်ရေးလမ်းများတိုးမြှင့်ရေး)

ကျေးလက်ဒေသရှိ ကုန်ထုတ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်သည့်လမ်းများကို နှစ် (၂၀) စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လက်ရှိကျေးလက်လမ်း စုစုပေါင်း ၂၉,၇၈၉ မိုင် ၇ ဖာလုံ ရှိ၍ ကျေးလက်တံတားမှာ စုစုပေါင်း ၂၄၁,၈၁၀ ပေ ရှိပါသည်။

၂၀၁၀-၂၀၁၂ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက် လမ်း/တံတားများကို မြေလမ်း ၁၉၂ မိုင်၊ ကျောက်လမ်း ၁၇၃ မိုင်၊ ကတ္တရာလမ်း ၁၆ မိုင်၊ သစ်သားတံတား ၂၀ စင်း၊ ရေပြွန် ၇၅ စင်းတို့ကို ဖောက်လုပ်ရန် ရည်မှန်းထားခဲ့ပါသည်။ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဖောက်လုပ်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးလမ်းအပိုင်း၊ ပဲခူးတိုင်းဒေသကြီး လမ်းပိုင်းနှင့် ရန်ကုန် တိုင်းဒေသကြီးလမ်းပိုင်းအား လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးလမ်းပိုင်း၊ ပဲခူးတိုင်းဒေသကြီး လမ်းပိုင်းနှင့် မွန်ပြည်နယ် လမ်းပိုင်းများအား လည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ် (၃) ဖောက်လုပ်ခြင်းအတွက် ကချင်ပြည်နယ်လမ်းအပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းအပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး လမ်းအပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလမ်းအပိုင်းများတွင် ကတ္တရာလမ်းခင်းခြင်း၊ မြေသားလမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ တံတားများ ဆောက်လုပ်ခြင်း၊ ရေပြွန်များ ဖောက်ခြင်းများဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြေလမ်း ၅၇၆ မိုင်၊ ကျောက်လမ်း ၇၈၃ မိုင်၊ ကတ္တရာလမ်း ၉၂ မိုင် ဖောက်လုပ်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်း/တံတားများကို မြေလမ်း ၇၇၃/၁ မိုင်၊ ကျောက်ချောလမ်း ၃၂၀/၀ မိုင်၊ ကတ္တရာလမ်း ၁၅၀/၃ မိုင် ၊ သစ်သား တံတား ၁၆,၀၀၀ ပေ၊ ရေပြွန် ၁၁,၂၀၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားခဲ့ပါသည်။ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) စစ်ကိုင်းတိုင်းဒေသကြီး လမ်းပိုင်းတွင် မြေသားလမ်း ၂၆/၇ မိုင်၊ ခရိုင်ချင်းဆက်လမ်းအမှတ် (၁) ပဲခူးတိုင်းဒေသ ကြီးလမ်းပိုင်းတွင် ကတ္တရာလမ်း ၉/၅ မိုင် တို့ကို ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်း/ တံတားများကို မြေလမ်း ၉၅၀/၀ မိုင်၊ ကျောက်လမ်း ၃၈၀/၀ မိုင်၊ ကတ္တရာလမ်း ၁၉၀/၄ မိုင်၊ ကွန်ကရစ်တံတား ၈၅၃၉ ပေ၊ သစ်သား တံတား ၁၉၀၀၀ ပေ၊ ရေကျော် ၆၄၀၆ ပေ၊ ရေပြွန် ၁၃၃၀၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပြီး၊ ခရိုင်ချင်းဆက်လမ်း/ တံတားများကို မြေလမ်း ၆၅/၅ မိုင်၊ ကျောက်လမ်း ၆၀/၀ မိုင်၊ ကတ္တရာလမ်း ၁၂၄/၆ မိုင်၊ ကွန်ကရစ်တံတား ၃၄၅၀ ပေ ကို နိုင်ငံတော် ဘဏ္ဍာငွေမှ ကျပ် ၂၀၁,၅၈၅.၄၆၉ သန်း အသုံးပြု၍ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်း/တံတားများကို မြေလမ်း ၁၅၆၃/၀ မိုင်၊ ကျောက်လမ်း ၉၃၄/၄.၆ မိုင်၊ ကတ္တရာလမ်း ၂၇၂/၀.၉ မိုင်၊ သစ်သား တံတား ၂၂,၇၁၉ ပေ၊ ရေပြွန် ၁၃,၉၂၀ ပေ၊ ရေကျော် ၁,၅၈၀ ပေ၊ ကွန်ကရစ်တံတား ၅၈၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပြီး၊ ခရိုင်ချင်းဆက်လမ်း/တံတားများကို မြေလမ်း ၄၀/၀ မိုင်၊ ကျောက်လမ်း ၆၁/၁ မိုင်၊ ကတ္တရာ လမ်း ၁၀၅/၁ မိုင်၊ ကွန်ကရစ်တံတား ၂,၀၂၅ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပါ သည်။

ပို့ဆောင်ရေးကဏ္ဍ

မြန်မာနိုင်ငံတစ်ဝန်း တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေရေး အပါအဝင် ကုန်းလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးများ ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန်အတွက် ရည်မှန်းထားပါသည်။

တစ်မျိုးသားလုံး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုကို ဦးတည်၍ ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရေး၊ ဆိပ်ကမ်းများ၊ တံတားများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ တိုးချဲ့တည်ဆောက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး တို့ကို ဦးစားပေး ရည်မှန်းထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းဝင်နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံပြီး အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ တိုးတက်ဖြစ်ပေါ်လာမည့် ကုန်သွယ်မှု ရည်မှန်းချက်များနှင့်အညီ ရန်ကုန်ဆိပ်ကမ်းနှင့် (၁၆)ကီလိုမီတာအကွာတွင် သီလဝါဆိပ်ကမ်းစီမံကိန်း၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ရေနက်

ဆိပ်ကမ်းစီမံကိန်းများကို နိုင်ငံတော် ၏စီးပွားရေး၊လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်း၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

မူဝါဒ၊ရည်မှန်းချက်

ပို့ဆောင်ရေးဝန်ကြီးဌာန နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနများသည် ပထမ(၅) နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)တွင် ပို့ဆောင်ရေးကဏ္ဍအတွက် ဖော်ပြပါ မူဝါဒ၊ ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

မူဝါဒ

မြန်မာနိုင်ငံ၏ ပြည်တွင်းပြည်ပ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ရှိကျင့်သုံးနေသော နိုင်ငံရေး ၊ စီးပွားရေးစနစ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာလေကြောင်းအဖွဲ့ချုပ်တို့၏ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်းအစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံခြားချေးငွေ၊ နိုင်ငံခြားအထောက်အပံ့ များ ရယူဆောင်ရွက်ရေး၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် J.V, BOT နှင့် PPP စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊နိုင်ငံတော် ဘဏ္ဍာငွေကို မဖြစ်မနေ လိုအပ်သည့်အခါမှသာ ကျခံသုံးစွဲ ဆောင်ရွက်ရေး။

ရည်မှန်းချက်

(၁) ပထမငါးနှစ်စီမံကိန်းကာလအတွင်းရေကြောင်း/လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှချမှတ်သည့် နှစ်စဉ် ဂျီဒီပီတိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားရန်၊

(၂) ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေ များနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရန်၊

(၃) မိမိဝန်ကြီးဌာနက ရှာဖွေနိုင်သည့် ဘဏ္ဍာငွေပေါ်တွင်သာ လုံးလုံးလျားလျား ရပ်တည်ရမည်။ အကယ်၍ လေကြောင်းနှင့် ရေကြောင်း ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် မိမိရှာဖွေသည့် ဘဏ္ဍာငွေဖြင့် လုံလောက်မှုမရှိပါ က ပြည်ထောင်စုအစိုးရအဖွဲ့ထံ လိုအပ်သော ဘဏ္ဍာငွေ တင်ပြတောင်းခံဆောင်ရွက်ရန်၊

(၄) နိုင်ငံတော်အတွက် နှစ်စဉ်ဘဏ္ဍာငွေ ရှာဖွေပေးရန်၊

(၅) အသားတင်ရှာဖွေသည့် ဘဏ္ဍာငွေထဲမှ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် အောက်ပါရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရန် -

- လေယာဉ်များ/ သဘော်ဘာများ ဝယ်ယူ၊တည်ဆောက်ဖြည့်တင်းခြင်း
- ဆိပ်ကမ်း/လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ခြင်း

(၆) လေယာဉ် / ရေယာဉ် မောင်းနှင်သူများနှင့် ပြုပြင်ထိန်းသိမ်းသူများ၏ ကျွမ်းကျင်မှု အဆင့်အတန်းအား စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်သွားရန်၊

(၇) စီမံခန့်ခွဲမှုနှင့်လုပ်ငန်းဆောင်ရွက်သူများ၏ပင်ကိုယ်အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းများ ပုံမှန်ဖွင့်လှစ်ပို့ချ လေ့ကျင့် သွားရန်၊

(၈) နိုင်ငံတကာ သဘော်လိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သင့်လျော်သည့် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်သွားရန်၊

(၉) နိုင်ငံတကာလေကြောင်းလိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်း ပြည့်မီသည့် နိုင်ငံသားများအား လေယာဉ်မောင်းသင်ကျောင်းများ တည်ထောင်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက် သွားရန်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မူဝါဒ

နိုင်ငံတော်နှင့် ပြည်သူတို့ အားထား နိုင်သည့် ရထားလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ကြိုးပမ်း တည်ဆောက် ရေး၊ ရထားမြေ အပါအဝင် မိမိစွမ်းအားစုများကို အသုံးပြုပြီး ရထားဝင်ငွေ ပိုမိုရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဖြင့် ပေါင်းစပ်၍ ရထားလမ်း တစ်လျှောက် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဝင်သည့် ကဏ္ဍစုံလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုး တိုးတက် ရေး ၊ မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်သော လုပ်ငန်းများ စနစ်တကျရှိစေရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများဖြင့် လက်တွဲ၍ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့တိုးတက်ရေး ၊ ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ပူးတွဲ ဆောင်ရွက်ရေး။

ရည်မှန်းချက်

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေရာတွင် ဖြစ်ပေါ်လာမည့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိ

ရောက်ဆုံးနှင့် စွမ်းဆောင်ရည်ရှိရှိ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး၊ မိမိ လက်ဝယ်ရှိ စွမ်းအားစုများကို အထိရောက်ဆုံး သုံးစွဲနိုင်ရန်၊

(၂) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ရန်၊

(၃) မော်တော်ယာဉ်များဖြင့် စီးပွားရေးအလို့ငှာ ဆောင်ရွက်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား စနစ်တကျဖြစ်ပေါ်စေရန်၊

(၄) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲ တိုးတက်နေစေရန် လေ့ကျင့်ပေးရန်၊

(၅) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍ တို့တွင် ကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်စေရေးအတွက် အဆင့်ဆင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(၆) အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဖက်စပ်လုပ်ငန်းစနစ်အား အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော အခြေအနေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်။

ပို့ဆောင်ရေးဝန်ကြီးဌာန
လုပ်ငန်းစဉ်များ

(၁) ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်လေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းကဏ္ဍ ကြီးကြပ်ထိန်းသိမ်းမှုများအား အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ စည်းမျဉ်းများနှင့် အညီဖြစ်စေရေး၊ လေကြောင်းအတတ် ပညာသင်တန်းကျောင်းများကို အပြည်ပြည် ဆိုင်ရာ အဆင့်အတန်းနှင့်အညီဖြစ်စေရေးနှင့် လေဆိပ်နှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်းတို့ကို ဆောင်ရွက် သွားပါမည်၊

(၂) ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး စိစစ်ကြီးကြပ်ခြင်း၊ ရေကြောင်းသွားလာမှု အတတ်ပညာများ ပိုမိုတိုးတက်မြင့်မားရေး၊ ပင်လယ်ရေကြောင်း သင်္ဘောသားများ၏ အရည်အသွေးမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရေယာဉ်များ ဆေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွား ပါမည်၊

(၃) မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးများအပါအဝင် မြစ်ချောင်းများ၏ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်

ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်း၊ မြစ်ရေတင်စက်များ ရေရရှိရေးလုပ်ငန်း၊ ရေလျှံမှု ကာကွယ်ရေး နှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် မြစ်ပြုပြင်ခြင်းလုပ်ငန်းများအား နည်းပညာနှင့် ဆော်မီရေယာဉ်နှင့် အထောက်အကူပစ္စည်းများ ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက နိုင်ငံတကာ အကူအညီ ရယူဆောင်ရွက်သွားပါမည်၊

(၄) မိုးလေဝသလုပ်ငန်းနှင့် ဓလေဗေဒလုပ်ငန်းများအတွက် အခြေခံတိုင်းထွာရေး စခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာ ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများကို နှစ်အလိုက် ဆောင်ရွက်သွားပါမည်၊

(၅) ကမ္ဘာ့အဆင့်မီ ရေကြောင်းဆိုင်ရာကောလိပ်နှင့် တက္ကသိုလ်များပေါ်ထွန်းလာ ရေးအတွက် နိုင်ငံတကာအဆင့်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားနိုင်ရေး၊ အရည်အချင်းပြည့်ဝ သော ရေကြောင်းအရာရှိလောင်းများမွေးထုတ်ပေးနိုင်ရေးတို့အား ဆောင်ရွက် သွားပါမည်၊

(၆) ဈေးကွက်လိုအပ်ချက်နှင့်အညီ လေကြောင်းခရီးဖြင့် ခရီးသည်နှင့် ကုန်စည် များ ပို့ဆောင်နိုင်ရေးအတွက် ပြည်တွင်း၊ပြည်ပ ခရီးလမ်းကြောင်း ကွန်ယက် တည်ဆောက်ခြင်း၊ လက်ရှိလေကြောင်းလိုင်းအား ဖက်စပ်လေကြောင်းလိုင်း အဖြစ် ထူထောင်ဆောင်ရွက်ခြင်း၊ ဆက်စပ်လေကြောင်း လုပ်ငန်းများ တိုးချဲ့ အကောင်အထည်ဖော်ခြင်းနှင့် ခရီးသည်နှင့် ကုန်စည်များ လုံခြုံရေးနှင့် ဘေး အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားပါမည်၊

(၇) ပြည်တွင်းရေကြောင်းရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်ကြီးများ တစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန်ပစ္စည်းများ ပို့ဆောင်ရေး အတွက် ကွန်ယက်စနစ် တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း ဆောင် ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားပါမည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တရာယ် ကင်းရှင်းစွာ ခုတ်မောင်းသွားလာရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းရေး တို့အတွက် ရေယာဉ်များ ဆိုက်ကပ်ရာမြို့များတွင် ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေး အဖွဲ့များကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ရေယာဉ် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ

ထိန်းသိမ်း ကြီးကြပ်ရန် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေး အဖွဲ့ (ဗဟို) ကို ဖွဲ့စည်း ဆောင်ရွက်မည်၊

(၈) ဆိပ်ကမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေနက်ဆိပ်ကမ်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပဆိပ်ကမ်း ဆက်သွယ်မှု ကွန်ယက် တိုးချဲ့တည်ဆောက်ခြင်း၊ ပြည်ပသဘော်ကြီးများ ရန်ကုန်ဆိပ်ကမ်းသို့ လွယ်ကူချောမွေ့စွာ ဝင်၊ထွက်သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း တိုးချဲ့ထိန်းသိမ်းခြင်း၊ ဆိပ်ကမ်းနယ်မြေသာယာလှပရေးနှင့် ကမ္ဘာ့အဆင့် အတန်းမီဆိပ်ကမ်းများအဖြစ်သို့ ရောက်ရှိရေးတို့ကို ဆောင်ရွက်သွားပါမည်၊

(၉) ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် သဘော်တည်ဆောက်သည့် လုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်သွားပါမည်။

ရထား၊ပို့ဆောင်ရေးဝန်ကြီးဌာန
လုပ်ငန်းစဉ်များ

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်း၌ ရထားလမ်းများအား အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျောက် သန့်ရှင်းသာယာရေးဆောင်ရွက်ခြင်း၊ ကွန်ကရစ် တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ သံလမ်းလွှဲ/ကူး များနှင့် သံလမ်း ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း နှင့် ဝယ်ယူခြင်း တို့ကို ဆောင်ရွက်မည်၊

(၂) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ တစ်ဝန်းတွင် ရထားလမ်းသစ်များဖောက်လုပ်ခြင်းနှင့် အဆိုပါ ရထားလမ်းပိုင်း များအတွက် ဘူတာရုံ နှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်ခြင်း တို့ကို ဆောင်ရွက် မည်၊

(၃) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရထားအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးအဆင့်မြှင့်တင်ရေး၊ ခရီးသည်ပိုမိုသက်သာ အဆင်ပြေစေရေးတို့အတွက် အချက်ပြပစ္စည်းများဝယ်ယူခြင်း၊ ဘူတာ (၄)

ဘူတာတွင် ကွန်ပျူတာဖြင့် အခြေပြု ထိန်းချုပ်ဆောင်ရွက်သော ဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုချိတ်ဆက်စနစ် တပ်ဆင်ခြင်း၊ မိုးညှင်း-မြစ်ကြီးနား လမ်းပိုင်းတွင် သုံးမြှောင့်ဧရိယာတိုင် အမြင့်ပေ(၁၀၀)တိုင်များ တပ်ဆင်ခြင်း နှင့် ရန်ကုန်-အင်းစိန်လမ်းပိုင်းတွင် ဖန်နန်းမျှင်အသုံးပြုသည့် ဆက်သွယ်ရေးမီဒီယာကြိုး သွယ်တန်းခြင်း တို့ကို ဆောင်ရွက်မည်၊

(၄) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရထားလမ်းပိုင်းများ ပိုမိုကြံ့ခိုင်ကောင်းမွန်လာစေရေးအတွက် ရှမ်းပြည်နယ်ရှိ **ရွှေညောင်** ကွန်ကရစ် ဇလီဖားစက်ရုံသစ်နှင့် **သီပေါ** ကွန်ကရစ်ဇလီဖားစက်ရုံသစ်များ တည်ဆောက်ခြင်း နှင့် အဆိုပါတည်ဆောက်ပြီး စက်ရုံသစ်(၂)ရုံ အပါအဝင် စုစုပေါင်း ကွန်ကရစ် ဇလီဖား စက်ရုံ(၉)ရုံ မှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ခြင်း တို့ကို ဆောင်ရွက်မည်၊

(၅) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေ ဖြင့် သံလမ်းပြေးယာဉ်များ၊ စက်ပစ္စည်းများ၊ စက်ခေါင်း၊ တွဲနှင့်အရန်ပစ္စည်းများ ဝယ်ယူ၍ ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်နိုင်မှု မြှင့်တင်ရန် ဆောင်ရွက်မည်၊

(၆) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ရထားလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရထားဝန်ဆောင်မှုများ ပိုမိုတိုးတက်လာစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ လေးဒေါင့်ကန် နှင့် သဃ်နိုးကျွန်းကြား (၁၈) ကီလိုမီတာရှိ ရထားလမ်းပိုင်းအား စမ်းသပ်ကွက်အဖြစ် ပြည်ပအကူအညီ ရယူ၍ ဆောင်ရွက်မည်၊

(၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေဖြင့် အထက်တန်းလူစီးတွဲသစ် ၁၀၀ နှင့် ရိုးရိုးတန်းလူစီးတွဲသစ် ၂၀၀ စုစုပေါင်း လူစီးတွဲသစ် ၃၀၀ ဝယ်ယူ၍ သယ်ယူပို့ဆောင်ရေး စွမ်းအားများ မြှင့်တင်ခြင်း ကို ဆောင်ရွက်မည်၊

(၈) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ပြည်ပအတိုးမဲ့ချေးငွေဖြင့် လူစီးတွဲများဝယ်ယူ၍ ခရီးသည်ဝန်ဆောင်မှုလုပ်ငန်းများအား အရည်အသွေး ပြည့်မီစေရေး အတွက် ဆောင်ရွက်မည်၊

(၉) ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမျိုးသား ရထားလုပ်ငန်း မဟာဗျူဟာ နှစ် (၃၀) စီမံကိန်းရေးဆွဲခြင်းကို ပြည်ပအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်မည်၊

(၁၀) ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပချေးငွေ ဖြင့် ကုန်တွဲများ ဝယ်ယူမည်၊

(၁၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ မီးရထား၏ စွမ်းဆောင်ရည် အရင်းအမြစ်များ အဆင့်မြှင့်တင်ရေးစီမံချက်ကို ပြည်ပ နည်းပညာ အကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၂) ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အတွင်း ပြည်ပချေးငွေ ဖြင့် စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံ နှင့် တွဲသစ်တည်ဆောက်ရေး စက်ရုံ တည်ဆောက်မည်၊

(၁၃) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ ဧကလမ်းကိုသာ အသုံးပြုနေရသည့်မြစ်ငယ် နှင့် ခပေါင်း တံတားများအား ဒွေးလမ်းအဖြစ်အသုံးပြုနိုင်ရေး အဆိုပါတံတား (၂) စင်းအား တည်ဆောက်မည်၊

(၁၄) ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အမျိုးသားကော်မတီကိုဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မည်၊

(၁၅) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ရုံး (မော်လမြိုင်)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့တွင် ယာဉ်စစ်ဆေးရေးကဏ္ဍ၌ နိုင်ငံတကာအဆင့်မီ ခေတ်မီယာဉ်စစ်ဆေးကိရိယာများဖြင့် ပြောင်းရွှေ့ စစ်ဆေးနိုင်သည့် ယာဉ်စစ်ရေးလမ်းကြောင်း နှင့် စစ်ဆေးသည့် စက်ကိရိယာ အစုံအလင်ပါရှိသော ယာဉ်စစ်ရေးလမ်းကြောင်း အသုံးပြု၍ ပြောင်းလဲစစ်ဆေးခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်မည်၊

(၁၆) ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နေပြည်တော်ရုံး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ကျွမ်းကျင်ယာဉ်မောင်းများအား စနစ်တကျ မွေးထုတ်ပေးခြင်း နှင့် ယာဉ်မောင်းစစ်ဆေးခြင်းလုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပြောင်းလဲစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မည်၊

(၁၇) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတို့တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မည်၊

(၁၈) ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်စေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝစေရန် တည်ဆောက်ရေးအတွက် ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းပေးခြင်း တို့ကို ဆောင်ရွက်မည်၊

(၁၉) ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက် မည်၊

(၂၀) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ သင်ကြားရေး အထောက်အကူ ပြုပစ္စည်းများ ထပ်မံ ဖြည့်တင်းခြင်းကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်၊

(၂၁) ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို အခြေခံ၊ မွမ်းမံနှင့် ဉာဏ်သစ်လောင်းဟူ၍ အဆင့်ဆင့် ဖွင့်လှစ်လေ့ကျင့်သင်ကြား ပေးခြင်းကိုဆောင်ရွက်မည်၊

(၂၂) တိုးတက်ပြောင်းလဲလာသော နည်းပညာများ နှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ နိုင်ငံတကာသင်တန်းကျောင်းကြီးများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းတို့ကိုဆောင်ရွက်မည်၊

(၂၃) ကျောင်းအား နိုင်ငံတကာစံနှုန်းများနှင့်အညီ လေ့ကျင့်ပေးနိုင်ရေးအတွက် နှင့် အဆင့်မြှင့်တင်ပေးရန် ရုံးသုံးစက်ကရိယာများဝယ်ယူခြင်း၊ မော်တော်ယာဉ် သင်တန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရုံးသုံးယာဉ်များအား ဝယ်ယူ ဖြည့်တင်းခြင်းတို့ကို ဆောင်ရွက်မည်၊

(၂၄) တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့် လုပ်ငန်းခွင် ကျွမ်းကျင်မှု အရည်အသွေးတိုးတက်မြင့်မားရေးအတွက် e-Government များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

ပို့ဆောင်ရေးကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးများကို ပုံပြဂရပ် ဖြင့် ဖော်ပြထားပါသည်-

ပုံ ၄-၇

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ပို့ဆောင်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် ပို့ဆောင်ရေးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၆.၇ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅,၈၉၀,၉၀၃.၇ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆,၄၂၂,၆၅၅.၇ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၄.၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆,၉၅၅,၅၀၄.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇,၅၄၀,၉၇၀.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈,၃၆၀,၆၉၄.၅ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ဒေသ အသီးသီးတွင် လေယာဉ်ကွင်းသစ်များတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ အဆင့်မြှင့် ခြင်း၊ တိုးချဲ့မွမ်းမံ ပြင်ဆင်ခြင်းများ ကိုဆောင်ရွက်ပါမည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် စက်တပ်ရေယာဉ် များ၊ စက်မဲ့ ရေယာဉ်များ နှင့် ပြေးဆွဲပြီး ရန်ကုန် - မန္တလေးခရီးစဉ်တွင် ဈေးသင်္ဘောများ ပြေးဆွဲမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း ယာဉ်အို ယာဉ်ဟောင်းများအား လဲလှယ်အပ်နှံရေး အစီအစဉ်ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ရထားအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအဆင့်မြှင့်တင်ရေး၊ ခရီးသည်ပိုမိုသက်သာ အဆင်ပြေစေရေးတို့အတွက် အချက်ပြပစ္စည်းများ ဝယ်ယူခြင်း၊ ဘူတာ ၄ ဘူတာတွင် ကွန်ပျူတာဖြင့် အခြေပြုထိန်းချုပ်ဆောင်ရွက်သော ဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုချိတ်ဆက်စနစ်တပ်ဆင်ခြင်း၊ မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းတွင် သုံးမြောင့် ဧရိယာတိုင် အမြင့်ပေ ၁၈၀ တိုင်များ တပ်ဆင်ခြင်း နှင့် ရန်ကုန်-အင်းစိန်လမ်းပိုင်းတွင် ဖန်နန်းမျှင်အသုံးပြုသည့်ဆက်သွယ်ရေးမီဒီယာကြိုး သွယ်တန်းခြင်း တို့ကို စတင်ဆောင်ရွက်မည်ဖြစ် ပါသည်။ ရထားလမ်းပိုင်း များ ပိုမိုကြံ့ခိုင်ကောင်းမွန်လာစေရေးအတွက် ရှမ်းပြည်နယ်ရှိ ရွှေညောင် ကွန်ကရစ် ဧလီဖာစက်ရုံသစ်နှင့် သီပေါ ကွန်ကရစ်ဧလီဖာစက်ရုံသစ်များ တည်ဆောက်ခြင်း နှင့် အဆိုပါတည်ဆောက်ပြီး စက်ရုံသစ် ၂ ရုံ အပါအဝင် စုစုပေါင်း ကွန်ကရစ် ဧလီဖာ စက်ရုံ ၉ ရုံ မှ ကွန်ကရစ်ဧလီဖာများ ထုတ်လုပ်ခြင်း တို့ကိုလည်း ရည်မှန်းဆောင်ရွက်မည် ဖြစ်ပါသည်။

ပွင့်ဖြူ - ဆင်ဖြူကျွန်း ရထားလမ်းပိုင်း ၂၃ မိုင်၊ ဆင်သေ - ရေဦးရထား လမ်းပိုင်း ၁၉.၃ မိုင်၊ ရွာတော် - နတ်မောက် ရထားလမ်းပိုင်း ၃၅.၄၂ မိုင်၊ ဇလွန် - ဓနုဖြူ - စင်္ကာ့ ရထားလမ်းပိုင်း ၃၁.၇၅ မိုင်၊ စင်္ကာ့ - ရှမ်းစု ရထား လမ်းပိုင်း ၇.၁၉ မိုင်၊ မိုးတားကြီး - ချောင်း၀-ကျောက်ကြီး ရထားလမ်းပိုင်း ၂၁ မိုင်၊ ဧရာ၀တီတံတား (ပခုက္ကူ) ချဉ်းကပ် ရထားလမ်းပိုင်း ၉.၂၈ မိုင်၊ ဆင်ခန်းတံတားပေါ်နှင့် ဆင်ခန်းရွာထိ ရထား လမ်းပိုင်း ၃ မိုင်တို့ကို ပြီးစီးအောင် ဖောက်လုပ်ဖွင့်လှစ်ရန် ရည်မှန်းထားပြီး ဧရာ၀တီတံတား (မလွန်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြီးစီးနိုင်ရေး ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး နှင့် ရည်မှန်းချက်ကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၈

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)


ကျပ်သန်း
၂၀၀၀၀၀၀.၀
၁၆၀၀၀၀၀.၀
၁၂၀၀၀၀၀.၀
၈၀၀၀၀၀.၀
၄၀၀၀၀၀.၀
၀.၀
၆၅၇၀၉၇
၉၂၄၀၇
၈၆၆၅၀
၃၃၀၀၀
၂၀၀၀၀
၆၀၀၀၀
၂၀၀၀၀
၂၀၀၀၀
၂

ရေယာဉ်များ ဘေးအန္တရာယ် လုံခြုံမှုဆိုင်ရာ စစ်ဆေး၍ ထွက်ခွာခွင့်လက်မှတ်များကို ထုတ်ပေးရန်၊ သဘော်အရာရှိနှင့် သဘော်သားများအတွက် စီဒီစီ လက်မှတ်များ ထုတ်ပေးရန်၊မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ပြည်တွင်း ရေကြောင်း ဆိပ်ကမ်းမြို့များဖြစ်သည့် ပုသိမ် ၊ ပြည်၊ မန္တလေး၊ ဗန်းမော်၊ ပခုက္ကူ၊ မုံရွာ၊ မော်လမြိုင်၊ စစ်တွေ ဆိပ်ကမ်းမြို့များမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တရုတ်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံများသို့ ကွန်ယက်ချိတ်ဆက်သွားလာနိုင်ရန် ဆောင်ရွက်ရန်၊ ပုဂ္ဂလိက ကုမ္ပဏီ နှင့် လုပ်ငန်းရှင် (၇)ဦး တို့ကို ပြည်တွင်းရေကြောင်းပိုင်သဘော်များကို ငှားရမ်း၍ ပူးပေါင်း ဆောင်ရွက်ရန်၊ ဗိုလ်တထောင်ဆိပ်ကမ်းရှိ ကမ်းပါးထိန်း ရေကာတံတိုင်းအား မြေဖို့ခြင်းနှင့်အဆောက်အဦတည်ဆောက်ခြင်းတို့ကို ပုဂ္ဂလိကကုမ္ပဏီအား အပ်နှံ ဆောင်ရွက်ရန်၊ သီလဝါဆိပ်ကမ်းတွင် ရေနံတင်ဆိပ်ခံတံတားများကို ပုဂ္ဂလိကကုမ္ပဏီများအား အပ်နှံဆောင်ရွက်ရန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းတွင်ဆိပ်ခံ တံတားငယ် တည်ဆောက်ခြင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် အတွင်းစည်းခုံ သောင်တူးခြင်း နှင့် ကျားပါးစပ်သောင်တူးခြင်း လုပ်ငန်း တို့ကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

မိုးလေဝသလုပ်ငန်းနှင့်ဓလဗေဒလုပ်ငန်းများအတွက် မုန်တိုင်းပြရေဒါစခန်းကို ဂျပန်နိုင်ငံ၏အကူအညီဖြင့် ကွင်းဆင်းလေ့လာခဲ့ပြီး အထူးတိုင်းထွာရေးအနေဖြင့် ညောင်ဦး၊ မင်းကင်းနှင့် မြင်းမူမြို့များတွင် အထူးရေတိုင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။ မြန်မာ့သဘော်ကျင်းလုပ်ငန်းသည် ရေယာဉ်(၁၉)စီး အသစ်တည်ဆောက်ခြင်း၊ ရေယာဉ် ၄၁ စီး ပြုပြင်ခြင်းတို့ကို ပြည်ပကုမ္ပဏီဖြင့် အကျိုးတူပူးပေါင်းရန် စီစဉ် ဆောင်ရွက်မည် ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင်ရုံး ၁၈ ရုံးတို့တွင် ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊ ယာဉ်မှတ်ပုံတင်စာအုပ်ထုတ်ပေးရန် ဆက်စပ်ပစ္စည်းများအား တပ်ဆင်ဆောင်ရွက် ၍ ယာဉ်မောင်းလိုင်စင်လုပ်ငန်းနှင့် ယာဉ်မှတ်ပုံတင်လုပ်ငန်းတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်ကွန်ပျူတာဖြင့်အသုံးပြုနိုင်ရန် ရည်မှန်းထားပြီး ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ရေးစီမံချက်အရ တစ်ဦးချင်း နိုင်ငံခြားငွေ စာရင်းဖွင့်လှစ်၍ တင်သွင်းနိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာ့မီးရထားသည် မြန်မာနိုင်ငံတစ်ဝန်းတွင် ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်း ဆက်စပ်ပစ္စည်းများနှင့် ကွန်ကရစ် ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ဖြည့်ဆည်းခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းခြင်းတို့ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်

ဖြစ်ပါသည်။ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ထပ်မံတည်ဆောက်မည့် ကွန်ကရစ် ဧလီဘား စက်ရုံ ၁၁ ရုံမှ ကွန်ကရစ်ဧလီဖါးများ ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးရှိ ရထားလမ်း ဟောင်းများနှင့် အသစ်ဖောက်လုပ်မည့် ရထားလမ်းသစ်များတွင် အသုံးပြုမည် ဖြစ်ပါ သည်။

နတ်မောက်-မကွေးရထားလမ်းပိုင်း ၃၇.၆၁ မိုင်၊ ရှမ်းစု-လှိုင်သာယာ ရထား လမ်းပိုင်း ၃၄.၅၇ မိုင်နှင့် စစ်တွေ - ကျောက်တော် - မြောက်ဦးလမ်းပိုင်းရှိ တည်ဆောက်ရန် ကျန်ရှိနေသည့် တံတားများကို ဖောက်လုပ် တည်ဆောက် ပြီးစီးဖွင့်လှစ်ရေး ဆောင်ရွက် မည်ဖြစ်ပါသည်။ စက်ခေါင်းသစ် တည်ဆောက်ရေးစက်ရုံနှင့် လူစီးတွဲသစ် တည်ဆောက် ရေး စက်ရုံတို့ကို တည်ဆောက်ပြီး လိုအပ်သောစက်ခေါင်းသစ်နှင့် လူစီးတွဲသစ်များ တည်ဆောက် မည် ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး နှင့် ရည်မှန်းချက်ကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၉

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အဓိကသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ တွင် ကိုကိုးကျွန်း လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကချင်ပြည်နယ် ပူတာအိုမြို့တွင် ပူတာအို

လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့တွင် မြစ်ကြီးနားလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ နောင်မွန်းမြို့တွင် နောင်မွန်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ချင်းပြည်နယ်ဖလမ်းမြို့တွင် ဖလမ်းလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကလေးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် စစ်တွေလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျောက်ဖြူမြို့တွင် ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ သံတွဲမြို့တွင် သံတွဲလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မာန်အောင်မြို့တွင် မာန်အောင်(စမုံတဲ) လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် ညောင်ဦးလေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်း၊ မိုင်းဆတ်မြို့တွင် မိုင်းဆတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း လူစီး ကူးတို့ရေယာဉ် ၃ စီးအား ဂျပန်အစိုးရ၏ အကူအညီဖြင့် ပန်းဆိုးတန်း-ဒလ ကူးတို့လိုင်းတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်မည် ဖြစ်ပါသည်။ဗိုလ်တထောင် ဆိပ်ကမ်းရှိ ကမ်းပါးထိန်းရေကာတံတိုင်းအား မြစ်ဘက်သို့ တိုးချဲ့တည်ဆောက်ခြင်း၊ ဆိပ်ခံဗောတံတားများအား အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း နှင့် နောက်ခံမြေပေါ်တွင် စီးပွားရေးဆိုင်ရာ ခေတ်မီ အဆောက်အအုံများနှင့် ဟိုတယ်များ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ပန်းဆိုးတန်း- ဒလ ခရီးသည်တင် ဆိပ်ခံဗောတံတားအား အဆင့်မြှင့်ခေတ်မီ ခရီးသည်တင် ဆိပ်ခံတံတား (Passenger Terminal) နှင့် ကမ္ဘာလှည့် ခရီးသည်တင် ရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် (Cruise Terminal) တို့အဖြစ် ပြောင်းလဲတည်ဆောက်ခြင်းနှင့် နောက်ခံမြေဧရိယာပေါ်တွင် စီးပွားရေးဆိုင်ရာခေတ်မီအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆူးလေဆိပ်ခံတံတားအမှတ် (၁)၊ (၂)၊ (၃) တို့အား အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာနှင့် အထွေထွေကုန်စည်တင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း အဖြစ် အဆင့်မြှင့်ပြုပြင် ၍ ကုန်ကိုင်တွယ်ကိရိယာများ တပ်ဆင်ခြင်းနှင့် နောက်ခံမြေ ပေါ်တွင် ဆက်စပ်ဆိပ်ကမ်း ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆောင်ရွက် ပြီးစီးရန် ရည်မှန်းထားပါသည်။

ရထားအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအဆင့်မြှင့်တင်ရေး၊ ခရီးသည် ပိုမိုသက်သာအဆင်ပြေစေရေးတို့အတွက် အချက်ပြပစ္စည်းများဝယ်ယူခြင်း၊ ဘူတာ(၄)ဘူတာတွင် Computer Base Interlocking System(CBI)အချက်ပြစနစ်တပ်ဆင်ခြင်းနှင့် CCTV ကင်မရာများတပ်ဆင်ခြင်း၊ ဘူတာ ၅ ဘူတာတွင် ရထားဆိုက်ရောက် / ထွက်ခွာပြ Digital Display Board တပ်ဆင်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

အိန္ဒိယနိုင်ငံ ပို့ကုန်သွင်းကုန် ဘဏ်ချေးငွေ ဖြင့် စက်ခေါင်း၊ တွဲ နှင့် အရန်ပစ္စည်းများ အား ဝယ်ယူကာ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်နိုင်ရေးလုပ်ငန်းများအား မြှင့်တင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ရထားလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လမ်းပိုင်းများ ကောင်းမွန်လာစေရေးအတွက် စံကွက်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လေးဒေါင့်ကန် နှင့် သဃ်ိန်းကျွန်း အကြား ၁၈ ကီလိုမီတာ ရှိ ရထားလမ်းပိုင်း တွင် ဂျပန်နိုင်ငံ အစိုးရ၏ အကူအညီ ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ကိုရီးယား သမ္မတနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ ချေးငွေဖြင့် အထက်တန်း လူစီးတွဲသစ် ၁၀၀ ၊ ရိုးရိုးတန်းလူစီးတွဲသစ် ၂၀၀ ၊ စုစုပေါင်း လူစီးတွဲသစ် ၃၀၀ ဝယ်ယူရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတိုးမဲ့ချေးငွေဖြင့် ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းများအား အရည်အသွေး ပြည့်မီစေရေးအတွက် ရည်ရွယ်၍ ရိုးရိုးတန်း လူစီးတွဲ ၂၀ ၊ အထက်တန်းထိုင်ခုံလူစီးတွဲ ၄ တွဲ၊ ဘရိတ်တွဲ ၂ တွဲတို့ကိုဝယ်ယူရန် ရည်မှန်းထား ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် National Road Safety Committee NRSC ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အမျိုးသား ကော်မတီကို ဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အား လုံးတို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ဆိုင်ရာ ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မွန်ပြည်နယ်ရုံး (မော်လမြိုင်)၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း တို့တွင် နိုင်ငံတကာ အဆင့်မီ ယာဉ်စစ်ဆေးခြင်း ကိရိယာများဖြင့် Mobile Test Lane နှင့် Multi State Test Lane အသုံးပြု၍ ပြောင်းလဲစစ်ဆေးခြင်းဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နေပြည်တော်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးခြင်း၊ ကျွမ်းကျင် ယာဉ်မောင်းများအား စနစ်တကျ မွေးထုတ်ပေးခြင်း၊ ယာဉ်မောင်းစစ်ဆေးခြင်းလုပ်ငန်း များတွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပြောင်းလဲစစ်ဆေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ အကျိုးတူ / နိုင်ငံခြားချေးငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်သွားပါမည်–

- မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ဖွံ့ဖြိုးတိုးတက်ရန်၊ (ရန်ကုန်၊မန္တလေး၊နေပြည်တော်)
- အဝေးပြေးခရီးသည်ပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်၊
- ကုန်တင်ယာဉ်ပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်၊
- ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် HRDဖွံ့ဖြိုးတိုးတက်ရေးအတွက် ယာဉ်မောင်းသင်တန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရန်၊

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး နှင့် ရည်မှန်းချက်ကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၀

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက် ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မိုင်းဆတ်၊ နောင်မွန်း၊ ကလေး၊ လွိုင်ကော်၊ သံတွဲ၊ ကိုကိုးကျွန်း၊ ပူတာအို၊ မြစ်ကြီးနား၊ ဟူမ္မလင်း၊ ဟဲဟိုး၊ တာချီလိတ်၊ ကျောက်ဖြူ ၊ မြိတ် လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ညောင်ဦး၊ ဟဲဟိုး၊ သံတွဲလေဆိပ်များတွင် လေကြောင်းလမ်းညွှန်စက်များ တပ်ဆင်ပြီး လေယာဉ်များ ရာသီမရွေး ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းတက်နိုင်ရန် ပြည်ပအကူအညီဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရန်ကုန်မြစ်တွင်းသွား ကူးတို့ ရေယာဉ် (၃)စီး တည်ဆောက်ခြင်းလုပ်ငန်းအား ပြည်ပအကူအညီဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆူးလေဆိပ်ခံတံတားအား အပြည်ပြည် ဆိုင်ရာ ရေယာဉ်များဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းအဖြစ် ပြုပြင်တည်ဆောက်ရန်၊ နန်းသီတာ၊ ပန်းဆိုးတန်း၊ ဒလခရိုးသည်တင် ဆိပ်ကမ်းများကို အဆင့်မြှင့်ပြုပြင် တည်ဆောက်ရန်၊ လမ်းမတော်မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ ပြည်တွင်းခရီးသွား ဆိပ်ကမ်းများဖြင့် ပြုပြင် ပြောင်းလဲရန် ရည်မှန်းထားပါသည်။ စစ်တွေဆိပ်ကမ်းတွင် တန်ချိန်နှစ်သောင်းရှိ သင်္ဘောများရပ်နား ကုန်တင်/ကုန်ချ ပြုနိုင်သည့် တံတား (၁) စင်း နှင့် စစ်တွေနှင့် ပလက်ဝ တွင် တန်ချိန် ၃၀၀ ပါ ရေစူးနည်းသင်္ဘောများ ဆိုက်ကပ်ရန် တံတား (၂) စင်း တည်ဆောက်ပြီး အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်အထိ သွားလာနိုင်သည့် ကုလားတန် မြစ်ကြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းကို ၂၀၁၄ ခုနှစ်၊ နှစ်လယ်ခန့်တွင် ပြီးစီးရန် ရည်မှန်းထားပါသည်။ ဧရာဝတီမြစ်ကြောင်းအတွင်းတမံနိမ့်များ တည်ဆောက်ခြင်း လုပ်ငန်းနှင့် ကျောက်ဖြူမြို့တွင် မိုးလေဝသရေဒါ တပ်ဆင်ခြင်း လုပ်ငန်းတို့ကို ပြည်ပ အကူအညီဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကြံခင်း - ပခုက္ကူရထားလမ်း၏ ကျန်ရှိနေသော ဆင်ဖြူကျွန်း-ပွင့်ဖြူကြား ၂၂.၇၃ မိုင် အား အပြီးသတ်ဆောင်ရွက်ခြင်း၊ နေပြည်တော် ဘူတာကြီး၏ ဘူတာယာဒ်ဝင်း သံလမ်းများ တိုးချဲ့ခင်းကျင်းခြင်း၊ ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ စင်းခန်း-ဗန်းမော် ၂၇.၂၇ မိုင်အား တိုးချဲ့ဆောင်ရွက်ခြင်း၊ ပျော်ဘွယ်- နတ်မောက်- မကွေး ရထားလမ်းတွင် ပျော်ဘွယ်- ရွာတော်-နတ်မောက် လမ်းပိုင်း နှင့်မကွေး-ကံ့ပြားလမ်းပိုင်းမှ ကျန်ရှိသောလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း၏ လမ်းမတော်-မြောက်ဦး ၂၈.၃၉ မိုင် တိုးချဲ့ဖောက်လုပ်ခြင်း၊ ပုသိမ်-ရန်ကုန်ရထားလမ်း၊ ဟသ်ံတ-ညောင်တုန်း ရထားလမ်းများ၏ အချောသပ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဧရာဝတီတံတား (မလွန်) ချဉ်းကပ်ရထားလမ်း၏ အချောသပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

ရန်ကုန်-မန္တလေး ရထားလမ်းပေါ်ရှိ မြစ်ငယ်နှင့် ခပေါင်း တံတားသစ် တည်ဆောက်ခြင်း၊ ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက်ရှိ ဘူတာများ သန့်ရှင်းသပ်ရပ်မှု တိုးတက်စေရေးနှင့် မြို့ပတ်ရထား အဆင့်မြှင့်တင်ခြင်း၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ပဲခူး-မုတ္တမ-မော်လမြိုင်-ရေး-ထား၀ယ်၊ မန္တလေး-မြစ်ကြီးနား၊ရထားလမ်း များအား အဆင့်မြှင့်တင်ခြင်း၊ ပခုက္ကူ-ကျော ရထားလမ်းပိုင်းမွမ်းမံပြင်ဆင်ခြင်း၊ ဂန့်ဂေါ-ကလေးလမ်းပိုင်း ဆင်ခြေလျော ဖြေခြင်း၊ ဆောက်လုပ်ဆဲ သီပေါကွန်ကရစ်ဧလိဖာစက်ရုံစီမံကိန်း ဆက်လက် အကောင်အထည်ဖော်ခြင်းနှင့် တည်ဆောက်ပြီးစက်ရုံ ၈ ရုံမှကွန်ကရစ် ဧလိဖာတုံးများ တိုးတက်ထုတ်လုပ်ခြင်း၊ လမ်းခင်းကျောက်များ ဝယ်ယူဖြည့်တင်းခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပို့ဆောင်ရေးကဏ္ဍ ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း၀န်ဆောင်မှုတန်ဖိုး နှင့် ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း၀န်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက် ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာ၀န်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်

မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့သည် အောက်ပါ ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁) ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၂) ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၃) ကလေးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၄) လားရှိုးလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၅) မိုင်းဆတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၆) မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်း၊
(၇) ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊
(၈) ကျောက်ဖြူလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊
(၉) ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း၊
(၁၀) မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးလုပ်ငန်း၊
(၁၁) ပြည်ပချေးငွေဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊
(၁၂) ပြည်ပချေးငွေဖြင့် စက်ခေါင်းသစ်ဆောက်လုပ်ရေးစက်ရုံနှင့် လူစီးတွဲ၊ ကုန်တွဲသစ် ဆောက်လုပ်ရေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊
(၁၃) ပြည်ပချေးငွေဖြင့် စက်ခေါင်း၊ လူစီးတွဲ၊ ကုန်တွဲများနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်း၊
(၁၄) ရန်ကုန်-မန္တလေး ရထားလမ်းမကြီးပေါ်ရှိ မြစ်ငယ်တံတားသစ် နှင့် ခပေါင်းတံတား သစ်တည်ဆောက်ရေးလုပ်ငန်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး နှင့် ရည်မှန်းချက်ကို ပုံပြဂရပ် ဖြင့် ဖော်ပြပါသည်-

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပို့ဆောင်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)


ကျပ်သန်း
၂၅၀၀၀၀၀.၀
၂၀၀၀၀၀၀.၀
၁၅၀၀၀၀၀.၀
၁၀၀၀၀၀၀.၀
၅၀၀၀၀၀.၀
၀.၀
၁၂၄၄၃၃.၃
၁၃၃၃၈.၅
၁၃၅၆၈၀၀.၂
၂၀၆၆၀.၃
၂၀၆၆၀၀.၃
၂၂၀၀၆၀.၃
၇၇၃၃၄.၄
၆၄၄၆၄.၄
၄၄၄၆၄.၄
၁၄၄၆၄.၄
၁၄၄၆၄.၄
၁

၄-၅။ ဆက်သွယ်ရေးကဏ္ဍ

ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံတော်၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နှင့် စီမံခန့်ခွဲရေးကဏ္ဍအသီးသီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အရေးပါလျက် ရှိပါသည်။ စာပို့တိုက်လုပ်ငန်း၊ ကြေးနန်းလုပ်ငန်း၊ တယ်လီဖုန်းလုပ်ငန်း၊ ဖက်စီမီလီလုပ်ငန်း၊ GSM / UMTS တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်း၊ အင်တာနက် လုပ်ငန်းများတွင် ခေတ်မီ ဆက်သွယ်ရေးစနစ်များ ဆက်သွယ်ရေးကိရိယာများ တိုးချဲ့ တပ်ဆင်ခြင်းနှင့် ဆက်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

မူဝါဒ၊ရည်မှန်းချက်

ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပထမငါးနှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်)တွင် ဆက်သွယ်ရေးကဏ္ဍအတွက် မူဝါဒ၊ ရည်မှန်းချက် များနှင့် ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းများမှာ ဖော်ပြပါ အတိုင်း ဖြစ်ပါ သည်-

မူဝါဒများ

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ဆက်သွယ်ရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း များကို ပြည်တွင်း/ပြည်ပကုမ္ပဏီများအား Public Private Partnership (PPP) ပုံစံဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး ဆက်သွယ် ရေးဝန်ဆောင်မှု လုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကဏ္ဍ ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါဝင်စေရေး၊

(၂) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး ရွေးချယ်အသုံးပြုနိုင်သည့် ယှဉ်ပြိုင်မှုရှိသော ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဖြည့်ဆည်းပေး နိုင်ရေးအတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများရရှိရန် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်သွားရေး၊

(၃) နိုင်ငံတကာ အတွေ့အကြုံရှိပြီး လက်ရှိဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက် လျက်ရှိသော ပြည်တွင်း/ပြည်ပ ဆက်သွယ်ရေး ကုမ္ပဏီကြီးများ ပါဝင်ဆောင် ရွက်ရန် နိုင်ငံတကာ Telecom Tender ခေါ်ယူရွေးချယ်၍ အပြိုင် Operator များဖြင့် ပြည်သူများ စိတ်ကြိုက်ရွေးချယ်သုံးစွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရေး၊

(၄) ကျေးလက်နေပြည်သူများအထိ မိုဘိုင်းတယ်လီဖုန်းများအား အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ရန်နှင့် မိုဘိုင်းတယ်လီဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်သူများထံသို့ တပ်ဆင်ပေးသွားနိုင်ရေး၊

(၅) 3G မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုနိုင်မည့် ကိစ္စရပ်များအပြင် ဆက်သွယ်ရေး ဝန်ဆောင်မှုများဖြစ်သည့် ICT Eco System ဖြစ်သော (ဥပမာ e- Government, e-Visa, e-Procurement, e-License, e-Payment, Online Billing System etc.,) တို့ကိုလည်း အသုံးပြုနိုင်ရန် ဆောင်ရွက်သွားရေး၊

(၆) ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများကို သတင်းအချက်အလက်နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်း ကိရိယာများကို အသုံးပြု၍ ပြည်တွင်းစာပို့တိုက်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း၊ အစိုးရ/ ပုဂ္ဂလိက ထူထောင်၍လည်းကောင်း ဝန်ဆောင်မှု အရည်အသွေး တိုးမြှင့်ရေး။

ရည်မှန်းချက်များ

(၁) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ တယ်လီဖုန်းသိပ်သည်းဆ (Teledensity) ၁၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်း၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှုလုပ်ငန်း များကို စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး အင်တာနက် ထိုးဖောက်သုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးတက် သုံးစွဲနိုင်ရန်၊

(၃) မြို့ပြနှင့်ကျေးလက် တယ်လီဖုန်းသိပ်သည်းဆ Density တစ်ပြိုင်နက် အချိုးညီ တိုးတက်စေရေး မျှော်မှန်းချက်ဖြင့် Operator အသစ်များမှ လုပ်ငန်းဆောင်ရွက် ရာတွင် ရရှိမည့်ဝင်ငွေ၏ အချိုးတစ်ခု ကို Universal Service Obligation (USO) ရန်ပုံငွေအဖြစ် ထူထောင်ရန် ဆက်သွယ်ရေး ဥပဒေ (မူကြမ်း) တွင် ထည့်သွင်း ရေးဆွဲဆောင်ရွက်ရန်။

ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းများ

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍမှ အခွန်အခများ ပြည့်ဝစွာရရှိရေးနှင့် ယှဉ်ပြိုင် ပါဝင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ကုမ္ပဏီ များကို စနစ်တကျကြပ်မတ် ထိန်းသိမ်းနိုင်ရန် ဆက်သွယ်ရေးဥပဒေကို အတည်ပြုပြီး ဖြစ်ပါသည်။

(၂) ဆက်သွယ်ရေးနည်းဥပဒေများကို အပြည်ပြည်ဆိုင်ရာဥပဒေ၊ စံချိန်စံနှုန်း များ နှင့်အညီ ရေးဆွဲ လျက်ရှိ ပါသည်။

(၃) GSM / UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်းကို ဆောင်ရွက် မည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို နိုင်ငံတော်ဘတ်ဂျက် ကို မှီခိုခြင်း မရှိသည့် ကော်ပိုရေးရှင်းအဖွဲ့အစည်းအဖြစ် ပြောင်းလဲဆောင်ရွက်ပြီး ဆက်သွယ်ရေးကော်ပိုရေးရှင်း၏ ကိုယ်ပိုင်ရန်ပုံငွေများ၊ နိုင်ငံတကာအဖွဲ့ အစည်း များထံမှ ချေးငွေနှင့် အထောက်အပံ့များ၊ နည်းပညာများ ရယူလျက် ဆောင်ရွက် သွားမည်။

(၄) နိုင်ငံတော်မှသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုထားသည့် ရတနာပုံ တယ်လီပို့ကုမ္ပဏီ လိမိတက် ကိုလည်း အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်းသွားပါမည်။

(၅) ဆက်သွယ်ရေးကော်ပိုရေးရှင်းမှ မြန်မာတယ်လီကွန်းကုမ္ပဏီ၊ ရတနာပုံတယ် လီပို့ကုမ္ပဏီတို့နှင့်အပြိုင်သီးခြားအော်ပရေတာ ကုမ္ပဏီ(Separate Operator Co.) တစ်ခု (သို့မဟုတ်) နှစ်ခုအား နည်းဥပဒေနှင့်အညီ ဝန်ဆောင်မှုကို ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်စေမည် ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် များ နှင့် အကောင်အထည်ဖော်နိုင်မှုတို့ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်–

**ပထမ(၅)နှစ်အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ဆက်သွယ်ရေးကဏ္ဍ ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)**



ဇယားမြစ် ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) အထိတွင် ဆက်သွယ်ရေးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၆၁.၅ ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၃၉၃,၁၆၈.၉ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၈.၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄၆၄,၇၀၂.၀သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၅၀.၄ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅၆၀,၇၂၆.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၁၇.၂ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၅၈၈,၅၃၄.၈သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၆၈.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၆၀၉,၄၆၉.၅ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၃၉.၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာဖော်ပြပါအတိုင်းဖြစ်ပါသည်-

ရည်မှန်းချက်

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁.၂၁ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၂၁.၂ ရာခိုင်နှုန်း ဖြစ်ပေါ် စေရန် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းလုံးရေ ၂,၂၂၈,၆၇၉ နှင့် တယ်လီဖုန်းသိပ်သည်းဆ ၄.၂၈ ရာခိုင်နှုန်းအထိ တိုးတက်စေရန် နှင့် အင်တာနက်သုံးစွဲသူ ၅၀၀,၀၀၀ အထိ တိုးတက်စေရန် ဆောင်ရွက်ရန်။

လုပ်ငန်းစဉ်များ

(၁) စာတိုက်လုပ်ငန်းတွင် စာတိုက်ရုံးအသစ် ၆ ရုံး ဖွင့်လှစ်မည်၊

(၂) လက်ရှိကျင့်သုံးနေသော စာပို့တိုက် အက်ဥပဒေကို ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲမည်၊

(၃) လက်ရှိကျင့်သုံးနေသော မြန်မာနိုင်ငံ ကြေးနန်းအက်ဥပဒေနှင့် မြန်မာနိုင်ငံကြိုးမဲ့ကြေးနန်း အက်ဥပဒေတို့ကို ခေတ်စနစ်နှင့်လျော်ညီအောင် ဆက်သွယ်ရေး ဥပဒေ အဖြစ် ပြင်ဆင်ရေးဆွဲမည်၊

(၄) ကြေးနန်းရုံးအသစ် ၁၈ ရုံး ဖွင့်လှစ်မည်၊

(၅) တယ်လီဖုန်းကဏ္ဍတွင် အော်တိုတယ်လီဖုန်း နှင့် မိုဘိုင်းတယ်လီဖုန်း စုစုပေါင်း ၁၇၉,၉၆၅ လုံးတပ်ဆင်ပေးရန် လျာထားမည်၊

(၆) မိုဘိုင်းတယ်လီဖုန်း တိုးချဲ့ခြင်း စီမံကိန်းပထမနှစ် လိုင်း ၄ သန်း တိုးချဲ့ခြင်း စတင်ဆောင်ရွက်မည်။

(၇) ရန်ကုန်-ပြည်-မကွေး - သစ်ကာကောက် - တောင်တွင်းကြီး - နတ်မောက်-ပျော်ဘွယ်-နေပြည်တော် မြို့ချင်းဆက် ဖိုင်ဘာဆက်ကြောင်း၊ တောင်တွင်းကြီး-ညောင်ဦး-မြင်းခြံ-တံတားဦး-မန္တလေး အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာဆက်ကြောင်းနှင့် မန္တလေး - စစ်ကိုင်း - မြင်းမူ - ချောင်းဦး - မုံရွာ အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာဆက်ကြောင်း၊ ထားဝယ် - မြိတ် - ကော့သောင်း ဖိုင်ဘာဆက် ကြောင်းများ တည်ဆောက်မည်၊

(၈) ရန်ကုန်- ပြည်- မကွေး - နေပြည်တော်၊ မကွေး - ရေနံချောင်း - ပုပ္ပါး - မြင်းခြံ - မန္တလေး ၊ ရန်ကုန် - မအူပင် - မြောင်းမြ - ပုသိမ် ၊ မော်လမြိုင် - ထားဝယ်၊ မန္တလေး- ကလေး ၊ မန္တလေး - မူဆယ်၊ မိတ္ထီလာ - တောင်ကြီး၊ တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်၊ မန္တလေး - မြင်းမူ - ချောင်းဦး - မုံရွာ မြန်နှုန်းမြင့် မိုက္ကရိုဝေဗ့် ဆက်ကြောင်းများ တည်ဆောက်မည်၊

(၉) အိုင်ပီထရန်စစ် ဝင်ပေါက်ထွက်ပေါက်စခန်းများကို တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များတွင် တပ်ဆင်ရေးကိစ္စ၊ မြို့ကြီးများနှင့် နယ်မြို့များရှိ ခေတ်ဟောင်း အိတ်ချိန်းများ အစားထိုး လဲလှယ်ခြင်းကို ဆောင်ရွက်မည်၊

(၁၀) သတင်းနှင့်အချက်အလက် စုံးစမ်းရေးဗဟိုဌာန တစ်ခုကို ပုဂ္ဂလိကနှင့် ပူးပေါင်း ဖွင့်လှစ်ဆောင်ရွက်မည်၊

(၁၁) သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ အင်တာနက် သုံးစွဲမှုများတွင် ဆိုက်ဘာလုံခြုံရေး မြှင့်တင်ရေးကိစ္စဆောင်ရွက်မည်၊

(၁၂) အီလက်ထရောနစ် နည်းပညာဖြင့်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ဝန်ကြီးဌာနများ၊ ကွန်ပျူတာသုံး သတင်း အချက်အလက်ဆိုင်ရာ အရာရှိချုပ်များနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်မည်၊

(၁၃) ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်တွင် ဂျီအက်စ်အမ်တယ်လီဖုန်းစနစ် ဆက်သွယ်မှု မပြတ်ရရှိရေး ဆောင်ရွက်မည်၊

(၁၄) အပြည်ပြည်ဆိုင်ရာ မိုဘိုင်းကွန်ယက်များ တွင် ဂျီအက်စ်အမ် ဖုန်းနံပါတ် ဖြင့် အသုံးပြုနိုင်ရန် ချိတ်ဆက်ထားရှိမှုစနစ်ကို ဒေသတွင်း နိုင်ငံများနှင့် ညှိနှိုင်း ၍ သဘောတူညီချက်များရေးထိုး ဆောင်ရွက်မည်၊

(၁၅) အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချန်နယ်များ စီစစ်ဌားရမ်းခြင်း၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းခေါ်ဆိုမှု ကတ်စနစ်များ မိတ်ဆက်ခြင်း၊ အပြည်ပြည်ဆိုင်ရာခေါ်ဆိုမှုများအားကြိုးကြပ်ခြင်းတို့ကို ဆောင်ရွက်မည်။

၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် ရည်မှန်းချက်များ ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၄

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ် ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်း တွင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် နေပြည်တော် ကောင်စီ နယ်မြေတို့တွင် အခြေခံနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ထက် (၅)သိန်းတန် မိုဘိုင်းဖုန်းများကို တိုးချဲ့တပ်ဆင်ရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ရည်မှန်းချက်

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၂.၁၈ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၁၈ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်မည်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့ တပ်ဆင်သွားပြီး တယ်လီဖုန်း လုံးရေ ၆,၁၂၀,၈၄၃ နှင့် တယ်လီဖုန်းသိပ်သည်းဆ ၁၁.၇ ရာခိုင်နှုန်းအထိ တိုးတက်စေရန်၊ အင်တာနက်သုံးစွဲသူ အရေအတွက်ကို ၁,၀၀၀,၀၀၀ အထိ တိုးတက်စေရန် ဆောင်ရွက်မည်။

လုပ်ငန်းစဉ်များ

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း ၄ သန်းပြီးစီးအောင် ဆောင်ရွက်ပြီး ဒုတိယနှစ်လိုင်း ၅ သန်း တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်မည်၊

(၂) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ်များတွင် နည်းပညာပြန့်ပွားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်မည်၊

(၃) ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်း များကို အဆင့်မြင့်စနစ်သုံး အိုင်ပီအိတ်ချိန်းများဖြင့်အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊
အော်တိုတယ်လီဖုန်း အခွန်ငွေ ကြိုတင်ငွေပေးစနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်အရောက် ဖိုင်ဘာကြိုး ဆက်သွယ်ရေးဝန်ဆောင်မှု စနစ်အား ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်း ဆောင်ရွက်မည်၊

(၄) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ၊အပြည်ပြည်ဆိုင်ရာ အိတ်ချိန်းများ တိုးချဲ့ခြင်း ကိုလည်း ဆောင်ရွက်မည်၊

(၅) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှု သုံးစွဲနိုင်ရေး အတွက် အင်တာနက် ပင်မဆက်ကြောင်းများ

တိုးချဲ့ခြင်းနှင့် အင်တာနက် ဝန်ဆောင်မှုဌာန အသစ်တစ်ခု ဆောင်ရွက်ပါမည်၊

(၆) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ နှင့် ပတ်သက်၍ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အကောင် အထည်ဖော်မည်၊

(၇) အင်တာနက် အိုင်ပီအဆင့် ၄ စနစ်ကို အိုင်ပီအဆင့် ၆ သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်မည်၊

(၈) နယ်စပ်ဖြတ်ကျော် ဆက်သွယ်မှုဆက်ကြောင်းပမာဏ တိုးချဲ့ခြင်းနှင့် ကိုယ်ပိုင် ဖိုင်ဘာ ဆက်ကြောင်း တည်ဆောက်ရန်အတွက် မူဆယ် - မန္တလေး -ရန်ကုန် -ပုသိမ်-ချောင်းသာ အဆင့်မြင့် နည်းပညာသုံး ဖိုင်ဘာ ဆက်ကြောင်း တည်ဆောက် မည်၊

(၉) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှု ပမာဏတိုးချဲ့ရန်နှင့် အရန်လမ်းကြောင်း အဖြစ် အာရှ-ဥရောပ ရေအောက်ကေဘယ်ဆက်ကြောင်း အမှတ်(၅)နှင့် ချိတ်ဆက် ဆောင်ရွက်မည်၊

(၁၀) တိုင်းဒေသကြီး/ ပြည်နယ် မြို့နယ်များအရောက် ဖိုင်ဘာကေဘယ်လ် ဆက် ကြောင်းများ တည်ဆောက်၍ လုံလောက်သော လှိုင်းနှုန်းခွင် ပမာဏ ရရှိရေး ဆောင်ရွက်မည့်အပြင် အရန်ဆက်ကြောင်းအဖြစ် မြန်နှုန်းမြင့် အိုင်ပီမိုက္ကရိုဝေ့ ဆက်ကြောင်းများ တည်ဆောက်မည်၊

(၁၁)ပြည်တွင်း အီလက်ထရောနစ် အမြန်ငွေပို့လွှာ လုပ်ငန်း စနစ်အား တိုင်းဒေသကြီး/ပြည်နယ် စာတိုက်ရုံး ၂၀တွင် စတင် ဆောင်ရွက်မည်၊

(၁၂)ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းများကို အစိုးရ ပုဂ္ဂလိက အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း ပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့် များ ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်မည်၊

(၁၃)သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အရေး ပေါ်ဆက်သွယ်မှုစနစ်ကို အရန်အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့် တင်ခြင်း၊ ကြေးနန်းရုံး အသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာ ကြေးနန်း၊ အီလက်ထရောနစ်သုံး ကြေးနန်း များတိုးချဲ့ခြင်းကို ဆောင်ရွက်မည်၊

(၁၄)ကျွမ်းကျင် ဝန်ထမ်းများ လေ့ကျင့်မွေးထုတ် နိုင်ရေးအတွက် ကြေးနန်း ဆက်သွယ် ရေးနှင့် စာတိုက် သင်တန်းကျောင်းတွင် သင်တန်း အမျိုးအစားပေါင်း ၉၁ ခု၊ သင်တန်းပေါင်း ၁၃၂ ကြိမ်၊ သင်တန်းသား

ပေါင်း ၂,၁၄၃ ဦး လေ့ကျင့်သင်ကြားရေး အစီအစဉ် ရေးဆွဲ ဆောင်ရွက်မည်။

၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၅

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းတွင် (၅)သိန်းတန်မိုဘိုင်းဖုန်းများကို (၃)သိန်းနှင့် (၂.၈၅)သိန်းသို့ ဈေးနှုန်းများလျော့ချ၍ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးတွင် တိုးချဲ့ တပ်ဆင်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အဓိကသားစီမံကိန်းရည်မှန်းချက်

မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော ရည်မှန်းချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ရည်မှန်းချက်

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး တယ်လီဖုန်း သိပ်သည်းဆကို ၂၇ ရာခိုင်နှုန်း ၊ အင်တာနက် ထိုးဖောက် သုံးစွဲမှုကို ၁၈ ရာခိုင်နှုန်း တိုးတက် သုံးစွဲနိုင်ရေး ဆောင်ရွက်သွားပါမည်၊

(၂) အင်တာနက်ဝန်ဆောင်မှု ကို ပြည်သူများ စိတ်ကြိုက်ရွေးချယ် အသုံးပြုနိုင်သည်အထိ ဆောင်ရွက် သွားပါမည်၊

(၃) မြို့ပြနှင့်ကျေးလက် တယ်လီဖုန်းသိပ်သည်းဆ (Density) တစ်ပြိုင်နက် အချိုးညီ တိုးတက်စေရေးအတွက် မျှော်မှန်းချက်အနေဖြင့် အသစ် ဖြစ်ပေါ်လာမည့် Operator များမှ လုပ်ငန်း ဆောင်ရွက်ရာတွင် ရရှိမည့် ဝင်ငွေ၏ အချိုးတစ်ခုကို Universal Service Obligation(USO) ရန်ပုံငွေ အဖြစ်ထူထောင်ရန် ဆက်သွယ်ရေး ဥပဒေ(မူကြမ်း)တွင် ထည့်သွင်းရေးဆွဲ ရည်မှန်း ထားပါမည်။

လုပ်ငန်းစဉ်များ အနေဖြင့် ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ် လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်မည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် ရည်မှန်းချက် များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၆
၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းတွင် (၃)သိန်းနှင့် (၂.၈၅)သိန်းတန် မိုဘိုင်းဖုန်းများကို (၀.၅)သိန်း သို့ ဈေးနှုန်းများလျော့ချ၍ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးတွင် တိုးချဲ့ တပ်ဆင်ရန်ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော ရည်မှန်းချက်များ နှင့် လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ရည်မှန်းချက်

(၁) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တယ်လီဖုန်းသိပ်သည်းဆကို ၅၀ ရာခိုင်နှုန်းနှင့် အင်တာနက်ထိုးဖောက် သုံးစွဲနိုင်မှုကို ကျေးလက်ဒေသများအရောက် ၂၀ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲနိုင်ရန်၊

(၂) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁.၆၅ ဆ တိုးတက်ဖြစ်ပေါ်ရန် နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၁၁.၇၆ ရာခိုင်နှုန်း ဖြစ်ပေါ်စေရန်။

လုပ်ငန်းစဉ်များ

(၁) စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်၊

(၂) မိုဘိုင်းဖုန်းနှင့် အော်တိုတယ်လီဖုန်း တပ်ဆင်ခြင်း၊ သတင်းအချက်အလက် နည်းပညာများဖြင့်အင်တာနက်တပ်ဆင် ခြင်း၊ ရေအောက်ဖိုက်ဘာ ကေဘယ် နှင့် ကုန်းတွင်းဖိုက်ဘာ လမ်းကြောင်းများကို တစ်နိုင်ငံလုံး တည်ဆောက်ခြင်း နှင့်Bandwidthလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်သွားမည်၊

(၃) တယ်လီကွန်း လုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာအရ နိုင်ငံတော် ဘတ်ဂျက်ကို ရယူသုံးစွဲခြင်း မပြုတော့ဘဲ၊ ပြည်တွင်း/ပြည်ပကုမ္ပဏီများဖြင့် ပူးပေါင်းဆောင်ရွက်သွား နိုင်ရေး ပြောင်းလဲဖွဲ့စည်းသွားမည်၊

(၄) Frequency Specturn allocation Plan ကိုစီစဉ်ရေးဆွဲပြီးအသုံးပြုမည့် Frequency အလိုက် သင့်လျော်သည့်နှုန်းထား သတ်မှတ်ကောက်ခံ၍ နိုင်ငံတော်သို့ ပေးသွင်းသွားမည်၊

(၅) ခေတ်မီ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ကျေးလက်ဒေသအထိ ရောက်ရှိ အောင်ဆောင်ရွက်နိုင်ရန် Universal Service Obligation ကိုထူထောင် သွားမည်။

ဦးစားပေးလုပ်ဆောင်မည့် လုပ်ငန်းစီမံကိန်းများ

(၁) ကွန်ပျူတာ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း၊ International Gateway တိုးချဲ့ခြင်းစီမံကိန်းလုပ်ငန်း၊ ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းလုပ်ငန်း၊ GSM/ UMTS မိုဘိုင်းတိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း လုပ်ငန်း နှင့် Sea Me We 5 ရေအောက် ကေဘယ်လ်စနစ်စီမံကိန်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(၂) GSM / UMTS / LTE မိုဘိုင်းလိုင်း ၅ သန်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်း လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုပင်လယ် ရေအောက် ကေဘယ်လ် ချိတ်ဆက်ခြင်း စီမံကိန်းလုပ်ငန်းတို့ကို ဆောင်ရွက်သွား မည် ဖြစ်ပါ သည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် ရည်မှန်းချက်များ ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၁၇

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းတွင် (၀.၅)သိန်း တန် မိုဘိုင်းဖုန်းများကို ၁၅၀၀ ကျပ်သို့ ဈေးနှုန်းများလျော့ချ၍ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးတွင် တိုးချဲ့ တပ်ဆင်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချမှတ်ထားသော ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

ရည်မှန်းချက်များ

(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းဖြင့် ဆက်သွယ်ရေး နှင့် အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ကြိုက် ရွေးချယ် အသုံးပြုနိုင်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး အင်တာနက် ထိုးဖောက်သုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးတက် သုံးစွဲနိုင်ရန်၊

(၃) မြို့ပြနှင့်ကျေးလက် တယ်လီဖုန်းသိပ်သည်းဆ Density တစ်ပြိုင်နက် အချိုးညီ တိုးတက်စေရေးအတွက် မျှော်မှန်းချက်အနေဖြင့် Operator အသစ်များမှ လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့်ဝင်ငွေ၏ အချိုးတစ်ခု ကို Universal Service Obligation (USO) ရန်ပုံငွေအဖြစ် ထူထောင်ရန် ဆက်သွယ်ရေး ဥပဒေ (မူကြမ်း) တွင် ထည့်သွင်း ရေးဆွဲဆောင်ရွက်ရန်။

ဦးစားပေးလုပ်ဆောင်မည့် လုပ်ငန်းစီမံကိန်းများ

လုပ်ငန်းစဉ်များ အနေဖြင့် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်မည်။

ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအပြင် မြန်နှုန်းမြင့် အင်တာနက် အဆင့်မြှင့် တင်ခြင်းလုပ်ငန်း၊ e-Government National Center လုပ်ငန်း၊ ကွန်ပျူတာ နည်းပညာဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းလုပ်ငန်း မှ e-Government National Web Portal Expansion လုပ်ငန်း၊ e-Government Security Platform များ တည်ဆောက်ခြင်း၊ ICT Human Resource များ လေ့ကျင့်ပို့ဆောင်ခြင်းလုပ်ငန်း၊ National Data Base များ၊ Standardization စနစ်များ တည်ဆောက်ခြင်း၊ Online Service များ ဝန်ဆောင်မှုပေးခြင်း၊ e-Government Data Center နှင့် e-Government Network Infrastructure တိုးချဲ့ အဆင့်မြှင့်တင်ခြင်း၊ IP V-4 မှ IP V-6 သို့ အဆင့်မြှင့်ခြင်း စသည် တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးနှင့် ရည်မှန်းချက်များ ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်–

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆက်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းတွင် ၁၅၀၀ ကျပ်တန်ဖိုးရှိ မိုဘိုင်းဖုန်း များကို တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးတွင် တိုးချဲ့ တပ်ဆင်ရန် ရည်မှန်းထားပါသည်။

e- Government လုပ်ငန်းတိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်

အစိုးရ အဖွဲ့အစည်းအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ နိုင်ငံသားများ ICT ကျယ်ပြန့်စွာ အသုံးပြုလာနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားရရှိစေရေး ရည်ရွယ်၍ ပဉ္စမ ငါးနှစ်စီမံကိန်းကာလတွင် ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁) နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရဌာနများကို ကောင်းမွန်ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် e-Government စနစ်များ တစ်နေရာတည်းတွင် စုစည်းထားရှိ၊ စီမံခန့်ခွဲနိုင်သော သတင်း

အချက်အလက် ဗဟိုဌာနများဖြစ်သည့် Data Centerများ၊ Web portal များ တည်ဆောက်ခြင်း၊

(၂) လက်ရှိအခြေအနေတွင် အမျိုးမျိုးကွဲပြားစွာ အသုံးပြုလျက်ရှိသော e- Government စနစ်များ (Multi System Platforms) အား စံသတ်မှတ်ချက်များပြဋ္ဌာန်းအသုံးပြုခြင်း၊

(၃) သတင်းအချက်အလက်များ စုစည်းသိမ်းဆည်းထားနိုင်ပြီး မျှဝေ အသုံးပြုနိုင်မည့် National Database များ တည်ဆောက်ခြင်း၊

(၄) လက်ရှိအသုံးပြုလျက်ရှိသော Hardware/ Software များအား တိုးတက်မြင့်မားလာသော နည်းပညာများနှင့် ကိုက်ညီမှုရှိစေရန် အဆင့်မြှင့်တင်ခြင်း၊

(၅) e-Government လုပ်ငန်းစဉ်များ တိုးမြှင့် ဆောင်ရွက်နိုင်ရန် အတွေ့အကြုံရှိသော ပြည်ပနိုင်ငံများမှ Consultant များငှားရမ်းဆောင်ရွက်ခြင်း။

ပုဂ္ဂလိကကဏ္ဍပါဝင်ဆောင်ရွက်မည့်အခြေအနေ

ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ရရှိခဲ့ပြီးဖြစ်သော ပြည်ပကုမ္ပဏီ(၂)ခုဖြစ်သည့် Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီ တို့အပြင် လက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီ စသည့် အော်ပရေတာ (၄)ခုတို့ဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်လာမည် ဖြစ်သဖြင့် ပြည်သူများအနေနှင့် ဝန်ဆောင်မှုများကို စိတ်ကြိုက်ရွေးချယ်အသုံးပြုလာနိုင်မည် ဖြစ်ပါသည်။

၄-၆။ သောက်သုံးရေဖူလုံရေး

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄,၉၁၇ ရွာ ရှိသည့်အနက် ရေရရှိရေး ဆောင်ရွက်ပြီး ကျေးရွာစုစုပေါင်းမှာ ၃၀,၆၀၆ ရွာ ဖြစ်သဖြင့် လွှမ်းခြုံမှု ၄၇.၁၅ ရာခိုင်နှုန်း ရှိပြီး ဆက်လက်ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၃၄,၃၁၁ ရွာ ရှိပါသည်။ လက်ရှိ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာခြင်း၊ ရေသုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ဆောင်ရွက်ပြီး ကျေးရွာအချို့တွင်ပင် ကျေးလက်ရေ ပေးရေးကို ထပ်မံတိုးချဲ့ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နှစ်စဉ်ရန်ပုံငွေများဖြင့် လည်းကောင်း၊ ပြည်တွင်းပြည်ပမှ အကူအညီများဖြင့်လည်းကောင်း၊ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထစနစ်များဖြင့် လည်းကောင်း ပေါင်းစပ်၍ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းတိမ် ၅၃၅ တွင်း၊ တွင်းနက် ၄၂၇ တွင်း၊ အခြား ၆၃၅ ခု နှင့် ကျေးရွာပေါင်း ၁,၅၉၇ ရွာတွင် အကျိုးခံစားခွင့်ရရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် တွင်းတိမ် ၁၂၂ တွင်း၊ တွင်းနက် ၂၆၃ တွင်း၊ အခြား ၃၅၄ ခု နှင့် ကျေးရွာ ပေါင်း ၇၃၉ ရွာတွင် အကျိုးခံစားခွင့်ရရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် လက်ရှိကျေးရွာပေါင်း ၆၄,၉၁၇ ရွာ တွင် ယခုအချိန်အထိ ကျေးရွာပေါင်း ၂၇,၀၅၂ ရွာ ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် ရေပေးရေး လွှမ်းခြုံမှု ၄၁.၆ ရာခိုင်နှုန်း ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တွင်းတိမ် ၁၀၂ တွင်း၊ တွင်းနက် ၁၂၈ တွင်း၊ အခြား ၄၈၂ ခု နှင့် ကျေးရွာ ပေါင်း ၇၁၂ ရွာကို ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်

ကျေးလက်ရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာ ငွေမှ ကျပ် ၃၇,၁၅၅.၀ သန်း အသုံးပြု၍ တွင်းတိမ် ၁၃၂ တွင်း၊ တွင်းနက် ၂၆၄ တွင်း၊ အခြား ၆၀၄ ခုဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာ ၁,၀၀၀ ရွာတွင် အကျိုးခံစားခွင့်ရရန် ရည်မှန်း ထားပါသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ပူးပေါင်း၍ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစီမံကိန်း (၂၀၁၁-၂၀၁၅) ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၉ မြို့နယ်တွင် ကျေးလက်ရေ ရရှိရေးလုပ်ငန်းများ အာဆင်းနစ်ကင်းစင်သော သောက်သုံးရေ ရရှိရေး လုပ်ငန်းများနှင့် ကျေးလက်စျေးအိမ်သာ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ UNICEF မှ အမေရိကန်ဒေါ်လာ ၂.၀၆၇၇ သန်း ထောက်ပံ့ပေးခဲ့ပြီး၊ ကျန် ၂ နှစ် အတွက် နှစ်အလိုက် ဘဏ္ဍာငွေများကို UNICEF မှ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) မှအပူပိုင်းဇုန် ရေရရှိရေးအတွက် စက်ကိရိယာများ ထောက်ပံ့ပေးရေးအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်း ဒေသကြီး အတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှကျေးရွာ ၈၇ ရွာတွင် ဂျပန်ယန်း ၃၈၄.၁၄၈ သန်း နှင့်ညီမျှသော

အမေရိကန်ဒေါ်လာ ၄.၀၀၄သန်း တန်ဖိုးရှိ တွင်းတူးစက် ယာဉ် ၂ စီး အပါအဝင် စက်ယန္တရားများနှင့် ရေပေးရေး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေး သွားမည် ဖြစ်ပါသည်။ အဆိုပါစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ စက်ယန္တရားများ ပေးပို့ရန် ဆောင်ရွက်လျက်ရှိပါသည်။

အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (BAJ) မှ အပူပိုင်းဇုန် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁.၅၆ သန်းဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ရေပေးရေးလုပ်ငန်းအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ မြို့ ၂၈ မြို့ရေပေးရေး စီမံကိန်းများအတွက် အတိုးနည်းချေးငွေ ပံ့ပိုးပေးခြင်း (Regional Development Project for Poverty Reduction: Water Supply Projects for 28 Towns) အစီအစဉ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုရှိ မြို့ပေါင်း ၂၈ မြို့တွင် ဂျပန် ယန်း ၂,၇၂၃.၃၃ သန်းခန့်အား တစ်နှစ်လျှင် ၀.၀၁ ရာခိုင်နှုန်းဖြင့် နှစ် ၄၀ နှစ်ရှည် အတိုးနည်းချေးငွေ (ဆိုင်းငံ့ ၁၀ နှစ် အပါအဝင်) ပံ့ပိုးပေးခြင်းဖြင့် ရေပေးရေး လုပ်ငန်းများ တည်ဆောက်ခြင်း၊ တိုးချဲ့ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တွင်းတိမ် ၆၄ တွင်း၊ တွင်းနက် ၂၃၅ တွင်း၊ အခြား ၇၅၁ ခု၊ အကျိုးခံစားခွင့်ရရှိမည့် ကျေးရွာ ၁,၀၅၀ ရွာ အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့ရေပေးရေး လုပ်ငန်းအနေဖြင့် ဂျပန်နှစ်ရှည်ချေးငွေဖြင့် မြစ်ကြီးနား၊ လွိုင်ကော်နှင့် ဘားအံမြို့တို့တွင် ကျပ် ၄,၀၂၅ သန်းဖြင့် ဆောင်ရွက်ရန်လျာထားပါသည်။ ၂၀၁၅-၂၀၁၆ ကာလတို ၅ နှစ်စီမံကိန်း အပြီးတွင် ရေပေးရေးလွှမ်းခြုံမှု ၄၆ ရာခိုင်နှုန်းခန့် ရှိရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းများအပြင် ပထမ ၅ နှစ် အမျိုးသားစီမံကိန်းတွင် "၀" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းမှ ဟိုပန်မြို့၊ မက်မန်းမြို့နှင့် ပန်လုံမြို့တို့တွင် သောက်သုံးရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါသည်။



ဇာစ်မြစ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၄-၇။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး

သဘာဝသယံဇာတများနှင့် ဂေဟစနစ်များပျက်စီးယိုယွင်းမှု၊ ဇီဝမျိုးစုံမျိုးကွဲများမျိုးသုဉ်း ပျောက်ကွယ်မှု၊ မြေဆီလွှာပြုန်းတီးမှု၊ ရေတိုက်စားမှုနှင့် သဲကန္တာရဖြစ်ထွန်းမှု၊ စက်မှုမြို့ပြနှင့် ကျေးရွာဒေသများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများကို ပိုမိုရင်ဆိုင်နေကြရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်သွားရန် ၁၉၉၂ ခုနှစ်၊ ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့တွင် ကျင်းပခဲ့သည့်ကမ္ဘာမြေထိပ်သီးညီလာခံ (The Rio "Earth Summit") မှအစပြု၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပိုမိုအာရုံစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည်ဒေသတွင်း အိမ်နီးနားချင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် သစ်တောဖုံးလွှမ်းမှု ဧရိယာပမာဏများပြားသော်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ စားဝတ်နေရေးအတွက် သစ်တောသယံဇာတများထုတ်ယူခြင်းနှင့် မြေအသုံးချမှု ပြောင်းလဲခြင်းကြောင့် သစ်တောများပြုန်းတီးခြင်း၊ စက်မှုလုပ်ငန်းများ၊ သတ္တုလုပ်ငန်းများနှင့် အခြားသော လုပ်ငန်းများတွင်လည်း စနစ်တကျလိုက်နာဆောင်ရွက်မှုအားနည်းခြင်းကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများနှင့် ကြုံတွေ့နေရပြီး အဆိုပါပြဿနာများလျော့နည်းစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရေး (Sustainable Development)

တို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများရေးဆွဲ ဆောင်ရွက်မည်ဖြစ်ပါသည်။

မူဝါဒ

"မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ရေးရာ မူဝါဒ"တွင် ရည်မှန်းချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုတို့ကို ရရှိစေရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက် အဖြစ် ထာဝစဉ်ထားရှိရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

ရည်မှန်းချက်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော်ရန် ရည်မှန်းချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုကိစ္စရပ်များကို စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ၊ မဟာဗျူဟာနှင့် မူဝါဒများ ချမှတ် ဆောင်ရွက်နိုင်ရန်၊

(၂) သဘာဝသယံဇာတ အရင်းအမြစ်များထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး အတွက် စီမံဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်စေရန် ရေထု၊ လေထု၊ မြေထု စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများ ချမှတ် ဆောင်ရွက်ရန်၊

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များတွင် အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၅) ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် ကာဗွန်လျော့နည်းရေးဆိုင်ရာ ဖွံ့ဖြိုးမှုလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတွန်းအားပေး ဆောင်ရွက်သွားရန်၊

(၆) ဂေဟဗေဒစနစ်များ စနစ်တကျစီမံအုပ်ချုပ်ခြင်းဖြင့် လူနေမှုဘဝ သာယာဝပြောရေး ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး

အကျိုးရလဒ်များ ရရှိစေနိုင်သည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများတွင် ပါဝင်စေရေး အားပေးဆောင်ရွက်သွားရန်။

လုပ်ငန်းစဉ်

မူဝါဒများနှင့် ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေးအတွက် လုပ်ငန်းစဉ် များအား ဖော်ပြပါဦးစားပေး အစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မူဝါဒ၊ စီမံကိန်းနှင့် ဥပဒေရေးရာကိစ္စရပ်များ

(၁) အမျိုးသားပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်နှင့် လုပ်ငန်း စီမံကိန်းများ၊ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(၂) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ရာတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်း အစီအစဉ်များကို ကဏ္ဍ အလိုက် ထည့်သွင်း ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျော ညီထွေ ရှိစေရေး လုပ်ငန်းစီမံကိန်း များရေးဆွဲပြုစု တင်ပြခြင်း၊

(၃) ဥပဒေရေးရာကိစ္စရပ်များ (စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များ) ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment (EIA)) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများ ထုတ်ပြန်သတ်မှတ်ခြင်း။

(ခ) ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးကိစ္စရပ်များ

(၁) လေ၊ ရေ နှင့် မြေဆိုင်ရာ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်း (သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခြင်း)၊

(၂) စက်မှု၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် အခြား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားသော

ဘေးအန္တရာယ်ရှိပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံ ခန့်ခွဲနိုင်ရန်အတွက် စီမံကိန်း တစ်ရပ်ရေးဆွဲ ဆောင်ရွက်ခြင်း၊

(၃) ပတ်ဝန်းကျင်ကို ရေတို၊ ရေရှည်တွင် ထိခိုက်စေနိုင်သည့် ညစ်ညမ်း ပစ္စည်းများ ပြည်တွင်း/ ပြည်ပသို့တင်သွင်း/ တင်ပို့ခြင်း၊ ထုတ်လုပ်၊ ရောင်းဝယ်၊ သုံးစွဲ၊ သိုလှောင်၊ သယ်ယူခြင်းများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်း စီမံဆောင်ရွက်ခြင်း၊

(၄) ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မည့် လုပ်ငန်းအမျိုးအစားများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက် စေရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ စိစစ်ဆောင်ရွက်ခြင်း။

(ဂ) သဘာဝပတ်ဝန်းကျင် အရည်အသွေးထိန်းသိမ်းရေးနှင့် သယံဇာတများထိန်း သိမ်းရေး ဆိုင်ရာကိစ္စရပ်များ

(၁) ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ ကောက်ယူစုစည်းခြင်း၊ စိစစ် သုံးသပ်တင်ပြခြင်း၊

(၂) ပတ်ဝန်းကျင်အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအတွက် သတ်မှတ် စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် အဆိုပါ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ-မရှိကို စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဆိုင်ရာကိစ္စရပ်များ

(၁) ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် အဆိုပြုစီမံကိန်းလုပ်ငန်းများအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းနှင့် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဆန်းစစ် ဆောင်ရွက်စေခြင်း၊ စိစစ် သုံးသပ်ခြင်းများ ဆောင်ရွက်ခြင်း၊

(၂) အထူးသဖြင့် အစိုးရ၊ ဖက်စပ်၊ ပုဂ္ဂလိကများက ဆောင်ရွက်လုပ်ကိုင်မည့် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲသည့် စက်မှုလုပ်ငန်း (Extractive Industries) များအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းကို ဆောင်ရွက် စေခြင်း၊

(၃) ဥပဒေ၊ နည်းဥပဒေ မပြဋ္ဌာန်းမီက ဆောင်ရွက်လုပ်ကိုင်နေသော ပတ်ဝန်း ကျင် ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်း

များအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ် ချမှတ်ဆောင်ရွက်စေခြင်း၊ ကြပ်မတ် စစ်ဆေးခြင်းများ ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ

(၁) အိုဇုန်းလွှာကာကွယ်ရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းများ အပါအဝင် Multilateral Environmental Agreements များ၊ ဒေသ ဆိုင်ရာ သဘောတူညီချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ် များတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအလှူငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာ နှင့် အကူ အညီများရရှိရေး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၃) နိုင်ငံတကာဒေသဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပနိုင်ရေး ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြည်သူလူထု အသိပညာပေးရေး၊ သုတေ သနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတများ ထိန်းသိမ်းရေးအတွက် ပြည်သူ လူထုပူးပေါင်း ပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးစည်းရုံး လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(၂) အရည်အသွေး ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြည့်ဆည်းရန် နှင့် ဝန်ထမ်းအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မား စေရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(၃) နိုင်ငံတကာ၊ ဒေသဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆက်သွယ်ညှိနှိုင်းဆောင်ရွက် ခြင်း၊

(ဆ) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက် သည့် သို့မဟုတ် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို အကောင်အထည်ဖော်ရန်အတွက် ပတ်ဝန်းကျင်

ထိန်းသိမ်းရေး နည်းဥပဒေများ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးဖြစ်သဖြင့် လွှတ်တော်သို့ တင်ပြထားခြင်း၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇ (ခ) အရ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်ချမှတ်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ရေးဆွဲလျက်ရှိခြင်း၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀ အရ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများရေးဆွဲခြင်း၊

(၄) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း-

နိုင်ငံခြားအထောက်အပံ့ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ

(က က) အမျိုးသားအိုဇုန်းယူနစ် တည်ထောင်သည့် ဖွဲ့စည်းမှုအင်အားဖြည့်ဆည်းရေး စီမံကိန်း ဒုတိယအဆင့်၊ ဒုတိယနှစ် (Institutional Strengthening (IS) Project of the Establishment of National Ozone Unit, Phase II, Year 2) ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်တွင် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Programme-UNEP) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၃၀,၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီးခြင်း၊

(ခ ခ) ဟိုက်ဒရိုကလိုရိုဖလူရို ကာဗွန်များ (အိပ်ချ်စီအက်ဖ်စီ) သုံးစွဲမှု လျှော့ချ ရပ်ဆိုင်းရေးလုပ်ငန်း စီမံကိန်း (Project for the Preparation of Hydro- chlorofluorocarbons (HCFC) Phase-out Management Plan-HPMP) ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ်၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၀,၂၂၅ ဖြင့် ဆောင်ရွက်ပြီးစီးခြင်း၊

(ဂ ဂ) မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အကောင်အထည်ဖော်သည့် ဖွဲ့စည်းမှု အင်အားဖြည့်ဆည်းရေး စီမံကိန်း တတိယအဆင့် (Institutional Strengthening (IS) Project for the

Implementation of the Montreal Protocol, Phase III) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း နေပြည်တော်တွင် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် (UNEP) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၆၀,၀၀၀ ဖြင့် ဆောင်ရွက်ခြင်း၊

(ဃဃ) ဟိုက်ဒရိုကလိုရို ဖလူရို ကာဗွန်များ (အိပ်ချ်စီအက်ဖ်စီ) သုံးစွဲမှု လျှော့ချရေးဆိုင်းရေး လုပ်ငန်းစီမံကိန်း (Hydrochlorofluorocarbons (HCFCs) Phase-out Management Plan-HPMP) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ကုလသမဂ္ဂပတ်ဝန်း ကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) နှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development Organization-UNIDO) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၃၈,၀၀၀ ဖြင့် ဆောင်ရွက် ခြင်း၊

(ငင) ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း ပြဌာန်းချက်များမှ မျိုးရိုးဗီဇ အရင်းအမြစ်များ ထုတ်ယူ သုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေ ခံစားခြင်း အကောင်အထည်ဖော်ရေးအတွက် ဒေသအလိုက် ကိုက်ညီသည့် နိုင်ငံလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် စွမ်းဆောင် ရည် တည်ဆောက်မှုစီမံကိန်း (Building Capacity for Regionally Harmonized National Process for Implementing CBD Provisions on Access to Genetic Resources and Sharing of Benefit in Myanmar) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း အာဆီယံဇီဝမျိုးစုံမျိုးကွဲဌာန (ASEAN Centre for Biodiversity-ACB)၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၄,၀၀၀ ဖြင့် ဆောင်ရွက်ခြင်း၊

(စစ) မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေး အကောင်အထည်ဖော်ဆောင်မှု စွမ်းဆောင် ရည်မြှင့်တင်ခြင်းစီမံကိန်း (Capacity Building for Imple-

menting Environment and Social Safeguards in Myanmar)ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၂၀၀,၀၀၀ ဖြင့် ဆောင်ရွက်ခြင်း၊

(ဆဆ) သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ဓာတုပစ္စည်းများဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်း အကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ဦးစွာအဆင်ပြေ လွယ်ကူစေသည့် နည်းပညာထောက်ပံ့မှုစီမံကိန်း (Enabling Activities to facilitate early action on the Implementation of the Stockholm Convention on Persistent Organic Pollutants (POPs) Myanmar) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အပံ့ (Global Environment Facility-GEF) ၏ အထောက်အပံ့ အမေရိကန် ဒေါ်လာ ၅၀,၀၀၀ ဖြင့် ဆောင်ရွက်ခြင်း၊

(ဇဇ) နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေပြအစီရင်ခံစာ (State of the Environment Report) ရေးသားပြုစုရေးစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်(UNEP)နှင့် ကုလသမဂ္ဂ အခြေချ နေထိုင်ရေး အစီအစဉ်၏ နည်းပညာအကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်ခြင်း၊

(ဈဈ) ရေသယံဇာတဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း စနစ်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုတည်ဆောက်ရေး စီမံကိန်း (The Project for Capacity Development in Basic Water Environmental Management and EIA System in Myanmar) ကို ၂၀၁၂-၂၀၁၃

ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ (JICA) ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ရန် တင်ပြထားခြင်း၊

(ညည) ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအရ ဒုတိယအမျိုးသားအစီရင်ခံစာ ပြုစုရေးလုပ်ငန်းစီမံကိန်း (Project on Preparation of Second National Communication under United Nations Framework Convention on Climate Change-UNFCCC) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်(UNEP)၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ဖြင့် ဆောင်ရွက်ရန် တင်ပြ ထားခြင်း၊

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေပြဋ္ဌာန်းခြင်း၊ အဆိုပါဥပဒေအရ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေကြမ်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ မူကြမ်းရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းများတွင် ပေါင်းစပ်ဆောင်ရွက်ရေးအတွက် စိစစ်၍ သဘောထားပေးပို့ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကနဦးအမျိုးသား အစီရင်ခံစာ ပေးပို့ခြင်း၊ အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေပြအစီရင်ခံစာ ရေးဆွဲရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေပြီး ကြာရှည်စွာ မပျောက်ပျက်တည်မြဲနေနိုင်သည့် အော်ဂဲနစ် ဒြပ်ပစ္စည်းဆိုင်ရာ စီမံကိန်း အဆိုပြုလွှာအတွက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၊ ကုလသမဂ္ဂစက်မှု ဖွံ့ဖြိုးမှု အဖွဲ့တို့ နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက် ရှိပါသည်။

၄-၈။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး (သဘာဝ အခြေခံခရီးသွား လုပ်ငန်းများ ဖွံ့ဖြိုးရေး)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အတွင်း ခရီးစဉ် ဒေသအလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဟန်ချက်ညီညီ ဖွံ့ဖြိုး တိုးတက်

စေရန်နှင့် စနစ်တကျ ရှိစေရန်အတွက် အောက်ဖော်ပြပါအတိုင်း မူဝါဒ ၅ ရပ် ချမှတ် ဆောင်ရွက်လျက် ရှိပါသည်-

(က) ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခု ဖြစ်စေရေးနှင့် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်စေရေး၊

(ခ) ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် တိုင်းရင်းသား အားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝ ပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း တိုးတက် ကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်တွင်း လူမှု စီးပွားရေး ဖွံ့ဖြိုးမှုအပေါ် ကျယ်ပြန့်စွာ အခြေခံရေး၊

(ဃ) ၂၀၁၅ခုနှစ်၊ အာဆီယံစီးပွားရေးအသိုက်အဝန်းပေါ်ပေါက်လာချိန်တွင် အသင့် ဖြစ်နေစေရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေး စသည်တို့ကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(င) အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်ရန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူစာချုပ်များအပေါ် အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

ရည်မှန်းချက်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် လက်ရှိ အမျိုးသား စီမံကိန်းအရ ပထမ (၅) နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ စီမံကိန်း ကာလကုန်ဆုံးလျှင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ (၄.၆) သန်း ရောက်ရှိ နိုင်ရေး အတွက် မျှော်မှန်းဆောင်ရွက်သွားရန်။

လုပ်ငန်းစဉ်များ

(၁) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်းပါ ဦးစားပေး လုပ်ငန်းများ အတွက် လိုအပ်သော အကူအညီများကို ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ထံမှ ရရှိနိုင်ရေး ဆောင်ရွက်မည်၊

(၂) မြန်မာနိုင်ငံကို ထင်ရှားသည့် ခရီးစဉ် ဒေသဖြစ်အောင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းများ အကူအညီဖြင့် မြှင့်တင်ကြော်ငြာမှု လုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်မည်၊

(၃) နှစ်စဉ် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု တိုးတက်မြင့်မားရေး၊ အမျိုးသားဝင်ငွေ တိုးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေးတို့အတွက် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်မည်၊

(၄) ဟိုတယ်လုပ်ငန်း နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍဆိုင်ရာများ တိုးတက်မြင့်မားလာစေရေးနှင့် အတတ်ပညာများ စနစ်တကျ တိုးတက်ပြန့်ပွားစေရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ပြပွဲများ၊ ကွန်ဖရင့်များ ကျင်းပခြင်း ဆောင်ရွက်မည်၊

(၅) ခရီးစဉ်ဒေသအလိုက် ဆွဲဆောင်မှုနေရာများ၊ပြကွင်းပြကွက်များ စုံလင်အောင် ဖော်ထုတ်မည်၊

(၆) မြန်မာနိုင်ငံခရီးစဉ်ဒေသများ၏ ရှိရင်းဆွဲဆောင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးစဉ် ဒေသအသစ်နှင့် ဆွဲဆောင်မှု အသစ်များ တိုးချဲ့ ဖော်ထုတ်မည်၊

(၇) နိုင်ငံအဆင့် ဒေသအဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာရေး အထောက်အကူပြု လုပ်ငန်းများ ပေါ်ထွန်းလာရေးစီမံဆောင်ရွက်ရန် နှင့် ပြည်ပအဖွဲ့ အစည်းများ၏ အကူအညီရရှိရေး ကြိုးပမ်း ဆောင်ရွက်မည်၊

(၈) အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ် ဝင်/ ထွက်ပေါက်များတွင် ခရီးသွား ဧည့်သည်များ အဆင်ပြေ လွယ်ကူစွာ ဝင်/ထွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်။

(၉) ခရီးသွားလုပ်ငန်း အထောက်အကူပြု ခရီးစဉ်လှည့်လည် ပြသခြင်းလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ အမှတ်တရ ပစ္စည်းထုတ်လုပ် ရောင်းချရေးလုပ်ငန်း စသည်များကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လမ်းညွှန် ထိန်းသိမ်းမည်၊

(၁၀) မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ် ပြုပြင် ရေးဆွဲမည်၊

(၁၁) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာ လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံ ဆောင်ရွက်မည်၊

(၁၂) လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆိုင်ရာ အသက်မွေး ဝမ်းကျောင်းမှု သင်တန်းမှ အဆင့်မြင့် ပညာသင်တန်းများအထိ ဖွံ့ဖြိုးတိုးတက်အောင် စီမံ ဆောင်ရွက်မည်၊

(၁၃) ဟိုတယ် နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်း ကျောင်းမှု သင်တန်းများတွင် အာဆီယံစံနှုန်းများနှင့် ကိုက်ညီသော သင်ရိုးညွှန်တမ်းများဖြင့် လေ့ကျင့်သင်ကြားစေခြင်း၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းများ အတွက် စနစ်တကျဖွဲ့စည်းပြီး ကြပ်မတ် ဆောင်ရွက်မည်၊

(၁၄) ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု မထိခိုက်စေရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျက်စီးမပျောက်ကွယ်စေရေး၊ လူမှုရေး ပြဿနာများ မပေါ်ပေါက်စေရေး၊ စီးပွားရေးဆိုင်ရာ ပြဿနာများ မဖြစ်ပေါ် စေရေးတို့အတွက် မျက်ခြေမပြတ် ဂရုစိုက် ထိန်းသိမ်းစောင့်ရှောက်မည်၊

(၁၅) လေကြောင်း၊ ရေကြောင်း နှင့် ကုန်းကြောင်း ခရီးစဉ်များအတွက် လေယာဉ်၊ သင်္ဘော၊ ရထား၊ မော်တော်ယာဉ်များ စံချိန်စံညွှန်း နှင့်အညီ ဝန်ဆောင်မှုပြုနိုင်ရေး ထိန်းသိမ်း ကြပ်မတ် ဆောင်ရွက်ပေးမည်၊

(၁၆) ခရီးသည် ရောက်ရှိမှုနှင့် ဒေသအလိုက် ဝန်ဆောင်မှုအား မျှတမှု ရှိ/ မရှိ ထိန်းသိမ်း ကြပ်မတ်ခြင်း၊ အခြားအစီအစဉ်ထားရှိခြင်းတို့ ပြုနိုင်ရေးအတွက် သုတေသနနှင့် ဆန်းစစ် ခြင်း လုပ်ငန်းများကို နှစ်စဉ်ပြုလုပ်မည်၊

(၁၇) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကြောင့် ခရီးစဉ်ဒေသအတွင်း ဆင့်ပွားအကျိုးသက်ရောက်မှု၊ လူမှုအဆင့်အတန်းဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲလျော့ချနိုင်မှုတို့ကို မှန်ကန်တိကျသော ကိန်းဂဏန်းများဖြင့် ဖော်ထုတ်ပြသမည်၊

(၁၈) ပြည်သူများ ပြည်ပထွက်ခွာသည့် ခရီးသွားလုပ်ငန်း (Outbound Tourism) ကို ခရီးသွား ကိုယ်စားလှယ်များမှ စနစ်တကျလုပ်ကိုင် ဆောင်ရွက်နိုင်ရေး စည်းမျဉ်း စည်းကမ်းများဖြင့် လုပ်ကိုင်ခွင့်ပြုမည်၊

(၁၉) ပြည်တွင်းခရီးသွားလုပ်ငန်း (Domestic Tourism) စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

ဇယား ၄-၁

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များနှင့် သုံးစွဲမည့် နိုင်ငံခြားငွေ
ရည်မှန်းချက်

ဘဏ္ဍာနှစ်	ကမ္ဘာလှည့်ခရီးသည် ဦးရေ	သုံးစွဲသည့်အမေရိကန်ဒေါ်လာ (ထောင်ပေါင်း)
၂၀၁၁-၂၀၁၂	၈၉၉,၀၀၀	၃၂၅,၃၀၀
၂၀၁၂-၂၀၁၃	၁,၀၂၀,၀၀၀	၄၀၄,၄၆၀
၂၀၁၃-၂၀၁၄	၁,၈၀၀,၀၀၀	၁,၀၄၄,၄၃၂
၂၀၁၄-၂၀၁၅	၃,၂၀၀,၀၀၀	၁,၆၇၉,၈၀၈
၂၀၁၅-၂၀၁၆	၄,၆၀၀,၀၀၀	၂,၂၄၄,၁၂၈

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ပုံ ၄-၁၉

ပထမ(၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ
မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်များ ရည်မှန်းချက်



ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ပုံ ၄-၂၀

ပထမ(၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ

ကမ္ဘာလှည့်ခရီးသည်များ သုံးစွဲမည့် နိုင်ငံခြားငွေ ရည်မှန်းချက်



ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၈၉၉,၀၀၀ ဦး ရောက်ရှိရေး ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁,၀၂၀,၀၀၀ ဦး ရောက်ရှိရေး ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁,၈၀၀,၀၀၀ ဦး ရောက်ရှိရေး ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဦးရေကို ၃,၂၀၀,၀၀၀ ဦး ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာမည် ဖြစ်၍ လာရောက်မည့် ကမ္ဘာလှည့်ခရီးသည်ဦးရေကို ၄,၆၀၀,၀၀၀ ဦး တိုး၍ ရည်မှန်းထားပါ သည်။

နိုင်ငံတော်၏ ပြုပြင် ပြောင်းလဲမှု မူဝါဒများ၊ ပွင့်လင်းမြင်သာမှုများ၊ ဖြေလျော့မှုများ ဆောင်ရွက်ခြင်း၊ ခရီးစဉ် ဒေသများတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးခြင်း၊ နယ်စပ် ဝင်ပေါက်များမှ ဝင်ရောက်လာသည့် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ ပြည်ဝင်ခွင့်ဗီဇာနှင့် သက်တမ်း

တိုးမြှင့်ပေးရေး အတွက် လွယ်ကူစေရန် ဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက် လာခြင်းတို့ကြောင့် ခရီးသည် ဝင်ရောက်မှုဦးရေ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခြင်း ဖြစ်ပါသည်။

ထို့အပြင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်နေသည့် လေကြောင်းလိုင်းများမှာလည်း ၂၀၁၂ ခုနှစ်တွင် လေကြောင်းလိုင်း ၁၂ လိုင်း သာရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် လေကြောင်းလိုင်း ၂၃ လိုင်းနှင့် ၂၀၁၄ ခုနှစ်တွင် လေကြောင်းလိုင်း ၂၅ လိုင်းအထိ တိုးတက်ပျံသန်းလျက်ရှိလာခြင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း ခရီးသွား ဆိုင်ရာပြပွဲများတွင် ပါဝင်ပြသနိုင်ခဲ့ခြင်း၊ ခရီးစဉ်ဆိုင်ရာ ဈေးကွက် အသစ်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ စင်းလုံးငှားသဘော်၊ လေယာဉ် ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ နယ်စပ်ဖြတ်ကျော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ် ခရီးစဉ်များ ခွင့်ပြုခြင်း၊ ကန့်သတ်နယ်မြေများ ဖြေလျော့ပေးခြင်း၊ နယ်စပ်ဝင်ပေါက်များ တိုးချဲ့ ဖွင့်လှစ် ခြင်းနှင့် မြစ်တွင်း အပျော်စီး သဘော်ခရီးစဉ်များ ခွင့်ပြုပေးခဲ့ခြင်း၊ နေပြည်တော်သို့ ခရီးစဉ် လာရောက်ခွင့်ပြုပေးခဲ့ခြင်းတို့ကြောင့် ကမ္ဘာလှည့်ခရီးသည်ဦးရေ ပိုမိုလာရောက်မည်ဟု ခန့်မှန်းထားပါသည်။

ဇယား ၄-၂

ပထမ(၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်အထိ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပေးသော

လုပ်ငန်းလိုင်စင် (၄)မျိုး ရည်မှန်းချက်

အမှတ်စဉ်	လုပ်ငန်း လိုင်စင်အမည်	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ (စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	ဟိုတယ်/တည်းခိုရိပ်သာ	၈၀၂	၇၈၀	၈၅၀	၈၈၀	၉၀၀
၂	ခရီးလှည့်လည်ရေး	၇၃၆	၈၄၂	၁၄၀၀	၁၇၀၀	၂၀၀၀
၃	ပို့ဆောင်ရေး	၂၁၇	၂၀၆	၃၁၈	၄၀၂	၄၈၆
၄	ဧည့်လမ်းညွှန်	၃၆၆၀	၃၄၃၈	၃၇၆၀	၄၀၀၀	၄၂၄၀

ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၈၀၂ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၇၃၆ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၂၁၇ ဦးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၃,၆၆၀ ဦး ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၇၈၀ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၈၄၂ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၂၀၆ ဦးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၃,၄၃၈ ဦး ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၈၅၀ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၁,၄၀၀ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၃၁၈ ဦးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၃,၇၆၀ ဦး ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၈၈၀ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၁,၇၀၀ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၄၀၂ ဦးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၄,၀၀၀ ဦး ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် ၉၀၀ ဦး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် ၂,၀၀၀ ဦး၊ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ၄၈၆ ဦးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၄,၂၄၀ ဦး ရည်မှန်းထားပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်မှု၊ နော်ဝေနိုင်ငံအစိုးရ၏ ငွေကြေးအထောက်အပံ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ နည်းပညာ အကူအညီဖြင့် "မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)" ကို ရေးဆွဲခဲ့ပြီးဖြစ်ရာ အဆိုပါပင်မစီမံကိန်း၌ နှစ်တို၊ နှစ်ရှည် ရည်ရွယ်ချက် ဆောင်ရွက်သွားမည့် မဟာဗျူဟာ အစီအစဉ် ၆ ခု နှင့် စီမံကိန်း ၃၈ ခု ပါဝင်ပြီး ခန့်မှန်းသုံးစွဲရမည့်ငွေမှာ အမေရိကန် ဒေါ်လာ ၄၈၆.၈၀ သန်း ဖြစ်ပါသည်။ ၎င်းတို့အနက် ဦးစားပေး ဆောင်ရွက်ရမည့် စီမံကိန်း ၂၃ ခု အတွက် အမေရိကန်ဒေါ်လာ ၂၁၅.၆ သန်းခန့် သုံးစွဲရန် ခန့်မှန်းထားပါသည်။

နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်း ၇ ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ခရီးသွားကဏ္ဍ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ပြပါ အချက်များကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်-

- နှစ်စဉ်ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှု ဦးရေ တိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်များဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသများတွင် ဟိုတယ်များ အရေအတွက်တိုးပွားစေရေး၊
- တည်းခိုနေထိုင်ရေးနှင့် အစားအသောက်ဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေးများ ကောင်းမွန်စေရေး၊
- လက်ရှိခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်ရေးနှင့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး၊
- လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး၊

- ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊
- နိုင်ငံခြားသားစည်းသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံမှုရှိစေရေး၊
- အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊
- ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၄-၉။ မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေး(အားလုံးအတွက် အိမ်ရာ၊ ကျန်းမာရေးနှင့် လျော်ညီသောအိမ်ရာ)

မြန်မာနိုင်ငံသည် လူဦးရေ သန်း ၆၀ ခန့်ရှိပြီး ၂၀၄၀ ခုနှစ်တွင် သန်း ၉၀ ခန့် အထိ တိုးပွားလာနိုင်သဖြင့် အနာဂတ်တွင် အိမ်ရာဈေးကွက် ကြီးထွားလာမည် ဖြစ်ပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေအရ တစ်ဦးချင်း ဝင်ငွေများ တိုးတက်လာနိုင်မှု၊ ငွေစုဆောင်းနိုင်မှုမှတစ်ဆင့် အိမ်ရာဝယ်လိုအားများလည်း မလွဲမသွေ တိုးပွားလာမည်ဖြစ်ပါသည်။ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာခြင်း၊ စိုက်ပျိုးရေးတွင် စက်မှုလယ်ယာသို့ ကူးပြောင်းလာခြင်းတို့ကြောင့် အိမ်ရာလိုအပ်ချက်များ ပေါ်ပေါက်လာမည် ဖြစ်ပါသည်။ သာမန်အားဖြင့်မိသားစုအရွယ်အစား ၄.၇ ယောက်ဖြင့် တွက်ချက်လျှင် မြန်မာနိုင်ငံတွင် မိသားစုပေါင်း ၁၂ သန်းခန့်ရှိ၍ နှစ်စဉ်အိမ်ရာ လိုအပ်ချက် ၃ သိန်းခန့် တည်ဆောက်ရမည်ဖြစ်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးသည် အနာဂတ်တွင် အရေးပါသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြို့ပြဖွံ့ဖြိုးရေးနှင့်ဆက်စပ်လျက် အိမ်ရာကဏ္ဍသည် လူထု၏ လူမှုစီးပွားရေးဘဝတွင် နေရေးကို မြှင့်တင်ပေးခြင်းဖြစ်သော်လည်း နိုင်ငံ၏အကျယ်အဝန်းကြောင့် လူနေသိပ်သည်းမှု နည်းပါးခြင်း၊ ကျေးလက်လူဦးရေ အချို့များပြားခြင်း၊ သဘာဝ အိမ်ဆောက်ပစ္စည်းများ ဖြစ်သည့် သစ်၊ ဝါး၊ သက်ငယ်၊ ခနို ပေါများခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနှေးကွေးလျက် ရှိကြောင်းကိုလည်း တွေ့ရှိ ရပါသည်။

မူဝါဒ၊ ရည်မှန်းချက်များ

ဆောက်လုပ်မှုကဏ္ဍတွင် မြို့ပြဖွံ့ဖြိုးရေး နှင့် အိုးအိမ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ပထမ(၅)နှစ်စီမံကိန်း၊ (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) အတွင်း ဖော်ပြပါမူဝါဒရည်မှန်းချက်များကို ချမှတ် ဆောင်ရွက် လျက် ရှိပါသည်။

မူဝါဒများ

(၁) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်း ဖြစ်စေ မည့် နိုင်ငံတစ်ဝှမ်း မြို့ပြဖွံ့ဖြိုးရေး မူဝါဒနှင့် မဟာဗျူဟာများ (Urban Development Policy and Strategies) ချမှတ် ဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်သူတို့၏ အိမ်ရာလိုအပ်ချက်များပေါ်တွင် အခြေခံပြီး အိမ်ရာကဏ္ဍဆိုင်ရာ မူဝါဒနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးနည်းဗျူဟာ များ (Housing Policy, Housing Schemes and Development Strategies) ချမှတ်၍ ရန်ကုန်မြို့နှင့် မြို့ကြီးများတွင် အိမ်ရာစီမံကိန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၃) ဟန်ချက်ညီသော မြို့ပြကွန်ရက်စနစ် ပေါ်ပေါက်နိုင်ရန်နှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အခြေခံ လိုအပ် ချက်ဖြစ်သည့် ဥပဒေနှင့် ဌာနဖွဲ့စည်းပုံများ ပြဋ္ဌာန်းဆောင်ရွက်ရေး၊

(၄) မြို့ပြနှင့်အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး အတွက် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် ဆောင် ရွက်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ ခေတ်မီနည်းပညာများ၊ ကျွမ်းကျင်သူများ အကူ အညီဖြင့် ဆောင်ရွက်ရေး။

ရည်မှန်းချက်များ

(၁) ပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာစေသော အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူး ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများ ပါဝင်သည့် မြို့ပြ ဖွဲ့စည်း တည်ဆောက်မှုနှင့် မြို့ပြစီမံကိန်းပုံစံများ (Concept Plan, Structure

Plan and Master Plan) များကို လိုအပ်ချက်အရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်၊

(၂) အမျိုးသားစီးပွား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆက်စပ်၍ Spatial Planning Concept အရ Balanced Development Pattern ရရှိစေမည့် National Spatial Development Plan ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန်၊

(၃) မြို့များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(၄) နိုင်ငံသားတို့၏ လိုလားချက်များနှင့် တတ်နိုင်စွမ်းအားအလိုက် နေရာဒေသအမျိုးမျိုး တွင် ကောင်းမွန်သင့်လျော်သော အိမ်ရာအမျိုးမျိုး (Affordable Housing, Low and Medium Cost Housing, Rental Housing) များကို စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် တည်ဆောက်ရန်၊

(၅) အစိုးရဝန်ထမ်းများနှင့် ပြည်သူများ၏ ဘဝနောင်ရေး လုံခြုံစိတ်ချစေရန် ကိုယ်ပိုင်အိမ် ပိုင်ဆိုင်ခွင့် ရရှိစေရေးအတွက် တန်ဖိုးနည်းအိမ်ရာများနှင့် ဝယ်ယူနိုင်စွမ်းရှိသည့် အိမ်ရာများကို နိုင်ငံတစ်ဝှမ်း တည်ဆောက်ပေးပြီး နှစ်ရှည်အရစ်ကျငွေချေးခြင်း (Housing Mortgage) နှင့် အပေါင်ခံချေးငွေ စနစ်တစ်ရပ် ထူထောင်ခြင်း ဆောင်ရွက်နိုင်ရေး အထောက်အကူပြု ဘဏ်စနစ် ထူထောင်ရန်၊

(၆) သက်တမ်းလွန် ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာ ၄၂ ခု ပြန်လည် စည်ပင်ရေး (Estate Redevelopment Schemes) အစီအစဉ်များအား (PPP) စနစ်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပူးပေါင်း အကောင်အထည်ဖော်ရန်။

တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒများ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်လာခြင်းကြောင့် ပေါ်ထွက်လာမည့် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မြို့ပြကြီးထွားမှုကို တွန်းအားအဖြစ်ဖြင့် ၄င်းနှင့်ဆက်စပ်လျက်ရှိသော မြို့ပြဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအပေါ်တွင် ကြီးမားသော ဖိအားကို ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကင်းအိမ်ရာစီမံကိန်းနှင့် မြေကွက်များ ဖော်ထုတ်သွားပါမည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြို့ပြအိမ်ရာဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ပြစီမံကိန်းများရေးဆွဲခြင်း၊ ဟန်လင်းမြို့ဟောင်းနယ်နှင့် ခရိုင်ချင်း ဆက်လမ်းတလျောက် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ ပေါင်းစပ်ရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ အဖွဲ့များမှ တင်ပြလာသည့် မြို့များ၏ မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်သွားပါမည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းတွင် ဝယ်ယူနိုင်စွမ်းရှိသော ရှေ့ပြေးစမ်းသပ် အိမ်ရာ စီမံကိန်းများဖြစ်သည့် ၁၈ ထပ်အိမ်ရာ ၂၆ လုံး အိမ်ခန်းပေါင်း ၁၀,၆၀၈ ပါဝင်သည့် ဧရာဝဏ် အိမ်ရာစီမံကိန်းနှင့် ၁၈ ထပ်အိမ်ရာ ၂၂ လုံး အိမ်ခန်းပေါင်း ၈,၉၇၆ ခန်း ပါဝင်သည့် ရတနာအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပါမည်။ တည်ဆောက်ရေးအတွက် လိုအပ်မည့် ပြင်ပလျှပ်စစ်ပိုင်းဆိုင်ရာ ကုန်ကျစရိတ်များကို တရုတ်နိုင်ငံ အိပ်ဇင်းဘဏ်မှ ချေးယူငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါမည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့တော်များ၊ လူဦးရေတစ်သိန်းအထက် မြို့ကြီးများနှင့်မြို့များ၏ လက်ရှိလူမှုစီးပွားရေးနှင့် မြို့ပြဆောင်တာအခြေအနေများ၊ အနာဂတ်ဖွံ့ဖြိုး တိုးတက်မှု အလားအလာများကို လေ့လာဆန်းစစ်ပြီး မြို့ပြကွန်ယက်စနစ် ထူထောင်ရန် နားလည်မှု စာရွက်လွှာရေးထိုးပြီးဖြစ်သည့် ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်၏ နည်းပညာအကူအညီဖြင့် မြို့ပေါင်း ၂၀ မြို့ကိုလေ့လာပြီး ၃ နှစ်အတွင်း မြို့ပေါင်း ၅၆ မြို့ ကို လေ့လာဆန်းစစ်ခြင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားပါမည်။

ခရီးသွားလုပ်ငန်း ဗဟိုပြု မြို့ပြများဖွံ့ဖြိုးရေး (Tourism Town Development) နှင့် စက်မှုလုပ်ငန်း ဗဟိုပြု မြို့ပြများဖွံ့ဖြိုးရေး (Industrial Town Development) ဆိုင်ရာ လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက် သွားရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးတွင် ဒဂုံဆိပ်ကမ်းမြို့နယ် ကျီစုအရှေ့ တန်ဖိုးနည်း

အိမ်ရာစီမံကိန်း၊ ဧရာဝဏ်နှင့် ရတနာအထပ်မြင့်အိမ်ရာစီမံကိန်း၊ လှိုင်သာယာမြို့နယ် ကျန်စစ်မင်းအိမ်ရာစီမံကိန်းနှင့် ထီးလှိုင်ရှင်အိမ်ရာစီမံကိန်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်များ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဒဂုံမြို့သစ်တောင်ပိုင်း၊ ၆၅ ရပ်ကွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ၉၁ ရပ်ကွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ကို ဆောင်ရွက်မည် ဖြစ်ပါသည်။

အဆိုပါစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၏ လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) အမျိုးသားအဆင့်မြို့ပြနှင့် ဒေသမူဝါဒများ (National Integrated Urban Policy) နှင့် အမျိုးသားအဆင့် အိမ်ရာမူဝါဒ (National Housing Policy) များ ပြုစုရေးဆွဲမည်၊

(၂) အမျိုးသားအဆင့် မြို့ပြနှင့် အိမ်ရာစစ်တမ်းကောက်ယူခြင်း (National Housing Data Census) များကို နိုင်ငံတစ်ဝှမ်း ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်မည်၊

(၃) မြန်မာနိုင်ငံ၏ ပြည်နယ်၊ တိုင်းဒေသကြီး မြို့တော်များ၊ လူဦးရေ ၁ သိန်းအထက် မြို့ကြီးများနှင့် မြို့များ၏ လက်ရှိလူမှုစီးပွားရေးနှင့် မြို့ပြလုပ်ငန်းဆောင်တာများ (Urban Functions) အခြေအနေများ၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို လေ့လာဆန်းစစ်ပြီး (Urban Network System) ထူထောင်ရန် (MoU) ရေးထိုးပြီးဖြစ်သည့် ဂျာမဏီနိုင်ငံ ကိုလုံးတက္ကသိုလ်၏ နည်းပညာ အကူအညီဖြင့် လေ့လာပြီး ၃ နှစ်အတွင်း မြို့ပေါင်း ၈၁ မြို့ကို လေ့လာ ဆန်းစစ်ခြင်း အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြို့ပေါင်း ၂၀ မြို့ကို လေ့လာပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့ပေါင်း ၃၀ မြို့နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင် မြို့ပေါင်း ၃၁ မြို့ကို လေ့လာဆန်းစစ်မည်၊

(၄) UN-Habitat ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပူးပေါင်းရေးဆွဲလျက်ရှိသော Myanmar National Building Code မူကြမ်းအား ဥပဒေပြုရေးပြဋ္ဌာန်းနိုင်ရန် ပြင်ဆင်ခြင်းနှင့် Planning Regulation နှင့် Planning Guidelines များကို ဥပဒေပြုခြင်းတို့ ပြင်ဆင်ရေး ဆောင်ရွက်မည်၊

(၅) UN-Habitat ၏အထောက်အပံ့ဖြင့် ထူထောင်ထားသော မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ သုတေသနသိပ္ပံ (URDI) ကို ပြည်တွင်း ပြည်ပမှ ပညာရှင်များ၏ အကူအညီဖြင့် မြို့ပြစီမံကိန်း၊ အခြေခံအဆောက်အအုံဆိုင်ရာ၊ သဘာဝ ဘေးအန္တရာယ် တားဆီးရေးဆိုင်ရာ၊ မြေအသုံးချမှုဆိုင်ရာ မူဝါဒစီမံကိန်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ဘာသာရပ် ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည်၊

(၆) ADB ၏အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ

- တစ်နိုင်ငံလုံးအတိုင်းအတာရှိ ဆင်းရဲနိမ့်ကျသည့် မြို့ပြ လူနေရပ်ကွက်များတွင် လူထုပါဝင်သည့် အခြေခံအဆောက်အဦ အဆင့်မြှင့်တင် ဖွံ့ဖြိုးရေးစီမံကိန်း၊
- Key Sector တွင် ကျွမ်းကျင်မှုလိုအပ်ချက်ရှိသော ကဏ္ဍများ၌ ကာလတို သင်တန်းများပေးခြင်း၊
- မန္တလေးမြို့တွင် အခြေခံအဆောက်အအုံ အဆင့်မြှင့်တင်ခြင်း၊ (အထူးသဖြင့် ရေပေးရေး၊ ရေဆိုးသန့်စင်ရေး၊ မိလ္လာစနစ်၊ အမှိုက်စွန့်ပစ်စနစ်)၊
- မန္တလေးမြို့ပြဖွံ့ဖြိုးမှုစီမံကိန်း (Strategic City Development Plan For a Green Mandalay) ရေးဆွဲခြင်းဆိုင်ရာ စွမ်းရည်မြှင့်တင်ရေး နှင့် ကျွမ်းကျင်မှုအကူအညီပေးအပ်ခြင်း၊
- GMS Corridor Town Development စီမံကိန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊

(၇) တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ကျွမ်းကျင်မှုအကူအညီ တောင်းခံလာသည့် မြို့များ၏ မြို့ပြစီမံကိန်း ရေးဆွဲရေးလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်မည်၊

(၈) တိုင်းဒေသကြီး၊ ပြည်နယ်များမှ တင်ပြလာသည့် မြို့သစ်စည်ပင်ရေး လမ်းများ ဖောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်မည်၊

(၉) တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်မည့် စက်မှုဇုန်များ စနစ်တကျ ပေါ်ပေါက်ရေး စီမံကိန်းများ ပေါင်းစပ်ရေးဆွဲမည်၊

(၁၀) ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ဝယ်ယူနိုင်စွမ်းရှိသော ရှေ့ပြေး စမ်းသပ်အိမ်ရာစီမံကိန်းများဖြစ်သည့် ၁၈ ထပ်အိမ်ရာ ၂၆ လုံး၊

အိမ်ခန်းပေါင်း ၁၀,၆၀၈ ပါဝင်သည့် ဧရာဝဏ်အိမ်ရာစီမံကိန်းနှင့် ၁၈ ထပ် အိမ်ရာ ၂၂ လုံး၊ အိမ်ခန်းပေါင်း ၈,၉၇၆ ခန်း ပါဝင်သည့် ရတနာအိမ်ရာ စီမံကိန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားမှု၏ ၆၀ရာခိုင်နှုန်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးအောင် အကောင်အထည် ဖော်ဆောင်မည်၊

(၁၁) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သင့်လျော်သော အိမ်ရာအမျိုးမျိုး ယူနစ် တစ်သိန်းကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း ဆောင်ရွက် မည်၊

(၁၂) တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများအတွက် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော် တည်ဆောက်မည်၊

(၁၃) အခြားတိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများတွင် ဒေသရုံးခွဲများနှင့် ဝန်ထမ်းများအတွက် အငှားချအိမ်ရာ စီမံကိန်းများ (Rental Housing) ကို အကောင်အထည်ဖော်တည်ဆောက်မည်၊

(၁၄) သက်တမ်းလွန် ပြည်သူ့အိမ်ရာများ ပြန်လည်စည်ပင်ရေး စီမံကိန်းရေးဆွဲခြင်း နှင့် စီမံကိန်းစတင်အကောင်အထည်ဖော်ခြင်း အစီအစဉ်များအဖြစ် ရန်ကုန်မြို့ တွင် လင့်လမ်းအိမ်ရာ၊ ရန်ကင်းအိမ်ရာ၊ ဝေဋ္ဌုဝန်အိမ်ရာ၊ ကန်တော်လေး အိမ်ရာ၊ သုဝဏ္ဏအိမ်ရာ၊ လမ်းသစ်ရိပ်သာအိမ်ရာ၊ ပျဉ်းမပင်အိမ်ရာ၊ မန္တလေး မြို့တွင် စိတ္တရမဟီအိမ်ရာ၊ ပုသိမ်မြို့တွင် ပြည်တော်သာအိမ်ရာ၊ မိတ္ထီလာ၊ မကွေး၊ မော်လမြိုင်မြို့များရှိအိမ်ရာစခန်းများ ပြန်လည်စည်ပင်ရေးစီမံကိန်း တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း ဆောင်ရွက်မည်၊

(၁၅) ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရန် ဆောက်လုပ်ရေးနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Construction and Housing Development Bank Public Co; Ltd.) တည်ထောင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးအိမ်ရာ တည်ဆောက်မှုချေးငွေများနှင့် အိမ်ရာဝယ်ယူသူ များ၏ အပေါင်ခံချေးငွေများကို ဘဏ်နှင့်ချိတ်ဆက်ဆောင်ရွက်သည့် အိမ်ရာ ငွေကြေးစနစ် ပီပြင်အောင် ဆောင်ရွက်မည်၊

(၁၆) နယ်စပ်ဒေသ ကုန်သွယ်မှုမြို့များနှင့် နိုင်ငံတစ်ဝှမ်းဒေသအနှံ့အပြား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချက်အချာမြို့များနှင့် အာဆီယံ

ဒေသအတွင်း ချိတ်ဆက်လမ်းမကြီးများပေါ်ရှိ မြို့ကြီးများ၏ မြို့ပြဖွံ့ဖြိုးရေး ပင်မစီမံကိန်း (Master Plan) ပုံစံများရေးဆွဲခြင်းကို ဆောင်ရွက်မည်၊

(၁၇) ဝန်ကြီးဌာနမှ စီမံခန့်ခွဲရသော အခြားအဆောက်အဦများ ပြင်ဆင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်မည်၊

(၁၈) E-Government အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်မည်၊

(၁၉) ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆက်နွယ်သည့် အခွင့်အာဏာပိုင် အဖွဲ့အစည်း (Housing Development Board) ဖွဲ့စည်း၍ အိမ်ရာဖြည့်ဆည်းပေးခြင်းလုပ်ငန်းတွင် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းပါဝင်မှု မြှင့်တင် ပေးမည်၊

(၂၀) မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် အောက်ပါဥပဒေနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများကို (Draft) အဆင့်မှ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်၊

- Spatial Development Planning Law
- Housing Development Law
- Myanmar National Building Code
- Condominium Law

(၂၁) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးအပ်သည့် အောက်ဖော်ပြပါ အထူးဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်မည်၊

- နေပြည်တော်အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် လိုအပ်သည့် အိမ်ရာ စီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို ဆက်လက်ဆောင်ရွက်ခြင်း၊
- ရတနာပုံနည်းပညာမြို့သစ် စီမံကိန်းရေးဆွဲခြင်း၊ ထားဝယ် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းနှင့် သီလဝါ အထူးစက်မှုဇုန် စီမံကိန်း အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊
- National Comprehensive Development Plan ပေါ်တွင် အခြေခံ၍ National Spatial Development Plan ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(၂၂) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အချက်အချာကျသည့်မြို့များ ၁၀ မြို့ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဘက်စုံပေါင်းစပ်ပါဝင်သည့် မြို့ပြ စီမံကိန်းများရေးဆွဲမည်၊

(၂၃) စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသည့် စက်မှုဇုန် တည်ရှိသောမြို့များ ၁၉ ဇုန် စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ဘက်စုံ ပေါင်းစပ်ပါဝင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲမည်၊

(၂၄) မြို့များရှိ ထိန်းသိမ်းစောင့်ရှောက်သင့်သော မြို့ပြယဉ်ကျေးမှုအမွေအနှစ် အဆောက်အဦများအား စနစ်တကျ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းမှု နည်းလမ်းများ လေ့လာခြင်း သုတေသနစာတမ်းများ ပြုစုမည်။

မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးမှုကို အားပေးဆောင်ရွက်ခြင်းဖြင့် တည်ဆောက်ရေး လုပ်ငန်းများ၊ ဆောက်လုပ်မှုပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ၊ တည်ဆောက်မှု နည်းပညာများ စသည်ဖြင့် Construction Industry ဖွံ့ဖြိုးတိုးတက်လာစေပြီး ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်ကာ ဝင်ငွေများ ပိုမိုများပြားလာမည် ဖြစ်၍ လူနေမှုအဆင့်အတန်း မြှင့်တင်ပြီး ဆင်းရဲမှု လျော့နည်းစေနိုင်ပါသည်။

၄-၁၈။ ယဉ်ကျေးမှုနှင့်အမျိုးသားအမွေအနှစ်များ ထိန်းသိမ်းရေး

ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံတော်မှ ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် ပါဝင်သော "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး" ဟူသော ဦးတည်ချက်များကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်လျက် ပထမ ၅ နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)ကို ရည်မှန်းချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရေးဆွဲထားသော စီမံကိန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ လုပ်ငန်းများကို အမျိုးသားအဆင့် (National Level)တွင်သာမက ဒေသဆိုင်ရာအဆင့် (Regional Level)၊ ကမ္ဘာလုံးဆိုင်ရာအဆင့် (Global Level) အထိ ချိတ်ဆက်၍ ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတကာ အာရုံစိုက်မှုရရှိစေရန်၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်များကို လာရောက် လေ့လာလိုသူများ ပိုမိုများပြားလာရန်၊ ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်များ ဖြန့်ဖြူးခြင်းဖြင့် ယဉ်ကျေးမှုအသိစိတ်ဓာတ်များအား ပေါ်ပေါက် ခိုင်မာလာစေရန် စီမံကိန်းကာလအတွင်း ယဉ်ကျေးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မူဝါဒများ

ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူဝါဒမှာ ယဉ်ကျေးမှုရေးရာ နယ်ပယ်အသီးသီးတွင် "မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းသိမ်းရန်၊ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့်လူမျိုးကို လေးစားချစ်ခင်မြတ်နိုးလာစေရန်" ဖြစ်ပါသည်။

ဆောင်ရွက်မည့်အစီအစဉ်များ

ယဉ်ကျေးမှုနှင့် အမျိုးသားအမွေအနှစ်များ ထိန်းသိမ်းရေး အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ထိ ဆောင်ရွက်ပြီးစီးမှု အခြေအနေများမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ ဇာတ်သဘင်အနုပညာများ မတိမ်ကော၊ မပပျောက်စေရေး အတွက် ရွှေမန်းဦးတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း၊ လေးတော်တင်ခန်း၊ တောထွက်ခန်း၊ ဇာတ်တော်ကြီးများ၊ ရွှေကျီးညိုပဲခူးမြ တို့၏ သဒ္ဒါသုမနဇာတ်၊ ပဒုမပေါင်တိုဇာတ် တို့ကို ပြည်သူလူထုသို့ ဖျော်ဖြေတင်ဆက်နိုင်ခဲ့ပါသည်။

၁၈ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နှင့် ၁၉ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကိုကျင်းပ နိုင်ခဲ့ပါသည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲများတွင် ဆီမီးခွက်ယိမ်းအက၊ ကောက်စိုက်ယိမ်းအက၊ ပုဂံယိမ်းအက၊ ရက်ကန်းယိမ်းအက များဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ပါသည်။

၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် ဖျော်ဖြေရေး အစီအစဉ်များကို ခမ်းနားထည်ဝါစွာ ဖျော်ဖြေတင်ဆက်ခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ရှေးဟောင်းနယ်ပယ်အသီးသီးမှ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား ရေးမူမပျက် ထိန်းသိမ်းရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖိုဝင်တောင်ဂူ၊ ကော့ဂွန်းဂူ၊ ခရုံဂူ၊ ပြဒါးလင်းဂူနှင့် ပုဂံဒေသရှိ နံရံ ဆေးရေးပန်းချီရှိသော ဘုရားများမှ နံရံဆေးရေး ပန်းချီများအား ဓာတုဗေဒနည်းဖြင့် သန့်စင်နိုင်ခြင်းနှင့် ပုဂံဒေသရှိ နံရံဆေးရေး ပန်းချီရှိသော ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဘုရားများအား Digitization နည်းဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။

အမျိုးသားပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်များ ဖွင့်လှစ်၍ ခင်းကျင်းပြသခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တန်ဖိုးထားဂုဏ်ယူတတ်စေရန်အတွက် လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်နှင့် တိုင်းဒေသကြီး/

ပြည်နယ် စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် အများပြည်သူတို့အား စာပေဗဟုသုတများ၊ အသိပညာများ ရရှိစေရေးအတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများဖြစ်သော မြန်မာ့ရက်စဉ်သမိုင်း (တတိယတွဲ) အပိုင်း ၁-၂၊ အနော်ရထာ(အနိရုဒ္ဓ)၊ မြန်မာ့သမိုင်းသုတေသန စာစောင် အမှတ် ၂၂၊ ၂၃၊ မန္တလေး မဟာမုနိတံတိုင်းအတွင်းရှိ ကျောက်စာများ(စတုတ္ထတွဲ)၊ သမိုင်းသုတေသန ဦးစီးဌာနထုတ်စာအုပ်၊ စာစောင်များ၏ စာစုစာရင်း၊ မြန်မာ့နိုင်ငံရေး (၁၉၅၈-၆၂) (ပထမတွဲ၊ ဒုတိယတွဲ)၊ မြန်မာ့နိုင်ငံရေး စနစ်ပြောင်းကာလ (၁၉၆၂-၇၄) (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ) စာအုပ်များအား ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့သမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းနိုင်ရေးအတွက် တိုးမြှစ်၊ ရန်ကုန်မြစ်နှင့် ငမိုးရိပ်ချောင်းတို့ ဆုံရာတွင် နစ်မြုပ်လျက်ရှိသော ဓမ္မစေတီခေါင်းလောင်း ဆယ်ယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်မည့် အစီအစဉ်များမှာ နိုင်ငံတော်အဆင့်ဖော်ဖြေပွဲ၊ ဝန်ကြီးဌာနအဆင့်ဖော်ဖြေပွဲ၊ အခြားသော ဖော်ဖြေတင်ဆက်မှုများ၊ ၂၁ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေးကိုလည်းကောင်း၊ ဇာတ်သဘင်၊ အငြိမ့်၊ ရုပ်သေး၊ ပဒေသာအကများကို နိုင်ငံတော် ဧည့်သည်တော်များနှင့် နိုင်ငံတော် အခမ်းအနား များတွင် ဖော်ဖြေခြင်းအပြင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပြည်သူများအား လှည့်လည်ကပြနိုင်ရေးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် ပန်းချီပန်းပုပြပွဲများ ပြသရန်အတွက် စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။

ရှေးဟောင်းအဆောက်အအုံ၊ ရှေးဟောင်းပစ္စည်းတို့ကို မပျောက်မပျက်စေရန် ရှာဖွေဖော်ထုတ်ခြင်း၊ တည်ရှိ/ တွေ့ရှိပြီး ရှေးဟောင်းဝတ္ထုပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ပြသခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အထောက်အထားများအား ရှာဖွေဖော်ထုတ်သုတေသနပြု မှတ်တမ်းတင်ခြင်း၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ UNESCO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို သိမြင်လာစေရေး ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

အများပြည်သူတို့ လာရောက်လေ့လာ သုတေသန ပြုနိုင်ရန်နှင့် ဗဟုသုတကြွယ်ဝစေရန်အတွက် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ပထမအဆောင်အား ဖွင့်လှစ်နိုင်ခဲ့

ပါသည်။ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် အမျိုးသားပြတိုက်(နေပြည်တော်) တို့၏ကျန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများ နှင့် ကျောင်းသား၊ ကျောင်းသူများ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက် လေ့လာနိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ယဉ်ကျေးမှု ပြတိုက်ကို လည်းကောင်း၊ ရှမ်းပြည်နယ်တွင် လားရှိုးယဉ်ကျေးမှု ပြတိုက်ကို လည်းကောင်း ဖွင့်လှစ်ရန် ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ့သမိုင်းဆိုင်ရာ အထောက်အထားများဖြစ်သော မြန်မာ့သတ္တုခေတ်ကာလ (ကြေးခေတ်၊ သံခေတ်)သမိုင်း၊ မြန်မာ့နိုင်ငံရေးသမိုင်း (၁၉၄၅-၄၈)၊ တိုင်းရင်းသား ရက်စဉ်သမိုင်း (မွန်၊ ကရင်၊ ရှမ်း၊ ကယား၊ ကချင်၊ ချင်း၊ ရခိုင်)၊ မန္တလေးမဟာမုနိ တံတိုင်းအတွင်းရှိ ကျောက်စာများ (ပဋ္ဌမတွဲ)၊ ပြည်တွင်းငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများ၊ ပုဂံခေတ် အခြေအနေများ (ခရစ်နှစ် ၁၀၄၄-၁၃၆၈) သမိုင်း၊ ကုန်းဘောင်ခေတ်တွင် စိုးစံခဲ့ကြသော ထင်ရှားကျော်ကြားသည့် မင်းများ၏ သမိုင်း၊ မြန်မာသမိုင်း သုတေသနစာစောင်အမှတ် ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ နှင့် ၂၉၊ မြန်မာနိုင်ငံရေးအပြောင်းအလဲများ(မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီခေတ်) (၁၉၇၄-၁၉၈၈)၊ ဒေါက်တာရီရီ၏ စာစုစာရင်း စာအုပ်များအား အများပြည်သူတို့ ဗဟုသုတ ရရှိစေရန်အတွက် ပုံနှိပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၄-၁၁။ ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ

ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍအနေဖြင့် ပုဂ္ဂလိကပညာရေး၊ ကျန်းမာရေး အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ဌာနရမ်းမှုလုပ်ငန်းများကိုစုစည်းထားပြီး ပုဂ္ဂလိကပိုင် အခန်းအများဆုံး ပါဝင်သောကဏ္ဍဖြစ်ပါသည်။ ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင် Framework for Economic and Social Reform (FESR) အရ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့်ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။

ဌာနရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်အခန်း ၉၆ ရာခိုင်နှုန်းကျော် ပါဝင်နေပြီး ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုးတက်လာသော ဝန်ဆောင်မှုလိုအပ်ချက်များအရ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ နေ့ကလေးထိန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ ခရီးသွားလုပ်ငန်း၊ အင်တာနက်ဆိုင်၊ အလှပြင်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ အားကစားစင်တာ၊ ဂိမ်းစင်တာ၊ မြို့ဝင်ကြေးကောက်ခံသည့်စခန်း (Toll Gate) တို့ အပါအဝင် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာမှုအပေါ်မူတည်၍ရည်မှန်းထားပါသည်။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင်ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၄-၂၁
ပထမ(၅)နှစ် အမျိုးသားစီမံကိန်း:
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)တွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၁၃.၈ ရာခိုင်နှုန်းတိုးတက်ရန်မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၈၆၈,၈၉၉.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၄.၈ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၀၂၆,၇၇၃.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၄.၆ ရာခိုင်နှုန်း တိုးတက်ရန်ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၂၂၈,၆၂၈.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၅.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၄၉၈,၁၇၀.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၁.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၇၄၀,၇၇၆.၆ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁၂.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ရည်မှန်းထားသော ပုဂ္ဂလိကလုပ်ငန်း ဦးရေ စာရင်းများကို ဖော်ပြအပ်ပါသည်-

ဇယား ၄-၃

ပထမ(၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ ပုဂ္ဂလိကလုပ်ငန်းဦးရေ ရည်မှန်းချက်

(ဦးရေ)

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ (စီမံကိန်း)	၂၀၁၂-၂၀၁၃ (စီမံကိန်း)	၂၀၁၃-၂၀၁၄ ((စီမံကိန်း)	၂၀၁၄-၂၀၁၅ (စီမံကိန်း)	၂၀၁၅-၂၀၁၆ (စီမံကိန်း)
၁	၂	၃	၄	၅	၆	၇
၁	ပုဂ္ဂလိက ကျောင်း	၄၉	၆၇	၆၉	၇၁	၇၁
၂	ဘော်ဒါဆောင်	၄၅၅၆	၄၈၁၉	၄၈၁၉	၄၈၁၉	၄၈၃၇
၃	နေ့ကလေးထိန်း	၂၂၂၄	၂၃၂၅	၂၃၁၁	၂၃၁၁	၂၃၆၃
၄	ဆေးကုသခန်း	၄၉၆၆	၅၃၉၂	၅၆၄၂	၅၆၄၂	၅၆၄၂
၅	တိုင်းရင်းဆေးကုသခန်း	၇၂၃	၈၃၆	၈၅၉	၈၇၇	၈၉၃
၆	ပုဂ္ဂလိကဆေးရုံ	၁၄၀	၁၆၄	၁၆၇	၁၇၀	၁၇၀
၇	သွားဆေးကုသခန်း	၈၈၈	၉၁၄	၉၄၄	၉၄၉	၉၆၃
၈	စားသောက်ဆိုင်	၂၈၅၂၈	၂၈၃၃၅	၂၈၆၉၈	၂၈၆၉၈	၂၈၆၉၈
၉	အင်တာနက် ဆိုင်	၁၀၉၁	၁၁၁၀	၁၂၂၂	၁၂၂၅	၁၂၉၉
၁၀	အလှပြင် ဆိုင်	၁၉၇၀	၁၉၉၁	၂၀၀၈	၂၀၀၈	၂၀၃၇
၁၁	အားကစား စင်တာ	၉၉	၁၂၆	၁၃၃	၁၃၃	၁၃၅
၁၂	ဂိမ်း စင်တာ	၁၇၀၅	၁၈၉၈	၂၀၀၁	၂၀၀၁	၂၀၄၁
၁၃	ခရီးသွားဝန်ဆောင်မှုလုပ်ငန်း	၁၅၄	၁၅၀	၁၅၄	၁၆၄	၁၆၉

ဇာစ်မြစ်။ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၂၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်စျေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

ပညာရေး ဝန်ဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ အသီးသီးဖွဲ့စည်း၍ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ပညာရေးဝန်ဆောင်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍ မှ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကျောင်း ၄၉ ကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်း ၄,၅၅၆၊ နေ့ကလေးထိန်း လုပ်ငန်း ၂,၂၂၄ တို့ဖြင့် ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

ခေတ်မီသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများကိုလည်း ၂၀၀၇ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ဥပဒေနှင့်အညီ ခွင့်ပြု ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး /ပြည်နယ်များ တွင် ပုဂ္ဂလိကဆေးရုံ ၁၄၀၊ ဆေးကုသခန်း ၄,၉၆၆၊ တိုင်းရင်းဆေးကုသခန်း ၇၂၃၊ သွားကျန်းမာရေး ဝန်ဆောင်မှု ၈၈၈ တို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်မှန်းထားပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင် ၂၈,၅၂၈၊ အင်တာနက်ဆိုင် ၁,၀၉၁၊ အလှပြင်ဆိုင် ၁,၉၇၀၊ အားကစားစင်တာ ၉၉၊ ဂိမ်းစင်တာ ၁,၇၀၅၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ ၁၅၄ တို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေကိုလည်း တိုးမြှင့်ရည်မှန်းထားပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၂၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကျောင်း ၆၇ ကျောင်း၊ ဘော်ဒါဆောင် လုပ်ငန်း ၄,၈၁၉ ခု၊ နေ့ကလေးထိန်း လုပ်ငန်း ၂,၃၂၅ ခု နှင့် ပုဂ္ဂလိက ဆေးရုံ ၁၆၄၊ ဆေးကုသခန်း ၅,၃၉၂၂၊ တိုင်းရင်းဆေးကုသခန်း ၈၃၆၊ သွားကျန်းမာရေး ဝန်ဆောင်မှု ၉၁၄ တို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပါ သည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင် ၂၈,၃၃၅၊ အင်တာနက်ဆိုင် ၁,၁၈၈၊ အလှပြင်ဆိုင် ၁,၉၉၁၊ အားကစား စင်တာ ၁၂၆၊ ဂိမ်းစင်တာ ၁,၈၉၈၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ၁၅၀ တို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေကိုလည်း တိုးမြှင့် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၂၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏
တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကျောင်း ၆၉ ကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်း ၄,၈၁၉ ခု၊ နေ့ကလေးထိန်း လုပ်ငန်း ၂,၃၁၁ ခု နှင့် ပုဂ္ဂလိက ဆေးရုံ ၁၆၇၊

ဆေးကုသခန်း ၅,၆၄၂၊ တိုင်းရင်းဆေးကုသခန်း ၈၅၉၊ သွားကျန်းမာရေး ဝန်ဆောင်မှု ၉၄၄ တို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင် ၂၈,၆၉၈၊ အင်တာနက်ဆိုင် ၁,၂၂၂၊ အလှပြင်ဆိုင် ၂,၀၀၈၊ အားကစား စင်တာ ၁၃၃၊ ဂိမ်းစင်တာ ၂,၀၀၁၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ၁၅၄ တို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေကိုလည်း တိုးမြှင့်ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၂၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏
တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကကျောင်း ၇၁ ကျောင်း၊ ဘော်ဒါဆောင်လုပ်ငန်း ၄,၈၁၉ ခု၊ နေ့ကလေးထိန်းလုပ်ငန်း ၂,၃၁၁ ခု၊ ပုဂ္ဂလိက ဆေးရုံ ၁၇၀၊ ဆေးကုသခန်း

၅,၆၄၂၊ တိုင်းရင်းဆေးကုသခန်း ၈၇၇၊ သွားကျန်းမာရေးဝန်ဆောင်မှု ၉၄၉ တို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင် ၂၈,၆၉၈၊ အင်တာနက်ဆိုင် ၁,၂၂၅၊ အလှပြင်ဆိုင် ၂,၀၀၈၊ အားကစားစင်တာ ၁၃၃၊ ဂိမ်းစင်တာ ၂,၀၀၁၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ၁၆၄ တို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေကိုလည်း တိုးမြှင့်ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်အပေါ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၄-၂၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ၏
တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ကျောင်း ၇၁ ကျောင်း၊ ဘော်ဒါဆောင် လုပ်ငန်း ၄,၈၃၇ ခု၊ နေ့ကလေးထိန်းလုပ်ငန်း ၂,၃၆၃ ခု၊ ပုဂ္ဂလိကဆေးရုံ ၁၇၀၊ ဆေးကုသ

ခန်း ၅,၆၄၂၊ တိုင်းရင်းဆေးကုသခန်း ၈၉၃၊ သွားကျန်းမာရေးဝန်ဆောင်မှု ၉၆၃ တို့ဖြင့် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

အခြားဝန်ဆောင်မှုလုပ်ငန်းများဖြစ်သော စားသောက်ဆိုင် ၂၈,၆၉၈၊ အင်တာနက်ဆိုင် ၁,၂၉၉၊ အလှပြင်ဆိုင် ၂,၀၃၇၊ အားကစားစင်တာ ၁၃၅၊ ဂိမ်းစင်တာ ၂,၀၄၁၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ ၁၆၉ တို့အပြင် အခြားဝန်ဆောင်မှုလုပ်ငန်းများ၏ ဦးရေ နှင့် ဝင်ငွေကိုလည်း တိုးမြှင့်ရည်မှန်းထားပါသည်။

ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကဖြစ်သော ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများ၏ အရေအတွက် နှင့် ဝင်ငွေများ တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိပါ သည်။ လုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်လုပ်သား၊ လုပ်သားများ၏ ဝင်ငွေ၊ နည်းပညာ စသည့် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။

၄-၁၂။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်း

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုခိုင်မာမှသာ နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်း (Human Development Index-HDI) သည် အလယ်အလတ်အောက်တွင်ရှိပြီး အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်သည့်အခါတွင် နိမ့်ကျလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ရေရှည်တည်တံ့စေရန်နှင့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ တိုးတက်ရေးအတွက် လူ့စွမ်းအားဖွံ့ဖြိုးမှု စီမံကိန်းကို စနစ်တကျ ရေးဆွဲရန် လိုအပ်ပါ သည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာနှင့် ပညာရပ်ပူးပေါင်း ဆောင်ရွက်နိုင်ရန် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံများရှိ တက္ကသိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခြင်း၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံများရှိ အဆင့်မြင့်တက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ICT နည်းပညာဆိုင်ရာ တိုးတက်လာစေရေးအတွက် အိန္ဒိယသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်

(Myanmar Institute of Information Technology) ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကိုးရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်း၍ Myanmar Polytechnic University တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိပါသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန နှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားဖွံ့ဖြိုးမှုတက္ကသိုလ် Korea Development Institute (KDI) တို့ ပူးပေါင်း၍ မြန်မာဖွံ့ဖြိုးမှုတက္ကသိုလ် Myanmar Development Institute (MDI) တည်ထောင် ဖွင့်လှစ်မည် ဖြစ်ပါသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လုပ်ငန်းခွင် လိုအပ်ချက်နှင့် ကိုက်ညီမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကာလတို သင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာနအနေဖြင့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ထောင်ရန်အတွက် လိုအပ်သော အရည်အသွေး ပြည့်ဝသည့် ဘွဲ့ရလူ့စွမ်းအားအရင်းအမြစ်များကို အဆင့်မြင့်ပညာကဏ္ဍမှ မွေးထုတ်ရန်" အဆင့်မြင့်ပညာရေး လုပ်ငန်းစဉ်များ ၁၈ ချက်မှ ဦးစားပေး အစီအစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇယား ၄-၄

ပညာရေးဝန်ကြီးဌာန၏
လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရနှစ်အလိုက် ပညာရှင်ပြုစုပျိုးထောင်ရန် လျာထားချက်စာရင်း

(ဦးရေ)

စဉ်	ပညာရပ်နယ်ပယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း
၁	**ဘွဲ့ရပညာရှင်**			
	၁ ဘွဲ့ကြိုအဆင့် (ပုံမှန်စနစ်)	၃၂၈၃၀	၃၂၈၃၀	၃၂၈၃၀
	၂ ဘွဲ့ကြိုဘွဲ့ (အဝေးသင်စနစ်)	၄၀၀၀၀	၄၀၀၀၀	၄၀၀၀၀
	၃ ဘွဲ့လွန်ဘွဲ့အဆင့်	၁၄၂၂	၁၄၂၂	၁၄၂၂
	၄ ပါရဂူအဆင့်	၁၄၉	၁၄၉	၁၄၉
၂	**ဘာသာစကားဆိုင်ရာပညာရှင်**			
	၁ ဘွဲ့ကြိုအဆင့်	၃၄၀၀	၃၄၀၀	၃၄၀၀
	၂ ဘွဲ့လွန်ဘွဲ့အဆင့်	၉၀	၉၀	၉၀
	၃ ပါရဂူအဆင့်	၃	၃	၃
၃	B.Ed (တိုက်ရိုက်)ဘွဲ့	၆၀၀	၆၀၀	၆၀၀
၄	B.Ed (ပေါင်းကူး)ဘွဲ့	၅၀၀	၅၀၀	၅၀၀
၅	တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးလုပ်ငန်းခွင် အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်း (D.T.Ed)	၄၅၀၀	၄၅၀၀	၄၅၀၀
၆	ပထမဘွဲ့ရရှိပြီး လုပ်ငန်းခွင်အကြိုဆရာအတတ် ပညာ ကျွမ်းကျင်မှု ဒီပလိုမာသင်တန်း DTEC	၄၂၀၀	၄၂၀၀	၄၂၀၀
၇	မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ သင်တန်း PGDMA	၃၂၀	၃၂၀	၃၂၀
၈	သုတေသနဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပညာရှင်	၂၃	၂၃	၂၃
၉	ဒေသဖွံ့ဖြိုးမှုဆိုင်ရာ သုတေသန ပညာရှင်	၁	၁	၁
၁၀	လုပ်ငန်းကျွမ်းကျင်မှု ဆိုင်ရာပညာရှင်	၁	၁	၁
၁၁	အင်္ဂလိပ်စာကျွမ်းကျင်ပညာရှင် (အခြေခံအဆင့်၊ အဆင့်မြင့်အဆင့်၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ)	၄၁၀၀	၄၁၀၀	၄၁၀၀
၁၂	ကျွမ်းကျင်ဆရာ၊ ဆရာမ ပြုစု ပျိုးထောင်ခြင်း	၂၀၀၀	၂၀၀၀	၂၀၀၀
၁၃	IT နည်းပညာနှင့် ဆရာ အတတ်ပညာ ပေါင်းစပ် အသုံးပြုနိုင်သည့်ပညာရှင်	၃၅၀	၃၅၀	၃၅၀
၁၄	အလယ်အလတ်ကျွမ်းကျင် ပညာရှင်စုစုပေါင်း	၂၄၅၀	၂၄၅၀	၂၄၅၀
၁၅	Centre of Excellence များထူထောင်ခြင်း		၇	၄
၁၆	Research Center များအဆင့်မြင့်မွမ်းမံခြင်းနှင့် အသစ်တည်ထောင်ခြင်း	၂	၁	၁
၁၇	နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစုစုပေါင်း	၄၅	၄၅	၄၅
၁၈	Conceptual Learning ကိုဖော် ဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား အချို့ရှိသည့် စာသင်ဆောင်တည် ဆောက်ခြင်း	၇၁	၅၀	၅၀
၁၉	တက္ကသိုလ်များတွင် အားကစား ရုံ၊ အားကစားကွင်းများ တည်ထောင်ခြင်း	၃၀		

ဇာစ်မြစ်။ ပညာရေးဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် **" နိုင်ငံတော်အတွက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာလုပ်သားများ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် "** ဟူသော မူလရည်မှန်းချက်နှင့် အညီ ပထမ (၅) နှစ် အမျိုးသားစီမံကိန်း ကာလအတွင်း လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်-

(က) နိုင်ငံတော်ဖွဲ့ဖြိုးတိုးတက်ရေးအတွက်အရည်အချင်းပြည့်ဝသော အင်ဂျင်နီယာ၊ ကွန်ပျူတာ နည်းပညာကျွမ်းကျင်သူနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင် မွေးထုတ်ရန်၊

(ခ) ဒေသတွင်း သိပ္ပံနှင့်နည်းပညာရပ်များ သင်ယူနိုင်မှုအခွင့်အလမ်း တိုးတက်ရရှိစေခြင်းဖြင့် လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုမြင့်မားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဂ) လုပ်ငန်းခွင်နှင့် ဆက်စပ် လေ့ကျင့်သင်ကြားနိုင်သော သင်ကြားရေးအစီအစဉ်များ တိုးမြှင့်ဖော်ဆောင်ရန်၊

(ဃ) ဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာနိုင်ငံများ ပေါင်းစည်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အချိန်၌ လိုအပ်လာမည့် နည်းပညာရှင်နှင့် အတတ်ပညာရှင်များ အသင့်ရှိနေစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရန်။

လူစွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးတွင် အဓိကကျသော အင်ဂျင်နီယာ၊ ကွန်ပျူတာ နည်းပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရန် ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းပေးခြင်း

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအတွက် လက်တွေ့သင်ခန်းစာများ သင်ကြားပြသဆောင်ရွက်နိုင်ရန် လိုအပ်သော သင်ထောက်ကူပစ္စည်းများကို ခွင့်ပြုချက်ရရှိမှုအလိုက် နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(ခ) စာသင်ဆောင်များနှင့် အလုပ်ရုံများထပ်မံဖြည့်ဆည်းဆောက်လုပ်ပေးခြင်း

ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများအား လုံးတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ စာသင်ကြားနိုင်ရန်နှင့် လက်တွေ့လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စာသင်ခန်းများ၊ အလုပ်ရုံများနှင့် ပရိဘောဂပစ္စည်းများကို ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လျာထားပါသည်။

(ဂ) ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း

စာတွေ့လက်တွေ့ကျွမ်းကျင်တတ်မြောက်သော အင်ဂျင်နီယာနှင့် ကွန်ပျူတာနည်းပညာကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် သင်ကြားပို့ချသည့်ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝမှုသည် အဓိကဖြစ်ရာ သင်ကြားရေး

ဆရာ၊ ဆရာမများအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများနှင့် လက်တွေ့လုပ်ငန်းဆိုင်ရာ မွမ်းမံသင်တန်းများကို နှစ်စဉ်ဖွင့်လှစ် ပို့ချ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပူးပေါင်း၍ ပြည်ပသင်တန်းများ ပို့ချခြင်း၊ ပြည်တွင်းသင်တန်းများအား နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ လာရောက်ဆောင်ရွက်ခြင်းဖြင့် ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဃ) သင်ရိုးညွှန်းတမ်းများအဆင့်မြှင့်တင်ခြင်း

တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာသင်တန်းများတွင် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများ နိုင်ငံတကာအဆင့်မီစေရန်နှင့် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစေရန်အတွက် လက်ရှိသင်ကြားနေသော သင်တန်းအသီးသီး၏ သင်ရိုးညွှန်းတမ်းများအား ပြန်လည်ဆန်းစစ် ပြုပြင်ရေးဆွဲခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာရှိ နည်းပညာရပ်ဆိုင်ရာ ပညာရေးဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်း မြှင့်တင်ရေးနှင့် ပညာရည်မြင့်မားရေး၊ လုပ်ငန်းခွင်နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်မည့် နည်းစနစ်များ ရရှိနိုင်ရေး အတွက် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(စ) လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီမည့် ကာလတိုသင်တန်းများဖွင့်လှစ်ခြင်း

(၁) ဒေသတွင်းလုပ်ငန်းခွင် လိုအပ်ချက်နှင့် ကိုက်ညီမည့် ကျွမ်းကျင်လုပ်သားများအား အချိန်တိုအတွင်း မွေးထုတ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများကို ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအားလုံးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ (Human

Resources Development) သင်တန်း ဖွင့်လှစ်နိုင်ရန် လျာထား ဆောင်ရွက်လျက် ရှိပါသည်၊

(၂) ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားဒုက္ခသည်များ၏ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်စေရေး အစီအစဉ်များအား ဆောင်ရွက်နိုင်ရေးအတွက် ပြင်သစ် နိုင်ငံ အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Agency For Technical Cooperation And Development (ACTED)၊ ထိုင်းနိုင်ငံ အသက်မွေးဝမ်းကျောင်း ပညာရေးကော်မရှင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

(ဆ) အဆင့်မြင့်တက္ကသိုလ်များဖွင့်လှစ်ခြင်း

(၁) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်(Myanmar Institute of Information Technology -MIIT)ပထမနှစ်သင်တန်းများကို မန္တလေး ကွန်ပျူတာ တက္ကသိုလ်တွင် ပူးတွဲ၍ စတင်ဖွင့်လှစ် ဆောင်ရွက်လျက်ရှိပြီး၊ တက္ကသိုလ် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်၊

(၂) ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တွင် အဆင့်မြင့်တက္ကသိုလ်များဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) တို့ကို အာဆီယံတက္ကသိုလ်အဆင့်သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်၊

(၃) ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် တို့ကို Center of Excellence (COE) အဆင့်မြင့်တက္ကသိုလ်များအဖြစ် အဆင့်မြှင့် တင်ပြီး ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပညာရပ်ဆိုင်ရာ ဘွဲ့ကြို သင်တန်း(၁၂)မျိုးနှင့် မန္တလေးနည်းပညာ တက္ကသိုလ်တွင် ပညာရပ် ဆိုင်ရာဘွဲ့ကြိုသင်တန်း(၉)မျိုး ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါသည်၊

(၄) လက်တွေ့သင်ခန်းစာချိန်များ ပိုမိုဆောင်ရွက်နိုင်စေရန် Center of Excellence (COE) အဆင့်မြင့်တက္ကသိုလ်များ၏ စာသင်နှစ်များအား အင်ဂျင်နီယာဘွဲ့သင်တန်းကာလအား (၅)နှစ်မှ(၆)နှစ်သို့လည်းကောင်း၊

ကွန်ပျူတာဘွဲ့သင်တန်းကာလအား (၄)နှစ်မှ (၅)နှစ်သို့ လည်းကောင်း တိုးမြှင့်ဆောင်ရွက်လျက် ရှိပါသည်၊

(၅) ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းများနှင့် ပိုမို ထိတွေ့ ကျွမ်းကျင်လာစေမည့် အခွင့်အလမ်းများ ရရှိနိုင်စေရေးအတွက် လုပ်ငန်းခွင် လက်တွေ့ သင်တန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်း ဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးလျက် ရှိပါသည်၊

(၆) နည်းပညာတက္ကသိုလ်များမှ B.E ဘွဲ့ရရှိပြီး မဟာဘွဲ့အတွက် အရည်အချင်းမီသူများကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ်တို့တွင် သက်ဆိုင်ရာမဟာဘွဲ့ သင်တန်းများကို တက်ရောက်စေမည်ဖြစ်ပြီး ပါရဂူဘွဲ့အတွက် အရည်အချင်းမီသူများကို ပါရဂူဘွဲ့ သင်တန်းများကို ဆက်လက်တက်ရောက်စေမည် ဖြစ်ပါသည်။ ကွန်ပျူတာ ပညာရပ်ဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများကိုလည်း Center of Excellence အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်စေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးလာရေးအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတကာ အဆင့်မီ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေးတို့ကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက် ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုနယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန်၊ အရည်အချင်း မြင့်မားသည့် ကျန်းမာရေး လူ့စွမ်းအားစုများကို အလုံအလောက် လေ့ကျင့်မွေးထုတ် ပေးနိုင်ရန်နှင့် ထိရောက်စွာ အသုံးချနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားစုအရင်းအမြစ် ဖွံ့ဖြိုးရေး စီမံကိန်းကို ရေးဆွဲအကောင် အထည်ဖော် လျက်ရှိပါသည်။

သားဖွားသင်တန်းသူများကို ၉၀၀ ဦးခန့် နှစ်စဉ် လက်ခံသင်ကြားခဲ့ပါသည်။ သူနာပြုသိပ္ပံဘွဲ့ ၅,၃၂၀ ဦး နှင့် သူနာပြုဒီပလိုမာ ၂၉,၁၃၉ ဦး၊ သားဖွား ၃၄,၉၄၄ ဦး မွေးထုတ်ပြီး ဖြစ်ပါသည်။

ထို့အပြင် သွားလာရေး လူမှုရေး ခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါဒေသများမှ တက္ကသိုလ်ဝင်တန်းအောင်မြင် သူများအား အထူးအခွင့်အရေးအနေဖြင့် မူလဝင်ခွင့်ပြဦးရေ၏ ၃ ရာခိုင်နှုန်း ထက်မပိုသော ကျောင်းသားဦးရေကို ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ပြုခဲ့ပါသည်။

သူနာပြု၊ သားဖွားကျောင်းများ၏ ပညာရေးကဏ္ဍတွင် သူနာပြု၊ သားဖွား ဒီပလိုမာ ၃ နှစ် သင်တန်း၏ သင်ရိုးညွှန်းတမ်းကို တိုးတက်နေသောခေတ်နှင့်လျော်ညီစွာ ၂၀၁၁ ခုနှစ်တွင် ပြုပြင်ရေးဆွဲခဲ့ပါသည်။ ထို့အတူ ဘက်စုံသားဖွား ၁၈ လ လက်မှတ်ရသင်တန်းမှ ဘက်စုံသားဖွားဒီပလိုမာ ၂ နှစ်သင်တန်းသို့ တိုးမြှင့်သင်ကြားပေးခဲ့ပါသည်။

ဆရာဝန်နှင့် သူနာပြု အချိုးမှာ (၁ : ၁) ခန့်သာ ရှိပါသဖြင့် သူနာပြုများ တိုးမြှင့်မွေးထုတ်ပေးရန် လိုအပ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် သားဖွားဆရာမများကို ရည်မှန်းထားသည့်အတိုင်း ကျေးရွာအုပ်စု ၁ ခုစီအတွက် သားဖွားဆရာမ ၁ ဦးစီ ထားရှိနိုင်ရေး အတွက် သားဖွားဆရာမများ တိုးမြှင့်မွေးထုတ်ရန် လိုအပ်သဖြင့် သူနာပြု၊ သားဖွားသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်လာပါသည်။

စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးကို ခေတ်မီသတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးပညာသင်ကြားရေး စွမ်းအားစုဗဟိုဌာန၊ ရန်ကုန်ဆေးတက္ကသိုလ် ၁၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်) ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင် လည်းကောင်း၊ ဆေးတက္ကသိုလ် ၂ ရန်ကုန်နှင့် မြောက်ဥက္ကလာပဆေးရုံကြီး တို့တွင်လည်းကောင်း၊ မန္တလေးဆေးတက္ကသိုလ်၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန္တလေးကလေးဆေးရုံကြီး တို့တွင်လည်းကောင်း ကွန်ယက်စနစ်ကို တည်ထောင်ဆောင်ရွက်လျက် ရှိပါသည်။

ဇယား ၄-၅

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိလျာထားချက် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးစီမံကိန်း

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂	၂၀၁၂ - ၂၀၁၃	၂၀၁၃ - ၂၀၁၄	၂၀၁၄ - ၂၀၁၅	၂၀၁၅ - ၂၀၁၆	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈
၁	ဆရာဝန်၊သွားဘက်ဆိုင်ရာ ဆရာဝန် ဆေးဝါး နှင့် ဆေးဘက်ပညာရှင် များ လေ့ကျင့် မွေးထုတ်ရန် လျာထားချက်	၂၉၀၆	၃၁၃၆	၃၀၉၉	၁၀၃၂	၂၆၆၉	၁၂၈၄၂
	မှတ်ချက်။ ဆေးတက္ကသိုလ်များတွင် ၂၀၁၃ပညာသင်နှစ်မှစ၍နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(၁) သင်တန်းကို မူလ(၁) နှစ်မှ(၁ နှစ် ၆ လ)သို့ တိုးမြှင့်သင်ကြားနေသည့်အတွက် ၂၀၁၄ ခုနှစ် ဇွန်လတွင် သင်တန်းပြီးဆုံးမည်ဖြစ်ပြီး အလုပ်သင်ဆရာဝန် တာဝန်ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန်၊ ဆေးဝါးနှင့်ဆေးဘက်ပညာရှင်များလေ့ကျင့် မွေးထုတ်ရန်လျော့နည်း လျာထားရခြင်းဖြစ်ပါသည်။					
၂	ဘွဲ့ရသင်တန်းအလိုက် သင်တန်းသား များ လက်ခံရန် လျာထားချက်	၃၃၀၀	၂၁၀၀	၂၁၀၀	၂၁၀၀	၂၁၀၀	၁၁၇၀၀
၃	သူနာပြုသင်တန်းသား မွေးထုတ်ရန် လျာထားချက်	၁၅၈၁	၁၆၃၀	၁၆၉၅	၁၆၇၂	၁၆၅၇	၈၂၃၅
၄	သူနာပြု လက်ခံသင်ကြား ပေးရန် လျာထားချက်	၁၆၀၀	၁၆၀၀	၁၉၀၀	၁၆၀၀	၂၀၀၀	၈၇၀၀
၅	အခြေခံကျန်းမာရေး ဝန်ထမ်းများ မွေးထုတ်ရန် လျာထားချက်	၁၄၇၉	၂၄၀၅	၂၁၆၂	၂၁၉၂	၂၃၄၂	၁၀၅၈၀
၆	အခြေခံကျန်းမာရေး သင်တန်းသား များ လက်ခံ သင်ကြားရန် လျာထားချက်	၁၂၉၇	၁၃၁၀	၁၆၁၀	၂၄၁၀	၂၄၁၀	၉၀၃၇
	မှတ်ချက်။ အခြေခံကျန်းမာရေး သင်တန်းသားများလက်ခံသင်ကြားရာတွင်ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သင်တန်းများအတွက် ဘက်စုံ ကျန်းမာရေး ဝန်ထမ်းများ ခေါ်ယူမှုကို ဒေသအလိုက် ဒေသခံများအား ကျန်းမာရေးဦးစီးဌာနမှခေါ်ယူလေ့ကျင့်၍အပြီးသတ်လေ့ကျင့်မှုကိုအခြေခံကျန်းမာရေးတက္ကသိုလ်မှလေ့ကျင့် မွေးထုတ်သွားမည်ဖြစ်ပါသည်။						
၇	**ဘွဲ့လွန်သင်တန်း အသီးသီး၌ နှစ်စဉ်လက်ခံမည့် သင်တန်းသားဦးရေ လျာထားချက်**						
	ဒီပလိုမာသင်တန်းများ	၁၂၂	၁၂၂	၁၂၂	၁၆၆	၁၈၇	၇၁၉
	မဟာသိပ္ပံသင်တန်းများ	၂၉၉	၂၉၉	၂၉၉	၅၄၀	၅၉၉	၂၀၃၆
	ဆေးဘက်ဆိုင်ရာနည်း ပညာ မဟာသိပ္ပံ	၂၁	၂၁	၂၁	၃၀	၃၀	၁၂၃

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ဇယား ၄-၅ (အဆက်)

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိလျာထားချက်
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးစီမံကိန်း

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂	၂၀၁၂-၂၀၁၃	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈
	ဆေးလက်တွေ့အခြေခံပါရဂူ	၁၃	၁၃	၁၃	၅၄	၅၄	၁၄၇
	ဆေးလက်တွေ့ပါရဂူ	၄၅	၄၅	၄၅	၁၀၇	၁၀၇	၃၄၉
၈	**ပညာရှင်ရှားပါးသည့် ဘာသာရပ်များအတွက် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရန် လျာထားချက်**						
	MRCP၊ MRCPCH၊ MRCOG၊ MRCS (General Surgery)၊ MRCS(Eye)၊ သက်ဆိုင်ရာ ဘာသာရပ်သင်တန်းများ၊	၁၄၁	၈၆	၅၇	၉၃	၃၅	၄၁၂
၉	**ဘွဲ့လွန်သင်တန်း အသစ်များ တိုးချဲ့ဖွင့်လှစ် ရန်လျာထားချက်**						
	ဒီပလိုမာသင်တန်း						
	Emergency Medicine			✓			
	မဟာသိပ္ပံသင်တန်းများ						
	Oral Biological science				✓		
	Oral&Maxilofacial Surgery				✓		
	Oral medicine				✓		
	Conservative Density				✓		
	Prosthodontics				✓		
	Preventive and Community Density				✓		
	Periodontology				✓		
	Orthodontics				✓		
	Paediatric densitry				✓		
	ပါရဂူဘွဲ့သင်တန်းများ						
	Pharmaconosy				✓		
	Pharmaceutical Chemistry				✓		
	Rheumatology	✓					
	Endocrinology				✓		
	Period ontology	✓					
	Orthodontics	✓					
	Oral Biological Science	✓					
	Plastic Surgery			✓	✓		
	Pharmaceutics				✓		
	Clinical Pharmacy				✓		

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ယောင် ၄-၅ (အဆက်)

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိလျာထားချက်
ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးစီမံကိန်း

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂	၂၀၁၂-၂၀၁၃	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈
	တတ္တသိုလ်နှင့် သင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း						
	စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် သတင်းဆက်သွယ်ရေး နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း						
၁	လူအင်အားနှင့် လေ့ကျင့်သင်တန်းပေးခြင်း						
	(၁) Video Production	၂	၂	၂	၂	၂	၁၀
	(၂) Pedagogy	၂	၂	၂	၂	၂	၁၀
	(၃) Computer သင်တန်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀
၂	သင်ကြားရေးသင်ခန်းစာ VCD ထုတ်လုပ်ခြင်း	၅၀	၅၀	၅၀	၅၀	၅၀	၂၅၀
၃	Electronic E-books ထုတ်လုပ်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀
၄	ကွန်ယက်စနစ်လည်ပတ်နေစေရန် ဆောင်ရွက်ခြင်း	✓	✓	✓	✓	✓	✓
၅	ဆေးပညာသင်ကြားရေး ယူနစ်များနှင့် သင်ကြားရေး ဗဟိုဌာနတို့ ပူးပေါင်းလျက် ပညာရေးသုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း	၂	၂	၂	၂	၂	၁၀
၆	မြန်မာ့ဆေးလောကတွင်ထင်ရှားကျော်ကြားခဲ့သောဆေးပညာရှင်ကြီး(၁၀)ဦး၏ဘဝမှတ်တမ်းဗီဒီယိုများရိုက်ကူးသွားပါမည်။				✓	✓	
	ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု နည်းဗျူဟာရေးဆွဲရေး စီမံကိန်း						
၁	ပြည်သူပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိကကဏ္ဍတို့ရှိ ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ အချက်အလက်များ စုစည်းခြင်း၊ ဆရာဝန် အချက်အလက်များ စုစည်းခြင်း	✓	✓	✓	✓	✓	
၂	ကျန်းမာရေး လူစွမ်းအားအရင်းအမြစ်ဆိုင်ရာ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း	✓	✓	✓	✓	✓	

ဇာစ်မြစ်။ ကျန်းမာရေးဝန်ကြီးဌာန

ဇယား ၄-၅ (အဆုံး)

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိလျာထားချက် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးစီမံကိန်း

စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂	၂၀၁၂ - ၂၀၁၃	၂၀၁၃ - ၂၀၁၄	၂၀၁၄ - ၂၀၁၅	၂၀၁၅ - ၂၀၁၆	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈
	တိုင်းရင်းဆေးပညာကဏ္ဍ၏ ကျန်းမာရေးလူစွမ်းအားအရင်းအမြစ် လေ့ကျင့်မွေးထုတ်ရေးစီမံကိန်း						
၁	မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရ တိုင်းရင်းဆေး ပညာရှင်	၁၄၀	၁၀၂	၁၄၀	၁၄၀	၁၄၀	၆၆၂
၂	မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့၊ ပေါင်းကူး (၂)နှစ်သင်တန်း	-	၅၁	၅၀	၅၀	၅၀	၂၀၁
၃	မြန်မာ့တိုင်းရင်းဆေးပညာ မဟာသိပ္ပံ ဘွဲ့လွန်	၆	၄	၁	၁	၁	၂၁

ဇယားဆက်ခံဆက်ခံ။ ကျန်းမာရေးဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာန

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထိ ၂၈ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လူငယ်ကျောင်း (လောက်ကိုင်)ကို ထပ်မံဖွင့်လှစ်ခဲ့ရာ လူငယ်သင်တန်းကျောင်း ၂၉ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၃,၀၈၉ ဦး ပညာသင်ကြားပေးလျက် ရှိပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူငယ် သင်တန်းကျောင်း ၄ ကျောင်း (နန်းယွန်း၊ ပင်းတယ၊ ပင်လောင်း၊ နမ့်ဆန်) တို့ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သင်တန်းကျောင်း ၉ ကျောင်း (ပလက်ဝ၊ မိုးညှင်း၊ မင်းပြား၊ မောင်တော၊ ဘော်လခဲ၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ သထုံ၊ ထားဝယ်) နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် လူငယ်သင်တန်းကျောင်း ၄ ကျောင်း (ပင်လယ်ဘူး၊ ဂန့်ဂေါ၊ လင်းခေး၊ တောင်ကုတ်) တို့တွင်ဖွင့်လှစ်ရန် လျာထားပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုသင်တန်းကျောင်းများ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ထိ စက်မှုလက်မှု ပညာသင်တန်းကျောင်း ၄ ကျောင်း (ပန်ဆန်း၊ မိုင်းလား၊ လောက်ကိုင်၊ လပွတ္တာ) ဖွင့်လှစ်ခဲ့ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ၄ ကျောင်းမှ သင်တန်းသား ၉၀၁ ဦးကို ပညာသင် မွေးထုတ်ပေးပြီးဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း၊ ဘားအံကို ၂.၁.၂၀၁၄ ရက်နေ့တွင် BAJ နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ကျောက်တော်၊ ကျောက်ဖြူ)တို့ ဖွင့်လှစ်ရန် လျာထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း (ပလက်ဝ၊ ကလေး) တို့ ဖွင့်လှစ်ရန်

လျာထားပါသည်။ အဆိုပါ စက်မှုကျောင်းများတွင် လက်သမားအတတ်၊ ပန်းရန်အတတ်၊ သံချည်သံကွေးအတတ်၊ အိမ်ပုံဆွဲခြင်းအတတ်၊ စက်ပြင်သင်တန်း၊ လျှပ်စစ်ဂဟေဆက် သင်တန်းများ သင်ကြားပေးမည်ဖြစ်ပါသည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း အမျိုးသမီးအိမ်တွင်းမှုကျောင်း ၃၆ ကျောင်း တွင် သင်တန်းသူ ၄,၇၆၁ ဦး တက်ရောက်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (လောက်ကိုင်)ကို ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၅ ကျောင်း (လပွတ္တာ၊ မင်းပြား၊ ကျောက်ဖြူ၊ အမ်း၊ ဘော်လခဲ)နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄ ကျောင်းကို ပင်လယ်ဘူး၊ ကလေး၊ လင်းခေး၊ ထားဝယ် တို့တွင် ဖွင့်လှစ်ရန် လျာထားပါသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် နယ်စပ် ဒေသအသီးသီးမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ တိုင်းရင်းသား လူငယ်များမှ သတ်မှတ်ချက်နှင့် ကိုက်ညီသူများအား စိစစ်ရွေးချယ်ပြီး ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန် နှင့် စစ်ကိုင်းတွင် ဝိဇ္ဇာ/သိပ္ပံနှင့် အင်ဂျင်နီယာ အတတ်ပညာ (အေဂျီတီအိုင်) တို့ကို သင်ကြားပေးလျက် ရှိပါသည်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ ဝိဇ္ဇာဘွဲ့ ၅၁၂ ဦး၊ သိပ္ပံဘွဲ့ ၁,၀၉၁ ဦးနှင့် အေဂျီတီအိုင် ဒီပလိုမာ ၈၁၉ ဦး၊ စုစုပေါင်း ၂,၄၂၂ ဦး မွေးထုတ်ပေးခဲ့ပြီး၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ရ ၁၈၁ ဦး၊ မဟာသုတေသနဘွဲ့ရ ၅၈ ဦး၊ B.Tech ၃၁၈ ဦး၊ B.E ၁၈၇ ဦး၊ M.E ၂၈ ဦးရရှိခဲ့ပြီး၊ မဟာဝိဇ္ဇာ/သိပ္ပံသင်တန်း ၉၄ ဦး၊ မဟာသုတေသနသင်တန်း ၂၃ ဦး၊ ပါရဂူ သင်တန်း ၂၇ ဦး တက်ရောက်ဆဲဖြစ်ပြီး ဝန်ကြီးဌာန ၁၉ ခုတွင် ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၁,၆၁၃ ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၈၁၉ ဦး၊ အလုပ် တာဝန်ခန့်အပ်ပြီး ဖြစ်ပါသည်။

နိုင်ငံခြားအကူအညီအထောက်အပံ့ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စင်္ကာပူသမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံသင်ကြားပို့ချခြင်းကို ၁ နှစ်လျှင် ၂ ကြိမ်ဖြင့် ၅ နှစ်အတွက် ၁၀ ကြိမ်နှင့် သင်ခန်းစာ ဖော်ထုတ်ခြင်း သင်တန်း အတွက် Lee Kuan Yew School & Public မှ ခေါင်းဆောင်မှု အရည်အသွေး မြှင့်တင်ရေး သင်တန်းအမှတ်စဉ် ၁ ကို ရန်ကုန်မြို့ ဗဟိုလေ့ကျင့်ရေး ကျောင်းတွင် စတင် ဖွင့်လှစ်လျက် ရှိပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

နိုင်ငံတော်အတွင်း ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ရရှိစေရန် ရည်ရွယ်လျက် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း၊ မြောက်ဒဂုံ)တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမ ၅ နှစ်အတွင်း သင်တန်းအမျိုးအစား ၈ မျိုး (အခြေခံဂဟေ၊ အခြေခံလျှပ်စစ်၊ တွင်ခုံ/ဖောက်ခုံ၊ ပိုက်ဆက်၊ ကြီးကြပ်ရေးမှူးသင်တန်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရေး သင်တန်း၊ ညွှန်ကြားပြသမှု နည်းစနစ်သင်တန်း၊ ကျွမ်းကျင်မှုစမ်းသပ်စစ်ဆေးရေး သင်တန်း အပါအဝင် လုပ်ငန်း လိုအပ်ချက်အရ နည်းပြသင်တန်း၊ ပြည်ပထွက်ခွာသူများ အကြို

သင်တန်းများ သင်ကြားရန် လျာထားပြီး တစ်နှစ်လျှင် ၂ ကြိမ်မှ ၁၀ ကြိမ်အထိ သင်ကြားပါမည်။ သင်တန်းသားဦးရေမှာ တစ်နှစ်လျှင် ၁,၁၅၀ ဦးသင်ကြားရန် လျာထားပြီး ၅ နှစ်အတွက် ၅,၈၀၀ ဦး လျာထားပါသည်။

ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး) တွင် ၁ နှစ် သင်တန်းအမျိုးအစား ၅ မျိုး(အခြေခံဂဟေ၊ ပိုက်ဆက်၊ အာရွန်ဓာတ်ငွေ့ဂဟေ၊ ကြီးကြပ်ရေးမှူးသင်တန်း၊ ထုတ်လုပ်မှု စွမ်းအားမြှင့်တင်ရေးသင်တန်း) သင်ကြားရန် လျာထားပြီး တစ်နှစ်လျှင် ၂ ကြိမ်မှ ၅ ကြိမ်အထိ သင်ကြားပါမည်။ သင်တန်းသားဦးရေမှာ တစ်နှစ်လျှင် ၆၅၀ ဦးခန့် လျာထားပြီး ၅ နှစ်အတွက် ၃,၂၅၀ ဦးခန့် လျာထားပါသည်။ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း (ပုသိမ်) တွင် ၁ နှစ်သင်တန်းအမျိုးအစား ၃ မျိုး (အခြေခံဂဟေ၊ ပိုက်ဆက်၊ Steel Structure) တစ်နှစ်လျှင် ၃ ကြိမ်သင်ကြားရန်နှင့် သင်တန်းသား ဦးရေမှာ ၁ နှစ် ၃၀၀ ဦးခန့် လျာထားပြီး ၅ နှစ် အတွက် ၁,၅၀၀ ဦးခန့် လျာထားပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် World ORT (Organization for Resources and Technological Training)တို့သည် မြန်မာလူငယ်များအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှု များကို အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်နေ့၌ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ World ORT အနေဖြင့် အမျိုးသားကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးစင်တာကို အမှတ်(၂၉၈)၊ မြနန္ဒာလမ်း(၁၃)ရပ်ကွက်၊ ရန်ကင်းတွင် အခြေချတည်ထောင်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ ပိုက်ဆက်ပိုက်ပြင်လုပ်ငန်း၊ လျှပ်စစ်၊ မော်တော်ယာဉ်၊ လေအေးစက်၊ စက်ယန္တရား၊ သေးငယ်သော ကိရိယာပစ္စည်းများ ပြုပြင်ခြင်း၊ အင်္ဂလိပ်ဘာသာစကား၊ အတွင်းရေးမှူးလုပ်ငန်း၊ ဘဏ္ဍာရေး၊ အလှအပပြုပြင်ရေး၊ ဟိုတယ် စားသောက်ဆိုင်နှင့် ခရီးသွားလုပ်ငန်းတို့တွင် ကျွမ်းကျင်မှုသင်တန်းများ သင်ကြားပို့ချရန် ရည်မှန်းထားပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အသက်မွေးမှုအတတ်ပညာသင်တန်းဌာနတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီးပါက အသက်မွေးမှု အတတ်ပညာသင်တန်းကို စီမံကိန်းသတ်မှတ်ကာလ ၁၀ နှစ်အတွင်း ဆရာဖြစ်သင်တန်းအပါအဝင် ဆင့်ပွားသင်တန်းများ၊ မြန်မာလူငယ်များ၏ အသက်မွေးမှုအတတ်ပညာ သင်တန်းများ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုဝန်ထမ်းဦးစီးဌာနသည် အိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၇ ကျောင်း ဖွင့်လှစ်ထားပြီး၊ အဆိုပါသင်တန်းကျောင်းများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၇,၃၀၀ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆,၉၈၃ ဦး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၇,၀၂၈ ဦး သင်တန်းပို့ချပေးခဲ့ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌လည်းကောင်း၊ အိမ်တွင်းမှုအသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁ ကျောင်းစီကို ထပ်မံဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။ အမျိုးသမီးအသက်မွေးအတတ် ပညာသင်ကျောင်း ၄ ကျောင်း ဖွင့်လှစ်ထားပြီး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၀၀

ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၆၂ ဦး ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၈၁ ဦး သင်တန်း ပို့ချပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၅၀ ဦး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၂၇၀ ဦး သင်တန်းပို့ချပေးရန် ရည်မှန်းထားပါသည်။ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၆၄၃ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၆၈၄ ဦး ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် ၇၅၁ ဦးသင်တန်း ပို့ချ ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၆၇၀ ဦး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၆၈၀ဦး သင်တန်းပို့ချပေးရန် ရည်မှန်းထားပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် မြန်မာလူမှုရေးသိပ္ပံဆိုင်ရာ တက္ကသိုလ် (Myanmar Institute of Social Science) ဖွင့်လှစ်နိုင်ရေး စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။

မျက်မမြင်ကျောင်း ၂ ကျောင်းမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၇၂ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၅၀ ဦး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၃၀၀ ဦး သင်တန်းပို့ချပေးခဲ့ပြီး ရန်ကုန်မြို့တွင် မသန်စွမ်း သက်ကြီးသင်တန်းကျောင်း ၁ကျောင်းနှင့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်း ၁ ကျောင်း ဖွင့်လှစ်ထားပြီး သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် မသန်စွမ်း သက်ငယ်သင်တန်း ကျောင်း ၁ ကျောင်းနှင့် မသန်စွမ်းသက်ကြီး သင်တန်းကျောင်း ၁ ကျောင်းအား ရန်ကုန်မြို့တွင် အသစ်တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်း ထားပါသည်။ နားမကြားသော ကလေးများကျောင်း ၁ ကျောင်း ဖွင့်လှစ်ထားပြီး နှစ်စဉ် ကလေး ဦးရေ ၂၀၀ ခန့်အား သင်တန်း ပို့ချပေးရန် ရည်မှန်းထားပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် အနုပညာ ကွန်ပျူတာဒီပလိုမာ ၁၀၇ ဦး၊ ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာ ဒီပလိုမာ ၂၇ ဦး၊ ပြတိုက်ပညာဒီပလိုမာ ၁၉ ဦး၊ စာကြည့်တိုက် ပညာဒီပလိုမာ ၁၅ ဦး နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အနုပညာကွန်ပျူတာဒီပလိုမာ ၃၄၇ ဦး၊ ရှေးဟောင်း သုတေသန ပညာရပ် ဆိုင်ရာဒီပလိုမာ ၂၄ ဦး၊ ပြတိုက်ပညာဒီပလိုမာ ၁၇ ဦး၊ စာကြည့်တိုက် ပညာဒီပလိုမာ ၁၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ အမျိုးသားယဉ်ကျေးမှု အနုပညာ တက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)မှ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု နှင့် ရုပ်/ပြ ဘာသာရပ်များကို သင်ကြား ပို့ချလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဝိဇ္ဇာဘွဲ့ ၁၀၁ ဦး၊ ဂုဏ်ထူးတန်းဘွဲ့ ၂၉ ဦးနှင့် ဒီပလိုမာ လက်မှတ် ၄၁ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဝိဇ္ဇာဘွဲ့ ၁၅၈ ဦး၊ ဂုဏ်ထူးတန်းဘွဲ့ ၄၄ ဦးနှင့် ဒီပလိုမာလက်မှတ် ၁၃ ဦးတို့ကို မွေးထုတ်ပေး နိုင်ခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဝိဇ္ဇာဘွဲ့ ၁၄၄ ဦး၊ ဂုဏ်ထူးတန်းဘွဲ့ ၄၂ ဦးနှင့် ဒီပလိုမာ လက်မှတ် ၁၀၀ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဝိဇ္ဇာဘွဲ့ ၁၄၉ ဦး၊ ဂုဏ်ထူးတန်းဘွဲ့ ၅၆ ဦးနှင့် ဒီပလိုမာ လက်မှတ် ၁၀၀ ဦး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဝိဇ္ဇာဘွဲ့ ၂၄၆ ဦး၊ ဂုဏ်ထူးတန်းဘွဲ့ ၅၁ ဦးနှင့် ဒီပလိုမာလက်မှတ် ၁၀၀ ဦး တို့ကို မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် သင်ကြားရေး သုတေသနနှင့် လက်တွေ့လုပ်ငန်းများဖြင့် ကျောင်းသားများအား သင်ကြားပေးနေပြီး၊ နိုင်ငံတော်၏ စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများအား တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော် ပေးနေသည့် တက္ကသိုလ်ဖြစ်ပါသည်။ ခေတ်နှင့် လျော်ညီသော စိုက်ပျိုးရေး ဆိုင်ရာ အဆင့်မြင့် သုတေသနနှင့် ဖွံ့ဖြိုးမှုများကို လုပ်ဆောင်လျက်ရှိပြီး တက္ကသိုလ်၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ စိုက်ပျိုးရေး သိပ္ပံဘွဲ့ရသူ ၉,၇၆၁ ဦး၊ စိုက်ပျိုးရေး မဟာသိပ္ပံဘွဲ့ရသူ ၃၃၆ ဦး၊ စိုက်ပျိုးရေး မဟာဒဿနဘွဲ့ ရသူ ၆ ဦး၊ ပါရဂူဘွဲ့ရသူ ၂၅ ဦးနှင့် စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာရသူ ၂၁ ဦး မွေးထုတ်ခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူများကို ပညာရပ်ဆိုင်ရာ စွမ်းအားများ၊ နိုင်ငံကြီးသား စိတ်ဓာတ်များနှင့် နိုင်ငံ့သားကောင်း အရည်အသွေးများ ပြည့်စုံစေရန် လေ့ကျင့် သင်ကြား ပေးလျက်ရှိပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများကို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် လေ့ကျင့်သင်ကြားပေးမည့် ဆရာ၊ ဆရာမများတွင် ပါရဂူဘွဲ့ရ ၄၆ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၆၄ ဦး ရှိနေပြီ ဖြစ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

သားငါးကဏ္ဍ ထုတ်လုပ်မှုတွင် တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ရောဂါကင်းသော အသားများထုတ်လုပ်ရေး၊ တိရစ္ဆာန်မှလူသို့ ကူးစက်သော ရောဂါများ ကာကွယ်တားဆီးရေး စသောလုပ်ငန်းများတွင် တိရစ္ဆာန်ဆေးပညာရှင်များသည် အရေးပါသော စွမ်းအားစုတစ်ရပ် ဖြစ်ပါသည်။ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် အဆိုပါ ပညာရှင်များအား လေ့ကျင့်မွေးထုတ်ပေးနေသောဌာန (Human Resource Development Centre) တစ်ခုဖြစ်ရာ အရည်အချင်းပြည့်မီသော တိရစ္ဆာန်ဆေးသိပ္ပံ ဘွဲ့ရပညာရှင်များ၊ တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့လွန် ပညာရှင်များကို မွေးထုတ်ပေးလျက် ရှိပါသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အား အာဆီယံနိုင်ငံအဆင့်နှင့် ရင်ဘောင်တန်းနိုင်သည့် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဆင့် ရောက်ရှိစေရန်အတွက် ဘွဲ့လွန်ပညာရှင်များ၊ ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများအား ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်များနှင့် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်ပတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး (MoU) နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ဝန်ကြီးဌာန၏လိုအပ်ချက်အတိုင်း သင်ရိုးညွှန်းတမ်းများ ပြန်လည် ညှိနှိုင်းရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား ဖိတ်ခေါ်၍ ဟောပြောပို့ချစေခြင်း၊ သုတေသန စာတမ်းဖတ်ပွဲ၊ အလုပ်ရုံ ဆွေးနွေးပွဲ များ၊ အာဆီယံတက္ကသိုလ်များနှင့် ပညာသင်ကျောင်းသားများ ဖလှယ်၍ ပြည်ပတက္ကသိုလ်များသို့ လေ့လာရေးခရီးစေလွှတ်ခြင်းတို့ကို ဆောင်ရွက်ခြင်း၊ သင်ကြားရေးလုပ်ငန်းများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန် ဆရာ၊ ဆရာမနှင့် ဝန်ထမ်းများတိုးချဲ့ ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ယော: ၄-၆

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး
အစီအစဉ်အရ နှစ်အလိုက်ပညာရှင် ပြုစုပျိုးထောင်ရန် လျာထားချက်

(ဦးရေ)

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်	၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်	၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
	ဘွဲ့ရကျောင်းသားများ					
၁	ရိုးရိုးဘွဲ့	၁၄၂	၁၇၀	၂၂၆	၂၃၆	–
၂	မဟာဘွဲ့	၁၈	၆	၁၇	၃၃	၃၅
၃	ပါရဂူဘွဲ့	၁	၂	၅	၇	၄
၄	ဘွဲ့လွန်ဒီပလိုမာ	၂၁	၂၆	၃၀	၃၀	၃၀

ဇာစ်မြစ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

မှတ်ချက်။ ရိုးရိုးဘွဲ့အတွက် စာသင်နှစ်အား ငါးနှစ်မှ ခြောက်နှစ်သို့ တိုးမြှင့်ပါသဖြင့် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် ရိုးရိုးဘွဲ့ရယူမည့် ကျောင်းသားဦးရေစာရင်းအား ဖော်ပြနိုင်ခြင်း မရှိပါ။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန

သစ်တောတက္ကသိုလ်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် သစ်တောပညာ သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သိပ္ပံ(သစ်တော) ဘွဲ့ရ များနှင့် ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံဘွဲ့ရများကို မွေးထုတ်ပေးလျက်ရှိပြီး ပညာသင်နှစ်တစ်နှစ်လျင် ပညာသင်နှစ်ဝက် နှစ်ခုခွဲခြားသင်ကြား ပို့ချလျက်ရှိပါသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ရ ကျောင်းသား/ ကျောင်းသူ ၈၀ ဦးနှင့် ဘွဲ့လွန်သင်တန်း မဟာသိပ္ပံ သင်တန်းသား ၁ ဦး၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ရ ကျောင်းသား/ ကျောင်းသူ ၂၀၅ ဦး၊၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ရ ကျောင်းသား/ ကျောင်းသူ ၁၈၉ ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ရ ကျောင်းသား/ ကျောင်းသူ ၁၈၃ ဦး၊ ဘွဲ့လွန် မဟာသိပ္ပံ သင်တန်းသား ၇ ဦး နှင့် ပါရဂူဘွဲ့ရ ၁ ဦးနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ရ ကျောင်းသား/ ကျောင်းသူ ၁၅၀ ဦး၊ ဘွဲ့လွန် မဟာသိပ္ပံ သင်တန်းသား ၇ ဦးနှင့် ပါရဂူဘွဲ့ရ ၁ ဦးတို့ အား မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (HRD) အနေဖြင့် ၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အထိ ရိုးရိုးဘွဲ့ ၇၀၈ ဦး နှင့် ဘွဲ့လွန်ဒီပလိုမာ ၆၅ ဦး တို့အား မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ဆရာ ဆရာမများ၊ ဝန်ထမ်းများ အရည်အချင်း တိုးတက်မြင့်မား စေရေးအတွက် ပြည်တွင်းတက္ကသိုလ်များရှိ ပါရဂူဘွဲ့သင်တန်းများနှင့် ပြည်ပသင်တန်းများသို့ စေလွှတ်တက်ရောက်စေခဲ့ပါသည်။ Basic Safety Training (BST) သင်တန်း၊ သင်္ဘောလုပ်ငန်းနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့်(၁)နှစ်

သင်တန်းနှင့် အချိန်ပိုင်း (၂) နှစ်သင်တန်းတို့ကိုလည်း ဖွင့်လှစ်သင်ကြား ပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ အားလုံးအနေဖြင့် ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိရေး၊ ဆိပ်ကမ်း အင်ဂျင်နီယာ ဘာသာရပ်၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းဘာသာရပ်နှင့် ရေယာဉ် တည်ဆောက်မှု အင်ဂျင်နီယာ ဘာသာရပ်များ၏ မဟာဘွဲ့ သင်တန်းများကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်၍ ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားပါသည်။ စီမံရေးရာဌာနမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် စီမံခန့်ခွဲရေးနှင့် ပတ်သက်သည့် မဟာဘွဲ့များရရှိရေး မျှော်မှန်း ဆောင်ရွက်လျက် ရှိပါသည်။ ရေကြောင်း အသက်မွေးမှုဆိုင်ရာ သင်တန်းများဖြစ်သည့် Basic Safety Training (BST)၊ Proficiency in Survival Craft & Rescue Boat (PSC & RB) သင်တန်းများအား ဖွင့်လှစ်သွားရန် နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ရိုးရိုးဘွဲ့ ၁,၃၀၃ ဦး၊ မဟာဘွဲ့ ၁၅ ဦးနှင့် ဘွဲ့လွန်ဒီပလိုမာ ၃၀၀ ဦး တို့အား မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်မည့် သင်တန်းအချို့အား ပြည်တွင်း/ပြည်ပ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် အကျိုးတူပူးပေါင်း ဖွင့်လှစ်သွားနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်း ဒီပလိုမာ သင်တန်း၊ ပင်လယ်ရေကြောင်း ကျွမ်းကျင်မှု လက်မှတ်ဆိုင်ရာ သင်တန်းများ၊ ရေဒီယိုဆက်သွယ်ရေး တာဝန်ထမ်းဆောင်သူများသင်တန်း၊ ရေယာဉ်အမျိုးအစားအလိုက် တာဝန်ထမ်းဆောင်မည့်သူ များအတွက် သင်တန်းများ၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အသက် အန္တရာယ်လုံခြုံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများနှင့် အခြားသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက် ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သင်တန်းသားစုစုပေါင်း ၁,၄၇၉ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၆,၀၅၁ ဦးတို့ကို သင်တန်း ဖွင့်လှစ်ပို့ချပေးခဲ့ပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တို့တွင် တစ်နှစ်လျှင် ၅,၅၄၀ ဦးစီနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅,၆၀၀ ဦးကို သင်တန်းများဖွင့်လှစ် ပို့ချပေးရန် ရည်မှန်းထားပါသည်။

စက်မှုဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိရာ စက်မှုသင်တန်းကျောင်း (ဆင်တဲ)သည် သင်ကြားမှု အထောက်အကူပြု စက်ပစ္စည်းများနှင့် နည်းပညာအတွက် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ German International Development Cooperation– GIZ အဖွဲ့အစည်း၊ စက်မှုသင်တန်းကျောင်း (မန္တလေး) သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ Institute of Planning and Project Research-IPPR Engineering International အဖွဲ့အစည်း၊ စက်မှုသင်တန်းကျောင်း (သာဂရ)နှင့် စက်မှုသင်တန်းကျောင်း (မကွေး) တို့သည် ကိုရီးယားသမ္မတနိုင်ငံ Korea International Cooperation Agency - KOICA အဖွဲ့အစည်း နှင့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ) နှင့် စက်မှုသင်တန်းကျောင်း (မြင်းခြံ) တို့သည် အိန္ဒိယသမ္မတနိုင်ငံ HMT (International) Ltd အဖွဲ့အစည်းတို့ဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

စက်မှုသင်တန်းကျောင်းများ၌ စက်ကိရိယာကိုင်တွယ် မောင်းနှင်မှုသင်တန်း၊ ကိရိယာ နှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း၊ စက်ရုံပစ္စည်းဖစ်တာသင်တန်း၊ မော်တော်ယာဉ် မက္ကင်းနစ်သင်တန်း၊ လျှပ်စစ်ပညာသည်သင်တန်း၊ လျှပ်စစ်စက်ပစ္စည်းထုတ်လုပ်သူ

သင်တန်း၊ သွန်းလောင်းပုံသွင်းပုံစံထုတ်လုပ်သူသင်တန်း၊ စက်မှုပုံဆွဲသင်တန်း၊ စက်ခုတ်စားမှု စက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကွန်ပျူတာသုံး စက်ခုတ်စားမှုနှင့် စက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကွန်ပျူတာနှင့်ကွန်ပျူတာသုံး ဒီဇိုင်းထုတ်လုပ်မှုသင်တန်း၊ ဂဟေဆော်ခြင်း၊ မျက်နှာပြင်အရောင်တင်ခြင်းနှင့်အမာတင်သင်တန်း၊ အီလက်ထရောနစ် ပညာသည်သင်တန်း၊ သံရည်ကျိုလုပ်သား သင်တန်း၊ တွင်ခုံ/ကြိတ်ခုံကိုင်တွယ် မောင်းနှင်မှုသင်တန်း၊ စက်ရုံလျှပ်စစ်ပညာသည်သင်တန်း၊ သံထည်နှင့် သံဂဟေဆက် လုပ်သားသင်တန်း၊ TIG/MIG သံဂဟေဆက် လုပ်သား သင်တန်း၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းမှု သင်တန်း၊ ဒိုင်နှင့်မိုပြုလုပ်မှု သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သင်တန်းသား ၈၉၁ ဦး နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သင်တန်းသား ၈၆၈ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သင်တန်းသား ၈၃၄ ဦး၊၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သင်တန်းသား ၁,၂၀၀ ဦး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် သင်တန်းသား ၁,၂၀၀ ဦးတို့ကို မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုစီမံကိန်းဦးစီးဌာနအောက်ရှိ လူ့စွမ်းအားအရင်းအမြစ်ဌာနသည် စက်မှုသင်တန်းကျောင်းများမှ အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများအား စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိရာ နိုင်ငံတော်၏ ကျွမ်းကျင်လုပ်သားလိုအပ်ချက်မညီမျှမှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိပြီး နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး၊ တိုင်းပြည်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

သမဝါယမဝန်ကြီးဌာန

သမဝါယမတက္ကသိုလ် (သန်လျင်နှင့်စစ်ကိုင်း)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဘွဲ့ရကျောင်းသား ၁,၂၂၀ ဦးနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဘွဲ့ရကျောင်းသား ၁,၂၈၁ ဦး မွေးထုတ်ရန် ရည်မှန်းထားပါသည်။

သမဝါယမကောလိပ် (ဖောင်ကြီးနှင့်မန္တလေး)၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဒီပလိုမာဘွဲ့ရ ကျောင်းသား ၄၈၀ ဦး နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ဒီပလိုမာဘွဲ့ရကျောင်းသား ၅၀၀ ဦး ဘွဲ့ရရန် ရည်မှန်းထားပါသည်။

ပုဂံမြို့ ယွန်းပညာကောလိပ်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ယွန်းပညာဒီပလိုမာဘွဲ့ရ ကျောင်းသား ၄၀၀ ဦး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၀၀ ဦး မွေးထုတ် ပေးနိုင်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၀၀ဦး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၀၀ ဦး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၀၀ ဦး မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားပါသည်။

အခန်း(၅)

စာရင်းဇယားကိန်းဂဏန်းများတိကျမှန်ကန်ရေး

(Quality of Statistics and Statistical System)

အခန်း(၅) စာရင်းဇယားကိန်းဂဏန်းများတိကျမှန်ကန်ရေး
(Quality of Statistics and Statistical System)

၅-၁။ အမျိုးသားစာရင်းအင်းစနစ်ခိုင်မာကောင်းမွန်ရေး

၅-၂။ နိုင်ငံတကာစနစ်များအတိုင်း အမျိုးသားဝင်ငွေ
တွက်ချက်မှုစနစ် အကောင်အထည်ဖော်ရေး

အခန်း(၅)

စာရင်းဇယား ကိန်းဂဏန်းများတိကျမှန်ကန်ရေး

၅-၁။ အမျိုးသားစာရင်းအင်းစနစ်ခိုင်မာကောင်းမွန်ရေး

နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး နှင့် ပုဂ္ဂလိကကဏ္ဍ တို့တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် တစ်ရပ် အနေဖြင့် အမျိုးသားအဆင့် ဘက်စုံဖွံ့ဖြိုး တိုးတက်မှုစီမံကိန်းကို ရေးဆွဲ ဆောင်ရွက် လျက်ရှိပါသည်။ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲရာတွင် လိုအပ်မှုများနှင့် စီမံကိန်း အောင်မြင်မှုများအတွက် အရည်အသွေးကောင်းသော စာရင်းအင်းများ လိုအပ် ကြောင်းကို စီးပွားရေးမူဝါဒ၏ စတုတ္ထအချက်ဖြစ်သည့် ကိန်းဂဏန်းစာရင်းအင်းများ အရည်အသွေး ပြည့်ဝရေး နှင့် တိကျမှန်ကန်ရေးကို ထည့်သွင်း ဖော်ပြထားပါသည်။ စာရင်းအင်းများ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော ခိုင်မာသော စာရင်းအင်းများ ဖြစ်စေရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ နိုင်ငံတော်၏ လက်ရှိ ဖြစ်ပေါ်နေသော စီးပွားရေး လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သော စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့် အညီ မြန်မာနိုင်ငံ၏ စာရင်းအင်းကဏ္ဍကို ကုလသမဂ္ဂနှင့် အာဆီယံမှ လက်ခံဆောင်ရွက်နိုင် စေရန်နှင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများ ချမှတ်နိုင်ရေးကို ရည်ရွယ်ပြီး အာဆီယံနိုင်ငံများ၏ စာရင်းအင်းများကို နိုင်ငံအချင်းချင်း လိုက်လျောညီထွေ ရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် အာဆီယံနှင့် UN စာရင်းအင်းစာစောင်များဖြစ်သည့် ASEAN Statistical Yearbook, Key Indicators for Asia and the Pacific, UN Statistical Yearbook, ASEAN Community Progress Monitoring System (ACPMS), ASEAN Socio- Cultural Community တွင် မြန်မာနိုင်ငံမှ ဖော်ပြရန် လိုအပ်လျက်ရှိသည့် စာရင်းအင်းအညွှန်းကိန်းများကို ဖြည့်သွင်းဖော်ပြနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး လိုအပ်နေသော နှစ်စဉ် စာရင်းအင်းများနှင့် updated စာရင်းအင်းများကို ပေးပို့လျက်ရှိပါသည်။

ထို့ပြင် လစဉ်စီးပွားရေး အခြေပြစာစောင် (Selected Monthly Economic Indicators)ကို စီးပွားရေး၊ လူမှုရေး စာရင်းအင်းလေ့လာ သုံးသပ်မှုများ၊ သုတေသနပြုမှုများ၊ ပေါ်လစီချမှတ်သူများနှင့် စာရင်းအင်းသုံးစွဲသူများအား အထောက်အကူပြုရန်နှင့် စာရင်းအင်းအရည်အသွေး မှန်ကန်စေရန် ရည်မှန်း၍ လစဉ် ထုတ်ဝေလျက် ရှိရာ ယခုအခါ

အဆိုပါ စာရင်းအင်းစာစောင်ကို ပိုမိုပြည့်စုံ ကောင်းမွန်စွာ ထုတ်ပြန်နိုင်ရေးအတွက် စက််ပူ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ဗီယက်နမ်စသည့် နိုင်ငံများမှ ထုတ်ဝေလျက်ရှိသည့် စာစောင်များနှင့် နှိုင်းယှဉ်လေ့လာမှုများပြုခဲ့ပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။ ထို့ပြင် နှစ်ပတ်လည် စာရင်းအင်းစာစောင် (Statistical Yearbook)ကိုလည်း နှစ်စဉ်ထုတ်ဝေလျက်ရှိရာ ယခုအခါ နိုင်ငံတကာစာရင်းအင်း စာစောင်များနှင့် အညီ ထုတ်ဝေနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

Myanmar Standard Industrial Classification (MSIC) ကို စီးပွားရေးလုပ်ငန်းသတ်မှတ်ချက်များအား နိုင်ငံတကာအသုံးပြုမှုနှင့် တပြေးညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဌာနများမှ ဘာသာပြန်ဆိုချက်များနှင့် သင်္ကေတများအား စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် တွက်ချက်မှုများနှင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးရေးအတွက် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကို အထောက်အကူပြုနိုင်ရန် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့်အရည်အသွေး ပြည့်ဝရေး ကော်မတီကို ဒုတိယသမ္မတ(၂)မှ နာယက နှင့် ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌ အဖြစ်ဦးစီးဆောင်ရွက် ဖွဲ့စည်းခဲ့၍ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ စာရင်းအင်း အချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကို လစဉ် ကျင်းပ ဆောင်ရွက်လျက်ရှိပါသည်။

စာရင်းအင်းအချက်အလက်များမှန်ကန်ရေးနှင့် အရေးပါသည့် တွက်ချက်မှုများ ပြုလုပ်ဆောင်ရွက်ရာတွင် စာရင်းအင်းနှင့်ဆက်နွယ်သော ဌာနများ၏ ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် စာရင်းအင်းသင်တန်းများကို စီးပွားရေးတက္ကသိုလ်မှ ဆရာ/ဆရာမများဖြင့်လည်းကောင်း၊ ADB, SIAP, IMF, EU-ASEAN တို့၏ အကူအညီ အထောက်အပံ့များဖြင့်လည်းကောင်း ဖွင့်လှစ်ပို့ချခြင်းနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ စာရင်းအင်းအချက်အလက်များ စီမံခန့်ခွဲရာတွင် ITအခြေခံ၍ စွမ်းရည်မြှင့်တင်မှု စီမံချက် (The Project of Capacity Building through IT based statistical data management in Myanmar)ဖြင့် အကူအညီပေးရန်အတွက် Record of Discussion ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စာရင်းအင်းဆောင်ရွက်မှုအတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ စာရင်းအင်းအကြံပေး Dr Alex Korns မှ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး

တိုးတက်မှုဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန(၆)ခုရှိ စာရင်းအင်းလုပ်ငန်း ဆောင်ရွက် သူ အရာထမ်းများနှင့် ဆွေးနွေးခြင်း၊ ထုတ်ပြန်ထားသော စာရင်းအင်းစာစောင်များအပေါ် လေ့လာသုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စာရင်းအင်းဆောင်ရွက်မှုကို အကဲဖြတ် သုံးသပ် တင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) တို့ပူးပေါင်း၍ မြန်မာနိုင်ငံ၏ စာရင်းအင်း အရည်အသွေး တိုးမြှင့်ရေး လိုအပ်ချက်များနှင့် စပ်လျဉ်းသော Consultative Meeting ကို UNFPA, ADB, ESCAP, EU, SIDA, UNCT အဖွဲ့များပါဝင်၍ ၂၀၁၂ ခုနှစ် ဇူလိုင်လ (၄) ရက်မှ (၅) ရက်နေ့အထိ နေပြည်တော်တွင် စာရင်းအင်းနှင့် သက်ဆိုင်သော ဝန်ကြီးဌာန များမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် မြန်မာ နိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာချမှတ်ရေး National Strategy For Development of Statistics(NSDS) အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြမြေပုံ Roadmap of National Strategy For Development of Statistics အား UNESCAP မှ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန သို့ အဆိုပြုတင်ပြခဲ့ပါသည်။ ကုလသမဂ္ဂ (၄၄) ကြိမ်မြောက် စာရင်းအင်းဆိုင်ရာ ကော်မရှင် အစည်းအဝေးတွင် အမျိုးသားစာရင်းအင်းစနစ် ၁၉၉၃/၂၀၀၈ System of National Account 1993/2008) ကို စတင်ဆောင်ရွက်ရန်နှင့် အရည်အသွေးပြည့်ဝသော စာရင်း အင်းများ ထုတ်ပြန်ရန်အတွက် ဗဟိုစာရင်းအင်းအဖွဲ့အား နည်းပညာဆိုင်ရာ အကူအညီ Capacity Building များပေးရန် ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်များအပေါ် အခြေခံ၍ UNESCAP မှ မြန်မာနိုင်ငံ စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လမ်းပြ မြေပုံ Roadmap of National Strategy For Development of Statistics အား ပြုပြင်ရေးဆွဲပြီး ၂၀၁၃ ခုနှစ် ဧပြီလတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှု ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခဲ့ပါသည်။

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ကြီးမှူး၍ National Strategy For Development of Statistics (NSDS) စာရင်းအင်းအရည်အသွေး တိုးမြှင့်ရေးအတွက် လတ်တလော လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ်

ဩဂုတ်လ ၇ ရက်နေ့တွင် ဆက်စပ်လျက်ရှိသော စာရင်းအင်းဌာန ၂၁ ခုနှင့် ဗဟိုစာရင်းအင်းအဖွဲ့တွင် အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

စာရင်းအင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အပံ့ပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဆက်စပ်လျက်ရှိသော စာရင်းအင်းဌာန ၂၁ ခုနှင့် ဗဟိုစာရင်းအင်းအဖွဲ့ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ Roadmap အရ မြန်မာနိုင်ငံ စာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်မှု စတင် ဆောင်ရွက်နိုင်ရန်နှင့် စာရင်းအင်းဥပဒေ ပြင်ဆင်ရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအတွင်း ညှိနှိုင်းအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ မေလ (၂၁) ရက်တွင် လည်းကောင်း၊ စာရင်းအင်းဆိုင်ရာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ်၊ မေလ (၃၀) ရက်တွင်လည်းကောင်း ကျင်းပခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ ဆောင်ရွက်လျက်ရှိသော General Data Dissemination System (GDDS) တွင် ယခုအခါ မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများဖွင့်လှစ်ခြင်း

တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ခရိုင်များမှ ဈေးနှုန်းစာရင်းများ၊ စီးပွားရေးနှင့် လူမှုရေးညွှန်ကိန်းများ ပေးပို့ရာတွင် စာရင်းအင်း တိကျမှန်ကန်မှု ရှိနိုင်စေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် ခရိုင် ၆၉ ခုတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်၍ တာဝန်ထမ်း ဆောင်လျက်ရှိရာ ယခုအခါ ဗဟိုစာရင်းအင်းအဖွဲ့၏ ဖွဲ့စည်းပုံကို မြို့နယ်အဆင့်အထိ တိုးချဲ့ ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပကုန်သွယ်မှုစာရင်းအင်းများ

မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက်နိုင်ငံ ၃၄ နိုင်ငံကို ယခင်က ပြုစုခဲ့ရာမှ ယခုအခါ ကုန်သွယ်ဖက်နိုင်ငံ ၇၇ နိုင်ငံအထိ တိုးတက်ပြုစုနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ပို့ကုန်/ သွင်းကုန် စာရင်းအင်းများ ပြည့်စုံမှန်ကန် မြန်ဆန်ရေးအတွက် အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့ကို ဖိတ်ကြား၍ အစည်းအဝေးခေါ်ယူ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။

ဖွားသေစာရင်းအင်းများ

ဗဟိုစာရင်းအင်းအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဖွားသေမှတ်ပုံတင်နှင့် စာရင်းအင်းလုပ်ငန်း ပြည့်စုံမှန်ကန်ရေး၊ စာရင်းအင်းအရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် အစည်းအဝေးများပြုလုပ်၍ ဖွားသေပုံစံများ ပြည့်စုံမှန်ကန်စွာ ရရှိရေးနှင့် ဖွားသေနှုန်းများ မှန်ကန်ရေးအတွက် လစဉ်ညှိနှိုင်း အစည်းအဝေး ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံတွင် အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ချမှတ်ရေးကို အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ချမှတ်ရေး National Strategy for Development of Statistics (NSDS) ဆိုသည်မှာ နိုင်ငံအတွင်း စာရင်းအင်းတရားဝင် ထုတ်ပြန်သူများ (Official statistics producers) အတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်နှင့် မျှော်မှန်းချက်များ ချမှတ်ခြင်း ဖြစ်ပါသည်။

အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ချမှတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကာလတို (ဥပမာ ၅ နှစ်) အတွင်း နိုင်ငံ၏ လက်ရှိ စာရင်းအင်းအခြေအနေကိုသုံးသပ်ပြီး လိုအပ်ချက်များကို သတ်မှတ်၍ ယင်းတို့ကို ဖြည့်ဆည်းနိုင်ရန် အစီအမံများချမှတ်နိုင်ရန်ဖြစ်ပါသည်။

နိုင်ငံတွင် နှစ်ရှည်၊ နှစ်တိုစီမံကိန်းများ၊ ထောင်စုနှစ်ပန်းတိုင်ဆိုင်ရာ ရည်မှန်းချက်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ အစီအမံများအတွက် ပြည့်စုံခိုင်လုံသည့် အခြေခံစာရင်းအင်းများ ရရှိစေခြင်းဖြင့် နိုင်ငံတော်သာမက အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အစီအမံများ ချမှတ်ရာတွင် များစွာအထောက်အကူ ဖြစ်စေမည် ဖြစ်ပါသည်။

အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ ချမှတ်ရာတွင် ယေဘူယျအားဖြင့်လုပ်ငန်းစဉ်(၅)ခုမှာ-

(က) ဖွဲ့စည်းမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး (legal and institutional development)၊

(ခ) လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human resource development)၊

(ဂ) စာရင်းအင်းဆိုင်ရာ အထောက်အကူပြု အခြေခံ အဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး (statistical infrastructure development)၊

(ဃ) စာရင်းအင်းအချက်အလက်ဖွံ့ဖြိုးမှုနှင့်စာရင်းအင်းထုတ်ပြန်ခြင်း၊

(င) ရုပ်ဝတ္ထုဆိုင်ရာ အခြေခံအဆောက်အအုံနှင့် သတင်းအချက်အလက်နှင့် နည်းပညာ ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ဖြစ်ပါသည်။

UNESCAP မှ မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံ Roadmap for National Strategy for Development of Statistics အား ရေးဆွဲ၍ ၂၀၁၃ ခုနှစ် ဧပြီလတွင် အဆိုပြုတင်ပြခဲ့ပြီး အကောင်အထည်ဖော်ရန် မျှော်မှန်းထားသည့် အချိန်ကာလမှာ ၂၀၁၃ ခုနှစ် မှ ၂၀၁၅ ခုနှစ်အထိ ဖြစ်ပါသည်။ မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြုထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပြင်ဆင်ရေးလုပ်ငန်းစဉ်

၂၀၁၃ ခုနှစ် မတ်လ မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ် (၄) ခုမှာ-

(က) အမျိုးသားအဆင့်စာရင်းအင်းဆိုင်ရာဦးဆောင်ကော်မတီဖွဲ့စည်းခြင်း၊

(ခ) မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ လမ်းပြမြေပုံကို အကောင်အထည်ဖော်ရန် အစီအမံများချမှတ်ခြင်း၊

(ဂ) မြန်မာနိုင်ငံ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခြင်း၊

(ဃ) လက်ရှိစာရင်းအင်းကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိမှု အနေအထားကို ပြန်လည်သုံးသပ်ခြင်းနှင့် ပိုမိုခိုင်မာစေရန်အတွက်

(၁) အမျိုးသားစာရင်းအင်းစနစ်ပူးပေါင်းဆောင်ရွက်မှုစနစ်၊

(၂) စာရင်းအင်းဆိုင်ရာဥပဒေ၊

(၃) အမျိုးသားအဆင့် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်း၏စီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ရန်၊

အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

၂၀၁၃ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ အထိ ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ်မှာ-

- အမျိုးသားစာရင်းအင်းစနစ်အပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် လိုအပ်ချက်များကို ကဏ္ဍအလိုက်သုံးသပ်ခြင်း၊

ရည်မှန်းချက်များချမှတ်ခြင်းလုပ်ငန်းစဉ်

၂၀၁၃ ခုနှစ် အောက်တိုဘာလမှ ၂၀၁၄ ခုနှစ် ဧပြီလအထိ ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ်မှာ-

- အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအတွက် မျှော်မှန်းချက်၊ ဦးတည်ချက်များ၊ မဟာဗျူဟာမြောက် ရည်မှန်းချက်များ၊ အကောင်အထည်ဖော်ရေး အစီအစဉ်များ၊ အကဲဖြတ်၊ သုံးသပ်ခြင်းဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း၊

အတည်ပြုခြင်းနှင့်ဘဏ္ဍာငွေအထောက်အပံ့များရယူခြင်းလုပ်ငန်းစဉ်

၂၀၁၄ ခုနှစ် မေလမှ ၂၀၁၄ ခုနှစ် ဇွန်လအထိ ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ် (၂) ခုမှာ-

(က) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအား အစိုးရအဖွဲ့မှအတည်ပြုခြင်း၊

(ခ) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို သက်ဆိုင်သူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအား ချပြဆွေးနွေးခြင်းနှင့် အကူအညီ အထောက်အပံ့များ ဖိတ်ခေါ်ခြင်း၊

အကောင်အထည်ဖော်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်

၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်ရန် ရည်မှန်းထားသည့် လုပ်ငန်းစဉ် (၄) ခုမှာ-

(က) အမျိုးသားစာရင်းအင်းစနစ်၏ ကာလတိုအချက်အလက်နှင့် ကျွမ်းကျင်မှုလိုအပ်ချက်များ အတွက်ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို စောင့်ကြည့်ခြင်းနှင့် ကြားကာလသုံးသပ်ခြင်း၊

(ဃ) အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကို အပြီးသတ်အကဲဖြတ်သုံးသပ်ခြင်း၊

အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အဆိုပြုထားသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသားစာရင်းအင်းစနစ် ပူးပေါင်းဆောင်ရွက်မှုစနစ်၊ စာရင်းအင်းဆိုင်ရာဥပဒေနှင့် အမျိုးသားအဆင့် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုစနစ်တို့သည် အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းစနစ်များနှင့်အညီ ဖြစ်ပေါ်နိုင်မည် ဖြစ်ပါသည်။

အမျိုးသား စာရင်းအင်းဆိုင်ရာ ဥပဒေပြင်ဆင်ရေးဆွဲခြင်း

မြန်မာနိုင်ငံ၏ ၁၉၅၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဗဟိုစာရင်းစစ်တမ်းကောက်ယူရေးအာဏာပိုင် အက်ဥပဒေအမှတ်(၃၄)သည် ခေတ်နှင့် မလျော်ညီတော့ပါ။ အမျိုးသား စာရင်းအင်းစနစ်နှင့် နောင်အသစ်ရေးဆွဲမည့်ဥပဒေတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီသော လိုအပ်ချက်များကို ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် ကုလသမဂ္ဂ စာရင်းအင်းဌာန(UNSD)နှင့် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့(IMF) တို့၏ ခေတ်သစ်အက်ဥပဒေများ၊ မူဘောင်များနှင့်အညီ အာဆီယံဒေသအတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အတည်ပြုထားသည့် အက်ဥပဒေသစ် စံမူဘောင်များနှင့် ကိုက်ညီသည့် စာရင်းအင်းဥပဒေတစ်ရပ်ကိုပြဋ္ဌာန်းရန်နှင့် စာရင်းအင်းဥပဒေသစ်တွင် မြန်မာနိုင်ငံအတွက်လိုအပ်သည့် စာရင်းအင်းအမျိုးအစားများကို ကောက်ယူစုစည်းနိုင်ရန်အတွက် အခြားနိုင်ငံများ၌ ပြဋ္ဌာန်းထားသည့် ခေတ်သစ် အက်ဥပဒေများနှင့်အညီ ပြဋ္ဌာန်းပေးရန်လိုအပ်လျက်ရှိပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်မှ နိုင်ငံခြားသားအကြံပေးပုဂ္ဂိုလ်၏ အကူအညီဖြင့် အမျိုးသားစာရင်းအင်းဆိုင်ရာ ဥပဒေကိုနိုင်ငံတကာအဆင့်အတန်းနှင့် လျော်ညီစွာ ပြန်လည်ရေးဆွဲနိုင်ရေးနှင့် ဆန်းစစ်မှုလုပ်ငန်းကို (၃၀.၆.၂၀၁၃) မှ(၉.၈.၂၀၁၃)အထိ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားစာရင်းအင်း အရည်အသွေးတိုးမြှင့်ရေး အတွက်(NSDS)ကို ပြည့်စုံစွာရေးဆွဲရန် အတွက်ကမ္ဘာ့ဘဏ် (IBRD/IDA) သည် မြန်မာနိုင်ငံအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

ထို့ပြင် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်တွက်ချက်မှုများနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့်

အရည်အသွေးပြည့်ဝရေးအတွက် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်-

- အိမ်ထောင်စုများ၏ စားသုံးမှုပုံစံနှင့်စားသုံးမှုစရိတ်ပြောင်းလဲမှုကို သိရှိနိုင်ရန် စားသုံးသူ ဈေးဆန္ဒန်းတွက်ချက်ရာတွင် ၂၀၁၅ခုနှစ်ကို အခြေခံနှစ် အဖြစ် ပြောင်းလဲ တွက်ချက်နိုင်ရန် COICOP Classification အတိုင်း ကောက်ယူ ခဲ့သော ကုန်ပစ္စည်းအပေါ် အခြေခံ၍ အလေးပေးရာခိုင်နှုန်း (Weight) တွက်ချက်ရန်၊
- ရန်ကုန်မြို့၌သာမက မန္တလေးမြို့၊မုံရွာမြို့၊ပြည်မြို့နှင့် ပခုက္ကူမြို့တို့တွင် လက်ကားဈေးနှုန်းများကောက်ယူရန်၊ ကုန်စည်ဒိုင်များမှ ကုန်စည်ရောင်းဝယ်မှု အခြေအနေ ကောက်ယူရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် ဖြစ်ပေါ်နေသော လက်လီ၊ လက်ကား ဈေးနှုန်းများ ကွာခြားမှု သိရှိနိုင်ရန် ဆောင်ရွက်ရန်၊
- ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်း တွက်ချက်ရန် မြို့နယ် ၈၂ မြို့နယ် မှ လက်လီဈေးနှုန်းများ လစဉ်ကောက်ယူရန်၊
- ကုန်သွယ်မှု စာရင်းအင်းနယ်ပယ်တွင် အရည်အသွေးပြည့်ဝသော စာရင်းအင်း များကို စုစည်းရန်နှင့် ဖြန့်ဝေရန်၊
- စာရင်းအင်းလုပ်ငန်းအရည်အသွေးကောင်းမွန်လာစေရန်အတွက် ဥရောပသမဂ္ဂ အကူအညီဖြင့် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပညာရှင် ၃ ဖွဲ့ နှင့် တွေ့ဆုံ လုပ်ကိုင်ဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန် အခြေအနေကို အပတ်စဉ်စာရင်း၊ လချုပ်စာရင်းနှင့် နှစ်ချုပ်စာရင်းများပြုစုတင်ပြနိုင်ရန် Information Matrix ရေးသားထားသော Software ဖြင့် တွက်ချက်ပြီး Report များ ထုတ်ပေးရန်၊
- မြန်မာနိုင်ငံ၏ ပို့ကုန်/သွင်းကုန်များကို EUROTRACE Software အသုံးပြု၍ Database တည်ဆောက်ခြင်း၊ error များ စစ်ဆေးခြင်း၊ Software ဖြင့် Report ထုတ်ပေးခြင်းများ ဆောင်ရွက်ရန်၊
- ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များ၏ လူမှုစီးပွားညွှန်ကိန်းများကို ကောက်ယူ၊ စုစည်း၊ စိစစ်ခြင်း ညှိနှိုင်းခြင်းများ ဆောင်ရွက်ရန်၊
- မြန်မာနိုင်ငံ ပဂ္ဂလိကစက်မှုကဏ္ဍ တိုးမြှင့်ရေးစစ်တမ်း (၂၀၁၃-၂၀၁၄) ကောက်ယူရန်၊

- e-Government လုပ်ငန်းများ ဆောင်ရွက်ရန်၊
- Knowledge Sharing သင်တန်းများ ဖွင့်လှစ်ရန်တို့ ဖြစ်ပါသည်။

တရားဝင်စာရင်းအင်းများသည် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပြည်သူ့ကဏ္ဍများတွင် စီးပွားရေးဆိုင်ရာ၊ ဒေသဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းခြင်းဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခု၏ သတင်းအချက်အလက်ဆိုင်ရာစနစ်တွင် မရှိမဖြစ်လိုအပ်ချက်တစ်ခုအဖြစ် ထောက်ပံ့ပေးလျက်ရှိပါသည်။ စာရင်းအင်းအချက်အလက်များ မှန်မှန်ကန်ကန်ကောက်ယူရာတွင် လွယ်ကူ ချောမွေ့ စေရန် စာရင်းအင်းဆိုင်ရာ အဖွဲ့အစည်းများက စာရင်းအင်းများ၏ အရင်းအမြစ်များ၊ နည်းလမ်းများနှင့် လုပ်ငန်းစဉ်များတွင် သိပ္ပံနည်းကျသော စံချိန်စံနှုန်းများအရ သတင်းအချက်အလက်များ တင်ပြမှသာ စီးပွားရေး၊ လူမှုရေးအခြေအနေကို အဓိကညွှန်ကိန်း (Key Performance Indicators) များနှင့် တိုင်းတာဖော်ပြနိုင်မည် ဖြစ်ပါသည်။

၅-၂။ နိုင်ငံတကာစနစ်များအတိုင်း အမျိုးသားဝင်ငွေတွက်ချက်မှုစနစ် အကောင်အထည်ဖော်ရေး

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေဖြင့် အရည်အသွေးရှိသော စာရင်းအင်းကိန်းဂဏန်းများ ဖြစ်ပေါ်စေရေး၊ စာရင်းအင်းစနစ် ပြုပြင်ရေးနှင့် စာရင်းစစ်တမ်း ကောက်ယူရေးစနစ်ကို နိုင်ငံတကာ သတ်မှတ်ချက်များနှင့် အညီမြှင့်တင်ဆောင်ရွက်ရန် မူဝါဒများချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

ကမ္ဘာတွင် ပြောင်းလဲလျက်ရှိသည့် စီးပွားရေးဖြစ်ပေါ် တိုးတက်မှု ပုံစံများအရ ကုလသမဂ္ဂမှ အမျိုးသားစာရင်းအင်းစနစ်ကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက် ပြဋ္ဌာန်းပေးလျက် ရှိရာ 1953 SNA ၊ 1968 SNA ၊ 1993 SNA ၊ 2008 SNA စသည်ဖြင့် ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံ အများစုမှာ အမျိုးသားစာရင်းအင်းစနစ် ၁၉၉၃ (1993 SNA) ဖြင့် ကျင့်သုံး ဆောင်ရွက်လျက်ရှိပြီး၊ အမျိုးသား စာရင်းအင်းစနစ် ၂၀၀၈ (2008 SNA)ကို စနစ်တကျ ပြောင်းလဲနိုင်ရေးအတွက် လေ့လာပြင်ဆင် ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားစီမံကိန်းရေးဆွဲရာ၌ လက်ရှိ အသုံးပြုနေသော အမျိုးသားစာရင်းအင်းစနစ် ၁၉၆၈ (1968 SNA) မှ အမျိုးသား စာရင်းအင်းစနစ် ၁၉၉၃/၂၀၀၈ (1993/2008 SNA) သို့ စနစ်တကျ ကူးပြောင်းနိုင်ရေး အတွက် လိုအပ်သော ပြင်ဆင်မှုများကို ၂၀၁၁ ခုနှစ် နှစ်လယ်မှစ၍ ဆောင်ရွက်လျက် ရှိပါသည်။ အမျိုးသားစာရင်းအင်းစနစ် ၂၀၀၈ စနစ်သို့ ပြောင်းလဲတွက်ချက်ရာတွင် လိုအပ်သောစစ်တမ်းများ ကောက်ယူနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား စွမ်းဆောင်ရည်

မြှင့်တင်ရေး သင်တန်းများပေးခြင်း၊ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို ကွန်ပျူတာ ပရိဂရမ်များဖြင့် စမ်းသပ်စာရင်း ရေးသွင်းခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

ထို့အပြင် အမျိုးသားစာရင်းအင်းစနစ်-၂၀၀၈ (2008 SNA) မှ ပြဋ္ဌာန်းထားသည့် သဘောတရားနှင့် မူဘောင်များ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ ကဏ္ဍအလိုက် စုစည်းမည့် စာရင်းအင်းပုံစံဖောင်းပြုစုခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး Supply and Use table အတွက် ပရိဂရမ်ရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လည်းကောင်း ကုန်ထွက်နည်းဖြင့် သုံးလပတ်အလိုက်နှင့် နှစ်စဉ်တွက်ချက် ဖော်ပြလျက် ရှိပါသည်။ အသုံးစရိတ်နည်းဖြင့် ခန့်မှန်းတွက်ချက်ခြင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တွက်ချက်လျက်ရှိပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း အသုံးစရိတ်နည်းဖြင့် တွက်ချက်နိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်လျက် ရှိပါသည်။

ပုဂ္ဂလိကကဏ္ဍ စာရင်းအင်းများ ရရှိရေးအတွက် ဝန်ကြီးဌာနများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အခန်း(၆)

ပြည်ပအကူအညီအထောက်အပံ့ရရှိမှု

အခန်း(၆)
ပြည်ပအကူအညီ အထောက်အပံ့ရရှိမှု

နိဒါန်း

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စား၊ ဝတ်၊ နေရေး အခြေခံ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အလုပ်အကိုင် ရရှိရေး အခွင့်အလမ်းများ ပိုမိုတိုးတက်အောင် ဖန်တီးပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းသို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေရေးကြေးရေး၊ အရင်းအနှီးများ၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လျက်ရှိရာ နိုင်ငံတော်၏ ဘတ်ဂျက်တစ်ခုတည်းဖြင့် မလုံလောက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ ငွေကြေးအကူအညီ အထောက်အပံ့များ ရယူရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ အစိုးရ တာဝန်ယူပြီးသည့် နောက်တွင် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း အကူအညီ အထောက်အပံ့ Grant များရရှိမှုမှာ အမေရိကန်ဒေါ်လာ ၂,၃၄၃.၀၀ သန်းဖြစ်ပြီး ဖော်ပြပါအတိုင်း အမျိုးအစား ၃ မျိုး ခွဲ၍ တင်ပြပါသည် -

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြား အကူအညီရရှိမှု
(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု
(ဂ) ကဏ္ဍအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု

(က) ဝန်ကြီးဌာနအလိုက် နိုင်ငံခြားအကူအညီ ရရှိမှု။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပေးအပ်သော အကူအညီ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၂,၃၄၃ သန်းဖြင့် စုစုပေါင်း စီမံချက် ၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ တရားမဝင် ဘိန်းစိုက်ပျိုးမှု မြေပြင် စာရင်း ကောက်ယူရေး လုပ်ငန်း၊ ဘိန်းအစားထိုး ဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၇၀.၃၈ သန်းဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကျန်းမာရေးနှင့် ရေရရှိရေးကဏ္ဍ အနေဖြင့် ကျေးလက်ဒေသတွင် ရေ၊ အညစ်အကြေးနှင့် သန့်ရှင်းရေးစနစ် ကောင်းမွန်စေရေး ၊ စိုက်ပျိုးရေး နှင့် ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ စားနပ်ရိက္ခာနှင့် အသက်မွေးဝမ်းကျောင်းမှု ဖူလုံရေး၊ ရှမ်းပြည်

နယ် (မြောက်ပိုင်း) ကိုးကန့်ဒေသ ဘိန်းစိုက်ပျိုး သူများ အသက်မွေး ဝမ်းကျောင်း ပြန်လည် ထူထောင်ရေးစသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၂၅၃.၁၃ သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ New Zealand ASEAN Scholars Award (NZAS) နှင့် Project for strengthening capacity of convention လုပ်ငန်းတို့ကို အမေရိကန် ဒေါ်လာ ၃.၀၉ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ the improvement of TV program and Broadcasting Editing Equipment of Myanmar Radio and Television လုပ်ငန်း ကို အမေရိကန် ဒေါ်လာ ၂၂.၇၇ သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါ သည်။

သမဝါယမဝန်ကြီးဌာနမှ အသေးစားငွေကြေးလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၇.၄၆ သန်း ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ စိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေး ကဏ္ဍများနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၃၁၉.၉၄ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီး ဌာနမှ အပူပိုင်းဒေသ တစ်ပိုင်တစ်နိုင် မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နို့စားနွား မွေးမြူရေးနှင့် နို့ထွက်ပစ္စည်း၊ ပျားနို့ထုတ်လုပ်ရေး၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၇၀.၁၄ သန်းဖြင့် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဆက်သွယ်ရေး၊ သတင်းအချက် အလက်နှင့် နည်းပညာ ဝန်ကြီး ဌာနမှ ဖိုင်ဘာ ဆက်ကြောင်းနှင့် မိုက္ကရိုဝေဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၂၀.၃၅ သန်း ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပို့ဆောင်ရေး ဝန်ကြီးဌာနမှ နိုင်ငံတစ်ဝှမ်း လေဆိပ်များ လုံခြုံစိတ်ချရေး၊ မိုးလေဝသ ရေဒါ(၃)လုံး အလိုအလျောက်တိုင်းတာရေး၊ ကူးတို့ ရေယာဉ် တည်ဆောက်ခြင်း စသည် တို့အတွက် အမေရိကန်ဒေါ်လာ ၆၄.၇၉ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ နိုင်ငံအဆင့် ဇီဝ မျိုးစုံ မျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့်လုပ်ငန်းများ၊ မြန်မာနိုင်ငံ ကမ်းရိုးတန်း ဒေသတွင် ရေရှည် ပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး စသည့်

လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၆၁.၂၇ သန်း ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ လျှပ်စစ်ကဏ္ဍနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၉၈.၄၃ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူအင်အားဝန်ကြီးဌာနမှ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို အမေရိကန် ဒေါ်လာ ၃၅.၀၆ သန်းဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာနမှ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ၏ စွမ်းအင်မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်းဆိုင်ရာစွမ်းဆောင်ရည် တိုးမြှင့်ရေးလုပ်ငန်းကို အမေရိကန် ဒေါ်လာ ၁.၃၅ သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်း (သာဂရ) တွင် သတ္တုပုံလောင်း သင်တန်းဖွင့်လှစ်ရန်၊ Agro base product များအား Value added လုပ်နိုင်ရန် တောင်သူများနှင့် ဆွေးနွေးခြင်း၊ Value Chain တစ်လျောက်မြှင့်တင်နိုင်ရန် SME လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းနှင့် SME လုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနှင့် အရင်း အမြစ်များ ထိရောက်စွာ သုံးစွဲနိုင်ရန် Pilot Project များဆောင်ရွက်ခြင်းတို့ကို အမေရိကန် ဒေါ်လာ ၃၈.၂၉ သန်းဖြင့် ဆောင်ရွက် လျက်ရှိ ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်း၊ ကုန်သွယ်မှု ဖွံ့ဖြိုး တိုးတက်ရေး အကူအညီ (Enhanced Integrated Framework-EIF) စသည့်လုပ်ငန်းတို့ကို အမေရိကန် ဒေါ်လာ ၄.၁၁ သန်း အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါသည်။

အားကစား ဝန်ကြီးဌာနမှ (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစား ပွဲတော်အတွက် အားကစား လေ့ကျင့် ရေးဆိုင်ရာ ပစ္စည်းများ၊ မြန်မာ အားကစား အဖွဲ့အား တရုတ်နိုင်ငံတွင် လေ့ကျင့်ပေးမည့် အစီအစဉ်၊ တရုတ် နိုင်ငံမှ မြန်မာနိုင်ငံသို့ စေလွှတ်မည့် အားကစား နည်းပြများ နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အတွက် ပစ္စည်း ကိရိယာများ အကူအညီ ပေးရေးတို့အတွက် အမေရိကန်ဒေါ်လာ ၁၅.၉၀ သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနမှ ဆရာ/ဆရာမများ အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း စသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၄၀.၀၉ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေး ဝန်ကြီးဌာနမှ နိုင်ငံတစ်ဝှမ်းတွင် ရပ်ရွာအခြေပြု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ ခုခံအား ကျဆင်းမှု၊ ကာလ သားရောဂါ ကာကွယ် တိုက်ဖျက်ရေး၊

မျိုးဆက်ပွား ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ၊ အဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၂၄၅.၀၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

သတ္တုတွင်းဝန်ကြီးဌာနမှ ခရိုမိုက် သတ္တုရိုင်းသိုက် အရင်း အမြစ် ခန့်မှန်း တွက်ချက် ခြင်းလုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၅.၉၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက် မည် ဖြစ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး လုပ်ငန်း များ၊ ၂၇ကြိမ်မြောက် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပပြုလုပ်ရေး စသည့် လုပ်ငန်းများကို အမေရိကန် ဒေါ်လာ ၂၈.၉၉ သန်းဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီပေးရေး စသည့် လုပ်ငန်းများ အတွက် အမေရိကန်ဒေါ်လာ ၁.၉၆ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနမှ စာရင်းအင်း အချက်အလက် စီမံခန့်ခွဲမှုဖြင့် စွမ်းဆောင်ရည်တိုးတက်စေရေး စီမံချက်အတွက် အမေရိကန် ဒေါ်လာ ၂ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး စာရင်းအင်းလုပ်ငန်းများ စွမ်းဆောင်ရည် ဖွံ့ဖြိုး တိုးတက်ရန်၊ နိုင်ငံ ခြားအကူအညီ အထောက်အပံ့ဆိုင်ရာ လုပ်ငန်းများ ထိရောက်မှု ရှိစေရန်နှင့် ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ရန် အတွက် သင်တန်းပေးခြင်းတို့ကို နည်းပညာ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ လမ်း၊ တံတား နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၄၂၆.၉၁ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမား အလုပ်အကိုင်နှင့် လူမှု ဖူလုံရေး ဝန်ကြီးဌာနမှ အလုပ်ရှင်၊ အလုပ် သမားများအတွက် အသိပညာပေးရေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း၊ အမျိုးသား ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ထူထောင်ရန် သင်တန်းကျောင်း ဖွင့်လှစ်ခြင်း၊ သင်တန်းသုံးပစ္စည်းထောက်ပံ့ခြင်း၊ အမျိုးသားအဆင့် ကျွမ်းကျင်မှု အရည် အသွေး မူဘောင် တည်ထောင်ရန် ကျွမ်းကျင်မှု အကူအညီ ပေးခြင်းနှင့် ကျွမ်းကျင်မှု "စံ" အခြေခံသော သင်တန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ရထားလမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အမေရိကန် ဒေါ်လာ ၄၂.၂၂ သန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနမှ လူမှု အကာအကွယ် ပေးရေး၊ ရပ်ရွာအခြေပြု အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုပြုစု စောင့် ရှောက်ရေး၊ မသန်စွမ်းများအား ပြန်လည် ထူထောင်ရေး၊ သဘာဝဘေးဒဏ် လျှော့ချရေး၊ ရပ်ရွာလူမှုအသိုင်း အဝိုင်းများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေရေး နှင့် စပ်လျဉ်း သည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၁၆၄.၃၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ASEAN Cyber University ထူထောင်ရေး၊ အဆင့်မြင့်ပညာ မြှင့်တင်ရေး၊ အိန္ဒိယ-မြန်မာသတင်း အချက်အလက်နှင့် ဆက်သွယ်ရေး ကဏ္ဍ မြှင့်တင်ရေး စသည့် လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၂၇.၉၃ သန်း ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဝန်ကြီး ဌာနမှ မြန်မာ့ခရီးသွားလုပ်ငန်း ပင်မ စီမံကိန်း ဖော်ဆောင်ခြင်းလုပ်ငန်းကို အမေရိကန် ဒေါ်လာ ၁၀.၉၆ သန်း ဖြင့် ဆောင်ရွက်မည် ဖြစ်ပါ သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကျွမ်းကျင်မှုနှင့် နည်းပညာ အကူအညီများကို အမေရိကန်ဒေါ်လာ ၅၀.၀၁ သန်းဖြင့် ဆောင်ရွက်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စွမ်းဆောင်ရည် မြှင့်တင်ခြင်း လုပ်ငန်းများကို အမေရိ ကန် ဒေါ်လာ ၀.၁၆ သန်း ဖြင့် ဆောင်ရွက် မည်ဖြစ်ပါသည်။

ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ Promoting the rule of law in Myanmar နှင့် Rule of Law and Access to Justice လုပ်ငန်းများကို ဆောင်ရွက်မည် ဖြစ်ပါသည်။

ဇယား ၆-၁

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်

ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ

စဉ်	ဝန်ကြီးဌာန	စုစုပေါင်း	
		စီမံချက် အရေအတွက်	ငွေပမာဏ (US$ သန်းပေါင်း)
၁	ပြည်ထဲရေးဝန်ကြီးဌာန	၇	၇၀.၃၈
၂	နယ်စပ်ရေးရာဝန်ကြီးဌာန	၁၅	၂၅၃.၁၃
၃	နိုင်ငံခြားရေးဝန်ကြီးဌာန	၂	၃.၀၉
၄	ပြန်ကြားရေးဝန်ကြီးဌာန	၅	၂၂.၇၇
၅	သမဝါယမဝန်ကြီးဌာန	၄	၁၇.၄၆

စဉ်	ဝန်ကြီးဌာန	ဒေါ်လာသန်း	
		စီမံချက် အရေအတွက်	ငွေပမာဏ (US$ သန်းပေါင်း)
၆	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန	၅၁	၃၁၉.၉၄
၇	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန	၃၀	၁၇၀.၁၄
၈	ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန	၄	၂၀.၃၅
၉	ပို့ဆောင်ရေးဝန်ကြီးဌာန	၄	၆၄.၇၉
၁၀	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တော ရေးရာ ဝန်ကြီးဌာန	၅၉	၆၁.၂၇
၁၁	လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	၁၀	၉၈.၄၃
၁၂	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန	၃	၃၅.၀၆
၁၃	စွမ်းအင်ဝန်ကြီးဌာန	၁	၁.၃၅
၁၄	စက်မှုဝန်ကြီးဌာန	၁၀	၃၈.၂၉
၁၅	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	၆	၄.၁၀
၁၆	အားကစားဝန်ကြီးဌာန	၂	၁၅.၉၀
၁၇	ပညာရေးဝန်ကြီးဌာန	၁၃	၁၄၀.၀၉
၁၈	ကျန်းမာရေးဝန်ကြီးဌာန	၃၀	၂၄၅.၀၂
၁၉	သတ္တုတွင်းဝန်ကြီးဌာန	၅	၅.၉၄
၂၀	ယဉ်ကျေးမှုဝန်ကြီးဌာန	၁၅	၂၈.၉၉
၂၁	ဘဏ္ဍာရေးဝန်ကြီးဌာန	၃	၁.၉၆
၂၂	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	၉	၂.၀၀
၂၃	ဆောက်လုပ်ရေးဝန်ကြီးဌာန	၂၈	၄၂၆.၉၁
၂၄	အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေး ဝန်ကြီးဌာန	၉	-
၂၅	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	၂	၄၂.၂၂

စဉ်	ဝန်ကြီးဌာန	စုစုပေါင်း	
		စီမံချက် အရေအတွက်	ငွေပမာဏ (US$ သန်းပေါင်း)
၂၆	လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာ ချထားရေး ဝန်ကြီးဌာန	၃၅	၁၆၄.၃၇
၂၇	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန	၉	၂၃.၉၃
၂၈	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန	၇	၁၀.၉၆
၂၉	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁	၅၀.၀၁
၃၀	ပြည်ထောင်စုရာထူးဝန်အဖွဲ့	၁	၀.၁၆
၃၁	ပြည်ထောင်စုရှေ့နေချုပ်ရုံး	၂	-
	စုစုပေါင်း	၃၉၅	၂၅၄၃.၀၀

ဇယားမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ပုံ ၆-၁
ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားအကူအညီအထောက်အပံ့ ရရှိမှုအခြေအနေ
(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)



ဇယားမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ခ) နိုင်ငံ/ အဖွဲ့အစည်းများမှ နိုင်ငံခြားအကူအညီ ထောက်ပံ့ပေးမှု။ နိုင်ငံအချင်းချင်း အကူအညီအရ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဩစတြေးလျ နိုင်ငံမှ US$ ၁၀၇.၄၉ သန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ US$ ၅၁.၁၄ သန်း ၊ ဖြိတိန်နိုင်ငံမှ US$ ၁၄.၄၃ သန်း၊ အီးယူ အဖွဲ့အစည်းမှ US$ ၀.၄၂ သန်း၊ ဖင်လန်နိုင်ငံမှ US$ ၀.၈၀သန်း၊ ပြင်သစ်နိုင်ငံမှ US$ ၄.၁၁ သန်း ၊ ဂျာမဏီနိုင်ငံမှ US$ ၅၅.၀၃ သန်း၊ အိန္ဒိယ နိုင်ငံမှ US$ ၃၉၈.၇၈ သန်း၊ အီတလီနိုင်ငံမှ US$ ၄.၀၁ သန်း၊ ဂျပန်နိုင်ငံမှ US$ ၆၀၁.၂၄ သန်း၊ ကိုရီးယားနိုင်ငံ မှ US$ ၆၇.၄၀ သန်း၊ ကူဝိတ်နိုင်ငံမှ US$ ၁၀.၃၁ သန်း၊ လူဇင်ဘတ် နိုင်ငံမှ US$ ၆.၈၅ သန်း၊ နယူးဇီလန် နိုင်ငံမှ US$ ၆.၃၉ သန်း၊ နော်ဝေ နိုင်ငံမှ US$ ၃.၉၅ သန်း၊ စင်ကာပူနိုင်ငံမှ US$ ၀.၀၈ သန်း၊ ဆွီဒင်နိုင်ငံမှ US$ ၃.၀၅ သန်း၊ ဆွစ်ဇာလန် နိုင်ငံမှ US$ ၁၄.၉၉ သန်း၊ ထိုင်းနိုင်ငံမှ US$ ၅၀.၂၅ သန်း၊ အမေရိကန်နိုင်ငံမှ US$ ၃၃.၉၉ သန်း ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ဘဏ် World Bank သို့ မြန်မာနိုင်ငံမှ ကြွေးမြီပြန်လည်ပေးဆပ်ရန် စီစဉ်နေချိန်တွင် အကြိုကာလ pre-arrear clearance အနေဖြင့် ၂၀၁၃-၂၀၁၄မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အထိ လူထု အခြေပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း Community Driven Development (CDD) အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၈၁.၅၀ သန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဝန်ကြီးဌာန ၁၈ ခု အတွက် ကျွမ်းကျင်မှု အကူအညီနှင့် အထောက်အပံ့ အမေရိကန်ဒေါ်လာ US$ ၅၂.၈၀ သန်း ၊ အပြည်ပြည် ဆိုင်ရာ စိုက်ပျိုးရေး ရန်ပုံငွေအဖွဲ့မှ US$ ၀.၃၀ သန်း အကူအညီ ပေးခဲ့ပါသည်။

ကုလသမဂ္ဂ အဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် United Nations Development Program(UNDP) မှ မြန်မာနိုင်ငံတွင် နိုင်ငံဆိုင်ရာ လုပ်ငန်း အစီအစဉ်ကို ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် အထိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေ အဖွဲ့ United Nations Children's Fund (UNICEF) မှ ၂၀၁၁ ခုနှစ် မှ ၂၀၁၅ ခုနှစ် အထိ မြန်မာ-ယူနီဆက်ဖ် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အစီအစဉ် အမေရိကန်ဒေါ်လာ ၁၉၈.၅၅ သန်း၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ United Nations Population Fund (UNFPA) မှ တတိယအကြိမ် အကူအညီပေးရေး အစီအစဉ် အရ အမေရိကန်ဒေါ်လာ ၃၃.၅၀သန်း အကူအညီပေးရန် နှစ်ဦးနှစ်ဖက် လက်မှတ် ရေးထိုး ခဲ့ပါသည်။

ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် World Food Program(WFP) မှ စားနပ်ရိက္ခာလုံခြုံမှုမရှိခြင်းအား လျော့နည်းစေရန်နှင့်အဟာရ ချို့တဲ့မှုမရှိစေရေး ထောက်ပံ့ကူညီပေးမည့် စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေး အတွက် အမေရိကန်ဒေါ်လာ ၁၆၇.၇ သန်း၊ ကမ္ဘာ့ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization (FAO) မှ နိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် အကောင်အထည် ဖော်နိုင်ရေးအတွက် အမေရိကန် ဒေါ်လာ ၁၂၆.၀၃ သန်း နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးခဲ့ပါသည်။

ကုလသမဂ္ဂ အဖွဲ့အစည်းများ ဖြစ်သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစီအစဉ် (UNEP)၊ ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ် ပြန်လည် ထူထောင်ရေး အစီအစဉ် (UN-Habitat)၊ ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ (UNIDO)၊ ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ (UNESCO)၊ ကုလသမဂ္ဂ လူဦးရေ ရံပုံငွေအဖွဲ့ (UNFPA)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့ (UNICEF)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့ (UNODC)၊ ကုလသမဂ္ဂ လုပ်ငန်းစီမံချက်ဆိုင်ရာအဖွဲ့ (UNOPS)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကမ္ဘာ့ စားနပ်ရိက္ခာ နှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အဖွဲ့အစည်းများမှ စုစုပေါင်း လုပ်ငန်းစီမံချက် ၇၄ ခုအတွက် အမေရိကန်ဒေါ်လာ ၅၀၁.၆၃ သန်း ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO)မှ လုပ်ငန်းစီမံချက် (၉၆)ခုအတွက် အမေရိကန်ဒေါ်လာ(၃၉၃.၅၁)သန်းဖြင့် လုပ်ငန်းစီမံချက်များကို ဆောင်ရွက်မည်ဖြစ်ပါသည်။

အလှူရှင်နိုင်ငံများ အနက် အချို့နိုင်ငံများသည် ၎င်းတို့၏ အကူအညီများကို ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အလှူရှင်ပေါင်းစုံ ရန်ပုံငွေအဖွဲ့ စသည်တို့မှ တစ်ဆင့် ထည့်ဝင်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO) ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) များမှ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဇယား ၆-၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက်
အကူအညီ အထောက်အပံ့ ရရှိမှု

စဉ်	နိုင်ငံ/အဖွဲ့အစည်း	စုစုပေါင်း	
		စီမံချက် အရေအတွက်	ငွေပမာဏ (US$ သန်းပေါင်း)
(က)	**နိုင်ငံအချင်းချင်း**		
၁	ဩစတြေးလျ	၁၅	၁၀၇.၄၉
၂	ဩစတြီးယား	၂	-
၃	တရုတ်	၉	၅၁.၁၄
၄	ဗြိတိန်	၄	၁၄.၄၃
၅	အီးယူ	၁	၀.၄၂
၆	ဖင်လန်	၁	၀.၈၀
၇	ပြင်သစ်	၁	၄.၁၁
၈	ဂျာမဏီ	၉	၅၅.၀၃
၉	အိန္ဒိယ	၁၁	၃၉၈.၇၈
၁၀	အီတလီ	၇	၄.၀၁
၁၁	ဂျပန်	၆၁	၆၀၁.၂၄
၁၂	ကိုရီးယား	၃၁	၆၇.၄၀
၁၃	ကူဝိတ်	၃	၁၀.၃၁
၁၄	လူဇင်ဘတ်	၁	၆.၈၅
၁၆	နယူးဇီလန်	၂	၆.၃၉
၁၇	နော်ဝေ	၂	၃.၉၅
၁၈	စင်ကာပူ	၂	၀.၀၈
၁၉	ဆွီဒင်	၁	၃.၀၅
၂၀	ဆွစ်ဇာလန်	၅	**၁၄.၉၉**
၂၂	ထိုင်း	၉	**၅၀.၂၅**

စဉ်	နိုင်ငံ/အဖွဲ့အစည်း	စုစုပေါင်း	
		စီမံချက် အရေအတွက်	ငွေပမာဏ (US$ သန်းပေါင်း)
၂၃	အမေရိကန်	၁၁	၃၃.၉၉
	စုစုပေါင်း	**၁၈၈**	**၁၄၃၄.၇၁**
(ခ)	**အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ**		
၁	အာရှဖွံ့ဖြိုးရေးဘဏ်	၃၀	၅၂.၈၀
၂	ကမ္ဘာ့ဘဏ်	၃	၈၁.၅၀
၃	အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ရန်ပုံငွေ	၁	၀.၃၀
	စုစုပေါင်း	၃၄	၁၃၄.၆၀
(ဂ)	**ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ**		
၁	ကုလသမဂ္ဂအဖွဲ့အစည်းများ	၇၄	၅၀၁.၆၃
၂	နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ	၉၆	၃၉၃.၅၁
	စုစုပေါင်း	၁၇၂	၈၉၈.၁၄
	စာရင်းပေါင်းချုပ်	**၃၉၄**	**၂၄၆၇.၄၅**

ဇယားမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ပုံ ၆-၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်
နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအလိုက်
အကူအညီ အထောက်အပံ့ ရရှိမှု



ဇာစ်မြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

(ဂ) **ကမ္ဘာအလိုက် အကူအညီ အထောက်အပံ့ ရရှိမှု**။ နိုင်ငံခြားအကူအညီ အထောက်အပံ့များကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ကမ္ဘာအလိုက် အကူအညီရရှိမှုမှာ ဆောက်လုပ်ရေးကဏ္ဍ ၂၉ ရာခိုင်နှုန်း၊ လူမှုရေးကဏ္ဍ ၁၅ ရာခိုင်နှုန်း၊ ပညာရေးကဏ္ဍ ၆ ရာခိုင်နှုန်း၊ ကျန်းမာရေး ကဏ္ဍမှ ၁၀ ရာခိုင်နှုန်း၊ လယ်ယာကဏ္ဍ မှ ၁၄ ရာခိုင်နှုန်း၊ သားငါးကဏ္ဍမှ ၇ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍမှ ၅ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍ ၄ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍမှ ၃ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ ၃ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ နှင့် စက်မှုကဏ္ဍ တို့မှာ ၂ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။

ပုံ ၆-၃

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် နိုင်ငံခြားအကူအညီထောက်ပံ့ပေးမှု



ဇယားမြစ်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

သုံးသပ်တင်ပြချက်

- **ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်** ကို ၂၀၁၃ ခုနှစ် ဧန်နဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်နေ့တို့တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကမ္ဘာအထိ ပြန့်နှံ့သိရှိစေသည့် နေပြည်တော် သဘောတူညီချက်ကို ထုတ်ပြန် ကြေညာနိုင်ခဲ့ပါသည်။ ဤသဘောတူညီချက်အရ ဖွံ့ဖြိုးမှုမိတ်ဘက်များဘက်မှ ကတိကဝတ်များ ရှိသကဲ့သို့ မိမိတို့ အကူအညီ လက်ခံရယူသည့် နိုင်ငံဘက်ကလည်း မောင်းနှင်သူ နေရာမှ နေပြီး ပြည်သူတို့၏ လိုအပ်ချက်၊ ဦးစားပေး ကဏ္ဍအပေါ် အခြေခံပြီး ညှိနှိုင်းရယူ ဆောင်ရွက် ခဲ့ပါသည်။
- ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အလှူရှင် နိုင်ငံများနှင့် လက်ရှိ ပူးပေါင်း ဆောင်ရွက်မှု များအား **ပိုမို ပေါင်းစည်းညှိနှိုင်းမှုဖြင့် တိုးတက်မှု အရှိန်မြှင့်တင်ရေး** အတွက် **ဒုတိယအကြိမ် မြန်မာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်**ကို ၂၀၁၄ ခုနှစ် ဧန်နဝါရီ လ ၂၇ ရက်နှင့်

၂၈ ရက်နေ့တို့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာနမှ ဆောင်ရွက်ခဲ့ပါသည်။

- အဆိုပါဖိုရမ်တွင် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား Joint Statement (ပူးတွဲကြေငြာချက်)ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ အဆိုပါ ပူးတွဲကြေငြာချက်တွင် နေပြည်တော်သဘောတူညီချက် ဆက်လက် အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းအစီအစဉ်ကို အပြီးသတ်ရေးဆွဲရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေး ပြုပြင် ပြောင်းလဲမှုမူဘောင်နှင့် အမျိုးသား ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်းတို့ကို ဆက်လက် ကူညီပံ့ပိုးမည်ဖြစ်ပြီး၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများကို ဦးဆောင်ရေးနှင့် အစိုးရနှင့် ပုဂ္ဂလိကတို့ ပါဝင်လုပ်ဆောင်ရေးအတွက် အစိုးရ၏ စွမ်းဆောင်ရည် ပိုမိုခိုင်မာစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်း အပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ အခြားသော ငွေကြေး ဇစ်မြစ် အဖြစ် နိုင်ငံတကာ အကူအညီ အထောက်အပံ့၊ ချေးငွေ တို့အား ရယူအသုံးပြုပြီး ကဏ္ဍအလိုက်၊ ဒေသအလိုက် လုပ်ငန်းစီမံကိန်းများကို ဆောင်ရွက်လာနိုင်ခဲ့ပါသည်။
- ထိရောက်သည့် အကူအညီများ ဖြစ်စေရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။
- ထိရောက်သည့် အကူအညီများ ဖြစ်စေရေးအတွက် လက်ရှိတိုးတက်ရန် အလားအလာ ရှိသည့် နိုင်ငံခြားအကူအညီ အထောက်အပံ့များအား စီမံကိန်းရေးဆွဲရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုစီမံချက်၊ ကဏ္ဍဆိုင်ရာ စီမံချက် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းရပ်များနှင့် စီမံခန့်ခွဲမှု ယန္တရားများ နီးကပ်စွာ ချိတ်ဆက် တွဲဖက် ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ပြည်သူ့ လိုအပ်ချက်များကို ရှာဖွေ ဖော်ထုတ်ကာ အလှူရှင် အဖွဲ့အစည်းများနှင့် နိုင်ငံခြား အကူအညီ အထောက်အပံ့များကို မိမိတို့ လိုအပ်ချက်နှင့် ကိုက်ညီစေရန် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းရေးအတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ ပါဝင်သော (FERD-DPWC) အစည်းအဝေးကို နှစ်လတစ်ကြိမ် အစည်းအဝေးများ ကျင်းပ ဆောင်ရွက်လျက် ရှိပါသည်။

- ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ငွေရေးကြေးရေးအရ အကူအညီ ရရှိမှု၊ အကူအညီ တောင်းခံမှုများအပြင် ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် Stakeholder အဖြစ် သတ်မှတ်ကာ မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ၊ အတွေ့အကြုံများကို ရယူ၍ နည်းပညာ အကူအညီ ၊ စွမ်းဆောင်ရည် ၊ အရင်းအမြစ် တိုးတက်မှုဖြစ်ပေါ်စေရေး ကြိုးပမ်း ဆောင်ရွက်လျက် ရှိပါသည်။

Myanmar Development Cooperation Forum ကို ကျင်းပပြီးနောက် နိုင်ငံ တကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့များ ပေးအပ် ရန် ကမ်းလှမ်းလာမှု အနေဖြင့် အောက်ပါ ကတိကဝတ်များ ရရှိခဲ့ပါသည်-

- ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၌ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အတွက် ပထမအကြိမ် မြန်မာ–ကိုရီးယား ပူးတွဲကော်မတီ အစည်းအဝေးကို ၂၀၁၃ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီး ယင်းအစည်းအဝေးတွင် နယ်ပယ် ၈ ရပ် ဖြစ်သည့် (က) ယေဘုယျ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှု (ခ) ဆောက်လုပ်မှုနှင့် အခြေခံအဆောက်အအုံ (ဂ) စွမ်းအင်နှင့် အရင်းအမြစ်များ(ဃ) လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်မှု (င)စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ (စ) ကျန်းမာရေး၊ ဆေးပညာသိပ္ပံ၊ ရုပ်သံထုတ်လွှင့်ခြင်း၊ ဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေး နှင့် အားကစား (ဆ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု (ဇ) ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် လုပ်ငန်းစီမံကိန်းများ ပူးပေါင်း ဆောင်ရွက် နိုင်ရေး အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။
- ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အကူအညီအထောက်အပံ့အဖြစ် ဂျပန်ယန်း သန်း ၄၀,၀၀၀ ပေးအပ်ရေးကို ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့စဉ်က ဆွေးနွေးခဲ့ပါသည်။
- ဩစတြေးလျနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားဝင် ဖွံ့ဖြိုးမှုအကူအညီ ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၈၂.၈ သန်း ကို ပညာရေး၊ ကျန်းမာရေး၊ လယ်ယာလုပ်ငန်း ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးနှင့် သဘာဝဘေးအန္တရာယ် မြှင့်တင်ရေး လုပ်ငန်း များတွင် အကူအညီ ပေးအပ်ရန် ရှိပါသည်။

- ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ တစ်နှစ်လျှင် ဖရန့် ၃၅ သန်းခန့်ကို ၂၀၁၇ ခုနှစ် အထိ နယ်ပယ် ၄ ရပ် ဖြစ်သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်၊ဝင်ငွေနှင့်သက်မွေးမှုသင်တန်းများ၊ ကျန်းမာရေးနှင့်လူမှုရေးဝန်ဆောင်မှု၊ ဒေသဆိုင်ရာ အုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် အကာ အကွယ်ပေးရေး တိုးမြှင့်ရေးတို့တွင် အကူအညီများပံ့ပိုးပေးရန် ရှိပါသည်။
- ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၂၀ နှစ်များအတွင်း မြန်မာနိုင်ငံ၏ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးနယ်ပယ် ၄ ခုတွင် တစ်နှစ်လျှင် ယူရို သန်း ၉၀ ခန့် အကူအညီများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တဆင့် ပေးအပ်မည် ဖြစ်ပါသည်။
- ဂျာမနီနိုင်ငံ ဖွံ့ဖြိုးမှုဘဏ် KfW မှ ၁၉၈၈ ခုနှစ် မကုန်မီက လျာထားခဲ့ပြီး မပေးအပ်ဖြစ်ခဲ့သည့် ချေးငွေ ယူရို ၃၉ သန်းနှင့် အကူအညီ ယူရို ၇ သန်း စုစုပေါင်း ယူရို ၄၆ သန်းကို အကူအညီ Grant အဖြစ် ပြောင်းလဲ သတ်မှတ်၍ ပထမအဆင့်အနေဖြင့် အကူအညီ စုစုပေါင်း ယူရို ၁၉.၃ သန်းကို Vocational Training Programme ၊ Sustainable Finance for Micro, Small and Medium-sized Enterprises Programme နှင့် Rural Infrastructure Programme များအတွက် ပေးအပ်မည် ဖြစ်ရာ မြန်မာနိုင်ငံ ကျေးလက်လမ်းနှင့် ကျေးလက် အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့် တင်ခြင်း လုပ်ငန်းကို ယူရို ၇.၀ သန်း ဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန် အတွက် မူဘောင် သဘောတူစာချုပ်ကို အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်တို့ ၁၄-၃-၂၀၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။
- အမေရိကန်သမ္မတ လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၁၇၀ ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ကာလအတွင်း ပေးအပ်ရန် ကတိကဝတ်ပြုခဲ့ရာမှ USAID အနေဖြင့် Expanding Economic Reforms၊ Democratic Systems and Institutions ၊ National Reconciliation and Peace Building ၊ Building

Resilient and Productive Communities စသည့် နယ်ပယ် ၄ ရပ်တွင် အကူအညီပေးမည် ဖြစ်ပါသည်။

- ကမ္ဘာ့ဘဏ် မှ မြန်မာပြည်သူများအတွက် လာမည့် သုံးနှစ်တာ ကာလအတွင်း စွမ်းအင်၊ ကျန်းမာရေးနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ အကူအညီပေးအပ်မည်ဖြစ်ပါသည်။
- ဂျပန်နိုင်ငံမှ နောင်လာမည့် ၅နှစ် အတွင်း မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထပ်မံ ပေးအပ် မည်ဖြစ်ပါသည်။
- အီတလီနိုင်ငံမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် ငွေကြေး အကူအညီပေး၍ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန် Soft Loans များဖြင့် ကူညီမည် ဖြစ်သည်။

နိဂုံး

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများ အပေါ် နိုင်ငံတကာ အသိုင်းအဝိုင်းမှများစွာ စိတ်ဝင်စားမှုရှိပြီး၊ တိုးတက်ဖြစ်ပေါ်မှုများ အနေဖြင့် မြန်မာနိုင်ငံအား အီးယူ၊ ဥရောပ၊ ဩစတြေးလျနိုင်ငံများကပိတ်ဆို့မှုများရုတ်သိမ်းခြင်း၊ ပို့ကုန်များအပေါ်ကုန်သွယ်ရေး အထူးခံစားခွင့်ပေးခြင်း(GSP) တို့ကိုလည်း ရရှိခဲ့ပါသည်။ ထို့ပြင်နယူးယောခ် ကွန်ဗင်းရှင်း သို့ မြန်မာနိုင်ငံဝင်ရောက်ခွင့်ရရှိခဲ့ပြီး ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်ပါသည်။

အဆိုပါ ဖြစ်ပေါ်တိုးတက်လာသော ဖြစ်စဉ်များကို ပိုမို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ထိရောက်သည့် လုပ်ဆောင်ချက် ရလဒ်ကောင်းများ အလျင်အမြန် ဖော်ထုတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပြီး လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ ဂျီဒီပီကို ၉.၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် အကူအညီ၊ အထောက်အပံ့၊ အတိုးမဲ့ချေးငွေ၊ အတိုးနှုန်းသက်သာသည့် ချေးငွေ၊ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ အကူအညီများကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် မျှော်မှန်းသည့် ဂျီဒီပီ တိုးတက်မှုနှုန်း ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတကာနှင့် အဖွဲ့အစည်းများမှ ပေးအပ်သည့် အကူအညီ အထောက်အပံ့များ ထိရောက်မှုရှိရေးနှင့် အလေအလွင့်မရှိစေရေးအတွက် ယင်းအကူအညီ

များဖြင့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် အကူအညီ ပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်းများ အားလုံးတို့၏ ပူးပေါင်း ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆီလျော်မှု ရှိစေရန်၊ ထိရောက်ပြီး စွမ်းဆောင်ရည်မြင့်မားစေရန်၊ အကျိုးသက်ရောက်မှုနှင့် ရေရှည် တည်တံ့မှု ရှိစေရန်အတွက် အကောင်အထည်ဖော်မှုများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ခြင်း (Monitoring and Evaluation) တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု ပထမ(၅)နှစ်စီမံကိန်း နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများကို ရေးဆွဲလျက်ရှိသည့်အတွက် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် မြန်မာနိုင်ငံ၏ကာလလတ်၊ ကာလရှည် လူမှုစီးပွားဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများတွင် ပိုမိုထိရောက်လျင်မြန်စွာ ဆက်လက်ပူးပေါင်း ပါ ဝင်မည် ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းစီမံချက်များ၊ အကူအညီ အထောက်အပံ့များကို လိုအပ်သည့်နေရာများသို့ ရောက်ရှိနိုင်ရန် နိုင်ငံတော်က အဓိက မောင်းနှင်သူ နေရာယူလျက် နိုင်ငံတကာမှ ချမှတ်ထားသည့် ထောင်စုနှစ် ရည်မှန်းချက်များ အစီအစဉ်များကို ဖြည့်ဆည်း ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။

ထို့အပြင် နိုင်ငံ၏ တိုးတက်မှု နှင့် ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ အကူအညီ အထောက်အပံ့များကိုလည်း အထိရောက်ဆုံး အကျိုးရှိစွာ အသုံးပြု ဆောင်ရွက်စေခြင်းဖြင့် မြန်မာနိုင်ငံမှ ဆောင်ရွက်နေသော ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု People-centered Development ကို များစွာအထောက် အကူပြုစေမည် ဖြစ်ပါသည်။

အခန်း(၇)

ကဏ္ဍများအချင်းချင်းချိတ်ဆက် အကောင်အထည်ဖော်မည့် မဟာဗျူဟာ

အခန်း(၇) ကဏ္ဍများအချင်းချင်းချိတ်ဆက်အကောင်အထည်ဖော်မည့် မဟာဗျူဟာ

၇-၁။ ကဏ္ဍအလိုက်ချိတ်ဆက်ဆောင်ရွက်မှု

၇-၂။ အထူးစီးပွားရေးဇုန်များ

၇-၃။ စီးပွားရေးစင်္ကြံများ

၇-၄။ ကျယ်ပြန့်လာသောဈေးကွက်နှင့် ကုန်သွယ်မှု တိုးမြှင့်ရေး

အခန်း(၇)
ကဏ္ဍများအချင်းချင်းချိတ်ဆက်အကောင်အထည်ဖော်မည့် မဟာဗျူဟာ

၇-၁။ ကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်မှု

နိုင်ငံတော်၏ ရေရှည်စီးပွားရေးတိုးတက်မှု တည်ငြိမ်ခိုင်မြဲစွာရရှိရေး၊ ကဏ္ဍအလိုက် အချိတ်အဆက်မိမိ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာအထောက်အကူပြု ကဏ္ဍများဖြစ်သည့် စက်မှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေး၊ ငွေကြေးကဏ္ဍများ ပူးပေါင်း၍ လယ်ယာအထောက်အကူပြု စက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ လယ်ယာကုန်ထုတ်လမ်းများတိုးတက်ကောင်းမွန်ရေး၊ လယ်ယာကဏ္ဍ ဘဏ္ဍာငွေအရင်းအမြစ် ငွေကြေးပံ့ပိုးမှုများရရှိရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်မှု၊ နည်းပညာ၊ အရင်းအနှီးစသည့် အရင်းအမြစ်အားလုံးကို ရယူချိတ်ဆက်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ချိတ်ဆက် ဆောင်ရွက်မှု

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် လယ်ယာကဏ္ဍ၌ လုပ်ကိုင်သူများကို ကျွမ်းကျင်လုပ်သားများ တိုးတက်ဖြစ်ပေါ်စေရေးနှင့် စက်မှုနိုင်ငံသို့ ကူးပြောင်းရာတွင် လယ်ယာမှ ကျွမ်းကျင်လုပ်သားများကို စက်မှုလက်မှုကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရည်မှန်းပါသည်။ ထို့ကြောင့်နိုင်ငံ၏ လုပ်သားဦးရေ ထက်ဝက်ကျော် လုပ်ကိုင်နေသည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်စေရေးအတွက် လုပ်ဆောင်ရာတွင် လယ်ယာလုပ်ငန်းကို သမားရိုးကျဆောင်ရွက်ခြင်းမှ ခေတ်မီတိုးတက်သောနည်းလမ်းနှင့် Multiple Cropping System ဖြင့် လုပ်ကိုင်စေခြင်း၊ လယ်ယာလုပ်ငန်း၏ထွက်ကုန်များနှင့်ဆက်စပ်နေသော စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အားပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများကို ပြည်တွင်းစားသုံးရန်သာမက နိုင်ငံခြားသို့ တင်ပို့နိုင်ရေးအတွက် အစီအမံများချမှတ်ခြင်း၊ အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်း၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ တည်ထောင်ပေးခြင်းစသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာကဏ္ဍတွင် ထွန်စက်နှင့် လက်တွန်းထွန်စက်များကို ပိုမိုအသုံးပြုလာနိုင်ရေးအတွက် အရစ်ကျ ငွေချေစနစ် ထူထောင်ပေးခြင်း၊ အလေအလွင့် နည်းပါးစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်များ ထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ရန် ရည်မှန်းပါသည်။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် စနစ်ကျသည့် ခေတ်မီစက်မှုလယ်ယာမြေများ ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် ၂,၆၅၆ ဧက ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄,၇၂၉ ဧက ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဧက ၁,၇၀၀ ၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဧက ၆,၂၀၀ ၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဧက ၄,၅၀၀ ကို ဖော်ထုတ် ဆောင်ရွက်မည် ဖြစ်ပါသည်။

ထိုသို့ စက်မှုလယ်ယာစနစ်တကျ လယ်ယာမြေများဖော်ထုတ်ပြီး စက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မှု **Mechanized Farming** အရှိန်အဟုန်ဖြင့် တိုးတက်လာရန်နှင့် လယ်ယာ ထွက်ကုန် အလေအလွင့်နည်းပါးစေရန်အတွက် မြေပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့ သည်အထိ လုပ်ငန်းစဉ်များတွင် စီမံကိန်းကာလအတွင်း သွင်းအားစုများဖြစ်သည့် လယ်ယာ သုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာများကို ဖြန့်ဖြူးရန် ရည်မှန်းထားပါသည်။

ထို့ပြင် စိုက်ပျိုးသီးနှံများ အထွက်တိုးရန်အတွက် မြေဩဇာ လိုအပ်ချက်များကို စက်မှုကဏ္ဍမှ ထုတ်လုပ်ဖြန့်ဖြူးမည်ဖြစ်ပြီး လိုအပ်ပါက ပြည်ပမှ မှာယူတင်သွင်း သုံးစွဲမည် ဖြစ်ပါသည်။

တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သောငွေကြေး အရင်းအနှီးပံ့ပိုးသည့်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သီးနှံအလိုက် စိုက်ပျိုးစရိတ်ချေးငွေများအား စပါးသီးနှံ တစ်ဧကကို ကျပ် ၅၀,၀၀၀ မှ ကျပ် ၈၀,၀၀၀ သို့ တိုးမြှင့်ခဲ့ရာမှ၊ စပါးနှင့်ကြံသီးနှံ တစ်ဧကကို ကျပ် ၁၀၀,၀၀၀ နှင့် အခြားသီးနှံ တစ်ဧကကို ကျပ် ၂၀,၀၀၀ နှုန်းဖြင့် စတင်ထုတ်ချေးမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စက်မှုလက်မှုကဏ္ဍသည် အရေးပါသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ပါသည်။ စက်မှုလက်မှုကဏ္ဍတွင် လယ်ယာ၊ သားငါးထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်မှု၊ စက်မှုကုန်ပစ္စည်းထုတ်လုပ်မှု၊ သတ္တုတွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းတို့ပါဝင်ပြီး အခြေခံနှစ်၌ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် စက်မှုကဏ္ဍကြီးပါဝင်မှု အချိုးအစားမှာ ၂၆ ရာခိုင်နှုန်း ရှိပါသည်။

နိုင်ငံတော်မှစက်မှုဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက စက်ရုံအလုပ်ရုံများ၊ စက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံအလုပ်ရုံများ တည်ဆောက်လုပ်ကိုင်မည့်အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမည့် အခြေအနေ၊ ဖြစ်ထွန်းလာမည့် အလုပ်အကိုင်အခွင့်အလမ်း၊ အလုပ်သမား

အခြေအနေနှင့် ထုတ်လုပ်မှုတန်ဖိုး အခြေအနေတို့ကို ဖော်ပြပါအတိုင်း ဖြစ်ပေါ်လာရန် ဆောင်ရွက်မည် ဖြစ်ပါသည်-

ဇယား ၇-၁

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ တည်ဆောက်လုပ်ကိုင်မည့်အခြေအနေ၊ ရင်းနှီးမြှုပ်နှံမည့် အခြေအနေ၊ ဖြစ်ထွန်းလာမည့် အလုပ်အကိုင်အခွင့်အလမ်း၊ အလုပ်သမားအခြေအနေနှင့် ထုတ်လုပ်မှုတန်ဖိုး

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ဆောင်ရွက်မှု(စီမံကိန်း)		လျာထား‌ချက်(စီမံကိန်း)		
			၂၀၁၁-၂၀၁၂	၂၀၁၂-၂၀၁၃	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆
၁	စက်မှုဇုန်						
	၁ စက်ရုံအလုပ်ရုံ	ဦးရေ	၉၅၉၆	၉၆၂၆	၉၀၇၅	၉၀၀၇	၉၄၄၀
	၂ အလုပ်သမား	″	၁၈၅၄၉၃	၁၈၅၆၅၃	၁၄၅၇၇၁	၁၆၂၁၃၅	၁၆၀၃၂၀
	၃ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	ကျပ်သန်း	၂၃၅၇၈၅.၅	၂၃၅၈၁၆.၄	၁၀၀၄၇၁၄.၉	၁၃၁၄၄.၅	၁၀၄၉၁၄.၂
	၄ ထုတ်လုပ်မှုတန်ဖိုး	″	၂၂၁၃၆၈၄.၃	၂၂၁၃၇၅၇.၃	၂၅၃၃၉၈၇.၂	၂၉၂၄၆၉၁.၄	၂၆၃၀၄၃၅.၃
၂	စက်မှုဇုန်ပြင်ပ						
	၁ စက်ရုံအလုပ်ရုံ	ဦးရေ	၃၃၉၄၀	၃၄၀၁၀	၃၄၃၄၄	၃၄၃၆၄	၃၄၁၆၉
	၂ အလုပ်သမား	″	၃၀၂၂၄၂	၃၀၂၅၈၂	၃၉၉၇၁၂	၃၇၄၅၅၉	၄၀၉၆၈၀
	၃ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	ကျပ်သန်း	၄၄၉၄၆၈၁.၁	၄၄၉၄၇၅၈.၂	၄၂၁၆၂၇၆.၈	၄၀၄၃၉၂၀.၈	၄၂၆၈၁၂၉.၆
	၄ ထုတ်လုပ်မှုတန်ဖိုး	″	၃၀၉၅၃၁၈.၀	၃၀၉၅၄၈၇.၀	၄၅၅၈၃၈၀.၆	၄၇၇၁၇၄၂.၇	၄၈၃၇၃၀၄.၆
၃	စက်မှုဇုန်+စက်မှုဇုန်ပြင်ပ						
	၁ စက်ရုံအလုပ်ရုံ	ဦးရေ	၄၃၅၃၆	၄၃၆၃၆	၄၃၄၀၉	၄၃၃၇၁	၄၃၆၀၉
	၂ အလုပ်သမား	″	၄၈၇၇၃၅	၄၈၈၂၃၅	၅၄၅၅၈၃	၅၃၆၆၇၄	၅၇၀၀၀၀
	၃ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	ကျပ်သန်း	၄၇၃၀၄၆၆.၆	၄၇၃၀၅၅၄.၆	၅၂၂၀၉၉၁.၇	၅၃၅၅၃၄၁.၃	၅၃၁၂၂၇၁.၈
	၄ ထုတ်လုပ်မှုတန်ဖိုး	″	၅၃၀၉၀၀၂.၃	၅၃၀၉၂၄၄.၃	၆၀၉၂၃၆၇.၈	၆၄၆၆၄၃၄.၁	၆၇၆၇၃၃၉.၉

ဇာစ်မြစ်။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများဖြစ်သည့် စက်ပစ္စည်း အရည်အသွေးတိုးတက်ကောင်းမွန်ရေး၊ နည်းပညာလိုအပ်ချက်နှင့်လူစွမ်းအား အရည်အသွေး မြှင့်တင်ရေး၊ ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းသက်သာစွာရရှိရေး၊ နယ်စပ်များမှ ဈေးနှုန်း သက်သာစွာဖြင့် ဝင်ရောက်လာသည့် ကုန်စည်များအား ယှဉ်ပြိုင်နိုင်ရေး transaction cost

ကျဆင်းရေး၊ ထုတ်လုပ်မှုစရိတ်နှင့် ပြန်ရချက် ကာမိရေးတို့အတွက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လယ်ယာကဏ္ဍထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရေးအတွက် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများသို့ အချိန်မီပို့နိုင်ရေး၊ စက်မှုထုတ်ကုန်များနှင့် လယ်ယာထွက်ကုန်များ စားသုံးသူဈေးကွက်သို့ အချိန်မီတင်ပို့နိုင်ရေးတို့ အပါအဝင် ကုန်စည်စီးဆင်းမှု မြန်ဆန်ကောင်းမွန်ရေးနှင့် နိုင်ငံတစ်ဝန်း ကူးသန်းရောင်းဝယ်မှု၊ ဆက်သွယ်သွားလာမှု ဖွံ့ဖြိုးရေးတို့အတွက် ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေးစနစ် ကောင်းမွန်မှုသည် အရေးကြီးသည့်အလျောက် လမ်းတံတားများ တိုးချဲ့ တည်ဆောက်မှုကို ဆောင်ရွက်မည် ဖြစ်ပါသည်။

စက်မှုကဏ္ဍတွင် ထုတ်လုပ်မှုကိုသာ ဆောင်ရွက်သည့် စက်မှုလုပ်ငန်းများသာမက ယင်းလုပ်ငန်းများအား ဝန်ဆောင်မှုဖြင့်ပံ့ပိုးသည့် လုပ်ငန်းများအားလုံး ပါဝင်လျက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံပိုင်ဝန်ကြီးဌာနများအနေဖြင့် စက်မှုဝန်ကြီးဌာနသည် ထုတ်လုပ်မှုအပိုင်းကို ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန၊ လျှပ်စစ် စွမ်းအားဝန်ကြီး ဌာနတို့သည် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စွမ်းအင်၊ လျှပ်စစ်၊ လမ်းတံတား၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ရေးအတွက် တာဝန်ယူလျက် စီမံကိန်းများ အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုနည်းတူစွာ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်သည့် ကဏ္ဍများဖြစ်သည့် လျှပ်စစ်ကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် စက်မှုကဏ္ဍများ လိုအပ်ချက်များ ပေါင်းစည်းဆောင်ရွက်နိုင်ရေး၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆောက်လုပ်မှုကဏ္ဍ ချိတ်ဆက်ဆောင်ရွက်ရေးတို့အပြင် ဝန်ဆောင်မှုကဏ္ဍများအတွက် လိုအပ်သည့် ကဏ္ဍဆိုင်ရာ ပံ့ပိုးမှုများကိုလည်း ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

စွမ်းအင်ဆိုင်ရာကဏ္ဍများ ချိတ်ဆက်ဆောင်ရွက်မှု

နိုင်ငံတော်၏ စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ National Energy Management Committee ကိုဖွဲ့စည်းပြီး ရေတို၊ ရေရှည်အစီအမံများအတွက် အမျိုးသားလျှပ်စစ်မာတ်အားရရှိရေး ပင်မစီမံချက် National Electricity Master Plan ကို အမျိုးသားစွမ်းအင်မူဝါဒ National Energy Policy

နှင့်အညီ ရေးဆွဲဆောင်ရွက်ကာ ကာလရှည်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ လျှပ်စစ်မောတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်သတ္တုကဏ္ဍအနေဖြင့် ကျောက်မီးသွေးမောတ်အားစက်ရုံများအတွက် ကျောက်မီးသွေးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျောက်မီးသွေး ၅၈၃,၁၀၂ တန်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၅၆၆,၀၄၄ တန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျောက်မီးသွေး ၁,၀၃၄,၈၇၄ တန် ထုတ်လုပ်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၉၅၁,၈၄၂ တန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ၁,၁၂၆,၄၂၇ တန် ထုတ်လုပ် ဖြန့်ဖြူးသွားရန် လျာထားပါသည်။

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် စက်မှုနိုင်ငံ ထူထောင်ရေးတွင် လျှပ်စစ်မောတ်အား လုံလောက်စွာ ထုတ်လုပ်ဖြန့်ဖြူး အသုံးပြုနိုင်ရေးသည် အလွန်အရေးကြီးသဖြင့် တစ်နိုင်ငံလုံးသို့ လျှပ်စစ်မောတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များအသုံးပြု၍ လျှပ်စစ်မောတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံပိုင်ကဏ္ဍတွင်သာမက ပုဂ္ဂလိကပိုင်ကဏ္ဍတို့ပါ ပါဝင်ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး စီးပွားရေးအသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများဖြစ်လာစေရေးအတွက် ကော်ပိုရေးရှင်းများ၊ ဘုတ်အဖွဲ့များ၊ ကုမ္ပဏီများ၊ ဒေသန္တရအဖွဲ့အစည်းများဖြင့် ပြုပြင်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခြင်း၊ လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေများအား စီးပွားရေးပွင့်လင်းလာသော ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် ပြည်တွင်းပြည်ပပညာရှင်များ၏ အကြံဉာဏ်၊ အကူအညီများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၀-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)တွင် တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်မောတ်အားကို မြန်မာနိုင်ငံတော် မောတ်အားစနစ်မှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မောတ်အားလိုင်းများနှင့် ပင်မမောတ်အားခွဲရုံများ တည်ဆောက်ရန်နှင့် သုံးစွဲမည့်စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ထို့ပြင် ပင်မမောတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ကျေးလက် အိမ်တွင်းစက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားလာရန်အတွက် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး မောတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာရန်

နည်းပညာ နှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများပံ့ပိုးပေးခြင်း၊ အသေးစား ရေအားလျှပ်စစ် နှင့်ဒီဇယ် ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ သဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်ရေးဆောင်ရွက်ရန်နှင့် လေစွမ်းအင် နှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။

စီမံကိန်းကာလအတွင်း သမဝါယမပိုင်အခန်းနှင့် ပုဂ္ဂလိကပိုင်အခန်းတို့မှ ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားအသုံးပြုမှုကို ဖော်ပြပါအတိုင်း ရည်မှန်းထားပါသည်-

ပုံ ၇-၁

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အားလျာထားချက်



ဇယားမြစ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံကိန်းဦးစီးရုံးများ (ဒေသဆိုင်ရာလျှပ်စစ်အင်ဂျင်နီယာရုံးများ)

မြန်မာနိုင်ငံအနေဖြင့် လူတစ်ဦးချင်း လျှပ်စစ်သုံးစွဲနိုင်မှုမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၆၄ ကီလိုဝပ်နာရီရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၇၆ ကီလိုဝပ်နာရီအထိ တိုးတက်သုံးစွဲနိုင်ခဲ့သော်လည်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါကများစွာ နောက်ကျ

နေသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းများကို ပိုမိုတိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။

ဇယား ၇-၂

အာဆီယံနိုင်ငံများနှင့်အိမ်နီးချင်းနိုင်ငံများ၏ လူတစ်ဦးကျ လျှပ်စစ်သုံးစွဲနိုင်မှု အခြေအနေ

(ကီလိုဝပ်နာရီ)

စဉ်	နိုင်ငံ	၂၀၀၈ခုနှစ်	၂၀၀၉ခုနှစ်	၂၀၁၀ခုနှစ်
၁	ကိုရီးယား	၈၇၉၁	၉၉၀၀	၉၇၄၄
၂	ဘရူနိုင်း	၈၄၇၂	၈၆၆၂	၈၇၅၉
၃	ဂျပန်	၈၀၇၅	၇၈၃၈	၈၃၉၄
၄	စင်္ကာပူ	၈၁၈၅	၇၇၉၀	၈၃၀၇
၅	မလေးရှား	၃၂၅၄	၃၉၁၂	၄၁၁၇
၆	တရုတ်	၂၄၅၈	၂၆၃၃	၂၉၄၄
၇	ထိုင်း	၂၀၅၂	၂၀၄၅	၂၂၄၃
၈	ဗီယက်နမ်	၈၁၃	၉၁၇	၁၀၃၅
၉	ဖိလစ်ပိုင်	၅၈၉	၅၉၃	၆၄၃
၁၀	အင်ဒိုနီးရှား	၅၇၂	၅၉၇	၆၄၁
၁၁	အိန္ဒိယ	၅၅၆	၅၉၀	၆၁၆
၁၂	ကမ္ဘောဒီးယား	၁၁၅	၁၂၉	၁၄၆
၁၃	မြန်မာ	၉၉	၁၀၅	၁၃၁

ဇယားမြစ်။ World Bank (2010)

ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး ချိတ်ဆက် ဆောင်ရွက်မှု

နိုင်ငံတစ်ဝန်း လမ်းတံတားများ တိုးချဲ့တည်ဆောက်ရေးနှင့် တည်ဆောက် ဖောက်လုပ်ပြီးသည့် လမ်းတံတားများအား အဆင့်မြှင့်တင်ရေးသည် လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှုစသည့် ကဏ္ဍများမှ ကုန်စည်များ ပို့ဆောင်မှု ချောမွေ့မြန်ဆန်စေရေး၊ အထူးစီးပွားရေးဇုန်များ၊ ဒေသအလိုက်စက်မှုဇုန်များ၏ ထုတ်လုပ်မှု၊ ကူးသန်းရောင်းဝယ်မှု လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ရွာများဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ထိရောက်စွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းများ အဆင့်အတန်း ကောင်းမွန်လာပါက ဒေသတွင်း နိုင်ငံများနှင့် တိုက်ရိုက်ကူးသန်း

ရောင်းဝယ်နိုင်ခြင်း၊ ဘက်စုံကြားခံ ကုန်သွယ်ပို့ဆောင်ရေး Multimodel Transit Transport လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဆောက်လုပ်မှုကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသည့် ရေနက်ဆိပ်ကမ်း၊ အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်များတည်ဆောက်ခြင်း၊ ဆက်စပ်လမ်းများဖောက်လုပ်ပေးခြင်း၊ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချိတ်ဆက်လမ်းများ၊ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် နိုင်ငံတကာဆက်သွယ်မှုလမ်းများကို ဖောက်လုပ်ပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူလူထုခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးတို့အဆင်ပြေချောမွေ့စေမည့် လမ်းများဖောက်လုပ်ပေးခြင်း၊ အဆိုပါလမ်းများနှင့် ဆက်စပ်သောတံတားများ ဆောက်လုပ်ပေးခြင်းဖြင့် ပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုလွယ်ကူခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို လျော့နည်းစေမည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကုန်စည်စီးဆင်းမှုနှင့် ကူးသန်းသွားလာမှု လျင်မြန်လွယ်ကူစေရေးတို့အတွက် ပို့ဆောင်ရေးကဏ္ဍသည် အဓိက ကျပါ သည်။ ပို့ဆောင်ရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စနစ် Public Private Partnership (PPP) သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင် အခန်းကဏ္ဍမှလည်း စီမံကိန်းကာလအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဖော်ပြပါ အတိုင်းတိုးတက်ပို့ဆောင်ပေးနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

ဇယား ၇-၃

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
နိုင်ငံပိုင်ကဏ္ဍ/သမဝါယမပိုင်ကဏ္ဍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လျာထားချက်များ

(မိုင်သန်းပေါင်း)

စဉ်	အကြောင်းအရာ	ပို့ဆောင်မှု(စီမံကိန်း)		လျာထားချက်(စီမံကိန်း)		
		၂၀၁၁-၂၀၁၂	၂၀၁၂-၂၀၁၃	၂၀၁၃-၂၀၁၄	၂၀၁၄-၂၀၁၅	၂၀၁၅-၂၀၁၆
၁	၂	၃	၄	၅	၆	၇
	ရထားပို့ဆောင်ရေးဝန်ကြီးဌာန					
	မြန်မာ့မီးရထား					
၁	ခရီးသည်မိုင်	၃၃၇၉.၇	၃၄၃၉.၇	၃၂၁၇.၃	၂၇၀၀.၀	၂၈၀၀.၀
၂	ကုန်တန်မိုင်	၇၄၁.၇	၇၅၅.၈	၇၃၅.၆	၇၀၀.၀	၇၂၀.၀
	ကုန်းလမ်းပို့ဆောင်ရေး					
၁	ခရီးသည်မိုင်	၁၄၀၁.၄	၁၄၀၈.၆	၁၄၁၅.၆	၁၁၆၀.၁	၁၄၂၉.၇
၂	ကုန်တန်မိုင်	၃၁၇.၅	၃၂၀.၆	၃၂၃.၈	၂၆၈.၀	၃၃၀.၂
	ပို့ဆောင်ရေးဝန်ကြီးဌာန					
	ပြည်တွင်းရေကြောင်းပို့ဆောင်ရေး					
၁	ခရီးသည်မိုင်	၃၈၄.၆	၄၂၇.၉	၂၂၈.၀	၁၆၀.၃	၂၃၀.၆
၂	ကုန်တန်မိုင်	၅၈၉.၉	၆၀၉.၀	၃၃၇.၃	၃၈၇.၉	၃၄၀.၃
	မြန်မာ့လေကြောင်း					
၁	ခရီးသည်မိုင်	၁၀၇.၁	၁၀၉.၁	၁၃၅.၈	၁၃၈.၀	၁၄၁.၀
၂	ကုန်တန်မိုင်	၀.၂၀	၀.၂၁	၀.၂၁	၀.၃၇	၀.၂၁
	သမဝါယမပိုင်					
	မော်တော်ယာဉ်ဖြင့်ပို့ဆောင်မှု					
၁	ခရီးသည်မိုင်	၂၄၁.၅	၂၄၈.၆	၂၅၁.၅	၂၆၇.၁	၂၆၆.၅
၂	ကုန်တန်မိုင်	၁၈၃.၀	၂၀၁.၈	၂၀၃.၁	၂၀၉.၆	၂၁၉.၄
	ရေယာဉ်ဖြင့်ပို့ဆောင်မှု					
၁	ခရီးသည်မိုင်	၆၂.၆	၆၅.၄	၈၄.၃	၈၂.၇	၉၁.၄
၂	ကုန်တန်မိုင်	၁၀၃.၃	၁၀၈.၅	၁၃၄.၁	၁၃၅.၄	၁၃၆.၄

ဇာစ်မြစ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ပို့ဆောင်ရေးဝန်ကြီးဌာန၊သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန

နိုင်ငံတော်တွင် တိုးတက်ပြောင်းလဲလျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေမည့် ခေတ်မီ ဆက်သွယ်ရေးစနစ်များကို တိုးချဲ့အသုံးပြု ဆောင်ရွက်နိုင်ရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေး၊ လုံခြုံရေး ကိစ္စများတွင် ဒေသတစ်ခုနှင့်တစ်ခု လျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရေးနှင့် ဒေသအလိုက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ဆက်သွယ်ရေးလုပ်ငန်း စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာကဏ္ဍသည် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ အသီးသီးအား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍအနေဖြင့် ကာလတိုအတွင်း နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာရရှိရေးကို ထိရောက်စွာ အထောက်အကူ ပြုနိုင်ရေး၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိရယူနိုင်ရေး၊ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုများ အဆင်ပြေချောမွေ့စေရေး၊ ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ဆက်သွယ်ဆောင်ရွက်နိုင်မှု လွယ်ကူမြင့်မားလာစေရေးတို့အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စာတိုက်ရုံး၊ ကြေးနန်းရုံး၊ မိုဏ္ဍရိဝေဗ်စခန်းများ တိုးချဲ့ဖွင့်လှစ်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများသုံးစွဲနိုင်ရန် မိုဘိုင်းဖုန်းများနှင့် အင်တာနက်လိုင်းများကို တိုးချဲ့တပ်ဆင်ပေးသွားပါမည်။

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)၏ လူတစ်ထောင်လျှင် သုံးစွဲနိုင်မည့်တယ်လီဖုန်း အရေအတွက်ကို ဖော်ပြပါအတိုင်း ရည်မှန်းထားပါသည်-

ဇယား ၇-၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

လူတစ်ထောင်လျှင်သုံးစွဲနိုင်မည့် တယ်လီဖုန်း ရည်မှန်းချက်

စဉ်	ဘဏ္ဍာနှစ်	လူတစ်ထောင်လျှင် သုံးစွဲနိုင်သည့်တယ်လီဖုန်း
၁	၂၀၁၁-၂၀၁၂ (အမှန်)	၄၃
၂	၂၀၁၂-၂၀၁၃(အမှန်)	၈၆
၃	၂၀၁၃-၂၀၁၄ (ရွေ့ပြေးအမှန်)	၁၆၁
၄	၂၀၁၄-၂၀၁၅ (ရည်မှန်းချက်)	၂၅၈
၅	၂၀၁၅-၂၀၁၆ (ရည်မှန်းချက်)	၅၃၅

ဇယားမြစ်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

နိုင်ငံတော်၏ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနသာမက ပုဂ္ဂလိကကဏ္ဍမှ ငွေကြေး၊ နည်းပညာ၊ လူစွမ်းအား အရင်းအမြစ်တို့ အားလုံးပါဝင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှု အော်ပရေတာလိုင်စင်ရ ပုဂ္ဂလိကကုမ္ပဏီများက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ယှဉ်ပြိုင်လုပ်ဆောင်ခြင်းအားဖြင့် ပြည်သူများ ဆက်သွယ်ရေးဝန်ဆောင်မှုများကို သက်သာသည့်ဈေးနှုန်းဖြင့် အသုံးပြုနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာ စံချိန် စံညွှန်းနှင့် ကိုက်ညီသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေး ဝန်ဆောင်မှုများ ဖြစ်သည့် စက်မှုအဆောက်အအုံ စခန်းသစ်များ တည်ဆောက်ခြင်း၊ အရည်အသွေး ပြည့်ဝကောင်းမွန်ပြီး လုံခြုံစိတ်ချရသည့် ဆက်သွယ်ရေး စနစ် တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်မည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

အမျိုးသားပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုဆိုင်ရာ မူဘောင်နှင့်လုပ်ငန်းစီမံကိန်းများကို နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ကဏ္ဍအလိုက် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး

လုပ်ငန်းစီမံကိန်းများ ရေးဆွဲပြုစုတင်ပြခြင်း၊ ဥပဒေရေးရာကိစ္စရပ်များ (စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ) ထုတ်ပြန်ဆောင်ရွက်ခြင်းနှင့် Environmental Impact Assessment (EIA) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

စက်မှု၊ စိုက်ပျိုးရေး၊ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်းသို့မဟုတ် အခြားသော ဘေးအန္တရာယ်ရှိပစ္စည်းများ ထုတ်လုပ် သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲနိုင်ရေး၊ ပတ်ဝန်းကျင်ကို ရေတို၊ ရေရှည်တွင် ထိခိုက်စေနိုင်သည့် ညစ်ညမ်းပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်၊ ရောင်းဝယ်၊ သုံးစွဲ၊ သိုလှောင်၊ သယ်ယူခြင်းများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်း စီမံဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မည့် လုပ်ငန်းအမျိုးအစားများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်စေရန်အတွက် စည်းကမ်းချက်များ သတ်မှတ်၍ စီစစ် ဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး

ယနေ့ကမ္ဘာတွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်နေသော နိုင်ငံများကိုကြည့်လျှင် ခရီးသွားလုပ်ငန်း အထူးအောင်မြင်ဖွံ့ဖြိုးနေသည်ကို တွေ့ရမည်ဖြစ်ပြီး အဆိုပါဖွံ့ဖြိုးမှုကပင်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အားကောင်းသော ထောက်ကူမှုတစ်ရပ် ဖြစ်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံ၏စီးပွားရေး ကျဆင်းနေချိန်များတွင် စီးပွားရေးအခြေအနေ ပြန်လည်ဦးမော့လာစေရန်အတွက်လည်းကောင်း၊ လူဦးရေအလွန်များပြားသော တိုင်းပြည်များတွင် စီးပွားရေးဖူလုံမှုရှိစေရန်အတွက်လည်းကောင်း ခရီးသွားလုပ်ငန်းကို အထူးအားပေး ဆောင်ရွက်ကြကြောင်းတွေ့ရှိရပါသည်။ သို့ဖြစ်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ရေရှည် ရှင်သန်သွားစေရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါ သည်။

"**ခရီးသွားလုပ်ငန်း**" သည် ဝန်ဆောင်မှုပေးရသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အခြားလုပ်ငန်းဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေသည် ဟိုတယ်၊ ပို့ဆောင်ရေး၊ ဧည့်လမ်းညွှန်၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်စသည့် ဆက်စပ်လုပ်ငန်းတို့မှ ရရှိသော

ဝင်ငွေများပင်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှတဆင့် ဆက်နွယ်၍ အစားအစာ၊ အသီးအနှံ၊ အဖျော်ယမကာ၊ အမှတ်တရပစ္စည်း ထုတ်လုပ်သူများ၊ တည်းခိုနေထိုင်ရန် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာ အဆောက်အဦများ တည်ဆောက်ရေးတွင် ပါဝင် လုပ်ကိုင်ကြရသည့် ဗိသုကာ၊ အင်ဂျင်နီယာ၊ ကျွမ်းကျင်လုပ်သားများ၊ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေကြသည့် လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် ယာဉ်မောင်းများ၊ စက်ပြင်များ၊ စက်သုံးဆီ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ ဝန်ထမ်းများ စသည်ဖြင့် နိုင်ငံအတွင်း ပျံနှံ့လုပ်ကိုင်နေကြသော လူထုလူတန်းစား အလွှာအသီးသီး အတွင်းသို့ ဝင်ငွေများ စီးဆင်းသွားပြီး ပြည်သူလူထုအား အမြန်ဆုံးနှင့် တိုက်ရိုက် အကျိုးဖြစ်ထွန်း ခံစားစေနိုင်သည့် ဝန်ဆောင်မှု စီးပွားရေးလုပ်ငန်း ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာစေရုံသာမက နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ တို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ပြနိုင်ခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်လာခြင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်များပြားလာခြင်းနှင့် နိုင်ငံ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ဖန်တီးပေးနိုင်ခြင်း များကြောင့် ဆင့်ပွားအကျိုးသက်ရောက်မှု Multiplier Effect ကို ရရှိခံစားစေနိုင်ပါသည်။

ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်စေရေးနှင့် သွားလာ လည်ပတ်မှု အဆင်ပြေချောမွေ့စေရေးတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်လျက် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများကို ညှိနှိုင်းပြင်ဆင်ပြဋ္ဌာန်းခြင်း ကိစ္စရပ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ ငွေကြေးသုံးစွဲမှု လွယ်ကူအဆင်ပြေစေရေးအတွက် လိုအပ်သည့် မူဝါဒပိုင်းဆိုင်ရာ ပြင်ဆင်မှုများ ဆောင်ရွက် ပေးရာတွင် တရားဝင်နိုင်ငံခြားငွေများ လဲလှယ်နိုင်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်သည့် ကောင်တာ Money Changer များ ဖွင့်လှစ်ထားရှိရေး၊ တရားဝင်ငွေလဲလှယ်နှုန်းအား လက်ရှိအခြေအနေများနှင့်အညီ ပြင်ဆင် သတ်မှတ်ပေးရေးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများအရ လုပ်ကိုင်နေ သော ဟိုတယ်များနှင့်ခရီးသွားလုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်း ပေးရာတွင် ကြန့်ကြာမှုများ မရှိစေရေး၊ ထပ်မံလာရောက်ကြမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်စီမံကိန်းများအတွက် အခြေအနေကောင်းများ ကြိုတင်ပြင်ဆင်ထားနိုင်ရေးတို့

အတွက် ယခင်ပြဋ္ဌာန်းထားပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုအပ်သလို ဖြေလျော့ပြင်ဆင် သတ်မှတ်ပေးရေး၊ ဟိုတယ်စီမံကိန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များ မကြန့်ကြာစေရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြေအသုံးချခ Land Use Premium ၊ မြေငှားရမ်းခ Land Lease ၊ မြေငှားကာလ သတ်မှတ်ချက် စသည်များကို ဖြေလျော့ သတ်မှတ်ပေးရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က လိုအပ်သည်များကို စိစစ်ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ပါသည်။

ဟိုတယ်စီမံကိန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှတင်သွင်းရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ မကြန့်ကြာစေရန်၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစေရန်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စသည့် သက်ဆိုင်ရာဌာနများမှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ဆက်စပ်အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ခရီးစဉ်ဒေသများ တိုးတက်ရေး ရေရှည်တည်တံ့ရေးအတွက် ဇုန်အလိုက်ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဖွဲ့စည်းဆောင်ရွက်ခြင်းကြောင့် ဒေသအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ခြေတွင် ညှိနှိုင်းဆွေးနွေးပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှု

နိုင်ငံတော်၏ ဘက်စုံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် ထုတ်လုပ်မှုကဏ္ဍများ နှင့်ဝန်ဆောင်မှုကဏ္ဍများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အထောက်အကူပြု နိုင်ရေး၊ ပြည်တွင်းပြည်ပ ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် စီးပွားရေး စီမံခန့်ခွဲမှုများကို နိုင်ငံ တကာ အဆင့်မီ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ဘဏ်လုပ်ငန်းကဏ္ဍ ပြုပြင် ပြောင်းလဲမှု နှင့် အစိုးရ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကဏ္ဍနှင့် အစိုးရဘဏ္ဍာရေး စီမံခန့်ခွဲမှု

ပြုပြင်ပြောင်းလဲရေးအတွက် ဦးစားပေး နယ်ပယ်များရွေးချယ် သတ်မှတ်၍ အစီအစဉ်တကျ ဖြစ်စေရန် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး Master Plan ကို ရေးဆွဲပြီး မြန်မာနိုင်ငံတွင် နိုင်ငံတော် စီးပွားရေးရေရှည်တိုးတက်ခိုင်မာမှု၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်ပြီး ငွေကြေးတည်ငြိမ်မှုကို အာမခံနိုင်မည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဘဏ်စနစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်ထားရှိပါသည်။

ဘဏ္ဍာရေးစီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ဘဏ်အပ်ငွေအတိုးနှုန်းများ၊ အစိုးရငွေတိုက်စာချုပ် အတိုးနှုန်းများ၊ စက်မှုဇုန်ဝင်ချေးငွေနှင့် စီမံကိန်းဝင်စိုက်ပျိုးစရိတ်ချေးငွေ အတိုးနှုန်းများ၊ ချေးငွေ ထုတ်ချေးမှုအပေါ် ကောက်ခံသည့် အတိုးနှုန်းများကို ပြင်ဆင် သတ်မှတ်ပေးရန် ရည်မှန်းထားပါသည်။ နိုင်ငံခြား ငွေလဲကောင်တာများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုပြီး ပုဂ္ဂလိကဘဏ် ၁၈ ခုတွင် ငွေလဲကောင်တာများ ဖွင့်လှစ်၍ နိုင်ငံခြားငွေကြေး (အမေရိကန် ဒေါ်လာ၊ ယူရို၊ စင်ကာပူ ဒေါ်လာ) တို့ကို လဲလှယ်ရောင်းဝယ်ရန် ရည်မှန်းထားရှိပါသည်။ ထို့ပြင် ပြည်တွင်းပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်နှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများအား ပြည်တွင်းတွင် ဖွင့်လှစ်ခွင့်ပြုရန်အတွက်လည်း ရည်မှန်းထားပါသည်။

အခွန်ဥပဒေများကို ရှင်းလင်းလွယ်ကူစေရန်နှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်မည် ဖြစ်ပါသည်။ အခွန်ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ်အတွက် ရှေ့ပြေးအကောင်အထည်ဖော်မှုဖြင့် e-Custom ပို့ကုန်စနစ်နှင့် e-Custom သွင်းကုန်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်လည်း ရည်မှန်းထားရှိပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ကိုယ်ပိုင်ပြဋ္ဌာန်းရပ်တည်မှုနှင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် သီးခြားရပ်တည်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအား ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် ပြန်လည်ရေးဆွဲရေး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေသစ်နှင့် လျော်ညီမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နည်းဥပဒေ ဆက်လက်ရေးဆွဲရေးအတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။

ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်သွင်းကုန် လိုင်စင်ဆိုင်ရာ ပြောင်းလဲမှု စနစ်၊ ပို့ကုန်ကြောင့်ရငွေ Earning မလိုဘဲ သွင်းကုန်တင်သွင်းခွင့်စနစ်၊ တစ်ဦးချင်း ကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင်ကတ် Individual Trading Card စနစ်၊ အခွန် ပြောင်းလဲမှုစနစ်စသည့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး၊ ဈေးကွက်ပေါက်ဈေး သတ်မှတ်ရောင်းချနိုင်ရေး၊ ဈေးကွက် သတင်းအချက်အလက်များ ဖြန့်ဖြူးနိုင်ရေး၊ ကုန်စည်ဒိုင်များ ဖွင့်လှစ်ရောင်းဝယ်မှု၊ ကုန်စည်လွှဲပြောင်းရောင်းချမှုများနှင့် ပို့ကုန် သွင်းကုန် ဆောင်ရွက်ခြင်းများအဆင်ပြေစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်၍ ကုန်သွယ်မှု မြှင့်တင်ရေး ဆောင်ရွက်လျက် ရှိပါသည်။

ပွင့်လင်းမြင်သာသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ကုန်သွယ်ရေးဖြေလျော့မှု များ ဆောင်ရွက်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက် လာမည်ဖြစ်ရာ အခွန်အကောက်ဆိုင်ရာ သက်သာခွင့်ရရှိရေး ဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပါ သည်။ ကုမ္ပဏီများ ထူထောင် ဆောင်ရွက်နိုင်ရေးအတွက် ဖြေလျော့မှုများ စနစ်တကျ အဆင့်ဆင့်ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု တိုးတက်လျက် ရှိပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာမည်ဖြစ်ပါသည်။

စီးပွားရေးဖွံ့ဖြိုးမှု

ဖော်ပြပါအတိုင်း ကဏ္ဍအချင်းချင်းအဆက်အစပ်မိမိ ချိတ်ဆက်ဆောင်ရွက်မှုရှိခြင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို နိုင်ငံတကာမှ အသိအမှတ်ပြုလာသည် နှင့်အမျှ ချေးငွေ၊ ထောက်ပံ့ငွေနှင့် အကူအညီများ ရရှိလာနိုင်ခြင်း၊ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များ သာမက ပြည်ပမှ လုပ်ငန်းရှင်များ၏ အရင်းအနှီးများ စီးဝင်လာနိုင်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အကန့်အသတ်များကို ဖြေလျော့ ပေးခြင်းတို့ကြောင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကုန်ဆုံးချိန်တွင် စီးပွားရေး ဖွံ့ဖြိုးမှုကို တစ်နှစ်ပျမ်းမျှ ၈.၀ ရာခိုင်နှုန်းအထိ ရရှိမည်ဟု မျှော်မှန်းပါသည်။

ကဏ္ဍကြီးများအလိုက် နှစ်စဉ် တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း မျှော်မှန်းချက်

ပြည်တွင်းရှိ သဘာဝစွမ်းအားစုများ၊ လူ့အရင်းအမြစ်များ နှင့် ပြည်ပမှ စီးဝင်လာမည့် အတတ်ပညာနှင့် အရင်းအနှီးများအပေါ် အခြေပြု၍ ပြည်တွင်းစားသုံးမှုဖုလုံရေး၊ ပြည်ပ ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအချင်းချင်းချိတ်ဆက်ပြီး ဆောင်ရွက်ရန် ရည်မှန်း ဆောင်ရွက်လျက်ရှိရာ ပထမ (၅) နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလအတွင်း ကဏ္ဍကြီးများအလိုက် ဖွံ့ဖြိုးမှု မျှော်မှန်းချက်ကို ဖော်ပြပါအတိုင်း ရည်မှန်းထားပါသည်-

ဇယား ၇-၅

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ကဏ္ဍကြီးများအလိုက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်

(ရာခိုင်နှုန်း)

ကဏ္ဍကြီး/ကဏ္ဍ	မျှော်မှန်းချက်
လယ်ယာကဏ္ဍကြီး	**၃.၂**
လယ်ယာ	၂.၁
သားငါး	၇.၀
သစ်တော	-၇.၇
စက်မှုကဏ္ဍကြီး	**၁၀.၇**
စွမ်းအင်	၆.၅
သတ္တုနှင့်တွင်းထွက်ပစ္စည်း	၁၀.၅
စက်မှုလက်မှု	၁၀.၈
လျှပ်စစ်ဓာတ်အား	၁၁.၁
ဆောက်လုပ်မှု	၁၀.၈
ဝန်ဆောင်မှုကဏ္ဍကြီး	**၁၀.၁**
ပို့ဆောင်ရေး	၆.၇
ဆက်သွယ်ရေး	၆၁.၅
ငွေရေးကြေးရေး	၃၂.၆
လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၀.၆
ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၃.၈
ကုန်သွယ်မှု	၆.၀
စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး	**၈.၀**

ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ကဏ္ဍကြီးများအလိုက် စီးပွားရေးပုံစံ ပြောင်းလဲရန် မျှော်မှန်းချက်

မျှော်မှန်းထားသည့်အတိုင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုမျှော်မှန်းချက်ကို စွမ်းဆောင်နိုင်မည်ဆိုပါက ပထမ (၅) နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလကုန်ဆုံးချိန်တွင် ဖြစ်ပေါ်ပြောင်းလဲမည့် စီးပွားရေးပုံစံမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

ဇယား ၇-၆

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ဖြစ်ပေါ်ပြောင်းလဲ မည့် စီးပွားရေးပုံစံ

(ပါဝင်မှု ရာခိုင်နှုန်း)

ကဏ္ဍကြီး	၂၀၁၀-၂၀၁၁ (အခြေခံနှစ်)	၂၀၁၅-၂၀၁၆ (နောက်ဆုံးနှစ်)
လယ်ယာကဏ္ဍကြီး	၃၆.၄	၂၇.၈
စက်မှုကဏ္ဍကြီး	၂၆.၀	၃၆.၀
ဝန်ဆောင်မှုကဏ္ဍကြီး	၃၇.၆	၃၆.၂
စုစုပေါင်း	၁၀၀.၀	၁၀၀.၀

ဇယားမြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

တိုင်းဒေသကြီး/ပြည်နယ်များ၏ နှစ်စဉ်တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း မျှော်မှန်းချက်

ကဏ္ဍတစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်သည့်နည်းတူ တိုင်းဒေသကြီး/ပြည်နယ်များအချင်းချင်း ဆက်စပ်၍ ဒေသများအကြား ကွာဟမှု ကျဉ်းမြောင်းသွားစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော လူမှုရေးဆူပူအကြမ်းဖက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများစွာ ရင်ဆိုင်ခဲ့ရပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်နေရသဖြင့်လည်းကောင်း၊ ကျောက်ဖြူ အထူး စီးပွားရေးဇုန်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ကာလအထိကို တည်ဆောက်ရေးကာလအဖြစ် ဆောင်ရွက်မည်ဖြစ်၍လည်းကောင်း ဖွံ့ဖြိုးမှုမျှော်မှန်းချက်ကို အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့နည်း မျှော်မှန်းထားပါသည်။

ရှမ်းပြည်နယ်၏ အချို့ဒေသများတွင် ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ အချို့ဒေသများမှာ စာရင်းဇယား ပြည့်စုံစွာမရရှိနိုင်ခြင်းတို့ကြောင့် အနည်းငယ်လျော့နည်း မျှော်မှန်းထား ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် လယ်ယာကဏ္ဍတွင် မြေကြီးမြေပုံ မှန်ကန်ရေး စစ်ဆေးဆောင်ရွက်ခြင်း၊ စီးပွားရေး တွက်ခြေမကိုက်သော သီးနှံများအား စိုက်ပျိုးမှုမရှိခြင်း တို့ကြောင့်လည်းကောင်း၊ သားငါးကဏ္ဍတွင် ပုစွန်မွေးကန်များမှာ နာဂစ်မုန်တိုင်းဖြစ်ပွားပြီး နောက်ပိုင်း ပျက်စီးမှုများပြားသဖြင့် ပုစွန်မွေးမြူထုတ်လုပ်မှု တဖြည်းဖြည်းလျော့နည်းခြင်း တို့ကြောင့် တိုးတက်မှု ရည်မှန်းချက်ကို အနည်းငယ် လျော့နည်း မျှော်မှန်းထားပါသည်။ သို့ဖြစ်ပါ၍ ပထမ (၅) နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွံ့ဖြိုးမှုမျှော်မှန်းချက်ကို ဖော်ပြပါအတိုင်း ရည်မှန်းထားပါသည်-

ဇယား ၇-၇

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွံ့ဖြိုးမှု မျှော်မှန်းချက်

(ရာခိုင်နှုန်း)

တိုင်းဒေသကြီး / ပြည်နယ်	မျှော်မှန်းချက်
ကချင်ပြည်နယ်	၆.၈
ကယားပြည်နယ်	၇.၀
ကရင်ပြည်နယ်	၉.၄
ချင်းပြည်နယ်	၁၀.၄
စစ်ကိုင်းတိုင်းဒေသကြီး	၈.၉
တနင်္သာရီတိုင်းဒေသကြီး	၉.၀
ပဲခူးတိုင်းဒေသကြီး	၆.၉
မကွေးတိုင်းဒေသကြီး	၈.၂
မန္တလေးတိုင်းဒေသကြီး	၈.၄
မွန်ပြည်နယ်	၉.၆
ရခိုင်ပြည်နယ်	၄.၉
ရန်ကုန်တိုင်းဒေသကြီး	၈.၈
ရှမ်းပြည်နယ်	၅.၇
ဧရာဝတီတိုင်းဒေသကြီး	၅.၀
နေပြည်တော်ကောင်စီနယ်မြေ	၂၄.၈

ဓာတ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(တစ်ဦးကိုယ်ပိုင်အသုံး)

ဇယား ၅.၁ ကျောင်းသူ/သား အရေအတွက်နှင့် ရာခိုင်နှုန်း၊ ကျောင်းအုပ်စု၊ ကျောင်းအမျိုးအစား၊ ကျောင်းတက်ရောက်မှုအခြေအနေ၊ ကျောင်းသူ/သား အသက်အုပ်စုနှင့် ကျောင်းသူ/သား အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုအခြေအနေ

(နှစ်ဝက်လုပ်ငန်းနှုန်းများအရ)

ကျောင်းသူ/သား အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုအခြေအနေ

စဉ်	ကျောင်းသူ/သား အသက်အုပ်စု	ကျောင်းသူ/သား အရေအတွက် (ယောက်မ)		ကျောင်းတက်ရောက်မှုအခြေအနေ																				ကျောင်းသူ/သား အသက်အုပ်စုအလိုက် ကျောင်းတက်ရောက်မှုအခြေအနေ
				ကျောင်းတက်ရောက်နေသူ				ကျောင်းပြောင်းသွားသူ				ကျောင်းထွက်သွားသူ				ကျောင်းမတက်ရောက်သူ				ကျောင်းမတက်ရောက်ခဲ့ဖူးသူ				
		စုစုပေါင်း	ရာခိုင်နှုန်း (%)	စုစုပေါင်း	ရာခိုင်နှုန်း (%)	ကျောင်းသူ	ရာခိုင်နှုန်း (%)	စုစုပေါင်း	ရာခိုင်နှုန်း (%)	ကျောင်းသူ	ရာခိုင်နှုန်း (%)	စုစုပေါင်း	ရာခိုင်နှုန်း (%)	ကျောင်းသူ	ရာခိုင်နှုန်း (%)	စုစုပေါင်း	ရာခိုင်နှုန်း (%)	ကျောင်းသူ	ရာခိုင်နှုန်း (%)	စုစုပေါင်း	ရာခိုင်နှုန်း (%)	ကျောင်းသူ	ရာခိုင်နှုန်း (%)	
၀	၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	စုစုပေါင်း	၁၀၀၀၀၀	၁၀၀.၀	၉၂၀၀၀	၉၂.၀	၄၆၀၀၀	၅၀.၀	၂၀၀၀	၂.၀	၁၀၀၀	၀.၅	၄၀၀၀	၄.၀	၂၀၀၀	၅.၀	၁၀၀၀	၁.၀	၅၀၀	၀.၅	၁၀၀၀	၁.၀	၅၀၀	၀.၅	၁၀၀.၀
၂	၅-၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၃	၁၀-၁၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၄	၁၅-၁၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၅	၂၀-၂၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၆	၂၅-၂၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၇	၃၀-၃၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၈	၃၅-၃၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၉	၄၀-၄၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၀	၄၅-၄၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၁	၅၀-၅၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၂	၅၅-၅၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၃	၆၀-၆၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၄	၆၅-၆၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၅	၇၀-၇၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၆	၇၅-၇၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၇	၈၀-၈၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၈	၈၅-၈၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၁၉	၉၀-၉၄ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၂၀	၉၅-၉၉ နှစ်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀
၂၁	၁၀၀ နှစ်နှင့်အထက်	၁၀၀၀	၁.၀	၉၀၀	၉၀.၀	၄၅၀	၅၀.၀	၁၀	၁.၀	၅	၀.၅	၂၀	၂.၀	၁၀	၁.၀	၅၀	၅.၀	၂၅	၂.၅	၁၀	၁.၀	၅	၀.၅	၉၀.၀

မိုင်းခေသာမြို့နယ်မှာ ခ

ဝဆဂ(၇)နှစ်အဆို့ရှိသားစီဝင်ဖြစ်၊ (၂၀၁၀-၂၀၁၂) သဆည်နှစ် ၌ ၂၀၁၀-၂၀၁၁ သဆည်နှစ်ဖြစ်

စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ပ ဝန်ဆောင်မှုတန်ဖိုးကိုပြည်ထဲရှုမြင်ခြင်း

(နှစ်အလိုက်လက်ရှိနှုန်းဈေးများအရ)

(သန်းကျပ်သားနှုန်း)

အမှတ်စဉ်	မိုင်းခေသာမြို့/ပြည်နယ်	၂၀၁၀-၂၀၁၁သဆည်နှစ် (မဟာသဆို) (အောင်ပြုန်နှစ်)		၂၀၁၀-၂၀၁၁ သဆည်နှစ်			၂၀၁၁-၂၀၁၂ သဆည်နှစ်			၂၀၁၂-၂၀၁၃ သဆည်နှစ်			၂၀၁၃-၂၀၁၄သဆည်နှစ်			ငါးနှစ်ဆည်းပူးတိုးတက်မှုနှုန်း (%)
		တန်ဖိုး	ပါဝင်မှုအချိုး (%)	တန်ဖိုး	ပါဝင်မှုအချိုး (%)	ကြွင်းမဲ့မြန်နှုန်း (%)	တန်ဖိုး	ပါဝင်မှုအချိုး (%)	ကြွင်းမဲ့မြန်နှုန်း (%)	တန်ဖိုး	ပါဝင်မှုအချိုး (%)	ကြွင်းမဲ့မြန်နှုန်း (%)	တန်ဖိုး	ပါဝင်မှုအချိုး (%)	ကြွင်းမဲ့မြန်နှုန်း (%)	
၀	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇
၀	တနင်္သာရီတိုင်းဒေသကြီး	၁၀၂၉.၈၃၉.၃	၂၀.၅	၁.၂၄၄.၆၈၀.၃	၂၀.၃	၁၄.၉	၁.၅၅၀.၅၈၀.၃	၂၀.၆	၁၂.၀	၁.၇၅၀.၂၆၀.၃	၂၀.၄	၁၂.၁	၂.၀၂၀.၄၈၅.၃	၂၀.၄	၁၀.၆	၁၃.၄
၂	ကယားပြည်နယ်	၁၅၁.၈၀၀.၅	၀.၄	၁၉၃.၂၀၀.၃	၀.၃	၂.၈	၁၉၆.၅၂၀.၅	၀.၃	၁.၉	၂၀၇.၈၇၆.၃	၀.၃	၁.၆	၂၄၃.၉၁၀.၆	၀.၃	၃.၈	၁၀.၃
၃	တနင်္သာရီပြည်နယ်	၆၈၆.၃၃၃.၆	၁.၃	၈၆၂.၀၂၄.၈	၁.၃	၁၀.၆	၉၅၇.၁၃၃.၄	၁.၄	၁၀.၀	၁၁၃.၃၀၄.၄	၁.၄	၁၀.၄	၁၂.၅၃၃.၈၀၈	၁.၄	၈.၉	၁၂.၄
၄	ချင်းပြည်နယ်	၁၄၉.၀၀၇.၆	၀.၃	၁၇၀.၈၀၀.၃	၀.၃	၁၀.၃	၁၉၂.၁၀၀.၄	၀.၃	၁၀.၂	၂၄၂.၂၀၀.၄	၀.၃	၁၀.၄	၂၈၂.၂၀၀.၄	၀.၃	၁၀.၄	၁၀.၅
၅	စဉ်းတိုင်းဒေသကြီး	၄.၂၂၃.၃၅၄.၂	၁၁.၄	၅.၂၃၆.၂၀၃.၃	၁၁.၄	၁၀.၆	၆.၄၃၀.၅၀၂.၀	၁၀.၄	၁၀.၅	၇.၂၂၅.၅၆၃.၀	၁၀.၅	၁၀.၆	၈.၂၂၅.၅၆၃.၀	၁၀.၅	၁၀.၆	၁၀.၆
၆	တနင်္သာရီတိုင်းဒေသကြီး	၁.၃၄၉.၁၀၅.၅	၃.၄	၂.၀၆၄.၂၅၅.၆	၃.၀	၆.၁	၂.၂၅၄.၈၈၆.၉	၃.၀	၆.၁	၂.၅၆၁.၂၆၆.၂	၃.၂	၆.၂	၃.၀၃၆.၁၆၀.၂	၃.၂	၆.၂	၆.၂
၇	ပဲခူးတိုင်းဒေသကြီး	၃.၆၆၁.၁၂၈.၈	၉.၀	၃.၈၄၈.၈၀၀.၀	၈.၃	၁၀.၅	၄.၂၁၃.၆၉၀.၈	၈.၀	၁၀.၅	၄.၆၉၃.၄၆၀.၀	၈.၃	၁၀.၅	၅.၁၆၉.၃၃၃.၃	၈.၃	၁၀.၅	၉.၃
၈	မကွေးတိုင်းဒေသကြီး	၃.၈၁၉.၂၆၇.၅	၉.၄	၄.၂၆၅.၈၂၂.၅	၉.၃	၁၀.၃	၅.၀၃၅.၃၀၆.၆	၉.၄	၁၀.၄	၆.၁၃၃.၁၂၃.၃	၉.၄	၁၀.၄	၆.၉၂၁.၈၀၀.၀	၉.၄	၁၀.၄	၉.၄
၉	မန္တလေးတိုင်းဒေသကြီး	၄.၇၁၆.၄.၂၈၅	၁၁.၁	၅.၀၄၉.၃၃၀.၀	၁၁.၈	၁၀.၉	၆.၁၀၉.၉၅၀.၅	၁၀.၃	၉.၂	၆.၉၆၆.၀၈၅.၆	၁၀.၃	၁၀.၁	၉.၁၈၄.၃၁၀.၆	၁၀.၃	၁၀.၁	၁၀.၉
၁၀	မွန်ပြည်နယ်	၁၆၇.၂၂၅.၂	၄.၁	၂.၁၁၅.၆၅၆.၆	၄.၂	၁၂.၆	၂.၃၄၈.၃၁၆.၅	၄.၁	၁၂.၁	၂.၆၆၆.၃၀၆.၄	၄.၀	၁၃.၂	၃.၀၀၂.၃၅၆.၄	၄.၀	၁၂.၆	၁၂.၃
၁၁	ရခိုင်ပြည်နယ်	၁.၆၀၀.၄၅၁.၉	၄.၂	၁.၉၀၀.၃၃၃.၉	၃.၉	၁၀.၃	၂.၃၀၀.၂၅၃.၃	၃.၇	၁၀.၃	၂.၇၃၃.၄၀၆.၉	၃.၆	၁၀.၃	၃.၃၃၃.၄၀၆.၉	၃.၆	၁၀.၃	၁၀.၆
၁၂	ရှမ်းတိုင်းဒေသကြီး	၈.၈၁၈.၃၄၄.၄	၂၄.၀	၁၀.၀၆၅.၃၈၉.၃	၂၄.၆	၁၂.၀	၁၂.၄၀၃.၃၄၃.၃	၂၄.၀	၁၂.၀	၁၄.၀၀၂.၃၄၃.၃	၂၄.၀	၁၂.၀	၁၆.၂၀၂.၃၄၃.၃	၂၄.၀	၁၂.၀	၁၂.၀
၁၃	ဧရာဝတီတိုင်းဒေသကြီး	၂၉၉၀.၃၀၆.၉	၂.၄	၃.၂၀၂.၂၀၆.၀	၂.၀	၉.၉	၃.၆၀၁.၄၆၆.၆	၂.၀	၉.၆	၄.၂၀၀.၄၆၆.၀	၂.၀	၉.၆	၄.၆၀၆.၆၀၀.၃	၂.၀	၉.၆	၉.၆
၁၄	နေပြည်တော်ကောင်စီနယ်မြေ	၄၅၁.၄၂၄.၀	၀.၂	၆၀၀.၀၀၃.၈	၀.၂	၁၀.၃	၁.၀၀၅.၈၁၀.၈	၀.၃	၁၀.၆	၁.၄၄၄.၃၃၃.၄	၀.၃	၁၀.၆	၁.၉၀၄.၄၃၃.၄	၀.၃	၁၀.၆	၁၀.၆

(နှစ်ထပ်ဆွဲပါ)

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန်

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့်အညီ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၁(ခ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်ခံရန်

ဇယား ၅.၁၂

ကန့်သတ်

ဖိုင်းဆေးကြီးနှင့်ပြည်နယ်များတွင်

ဇယား ၅.၁၂ (ဂ) နှစ်စဉ်အမျိုးသားဖိုင်းဆေးကြီးနှင့်ပြည်နယ်များတွင် ၂၀၁၂-၁၃ နှစ်အတွင်း ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု သံသယရှိသူဦးရေ၊ ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူဦးရေနှင့် ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူများ၏ ရာခိုင်နှုန်း

(ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု သံသယရှိသူများကို ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူများ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြထားသည်)

မြို့နယ်	ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု သံသယရှိသူများ			ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူများ			ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူများ၏ ရာခိုင်နှုန်း			ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု သံသယရှိသူဦးရေ၊ ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူဦးရေနှင့် ဖိုင်းဆေးကြီးရောဂါ ရှိသည်ဟု အတည်ပြုသူများ၏ ရာခိုင်နှုန်း၊ ၂၀၁၂-၁၃
	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	
	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁
၁	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၂	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၃	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၄	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၅	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၆	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၇	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၈	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၉	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၁၀	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၁၁	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၁၂	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆
၁၃	၁၀၇၈၀၁၀	၅၂၂၀၂	၅၅၇၉၈	၂၂၂၀၂	၁၀၇၂၂	၁၁၅၈၀	၂၀.၆	၂၀.၆	၂၀.၆	၂၀.၆

၇-၂။ အထူးစီးပွားရေးဇုန်

မြန်မာအထူးစီးပွားရေးဇုန် ဥပဒေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၄ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ယခင် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၁၁)နှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေ (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၇/၂၀၁၁)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆွဲဆောင်နိုင်ရေး အတွက် အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တွင် ထားဝယ် အထူးစီးပွားရေးဇုန်၊ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါ အထူးစီးပွားရေး ဇုန်နှင့် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို စတင်အကောင်အထည်ဖော် လျက်ရှိပါသည်။

အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ခြင်း၏ ရည်ရွယ်ချက်မှာ ဒေသ အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးရန် စက်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး ကွန်ယက်လုပ်ငန်းများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ စီးဝင်ဆောင်ရွက် ကြခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဖြစ်ပါသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့နှင့် မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တို့ကို နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ် ဧပြီလ ၄ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၄၁/၂၀၁၁ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့တွင် နိုင်ငံတော်သမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အတွင်းရေးမှူးနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက်အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားပါသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ခုနှစ် အောက်တိုဘာလ ၃ ရက် နေ့စွဲပါ အမိန့် ကြော်ငြာစာ အမှတ် ၇၄/၂၀၁၂ ဖြင့် အဖွဲ့ဝင်စုစုပေါင်း ၁၄ ဦးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာအရ နိုင်ငံတော် ဒုတိယသမ္မတ ၂ သည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးသည် အတွင်းရေးမှူးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်

ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် တွဖက် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းထားပါသည်။

အထူးစီးပွားရေးဇုန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် ဥပဒေပါ လုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအထူးစီးပွားရေးဇုန်အလိုက် စီမံခန့်ခွဲမှု ကော်မတီများကို ဖွဲ့စည်းမည်ဖြစ်ပါသည်။

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့တွင် လိုအပ်သည့် သတင်း ထုတ်ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအထူး စီးပွားရေးဇုန် ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းမည်ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်

ထားဝယ်အထူး စီးပွားရေးဇုန်နယ်နိမိတ် ဧရိယာကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၀/၂၀၁၃ ဖြင့် နယ်နိမိတ်ဧရိယာ ၁၉၅.၉၉၉၇၉၀ စတုရန်း ကီလိုမီတာ ၄၈၄၃၂.၄၅၁၂ ဧက အားပြင်ဆင် သတ်မှတ်ခဲ့ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် အထူးလုပ်ငန်းအဖွဲ့နှင့် ဆပ်ကော်မတီများကို နိုင်ငံတော်သမ္မတရုံး၏ ၁၅-၈-၂၀၁၃ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၆၈/၂၀၁၃ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီတွင် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး ပါဝင်ကာ ဒုတိယသမ္မတသည် ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဥက္ကဋ္ဌဖြစ်ပါသည်။ ထားဝယ် အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများအကောင်အထည်ဖော်ရေးဆိုင်ရာဆပ်ကော်မတီ ၆ ရပ်မှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အခြေခံ အဆောက်အဦနှင့် တည်ဆောက်မှုလုပ်ငန်းများကဏ္ဍ ဆပ်ကော်မတီ၊

(ခ) စက်ရုံ၊အလုပ်ရုံနှင့်စီးပွားရေးလုပ်ငန်းများတည်ဆောက်ထူထောင်ရေးဆိုင်ရာ ကဏ္ဍဆပ်ကော်မတီ၊

(ဂ) လျှပ်စစ်နှင့် စွမ်းအင်လုပ်ငန်းများ ထူထောင်ရေးကဏ္ဍ ဆိုင်ရာ ဆပ်ကော်မတီ၊

(ဃ) ရပ်ရွာဒေသလူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍဆပ်ကော် မတီ၊

(င) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာဆပ်ကော်မတီ၊

(စ) ငွေကြေးနှင့် ရန်ပုံငွေ ရှာဖွေစုစည်း ထူထောင်ရေး ကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ။

ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့တွင် ဥက္ကဋ္ဌသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတွင်းရေးမှူးသည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဥက္ကဋ္ဌတို့ ပါဝင်လျက် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်

ထားဝယ် အထူးစီးပွားရေးဇုန် အောင်မြင်စွာ အကောင်အထည် ပေါ်လာစေရေးအတွက် ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံအစိုးရတို့သည် မြန်မာ-ထိုင်း ပူးတွဲအဆင့်မြင့်ကော်မတီနှင့် မြန်မာ-ထိုင်း ပူးတွဲညှိနှိုင်းမှုကော်မတီ တို့ကို ဖွဲ့စည်းခဲ့ပြီး မြန်မာ- ထိုင်း ပူးတွဲလုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို ၈-၁၁-၂၀၁၂ နေ့၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် လည်းကောင်း၊ ၁၄-၁၂-၂၀၁၂ နေ့၌ မြန်မာနိုင်ငံ နေပြည်တော်တွင် လည်းကောင်း၊ ၆-၃-၂၀၁၃ ရက်နေ့၌ ထိုင်းနိုင်ငံ ပတ္တရားမြို့တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

ထို့အပြင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ထိုင်း-မြန်မာ ပူးပေါင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ဖော်ပြပါ စာချုပ်၊ စာချွန်လွှာများကို လက်မှတ်ရေးထိုးရန် ရည်ရွယ်ခဲ့ပါသည်-

(က) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် စီမံကိန်းဆက်စပ်နယ်မြေများတွင် ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊

(ခ) ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ပူးတွဲကော်မတီအဆင့်အလိုက် တည်ဆောက်ရေးအတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးတွဲကော်မတီအား ထူထောင်ခြင်းဆိုင်ရာ စာချွန်လွှာ၊

(ဂ) ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်း ပူးတွဲ ကြေညာချက်၊

(ဃ) အစုရှယ်ယာရှင်များ သဘော တူစာချုပ်၊

(င) ထားဝယ် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV-1)၏ သင်းဖွဲ့စည်းမျဉ်း Articles of Association ကို မြန်မာ ဘက်မှ FERD နှင့် ထိုင်းဘက်မှ NEDA တို့ လက်မှတ်ရေးရန်၊

(စ) Framework Agreement ၊ Tripartite Memorandum နှင့် Agreement of Termination သဘောတူ စာချုပ်များ လက်မှတ်ရေးထိုးရန်။

ထားဝယ် အထူးစီးပွားရေးဇုန်သည် ရင်းနှီးမှုငွေကြေးပမာဏ အမေရိကန် ဒေါ်လာ ၈.၆ ဘီလီယံခန့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ခန့်မှန်း၍ ရင်းနှီးမြှုပ်နှံမှုကို

အပိုင်းလိုက် တစ်ဆင့်စီ ဆောင်ရွက်သွားရန် Development Plan ကို ရေးဆွဲရမည် ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဂျပန်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် ပါဝင်လာရေးအတွက် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံဝန်ကြီးများ ပူးတွဲလက်မှတ်ရေးထိုးထားသည့် ဖိတ်ကြားစာ ပေးပို့ခဲ့ ပြီးနောက် ဂျပန်နိုင်ငံမှ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ဂျပန်နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာစေရန် ရည်မှန်းထားပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကျင်းပ၍ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း တွင် မြန်မာ-ထိုင်း-ဂျပန် သုံးနိုင်ငံ အမြန်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သုံးနိုင်ငံကိုယ်စားလှယ်များမှ အသေးစိတ် ဆွေးနွေးကြမည်ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV-1)မှ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ကျောက်မီးသွေး/ သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရေပေးဝေရေးစနစ်နှင့်အခြား ဝန်ဆောင်မှု လုပ်ငန်းများ၊ ကနဦးစီမံကိန်းများအဖြစ် နှစ်လမ်းသွား ကားလမ်း၊ ဆိပ်ကမ်းငယ်၊ စက်မှုဇုန်၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ လူနေအဆောက်အဦများနှင့် မြို့ပြစီမံကိန်း၊ ရေပေးဝေရေးစီမံကိန်း၊ ဆက်သွယ်ရေးလိုင်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ (SPV-1) မှ Board of Directors အဖွဲ့ဝင်အားလုံးက General Manager ရာထူး (၁) နေရာ ခန့်ထားရန်၊ Administrative Officer ရာထူး (၂) နေရာ ခန့်ထားရန်၊ ကုမ္ပဏီအတွက် Consulting Firm ငှားရမ်းခြင်းကိစ္စအား Task Force အဖွဲ့၏ အဆိုပြု ထောက်ခံခွင့် ပြုချက်အရ ဆောင်ရွက်သွားရန်၊ ကုမ္ပဏီရုံးခန်းငှားရမ်းခ တစ်လလျှင် ထိုင်းဘတ်ငွေ ၁၀၀,၀၀၀ ထက်မပိုသော နှုန်းထားဖြင့် ငှားရမ်းရန်၊ The methodology and renumeration of due diligence ကိစ္စရပ် အား Task Force အဖွဲ့၏ အဆိုပြုထောက်ခံခွင့် ပြုချက်အရ ဆောင်ရွက် သွားရန်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် ငွေသွင်းငွေထုတ်ခြင်းကိစ္စရပ်များအတွက် Sun Tower ရှိ Siam Commercial Bank တွင် Dawei SEZ Development Co., LTD. အမည်ဖြင့် ငွေစာရင်းအသစ်ဖွင့်လှစ်ရန်၊ စုစုပေါင်း မတည်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၏ (၂၅%) ထိုင်းဘတ် (၃,၀၀၀,၀၀၀)အား ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ထိုင်းဘတ် (၁,၅၀၀,၀၀၀)စီ

ထည့်ဝင်ပေးသွင်းကြရန်၊ ကျန်ငွေ (၇၅%) ထိုင်းဘတ် (၉,၀၀၀,၀၀၀)အား ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ထိုင်းဘတ် (၄,၅၀၀,၀၀၀)စီ အဆိုပါ ငွေစာရင်းထဲသို့ ထည့်ဝင်ကြရန်တို့ ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် အောက်ပါတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်-

(က) ITD ကုမ္ပဏီ၏ ဆောင်ရွက်ခဲ့သောလုပ်ငန်းများနှင့် ကုန်ကျစရိတ်တို့အား Due Diligence Assessment ပြုလုပ်ရန်အတွက် International Consulting Firm (Consultant) တစ်ခုကို SPV၏ ဒါရိုက်တာအဖွဲ့က စိစစ် ၍ အတည်ပြုပေးရမည် ဖြစ်ပြီး၊ SPV နှင့် ရွေးချယ်ခြင်းခံရသော Consultant တို့အကြား လုပ်ငန်းအပ်နှံသည့် သဘောတူစာချုပ် (Services Contract) ကို ချုပ်ဆိုသွားရန်၊ လုပ်ငန်းများကိုသတ်မှတ်ချိန်အတိုင်း ဆောင်ရွက်နိုင်ရန်၊

(ခ) Due Diligence Assessment အတွက် International Consulting Firm တင်ဒါရွေးချယ်ရေး အဖွဲ့အား ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ ဦးဟံစိန်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဦးထွန်းထွန်းနိုင်နှင့် ထိုင်းနိုင်ငံမှ Board of Director အဖွဲ့ဝင် (၃) ဦး၊ စုစုပေါင်း အဖွဲ့ဝင် (၅)ဦးဖြင့် ဖွဲ့စည်းရန်။

မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ သီလဝါ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေး၊ ထားဝယ်ရေနက် ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းအလားအလာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံး ရေရရှိရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် စာတိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံ-ဂျပန် ဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ရေး၊ ဒေသတွင်းနှင့်နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာသဘောတူစာချုပ်၊ သီလဝါဆိပ်ကမ်းအခြေခံ အဆောက်အဦများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးမှုဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများအတွက် အကူအညီပေးမည့် အခြေအနေနှင့် ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ

ထားဝယ်အထူးစီးပွားရေးဇုန်တွင်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်မှာ ပင်မကုမ္ပဏီ-၁ Special Purpose Vehicle [SPV-1] နှင့် ပင်မကုမ္ပဏီ-၂ Special Purpose Vehicle [SPV-2] ကို ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ပါသည်။

SPV-1 ကို ထိုင်းနိုင်ငံတွင် ဖွဲ့စည်းခဲ့ပြီး၊ ထိုင်းနိုင်ငံမှ Neighbouring Countries Economic Development Cooperation Agency – NEDA နှင့် မြန်မာနိုင်ငံမှ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန FERD တို့မှ ၅၀%စီ အချိုးဖြင့် ဖွဲ့စည်း ဆောင်ရွက်ပါမည်။

SPV-2 သည် SPV-1 ၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ပေးမည့် မြန်မာ-ထိုင်း ဖက်စပ်ကုမ္ပဏီခွဲဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည် ဖြစ်ပါသည်။ အထူးပြုကုမ္ပဏီများ Special Purpose Companies (SPCs) ဖြစ်သည့် စီမံကိန်းအလိုက် ဆောင်ရွက်မည့် ကုမ္ပဏီများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်မည်ဖြစ်ပါသည်။ ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် Operational Level ကုမ္ပဏီဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် ဖွဲ့စည်းမည့် SPV-1 သည် နိုင်ငံခြားငွေကြေးဈေးကွက်ရှာဖွေခြင်းအတွက် မူဝါဒပိုင်းဆိုင်ရာဆောင်ရွက်မည့် ကုမ္ပဏီဖြစ်ပြီး SPV-2သည် ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများကို အဓိကဆောင်ရွက်ပေးမည့် ကုမ္ပဏီဖြစ်ပါသည်။ SPV-1 ၊ SPV-2 နှင့် SPCs လုပ်ငန်းများ Framework Agreement ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးမှစတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့သို့ ဆောင်ရွက်ရန်အတွက် Framework Agreement (DSEZ MC and SPV-1), Tripartite Memorandum (DSEZ MC , SPV-1,ITD) နှင့် Agreement of Termination (Myanmar Port Authority and Italian –Thai Co. Ltd.) စာချုပ်(၃)ခု ကို လက်မှတ် ရေးထိုးမည် ဖြစ်ပါသည်။

Framework Agreement (DSEZ MC and SPV-1) အရ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်သို့ Facilitator,Coordinator and Advisor အဖြစ် တာဝန်ပေးအပ်၍ အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်(SPV-1)သည် International Consulting Firm များကို စိစစ်ရွေးချယ်၍ ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ ဖော်ပြပါတာဝန်များကို ဆောင်ရွက်စေရန် တင်ပြအကြံပြုသွားမည်ဖြစ်ပါသည်-

- Italian –Thai Co. Ltd. (ITD) ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သောလုပ်ငန်းများကို Due Diligence Assessment ဆောင်ရွက်ခြင်း၊
- ထားဝယ်အထူးစီးပွားရေးဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အထူးပြုကုမ္ပဏီများ (SPCs) အား တင်ဒါခေါ်ယူ၍ စိစစ်ရွေးချယ်ပေးခြင်း။

Tripartite Memorandum သည်ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် ITD ပါ ဝင်လျက် ITD ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ရပ်ဆိုင်းပြီး နောက်ဆက်လက် ဆောင်ရွက်ခွင့်ပြုမည့် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်း Maintenance Works များကို ဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းထားသည့် သုံးပွင့်ဆိုင် စာချွန်လွှာ ဖြစ်ပါသည်။

Agreement of Termination (Myanma Port Authority and Italian –Thai Co. Ltd) သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ITD ကုမ္ပဏီ တို့အကြား ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာနှင့် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော မူဘောင်သဘောတူစာချုပ်များအား ရပ်ဆိုင်း သည့်သဘောတူစာချုပ်ဖြစ် ပါသည်။ (ITD မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရပ်ဆိုင်းရခြင်းမှာ ရှေ့ဆက်ဆောင်ရွက်ရမည့်စီမံကိန်းလုပ်ငန်းများအား International Investor and Developer များက ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်နိုင်ရေးအတွက် ဖြစ်ပါသည်။)

ထားဝယ် အထူးစီးပွားရေးဇုန်၏ SPV-2 ရုံးခန်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ် နိုင်ရန် ဆောင်ရွက်လျက် ရှိပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အား ဖော်ပြပါအစီအစဉ်အတိုင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါသည်-

(က) Phase 1 (ပထမ ၅ နှစ်အတွင်း) တွင် ကနဦးစီးပွားရေးလုပ်ငန်းများကို တည်ထောင်ရန် ဇုန်ဧရိယာ ဧက ၂၅၀၀ကို စတင် အကောင်အထည်ဖော်မည် ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများအများဆုံး ပေးနိုင်မည့် အသေးစား နှင့် အလတ်စား စက်မှု လုပ်ငန်းများ Small and Medium Industry/Light Industry ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက် ဆိပ်ကမ်းငယ် Small Port ကိုသာ တည်ဆောက် အသုံးပြုမည်ဖြစ်ပါသည်၊

(ခ) Phase 2 (၆ နှစ်မှ ၁၀ နှစ်အတွင်း) တွင် ဇုန်ဧရိယာအား ဧက ၄,၀၀၀ ခန့် ထပ်မံတိုးချဲ့ပြီး သံမဏိစက်ရုံများ၊ဓာတ်မြေဩဇာစက်ရုံများ၊Oil Refineryနှင့် မော်တော်ယာဉ်များထုတ်လုပ်သည့် စက်ရုံများတည်ထောင်သွားမည်ဖြစ်ပါ သည်၊

(ဂ) Phase 3 (၁၁ နှစ်မှ ၂၀ နှစ်အတွင်း) တွင် ဧနှစ်ရိယာအား ၁၃,၅၀၀ ဧကခန့် ထပ်မံတိုးချဲ့ပြီး Plastic Industry၊ Chemical Industry၊ Petrochemical Industry နှင့် General Industry တို့ တည်ထောင်သွားရန် လျာထားပါသည်၊

(ဃ) Phase 4 (၂၁ နှစ်မှ ၄၀ နှစ်အတွင်း) တွင် မြေအကျယ်အဝန်း ၁၂,၅၀၀ ဧကခန့်ကို ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကိုသာ တိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(င) Phase 5 (၄၁ နှစ် မှ ၅၅ နှစ်အတွင်း) တွင် မြေဧက ၄၄,၈၅၀ ဧကအား လုံးဝ၏ ဂုဏရာခိုင်နှုန်း ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထားဝယ် အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် (SPV1) ဖွဲ့စည်းရန် အစုရှယ်ယာရှင်များ သဘောတူစာချုပ်ပါ မြန်မာနိုင်ငံဘက်မှ လုပ်ဆောင်ပေးရမည့် ဖော်ပြပါ ကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ရပါမည်–

(က) မြန်မာဘက်မှ ပထမအကြိမ်ထည့်ဝင်ရမည့် အစု ရှယ်ယာဝင်ငွေ အမေရိကန် ဒေါ်လာ (၅၀,၀၀၀) အား သတ်မှတ်ကာလအမီ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးသွင်းခြင်း ဆောင်ရွက်သွားရန်၊

(ခ) မြန်မာဘက်မှ အဆိုပြုထားသည့် ဒါရိုက်တာအဖွဲ့ အမည်စာရင်းနှင့် တရားဝင်လက်မှတ်ရေးထိုးခွင့်ရှိသူ တာဝန်ပေးအပ်ခြင်းနှင့် အမည်စာရင်းနှင့် အတူ အတည်ပြုခြင်း ဆောင်ရွက်သွားရန်။

ထားဝယ်ရေနက်ဆိပ်ကမ်း ပထမအဆင့် တည်ဆောက်ပြီးတွင် မြင်တွေ့ရမည့်ပုံစံ



ဓာတ်မြေ။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

အုပ်ချုပ်ရေးအဆောက်အဦသစ် ဆောက်လုပ်မှု

ထား၀ယ်အထူးစီးပွားရေးဇုန်တွင် တာ၀န်ထမ်းဆောင်လျက်ရှိသည့်အထောက်အကူပြု လုပ်ငန်းအဖွဲ့ (ယာယီ) ရုံးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရုံးသစ်တည်ဆောက်ခြင်း လုပ်ငန်းအား နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုဘဏ္ဍာငွေဖြင့် တည်ဆောက်ခဲ့ရာ ၁၈၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ် ပါသည်။



ဓာတ်မြေစ်။ ထား၀ယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

ကျေးရွာများ ပြောင်းရွှေ့နေရာချထားခြင်း

ထား၀ယ် အထူးစီးပွားရေးဇုန်စီမံကိန်းအတွင်းရှိ ရေဖြူမြို့နယ်မှ ကျေးရွာ ၁၅ ရွာ နှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ ၁ ရွာ၊ စုစုပေါင်း ကျေးရွာ ၁၆ ရွာ အား ပြောင်းရွှေ့ပေး ရန် စီစဉ်ဆောင်ရွက်ထားသော်လည်း ရေဖြူမြို့နယ် ကျေးရွာ ၉ ရွာနှင့် လောင်းလုံမြို့နယ်မှ ကျေးရွာ ၁ ရွာ စုစုပေါင်း ၁၀ ရွာအား နှုတ်ပယ်၍ ကျန်ရှိ သော ကျေးရွာ ၆ ရွာအား ပြောင်းရွှေ့ပေးမည် ဖြစ်ပါသည်။

အဆိုပါ ကျေးရွာအား ပြောင်းရွှေ့နေရာချထားနိုင်ရေးအတွက် နဘုလယ်ဒေသရှိ ကျေးရွာ ၄ ရွာဖြစ်သည့် ထိန်ကြီး၊ လဲရှောင်၊ ပရဒက်၊ မူးဒူးကျေးရွာများအား ရေဖြူမြို့နယ်

ဘဝါကျေးရွာတွင် နဘုလယ်မြို့သစ်တည်၍ လည်းကောင်း ကျန်ကျေးရွာ ၂ ရွာဖြစ်သည့် ခမောင်းချောင်းကျေးရွာနှင့် ဝက်ချောင်းကျေးရွာအား ရေဖြူမြို့နယ်၊ ပုဂေါဒွန်းဆီအုန်းခြံ အကွက်အမှတ်- ၆/၇ တွင် လည်းကောင်း ရွှေ့ပြောင်းနေရာချထားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

လျော်ကြေးငွေပေးချေပြီးစီးမှုအခြေအနေ

ထားဝယ်အထူးစီးပွားရေးဇုန်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် ရေနက်ဆိပ်ကမ်း၊ လျှပ်စစ်ဓါတ်အားပေးစက်ရုံ၊ သံမဏိစက်ရုံ၊ Road Link to Thailand လမ်းဖောက်လုပ် မည့် မြေနေရာ၊ Oil and Gas (Refinery)၊ ဓါတ်မြေဩဇာစက်ရုံ၊ Green Area နှင့် ကျေးရွာများ ပြန်လည်နေရာချထားမည့် မြေနေရာများအတွက် ဥယျာဉ်ခြံ/ လယ်ပိုင်ရှင်များအား လျော်ကြေးငွေများ ထုတ်ပေးလျက်ရှိပါသည်။ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ITD ကုမ္ပဏီမှ ပြည်တွင်း နိုင်ငံသားလုပ်သား များအတွက် အလုပ်ရပ်စဲမှုနစ်နာကြေး ထုတ်ပေးရန်စီစဉ်မည်ဖြစ်ပါသည်။

ဘဝါကျေးရွာတွင် မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ထားဝယ် အထူးစီးပွားရေးဇုန်အတွင်းပါဝင်သည့် ကျေးရွာ ၁၆ ရွာ အနက် နဘုလယ်ဒေသရှိ ကျေးရွာ ၅ ရွာ ဖြစ်သည့် ထိန်ကြီး၊ လဲရောင်၊ ပရဒတ်၊ မယင်းကြီး၊ မူးဒူးကျေးရွာ များ၌ အိမ်ခြေ ၁,၈၂၅ အိမ်ကို ရွှေ့ပြောင်းရန်အတွက် မူလကျေးရွာများနှင့် ၅ မိုင်ခန့် ဝေးကွာသော ဘဝါကျေးရွာအနီးတွင် မြေ ဖော်ထုတ်၍ လမ်း၊ ရေ၊ လျှပ်စစ်မီး၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ ပြည်သူ့ဆေးရုံ၊ စျေး၊ မီးသတ်၊ ဘိုးဘွားရိပ်သာ၊ အားကစားကွင်း၊ ပန်းခြံတို့ပါဝင်သော မြို့သစ်ကို အသစ်တည်ဆောက်၍ နေရာချထားပေးမည် ဖြစ်ပါသည်။ မြေကွက်များမှာ ပေ ၈၀ x ပေ ၁၀၀ ရှိရမည် ဖြစ်ပြီး၊ မူလအိမ်အရွယ်အစားပေါ်မူတည်၍ အိမ်ကြီး၊ အိမ်လတ်၊ အိမ်သေးဟု ခွဲခြားကာ RC တိုင်၊ အကာအဖြစ် ကွန်ကရစ် Pre-fabricated Parts ၊ အမိုးအဖြစ် သွပ်မိုးတို့ဖြင့် တည်ဆောက် နေရာ ချထားပေးမည်ဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့်အနေဖြင့် မူးဒူး ကျေးရွာအား စတင်ပြောင်းရွှေ့ နေရာချထားနိုင်ရန် နေအိမ် ၄၈၄ လုံးအား ပြည်တွင်းကုမ္ပဏီ ၁၅ ခုဖြင့် တည်ဆောက်လျက်ရှိပါသည်။

ပုဂေါဒွန်းဆီအုန်းခြံအတွင်း မြို့သစ်တည်ဆောက်ခြင်းလုပ်ငန်း

ရေဖြူမြို့နယ်မှ ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၀ ရွာဖြစ်သည့် ပုဂေါဒွန်းကျေးရွာ၊ သပြေဒွန်း ကျေးရွာ၊ မင်းဒပ်ကျေးရွာ၊ ဝက်ချောင်းကျေးရွာ၊ ရလိုင်ကျေးရွာ၊ ခမောင်းချောင်း ကျေးရွာ၊ သစ်တိုထောင့်ကျေးရွာ၊ ကျောက်ဝှက်ကုန်းကျေးရွာ၊ ပိန်းရောင်ကျေးရွာ၊ ကျခတ္တ

ပင်အင်းကျေးရွာတို့အား ရေဖြူမြို့နယ်၊ ပုဂေါဇွန်း ကျေးရွာအုပ်စုတွင် မြို့သစ်တည်ဆောက်နေရာချထားပေးသွားမည် ဖြစ်ပါသည်။ ပုဂေါဇွန်းဆီအုန်းခြံမှာ စက်မှုဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး ၎င်းမြေကို အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ အသုံးပြုနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနမှ သဘောတူခွင့်ပြုပြီး ဖြစ်ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်မှုအခြေအနေ

နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ် ဖန်တီးပေးနိုင်ရေးအတွက် အထူးစီးပွားရေးဇုန်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ထားဝယ်အထူးစီးပွားရေးဇုန်တွင် ပညာရှင်/ ကျွမ်းကျင်သူ/ ကြီးကြပ်သူမှအပ ကျန်ရာထူးနေရာများတွင် မြန်မာနိုင်ငံသားများကိုသာ မဖြစ်မနေ ငှားရမ်းသုံးစွဲစေရန် ITD Co. Ltd. သို့ ညွှန်ကြားထားပြီး စီမံကိန်း လုပ်ငန်းများတွင် သီးခြားကျွမ်းကျင်မှုလိုအပ်သည့် လုပ်ငန်းများမှအပ အခြား လုပ်ငန်းများကို နိုင်ငံသားစီးပွားရေး လုပ်ငန်းရှင်၊ ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းများအား ကန်ထရိုက်အဖြစ် လုပ်ငန်းအပ်နှံစေရေးအတွက် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ် ပါသည်။

ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေတွင် အလုပ်သမားများခန့်ထားမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကိုခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမ(၅)နှစ်ကုန်ဆုံးသည့်အချိန်တွင် နိုင်ငံသား အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယ (၅)နှစ် ကုန်ဆုံးသည့်အချိန်တွင် အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယ(၅)နှစ်ကုန်ဆုံးသည့် အချိန်တွင် အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ် မေလအထိ ထားဝယ် အထူးစီးပွားရေးဇုန်တွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံသားနှင့် နိုင်ငံခြားသား အလုပ်သမားစာရင်းမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

	၂၀၁၁ ခုနှစ်	**၂၀၁၂ ခုနှစ်**	**၂၀၁၃ ခုနှစ်**	**၂၀၁၄ ခုနှစ်**
နိုင်ငံသား	၇၇၂ ဦး	၂၂၇၄ ဦး	၁၂၆၈ ဦး	၄၁၈ ဦး
နိုင်ငံခြားသား	၅၉၉ ဦး	၁၂၁၇ ဦး	၁၂၀၃ ဦး	၄၃၁ ဦး

ထားဝယ်အထူးစီးပွားရေးဇုန်တွင် စီမံကိန်းများကို အကောင်အထည်ဖော်နေသော အီတာလျံ-ထိုင်း ကုမ္ပဏီ၏ စီမံကိန်းများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ ရပ်ဆိုင်းထားပါသည်။ ထိုသို့ရပ်ဆိုင်းထားရခြင်းမှာ မြန်မာအစိုးရ၊ ထိုင်းအစိုးရနှင့် အီတာလျံ-ထိုင်း ကုမ္ပဏီတို့ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပိုမိုမြန်ဆန်စေရန်၊

နိုင်ငံတကာကုမ္ပဏီများ ပိုမိုပါဝင်လာစေရေးတင်ဒါခေါ်ယူရန်၊တင်ဒါခေါ်ရာတွင် နိုင်ငံတကာမှ ပညာရှင်များဖြင့် စီစဉ်ဆောင်ရွက်ရန်၊ အီတာလျံ-ထိုင်း ကုမ္ပဏီမှ စီမံကိန်းအတွက် စိုက်ထုတ်ငွေကို နိုင်ငံတကာ စာရင်းစစ်များဖြင့် စစ်ဆေးပေးချေရန် အစီအစဉ်များ ရှိပါသည်။ အီတာလျံ-ထိုင်း ကုမ္ပဏီအနေဖြင့်လည်း တင်ဒါဝင်ရောက်ယှဉ်ပြိုင် နိုင်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်း

သီလဝါအထူး စီးပွားရေးဇုန် နယ်နိမိတ် ဧရိယာ ၂၃.၄၂၁၄၈၄၄၂ စတုရန်း ကီလိုမီတာ ၅၇၈၇.၇၁၈ ဧက ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရ အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၅/၂၀၁၃ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်းမှု အစီအစဉ်

သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအား ဆက်သွယ်ဆောင်ရွက်လာသည့် နိုင်ငံခြားအစိုးရများအနက် ဂျပန်အစိုးရကသာ ယင်းဇုန်စီမံကိန်းတည်ဆောက်ရေး၊ဆက်စပ်အခြေခံအဆောက်အဦများ တည်ဆောက်ရေးအတွက် သာမကလုပ်ငန်း အကောင်အထည်ဖော်နိုင်မည့် အခြေအနေအထိပါ တစိုက်မတ်မတ်ဆက်သွယ်ဆောင်ရွက်ခဲ့ခြင်း၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းပညာနှင့် ငွေကြေးအရင်းအနှီးများ ရရှိနိုင်ရေးအတွက် ဂျပန်အစိုးရမှ အပြည့်အဝ အာမခံချက်ပေးခြင်းတို့ကြောင့် အထူးစီးပွားရေးဇုန် စီမံကိန်းကို ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရင်းနှီးတည်ဆောက်သူအဖြစ် မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်း ပါဝင်သောမြန်မာ Consortium အဖွဲ့နှင့် ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်း ပါဝင်သော ဂျပန် Consortium အဖွဲ့တို့ ဖက်စပ်ကုမ္ပဏီဖြင့် ဆောင်ရွက်ခဲ့ပါသည်။ မြန်မာဘက်မှ ၅၁ ရာခိုင်နှုန်းတွင် မြန်မာအစိုးရနှင့် မြန်မာအများပိုင် ကုမ္ပဏီများ၊ အများပြည်သူများ၏ အစုရှယ်ယာပါဝင်သည့် ၄၁ ရာခိုင်နှုန်း နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ မှ ၁၀ ရာခိုင်နှုန်းတို့ ပါဝင်ပြီး ဂျပန်ဘက်မှ ၄၉ ရာခိုင်နှုန်းတွင် ဂျပန်အစိုးရမှ Mitsubishi, Marubeni, Sumitomo (MMS) နှင့် ဂျပန်အစိုးရ အဖွဲ့အစည်းများ ပါဝင် ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ် နှင့် ဆောင်ရွက်မည့်လုပ်ငန်းများ

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းကို အပိုင်း အေ - ၄၀၀ ဟက်တာခန့်နှင့် အပိုင်း ဘီ-၂၀၀၀ ဟက်တာခန့်တို့ဖြင့်နှစ်ပိုင်းခွဲ၍အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

စီးပွားရေးဇုန်၏ ပထမအဆင့် ၄၀၀ ဟက်တာခန့် လုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနား (Commencement Ceremony of Thilawa SEZ Development) ကို

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့၌ ကျင်းပခဲ့ပြီး လုပ်ငန်းစတင် နေပြီ ဖြစ်ပါသည်။ အပိုင်းအကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ဆောင်ရွက်မည့် လုပ်ငန်းများမှာ အဆင့်မြင့်နည်းပညာ အခြေခံအဆောက်အအုံ၊ အဆင့်မြင့် ထုတ်လုပ်မှု စက်မှုလုပ်ငန်းများ၊ နိုင်ငံတကာမှပါဝင်သော စက်မှုဇုန်များ၊ Suzuki မော်တော်ကားစက်ရုံ၊ Toyota Spare Parts စက်ရုံများ ဖြစ်ပါသည်။

အပိုင်းဘီတွင် ဆောင်ရွက်မည့်လုပ်ငန်းများမှာ အခြေခံအဆောက်အအုံများ ဖြစ်သော လမ်းမကြီးများ၊ တည်ဆောက်ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ သဘာဝရေဘေး ကာကွယ် တားဆီးရေးလုပ်ငန်းများ၊ ရေမြောင်းတူးဖော်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။



ဇာစ်မြစ်။ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ရည်ရွယ်ချက် မှတ်တမ်းလွှာ (Memorandum of Intent- MOI) အခြေခံ၍ မြန်မာ-ဂျပန် ပူးပေါင်း ဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation on Development of the Thilawa Special Economic Zone-MOC) ကို သီလဝါ စီမံကိန်းအတွက် လက်မှတ် ရေးထိုးမည် ဖြစ်ပါသည်။

ထို့အပြင် အဆင့်မြင့်နည်းပညာများနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏများစွာ လိုအပ်သည့် ဇုန်ပြင်ပ အခြေခံ အဆောက်အဦများ အချိန်မီတည်ဆောက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံမှ အချိန်မီ မရရှိပါက ဇုန်ပြင်ပဆက်စပ်အခြေခံ အဆောက်အဦများအား လုံးကို တည်ဆောက်နိုင်ရန်အတွက် ဂျပန်ယန်း ၂၀ ဘီလီယံအား Official Development Assistant(ODA) ချေးငွေအဖြစ် ဂျပန်အစိုးရမှ ပေးအပ်ရေး အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးမည်ဖြစ်ပါသည်။ ODA ချေးငွေဖြင့် ဇုန်ပြင်ပဆက်စပ်

အခြေခံအဆောက်အအုံများ တည်ဆောက် အကောင်အထည် ဖော်ဆောင်ရာတွင် ဂျပန်ကုမ္ပဏီများကိုသာ ရွေးချယ်ရမည်မဟုတ်ဘဲ တာဝန်ခံ တည်ဆောက်မည့်ကုမ္ပဏီ (Engineering Procurement & Construction Companies – EPCs) များကို အပြည်ပြည်ဆိုင်ရာ တင်ဒါစနစ်ဖြင့် နိုင်ငံပေါင်းစုံမှ ရွေးချယ်နိုင်မည် ဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်၏ Joint-partnership agreement ကို Japan's Thilawa SEZ Company Ltd. (JTSC) နှင့် Myanmar Thilawa SEZ Holdings Public Ltd. (MTSH) တို့မှ လက်မှတ်ရေးထိုးမည် ဖြစ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ရေရယူနိုင်ရန်အတွက် Intake Structure နှင့် ရေသွယ်တန်းမည့် Network တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့်အတွက် ဇာမဏီဆည်မှ ၃၀၀၀ metre^3/day ရယူနိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တဆင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြစီစဉ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပထမအဆင့်တွင် အရန်ရေသိုလှောင်ထားနိုင်ရေးအတွက် မြေအောက်ရေကို တူးဖော် ပြုလုပ်မည့် အစီအစဉ်အား ခွင့်ပြုချက်လိုင်စင်ရရှိနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းနှင့်ရေ/ သန့်ဌာနခွဲတို့နှင့် ညှိနှိုင်းဆောင်ရွက် သွားမည် ဖြစ်ပါသည်။

လျှပ်စစ်မောတ်အားသွယ်တန်းရေးနှင့် မောတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းတို့နှင့် ပတ်သက်၍ ပထမအဆင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများအတွက် Construction Power 20 MWကို သန်လျင် မောတ်အားခွဲရုံမှ မောတ်အားပေးနိုင်ရန်ရန်ကုန်မြို့တော် လျှပ်စစ်မောတ်အားပေးဝေရေးအဖွဲ့နှင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

လမ်းအဆင့်မြင့် တည်ဆောက်ခြင်းလုပ်ငန်းတွင် သန်လျင်တံတားအမှတ် ၁ မှ သီလဝါ အထူးစီးပွားရေးဇုန်အထိ ၈.၇ ကီလိုမီတာ လမ်းအရှည်ဖောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ၍ လမ်းနယ်နိမိတ် သတ်မှတ်ခြင်းလုပ်ငန်း၊ အဆင့်မြင့် ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ODA အမေရိကန် ဒေါ်လာ ၂၂.၁၆ သန်း ရယူ၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ရေနုတ်မြောင်းမကြီး တည်ဆောက်ခြင်းလုပ်ငန်းတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေကြီးမှုကို ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်စရိတ်ဖြင့် ရွှေပြောက်ချောင်း တစ်လျှောက် စနစ်တကျ တူးမြောင်းပုံစံကို တာဝန်ယူတည်ဆောက်သွားမည် ဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရာတွင် ရွှေပြောက်ချောင်း၏ မြေဧရိယာများသည် သီလဝါအထူး

စီးပွားရေးဇုန်အတွင်းရှိ လျော်ကြေးမပေးရသေးသည့် မြေဧရိယာများ ဖြစ်သောကြောင့် ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ နယ်စပ်ရေးရာ စည်ပင်သာယာရေးအဖွဲ့တို့နှင့် ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါသည်။

လျော်ကြေးပေးရမည့် အိမ်ထောင်စုများမှာ ပထမ အဆင့် ၄၀၀ ဟက်တာအတွင်း နေထိုင်သည့် အိမ်ထောင်စု ၆၅ စု၊ လယ်လုပ်ကိုင်၍နေထိုင် သည့်အိမ်ထောင်စု ၅ စု နှင့် ၄၀၀ ဟက်တာအတွင်း လယ်လုပ်ကိုင်၍ ဇုန်ပြင်ပတွင် နေထိုင်သည့်အိမ်ထောင်စု ၁၁ စု၊ စုစုပေါင်း အိမ်ထောင်စု ၈၁ စု ဖြစ်ပါသည်။

ပြန်လည်နေရာချထားမည့် အိမ်ထောင်စုအရေအတွက် မှာ အိမ်ထောင်စု ၆၅ စုဖြစ်ပြီး လယ်ယာလုပ်ကိုင်နေထိုင်သည့် အိမ်ထောင်စု ၅ စုအနက် ၃ စုသည် ပြန်လည်နေရာ ချထားပေး မည့်နေရာသို့ ပြောင်းရွှေ့လိုပါကြောင်း တင်ပြလာသည့် အိမ်ထောင်စု စုစုပေါင်း ၆၈ စု ရှိပါသည်။ ထို့အပြင် လယ်ယာအတွက် သီးနှံလျော်ကြေး၊ ကျွဲ၊ နွားအတွက် လျော်ကြေး နှင့် ကျွဲတဲ၊ နွားတဲအတွက် လျော်ကြေးပေးရမည့် အိမ်ထောင်စု ၁၃ စု ရှိပါသည်။ အိမ်ထောင်စု အလိုက်ပြန်လည်နေရာ ချထားရေးကော်မတီမှ လျော်ကြေးငွေများ ထုတ်ပေးမည် ဖြစ်ပါသည်။

အိမ်ထောင်စု ၈၁ စုတို့၏ ဝင်ငွေထိခိုက်မှုအတွက် မူလဝင်ငွေ အခြေအနေသို့ ပြန်လည် ရောက်ရှိစေမည့် အစီအစဉ် (Income Restoration Programme)နှင့် မိသားစုများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ စီစဉ်ပေးနိုင်ရန် အိမ်ထောင်စုဝင်များ တက်ရောက်လိုသည့်သင်တန်းများကို ရင်းနှီးတည်ဆောက်သူမှ သင်တန်းစရိတ်ကျခံဖွင့်လှစ် သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာကုမ္ပဏီ Myanmar Thilawa SEZ Holdings Public Ltd. သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီနှင့် ဂျပန်ကုမ္ပဏီ Mitsubishi, Marubeni, Sumitomo (MMS) Thilawa Development Co., Ltd. တို့ အကျိုးတူပူးပေါင်း၍ သီလဝါအထူးစီးပွားရေးဇုန်တွင် "က" အဆင့် ဧရိယာနှင့် "က"အဆင့်စီမံကိန်းအား တိုးတက်အောင် ဆောင်ရွက်ခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ရောင်းချခြင်းနှင့် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်ခြင်း များကို ဆောင်ရွက်ရန်အတွက် Myanmar Japan Thilawa Development Ltd.အား ဖက်စပ်ကုမ္ပဏီအဖြစ်ဖွဲ့စည်းမှတ်ပုံတင်မည်ဖြစ်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို တင်ဒါခေါ်ယူမည် ဖြစ်ပါသည်။

သီလဝါ အထူးစီးပွားရေးဇုန် မြန်မာပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြု၍ တည်ထောင် ထားသည့် အများပိုင်ကုမ္ပဏီဖြစ်သော Myanmar Thilawa SEZ Holding Public Ltd.

သည် ပထမဦးဆုံးအနေဖြင့် စုစုပေါင်းရှယ်ယာ ၂.၁၄၅ သန်းကို ရှယ်ယာတစ်ခုလျှင် မြန်မာငွေ ကျပ် ၁၀,၀၀၀/ (ကျပ်တစ်သောင်း တိတိ)ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထူးအရေးပါသည့်စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ဖြူ ဒေသအား အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံတော် သမ္မတရုံးမှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ခွင့်ပြုခဲ့ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား လူမှုရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုနည်းစွာဖြင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ၁၅-၁၀-၂၀၁၂ နေ့တွင် ရန်ကုန်မြို့၌ "ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ပတ်သက်သော ကနဦးဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းစဉ်"ကို ကျင်းပရေး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် Master Plan ရေးဆွဲပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမည် ဖြစ်ပါသည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ Master Plan အရ ကျောက်ဖြူ SEZ မြေနေရာ နယ်နိမိတ်တွင် ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်မြို့နယ် ၃ ခုပါဝင်ပြီး ဧရိယာအကျယ်အဝန်းစုစုပေါင်း ၃၅၉၂၆၄ ဟက်တာ (၈၈၇၅၅၇ ဧက) ရှိပါသည်။ အထူးစီးပွားရေးဇုန်တွင် Free Zone (Port, Trade, Processing)၊ Agriculture Zone, Tourism Zone, Environmental Conservation Zone, Deep Sea Port Zone, Logistics Zone စသည်တို့ ပါဝင်ပါသည်။

ဇုန်အမှတ်(၁)ကို ဧရိယာအကျယ်အဝန်း ၅၂၀ ဟက်တာ(၁၂၈၅ ဧက) ဖြင့် ကနဦး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆိပ်ကမ်း တည်ဆောက်မှုအတွက် ၂၀ ဟက်တာ (၅၀ ဧက)၊ အိမ်ရာစီမံကိန်းအတွက် ၁၀၀ ဟက်တာ (၂၄၇ ဧက)၊ အထူးစီးပွားရေးဇုန်အတွက် ၄၀၀ ဟက်တာ (၉၈၉ ဧက) သတ်မှတ် လျာထားပါသည်။

အိမ်ရာစီမံကိန်းဧရိယာ ၁၀၀ ဟက်တာ (၂၄၇ ဧက)အနက် ၇၅ဟက်တာ(၁၈၆ ဧက) နှင့် အထူးစီးပွားရေးဇုန်အတွက် ၄၀၀ဟက်တာ (၉၈၉ ဧက) အနက် ၃၀၀ ဟက်တာ (၇၄၁ဧက) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျန် ၁၂၅ ဟက်တာကို အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စိမ်းလန်းဇုန်ဧရိယာများ လျာထားဆောင်ရွက်မည် ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်အမှတ် ၁ ကို အပိုင်း ၃ ခုခွဲ၍ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။ အပိုင်း ၁ ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၄၅ ဟက်တာ

(၃၅၈ ဧက) ဖြင့်လည်းကောင်း၊ အပိုင်း ၂ ကို ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း မြေဧရိယာအကျယ်အဝန်း ၁၂၅ ဟက်တာ (၃၀၉ ဧက) ဖြင့်လည်းကောင်း၊ အပိုင်း ၃ ကို ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မြေဧရိယာ အကျယ်အဝန်း ၁၂၅ ဟက်တာ (၃၀၉ ဧက) ဖြင့် လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Master Plan အရ စတင် အကောင်အထည်ဖော်မည့် အစီအစဉ်

အပိုင်းကဏ္ဍ	ကာလအပိုင်းအခြား	နှစ်	ဟက်တာ	ဧက
၁	၂၀၁၄-၂၀၁၆	၃	၁၄၅	၃၅၈
၂	၂၀၁၇-၂၀၂၀	၄	၁၂၅	၃၀၉
၃	၂၀၂၁-၂၀၂၅	၅	၁၂၅	၃၀၉
စုစုပေါင်း		၁၂	၃၉၅	၉၇၆

ခန့်မှန်းငွေကြေးကုန်ကျစရိတ်

အပိုင်းကဏ္ဍ - ၁

အခြေခံအဆောက်အဦ	ကုန်ကျစရိတ် (mil USD)	မှတ်ချက်
လမ်း	၂.၀၁	ဆောက်လုပ်ရေး
ဆိပ်ကမ်း	၄၈.၈၈	ဆိပ်ကမ်းအာဏာပိုင်
SEZ သို့ ရေထောက်ပံ့မှု	၈.၅	ပုဂ္ဂလိက ကုမ္ပဏီ
SEZ သို့ လျှပ်စစ်ပေးမှု	၄.၀	လျှပ်စစ်ဝန်ကြီးဌာန
SEZ	၂၆.၂	ပုဂ္ဂလိက ကုမ္ပဏီ
အိမ်ယာ	၄၅.၀	ပုဂ္ဂလိက ကုမ္ပဏီ
စုစုပေါင်း	၁၃၄.၅၉	

အပိုင်းကဏ္ဍ - ၂

အခြေခံအဆောက်အဦ	ကုန်ကျစရိတ် (mil USD)	မှတ်ချက်
SEZ	၂၆.၂	ပုဂ္ဂလိက ကုမ္ပဏီ
အိမ်ယာ	၄၅.၀	ပုဂ္ဂလိက ကုမ္ပဏီ
စုစုပေါင်း	၇၁.၂	

အပိုင်းကဏ္ဍ - ၃

အခြေခံအဆောက်အဦ	ကုန်ကျစရိတ် (mil USD)	မှတ်ချက်
SEZ	၂၆.၂	ပုဂ္ဂလိက ကုမ္ပဏီ
အိမ်ယာ	၄၅.၀	ပုဂ္ဂလိက ကုမ္ပဏီ
စုစုပေါင်း	၇၁.၂	

အပိုင်းကဏ္ဍ - ၃ ခု၏ စုစုပေါင်းကုန်ကျစရိတ် မှာ - အမေရိကန်ဒေါ်လာ (၂၇၇) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် Master Plan ရေးဆွဲခြင်းနှင့် ဖြစ်နိုင်ခြေစူးစမ်းမှုတို့ကို Japan Development Institute (JDI) မှ ဆောင်ရွက်ခဲ့ပါသည်။



ဇယားမြစ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ

ကျောက်ဖြူအထူးစီးပွားရေးဇုန်အကြံပေးအဖွဲ့တွင်ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၊ အတွင်းရေးမှူး အဖြစ် ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန တို့ပါဝင်လျက် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် တည်ဆောက်နိုင်ရန်အတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကြံပေးအဖွဲ့ ဖြင့် ဇုန်အကြံပေးကုမ္ပဏီ တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်အရ စိတ်ဝင်စားမှု ဖော်ပြလွှာ EOI ဖိတ်ခေါ်ခြင်း၊ တင်သွင်းလာသည့် နည်းပညာနှင့် ငွေကြေးအဆိုပြုလွှာများကို BEAC အဖွဲ့ဝင်များက အဆင့်ဆင့် စိစစ်ကာ အထူးစီးပွားရေးဇုန် ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ အိတ်ဖွင့်တင်ဒါများ ခေါ်ယူရေး လုပ်ငန်းစဉ်အတွက် အကြံပေးဝန်ဆောင်မှုပေးရန် အကြံပေး ကုမ္ပဏီ အုပ်စုအဖြစ် ရွေးချယ်ပြီး အကြံပေးဝန်ဆောင်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောက်ဖြူဒေသ၏ ပထဝီဝင်အနေအထားသည် အာရှ၊အာရှအလယ်ပိုင်းဒေသနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ရာတွင် မဟာဗျူဟာကျသော ဒေသအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

၇-၃။ စီးပွားရေးစကြံ့လမ်းများ

၁။ တတိယအကြိမ် စီးပွားရေး စကြံ့များ ဖိုရမ်(3rd Economic Corridors Forum - ECF-3)ကို ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်၊ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးသည် မဲခေါင်ဒေသခွဲ စီးပွားရေး စကြံ့များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးကြိုတင် ပြင်ဆင်ရေးတို့အတွက် ရည်ရွယ်ပါသည်။

၂။ စတုတ္ထအကြိမ် စီးပွားရေး စကြံ့များဖိုရမ် (4th Economic Corridors Forum - ECF-4)ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၈-၂၉ ရက် နေ့ မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသည် GMS ဒေသ ပေါင်းစည်းမှုတွင် Connectivity, Competitiveness, Community မဏ္ဍိုင် (၃)ရပ်အား အခြေပြု၍ မဟာမဲခေါင်ဒေသခွဲ မဟာဗျူဟာ မူဘောင်သစ် (GMS Strategic Framework)နှင့် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင် (Regional Investment Framework-RIF) တို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပါသည်။

၃။ ပဉ္စမအကြိမ် စီးပွားရေး စကြံ့များဖိုရမ် (5th Economic Corridors Forum -ECF-5) ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂) တွင်ပါဝင်သော ရည်မှန်းချက်များပြည့်မီရေးအတွက် လုပ်ငန်း စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် မူကြမ်း အပေါ် အဓိကထားရန် ရည်ရွယ်ပါသည်။

၄။ ဆဋ္ဌမအကြိမ် စီးပွားရေး စကြံ့များ ဖိုရမ် (6th Economic Corridors Forum - ECF-6)ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ၊ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးသည် ဒေသဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင် (Regional Investment Framework) အကောင်အထည် ဖော်နိုင်ရေးအတွက် RIF Implementation Plan ရေးဆွဲရေးနှင့် ပဉ္စမအကြိမ် GMS ထိပ်သီး အစည်းအဝေး ကျင်းပနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

၇-၄။ ကျယ်ပြန့်လာသော ဈေးကွက်နှင့် ကုန်သွယ်မှု တိုးမြှင့်ရေး

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများ ပယ်ဖျက်ပေးခဲ့ပြီးဖြစ်၍ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများနှင့်သာမက ကမ္ဘာပေါ်ရှိ အင်အားကြီးအနောက်နိုင်ငံများနှင့်လည်း ဈေးကွက်များချဲ့ထွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များ တင်ပို့ရန်နှင့် ပို့ကုန်နှင့် ဆက်စပ်နေသောလုပ်ငန်းများ တိုးတက်စေရန် အခွန်အကောက် သက်သာခွင့်၊ ကင်းလွတ်ခွင့်များ၊ ဘဏ်ချေးငွေနှင့် အထောက်အပံ့များ ပေးခြင်းအပြင် လူ့စွမ်းအားအရင်းအမြစ်များ၊ ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားစေရေး စသည်တို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ကုန်သွယ်ရေးမူဝါဒ

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်ရေးမူဝါဒ (၅)ရပ် ကို အောက်ပါအတိုင်း ချမှတ်ထားရှိပါသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ ရေးဆွဲ အကောင်အထည်ဖော်ရေး၊

(ခ) ပို့ကုန်တိုးချဲ့မြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ခေတ်မီ သတင်းဆက်သွယ်ရေး နည်းပညာ အသုံးပြု၍ ဆောင်ရွက်သွားနိုင်ရေး၊

(ဂ) ဒေသတွင်း နိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုန်သွယ်မှု တိုးချဲ့ရေး၊

(ဃ) ကုန်သွယ်မှု ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး၊

(င) ပြည်တွင်း စားသုံးမှုနှင့် ကုန်ထုတ်လုပ်ငန်းများ အတွက် လိုအပ်သော အရေးကြီးကုန်စည်များ ဖူလုံရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး။

ရည်မှန်းချက်

ပြည်ပကုန်သွယ်ရေးကဏ္ဍ၏ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် ပြည်ပကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၇-၂

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ

ကုန်သွယ်ရေးကဏ္ဍ၏ ပြည်ပကုန်သွယ်မှုပမာဏ တန်ဖိုးရည်မှန်းချက်



ဇယားမြစ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ)တွင် ပြည်ပကုန်သွယ်မှုပမာဏတန်ဖိုး တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၁၁.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

စုစုပေါင်း ပြည်ပကုန်သွယ်မှုတန်ဖိုး (ပို့ကုန်တွင် Re-export အပါ)အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျပ် ၁၄,၂၅၈,၁၉၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၇,၈၂၂.၇ သန်း) ပုံမှန်ဈေးနှုန်းအရ ၃.၃ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၁၅,၇၉၃,၉၄၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၉,၇၄၂.၄ သန်း) ပုံမှန်ဈေးနှုန်းအရ ၄.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၂၃,၀၀၃,၈၁၃.၇ သန်း (အမေရိကန်ဒေါ်လာ ၂၅,၅၅၉.၈ သန်း) ပုံမှန်ဝေးနှုန်းအရ ၄၃.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅,၁၈၆,၀၀၀.၀ သန်း (အမေရိကန် ဒေါ်လာ ၂၅,၇၀၀.၀သန်း) ပုံမှန်ဝေးနှုန်းအရ ၉.၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်း ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၂၅,၆၉၇,၆၅၈.၀ သန်း (အမေရိကန်ဒေါ်လာ ၂၆,၂၂၂.၁ သန်း) ပုံမှန်ဝေးနှုန်းအရ ၁.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

လုပ်ငန်းစဉ်

အဆိုပါမူဝါဒအပေါ်အခြေခံ၍ ဖော်ပြပါအတိုင်းလုပ်ငန်းစဉ် (၁၁) ရပ်ကို ချမှတ်ထားရှိပါသည်-

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ် ကျင့်သုံးနိုင်ရေး ဆောင်ရွက်မည်၊

(ခ) ပြည်တွင်းကုန်သွယ်မှုတွင် လွတ်လပ်စွာ ယှဉ်ပြိုင်ကူးသန်း ရောင်းဝယ်မှုကို ဖြစ်ပေါ်စေရေး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအမံများချမှတ် ကျင့်သုံး ဆောင်ရွက်မည်၊

(ဂ) ပုဂ္ဂလိကကဏ္ဍ ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးရေး ဆောင်ရွက်မည်၊

(ဃ) ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်မည့် အစီအမံများ ချမှတ် ကျင့်သုံးဆောင်ရွက်မည်၊

(င) နိုင်ငံတကာဈေးကွက်တိုးချဲ့နိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်၊

(စ) ကုန်သွယ်မှုကဏ္ဍအတွက် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆောင်ရွက်မည်၊

(ဆ) စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်မည်၊

(ဇ) အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများကို လွယ်ကူစွာ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အားပေး ကူညီဆောင်ရွက်မည်၊

(ဈ) ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းအပြင် ဝန်ဆောင်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေ တိုးတက်ရရှိရေး အားပေးဆောင်ရွက်မည်၊

(ည) စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် သီးနှံစျေးကွက်ခိုင်မာရေးနှင့် အကျိုးဖြစ်ထွန်းစေရေး ပံ့ပိုးဆောင်ရွက်မည်၊

(ဋ) ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီသတင်းဆက်သွယ်ရေးနည်းပညာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဆောင်ရွက်မည်။

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) တွင် ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်ရည်မှန်းချက်အား ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၇-၃

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကုန်သွယ်ရေးကဏ္ဍ၏

ကုန်ပစ္စည်းအုပ်စုအလိုက် ပို့ကုန်ရည်မှန်းချက်

(သဘော်ပေါ်ရောက်တန်ဖိုး)



ဇယားမြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့

ပြည်ပပို့ကုန် အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ကျပ် ၈,၄၅၁,၃၁၃.၀ သန်း (အမေရိကန်ဒေါ်လာ ၁၀,၅၆၄.၁ သန်း) ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၉,၂၁၁,၁၄၃.၀ သန်း(အမေရိကန်ဒေါ်လာ ၁၁,၅၁၃.၉ သန်း) ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၁,၂၇၃,၅၇၃.၇ သန်း (အမေရိကန်ဒေါ်လာ ၁၂,၅၂၆.၂ သန်း) ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၂,၄၄၆,၀၀၀.၀ သန်း (အမေရိကန်ဒေါ်လာ ၁၂,၇၀၀.၀ သန်း)နှင့်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၂,၆၄၂,၀၀၀.၀ သန်း(အမေရိကန်ဒေါ်လာ ၁၂,၉၀၀.၀ သန်း) တင်ပို့ရန် မျှော်မှန်း ထားပါသည်။

လယ်ယာထွက်ကုန်ပစ္စည်း ၊ တိရစ္ဆာန်ထွက်ပစ္စည်း ၊ ရေထွက်ပစ္စည်း ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စက်မှုကုန်ချော ပစ္စည်းများတွင် တိုးတက်ရည်မှန်းပါသည်။ သစ်တော ထွက်ပစ္စည်းနှင့် သတ္တုတွင်းထွက်ပစ္စည်းများတွင် ပို့ကုန်တင်ပို့မှုကို လျော့နည်းရည်မှန်း ထားပါသည်။ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် ကန့်သတ် ဆောင်ရွက်ရမည် ဖြစ်၍ လျော့နည်း ရည်မှန်းထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များမှာ သဘာဝဓာတ်ငွေ့၊ ကျောက်စိမ်း၊ သစ်လုံး၊ ပဲအမျိုးမျိုး၊ အထည်အလိပ်နှင့် ဆန်ထွက်ပစ္စည်းတို့ ဖြစ်ပါသည်။ အများဆုံး တင်ပို့သော ကုန်သွယ်ဘက် နိုင်ငံများမှာ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့ ဖြစ်ပါသည်။

ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် အထိ) တွင် ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်ရည်မှန်းချက်အား ပုံပြဂရပ်ဖြင့် ဖော်ပြထား ပါသည်-

ပုံ ၇-၄

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ
ကုန်သွယ်ရေးကဏ္ဍ၏ ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်ရည်မှန်းချက်
(ဆိပ်ကမ်းရောက်တန်ဖိုး)



ဓာစ်မြစ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့

သွင်းကုန်အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် ကျပ် ၅,၈၀၆,၈၈၀.၀ သန်း (အမေရိကန်ဒေါ်လာ ၇,၂၅၈.၆ သန်း) ၊၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် ကျပ် ၆,၅၈၂,၈၀၀.၀ သန်း (အမေရိကန်ဒေါ်လာ ၈,၂၂၈.၅ သန်း)၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၁၁,၇၃၀,၂၄၀.၀ သန်း(အမေရိကန် ဒေါ်လာ ၁၃,၀၃၃.၆ သန်း) ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၁၂,၇၄၀,၀၀၀.၀ သန်း (အမေရိကန် ဒေါ်လာ ၁၃,၀၀၀.၀ သန်း) နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၃,၀၅၅,၆၅၈.၀ သန်း (အမေရိကန်ဒေါ်လာ ၁၃,၃၂၂.၁ သန်း) တင်သွင်းရန် မျှော်မှန်းထားပါသည်။

သွင်းကုန်တွင် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေသည့် အခြေခံကျသောကုန်ပစ္စည်းများကို ဦးစားပေးတင်သွင်းမည်ဖြစ်၍ ရင်းနှီးကုန်ပစ္စည်း၊ လုပ်ငန်းတွင်းသုံး ကုန်ကြမ်းနှင့် အရန်ပစ္စည်း အုပ်စုတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်ရန် ရည်မှန်းထားပါသည်။

မြန်မာနိုင်ငံ၏ အဓိကသွင်းကုန်များမှာ ရေနံထွက်ပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများ ဖြစ်ပါသည်။ အများဆုံးတင်သွင်းသော ကုန်သွယ်ဘက် နိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ကိုရီးယား နှင့် အိန္ဒိယနိုင်ငံတို့ ဖြစ်ပါသည်။

ကုန်သွယ်မှု ပိုငွေ / လိုငွေ အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျပ် ၂,၆၄၄,၄၃၃.၀ သန်း (အမေရိကန် ဒေါ်လာ ၃၃၀၅.၅ သန်း) ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျပ် ၂,၆၂၈,၃၄၃.၀ သန်း (အမေရိကန်ဒေါ်လာ ၃၂၈၅.၄ သန်း) ပိုငွေ ဖြစ်ပေါ်မည်ဟု ခန့်မှန်းထားပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးကုန်ပစ္စည်းများ ပိုမိုတင်သွင်းမည် ဖြစ်သောကြောင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျပ် ၄၅၆,၆၆၆.၃ သန်း (အမေရိကန် ဒေါ်လာ ၅၀၇.၄ သန်း) ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျပ် ၂၉၄,၀၀၀.၀ သန်း (အမေရိကန်ဒေါ်လာ ၃၀၀.၀ သန်း) နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၄၁၃,၆၅၈.၀ သန်း (အမေရိကန်ဒေါ်လာ ၄၂၂.၁ သန်း) ကုန်သွယ်မှု လိုငွေဖြစ်ပေါ်မည်ဟု ခန့်မှန်းပါသည်။

ပထမ(၅)နှစ် အမျိုးသား စီမံကိန်းကာလအတွင်း နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းများ

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများ လိုက်နာကျင့်သုံးလျက်ရှိသည့် ကုန်သွယ်ရေး

စနစ်များနှင့် ကိုက်ညီမှုရှိစေရန် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအား ဖြည့်စွက်ပြုပြင် ရေးဆွဲနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

လွတ်လပ်စွာယှဉ်ပြိုင် ကူးသန်းရောင်းဝယ်မှု ဖြစ်ပေါ်လာစေရန် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများ လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်နိုင်သော ဒေသတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်စေရေးနှင့် ယှဉ်ပြိုင်မှုကွန်ယက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်မည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူ၊ ထုတ်လုပ်သူတို့၏ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်၍ ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များအား ဒေသတွင်း အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မည်ဖြစ်ပါသည်။

နယ်စပ်ဒေသများတွင် ကုန်သွယ်ရေးဇုန်၊ နယ်စပ်ကုန်သွယ်ရေး စခန်းအသစ်များ ဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အထူးပြုကုမ္ပဏီများ၊ စွန့်ဦးတီထွင် ဆောင်ရွက်လိုသူများ တိုးချဲ့စည်းရုံးဖွဲ့စည်းပြီး Public Private Partnership ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

စားသုံးသူအကာအကွယ်ပေးနိုင်ရေးအတွက် ပြည်တွင်းနှင့် ကုန်သွယ်မှု ဝင်ပေါက်၊ ထွက်ပေါက်များတွင် အရည်အသွေးစံချိန်စံညွှန်းများကို နိုင်ငံတကာအဆင့်မှီ စစ်ဆေးနိုင်ရေးနှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါက ပြည်ပမှ နည်းပညာကျွမ်းကျင်မှုနှင့် အထောက်အပံ့များ ရရှိစေရေး ဖိတ်ခေါ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့နိုင်မည့် အစီအမံများချမှတ် ကျင့်သုံး ဆောင်ရွက်ရန် ပို့ကုန်၊ သွင်းကုန်ဘဏ်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး ပံ့ပိုးကူညီမည်ဖြစ်ပါသည်။ နိုင်ငံတကာဈေးကွက် တိုးချဲ့နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွဲ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် 100% Duty Free, Quota Free, Market Access ရရှိရေးကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည် ဖြစ်ပါသည်။

အမျိုးသားအဆင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ National Export Strategy-NES ဒီဇိုင်းရေးဆွဲထားခြင်းအား အကောင်အထည်ဖော်သည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်း AEC တွင် လိုက်ပါဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဝန်ဆောင်မှု လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေး လိုအပ်သည့် နည်းပညာအကူအညီရရှိစေရန် ပြည်ပ ဝန်ဆောင်မှု မြှင့်တင်ရေး အေဂျင်စီများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်။

ကုန်သွယ်ရေးကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်း ကုန်သွယ်မှု တန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၇-၅

ပထမ (၅)နှစ် အမျိုးသားစီမံကိန်း
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ
ကုန်သွယ်ရေးကဏ္ဍ၏ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) တွင် ကုန်သွယ်ရေးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို ပုံမှန် ဈေးနှုန်းအရ ၆.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉,၀၇၉,၀၂၄.၂ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၀,၀၀၂,၆၂၁.၆ သန်း အကောင်အထည်ဖော်ရန် နှင့် ပုံမှန်ဈေးနှုန်းအရ ၄.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁,၃၃၉,၆၁၃.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၆.၆ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၂,၄၇၉,၃၅၅.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၃,၈၀၃,၉၈၇.၈ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးနှင့် ရည်မှန်းချက် ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၇-၆
၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)



ဇယားစဉ်။ တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းဦးစီးရုံးများ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးနှင့် ရည်မှန်းချက် ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၇-၇

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်း)


(ကျပ်သန်း)
၃၀၀၀၀၀၀.၀
၂၅၀၀၀၀၀.၀
၂၀၀၀၀၀၀.၀
၁၅၀၀၀၀၀.၀
၁၀၀၀၀၀၀.၀
၅၀၀၀၀၀.၀
၀.၀
၂၈၉၄၄၀.၆
၉၀၅၅၆.၆
၁၈၄၄၁၀.၄
၃၄၀၀၆.၆
၁၄၈၉၃၃၄.၄
၄၃၄၃၄၆.၃
၂၀၀၂၂၆၆.၆
၂၂၂၄၂၆.၆
၂၂၆၂၆၆.၆
၂၂၆၂၆၆.၆
၂၂၆၂၆

ပုံ ၇-၈

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားစဉ်။ တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကုန်သွယ်ရေးကဏ္ဍ ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးနှင့် ရည်မှန်းချက် ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၇-၉
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်အပေါ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးနှင့် ရည်မှန်းချက် ကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၇-၁၀

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကုန်သွယ်ရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းကုန်သွယ်မှုတန်ဖိုးရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ တိုင်းဒေသကြီး / ပြည်နယ် စီမံကိန်းဦးစီးရုံးများ

အခန်း(၈)

ပြောင်းလဲလာသော စျေးကွက်စီးပွားရေးအတွက် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးရေး

အခန်း(၈) ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးအတွက် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးရေး

၈-၁။ ငွေကြေးနှင့် ဘဏ္ဍာရေးကဏ္ဍ

အခန်း(၈)

ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးအတွက် ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးရေး

၈-၁။ ငွေကြေးနှင့် ဘဏ္ဍာရေးကဏ္ဍ

ဘဏ်လုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက် ရှိပါသည်။ လက်ရှိနိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အညီ မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းကဏ္ဍနှင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်အား ကျောထောက်နောက်ခံ ဥပဒေမူဘောင်မှစ၍ ပြုပြင်ပြောင်းလဲမှုများအား လုပ်ဆောင်လျက် ရှိပါသည်။

မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး Master Plan ကို ရေးဆွဲထားရှိခဲ့ပြီး မြန်မာနိုင်ငံတွင် နိုင်ငံတော်၏ စီးပွားရေး ရေရှည်တိုးတက်ခိုင်မာမှု၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းမွန်ပြီး ငွေကြေးတည်ငြိမ်မှုကို အာမခံနိုင်မည့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဘဏ်လုပ်ငန်းစနစ် ဖြစ်ပေါ်လာစေရန် ရည်မှန်းချက် ထားရှိ၍ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေရေးကြေးရေးကဏ္ဍအား ထိန်းကျောင်းကွပ်ကဲသည့် ဥပဒေများအား ပြင်ဆင်ခြင်း၊ ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကျွမ်းကျင်မှု အကူအညီရယူ၍ နိုင်ငံတကာ စနစ်များနှင့်အညီ ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များအတွင်း ဘဏ်လုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှုအနေဖြင့် နိုင်ငံတော်၏ လက်ရှိစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အတိုးနှုန်းပြင်ဆင်ပြောင်းလဲခြင်း၊ ဘဏ်ချေးငွေအပေါ် အာမခံတိုးချဲ့ခွင့်ပြုပေးခြင်း၊ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ်များ တိုးချဲ့မှုပြုပေးခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခြင်း၊ ဘဏ်ခွဲအသစ်များ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြား ငွေလဲလှယ်နှုန်းပေါင်းစည်းရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရန်ကုန်စတော့ရှယ်ယာ ဈေးကွက်အား ထူထောင်သွားမည် ဖြစ်ပါသည်။

အပ်ငွေအာမခံလုပ်ငန်း Deposit Insurance ၊ ချေးငွေသတင်းအချက်အလက် ဗဟို ဌာန Credit Bureau ၊ ချေးငွေအာမခံကော်ပိုရေးရှင်း Credit Guarantee Corporation ၊ ပိုင်ဆိုင် ပစ္စည်းများ စီမံခန့်ခွဲမှုကော်ပိုရေးရှင်း Assets Management Corporation တို့အား ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုစွမ်းရည်ကို တိုးတက်စေရန် အတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ နည်းပညာ အကူအညီများရယူ၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး လုပ်ငန်း များကို စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် ဌာနအဖွဲ့အစည်းများကို တိုးချဲ့ ဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ တို့အကြား ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တစ်နှစ်ထက်တစ်နှစ် တိုးတက် ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်ထောင်စု၏ ရငွေများကို အမျိုးအစားအလိုက် ၊ ဌာန အဖွဲ့အစည်းအလိုက်သုံးသပ်ပြီး ပိုမိုတိုးမြှင့်ရရှိနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခြင်း၊ ပြည်ထောင်စု၏အသုံးစရိတ်များကို အမျိုးအစားအလိုက်၊ ဌာနအဖွဲ့အစည်း အလိုက် သုံးသပ်ပြီး မှန်ကန် ထိရောက်သော အသုံးစရိတ်များဖြစ်ရေး ကြိုးပမ်း ဆောင်ရွက် လျက် ရှိပါသည်။

ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် ဘဏ်များနှင့် ငွေရေးကြေးရေးကဏ္ဍ၊ အသေးစားငွေရေးကြေးရေး လုပ်ငန်းများနှင့် အာမခံလုပ်ငန်းနယ်ပယ်များတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကများ ပူးပေါင်းပါဝင်သည့် Working Group များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

မူဝါဒ၊ ရည်မှန်းချက် (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ)

ငွေရေးကြေးရေးကဏ္ဍ အနေဖြင့် ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အထိ) အတွက် အကောင်အထည်ဖော်မည့် မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကိုလည်း ချမှတ်ထားပါသည်။

မူဝါဒများ

ငွေကြေးမူဝါဒ

(က) ငွေကြေးတည်ငြိမ်ရေး၊

(ခ) ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊

(ဂ) ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ခိုင်မာတိုးတက်ရေး၊

(ဃ) ရှင်သန်သော စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် အစိုးရအဖွဲ့၏ အထွေထွေ စီးပွားရေး မူဝါဒများကို အထောက်အကူပြုရေး။

ဘဏ္ဍာရေးမူဝါဒ

(က) နိုင်ငံတော်၏ လိုအပ်ချက်အရ ဦးစားပေးကဏ္ဍ သတ်မှတ်ခြင်း၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား စီးပွားရေးဆန်ဆန် ဆောင်ရွက်စေခြင်း၊ အသုံးစရိတ် လျာထားခွဲဝေရာ၌ စိစစ်တင်းကြပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် အသုံးစရိတ် ပိုမိုခွဲဝေပေးခြင်းတို့ဖြင့် အရင်းအမြစ်များကို အကျိုးရှိဆုံး ခွဲဝေအသုံးချ ဆောင်ရွက်သွားရေး၊

(ခ) အခွန်ရငွေနှင့် GDP အချိုးတိုးတက်စေရန်နှင့် အခွန်ရုံးမှ စည်းကြပ်သည့် စနစ်- Official Assessment System မှ အခွန်ထမ်းကိုယ်တိုင်အခွန် စည်းကြပ်သည့်စနစ်- Self Assessment System သို့ ကူးပြောင်း ဆောင်ရွက်သွားရေး။

ရည်မှန်းချက်

ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များမှာ ဖော်ပြပါ အတိုင်းဖြစ်ပါ သည်-

(က) ငွေကြေးစီးဆင်းမှုစနစ် လွယ်ကူချောမွေ့စေရေးအတွက် ဘဏ်အချင်းချင်း ဆက်သွယ်ရေးစနစ်မြန်ဆန်ကောင်းမွန်ပြီး၊ ဝန်ဆောင်မှုကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

(ခ) နိုင်ငံခြား ငွေလဲလှယ်နှုန်းစနစ် ပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန်အတွက် တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်ဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှု ဖိတ်ခေါ်ရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

(ဂ) ပြည်သူတို့၏ ငွေကြေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာစေရန်၊

(ဃ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရင်းနှီး မတည်ငွေများ ရရှိစေရန်၊

(င) ပုဂ္ဂလိက အာမခံလုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(စ) ခေတ်မီထိရောက်သော အခွန်စည်းကြပ်မှု အဖွဲ့အစည်းတစ်ခုဖြစ်ရန်၊

(ဆ) အစိုးရဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရန်၊

(ဇ) အလုပ်အကိုင်အခွင့်အလမ်းများတိုးတက် ရရှိလာစေရန်။

ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ငွေချေး သက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး ကော်မရှင် Securities Exchange Commission - SEC ဖွဲ့စည်းရန်၊

(ခ) မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် Capital Market ထူထောင်ရန်၊

(ဂ) အမျိုးသား ငွေပေးချေမှုစနစ်နှင့် စာရင်းရှင်းလင်းမှုစနစ်ဖွံ့ဖြိုးတိုးတက်ရန်၊

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ပိုမိုရှု လုပ်ဆောင်နိုင်စွမ်းရှိပြီး တာဝန်ခံနိုင်မှု ရှိသည့် သီးခြား လွတ်လပ်သော ဗဟိုဘဏ်တစ်ခုအဖြစ် တည်ထောင်ရန်၊

(င) Mobile Banking ဝန်ဆောင်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန်၊

(စ) ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက တာဝန်ခံ ဆောင်ရွက်သော အထူးပြုဘဏ်လုပ်ငန်းများ တည်ထောင် လုပ်ကိုင်ခွင့်ပြုရန် (ဆောက်လုပ်ရေး၊ Microfinance၊ လယ်ယာဖွံ့ဖြိုးရေး၊ ကျောက်မျက်)၊

(ဆ) မြန်မာ့စီးပွားရေးဘဏ် ဖွဲ့စည်းပုံအား ပြန်လည် ပြင်ဆင်ရေးဆွဲ ဖွဲ့စည်းရန်၊

(ဇ) နိုင်ငံခြားငွေကြေးဆိုင်ရာ လုပ်ငန်းများတွင် ဖော်ပြပါတို့ကို ဆောင်ရွက်ရန်-

(၁) နိုင်ငံခြားဘဏ်လုပ်ငန်းအတွက် Society for Worldwide Interbank Financial Telecommunication (SWIFT) စနစ် တပ်ဆင်ရန်၊

(၂) နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေးအတွက် ဆောင်ရွက်ရန်၊

(၃) နိုင်ငံခြားငွေဈေးကွက်ထူထောင်ရန်၊

(၄) နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတိုးချဲ့ဖွင့်လှစ်ရန်၊

(၅) နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ဖက်စပ်ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်၊

(၆) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ၂၀၁၂ အရ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်၊

(၇) Securities Co. တစ်ခုအဖြစ် ဖွဲ့စည်း၍ စတော့အိတ်ချိန်းတွင် စာရင်း တင်သွင်းရန် ။

(ဈ) ဘဏ်လုပ်ငန်းများတွင် ဖော်ပြပါတို့ကို ဆောင်ရွက်ရန်-

(၁) Core Banking System တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန်၊

(၂) Mobile Banking ဖြင့် Bill Payment ဝန်ဆောင်မှုများ စတင်ရန်၊

(၃) မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများနှင့်ကိုယ်စားလှယ်ရုံးများထပ်မံ ဖွင့်လှစ်ရန်၊

(ည) ဖွံ့ဖြိုးရေးချေးငွေ လုပ်ငန်းဌာနအဖြစ် ဖွဲ့စည်း၍ Two Step Loans အဖြစ် ငွေထုတ်ချေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဋ) ပြည်တွင်းပြည်ပကုန်သွယ်မှု ချေးငွေလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊

(ဌ) e-Pension စနစ်ဖြင့် ဘဏ်ခွဲအားလုံး ပင်စင်လစာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဍ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အား မတည်ငွေရင်း တိုးမြှင့်ပြီး ဖွံ့ဖြိုးရေးဘဏ်အသွင် ပြောင်းလဲရန်နှင့် အများပိုင်ဘဏ်ပုံစံ ပြောင်းလဲ ဖွဲ့စည်းရန်၊

(ဎ) မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး လုပ်ငန်းအား ငွေရေး ကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအဖြစ် အသွင်ပြောင်းလဲဖွဲ့စည်းရန်၊

(ဏ) အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများတွင် ဖော်ပြပါတို့ကို ဆောင်ရွက်ရန် -

(၁) အသေးစား ငွေစုငွေချေးလုပ်ငန်းများ တိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ် အစီအစဉ်ဖြင့် Financial Inclusion for National Development (FIND) စီမံကိန်းအား ဆောင်ရွက်ရန်၊

(၂) UNDP-UNCDF အစီအစဉ်ဖြင့် Making Access to Finance Possible (MAP) စီမံကိန်း နှင့် Microlead စီမံကိန်း ၂ ခု အား ဆောင်ရွက်ရန်၊

(၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊

(၄) ချေးငွေသတင်းအချက်အလက်ဗဟိုဌာန၊ချေးငွေအာမခံကော်ပိုရေးရှင်း၊ ပိုင်ဆိုင်ပစ္စည်းများစီမံခန့်ခွဲမှုကော်ပိုရေးရှင်းများထူထောင်ရန်၊

(တ) အာမခံ လုပ်ငန်းများတွင် ဖော်ပြပါတို့ကို ဆောင်ရွက်ရန် -

(၁) ပုဂ္ဂလိက ကဏ္ဍကို အာမခံလုပ်ကိုင်ခွင့်ပြုရန်၊

(၂) အာမခံလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ကို နိုင်ငံတကာ ကျင့်သုံးမှုနှင့်အညီ ပြန်လည် ဖွဲ့စည်းရန်၊

(၃) အာမခံလုပ်ငန်းအသင်း ထူထောင်ရန်၊

(၄) အာမခံလုပ်ငန်းဥပဒေကို ပြင်ဆင်ရန်။

(ထ) ပြည်တွင်းကြွေးမြီစီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရန်၊

(ဒ) ပြည်ပကြွေးမြီရှင်းလင်းနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဓ) အစိုးရဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်၊

(န) ငွေတိုက်ဌာန Treasury Department ဖွဲ့စည်းရန်၊

(ပ) Public Debt Management ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်၊

(ဖ) အခွန်အခဆိုင်ရာ လုပ်ငန်းများတွင် ဖော်ပြပါတို့ကို ဆောင်ရွက်ရန် -

(၁) အခွန်ရငွေနှင့် GDP အချိုးတိုးတက်လာရန်၊

(၂) အခွန်ရုံးမှ အခွန်စည်းကြပ်မှုစနစ် (Official Assessment System – OAS)မှ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်မှုစနစ် (Self Assessment System – SAS) သို့ ကူးပြောင်းဆောင်ရွက်ရန်၊

(၃) သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာလုပ်ငန်းများ၊ တန်ဖိုးမြှင့်ခွန်စနစ် သို့မဟုတ် ကုန်စည်နှင့်ဝန်ဆောင်မှုခွန်စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၄) ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအားပြင်ဆင်ရေးဆွဲရန်၊

(၅) အခွန်အခြေခံ Tax Base ချဲ့ထွင်ရန်၊

(၆) အခွန်ထမ်းကြီးများရုံး၊ အခွန်ထမ်း အလယ်အလတ်ရုံး၊ အခွန်ထမ်း ငယ်ရုံးတို့ ဖွင့်လှစ်ရန်၊

(ဇ) အကောက်ခွန်ဥပဒေနှင့် အကောက်ခွန်ဦးစီးဌာန ဖွဲ့စည်းပုံအား ပြန်လည် ပြင်ဆင် ရေးဆွဲ ဖွဲ့စည်းရန်၊

(ဘ) e-Customစနစ် နှင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည် ဖော်ရန်၊

(မ) ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးအား ၂၀၁၄-၂၀၁၅ မှ စ၍ ဆောင်ရွက်ရန်။

ငွေရေးကြေးရေးကဏ္ဍ၏ ပထမ(၅)နှစ်အမျိုးသားစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ) ကာလတွင် ဖြစ်ပေါ်တိုးတက်မည့် စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးများကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၈-၁

ပထမ (၅) နှစ် အမျိုးသားစီမံကိန်း

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ

ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

ပထမ(၅)နှစ် အမျိုးသားစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ) တွင် ငွေရေးကြေးရေးကဏ္ဍ၏ တစ်နှစ်ပျမ်းမျှ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ၃၂.၆ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄၆၈၉၉၃.၃ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၅၇.၄ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၄၈၂၈၂၈.၄ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၈.၁ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှု တန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၇၉၆၆၈.၂ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၉၂.၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉၈၉၂၄.၀ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၂၃.၉ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ စုစုပေါင်းဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၉၉၈၉၅.၁ သန်း အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၁.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၁ -၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် အတိုးနှုန်းကို ၁၂ ရာခိုင်နှုန်း မှ ၁၀ ရာခိုင်နှုန်း သို့ လျော့ချရန်၊ ဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကို ၈ ရာခိုင်နှုန်း ထက်မနည်းစေရန်နှင့် ဘဏ်ချေးငွေအပေါ် အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းထက် မများစေရန် လျှော့ချ သတ်မှတ်ရည်မှန်းပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရ ကိုယ်စားထုတ်ဝေရောင်းချသည့် အစိုးရငွေတိုက် စာချုပ်များ၏ အတိုးနှုန်းကိုလည်း ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ၁ နှစ်လျှင် ၂ နှစ် သက်တမ်း စာချုပ်အပေါ် ၈.၇၅ ရာခိုင်နှုန်း၊ ၃ နှစ်သက်တမ်း စာချုပ်အပေါ် ၉ ရာခိုင်နှုန်း နှင့် ၅ နှစ် သက်တမ်း စာချုပ်အပေါ် ၉.၅၀ ရာခိုင်နှုန်း သို့ ပြင်ဆင်သတ်မှတ်ရန် ရည်မှန်းပါ သည်။

ထို့ပြင် စက်မှုဇုန်ဝင်ချေးငွေနှင့် စီမံကိန်းဝင်စိုက်ပျိုးစရိတ် ချေးငွေများအား ပုဂ္ဂလိက ဘဏ်များမှ ငွေထုတ်ချေးရာတွင် တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းထက်မပိုသောအတိုးနှုန်းဖြင့် ထုတ်ချေးရန်အစား ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ၁၂ ရာခိုင်နှုန်း ဖြင့်ထုတ်ချေးရန်၊ နိုင်ငံတော်မှ ထုခွဲ ရောင်းချသည့် မြေနှင့်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများကို ဝယ်ယူသည့် တိုင်းရင်းသား လုပ်ငန်းရှင်များအား ချေးငွေထုတ်ချေးမှုအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းအား တစ်နှစ်လျှင် ၁၄ ရာခိုင်နှုန်းဖြင့် ထုတ်ချေးရန်အစား ၁-၁-၂၀၁၂ ရက်နေ့မှစ၍ ၁၂ ရာခိုင်နှုန်းဖြင့် ထုတ်ချေးရန် ရည်မှန်းပါသည်။

နိုင်ငံခြား ငွေလဲကောင်တာများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုပြီး ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်တွင် ငွေလဲကောင်တာများဖွင့်လှစ်၍ နိုင်ငံခြား ငွေကြေး (အမေရိကန် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ) တို့ကို လဲလှယ်ရောင်းဝယ်ရန် ရည်မှန်းထားရှိပါသည်။ ထို့ပြင် ပြည်တွင်း

ပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန်နှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ် ရုံး များအား ပြည်တွင်းတွင် ဖွင့်လှစ်ခွင့်ပြုရန်အတွက်လည်း ရည်မှန်းထားပါသည်။

အခွန်ဥပဒေများကို ရှင်းလင်းလွယ်ကူစေရန်နှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ဆောင်ရွက်မည် ဖြစ်ပါသည်။ အခွန် ပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်၊ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် အတွက် ရှေ့ပြေးအကောင်အထည်ဖော်မှုဖြင့် e-Custom ပို့ကုန်စနစ်နှင့် e-Custom သွင်းကုန် စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်လည်း ရည်မှန်းထားရှိပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များ အလိုက် စီမံကိန်းရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၈-၂

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

ငွေကြေးကိုင်တွယ်သုံးစွဲမှု လျှော့ချရေးအတွက် ချက်လက်မှတ်ဖြင့် ငွေပေးချေခြင်းနှင့် ငွေပေးချေကတ်များ (Myanmar Payment Union – MPU Card) သုံးစွဲခြင်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း စတင်ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ် ဆောင်ရွက်မည့် ပုဂ္ဂလိကဘဏ် များ၏ Automatic Teller Machines(ATM) နှင့် Point-of-Sale (POS) များတွင် ငွေများထုတ်ယူ သုံးစွဲနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ပထမအဆင့် အနေဖြင့် MPU Card စုစုပေါင်း ၁၀၀,၀၀၀ ကျော်အား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ စားသောက်ဆိုင်၊ ကုန်တိုက်ကြီးများ၊ အရောင်းစင်တာများ၊ ဟိုတယ်များ၊ ဆေးရုံများ၊ စက်သုံးဆီ အရောင်းဆိုင် များတွင်စတင်သုံးစွဲနိုင်ရန်နှင့် နောင်တွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၌ သုံးစွဲနိုင်ရန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း MPU ကတ် ၅၀၀,၀၀၀ ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း MPU ကတ် ၇၅၀,၀၀၀ ကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း MPU ကတ် ၁,၀၀၀,၀၀၀ ကိုလည်းကောင်း သုံးစွဲနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာ ငွေပေးချေကတ် တစ်ခုဖြစ်သည့် China Union Pay (CUP) Card အား MPU အဖွဲ့ဝင်ဘဏ်များ၏ ATM နှင့် POS များတွင် ထုတ်ယူသုံးစွဲနိုင်ရန် စီစဉ် ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား ကိုယ်ပိုင်ပြဋ္ဌာန်းရပ်တည်မှုနှင့် လွတ်လပ်စွာ ဆောင်ရွက် ခွင့်ရှိသည့် အဖွဲ့အစည်းအဖြစ် သီးခြားရပ်တည်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအား ခေတ်နှင့်အညီ ပြဋ္ဌာန်းနိုင်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် ပြန်လည်ရေးဆွဲရေး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေသစ်နှင့် လျော်ညီမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နည်းဥပဒေအား ဆက်လက်ရေးဆွဲရေး တို့အတွက် ဆောင်ရွက်မည် ဖြစ်ပါသည်။

နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာ ဖွင့်လှစ်လိုသည့် ကုမ္ပဏီများအား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ ပုဂ္ဂလိကဘဏ် ၁၉ ဘဏ်မှ ဘဏ်ခွဲများ အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တိုးချဲ့ဖွင့်လှစ်ရန် လျာထားပြီး Mobile Banking ဝန်ဆောင်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန် ပထမအဆင့်အနေဖြင့် ၂၀၁၂-၂၀၁၃

ဘဏ္ဍာနှစ်တွင် မြဝတီဘဏ်၊ အင်းဝဘဏ်၊ သမဝါ ယမဘဏ်၊ ရိုးမဘဏ်၊ ပထမပုဂ္ဂလိက ဘဏ်တို့အား Mobile Phone အသုံးပြု၍ ဘဏ်ငွေစာရင်းလက်ကျန် ကြည့်ရှုသည့် ဝန်ဆောင်မှု လုပ်ငန်းကို ခွင့်ပြုရန် ရည်မှန်းထားရှိပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကမ္ဘာ့ဘဏ် အစီအစဉ်ဖြင့် ဆောင်ရွက်မည့် Financial Inclusion for National Development (FIND) စီမံကိန်းဖြင့် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်းအား အဖွဲ့အစည်းဆိုင်ရာ ပြုပြင်တည်ဆောက်ရေးနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း များအား နိုင်ငံတကာ စံနှုန်းများနှင့် အညီ ဆောင်ရွက်သွားရန်၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး လုပ်ငန်း ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး တည်ဆောက်ရန်နှင့် ပြည်သူလူထုအကြား ဘဏ္ဍာရေးဆိုင်ရာ အသိအမြင်များ ကျယ်ပြန့်စွာ ရောက်ရှိရေးတို့အား ဆောင်ရွက်မည် ဖြစ်ပါသည်။

ယခင်က နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ရငွေများ အားလုံးကို ပေးသွင်းစေပြီး သုံးငွေများအားလုံးကို ထုတ်ယူသုံးစွဲစေသည့် ပုံစံမှ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ အား စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်စေရန်နှင့် ကိုယ်ပိုင်ရန်ပုံငွေအပေါ် ရပ်တည် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် မှစ၍ လုပ်ငန်းသုံး ရင်းနှီးငွေ (Working Capital) ထားရှိဆောင်ရွက်စေသည့် ပုံစံသို့ ပြောင်းလဲ ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။ ၎င်းအစီအစဉ်အရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ကြမ်းဝယ်ယူမှု အသုံးစရိတ်၏ ၂၂ ရာခိုင်နှုန်းကို နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ပြီး၊ ကျန် ၇၈ ရာခိုင်နှုန်းကို ကိုယ်ပိုင်ရန်ပုံငွေဖြင့် စတင် ဆောင်ရွက်စေမည် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် သက်သာ ချောင်ချိရေးကို အထောက်အကူ ဖြစ်စေရန်အတွက် လစဉ်အပို ထောက်ပံ့ကြေးငွေ ကျပ်သုံးသောင်းစီကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ခံစားခွင့်ပြုရန် ရည်မှန်းထားပါသည်။

Paris Club အဖွဲ့ဝင် မြို့ရှင်နိုင်ငံများဖြစ်သော ဂျပန်၊ ပြင်သစ်၊ ဂျာမဏီ၊ နော်ဝေ၊ သြစတြီးယား၊ အင်္ဂလန်၊ ဒိန်းမတ်၊ နယ်သာလန်၊ ကနေဒါ၊ ဖင်လန်၊ အီတလီနိုင်ငံ စုစုပေါင်း ၁၁ နိုင်ငံတို့ထံ တင်ရှိနေသော ကြွေးမြီဟောင်းများကို ရှင်းလင်းနိုင်ရေးအတွက် အဆင့်ဆင့်

ညှိနှိုင်း ဆောင်ရွက်ခဲ့ပြီးနောက် Paris Club အဖွဲ့အစည်းနှင့် အများသဘောတူညီချက် (Multilateral Agreement) ကို လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ Paris Club အဖွဲ့ဝင်နိုင်ငံများအနက် ဦးစွာဂျပန်နိုင်ငံနှင့် ကြွေးမြီရှင်းလင်းရန်ကိစ္စကို သီးခြား ဆောင်ရွက်မည်ဖြစ်ရာ ချေးငွေစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းအား ဂျပန်နိုင်ငံမှ ကြွေးလျော်ပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းအား ပေါင်းကူးချေးငွေရယူ၍ ကြွေးဟောင်းမှ ကြွေးသစ်ပုံစံသို့ ပြောင်းလဲရှင်းလင်းနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ ကျန် Paris Club အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံတို့နှင့် ကြွေးမြီရှင်းလင်းရေးကိစ္စများကိုလည်း Multilateral Agreement နှင့်အညီ နှစ်နိုင်ငံချင်း ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရန် ရည်မှန်းထားပါ သည်။

e-Pension စနစ်အား ရန်ကုန်ဘဏ်ခွဲ (၂) တွင် စတင် စမ်းသပ်ဆောင်ရွက်နိုင်ခဲ့ပြီး တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ် အတွင်း ဘဏ်ခွဲပေါင်း ၂၉၂ ဘဏ်ခွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများအားလုံးတွင် e-Pension စနစ်ဖြင့် ပင်စင်လစာ ထုတ်ပေးနိုင်ရန် မျှော်မှန်းပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး နှင့် ပြည်နယ်များအလိုက် စီမံကိန်းရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၈-၃

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇာစ်မြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၃ -၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

မြန်မာနိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားဧည့်သည်များ ငွေပေးချေမှု ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာငွေပေးချေကတ် တစ်ခုဖြစ်သည့် China Union Pay (CUP) Card အား MPU အဖွဲ့ဝင်ဘဏ်များ၏ ATM နှင့် POS များတွင် ခွင့်ပြုပေးမည့်အပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာ ငွေပေးချေကတ်များ ဖြစ်သော Japan Credit Bureau (JCB) Card ၊ Visa Card နှင့် Master Card များကိုလည်း ပုဂ္ဂလိကဘဏ် ၄ ဘဏ်တို့၏ ATM နှင့် POS များတွင် ထုတ်ယူသုံးစွဲ နိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါ သည်။

Large Value Payment များအတွက် ချက်လက်မှတ်များ အလိုအလျောက် စာရင်း ရှင်းလင်းခြင်းစနစ် Auto Clearing System ၊ အချိန်နှင့်တပြေးညီ စာရင်း ရှင်းလင်းခြင်း စနစ် Real Time Gross Settlement System များကိုလည်း နိုင်ငံတကာအဖွဲ့အစည်း များနှင့် ညှိနှိုင်းပြီး၊ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ATM စက်အလုံး ၆၀၀၊ POS စက်အလုံး ၂,၅၀၀ တပ်ဆင်ရန် လျာထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ATM စက်အလုံး ၁,၀၀၀၊ POS စက်အလုံး ၄,၅၀၀ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ATM စက်အလုံး ၁,၅၀၀၊ POS စက်အလုံး ၆,၀၀၀ ထပ်မံ တိုးမြှင့်တပ်ဆင်ရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားဘဏ်များ ဝင်ရောက်လုပ်ကိုင်ခွင့်ကို ပထမအဆင့် အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားဘဏ်နှင့် ပြည်တွင်းဘဏ်များ ပူးပေါင်းတည်ထောင်မည့် ဖက်စပ်ဘဏ် (Joint Venture Bank) လုပ်ငန်း လုပ်ကိုင်ခွင့် ပြုသွားပါမည်။

Mobile Banking ဝန်ဆောင်မှုလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်၍ မြန်မာမိုဘိုင်း ငွေကြေး ဝန်ဆောင်မှု လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး Mobile Phone ဖြင့် စာရင်း တစ်ခုမှ တစ်ခုသို့ ငွေလွှဲပြောင်းခြင်း၊ မြို့တစ်မြို့မှ တစ်မြို့သို့ ငွေလွှဲပို့ခြင်း၊ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ဈေးဝယ်ခြင်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့ပြင် တတိယအဆင့်ဖြစ်သည့် Branchless Banking အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် ဘဏ်များမှဝန်ဆောင်မှုကိုယ်စားလှယ်များ (Cash Agent) ခန့်အပ်၍ ငွေလွှဲဝန်ဆောင်မှုများ ဆောင်ရွက်ခွင့်ပြုရန် ရည်မှန်းထားရှိသဖြင့် ပြည်သူများမှ ဘဏ်နှင့်လက် တစ်ကမ်း အကွာတွင် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ရရှိလာနိုင်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများက တာဝန်ခံ ဆောင်ရွက်သော အထူးပြုဘဏ်လုပ်ငန်းများ (ဆောက်လုပ်ရေး၊ အသေးစား ငွေကြေးလုပ်ငန်း၊ လယ်ယာဖွံ့ဖြိုးရေး၊ ကျောက်မျက်) တည်ထောင်လုပ်ကိုင် ခွင့်ပြုရန်လည်း ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ရှိ ချေးငွေစီစစ် ကြီးကြပ်ကွပ်ကဲရေး ဌာနကို နိုင်ငံတော်ရန်ပုံငွေနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် လုပ်ငန်းဌာနအဖြစ် လည်းကောင်း၊ စက်မှုချေးငွေဌာနကို နိုင်ငံတော်မှ တာဝန်ပေးသည့် မူဝါဒဆိုင်ရာ ချေးငွေလုပ်ငန်း များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးချေးငွေ လုပ်ငန်းဌာနအဖြစ် လည်းကောင်း၊ သုတေသန လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနကို နိုင်ငံတကာဘဏ်များ၊ အဖွဲ့အစည်း များနှင့် တိုးချဲ့ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် သုတေသန၊ လေ့ကျင့်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနအဖြစ် လည်းကောင်း၊ ပြန်လည် ပြင်ဆင်ဖွဲ့စည်းမည် ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ နိုင်ငံခြားငွေလုပ်ငန်းရုံးခွဲကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ရန်စီစဉ် ဆောင်ရွက်ပြီး SWIFT စနစ်တပ်ဆင် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစတင် ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်၊ရန်ကုန်ဘဏ်ခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ ငွေစုဘဏ်ခွဲ(၃)၊ တာမွေ၊ ကြည့်မြင်တိုင်၊ သဃ်ိန်းကျွန်း၊ မန္တလေး(၁)၊ (၂)၊ နေပြည်တော်၊ ပျဉ်းမနားတို့တွင် ATM စက် (၁၄) လုံးတပ်ဆင်ရန်နှင့် ပထမအဆင့် MEB Network အတွင်း စတင်ဆောင်ရွက်မှုအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများ၏ လစာငွေအား ATM စနစ်ဖြင့် စမ်းသပ်ထုတ်ပေးမည် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင် MPU Network အတွင်းဝင်ရောက်ရန် Switch Certification ဆောင်ရွက်သွားပါမည်။ Certification ပြီးစီးပါက MPU အဖွဲ့ဝင်ဘဏ် အားလုံးနှင့် ချိတ်ဆက် အသုံးပြုနိုင်ရေး ဆောင်ရွက်ပါမည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးမူဝါဒအရ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများဖွံ့ဖြိုးစေရေးအတွက်မြန်မာ့စီးပွားရေးဘဏ်မှကိုယ်စားလှယ်ရုံး Border Trade Agencyများကိုထီးခိုးနှင့်မောတောင်တို့တွင်ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘုရားသုံးဆူနှင့် မယ်စဲ့မြို့တွင် ကိုယ်စားလှယ်ရုံးများ ထပ်မံ ဖွင့်လှစ်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ အောင်ပန်း၊ ကျွဲဆည်ကန်၊ ဘုရင့်နောင်ပွဲရုံ နေရာ များတွင် မြန်မာ့စီးပွားရေးဘဏ်မှ ငွေလွှဲကောင်တာများ သီးခြားဖွင့်လှစ်ပြီး ငွေလွှဲလုပ်ငန်း များ မြန်ဆန်ရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းပါ သည်။

မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများအား လုံးတွင် e-Pension စနစ်ဖြင့် ပင်စင်လစာ ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဘဏ်ခွဲပေါင်း ၂၉၅ ဘဏ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မတည်ငွေရင်းတိုးမြှင့်ပြီး ဖွံ့ဖြိုးရေးဘဏ် အသွင်ပြောင်းလဲရန်နှင့် ပြန်လည်ပြင်ဆင် ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်မည်ဖြစ်ပါသည်။ နိုင်ငံတော်မှ အစုရှယ်ယာ ၇၅ ရာခိုင်နှုန်း ၊ အများပြည်သူမှ အစုရှယ်ယာ ၂၅ ရာခိုင်နှုန်း ပိုင်ဆိုင်သော အများပိုင်ဘဏ် ပုံစံအဖြစ် ပြောင်းလဲ ဖွဲ့စည်းသွားပါမည်။

အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်းတို့ ဆောင်ရွက်နိုင်ရန် မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့ပြင် အသေးစား ချေးငွေရုံးခွဲ (၁၄၃) ရုံး ပိတ်သိမ်းခြင်းလုပ်ငန်းများအား ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ရန် စီစဉ်ထားရှိ ပါသည်။

UNDP-UNCDF အစီအစဉ်ဖြင့် Making Access to Finance Possible (MAP) နှင့် Microlead စီမံကိန်း ၂ ခုအား ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ရန် စီစဉ်ထားရှိရာ MAP စီမံကိန်းသည် ဝယ်ယူအား၊ ရောင်းလိုအား လေ့လာမှု၊ ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အဦများနှင့် လက်ကား ဘဏ္ဍာငွေထောက်ပံ့ရေး ယန္တရားများ၊ ငွေချေးသူ သတင်းအချက်အလက်များအား လေ့လာခြင်း၊ အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှု လမ်းပြမြေပုံဖော်ထုတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အစီအစဉ် (Action Plan) ဖော်ထုတ်ခြင်း၊ သတင်း အချက်အလက်များအား MFI များအကြား မျှဝေ သုံးစွဲခြင်းများကို ဆောင်ရွက်ရန် အတွက် ရည်မှန်းထား ရှိပါသည်။

Microlead စီမံကိန်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဝင်ငွေနည်း မိသားစုတစ်သိန်း၊ လူဦးရေ ငါးသိန်းခန့်အား ငွေစုခြင်း၊

ငွေချေးခြင်းလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊ ဒေသတွင်းအတွေ့အကြုံ ရှိသော နိုင်ငံများမှ နည်းပညာနှင့် မတည်ငွေရင်း ပြည့်ဝသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း ၂ ဖွဲ့အား မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အကူအညီ ပေးရန်နှင့် လုပ်ငန်း ၅၀ ရာခိုင်နှုန်းအား ကျေးလက်ဒေသတွင် ဆောင်ရွက်ပြီး အမျိုးသမီး ၅၀ ရာခိုင်နှုန်း ပါဝင် ဆောင်ရွက်ရန်၊ Microlead ၏ အတွေ့အကြုံနှင့် သင်ခန်းစာများကို အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအကြား မျှဝေသုံးစွဲနိုင်ရန်၊ ဝင်ငွေနည်း မိသားစုများ၏ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ၊ ငွေကြေးသုံးစွဲမှုဆိုင်ရာ အမူအကျင့်များ၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှု လိုအပ်ချက်များအား အသေးစိတ် သုတေသနပြု ဆောင်ရွက်သွားပါမည်။

မြန်မာ့အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းကိစ္စရပ်များတွင် နိုင်ငံခြားငွေဖြင့် အာမခံ လက်ခံဆောင်ရွက်ခြင်း၊ လျော်ကြေးပေးချေခြင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ နိုင်ငံခြားကုမ္ပဏီ များတွင် တစ်ဆင့်အာမခံထားခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းမှတစ်ဆင့် အာမခံကုမ္ပဏီများသို့ ပရီမီယံပေးချေခြင်း၊ ရရှိမည့် တစ်ဆင့်အာမခံ ကော်မရှင်များကို လက်ခံ ဆောင်ရွက်ခြင်းနှင့် လျော်ကြေးပေါ်ပေါက်ပါက တစ်ဆင့်အာမခံ ကုမ္ပဏီများမှ ပြန်လည် ရရှိမည့် လျော်ကြေးများကို အာမခံထားရှိသူများသို့ ပြန်လည် ပေးလျော်ခြင်း စသည့် ကိစ္စရပ် များအတွက် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် နိုင်ငံခြား ငွေစာရင်းများ ဖွင့်လှစ်၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံပိုင် မြန်မာ့ လေကြောင်းလိုင်းနှင့် ပုဂ္ဂလိက လေကြောင်းလိုင်းများမှ စုစုပေါင်း လေယာဉ်(၅၀)စီးအား နိုင်ငံခြားတစ်ဆင့်အာမခံ ကုမ္ပဏီ များတွင် ၁၀၀% တစ်ဆင့်အာမခံထားရှိပြီး ကော်မရှင်ရယူ ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

အာမခံလုပ်ငန်းကြီးကြပ်မှုအဖွဲ့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြန်လည်ဖွဲ့စည်း သွားပါမည်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကအာမခံ ကုမ္ပဏီများအား အာမခံ လုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုခဲ့ရာ ပထမအမျိုးသား အာမခံ ကုမ္ပဏီလီမိတက်၊ အပြည်ပြည်ဆိုင်ရာကမ္ဘာဇ အာမခံကုမ္ပဏီလီမိတက်၊ မြို့တော် အသက်အာမခံ ကုမ္ပဏီ၊ Young Insurance Global အာမခံကုမ္ပဏီ လီမိတက်၊ Grand Guardian အာမခံကုမ္ပဏီ၊ Global World Insurance အာမခံကုမ္ပဏီ လီမိတက်၊ အောင်သစ္စာဦး

အာမခံကုမ္ပဏီလိမိတက်၊ နိုင်ငံသားစီးပွားရေးအာမခံ(အများပိုင်)လိမိတက်၊ ဧရာမြန်မာ အာမခံကုမ္ပဏီလိမိတက်၊ အောင်မြင့်မိုရ်မင်း အာမခံ ကုမ္ပဏီလိမိတက်၊ Excellent Fortune Insurance Company Limited စသည့် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ အသက်အာမခံ၊ မီးအာမခံ၊ အလုံးစုံ မော်တော်ယာဉ်အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှု အာမခံ၊ သမာဓိအာမခံ စသည့် အာမခံအမျိုးအစား ၆ ခု အား လုပ်ကိုင်နိုင်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ ခွင့်ပြုပေးရန် ရည်မှန်းထားပါသည်။

ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး စီမံကိန်းအား ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်း ခန့်မှန်းကုန်ကျစရိတ်မှာ US$ သန်း ၇၀ ခန့် ဖြစ်ပြီး IDA ချေးငွေသန်း ၃၀ နှင့် ကျန်ကုန်ကျစရိတ်များအား ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများထံမှ အထောက်အပံ့ရရှိရေး ညှိနှိုင်းဆောင်ရွက်သွားပါမည်။ စီမံကိန်းကာလမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရတို့အကြား ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၌ Inter Governmental Fiscal Relation ဌာနခွဲနှင့် ဘဏ္ဍာရေးမူဝါဒ လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစေရန် Fiscal Policy and Strategy ဌာနခွဲတို့ကို တိုးချဲ့ဖွဲ့စည်းနိုင်ရန်နှင့် IMF မှ စီစဉ်စေလွှတ်ပေးမည့် Treasury Advisor နှင့် ပူးပေါင်း၍ Treasury Function ကို စတင်ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ် အတွင်း ပြင်ဆင်ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်တွင် ငွေတိုက်ဌာန ဖွဲ့စည်းတည်ထောင်ရန်အတွက် ငွေတိုက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် စတင်ဆောင်ရွက်ခြင်း၊ ခိုင်မာအားကောင်းသော ပြည်သူ့ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားရန် ရည်မှန်းပါ သည်။

ငွေကြေးဆိုင်ရာခန့်မှန်းခြင်း (Treasury Forecast) အားဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ Cash Management Committee ကို ဖွဲ့စည်းပြီး ငွေတိုက်ဌာန Treasury Department ကို ဖွဲ့စည်းတည်ထောင်နိုင်ရေးနှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် ငွေတိုက်ရေးရာဌာနတွင် ခေတ်မှီ ICT နည်းပညာများ ဖြင့်တိုးချဲ့နိုင်ရန် ရည်မှန်းထားပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ အစိုးရကြွေးမြီဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ခေတ်နှင့်အညီ ဆောင်ရွက်ရန်အတွက် Public Debt Management ပြုပြင် ပြောင်းလဲရေး အစိုးရကြွေးမြီစီမံခန့်ခွဲရာတွင် အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ တိတိကျကျ သတ်မှတ်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေး ဘဏ်တို့ပါဝင်သော Debt Management Committee အား ဖွဲ့စည်းရေးအတွက်လည်း စတင် ဆောင်ရွက်မည် ဖြစ်ပါသည်။

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayer Office) အတွက် အခွန်ထမ်း ရွေးချယ်ခြင်း၊ တာဝန်ပေးအပ်မည့် အခွန်ဝန်ထမ်းများ ရွေးချယ်ခြင်းနှင့် ပြည်တွင်းပြည်ပ သင်တန်း လေ့ကျင့်သင်ကြားပေးခြင်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် ရည်မှန်းထားပြီး အခွန်ထမ်းအမြဲတမ်း မှတ်ပုံတင်အမှတ် Taxpayer Identification Numbers (TINs) စတင် သတ်မှတ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားပါ မည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ အခွန်စာရင်း စစ်ဆေးခြင်း အစီအစဉ် အပါအဝင် လုပ်ငန်းစဉ်များ ချမှတ်ခြင်းကို နိုင်ငံတကာ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ထိန်းချုပ်ကွပ်ကဲမှု ဗဟိုဌာန Data Center တည်ထောင်နိုင်ရေး စသည့် လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှစ၍ အခွန်အခြေခံ Tax Base ချဲ့ထွင်ရေး၊ အခွန်ရငွေကို GDP နှစ်စဉ် တိုးတက်မှုနှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်ကို အခြေပြု၍ နှစ်စဉ်အခွန်တိုးတက်ရရှိရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် ဥပဒေပြု စာရင်းများအတိုင်း ကောက်ခံရမည့် အခွန်အခများ ခွဲခြား သတ်မှတ်ပေးရေးတို့အတွက် ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အခွန်အကောက်

ဖွဲ့စည်းပုံ တွင်ပါဝင်သင့်သော အခွန်အမျိုးအစားများအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ ဓာတ်သတ္တုခွန် နှင့်ရတနာခွန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်နှင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက် စသည့် အခွန်အကောက် (၄) မျိုးတို့ကို တိုးချဲ့ ကောက်ခံရန် စီစဉ်ထား ရှိပါသည်။

ထို့အပြင် အခွန်ဥပဒေများကို ရှင်းလင်းလွယ်ကူစေရန်နှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲ နေသော စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဖွဲ့စည်းပုံအား ပြင်ဆင်ရေးဆွဲမည် ဖြစ်ပါသည်။ ထို့အပြင် ရုံးခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေတို့ကို လက်ရှိ အခြေအနေများနှင့် သင့်လျော်အောင် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး အတွက်ဆောင်ရွက်ရန် ရည်မှန်းထား ရှိပါသည်။

အကောက်ခွန်ဥပဒေအား ခေတ်နှင့်လျော်ညီစေရန်အတွက် ပြင်ဆင်ရေးဆွဲရေးနှင့် ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါ အထူးစီးပွားရေးဇုန်များတွင် အကောက်ခွန် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အင်အားလိုအပ်ချက်များကို ဖြည့်ဆည်းမှုအဖြစ် အကောက်ခွန်ဦးစီးဌာန ဖွဲ့စည်းပုံအား ပြင်ဆင်ရေးဆွဲရေးအတွက်လည်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စီမံကိန်းရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၈-၄

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နည်းဥပဒေနှင့် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေတို့ကို ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီများရယူ၍ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ် စာရင်းများအား ICT Auditing Software ဖြင့် စစ်ဆေးနိုင်ရေးနှင့် အီလက်ထရောနစ် နည်းလမ်းဖြင့် သတင်းအချက်အလက်များ ပေးပို့သည့်စနစ် (Electronic Data Reporting System) ကို ပိပြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားငွေဈေးကွက် ပိပြင်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း ပေါင်းစည်းရေး အစီအစဉ်အရ Foreign Currency Auction ကို ပို၍ထိရောက်စေရန်နှင့် နိုင်ငံခြားငွေ လွှဲပြောင်းမှုများနှင့် ဘဏ်မဟုတ်သော ကုမ္ပဏီများ၏ Money Changer Counter များ၌ နိုင်ငံခြားငွေ ဝယ်ယူရောင်းချခြင်းများကို ထိရောက်စွာ ထိန်းကျောင်းသွားရန် ရည်မှန်းထားပါ သည်။

နိုင်ငံတကာ Payment Card များကို မြန်မာနိုင်ငံတွင် ကျပ်ငွေ (သို့မဟုတ်) နိုင်ငံခြားငွေဖြင့် ထုတ်ပေးခြင်း၊ Online Banking နှင့် Mobile Banking စနစ်တို့ကို နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုးချဲ့လုပ်ကိုင်နိုင်ရန် ဆက်လက်ဆောင်ရွက်ရေး၊ Cross Border Trade Payment နှင့် ပတ်သက်၍ နိုင်ငံတကာဘဏ်များမှ နည်းပညာအကူအညီ ရယူဆောင်ရွက်ရေး၊ Large Value Payment များအတွက် Automatic Clearing House System (ACH), Real Time Gross Settlement System (RTGS) တို့ဖြင့် Electronic Banking System ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့အတွက်လည်း ရည်မှန်းချက်များ ထားရှိပါသည်။

မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် (Capital Market) ဆောင်ရွက်နိုင်ရေး အတွက် အဓိကဥပဒေဖြစ်သော ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး ဥပဒေ (Securities Exchange Law) ကို ပြဋ္ဌာန်းပြီး၍ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် Securities Exchange Commission (SEC) ကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

ဘဏ္ဍာရန်ပုံငွေစာရင်းများအားလုံး စုစည်းပါဝင်သည့် တစ်ခုတည်းသော ငွေတိုက်စာရင်း Treasury Single Account စနစ်အား စတင် ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီ Core Banking System ကို အဆင့်(၄) ဆင့်ဖြင့် ဆောင်ရွက် သွားမည်ဖြစ်သည်။

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Taxpayer Office) ကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင် ဖွင့်လှစ်နိုင်ရန်နှင့် ၄င်းအခွန်ရုံးမှ ရရှိသည့် အတွေ့အကြုံများကို အခြေပြု၍ အလယ်အလတ်အဆင့် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ (Medium Taxpayer Offices) ကို သင့်လျော်သည့်ဒေသများတွင် စတင်ဖွင့်လှစ်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ပါ မည်။ တန်ဖိုးမြင့်အခွန်စနစ် သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှု

အခွန်စနစ်ကို စတင်ကျင့်သုံးနိုင်ရန်အတွက်လည်း ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စီမံကိန်းရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြထားပါသည်-

ပုံ ၈-၅

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်

(နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်း နိုင်ငံခြားဘဏ်များက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းတည်ထောင်သည့် ဘဏ်လုပ်ငန်းရုံးခွဲ (Wholly Owned Subsidiary) လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

အရင်းအနှီးဈေးကွက် ဆောင်ရွက်နိုင်ရေးအတွက် အဓိကဥပဒေဖြစ်သော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) အရ ဖွဲ့စည်းထားသည့် Securities Exchange Commission (SEC) ၏ ကြီးကြပ်မှုဖြင့်

သတ်မှတ်ကာလအတွင်း အရင်းအနှီးစျေးကွက် ပေါ်ပေါက်လာစေရေး ဆောင်ရွက်ရန် ရည်မှန်းပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အလယ်အလတ်အဆင့် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ (Medium Taxpayer Offices) ကို ၁-၄-၂၀၁၅ တွင် စတင်ဖွင့်လှစ်ရန် ရည်မှန်းထားပါသည်။ အလယ်အလတ်အဆင့် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများမှ ရရှိသည့် အတွေ့အကြုံများကို အခြေပြုလျက် အခွန်ထမ်းငယ်များဆိုင်ရာ အခွန်ရုံးများ (Small Taxpayer Offices) ကို ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန် ရည်မှန်းပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဆောင်ရွက်ချက်များပုံစံတွင် ဖော်ပြထားသော လွတ်လပ်စွာ ကုန်ပစ္စည်း စီးဆင်းမှုအတွက် အကောက်ခွန်ဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ချက်များအနေဖြင့် အကောက်ခွန်နှုန်းဆိုင်ရာ လျော့ပေါ့မှုများ၊ အကောက်ခွန် ပေါင်းစည်းရေးအတွက် အကောက်ခွန် ဖွဲ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံတော် ပြတင်းတစ်ပေါက်မှတစ်ဆင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ်သို့ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အတွင်းအပြီး ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် စီမံကိန်းရည်မှန်းချက်များကို ပုံပြဂရပ်ဖြင့် ဖော်ပြပါသည်-

ပုံ ၈-၆

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေရေးကြေးရေးကဏ္ဍ၏ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စုစုပေါင်းဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်း)



ဇယားမြစ်။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးများ

နိဂုံး

မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လက်ရှိဖွံ့ဖြိုးမှုအဆင့်ကို အချိန်တိုအတွင်း ရရှိနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် လိုအပ်ပါသည်။ အဆိုပါ လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးအတွက် ပြည်တွင်းစုစည်း ရရှိနိုင်မည့် ငွေကြေးအင်အားသာမက ပြည်ပမှ စုစည်းရရှိနိုင်မည့် ငွေကြေးပမာဏပေါ် မူတည်ပါသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးအတွက် ဆွဲဆောင်မှုများ ပြုလုပ်သည့်အပြင် အရင်းအနှီးဈေးကွက် အမြန်ပေါ် ထွက်လာရေးအတွက် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

အခန်း(၉)

ကျေးလက်ဖွံ့ဖြိုးရေး

အခန်း(၉)

ကျေးလက်ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသဖြင့် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း မညီမျှမှုများ ရှိနေဆဲဖြစ်ပါသည်။ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ ဆင်းရဲနွမ်းပါးမှုမှာ ပြည်ထောင်စုတွင် စုစုပေါင်း ၂၅.၆ ရာခိုင်နှုန်း၊ မြို့ပြတွင် ၁၅.၇ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၂၉.၂ ရာခိုင်နှုန်း ရှိပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ လူဦးရေလေးပုံတစ်ပုံ ခန့်သည် ဆင်းရဲမွဲခံစားနေရပြီး ဆင်းရဲမွဲနွမ်း အမြင့်ဆုံးဖြစ်သည့် ချင်းပြည်နယ်တွင် လူဦးရေ၏ လေးပုံသုံးပုံခန့်မှာ ဆင်းရဲမွဲကို ခံစားနေရပါသည်။ ဆင်းရဲမွဲနွမ်း အနည်းဆုံးမှာ ကယားပြည်နယ်ဖြစ်ပြီး လူ ၁၀ ဦးတွင် တစ်ဦးသာ ဆင်းရဲ သည်ကိုတွေ့ရှိရပါသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးမှု လျော့နည်းခြင်းမှာ ထိုစဉ်က စာရင်း ကောက်ရာတွင် လုံခြုံရေးအခြေအနေအရ ဘော်လခခရိုင်ပါဝင်မှု မရှိခြင်း ကြောင့်ဖြစ်ပါသည်။

ပုံ ၉-၁

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အမျိုးသားအဆင့် ဆင်းရဲမွဲနွမ်းနှုန်း



ဇယားမြစ်။ IHLCA စစ်တမ်း ၂၀၁၀

၂၀၁၀ ခုနှစ် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း၏ ရလာဒ်များကို ခြုံငုံသုံးသပ်ပါက လူဦးရေစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းခန့်သည် ဆင်းရဲမွဲပြ မျဉ်းအောက်တွင် ကျရောက်နေပါသည်။ ဆင်းရဲနွမ်းပါးမှုမှာ ပြည်ထောင်စုတွင် ၂၅.၆ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဆင်းရဲနွမ်းပါးမှုမှာ ၂၉.၂ ရာခိုင်နှုန်းနှင့် မြို့ပြဆင်းရဲနွမ်းပါးမှုမှာ

၁၅.၇ ရာခိုင်နှုန်းရှိသဖြင့် ကျေးလက်သည် မြို့ပြထက် ဆင်းရဲနွမ်းပါးမှု နှစ်ဆခန့်ရှိပါသည်။ ၂၀၀၅ ခုနှစ် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ ဆင်းရဲနွမ်းပါးမှုမှာ ပြည်ထောင်စုတွင် ၃၂.၁ ရာခိုင်နှုန်းရှိပြီး ကျေးလက်တွင် ၃၅.၈ ရာခိုင်နှုန်းနှင့် မြို့ပြတွင် ၂၁.၅ ရာခိုင်နှုန်း ရှိခဲ့ရာ ၂၀၀၅ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှု ၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ ကျဆင်းသောအလားအလာသည် မြို့ပြတွင် ကျေးလက် ထက်ပို၍ မြင့်မားသောနှုန်းဖြင့် ကျဆင်းခဲ့ပြီး အဆိုပါ အလားအလာကို ပြည်နယ်နှင့်တိုင်း ဒေသကြီး အားလုံးနီးပါးတွင်တွေ့ရပါသည်။

ပုံ ၉-၂

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဆင်းရဲမှုနှုန်း အလားအလာများ



ဇယားမြစ်။ **IHLCA စစ်တမ်း ၂၀၀၅၊ IHLCA စစ်တမ်း ၂၀၁၀**

အမျိုးသားအဆင့်ဆင်းရဲနွမ်းပါးမှုကို အခြေခံအစားအစာနှင့် အစားအစာမဟုတ်သော အမယ်တစ်စုကိုရရှိရန် မတတ်နိုင်သော လူဦးရေအချိုးဖြင့် အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံအများစုဌ ဆင်းရဲမှုအားလုံးတွင် အစားအစာဆင်းရဲမှုမှာ အများဆုံးပါဝင်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အိမ်ထောင်စုအသုံးစရိတ်၏ သုံးပုံနှစ်ပုံကို အစားအစာအတွက် အသုံးပြုရပါသည်။ ၂၀၁၀ ခုနှစ် အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှု

စစ်တမ်းအရ အစားအစာဆင်းရဲမှုနှုန်းမှာ မြို့ပြတွင် ၂.၅ ရာခိုင်နှုန်းရှိပြီး ကျေးလက် တွင် ၅.၆ ရာခိုင်နှုန်းရှိသဖြင့်ကျေးလက်သည် မြို့ပြထက်နှစ်ဆကျော်ရှိနေပေသည်။ မြို့ပြနှင့်ကျေးလက် ဒေသများအတွင်း အစားအစာရရှိနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်း ကွာခြားမှုကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည်။ အစားအစာဆင်းရဲမှုမှာ ပြည်ထောင်စုအဆင့်၌ ၂၀၀၅ ခုနှစ်တွင် ၉.၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄.၈ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ကုလသမဂ္ဂမှ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ပေါင်းစုံ၊ ရွာထောင့်ပေါင်းစုံကို မြင့်တင်ပေးခြင်းဖြင့် ဆင်းရဲမှုနှင့်ငတ်မွတ်ခေါင်းပါးမှု ဘေးဒုက္ခ တို့မှ လျော့နည်းမှုရှိစေရန် ရည်ရွယ်ချက်ဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်တွင် "ဆင်းရဲမှုနှင့် စားနပ်ရိက္ခာ ချို့တဲ့မှု ပပျောက်စေရန် Eradicate Extreme Poverty and Hunger" ကို ထည့်သွင်း သတ်မှတ် ခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအကြားတွင် အလေးထား ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစီမံချက် များသည် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မှုတွင် အလွန်အရေး ပါသည့်အတွက် ဆင်းရဲမှုလျော့ချရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရန် လိုပါသည်။ မြန်မာနိုင်ငံ၏ ဆင်းရဲမှု လျော့ချရေးနှင့် စပ်လျဉ်းသည့် ရည်မှန်းချက်မှာ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုနှုန်းကို ၁၆ ရာခိုင်နှုန်းထိ လျော့ချရေးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် မေလတွင် တစ်နိုင်ငံလုံးဆိုင်ရာ ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ် ဇွန်လတွင် ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းကာ ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ၎င်းတို့၏ ကဏ္ဍအလိုက် ကာလတို၊ ကာလရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် လျက်ရှိကြပါသည်။ မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် စေရန် ရည်မှန်းချက်ထားပြီး နှစ်စဉ် နိုင်ငံတော် ရန်ပုံငွေများဖြင့် လည်းကောင်း၊ နိုင်ငံတကာမှ အလှူရှင်၊ ချေးငွေ၊ အကူအညီများဖြင့် လည်းကောင်း၊ ပြည်တွင်းမှ အလှူရှင်များဖြင့် လည်းကောင်း၊ ကျေးရွာများတွင် ကိုယ်ထူကိုယ်ထ စနစ်များဖြင့်လည်းကောင်း၊ လုပ်ငန်း အားလုံးကို ပေါင်းစပ်၍ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ကျေးလက်ဒေသရှိ ကုန်ထုတ်လမ်း များ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့် မြို့ဆက်သွယ်သည့်လမ်းများကို နှစ် ၂၀ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့်

လက်ရှိ ကျေးလက်လမ်းစုစုပေါင်း ၂၉,၇၈၉ မိုင် ၇ ဖာလုံရှိ၍ ကျေးလက်တံတားမှာ စုစုပေါင်း ၂၄၁,၈၁၀ ပေ ရှိပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ၌ ကျေးရွာပေါင်း ၆၄,၉၁၇ ရွာ ရှိသည့်အနက် ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးပြီး ကျေးရွာစုစုပေါင်းမှာ ၃၀,၆၀၆ ရွာဖြစ်သဖြင့် လွှမ်းခြုံမှု ၄၇.၁၅ ရာခိုင်နှုန်းရှိပြီး ဆက်လက်ပြီး ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်းမှာ ၃၄,၃၁၁ ရွာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်း၊ လူဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးပွားလာခြင်း၊ ရေသုံးစွဲမှုများပြားလာခြင်းတို့ကြောင့် ဆောင်ရွက်ပြီးကျေးရွာအချို့တွင်ပင် ကျေးလက်ရေပေးရေးကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။ ကျေးလက်မီးလင်းရေး နှင့် ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ပထမကာလတို (၅)နှစ် အမျိုးသားစီမံကိန်းအရ နှစ်အလိုက် လျာထားရည်မှန်းချက်များမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

ကျေးရွာချင်းဆက် လမ်း/တံတားများကို မြေလမ်း ၁၉၂ မိုင်၊ ကျောက်လမ်း ၁၇၃ မိုင်၊ ကတ္တရာလမ်း ၁၆ မိုင်၊ သစ်သားတံတား ၂၀ စင်း၊ ရေပြွန် ၇၅ စင်းတို့ကို ဖောက်လုပ်ရန် ရည်မှန်းထားခဲ့ပါသည်။ ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဖောက်လုပ်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးလမ်းအပိုင်း၊ ပဲခူးတိုင်းဒေသကြီးလမ်းပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလမ်းပိုင်းအားလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ဖောက်လုပ်ခြင်းအတွက် မန္တလေးတိုင်းဒေသကြီးလမ်းပိုင်း၊ ပဲခူးတိုင်းဒေသကြီးလမ်းပိုင်းနှင့် မွန်ပြည်နယ်လမ်းပိုင်းများအားလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ် (၃) ဖောက်လုပ်ခြင်းအတွက် ကချင်ပြည်နယ်လမ်းအပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလမ်းအပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးလမ်းအပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးလမ်းအပိုင်းများတွင် ကတ္တရာလမ်းခင်းခြင်း၊ မြေသားလမ်းခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ တံတားများဆောက်လုပ်ခြင်း၊ ရေပြွန်များဖောက်ခြင်းများဆောင်ရွက်ရန် ရည်မှန်းခဲ့ပါသည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းတိမ် ၅၃၅တွင်း၊ တွင်းနက် ၄၂၇ တွင်း၊ အခြား ၆၃၅ ခုနှင့် ကျေးရွာပေါင်း ၁,၅၉၇ ရွာတွင် အကျိုးခံစားခွင့် ရရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြေလမ်း ၅၇၆ မိုင်၊ ကျောက်လမ်း ၇၈၃ မိုင်၊ ကတ္တရာလမ်း ၉၂ မိုင် ဖောက်လုပ်ရန် ရည်မှန်းခဲ့ပါသည်။

စည်ပင်သာယာရေးဦးစီးဌာနမှ သန့်ရှင်းသောသောက် သုံးရေရရှိရေးအတွက် တွင်းတိမ် ၁၂၂ တွင်း၊ တွင်းနက် ၂၆၃ တွင်း၊ အခြား ၃၅၄ ခု နှင့် ကျေးရွာ ပေါင်း ၇၃၉ ရွာတွင် အကျိုးခံစားခွင့်ရရန် ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက် လမ်း/တံတားများကို မြေလမ်း ၇၇၃/၁ မိုင်၊ ကျောက်ခြောလမ်း ၃၂၀/၀ မိုင်၊ ကတ္တရာလမ်း ၁၅၀/၃ မိုင်၊ သစ်သား တံတား ၁၆,၀၀၀ ပေ၊ ရေပြွန် ၁၁,၂၀၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားခဲ့ ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းတိမ် ၁၀၂ တွင်း၊ တွင်းနက် ၁၂၆ တွင်း၊ အခြား ၄၈၂ ခုနှင့် ကျေးရွာပေါင်း ၇၁၂ ရွာကို ရည်မှန်းထားခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ကျေးလက်မီးလင်းရေးနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ၆ ခုတို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျေးလက် ဆိုလာမီး တပ်ဆင်ပေးခြင်း၊ အသေးစား ရေအားလျှပ်စစ် ဆောင်ရွက်ပေးခြင်း၊ စုစုပေါင်းမြို့နယ် ၁၀၁ မြို့နယ်၊ ကျေးရွာပေါင်း ၂၂၅ ရွာ၊ အကျိုးပြုအိမ်ခြေပေါင်း ၁၉,၆၀၆ အိမ်နှင့် အသေးစား ရေအားလျှပ်စစ်လုပ်ငန်း ၈၀ တို့အား ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ကျပ် ၁,၂၀၀ သန်းဖြင့် မြို့နယ် ၃၃ မြို့နယ်၊ ကျေးရွာပေါင်း ၆၁ ရွာ၊ အကျိုးပြုအိမ်ခြေပေါင်း ၁,၀၀၀ ရည်မှန်းခဲ့ပါသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် လျာထားငွေ(မူလ+ဖြည့်စွက်)ဖြင့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများကျပ် ၉၄,၆၄၀.၃၈၈ သန်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ကျပ် ၁၀,၇၁၆.၈၈၆ သန်း၊ ကျန်းမာသန့်ရှင်းရေး (ယင်လုံအိမ်သာဆောက်လုပ်ခြင်း)လုပ်ငန်းများ ကျပ် ၄၇၄.၀၀၀ သန်း၊ ကျေးလက် မီးလင်းရေးကျပ် ၄,၂၅၀.၅၀၀ သန်း၊ ကျေးလက် စံပြအိမ်ရာကျပ် ၁,၂၁၄.၄၀၀ သန်းနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကျပ် ၂၀၃.၀၀၀ သန်း လျာထား ရည်မှန်းခဲ့ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက်လမ်း/ တံတားများကို မြေလမ်း ၉၅၀/၀ မိုင်၊ ကျောက်လမ်း၃၈၀/၀ မိုင်၊ ကတ္တရာလမ်း ၁၉၀/၄ မိုင်၊ ကွန်ကရစ်တံတား ၈,၅၃၉ ပေ၊ သစ်သား တံတား ၁၉,၀၀၀ ပေ၊ ရေကျော် ၆,၄၀၆ ပေ၊ ရေပြွန် ၁၃,၃၀၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပြီး၊ ခရိုင်ချင်းဆက်လမ်း/ တံတားများကို မြေလမ်း ၆၅/၅ မိုင်၊ ကျောက်လမ်း ၆၀/၀ မိုင်၊ ကတ္တရာလမ်း ၁၂၄/၆ မိုင်၊ ကွန်ကရစ်တံတား ၃,၄၅၀ ပေ ကို နိုင်ငံတော် ဘဏ္ဍာငွေမှ ကျပ် ၂၀၁,၅၈၅.၄၆၉ သန်း အသုံးပြု၍ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ၊ ကျေးလက်ရေပေးရေး လုပ်ငန်းများ၊ ကျန်းမာသန့်ရှင်းရေး (ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း)လုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်စံပြအိမ်ရာ လုပ်ငန်း များ လျာထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄,၉၁၇ ရွာ ရှိသည့်အနက် ရေရရှိရေး ဆောင်ရွက်ပြီး ကျေးရွာစုစုပေါင်းမှာ ၃၀,၆၀၆ ရွာ ဖြစ်သဖြင့် လွှမ်းခြုံမှု ၄၇.၁၅ ရာခိုင်နှုန်း ရှိပြီး ဆက်လက် ဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၃၄,၃၁၁ ရွာ ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ရေ ရရှိရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာ ငွေမှ ကျပ် ၃၈,၂၁၇.၅၅ သန်း အသုံးပြု၍ တွင်းတိမ် ၁၃၂ တွင်း၊ တွင်းနက် ၂၆၄ တွင်း၊ အခြား ၆၀၄ ခု ဆောင်ရွက် မည်ဖြစ်ပြီး ကျေးရွာ ၁,၀၀၀ ရွာတွင် အကျိုးခံစားခွင့်ရရန်အတွက် ဆောင်ရွက်မည်ဖြစ်ပြီး ထိုလုပ်ငန်းများ အပါအဝင် ကျေးရွာ ၁၀,၀၀၀ သောက်သုံးရေရရှိရေး စီမံချက်ကို နိုင်ငံတော် ဘဏ္ဍာငွေ ၊ နိုင်ငံခြား အကူအညီများရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်း ထားပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျေးလက်ဒေသ မီးလင်းရေးအတွက်ဆောင်ရွက်လျက် ရှိရာ မြန်မာနိုင်ငံတွင်ကျေးရွာပေါင်း ၆၄,၉၁၇ ရှိသည့်အနက် လျှပ်စစ်မီးရရှိသည့် ကျေးရွာ ပေါင်း မှာ ၂၄,၃၉၀ ရွာရှိပြီး ၃၈ ရာခိုင်နှုန်း မီးလင်းအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ဓာတ်အားစနစ်အတွင်းမှ မီးပေးနိုင်သည့် ကျေးရွာပေါင်း မှာ ၅,၁၅၉ ရွာဖြစ်ပြီး၊ ဓာတ်အားစနစ် ပြင်ပမှ မီးရရှိသည့်ကျေးရွာပေါင်းမှာ ၁၉,၂၃၁ ရွာဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁,၇၁၂ ရွာကို လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန်နှင့် ဓာတ်အားစနစ်အတွင်းမှ ၄၄၇ ရွာနှင့် ဓာတ်အားစနစ်ပြင်ပမှ ၁,၂၆၅ ရွာ ရည်မှန်းထားရှိပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှလည်း၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသမီးလင်းရေးအတွက် ရေအားလျှပ်စစ်ဖြင့် လုပ်ငန်း ၁၂၉ ခု၊ ဆိုလာစနစ်ဖြင့် ၁၆၈,၂၉၂ ခု၊ အင်ဂျင်မီးစက်ဖြင့် ၂ ခု၊ ဇီဝဓာတ်ငွေ့ဖြင့် ၈ ခု ၊ လျှပ်စစ်ဓာတ်အားဖြင့် ၃၈ ခု ၊

စုစုပေါင်း လုပ်ငန်း ၁၆၈,၄၆၉ ခုအား ကျေးရွာ ၄၄၈ ရွာတွင် နိုင်ငံတော် ဘဏ္ဍာငွေမှ ကျပ် ၃၇,၂၉၉.၉၇၄ သန်းဖြင့်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ ထို့အပြင် အထက်ပါ မီးလင်းရေး များအပါအဝင် ကျေးရွာ ၁၀,၀၀၀ မီးလင်းရေးစီမံချက်ကိုလည်း နိုင်ငံတော် ဘဏ္ဍာငွေ၊ နိုင်ငံခြားအကူအညီများရယူ၍ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် (၂၄ ပေ × ၁၈ ပေ× ၉ ပေ ၆ လက်မ) သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ အုတ်ဖိနပ်၊ သစ်သားတိုင် အိမ်ရာများတည် ဆောက်ပေးရန်နှင့် အခြားကျေးလက်ဒေသ ဖွံ့ဖြိုးမှုဆိုင်ရာ တည်ဆောက်မှုများ အတွက် နိုင်ငံတော် ဘဏ္ဍာငွေမှ ကျပ် ၄,၄၀၂.၆၀၈ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းချက်

ကျေးရွာချင်းဆက်လမ်း/တံတားများကို မြေလမ်း ၁၅၆၃/၀ မိုင်၊ ကျောက်လမ်း ၉၃၄/၄.၆ မိုင်၊ ကတ္တရာလမ်း ၂၇၂/၀.၉ မိုင် ၊ သစ်သားတံတား ၂၂,၇၁၉ ပေ၊ ရေပြွန် ၁၃,၉၂၀ ပေ၊ ရေကျော် ၁,၅၈၀ ပေ၊ ကွန်ကရစ် တံတား ၅၈၀ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပြီး၊ ခရိုင်ချင်းဆက်လမ်း/တံတားများကို မြေလမ်း ၄၀/၀ မိုင်၊ ကျောက်လမ်း ၆၁/၁ မိုင်၊ ကတ္တရာ လမ်း ၁၀၅/၁ မိုင်၊ ကွန်ကရစ်တံတား ၂,၀၂၅ ပေ ဖောက်လုပ်ရန် ရည်မှန်းထားပါ သည်။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်တွင်းတိမ် ၆၄ တွင်း၊ တွင်းနက် ၂၃၅ တွင်း၊ အခြား ၇၅၁ ခု၊ အကျိုးခံစားခွင့် ရရှိမည့်ကျေးရွာ ၁,၀၅၀ ရွာ တို့အတွက် နိုင်ငံတော် ဘဏ္ဍာငွေဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး ထိုလုပ်ငန်းများအပါအဝင် ကျေးရွာ ၁၀,၀၀၀ သောက်သုံး ရေရရှိရေး စီမံချက်ကို နိုင်ငံတော် ဘဏ္ဍာငွေ ၊ နိုင်ငံခြားအကူအညီများရယူ၍ အကောင် အထည် ဖော်ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

နိုင်ငံတကာ အကူအညီဖြင့် ကျေးလက်မီးလင်းရေး ဆိုလာစနစ်လုပ်ငန်း ၃၃၅ ခု၊ အသေးစား ရေအားလျှပ်စစ်လုပ်ငန်း ၁၈၀ ခု၊ ဇီဝဓါတ်ငွေ့လုပ်ငန်း ၂၆၅ ခုကို လည်း ကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့်ကျေးလက် မီးလင်းရေးကို ၇၁၈ ရွာ လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တွင်လည်း အထက်ပါမီးလင်းရေးများအပါအဝင် ကျေးရွာ ၁၀,၀၀၀ မီးလင်းရေးစီမံချက်ကို နိုင်ငံတော် ဘဏ္ဍာငွေ၊ နိုင်ငံခြားအကူအညီများရယူ၍ ဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်း ကျေးလက်ဒေသ မီးလင်းရေးအတွက် ဆောင်ရွက်လျက် ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မီးလင်းရေးကို ၁,၇၁၁ ရွာ လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းကို ကျေးရွာ ၁၂၂ ရွာ၊ အိမ်ရာ ၂,၉၂၀ တည်ဆောက်သွားရန်နှင့် နိုင်ငံတကာအကူအညီဖြင့် ကျေးလက်အိမ်ရာ ၁,၁၂၀၊ မြို့နယ် ၁၁၂၊ ကျေးရွာ ၁၆၉ ရွာ တွင်တည်ဆောက်သွားရန် လျာထားခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စပ်လျဉ်းသည့် ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများဖြစ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုတွင် လုပ်ငန်း ၁၀ ခုစီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုတွင် လုပ်ငန်း ၈ ခုစီကို တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလျှင် ကျေးရွာ ၂ ရွာစီဖြင့် ကျေးရွာပေါင်း ၄၀ ရွာတွင် ဆောင်ရွက်ရန်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၄၀ရွာတို့ကို ဆောင်ရွက်ရန် လျာထားပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ပြန်လည် ထူထောင်ရေးအစီအစဉ် (UN-HABITAT) နှင့်ပူးပေါင်း၍ ကမ်းရိုးတန်းနှင့် မြို့ပြဒေသ ဖွံ့ဖြိုးရေး အထောက်အကူပြုအစီအစဉ် (Costal and Urban Settlement Support Program- CUSSP) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ်၊မေလအထိ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ရှိ မြို့နယ် ၂၁ မြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို စီမံကိန်း လျာထားငွေ အမေရိကန်ဒေါ်လာ ၆.၀၀၇ သန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်၊ မတ်လအထိ အမေရိကန် ဒေါ်လာ ၄.၁၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ

ကမ်းရိုးတန်းနှင့် မြို့ပြဒေသဖွံ့ဖြိုးရေး အထောက်အကူပြု အစီအစဉ်ကို မကွေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေသောကြောင့် ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ သက်တမ်း ထပ်မံတိုးမြှင့်၍ အမေရိကန်ဒေါ်လာ ၁.၀၅၅ သန်းခန့် ဖြင့်ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ဘဏ်မှ ထောက်ပံ့သည့် အမေရိကန်ဒေါ်လာ သန်း ၈၀ ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ်၁၄ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၏ မြို့နယ်တစ်မြို့နယ်စီ၊ စုစုပေါင်း ၁၅ မြို့နယ်တို့တွင် ကျန်းမာရေး ၊ ပညာရေး၊ ကျေးလက်လမ်း၊တံတားများတည်ဆောက်ခြင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ အခြားလုပ်ငန်းများတို့ကို ဆောင်ရွက်မည် ဖြစ်သည်။ အဆိုပါလုပ်ငန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် အောက်ဖော်ပြပါ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်တစ်မြို့နယ်အတွင်းတွင် ကျေးရွာအုပ်စု အားလုံး၌ လုပ်ငန်းများကို အကောင်အထည်ဖော်သွားပါမည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံဆိုင်ရာလုပ်ငန်းအစီအစဉ် (UNDP Country Program) ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ထည့်ဝင်ငွေအမေရိကန် ဒေါ်လာ ၅ သိန်းခန့် (၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ) ဖြင့် မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီး သုံးခုတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်၊ စွမ်းအင်နှင့် ဘေးအန္တရာယ်ကြောင့် အန္တရာယ်ဖြစ်ပွားမှု လျော့နည်းရေးခေါင်းစဉ်အောက်တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)နှင့် ပူးပေါင်း၍ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးစီမံကိန်း (၂၀၁၁-၂၀၁၅)ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၃၉ မြို့နယ်တွင် ကျေးလက်ရေ ရရှိရေး လုပ်ငန်းများ အာဆင်းနစ်ကင်းစင်သော သောက်သုံးရေ ရရှိရေး လုပ်ငန်းများနှင့် ကျေးလက်ဈေးအိမ်သာ

ဆောက်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ UNICEF မှ အမေရိကန်ဒေါ်လာ ၂.၀၆၇၇ သန်း ထောက်ပံ့ပေးခဲ့ပြီး ၊ ကျန် ၂ နှစ်အတွက် နှစ်အလိုက် ဘဏ္ဍာငွေများကို UNICEF မှ ထောက်ပံ့သွားမည်ဖြစ်ပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ JICA မှအပူပိုင်းဇုန် ရေရရှိရေးအတွက် စက်ကိရိယာများ ထောက်ပံ့ပေးရေးအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်မှကျေးရွာ ၈၇ ရွာတွင် ဂျပန်ယန်း ၃၈၄.၁၄၈ သန်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၄.၀၀၄ သန်း တန်ဖိုးရှိ တွင်းတူးစက် ယာဉ် ၂ စီး အပါအဝင် စက်ယန္တရားများနှင့် ရေပေးရေး လုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။ အဆိုပါစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ စက်ယန္တရားများ ပေးပို့ရန် ဆောင်ရွက်လျက်ရှိပါသည်။

အာရှ-ဂျပန်ပေါင်းကူးရေးအဖွဲ့ (BAJ) မှ အပူပိုင်းဇုန် ရေရရှိရေးစီမံကိန်းကို ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁.၅၆ သန်းဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄ မြို့နယ်တွင် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UN-HABITAT တို့ ပူးပေါင်း၍ ဂျပန်အစိုးရနှင့် USAID တို့၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် တိုင်းရင်းသားများနေထိုင်ရာနှင့် ဆင်းရဲနွမ်းပါးသည့်ဒေသများမှ ရပ်ရွာလူထုအတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအထိ ခန့်မှန်းလျာထားငွေ အမေရိကန်ဒေါ်လာ ၁၂.၁၆ သန်းဖြင့် ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါ သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်မှထောက်ပံ့ငွေဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း National Community Driven Development Project-NCDD ကို ၂၀၁၂ ခုနှစ်၊အောက်တိုဘာလ မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအထိ ပြည်နယ်/တိုင်း ဒေသကြီး ၁၄ ခုနှင့် နေပြည်တော်ကောင်စီ နယ်မြေတို့မှ မြို့နယ် ၁ မြို့နယ်၊ ပေါင်း ၁၅ မြို့နယ်နှင့်

ကျေးရွာအုပ်စု ၆၄၀ ခန့်တွင် ကျေးရွာ၏ လိုအပ်ချက်အပေါ်အခြေခံ၍ ကျန်းမာရေး ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ကျေးလက် လမ်း/တံတားများ၊ ရေပေးဝေရေး လုပ်ငန်းများ၊ လျှပ်စစ်မီး ရရှိရေးလုပ်ငန်းငယ်များ၊ စိုက်ပျိုးရေးနှင့် ရေအားလျှပ်စစ် အငယ်စားများ၊ အများပြည်သူသုံး အဆောက်အဦများ၊ အများသုံး အိမ်သာများ၊ ကျေးရွာသုံး ဆိပ်ခံများအသေးစား ပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပါသည်။

ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် The Germany Development Bank- KFW မှ ထောက်ပံ့ငွေ ယူရို ၇ သန်းဖြင့် ကျေးလက်အခြေခံအဆောက်အအုံ တည်ဆောက်ပြုပြင်ရေး လုပ်ငန်းများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီး ခရိုင်အတွင်းရှိ ကျေးလက် လမ်းများဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း နှင့်အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါစီမံချက် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း ဒီဇိုင်း ရေးဆွဲရန်နှင့် ဘဏ္ဍာရေးသဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက် လျက် ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ IFAD တို့ ပူးပေါင်း၍ ပထမအဆင့် အနေဖြင့် အထောက်အပံ့ကို အမေရိကန်ဒေါ်လာ ၃ သိန်းဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၅ ခုနှစ်၊ မတ်လအထိ နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာအား အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများအတွက် ကျွမ်းကျင်မှုမြှင့်မားရေး နည်းဗျူဟာ နှင့် နည်းပညာ အကူအညီများပေးခြင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၃ ရွာတွင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းများအား ဆောင်ရွက်မည် ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ADB တို့ ပူးပေါင်းဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ကျေးလက် အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ မြှင့်တင်ရေး စီမံကိန်း Enhancing Rural Livelihoods and Incomes in Myanmar မှထောက်ပံ့ငွေဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်မှ ကျေးရွာအုပ်စုပေါင်း ၉၆ အုပ်စု၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် ဆင်းရဲမှုလျော့ချရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် အမေရိကန်နိုင်ငံ အခြေစိုက် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် International Relief and Development – IRD သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ သန်းဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ကျေးရွာပေါင်း ၈၀ ရွာ၌ အိမ်ထောင်ပေါင်း ၁၆၀၀ ခန့်အား ထွက်ကုန်တိုးတက်စေရန် စိုက်ပျိုးရေးသင်တန်း ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် သန့်ရှင်းရေးစီမံချက်ဖြင့် ထိခိုက်လွယ်သော အိမ်ထောင်စုများနှင့် လူထုအတွက် ကျန်းမာရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝစွာ ရရှိရေး လုပ်ငန်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် နားလည်မှုစာချွန်လွှာတွင် လက်မှတ် ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မှ မြို့ ၂၈ မြို့ ရေပေးရေးစီမံကိန်းများအတွက် အတိုးနည်းချေးငွေ ပံ့ပိုးပေးခြင်း Regional Development Project for Poverty Reduction: Water Supply Projects for 28 Towns အစီအစဉ်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုရှိ မြို့ပေါင်း ၂၈ မြို့တွင် ဂျပန်ယန်း ၂,၇၂၃.၃၃ သန်းခန့် အား တစ်နှစ်လျင် အတိုးနှုန်း ၀.၀၁ ရာခိုင်နှုန်းဖြင့် နှစ် ၄၀ နှစ်ရှည် အတိုးနည်းချေးငွေ (ဆိုင်းငံ့ ၁၀ နှစ်အပါ အဝင်) ပံ့ပိုးပေးခြင်းဖြင့် ရေပေးရေး လုပ်ငန်းများ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သမဝါယမအသင်းပေါင်း ၃၃,၂၀၀ သင်း ဖွဲ့စည်းရန် လျာထားပြီး EXIM Bank (China) မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀၊ EXIM Bank (Korea) နှင့် Japan တို့မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို သမဝါ ယမ

အသင်းများ၏ ရင်းနှီးမတည်ငွေများဖြင့် ဝန်ဆောင်ကဏ္ဍ ငွေရေးကြေးရေး အပိုင်း၌ ပြည်သူတို့၏ လုပ်ငန်းများကို စိစစ်၍ ချေးငွေကို တစ်အိမ်ထောင်လျှင် ကျပ် ၁ သိန်းနှုန်းမှ ကျပ် ၅ သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးရန် လျာထားခြင်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် Pact Global Microfinance Fund (PGMF) တို့ အသေးစားငွေကြေး ဝန်ဆောင်မှုအတွက် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သမဝါယမအသင်းပေါင်း ၃၈,၆၂၇ ဖွဲ့စည်းရန် လျာထားပြီး ဒုတိယအကြိမ် China EXIM Bank မှ ချေးငွေ နှင့် Microfinance Fund Bank မှ ရင်းနှီးမတည်ငွေများဖြင့် ထုတ်ချေးရန် လျာထားဆောင်ရွက်ခြင်း၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနှင့် Pact Global Microfinance Fund (PGMF) နှင့် အသေးစားငွေကြေး ဝန်ဆောင်မှုအတွက် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထားပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူဖြစ်စေရန် ပညာရေး၊ ကျန်းမာရေး ပံ့ပိုးထောက်ပံ့မှုများနှင့် လူမှုအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်း ကာလအတွင်း ပညာရေးဝန်ကြီးဌာနမှ ပညာသင်ထောက်ပံ့ကြေးများပေးရန်၊ အခမဲ့ မသင်မနေရ မူလတန်းပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြဌာန်းစာအုပ်၊ စာရေးကိရိယာနှင့် အထွေထွေ အသုံးအဆောင်ပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးရန်နှင့် အလယ်တန်းပညာရေး တွင်ကျောင်းလခနှင့် အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေးများ မကောက်ပဲ အခမဲ့ဖြန့်ဝေရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် အဆောင်များ စီမံပေးရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျော့ချရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီရရှိစေပြီး ဆေးဝါးကုသစရိတ်ကြောင့် ပြည်သူလူထုအထူးသဖြင့် ချို့တဲ့နွမ်းပါးသူများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် ချို့တဲ့နွမ်းပါးသူများအား လူမှုအကာအကွယ်ပေးရေးအစီအစဉ်များ ဦးစားပေး ဆောင်ရွက် လျက်ရှိပါသည်။ ချို့တဲ့နွမ်းပါးသူများအတွက် ကျန်းမာရေး ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးစနစ် ဖွံ့ဖြိုးရေးအစီအစဉ် Global Alliance For Vaccine and Immunization(GAVI) Health System Strengthening အထောက်အပံ့ဖြင့် ဆင်းရဲနွမ်းပါး မိခင်ကလေး ညွှန်းပို့ကုသရန်ပုံငွေကို ၂၀၁၂ ခုနှစ်မှ

စတင်၍ မြို့နယ် ၂၀ ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ်တွင် မြို့နယ် ၄၀ တွင် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ထိုနည်းတူစွာ ဆင်းရဲနွမ်းပါး ကိုယ်ဝန်ဆောင် များအတွက် ကျန်းမာရေးစောင့်ရှောက်မှု လွမ်းခြုံမှု တိုးတက်စေရန် မိခင်ကလေး ဘောက်ချာ စနစ်ကို ၂၀၁၃ ခုနှစ်တွင် ရေတာရှည်မြို့နယ်၌ စမ်းသပ် ဆောင်ရွက်လျက်ရှိပါသည်။ စမ်းသပ် မြို့နယ်တွင် ဆောင်ရွက်မှု၏ ဆန်းစစ်ချက်အပေါ် မူတည်ပြီး အခြားမြို့နယ်များတွင်လည်း တိုးချဲ့ ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း) ကျေးလက်နယ်စပ်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှု နည်းဖြင့် ကျန်းမာရေးစောင့်ရှောက်ခြင်း လွမ်းခြုံမှု မြှင့်တင်ရေး မဟာဗျူဟာ စီမံကိန်း ဧရိယာအဖြစ် ထည့်သွင်းရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုက်နယ် ဆေးရုံစုစုပေါင်း ၅၆၂ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁,၆၃၅ ခု ဖွင့်လှစ် ပေးပြီးဖြစ်ပါသည်။ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှု လွမ်းခြုံမှု တိုးတက်လာစေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျန်ရှိသည့် ၂ နှစ်တာ ဘဏ္ဍာနှစ်အတွင်း နှစ်စဉ် တိုက်နယ်ဆေးရုံ ၅၁ ရုံစီ၊ ကျေးလက်ကျန်းမာရေးဌာန ၆၀ ခုစီ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ ၂၄၀ ခုစီတို့ကို တိုးချဲ့ဖွင့်လှစ်ရန် လျာထားပါသည်။ နယ်စပ်ဒေသ ကျန်းမာရေးလုပ်ငန်းများ အနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီ နယ်စပ်ဒေသဆေးရုံ ၆ ရုံနှင့် ဆေးပေးခန်း ၈ ခန်းဖြင့်သာ ဆောင်ရွက်ခဲ့ရာမှ ၂၀၁၃ခုနှစ်၊ မတ်လတွင် နယ်စပ်ဆေးရုံ ၁၀၀၊ နယ်စပ်ဆေးပေးခန်း ၉၉ ခန်း၊ နယ်စပ် ကျေးလက်ကျန်းမာရေးဌာန ၁၂၃ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၁၄ ခုအထိ တိုးချဲ့ဖွင့်လှစ်၍ နယ်စပ်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ပိုမိုတိုးတက် ဆောင်ရွက် ပေးလျက် ရှိပါသည်။

ထို့အပြင် မြို့ပြနှင့် ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကို နည်းနိုင်သမျှ နည်းအောင် လျော့ချရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အနေဖြင့် မြို့ပြမှ ကျေးလက်ဒေသအထိ ဆေးရုံဆေးခန်းများ ဖွင့်လှစ်၍ တိုင်းရင်းဆေးဖြင့် ထိရောက်စွာ ကုသပေးလျက် ရှိရာ ၂၀၁၃ ခုနှစ်တွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ ၂ ရုံ၊ ခုတင် ၅၀ ဆံ့ တိုင်းရင်း ဆေးရုံ ၃ ရုံ၊ ၁၆

ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၀ ရုံ၊ ခရိုင်အဆင့် တိုင်းရင်းဆေးကုဌာန ၄၉ ခု၊ မြို့နယ်အဆင့်တိုင်းရင်းဆေး ကုဌာန ၁၉၄ ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါ သည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူ ဖြစ်စေရန် လူမှုအကာအကွယ်ပေးရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အာဟာရနှင့် ဆေးဝါးထောက်ပံ့မှု လုပ်ငန်းများကို Save the Children ၊ Japan Heart ၊ အင်္ဂလန်နိုင်ငံအခြေစိုက် Plan International (Myanmar) နှင့် တောင်ကိုးရီးယားနိုင်ငံ Good Neighbours International တို့နှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါ သည်။

သက်ကြီး ရွယ်အိုများစောင့်ရှောက်ရေးလုပ်ငန်းများကို လန်ဒန်မြို့ အခြေစိုက် Help Age International (Myanmar)အဖွဲ့၊ တောင်ကိုးရီးယားနိုင်ငံ Global Vision ၊ ထိုင်းနိုင်ငံအခြေစိုက် Caritas Thailand တို့နှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် အထောက်အပံ့ပေးခြင်းနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်

အပူပိုင်းမိုးနည်းရပ်ဝန်းဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ ပါဝင်ပါသည်။ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၅၇ မြို့နယ်၊ ကျေးရွာပေါင်း ၁၁,၀၅၈ ရွာ ပါဝင်ပါသည်။

အဆိုပါစီမံချက်၏ ရည်ရွယ်ချက်မှာ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သည့် ကျေးလက်ဒေသများတွင် သန့်ရှင်း၍ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် သားငါးမွေးမြူရေးအတွက် လိုအပ်သော ရေရရှိရေး၊ စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအား ကာလတိုအတွင်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ ဖော်ပြပါလုပ်ငန်းစဉ် ၆ ရပ်အား အကောင်အထည်ဖော်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရရန်ပုံငွေနှင့် ပြည်ထောင်စုအစိုးရ ရန်ပုံငွေတို့မှ သုံးစွဲ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်ရည်မှန်းလုပ်ဆောင်လျက်ရှိပါ

သည်။ ထို့အပြင်နိုင်ငံတကာ၏အကူအညီများကို ရယူ၍ ဆောင်ရွက်ရန်လည်း ရည်မှန်းထားပါသည်။

မွေးမြူရေးနှင့် စိုက်ပျိုးရေးအတွက် ရေရရှိရန် သဘာဝမြစ်ချောင်းများမှ တဆင့် ရေပေးဝေခြင်း၊ တစ်ဘက်ရပ်လှျိုပိတ်မြောင်းပိတ်ဆည်များ၊ ကန်များတည်ဆောက်ခြင်း၊ ဆည်ကြီးများ၏ ရေလွှတ်မြောင်းများ ပြုပြင်ခြင်း၊ စက်ရေတွင်း/လက်ရေတွင်းများ တူးဖော်ခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အပူပိုင်းဇုန်ဒေသတိုင်း ၃ တိုင်းတွင် ကျေးရွာစုစုပေါင်း ၁၅,၄၀၆ ရွာရှိသည့်အနက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးရွာပေါင်း ၄,၇၈၀ ရွာ၊ မကွေးတိုင်းဒေသကြီး၌ ကျေးရွာပေါင်း ၄,၂၄၂ ရွာနှင့် မန္တလေးတိုင်းဒေသကြီး၌ ကျေးရွာပေါင်း ၃,၉၈၆ ရွာ၊ စုစုပေါင်းကျေးရွာ ၁၃,၀၀၈ ရွာတွင်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ကျေးရွာ ၂,၃၉၈ ရွာ ဆောင်ရွက်ရန် ကျန်နေသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သန့်ရှင်းသော သောက်သုံးရေ ရရှိရန်အတွက် သဘာဝ မြစ်ချောင်းများမှတဆင့်လည်းကောင်း၊ စိမ့်စမ်းများမှ ရေသွယ်၍လည်းကောင်း၊ စိမ့်တွင်းကျယ်များတူးဖော်၍ လည်းကောင်း၊ လှျိုပိတ်မြောင်းပိတ်ဆည်များ၊ ကန်များ တည်ဆောက်၍လည်းကောင်း၊ မြေသားမိုးရေလှောင်ကန်များတူးဖော်ခြင်း၊ ကန်ပျက်၊ အင်းပျက်များ ဆည်တင်ခြင်းဖြင့်လည်းကောင်း၊ စက်ရေတွင်း၊ လက်တူးတွင်းများ တူးဖော်၍လည်းကောင်း၊ မိုးရေလှောင်အိုးများ ဖြန့်ဖြူးခြင်းဖြင့် လည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးလက်ဒေသ စားနပ်ရိက္ခာဖူလုံစေရန်အတွက် စိုက်ပျိုးရေးစနစ်နှင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များမွေးမြူခြင်းနှင့် ဒေသမျိုးရင်းတိရစ္ဆာန်များ တိုးချဲ့မွေးမြူစေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်ရှိစိုက်ပျိုးနေသော ပဲမျိုးစုံ၊ မိုးနှမ်း၊ ပဲစဉ်းငုံ၊ စပါးအစား ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံ၊ ပဲတီစိမ်း- ပဲစဉ်းငုံ၊ မြေပဲ- ပဲစဉ်းငုံ၊ နေကြာ၊ မြေပဲ နှင့် ဝါစိုက်ပျိုးခြင်းတို့ကို သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးသွားမည်ဖြစ်ပါသည်။ ထို့အပြင် တောင်သူ

၉၄ ဦးမှ သမာရိုးကျစိုက်ပျိုးနည်းအစား ပေါင်းစည်းလယ်ယာစနစ်သို့ ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်ဒေသများတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော သီးနှံပုံစံမှာ မိုးစပါး-ကုလားပဲ-နွေစပါး၊ မိုးစပါး-မြေပဲ-နွေစပါး၊ မိုးစပါး-မတ်ပဲ-နွေစပါး စသည့်သီးနှံပုံစံများကို အများဆုံးစိုက်ပျိုးလျက်ရှိပါသည်။ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုအခြေအနေအရ မိုးစပါး-ပဲမျိုးစုံ-နွေနှမ်း၊ မိုးစပါး-ဆီထွက်သီးနှံ-နွေနှမ်း၊ မိုးကြိုပဲတီစိမ်း- မိုးစပါး- ပဲမျိုးစုံ၊ မိုးကြိုနှမ်း- မိုးစပါး- ပဲမျိုးစုံ တို့ကို ပြောင်းလဲစိုက်ပျိုးမည်ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဆည်ရေသောက်ဒေသတွင် လက်ရှိစိုက်ပျိုးလျက်ရှိသော သီးနှံပုံစံများမှာ မိုးစပါး-ကုလားပဲ-နွေစပါး၊ မိုးနှမ်း-မိုးစပါး-နွေစပါး၊ မိုးစပါး-မတ်ပဲ-နွေစပါး တို့ကို စိုက်ပျိုးလျက်ရှိရာ မိုးစပါး-ပဲမျိုးစုံ-နွေနှမ်း၊ မိုးစပါး-ဆီထွက်သီးနှံ-နွေနှမ်း၊ မိုးကြိုပဲတီစိမ်း- မိုးစပါး- ပဲမျိုးစုံ၊ မိုးကြိုနှမ်း- မိုးစပါး- ပဲမျိုးစုံ စသည်ဖြင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုး သွားမည်ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် ဓမ္မတာမျိုးဆက်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ လူထုဖြန့် ပျိုးထောင်ခြင်း၊ ကျေးရွာသုံးစိုက်ခင်းများထူထောင်ခြင်း၊ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ဒေသတွင်းထုတ်ကုန်များအား စုဖွဲ့၍ထုတ်လုပ်စေခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်ရန် ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ရရှိအောင်ဖော်ဆောင်ပေးခြင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပေးခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အလုပ်အကိုင်ရေရှည်တည်တံ့ရေးနှင့် မိသားစုပုံမှန်ဝင်ငွေတိုးတက်ရေးအတွက် အပူပိုင်းဒေသ၏ အဓိကစီးပွားရေး အရင်းမြစ်ဖြစ်သော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ထွက်ကုန်သီးနှံများ ဖြန့်ဖြူးရောင်းချခြင်း

လုပ်ငန်းများကို တစ်နှစ်ပတ်လုံး လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဖန်တီးပေးမည်ဖြစ်ပါသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်သော အခြေခံအဆောက်ဦ ဖြစ်သည့် လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ရာ၊ မီးလင်းရေး စသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ NGO များ၊ INGO များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ စသည်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။ ကျေးလက်လမ်းများ တည်ဆောက်ပေးရာတွင် ခရိုင်ချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ဆက်သွယ်သောလမ်းများ၊ ကျေးရွာအချင်းချင်းဆက်သွယ်သောလမ်းများအား အသစ်ဖောက်လုပ်ပေးခြင်း၊ မြေသားလမ်းများအား အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ပေးခြင်း၊ အမာခံလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ မြှင့်တင်ပေးခြင်း၊ လိုအပ်သောနေရာများတွင် သစ်သားတံတား၊ ရေပြွန်၊ ရေကျော်တို့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အခန်း(၁၀)

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

အခန်း (၁၀)

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး

သဘာဝဘေးအန္တရာယ်များသည် ထိခိုက်ခံရသော နိုင်ငံ၏ ပြည်သူလူထု၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် ၌ ကြီးမားသော သက်ရောက်မှု များရှိသည့်အပြင် ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့ရသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ၎င်းတို့၏ အသီးအပွင့်များကို ပျက်စီးစေပါသည်။ ပိုမိုဘေးကင်း လုံခြုံသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ အနာဂတ်တွင် ဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဘေးအန္တရာယ်လျော့ချရေးကို ဆောင်ရွက်နိုင်ရန် သဘာဝဘေး အန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲရေး စီမံကိန်းကို ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါသည်။

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲနိုင်ရန် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကို ၃၁.၇.၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းပြီး သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မျှော်မှန်းချက်

- သဘာဝဘေးအန္တရာယ်များမှ ပိုမိုဘေးကင်းလုံခြုံသော၊ ထိခိုက်လွယ်မှုများ ပိုမို လျော့ချပေးနိုင်သော၊ ဘေးအန္တရာယ် ကျရောက်လာပါက လျင်လျင်မြန်မြန် ကုစားနိုင်သည့် စွမ်းဆောင်ရည်ရှိသော ပြည်သူလူထု ဖြစ်လာစေရန်။

မူဝါဒများ

(က) သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ရင်ဆိုင်တုံ့ပြန်နိုင်ရန် သဘာဝဘေးမဖြစ်ပွားမီ၊ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပြီး၊ သဘာဝ ဘေးဒဏ် ခံစားရသော ပြည်သူများအတွက် ပိုမို ကောင်းမွန်သည့် လူနေမှုဘဝရရှိရေး၊

(ခ) ဘေးအန္တရာယ်ကြောင့်ဆုံးရှုံးနိုင်ခြေများမှ ခံနိုင်ရည်ရှိသောလုံခြုံစိတ်ချရသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် အဆောက်အအုံ ဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများ၊ အဆောက်အအုံနှင့် မသက်ဆိုင်သောလုပ်ငန်း ဆောင်ရွက်မှုများ၊ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဥပဒေပြုမှုများနှင့် ရေရှည် တည်တံ့သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို အားပေးမြှင့်တင်ရေး။

ရည်မှန်းချက်

- မြန်မာနိုင်ငံအနေဖြင့် လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ရရှိပြီးသည့် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို အကာအကွယ်ပေးနိုင်ပြီး ပိုမို ဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရန်။

လုပ်ငန်းစဉ်များ

(က) ရေရှည်သဘာဝဘေး လျော့ပါးရေးအတွက် ဆောင်ရွက်မည်၊ (Reduction)

(ခ) သဘာဝဘေး အန္တရာယ်ကြိုတင်ပြင်ဆင် အသင့်ဖြစ်စေရေး လုပ်ငန်းများ ဆောင်ရွက်မည်၊ (Readiness)

(ဂ) သဘာဝဘေးအန္တရာယ် ကျရောက်စဉ် အရေးပေါ်တုံ့ပြန်ခြင်းကို ဆောင်ရွက်မည်၊ (Response)

(ဃ) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး၊ ရေရှည်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်မည်။(Recovery)

ရေရှည် သဘာဝဘေး လျော့ပါးရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ (Reduction) ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျော့ချရေးနှင့် သစ်တောပြုစု ပျိုးထောင်ထိန်းသိမ်းနိုင်ရေးတို့ အတွက် ဆောင်ရွက်မည်၊

(ခ) စွမ်းအင်ကုန်ကျမှုကို သက်သာစေပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ဓါတ်ငွေ့ထုတ်လွှတ်မှုကိုလျော့ချနိုင်သည့် စွမ်းရည်မြင့်သော လျှပ်စစ်ပစ္စည်းများ အသုံးပြု ဆောင်ရွက်မည်၊

(ဂ) ရုပ်ကြွင်းလောင်စာနှင့် ဇီဝလောင်စာများအစား သန့်ရှင်းသော ပြန်လည်ပြည့်မြဲစွမ်းအင်များ အသုံးပြုခြင်း (Renewable and Green Emergency) တွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့မထွက်သဖြင့် သန့်ရှင်းသော ပြန်လည်ပြည့်မြဲစွမ်းအင်များဖြစ်သည့် နေရောင်ခြည်စွမ်းအင် (Solar Energy)၊ ရေစွမ်းအင် (Hydro Energy)၊ လေစွမ်းအင်(Wind Energy)၊ ဘူမိအပူစွမ်းအင်၊ ရေလှိုင်းစွမ်းအင် (Wave Energy) များကိုအသုံးပြု ဆောင်ရွက်မည်၊

(ဃ) အဆောက်အဦများ ဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ်ခံနိုင်သည့် စံချိန် စံညွှန်းမှီ အဆောက်အဦးများ ဆောက်လုပ်မည်၊

(င) သဘာဝဘေး လျော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင် အသင့်ဖြစ်စေခြင်း လုပ်ငန်းစဉ်များ (Readiness) ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကြိုတင်သတိပေးမှု စနစ်များ ထူထောင်မည်။ အချင်းချင်း ဆက်သွယ်ရန် သတ်မှတ်ထားသော ဆက်သွယ်မှုစနစ်များ သတ်မှတ် ထူထောင်မည်၊

(ခ) သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မီဒီယာများမှ လူထုအား အသိပေးပြီး အန္တရာယ်ကင်းလွတ်ရာသို့ ကယ်ဆယ်ရွေးထုတ်ရေး အတွက် စီမံချက်ရေးဆွဲ လေ့ကျင့်ထားခြင်းတို့ကို ဆောင်ရွက်မည်၊

(ဂ) အရေးပေါ်ကာလအတွက် လိုအပ်မည့် ရိက္ခာ ၊ ရေ ၊ အဝတ်အထည် ၊ အသုံးအဆောင်ပစ္စည်း ၊ ဆောက်လုပ်ရေးပစ္စည်း အစရှိသည်များအား တတ်နိုင်သမျှ အသင့်သိုလှောင်ထားခြင်း၊ မသိုလှောင်ထားနိုင်ပါကလည်း ရနိုင်သောနေရာများနှင့် သယ်ယူပို့ဆောင်နိုင်မည့် အစီအစဉ်များ သတ်မှတ်ထားခြင်း၊ အရေးပေါ်ကာလ ကွပ်ကဲမှုအဖွဲ့များအား ကြိုတင်ဖွဲ့စည်း လေ့ကျင့်ထားခြင်းများဆောင်ရွက်ခြင်း၊ ဓာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်၊

(ဃ) အင်ဂျင်နီယာဖြင့် ဆောက်လုပ်သော အဆောက်အဦများဖြစ်ပါက မြေငလျင်၊ ရေကြီးမှု၊ လေမုန်တိုင်းများ၏ ဒဏ်ခံနိုင်စေရေးအတွက် သတ်မှတ်စံနှုန်းများအတိုင်းဒီဇိုင်းပုံစံ ဖြင့် ဆောက်လုပ်မည်၊

(င) သဘာဝဘေး ခံရဖွယ်ရှိသော နေရာများကို ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ပြုလုပ်စဉ်ကပင် ဖော်ထုတ် သတ်မှတ်ထားပြီး၊ ကြိုတင် အစီအစဉ်များ သတ်မှတ်ထားခြင်းတို့ ဆောင်ရွက်မည်၊

(စ) ကမ်းလွန်ကျွန်းများအတွက် ၎င်းတို့၏ ထူးခြားသော ဝိသေသများ အပေါ် မူတည်၍ သီးခြားအစီအစဉ်များဖြင့် ဆောင်ရွက်မည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဖောင်များစီစဉ်ပေးခြင်း၊ အခိုအကာများ စီစဉ်ပေးခြင်း၊ ရိက္ခာနှင့် ရေသန့်များကို ကြိုတင်သိုလှောင်ပေးခြင်း၊ သဘာဝဘေးဒဏ် မကြာခဏ ခံရသော ဒေသများတွင် သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသော စိုက်ပျိုးပင်များ စိုက်ပျိုးထားရှိစေခြင်း၊ လေကာလှိုင်းကာအပင်များ စနစ်တကျ စီမံစိုက်ပျိုးခြင်း၊ ကမ်းရိုးတန်း တစ်လျှောက် ကမ်းရိုးတန်းနှင့်အပြိုင် သစ်ပင်များ အတန်းလိုက် အထပ်ထပ်စိုက်ပျိုးစေခြင်း၊ ကမ်းရိုးတန်း အတွင်းပိုင်းတွင် အလားတူ ဆောင်ရွက်မည်၊

(ဆ) ဒေသခံပြည်သူများအတွင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ နေ့စဉ် အရေးပေါ် အခြေအနေအရ ထုတ်လွှင့်သည့် မိုးလေဝသ သတင်းများ အား ရေဒီယို၊ ရုပ်မြင်သံကြားများမှတဆင့် နေ့စဉ်စောင့်ကြည့် နားထောင်တတ်သည့် အလေ့အကျင့်ရရှိစေရန် စည်းရုံးနှိုးဆော်ခြင်း၊ ဒေသအာဏာပိုင်နှင့်ဆည်မြောင်းဦးစီးဌာနမှ အရေးပေါ် အခြေအနေအရ ထုတ်ပြန်သည့် တာတမံအခြေအနေ၊ မြစ်ရေကြီးမှုအခြေအနေ ၊ သတင်းအချက်အလက်များ အား ဒေသခံပြည်သူများ အချိန်မီ သိရှိစေနိုင်ရန် ဆောင်ရွက်မည်၊

(ဇ) ရေငန်တား တာတမံများဆောက်လုပ်ခြင်း၊ ဘေးဘောင်များ မြှင့်တင်ခြင်း၊ ကုန်းမြေမြင့်များ တည်ဆောက်ခြင်းနှင့် Cyclone Shelterများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်၊

(ဈ) အသိပညာပေးလုပ်ငန်းများအနေဖြင့် ပြည်သူများ သဘာဝဘေးနှင့် ပတ်သက်သည့်အသိပညာများ တိုးပွားလာစေရန် လက်ကမ်းစာစောင်များ၊ ပိုစတာများ ရိုက်နှိပ်၍ ထုတ်ဝေဖြန့်ချိ ပေးခဲ့ပြီးဖြစ်၍ ဆက်လက်၍လည်းနှစ်စဉ် ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်ဆောင်ရွက်မည်၊

(ည) သဘာဝဘေး ဖြစ်ပွားမှုများသည့်ဒေသများတွင် ရုပ်ရှာလူထု ပါဝင်သည့် ဇာတ်တိုက် လေ့ကျင့်မှုများကို နှစ်စဉ်ဆက်လက် ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား Web Portal တည်ဆောက်ခြင်း၊ ကျောင်းသင်ရိုး ညွှန်းတမ်းများတွင် သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်သည့် အကြောင်းအရာများ ထည့်သွင်း

ရေးဆွဲခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သင်တန်းကျောင်းများဖွင့်လှစ်ဆောင်ရွက်မည်၊

(ဌ) သတင်းအချက်အလက် ဖြန့်ဝေနိုင်သည့် ဆက်သွယ်ရေးစနစ်များ ထူထောင်ပေးခြင်း၊ဧရာဝတီတိုင်းဒေသကြီးအတွက် Hazard map ပြုစုခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများ ထူထောင်၍ ထောက်ပံ့နိုင်ရေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအလိုက် ယိုဂိုမူဘောင်အကောင်အထည်ဖော်မှု ဆန်းစစ်ချက်ဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်၊

(ဍ) ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအနေဖြင့် မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ မုန်တိုင်း အန္တရာယ် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အတွက် သီးသန့်ရန်ပုံငွေ စီမံဆောင်ရွက်မည်၊

(ဎ) ဘေးအန္တရာယ်ဖြစ်ပွားပြီး ပျက်စီးဆုံးရှုံးမှု အပြီးသတ် စာရင်းကောက် ယူမှုဆိုင်ရာ (Damage & Loss Assessment Training) သင်တန်းကို တိုင်းဒေသကြီး/ ပြည်နယ်များ အားလုံးတွင် ဆောင်ရွက် မည်။

သဘာဝဘေးအန္တရာယ် ကျရောက်စဉ် အရေးပေါ်တုံ့ပြန်ခြင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (Response) ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) ရာဖွေကယ်ဆယ်ရေးနှင့် အသက်ရှင် ကျန်ရစ်သူများ ဆက်လက် အသက်ရှင်သန်စေရန်အတွက် အခိုအကာအောက် အမြန်ဆုံး ရောက်ရှိပြီး နွေးထွေးလုံခြုံသည့် စောင့်ရှောက်မှု ရရှိစေရေး ဆောင်ရွက်မည်၊

(ခ) အရေးပေါ်ထောက်ပံ့ရေး စားဝတ်နေရေးအတွက် လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့မှုပြုရေး ဆောင်ရွက်မည်၊

(ဂ) သဘာဝဘေး ကြုံတွေ့နေစဉ်တွင် ပြည်တွင်းစွမ်းအားများကို လိုအပ်သလို ထုတ်နှုတ်သုံးစွဲနိုင်ရေးအတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအနေဖြင့် ရှိပြီးဖြစ်သည့် လူစွမ်းအားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ အသုံးပြုနိုင်မည့် ပစ္စည်း ကိရိယာများကို ဖော်ထုတ်သိရှိပြီး လိုအပ်သလို ထုတ်နှုတ်သုံးစွဲရန် ဆောင်ရွက်မည်၊

(ဃ) သက်ကြီးရွယ်အိုနှင့် ကလေးများအတွက် အုပ်စုကွဲသွားချိန်တွင် ၎င်းတို့တစ်ဦးချင်း ဘေးကင်းရာသို့ ရောင်တိမ်း တတ်စေရေးအတွက် လေ့ကျင့်ပြင်ဆင်ထားခြင်းကို ဆောင်ရွက်မည်၊

(ဂ) အရေးပေါ်အချိန် ကျရောက်သည်နှင့် တပြိုင်နက် အစိုးရအဖွဲ့မှ လိုအပ်သော လုံခြုံရေးတာဝန်ကို သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သဲကြီး ရွယ်အိုများ၊ မသန်စွမ်းသူများ၊ သံဃာတော်များကို ပထမဦးစားပေး ဆောင်ရွက်ခြင်း၊ အမျိုးသမီးများနှင့် အသက် (၁၂)နှစ် အောက်ကလေးငယ် များ ဒုတိယဦးစားပေး ဆောင်ရွက်ခြင်း၊ အမျိုးသားများကို တတိယဦးစား ပေးဆောင်ရွက်ခြင်း၊ လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊နွားတိရစ္ဆာန်များနှင့် အခြားဦးစားပေးပစ္စည်းများကို စတုတ္ထဦးစားပေး ဆောင်ရွက်မည်၊

(စ) ပြောင်းရွှေ့ရေးနှင့် သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်းတွင်ကြိုတင် ဖွဲ့စည်း ထားသည့် လူ၊ မော်တော်ယာဉ်၊ ရေယာဉ်များနှင့် ကြိုတင် သတ်မှတ်ထား သည့် သက်ကယ်စုရပ် နေရာများသို့ စနစ်တကျရွှေ့ပြောင်း နေရာချထား ဆောင်ရွက်မည်၊

(ဆ) အရန်ရိက္ခာနှင့် ရေများ ရွှေ့ပြောင်းစုပုံခြင်းတွင် အရေးပေါ်ချိန် သတင်း ရရှိသည်နှင့်ကြိုတင်စုပုံထားသော အရန်ရိက္ခာနှင့် သောက်သုံးရေများ ပျက်စီး ဆုံးရှုံးမှု မရှိစေရေး စီမံဆောင်ရွက်ခြင်း၊ လိုအပ်ပါက အရေးပေါ် ရွှေ့ပြောင်းမှုများ ဆောင်ရွက်မည်၊

(ဇ) သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အဆင့်ဆင့်မှ လုပ်ငန်းစဉ်များ ချော့မွေ့စေရေး ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစည်း ညှိနှိုင်း ခြင်း၊ အစီရင်ခံစာ တင်ပြခြင်းများ ဆောင်ရွက်မည်။

ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မည့် အစီအစဉ်များ (Recovery) ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) သဘာဝဘေးအန္တရာယ် ကင်းရှင်းပြီဖြစ်ကြောင်း ပြည်သူများအား အသိပေး ကြော်ငြာပြီး ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားရေးနှင့် ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းကာ ဆောင်ရွက်မည်၊

(ခ) ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစု၍ ဆေးရုံများသို့ စနစ်တကျ ပို့ဆောင် ကုသပေးပြီး သောက်သုံးရေတွင်းများ၊ ရေကန်များ သန့်ရှင်းရေးနှင့် ပိုးမွှား သန့်စင်ရေး ဆောင်ရွက်ပေးရန်နှင့် လေဘေးဒဏ်ခံနေရသော ဒေသတစ်ခုလုံး

ကျန်းမာရေး၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား ကျန်းမာရေးဦးစီးဌာနနှင့်ညှိနှိုင်း ဆောင်ရွက်မည်၊

(ဂ) သဘာဝဘေးဒဏ်ကြောင့် ဒေသအလိုက် ပျက်စီးဆုံးရှုံးမှု အိမ်ခြေ၊ အိမ်ထောင်စု လူဦးရေစာရင်းများ ကောက်ယူပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များမှ ဝန်ကြီးဌာနအသီးသီးသို့ တင်ပြအစီရင်ခံပြီး ကယ်ဆယ်ရေးပစ္စည်းများ စေတနာရှင်ပြည်သူများ၏ အလှူပစ္စည်းများရရှိပါက ကော်မတီမှ စနစ်တကျ လက်ခံပြီး သဘာဝဘေးဒဏ် ခံရသည့် ဒုက္ခသည်များအား စနစ်တကျဖြန့်ဝေပေးမည်၊

(ဃ) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ပျက်စီးဆုံးရှုံးမှုများ အတွက် ထောက်ပံ့ပေးနိုင်ရန် အိမ်ဆောက်ပစ္စည်း၊ ကျောင်းဆောက် ပစ္စည်း၊ ဆန်ရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်း (၈) မျိုးအား ထောက်ပံ့ပေးရန်အပြင် ပျက်စီးနေအိမ်များအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်မည်၊

(င) ပြည်သူများမုန်တိုင်းအန္တရာယ်မှ တိမ်းရှောင်နိုင်ရန်အတွက် မုန်တိုင်း ဒဏ်ခံအဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လူမှုပဋိပက္ခဘေးများကြောင့် တိမ်းရှောင်မိသားစုများအတွက် နေအိမ်များ ဆောက်လုပ် ပေးနိုင်ရန်လည်း လျာထားဆောင်ရွက်မည်။

ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီစဉ်များမှာ -

(က) မြန်မာနိုင်ငံသဘာဝဘေး လျော့ပါးရေး လုပ်ငန်းစီမံချက်နှင့် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၏ AADMER Work Program 2010- 2015 အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ ဆောင်ရွက်မည်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး စာအုပ်များအဖြစ် ပုံနှိပ်ဖြန့်ချိရန် (MAPDRR) ပါ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ စောင့်ကြည့်အကဲဖြတ် ဆောင်ရွက်မည်၊

(ဂ) ဘေးအန္တရာယ် စီမံခန့်ခွဲမှုကိစ္စများနှင့် ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ ပိုစတာများ

ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ အသိပညာပေး ရေဒီယိုဇာတ်လမ်းများ၊ ရုပ်မြင်သံကြားအစီအစဉ်များ ရိုက်ကူးထုတ်လွှင့် ဆောင်ရွက်မည်၊

(ဃ) အာရှဒေသသဘာဝဘေး လျော့ပါးရေးဌာနသို့ အဖွဲ့ဝင်ကြေးအား အာရှဒေသသဘာဝဘေး လျော့ပါးရေးဌာနက တိုင်းပြည်ဝင်ငွေပေါ် အခြေခံတွက်ချက်ပေးသည့် ပမာဏအား နှစ်စဉ်ပေးသွင်းခြင်း (အနိမ့်ဆုံး အမေရိကန်ဒေါ်လာ ၆,၀၀၀)၊ AHA Center ထူထောင်ရေး ရန်ပုံငွေအား ACDM အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီပေးသွင်းခြင်း၊ AADMER Fund အား နှစ်စဉ် အမေရိကန်ဒေါ်လာ (၂၀,၀၀၀) ပေးသွင်းခြင်း စသည့်လုပ်ငန်းများနှင့် နိုင်ငံတော်နှင့် ပြည်ထောင်စု ဝန်ကြီးဌာနတို့မှ အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသို့ အဖွဲ့ဝင်ကြေးထည့်ဝင်ရန် လမ်းညွှန်မှုအရ ထည့်ဝင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများရွေးချယ်၍ ခိုလှုံရန် နေရာများသို့ သွားရောက်နိုင်မည့် မြေပုံများရေးဆွဲဖော်ထုတ် ဆောင်ရွက်မည်၊

(စ) သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်း ကျောင်းကို ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်အတွင်း ဖွင့်လှစ်နိုင်ရန် နှင့် နေပြည်တော်တွင် သဘာဝဘေး အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Center) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်၊

(ဆ) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဗဟိုသင်တန်းကျောင်း၊ (ဟသ်ာတ) တွင် (၅)ခန်းတွဲ အမှုထမ်းအိမ်ရာ (၂)လုံး၊ အမျိုးသမီး (၅၀)ဦးဆန့် အိပ်ဆောင် (၁)လုံး အမျိုးသား (၅၀)ဦးဆန့် အိပ်ဆောင် (၁)လုံး၊ အိပ်ခန်း (၆)ခန်းပါ ဧည့်ရိပ်သာ (၁)လုံး၊ ကားဂိုဒေါင်၊ ကွန်ပျူတာစာကြည့်ခန်း၊ ဌာနမှူး၊ ဒုဌာနမှူး နေအိမ်၊ ထမင်းစားဆောင် ၊ ခန်းမကြီး၊ အားကစားကွင်းပတ်လမ်း၊ ကျောင်းအဝင်/အထွက်လမ်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အပြီး ဆောင်ရွက်မည်။ ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ဖွဲ့စည်းပုံ ခွင့်ပြုချက်အရ ခရိုင်ရုံးများ၊ တိုင်းဦးစီးမှူးနေအိမ်များ၊ ပြည်နယ်ဦးစီးမှူး နေအိမ်များ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်၊

(ဇ) ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ပြည်သူများ မုန်တိုင်းအန္တရာယ်မှ တိမ်းရှောင်နိုင်ရန်အတွက် မုန်တိုင်းဒဏ်ခံ အဆောက်အဦများ ဆောက်လုပ်ပေးရန်နှင့် လူမှုပဋိပက္ခဘေးများကြောင့် တိမ်းရှောင် မိသားစုများအတွက် နေအိမ်များ ဆောက်လုပ်ပေးနိုင် လျာထားဆောင်ရွက်မည်၊

(စျ) Cyclone Shelter တည်ဆောက်ခြင်းတွင် ပေါက်တော၊ မြေပုံ၊ ရမ်းဗွဲ၊ မာန်အောင်၊ တောင်ကုတ်နှင့် သံတွဲမြို့နယ်များတွင် လည်းကောင်း၊ လယ်သမား ကာရီ (၃၈) ခုတည်ဆောက်ခြင်း၊ ရေငန်တား တာများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း(၂၈)ခု၊ ကမ်းပါးပြို ကာကွယ်ရေးနှင့် သောင်တူး လုပ်ငန်း(၈) ခုကို မြို့နယ်(၈)မြို့နယ် ၊ ကမ်းပါးပြို ကာကွယ်ရေး လုပ်ငန်းကို မြို့နယ်(၂) မြို့နယ်၊ BV – 1700 သောင်တူးသင်္ဘောနှင့် အထောက်အကူပြု ရေယာဉ် ဝယ်ယူခြင်းလုပ်ငန်းနှင့် အရေးပေါ် သောင်တူးလုပ်ငန်းနှင့် ကမ်းပါးပြိုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မည်။ ရေတံခါး တည်ဆောက်ခြင်း(၇)ခု ၊ ရေငန်တား တာပုံစံကျ ပြုပြင်ခြင်း(၇)ခု၊ ရေတံခါး အသစ်ဆောက်လုပ်ခြင်း၊ အဟောင်းမွမ်းမံခြင်း(၉) ခုကို ဆောင်ရွက်မည်ဖြစ်ပါသည်၊

(ည) အသက်ကယ်ကုန်း၊ အသက်ကယ်ကန်များကို ပေါက်တောမြို့နယ်တွင် တည်ဆောက်ပြီး Cyclone Shelter တည်ဆောက်ခြင်းကို စစ်တွေမြို့တွင်(၄)ခု၊ ပေါက်တောမြို့နယ်တွင်(၂)ခုနှင့် မောင်တော၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗွဲမြို့နယ်များတွင် (၁)ခုစီ တည်ဆောက်မည်၊

(ဋ) သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ဆည်မြောင်းဦးစီးဌာနသည် လယ်သမားတာတည်ဆောက်ခြင်း (၃) ခု၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ တောင်ကုတ်မြို့နယ်များတွင် လည်းကောင်း၊ ရေတံခါး တည်ဆောက်ခြင်း (၆) ခု ကို စစ်တွေ၊ မာန်အောင်၊ တောင်ကုတ်၊ အမ်းမြို့နယ်များတွင် တည်ဆောက်မည် ဖြစ်ပါသည်၊

(ဌ) ရခိုင်ပြည်နယ်ဘတ်ဂျက်ဖြင့် ရေငန်တား တာတည်ဆောက်ခြင်း (၅) ခု၊ ရေတံခါး တည်ဆောက်ခြင်း(၇)ခု၊ လယ်သမား တာပြုပြင်ခြင်း (၄၀)ခုနှင့် ပေါက်တော၊ ကျောက်တော်မြို့နယ်များတွင် မြို့နယ် မြေပြင်အနေအထားအရ လိုအပ်သည့် နေရာများတွင် အကာအကွယ် ခိုလှုံရန်နေရာ (၁၄)ခု ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွင် ကြိုတင်ပြင်ဆင်မှုသည်သာ အောင်မြင်ရေးအတွက် အဓိကသော့ချက် ဖြစ်သည့်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု၏ အဆင့်(၄)ဆင့် တိုင်းတွင် ပြည်သူအားလုံး ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြားပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။



နိဂုံး

နိုင်ငံတော်အစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ရာ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင် တစ်ဦးတစ်ယောက်ကောင်း၊ အဖွဲ့အစည်း တစ်ခုတည်းဖြင့် ဆောင်ရွက်ခဲ့သည့် (Monopoly System) မှ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး စနစ် (Competitive Market System) သို့ ကူးပြောင်းနိုင်ရေးအတွက် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။ ထိုအချက်ကို ဆောင်ရွက်နိုင်မှသာ ၂၀၁၅ ခုနှစ်တွင် အာဆီယံ စီးပွားရေးအသိုက်အဝန်း ASEAN Economic Community-AEC သို့ ဝင်ရောက်နိုင်ရေးနှင့် ထောင်စုနှစ် ရည်မှန်းချက်များ (MDGs) အား ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရှိစေရန် စက်မှုကဏ္ဍကြီးအား တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ ရှိပြီးဖြစ်သော စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း၊ နယ်စပ်စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ အထူးစီးပွားရေးဇုန်များ ထူထောင်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာကြမည် ဖြစ်ပါသည်။ စက်မှုကဏ္ဍ၏ အဓိကမောင်းနှင်အားများဖြစ်သော လျှပ်စစ်ကဏ္ဍသည် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို သာမကကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ အရေးပါသည့်အတွက် ရေအားလျှပ်စစ်သာမကကျောက်မီးသွေးသုံး လျှပ်စစ်မာတ်အားပေးလုပ်ငန်း၊ သဘာဝမာတ်ငွေ့သုံး လျှပ်စစ်မာတ်အားပေးလုပ်ငန်း၊ ဘိုင်အိုဂတ်စ်မှထုတ်ယူသည့် လျှပ်စစ်မာတ်အားပေးလုပ်ငန်း စသည့်တို့ကို ဘက်ပေါင်းစုံမှ ရရှိနိုင်သည့် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်တည်မှုတွင် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံအဆောက်အအုံ ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေးစင်္ကြံများ၊ စက်မှုဇုန်များနှင့်နယ်စပ်စီးပွားရေးဇုန်များ လျင်မြန်စွာဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံပိုင်စီမံကိန်းများ ချမှတ်၍လည်းကောင်း၊ နိုင်ငံတော်နှင့် စီးပွားရေး လုပ်ငန်းရှင်များ ပူးပေါင်း၍ (ppp) စနစ် ဖြင့်လည်းကောင်း၊ BOT စနစ်ဖြင့်လည်းကောင်း စီမံဆောင်ရွက်လျက်ရှိပါသည်။ ပထမ(၅)နှစ် အမျိုးသားစီမံကိန်းကို ရေးဆွဲရာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်၍ ပညာရေးနှင့်ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေး၊ လျှပ်စစ်နှင့် သောက်သုံးရေ ဖူလုံရေးတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆင်းရဲမှုလျော့ကျရန်ကို အဓိကအလေးထား၍ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

မှတ်ချက်။ ။ အာရုဏ၏ အချက်အခြာ မြန်မာတွင် ဖော်ပြထားသည့် ကိန်းဂဏန်း အချက်အလက်များသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်း ရှေ့ပြေး လူဦးရေ စာရင်းအရ တွက်ချက်ထားသည့် ကိန်းဂဏန်းများ ဖြစ်ပါသည်။

။ တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေဆိုင်ရာ ကိန်းဂဏန်းများ သည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မကောက်ယူမီ ကိန်းဂဏန်းများ ဖြစ်ပါသည်။